စုန်ဖြူမြို့

သစ္စမ္မ ဧေးတီကာရာမတိုက်

ပါဠိတော်ကျမ်းဆိုရိုး တောင်ပေါ်ကျောင်းတိုက်

အဂ္ဂမဟာပဏ္ဍိတ

ဒုတိယ ဆရာတော်ဘုရားကြီး

အရှင် ကောသလ္လာလင်္ကာရ

ရေးသားပြုစု၍

-၁၆၈၂-

အရှင်ဓမ္မာနန္ဒ

ဆရာတော်ဘုရားက စုစည်းတင်ပြသော

ဧဇာတိကာရုံ

ဗိုဓိစတုယဇာတ်ကြီးချုပ်

သိရိလင်္ကာနှင့် မြန်မာနိုင်ငံ မြို့ရွာအသီးသီးမှ မေးလျှောက်အပ်သော ပုစ္ဆာအရပ်ရပ်တို့ကို
ပါဠို အဋ္ဌကထာ ဋီကာ ကျမ်းဂန်တို့နှင့်အညီ ဖြေဆိုထားသည်။

(ဒုတိယတွဲ)

ရုပ်ခြင်း ပုံနှိပ်တိုက်
ကောင်းစာပေ ဝတ်ဖြာ
ဒုတိယအကြိမ်

ဓနုဖြူမြို့

သဒ္ဓမ္မ ဇောတိကာရာမတိုက်

ပါဠိတက္ကသိုလ် တောင်ပေါ်ကျောင်းတိုက်

အဂ္ဂမဟာပဏ္ဍိတ

ဒုတိယ ဆရာတော်ဘုရားကြီး

အရှင် ကောသလ္လာလင်္ကာရ

ရေးသားပြုစု၍

အရှင်ကောသရိန္ဒ

ဆရာတော်ဘုရားက

စုစည်းတင်ပြသော

ဇောတိကာရုံ

ဗုဒ္ဓယဇပါဠိချုပ်

သီရိလင်္ကာနှင့် မြန်မာနိုင်ငံ မြို့ရွာအသီးသီးမှ မေးလျှောက်အပ်သော ပုစ္ဆာအရပ်ရပ်တို့ကို ပါဠိ အဋ္ဌကထာ ဋီကာ ကျမ်းဂန်တို့နှင့်အညီ ဖြေဆိုထားသည်။

(စမ္ဘဒီပ)

သာသနာ ၂၅၂၉ ကောဇော ၁၃၇၇ ခရစ် ၁၉၀၆

ဘာသာရေးဆိုင်ရာ စာမူဆွဲငြိုးချက်အမှတ် (၇၃၀)

ဂျင်းလွတ်ခွင့်အမှတ် (၁၉၁)

မျက်နှာပုံးခွင့်ပြုချက်အမှတ် ('၅၀၃)

၁၉၀၆-ခု၊ ဖေဖော်ဝါရီလ

[ပထမအကြိမ်]

အုပ်ရေ (၁၀၀၀)

(ဝမ္မဒါန)

ထုတ်ဝေသူ။ ။အမျှင်ပေါ်သမိုဒ္ဒ
ရောဝတီတိုင်း၊ ကျုံပျော်မြို့၊
ကွင်းကြီးကျေးရွာ၊
မဟာဗောဓိကျောင်းတိုက်။

ပုံနှိပ်သူ။ ။ဒေါလှမြင့် (၀၅၀)ယာယီ
"ခန္ဓီးမြ။" စာပေပုံနှိပ်တိုက်
အမှတ်-၉၁၆၊ သုမိတ္တာ ၂၄-လမ်း၊
၁-ရပ်ကွက်၊ မြောက်ဥက္ကလာပြည်နယ်။



အဂ္ဂမဟာဝပဏ္ဍိတ

သဒ္ဓမ္မဇောတိကာဆရာမ

ဒုတိယ ဆရာတော်ဘုရားကြီးပုံ

ဤဝိနိစ္ဆယကျမ်းများ တဖန်ဆန်းသစ် ဖြစ်ပေါ်ရခြင်း အကြောင်းရင်း

ဤစာရေးသူသည် ပိဋကတ်ရပုံ စာပေရိပ်မြုံဖြစ်သော မန္တလေးမြို့၌ ပိဋကတ်စာပေ အထွထွကို ရှာဖွေသင်ကြားနေစဉ် ၁၂၉၇ ခုနှစ် တန်ဆောင်မုန်းလပြည့် စာဝါများ ရပ်နားသော အားလပ်ချိန်တွင် ဘုရားလည်းဖူး ဒေသန္တရ ဗဟုသုတလည်း ရှာမှီးရန် ရည်ရွယ်ချက်ဖြင့် မုံရွာမြို့ အနောက်ဘက်ကမ်း ဆားလင်းကြီးမြို့တွင် တည်ရှိသည့် ဇော်ဂျီ ဦးဖိုးဝင်း နေထိုင်ရာတောင်ဖြစ်၍ "ဖိုးဝင်းတောင်" ဟု အမည်တွင်သော တောင်နှင့် ပန်းရန်ဆရာကြီး ဦးရွှေဘ နေထိုင်ရာတောင်ဖြစ်၍ (ရွှေဘတောင်) ဟု ယနေ့တိုင် ပေါ်လွင်ထင်ရှားသော တောင်သို့ သွားရောက်ကာ ကျောက်သားပကတိ တောင်ကြီးကို ထွင်းထုပြုပြင်ထားသည့် ရှေး ကျောက်ဆစ် အနုပညာလက်ရည်မွန်ဖြစ်သည့် ရှေး ပြုမင်း ပြုံးမင်းတို့ တည်ထားကိုးကွယ်ခဲ့သော "ရွှေလဝင်း လင်းရင်ရွာ" လက်ံနှင့်အညီ (၄၄၄၄၄၄) လေးသိန်း လေးသောင်း လေးထောင် လေးရာ လေးဆယ့်လေးဆူ ကုန်သော ရုပ်ပွားဆင်းတုတော်တို့ကို ဖူးမြော်ကြည်ညို၍ နတ်ခြောက်ရှာသော်ငှာနင်း သိကြားမင်း၏ ကြင်ရာ သုစိတ္တာနတ်သမီးသည် ကုသိုလ်ကံကုန်၍ နတ်သက်ခြေကာ မနှင်းချိုတောင်ရှိ စကားပင်၏ ပန်းအုံတွင် သံသေဒဇ ပဋိသန္ဓေစွဲပြီနေရာ ထိုစကားဝါ သံသေဒဇ ပန်းငုံကို စောင့်ရှောက်ရန် "သာတဇ" ရသေ့ကြီးအား သိကြားမင်းက တောင်ဝှေးကို ဆက်သပေသည်။

ရသေ့ကြီးက တပည့် ဇော်ဂျီအား တောင်ဝှေးပေး စောင့်ရှောက်စေခဲ့ရာ တနေ့သော အခါတွင် ရသေ့ကြီးအား ဆက်ကပ်ရန် သစ်သီးရှာသွားရမည်ဖြစ်၍ ကျောက်တုံးကြီးတတုံးကို နွားလားဥသဘသဖွာန် ပြုပြင်၍ အသက်သွင်းပြီး သူ့ကိုယ်စား စောင့်ရှောက်စေခဲ့သော နွားလားဥသဘ ကျောက်ရုပ်ကြီးနှင့် ကျောက်ထီး ကျောက်သပိတ် စသည်တို့ကို လွဲလာပြီး နောက် ရွှေဘတောင်သို့သွားကာ ကျောက်သားတောင်ကိုပင် ထွင်းထုလျက် ပြုပြင်ထားသော ဗုဒ္ဓရုပ်ပွား ဆင်းတုတော်များ စသည်များကို ဖူးမြော်လွဲလာပြီးနောက် မုံရွာမြို့သို့ ပြန်ရောက်၍ လယ်တီတိုက်သစ်၌ ညအိပ်တည်းခိုစဉ် လယ်တီဆရာတော်ဘုရားကြီး ရေးသားစီရင်တော်မူခဲ့သော ဒီပနီကျမ်းတို့ကို ကျောက်ထက် အာကွရုတင်ထားသော ကျောက်စာတွဲ

ပျားနှင့် လယ်တီဆရာတော်ဘုရားကြီး၏ ပုံတူ ပျပ်တုတော်ကြီးကိုပါ ဖူးမြင်ပူဇော်ခဲ့ကြ ကြောင်း အထူးတိုသည်ကား လယ်တီဆရာတော်ဘုရားကြီး၏ ကြီးမားသော ဘုန်းတော်ကြောင့်သာ ဖြစ်ပေါ်လာခြင်း ဖြစ်ပေသည် တကားဟု ဤစာပေးသူ၏ စိတ်အစဉ်သည် အထူးကြည်လင်ကာ ကြည်ဂျိုခြင်းဖြစ်သည်ပြင် ငါတို့၏ ကျေးဇူးပွင့် ဒေါ်ဇောတိကာပုံမ ဒုတိယဆရာတော် ဘုရားကြီး ရေးသားပြုစုတော်မူခဲ့သော ဝိနိစ္ဆယကျမ်းစာများကိုလည်း ဤလယ်တီ ဆရာတော်ဘုရားကြီးက စာတိုက်ကြီးမှာ ပြုလုပ်လိုသော ဆန္ဒသည် ပြင်းပြစွာ ဖြစ်ပေါ်ခဲ့ပါသည်။

ဤအထူးတိုသည်ကား ဘုန်းရှင် ကံရှင်တို့၏ အထူသာ ဖြစ်ပေသည်။ "ဒုဒ္ဒါချည် မာန်ကြီး၍ တောင်ကြီးကို ခွိုမယ့်ကြံ ခါးကမသန်" ဆိုတာလို ငါတို့မှာကား ဘုန်းကံပါးခဲ့း သူများပြော်၍ ကျောက်ထက်အံ့ဆရာ တင်နိုင်သော အခြေသို့ ရောက်နိုင်ပို့ မပြစ်နိုင်ကြားသော်လည်း ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ အမေ့အနှစ် ဖြစ်သော ဝိနိစ္ဆယ အထူးတို့ပျောက်ကွယ်မသွားအောင် ထိန်းသိမ်းစောင့်ရှောက်ရန်မှာ တပည့် အဆက်ဆက်တို့၏ တာဝန်သာ ဖြစ်သည့်အလျောက် အခါသင့်၍ အားသင့်သောတိုင်း စာအုပ်အဖြစ်သို့ ရောက်အောင် ကြံဆောင် ပြုလုပ်မည်ဟု သန္နိဋ္ဌာန်ချကာ ဤပြင်းပြသော ဆန္ဒသည် ဤစာရေးသူ၏ ဟဒယကြေးမုံပြင်တွင် အမြဲတမ်း စွဲထင်လျက် ရှိခဲ့ပါသည်။

ရှေးနှစ်ပေါင်း (၈၀) ကျော် အခါက ဆရာတော်ဘုရားကြီး ရေးသားပြုစုတော်မူခဲ့သော ဝိနိစ္ဆယကျမ်းကို ကျယ်ကျယ်ပြန့်ပြန့် မြန်မာနိုင်ငံ နှံ့အောင် စာပုံနှိပ်တိုက်များသို့ မူပိုင်ပေးကာ ရိုက်နှိပ်ထုတ်ဝေခြင်းကို မဟုတ်ပဲ ဓမ္မဒါနထုပြစ် တကြိမ်မျှသာ ရိုက်နှိပ်ပြန်ချီခြင်းမျိုးပြစ်၍ ယခုအခါတွင် ဤဝိနိစ္ဆယများသည် ရှာမှရှားကာ ကွယ်ပျောက်လုနီးပါး အခြေသို့ ရောက်နေပြီဖြစ်ရ၍ အချို့မိ မဆိုနိုးသိမ်းပါက ပျောက်ကွယ်တော့မှာ မလွဲပါပေ။

သို့ကြောင့်ပင် ကပည့် ဝတ္တရား နှင့်အညီ ထိန်းသိမ်းရမည့် တာဝန်သည် ငါတို့အပေါ်သို့ ကျရောက်လာပေပြီ ဟု နှလုံးပြုကာ ဤဝိနိစ္ဆယများကို အမြတ်တနိုး သိမ်းဆည်းထားကြသည့် ရဟန်း ရှင် လူတို့ကို စုံစမ်း၍ ယင်းပုဂ္ဂိုလ်တို့ရှိရာ မြို့ရွာများသို့ ၃-နှစ်ကျော် ၄-နှစ်နီးပါး လိုက်လံရှာဖွေ စုဆောင်းရာ ပြည့်စုံသင့်သလောက် ပြည့်စုံစွာ ရရှိပါသောကြောင့် လောကီနှင့် လောကုတ္တရာ သာသနာနှံ့ ဒါယကာတို့အတွက် အပိုးအနဂ္ဃ ထိုက်တန်လှသော ဝိနိစ္ဆယ အဖြာဖြာ ဓမ္မရတနာကြိုးကို တပေါင်းတည်း စုစည်းကာ "ဒေါတိကာရုံ ဝိနိစ္ဆယပေါင်းချုပ်" ဟူသော အမည်ဖြင့် တဖန်ဆန်းသစ်ကာ ပေါ်ထုတ်လျက် စာအုပ်အဖြစ်ဖြင့် ဤစာရေးသူ

ကိုယ်တိုင် တာဝန်ယူရိုက်နှိပ်၍ "သဒ္ဓမ္မဇောတိကာရာမတိုက်" ခေါ် ပါဠိတက္ကသိုလ် တောင်ပေါ် ကျောင်းတိုက်ကြီး၏ နှစ် (၁၀၀) ပြည့် ပဲ့တော်အမိ ထုတ်ဝေလိုက်ခြင်း ဖြစ်ပါသည်။

ဤသို့ ထုတ်ဝေလိုက်ရသဖြင့် ရှေးနှစ်ပေါင်း (၅၀) ခန့်မှ စာရေးသူ၏ ဟဒယကြေးမုံပြင်၌ စွဲထင်လျက်ရှိသော ဆန္ဒသည် ငွေရောင်ပန်း လပြည့်ဝန်းကြီးပမာ ပြည့်ဝ၍ ဝမ်းသာရသကဲ့သို့ ဤဝိနိစ္ဆယပေါင်းချုပ်ကို ကြည့်ရှုလေ့လာသူ ရဟန်းရှင် လူတို့သည်လည်း မနောမယ ပတ္တမြား ရတနာကို ရရှိသည့်ပမာ လွန်စွာအားရ နှစ်သက်တော် မူနိုင်ကြပါစေကုန်သတည်း။

အရှင် ကေသရိန္ဒ

မဟာဗောဓိကျောင်းတိုက်

ကွင်းကြီးကျေးရွာ

ကျုံပျော်မြို့နယ်

၁၃၄၇-ခု ဒုတိယဝါဆိုလဆုတ် ၄-ရက် ရောဝတီတိုင်း

ဇောတိကာရုံ ဝိနိစ္ဆယပေါင်းချုပ်

မာတိကာ

၁။ ဤဝိနိစ္ဆယကျမ်းများ တဖန်ဆန်းသစ် ဖြစ်ပေါ်ရခြင်း အကြောင်းရင်း

၂။ ဟိတေသနစာတမ်း — ဒုဂါရဖြင့် ဝန္ဒနာပြုအပ်ပုံကို ပါဠိ အဋ္ဌကထာ ဋီကာတို့၌ လာသော သာဓက်များဖြင့် ထုတ်ဖော် ပြသထားပါသည်။ ၁

၃။ သာဓုသမာစာရကျမ်း — သရဏကုံ အပြား၊ ရတနာသုံးပါးကုံး၊ ဥပါသကာဂုဏ်၊ ဒါနသီလကမ္မဋ္ဌာန်း ၄၀-စသည်တို့ကို ဇာတ်ဖန် ဖော်ပြထား ပါသည်။ ၁၀

၄။ သာဓုပသာဒကကျမ်း — ဝိကာလဘောဇနသိက္ခာပုဒ်၌ ကျင့်အပ်သော ကာလိက ၄-ပါးတို့ အပ်-မအပ် စသည်တို့ကို ဖော်ပြထားပါသည်။ ၁၅

၅။ မာလာဓာရဏဝိနိစ္ဆယ — မာလာဂန္ဓသိက္ခာပုဒ်၌ပါဝင်သော ပန်းအမျိုးအစားကို ခွဲခြား၍ ဖော်ပြထား ပါသည်။ ၁၁၇

၆။ ပဋိပတ္တိပကာသနီကျမ်း — ဥပုသ်နေ့၌ အစာမစားပဲ ကျင့်ခြင်း၊ အသက်လွတ် စားခြင်းတို့သည် ကုသိုလ် ရ-မရ စသည်တို့ကို ခွဲခြား၍ ဖော်ပြ ထားပါသည်။ ၁၂၀

၇။ နဝင်္သီလဝိနိစ္ဆယ — ၉-ပါးသီလကို ပါဋိ အဋ္ဌကထာတို့၌ ဟောအပ်-မဟောအပ်၊ စောင့်သုံးသင့် မသုံးသင့် အဆုံးအဖြတ် ဖြစ်ပါသည်။ ၁၈၆

၈။ အာသန္နဒါနာဒိဝိနိစ္ဆယ	သေကာန်းဥ် သူတပါးအား ဘုံကိုက် ပါဟု စေခိုင်းခြင်းသည် ဒါန မြောက်-မမြောက်၊စာသင်ကျောင်း ဆောက်ကာ ဆရာဌားရွှေ ကလေးများအား ပညာ သင်ပေးခြင်းသည် ဓမ္မဒါန ဖြစ်-မဖြစ် စသည်တို့၏ အဆုံးအဖြတ်။	၁၀၈
၉။ ရူပိယဒါနာဒိဝိနိစ္ဆယ	ရဟန်းများအား လှူအပ်-မလှူအပ်၊ အလှူခံသင့်-မသင့် စသည်တို့ကို ဝေဖန် ဖော်ပြထားပါသည်။	၂၃၀
၁၀။ ကမ္မာကမ္မဝိနိစ္ဆယ	ရဟန်းတော်များ ပြုအပ်သော ကံကြီး ကံငယ်တို့ကိုရှင်းလင်းပြသထားပါသည်။	၂၅၄
၁၁။ ဝိနယာနုလောမဝိနိစ္ဆယ	ဝိနယနှင့် ဓမ္မကို ရောယှက်၍ မဆုံး ဖြတ်အပ်သည်ကို ဝေဖန်၍ ဖော်ပြထား ပါသည်။	၂၀၇
၁၂။ မဂ္ဂပကာသနီကျမ်း	မဂ္ဂင်ရှစ်ပါးကို ပိုင်းခြား ဖော်ပြထား ပါသည်။	၂၉၇
၁၃။ ကမ္မပိလောတိကဝိနိစ္ဆယ ပါဠိနိဿယ	ဘုရားရှင်သည် သဗ္ဗညုတစစ် ဘုရား ဖြစ်သောအခါ၌ အကုသိုလ် အကျိုး ပေး-မပေး စသည်ကို ဆုံးဖြတ်ယား ပါသည်။	၃၂၁
၁၄။ ဒေဝဒူတသံဝေဇနီယကျမ်း	သူငယ်၊ သူအို၊ သူနာ၊ ကံမကာရဏာ၊ သူသေ ဟူသော နတ်တမန်များက သတိ ပေးသည့်အလား သံဝေဂပွားရန် ညွှန်ပြ ထားပါသည်	၃၅၀
၁၅။ ပုဗ္ဗကောဋ္ဌဝိနိစ္ဆယကျမ်း	သံသရာအစမရှိပုံကို ကျမ်းဂန်လာအတိုင်း ဆုံးဖြတ်ထားခြင်း ဖြစ်ပါသည်။	၃၆၆

၁၆။ ပေဝံစွေဒဝိသင္ဇနာ — ပေဝံပင်ကို ဖြတ်ခြင်း၊ စေတီကို ဖျက်ခြင်း၊ ဓာတ်တော်ကို လုံ့လပြုခြင်းတို့သည် အကုသိုလ်ဖြစ်ကြောင်း စသည်ကို ဖော်ပြထားပါသည်။ ၄၀၂

၁၇။ သာဓုပတ္ထပူရဏီ ပါဠိနိဿယ — အလင်္ဂီ ဒုဿီလရဟန်းကို ဆည်းကပ်၍ လှူဒါန်းခြင်း ပြုအပ် မအပ် နှင့် သက်ဒန်း ထီး ဖိနပ် စသည်တို့ကို အကျယ် ဝေဖန်ပြထားပါသည်။ ၄၀၄

၁၈။ ပဋိသမ္ဘိဒါပတ္တိဝိနိစ္ဆယ — ပဋိသမ္ဘိဒါဉာဏ်ကို အဘယ်ပုဂ္ဂိုလ် ရနိုင် မရနိုင်၊ အဘယ်ပုဂ္ဂိုလ်ကို ပဋိသမ္ဘိဒါပတ္တိ ဟု ခေါ်ဆိုရမည်ဟူသော အဆုံးအဖြတ် ဖြစ်ပါသည်။ ၂၁၃

၁၉။ သမ္ဘဝေသျတ္ထဝိနိစ္ဆယ — ပရိတ်ကြီးပါဠိတော်၊ မေတ္တာသုတ်၌ သမ္ဘဝေသီ ဟူသောပုဒ်အရ အမိဝမ်း၌ ကိန်းသော သတ္တဝါ၊ သုက်၌ ဏိန်း အောင်းသော သတ္တဝါဟု အနက် ၂-ချက် ပေးထားသည်ကို ရှင်းလင်း ဖော်ပြထားသည်။ ၂၆၉

၂၀။ အနုရုဒ္ဓါဒိဝိသင္ဇနာ — သင်္ဂိုဟ် ကျမ်းပြု အရှင်အနုရုဒ္ဓါသည် ရဟန္တာ ဟုတ်-မဟုတ်နှင့် သာသနာတွင်း-သာသနာပ ထိုနှစ်ရပ်တွင် မည်သည့်အခါ၌ ရှစ်ပါးသီလကို ပညတ်ပါသနည်း ဟူသော ပုစ္ဆာအဖြေဖြစ်သည်။ ၂၇၁

၂၁။ အာရာမဝိနိစ္ဆယ — ကျောင်းအရာမ်နှစ်ခု၌ ခွဲ၍ ဝါဆိုသော ရဟန်းသည် ထိုနှစ်ကျောင်းမှ ဝါဆို

ဇောတိကာ၌ ဝိနိစ္ဆယပေါင်းချုပ်

သက်န်းကို ခံယူထိုက်-မထိုက် အဆုံး
အဖြတ် ဖြစ်သည်။ ၁၃၈

၂၂။ ဆပညာသကုသလဝိနိစ္ဆယ ၅၆-ပါးသော ကုသိုလ်တရားများ
ရထိုက်သည်ကို ဖြေဆိုထားခြင်း ဖြစ်
ပါသည်။ ၁၈၃

၂၃။ ဒွဒ္ဒကဇ္ဈာဒဝိနိစ္ဆယ သား၊ ငါး တိရစ္ဆာန်၊ ပျားရည်တို့ကို
သတ်ဖြတ်ရှာဖွေ၍ရခြင်း၊ စားသောက်
ရခြင်းတို့သည် ကုသိုလ်ကံကြောင့်သာ
ရခြင်း၊ စားသောက်ရခြင်းဖြစ်ကြောင်း
အဆုံးအဖြတ်ဖြစ်ပါသည်။ ၁၈၅

၂၄။ မိစ္ဆာဇီဝအဆုံးအဖြတ် သူ့အသက်ကို သတ်ဖြတ်၍ရသော သား
ငါး ပျားရည် တို့သည် ကျင့်ဝတ်မှုပင်ဖြစ်
သော်လည်း ဒုစရိုက်မှုဖြင့် ရှာကြံ၍
စားသောက်ခြင်းသည် မိစ္ဆာဇီဝ ဖြစ်
မဖြစ်ဟူသော အဆုံးအဖြတ် ၁၈၉

၂၅။ ဋ္ဌာပမုခဒါနာဒိဝိသဇ္ဇနာ ယဿာပန ဝိပါကဿ စသော ဋ္ဌိကာ
ကျော်ပါဠိနှင့် တတ္ထ ပစ္စယဝသေနာတိ
စသော ပါဠိနှစ်ရပ်ကို အနယ်ယောဇနာ
ခြင်း ၁၉၃

၂၆။ ဒွါသဋ္ဌိဒိဋ္ဌိဘေဒ ဒိဋ္ဌိ(၆၂)ပါးတို့၏ သရုပ်နှင့် အဓိပ္ပာယ်
တို့ကို ရေးသားဖော်ပြထားပါသည် ၁၉၈

၂၇။ ဗုဒ္ဓပမုခဒါနာဒိဝိသဇ္ဇနာ ဘုရားအမှူးရှိသော သံဃာအား ပေး
လှူသော ဒါနနှင့် ဘုရားအား ပုဂ္ဂလိက
အဖြစ် လှူသောဒါန ၂-မျိုးတွင် မည်
သည့်ဒါနက မဟပ္ဖလတရဖြစ်မည် ဟူ
သော် ပုစ္ဆာအဖြေဖြစ်ပါသည် ၆၁၀

၂၈။ သံဝါသာဒိပကာသနိ ဝိနိစ္ဆယကျမ်း	လင်္ဂီရဟန်းနှင့် အလင်္ဂီ ရဟန်း တို့သည် ကေဒ္ဒေသ၊ ကေကမ္မ၊ သမ္မသိက္ခတာ သံဝါသကို ပြုထိုက်-မပြုထိုက် စသော အဆုံးအဖြတ်ဖြစ်သည်	၆၁၃
၂၉။ စီဝရာဒိ ဝိနိစ္ဆယကျမ်း	သင်္ကန်းချုပ်ပုံ၊ဆိုးရေ၊ သပိတ်ခွက် ဖိနပ် စသည်တို့၏ အပ်-မအပ် အခြင်းအရာကို ဆုံးဖြတ်ထားခြင်းဖြစ်ပါသည်	၆၅၃
၃၀။ သင်္ကပဉ္ဇာသုတ်အမေးအဖြေနှင့် ငါးပါးသီလအာကျိုးအပြစ် လင်္ကာ	သတ္တဝါအပေါင်းတို့သည် အမျက်ဒဏ် ကင်းခြင်း၊ ရန်သူတို့မှကင်း၍ ချမ်းသာ စွာနေဖို့ရာ တောင့်တသော်လည်း မရ ခြင်းသည်အဘယ်သဲ့ယောင့်ကြောင့်ပါ နည်း ဟူသော သိကြားမင်း အမေးကို ဘုရားရှင် ဖြေကြားသော ပုစ္ဆာ ၁၂-ရပ် နှင့် ငါးပါးသီလ အကျိုးအပြစ်တို့ကို ဖော်ပြထားပါသည်။	၂၁၁

မှန်ပြည်နယ် ပေါင်မြို့ ကဲ့ခြံကျေးရွာ
မေဃဝန်ကျောင်းတိုက်
ဘဒ္ဒန္တဉာတ္တရာဇီဝ
တိပိဋကဆရာ မမွေသနာပတိ မဟာနာယကဂုရု
ဘွဲ့တံဆိပ်တော်ရ
မဟာဒွါရနိကာယ
သာသနာပိုင် ဆရာတော်ဘုရားကြီး၏

ထောက်ခံလွှာ

ဓနုဖြူမြို့ သဒ္ဓမ္မဇောတိကာရာမတိုက်သခင် ဆရာတော် အရှင်သူမြတ်တို့သည် ကျမ်းဂန် အထပ်ထပ်နှင့် ညီနှိုင်းမသွေ အယူဝါဒအထွေထွေ အဆိုးအဖြတ်စာပေတို့ကို မပျောက်ပျက်ရအောင် အဆက်ဆက် ထိန်းသိမ်းထား ခဲ့ကြသော ရဟန်း ရှင် လူ တို့အား လည်းကောင်း၊ ယခုတလို ရာပြည့်ပွဲတော်အမှီ "ဇောတိကာရုံ ဝိနိစ္ဆယပေါင်းချုပ်" အမည်ဖြင့် ရှာဖွေဆည်းစု တပေါင်းတည်းပြု၍ ဆန်းသစ်ထုတ်ဝေဖြန့်ချိမည့် ကွင်းကြီး မဟာဗောဓိ တတိယဘုန်းကြီး အရှင်ကေသရိန္ဒအား လည်းကောင်း၊ ဆရာတော်အနေဖြင့် ကျေးဇူးတင် ဝမ်းမြောက်စွာဖြင့် ထောက်ခံအပ်ပါသည်။

၁၃၄၂-ခု တန်ဆောင်မုန်း လဆန်း ၅-ရက်။

(ပုံ) ဘဒ္ဒန္တဉာတ္တရာဇီဝ
မဟာနာယက ဆရာတော်။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့
ဒုတိယဥက္ကဋ္ဌ ဆရာတော်၏
ချီးကျူးထောက်ခံလွှာ

ဓနုဖြူမြို့ သဒ္ဓမ္မဇောတိကာရာမတိုက်တည် စံလွန်တော်မူပြီးကြသော ဆရာတော်ဘုရားကြီး အသီးသီးတို့၏ ကြီးမြတ်သော ရည်ရွယ်ချက်ဖြင့် ကျမ်းဂန်တို့မှ ထုတ်နုတ်ကာ စီရင်ရေးသားတော် မူခဲ့ကြသော အဆုံးအဖြတ်မျှားသည် နှစ် (၁၀၀) အတွင်း၌ တကြိမ်သာ ရိုက်နှိပ်ဖြန့်ချိခဲ့ရာ ယခုအခါ၌ တိမ်မြုပ် ပျောက်ကွယ်လုမတတ် ဖြစ်သော ဗျတ္တိရုပ်သဖွယ် ဝိနိစ္ဆယ အသွယ်သွယ်တို့ကို အကျယ်ရွေရေး မျှော်တွေး ဆင်ခြင်ကာ ထို ဆရာတော်ဘုရားတို့၏ ဂုဏ်ကျေးဇူး တော်များကို ထောက်ထား ဆပ်ပေးလိုသော ဆန္ဒဖြင့် "ဝဏ္ဏော ရဟာသ စ ဝဏ္ဏံ ကထနံ၊ ဝဏ္ဏိတာ ဟောတိ" ဟူသည့် လက္ခဏာနှင့် ပြည့်စုံသော ဇောဝတီတိုင်း ကျုံပျော်မြို့နယ် ကွင်းကြီးကျေးရွာ မဟာဗောဓိ ကျောင်းတိုက် ဆရာတော် **အရှင်ကေသရိန္ဒသည်** အပင်ပန်း အနှမ်းနယ်ခံကာ ရှာဖွေစုဆောင်းရာ စာမူ ၃၀-စောင်ကို ရပါသဖြင့် တပေါင်းတည်းပြုလုပ်၍ စာမျက်နှာ (၃၃၆) ရှိ **ဇောတိကာရုံ ဝိနိစ္ဆယပေါင်းချုပ်** ဟူသော အမည်ဖြင့် ဆန်းသစ်ရိုက်နှိပ် ဖြန့်ချိလိုက်ခြင်းသည် ထို ဆရာတော်ဘုရားကြီးများ၏ သီလဂုဏ်· သမာဓိဂုဏ်· ပညာဂုဏ် စွမ်းရည်သတ္တိတို့ကို ဖော်ထုတ်ရာ ရောက်သောကြောင့် အထူးကျေးဇူးတင်ကာ ဂုဏ်ပြု ထောက်ခံလွှာကို ပေးပို့လိုက်ပါသတည်း။

၁၃၄၃-ခု သီတင်းကျွတ်လဆန်း ၁၀-ရက်။

ဘဒ္ဒန္တ ဓမ္မာဝုဓ
အဂ္ဂမဟာပဏ္ဍိတ
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ
လယ်တီကျောင်းတိုက် ဟာသ်ာတမြို့
ဇောဝတီတိုင်း။

၁၂၅၀-ပြည့်နှစ်တွင်
ဓနုဖြူမြို့ သဒ္ဓမ္မဇောတိကာရာမတိုက်
ပထမဆရာတော် အရှင် နရိန္ဒာဘိသိရိပဝရ ရေးသားတော်မူသော
ဟိတောသနုစာတခ်ိန်း
နိဒါန်း

စိရံ တိဋ္ဌတု သဒ္ဓမ္မော။ ။အရဟံအစ၊ ဘဂဝါအဆုံး၊ ဖက်ဆွန်းမမျှ၊ ဂုဏ်နဝဖြင့်၊ လောကသုံးဆိုင်၊ ဘုံခရိုင်တွင်၊ တုပြိုင်ကင်းလွတ်၊ အမင်းမင်းတို့၊ ဝပဲစင်းတုပ်ဝပ်၊ ဦးညွတ်ရာဘမူ၊ နတ်လူတို့သင်းကျစ်၊ ဓမ္မရာဇာဦးသျှောင်၊ ငါးမာရ်အောင်၏၊ လောင်းလျာဗုဒ္ဓါ အကုံရဟူ၊ ရှုမဝ့ယဉ်ခကျေး၊ ငွေသာခွာ ဘော်အသွေးနှင့်၊ နတ်ပန်းချိတင်ရေးသော၊ ငွေဒေါင်းဖြူ ရုပ်သေးကဲ့သို့၊ တဖွဖွေးဖွေးဇရောင်လျှပ်၊ သကုဏာဒေါင်းမြတ်သည်၊ မပြတ်လေ့လာ ကျက်စားရာဒေသ၊ ယင်းဌာနဦ်၊ ရာဇစောနတ်၊ ဓနုသိဟာ၊ တွင်ကြေညာသော၊ ရာဇိန္ဒာမင်းမြတ်သည်၊ ကွပ်ညှပ်ဗိုလ်ပါ၊ ဗလာကာရ၊ သမ္ဘောဂဖြင့်၊ လောကကျက်သရေ၊ ဖြစ်ပစေဟူ၊ အရှေထောက်လျှမ်း၊ သဘောချင့်မှန်း၍၊ မှုထမ်း-ရာထမ်း၊ စို့ငန်းအဆူဆူ၊ ဗိုလ်လူအပေါင်းတို့အား၊ တရားအလျောက်၊ ချီးမြှောက်ပြီးကာ၊ တိထွင်ရာဒေသ၊ ရာဇာနုရာဇ၊ မင်းမှသက်လျော၊ သမုဋ္ဌေါန္နှင့်၊ စောဥမ္မာဒန်၊ မင်းမောင်နှံတို့သည်၊ ထပ်မံဆင့်လောင်း၊ ကျုံးမြောင်းရံကာ၊ အန္တရာကို၊ ကွယ်ကာအကျိုး၊ မြို့ရိုးမြို့တာ၊ မြို့အင်္ဂါတို့ဖြင့်၊ ညီညာသေသပ်၊ ပြုလုပ်ရာသကတ်ကြောင့်၊ ထပ်ထပ်မပြယ်၊ တိမ်မှကွယ်ပဲ၊ အသွယ်သွယ်သော လူမျိုးတို့၏၊ ခိုကိုးမှီတင်းရာ၊ ဒေါင်းဖြူမြို့ နဂရာ၏၊ ဥတ္တရာယုန်းယုန်း၊ အနောက်စုန်းတွင်၊ တည်ထွန်းသိုက်မြိုက်၊ ဇော တိကာရာမတိုက်၌၊ နှစ်ခြိုက်ပျော်ရွှင်၊ စာပုံယင်၍၊ လေးအင်ပထ၊ ညီညီမျှလျက်၊ ကျင်းပ ပျော်မွေ့၊ သီတင်းသုံးနေလေ့ရှိသော၊ နရိန္ဒာဘိ သိရိပဝရ၊ နာမဆင်းဖြာ၊ ထေရ်မဟာသည်၊ မန်းလာစာအုပ်၊ သေးနုပ်သိမ်ငယ်၊ အပါယ်လမ်းပြ၊ အဓမ္မကို၊ ဖွဆကြည့်ရှုရသဖြင့်၊ ဗုဒ္ဓသာသနာ၊ ခြည်ရောင်ဝါသည်၊ မှောင်ကွဉ်စ်ကင်း၊ ပြောင်စွာလင်းသော၊ လမင်းအရိပ်၊ ယုန်တံဆိပ်သို့၊ ကိလိဋ္ဌပါ၊ အဓမ္မဝါဒီ၊ မသီရှောင်ကွင်း၊ ပြောင်ပြောင်လင်းဆဲ အခါတွင်၊ ဖြစ်ရှာလေနဲ့၊ ဖောက်လဲဖောက်ပြန်၊ မမှန်ဝါဒ၊ ကြံဖန်ဆ၍၊ အတ္တမတိ၊ ကျမ်းမည်ပဲ၊ ဇုတ် နှစ်ကြဲလျက်၊ မိမိတို့အကြိုက်၊ အလိုက်သင့်ရေးရှာသော၊ ကမ္မဝိနိစ္ဆယ၊ အဓမ္မတိမ်ပုပ်သည်၊ လမင်းကို ကွယ်အုပ်သည်သာမက၊ သံသရာကန္တာရ၌၊ သတ္တဝေနေ၊ ဗိုလ်ခြေခပဲကို၊ လမ်းလွဲလေခအောင်၊ ရည်ဆောင်တကာ၊ တရားဓမ္မ၊ သံဝေဂဖြင့်၊ ဓမ္မလမ်းမှန်၊ ကျမ်းဂန်ဖွေကြည့်၊ ဓားဖြင့်တိသို့၊ တရားရှိ ရေးဖိရင်အပ်သော၊ ဟိတောသန မည်ရထူးဆန်း၊ ဤစာစာမ်းကို၊ ရဟန်းဌာင် လူ၊ ခပ်သိမ်းသူတို့သည်၊ လှမ်းယူညာလက်၊ ပညာမျက်ဖြင့်၊ ယောက်ယက်မရှိ၊ သမာဓိနှင့်၊ သကိမြဲဆပ်၊ စွဲရည်မှတ်၍၊ မပြတ်ရွက်စေသတည်း။

ဇောတိကာရုံ-၁ [ဓမ္မဒါန]

ဟိတောသနစာတ်၏

ပဏာမ

ဒဠှိရတ္တယေန မဟိတံ၊ နတ္ထာ ကဿံ ဟိတေသနံ။
ပဇံ ဝန္ဒထ သာသေန္တံ၊ ဒါယကေနာဘိယာစိတံ။
တံ စေ နိစ္ဆထ ပရေသံ၊ ဝဠှ သုဏာထ သာဓုကံ။

မဟိတံ၊ ပူဇော်အပ်သူ ဟူသမျှကို။ ဒဠှိရတ္တယေန၊ ဒဠှိရသုံးပါးအပေါင်းဖြင့်။ ဝန္ဒထ၊ ရှိခိုးကြကုန်၏။ ဣတိ၊ ဤသို့။ ပဇံ၊ ဝေနေယျကြွာ၊ သတ္တဝါအပေါင်းကို။ သာသေန္တံ၊ ဆုံးမတော်မူတတ်သော။ ဇိနံ၊ ပိုင်းခြားထင်ထင် မာရ၌းအင်ကို၊ အောင်မြင်တတ်ငြား၊ မြတ်ဘုရားကို။ ဒဠှိရတ္တယေန၊ ဒဠှိရသုံးပါးဖြင့်။ အဟံ၊ ငါသည်။ နတ္ထာ-နမဿာမိ၊ ရှိခိုးပါ၏။ နတ္ထာ၊ ရှိခိုးပြီး၍။ ဒါယကေန၊ ဥပသကာ၊ ညီညာစုပေါင်း၊ ဒါယကာအပေါင်းသည်။ အဘိယာစိတံ-အဘိယာစိကော၊ အထူးသဖြင့် တောင်းပန်အပ်သည်ဖြစ်၍။ ဟိတေသနံ၊ နတ်ရွာနိဗ္ဗာန်နှစ်တန်ဖွဲ့ပြီး၊ ထိုအကျိုးကို၊ အားကိုးကုန်ကြ၊ ရှာမှီးကြောင်း သကတ္ထကြောင့်၊ ဟိတေသနံ၊ နာဝမမည်ဆန်း၊ ဘုတ်စာတမ်းကို။ ကဿံ-ကရိဿာမိ၊ ရေးသားပြုစီရင်ပေအံ့။ ပရေသံ၊ ဝါဝါကြွားကြွား၊ သူတပါးတို့၏။ ဝဠှံ၊ မဟုတ်မဟတ် ဆုံးဖြတ်သော ရန်ခင်း၊ လှည့်ပတ်ခြင်းကို။ စေ နိစ္ဆထ၊ အကယ်၍ အလိုမရှိသည်ဖြစ်အံ့။ တံ၊ ထိုငါစီရင်လတ္တံ့သော။ ဟိတေသန နာဝမမည်ဆန်း၊ ဤစာတမ်းကို။ တုမ္ဟေ၊ သင်တို့သည်။ သာဓုကံ၊ ကောင်းစွာ။ သုဏာထ၊ နာကြကုန်။

ဝန္ဒထ- ၌။ ဣတိသဒ္ဒါကျေ။ ဇိနံကား-ပဌာနကံအလို့ငှာ ထည့်သည်။ ဒါယကေန-၌ ဇာတိပဒတ္ထက ဆရာတို့အလို ကေဝုစ်၊ တုမ္ဟေကား-ပါဋ္ဌသေသ။ ပရေသံ၌ ဆန္ဒာနုရက္ခဏာအလို့ငှာ ဒီဃရောက်၍ ပါ-ဟူ၍ ဆိုအပ်၏။

ကမ္မဝိနိစ္ဆယနံပါတ်-၂၊ စာကြောင်းရေ ၁၉-၌ ကာယကံ-ဝစီကံ-မနောကံ တို့ဖြင့် ဟူသောစကားကို ရှေးပညာရှိတို့၏ ပဝေဏီအစဉ်အဆက်အားဖြင့် လာသည့်အတိုင်း ယခုဘုံ မပျက်မစီး ရွတ်ဆိုကြသည်-ဟူသောစကားကို မည်သည့်ခုနှစ်သမယ မည်သည့်ကာလ မည်သည့် ရက် မည်သည့်မင်းမျိုးလက်ထက်က မည်သည့်မြို့ဒေသ မည်သည့်ပညာရှင် ပုဂ္ဂိုလ်မျိုးပင် ကံဖြင့်ရှိခိုးကြသည်ဟု ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့ အားကိုးထာအမှန် ကျမ်းဂန်တခုမျှ မဖော်ပြ၊ ထိုသို့မပြနိုင်ပဲလျက် အစဉ်အဆက်က လာလေဟန်၊ ကျမ်းဂန်စကားလည်း မဟုတ်၊ အမှားကို အမှန်လုပ်၊ မဆုတ်ချင်သည့်စိတ်သာ မျိုးသဖြင့် "ကျွန်းချင်ကျား မီးယပ်" ဟု ဇွတ်ထပ်၍ ငြင်းသောသမားဖျင်းကဲ့သို့ ဇွတ်ငြင်းသော စကားသာဟုမှတ်။ အဘယ်ကြောင့်နည်းဟူမူကား ပညာရှိမှန်ကလည်း ကံဖြင့်ရှိခိုးခြင်းကို မပြု၊ ကံဖြင့် ရှိခိုးကလည်း ကျမ်းဂန်၌ မလာသောကြောင့် ပညာရှိ-မမည်ရာ။ ရှေးပညာရှိမှန်က ကျမ်းဂန်အလိုက် ထိုက်သည့်အလျောက် အမှန်ရောက်ကြသော ပုဂ္ဂိုလ်မှန် ပုဂ္ဂိုလ်မြတ်တို့ကိုသာလျှင် အားကိုးတခု အလေးပြုအပ်လှပေသည်။

ရှေးပညာရှိ ကဝိပုဂ္ဂိုလ်တို့ ရှိခိုးခြင်းမှာမူကား လောကသေဋ္ဌနှင်း တရားမင်းဖြစ်တော်မူသော မြတ်စွာဘုရားသည် ၁၂-ဝါမြောက် ဝေရဉ္ဇတိုင်း နရေရှအမည်ရှိသော ဘီလူးသည် သီမ်းဆည်းအပ်သော တမာပင်အရင်းဌ သီတင်းသုံးနေသောအခါ ဝေရဉ္ဇပုဏ္ဏားကြီးသည် ဘုရားကိုယ်တော်မြတ်အား ဒုါရသုံးပါး ကရိဏ်းထား၍ ရှိခိုးပူဇော်ကြောင်းကို ပါရာဇိကဏ် အဋ္ဌကထာ ၁၀-ကြောင်းပေ၊ ငံ ချပ် ကျောဘက်၌-

"ဣဒါနိ ဝိညာတဗုဒ္ဓဂုဏော ကာယေန ဝါစာယ မနသာစ အနေကက္ခတ္တုံ ဝဒန္တော်ပိ အတိတ္ထောယေဝ ဟုတ္ဝာ ဒဿနာ သမောဒါန သမုဇ္ဇလံ အဇ္ဇလိံ ပဂ္ဂယ္ဟ၊ သိရသ္မိံ ပတိဋ္ဌာပေတ္ဝာ၊ ယာဝ ဒဿနဝိသယာ တာဝ ပဋ္ဌမုခေါယေဝ အပက္ကမေတ္ဝာ ဒဿန ဝိသယံ ဝီဇဟန္ဒဘာနေ ဇန္ဒိတ္ဝာ ပက္ကမိ" ဟု မိန့်အပ်လေပြီ။

အနက်ကား။ ။ဣဒါနိ၊ ယခုအခါ၌။ ဝိညာတဗုဒ္ဓဂုဏော၊ ဘုရားမျှင်၏ဂုဏ် အလုံးစုံကို အာရုံယှဉ်မှီး သိမြင်ပြီး၍။ ကာယေနစ၊ ကာယဒွါရဖြင့် လည်းကောင်း။ ဝါစာယစ၊ ဝစီဒွါရဖြင့်လည်းကောင်း။ မနသာစ၊ မနောဒွါရဖြင့်လည်းကောင်း။ အနေကက္ခတ္တုံ၊ ကြိမ်ဖန်များစွာ။ ဝန္ဒေန္တောပိ၊ ရှိခိုးရခြားသော်လည်း။ အတိတ္ထောယေဝ၊ မရောင့်ရဲနိုင်သည်သာလျှင်။ ဟုတ္ဝာ၊ ဖြစ်၍။ ဒဿနသမောဒါန သမုဇ္ဇလံ၊ ဆယ်ဖြာသော လက်သည်းရောင်တို့ဖြင့်၊ တပြောင်ပြောင် ထွန်းပသော။ အဇ္ဇလိံ၊ လက်အုပ်ကို။ ပဂ္ဂယ္ဟ၊ ရွှင်ပျယုံကြည်၊ မြှောက်ကာခြီ၍။ သိရသ္မိံ၊ ဦးခေါင်း၌။ ပတိဋ္ဌာပေတ္ဝာ၊ မရွေ့မပါး၊ တင်ကာထား၍။ ယာဝ၊ အကြင်မျှလောက်။ ဒဿနဝိသယာ၊ မျက်မှောက်ထင်ထင် မြင်ရာအရပ်သည်။ အတ္ထိ၊ ရှိ၏။ တာဝ၊ ထိုမျှလောက်။ ပဋ္ဌမုခေါယေဝ၊ မျက်နှာရှေဖျား နောက် ဆုတ်ထားလျက်သာလျှင်။ အပက္ကမေတ္ဝာ၊ မဖဲသွားမူ၍။ ဒဿနဝိသယံ၊ မျက်မှောက်ထင်ထင် မြင်ရာအရပ်ကို။ ဝီဇဟန္ဒဘာနေ၊ ကွယ်ရာအရပ်တိုင်အောင်။ ဝန္ဒိတ္ဝာ၊ ရှိခိုး၍။ ပက္ကမိ၊ မျက်နှာရှောင်လှဲ ဖဲသွားလေ၏။

ဤအဋ္ဌကထာပါဠိဖြင့် ဘုရားကိုယ်တော်မြတ် ထင်ရှားရှိစဉ်အခါက ဝေရဉ္ဇပုဏ္ဏားကြီးသည် ဒုါရသုံးပါး ကသိုဏ်းထား၍ ရှိခိုးပူဇော်ကြောင်းကို တိုက်ရိုက်နိဒါန်းပြုရှိခဲ့သည်။ ထို ဝေရဉ္ဇပုဏ္ဏားကြီးသည်လည်း ဂုဏ်အားဖြင့် လည်းကောင်း၊ အသက်အားဖြင့် လည်းကောင်း ကြီးကုန်သော ရှိခိုးခြင်းငှာ ထိုက်ကုန်သောသူတို့ကို ထိုဒွါရသုံးပါးတို့ဖြင့် ရှိခိုးခြင်းသည်သာလျှင် ကမ္ဘာ့ အစဉ်အဆက် အားဖြင့်လာသော "လောကတန္တိ၊ ပဝေဏီ" ပင်တည်း ဟူ၍ပင် ပညာရှိတို့ အစဉ်အဆက် မှတ်သားလေ့ကျက် နည်းနာရှိသည့်အတိုင်းပင်လျှင် ဂုဏ်အားဖြင့် မြင့်မြတ်လွန်ကဲသော မြတ်စွာဘုရားအား လည်း ဒွါရသုံးပါးတို့ဖြင့် ရှိခိုးခြင်းပြုလေသတည်း။ ထိုဒွါရသုံးပါးတို့ဖြင့် ရှိခိုးခြင်းသည်သာလျှင် ကမ္ဘာအထပ်ထပ် ကပ်ဦးအခါမှစ၍ အစဉ်အဆက်အား ဖြင့်လာသော "လောကတန္တိ၊ ပဝေဏီ" ဖြစ်ကြောင်းကို သာရတ္ထဒီပနီဋီကာ ၁၁-ကြောင်းပေ၊ ၈ ချပ်ဝမ်းဘက်၌-

"အယံ လောကတန္တိတိ အယံ ဗုဒ္ဓါနံ အဘိဝါဒနာဒိ ကိရိယလက္ခဏာ လောကပဝေဏီ" ဟူ၍ မိန့်အပ်၏။

အယံ လောကတန္တီတိ၊ အယံ လောကတန္တိ-ဟူသည်ကား။ ပဋ္ဌါန်၊ ဂုဏ်အသက်အား ဖြင့် ကြီးပွားမြင့်ဖြိုး ရှိခိုးခြင်းငှာ ကောင်းစွာထိုက်ကုန်သော သူတို့အား။ ဝါ-သူတို့ကို၊ အာဘိဝါဒနာဒိ ကံရှိယာ၊ ဒွါရသုံးပါး ကရိဏ်းထား၍ ရှိခိုးခြင်းအစရှိသော အထူးအရာဟု ဆိုအပ်ခဲသော။ အယံ လက္ခဏာ၊ ဤလက္ခဏာသည်။ လောကပဓေဏီ၊ လောကစဉ်ဆက်၊ မပျက်အညီ၊ ပဓေဏီ၎င်တည်း။ ဤကား-ယောဇနာ။

ဤသို့ ပါဠိ အဋ္ဌကထာ ဋီကာစသည်တို့၌ ဒွါရသုံးပါး ကရိဏ်းထား၍ ရှိခိုးသင့် ကြောင်းများကို ထင်ရှားစွာ လာရှိရကား ယုံကြည်မှတ်သား နှလုံးထားဖြင့် ကံသုံးပါးကို ကရိဏ်းထား၍ ရှေးပညာရှိတို့ ရှိခိုးကြသည် ဟူသော စကားကို အမှားဟူ၍မှတ်။

ထိုမှတဖန် ကျမ်းဂန်အစောင်စောင်တို့၌ ဒွါရသုံးပါး ကရိဏ်းထား၍ ဝပ်တွားရိုကျိုး ရှိခိုးအပ်ကြောင်းကို ယခု ဆိုလတ္တံ့သော အာဂုံ ညာပကကို ထောက်ဆ၍ သိအပ်၏။

(၁) အာဘိဝါဒိယတိ၊ ဝိသေသတော ဝန္ဒိတ္ဝာ၊ ဘယ လာဘ ကုလစာရာဒိ ဝိရဟေန သက္ကစ္စံ အာဒရေန၊ ကာယ ဝစီ မနောဒ္ဝါရေဟိ ဝန္ဒိတ္ဝာတိ အတ္ထော။ (ဋီကာကျော်ပါ၌၊ ၁၂-ကြောင်းပေ၊ ကိ ချပ်။)

အာဘိဝါဒါယာတိ၊ အာဘိဝါဒိယ-ဟူသည်ကား။ ဝိသေသတော၊ အထူးအားဖြင့်။ ဝန္ဒိတ္ဝာ၊ ရှိခိုးပါ၏။ ဘယ လာဘ ကုလစာရာဒိ ဝိရဟေန၊ ဘေးကိုကြောက်၍ ရှိခိုးခြင်း၊ လာဘ်ကို လိုရှေ ရှိခိုးခြင်း၊ အမျိုးတို့၏ အလေ့အကျက်အားဖြင့် ရှိခိုးခြင်း စသည်တို့မှ ကြဉ် သဖြင့်၊ သက္ကစ္စံ အာဒရေန၊ ရှိသေစွာ။ ကာယ ဝစီ မနောဒ္ဝါရေဟိ၊ ကာယဒွါရ၊ ဝစီဒွါရ၊ မနောဒွါရတို့ဖြင့်။ ဂန္ဒိတ္ဝာ၊ ရှိခိုးပါ၏။ ဤတိအယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။

(၂) ကာယ ဝစီ မနော ဝန္ဒနာဝံသေန၊ ဝန္ဒနာယ တိဝိတ္တော အာဟာ၊ ကာယ ဝစီ မနောဒ္ဝါရေဟိတိ၊ အာစရိယောဟိ ပဌမံ မနောဒ္ဝါရေန ဝန္ဒတိ၊ ဒုတိယံ ကာယဒွါရေန၊ တတိယံ ဝစီဒွါရေနာတိ။ (မဏိမဉ္ဇူ၊ ၁၀-ကြောင်းပေ။ဃာ ချပ်။)

ကာယ ဝစီ မနော ဝန္ဒနာဝသေန၊ ကာယဒွါရဖြင့်ရှိခိုးခြင်း၊ ဝစီဒွါရဖြင့်ရှိခိုးခြင်း၊ မနောဒွါရဖြင့် ရှိခိုးခြင်း၏အစွမ်းအားဖြင့်၊ ဝန္ဒနာယ၊ ရှိခိုးခြင်း၏။ တိဝိတ္တော၊ သုံးပါးအပြား ရှိသည်၏ အဖြစ်ကြောင့်။ ကာယဝစီမနောဒွါရေဟိတိ၊ ကာယဝစီမနောဒွါရေဟိ-ဟူ၍။ အာဟာ၊ ဋီကာဆရာ ဆိုတော်မူ၏။ ဟိ-တဒေဝသစ္ဆံ၊ ထိုစကားသည်မှန်၏။ အာစရိယော၊ အရှင် အနုရုဒ္ဓါဆရာသည်၊ ပဌမံ၊ ရှေးဦးစွာ၊ မနောဒ္ဝါရေန၊မနောဒ္ဝါရဖြင့်။ ဝန္ဒတိ၊ ရှိခိုးတော်မူ၏။ ဒုတိယံ၊ နှစ်ကြိမ်မြောက်။ ကာယဒွါရေန၊ ကာယဒွါရဖြင့်။ ဝန္ဒတိ၊ ရှိခိုးတော်မူ၏။ တတိယံ၊ သုံးကြိမ်မြောက်။ ဝစီဒွါရေန၊ ဝစီဒွါရဖြင့်။ ဝန္ဒတိ၊ ရှိခိုးတော်မူ၏။ ဤတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

(၃) ဝန္ဒိတ္ဝာတိ၊ တိဟိဒွါရေဟိ နမသိတ္ဝာ၊ တိဿော ဤမာ ဘိက္ခဝေ ဝန္ဒနာ ကာယေန ဝန္ဒတိ၊ ဝစသာ ဝန္ဒတိ၊ မနသာ ဝန္ဒတိတိ ဝုတ္တံ၊ တတ္ထ ဝိညတ္တိ အနုပ္ပါဒေဘ္ဝာ၊ ကေဝလံ ရတနတ္တယ ဂုဏာနုဿရဏဝသေန၊ မနောဒွါရေ ဗဟုလ

ပဝတ္တာ ကုသလစေတနာ၊ မနောဒ္ဓါရ ဝန္ဒနာ၊ တံ တံ ဝိညတ္တိ ဥပ္ပါဒေတ္ဝာ ပန ပဝတ္တာ ကုသလစေတနာ ကာယဝစီ ဒ္ဝါရဝန္ဒနာ၊ (ခုဒ္ဒသိက္ခာ ဋီကာသစ် ၉-ကြောင်း ပေ။ ဖုံ-ချုပ်)

ဝန္ဒိတ္ဝာတို့၊ ဝန္ဒိတ္ဝာ ဟူသည်ကား။ တိဟိဒ္ဝါရေဟိ၊ သုံးပါးကုန်သော ဒ္ဝါရတို့ဖြင့်။ နမသိတ္ဝာ၊ ရှိခိုးပါ၏။ ဟိ-တဒေဝသစ္ဆံ၊ ထိုစကားသည်မှန်၏။ ဘိက္ခဝေ၊ ရဟန်းတို့၊ ဝန္ဒနာ ရှိခိုးခြင်းတို့သည်။ ဣမာတိသော၊ ဤသုံးပါးတို့တည်း။ ကာယေန၊ ကာယဒ္ဝါရဖြင့်။ ဝန္ဒတိ၊ ရှိခိုး၏။ ဝစသာ၊ ဝစီဒ္ဝါရဖြင့်။ ဝန္ဒတိ၊ ရှိခိုး၏။ မနသာ၊ မနောဒ္ဝါဖြင့်။ ဝန္ဒတိ၊ ရှိခိုး၏။ ဣတိ၊ဤသို့။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ တတ္ထ၊ ထိုသုံးပါးကုန်သောရှိခိုးခြင်းတို့တွင်၊ ဝိညတ္တိံ၊ ကာယဝိညတ်၊ ဝစီဝိညတ်ကို။ အနုပ္ပါဒေတ္ဝာ၊ မဖြစ်စေမူ၍။ ကေဝလံ၊ သက်သက်။ ရတနတ္တယ ဂုဏာနုဿရဏာ ဝေသန၊ ရတနာသုံးပါးတို့၏ ဂုဏ်ကို၊ အဖန်တလဲလဲ အောက်မေ့သည်၏ အစွမ်းအားဖြင့်။ မနောဒ္ဝါရေ၊ မနောဒ္ဝါရ၌။ ဗဟူလ ပဝတ္တာ၊ များစွာဖြစ်သော။ ကုသလစေတနာ၊ ကုသိုလ်စေတနာသည်။ မနောဒ္ဝါရဝန္ဒနာ၊ မနောဒ္ဝါရဖြင့် ရှိခိုးခြင်းမည်၏။ ပန၊ မနောဒ္ဝါရဖြင့် ရှိခိုးသည်မှတပါး၊ ကာယဒ္ဝါရ ဝစီဒ္ဝါရဖြင့် ရှိခိုးသည်ကို ဆိုဦးအံ့။ တံတံ ဝိညတ္တိံ၊ ထိုထိုသို့သော ကာယဝိညတ် ဝစီဝိညတ်ကို။ ဥပ္ပါဒေတ္ဝာ၊ ဖြစ်စေ၍။ ပဝတ္တာ၊ ဖြစ်သော။ ကုသလစေတနာ၊ ကုသိုလ်စေတနာသည်။ ကာယဝစီဒ္ဝါရဝန္ဒနာ၊ ကာယဒ္ဝါရ၊ ဝစီဒ္ဝါရဖြင့် ရှိခိုးခြင်းမည်၏။

(၄) ကာယဝစီမနောဒ္ဝါရ ဝသေန၊ တိသော ဝန္ဒနာ၊ ယထာဟ၊ တိသော ဣမာ ဘိက္ခဝေ ဝန္ဒနာ ကာယေန ဝန္ဒတိ၊ ဝစသာ ဝန္ဒတိ၊ မနသာ ဝန္ဒတီတိ။ ။ (အဘိဓမ္မာဝတာရဋီကာ၊ ၁၁-ကြောင်းပေ။ ကီ-ချုပ်။)

ကာယ ဝစီ မနောဒ္ဝါရဝသေန၊ ကာယဒ္ဝါရ၊ ဝစီဒ္ဝါရ၊ မနောဒ္ဝါရတို့၏ အစွမ်းအားဖြင့်။ ဝန္ဒနာ၊ ရှိခိုးခြင်းတို့သည်။ တိသော၊ သုံးပါးတို့တည်း။ မယာ၊ ငါသည်။ ဝုတ္တဝစနဿ၊ ဆိုအပ်သောစကား၏။ သာမကံ၊ သက်သေဖြစ်သော။ ယထာကိံ ဝစနံ၊ အဘယ်ကဲ့သို့သော စကားကို။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အာဟ၊ ဟောတော်မူပါသနည်း။ တိသော ဣမာ ဘိက္ခဝေ ဝန္ဒနာ ကာယေန ဝန္ဒတိ၊ ဝစသာ ဝန္ဒတိ၊ မနသာဝန္ဒတိ ဟူ၍။ အာဟ၊ ဟောတော်မူ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဝန္ဒနာ၊ ရှိခိုးခြင်းတို့သည်။ ဣမာတိသော၊ ဤသုံးပါးတို့တည်း။ ကာယေန၊ ကာယဒ္ဝါရဖြင့်။ ဝန္ဒတိ၊ ရှိခိုး၏။ ဝစသာ၊ ဝစီဒ္ဝါရဖြင့်။ ဝန္ဒတိ၊ ရှိခိုး၏။ မနသာ၊ မနောဒ္ဝါရဖြင့်။ ဝန္ဒတိ၊ ရှိခိုး၏။

(၅) အာစရိယော သတ္ထု ဂုဏေသု ပဌမံ မနောဒ္ဝါရေန နိန္နော၊ ဒုတိယံ ကာယဒ္ဝါရေန၊ တတိယံ ဝစီဒ္ဝါရေနာတိ၊ ဧဝဥ္စကတ္ဝာ တတ္ထတတ္ထ တိဟိဒ္ဝါရေဟိ ဝန္ဒိတ္ဝာတိ အာဒိဝုတ္တံ။ (မဏိဒီပ-၁၁ ကြောင်းပေ၊ ကဲ-ချုပ်။)

ဟိ-တဒေဝသစ္ဆံ၊ ထိုစကားသည် မှန်၏။ အာစရိယော၊ အဋ္ဌကထာ ဆရာသည်။ သတ္ထု ဂုဏေသု၊ မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတို့၌။ ပဌမံ၊ ရှေးဦးစွာ။ မနောဒ္ဝါရေန၊ မနောဒ္ဝါရဖြင့်။ နိန္နော၊ ညွတ်တွားရိုက်၊ ရှိခိုးတော်မူ၏။ ဒုတိယံ၊ နှစ်ကြိမ်မြောက်။

ကာယဒ္ဒါရေန၊ ကာယဒ္ဒါရဖြင့်။ နိန္နော၊ ညွတ်တွားရိုကျိုး ရှိခိုးတော်မူ၏။ တတိယံ၊ သုံးကြိမ်မြောက်၊ ဝစီဒ္ဒါရေန၊ ဝစီဒ္ဒါရဖြင့်။ နိန္နော၊ ညွတ်တွားရိုကျိုး၊ ရှိခိုးတော်မူ၏။ ဣတိ၊ ဣသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ ဧဝဉ္စ ကတွာ၊ ဤသို့နှစ်ခိုက်၊ နှလုံးပိုက်၍။ တတ္ထတတ္ထ၊ ထိုထိုသို့သော၊ ပါဋိ-အဋ္ဌကထာ၊ ဋီကာအနု- မဟုလက်သန့်း ကျမ်းအစောင်စောင်တို့၌။ တိဟိဒ္ဒါရေဟိ၊ သုံးပါးကုန်သော ဒွါရတို့ဖြင့်။ ဝန္ဒိတွာ-ဝန္ဒာမိ၊ ရှိခိုးပါ၏။ ဣတိ အာဒိဝစနံ၊ ဤသို့အစရှိသော စကားကို။ ဝုတ္တံ၊ ဆိုအပ်၏။

(၆) ဝိပ္ပသန္နေန စေတသာ ဝန္ဒိတွာတိ၊ အရဟာဒိ အနေက ပကာရ ဂုဏ-ဝိသေသာနုဿရဏဝသေန၊ ဝိဝိဓဝိသေသေနဝါ၊ ပသန္နေန မနသာ သဒ္ဓိံ ကာယ ဝါစာဟိ ကရဏဘူတာဟိ အဘိဝန္ဒိတွာတ် အတ္ထော တိဟိဒ္ဒါရေဟိ နမသိတွာတိ ဝုတ္တံ ဟောတိ။ (ဝိနယတ္ထ မဉ္ဇူသာမည်သော၊ ကခ်ဳံဋီကာပါဋိ၊ ၁၂-ကြောင်းပေ၊ ကိ-ချပ်။)

ဝိပ္ပသန္နေန စေတသာ ဝန္ဒိတွာတိ၊ ဝိပ္ပသန္နေန စေတသာ ဝန္ဒိတွာ ဟူသည်ကား။ အရဟာဒိ အနေက ပကာရဂုဏဝိသေသာနုဿရဏဝသေန၊ အရဟံအစ မကတပါး များ စွာအပြားရှိကုန်သော ဂုဏ်တော်အထူးတို့ကို အဖန်တလဲလဲ အောက်မေ့သည်၏ အစွမ်းအား ဖြင့်။ ဝါ၊ တနည်းကား။ ဝိဝိဓ ဝိသေသေန၊ အထူးထူး အပြားပြားအားဖြင့်။ ပသန္နေန၊ ကြည်ညိုစွာသော။ မနသာ၊ စိတ်နှင့်။ သဒ္ဓိံ၊ တကွ။ ကရဏဘူတာဟိ၊ ကရိယာဖြစ်၍ ဖြစ် ကုန်သော။ ကာယ ဝါစာဟိ၊ ကာယဒ္ဒါရ၊ ဝစီဒ္ဒါရတို့ဖြင့်။ အဘိဝန္ဒိယ-အဘိဝန္ဒိတွာ၊ အထူးသဖြင့် ရိုသေမြတ်နိုး ရှိခိုးပါ၏။ ဣတိအယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။ တိဟိ ဒ္ဒါရေဟိ၊ သုံးပါးသော ဒ္ဒါရတို့ဖြင့်။ နမသိတွာ၊ ရှိခိုးပါ၏။ ဣတိ၊ ဤသို့။ ဝုတ္တံ-ဝုတ္တော၊ ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏။

(၇) ဧတ္ထ အဘိသဒ္ဒေါ၊ ဝိသေသတ္ထဝါစကော။ တေန ဘယ လာဘ ကုလာစာရာဒိဝိရဟေန သက္ကစ္စံအာဒရေန ကာယဝစီမနောဒ္ဒါရေဟိ ဝန္ဒိတွာ တျတ္ထော။ (အဘိမမ္မတ္ထသင်္ဂဟဒီပနီဋီကာ၊ ၁၁-ကြောင်းပေ၊ ကု-ချပ်။)

ဧတ္ထ၊ ဤအဘိဝါဒိယ ဟူသောပုဒ်၌။ အဘိသဒ္ဒေါ၊ အဘိသဒ္ဒါသည်။ ဝိသေသတ္ထ ဝါစကော၊ ဝိသေသအနက်ကို ဟော၏။ ဧတန၊ ထိုအဘိသဒ္ဒါဖြင့်။ ဘယလာဘကုလာစာရာ ဒိဝိရဟေန၊ ဘေးကိုကြောက်၍ ရှိခိုးခြင်း၊ လာဘ်ကိုလို၍ ရှိခိုးခြင်း၊ အမျိုး၏အလေ့အကျက် အားဖြင့် ရှိခိုးခြင်း စသည်တို့မှကြဉ်ဆ ဖြင့်။ သက္ကစ္စံ အာဒရေန၊ ရိုသေစွာ၊ ကာယ ဝစီ မနောဒ္ဒါရေဟိ၊ ကာယဒ္ဒါရ၊ ဝစီဒ္ဒါရ၊ မနောဒ္ဒါရတို့ဖြင့်။ ဝန္ဒိတွာ၊ ရှိခိုးပါ၏။ ဣတိ အယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။

(၈) နမသိတွာတိ၊ကာယဝစီမနောဒ္ဒါရေဟိ ဝန္ဒိတွာ။ (သမ္မန္တစန္ဒာဋီကာပါဋိ၊) ၁၁-ကြောင်းပေ၊ ကာ-ချပ်။

နမသိတွာတိ၊ နမသိတွာဟူသည်ကား။ ကာယ ဝစီ မနောဒ္ဒါရေဟိ။ ကာယဒ္ဒါရ၊ ဝစီဒ္ဒါရ၊ မနောဒ္ဒါရတို့ဖြင့်။ ဝန္ဒိတွာ ဝန္ဒာမိ၊ ရှိခိုးပါ၏။

(၉) ဗဒ္ဓါဒိဃန္တိတ္တယံ ဝန္ဒေ၊ ကာဝါမာတိ ဝိမာဒရုံ။ တဿေဝ အာနုဘာဝေန၊ သောတ္ထိ မေ ဟောတုသဗ္ဗဒါ။ (ဝစီသာရတ္ထသင်္ဂဟအဋ္ဌကထာပါဠိ။)

ဗဒ္ဓါဒိဃန္တိတ္တယံ၊ ဘုရားအစ၊ သံဃာအဆုံးရှိသော၊ ရတနာမြတ်သုံးပါးအပေါင်းကို၊ ကာဝါမာတိဝိဓာ၊ ကာယဒ္ဓါရ၊ ဝစီဒ္ဓါရ၊ မနောဒ္ဓါရတည်းဟူသော၊ သုံးပါးအပြားရှိသော ဒ္ဓါရတို့ဖြင့်။ အာဒရုံ၊ ရှိသေစွာ။ ဝန္ဒေ-ဝန္ဒာမိ၊ ရှိခိုးပါ၏။ တဿေဝ၊ ထိုရတနတ္တယပဏာမ၏ သာလျှင်။ အာနုဘာဝေန၊ အာနုဘော်ကြောင့်။ မေ-မမ၊ အကျွန်ုပ်အား။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ သောတ္ထိ၊ ချမ်းသာခြင်းသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

(၁၀) ကာဝါမာတိဝိဓာ၊ ကာယ ဝါစာ မနသင်္ခါတေဟိ တိဟိဒ္ဓါရေဟိ ဝန္ဒေဝန္ဒာမိ၊ ယင်းဋီကာပါဠိ။

ကာဝါမာတိဝိဓာ၊ ကာယဝါစာ မနသင်္ခါတေဟိ၊ ကာယ-ဝါစာ မနဟု ဆိုအင်ကုန်သော။ တိဟိဒ္ဓါရေဟိ၊ သုံးပါးသောဒ္ဓါရတို့ဖြင့်။ ဝန္ဒေ ဝန္ဒာမိ၊ ရှိခိုးပါ၏။

(၁၁) နမနံ နမော၊ တိဟိဒ္ဓါရေဟိ ပဏာမစေတနာ အတ္ထုတိ ပါဠိသေသော။ ပရိတ်ကြီးဋီကားပါဠိ၊ ဂန္ထာရံးပေ၊ တီ-ချပ်။

နမနံ၊ ရှိခိုးခြင်း။ နမော၊ ရှိခိုးခြင်း။ တိဟိဒ္ဓါရေဟိ၊ သုံးပါးကုန်သောဒ္ဓါရတို့ဖြင့်။ ပဏာမစေတနာ၊ ရှိခိုးခြင်း စေတနာကို။ လဗ္ဘတိ၊ ရအပ်၏။ အတ္ထုတိ၊ အတ္ထုဟူ၍။ ပါဠိသေသော၊ ပါဠိသေသကို။ ဝါ၊ ပုဒ်ကြွင်းကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။ ဝါ၊ ထည့်၍ယောဇနာအပ်၏။

(၁၂) နတ္ထာတိ တန်ဆိုးသဲ့ တဗ္ဗောဏာနံ တဗ္ဗဘ္ဘာရော ဟုတ္ထာ၊ ကာယ ဝစီမနောဒ္ဓါရေဟိ၊ ဝန္ဒိတ္ထာတိ အတ္ထော။ (မူလသိင်္ဂါဋီကာဟောင်း ၁၂-ကြောင်းပေ၊ က-ချပ်။)

နတ္ထာတိ၊ နတ္ထာ ဟူသည်ကား။ တန်ဆိုးသဲ့၊ ထိုရတနာသုံးပါးသို့ ညွတ်သည်။ တဗ္ဗောဏာနံ၊ ထိုရတနာသုံးပါးဌာ ကိုင်းသည်။ တဗ္ဗဘ္ဘာရော၊ ထိုရတနာသုံးပါးဌာ ရှိုင်းသည်။ ဟုတ္ထာ၊ ဖြစ်၍။ ကာယ ဝစီ မနောဒ္ဓါရေဟိ၊ ကာယဒ္ဓါရ၊ ဝစီဒ္ဓါရ၊ မနောဒ္ဓါရတို့ဖြင့်။ ဝန္ဒိတ္ထာ၊ ရှိခိုးပြီး၍။ ဣတိအယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။

(၁၃) တတ္ထ တိဏ္ဏလောကာနံ၊ နာထံ နာထဘူတာနံ၊ သမ္မာသမ္ဗုဒ္ဓံ၊ နတ္ထာ၊ ကာယ ဝစီ မနောဒ္ဓါရေဟိ ဝန္ဒိတ္ထာ။ မူလသိင်္ဂါဋီကာသစ်၊ ၁၂-ကြောင်းပေ၊ ကံ-ချပ်။

တတ္ထ တိသဒ္ဒံ ဂါထာယံ၊ ထိုဂါထာဌာ၌။ တိဏ္ဏလောကာနံ၊ ဖြဟ္မာနတ်လူ၊ သုံးဘုံသူတို့၏။ နာထံ နာထဘူတံ၊ ကိုးကွယ်ရာဖြစ်၍ ဖြစ်တော်မူထသော။ သမ္မာသမ္ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ ကာယ ဝစီ မနောဒ္ဓါရေဟိ၊ ကာယဒ္ဓါရ၊ ဝစီဒ္ဓါရ၊ မနောဒ္ဓါရတို့ဖြင့်။ နတ္ထာ ဝန္ဒိတ္ထာ၊ ရှိခိုးပ၏။

(၁၄) နတ္ဒာတိ တီဟိဒ္ဒါရေဟိ နမသိတ္ဒာ၊ တိသော ဣမာ ဘိက္ခဝေ ဝဏ္ဏနာ၊ ကာယေန ဝန္ဒတိ၊ ဝစသာ ဝန္ဒတိ၊ မနသာ ဝန္ဒတီတိ ဟိ ဝုတ္တံ။ ။(ဝစ္ဓဝါစက ဋီကာပါဠိ၊ ၁၁ ကြောင်းပေ၊ ကာချပ်။)

နတ္ဒာတိ၊ နတ္ဒာဟူသည်ကား။ တီဟိဒ္ဓါရေဟိ၊ သုံးပါးကုန်သော ဒ္ဓါရတို့ဖြင့်။ နမသိတ္ဒာ၊ ရှိခိုးပါ၏။ ဟိ၊ မိမိစကားကို ဘုရားစကားဖြင့် ထင်ရှားပြဦးအံ့။ ဘိက္ခဝေ၊ ရဟန်းတို့။ ဝန္ဒနာ၊ ရှိခိုးခြင်းသည်။ ဣမာတိသော၊ ဤသုံးပါးတို့တည်း။ ကာယေန၊ ကာယဒ္ဒါရဖြင့်။ ဝန္ဒတိ၊ ရှိခိုး၏။ ဝစသာ၊ ဝစီဒ္ဒါရဖြင့်။ ဝန္ဒတိ၊ ရှိခိုး၏။ မနသာ၊ မနောဒ္ဒါရဖြင့်။ ဝန္ဒတိ၊ ရှိခိုး၏။ ဣတိ၊ ဤသို့။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

(၁၅) အဘိဝါဒိယာတိ၊ ဝိသေသတော ဝန္ဒိတ္ဒာ၊ ဘယလာဘာဒီ ဝိရဟေန၊ ရတနတ္တယ ဂုဏာနုဿရဏေန၊ တိဟိ ကာယ ဝစီ မနောဒ္ဒါရေဟိ ဝန္ဒိတ္ဒာ အတ္ထော၊ တိသော ဣမာ ဘိက္ခဝေ ဝန္ဒနာ ကာယေန ဝန္ဒတိ၊ ဝစသာ ဝန္ဒတိ၊ မနသာ ဝန္ဒတီတိ ဝုတ္တံ။

မန္တလေး ရတနာပုံနေပြည်တော်ကြီးကို အစိုးရတော်မူသော ဆဒ္ဒန်ဆင်ဖြူမျိုးရှင် လွတ်နက်စကြာသခင် ပဉ္စမသင်္ဃာယနာတင် ဘုရင်မင်းတရားကြီးလက်ထက် သုတ္တန်-ဝိနည်း-အဘိဓမ္မာ၊ ဒေသနာတော်အဆက်ဆက်ကို မပျက်စီးရအောင် ကြံဆောင်သည့်အခွက် ၎ကျောက်ထက်အကွာရာ ကောင်းစွာတင်ကြမည့်အခါ မျိုးစွာသောကျမ်းဂန် အတန်တန်တို့ကို မှန်စွာကြီးကြပ်၍ အထပ်ထပ်ပြင်ဆင်တော်မူသော မဟာမြတ်မုနိဘုရားကြီးအရှေ့ နန်းတော်ကြီးတောင် ဒက္ခိဏာရာမတိုက်တော်ကြီး၌ ယာပိုထ်လေးလီ မျည်သီတင်းသုံးနေတော်မူသော (ဇာဂရာဘိကဝိဓဇတိပိဋ္ဌကာလင်္ကာရ ဓမ္မရာဇာဓိရာဇဂုရု)တံဆိပ်နာမံတော်ရသော ဘုရားကြီးဆရာတော်ဘုရားသည် ရေးသား စီရင်တော် မူအပ်သော သဒ္ဒဋ္ဌိကာကျမ်း ၁၁-ကြောင်း ပေ၊ ကိ-ချပ်။

အဘိဝါဒိယာတိ၊ အဘိဝါဒိယဟူသည်ကား။ ဝိသေသတော၊ အထူးအားဖြင့်။ ဝန္ဒိတ္ဒာ၊ ရှိခိုးပါ၏။ ဘယလာဘာဒီ ဝိရဟေန၊ ဘေးကိုကြောက်၍ရှိခိုးခြင်း၊ လာဘ်ကိုလိုလို၍ ရှိခိုးခြင်း စသည်မှ ကြဉ်သဖြင့်။ ရတနတ္တယ ဂုဏာနုဿရဏဝသေန၊ ရတနာသုံးပါးတို့၏ ဂုဏ်ကို အဖန်တလဲလဲ အောက်မေ့သည်၏ အစွမ်းအားဖြင့်။ တိဟိ၊ သုံးပါးကုန်သော။ ကာယ ဝစီ မနောဒ္ဒါရေဟိ၊ ကာယဒ္ဒါရ၊ ဝစီဒ္ဒါရ၊ မနောဒ္ဒါရတို့ဖြင့်။ ဝန္ဒိတ္ဒာ-ဝန္ဒာမိ၊ ရှိခိုးပါ၏။ ဣတိအယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။ ဟိ၊ မိမိစကားကို ဘုရားစကားဖြင့် ထင်ရှားပြဦးအံ့။ ဘိက္ခဝေ၊ ရဟန်းတို့။ ဝန္ဒနာ၊ ရှိခိုးခြင်းတို့သည်။ ဣမာတိသော၊ ဤသုံးပါးတို့တည်း။ ကာယေန၊ ကာယဒ္ဒါရဖြင့်။ ဝန္ဒကိ၊ ရှိခိုး၏။ ဝစသာ၊ ဝစီဒ္ဒါရဖြင့်။ ဝန္ဒတိ၊ ရှိခိုး၏။ မနသာ၊ မနောဒ္ဒါရဖြင့်။ ဝန္ဒတိ၊ ရှိခိုး၏။ ဣတိ၊ ဤသို့။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

ဤသို့ ပါဠို-အဋ္ဌကထာ-ဋီကာ-အနု-မဟာ-လက်သန်း၊ ကျမ်းအစောင်စောင်တို့၌ ဒ္ဓါရသုံးပါး ကရိဏ်းထား၍ ရှိခိုးသင့်ကြောင်းကို တိုက်ရိုက် နိဒတ္ထ၊ ညွှန်ပြအပ်သောအရာ

ထင်ရှားပါသည်ကို ကောင်းစွာမမှတ်ထား အမှားကို အမှန်ကြံ၊ ကံကို ကရိဏ်းထား၊ ဝဲညတ်ကို အရကြားသဖြင့် ရေးသားလိုက်သည်မျှားကို မိုက်သူတို့ အယူမှား၍ ဒုဂ္ဂါရကိုပယ်ရှား၏။ ကံကိုပင် ကရိဏ်းထားက လားရမည့်အပါယ်ဘေးကို ထောက်တွေးစာနာ၍ သနားစရာဖြစ်ပေသည်။ အဘယ့်ကြောင့်နည်းဟူမူ ဒုဂ္ဂါရကို ကရိဏ်းသုံးပါးထား၍ ရှိခိုးခြင်းစသော ကုသိုလ်တရားတို့ကို မပြုသောကြောင့်တည်း။ ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ ၁၃ ကြောင်းပေ၊ ငံ-ချပ်၌။

အထ ခေါ် တီသု ဒုဂ္ဂါရေသု ကေနာပိ ကတဿ ကလျာဏမမ္မဿ အဘာဝေါ၊ ဣဒါနိ အပါယေသု အနုပ္ပကံ ဒုက္ခံ၊ ဒေါမနဿံ ပဋိစ္စဒီဿတီတိ'' ဟု မိန့်အပ်လေပြီ။

အထ ခေါ်၊ စင်စစ်သော်ကား။ တီသုဒုဂ္ဂါရေသု၊ သုံးပါးကုန်သော ဒုဂ္ဂါရတို့တွင်။ ဒကေနာပိ၊ တခုသောဒုဂ္ဂါရဖြင့်လည်း။ ကတဿ၊ ပြုအပ်သော။ ကလျာဏမမ္မဿ၊ ရှိခိုးခြင်းစသော ကောင်းမှုကံ၏။ အဘာဝေါ၊ မရှိခြင်းကြောင့်။ ဣဒါနိ၊ ယခုအခါ၌။ အပါယေသု၊ မကောင်းသူတို့လားရာ စံရာ လေးဖြာသောအပါယ်တို့၌။ အနုပ္ပကံ၊ အနည်းငယ်မဟုတ်သော။ ဝံ၊ များစွာသော။ ဒုက္ခံ၊ သံပူမြေ၌ အိပ်စေပြီးလျက် မယ်နှ (စို့) နှက်၍ လေးဖက်ချစ်ထွေ ရွေသည်မက လွှ-ပုဆိန်ခဲ့ ကိုယ်ဆင်းရဲကိုလည်းကောင်း။ ဒေါမနဿံ၊ ဆွေမျိုးမနီးဟာကိုယ်တည်းသာ ကိုးရာမရ စေတသိကဒုက္ခကိုလည်းကောင်း။ ပဋိသံဝေဒိဿတိ၊ ခံစားရလတ္တံ့။ ဣတိ၊ ဤသို့။ ကရဏာယိတပ္ပေါ၊ သနားအပ်၏။

အဓိပ္ပာယ်ကား။ ။ဝိသုဒ္ဓိမဂ်အဋ္ဌကထာ အရှင်ဗုဒ္ဓဃောသဆရာသည် "တီသု ဒုဂ္ဂါရေသု ကေနာပိ" ဟူသောပါဠိဖြင့် အကြင်သူသည် ကာယဒုဂ္ဂါရ၊ ဝစီဒုဂ္ဂါရ၊ မနောဒုဂ္ဂါရ-ဟု ဆိုအပ်ကုန်သော သုံးပါးကုန်သော ဒုဂ္ဂါရတို့တွင် တပါးပါးသော ဒုဂ္ဂါရဖြင့် ရှိခိုးခြင်းစသော ကောင်းမှုကို မပြု၊ ထိုသူသည် စင်စစ် အပါယ်သို့သွား၍ ခံစားရလတ္တံ့ဟု အပါယ်ဆင်းရဲကိုရှု၍ ကရဏာတရားဖြင့် သနားအပ်၏ဟု သေသေချာချာ ကောင်းစွာ ဖွင့်ပြတော်မူအပ်၏။

ယင်းသို့ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၊ အရှင်ဗုဒ္ဓဃောသ ဆရာများပင် သတ္တဝါများကို ကရုဏာရှေသွားဖြင့် ဒုဂ္ဂါရကို ကရိဏ်းယား၍ ထင်ရှားစွာဖွင့်ပြပါလျက် အဋ္ဌကထာကို မငဲ့ကွက်သကဲ့ဖြင့်ရေး ခြေဖြင့်ဖျက် ရက်စက်လွန်းအားကြီး ဘုရားကိုဆဲရေး သာသနာကို ဖျက်ဆီးသဖြင့် အပါယ်လေးပါးနှင့် နီးသည်ကို အားကြီးစွာ ကြောက်သင့်လှသည်။

ထို့ကြောင့် အင်္ဂုတ္တရပါဠိတော် ၁၀-ကြောင်းပေ၊ ခံ-ချပ်၌။ (ဗာလဝဂ်၊ စာမျက်နှာ-၆၁-ဆဋ္ဌမ)

ဒွေမေဘိက္ခဝေ တထာဂတံ အစ္ဆာစိကန္တိ၊ ကတမေဒွေ၊ ယောစ အဘာသိတံ အလပိတံ တထာဂတေန၊ ဘာသိတံ လပိတံ တထာဂတေနာတိ ဒီပေတိ။ ယောစ ဘာသိတံ လပိတံ တထာဂတေန၊ အဘာသိတံ အလပိတံ တထာဂတေနာတိ ဒီပေတို့၊ ဣမာခေါ ဘိက္ခဝေ ဒွေတထာဂတံ အစ္ဆာစိကန္တိ-ဟု မိန့်တော်မူအပ်ပြီ။

ဘိက္ခဝေ၊ ရဟန်းတို့။ ဒ္ဒေ၊ နှစ်ယောက်ကုန်သော။ ဣမေ၊ ဤသူတို့သည်။ တထာဂတံ၊ ငါဘုရားကို။ အဗ္ဘာစိက္ခန္တိ၊ စွပ်စွဲ-ဆဲရေးကုန်၏။ ဒ္ဒေ၊ နှစ်ယောက်ကုန်သော သူတို့သည်။ ကတမေ၊ အဘဲယ်သည်တို့နည်း ဟူမူကား။ ယော စ၊ အကြင်သူသည်လည်း။ အဘာသိတံ၊ ဟောတော်မမူအပ်ပဲ။ အလပိတံ၊ မိန့်တော်မမူအပ်ပဲ။ တထာဂတော်၊ ငါဘုရားသည်။ ဘာသိတံ၊ ဟောတော်မူအပ်၏။ လပိတံ၊ မိန့်တော်မူအပ်၏။ ဣတိ၊ ဤသို့။ ဒီပေတိ၊ ဟောပြ၏။ ယော စ၊ အကြင်သူသည်လည်း။ တထာဂတော်၊ ငါဘုရားသည်။ ဘာသိတံ၊ ဟောတော်မူအပ်သည်ကို။ လပိတံ၊ မိန့်တော်မူအပ်သည်ကို။ တထာဂတော်၊ ငါဘုရားသည်။ အဘာသိတံ၊ မဟောအပ်။ အလပိတံ၊ မိန့်တော်မမူအပ်။ ဣတိ၊ ဤသို့။ ဒီပေတိ၊ ဟော်ပြ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဒ္ဒေ၊ နှစ်ယောက်ကုန်သော။ ဣမေ၊ ဤသူတို့ဆိုသည်။ တထာဂတံ၊ ငါဘုရားကို။ အဗ္ဘာစိက္ခန္တိ၊ စွပ်စွဲ ဆဲရေးကုန်၏။

အဓိပ္ပာယ်ကား။ ။ရတနာသုံးပါးတို့အား ကံဖြင့်ရှိခိုးသောအရာ ဘုရားဟောပါ၌၊ အဋ္ဌကထာ၊ ဋီကာတို့၌ အဆိုအလာမရှိပဲလျက် ဘုရားဟောပါ၌ အဋ္ဌကထာ ဋီကာတို့၌ လာလေဟန် ''စေတယိတ္ဝာ ကမ္မံ ကရောတိ'' ဟူသော ပါဠိ၌ ဒုတိယ ယောဇနာနည်းကိုပြသော မူလဋီကာပါဠိဖြင့် ဝိညတ်၏ ထမ္ဘန-စလန-ဃဋ္ဋနဟုဆိုအပ်သော စောပနကိရိယာ အမူအရာကို ဟောသော ကမ္မသဒ္ဒါကို လိုရာသို့ဆွဲ ကံပဲဟု အတင်းဆို ဆိတ်ဖို ဆိတ်မကို ဒဗ္ဗမေတ္တိယ ဘုမ္မဇကအမည်ပေး ဝန်လေးစရာ နှလုံးသွင်း မလွှာမင်း၏ သားရင်းပုတ္တ ရှင်ဒဗ္ဗကိုပင် မေထုနသံဝါသဖြင့် စွပ်စွဲကြကုန်သော မေတ္တိယဘုမ္မဇက ရဟန်းတို့ကဲ့သို့ ကျေးဇူးတရားကို မထောက်ထား ဘုရားကို စွပ်စွဲရေးသားသည် အတန်တန် ဓမ္မကွန်ကို ဖျက်ဆီးသဖြင့် အပါယ်ခရီးသို့ ကြွသွားမည်ပုဂ္ဂိုလ်ဟု မှတ်။

ကမ္မဝိနိစ္ဆယ နံပါတ်-၃၊ စာကြောင်းရေ-၁၄ ၌၊ **ကာယကမ္မသဒ္ဒါကို** ကာယကံ၊ ဝစီကမ္မ သဒ္ဒါကို ဝစီကံ၊ မနောကမ္မ သဒ္ဒါကို မနောကံဟု၊ မြန်မာဘာသာအားဖြင့် ဆို၍ ကရိဏ်းထားသင့်ကြောင်း၊ ယင်းကံသုံးပါးတို့၏ အာရုံကိုလည်း ဝိညတ် ကုသိုလ်စိတ်ကို ကောက်ယူရမည်ဟု ''သဗ္ဗကာယကမ္မံ ဗုဒ္ဓဿ ဘဂဝတော'' အစရှိသော ပါဠိတော်များကို ကိုးကား၍ ဆိုသည်မှာ၊ ယင်းပါဠိတော်ပါ၌သည် ရတနာမြတ်သုံးပါးတို့အား ကံဖြင့် ရှိခိုးပါ၏ဟူ၍ လည်းကောင်း၊ ကံဖြင့် ရှိခိုးရမည်ဟူ၍လည်းကောင်း၊ ဟောပြတော်မူအပ်သော ပါဠိမဟုတ်၊ နတ္ထိ ကာယဒုစ္စရိတံ အစရှိသော ၁၀-ပါးကုန်သော မြတ်စွာဘုရား၏ ဂုဏ်တော် ကျေးဇူးတော်တို့ကိုသာ ပြဆိုအပ်သော ပါဠိဖြစ်သည်။ ယင်းပါဠိ၌ ကာယကမ္မသဒ္ဒါ၊ ဝစီကမ္မသဒ္ဒါ၊ မနောကမ္မသဒ္ဒါတို့ကို ယခုရှိခိုးကြသည်အတိုင်း ကာယကံ၊ ဝစီကံ၊ မနောကံဟု မြန်မာဘာသာ အနက် ယောဇနာခြင်းကို မပြုအပ်၊ ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ်အမူအရာဟု မြန်မာ ဘာသာအနက် ယောဇနာအပ်၏။ ထို့ကြောင့် အဘိဓမ္မတ္ထ ဝိဘာဝိနီဋီကာပါဠိ၌၊

ဟသိတုပ္ပါဒ စိတ္တေန ပန၊ ပဝတ္တိယမာနမ္ပိ၊ တေသံ သိတကရဏံ၊ ပုဗ္ဗနိဝါသ အနုဝဂံသ သဗ္ဗညုတညာဏာနံ အနုဝတ္တကတ္တာ ဉာဏာနုပရိဝတ္တိယေဂါတိ၊ ဧဝဉ္စကတ္ဝာ အဋ္ဌကထာယံ တေသံ ဉာဏာနံ စိဏ္ဏပရိယန္တေ ဣဒံ စိတ္တံ ဥပ္ပဇ္ဇတီတိ ဝုတ္တံ၊ တသ္မာ နတ္ထိ ဗုဒ္ဓါနံ ပဝတ္တိ သက္ကာ နိဝါရေတုံ ဟု မိန့်အပ်ပြီ။

ဟသိတုပ္ပါဒစိတ္တေန၊ ဟသိတုပ္ပါဒ်စိတ်သည်။ ပဝတ္တိယ မာနမ္ပိ၊ ဖြစ်စေအပ်သော်လည်း။ တေသံ၊ ထိုဘုရားရှင်တို့၏။ သိတကရဏံ၊ ပြုံးခြင်းကိုပြုတော်မူခြင်းသည်။ ပုဗ္ဗေနိဝါသ အနာဂတံသ သမ္မညုတဉာဏာနံ၊ ပုဗ္ဗေနိဝါသဉာဏ်၊ အနာဂတံသဉာဏ်၊ သမ္မညုတဉာဏ် တို့သို့။ ဝါ၊ ဉာဏ်တို့၏။ အနုဝတ္တကတ္တာ၊ အစဉ်တစိုက်လိုက်တတ်သည်၏ အဖြစ်ကြောင့်။ ဉာဏာနုပရိဝတ္တိယေဝ၊ ဉာဏ်တော်သို့ အစဉ်လိုက်သည်သာလျှင်တည်း။ ဣတိတသ္မာ၊ ထို့ကြောင့်။ နိဝါရေတုံ၊ တားမြစ်ခြင်းငှာ။ နသက္ကာ၊ မတတ်ကောင်း။ ဝေဠုကတ္တာ၊ ဤသို့သော အကြောင်းကြောင့်။ အဋ္ဌကထာယံ၊ အဋ္ဌသာလိနီ အဋ္ဌကထာ၌-

> တေသံ ဉာဏာနံ စိဏ္ဏပရိယန္တေ ဣဒံ စိတ္တံ ဥပ္ပဇ္ဇတီတိ၊ တေသံ ဉာဏာနံ စိဏ္ဏပရိယန္တေ ဣဒံ စိတ္တံ ဥပ္ပဇ္ဇတိ" ဟူ၍။ ဝုတ္တံ၊ မိန့်ဆိုအပ်၏။

တေသံ ဉာဏာနံ၊ ထိုဉာဏ်တို့၏။ စိဏ္ဏပရိယန္တေ၊ လေ့ကျင့်သည်၏ အဆုံး၌။ ဣဒံ၊ စိတ္တံ၊ ဤစိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ တသ္မာ၊ ထိုဟသိတုပ္ပါဒ်စိတ်၏။ ဗုဒ္ဓါနံ၊ မြတ်စွာဘုရားရှင်တို့အား။ ပဝတ္တိ၊ ဖြစ်ခြင်းကို။ နိဝါရေတုံ၊ တားမြစ်ခြင်းငှာ။ နသက္ကာ၊ မတတ်ကောင်း။

ပုဗ္ဗေနိဝါသ,အနာဂတံသ, သမ္မညုတဉာဏာနံ ကို ပဌမယောဇနာနည်း၌၊ ကံအနက်၌-ဆဋ္ဌီ--ဝိဘတ်။ ဒုတိယယောဇနာနည်း၌။ သမ္ဗန်အနက်၌-ဆဋ္ဌီ ပိဘတ်ဟု-မှတ်။ ထို့ကြောင့်၊ မဏိသာရမဉ္ဇူ၌ ဥပယောဂတ္ထေ သာမိဝစနံ သမ္ဗန္ဓတ္ထေဝါဟု မိန့်အပ်ပြီ။

အဘိဓမ္မတ္ထ ဝိဘာဝိနီဋီကာပါဌ်၌ အဓိပ္ပာယ်ကား။ ပုဗ္ဗေနိဝါသ, အနာဂတံသ, သမ္မညုတဉာဏာနံ ဟူသောပါဌ်ဖြင့် ဉာဏာနုပရိဝတ္တ ဟူသောပုဒ်၌ ဉာဏ-ဟူသော ပုဒ်၏ ဝစ္စတ္ထဟူသော ပုဒ်ကိုလည်း အနုပရိဝတ္တိဟူသော နောက်ပုဒ်နှင့် ဉာဏာနံ အနုပရိဝတ္တိ ဉာဏာနုပရိဝတ္တိ-ဟု ဆဋ္ဌီတပ္ပုရိသ် သမာသ် ဝစနတ်ပြုစေလိုသည်။ အနုဝတ္တကတ္တာ ဟူသောပုဒ်၌ကတ္တား ကို သိတ ကရဏံဟု-ထည့်တော်မူခြင်းကြောင့်။ ဤအရာ၌ ကာယကမ္မံ ဟူသော ပုဒ်၏အရကို ပဝတ္တိယမာနမ္ပိ-အရ၊ သိတကရဏဖြစ်သော ကိုယ်တော်မြတ်၏ ပြုံးတော်မူသော ကိုယ်အမူအရာ ကို ယူအပ်၏ဟု ဖွင့်ပြဘော်မူသောကြောင့်၊ ကာယကမ္မံ-ဟူသောပုဒ်ကို၊ ကာယကံဟု မြန်မာ ဘာသာအနက် မယောဇနာအပ်။ ကိုယ်အမူအရာ ဟူ၍သာ မြန်မာဘာသာအနက် ယောဇနာ အပ်၏။ ထို့ကြောင့်ပင် မဏိမဉ္ဇူပါဌ်၌-

> တသ္မာ ဟိ ဗုဒ္ဓါနံ သိတကရဏဿ၊ ယထာ ဝုတ္တ ဉာဏာနုဝတ္တကတ္တာ၊ ဉာဏာနုပရိဝတ္တိဘာဝတော ဧဝ၊ န တဿ ဟသိတုပ္ပါဒစိတ္တာ နိဝါရေတုန္တိ-ဟု မိန့်အပ်၏။

တသ္မာတိ၊ တသ္မာဟူသည်ကား။ ဗုဒ္ဓါနံ၊ ဘုရားရှင်တို့၏။ သိတကရဏဿ၊ ပြုံးတော်မူခြင်း၏။ ယထာဝုတ္တ ဉာဏာနုဝတ္တကတ္တာ၊ ဉာဏာနုပရိဝတ္တိဘာဝတော ဧဝ၊ အကြင်ကြောင့် ဆိုအပ်ပြီးသော ပုဗ္ဗေနိဝါသဉာဏ်၊ အနာဂတံသဉာဏ်၊ သမ္ဗညုတဉာဏ်တို့သို့ အစဉ်လိုက်သည်၏ အဖြစ်ကြောင့်သာလျှင်။ တဿ ဟသိတုပ္ပါဒ စိတ္တဿ၊ ထိုဟသိတုပ္ပါဒ်စိတ်၏။ ဗုဒ္ဓါနံ၊ ဘုရားရှင်တို့အား။ ပဝတ္တိ၊ ဖြစ်ခြင်းကို။ နိဝါရေတုံ၊ တားမြစ်ခြင်းငှာ၊ နသက္ကာ၊ မတတ်ကောင်း။ ဤကား-အနက်။

ဤပါဠိဖြင့် ကာယကမ္မ-ဟူသောပုဒ်ကို ကာယကံ-ဟု မယောဇနာအပ်၊ ပြုံးတော်မူခြင်းစသော ကိုယ်အမူအရာဟူ၍သာ အနက်ရေးသင့်ကြောင်းကို ပြသည်။ ယင်းသို့ ကာယကမ္မံ ဝစီကမ္မံ မနောကမ္မံ ဟူသော ပုဒ်တို့ကို ကာယကံ၊ ဝစီကံ၊ မနောကံ-မမှတ်အပ်ဟု အာဘိဓမ္မတ္ထ ဝိဘာဝိနီဋီကာ၊ မဏိမဉ္ဇူ။ ဆရာတို့ပင် အသေအချာဖွင့်ပြအပ်ပါလျက်၊ ကာယကံ၊ ဝစီကံ၊ `မနောကံတို့ဖြင့် ရှိခိုးပါ၏ဟူသောအရာ၊ ကာယကံ၊ ဝစီကံ၊ မနောကံ ဟူသော မြန်မာဘာသာနှင့် တူလေဟန်၊ ကျမ်းဂန်စကားကို ခြားနားစေ့ငုံ မရှုမကြည့်၊ သတိမဆောင်၊ သူများယောင်၍-ယောင်ရသည်၊ အမောင်တောင်မှန်း မြောက်မှန်းမသိ ဆိုသကဲ့သို့ ဖြစ်ပေသည်။

နံပါတ်-၄၊ စာကြောင်းရေ-၁၁၌၊ ဤအာဝေဏိက ဂုဏ်တော်ပါဌ်၌ ကာယကံ ဟူသော ပါဌ်ဖြင့် ကာယဝိညတ်ကို ပြသည်။ ဝစီကမ္မံ-ဟူသောပါဌ်ဖြင့် ဝစီဝိညတ်ကို ပြသည်။ မနောကမ္မံဟူသောပါဌ်ဖြင့် စိတ်ကို ပြသည်။ စောနာကို မပြဟုအဓိပ္ပာယ်ရေးလိုက်သည်မှာ ကံဖြင့် ရှိခိုးပါ၏ဟု ရွတ်ဆိုမိရှာကြသဖြင့် ပါဠိသာဓကကို ပြသောအခါ မိမိတို့ ကိုးကား၍ပြသောပါဌ်၌ မြန်မာဘာသာလည်းကံမဟုတ်၊ အရကောက်လည်း ကံမဟုတ်သည့်အတွက်ကြောင့် ချဉ်ပေါင်ရွက်ခူးမိသော ရဟန်းကို ပရမ်းပတာ ပြစ်တင်ရာတွင် ဘူတဂါမ ပါတဗျတာယ ပါစိတ္တိယံ ဟု ကောင်းသောကျမ်းဂန်ကိုပင် ထပ်မံ၍ရွတ်ဆိုမိမှားသကဲ့သို့၊ မှားရာကို အစစ်ခံသဖြင့်၊ ကျမ်းဂန် ထပ်၍ မတိုးသင့်ပြီ။

နံပါတ်-၆၊ စာကြောင်းရေ-၂၇ ၌၊ တိက္ခပညာ ပုဂ္ဂိုလ်တို့အကျိုးငှာ ဒွါရဖြင့် ပဏာမကို မပြုမူ၍ ကံဖြင့်သာ ပဏာမကို ပြုကြသည်ဟု ရေးသားလိုက်သည်မှာ မည်သည့်တိက္ခပုဂ္ဂိုလ်များသည် ကံသုံးပါးကို ကရိဏ်းထား၍ ရှိခိုးခြင်းပဏာမကိုပြုသည်။ မည်သည့်မန္ဒပုဂ္ဂိုလ်များသည် ဒွါရသုံးပါးကို ကရိဏ်းထား၍ ရှိခိုးကြသည်ဟု အသေအချာ ကျမ်းဂန်မကိုးကားစကားပြင် ရေးသားလိုက်သည်များကို အနှစ်သာရအားဖြင့် မမှတ်အပ်။ အဘယ့်ကြောင့်နည်း ဟူမူ တိက္ခပုဂ္ဂိုလ် မန္ဒပုဂ္ဂိုလ်ဖြစ်ကြကုန်သော အလုံးစုံသော ပုဂ္ဂိုလ်တို့သည် ဒွါရသုံးပါးကို ကရိဏ်းထား၍ ရှိခိုးခြင်းစသော ကုသိုလ်တရား၊ ပါဏာတိပါတအစ ရှိကုန်သောအကုသိုလ်တရားတို့ အားထုတ်သင့်ကြောင်းကို ဝိဘင်းအဋ္ဌကထာ ပဋိစ္စသမုပ္ပါဒ်အဖွင့် ၁၁-ကြောင်းပေ၊ ဃိ-ချပ်ကျောဘက်၌။

ကတိဘဂဝါ အပရိမာဏေသု စက္ကဝါဠေသုအပရိမာနာ သတ္တာကုသလာကုသလံ
ကမ္မံ အာယူဟနမာနာ ကုမေဟိ တီဟိဒွါရေဟိ အာယူဟန္တိတိ အာယူဟန ကမ္မဒွါရံ
ဒဿေတိဟု မိန့်အပ်ပြီ။

အနက်ကား။ ။ကတိ၊ ဤသို့။ ဘဂဝါ၊ မြတ်စွာဘုရားသခင်သည်။ အပရိမာဏေသု၊ အတိုင်းအရှည်မရှိကုန်သော။ စက္ကဝါဠေသု၊ စကြဝဠာတိုက်တို့၌။ အပရိမာဏာ၊ အတိုင်းအရှည်မရှိကုန်သော။သတ္တာ၊ သတ္တဝါဟူသမျှတို့သည်။ ကုသလာကုသလံ၊ ကုသိုလ် အကုသိုလ်ဟု ဆိုအပ်သော။ ကမ္မံ။ ကံကို။ အာယူဟနမာနာ၊ အားထုတ်ကုန်ကြသည် ရှိသော်။ ကုမေဟိ တီဟိဒွါရေဟိ၊ ဤသုံးပါးသောဒွါရတို့ဖြင့်။ အာယူဟန္တိ၊ အားထုတ်ကြကုန်၏။ ကတိ၊ ဤသို့။ အာယူဟနကမ္မဒွါရံ၊ အားထုတ်အပ်သော ကံဖြစ်ခြင်း၏အကြောင်းဖြစ်သော ဒွါရကို၊ ဒဿေတိ၊ ပြတော်မူ၏။

အဓိပ္ပာယ်ကား။ ။ဣတိ ဘဂဝါ အဲပရိမာနေသု ဧကဂဝါဠေသု ဟူသောပါဠ်ဖြင့် ဤရွေ့-ဤမျှ ဟူ၍၊ ရေတွက်ပိုင်းခြားခြင်းငှာ မဇ္ဈိမနိကာယ သတ္တဂဝါတို့၏ တည်ရာဌာန စကြဝဠာအနန္တကို ပြတော်မူ၏။ အဲပရိမာဝသာနတ္တာ ဟူသော ပါဠ်ဖြင့် ထိုထိုသို့သော စကြဝဠာအနန္တ၌ ဖြစ်ကုန်သော အတိုင်းအရှည်မရှိသော သတ္တဂဝါ အနန္တကို ပြတော်မူ၏။ ကုသလာ ကုသလံ ကမ္မံ-ဟူသောပါဠ်ဖြင့် ကုသိုလ်ကံ အကုသိုလ်ကံ နှစ်ပါးကို ပြတော်မူ၏။ အာယုဟနမာနာ တီဟိဒ္ဒါရေဟိ အာယုဟန္တီ ဟူသောပါဠ်ဖြင့် ရှိခိုးခြင်းစသော ကုသိုလ်ကံ ပါဏာတိပါတ အစရှိသော အကုသိုလ်ကံကို အားထုတ်သည်ရှိသော် ကာယဒ္ဒါရ၊ ဝစီဒ္ဒါရ၊ မနောဒ္ဒါရဟု ဆိုအပ်ကုန်သော သုံးပါးသော ဒ္ဒါရတို့ဖြင့် ကန့်ထောက်ထား၍ ပြုသင့်ကြောင်းကို ပြတော်မူသည်။ တိက္ခပုဂ္ဂိုလ်ဖြစ်မူ ကံဖြင့်ရှိခိုးရမည်၊ မန္ဒပုဂ္ဂိုလ်ဖြစ်မူ ဒ္ဒါရဖြင့် ရှိခိုးရမည်ဟု ကျမ်းဂန်အဆိုအလာ မရှိရကား တိက္ခပုဂ္ဂိုလ်ဖြစ်က ဂ်ဖြင့် ရှိခိုးရမည် ဟူသောစကားကို အမှားဟု မှတ်အပ်၏။

နံပါတ်-၇၊ စာကြောင်းရေ-၃၌၊ ပေးတိဟု ဆ၍ သိအပ်၏။ အားချုတ်ကြွယာပုဒ်ကို ငဲ့လေသောကြောင့် ကတ္တားဖြစ်ခြေသည်။ နတ္ထာ နမားမိ၊ ကရောတိ ဒေတိစသော ကြိယာပုဒ်ကို ငဲ့သည်ရှိသော် ကာယကမ္မေန၊ ဝစီကမ္မေန၊ မနောကမ္မေန၊ နတ္ထာနမားမိစသည်ဖြင့် ကရိဏ်းဖြစ်သင့်၏ဟု ပါဠိ-အဋ္ဌကထာ၊ ဋီကာကို မကိုးကား စကားပြင်ဖြင့် ရေးသားလိုက်သည်မှာ ကျမ်းဂန်၌ လာရှိသည်ကို လာရှိဟုသည့်အတိုင်း မမှတ်သား၊ ဦးဧပါးကို ပုံသို့ပြောင်း၊ ပုံစပါးကို ဦးသို့ပြောင်း၊ ကပြောင်းကပြန် ကျမ်းဂန်နည်းမဟုတ်ပဲ၊ အလွတ်ကြဲ၍ ဆိုခြင်းမျှသာ ဖြစ်သောကြောင့် အနှစ်သာရအားဖြင့် မမှတ်အပ်။

အာဘယ်ကြောင့်နည်းဟူမူ၊ ပါဒအလိုက် ပါဠိကို အပြောင်းကြိုက်မူ၊ သိင်္ဂါလောဠိရတိ၊ သိင်္ဂါလော၊ ခွေးမိုက်သည်။ ဇီရတိ၊ အိုရ၏။ ဤဝိသဒ္ဒိမဂ်ပါဠ်၌ ဇိရတ်ဟူသော အာချုတ်ကြွယာကို ငဲ့၍၊ သိင်္ဂါလသဒ္ဒါသည် ကတ္တားဖြစ်သည်။ ဘူတိ၊ အယျတိ၊ ဂိလတိစသော ကြိယာကို ငဲ့သည်ရှိသော်၊ သိင်္ဂါလံ ဘူတိ၊ သိင်္ဂါလေ အယျတိ၊ သိင်္ဂါလံ ဂိလတိဟု၊ သိင်္ဂါလသဒ္ဒါကို ကံအဖြစ်ဖြင့် အမြင်မှားလျှင် ခွေးသားကို စားရလိမ့်မည်ဟု ဆိုဖွယ်ရာရှိသကဲ့သို့ဖြစ်၍ စင်စစ် ယုတ္တိမကောင်းချေ။ ထို့ကြောင့် ယင်းစကားဂံလည်း အနှစ်သာရ အားဖြင့် မမှတ်အပ်။

နံပါတ်-၁၄၊ စာကြောင်းရေ-၂၅၌၊ အတ္ထပကာရဏလိင်္ဂါ အစရှိသော ဇာလိနီသဒ္ဒါဇယ်ပါဠ်များကို ကိုးကားပြပြန်သည်မှာ နသဒ္ဒါ ကေဝလံ ဟူသောပါဠ်၌၊ ဧဝသဒ္ဒါ၊ ကေဝလံသဒ္ဒါဖြင့် သက်သက်သဒ္ဒါကိုသာ မဝေဖန်ရ၊ သဒ္ဒါ-အနက် ထိုနှစ်ချက်ကုံပင် ရောယှက်ဝေဖန်ရကြောင်းကို ကောင်းစွာပြသဖြင့် ကံဖြင့်ရှိခိုးပါ၏ဟူသော အရာ၌ ကံဟူသော မြန်မာဘာသာ ထိုသဒ္ဒါသည်၊ ဒ္ဒါရတည်းဟူသော ဝိညတ်ကိုမဟော၊ ဒ္ဒါရတည်းဟူသော ဝိညတ်သည်လည်း ကံဟူသော မြန်မာဘာသာ သဒ္ဒါဝဲါစက၏ဝစ္စတ္ထ အနက်မဟုတ်၊ ကမ္မာဉီးသူပညာရှိတို့ကစ၍၊ ယခုကာလသို့ကျအောင်၊ ကံဟူသော မြန်မာဘာသာ ထိုသဒ္ဒါသည် ဇိညတ်ကို ဟော၏ ဟူ၍လည်းကောင်း။ ဝိညတ်အရလည်း ကံပင် ဟူ၍လည်းကောင်း၊ သင်္ကေတရှိသဖြင့် ဝိညတ်ပေါသဒ္ဒါကို ကံ ဟု မြန်မာဘာသာ အနက်ယေဇနာသော ကျမ်းဂန်ပါဠ်

အနည်းငယ်မျှ မရှိသောကြောင့် ထိုစကားကို စိတ်ထင်တိုင်း ရေးသားရကား ယုံကြည်သော အားဖြင့် မမှတ်သားအပ်။ ထို့ကြောင့် သဒ္ဒတ္ထဘေဒစိန္တာ ၁၁-ကြောင်းပေ၊ ကာ-ချပ်၌၊

သောတလမ္မဏမာဇနွေ၊ သင်္ကေတန ပဝတ္တိတော၊
အတ္ထဿ ပညာပနကာသဒ္ဒေါ၊ နာသန္တေ ကရဏဒ္ဒယေ"-ဟု မိန့်အပ်လေပြီ။

သောတလမ္မဏံ၊ သောတဒ္ဒါရ၏ အာရုံအဖြစ်သို့၊ အာပန္နော-အာပန္နတ္တာစ၊ ရောက်သည်၏ အဖြစ်ကြောင့်လည်းကောင်း။ ဝါ-သောတာလမ္မဏံ-သောတာပသာဒဿ အာဝါထံ၊ သောကပသာဒအား ထင်ခြင်းသို့။ အာပန္နော-အာဂတတ္တာစ၊ ရောက်သည်၏အဖြစ်ကြောင့် လည်းကောင်း။ အယံ-သဒ္ဒေါ၊ ဤသဒ္ဒါသည်။ ဣမဿ အတ္ထဿ၊ ဤအနက်ကို။ ဝါစကော၊ ဟော၏။ ဣတိ၊ ဤသို့။ သင်္ကေတန၊ အမှတ်ဖြင့်။ ပုဗ္ဗာယေဝ၊ ရှေးမဆုံကပင်လျှင်။ ဝဝတ္ထိတော-ဝဝတ္ထိတတ္တာစ၊ ပိုင်းခြားမှတ်သားဖူးသည်၏ အဖြစ်ကြောင့် လည်းကောင်း။ သောတလမ္မဏံ၊ သောတဒ္ဒါရ၏ အာရုံအဖြစ်သို့။ အာပန္နော၊ ရောက်သော။ သင်္ကေတန၊ ပုဗ္ဗသင်္ကေတဖြင့်။ ဝဝတ္ထိတော၊ ပိုင်းခြား မှတ်သားအပ်သော။ သဒ္ဒေါ၊ စိတ္တဇသဒ္ဒါသည်။ အတ္ထဿ၊ အနက်ဒြပ်ကို။ ပညာပကော၊ သိစေတတ်၏။ ဝါ၊ ဟောတတ်၏။ ကရဏဒ္ဒယေ၊ အကြောင်းနှစ်ပါး အပေါင်းသည်။ အသန္တေ၊ မရှိခဲ့သော်။ အတ္ထဿ၊ အနက်ကို။ နညာပကော၊ မသိစေတတ်။ ဝါ၊ မဟောတတ်။

အဓိပ္ပါယ်ကား။ ။သုဇာန္တာပုဂ္ဂိုလ်တို့၏ သောတဝိညာဏ်၏ အာရုံအဖြစ်သို့ ရောက်ခြင်း အကြောင်းတပါး၊ ရှေးကမ္ဘာဦးသူ လူပညာရှိတို့ကစ၍ ပညတ်သည်နှင့်လျော်စွာ။ ဤသဒ္ဒါသည် ဤအနက်ကို ဟော၏ဟု ပုဗ္ဗသင်္ကေတ ရှိဖူးသည်လည်း အကြောင်းတပါး၊ ဤအကြောင်းနှစ်ပါးရှိက ဝဒန္တာပုဂ္ဂိုလ်၏ ရွတ်ဆိုအပ်သော ဝစီဘေဒ စိတ္တဇသဒ္ဒါသည် အနက်ကို သိစေတတ်၏၊ ဝါ-အနက်ကို ဟောတတ်၏၊ အကြောင်းနှစ်ပါး မရှိက အနက်ကို မသိစေတတ်၊ ဝါ-အနက်ကို မဟောတတ်ဟု တိတိမတ်မတ် ဖွင့်ဆိုအပ်သောကြောင့် ကံဖြင့် ရှိခိုးပါ၏ဆိုသော အရာ၌ ရှိခိုးတတ်သော ဝဒန္တာပုဂ္ဂိုလ်၏ ရွတ်ဆိုအပ်သော ကံ ဟူသော မြန်မာဘာသာသဒ္ဒါသည် ကြားနာတတ်သော သုဇာန္တာပုဂ္ဂိုလ်၏ သောတဝိညာဏ် အာရုံ၏ အဖြစ်သို့ရောက်ခြင်း အကြောင်းတပါးပင် ရှိသော်ငြားလည်း ထိုကံဟူသော မြန်မာဘာသာ သဒ္ဒါသည် ဝိညတ်ကိုဟော၏ ဟူ၍လည်းကောင်း၊ ရှေးကမ္ဘာဦးသူ လူပညာရှိတို့မှစ၍ သင်္ကေတအမှတ်လည်းမရှိ၊ သင်္ကေတအမှတ်ရှိစရာ ကျမ်းဂန်မှာလည်း မဖွင့်ပြသဖြင့် သင်္ကေတအကြောင်းတပါး ချို့ခြင်းကြောင့် ကံဟူသော မြန်မာဘာသာ ထိုသဒ္ဒါသည် ဝိညတ်ကို မဟော၊ ဝါ-ဝိညတ်ကို ကံမကောက်အပ်ဟု မုချဆတ်ဆတ် မှတ်အပ်၏။ ဤသဒ္ဒတ္ထဘေဒ စိန္တာပါဠိ၌ သဒ္ဒေါဟူသော ပုဒ်၏အရ စိတ္တဇသဒ္ဒါကို မာဂဓသဒ္ဒါ တခု တည်းသာဟု မမှတ်ယူအပ်၊ မာဂဓသဒ္ဒါသက္ကတသဒ္ဒါစသော၊ (၁၀၁) ပါးသော သဒ္ဒါတို့ကိုပင် မှတ်ယူအပ်၏။ ထို့ကြောင့် သဒ္ဒတ္ထဘေဒစိန္တာဒီပနီ၊ ၁၁-ကြောင်းပေ၊ ပါ-ချပ်၌ပင်။

မာဂဓော ဝါ ဟောတု၊ ဒမိဠဘာသာဒိ ဝါ၊ သဗ္ဗော စိတ္တဇသဒ္ဒေါ ကာရဏဒ္ဒယသမ္ပန္နောယေဝ အတ္ထော ပကာရောတိ နိယမေတုံ သောတာလမ္ဗဏ-မာပန္နော။ လ။ နာသန္တေ ကရဏဒ္ဒယေတိ စုတ္တံ ဟု မိန့်အပ်လေပြီ။

မာဂဓေါဝါ၊ မာဂဓသဒ္ဒါသည်လည်း။ ဟောတု၊ ဖြစ်စေ။ ဒမိဋ္ဌဘာသာဒိဝါ၊ တောင်သူဘာသာ စသည်လည်း။ ဝါ။ ကလယ်ဘာသာ စသည်လည်း။ ဟောတု၊ ဖြစ်စေ။ သဗ္ဗော၊ အလုံးစုံသော။ စိတ္တဇသဒ္ဒေါ၊ စိတ္တဇသဒ္ဒါသည်။ ကာရဏဒ္ဒယ သမ္ပဒါနောယေဝ၊ အကြောင်းနှစ်ပါးနှင့် ပြည့်စုံသော်သာလျှင်။ အတ္ထပကာရော၊ အနက်အားကျေးဇူးမျှားသည်။ ဝါ၊ အနက်ကို ဟော့စွမ်းနိုင်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ နိယမေတုံ၊ မှတ်ခြင်းငှာ။ သောဘာလမ္ဘဏ မာနော၊ လ၊ နာသန္တေ ကာရဏဒ္ဒယေ ဟု။ ဝုတ္တံ၊ ဆိုအပ်၏။

အဓိပ္ပာယ်ကား။ ။ဒမိဋ္ဌာဒိဒ္ဒိ အာဒိသဒ္ဒါဖြင့် မြန်မာဘာသာ၊ သက္ကတဘာသာ စသော သဒ္ဒါတို့ကိုယူ၍ ထိုသဒ္ဒါသည် သောတာလမ္ဘဏမာပန္နသင်္ကေတ ဝဝတ္ထိတဟူသော အကြောင်းနှစ်ပါးရှိသော် အနက်ကို ဟောစွမ်းနိုင်သောအရာကို ပြသည်။ ယင်းသို့လျှင် သဒ္ဒတ္ထဘေဒစိန္တာဆရာ မဏိဒီပဆရာမျှားကပင် သောတာလမ္ဘဏမာပန္နသင်္ကေဘ ဝဝတ္ထိဘ ဟု အကြောင်းနှစ်ပါးပြ၍ မိန့်တော်မူကြသောကြောင့် ကံဖြင့်ရှိခိုးပါ၏ဟု ဆိုကြသောအရာ ကံဟူသော မြန်မာဘာသာ ထိုသဒ္ဒါသည် ဝိညတ်ကို ဟောပြ၏ဟူ၍သည်းကောင်း။ ဝိညတ်အရကောက်ရမည် ဟူ၍လည်းကောင်း၊ သင်္ကေတပြုစရာ ကျမ်းဂန်မှာ မရှိသောကြောင့် ကံဖြင့်ရှိခိုးပါ၏ဟူသော စကားကို အမှားဟု မုချမှတ်။

နံပါတ်-၂၀၊ စာကြောင်းရေ-၃ ၌၊ ပုရိမစေတနာတရားသည်ပင် ရှိခိုးခြင်းကြီယာ၏ ကရိုဏ်းဖြစ်သင့်လေဟန် ကြံဖန်ရေးသားပြန်သည်မှာ။ ပုရိမစေတနာဟူသော ကရိုဏ်းပုဒ်သည် ရှိခိုးခြင်းဟူသော စကား၏အရ ကရောတိဟူသော အာချတ်ကြီယာ၏ ကရိုဏ်းမဟုတ်၊ စေတယ်တွာ ဟူသော ကိတ်ကြီယာ၏ ကရိုဏ်းပုဒ်သာဖြစ်သည်။ အဘယ့်ကြောင့်နည်းဟူမူကား ကရောတိဟူသော အာချာတ်ကိုတ်ကြီယာ၌ ကာယေနဝါစာ မနသာဟု ဘုရားရှင်ကပင် ကရိုဏ်းတိုက်ရိုက်ထည့်၍ ဟောတော်မူသောကြောင့်တည်း။ ထို့ကြောင့် မူလဋီကာပါဠိ၌ပင်။

> ယသ္မာစ စေတနာယ စေတယိတွာ၊ ကာယ ဝါစာဟိ စောပနံ ကိရိယံ မနသာစ အဘိဇ္ဈာဒိ ကိရိယံ ကရောတိ-ဟု၊ မိန့်အပ်လေပြီ၊ အနက်ကား၊ ယင်ရှားပြီ။

အဓိပ္ပါယ်ကား။ ။စေတနာယ စေတယိတွာ-ဟူသော ပါဠိဖြင့် စေတနာယဟူသော ပုဒ်၏ စေတယိတွာ-ဟူသော ကိရိယာ၌ ကရိုဏ်းဖြစ်ကြောင်းကို ပြသည်။ ကာယဝါစာဟိ စသော စကားရပ်တို့ဖြင့် ကာယေန ဝါစာယ မနသာ-ဟူသော ပုဒ်တို့၏ ရှိခိုးပါ၏-ဟူသောစကားအရ အာချာတ် ကြီယာ၌ ကရိုဏ်းဖြစ်ကြကြောင်းကို ကောင်းစွာပြဆိုအပ်သည်။

(တနည်း) ပုရိမ စေတနာယ ဟူသော၊ ကရိုဏ်းပုဒ်အရ စေတနာသည်၊ ကမ္မံ ဝဒါမိ- ဟူသော ပုဒ်၌ကမ္မံဟူသော ပုဒ်၏အရ ကံ-မဟုတ်။ ယင်းသို့-မဟုတ်ကလည်း ကံဖြင့်ရှိခိုးပါ၏ဟု အမှားကိုဆို၍ ရှိခိုးသောအရာတို့က ကိုးကားရာ မဟုတ်ချေ။ ယင်းသို့ မူလဋီကာဆရာမျှားပင် ပုရိမ စေတနာယ ဟူသောပုဒ်ကို ရှိခိုးခြင်းအရ ကရောကိုဟူသော ကြီယာ၏ ကရိုဏ်းဟူ၍ ပဖွင့်ပြ၊ စေတယိတွာဟူသော ကိတ်ကြိယာ၏ကရိုဏ်းဟူ၍သာ ဖွင့်ပြတော်မူသောကြောင့်

ပုရိမစေတနာယ ဟူသော ပါဠိများကို အကိုးအကားပြုပြီးလျှင် ကြံကြံဖန်ဖန် ကျမ်းဂန်မှောက်မှား မိုက်သူတို့ အယူပြားအောင်၊ ရေးသားလိုက်သောစကားများကို မတရားဟု-မုချမှတ်။ ဤသို့ ပါဠို-အဋ္ဌကထာ ဋီကာ စသည်တို့ကိုပြု၍ ဆုံးမပါလျက် မှားပါပြီဟု ဝန်မခံပဲ စွပ်စွဲငြင်းဆန် အတင်းခံလျက် အတန်တန် ကဲ့ရဲ့သည့် များကိုလည်းကောင်း၊ ကျမ်းဂန်အရာ မလိမ္မာသောသူတို့၏ ကဲ့ရဲ့ချီးမွမ်းခြင်းများကိုပမာဏ မပြုထိုက်ခေ။ ကျမ်းဂန်အရာ လိမ္မာကျမ်းကျင်ပညာရှင်တို့ ကဲ့ရဲ့ခြင်း-ချီးမွမ်းခြင်းကိုသာလျှင် ပမာဏ ပြုထိုက်ချေသည်။ ထို့ကြောင့် ဓမ္မပဒပါဠိတော်-အဋ္ဌကထာ၊ ၁၂ ကြောင်းပေ၊ ဝု--ချပ်၊ ဝမ်းဘက်၌။

အန္ဓဗာလာနုဉ္စ နိန္ဒာဝါ ပဏ်ဍာဝါ အပမာဏံ၊ ပဏ္ဍိတေန ပန မေဓာဝိနာ နိန္ဒိတောပိ နိန္ဒိတောနာမ၊ ပသံသိတောပိ ပသံသိတောနာမဟော့တိ။

ဟိ၊ ငါဆိုသော စကားမှန်၏။ အန္ဓဗာလာနံ၊ မသိမလိမ္မာ ပညာမဲ့လူ မိုက်သောသူတို့၏။ နိန္ဒာဝါ၊ ကဲ့ရဲ့ခြင်းတို့သည်လည်းကောင်း။ ပဏ်ဍာဝါ၊ ချီးမွမ်းခြင်းတို့သည် လည်းကောင်း၊ အပမာဏံ၊ ပမာဏမဟုတ်။ ဝါ-အလေးမပြုလောက်။ ပဏ္ဍိတေန၊ ပညာရှိသော။ မေဓာဝိနာ၊ ကျိုးကြောင်းမြော်မြင်၊ ပညာရှင်သည်၊ နိန္ဒိတောပိ၊ ကဲ့ရဲ့သော်သာလျှင်။ နိန္ဒိတောနာမ၊ ကဲ့ရဲ့သည်မည်၏။ ပသံသိတောပိ၊ ချီးမွမ်းသော်သာလျှင်၊ ပသံသိတောနာမ၊ ချီးမွမ်းသည်မည်သည်။ ဟောတိ၊ ဖြစ်၏ဟု မိန့်လေပြီ။

ဤသို့လျှင် မြတ်စွာဘုရားသည် ဟောကြားတော်မူအပ်သော ပိဋကတ်သုံးပုံတည်းဟူသော နိယျာနိက သာသနာတော်မြတ်၏ ပျက်စီးရာပျက်စီးကြောင်း မကောင်းယုတ်မာသော ကမ္မဝိနိစ္ဆယမည်သော စာအုပ်ငယ်၌ အသွယ်သွယ်သော အဓမ္မဝါဒကို ပါဠို-အဋ္ဌကထာ-ဋီကာ ကျမ်းဂန် သက်သေမှန်တင်ပြ၍ ကင်းပပျောက်လွင့်စေပြီးလျှင် သုံးထွေသော ချမ်းသာကို, ရှာကြံရာ-ရှာကြံကြောင်း ကောင်းမြတ်နိမိတ် ဗျူဟာတ်ဟာတ်ကြောင့် တံဆိပ်နှင့်တွဲ ဟိတေသနာမမည်မှန်း ဤစာတမ်းသည် သက္ကရာဇ် ၁၂၅၀ပြည့် တန်ဆောင်မုန်းလပြည့်ကျော် ၆-ရက်နေ့တွင် ပြီးအောင်မြင်သတည်း။

ဟိတေသနစာတမ်း၊ ဤတွင်ပြီး၏။

ဘ၂၄၁ခ-ခုနှစ်တွင်

အဂ္ဂမဟာပဏ္ဍိတ

သဒ္ဓမ္မဇောတိကဓဇမဟာ ဒုတိယဆရာတော်ဘုရားကြီး

ရေးသားတော်မူသော

သာဓုသမာဓိဓဇကျမ်း

အဘိယာစက

တပည့်-မောင်ဖိုးသိုက်၊ ဦးတိုက်ရိုက်ကျိုး၊ ရှိခိုးညွတ်တွားခြင်း၊ လျှောက်ထားတောင်းပန်အပ်ပါသည်၊ ဆရာတော် အရှင်သူမြတ်ဘုရား။ မနုဿတ္တဒုလ္လဘကို ရွေးကုသိုလ်ထမ္ဘက ကြောင့် လှလှကြီးရသည့်အခါ အဂါရိက-ဂဟဋ္ဌဘာဝ-ဖြစ်ကြကုန်သူ လူဥပါသကာ ဥပါသိကာ အပေါင်းဘို့သည် ကောင်းစွာလေ့လာ လိုက်နာကျင့်ဆောင်အပ်သော တရားများကို ကြိုးပမ်းတကုတ် အားထုတ်လေ့လာ လိုက်နာကျင့်လိုလှပါသောကြောင့် အဂါရိက-ဂဟဋ္ဌဘာဝ ဖြစ်ကြကုန်သူ လူဥပါသကာ ဥပါသိကာ အပေါင်းတို့သည် ကောင်းစွာလေ့လာ လိုက်နာကျင့်ဆောင်ရန် တရားများကို အကျဉ်းအားဖြင့် ထင်ရှားသိလွယ်နိုင်ရန် စီမံရေးသား၍ ပေးသနားတော်မူပါ ဆရာတော်အရှင်သူမြတ်ဘုရား။

ကျိုက်သို့-ဒါယကာ မောင်ဖိုးသိုက်သည်၊ ဦးတိုက်ညွတ်တွားခြင်း၊ လျှောက်ထားတောင်းပန်အပ်သည်နှင့်အညီ အဂါရိက-ဃံရသမ္မာဓ-ဂဟဋ္ဌဘာဝ ဖြစ်ကြကုန်သူ လူဥပါသကာ ဥပါသကာအပေါင်းတို့သည် ကောင်းစွာမှတ်သား သဒ္ဓါပွား၍ ကြိုးစားလေ့လာ လိုက်နာကျင့်ဆောင်ရန် တရားများကို အကျဉ်းအားဖြင့် ထင်ရှားသိလွယ်အောင် ကြံဆောင်ရေးသားပေအံ့။

နမးအတ္ထု-တြဲလောကျာဓိပတေ္ထ

အဂါရိက-ဃရသမ္မာဓ-ဂဟဋ္ဌဘာဝ ဖြစ်ကြကုန်သူ လူဥပါသကာ ဥပါသိကာအပေါင်းတို့သည် ကောင်းစွာမှတ်သား သဒ္ဓါပွား၍ ကြိုးစားလေ့လာ လိုက်နာကျင့်ဆောင်ရန် တရားတို့ဟူသည်ကား အကျဉ်းအားဖြင့် သရဏကို, ဒါန-သီလ-ဘာဝနာ, ဝတ်အကျင့်တို့ပေတည်း။ ထိုတရားတို့တွင်-

(၁) သရဏကို-ဟူသည်၊ ဘုရား-တရား သံဃာဟု ဆိုအပ်သော ရတနာမြတ်သုံးပါးသည် (သရဏ) မည်၏။ သဒ္ဓါ-ပညာပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်သည် (ဂုံ) မည်၏။ (ဂုံ) ဟူသော စကားသည်လည်း (ဂမဏ) ဟူသော မာဂဓဘာသာမှ ဖောက်ပြန်ပျက်ပြားခြင်း ခေါ်အပ်သော မြန်မာဝေါဟာရဖြစ်သည်။ (သရဏ) နှင့် (ဂုံ) ကို တသမတ်တည်း ပြု၍ လောကီရတနာ အပေါင်းတို့ထက် အထူးအားဖြင့် မြတ်တော်မူသော ဘုရားအစရှိသော ရတနာမြတ်သုံးပါးတို့ လည်းလျောင်းသည်၏ အဖြစ်ဟုဆိုအပ်သော ဒေခြင်းအရာအားဖြင့် ဖြစ်သော သဒ္ဓါ-ပညာပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်သည် (သရဏကို) မည်၏။

ဤသဒ္ဒါ-ပညာပြဋ္ဌာန်းသော သရဏကုံ ကုသိုလ် စိတ္တုပ္ပါဒ်နှင့် ပြည့်စုံသောသူကို (သရဏကုံတည်သောသူ)ဟူ၍ ဆိုအပ်သည်။

(၂) ထိုသရဏကုံသည် လောကုတ္တရာသရဏကုံ၊ လောကိသရဏကုံဟူ၍ နှစ်ပါးအပြား ရှိ၏။ ထိုနှစ်ပါးတို့တွင် အရိယာပုဂ္ဂိုလ်တို့၏ မဂ်စိတ်ခဏ၌ သစ္စာလေးပါးတရားကိုသိခြင်းသည် လောကုတ္တရာသရဏကုံမည်၏။

သာဓကကား။ ။အတ္ထတော စတုသစ္စာဓိဂမော ဧဝဟိ လောကုတ္တရ သရဏဂမနံ-ဟူသည်တည်း။

ဟိသစ်၊ ထိုစကားသည်မှန်၏။ အတ္ထတော၊ တရားကိုယ်သဘာဝ ပရမတ္ထအားဖြင့်။ စတုသစ္စာဓိဂမော ဧဝ၊ လေးပါးသော သစ္စာတရားကို သိခြင်းသည်သာလျှင်။ လောကုတ္တရ သရဏဂမနံ၊ လောကုတ္တရာသရဏကုံမည်၏။ ဤကား အနက်။

ထိုအရိယာပုဂ္ဂိုလ်တို့အား နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း၊ မဂ်ကိုပွားစေခြင်း၏ အစွမ်းအားဖြင့် ဓမ္မသရဏကုံ ပြည့်စုံသည်။ ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်း၏အစွမ်းအားဖြင့် ဗုဒ္ဓသရဏကုံ၊ သံဃသရဏကုံ ပြည့်စုံသည်။ ဤသို့ကိစ္စအားဖြင့် အရိယာပုဂ္ဂိုလ်တို့အား လောကုတ္တရာသရဏကုံ ပြည့်စုံဟန်ကိုသိ။ ဤလောကုတ္တရာသရဏကုံသည် ယခုကာလ ပုထုဇဉ်တို့နှင့် မဆိုင်၊ အရိယာပုဂ္ဂိုလ်တို့၏ သရဏကုံသာဖြစ်သည်။

ဘုရား အစရှိသော ရတနာမြတ်သုံးပါးတို့၌ ယုံကြည်ခြင်းဟုဆိုအပ်သော သဒ္ဓါတရားကို ရခြင်း၊ ထိုသဒ္ဓါတရားလျှင် အကြောင်းရင်းရှိသော သမ္မာဒိဋ္ဌိသည် လောကိသရဏကုံမည်၏။

သာဓကကား။ ။တံ အတ္ထတော ဗုဒ္ဓါဒီသု ဝတ္ထူသု သဒ္ဓါပဋိလာဘော၊ သဒ္ဓါမူလိကာ စ သမ္မာဒိဋ္ဌိ ဒဿသု ပုညကိရိယဝတ္ထူသု ဒိဋ္ဌိဇုကမ္မန္တိဝုစ္စတိ။ ဟူသည်တည်း။

တံ၊ ထိုလောကီသရဏကုံသည်။ အတ္ထတော၊ တရားကိုယ်သဘာဝ ပရမတ္ထအားဖြင့်။ ဗုဒ္ဓါဒီသု၊ ဘုရားအစရှိကုန်သော။ ဝတ္ထူသု၊ ရတနာမြတ်သုံးပါးတို့၌။ သဒ္ဓါပဋိလာဘော၊ သဒ္ဓါတရားကို ရခြင်းသည်လည်းကောင်း။ သဒ္ဓါမူလိကာ၊ သဒ္ဓါတရားလျှင် အကြောင်းရင်းရှိသော။ သမ္မာဒိဋ္ဌိ စ၊ သမ္မာဒိဋ္ဌိသည်လည်းကောင်းတည်း။ တံ၊ ထိုတရားနှစ်ပါးကို။ ဒဿသု၊ ဆယ်ပါးကုန်သော။ ပုညကိရိယဝတ္ထူသု၊ ပုညကိရိယဝတ္ထုတို့တွင်။ ဒိဋ္ဌိဇုကမ္မန္တိ၊ ဒိဋ္ဌိဇုကမ္မဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဤကား အနက်။

ဤပါဠိအပေါင်းတို့တွင် သဒ္ဓါပဋိလာဘော ဟူသောပါဠိဖြင့် ဉာဏဝိပ္ပယုတ်သရဏကုံကို ပြတော်မူအပ်သည်။ သမ္မာဒိဋ္ဌိ ဟူသောပါဠိဖြင့် ဉာဏသမ္ပယုတ်သရဏကုံကို ပြတော်မူအပ်သည်။ ဒိဋ္ဌိဇုကမ္မံ ဟူသောပါဠိဖြင့် ဤဥ္စ သဒ္ဓါ-သမ္မာဒိဋ္ဌိတရား နှစ်ပါးတို့၏ လောကုတ္တရာမဟုတ်ကုန်သည်၏အဖြစ်ကို ပြတော်မူအပ်သည်။ဤလောကီသရဏကုံသည် သရဏကုံ၏ ညစ်ညူးကြောင်း၊ ဒိဋ္ဌိဝိစိကိစ္ဆာတို့ကို ပယ်ခြင်းကြောင့် ရတနာမြတ်သုံးပါးတို့၏ဂုဏ်ကို အာရုံပြု၍ ပုထုဇဉ်တို့အား ပြည့်စုံသည်။

(၃) ထိုလောကီသရဏကုံသည်လည်း အတ္တသန္နိယာတန သရဏကုံ၊ တပ္ပရာယနတာ သရဏကုံ၊ သိဿာဘာဝုပဂမန သရဏကုံ၊ ပါဏိပါတ သရဏကုံအားဖြင့် လေးပါးအပြားရှိ၏။

ထိုလေးပါးတို့တွင် (၁) အတ္တသန္နိယာတန သရဏဂုံကို ဆောက်တည်လိုသောသူသည်-

အင်္ဂါဒိ ကတ္တာ အဟံ အတ္တာနံ ဗုဒ္ဓဿ နိယျာတေမိ၊ ဓမ္မဿ နိယျာတေမိ၊ သံဃဿ နိယျာတေမိ-ဟုဆို၍ ဆောက်တည်အပ်၏။

အဟံ၊ အက္ခန်ုပ်သည်။ အင်္ဂါဒိ ကတ္တာ၊ ယနေ့ကိုအစပြု၍။ အတ္တာနံ၊ မိမိကိုယ်ကို။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားသခင်အား။ နိယျာတေမိ၊ သဒ္ဓါကြည်ဖြူ ပေးလှူဆောင်နှင်းပါ၏။ ဓမ္မဿ၊ တရားတော်မြတ်အား။ နိယျာတေမိ၊ သဒ္ဓါကြည်ဖြူ ပေးလှူဆောင်နှင်းပါ၏။ သံဃဿ၊ သံဃာတော်အား။ နိယျာတေမိ၊ သဒ္ဓါကြည်ဖြူ ပေးလှူဆောင်နှင်းပါ၏။ ဤကား အနက်။

(၂) တပ္ပရာယတနတာ သရဏဂုံကို ဆောက်တည်လိုသောသူသည်-

အင်္ဂါဒိ ကတ္တာ အဟံ ဗုဒ္ဓပရာယနော၊ ဓမ္မပရာယနော၊ သံဃပရာယနောတိ မံ ဓာရေထ-ဟုဆို၍ ဆောက်တည်အပ်၏။

အဟံ၊ အက္ခန်ုပ်သည်။ အင်္ဂါဒိ ကတ္တာ၊ ယနေ့ကို အစပြု၍။ ဗုဒ္ဓပရာယနော၊ ဘုရား ကိုသာ ကောင်းစွာညွတ်ပျော်ငး လည်းလျော်ငးကိုးကွယ်ပါ၏။ ဓမ္မပရာယနော၊ တရားတော် ကိုသာ ကောင်းစွာညွတ်ပျော်ငး လည်းလျော်ငးကိုးကွယ်ပါ၏။ သံဃပရာယနော၊ သံဃာ တော်ကိုသာ ကောင်းစွာညွတ်ပျော်ငး လည်းလျော်ငးကိုးကွယ်ပါ၏။ ဤတိ၊ ဤသို့။ မံ၊ အက္ခန်ုပ်ကို။ ဓာရေထ၊ မှတ်တော်မူပါကုန်လော့။ ဤကား အနက်။

(၃) သိဿဘာဝုပဂမန သရဏဂုံကို ဆောက်တည်လိုသောသူသည်-

အင်္ဂါဒိ ကတ္တာ အဟံ ဗုဒ္ဓဿ အန္တေဝါသိကော၊ ဓမ္မဿ အန္တေဝါသိကော၊ သံဃဿ အန္တေဝါသိကောတိ မံ ဓာရေထ-ဟုဆို၍ ဆောက်တည်အပ်၏။

အဟံ၊ အက္ခန်ုပ်သည်။ အင်္ဂါဒိ ကတ္တာ၊ ယနေ့ကိုအစပြု၍။ ဗုဒ္ဓဿ၊ သစ္စာသိမြင်ဘုရားရှင်၏။ အန္တေဝါသိကော၊ အတွင်းနေ တပည့်ပါတည်း။ ဓမ္မဿ၊ တရားတော်မြတ်၏။ အန္တေဝါသိကော၊ အတွင်းနေ တပည့်ပါတည်း။ သံဃဿ၊ သံဃာတော်မြတ်၏။ အန္တေဝါသိကော၊ အတွင်းနေ တပည့်ပါတသ်း။ ဤတိ၊ ဤသို့။ မံ၊ အက္ခန်ုပ်ကို။ ဓာရေထ၊ မှတ်တော်မူပါကုန်လော့။ ဤကား အနက်။

(၄) ပါဏိပါတ သရဏဂုံကို ဆောက်တည်လိုသောသူသည်-

အင်္ဂါဒိ ကတ္တာ အဟံ အဘိဝါဒနံ ပစ္စုဋ္ဌာနံအဉ္ဇလိကမ္မံ သာမိစိကမ္မံ ဗုဒ္ဓါဒိနံ ယေဝ တိဏ္ဏံ ဝတ္ထူနံ ကရောမိတိ မံ ဓာရေထ ဟုဆို၍ ဆောက်တည်အပ်၏။

အဟံ၊ အက္ခန်ုပ်သည်။ အင်္ဂါဒိ ကတ္တာ၊ ယနေ့ကိုအစပြု၍။ ဗုဒ္ဓါဒိနံ၊ ဘုရားအစရှိကုန်သော။ တိဏ္ဏံ ဝတ္ထူနံ ယေဝ၊ သုံးပါးကုန်သော ရတနာမြတ်တို့အား သာလျှင်။ အဘိဝါဒနံ၊ ရှိခိုးခြင်းကို။ ပစ္စုဋ္ဌာနံ၊ ခရီးဦးကြိုဆိုခြင်းကို။ အဉ္ဇလိကမ္မံ၊ လက်အုပ်ယှက်မှီ တင်ချီခြင်းကို။ သာမိစိကမ္မံ၊ ရှိသေသမှု ဝတ်ပြုခြင်းကို။ ကရောမိ၊ ပြုပါ၏။ ဤတိ၊ ဤသို့။ မံ၊ အက္ခန်ုပ်ကို။ ဓာရေထ၊ မှတ်တော်မူပါကုန်လော့။ ဤကား-အနက်။

ဤသို့---ဆိုအပ်ခဲ့ပြီးသော လောကီသရဏကုံဆောက်တည်ရန်၊ ပါဋ္ဌိ-အနက်စုံ-၄ ပုဒ်ကို နှုတ်ငုံအာရကျက်၍ နေ့စဉ်မပြတ် ဆောက်တည်ကြလေကုန်။ သဒ္ဓါတရားနည်းပါး၍ လူငနွဲးလူငကွဲ့ မဖြစ်ကြပါစေကုန်လင့်။

(၄) ထိုသရဏကုံကို ကောင်းစွာဆောက်တည်သော ဥပါသကာ ဥပါသိကာတို့၌ ရထိုက်သော သရဏကုံအကျိုးကိုပြဆိုဦးအံ့။

၁။ ယောဇဗုဒ္ဓဉ္စ ဓမ္မဉ္စ၊ သံဃဉ္စ သရဏံ ဂတော။
စတ္တာရိ အရိယသစ္စာနိ၊ သမ္မပ္ပညာယ ပဿတိ။
၂။ ဒုက္ခံ ဒုက္ခ သမုပ္ပါဒံ၊ ဒုက္ခဿစ အတိက္ကမံ။
အရိယံ အဋ္ဌင်္ဂိကံမဂ္ဂံ၊ ဒုက္ခူပ သမဂါမိနံ။
၃။ တေံ ခေါ သရဏံ ခေမံ၊ တေံ သရဏမုတ္တမံ။
တေံ သရဏမာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စတိ။
(ဤဂါထာတို့တွင်၊ ယောစ - ဟူသောပုဒ်၌၊ စသဒ္ဒါ-ပဒပူရဏ)။

ယောနရော၊ အကြင်သူသည်။ ဗုဒ္ဓဉ္စ၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားသိမြင်ဘုရားရှင်ကိုလည်းကောင်း။ ဓမ္မဉ္စ-မဂ်-ဖိုလ်ရှစ်တန် နိဗ္ဗာန် ပရိယတ် အမြတ်ဆယ်ဖော်တရားတော်ကိုလည်းကောင်း။ သံဃဉ္စ၊ ဗုဒ္ဓေါရဇ ရှစ်ဝအရိယာ မြတ်သံဃာ အပေါင်းကိုလည်းကောင်း။ သရဏံ-သရဏံဂတိ၊ ဆင်းရဲကိုသတ် သုခဓာတ်ကို ဆတ်ဆတ်ကြီးပေးတတ်ပေတကားဟု။ ဂတော၊ သိ၏။ ဝါ၊ ဆည်းကပ်၏။ သောနရော၊ ထိုသူသည်။ ဒုက္ခဉ္စ၊ တေဘုမ္မကဝဋ်ဒုက္ခကိုလည်းကောင်း။ ဒုက္ခသမုပ္ပါဒဉ္စ၊ တေဘုမ္မက ဝဋ်ဒုက္ခကို မုခ်ဖြစ်စေတတ်သော တဏှာကိုလည်းကောင်း။ ဒုက္ခဿ၊ တေဘုမ္မက ဝဋ်ဒုက္ခမှ။ အတိက္ကမဉ္စ၊ ထွက်မြောက်ရာမှန် မြတ်နိဗ္ဗာန်ကိုလည်းကောင်း။ ဒုက္ခူပ သမဂါမိနံ၊ ဒုက္ခငြိမ်းရာ နိဗ္ဗာန်ညာသို့ ကောင်းစွာရောက်စေတတ်သော။ အရိယံ၊ ဂ်လေသာရှင်း မြူညစ်ကင်းသော။ အင်္ဂဂိကံ၊ ပညာ ဝိထက်၊ သုံးချက်ဝိရတီ ဝိရိ-သတိ၊ သမာဓိမှန် ရှစ်တန်အင်္ဂါ စုံညီညာသော။ မဂ္ဂဉ္စ၊ နိဗ္ဗာန်ရောက်ကြောင်း မဂ်လမ်းကောင်းကိုလည်းကောင်း။ ဂ္ဂတိ၊ ဤသို့။ စတ္တာရိ၊ လေးပါးကုန်သော။ အရိယသစ္စာနိ၊ အရိယာတို့သည် သိအပ်ကုန်သော သစ္စာတို့ကို။ သမ္မပ္ပညာယ၊ သင့်သော ပညာဖြင့်။ ပဿတိ၊ မြင်၏။ တေံ၊ ဤရတနာမြတ်သုံးပါးသည်။ ခေါ၊ ကောင်းစင်စစ်။ သရဏံ၊ ဆင်းရဲဥဿုံ အလုံးစုံကို ဖောကုန်သတ်တော်မူတတ်ပေ၏။ ခေမံ၊ ဘေးလွတ်ကင်းကွာ ချမ်းသာရာအစစ် ဖြစ်ဘော်မူလှပေ၏။ တေံ၊ ဤရတနာမြတ်သုံးပါးသည်။ ဥတ္တမံ၊ မြတ်သော။ သရဏံ၊ ကိုးကွယ်ရာအစစ် ဖြစ်တော်မူလှပေ၏။ တေံ၊ ဤရတနာမြတ်သုံးပါးကို။ သရဏံ၊ ကိုးကွယ်ခြင်းသို့။ အာဂမ္မ၊ ရောက်၍။ ဝါ၊ ရောက်သော၊ ကြောင့်။ သဗ္ဗာဇနော၊ လူခပ်သိမ်းသည်။ သဗ္ဗာဒုက္ခာ၊ ဆင်းရဲခပ်သိမ်းမှ။ ပမုစ္စတိ၊ ကောင်းမွတ် ရှင်းရှင်းလွတ်၏။ ဤကား-အနက်။ ဤအကျိုးတို့ကို လောကုတ္တရာ သရဏကုံ၏အကျိုးဟု အဋ္ဌကထာဌ် ဆိုသည်။ တနည်း အကျိုးကိုဆိုဦးအံ့။

ယေဒကစိ ဗုဒ္ဓံ သရဏံ ဂတာသေ နတေ ဂမိဿန္တိ အပါယံ။
ပဟာယ မာနုသံ ဒေဟံ၊ ဒေဝကာယံ သရိဿန္တိ။

၁၉၄၃၄

စာကြည့်တိုက်
တန်ဆောင်း-ရန်ကုန်။

ယေကေစိ၊ ခပ်သိမ်းကုန်သောသူတို့သည်။ ဗုဒ္ဓံ၊ သစ္စာသိမြင်၊ ဘုရားရှင်ကို။ သရဏံဂတာ-သရဏံဂတာဘိ၊ ဆင်းရဲဟူက မကျန်ရအောင် မုချသတ်ဖြတ် ချမ်းသာရပ်ကို မပြတ်ပုံသေ ဆောင်နိုင်ပေတကားဟု။ ဂတာသေ၊ သိကြကုန်၏။ ဝါ၊ ဆည်းကပ်ကြကုန်၏။ ဧတေ၊ ထို သူတို့သည်။ အပါယံ၊ ချမ်းသာကင်းရာ အပါယ်ရွာသို့။ နဂမိဿန္တိ၊ ဧလေးရကုန်လတ္တံ့။ မာနုံသံ၊ လူဖြစ်သော။ ဒေဟံ၊ အတ္တဘောရုပ် ခန္ဓာပုပ်ကို။ ပဟာယ၊ စွန့်ကုန်၍။ ဒေဝ-ကာယံ၊ နတ်၌ဖြစ်သော သုခုမအတ္တဘောကို။ ပရိပူရိဿန္တိ၊ ရကြကုန်လတ္တံ့။ ဤကား-အနက်။ ဓမ္မ သံဃာတို့၌ နည်းတူပင်။ တနည်းဆိုဦးအံ့။

သာဓု ဓေါ ဒေဝါနမိန္ဒ ဗုဒ္ဓံ သရဏဂမနံ ဟောတိ၊ ဗုဒ္ဓံ သရဏဂမနဟေတု ဓေါ ဒေဝါနမိန္ဒ ဧဝမိဝေဂစ္စေ သတ္တာ ကာယဿ ဘေဒါ ပရံမရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇန္တိ။ တေ အညေ ဒေဝေ ဒဿဟိ ဌာနေဟိ အဓိဂဏှန္တိ၊ ဒိဗ္ဗေန အာယုနာ ဒိဗ္ဗေန ဝဏ္ဏေန ဒိဗ္ဗေန သုခေန ဒိဗ္ဗေန ယသေန ဒိဗ္ဗေန အဓိပတေယျေန ဒိဗ္ဗေဟိ ရူပေဟိ သဒ္ဒေဟိ ဂန္ဓေဟိ ရသေဟိ ဖောဋ္ဌဗ္ဗေဟိတိ။

ဒေဝါနမိန္ဒ၊ ခြောက်ဘုံရပ်သော နတ်တို့ရှာကို ကောင်းစွာပိုင်နင်း အိုသကြားဧင်း။ သာဓုဓေါ၊ ကောင်းမြတ်ထက်သန်စွာသာလျှင်။ တုံ၊ နတ်တို့ဘုရင် သိကြားသင်သည်။ ဗုဒ္ဓံ၊ သစ္စာသိမြင် ဘုရားရှင်ကို။ သရဏဂမနံ၊ ကိုးကွယ်ရာဟု ဆည်းကပ်ပြုသည်။ ဟေဝံ၊ ဖြင့်ပါလော။ ဒေဝါနမိန္ဒ ၊ခြောက်ဘုံရပ်သော နတ်တို့ရှာကို ကောင်းစွာပိုင်နင်း အို-သိကြားမင်း။ ဧဝံ၊ ဤသို့။ ဗုဒ္ဓံ၊ သစ္စာသိမြင် ဘုရားရှင်ကို။ သရဏဂမနဟေတု၊ ကိုးကွယ်ရာဟု ဆည်းကပ်ပြုသောကြောင့်။ ဇာဓ၊ ဤလောကဌာ၊ ကောစ္စေ၊ အချို့ကုန်သော။ သတ္တာ၊လူ-နတ်-ဗြဟ္မာ သတ္တဝါတို့သည်။ ကာယဿ၊ ရုပ်နာမ်နှစ်ဖြာ ကိုယ်ခန္ဓာ၏။ ဘေဒါ၊ ဇီဝိန်ယုဉ်းကုန်လျှင် ယှဉ်မဆက်သဖြင့် အပျက်ကြီးပျက်သည်မှ။ ပရံမရဏာ၊ စုတိစိတ်၏အထက် ဆက်ပြန်သော ဟိဘဝဌာ၌၊ သုဂတိံ၊သူတော်ကောင်းသာ၊ ရောက်နိုင်ရာဖြစ်သော။သဂ္ဂံလောကံ၊ နတ်ပြည်သို့၊ ဥပပဇ္ဇန္တိ၊ အလွယ်ထုတ်ချောက် ရောက်ကြရကုန်၏။ တေသတ္တာ၊ ထို လူနတ် ဗြဟ္မာ ဒသတ်ဝင်တို့သည်။ အညေ၊ တစ်ပါးကုန်သော။ ဒေဝေ၊ နတ်တို့ကို။ ဒသဟိ ဌာနေဟိ၊ ဆယ်ပါးကုန်သော အကြောင်းတို့ဖြင့်။ အဓိဂဏှန္တိ၊ လွှမ်းမိုးနိုင်ကုန်၏။ ဒိဗ္ဗေန၊ နတ်၌ဖြစ်သော။ အာယုနာ၊ အသက်ရှည်ခြင်းဖြင့် လည်းကောင်း။ ဒိဗ္ဗေန၊ နတ်၌ဖြစ်သော။ ဝဏ္ဏေန၊ အဆင်းလှခြင်းဖြင့် လည်းကောင်း။ ဒိဗ္ဗေန၊ နတ်၌ဖြစ်သော။ သုခေန၊ ချမ်းသာခြင်းဖြင့် လည်းကောင်း။ ဒိဗ္ဗေန၊ နတ်၌ဖြစ်သော။ ယသေန၊ စည်းစိမ်အခြံအရံဖြင့် လည်းကောင်း။ ဒိဗ္ဗေန၊ နတ်၌ဖြစ်သော။ အဓိပတေယျေန၊ အစိုးရခြင်းဖြင့် လည်းကောင်း။ ဒိဗ္ဗေဟိ၊ နတ်၌ဖြစ်ကုန်သော။ ရူပေဟိ၊ ရူပါရုံတို့ဖြင့် လည်းကောင်း။ သဒ္ဒေဟိ၊ သဒ္ဒါရုံတို့ဖြင့်လည်းကောင်း။ ဂန္ဓေဟိ၊ ဂန္ဓာရုံတို့ဖြင့် လည်းကောင်း။ ရသေဟိ၊ ရသာရုံတို့ဖြင့် လည်းကောင်း။ ဖောဋ္ဌဗ္ဗေဟိ၊ ဖောဋ္ဌဗ္ဗာရုံတို့ဖြင့် လည်းကောင်း။ ဣတိ-ဣမေဟိ ဒသဟိဌာနေဟိ၊ ဤဆယ်ပါးကုန်သော အကြောင်းတို့ဖြင့်။ အဓိဂဏှန္တိ၊ လွှမ်းမိုးနိုင်ကုန်၏။ ဤကား-အနက်။

သိကြားမင်းအား အရှင်မဟာမောဂ္ဂလာန် ဟောတော်မူသော အကျိုးဆယ်ပါး။ ဤ အကျိုးတို့ကို လောကီသရဏဂုံ၏ အကျိုးဟု အဋ္ဌကထာဆိုသည်။ ဤအကျိုးတို့ကိုသိမှ ဆောက်

တည်အပ်ပြီးသော သရဏကုံကုသိုလ်၏ အဖိုးအနှဲ့ထိုက်တန်သည်၏အဖြစ်ကို သိနိုင်ကြမည်။ အကျိုးကို သိမှလည်း သရဏကုံတန်ခိုး ရှိနိုင်မည်ဖြစ်၍ ရရမိမိ မှတ်ကြည့်ကျက်ဆောင်ကြလေ။

(၅) ယခင်ဆိုအပ်ခဲ့ပြီးသော လောကီသရဏကုံသည် ရတနာမြတ်သုံးပါးတို့၏ ဂုဏ်တော်တို့၌ သက်သက်မသိခြင်း အညာဏ၊ တွေးတောယုံမှားခြင်း သံသယ၊ ဖောက်ပြန်၍သိခြင်း၊ မိစ္ဆာညာဏ်တို့ဖြင့် ညစ်နွမ်းခြင်း၊ သံကိလေသဖြစ်သည်။ မိစ္ဆာဒိဋ္ဌိအယူကို ယူ၍ အညသတ္ထာရတို့ကို ကိုးကွယ်ဆည်းကပ်ခြင်း၊ သေခြင်း၊ ဤနှစ်ပါးတို့ကြောင့် ပျက်သည်။ လောကုတ္တရာသရဏကုံ၌ အညစ်အပျက်မ့ရှိ။ ဤသို့ သရဏကုံ၏ ညစ်ဟန် ပျက်ဟန်ကို သိလေ။ သရဏကုံပြီး၏။

(၆) ထိုဆိုအပ်ခဲ့ပြီးသော သရဏကုံ ဆောက်တည်ခြင်းနှင့် ပြည့်စုံသောသူသည် ရတနာမြတ်သုံးပါးသို့ ဆည်းကပ်တတ်သောကြောင့် ဥပါသကာမည်ရကား၊ ဒါနကို မပြမီ ဥပါသကာကို ဆိုဦးအံ့။

ရတနာမြတ်သုံးပါးသို့ ဆည်းကပ်၍ ဥပါသကာ၏အဖြစ်သို့ ရောက်ပြီးသောသူသည်၊ မအပ်သောကုန်သွယ်ခြင်းငါးပါးကို ရှောင်ကြဉ်နိုင်ရမည်။ မအပ်သော ကုန်သွယ်ခြင်း ငါးပါးကို ဤဆိုလတ္တံ့သော ပါဠိတော်ဖြင့် သိလေ။

ပဥ္စိမာ ဘိက္ခဝေ ဝါဏိဇ္ဇာ ဥပါသကေန အကရဏီယာ၊ ကတမာပဥ္စ၊ သတ္ထဝါဏိဇ္ဇာ- သတ္တဝဲါဏိဇ္ဇာ- မံသဝါဏိဇ္ဇာ- မဇ္ဇဝါဏိဇ္ဇာ- ဝိသဝါဏိဇ္ဇာ၊ ဣမေ ခေါ ဘိက္ခဝေ ပဥ္စဝါဏိဇ္ဇာ ဥပါသကေန အကရဏီယာ။

ဘိက္ခဝေ၊ ရဟန်းတို့။ ဥပါသကေန၊ ရတနာမြတ်၊ သုံးပါးနတ်ကို၊ ဆည်းကပ်တတ်စွာ၊ ဒါယကာသည်။ ပဥ္စ၊ ငါးပါးကုန်သော။ ဣမေ ဝါဏိဇ္ဇာ၊ ဤကုန်သွယ်ခြင်းတို့ကို။ အကရဏီယာ၊ မပြုအပ်ကုန်။ ကတမာပဥ္စ၊ အဘယ်ငါးပါးတို့နည်း ဟူမူကား။ သတ္ထဝါဏိဇ္ဇာ၊ လက်နက်ရောင်းဝယ် ကုန်သွယ်ခြင်းလည်းကောင်း။ သတ္တဝါဏိဇ္ဇာ၊ လူကိုရောင်းဝယ် ကုန်သွယ်ခြင်းလည်းကောင်း။ မံသဝါဏိဇ္ဇာ၊ ဝက် ကြက် ငှက် မျိုး ဟင်းမျိုးရောင်းဝယ် ကုန်သွယ်ခြင်းလည်းကောင်း။ မဇ္ဇဝါဏိဇ္ဇာ၊ဘိန်း အရက် ကဇော် လှော်စာစသည်ကို ရောင်းဝယ် ကုန်သွယ်ခြင်းလည်းကောင်း။ ဝိသဝါဏိဇ္ဇာ၊ အဆိပ်ရောင်းဝယ် ကုန်သွယ်ခြင်းလည်းကောင်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ဥပါသကေန၊ ရတနာမြတ် သုံးပါးနတ်ကို ဆည်းကပ်တတ်စွာ ဒါယကာသည်။ ပဥ္စ၊ ငါးပါးကုန်သော။ ဣမေ ခေါ ဝါဏိဇ္ဇာ၊ ဤကုန်သွယ်ခြင်းတို့ကို။ အကရဏီယာ၊ မပြုအပ်ကုန်။ ဤကား-ဥပါသကာတို့အား မအပ်သော ကုန်သွယ်ခြင်းငါးပါးတည်း။

တနည်းလည်း။ ။ရတနာမြတ်သုံးပါးကို ဆည်းကပ်သော ဥပါသကာသည် ဥပါသက စက္ကာလ၊ ဥပါသက မလ၊ ဥပါသက ပဋိကိဋ္ဌ မဖြစ်ရအောင်၊ ဥပါသက ရတန၊ ဥပါသက ပဒုမ၊ ဥပါသက ပုဏ္ဍရိက ဖြစ်ကြရအောင် သတိဆောင်ကြရမည်။ ထို့ဥပါသကာတို့တွင် ဥပါသကာ စက္ကာလ၊ ဥပါသကမလ၊ ဥပါသကာ ပဋိကိဋ္ဌဖြစ်ပုံကို ဤဆိုလတ္တံ့သော ပါဠိတော်ဖြင့်သိ။

ပဠုဟိ ဘိက္ခဝေ ဓမ္မေဟိ သမ္မန္နာဂတော ဥပါသကော ဥပါသက စက္ခွာ-လောစ ဟောတိ၊ ဥပါသက မလဠု၊ ဥပါသက ပဋိကိဋ္ဌောစ၊ ကတမေဟိ ပဠု၊ အသဒ္ဓေါဟောတိ၊ ဒုဿီလောဟောတိ၊ ကောတုဟလမင်္ဂလိကော ဟောတိ၊ မင်္ဂလံ ပစ္စေတိ၊ နောကမ္မံ၊ ဣတော ဗဟိဒ္ဓါ ဒက္ခိဏေ့ယျံ ဂဝေသတိ။ တတ္ထ ပုဗ္ဗကာရံ ကရောတိ၊ ဣမေဟိ ခေါ ဘိက္ခဝေ ပဠုဟိ ဓမ္မေဟိ သမ္မန္နာဂတော ဥပါသကော ဥပါသကစက္ခွာလော စ ဟောတိ၊ ဥပါသကမလဠု၊ ဥပါသက ပဋိကိဋ္ဌောစ။

ဘိက္ခဝေ၊ ရဟန်းတို့။ပဠုဟိ၊ငါးပါးကုန်သော။ ဓမ္မေဟိ၊ တရားတို့နှင့်။ သမ္မန္နာဂတော၊ ပြည့်စုံညီညွတ်သော။ ဥပါသကော၊ ဒါယကာသည်။ ဥပါသက စက္ခွာလောစ၊ ဒါယကာကျန်းသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဥပါသကာ မလဠု၊ ဒါယကာညစ်သည်။ ဟောတိ။ ဖြစ်၏။ ဥပါသကာ ပဋိကိဋ္ဌောစ၊ နိမ့်ကျဆုံးသော ဥပါသကာသည်လည်း။ ဟောတိ၊ ဖြစ်၏။ ကဘဒမဟိ ပဠုဟိ၊ အာဘယ်တရား ငါးပါးတို့နှင့်။ သမ္မန္နာဂတော၊ ပြည့်စုံညီညွတ်သနည်း။ အသဒ္ဓေါ၊ သဒ္ဓါဘရားမရှိသည်။ ဟောတိ၊ ဖြစ်၏။ ဒုဿီလော၊ သီလမရှိသည်။ ဟောတိ၊ ဖြစ်၏။ ကောတုဟလမင်္ဂလိကော၊ ဒိဋ္ဌမင်္ဂလာ၊ သုတမင်္ဂလာ၊ မုတမင်္ဂလာနှင့် ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။ မင်္ဂလံ၊ မင်္ဂလာကို။ ပစ္စေတိ၊ ယုံကြည်၏။ ကမ္မံ၊ ကုသိုလ်ကံ-အကုသိုလ်ကံကို။ နော ပစ္စေတိ၊ မယုံကြည်။ ဣတော၊ ဤဘုရားရှင်သာသနာတော်မှ။ ဗဟိဒ္ဓါ၊ အပဉ္ဉာ။ ဒက္ခိဏေ့ယျံ၊ အလှူခံပုဂ္ဂိုလ်ကို။ ဂဝေသတိ၊ ရှာမှီး၏။ တတ္ထ၊ ထိုသာသနာတော်၏အပြင် ပဖြစ်သော အလှူခံပုဂ္ဂိုလ်၌။ ပုဗ္ဗကာရံ၊ လက်ဦးလှူခြင်းစသည်ကို။ ကရောတိ၊ ပြု၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ပဠုဟိ၊ ငါးပါးကုန်သော။ ဣမေဟိ ဓမ္မေဟိ၊ ဤတရားတို့နှင့်။ သမ္မန္နာ-ဂတော၊ ပြည့်စုံညီညွတ်သော။ ဥပါသကော၊ ဒါယကာသည်။ ဥပါသက စက္ခွာလောစ၊ ဒါယကာကျန်းသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဥပါသကာမလဠု၊ ဒါယကာညစ်သည်လည်း။ ဟောတိ၊ ဖြစ်၏။ ဥပါသက ပဋိကိဋ္ဌောစ၊ နိမ့်ကျစွာသော ဥပါသကာသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဤကား-အနက်။ အခြို့စာမျှင်း၌၊ (ဥပါသက ပဋိကုဋ္ဌော) ဟု ရှိတတ်ကြသည်။ (ဥပါသကာ ပဋိကိဋ္ဌောတိ၊ ဥပါသကပစ္ဆိမကော) ဟူသော၊ အဋ္ဌကထာပါဠိနှင့်-မညီပေ။)

ဥပါသက ရတန၊ ဥပါသက ပဒုမ၊ ဥပါသက ပုဏ္ဍရိကဖြစ်ပုံကို၊ ဤဆိုလတ္တံ့သော ပါဠိတော်ဖြင့်-သိအပ်၏။

ပဠုဟိ ဘိက္ခဝေ ဓမ္မေဟိ သမ္မန္နာဂတော ဥပါသကော၊ ဥပါသက ရတနဠု ဟောတိ၊ ဥပါသကပဒုမဠု၊ ဥပါသကပုဏ္ဍရိကဠု၊ ကတမေဟိ ပဠုဟိ၊ သဒ္ဓေါ-ဟောတိ၊ သီလဝါဟောတိ၊ နကောတုလဟ မင်္ဂလိကောဟောတိ။ ကမ္မံ ပစ္စေတိ နောမင်္ဂလံ၊ နှ ဣတော ဗဟိဒ္ဓါ ဒက္ခိဏေ့ယျံ ဂဝေသတိ၊ ဣဓေဝ ပုဗ္ဗကာရံ ကရောတိ၊ ဣမေဟိ ခေါ ဘိက္ခဝေ ပဠုဟိ ဓမ္မေဟိ သမ္မန္နာဂတော ဥပါသကော ဥပါသကရတနဠု ဟောတိ၊ ဥပါသကပဒုမဠု၊ ပါသကပုဏ္ဍရိကဠု။

ဘိက္ခဝေ၊ ရဟန်းတို့။ ပဠုဟိ၊ ငါးပါးကုန်သော။ ဓမ္မေဟိ၊ တရားတို့နှင့်။ သမ္မန္နာ-ဂတော၊ ပြည့်စုံညီညွတ်သော။ ဥပါသကော၊ ဒါယကာသည်။ ဥပါသကရတနဠု၊ နှစ်သက်အပ်သော ဒါယကာလည်သည်း။ ဟောတိ၊ ဖြစ်၏။ ဥပါသကပဒုမဠု၊ ပဒုမွာကြာ

သဖွယ် တင့်တယ်သော ဒါယကာသည်လည်း။ ပေါတိ၊ ဖြစ်၏။ ဥပါသကပုဏ္ဍရိကဥ္စ၊ ပုဏ္ဍရိက်ကြောအတူ ဖြူစင်သော အကျင့်ရှိသော ဒါယကာသည်လည်း။ ပေါတိ၊ ဖြစ်၏။ ကတမေဟိ ပဥ္စဟိ၊ အဘယ်မည်ကုန်သော တရား ငါးပါးတို့နှင့်။ သမ္မန္နာဂတော၊ ပြည့်စုံညီညွတ်သနည်း။ သဒ္ဓေါ၊ သဒ္ဓါတရားကြီးမားသည်။ ပေါ့တိ၊ ဖြစ်၏။ သီလဝါ၊ သီလရှိသည်။ ပေါကိ၊ ဖြစ်၏။ ကောတုဟလမင်္ဂလိကော၊ ဒိဋ္ဌ သုတ မုတ သုံးဖြာ မင်္ဂလာနှင့် ပြည့်စုံသည်။ နပေါတိ၊ မဖြစ်။ ကမ္မံ၊ ကုသိုလ်ကံ အကုသိုလ်ကံကို။ ပဲစ္စေတိ၊ ယုံကြည်၏။ မင်္ဂလံ၊ ဒိဋ္ဌ သုဘ မုဘ သုံးဖြာ မင်္ဂလာကို။ နောပစ္စေတိ၊ မယုံကြည်။ ဣတော၊ ဤသာသနာတော်မှ။ ဗဟိဒ္ဓါ၊ အပဉ္ဉ်။ ဒက္ခိဏေယျံ၊ အလှူခံပုဂ္ဂိုလ်ကို။ နဂဝေသတိ၊ မရှာမှီး။ ဣဓ-မေဝ၊ ဤသာသနာတော်၌သာလျှင်။ ပုဗ္ဗကာရံ၊ လက်ဦးပေးလှူခြင်းကို။ ကရောတိ၊ ပြု၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ပဥ္စဟိ၊ ငါးပါးကုန်သော။ ဣမေဟိ ခမေ့မဟိ၊ ဤတရားတို့နှင့်။ သမ္မန္နာဂတော၊ ပြည့်စုံညီညွတ်သော။ ဥပါသကော၊ ဒါယကာသည်။ ဥပါသက-ရတနဥ္စ၊ နှစ်သက်အပ်သော ဒါယကာသည်လည်း။ ပေါတိ၊ ဖြစ်၏။ ဥပါသကပဒုမဥ္စ၊ ပဒုမ္မာကြာသဖွယ် တင့်တယ်သော ဒါယကာသည်လည်း။ ပေါတိ၊ ဖြစ်၏။ ဥပါသက ပုဏ္ဍရိကဥ္စ၊ ပုဏ္ဍရိက်ကြောအတူ ဖြူစင်သော အကျင့်ရှိသော ဒါယကာသည်လည်း။ ပေါတိ၊ ဖြစ်၏။ ဤကား-အနက်။

(၇) ရတနာမြတ်သုံးပါးသို့ ဆည်းကပ်သောကြောင့် ဥပါသကာ၏အဖြစ်သို့ ရောက်ပြီးသောသူသည်၊ ဥပါသကာ ဂုဏ် (၁၀) ပါးနှင့် ပြည့်စုံညီညွတ်ရမည်။ ဥပါသကာဂုဏ် (၁၀) ပါးကို၊ ဤဆိုလတ္တံ့သော ပါဠိဖြင့် သိအပ်၏။

ဒသိမေ မဟာရာဇ ဥပါသကဿ ဥပါသကဂုဏာ၊ ကတမေ ဒသ၊

၁။ ဣဓ မဟာရာဇ ဥပါသကော သံဃေန သမာနသုခဒုက္ခော ဟောတိ၊

၂။ ဓမ္မာဓိပတေယျော ဟောတိ၊

၃။ ယထာဗလံ သံဝိဘာဂရတော ဟောတိ၊

၄။ ဇီနသာသန ပရိဟာနိံ ဒိသွာ ဝုဿိံ ဝါယမတိ၊

၅။ သမ္မာဒိဋ္ဌိကော ဟောတိ၊

၆။ အပဂတကောတုဟလမင်္ဂလိကော ဇီဝိတဟေတုပိ နာညံ သတ္ထာရံ ဥဒ္ဒိဿတိ၊

၇။ ကာယိကံ ဝါစသိကဥ္စ ရက္ခိတံ ဟောတိ၊

၈။ သမဂ္ဂရာမော ဟောတိ သမဂ္ဂရတော အနုသုယျကော ဟောတိ၊

၉။ နစ ကုဟနဝေသေန သာသနေ စရတိ၊

၁၀။ ဗုဒ္ဓံ သရဏံ ဂတော ဟောတိ၊ ဓမ္မံ သရဏံ ဂတော ဟောတိ၊ သံဃံ သရဏံ ဂတော ဟောတိ၊

ဣမေ ခေါ မဟာရာဇ ဥပါသကဿ ဥပါသကဂုဏာ။

မဟာရာဇ၊ သာဂလပြည့်ရှင် ဘုရင်မိလိန္ဒမင်းကြီး။ ဥပါသကာဿာ၊ သရဏကုံပန်း လှဘင့်ဆန်းကို ဆင်မြန်းတတ်စွာ ဒါယကာ၏။ ဥပါသက ဂုဏာ၊ ဒါယကာတို့ ဖွယ်ရာ ကျေးဇူး ဂုဏ်အထူးတို့သည်။ ဤမေဒသ၊ ဤဆယ်ပါးတို့တည်း။ ဒသ၊ ဒါယကာတို့ ဖွယ်ရာ ကျေးဇူး ဂုဏ်ဆယ်ဦးတို့ဟူသည်။ ကတမေ၊ အဘယ်တို့နည်းဟူမူကား။ **မဟာရာဇ၊ သာဂလ ပြည့်ရှင် ဘုရင်မိ*လိ*န္ဒမင်းကြီး။** ဤ၊ ဤသာသနာတော်၌။ ဥပါသကော၊ သရဏကုံပန်း၊ လှတင့်ဆန်းကို ဆင်မြန်းတတ်စွာ ဒါယကာသည်-

၁။ သံဃေန၊ သံဃာတော်နှင့်။ သမာန သုခဒုက္ခော၊ တူမျှသော ချမ်းသာ ဆင်းရဲ ရှိသည်။ ဟောတို့၊ ဖြစ်၏။

၂။ **ဓမ္မာဓိပတေယျော၊** တရားတော်ကိုသာ အကြီးအမူး၊ အဉီးပြုသည်။ ဟောတိ၊ ဖြစ်၏။

၃။ ယထာဗလံ၊ ဗလခွန်အား၊ စွမ်းပကားရှိသည်အလျောက်။ သံဝိဘာဂရတော၊ စွန့်ကြဲပေးကမ်း လှူဒါန်းခြင်း၌ မွေ့လျော်သည်။ ပေ၊ ဟောတိ၊ ဖြစ်၏။

၄။ ဇိနသာသနပရိဟာနိံ၊ ဘုရားမြတ်စွာ၊ သာသနာ၏၊ ရောင်ဝါမထိန်၊ ညှိုးမှိန်ပျက်ပြား၊ ရွှေ.များဆုတ်ယုတ်အံ့သည်ကို။ ဒိသွာ၊ မြင်၍။ ဝါ၊ မြင်သည်ရှိသော်။ ဝုဏ်ိ၊ တန္နေတခြား စည်ကားထွန်းတက်အောင်၊ ဝါယမတိ၊ အားထုတ်၏။

၅။ သမ္မာဒိဋ္ဌိကော၊ **အယူသန်စင်၊** ကောင်းမြတ်သော ဉာဏ်အမြင်ရှိသည်။ ဟောတိ၊ ဖြစ်၏။

၆။ **အပဂတကောတုဟလမင်္ဂလိကော၊** ဒိဋ္ဌ သုတ မုတ သုံးဖြာ မင်္ဂလာမှကင်း သည်ဖြစ်၍။ အည့်၊ သာသနာမှ တပါးဖြစ်သော။ သတ္ထာရံ၊ **အယူမမှန်** ဖောက်ပြန်ယွင်းမှား မိစ္ဆာဒိဋ္ဌဆရာများကို။ နဥဒ္ဒိဿတိ၊ ငါ့ကိုးကွယ်ရာ ငါ့ဆရာဟုမညွှန်း။

၇။ ကာယိကဉ္စ၊ ကိုယ်၌ဖြစ်သော ဒုစရိုက်ကံကိုလည်းကောင်း။ ဝါစသိကဉ္စ၊ နှုတ်၌ဖြစ်သော ဒုစရိုက်ကံကိုလည်းကောင်း။ ဂုတ္တိတံ၊ စောင့်ရှောက်သည်။ ဟောတိ၊ ဖြစ်၏။

၈။ သမဂ္ဂရာမော၊ **အညီအညွတ်ဖြစ်ခြင်း၌** မွေ့လျော်သည်။ ဟောတိ၊ ဖြစ်၏။ **သမဂ္ဂရတော၊ အညီအညွတ် ဖြစ်ခြင်း၌** နှစ်သက်သည်ဖြစ်၍။ အနုသုယျကော၊ လိုက်နာလွယ်သည်။ ဟောတိ၊ ဖြစ်၏။

၉။ ကုဟနဝေသန၊ အုံဩဖွယ်၏ အစွမ်းအားဖြင့်။ သာသနေန၊ သာသနာတော်၌။ နစရတိ၊ မကျင့်။

၁၀။ ဗုဒ္ဓံ၊ သုံးပါးသခင်၊ ဘုရားရှင်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂတော၊ **ဆည်းကပ်သည်။** ဟောတိ၊ ဖြစ်၏။ ဓမ္မံ၊ တရားတော်မြတ်ကို။ သရဏံ၊

ဒီဇင်္ဂကာသာပြန်စာပေပြန့်ပွားရေးအဖွဲ့ စာကြည့်တိုက်

ကိုးကွယ်ရာဟူ၍။ ဂတော၁၊ ဆည်းကပ်သည်။ ဟောတိ၊ ဖြစ်၏။ သံဃံ၊ သံဃာတော်မြတ်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂတော၁၊ ဆည်းကပ်သည်။ ဟောတိ၊ ဖြစ်၏။

မဟာရာဇ၊ သာဂလပြည့်ရှင် ဘုရင်မိလိန္ဒမင်းကြီး။ ဥပါသကာဃ၊ သရဏဂုံပန်း၊ လှူတင့်ဆန်းကို ဆင်မြန်းတတ်စွာ ဒါယကာ၏။ ဥပါသကဂုဏာ၊ ဥပါသကာ ဖွယ်ရာကျေး၌ဂူး ဂုဏ်အထူးတို့သည်။ ဤမေ ခေါ ဒသ၊ ဤ ၁၀-ပါးတို့ပေတည်း။ ဤကား အနက်။ဤဥပါသကာဂုဏ် (၁၀) ပါး ပါဠ်-အနက်ကို နှုတ်တက်အရဆောင်ကြလေ။

အခါတပါး၌ လက်ယာတော်ရံ အရှင်မဟာသာရိပုတ္တရာသည် ဘုရားထံ ချဉ်းကပ်၍ ဘုန်းတော်နေဝန်း ထွန်းလင်းတော်မူသော မြတ်စွာဘုရား၊ ယခုလောက၌ မျှားစွာကုန်ဆောင်း ကုန်ဖွယ်ကြုံစည်၍ အသက်မွေးကုန်သော သူတို့တွင် အချို့ကား ဆုံးပါးပါသည်၊ အချို့ကား စိတ်မှန်းသလောက်မပေါက်၊ အနည်းငယ်သာ မြတ်ပါသည်။ အချို့ကား စိတ်မှန်းသလောက်သာ မြတ်ပါသည်။ အချို့ကား စိတ်မှန်းသည်ထက် ပို၍ အမြတ်ထွက်ပါသည်၊ အဘယ်အကြောင်းကြောင့်ပါနည်းဟု လျှောက်ထားလေလျှင်-

ချစ်သား သာရိပုတ္တရာ ရှေးယောအခါ ဒါယကာတို့သည် ရဟန်းပုဏ္ဏားတို့သို့ ချဉ်းကပ်၍ အလိုရှိသော်အခါ လိုရာပစ္စည်းကို တောင်းတော်မူပါဟု ပစ္စည်းလေးပါးတို့ဖြင့် ဇိတ်ကြားကြကုန်၏၊ ချစ်သား သာရိပုတ္တရာ ရဟန်းပုဏ္ဏားတို့က ဖိတ်ကြားဖူးသော ပဝါရိတဒါယကာတို့ ဖြစ်ပေတကား၊ နှလုံးပြု၍ အလိုရှိသောပစ္စည်းမျှားကို တောင်းဆိုသောအခါ ထိုဒါယကာတို့တွင်-

၁။ အကြင်ဒါယကာသည် တတ်စွမ်းနိုင်သော စည်းစိမ်ခွန်အား စွမ်းပကားရှိပါလျက် မပေးလှူလို ကပ်ခိုရှောင်လွှဲ၍ နေခဲ့ဖူး၏။ ထိုဒါယကာသည် ယခုအခါ ရောင်းဝယ်ရာ၌ ဆုံးပါးရ၏။

၂။ အကြင်ဒါယကာသည် အလိုရှိသမျှ ပမာဏမှ နိမ့်ကျနည်းပါးသော ပစ္စည်းကိုသာ ပေးလှူခဲ့ဖူး၏၊ ထိုဒါယကာသည် ယခုအခါ ရောင်းဝယ်ရာ၌ စိတ်မှန်းတိုင်းမပေါက်၊ အနည်းငယ်လောက်သာ မြတ်၏။

၃။ အကြင်ဒါယကာသည် အလိုရှိသမျှ ပမာဏဖြင့် လောက်ငတော်တန်ရုံသာ လှူဒါန်းခဲ့ဖူး၏၊ ထိုဒါယကာသည် ယခုအခါ ရောင်းဝယ်ရာ၌ စိတ်ကြံစည် ရည်ရွယ်သလောက်သာ မြတ်၏။

၄။ အကြင်ဒါယကာသည် အလိုရှိသမျှ ပမာဏထက် ကြွတက်ပိုမို၍ လှူဒါန်းဖူး၏၊ ထိုဒါယကာသည် ယခုအခါ ရောင်းဝယ်ရာ၌ စိတ်ကြံစည် ရည်ရွယ်သည်ထက် ကြွတက်ပိုမောက်၍ မြတ်၏ဟု အရှင် မဟာသာရိပုတ္တရာ၏ အမေးကို ဘုရားရှင်သည် ဖြေကြားတော်မူလေသည်။

စာကြည့်တိုက်
ပိဋကတ်သာသနာပြန်စာပေ
ဖြန့်ချိရေးအဖွဲ့

ဤသို့ လက်ယာရုံဖြစ်တော်မူသော အရှင်မဟာသာရိပုတ္တရာအား မြတ်စွာဘုရား ဖြေကြားတော်မူအပ်သော စတုကအင်္ဂုတ္တရ၊ အပဏ္ဏကဝဂ်၊ ဝါဏိဇသုတ် ဒေသနာတော်ကို အသေအချာ ကောင်းစွာမှတ်သား၍ ယခုကာလ၌ ကျောင်းကန်ဆောက်လုပ်၍ ပစ္စည်းလေးပါးတို့ဖြင့် ဖိတ်ကြားပြီးလျှင် ရဟန်းသံဃာတို့၏ ပဝါရိတဒါယကာ ပြုလုပ်ကုန်သော ဥပါသကာ-ဥပါသိကာတို့သည် ဝါဏိဇသုတ်လာ ပဝါရိတာ ဒါယကာလေးဦးတို့တွင် စတုတ္ထ ပဝါရိတ ဒါယကာနှင့်တူအောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်ကြလေကုန်။

ဥပါသကာပြီး၏။

(၈) ဒါနကုသိုလ်ကို အားထုတ်လိုသော ဥပါသကာသည် ရှေးဦးစွာ ပုညဝယုဟနတရား ၆-ပါးကို မှတ်သားနားလည်စေရမည်။ ပုညဝယုဟနတရား ၆-ပါးဟူသော်ကား သယံကာရ၊ ပရံကာရ၊ သာဟတ္ထိက၊ အာဏတ္တိက၊ သမ္ပဇာနက၊ အသမ္ပဇာနက ဟူ၍ ၆ ပါး အပြားရှိ၏။ ထို ၆-ပါးတို့တွင်-

၁။ လိုလိုချင်ချင် မိမိသဘောအလျောက် အားထုတ်ပြုလုပ်အပ်သော ကုသိုလ်သည် (သယံကာရ) မည်၏။

၂။ သူတပါးကို ပြုလုပ်သည်ကိုမြင်၍ အားထုတ်ပြုလုပ်အပ်သော ကုသိုလ်သည် (ပရံကာရ) မည်၏။

၃။ မိမိကိုယ်တိုင် တတ်နိုင်သမျှ ပြုလုပ်အားထုတ်အပ်သော ကုသိုလ်သည် (သာဟတ္ထိက) မည်၏။

၄။ သူတပါးအားစေခိုင်း၍ အားထုတ်ပြုလုပ်သောကုသိုလ်သည် (အာဏတ္တိက) မည်၏။

၅။ ကံ-ကံ၏အကျိုးကို ယုံကြည်၍ အားထုတ်ပြုလုပ်အပ်သော ကုသိုလ်သည် (သမ္ပဇာနက) မည်၏။

၆။ ကံ-ကံ၏အကျိုးကို မယုံကြည်ပဲ အားထုတ်ပြုလုပ်အပ်သော ကုသိုလ်သည် (အသမ္ပဇာနက) မည်၏။

ဤသို့ မျှားစွာသော ကုသိုလ်တရားတို့နှင့်ဆက်ဆံသော ပုညဝယုဟနတရား ၆-ပါးကို ရှေးဦးစွာ သိထားအပ်၏။ ထိုသို့ သိပြီးလျှင် မည်သည့်ကုသိုလ်မျိုးမဆို အားထုတ်ပြုလုပ်သော အခါ သယံကာရ၊ သာဟတ္ထိက၊ သမ္ပဇာနက၊ ဤသုံးပါးတို့နှင့် ညီညွတ်စွာ အားထုတ်ပြုလုပ်ကြရမည်။ အားထုတ်နိုင်ကြပါစေ။ ပရံကာရ၊ သာဟတ္ထိက၊ သမ္ပဇာနက သုံးပါးနှင့် ညီညွတ်လျှင်လည်း သင့်ကန်သေး၏။ အသမ္ပဇာနကသို့ကား မကျမရောက်ရအောင် သတိအထူးရှိကြပါစေကုန်။ ဤ ၆-ပါးတို့သည်ကား အင်္ဂသာလိနီကျမ်းထွက်ဖြစ်သည်။

ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် သယံကာရ၊ သာဟတ္ထိက၊ သမ္ပဇာနက သုံးပါးနှင့်ညီညွတ်စွာ အားကုတ်အပ်သောဒါနသည် စေတနာဒါန၊ ဝတ္ထုဒါနဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါး

တို့တွင် လူကြောင်းဖြစ်သော စေတနာစေတသိက်သည် (စေတနာဒါန) မည်၏။ ထိုစေတနာသည်လည်း ပုဗ္ဗစေတနာ၊မုဉ္စစေတနာ၊ အပရစေတနာဟူ၍ သုံးပါးအပြားရှိ၏။ ထိုသုံးပါးတွင်-

၁။ အလှူဝတ္ထုကို ဆည်းပူးရှာမှီးသည်မှစ၍ မလှူရသေးမီ ရှေးအဖို၌ အလှူပေးအံ့ဟု ကြံသောသူ၏စေတနာသည် (ပုဗ္ဗစေတနာ) မည်၏။

၂။ အလှူခံပုဂ္ဂိုလ်၏လက်သို့ ကပ်လှူဆဲအခါ၌ ဖြစ်သောသူ၏ စေတနာသည် (မုဉ္စစေတနာ) မည်၏။

၃။ လှူပြီးသောနောက်၌ ဝမ်းမြောက်သဖြင့် ငါသည် လှူရပေပြီဟု ဆင်ခြင်သောသူ၏ စေတနာသည် (အပရစေတနာ) မည်၏။ ဤသုံးပါးတို့တွင် အပရစေတနာ တွန့်တိုတတ်သည်။ အပရစေတနာတွန့်တိုလျှင် အကျိုးပေးသောအခါ၌ မျှားစ့ာ ပစ္စည်းရှိသော်လည်း မိမိမ့စားရ၊ မဝတ်ရုံပဲ ရှိတတ်သည်။

တနည်း။ ။ဉာဏသမ့ယုတ္တဒါန၊ ဉာဏဝိပ့ယုတ္တဒါနဟူ၍ နှစ်ပါး အပြားရှိ၏။ ထို ၂-ပါးတွင်-

၁။ ကံ ကံ၏အကျိုးကို သိမြင် ပညာဖြင့်ဆင်ခြင်၍ ပေးလှူသောသူ၏ စေတနာသည် (ဉာဏသမ့ယုတ္တ-စေတနာ) ဒါနမည်၏။

၂။ ကံ ကံ၏ အကျိုးကိုမျှ မသိမမြင် မဆင်ခြင်ပဲ ပေးလှူသောသူ၏ စေတနာသည် (ဉာဏဝိပ့ယုတ္တ-စေတနာဒါန) မည်၏။

(စေတနာဒါန ပြီး၏။)

ဝတ္ထုဒါနသည်လည်း အာမိသဒါန၊ ဓမ့မဒါနဟူ၍ ၂-ပါး အပြားရှိ၏။

ထို ၂-ပါး တို့တွင်-

(က) သုတ္တန် ဒေသနာတော်၌ လာသော ထမင်း၊ အဖျော်၊ အဝတ်၊ ယာဉ်၊ ပန်းနံ့သာ၊နံ့သာပျော်း၊ အိပ်ရာ၊နေရာ၊ကျောင်း၊ ဆီမီးဟု ဆိုအပ်သော အလှူဝတ္ထု (၁၀) ပါးကို လည်းကောင်း၊

(ခ) ဝိနည်းဒေသနာတော်၌လာသော သင်္ဃန်း၊ ဆွမ်း၊ ကျောင်း၊ ဆေး ဟု ဆိုအပ်သော အလှူဝတ္ထု ၄-ပါးကို လည်းကောင်း၊

(ဂ) အဘိဓမ္မာ ဒေသနာတော်၌လာသော ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံဟု ဆိုအပ်သော အလှူဝတ္ထု ၆-ပါးကို လည်းကောင်း ပေးလှူခြင်းသည် အာမိသဒါန မည်၏။

နိဗ္ဗာန်သို့ရောက်စေခြင်းငှာ သူတပါးအား တရားဟောခြင်း ပေးခြင်းသည် ဓမ့မဒါန မည်၏။ ယခုကာလ အလှူအိမ် မသာအိမ် စသည်တို့၌ သူ့ထက်ငါ သာဉီးသာစေမည်ဟု ဝက်

နားရွက်လု ပြောသော ဒါယကာတို့မှာ ဓမ္မဒါန မမည်။ ပစ္စည်းကိုသာ အာသးငမ်းငမ်းစွဲလမ်း တောင့်တ၍လည်းကောင်း။ မတတ် တတ်ယောင် ဟန်ပန်ဆောင်ရွက်၍ လည်းကောင်း ဟော ပြောကြသော ရဟန်းတို့မှာ မိစ္ဆာဇီဝမှ မလွတ်ပေ။

တနည်း။ ။သက္ကစ္စဒါန၊ အသက္ကစ္စဒါန ဟူ၍ ၂-ပါး အပြားရှိ၏။ ထို ၂-ပါးတွင်–

၁။ အလှူဝတ္ထုကို သန့်ရှင်းစင်ကြယ် ကောင်းမွန်သပ်ရပ်အောင် ပြုလုပ်စီမံ၍ ကောင်းမွန်တင့်တယ်သောနေရာကို ပြုလုပ်ပြီးလျှင် ထိုနေရာ၌ အလှူခံပုဂ္ဂိုလ်ကို တည်နေစေ၍ ပေးလှူသောသူ၏ ဒါနသည် (သက္ကစ္စဒါန) မည်၏။

၂။ အလှူဝတ္ထုကို ယုံ ဝါ-တုံ ဝါ၊ ဟုတ်ဟုတ်ပြောင်းပြောင်း ဖြစ်ကတတ်ခြာန်း ပြုလုပ်၍ အလှူခံပုဂ္ဂိုလ်ကိုလည်း မကောင်းသောနေရာ၌ တည်နေစေ၍ ပေးလှူသော သူ၏ ဒါနသည် (အသက္ကစ္စဒါန) မည်၏။

တနည်း။ ။ဒါန ဒါသ၊ ဒါနသဟာယ၊ ဒါနသာမိ- ဟူ၍ သုံးပါးအပြားရှိ၏။

ထို ၃-ပါးတို့တွင်–

၁။ မိမိသုံးဆောင်သည့်အောက် ယုတ်ညံ့သော ဝတ္ထုကို ပေးလှူသောသူ၏ ဒါန သည် (ဒါနဒါသ) မည်၏။

၂။ မိမိသုံးဆောင်အပ်သည်နှင့် တူမျှသောဝတ္ထုကို ပေးလှူသောသူ၏ ဒါနသည် (ဒါနသဟာယ) မည်၏။

၃။ မိမိသုံးဆောင်အပ်သည်ထက် မွန်မြတ်သော အလှူဝတ္ထုကို ပေးလှူသော သူ၏ ဒါနသည် (ဒါနသာမိ) မည်၏။ ထိုဆိုအပ်ခဲ့ပြီးသော ဒါနတို့တွင် ဉာဏသမ္ပယုတ္တဒါန၊ ဓမ္မဒါန၊ သက္ကစ္စဒါန၊ ဒါနသာမိတို့သည် အကျိုးပေး လွန်မြတ်၏။

(၉) ဤမှ အထက်၌ ဆိုလတ္တံ့သော ဒါနတို့ကို အာဂုံနှုတ်တက် ဆောင်ရွက်မှတ်သား ကြစေလိုသောကြောင့် ပါဠိ-အနက် အပြည့်အစုံကို ရေးသားလိုက်ပေအုံ့။

အဋ္ဌိမာနိ ဘိက္ခဝေ ဒါနာနိ၊ ကတမာနိအဋ္ဌ၊ အာသဇ္ဇဒါနံဒေတိ၊ ဘယာဒါနံ ဒေတိ၊ အဒါသိမေတိ ဒါနံဒေတိ၊ ဒဿတိမေတိ ဒါနံဒေတိ၊ သာဟုဒါနန္တိ ဒါနံဒေတိ၊ အဟံပစာမိ ဇ္ဈမေ နပစန္တိ၊ နာရဟာမိ ပစန္တော အပစန္တာနံ အဒါတုန္တိ ဒါနံ ဒေတိ၊ ဇ္ဈမံ မေ ဒါနံ ဒဒတော ကလ္လာဏော ကိတ္တိသဒ္ဒေါ အဗ္ဘုဂ္ဂစ္ဆတီတိ ဒါနံဒေတိ၊ စိတ္တာလင်္ကာရ စိတ္တပရိက္ခာရတ္ထံ ဒါနံဒေတိ၊ ဇ္ဈမာနိ ခေါ ဘိက္ခဝေ အဋ္ဌဒါနာနိ။ (အင်္ဂုတ္တရ ပါဠိတော်)။

ဘိက္ခဝေ၊ ငါ့ရှင်တော်ဖွား ရဟန်းများတို့။ ဒါနာနိ၊ အလှူတို့သည်။ ဇ္ဈမာနိအဋ္ဌ၊ ဤရှစ်ပါးတို့တည်း။ အဋ္ဌ၊ ရှစ်ပါးကုန်သော ဒါနတို့ဟူသည်။ ကတမာနိ၊ အဘယ်သည်တို့ နည်း ဟူမူကား။

၁။ အာသဇ္ဈ၊ ခဏဆိုင်းငံ့ ရပ်တန့်စေကာ ကောင်းစွာစီရင်၊ ကောင်းစွာပြင်၍၊ ဒါနံ၊ အလှူကို။ ဒေတိ၊ ပေးလှူ၏။

၂။ ဘယာ၊ ကဲ့ရဲ့အံ့သော အပါယ်ဘေးမှ မျော်တွေးကြောက်လန့်၍။ ဒါနံ၊ အလှူကို။ ဒေတော်၊ ပေးလှူ၏။

၃။ ဧသော၊ ဤသူသည်။ မေ၊ ငါ့အား။ အဒါသိ၊ ပေးလှူဖူးပြီ။ ဣတိ၊ ဤသို့ ဉာဏ်ယှဉ်၊ ကျေးဇူးတင်၍။ ဒါနံ၊ အလှူကို။ ဒေတိ၊ ပေးလှူ၏။

၄။ ဧသော၊ ဤသူသည်။ မေ၊ ငါ့အား။ ဒဿတိ၊ ပေးလတ္တံ့။ ဣတိ၊ ဤသို့-နောင်ရေး၊ မျော်ထောက်တွေး၍။ ဒါနံ၊ အလှူကို။ ဒေတိ၊ ပေးလှူ၏။

၅။ ဒါနံ၊ ပေးကမ်းလှူဒါန်းခြင်းသည်။ သာဟု၊ ဘုရားမြတ်စွာ စိန္တေယျာတို့သည် များစွာချီးမွမ်းတော် မူအပ်သဖြင့် ထူးမြတ်ကောင်းမှုနဲ့လှပေ၏။ ဣတိ၊ ဤသို့-ဉာဏ်မိ ကောင်းစွာသိ၍။ ဒါနံ၊ အလှူကို။ ဒေတိ၊ ပေးလှူ၏။

၆။ အဟံ၊ ငါသည်။ ပစာမိ၊ ချက်ပြုတ်ရ၏။ ဝါ၊ ချက်နိုင်၏။ ဣမေ၊ ဆင်းရဲနွမ်းပါး ဤသူများတို့သည်။ နပစန္တိ၊ မချက်ပြုတ်ရကုန်။ ဝါ၊ ချက်စရာမရှိကုန်။ ပစန္တော၊ ချက်ပြုတ်ရသောငါသည်။ အပစန္တာနံ၊ ချက်ပြုတ်စရာမရှိသဖြင့် မချက်ရကုန်သော သူဆင်းရဲတို့အား။ ဒါတုံ၊ မစ္ဆေရဘေး ဖုံးအုပ်မှေးသဖြင့် မပေးပဲနေခြင်းငှာ။ နာဟာရာမိ၊ မထိုက်သင့်ပါတကား။ ဣတိ၊ ဤသို့-ထောက်ညှာ ကရုဏာရှိသည်ဖြစ်၍။ ဒါနံ၊ အလှူကို။ ဒေတိ၊ ပေးလှူ၏။

၇။ ဣမံ ဒါနံ၊ ဤအလှူကို။ ဒဒတော၊ ပေးလှူသော။ မေ၊ ငါ၏။ ကလျာဏော၊ ကောင်းမြတ်သော။ ကိတ္တိသဒ္ဒေါ၊ ကျော်စောသော အသံသည်။ အဘ္ဘုဂ္ဂစ္ဆတိ၊ ပြဟ္မာ့ဘုံထိ-နှံ့နိုင်၏။ ဣတိ၊ ဤသို့ဆင်ခြင် ဉာဏ်ဖြင့်မြင်၍။ ဒါနံ၊ အလှူကို။ ဒေတော်၊ ပေးလှူ၏။

၈။ စိတ္တာလင်္ကာရ စိတ္တပရိက္ခာရတို့၊ သမထ-ဝိပဿနာ-ဘာဝနာ စိတ်၏တန်ဆာ၊ ဘာဝနာစိတ်၏ အရံအတားအကျိုးငှာ။ ဒါနံ၊ အလှူကို။ ဒေတိ၊ ပေးလှူ၏။ ဘိက္ခဝေ၊ သံသရာရှည်ဝေး လာမည့်ရေးကို ဘေးဟုရှုတတ် ချစ်သားမြတ်တို့။ ဒါနာနိ၊ အလှူတို့သည်။ ဣမာနိ ခေါအဋ္ဌ၊ ဤ-ရှစ်ပါးတို့တည်း။ ဤကား-အနက်။ ဤရှစ်ပါးတို့တွင် စိတ္တာလင်္ကာရ စိတ္တပရိက္ခာရဒါနသည် အမြတ်ဆုံးဖြစ်သည်။

စာဂါနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းလို၍ ပေးလှူသောသူ၏ ဒါနသည် သမထ-ဘာဝနာ၏တန်ဆာ အကာအရံဖြစ်သည်။ ယခု ငါလှူအပ်သော အလှူဝတ္ထုသည် လည်းကောင်း၊ လှူကြောင်း စေတနာသည်လည်းကောင်း၊ လှူတတ်သော ငါသည်လည်းကောင်း၊ အလှူခံပုဂ္ဂိုလ်သည်လည်းကောင်း ကုန်တတ် ပျက်တတ်သောသဘောကြောင့် အနိစ္စ-အနိစ္စ။

ဇာတိစသော ဘေးနှင့်မကင်း၊ ဆင်းရဲခြင်းသဘောကြောင့် ဒုက္ခ-ဒုက္ခ။ ငါ၏လိုရာ ဧလိုက်ပါတဘ်ဆသောကြောင့်၊ အနတ္တ-အနတ္တဟူ၍ လက္ခဏာရေးသုံးပါးကို တင်စားသုံးသပ်၍ လည်းကောင်း၊ အပရကာလ၌ သုံးသပ်ဆင်ခြင်လိုရှိလည်းကောင်း၊ ပေးလှူသော သူ၏ ဒါနသည် ဝိပဿနာ ဘာဝနာ၏တန်ဆာ၊ အကာအရုံဖြစ်၏။

ယခုအခါ သာသနာတော်အတွင်း၌ ကမ္မာသခေ်ၚနေ့၍လည်း ရနိုင်ခဲလှစွာသော လူ၏အဖြစ်ကို ရကြသည့်အခါ သဒ္ဓါလုက-ဓမ္မမာမက ဖြင့်ကြကုန်သော ဥပါသကာ ဥပါသိကာတို့သည် ဤစိတ္တာလင်္ကာရ စိတ္တပရိက္ခာရ ဒါနကုသိုလ်မျိုးကို စိုက်ပျိုးပစ်ချကြပါကုန်။

တနည်းလည်း။ ။သပ္ပုရိသဒါန၊ အသပ္ပုရိသဒါနဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် သူတော်ကောင်းတို့ ပေးလှူအပ်သောအလှူသည် (သပ္ပုရိသဒါန) မည်၏။ သူတော်မဟုတ် သူယုတ်မာတို့ ပေးလှူအပ်သော အလှူသည် (အသပ္ပုရိသဒါန) မည်၏။ သပ္ပုရိသဒါနကို ဤဆိုလတ္တံ့သော ပါဠိတော်ဖြင့်သိအပ်၏။

အဋ္ဌမာနိ ဘိက္ခဝေ သပ္ပုရိသဒါနာနိ၊ ကတမာနိအဋ္ဌ၊ သုစိံ ဒေတိ၊ ပဏီတံ ဒေတိ၊ ကာလေနဒေတိ၊ ကပ္ပိယံ ဒေတိ၊ ဝိစေယျ ဒေတိ၊ အဘိက္ခဏံ ဒေတိ၊ ဒဒံ စိတ္တံ ပသာဒေတိ၊ ဒတ္ဝာ အတ္တမနောဟောတိ၊ ဣမာနိ ခေါ ဘိက္ခဝေ အဋ္ဌသပ္ပုရိသ ဒါနာနိ၊ (အဋ္ဌဂုံတ္တရပါဠိတော်)။

ဘိက္ခဝေ၊ သံသရာဝဋ်၌ တဏှာညွတ်မှ ထွက်လွတ်ရလို ငါဘုရားသည့် အိုး-ရဟန်းတို့။ သပ္ပုရိသဒါနာနိ၊ သူတော်ကောင်းတို့၏ အလှူတို့သည်။ ဣမာနိအဋ္ဌ၊ ဤရှစ်ပါးတို့တည်း။ အဋ္ဌ၊ ရှစ်ပါးကုန်သော သပ္ပုရိသဒါနတို့ဟူသည်။ ကတမာနိ၊ အဘယ်သည်တို့နည်း ဟူမူကား။

၁။ သုစိံ၊ ညစ်ကြေးမထင်၊ သန့်ရှင်းစင်သော အဆင်းရှိသောဝတ္ထုကို။ ဒေတိ၊ ပေးလှူ၏။

၂။ ပဏီတံ၊ ကောင်းမြတ်လှန်စွာ၊ အရသာရှိသော ဝတ္ထုကို။ ဒေတို့၊ ပေးလှူ၏။

၃။ ကာလေန၊ လှူချိန်အခွင့်၊ လှူရေးသင့်သောအခါ၌။ ဒေတိ၊ ပေးလှူ၏။

၄။ ကပ္ပိယံ၊ ရဟန်းတို့အား အပ်သောဝတ္ထုကို။ ဒေတိ၊ ပေးလှူ၏။

၅။ ဝိစေယျ၊ အလှူခံပုဂ္ဂိုလ်၊ အလှူဝတ္ထုတို့၌၊ ကောင်း-ဆိုး-ယုတ် မြတ်ကို ရွေးချယ်စီစစ်၍။ ဒေတိ၊ ပေးလှူ၏။

၆။ အဘိက္ခဏံ၊ မပြတ်မလပ်။ ဒေတိ၊ ပေးလှူ၏။

၇။ ဒဒံ၊ လှူဆဲ-လှူစဉ်။ စိတ္တံ၊ မိမိစိတ်ကို။ ပသာဒေတိ၊ သဒ္ဓါတရားနှင့် ယှဉ်စေ၏။ ဝါ၊ ကြည်စေ၏။

၈။ ဒတ္ဝာ၊ ပေးလှူပြီး၍။ အတ္တမနော၊ ရွှင်မြောဝမ်းသာသည်။ ဟောတိ၊ ဖြစ်၏။

ဘိက္ခဝေ၊ ဘေးကိုရှုစား ငါ့ရင်ဖွားတို့။သပ္ပုရိသဒါနာနိ၊ သူတော်ကောင်းတို့၏ အလှူသည်။ ကုမာနိခေါ အဋ္ဌ၊ ကျွန်ုပ်ပါးတို့ပေတည်း။ ကျိကား-အာနက်။ ဤသပ္ပုရိသဒါနရှစ်ပါးကို၊ ဗျတိရိက်ပြု၍။ ဝါ၊ ပြောင်းပြန် ပြန်၍၊ အသပ္ပုရိသဒါနကို သိအပ်၏။

ဤသပ္ပုရိသဒါန(၈) ပါးတို့တွင်၊ "သုစိ ဒေတိ၊ ပဏီတံ ဒေတိ"ဟူသော ၂-ပုဒ်သည် ထင်ရှားသဖြင့် သိလွယ်၏။ "ကာလေန ဒေတိ" ဟူသော ပါဠိ၌ ကာလဒါနသည် ငါးပါးရှိ၏။ ငါးပါး၏သရုပ်ကို ဤဆိုလတ္တံ့သော ပါဠိတော်ဖြင့် သိလေ။

ပဋိမာနိ ဘိက္ခဝေ ကာလဒါနာနိ၊ ကတမာနိ ပဉ္စ၊ အာဂန္တုကာယ ဒါနံ ဒေတိ၊ ဂမိကာယ ဒါနံ ဒေတိ၊ ဂိလာနာယ ဒါနံ ဒေတိ၊ ဒုဗ္ဘိက္ခေ ဒါနံ ဒေတိ၊ ယာနိတာနိ နဝသဿာနိ-နဝဖလာနိ တာနိ ပဌမံ သီလဝန္တေသု ပတိဋ္ဌာပေတိ၊ ကုမာနိခေါ ဘိက္ခဝေ ပဉ္စကာလ ဒါနာနိ။ (ပဉ္စအင်္ဂုတ္တရပါဠိတော်)

ဘိက္ခဒဝေ၊ တဏှာလက်သမား ဆောက်လုပ်ထားသည့် ငါးပါးနာဝမ်ရုပ် အကောင်ပုပ်ကို စက်ဆုပ်တတ်ငြား အို-ချစ်သားတို့။ ကာလဒါနာနိ၊ လျောက်ပတ်အခါ ပေးလှူရာကုန်သော အလှူတို့သည်။ ကုမာနိပဉ္စ၊ ဤငါးပါးတို့တည်း။ ပဉ္စ၊ ငါးပါးတို့ဟူသည်။ ကတမာနိ၊ အဘယ်သည်တို့နည်း ဟူမူကား။

၁။ အာဂန္တုကာယ၊ လည့်သည် ရဟန်းအား။ ဝါ၊ အာဂန္တုအား။ ဒါနံ၊ အလှူကို။ ဒေတိ၊ ပေးလှူ၏။

၂။ ဂမိကာယ၊ ခရီးသွားမည်ရှိသော ရဟန်းအား။ ဒါနံ၊ အလှူကို။ ဒေတိ၊ ပေးလှူ၏။

၃။ ဂိလာနာယ၊ နာဖျားမကျန်း ပင်ပန်းသော ရဟန်းအား။ ဒါနံ၊ အလှူကို။ ဒေတိ၊ ပေးလှူ၏။

၄။ ဒုဗ္ဘိက္ခေ၊ ထမင်းနည်းပါး၊ ငတ်မွတ်ရှားသော ကာလ၌။ ဝါ၊ ငတ်ရှားသော သူအား။ ဒါနံ၊ အလှူကို။ ဒေတိ၊ ပေးလှူ၏။

၅။ ယာနိတာနိ၊ အကြင်သို့ သဘောရှိကုန်သော။ နဝသဿာနိ၊ ကောက်ဦးတို့သည် လည်းကောင်း။ နဝဖလာနိ၊ သီးဦးတို့သည် လည်းကောင်း။ အတ္ထိသန္တိ၊ ရှိကုန်၏။ တာနိ၊ ထိုကောက်ဦး သီးဦးတို့ကို။ သီလဝန္တေသု၊ သီလရှိကုန်သော ပုဂ္ဂိုလ်တို့၌။ ပတိဋ္ဌာပေတိ၊ တည်စေ၏။ ဘိက္ခဝေ၊ လာလတ္တံ့ရေး သံသရာဘေးကို ရှုတွေးတတ်ငြား၊ အို....ချစ်သားတို့။ ကာလဒါနာနိ၊ လျောက်ပတ်အခါ ပေးလှူရာကုန်သော ဒါနတို့သည်။ ကုမာနိခေါပဉ္စ၊ ဤငါးပါးတို့တည်း။ ဤသို့-ကာလဒါနငါးပါးကိုမှတ်။

အညာတကောဏ္ဍည မထေရ်သည် အဖုံးဦး၊ မုန့်ဆန်းဦး၊ ရိတ်ဦး၊ လက်ဆုပ်ဦး၊ လှိုင်းဦး၊ တလင်းဝင်ဦး၊ နယ်ဦး၊ ခြင်ဦး၊ ကျီရောက်ဦးဟု ဆိုအပ်ကုန်သော ကောက်ဦး ၉-ကြိမ် လှူခဲ့ဖူးသောကြောင့် ဂေါတမ ဂျင်ဘော်ဘုရား ပွင့်တော်မူသောအခါ လက်ဦး

ဖူးတွေ့ရ၍ လက်ဦးအကျတ်တရားကို ရတော်မူလေသည်။ ယင်းသို့ ဖြစ်၍ ယခုအခါလည်း ဥပါသကာ ဥပါသိကာတို့သည် ကောက်ဦး၊ ပဲဦး၊ သီးဦးတို့ကို လှူသင့်လှပေသည်။ ဤဆိုအပ်ခဲ့ပြီးသည်ကား ကာလေန ဒေတိ ဟူသော တတိယကာလဒါန၌ မှတ်သားဖွယ်တည်း။

ကပ္ပိယံဒေတိ-ဟူသော စတုတ္ထကာလဒါန၌ ရဟန်းတို့အား အပ်သော ကပ္ပိယဝတ္ထုကို လှူမှသာ သပ္ပုရိသဒါန ဖြစ်နိုင်မည်။ မအပ်သော အကပ္ပိယဝတ္ထုကို လှူမိလျှင် အသပ္ပုရိသဒါနဖြစ်မည်။ ထိုကြောင့် ကပ္ပိယဝတ္ထု အကပ္ပိယဝတ္ထုတို့ကို ဆိုဦးအံ့။

(က) ရွှေ-ငွေ-စပါးမျိုး ၇-ပါး၊ ရတနာ ၁၀-ပါး၊ ကျွဲ-နွား သားစိမ်း ငါးစိမ်းတို့ကို ရဟန်းတို့သည် အလှူမခံအပ်။

(ခ) ထီးရွက်အတွင်း အပြင်တို့၌ အထူးထူးအဆင်းရှိသော ချည်တို့ဖြင့်ချုပ်၍ အပြေအပြစ်ပြုသော် မအပ်။ တခုတည်းသော အဆင်းရှိသော ချည်ဖြင့် ခရိုင်၌ ခိုင်စေခြင်းငှာ ချုပ်အပ်၏။ အဆင်းလှုပစေခြင်းငှာ မအပ်။ ထီးရွက်၌ မကာရ်းသွား (ခွေးသွားစိတ်) သဏ္ဌာန်-လခြမ်းသဏ္ဌာန်ဖြတ်လျှင် မအပ်။ ထီးရိုး၌ ကြာသွတ်အိုး (ညောင်ရေအိုး) ပုံ၊ သစ်ကျား စသော သားရဲရုပ်တို့ကို ပွတ်တိုက် တပ်ဆင်သော် မအပ်။ ထီးရိုးအောက်စွန်း၌ မို ငုံသဏ္ဌာန် တခုသာအပ်၏။ ကြာသွတ်အိုး၊ သားရဲရုပ် ပွတ်တိုက်ထားသည်ကို ဖြတ်၍ ဆောင်းအပ်၏။

(ဂ) သင်္ကန်း၌ ငါးခန်း စသည် ပြတ်အောင် မဖြတ်သောသင်္ကန်း၊ မဆိုးသောသင်္ကန်း၊ မအပ်သော နဒွင်း၊ တောင်ပိန္ဒဲ- ဝါ- ပိန္ဒဲနွယ်၊ ထောက်ရုတ်ခေါက်၊ ကြပိုင်ခေါက်၊ ဝါ-မတမခေါက်၊ မဲရွက်-ဒန်းရွက်၊ ဝတ်ပန်းပွင့်၊ ပေါက်ပွင့်တို့ဖြင့် ဆိုးအပ်သောသင်္ကန်း။ ဆိုးရည်၌ ဆီ-နံ့သာ ခါတ်ထည့်၍ ဆိုးအပ်သောသင်္ကန်း။ လူတို့ အင်္ကျီ-ပုဆိုးကဲ့သို့ မီးအိုး-မီးပူတိုက်သော သင်္ကန်း၊ အထူးထူးသော အဆင်းရှိသည့် ချည်ဖြင့် ချုပ်အပ်သော သင်္ကန်း။ ကင်းခြေမျှား မြင်းဇက်ခွသဏ္ဌာန် စသော ဖောက်ပြန်သော အပ်အမှုရှိသော သင်္ကန်း။ အနားပတ်ဆုရာအဝ၊ ထောင့် ၄-ခု၊ အနားပတ်စွန်းတို့၌ ပြောင်းနှံ့သဏ္ဌာန်၊ သံကွင်းဆက်သဏ္ဌာန် ချုပ်အပ်သော သင်္ကန်းတို့သည် မအပ်။ ပကတိရိုးရိုးသာ ချုပ်အပ်၏။ အနားပတ်သီးအိမ်၊ အနားပတ်ကွင်းအိမ်တို့၌ ၄-ထောင့်သာ အပ်သည်။ ၆ ထောင့်၊ ရှစ်ထောင့်၊ စေတီ၊ တံစူး၊ ဆောက်ပုတ် (လက်ရိုက်) သဏ္ဌာန်တို့ကား မအပ်။ ခါးပန်းကြိုး၌ ခြူးပန်း ခြူးနွယ်၊ ဆင်မျက်ကွင်း စသော အပြေအပြစ်ဟူသမျှ မအပ်။ ၂ ထပ်ကြိုးဖြင့် ပြောလုံးသဏ္ဌာန်ပြု၍ ယခုကာလ အခါ့ိုသော ခါးပန်းကြိုးတို့၌ ထည့်၍ ရက်လုပ်ပါသည်။ ဒိဂုဏသုတ္တာဖြစ်၍ မအပ်ဟု ဆရာတို့ ဆိုကြကုန်၏။ ခါးပန်းသီး၌လည်း အပြေအပြစ်ဟူသမျှသည် မအပ်။ အပိုင်းအခြားအရေးမျှကား အပ်၏။

(ဃ) ယခုကာလ ရေစစ်ဟု ခေါ်သော ဓမ္မကရိုဏ်း၌ ဖောင်းအရေး ပွတ်အရေးပါလျှင် မအပ်။

(င) ဓားမောက်၌ ရဲလုံးသဏ္ဌာန်သည် လည်းကောင်း၊ တပါးသော အဆင်း၊ အပြေအပြစ်သည် လည်းကောင်း မအပ်။ လည်၌ အပိုင်းအခြား အရေးတခုသာ အပ်၏။ သားလှိ

ခား ခေါ်သော ပန်းနှိပ်ခား၏ အရိုးဌိ အပိုင်းအခြား အရေးတခုသာ အပ်၏။ တစုံ တခု ရှဲကြီး ရှဲငယ်၊ ပန်းမန် မအပ်။ လက်သည်းလှိုးခားငယ်ဌိ တစုံတခုသော အပြေအပြစ် ပန်းမန်သည် မအပ်။

(စ) တောင်ဝှေးဌိ တစုံတခုသော အပြေအပြစ် ပန်းမန်သည် မအပ်။ အောက် စွန်းဌိ တရစ်၊ နှစ်ရစ်၊ အထက်စွန်းဌိ လက်ကိုင်ရန် မိုဝုံသဏ္ဌာန် တခုမျှသာ အပ်သည်။

(ဆ) ဆီဗူး ဆီကျည်တောက်ဌိ၊ မိန်းမ-ယောကျ်ားရုပ်ကို ထား၍၊ အလုံးစုံအပ်၏။

(ဇ) ညောင်စောင်း-အင်းပျဉ်-ဘုံလျှို-အုံး-ကြမ်းပြင်အခင်း၊ ခြေသုတ်ကြိုးဝန်း၊ ကြံ့ ဘုံလျှို တံမြက်စည်း၊ အမိုက်စွန့်သော တောင်း၊ ဆိုးရည်ကျင်း၊ ရေမှုတ်၊ ရေခွက်-ရေအုံး-မြေပုတ်အိုးခြမ်း၊ ခြေဆေးအင်းပျဉ်၊ လက်ကောက်သပိတ်ခြေ၊ လှံတံသပိတ်ခြေ၊ သင်္ဘော်ဖုံး-ယပ်ဝန်း၊ လေးထောင့်ယပ်၊ ဤဝတ္ထုတို့ဌိ၊ ခြူးပန်း-ခြူးနှယ်၊ အပြေအပြစ် ဟူသမျှ အပ်၏။ မိန်းမရုပ်ပါလျှင် မအပ်ဟု သာရတ္ထဒီပနီဋ္ဌီကာ၊ ဝိမတိဝိနောဒနီဋ္ဌီကာ တို့ဌိ ဆို၏။ အလုံးစုံခွက်အထူးကို၊ ရေအိုးဌိ သင်္ကြိုဟ်။ ဝါ၊ ရေတွက်။

(ဈ) ကျောင်းဌိကား၊ ရွှေ-ငွေ-ခြူးပန်း-ခြူးနှယ်၊ ယောကျ်ားရုပ်၊ မိန်းမရုပ် စသည် တို့ဖြင့် မွမ်းမံ၍ ဆောက်လုပ်သော်လည်း မအပ်မရှိ၊ အပ်သည်သာတည်း။

ယခုအမြင်မျှ ဆိုခဲ့ပြီးသော ဝတ္ထုတို့ဌိလည်း၊ အပ်-မအပ်ကို သိအောင် ပညာရှိတို့ ထံဌိ မေးမြန်းလျှောက်ထား၍ သပ္ပုရိသဒါနကုသိုလ်တရား ဖြစ်ပွားကြရအောင်၊ အပ်သော ကပ်ယဝတ္ထုတို့ကိုသာ လှူဒါန်းကြလေကုန်။ ဝိနည်းကို လူမသင်ကောင်းဟု ပြောဟောသော ဆရာတို့၏ စကားကို ယုံမှားမိ၍ မသင်မကြား မမေးမမြန်းပဲနေလျှင် ကိုယ် မလိမ္မာရုံသာ ရှိကြမည်၊ သတိရှိကြစေ။

ဝိစေယျဒေတိ ဟူသော ပဉ္စမဒါနဌိ၊ ရွှေးချယ် ရဟန် အခြင်းအရာကို ယခုဆိုအပ် လတ္တံ့သော အဋ္ဌကထာပါဌိဖြင့် သိအပ်၏။

ဝိစေယျ ဒေတိတိ ကွမသ ဒိန္နံ မဟပ္ဖလံ၊ ကွမသ နမဟပ္ဖလန္တိ ဧဝံ ပဋိဂ္ဂါ-ဟကံ ဝါ၊ ပဏိတာပဏိတဝသေန ဒါနံ ဝါ ဝိစိနိတ္ဝာ ဒေတိ။ (အင်္ဂုတ္တရ အဋ္ဌကထာ)။

ဝိစေယျဒေတိတိ၊ ဝိစေယျဒေတိဟူသည်ကား။ ကွမသ၊ ကျိပုဂ္ဂိုလ်အား။ ဒိန္နံ၊ ပေး လှူအပ်သော အလှူသည်။ မဟပ္ဖလံ၊ မျှားမြတ်သောအကျိုးရှိ၏။ ကွမသ၊ ကျိပုဂ္ဂိုလ်ကား။ ဒိန္နံ၊ ပေးလှူအပ်သော အလှူသည်။ နမဟပ္ဖလံ၊ မျှားမြတ်သောအကျိုးမရှိ။ ကွတိ ဧဝံ၊ ကျိသို့။ ပဋိဂ္ဂါဟကံဝါ၊ အလှူခံပုဂ္ဂိုလ်ကိုလည်းကောင်း။ ပဏိတာ ပဏိတဝသေန၊ ကောင်း မကောင်း၏ အစွမ်းအားဖြင့်။ ဒါနံဝါ၊ အလှူဝတ္ထုကိုလည်းကောင်း။ ဝိစိနိတ္ဝာ၊ ရွှေးချယ်၍။ ဒေတိ၊၊ ပေးလှူ၏။ ကျိကား-အနက်။

မနုဿတ္တဒုလ္လဘကို ရကြသည့်အဓါ သပ္ပုရိသဒါနကုသိုလ်ကို ရလိုကြကုန်သော ဥပါသကာ ဥပါသိကိတို့မှာ အဋ္ဌကထာ လာတိုင်းကိုသာ အသေအချာကြည့်ရှုမှတ်သား၍ ရွှေးချယ်

လျှုဒါန်းကြလေကုန်။ "နွားမ-နွားထီး၊ ခြားသီးမမှတ်၊ ငါးကျပ်ချည်း" အဖိုးဖြတ်သကဲ့သို့၊ ယောဝါ တောဝါ ပုဂ္ဂိုလ်မျှားက ဝါဝါမြင်လျှင် စိတ်တူထားဟု ယံဝါ တံဝါ ပြောဟော သောစကားကို လေးစားမမူသင့်ပေ။ ဤသို့ ဆိုလိုက်ခြင်းသည်လည်း ဒါယကာတို့၏ အကျိုးစီးပွားကို လိုလားသောကြောင့်သာ ဖြစ်ပေသည်။ စဉ်းစားကြလေကုန်။

တနည်း။ ။လောကဌ် ကုသိုလ်ဟူ၍ လူမိုက်တို့သည် သမုတ်အပ်သော အကုသိုလ်ဖြစ်ကုန်သော ဒါနတို့သည် ငါးပါးအပြားရှိကုန်၏။ ထိုငါးပါးတို့ကို-

ပဉ္စဒါနာနိ အပုညာနိ ပုညသမ္မတာနိ လောကသ္မိံ၊ မဇ္ဇဒါနံ၊ သမဇ္ဇဒါနံ၊ ဣတ္ထိဒါနံ၊ ဥသဘဒါနံ၊ စိတ္တကမ္မဒါနန္တိ-ဟူ၍ ဟောတော်မူအပ်သော၊ ပရိဝါပါဠိတော်ဖြင့်သိ။

လောကသ္မိံ၊ ဇဝံလောကဌ်။ ပုညသမ္မတာနိ၊ ကောင်းမှုဟူ၍ သမုတ်အပ်ကုန်သော။ အပုညာနိ၊မကောင်းမှုအကုသိုလ်ဖြစ်ကုန်သော။ ဒါနာနိ၊ အလှူတို့သည်။ပဉ္စငါးပါးတို့တည်း။

၁။ မဇ္ဇဒါနံ၊ ဘိန်းဘင်းကဇော်၊ လျော်စာအရက်၊ အလှူလည်းကောင်း၊

၂။ သမဇ္ဇဒါနံ၊ ဇာတ်-ရုပ်သေးပုံ၊ မြူးခုန်စရာ၊ မျှားစွာသော ကာခြေသဘင် အလှူလည်းကောင်း၊

၃။ ဣတ္ထိဒါနံ၊ မိန်းမအလှူလည်းကောင်း၊

၄။ ဥသဘဒါနံ၊ နွားမတို့အကြွား၊ နွားလားကိုလွှတ်သောအလှူလည်းကောင်း၊

၅။ စိတ္တကမ္မဒါနံ၊ ကာမဂုဏ်၌ မြူးခုန်ပျော်ဟန်၊ ရုပ်သဏ္ဌာန်ဖြင့်၊ ပန်း·ရန်·ပန်းပု၊ ဆေးထု-ပန်းချီ၊ ဉာဏ်ပလီတို့၊ ဟာ-ဟီဖွယ်ပြုအပ်သော၊ အရုပ်အလှူကိုလည်း ကောင်း။ ဤတို့ ပဉ္စ၊ ဤငါးပါးတို့တည်း။ ဤကား အနက်။

ထိုငါးပါးတို့တွင် ကခြေသည်အလှူ၌ ရုပ်သားရှာသူ ကိလေဆူ၍ ဘရဘူထ အုံလုံးကြွရန် စီမံခင်းကျင်း၍ ကြည့်ရှုစေခြင်းသာ အကုသိုလ်။ အပဒါန်ကျမ်းဝင် သိဝိကအရှင်၏ လောင်းလျာ ဝရဏ နတ်ဒေဝါသို့ မြတ်ရတနာသုံးတန်ကို ပူဇော်ရန် ရှေးရှုသော ပဲ့သဘင် အလှူမှာ ကုသိုလ်သာဖြစ်ပေသည်။ ဤစိတ္တကမ္မအလှူဌ်လည်း တောထွက်ခန်းစသော ဇာတ် ရုပ်စုံ အလှူသည် ကုသိုလ်ပင်တည်း။

တနည်း။ ။ဒါနသည်၊ ဓမ္မိကဒါန၊ အဓမ္မိကဒါနဟူ၍၊ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါး အပြားတို့တွင်လည်း၊ ဓမ္မိကဒါနသည်၊ သုံးပါးအပြားရှိ၏။ ထိုသုံးပါးသရုပ်ကို-

တီဏိ ဓမ္မိကဒါနာ နိတိ၊ သဒ္ဓဿနိန္နံ သဒ္ဓဿေဝ ဒေတိ၊ စေတိယဿ နိန္နံ စေတိယဿေဝ ဒေတိ၊ ပုဂ္ဂလဿ နိန္နံ ပုဂ္ဂလဿေဝဒေတိတိ၊ ဤမာနိတီဏိ-ဟူ၍ လာသော အဋ္ဌကထာပါဌ်ဖြင့်သိအပ်၏။

တီဏိဓမ္မိကဒါနာနိတိ၊သုံးပါးကုန်သော၊တရားနှင့်လျော်ကုန်သော ဒါနတို့ဟူသည်ကား။ သဒ္ဓဿ၊ သဒ္ဓါအား။ ဒိန္နံ၊ ကိုယ်-နှုတ်နှစ်ပါး၊ လှူပ်ရှားလှုတ်လှုတ်၊ ညှတ်လေပြီးသော

လာဘ်ကို။ သံဃသေ ဝ၊ အာရုံမြဲကပ်၊ စွဲရည်မှတ်ပြီးသော၊ သံဃာအားသာလျှင်။ ဒေတိ၊ ပေးလှူ၏။ စေတိယဿ၊ စေတီတော်အား။ နိန္နံ၊ ကိုယ်-နှုတ်နှစ်ပါး၊ လှုပ်ရှားလုတ်လုတ်ညှတ်လေပြီးသော လာဘ်ကို။ စေတိယသေ ဝ၊ အာရုံမြဲကပ် စွဲရည်မှတ်ပြီးသော စေတီတော်အားသာလျှင်။ ဒေတိ၊ ပေးလှူ၏။ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်အား။ ဒိန္နံ၊ ကိုယ်-နှုတ်နှစ်ပါး၊ လှုပ်ရှားလုတ်လုတ်၊ ညှတ်လေပြီးသော လာဘ်ကို။ ပုဂ္ဂလသေ ဝ၊ အာရုံမြဲကပ်၊ စွဲရည်မှတ်ပြီးသော၊ ပုဂ္ဂိုလ်အားသာလျှင်။ ဒေတိ၊ပေးလှူ၏၊ ဣတိ ဣမာနိတိဏိ၊ ဤသုံးပါးတို့တည်း။ ဤကား ဓမ္မိကဒါန-သုံးပါးတည်း။

အဓမ္မိကဒါနသည်၊ ၉-ပါးရှိ၏။ ထို ၉-ပါး၏သရုပ်ကို၊ "နဝ အဓမ္မိကဒါနာနီတိ၊ သံဃဿ ပရိဏတံ အညသံဃဿဝါ-စေတိယဿဝါ ပုဂ္ဂလဿဝါ ပရိဏာမေတိ။ စေတိယဿ ပရိဏတံ အညစေတိယဿဝါ သံဃဿဝါ ပုဂ္ဂလဿဝါ ပရိဏာမေတိ။ ပုဂ္ဂလဿပရိဏတံ၊ အညပုဂ္ဂလဿဝါ သံဃဿဝါ စေတိယဿဝါ။ ပရိဏာမေတိတိ ဧဝံဝုတ္တာနိ" ဟူ၍ လာသောပရိဝါ အဋ္ဌကထာဖြင့် သိအပ်၏။

နဝအဓမ္မိက ဒါနာနီတိ၊ ၉-ပါးကုန်သော၊ တရားနှင့်မလျော်ကုန်သော၊ ဒါနတို့ဟူသည်ကား။ သံဃဿ၊ သံဃာတော်အား။ ပရိဏတံ၊ ကိုယ်-နှုတ်နှစ်ပါး လှုပ်ရှားလုတ်လုတ် ညှတ်လေပြီးသောလာဘ်ကို (၁) တပါးသောသံဃာအား လည်းကောင်း၊ (၂) စေတိယဿဝါ၊ စေတီတော်အားလည်းကောင်း၊ (၃) ပုဂ္ဂလဿဝါ၊ ပုဂ္ဂိုလ်အားလည်းကောင်း၊ ပရိဏာမေတိ၊ ညှတ်စေ၏။ စေတိယဿ၊ စေတီတော်အား။ ပရိဏတံ၊ ကိုယ်-နှုတ်နှစ်ပါး၊ လှုပ်ရှားလုတ်လုတ်၊ ညှတ်စေပြီးသော လာဘ်ကို။ (၄) အညစေတိယဿဝါ၊ တပါးသော စေတီတော်အားလည်းကောင်း၊ (၅) သံဃဿဝါ၊ သံဃာတော်အားလည်းကောင်း၊ (၆) ပုဂ္ဂလဿဝါ၊ ပုဂ္ဂိုလ်အားလည်းကောင်း။ ပရိဏာမေတိ၊ ညှတ်စေ၏။ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်အား။ ပရိဏတံ၊ ကိုယ်-နှုတ်နှစ်ပါး၊ လှုပ်ရှားလုတ်လုတ်၊ ညှတ်စေပြီးသောလာဘ်ကို။ (၇) အညပုဂ္ဂလဿဝါ၊ တပါးသော ပုဂ္ဂိုလ်အားလည်းကောင်း။ (၈) သံဃဿဝါ၊ သံဃာတော်အားလည်းကောင်း။ (၉) စေတိယဿဝါ၊ စေတီတော်အားလည်းကောင်း။ ပရိဏာမေတိ၊ ညှတ်စေ၏။ ဣတိဧဝံ၊ ဤသို့။ စုတ္တာနိ၊ ဟောတော်မူအပ်ကုန်သော ဒါနတို့တည်း။ ဤကား-အနက်။

ဤ၌ ပရိဏတ ဟူသည်ကို၊ ကိုယ်-နှုတ် နှစ်ပါးဖြင့် ညှတ်အပ်သည်ကိုယူ။ စိတ်ညှတ်ရုံမျှမှာ ပမာဏမဟုတ်။ (ကခ်ါဝိတရဏီအလို)။ ပရိဏတသိက္ခာပုဒ်တော်၌ကား။ ပရိဏတံ နာမ ဒဿာမ ကရိဿာမာတိ ဝါစာဘိန္နာ ဟောတိ ဟူ၍၊ နှုတ်မြွက်ခြင်းကိုသာ ပရိဏတ ဟုဟောတော်မူသည်။ အဓမ္မိကဒါန ၉-ပါးပြီး၏။

တနည်းလည်း။ ။ပုဂ္ဂလိကဒါန၊ သံဃိကဒါနဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် ၁၄-ပါးကုန်သော ဌာနတို့၌ ပေးလှူအပ်သောအလှူသည် ပုဂ္ဂလိကဒါနမည်၏။ သာဓကကား။

စုဒ္ဒသသုဌာနေသု ဒိန္နဒါနံ ပါဋိပုဂ္ဂလိကံနာမ၊ ကထံ တိရစ္ဆာန ဂတေ ဒိန္နဒါန၌၊ ပရံ ပိဋ္ဌာယ ဇီဝိတံ ကပ္ပေန္တေ ဇက်ဝန္ဒ မစ္ဆ ဗန္ဓာဒီ ဒိဋ္ဌဂတိကေ ဒိန္နံဒါန၌၊

ပရံ အာပိဇ္ဇေတ္ဝာ မမ္မေန သမေနဝါ ဝါဏိဇ္ဇာယဝါ ဇီဝိတံ ကပ္ပေန္တော ပုထုဇ္ဇန ဂေါသီလ ဓာတုကေ ဒိန္နဒါနဥ္စ၊ ဗာဟိရေ အဋ္ဌသမာပတ္တိလာဘီ တာပသေ ဒိန္နဒါနဥ္စ၊ တထာ သောတာပန္နေ-သေးတးပတ္တိဖလ သစ္ဆိုးရိယးယ ပဋိပ္ပန္နေ၊ သကဒါဂါမိမှဲ သကဒါဂါမိဖလ သစ္ဆိုးရိယးယ ပဋိပ္ပန္နေ၊ အနာဂါမိမှဲ အနာဂါမိ ဖလသစ္ဆိုကိရိယးယ ပဋိပ္ပန္နေ၊ အရဟန္တေ အရဟတ္တဖလ သစ္ဆိုးရိယးယ ပဋိပ္ပန္နေ၊ ပစ္စေကဗုဒ္ဓေ။ သမ္မာသမ္ဗုဒ္ဓေဝ်း၊ ဣမေသု စုဒ္ဒသသု ဒိန္နဒါနံ ပါဋိပုဂ္ဂလိက ဒါနံနာမ။ (သာရတ္ထသင်္ဂဟ)။

ပန၊ အဖို့တပါးကို ဆိုဦးအုံ့။ စုဒ္ဒသသူ၊ တဆယ့်လေးပါးကုန်သော။ ဌာနေသူ၊ အရာတို့ဌ်။ ဒိန္နဒါနံ၊ ပေးလှူအပ်သော အလှူသည်။ ပါဋိပုဂ္ဂလိကံနာမ၊ အသီးပုဂ္ဂလိက အလှူမည်၏။ ကထံ၊ အဘယ်သည်တို့နည်းဟူမူကား။

၁။ တိရစ္ဆန္နဂတေ၊ တိရစ္ဆာန်အား။ ဒိန္နဒါနဥ္စ၊ ပေးလှူအပ်သော အလှူလည်း ကောင်း။

၂။ ပရံ၊ သူတပါးကို။ ပိဋ္ဌာယ၊ ညဉ်းဆဲသတ်ပုတ်၍။ ဇီဝိတံ၊ အသက်ကို။ ကပ္ပေန္တေ၊ မွေးမြူသော။ ကေဝဋ္ဋမစ္ဆဗန္ဓာဒီ ဒိဋ္ဌဂတိကော၊ မုဆိုး တံငါ အစရှိသောသူ မိစ္ဆာဒိဋ္ဌိအား။ ဒိန္နဒါနဥ္စ၊ ပေးလှူအပ်သော အလှူလည်းကောင်း။

၃။ ပရံ၊ သူတပါးကို။ အပိဇ္ဇေတ္ဝာ၊ မညှဉ်းဆဲ မနှိပ်စက်မူ၍။ ဓမ္မေန၊ တရားနှင့်။ သမေနဝါ၊ ညီညွတ်သော လယ်လုပ်ခြင်း၊ နွားကျောင်းခြင်းဖြင့် လည်း ကောင်း။ ဝါဏိဇ္ဇာယဝါ၊ကုန်သွယ်ခြင်းဖြင့်လည်းကောင်း။ ဇီဝိတံ၊ အသက်ကို။ ကပ္ပေန္တေ၊ မွေးမြူသော။ ပုထုဇ္ဇနဂေါသီလ ဓာတုကေ၊ ပုထုဇဉ်ဖြစ်သော။ ဂေါသီလ သဘောရှိသောသူအား။ ဒိန္နဒါနဥ္စ၊ ပေးလှူအပ်သော အလှူ လည်းကောင်း။

၄။ ဗာဟိရေ၊ သာသနာတော်မှ အပဖြစ်သော။ အဋ္ဌသမာပတ္တိလာဘီ တာပသေ၊ ရှစ်ပါးသော သမာပတ်ကိုရသော ရသေ့အား။ ဒိန္နဒါနဥ္စ၊ ပေးလှူအပ် သော အလှူလည်းကောင်း။

၅။ တထာ၊ ထိုမှတပါး။ သောတာပန္နေ၊ သောတာပန်ပုဂ္ဂိုလ်အား။ ဒိန္နဒါ-နဥ္စ၊ ပေးလှူအပ်သော အလှူလည်းကောင်း။

၆။ သောတာပန္နေ ဖလသစ္ဆိကိရိယာယ ပဋိပ္ပန္နေ၊ သောတာပတ္တိဖိုလ်ကို မျက် မှောက် ပြုခြင်းငှာ ကျင့်သောပုဂ္ဂိုလ်အား။ ဒိန္နဒါနဥ္စ၊ ပေးလှူအပ်သော အလှူလည်းကောင်း။

၇။ သကဒါဂမှိ၊ သကဒါမိ ပုဂ္ဂိုလ်အား။ ဒိန္နဒါနဥ္စ၊ ပေးလှူသော အလှူ လည်းကောင်း။

၈။ သကဒါဂါမိ ဖလသစ္ဆိကိရိယာယ ပဋိပ္ပန္နေ၊ သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုခြင်းငှာ ကျင့်သောပုဂ္ဂိုလ်အား။ ဒိန္နံဒါနဥ္စ၊ ပေးလှူအပ်သော အလှူလည်းကောင်း။

၉။ အနာဂါမိမှိ၊ အနာဂါမ်ပုဂ္ဂိုလ်အား။ ဒိန္နဒါနဥ္စ၊ ပေးလှူအပ်သော အလှူလည်းကောင်း။

၁၀။ အနာဂါမိဖလ သစ္ဆိကိရိယာယ ပဋိပ္ပန္နေ၊ အနာဂါမိဖိုလ်ကို မျက်မှောက်ပြုခြင်းငှာ ကျင့်သောပုဂ္ဂိုလ်အား။ ဒိန္နဒါနဥ္စ၊ ပေးလှူအပ်သော အလှူလည်းကောင်း။

၁၁။ အရဟန္တေ၊ ရဟန္တာပုဂ္ဂိုလ်အား။ ဒိန္နဒါနဥ္စ၊ ပေးလှူအပ်သော အလှူလည်းကောင်း။

၁၂။ အရဟတ္တဖလ သစ္ဆိကိရိယာယ ပဋိပ္ပန္နေ၊ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုခြင်းငှာ ကျင့်သောပုဂ္ဂိုလ်အား။ ဒိန္နဒါနဥ္စ၊ ပေးလှူအပ်သော အလှူလည်းကောင်း။

၁၃။ ပစ္စေကဗုဒ္ဓေ၊ ပစ္စေကဗုဒ္ဓါအား။ ဒိန္နဒါနဥ္စ၊ ပေးလှူအပ်သော အလှူလည်းကောင်း။

၁၄။ သမ္မာသမ္ဗုဒ္ဓေ၊ မြတ်စွာဘုရား သခင်အား။ ဒိန္နဒါနဥ္စ၊ ပေးလှူအပ်သော အလှူလည်းကောင်း။ ဣတိ၊ ဤသို့။ စုဒ္ဒသ၊ တဆယ့်လေးပါးကုန်သော။ ဣမေသု ဌာနေသု၊ ဤအရာတို့၌။ ဒိန္နဒါနံ၊ ပေးလှူအပ်သော အလှူသည်။ ပါဋိပုဂ္ဂလိက ဒက္ခိဏာနာမ၊ အသီး ပုဂ္ဂလိက အလှူမည်၏။ ဤကား-အနက်။

ဤသာရတ္ထသင်္ဂဟပါဌ်ကို အသေအချာကြည့်၍ ပုဂ္ဂလိကအလှူခံ ပုဂ္ဂိုလ်တကျိပ် လေးပါးတို့၌ ရဟန်းဒုဿီလ မပါ၊ မုဆိုး တံငါ- မိစ္ဆာဒိဋ္ဌိ စသော လူဒုဿီလသာ တိုက်ရိုက်ပါသည်ဟု မှတ်။

ပုထုဇ္ဇန ဒုဿီလေ ဒါနံ ဒေတိ အယံ တေရသမ ပါဋိပုဂ္ဂလိကာ ဒက္ခိဏာ-ဟူ၍ ဟော တော်မူအပ်သော ဒက္ခိဏာဝိဘင်္ဂသုတ် ပါဠိတော်၌ ပုထုဇဉ် ဒုဿီလ အရကိုလည်း လူဒုဿီလကိုသာ ယူ။ ရဟန်းဒုဿီလကို မယူလင့်။ ထို့ကြောင့် ဒက္ခိဏာဝိဘင်္သုတ် ပါဠိတော်၏ အဖွင့်ဖြစ်သော ဒက္ခိဏာဝိဘင်္သုတ် အဋ္ဌကထာ၌-

ပုထုဇ္ဇန ဒုဿီလေတိ ဧတ္ထ၊ ဒုဿီလောနာမ ကေဝဋ္ဋမစ္ဆဗန္ဓာဝကော ပရံ ပိဋ္ဌာယ ဇီဝိတံ ကပ္ပေတာဇော-ဟူ၍ ဖွင့်ပြတော်မူအပ်၏။

ပုထုဇ္ဇနဒုဿီလေတိတ္ထ၊ ပုထုဇ္ဇနဒုဿီလေ ဟူသော ပါဌ်၌။ ဒုဿီလောနာမ၊ ဒုဿီလ မည်သည်ကား။ ကေဝဋ္ဋ မစ္ဆဗန္ဓာဒယော၊ မုဆိုး တံငါ အစရှိကုန်သော။

ပရုံ၊ သူတပါးကို။ ပိဋ္ဌာယ၊ နှိပ်စက်ညှဉ်းဆဲ၍။ ဇီဝိတံ၊ အသက်ကို။ ကပ္ပေတာ ရော၊ မွေးမြူတတ်ကုန်သော သူတို့တည်း။ ဤကား-အနက်။

အချို့သော ဆရာတို့ကား သောတာပတ္တိဖလ သစ္ဆိကိရိယာယ ပဋိပန္နပုဂ္ဂိုလ်၏ အပိုင်း အခြားကိုပြသော။

သောတာပတ္တိဖလ သစ္ဆိကိရိယာယ ပဋိပန္နေတိတ္ထေ ဟေဋ္ဌိမကောဋိယာတိ သရဏာဂံတောပိ ဥပါသကော သောတာပတ္တိဖလ သစ္ဆိကိရိယာယ ပဋိပန္နောနာမ၊ တတ္ထ ဒိန္နဒါနမ္ပိ အသင်္ခ်ေယံ အပ္ပမေယျံ၊ ပဉ္စသီလေ ပတိဋ္ဌိတဿ ပန တတော ဥတ္တရိ မဟပ္ဖလံ၊ ဒသသီလေ ပတိဋ္ဌိတဿ တတော ဥတ္တရိ၊ တဒဟုပဗ္ဗဇိတဿ သာမဏေရဿ တတော ဥတ္တရိ၊ ဥပသမ္ပန္နဿ ဘိက္ခုနော တတောဥတ္တရိ၊ ဥပသမ္ပန္နဿေဝ ဝတ္တသမ္ပန္နဿ တတောဥတ္တရိ၊ အာရဒ္ဓဝိပဿကဿ တတော ဥတ္တရိ၊ ဥတ္တမကောဋိယာ ပန မဂ္ဂသမင်္ဂိသောတာပတ္တိဖလ သစ္ဆိကိရိယ ပဋိပ္ပနောနာမ—

ဟူသော ဒကို့ကဝိဘင်္ဂသုတ်၊ အဋ္ဌကထာပါဠိကို သာဓကပြု၍ သရဏကုံဠိတည်သော ဥပါသကာပင် ဖြစ်သော်လည်း သောတာပတ္တိဖလ သစ္ဆိကိရိယာယပဋိပန္နပုဂ္ဂိုလ် ဖြစ်သေးရကား အလဇ္ဇီ ဒုဿီလ ရဟန်းတို့သည်လည်း သောတာပတ္တိဖလ သစ္ဆိကိရိယာယ ပဋိပန္နပုဂ္ဂိုလ် ဖြစ်ကြကုန်သည်ဟုပင် ဆိုကြကုန်၏။ ထိုစကားသည် မသင့်။ အဘယ့်ကြောင့်နည်း ဟူမူ သောတာပတ္တိမဂ်ကို ရခြင်း၏ အကြောင်းဖြစ်သော စင်ကြယ်သော မဂ္ဂါဓိဂမုပနိဿယ နိဗ္ဗေဓဘာဂိယဖြစ်သော ဥပါသကာတို့၏ သရဏကုံ၊ ငါးပါးသီလ၊ ဆယ်ပါးသီလ၊ သာမဏေအဖြစ် ရဟန်းအဖြစ်သည်သာလျှင် သောတာပတ္တိဖလ သစ္ဆိကိရိယာယ ပဋိပန္နဖြစ်သောကြောင့် လည်းကောင်း။ ထိုအလဇ္ဇီဒုဿီလ ရဟန်းတို့၏ အကျင့်သည် အာဏာဝိတိက္ကမန္တရာယ်ကြောင့် မဂ်ကို ရခြင်းငှာ မစွမ်းနိုင်သော မဂ္ဂါဓိဂမုပနိဿယ နိဗ္ဗေဓဘာဂိယ မဟုတ်သောကြောင့် လည်းကောင်း။ အလဇ္ဇီဒုဿီလ အကျင့်ဖြင့် အာရိယာမဂ်ကို ရနိုင်၏ဟု ဘုရားအဆူဆူတို့ ဟောဒတ်မမူသောကြောင့် လည်းကောင်းတည်း။

မဂ္ဂါဓိဂမုပနိဿယ နိဗ္ဗေဓဘာဂိယဖြစ်သော ဥပါသကာတို့၏ သရဏကုံ၊ ငါးပါးသီလ၊ ဆယ်ပါးသီလ၊ သာမဏေအဖြစ်၊ ရဟန်းအဖြစ်သည်သာလျှင် သောတာပတ္တိဖလ သစ္ဆိကိရိယာယပဋိပတ္တိဖြစ်ကြောင်းကိုကား ဥပရိပဏ္ဏာသ ဒကို့ကဝိဘင်္ဂသုတ်ဋီကာ (၄၁၀)၌၊

ယဿာနိဗ္ဗေဓဘာဂိယာ သမာဓိဘာဝနာ[၁] ပရမ္မုခယ အရိယာမဂ္ဂါဓိဂမဿ ပစ္စယဘာဝတော ဥပနိဿယော၊ တထာနိဗ္ဗေဓဘာဂိယံ သီလပရိပ္ပူရကံ ဥပသမ္ပဒါ ပဗ္ဗဇ္ဇာ ဥပါသကဿ ဒဿသု ပဉ္စသု သီလေသု ပတိဋ္ဌာနံ အန္တမသော သရဏာဒိဂမနမ္ပိ နိဗ္ဗေဓဘာဂိယံ အရိယမဂ္ဂါဓိဂမဿ ဥပနိဿယော ဟောတီ ယေဝါတိ "သဗ္ဗာပေသာ သောတာပတ္တိဖလ သစ္ဆိကိရိယာယ ပဋိပတ္တိ တိဝုတ္တာ-ဟု၍ မိန့်ဆိုတော်မူအပ်၏။

၁။ ဆဋ္ဌမ္ပဋ္ဌိ ယထာနိဗ္ဗေဓဘာဂိယော သမာဓိ တာဝ နာမ ဟု ရှိသည်။

နိဗ္ဗေဓဘာဂိယာ၊ နိဗ္ဗေဓဘာဂိယဖြစ်သော။ သမာဓိဘာဝနာ၊ သမာဓိဘာဝနာသည်။ ပရမ္မရာယ၊ အဆင့်ဆင့်အား ဖြင့်၊ အရိယမဂ္ဂါဓိဂမဿ၊ အရိယာမင်္ကိုရခြင်း၏။ ပစ္ဆာယ ဘာဝတော၊ အကြောင်းဖြစ်သောကြောင့်။ ဥပနိဿယော၊ အရိယာမင်္၏အကြောင်းသည်။ ဟောတိယထာ၊ ဖြစ်၏သို့။ ကထာ၊ ထို့အတူ။ နိဗ္ဗေဓဘာဂိယံ၊ နိဗ္ဗေဓဘာဂိယဖြစ်သော။ သီလပရိပူရဏံ၊ သီလဖြည့်ကျင့်ခြင်းဟု ဆိုအပ်သော။ ဥပသမ္ပဒါ၊ ရဟန်းအဖြစ်သည် လည်းကောင်း။ ပဗ္ဗဇ္ဇာ၊ ရှင်အဖြစ်လည်းကောင်း။ ဥပါသကဿ၊ ဥပါသကာ၏။ ဒဿသု သီလေသု ဝါ၊ ဆယ်ပါးကုန်သော သီလတို့၌လည်းကောင်း။ ပဉ္စသုသီလေသု ဝါ၊ ငါးပါးကုန်သော သီလတို့၌လည်းကောင်း။ ပတိဋ္ဌာနံ၊ တည်ခြင်းလည်းကောင်း။ အန္တမသော၊ ယုတ်သော အပိုင်းအခြား အား ဖြင့်။ နိဗ္ဗေဓဘာဂိယံ၊ နိဗ္ဗေဓဘာဂိယဖြစ်သော။ သရဏဂမနမ္ပိ၊ သရဏဂုံသည်လည်း။ အရိယမဂ္ဂါဓိဂမဿ၊ အရိယမင်္ကိုရခြင်း၏။ ဥပနိဿယော၊ အကြောင်းသည်။ ဟောတိယေဝ၊ ဖြစ်သည်သာလျှင်တည်း။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သော သဗ္ဗာပိ၊ ထို အလုံးစုံကိုသည်း။ သောတာပတ္တိဖလသစ္ဆိကိရိယာယ ပဋိပတ္တိတိ၊ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းငှာ ကျင့်သော အကျင့်တို့ဟူ၍။ဝုတ္တာ၊ ဆိုအပ်ကုန်၏။ ဤကား-အနက်။

ဤသို့ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် အလွဇီ ဒုဿီလရဟန်းသည် လူဒုဿီလလည်း မဟုတ်၊ သောတာပတ္တိဖလ သစ္ဆိကိရိယာယ ပဋိပန္နပုဂ္ဂိုလ်လည်း မဟုတ်သည်ဖြစ်၍ ပုဂ္ဂလိကအာလှူခံ တကျိပ်လေးပါးမှ လွတ်၏။

ဤသို့ ကျမ်းဂန်ထင်ရှား ရှိလာသည့်အတိုင်းကိုသာ ကောင်းစွာမှတ်သား နှလုံးထား၍ ပုဂ္ဂလိကအာလှူခံ တကျိပ်လေးပါး၌ ရဟန်းဒုဿီလ မပါပါတကားဟု သမာဉာဏ် ကြီးပွားကြပါစေကုန်။ ဤဆိုအပ်ခဲ့ပြီးသည်ကား ပုဂ္ဂလိကဒါန ၁၄-ပါး၌ မှတ်သားဖွယ်တည်း။

သံဃိကဒါနသည် ၇-ပါး အပြားရှိ၏။ ၇-ပါးဟူသည်ကား။

၁။ သက်တော်ထင်ရှား မြတ်စွာဘုရားရှိတော်မူစဉ်ကာလ၌ မြတ်စွာဘုရားကို အမှူးထား၍။ ဘုရားရှင် ပရိနိဗ္ဗာန် ဝင်စံပြီးသော ကာလ၌ သဓာတုကဖြစ်သော။ ဝါ၊ ဓာတ်တော် ဌာပနာလျက်ရှိသော ရုပ်ပွားတော်ကို အမှူးထား၍ ဥဘတောသံဃာအား ပေးလှူအပ်သော ဗုဒ္ဓပမုခ ဥဘတောသံဃိကဒါန။

၂။ ရဟန်း ယောကျ်ားသံဃာ ရဟန်း မိန်းမသံဃာဟု ဆိုအပ်သော ဥဘတောသံဃာအား ပေးလှူအပ်သော ဥဘတောသံဃိကဒါန။

၃။ အရေအတွက် အပိုင်းအခြားမထားပဲ ရဟန်းယောကျ်ား ဆက်သက်အား ပေးလှူအပ်သော ဘိက္ခုကေတောသံဃိကဒါန။

၄။ ယင်းနည်းတူ ရဟန်းမိန်းမသက်သက်အား ပေးလှူအပ်သော ဘိက္ခုနီကေတောသံဃိကဒါန။

၅။ ဤမျှလောက်ကုန်သော ရဟန်းတို့ကို ညွှန်းတော်မူပါဟု အပိုင်းအခြားဖြင့်တောင်း၍ လှူအပ်သော ဘိက္ခု ဘိက္ခုနီဥဒ္ဒိဿသံဃိကဒါန။

၆။ ဤမျှလောက်ကုန်သော ရဟန်းတို့ကို သံဃာမှ ညှန်းတော်မူပါဟု အပိုင်းအခြားဖြင့်တောင်း၍ လှူအပ်သော ဘိက္ခုဥဒ္ဒိဿ သံဃိကဒါန။

၇။ ဤမျှလောက်ကုန်သော ရဟန်းမိန်းမတို့ကို သံဃာမှညှန်းတော်မူပါဟု အပိုင်းအခြားအားဖြင့် တောင်း၍လှူအပ်သော ဘိက္ခုနီဥဒ္ဒိဿ သံဃိကဒါန။ ဤသို့ သံဃိကဒါနသည် ၇-ပါး အပြားရှိ၏။ ပါဠိကို အလိုရှိမူ ဥပရိပဏ္ဏာသ ဒက္ခိဏဝိဘင်္ဂသုတ်ပါဠိတော်သာရတ္ထသင်္ဂဟတို့၌ ယူကြပါကုန်။

၁၀။ ဤသို့ ဆိုအပ်ခဲ့ပြီးသော ဒါနကုသိုလ်ကို သဒ္ဓါတရားဖြင့် အားထုတ်ပြုလုပ်ကြကုန်သော သူတို့၌ ရထိုက်ကုန်သော အကျိုးတရားတို့ကို **အကျဉ်းအားဖြင့်** ပြဦးအံ့။

> ပဋိမေ ဘိက္ခဝေ ဒါနေ အာနိသံသာ၊ ကတမေပဋိ၊ ဗဟုနော ဇနဿ ပိယော ဟောတိ မနာပေါ၊ သန္တော သပ္ပုရိသာ ဘဇန္တိ၊ ကလ္យာဏော ကိတ္တိသဒ္ဒေါ အဗ္ဘုဂ္ဂစ္ဆတိ၊ ဂိဟိဓမ္မော အနုပဂတော ဟောတိ၊ ကာယဿ ဘေဒါ ပရံမရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇတိ၊ ဣမေ ခေါ ဘိက္ခဝေ ပဋိဒါနေ အာနိသံသာ။

ဘိက္ခဝေ၊ သံသရာရှည်ဝေး နောင်လာရေးကို မျော်တွေးရှုတတ် ရဟန်းမြတ်တို့။ ဒါနေ-ဒါနဿ၊ ပေးလှူသောကုသိုလ်၏။ အာနိသံသာ၊ အကျိုးတို့သည်။ ဤမေ ပဋိ၊ ဤငါးပါးတို့တည်း။ ပဋိ၊ အရေအတွက်ပိုင်းခြား သခ်ၤာအားဖြင့် ငါးပါးသောအကျိုးတို့ဟူသည်။ ကတမေ၊ အဘယ်တို့နည်းဟူမူကား။ ဗဟုနော ဇနဿ၊ များစွာသောသူ နတ်လူအပေါင်း၏။ ပိယော၊ ချစ်အပ်သည်။ မနာပေါ၊ နှလုံးကို ပွားစေအပ်သည်။ ဟောတိ၊ ဖြစ်၏။ သန္တော သပ္ပုရိသော၊ သူတော်ကောင်းတို့သည်။ ဘဇန္တိ၊ ပေါင်းဖော်ယှဉ်တွဲမှီဝဲကြကုန်၏။ ကလ္យာဏော၊ ကောင်းသော။ ကိတ္တိသဒ္ဒေါ၊ ကျော်စောသောအသံသည်။ အဗ္ဘုဂ္ဂစ္ဆတိ၊ နတ်ပြည်မဆံ့ ပုံ့နှံ့တက်သွား၏။ ဂိဟိဓမ္မော၊ လူတို့ကျင့်အပ် ငါးရပ်သီလာကျင့်သိက္ခာမှ။ အနုပဂတော၊ မကင်းပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။ ကာယဿ၊ ခန္ဓာငါးဝကိုယ်ကာယ၏။ ဘေဒါ၊ ဇီဝိန်ယုံ့ငုံးကွက် အလျဉ်းပျက်သည်မှ။ ပရံမရဏာ၊ သေရသည်မှနောက်ကာလ၌။ သုဂတိံ၊ ကောင်းသောသူတို့လားရာဖြစ်သော။ သဂ္ဂံ လောကံ၊ နတ်ပြည်သို့။ ဥပပဇ္ဇတိ၊ ရောက်ရ၏။ ဘိက္ခဝေ၊ သံသာညွတ်ကွင်း စက်အတွင်းမှ လွတ်ကင်းလိုတတ် အို....ချစ်သားမြတ်တို့။ ဒါနေ-ဒါနဿ၊ သဒ္ဓါကြည်ဖြူ ပေးလှူခြင်း၏။ အာနိသံသာ၊ အကျိုးတို့သည်။ ဤမေ ခေါ ပဋိ၊ ဤငါးပါးတို့တည်း။ ဤကား အနက်။

ဂိဟိဓမ္မော အနုပဂတော-ဟူသောပုဒ်ကို ဂိဟိဓမ္မောအနုပဂတော၊ ဟောတိတိ အခဏ္ဍ-ပဋိသီလော ဟောတိ-ဟူ၍ အဋ္ဌကထာ သံဝဏ္ဏနာအတိုင်း ယောဇနာသည်။

(၁) ဒဒမာနော ပိယော ဟောတိ၊ သတံ ဓမ္မံ အနုတ္ထမံ။
သန္တော နံ သဒါ ဘဇန္တိ၊ အညထာ ဗြဟ္မစာရိယော။

(၂) တေ တဿ ဓမ္မံ ဒေသေန္တိ၊ သဗ္ဗဒုက္ခ ပနုဒနံ။
ယံ သော ဓမ္မံ ဣဓ ညာယ၊ ပရိနိဗ္ဗာတိ အနာသဝေါ။

ဒဒမာနော၊ သဒ္ဓါကြည်ဖြူ ပေးလှူသည်ရှိသော်။ ပိယော၊ လူရောနတ်ပါ မေတ္တာသစ်သစ် ကောင်းစွာချစ်သည်။ ဟောတိ၊ ဖြစ်၏။ အညထာ၊ ကိုယ်-နှုတ်-နှလုံး သုံးပါးလုံးကို သိမ်းကျုံးစောင့်ချုပ်တတ်ကုန်သော။ ဗြဟ္မစာရိယော၊ မြတ်သော့အကျင့်ကို ကျင့်ကုန်သော။ သဒ္ဓန္တော၊ သူ့တော်ကောင်းတို့သည်။ သတံ၊သူဟော်ကောင်းတို့၏။ ဓမ္မံ၊ သူတော်ကောင်းတရားကို။ အနုက္ကမံ-အနုက္ကမန္တော၊ အစဉ်မပြတ် ကြံစည်လတ်၍။ နံ၊ ထိုသဒ္ဓါကြည်လင်ဒါနရှင်ကို။ ဘဇန္တိ၊ ပေါင်းဖက်ယှဉ်တွဲ မှီဝဲကြကုန်၏။

တေ၊ ထိုသူတော်ကောင်းတို့သည်။ တဿ၊ ထိုသဒ္ဓါကြည်လင် ဒါနရှင်အား။ သဗ္ဗဒုက္ခပနုဒနံ၊ ခပ်သိမ်းသောဆင်းရဲကို ပယ်ဖျောက်ပေတတ်သော။ ယံ ဓမ္မံ၊ အကြင် နိဗ္ဗာန်ရောက်ကြောင်းတရားကောင်းကို။ ဒေသေန္တိ၊ ပြည့်နှုန်ထုတ်ဖော် ဟောတော်မူကြကုန်၏။ သော၊ ထိုသဒ္ဓါကြည်လင် ဒါနရှင်သည်။ ဣဓ၊ ဤသာသနာတော်၌။ တံ ဓမ္မံ၊ ထို နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းကို။ အညာယ၊ သိ၍။ ပရိနိဗ္ဗာယတိ၊ ပရိနိဗ္ဗာန်ပြုရ၏။

ဤ ၂-ဂါထာတို့တွင် ပထမဂါထာ၌ အနုက္ကမသဒ္ဒါသည် ဝိတက်ကို ဟောသည်။ သို့ကြောင့် သဗ္ဗညော်မဟာနိဒ္ဒ် (အနုကမ်-အဗျ၊ အနုကာမယတော၊ အနုကမ်ကိုပ်၊ ဝိဟာဒက်) ဟူ၍ဆို၏။ ဤကား ဒါန၏အကျိုးကို အကျဉ်းမှတ်သားဖွယ်တည်း။

ဤဆိုအပ်ခဲ့ပြီးသော ဒါန၏အကျိုးကို ကောင်းစွာမှတ်သား၍ ဒါနကုသိုလ်တရားသည် ပစ္စက္ခ-တမလွန် နှစ်တန်သောဘဝတို့၌ ကောင်းမြတ်လှသော အကျိုးကိုလည်း ပေးနိုင်၏။ နိဗ္ဗာန်သုခ၏ ပဒတ္ထုပအကြောင်းလည်း ဖြစ်ပေသည်ဟု ဝမ်းမြောက်ဝမ်းသာ သဒ္ဓါ-ပညာ နှစ်ပါးကို ညီမျှအောင်ထားပြီးလျှင် အာစာရ ကုလပုတ္တာဖြစ်ကြကုန်သော ဥပါသကာ ဥပါသကီအပေါင်းတို့သည် ထိုဒါနတရားကို ကြိုးစား၍ အားထုတ်ကြလေကုန်။ ဤတွင် ဒါန၌ အကျဉ်းမှတ်သားဖွယ် ပြီး၏။

(၁၁) ဒါန၏အခြားမဲ့၌ သီလကို ဆိုပေအံ့။ ဥပါသကာ-ဥပါသိကာတို့ ကျင့်သုံးဆောက်တည်အပ်သော သီလသည် သီလတိ ပတိဋ္ဌာပေတီတိ သီလံ-ဟူသော ဝစနတ္ထနှင့်အညီ ကာယကံ-စေတ်ကံတို့ကို ဖရိုဖရဲ မကြေစေမူ၍ ကောင်းစွာထားတတ်သော သာမညလက္ခဏာအားဖြင့် တပါးသာတည်း။ ဝိသေသလက္ခဏာအားဖြင့်သော်ကား စာရိတ္တသီလ၊ ဝါရိတ္တသီလဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် စာရိတ္တသီလဟူသည်ကား ဗြဟ္မစရိယ ပဉ္စမကသီလ၊ ဧကာဘတ္တိက ဗြဟ္မစရိယသီလ၊ အဋ္ဌင်္ဂုပေါသထသီလ၊ ဒသင်္သီလ၊ ကောသနိက်ဓုတင်၊ ပတ္တပိဏ်
ဓုတင်အားဖြင့် များသောအပြားရှိ၏။

ထိုသီလတို့တွင် ဗြဟ္မစရိယပဉ္စမကသီလကို ဆောက်တည်လိုသောသူသည် ယခုကာလ ၄ ပါး၊ ၅ ပါး၊ ဆယ်ပါးသီလကို ဆောက်တည်သောနည်းဖြင့်-

အဟံ ဘန္တေ တိသရဏေန သဟ ဗြဟ္မစရိယပဉ္စမကသီလံ ဓမ္မံယာစာမိ အနုဂ္ဂဟံ ကတ္ဝာ သီလံဒဒထ မေ ဘန္တေ-ဟု ၃-ကြိမ်တောင်း။ နမော တဿ၊ ဗုဒ္ဓံသရဏံ-စသည်ကို ဆိုပြီးလျှင်-

၁။ ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၂။ အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၃။ အဗြဟ္မစရိယာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၄။ မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ ဟူ၍ ဆောက်တည် အပ်၏။

၁၂။ ကောဘဏ္ဍိက ဗြဟ္မစရိယသီလကို ဆောက်တည်လိုသောသူသည်၊

အဟံ ဘန္တေ တိသရဏေန သဟ ဇောဘဏ္ဍိက ဗြဟ္မစရိယသီလံ မမံ ယာစာမိ အနုဂ္ဂဟံကတွာ သီလံ ဒေထ မေ ဘန္တေ·ဟူ၍ ၃-ကြိမ်တောင်း၊ နမော· ဗုဒ္ဓံ သရဏံ စသည်ကို ဆိုပြီးလျှင်--

၁။ ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၂။ အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၃။ အဗြဟ္မစရိယာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၄။ မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၆။ ဝိကာလဘောဇနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ ဟူ၍ ဆောက်တည် အပ်၏။

၁၃။ အင်္ဂဇ်ဥပေါသထသီလကို ဆောက်တည်လိုသောသူသည်၊

အဟံဘန္တေ တိသရဏေန သဟ အင်္ဂဇ်သမန္နာဂတံ ဥပေါသထသီလံ ဓမ္မံယာစာမိ အနုဂ္ဂဟံကတွာ သီလံဒေဏ မေဘန္တေ ဟူ၍ ၃-ကြိမ်တောင်း၊ နမော· ဗုဒ္ဓံ သရဏံ စသည်ကို ဆိုပြီး-

၁။ ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၂။ အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၃။ အဗြဟ္မစရိယာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၄။ မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၆။ ဝိကာလဘောဇနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၇။ နစ္စ ဂိတ ဝါဒိတ ဝိသုက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၈။ ဥစ္စာသယန မဟာသယနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ-ဟူ၍ ဆောက်တည်အပ်၏။

ဤအဋ္ဌင်္ဂုပေါသထ သီလကို ဆောက်တည်ရာ၌ များစွာကုန်သော လူတို့သည် အဋ္ဌင်္ဂ သမန္နာဂတံ ဟူသောပုဒ်ကို (အဋ္ဌင်္ဂသမ္ပန္နာဂတံ) ဟူ၍ မ-အက္ခရာအောက်၌ ပ-သံယုတ် သံ ဖြင့် ရွတ်တတ်ကြကုန်၏။ မသင့်ပေ။ ပ-စောက်သံ မပါပဲ၊ (သမန္နာဂတံ) ဟူ၍တ်မှ သင့်သည်။ အဘယ်ကြောင့်နည်းဟူမူ သမန္နာဂတံ ဟူသောပုဒ်သည် သံ·အနု·အာရှေး ရှိသော ဂမုဓာတ် ဖြစ်သောကြောင့်တည်း။ ထို့ကြောင့် ပါစိတျာဒိယောဇနာ ဘိက္ခုနော ဝါဒဝဂ် ပဌမသိက္ခာပုဒ်အဖွင့်၌ သမန္နာဂတောတိ သမန္တတော အနု ပုနပ္ပုနံ အာဂတောတိ သမန္နာ-ဂတော၊ သမဂ်ီဘူတောတိ အတ္ထော၊ တ္ထဟိ သံသဒ္ဒါ သမန္တတ္ထ ဝါစကော၊ အနုသဒ္ဒါ ဥပစ္ဆိန္နတ္ထဝါစကော ဟူ၍ ဖွင့်ပြတော်မူအပ်၏။

သမန္နာဂတောတိ၊ သမန္နာဂေါဟူသည်ကား။ သမန္တတော၊ ထက်ဝန်းကျင်မှ။ အနုပုနပ္ပုနံ၊ အဖန်ဖန်အထပ်ထပ် ပိုင်းခြားအပ်ခြင်းသည်။ အာဂတော၊ လာ၏။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ သမန္နာဂတော၊ သမန္နာဂတမည်၏။ သမဂ်ီဘူတော၊ ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။ ဣတိအယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။ ဟိသစ္ဒံ၊ မှန်၏။ သံသဒ္ဒေါ၊ သံသဒ္ဒါသည်။ သမန္တတ္ထဝါစကော၊ ထက်ဝန်းကျင်အနက်ကို ဟော၏။ အနု-သဒ္ဒေါ၊ အနုသဒ္ဒါသည်။ ဥပစ္ဆိန္နတ္ထဝါစကော၊ ပိုင်းခြားခြင်း အနက်ကို ဟော၏။

၁၄။ ဒသင်္သီလကို ဆောက်တည်လိုသောသူသည်။

အဟံ ဘန္တေ တိသရဏေန သဟ ဒသဂဟဋ္ဌသီလံ ဓမ္မံယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေဘန္တေ ဟူ၍ ပ-ကြိမ်တောင်း၊ နမော-ဗုဒ္ဓံ သရဏံ စသည်ကို ဆိုပြီးလျှင်၊

၁။ ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၂။ အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၃။ အဗြဟ္မစရိယာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၄။ မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၆။ ဝိကာလဘောဇနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၇။ နစ္စ ဂိတ ဝါဒိတ ဝိသုက ဒဿနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၈။ မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၉။ ဥစ္စာသယန မဟာသယနာ ဝေရဇ္ဇကိသိက္ခာပဒံ သမာဒိယာမိ။

၁၀။ ဇာတရူပ ရဇတ ပဋိဂ္ဂဟဏာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ ဟူ၍ ဆောက်တည်အပ်၏။

ထိုသီလ သိက္ခာပုဒ်တို့တွင် ဒသင်္သီလသိက္ခာပုဒ်၏ အနက်ကိုသိလျှင် ကြွင်းကုန်သော သီလသိက္ခာပုဒ်တို့၏ အနက်ကိုလည်း သိလောက်နိုင်သည်ဖြစ်၍ ဒသင်္သီလသိက္ခာပုဒ်၏ အနက်ကုသာ ဆိုပေအံ့။

၁။ ပါဏာတိပါတာ၊ သူတပါး၏ အသက်ဟု ဆိုအပ်သော ဇီဝိတိန္ဒြေကို လျှင်စွာ ချခြင်းမှ။ ဝေရမဏိသိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ကောင်းစွာခံယူ ဆောက်တည်ပါ၏။

၂။ အဒိန္နာဒါနာ၊ အရှင်သည် ကိုယ်နှုတ်ဖြင့် မပေးအပ်သော သူတပါး၏ ဥစ္စာကို ခိုးယူခြင်းမှ။ လ။ခံယူဆောက်တည်ပါ၏။

၃။ အဗြဟ္မစရိယာ၊ မုခမဂ်-ဝစ္စမဂ်-ပသာဝမဂ်တို့တွင် တပါးပါးသောမဂ်၌ မမြတ်သော မေထုန်အကျင့်ကို ကျင့်ခြင်းမှ။ လ။ ခံယူဆောက်တည်ပါ၏။

၄။ မုသာဝါဒါ၊ မဟုတ်မမှန် ဖောက်ပြန်ချွတ်ယွင်းသောစကားကို ပြောဆိုခြင်းမှ။ လ။ ခံယူဆောက်တည်ပါ၏။

၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ၊ ယစ်မူးမေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သူရာငါးပါး၊ မေရယငါးပါးကို သောက်စားခြင်းမှ။ လ။ ခံယူ ဆောက်တည်ပါ၏။

၆။ ဝိကာလဘောဇနာ၊ နေလွဲသောအခါ၌ ဘောဇဉ်စားသောက်ခြင်းမှ။ လ။ ခံယူဆောက်တည်ပါ၏။

၇။ နစ္စ-ဂီတ-ဝါဒိတ-ဝိသူက-ဒဿနာ-ကခြင်း-ကစေခြင်း၊ သီဆိုခြင်း-သီဆိုစေခြင်း၊ တီးမှုတ်ခြင်း-တီးမှုတ်စေခြင်း၊ သာသနာတော်၏ ငြောင့်တံကျင်ဆယ်ဖြစ်သော ထိုကခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်းကို ကြည့်ရှု-နားထောင်ခြင်းမှ။ လ။ ခံယူဆောက်တည်ပါ၏။

၈။ မာလာ ဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ၊ ပန်းပန်ခြင်း၊ နံ့သာလိမ်းခြင်း၊ နံ့သာပျော်းတို့ဖြင့် နိမ့်ရာအရပ်ကို ဖို့ခြင်း၊ အရေးဆင်းကို တတ်စွမ်းစေခြင်း၊ အပြုအပြင်ပြုခြင်းမှ။ လ။ ခံယူဆောက်တည်ပါ၏။

၉။ ဥစ္စာသယန မဟာသယနာ၊ ယခုလူတို့၏ တဟောင့်ထွာထက်၊ အခြေရှည်သော မြင့်သော ညောင်စောင်း အင်းပျဉ်ဟု ဆိုအပ်သော မြင့်သောနေရာ၊ မအပ်သောအခင်းတို့ဖြင့် ခင်းအပ်သော မြတ်သောနေရာတို့၌ နေထိုင်ခြင်းမှ။လ။ ခံယူဆောက်တည်ပါ၏။

၁၀။ ဇာတရူပ-ရဇတ-ပဋိဂ္ဂဟဏာ၊ ဒွေ ငွေ-ကဟာပန-စသည်တို့ကို၊ ခံယူခြင်းမှ။ ဝေရမဏိသိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို။ သမာဒိ-ယာမိ၊ ကောင်းစွာခံယူဆောက်တည်ပါ၏။

(အလယ်၌။ လ။ ဟု÷လက္ခဏာပြု၍၊ မြုပ်ထားသည်များကို၊ အစ အဆုံးသိက္ခာပုဒ်များကဲ့သို့၊ အပြည့်အစုံ-အနက်ဖော်၍ ဆိုပါ၊လေ)။ ဤဆိုခဲ့ပြီးသော သိက္ခာပုဒ်တို့၏ပါဠိ-အနက်ကို နှုတ်တက်ရအောင်ဆောင်ပါ၊လေ။

ဤဆိုအပ်ခဲ့ပြီးသော သီလတို့တွင် ဗြဟ္မစရိယ ပဉ္စကသီလ၊ ဧကာဘတ္တိက ဗြဟ္မစရိယ-သီလတို့ကို ကဿပ ဘုရားရှင်၏လက်ထက်တော်၌ ဂဝေသီ ဥပါသကာ အမှူးရှိသော ငါးရာသော ဥပသကာတို့သည် ကျင့်ဆောက်တည်ကုန်၏။

ထို့ဥပါသကာတို့ ဆောက်တည်ဟန်ကို-ဆိုဦးအံ့။

အခါတပါး၌ မြတ်စွာဘုရားသခင်သည် ရဟန်းသံဃာများ မြို့ရံလျက် ကောသလတိုင်း၌ ဒေသစာရီ ကြွချီတော်မူလေသော် ကြီးကျယ်ပြန့်ပြောသော အင်ကြင်းတောတခုသို့ ဝင်ရောက်တော်မူလေ၏။ ထိုအခါ မြတ်စွာဘုရားသခင်သည် ဂဝေသီဥပါသကာ၏ ခြင်းရာဉဿုံ အလုံးစုံကို အကုန်ဉာဏ်ဖြင့် သိမြင်တော်မူ၍ ပြုံးရွှင်တော်မူလေ၏။ ထိုအခါ အာနန္ဒာထေရ်အရှင်က အကြောင်းကို မေးလျှောက်လေလျှင် ချစ်သားအာနန္ဒာ ကြီးကျယ်ပြန့်ပြောသော ဤအင်ကြင်းတောဒေသ၌ ကဿပဘုန်းမော် တို့နောင်တော်၏ ဂဝေစရဂါမ်မြို့ကြီး တည်ဖူး၏။ ထို့မြို့ကြီး၌ သင်းသီးများစွာ ငါးရာသောသူတို့၏ အကြီးအမှူးဖြစ်သော ဂဝေသီအမည်ရှိသော ဥပါသကာသည် ရှိလေ၏။ ချစ်သားအာနန္ဒာ ထိုအခါ ဂဝေသီ ဥပါသကာသည် ဤသို့ ကြံလေ၏။ငါကား သင်းသီးငါးရာ၊ လူများစွာတို့၏ ဦးခိုင်ဦးစီး အကြီးအချုပ်ဖြစ်လျက် ထိုသူတို့ထက်သာလွန်သော အကျင့်သီလ မရှိချေ။ ယခု ငါကား ထိုသူများထက် ဂုဏ်တူးထက် အောင်ကျင့်ဆောင်အံ့ဟု အကြံပြု၏။ ချစ်သားအာနန္ဒာ ထိုအခါ ဂဝေသီ ဥပါသကာသည် ငါးရာသောသူတို့အထံသို့ကပ်၍ "အဇ္ဇတဂ္ဂေ မံ အာယဿမန္တော သီလေသု ပရိပူရကာရီ ဓာရေထ" ဟု ငါးပါးသီလကို ဆောက်တည်၏။ ငါးရာသော သူတို့ကလည်း ဂဝေသီဥပါသကာနည်း တူစွာ ငါးဖြာသောသီလကို ဆောက်တည်ကြကုန်၏။ ထိုသို့ဆောက်တည်ကြ၍ အကျင့်သီလ တူကြပြန်လျှင် တဖန် ဂဝေသီ ဥပါသကာသည် ရှေးနည်းတူကြံဆ၍ ထိုသူတို့ထံ၌ပင်။

"အဇ္ဇတဂ္ဂေ မံ အာယဿမန္တော ဗြဟ္မစာရိ မာရေထ အနုစာရိ ဝိရတံ မေထုနာ ဂါမ-ဓမ္မာ" ဟု ဗြဟ္မစရိယ ပဉ္စမကသီလကို၊ ဆောက်တည်ပြန်၏။

ငါးရာသော သူတို့သည်လည်း ယင်းနည်းအတူပင် ဗြဟ္မစရိယ ပဉ္စမကသီလကို ဆောက်တည်ကြပြန်ကုန်၏။

တဖန်လည်း ဂဝေသီဥပါသကာသည် ထိုသူတို့ထံ၌ပင် "အဇ္ဇတဂ္ဂေ မံ အာယဿမန္တော ဧကာဘတ္တိကံ ဓာရေထ၊ ရတ္တူပရတံ ဝိရတံ ဝိကာလဘောဇနာ" ဟု ဧကာဘတ္တိက ဗြဟ္မစရိယသီလကို ဆောက်တည်၏။

ငါးရာသောသူတို့သည်လည်း ယင်းနည်းတူပင် ကဲဘတ်ကြမ်းစရိယသိလကို ဆောက်တည်ကြပြန်ကုန်၏။

တဖန်-ဂဝေသီဥပါသကာသည် ရဟန်းပြု၍ အရဟတ္တဖိုလ်သို့ ရောက်လေ၏။ နောက်ပါငါးရာတို့လည်း ရဟန်းပြုကုန်၍ အရဟတ္တဖိုလ်သို့ ရောက်ကြလေကုန်၏ဟု ဟောတော်မူပြီး၍၊

တသ္မာဟိ အာနန္ဒာ ဧဝံ သိက္ခိတဗ္ဗံ ဥတ္တာရုတ္တာရိ ပဏီတ ပဏီတံ ဝါယမာနာ အနုတ္တရံ သစ္ဆိကရိဿာမာတိ၊ ဧဝံဟိတော အာနန္ဒ သိက္ခိတဗ္ဗံ-ဟူ၍ ဟောတော်မူပြန်၏။

အာနန္ဒာ၊ အာနန္ဒာ။ တသ္မာ၊ ထို့ကြောင့်။ ဧဝံ သိက္ခိတဗ္ဗံ၊ ဤသို့ ကျင့်အပ်၏။ ကထံ၊ အဘယ်သို့ ကျင့်အပ်သနည်းဟူမူ။ ဥတ္တာရုတ္တာရိ၊ လွန်သည်ထက် လွန်အောင်။ ပဏီတပဏီတံ၊ မြတ်သည်ထက်မြတ်အောင်။ ဝါယာမာနာ၊ အားထုတ်ကုန်လျက်။ အနုတ္တရံ၊ နိဗ္ဗာန်ကို။ သစ္ဆိကရိဿာမ၊ မျက်မှောက်ပြုကုန်အံ့။ ဣတိ၊ ဤသို့။ သိက္ခိတဗ္ဗံ၊ ကျင့်အပ်၏။ အာနန္ဒ၊ အာနန္ဒာ။ တေတယာ၊ သင်သည်။ဧဝံ၊ ဤသို့။ သိက္ခိတဗ္ဗံ၊ ကျင့်အပ်၏။ ဝါ-ကျင့်ပါလေ။ ဤကား အနက်။

ဤသို့ ပဉ္စအင်္ဂုတ္တိုရ်ပါဠိတော်၌ လာသောကြောင့် ယခုကာလ လူတို့သည် ဆောက်တည်မြဲ ငါးပါးသီလတွင် ကာမေသုမိစ္ဆာစာရ နေရာ၌ (ပြဟ္မစရိယ)ကို ထည့်၍၊ ပြဟ္မစရိယပဉ္စမက သီလကိုလည်းကောင်း။ ထို၌ပင် (ဝိကာလဘောဇန)ကို ထည့်၍ ကောဘတ်တိုက ပြဟ္မစရိယ-၆-ပါး သီလကိုလည်းကောင်း၊ ဆောက်တည်အပ်၏ဟု ယုံယုံကြည်ကြည် လေးလေးမြတ်မြတ်ပြု၍ ကဿပမြတ်စွာဘုရားသခင်၏ ဥပါသကာ၊ ဂဝေသီ အမှူးရှိသော လူငါးရာတို့ကဲ့သို့ သူ့ထက်ငါကြိုးကုတ်၍ အားထုတ် စောင့်ရှောက်ကြလေကုန်၊ သူတကာ မှကျင့်ဖူးတကားဟု ပေါ့စားခြင်းမရှိကြပါလေကုန်လင့်။

(၁၅) ကောသနိက် ဓုတင်ကို ဆောက်တည်လိုသော သူသည် နာနာသနဘောဇနံ ပဋိက္ခိပ္ပါမိ၊ ကောသနိကင်္ ဿမာဒိယာမိ ဟု ဆို၍ ဆောက်တည်အပ်၏။

နာနာသနဘောဇနံ၊ အထူးထူးနေရာ၌ စားခြင်းကို။ ပဋိက္ခိပ္ပါမိ၊ ပယ်ပါ၏။ ကောသနိကင်္၊ တနေရာတည်း၌သာ စားလေ့ရှိသော ပုဂ္ဂိုလ်၏ သမာဒါန စေတနာဟု ဆိုအပ်သော အကြောင်းအင်္ဂါကို။ ဿမာဒိယာမိ၊ ကောင်းစွာခံယူဆောက်တည်ပါ၏။ ဤကား အနက်။

ဤကောသနိက်ဓုတင်သည် ဥက္ကဋ္ဌ မဇ္ဈိမ မုဒုကဟူ၍ သုံးပါးအပြားရှိ၏။ထိုသုံးပါးတို့တွင်-

ဥက္ကဋ္ဌသားသည် နည်းသည်မူလည်းဖြစ်စေ၊ များသည်မူလည်းဖြစ်စေ အကြင်စားဖွယ်၌ စားအံ့ဟု လက်ချ၏။ ထိုစားဖွယ်မှတပါး အခြားသော စားဖွယ်ကို မခံယူအပ်။

မဇ္ဈိမသားသည် အကြင်မျှလောက်သော ကာလပတ်လုံး စားခွက်၌ထမင်းမကုန်သေး၊ ထိုမျှလောက်ကာလပတ်လုံး တပါးသောစားဖွယ်ကို ခံယူအပ်၏။

မုဒုကသားသည် အကြင်မျှလောက် ကာလပတ်လုံး စားအပ်၏။

ဤမုဒုကသားသည် နေ့ရှု့မှ မ့ထမချင်း စားအပ်သောကြောင့် အာသနပရိယန္တိကမည်၏။ ဤသုံးယောက်လုံးသည် နေရာမှတပါး ပြောင်းရွှေ့သွား၍ စားသောခဏ၌ မူတင်ပျက်၏။ ဂိလာန အကြောင်းရှိလျှင် ယာမကာလိက၊ သတ္တာဟကာလိက၊ ယာဝဇီဝကဟု ဆိုအပ်ကုန်သော ကာလိက သုံးပါးတို့ကို ပိပါသအကြောင်းရှိလျှင် ယာမကာလိဟု ဆိုအပ်သော ဖျော်ရည်ကို ကာလ+ဝိကာလနှစ်ပါးတို့၌ စားသောက်အပ်၏။ အကြောင်းမရှိလျှင် ကာလ၌ပင် ရွှေ့ပြောင်း၍ ထိုကာလိကတို့ကို မစားသောက်အပ်။ ဝိကာလ၌ကား ဆိုဖွယ်မရှိ။ ဝိကာလ ဘောဇန သိက္ခာပုဒ်ပျက်၏။

(၁၆) ပတ္တပိဏ်ဓူတင်ကို ဆောက်တည်လိုသောသူသည် "ဒုတိယဘာဇနံ ပဋိက္ခိပ္ပါမိ ပတ္တပိဏ္ဍိကင်္ ဿမာဒိယာမိ" ဟု ဆို၍ ဆောက်တည်အပ်၏။

ဒုတိယဘာဇနံ၊ နှစ်ခုမြောက်သောခွက်ကို။ ပဋိက္ခိပ္ပါမိ၊ ပယ်ပါ၏။ ပတ္တပိဏ္ဍိကင်္၊ တခွက်းတည်း၌တည်း သာဆွမ်းကို စားလေ့ရှိသောပုဂ္ဂိုလ်၏ သမာဒါနစေတနာဟုဆိုအပ်သော အကြောင်းအာဂါကို။ သမာဒိယာမိ၊ ကောင်းစွာခံယူဆောက်တည်ပါ၏။ ဤကား-အနက်။

ဤပတ္တပိဏ် ဓူတင်၌လည်း ဥက္ကဋ္ဌ - မ့ဇ္ဈိမ - မုဒုက ဟူ၍၊ သုံးပါးအပြားရှိ၏။ ထိသုံးပါးတိတင်-

ဥက္ကဋ္ဌသားသည်၊ ကြုံဖတ်မှတပါး တစုံတခုသောအမှိုက်ကို စားခွက်မှယူ၍ မစွန့်အပ်။ ငါး အမဲတုံးတို့ကိုလည်း ခွဲဖဲ့၍ မစားအပ်။

မဇ္ဈိမသားသည်လက်တဘက်ဖြင့်ခွဲဖဲ့၍ စားအပ်၏။ဤမဇ္ဈိမသားသည် ဟတ္ထယောဂီမည်၏။

မုဒုကသားသည် စားခွက်၌ထည့်အပ်သော ဝတ္ထုဟူသမျှကို လက်ဖြင့်လည်းကောင်း၊ သွားဖြင့်သည်းကောင်း ခွဲဖဲ့၍စားအပ်၏။ ဤမုဒုကသားသည် ပတ္တယောဂီမည်၏။

ထိုသုံးယောက်ကုန်သော သူတို့အား နှစ်ခုမြောက်သော ခွက်ကို သာယာသောခဏ၌ မူတင်ပျက်၏။

ဤဓူတင်နှစ်ပါးကို ဖဆောက်တည်သောနေ့၌ မဆောက်တည်မီကပင် အရုဏ်တက်သည်ကစ၍ တစုံတခုကိုမျှ မစားပဲ ရှောင်ကြဉ်ရမည်။ မရှောင်ကြဉ်ပဲ စားမိလျှင် ဓူတင်ကို မဆောက်တည်အပ်ဟု အချို့သောဆရာတို့ မိန့်ဆိုကြကုန်၏။ အချို့သော ဆရာတို့ကား မဆောက်တည်မီက စားသောက်သောကြောင့် အပြစ်မရှိ၊ ထိုနေ့၌ပင် ဆောက်တည်ကောင်း၏ဟု မိန့်ဆိုကြကုန်၏။ ထိုဝါဒနှစ်ပါးလုံးပင် ပါဠိ-အဋ္ဌကထာ-ဋီကာတို့၌ တိုက်ရိုက်အားဖြင့် မပါ-မရှိ။ ထိုသို့မရှိသော်လည်း ရှေးဝါဒအတိုင်း အရုဏ်တက်သည်ကစ၍ ရှောင်ကြဉ်ခြင်းကြောင့်ကား တစုံတခု အပြစ်ဆိုဖွယ်ရာမရှိ၊ နောက်ဝါဒအတိုင်း ကျင့်ခြင်း၌ကား အပ်ပါမည်လော- မအပ်လောဟု ဘွဲ့တော်ယုံမှားဖွယ် ရှိ၍ ရှေးဝါဒသည် ဂရုဖြစ်ပေသည်။ ဂရုလဟု နှစ်ပါးတို့တွင် ဂရုဖြစ်သော ရှေးဝါဒအတိုင်းသာ ရှောင်ကြဉ်၍ ကျင့်ကြလေကုန်။ စာရိတ္တသိမ်လျှင် မှတ်ဖွယ်ပြီး၏။

(၁၇) ဝါရိတ္တသီလ ဟူသည်ကား ပဉ္စသီလ၊ အာဇီဝဋ္ဌမကသီလ၊ ဒသအရိယဓမ္မသီလတို့ပေတည်း။ ထိုသီလတို့တွင် ပဉ္စသီလ ဆောက်တည်နည်းဌ မခက်လွန်း၊ ယခုကာလ အများသောသူတို့ပင် ဆောက်တည်နေကြသည် ဖြစ်၍ ထင်ရှား၏။

အာဇီဝဋ္ဌမက သီလကို ဆောက်တည်လိုသောသူသည်-

အဟံ ဘန္တေ တိသရဏေန သဟ အာဇီဝဋ္ဌမကသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတ္ဝာ သီလံ ဒေထ မေ ဘန္တေ-ဟု ၃-ကြိမ်တောင်း၊ နမော ဗုဒ္ဓံ သရဏံ စသည်ကိုဆိုပြီးလျှင်-

(၁) ပါဏာတိပါတာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။

(၂) အဒိန္နာဒါနာ (၃) ကာမေသုမိစ္ဆာစာရာ (၄) မုသာဝါဒါ (၅) ပိသုဏဝါစာယ (၆) ဖရုသဝါစာယ (၇) သမ္ဖပ္ပလာပါ (၈) မိစ္ဆာဇီဝါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိဟု အလယ်သိက္ခာပုဒ်တို့၌ အစ-အဆုံး သိက္ခာပုဒ်တို့ကဲ့သို့ အပြည့်အစုံထည့်၍ဆိုပြီး ဆောက်တည်အပ်၏။

မိစ္ဆာဇီဝါ၊ မှားယွင်းသော အသက်မွေးခြင်းမှ။ ဝေရမဏိသိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ကောင်းစွာခံယူ ဆောက်တည်ပါ၏။ ပါဏာတိပါတာ စသည်ကား ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ-ဟု ဆို၍ ဆောက်တည်ပါ။ အလယ်သိက္ခာပုဒ်တို့၌ အစ-အဆုံး သိက္ခာပုဒ်တို့ကဲ့သို့ အပြည့်အစုံ ထည့်၍ ဆိုပါ။

(၁၈) ဒသအရိယဓမ္မသီလကို ဆောက်တည်လိုသောသူသည်၊

အဟံ ဘန္တေ တိသရဏေန သဟ ဒသ အရိယဓမ္မသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတ္ဝာ သီလံ ဒေထ မေ ဘန္တေ-ဟု၊ သုံးကြိမ်တောင်း၍ နမော ဗုဒ္ဓံ သရဏံ စသည်ကိုဆိုပြီးလျှင်-

(၁) ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

(၂) အဒိန္နာဒါနာ (၃) ကာမေသုမိစ္ဆာစာရာ (၄) မုသာဝါဒါ၊ (၅) ပိသုဏဝါစာယ၊ (၆) ဖရုသဝါစာယ (၇) သမ္ဖပ္ပလာပဝါစာ (၈) အဘိဇ္ဈာ၊ (၉) ဗျာပါဒ (၁၀) မိစ္ဆာဒိဋ္ဌိယာ၊ ဝေရဏိသိက္ခာပဒံ သမာဒိယာမိ-ဟု ဆို၍ ဆောက်တည်ပါ။ အလယ်သိက္ခာပုဒ်တို့၌၊ အစ-အဆုံး သိက္ခာပုဒ်တို့ကဲ့သို့ အပြည့်အစုံ ထည့်၍ ဆိုပါ။

(၁) ပါဏာတိပါတာ၊ သူဟပါးအသက်ဟု ဆိုအပ်သော ဇီဝိတိန္ဒြေကို လျှင်စွာချခြင်းမှ ဝေမဏိသိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ကောင်းစွာခံယူ ဆောက်တည်ပါ၏။

(၂) အဒိန္နာဒါနာ၊ အချင်သည်၊ ကိုယ် နှုတ်ဖြင့် မပေးအပ်သော သူတပါး၏ ဥစ္စာကို ခိုးယူခြင်းမှ။

(၃) ကာမေသုမိစ္ဆာစာရာ၊ ဝတ္ထုကာမတို့၌ စင်စစ် ကဲ့ရဲ့အပ်သော ယုတ်မာသော အကျင့်မှ။

(၄) မုသာဝါဒါ၊ မဟုတ်မမှန် ဖောက်ပြန်ချွတ်ယွင်းသော စကားကို ပြောဆို ခြင်းမှ။

(၅) ဝိသုဏ္ဏဝါစာယ၊ သူနှစ်ယောက်တို့၏ အချစ်ကို မှုန်မှုန်ညက်ညက် ပြုတတ် သော ချေပစ်ကုန်းတိုက်သော စကားမှ။

(၆) ဖရုသဝါစာယ၊ လှည့်ဖွဲးကဲ့သို့ ကြမ်းတမ်းစ့ာသော အကြောသ စကားမှ။

(၇) သပ္ပပ္ပလာပါ၊ ဒြပ်ကင်းမဲ့ အဖျင်းခဲ့သောစကားမှ။

(၈) အဘိဇ္ဈာယ၊ သူတပါးစည်းစိမ်သည် ငါ၏စည်းစိမ်ဖြစ်ပါမူ ကောင်းလေစ့ ဟု ကြံခြင်းမှ။

(၉) ဗျာပါဒါ၊ ပဒုဋ္ဌစိတ်ဖြင့် သူတ့ာပါးတို့၏ အသက်သေကြောင်းကို ကြံ ခြင်းမှ။

(၁၀) မိစ္ဆာဒိဋ္ဌိယာ၊ အကြိုယ-အနတ္တိက-အဟေတုကဟု ဆိုအပ်သော မိစ္ဆာအယူ မှ။ ဝေရမဏိ သိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ကောင်းစ့ာခံယူ ဆောက်တည်ပါ၏။ ဤကား-သိက္ခာပုဒ်အနက်။ (ကြွင်းသော အလယ် သိက္ခာပုဒ်တို့ဋ္ဌလည်း၊ အစ-အဆုံး သိက္ခာပုဒ်တို့ကဲ့သို့ အပြည့်အစုံထည့်၍ ဆိုပါ) ဤဆိုအပ်ခဲ့ပြီးသော ဝါရိတ္တသီလ သိက္ခာပုဒ်တို့ဋ္ဌ ပါဋ္ဌအနက်ကို နှုတ်တက်ရအောင် ဆောင် ကြဉပါကုန်။

ဝါရိတ္တသီလဋ္ဌ အကျဉ်းမှတ်သားဖွယ် ပြီး၏။

ထိုသို့ဆိုအပ်ခဲ့ပြီးသော သီလတို့သည် ဟိနသီလ၊ မဇ္ဈိမသီလ၊ ပဏီတသီလဟူ၍ သုံးပါး အပြားရှိကုန်၏။ ထိုသုံးပါးတို့တွင်- (၁) ယုတ်ညံ့သော ဆန္ဒ၊ စိတ္တ၊ ဝီရိယ၊ ဝီမံသတို့ဖြင့် ဆောက်ဘည်အပ်သော သီလသည် ဟိနသီလမည်၏။ (၂) အလယ်အလတ် ဖြစ်ကုန်သော ဆန္ဒ၊ စိတ္တ၊ ဝီရိယ၊ ဝီမံသတို့ဖြင့် ဆောက်တည်အပ်သော သီလသည် မဇ္ဈိမသီလမည်၏။ (၃) မြတ်ကုန်သော ဆန္ဒ၊ စိတ္တ၊ ဝီရိယ၊ ဝီမံသတို့ဖြင့် ဆောက်တည်အပ်သော သီလသည် ပဏီတ သီလမည်၏။

တနည်းကား။ (၁) အကျော်အစောကို အလိုရှိ၍ ဆောက်တည်အပ်သော သီလသည် ဟိနသီလမည်၏။ (၂) ကုသိုလ်အကျိုးကို အလိုရှိ၍ ဆောက်တည်အပ်သော သီလသည် မဇ္ဈိမသီလမည်၏။ (၃) ဤသီလအကျင့်ကို ကျင့်အပ်ပေတကား ဟု အရိယဘာဝကိုမှီ၍ ဆောက်တည်အပ်သော သီလသည် ပဏီတသီလမည်၏။

တနည်းကား။ (၁) ငါသည်သာ သီလရှိ၏။ ငါမှတပါးကုန်သော သူတို့သည် ဒုဿီလ-ပါပဓမ္မပုဂ္ဂိုလ်တို့ ချည်းဟု မိမိကိုယ်ကို ချီးမြှောက်ခြင်း အတ္တုက္ကံသန၊ သူတပါးကို ရှုတ်ချ

ခြင်း ပရဝမ္ဘန စသည်တို့ကြောင့် ဥပကိလိဋ္ဌမဖြစ်သော လောကီသီလသည် မဇ္ဈိမသီလမည်၏။ လောကုတ္တရာ သီလသည် ပဏီတသီလမည်၏။

တနည်းကား။ (၁) တဏှာ၏ အစွမ်းအားဖြင့် ဘဝ-ဘောဂသမ္ပတ္တိကို တောင့်တ၍ ဆောက်တည်အပ်သော သီလသည် ဟီနသီလမည်။ (၂) မိမိ၏ သံသရာမှ ထွက်မြောက်ရခြင်း အကျိုးငှာ ဆောက်တည်အပ်သော သီလသည် မဇ္ဈိမသီလမည်၏။ (၃) အလုံးစုံကုန်သော သတ္တဝါတို့၏ သံသရာမှ ထွက်မြောက်ရခြင်း အကျိုးငှာ ဆောက်တည်အပ်သော သီလသည် ပဏီတသီလမည်၏။

တနည်းကား။ သီလသည် ဟာနဘာဂီယ သီလ၊ ဌိတိဘာဂီယ သီလ၊ ဝိသေသ ဘာဂီယသီလ၊ နိဗ္ဗေဓဘာဂီယသီလ ဟူ၍ လေးပါးအပြားရှိ၏။ ထိုလေးပါးတို့တွင်—

(၁) ယောဓ သေဝတိ ဒုဿီလေ၊ သီလဝန္တေနသေဝတိ။
ဝိတ္ထာ ဝိတိက္ကမေ ဒေါသံ၊ နပဿတိ အဝိဒ္ဒသု။

(၂) မိစ္ဆာသက်ပွ ဗဟုလော၊ ဣန္ဒြိယာနိ နရက္ခတိ။
ဝေရူပဿ ဝေသီလံ၊ ဇာယတေ ဟာနဘာဂိယံ။

ဟူသော နှစ်ဂါထာနှင့်အညီ သီလဝန္တကို မမှီဝဲ၊ ဒုဿီလကိုသာ မှီဝဲဆည်းကပ်၍ ဆောက်တည်အပ်သောသူ၏ သီလ၊ ဝတ္ထုကို လွန်ကျူးခြင်းဌာ အပြစ်ကိုမမြင် မိစ္ဆာသက်ပွအားကြီး၊ ဣန္ဒြေကို မစောင့်စည်းသောသူ၏ သီလသည် ဟာနဘာဂိယ သီလမည်၏။

ဣဓ၊ ဤသာသနာတော်၌။ အဝိဒ္ဒသု၊ မသိစိုက်စိုက် တကယ်မိုက်သော။ ယော၊ အကြင်သူသည်။ ဒုဿီလေ၊ သီလရိန္ဒမ်း ဒုဿီလရဟန်းတို့ကို။ သေဝတိ၊ ပေါင်းဖော်ယှဉ်တွဲမှီဝဲကပ်ခို၏။ သီလဝန္တေ၊ ညစ်ကြေးမထင် သစ်ဖေးစင်သော သီလဝန်ရဟန်းတို့ကို။ နသေဝတိ၊ မမှီဝဲမကပ်ခို။ ဝတ္ထုဝိတိက္ကမေ၊ သီလပျက်ကြောင်းဖြစ်သော ဝတ္ထုကို လွန်ကျူးခြင်း၌။ ဒေါသံ၊ နောင်လာမည့်အရေး အပြစ်ဘေးကို။ နပဿတိ၊ ဉာဏ်ဖြင့်မထင် မသိမြင်။ မိစ္ဆာသက်ပွ-ဗဟုလော၊ ကိုးပါးမိစ္ဆာ မဟာဝိတက် များသည်ဖြစ်၍။ ဣန္ဒြိယာနိ၊ စက္ခုအစ မနအဆုံး ဣန္ဒြေခြောက်ထွလုံးတို့ကို။ နရက္ခတိ၊ မစောင့်ရှောက်။ ဇေရူပဿ၊ ဤသို့သဘောရှိသော သူ၏။ သီလံ၊ သီလသည်။ ဇေ၊ စင်စစ်။ ဟာနဘာဂိယံ၊ သေးသိမ်နုပ်စုတ် ဆုတ်ယုတ်ညံ့ဖျင်းသော အဖို့ရှိဘည်။ ဇာယတေ၊ ဖြစ်၏။ ဤကား-အနက်။

(၁) ယော ပနတ္တမနော ဟောတိ၊ သီလသမ္ပတ္တိယာ ဣဓ။
ကမ္မဋ္ဌာနာနုယောဂမှိ၊ နဥပ္ပါဒေတိ မာနသံ။

(၂) တဋ္ဌဿ သီလမတ္တေန၊ အဃံဋ္ဌန္တဿ ဥတ္တရိံ။
တဿတံ ဌိတိဘာဂိယံ၊ သီလံ ဘဝတိ ဘိက္ခုနော။

ဟူသော ဂါထာတို့နှင့်အညီ သီလပြည့်စုံမှုဖြင့်သာ ဝမ်းမြောက်ဝမ်းသာရှိ၍ ဘဝနာ ကမ္မဋ္ဌာန်းကိုလည်းမစိုးဖြန်း။ အထက်မဂ်ဖိုလ်လွှမ်းကိုလည်း အားမထုတ်သောသူ၏ သီလသည် ဌိတိဘာဂိယ သီလမည်၏။

ပန၊ အဖို့တပါးကို ဆိုဦးအံ့။ ဣဓ၊ ဤသာသနာတော်၌။ ယောဘိက္ခု၊ အကြင် ရဟန်းသည်။ သီလသမ္ပတ္တိယာ၊ သီလကုံလုံ၊ ပြည့်စုံကာမျှဖြင့်။ အတ္တာမနော၊ နှစ်လိုဝမ်းသာ ရှိသည်။ ဟောတိ၊ ဖြစ်၏။ ကမ္မဋ္ဌာနာနုယောဂမ္ပိ၊ ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းမမေ့ အာဒေါးထုတ်လေ့ရှိခြင်း၏။ မာနသံ၊ စိတ်ကို။ နဥပ္ပါဒေတိ၊ မဖြစ်စေ။ သီလမတ္တေန၊ သီလမျှဖြင့်၊ တုဋ္ဌဿ၊ ရောင့်ရဲတင်းတိမ်တတ်သော။ ဥတ္တရိံ၊ အထက် မဂ်ငြမ်း ဖိုပေါက်လမ်းကို။ အဃဋ္ဋနဿ၊ အားမထုတ်သော။ တဿ ဘိက္ခုနော။ ထိုရဟန်း၏။ တံသီလံ၊ ထိုသီလဿည်။ ဌိတိဘာဂိယံ၊ တည်ရုံမျှအဖို့ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဤကား-အနက်။

သမ္ပန္နသီလောဃဋ္ဌတိ၊ သမာဓတ္ထာယ ယောပန။

ဝိသေသဘာဂိယံ သီလံ၊ ဟောတိ ဇတဿ ဘိက္ခုနော။

ဟူသောဂါထာနှင့်အညီ စိတ္တသမာဓိအကျိုးငှာ သမထကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်သော သူ၏ သီလသည်၊ ဝိသေသဘာဂိယ သီလမည်၏။

ပန၊ အဖို့တပါးကို ဆိုဦးအံ့။ သမ္ပန္နသီလော၊ ပြည့်စုံသော သီလရှိသော။ ယောဘိက္ခု၊ အကြင်ရဟန်းသည်။ သမာဓတ္ထာယ၊ စိတ္တသမာဓိဟူ ဆိုအပ်သော လောကီစျာန်အကျိုးငှာ။ ဃဋ္ဋတိ၊ သမထကမ္မဋ္ဌာန်း စီးဖြန်းအားထုတ်၏။ တဿ ဘိက္ခုနော၊ ထိုရဟန်း၏။ သီလံ၊ သီလသည်။ ဝိသေသဘာဂိယံ၊ ထူးသောအဖို့ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဤကား-အနက်။

အတုဋ္ဌောသီလမတ္တေန၊ နိဗ္ဗိဒံ ဃောနုယုဉ္ဇတိ။

ဟောတိ နိဗ္ဗေဓဘာဂိယံ၊ သီလ မေတဿ ဘိက္ခုနော။

ဟူသော ဂါထာနှင့်အညီ သီလမျှဖြင့် မရောင့်ရဲ၊ နိဗ္ဗိဒာဝိပဿနာဉာဏ်ကို အားထုတ်သော သူ၏ သီလသည် နိဗ္ဗေဓဘာဂိယ သီလမည်၏။

သီလမတ္တေန၊ သီလမျှဖြင့်။ အတုဋ္ဌော၊ မရောင့်ရဲ မတင်းတိမ်းသော။ ယောဘိက္ခု၊ အကြင်ရဟန်းသည်။ နိဗ္ဗိဒံ၊ နိဗ္ဗိဒာဝိပဿနာဉာဏ်ကို။ အနုယုဉ္ဇတိ၊ အားထုတ်၏။ ဇတဿ ဘိက္ခုနော၊ ထိုရဟန်း၏။ သီလံ၊ သီလသည်။ နိဗ္ဗိဒဘာဂိယံ၊ ကိလေသမာရ်ကိုယ်တွင်းရန်ကို အမြန်ဖျက်ဆီးနိုင်ခြင်း အဖို့ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဤကားအနက်။ သီလဘေဒ၌ အကျဉ်းမှတ်ဖွယ်တည်း။

၂၀။ သီလ၏အကျိုးအာနိသင်ကို ပြဆိုဦးအံ့

သာသနေကုလပုတ္တာနံ၊ ပတိဋ္ဌာ နတ္ထိ ယံ ဝိနာ။
အာနိသံသ ပရိစ္ဆေဒံ၊ တဿ သီလဿ ကောဝဒေ။

သာသနေ၊ ဘုရားမြတ်စွာ သာသနာတော်၌။ ယံသီလံ၊ အကြင်သီလကို။ ဝိနာ၊ ကြဉ်၍။ ကုလပုတ္တာနံ၊ အမျိုးကောင်းသားတို့၏။ ပတိဋ္ဌာ၊ ထောက်တည်မှီခိုရာသည်။ နတ္ထိ၊ မရှိ။ တဿ သီလဿ၊ ထိုသီလ၏။ အာနိသံသ ပရိစ္ဆေဒံ၊ အာနိသင် အပိုင်းအခြားကို။ ကော၊ အဘယ်မည်သူ နတ်နှင့်လူသည်။ ဝဒေ၊ ဤ၍-ဤမျှ ဤသည်ပဟု တွက်ဆမိုင်ပိုင် ဆိုစွမ်းနိုင်အံ့နည်း။ နဝဒေ၊ မဆိုစွမ်းနိုင်ရာ။

နဂင်္ဂါ ယမုနာစောပိ၊ သရဘူဝါ သရဿတိ။
နိန္နဂါဝါစိရဝတိ၊ မဟီဝါပိ မဟာနဒီ။

သက္ကုဏ္ဍီ ဝိသောဓေတုံ၊ တံမလံ ဣဓပါဏိနံ။
ဝိသောဓယတိ သတ္ထာနံ၊ ယံ ဇဝ သီလဇလံမလံ။

ဣဓ၊ ဤဘုရားမြတ်စွာ သာသနာတော်၌။ သတ္ထာနံ၊ လူ-နတ်-ဗြဟ္မာ သတ္တဝါတို့၏။ ယံ မလံ၊ အကြင်ကိလေသာစေး မြူညစ်ကြေးကို။ သီလဇလံ၊ သန့်စင်ကြည်အေး နတ်ရေ မွှေးသည်။ ဝိသောဓယတိ၊ သုတ်သင်နိုင်၏။ ပါဏိနံ၊ လူ, နတ်, ဗြဟ္မာ သတ္တဝါတို့၏။ တံမလံ၊ ထိုကိလေသာစေး မြူညစ်ကြေးကို။ ဂင်္ဂါ၊ ဂင်္ဂါမည်သော။ မဟာနဒီဝါ၊ မြစ်ကြီး ရေဆည်လည်းကောင်း။ သရဿတိ၊ အသံကိုပြုစ်စေတတ်သော။ သရဘူ၊ သရဘူအမည် ရှိသော။ မဟာနဒီဝါ၊ မြစ်ကြီးရေသည်လည်းကောင်း။ နိန္နဂါ၊ နိမ့်ရာသို့သာ စီးဆင်းတတ် သော။ အစိရဝတီ၊ အစိရဝတီ အမည်ရှိသော။ မဟာနဒီဝါ၊ မြစ်ကြီးရေသည်လည်းကောင်း။ ဝိသောဓေတုံ၊ သုတ်သင်ခြင်းငှာ။ န သက္ကုနန္တိ၊ မစွမ်းနိုင်ကုန်။ (ဤဂါထာတို့၌ စသဒ္ဒါ အပိသဒ္ဒါတို့သည်၊ ပဒပူရဏ။ မဟီဝါဒို့ ဝါသဒ္ဒါသည် အနိယမတ္ထ။ ထို ဝါသဒ္ဒါဖြင့် ဂေါဓာဝရီမြစ် စသည်ကိုယူ)။

နတံ သဇလဇာ ဝါတာ၊ နစာပိ ပရိစန္ဒိနံ။
နေဝဟ္မာရာ နမဏိယော၊ နစန္ဒကိရဏာကုံရာ။
သမယန္တိဓသတ္ထာနံ၊ ပရိဋ္ဌာဟံ သုရက္ခိတံ။
ယံ သမေတိဒံ အရိယံ၊ သီလံ အစ္စန္တသီတလံ။

ဣဓ၊ ဤဘုရားမြတ်စွာ သာသနာတော်၌။ သတ္ထာနံ၊ လူ, နတ်, ဗြဟ္မာ သတ္တဝါတို့၏။ ယံ ဣဒံ ပရိဋ္ဌာဟံ၊ အကြင် ကျိုက်ကျိုက်ဆူအောင် မြိုက်တတ်သော ကိလေသာအပူအိုက်ကို။ သုရက္ခိတံ၊ ကောင်းစွာ စောင့်ရှောက်အပ်သော။ အစ္စန္တသီတလံ၊ စင်စစ်ကြည်မွေး တကယ် အေးသော။ သီလံ၊ သီလသည်။ သမေတိ၊ ငြိမ်းစေနိုင်၏။ တံ ပရိဋ္ဌာဟံ၊ ထိုသို့ ကျိုက်ကျိုက် ဆူအောင် မြိုက်တတ်သော အပူအိုက်ကို။ သဇလဇာ၊ ကောင်းကင်အလုံး ခြိမ့်ခြိမ့်အုန်း၍ ပိတ်ဖုံးရွှန်းဝေ သွန်ဖြိုးစေသော မိုးရေနှင့်တကွဖြစ်ကုန်သော။ ဝါတာပိ၊ လေကြီးတို့သည် လည်း။ န သမယန္တိ၊ မငြိမ်းစေနိုင်ကုန်။ ဟရိစန္ဒနံစာပိ၊ စန္ဒကူးရွှေသည်လည်း။ န သမယတိ၊ မငြိမ်းစေနိုင်။ ဟာရာစာပိ၊ ပုလဲသွယ်သည်လည်း။ န သမယတိ၊ မငြိမ်းစေနိုင်။ မဏိယော-စာပိ၊ ကျောက်မျက်ရွဲ စသော ကျောက်ပတ္တမြားတို့သည်လည်း။ န သမယန္တိ၊ မငြိမ်းစေနိုင်ကုန်၊ စန္ဒကိရဏာကုံရာစာပိ၊ အေးကြည်ပြောင်ကွန့် လရောင်ညွှန့်တို့သည်လည်း။ န သမယန္တိ၊ မငြိမ်းစေနိုင်ကုန်။

သီလဂန္ဓ သမောဂန္ဓော၊ ကုတောနံဝမ ဘဝိဿတိ။
ယော ဘမံ အနုဝါတေစ၊ ပတိဝါတေစ ဝါယတိ။

ယော သီလဂန္ဓော၊ အကြင်သီလ၏ ဂုဏ်ရနံ့သည်။ သမံ၊ အညီအမျှ။ အနုဝါတေစ၊ လေကြွေ့လည်းကောင်း။ ပတိဝါတေစ၊ လေညာ၌လည်းကောင်း။ ဝါဟတိ၊ သန့်ရှင်း

အားကြိုင် သင်းပျံ့လှိုင်၏။ သီလဂန္ဓသမော၊ သီလဂုဏ်ရနံ့နှင့်တူသော။ သော ဂန္ဓော၊ ထိုအနံ့သည်။ ကုတော၊ အဘယ်မှာ။ ဘဝိဿတိနာမ၊ ဖြစ်နိုင်ပေခြိမ့်နည်း။ ဝါ၊ ရှိနိုင်ပေခြိမ့်နည်း။

သဂ္ဂါရောဟန သောပါဏံ၊ အညံ သီလ သမံကုတော။
ဒုဂ္ဂါရံ ဝါ ပန နိဗ္ဗာန၊ နဂရဿ ပဝေသနေ။

သီလသမံ၊ သီလနှင့်တူသော။ အညံ၊ သီလမူတပါးသော။ သဂ္ဂါရောဟန သောပါဏံ၊ နတ်ပြည်တက်ကြောင်း စောင်းတန်းလျှောသည်။ ကုတော အတ္ထိ၊ အဘယ်မှာ ရှိနိုင်ပေခြိမ့်နည်း။ နိဗ္ဗာန နဂရဿ၊ နိဗ္ဗာန်ရွှေပြည်မြတ်သို့။ ပဝေသနေ၊ ဝင်ခြင်း၌။ သီလသမံ၊ သီလနှင့်တူသော။ အညံ၊ သီလမူတပါးသော။ ဒုဂ္ဂါရံ ဝါ ပန၊ တံခါးမည်သည်လည်း။ ကုတော အတ္ထိ၊ အဘယ်မှာ ရှိနိုင်ပေခြိမ့်နည်း။

သော ဘန္တေ ဝနရာဇာနော၊ မုတ္တာမဏိဝိဘူသိတာ။
ယထာ သောဘန္တိ ယတယော၊ သီလဝိဘူသန ဘူသိတာ။

သီလဝိဘူသနဘူသိတာ၊ သီလတန်ဆာ ဒွါဒရာတို့ဖြင့် ကောင်းစွာ ဆင်ယင်အပ်ကုန်သော။ ယတယော၊ ရဟန်းတို့သည်။ သောဘန္တိယထာ၊ ခုရော နောင်ပါ ချမ်းသာပေါကြွယ်လွန်တင့်တယ်ကုန်သကဲ့သို့။ တထာ၊ ထို့အတူ။ မုတ္တာ မဏိဝိဘူသိတာ၊ ပုလဲ ပတ္တာမြားတို့ဖြင့် ဆင်ယင်အပ်ကုန်သော။ ရာဇာနော၊ မင်းတို့သည်။ နသောဘန္တေဝ၊ မတင့်မတယ် မဖွယ်ရာကုန်သည်သာတည်း။

အတ္တာနုဝါဒါဒိ ဘယံ၊ ဝိဒ္ဒံ သယတိ သပ္ဗသော။
ဇနေတိ ကိတ္တိဟာသဉ္စ၊ သီလံ သီလဝတံ သဒါ။

သီလဝတံ၊ သီလဖြူစင် သီလရှင်တို့၏။ သီလံ၊ သီလသည်။ သဒါ၊ နေ့ရော ညဉ့်ပါ အဓိပစဲ။ အတ္တာနုဝါဒါဒိ ဘယံ၊ အတ္တာနုဝါဒ စသည်မျှားစွာ ဘေးတကာကို။ သပ္ဗသော၊ အကြွင်းမဲ့ချုန်။ ဝိဒ္ဒံသယတိ၊ ပယ်ဖျက်၏။ ကိတ္တိဟာသဉ္စ၊ ကောင်းသောသတင်း ရှင်မြူးခြင်းကိုလည်း။ ဇနေတိ၊ ဖြစ်စေ၏။

ဂုဏာနံ မူလဘူတဿ၊ ဒေါသာနံ ဗလ ဃာတိနော။
ဣတိ သီလဿ ဝိညေယျံ၊ အာနိသံသ ကထာမုခံ။

ဣတိ ဧဝံ ယထာဝုတ္တာနယေန၊ ဤသို့ ထိုထို ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။ ဂုဏာနံ၊ သမာဓိဂုဏ် ပညာဂုဏ်တို့၏။ မူလဘူတဿ၊ အကြောင်းရင်းစစ် အမြစ်ဖြစ်၍ ဖြစ်ထသော။ ဒေါသာနံ၊ ကိလေသာညစ် ဘေးအပြစ်တို့၏။ ဗလဃာတိနော၊ စွမ်းရည်ဗလ ဟူသမျှကို ပယ်ချဖျက်ဆီးတတ်ထသော။ သီလဿ၊ သီလ၏။ အာနိသံသ ကထာမုခံ၊ အာနိသင်စကားမြွက်ကို။ ဝိညေယျံ၊ သိစေအပ်၏။

ဤသို့ ဆိုအပ်ခဲ့ပြီးသော သီလ၏ အကျိုးအာနိသင်တို့ကို နှုတ်တက်ရွရွ အရကျက်ဆောင် သိအောင် အားထုတ်ကြလေကုန်။ ထိုသို့သိမှ မိမိတို့ ဆောက်တည်အပ်သော သီလသည် မဟပ္ဖလ အကျိုးမျှားစွာ ဖြစ်နိုင်မည်။ (သီလ၌ မှက်ဖွယ်ပြီး၏။)

(၂၁) သီလ၏အခြားမဲ့၌ ဘဝနှာတို့ကို ဆိုပေအုံ့။ ထိုဘဝနှာသည် သမထဘာဝနာ ဝိပဿနာဘာဝနာဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် သမထဘာဝနာသည် ကသိုဏ်း ၁၀-ပါး၊ အသုဘ ၁၀-ပါး၊ အနုဿတိ ၁၀-ပါး၊ ပြဟ္မဝိဟာရ ၄-ပါး၊ အာရုပ္ပ ၄-ပါး၊ သညာ ၁-ပါး၊ ၀၀တ္ထာန် ၁-ပါး၊ ဤသို့အားဖြင့် ၄၀-အပြားရှိ၏။ ထို ၄၀-တို့တွင်-

ကသိုဏ်း ၁၀-ပါး ဟူသည်ကား-

(၁) ပထဝီကသိုဏ်း
(၂) အာပေါကသိုဏ်း
(၃) တေဇောကသိုဏ်း
(၄) ဝါယောကသိုဏ်း
(၅) နီလကသိုဏ်း
(၆) ပိတ ကသိုဏ်း
(၇) မလောဟိတကသိုဏ်း
(၈) ဩဒါတကသိုဏ်း
(၉) အာလောက ကသိုဏ်း
(၁၀) ပရိစ္ဆိန္နာကာသ ကသိုဏ်း

အားဖြင့် ၁၀-ပါး အပြားရှိ၏။ ထို ၁၀-ပါးတို့တွင်-

(၁) ပထဝီကသိုဏ်းကို စီးဖြန်းပွားများလိုသော သူသည် ရှေးအနီးဖြစ်သော အတိတ်ဘဝက ရသေ့ရဟန်းပြု၍ ပထဝီကသိုဏ်း၌ စတုတ္ထ ပဉ္စကဈာန်တို့ကို ရခဲ့ဖူးသော ကတာဓိကာရ ပုဂ္ဂိုလ်ဖြစ်အုံ့၊ လယ်ထွန်ရာ မြေအရပ်ကို ကြည့်၍ နီမိတ်ထင်သော မဟာလွှကထေရ်ကဲ့သို့ မပြု မပြင် တွေ့မြင်တိုင်းသော ကောက်နယ်တလင်း လယ်ကျင်းစသော မြေ၌ပင် စီးဖြန်းအပ်၏။ ထိုသို့ ဆိုအပ်ခဲ့ပြီးသော ကတာဓိကာရ မရှိသော ပုဂ္ဂိုလ်ဖြစ်အုံ့၊ ဖြူ,နီ,ညို,ရှေ့ လေးထွေသော ကသိုဏ်းဒေါသမှကင်းသော အရောအဆင်းရှိသော မြေကိုယူ၍ မြက်မြစ် ကျောက်စရစ် စသည်တို့ကို စွန့်ပစ် စစ်ပယ် ကောင်းစွာနယ်၍ ဖြန့်ကျက်ထားအပ်သော သားရေ ပုဆိုး စသည်တို့၌ တထွာလေးသစ်ခန့် အပြန့်ပမာဏအားဖြင့် ဝန်းဝိုင်းစွာ သုတ်လိမ်းသတ်မှတ်၍ ဆိတ်ငြိမ်ရာ အရပ်၌ထားပြီးလျှင် ထိုကသိုဏ်းဝန်းမှ နှစ်တောင့်ထွာ ကွာသောအရပ်၌ ခင်းထားအပ်သော တထွာလက်လေးသစ် အခြေရှိသော ညောင်စောင်း (ခုတင်) ထက်၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေလျက် ကြေးမုံပြင် (မှန်) ၌ မျက်နှာရိပ်ကို ရှုကြည့်သောပမာ ညီညွတ်စွာသော မျက်စိဖြင့် ကသိုဏ်းဝန်းကို ကြည့်ရှု၍ ပထဝီ ပထဝီဟု အဖန်ဖန် စီးဖြန်းအပ်၏။

(၂) အာပေါကသိုဏ်းကို စီးဖြန်းလိုသောသူသည် ကတာဓိကာရရှိဖူးသော ပုဂ္ဂိုလ်ဖြစ်အုံ့၊ လာဘသက္ကာရကိုစွန့်ခွာ၍ ဝိဝေကရှိရာ၌ နေတော့အုံ့ဟု သီဟိုဠ်ကျွန်း မဟာတိတ္ထမှ သင်္ဘောစီး၍ ဤဇမ္ဗူဒီပ်သို့ ကူးလာရာ မဟာသမုဒ္ဒရာရေကို ရှုမြင်၍ နီမိတ်ထင်သော စူဠတ်သာမထေရ်ကဲ့သို့ မပြု မပြင် တွေ့မြင်တိုင်းသော တဘက်ဆည်ကန် လေးထောင့်ကန် ဆားငန်သမုဒ္ဒရာရေတို့၌ပင် စီးဖြန်းအပ်၏။

ကတာဓိကာရ မရှိဖူးသော ပုဂ္ဂိုလ်ဖြစ်အုံ့၊ ဖြူ နီ ညို ရှေ့၊ လေးထွေသော ကသိုဏ်းဒေါသမှကင်းသော မြေသို့မသက်သေးသော ကောင်းကင်ထက်မှ ရေကိုလည်းကောင်း၊ ထို ရေနှင့်တူရာ ကြည်လင်စွာသော ရေကိုလည်းကောင်း ယူ၍ တထွာလေးသစ် အဝကျယ်သော သပိတ်, ဒုံး, ခွက်၌ ပြည့်စေကာ ဆိတ်ငြိမ်ရာ လေမခတ်သောနေရာ၌ ချထား၍ အာပေါ အာပေါဟု အဖန်ဖန်စီးဖြန်းအပ်၏။

(၃) တေဇောကသိုဏ်းကို စီးဖြန်းလိုသောသူသည် ကတာဓိကာရရှိသော ပုဂ္ဂိုလ် ဖြစ်အံ့၊ တရားနာသောနေ့ ဥပုသ်အိမ်၌ ဆီမီးလျှံကိုကြည့်၍ နိမိတ်ထင်သော စိတ္တဂုဏ်တမထေရ် ကဲ့သို့ မပြို မပြင် တွေ့မြင်တိုင်းသော မီးလျှံခုံလောက် တောမီးတောက် စသည်တို့၌ပင် စီးဖြန်း အပ်၏။

ကတာဓိကာရ မရှိဖူးသော ပုဂ္ဂိုလ်ဖြစ်အံ့၊ ရှား စသော သစ်နှစ်ကို ပြေပြစ် ချောက် သွေ့စွာ ပြုပြင်စီရင် မီးဖြင့်တင်၍ တဆွာလေးသစ်ခန့် ဝိုင်းဝန်းစွာ ဖောက်အပ်သော ဖျာ, သားရေ, ပုဆိုး စသည်ကို ရှေ့၌ထား၍ တေဇော တေဇော ဟု အဖန်ဖန် စီးဖြန်းအပ်၏။

(၄) ဝါယောကသိုဏ်းကို စီးဖြန်းလိုသောသူသည် လေတဖျပ်ဖျပ် ခတ်၍ လှုပ်ရှား အညွှန့်ဖျားညီ သွယ်ရှည်ပြန့်ပွား ပေါများသော အရွက်ရှိသော ကြံ, ဝါး သစ်ပင်ဖျား လေး သစ်ခန့်သာရှည်သော ဆံပင်ရှိသော ဦးခေါင်းများကိုကြည့်၍ လည်းကောင်း၊ လေသောက် ပြာင်းမှဝင်၍ ထိသောခု ကိုယ်အရပ်၌ နှလုံးသွင်း၍ လည်းကောင်း၊ ဝါယော- ဝါယောဟု အဖန်ဖန် စီးဖြန်းအပ်၏။

(၅) နီလကသိုဏ်းကို စီးဖြန်းလိုသောသူသည် ကတာဓိကာရ ရှိဖူးသောပုဂ္ဂိုလ် ဖြစ်အံ့၊ ညိုသောပန်းချို ပန်းမွှေ့ရာခင်း ပုဆိုးညို ကျောက်ညို စသည်တို့တွင် တခုခုကိုကြည့်၍လည်း စီးဖြန်းအပ်၏။

ကတာဓိကာရ မရှိဖူးသောပုဂ္ဂိုလ် ဖြစ်အံ့၊ ကြာညိုပန်း အောင်မဲညိုပန်း စသည်တို့ကို စုရုံး၍ ဝတ်ဆံ, ညှာတံမပေါ် မထင်ရှားအောင် ပန်းတောင်းကြုတ် သပိတ် စသည်၌ထည့်၍ လည်းကောင်း၊ ပုဆိုးညိုဖြင့်သော်လည်း တောင်းဝ ခွက်ဝ, သပိတ်ဝတို့ကို စည်မျက်နှာကဲ့သို့ ဖွဲ့စည်း၍လည်းကောင်း၊ နံရံ ပျဉ်ချပ် စသည်တို့၌ ညိုသောအဆင်းရှိသော ကြေးညို သစ်ရွက်ရည် မဲနယ် စသည်ကို ပထဝီကသိုဏ်းဝန်းကဲ့သို့ ဝန်းဝန်းဝိုင်းဝိုင်း ကသိုဏ်းပြုလုပ်၍ လည်းကောင်း၊ နီလ, နီလ ဟု အဖန်ဖန် စီးဖြန်းအပ်၏။

(၆) ပီတကသိုဏ်းကို စီးဖြန်းလိုသောသူသည် ကတာဓိကာရ ရှိဖူးသော ပုဂ္ဂိုလ် ဖြစ်အံ့၊ စိတ္တဂုတ္တတောင်၌ နံ့သာနီ ပန်းအခင်းဖြင့် ပူဇော်သည်ကို မြင်သည်နှင့် တပြိုင်နက် နိမိတ်ထင်သော စိတ္တဂုတ္တ မထေရ်ကဲ့သို့ မပြုမပြင် တွေ့မြင်တိုင်းသော ရွှေသောအဆင်းရှိ သော ပန်းချို ပန်းအခင်း ပုဆိုး ဓာတ်မျိုးတို့၌လည်း စီးဖြန်းအပ်၏။

ကတာဓိကာရ မရှိဖူးသော ပုဂ္ဂိုလ်ဖြစ်အံ့၊ ရွှေသောအဆင်းရှိသော ပန်း ပုဆိုး ဓာတ် မျိုးတို့ဖြင့် နီလကသိုဏ်းကဲ့သို့ ဝန်းဝန်းဝိုင်းဝိုင်း ကသိုဏ်းပြုလုပ်၍ ပီတ-ပီတဟု အဖန်ဖန် စီးဖြန်းအပ်၏။

(၇) လောဟိတ ကသိုဏ်းကို စီးဖြန်းလိုသောသူသည် ကတာဓိကာရ ရှိဖူးသော ပုဂ္ဂိုလ်ဖြစ်အံ့၊ နီသောအဆင်းရှိသော လယ် ခေါင်ရန်း အစရှိသော ပန်းချို ပန်းအခင်း ပုဆိုး ဓာတ်မျိုးတို့၌လည်း စီးဖြန်းအပ်၏။

ကတာဓိကာရ မရှိဖူးသော ပုဂ္ဂိုလ်ဖြစ်အံ့၊ လယ်ခေါင်ရန်း အစရှိသော နိသော အဆင်းရှိသော ပန်း ပုဆိုးခေတ်မျိုးတို့ဖြင့် နိလကသိုဏ်းကဲ့သို့ ဝန်းဝန်းဝိုင်းဝိုင်း ကသိုဏ်း ပြုလုပ်၍ လောဟိတ, လောဟိတဟု အဖန်ဖန် စီးဖြန်းအပ်၏။

(၈) သြဒါတ ကသိုဏ်းကို စီးဖြန်းလိုသောသူသည် ကတာဓိကာရ ရှိဖူးသောသူ ဖြစ်အံ့၊ ဖြူသောပန်းချုံ မိုးစွေ မြလေးစသော ပန်းအခင်း ပန်းစု ဖြူသောပုဆိုး ခေတ်မျိုး၌လည်း စီးဖြန်းအပ်၏။

ကတာဓိကာရ မရှိဖူးသောပုဂ္ဂိုလ်ဖြစ်အံ့၊ ဖြူသောပန်း ပုဆိုး ခေတ်မျိုးတို့ဖြင့် နီလကသိုဏ်းကဲ့သို့ ဝန်းဝန်းဝိုင်းဝိုင်း ကသိုဏ်းပြုလုပ်၍ သြဒါတ သြဒါတဟု အဖန်ဖန် စီးဖြန်းအပ်၏။

(၉) အာလောက ကသိုဏ်းကို စီးဖြန်းလိုသောသူသည် ကတာဓိကာရ ရှိဖူးသော ပုဂ္ဂိုလ်ဖြစ်အံ့၊ သံကောက်(သော့)ပေါက် လေသောက် တံခါးပေါက် နံရံပေါက် သစ်ခက်ကြားမဏ္ဍပ် အမိုးပေါက်များက ဝင်၍ နံရံ မြေကြီး စသည်၌ထင်သော လရောင် နေရောင်ကို ကြည့်၍လည်း စီးဖြန်းအပ်၏။

ကတာဓိကာရ မရှိဖူးသော ပုဂ္ဂိုလ်ဖြစ်အံ့၊ နံပါး၌ ဖောက်အပ်သော အိုး၌ မီးထွန်း၍၊ အိုးဝကို ပိတ်၍ အိုး၏နံပါးပေါက်ကို နံရံသို့ ချေးရှူ (တည့်တည့်) ထားအပ်၏။ ထိုအိုးပေါက်မှ ထွက်၍ နံရံ၌တင်သော အရောင်အလင်းဖြစ်သော ကသိုဏ်းဝန်းကို ရှု၍ အာလောကော အာလောကောဟု အဖန်ဖန် စီးဖြန်းအပ်၏။

(၁၀) ပရိစ္ဆိန္နာကာသ ကသိုဏ်းကို စီးဖြန်းလိုသောသူသည် ကတာဓိကာရ ရှိဖူးသောပုဂ္ဂိုလ်ဖြစ်အံ့၊ နံရံပေါက်စသည်တို့တွင် တခုခု၌ စီးဖြန်းအပ်၏။

ကတာဓိကာရ မရှိဖူးသော ပုဂ္ဂိုလ်ဖြစ်အံ့၊ ကောင်းစွာမိုးအပ်သော မဏ္ဍပ်၊ သားရေပြား စသည်တို့တွင် တခုခု၌ တထွာ-လက်လေးသစ် ပမာဏ ဖောက်၍ လည်းကောင်း။ ထိုထိုနံရံပေါက် အစရှိသည်ကို လည်းကောင်း ကြည့်၍ အာလောကော အာလောကောဟု အဖန်ဖန် စီးဖြန်းအပ်၏။ ဤကား-ကသိုဏ်း (၁၀) ပါး စီးဖြန်းပုံ အကျဉ်းတည်း။

(၂၂) အသုဘ ၁၀-ပါး ဟူသည်ကား။ ။ဥဒ္ဓုမာတက၊ ဝိနီလက၊ ဝိပုဗ္ဗက၊ ဝိစ္ဆိဒ္ဒက၊ ဝိက္ခာယိတက၊ ဝိက္ခိတ္တက၊ ဟတဝိက္ခိတ္တက၊ လောဟိတက၊ ပုဠုဝက၊ အဋ္ဌိက-ဟူ၍ ၁၀-ပါး အပြားရှိ၏။ ထို ၁၀-ပါးတို့တွင်-

(၁) လေဖြင့်ပြည့်သော သားရေအိတ်ကဲ့သို့ အသက်ကုန်သည်မှ နောက် ၂-ရက်၊ ၃-ရက်သို့ ရောက်သဖြင့် အစဉ်အတိုင်း ကြွတက်သော သူသေကောင်၏ အဖြစ်ဖြင့် ဖူးဖူးဆောင်ပုံ ယောင်၍ထသော စက်ဆုပ်ဖွယ်အကောင်ပုပ်ကို တွေ့မြင်သောအခါ၌ လည်းကောင်း၊ တမင်တကာ ရှာကြံ၍ လည်းကောင်း ဥဒ္ဓုမာတကံ ပဋိကူလံ-ဥဒ္ဓုမာတကံ ပဋိကူလံ ဟူ၍ အဖန်ဖန်စီးဖြန်းအပ်၏။

(၂) အသားပေါများရာ၌ နီ၊ ပြည်များရာ၌ ဖြူ၊ ယောဘုယျအားဖြင့် ညိုသော အဆင်းရှိသည်ဖြစ်၍ ညှိနှံဟောင်ပုပ် စက်ဆုပ်ဖွယ်သော သူသေကောင်ကို မြင်သောအခါ၌ လည်းကောင်း၊ တမင်သက်သက် ရှာကြံ၍လည်းကောင်း ဝိနိလကံ ပဋိက္ခလံ ဝိနိလကံ ပဋိက္ခလံ ဟူ၍ အဖန်ဖန်စီးဖြန်းအပ်၏။

(၃) ပေါက်ပြဲ ကဲ့အက်ရာဌာနတို့မှ ပြည်တစိုစို ရိယိုစီးကျ စက်ဆုပ်ဖွယ်ရှိလှသော အကောင်ပုပ်ကို တွေ့မြင်ရသော အခါ၌လည်းကောင်း၊ တမင်တကာ ရှာကြံ၍လည်းကောင်း ဝိပုဗ္ဗကံ ပဋိက္ခလံ ဝိပုဗ္ဗကံ ပဋိက္ခလံ ဟူ၍ အဖန်ဖန်စီးဖြန်းအပ်၏။

(၄) အလယ်၌ နှစ်ပိုင်းပြတ်သော စက်ဆုပ်ဖွယ် အကောင်ပုပ်ကို တွေ့မြင်သောအခါ၌ လည်းကောင်း၊တမင်တကာ ရှာကြံ၍သော် လည်းကောင်း ဝိစ္ဆိဒ္ဒကံ ပဋိက္ခလံ ဝိစ္ဆိဒ္ဒကံ ပဋိက္ခလံ ဟူ၍ အဖန်ဖန်စီးဖြန်းအပ်၏။

(၅) အထူးထူးသော အခြင်းအရာအားဖြင့် ကျီး, စ္ဆွံ့။ ပင်။) တောခွေး စသည်တို့ သည် ကိုက်စားအပ်သော စက်ဆုပ်ဖွယ်အကောင်ပုပ်ကို တွေ့မြင်သော အခါ၌ လည်းကောင်း၊ တမင်တကာရှာကြံ၍ လည်းကောင်း ဝိက္ခာယိတကံ, ပဋိက္ခလံ, ဝိက္ခာယိတကံ, ပဋိက္ခလံ ဟူ၍ အဖန်ဖန် စီးဖြန်းအပ်၏။

(၆) ခြေ,လက်,ခေါင်း ကိုယ် ဖရိုဖရဲ တကဲ့တခြား ပယ်ရှားစွန့်ပစ်အပ်သော စက်ဆုပ် ဖွယ် အကောင်ပုပ်ကို တွေ့မြင်သောအခါ၌ လည်းကောင်း၊ တမင်တကာ ရှာကြံ၍ လည်း ကောင်း ဝိက္ခိတ္တကံ ပဋိက္ခလံ ဝိက္ခိတ္တကံ ပဋိက္ခလံ ဟူ၍ အဖန်ဖန်စီးဖြန်းအပ်၏။

(၇) ကျီးခြေမယှင်း ဓားဖြင့်မှတ်း၍၊ ရပ်ခင်း ကျိတို့၊ ခေါင်းခြေ ကိုယ်ကို ဖရိုဖရဲ၊ စွန့်ပစ်ကြဲအပ်သော စက်ဆုပ်ဖွယ် အကောင်ပုပ်ကို တွေ့မြင်သောအခါ၌ လည်းကောင်း၊ တမင် တကာရှာကြံ၍ လည်းကောင်း ဟတဝိက္ခာယိတကံ ပဋိက္ခလံ၊ ဟတဝိက္ခာယိတကံ ပဋိက္ခလံ ဟူ၍ အဖန်ဖန်စီးဖြန်းအပ်၏။

(၈) ထိုကျိဌာန အဝကိုးဖြာ ကဲ့အက်ရာတို့မှ စီးကျထွေထွေ ပုပ်ရည်သွေးဖြင့် လုံး ထွေးလိမ်းကပ်သော စက်ဆုပ်ဖွယ် အကောင်ပုပ်ကို တွေ့မြင်သောအခါ၌လည်းကောင်း၊ တမင် ရှာကြံ၍ လည်းကောင်း လောဟိတကံပဋိက္ခလံ၊ လောဟိတကံ ပဋိက္ခလံ ဟူ၍ အဖန်ဖန် စီးဖြန်းအပ်၏။

(၉) ပိုးလောက်ပြည့်နှက် ကျိကျိတက်သော စက်ဆုပ်ဖွယ် အကောင်ပုပ်ကို တွေ့မြင် သောအခါ၌ လည်းကောင်း၊ တမင်ရှာကြံ၍ လည်းကောင်း ပုဋ္ဌဝကံ ပဋိက္ခလံ၊ ပုဋ္ဌဝကံ ပဋိက္ခလံ ဟူ၍ အဖန်ဖန်စီးဖြန်းအပ်၏။

(၁၀) တချောင်းတည်းသော အရိုးကိုလည်းကောင်း၊ အပေါင်းအစုပြု၍တည်သော အရိုးကိုလည်းကောင်း၊ တွေ့မြင်သောအခါ၌ လည်းကောင်း တမင်တကာ ရှာကြံ၍ လည်း ကောင်း အဋ္ဌိကံပဋိက္ခလံ အဋ္ဌိကံပဋိက္ခလံ ဟူ၍ အဖန်ဖန် စီးဖြန်းအပ်၏။

ဤဆိုအပ်ခဲ့ပြီးသော အသုဘ ၁၀-ပါးကို လူသေကောင် ကျွဲ,နွား,ခွေး,ဝက်,ကြွက်, ငှက် အသေကောင်တို့၌သာ မတင့်တယ်စွာ အသုဘဟု ရှုအပ်သည်မဟုတ်၊ အသက်ရှိသော

ဆတ္တဝါတို့၌လည်း မတင့်တယ်စွာ အသုဘဟု ဉာဏ်ဖြင့်ရှု၍ **အ**ဘယ်ပုဂ္ဂိုလ်အား အသုဘထင်ထူးလေသနည်း ဟူမူ **အ**နုရာဓပြည့်မှ လင်နှင့်ဆန့်ကျင် နတ်ကညာသွင် တန်ဆာဆင်၍ မိခင်**အ**ထံ စောစောပြန်လာသော မာတုဂါမဃဏ်သည် စေတီယဂောင်မှ **အ**နုရာဓမြို့သို့ **ဆ**ုံးခံဝင်အံ့ဟု ကြွလာသော မဟာတိဿမထေရ်ကိုမြင်လျှင် ရာဂစိတ်ဝင် လွန်ပျစ်ခင်၍ ရယ်ရွှင်ပွယ်ဟစ်ကြွေးလေ၏။ မထေရ်သည် ထိုအသံကိုကြား၍ ကြည့်လေလျှင် မာတုဂါမ၏ သွားရိုးကိုမြင်၍ **အ**ဋ္ဌိကသညာကိုရ၍ ထိုနေရာ၌ပင်လျှင် **အ**ရဟတ္တဖိုလ်သို့ ရောက်လေ၏။

ထို့ကြောင့်-

ဟသ ဒန္တဋ္ဌိကံ ဒိသွာ၊ ပုဗ္ဗသညိ **အ**နုဿရိ၊
တတ္ထေ ' ' ' ' ဋိတောထေရော၊ **အ**ရဟတ္တံ **အ**ပါပုဏိ။ ဟူ၍ ဟောတော်မူ**အ**ပ်၏။

တသာ၊ ထိုလ ' ' ' '

(၁) ယထာပိ ပုပ္ဖိတံ ဒိသ္ဝာ၊ သိင်္ဂါလော ကိ ံသုကံ ဝနေ။
မံသရုက္ခော မယံ လဒ္ဓေါ၊ ဣတိ ဂန္ဓာန ဝေဂသော။

(၂) ပတိတံ ပတိတံ ပုပ္ဖံ၊ ဒုံသိတ္ဝာ အတီလောလုပေါ။
နယိဒမံသံ အဒုံမံသံ၊ ယံ ရုက္ခသ္မိန္တိ ဂဏှတိ။

(၃) ကောဋ္ဌာသံ ပတိတံ ယေဝါ အသုဘန္တိ တထာ ဗုဓော။
အဂဟေတ္ဝာ နဂဏှေယျ၊ သရီရဋ္ဌံပိ နံ တတာ။

(၄) ဣမံ ဟိ သုဘတော ကာယံ၊ ဂဟေတ္ဝာ တတ္ထ မုစ္ဆိတာ။
ဗာလာကရောန္ဓော ပါပါနိ၊ ဒုက္ခာ န ပရိမုစ္စရေ။

(၅) တသ္မာ ပဿေယျ မေဓာဝီ၊ ဇီဝတောဝါ မတသ္ဿဝါ။
သဘာဝံ ပုတိကာယဿ၊ သုဘဘာဝေန ဝဇ္ဇိတံ။

သိင်္ဂါလော၊ တောခွေးအိုသည်။ ဝနေ၊ တော၌။ ပုပ္ဖိတံ၊ အပုပ်ချင်းဆိုင် ညှာချင်းပြိုင်၍ အခိုင်ရုံးညီ ကုံး၍သီသို့ ဖူးစီလှတင့် ထူးလည်အောင်ပုပ်သော။ ကိ ံသုကံ၊ ပေါက်ပင်ကို။ ဒိသ္ဝာ၊ အာရုံထင်ထင် ရှေးရှုမြင်၍။ မယာ၊ ငါသည်။ မံသရုက္ခော၊ ဗဟုမဲငင်ကို။ လဒ္ဓေါ၊ ရအောပ်ပြီ။ ဣတိ၊ ဤသို့မျှောကဲ့မှား မိစ္ဆာပဋိပက္ခား၍။ ဂဏှေယျ၊ စားရအံ့ကြိုး တဟုန်ထိုးဖြင့်။ ဂန္ဓာန၊ ပြေးသွား၍။ ပတိတံ ပတိတံ၊ ကြွေကျတိုင်း ကြွေကျတိုင်းသော။ ပုပ္ဖံ၊ ပေါက်ပင်ကို။ အတီလောလုပေါ၊ အာသာငမ်းငမ်း စဲ့လမ်းလျှပ်ပေါသည်ဖြစ်၍။ ဒုံသိတ္ဝာ၊ ကိုက်ခဲစုံးပူး၍။ ဣဒံ၊ ဤနိမိတ်ရဲရဲသည်။ နု မံသံ၊ ငါ၏အစာ ရသာရှိရဲ့ အမဲမဟုတ်ချေသေး။ ရုက္ခသ္မိံ။ သစ်ပင်ထက်၌။ ယံ၊ အကြင်နိမိတ်ရဲရဲသည်။ အတ္ထိ၊ ရှိရစ်သေး၏။ အဒုံ၊ ဤသို့ဖဲ့တဲ့ နိမိတ်ရဲသည်။ မံသံ၊ ငါ၏အစာ ရသာရှိရဲ့ အမဲစိုတည်း။ ဣတိ၊ ဤသို့။ ဂဏှတိ ယထာ၊ ဉာဏ်ဖြင့် မထောက် ပေါက်ပင်အောက်တွင် သေပျောက်ပျက်ပြား မိစ္ဆာမျှား၍ ထင်မှားစဲ့ယူတိသကဲ့သို့။ တထာ၊ ထို့အတူ။ ဗုဓော၊ ကြွေးမြောင်းကျိုးမြောင်မြင် ပညာရှင်သည်။ ဣတိ၊ ကိုယ်မှ လွတ်ကျသော။ ကောဋ္ဌာသံယေဝ၊ ကျင်ငယ် ကျင်ကြီး ယိုစီးတံတွေး နှပ်စေးအန်ဖတ် စမှတ်မျှားလှ ကောဋ္ဌာသကိုသာလျှင်။ အသုဘန္တိ၊ မတင့်တယ်စွ အသုဘဟု။ အဂဟေတ္ဝာန၊ မယူမူ၍။ သရီရဋ္ဌံ၊ ကိုယ်၌ဘဿ်သော။ နံပိ၊ ထိုမစင်ကြယ် ကျင်ကြီး ကျင်ငယ် ယိုစီးတံတွေး နှပ်စေးစမှတ် ကောဋ္ဌာသအရပ်ရပ်ကိုလည်း။ အသုဘန္တိ၊ မတင့်တယ်စွ အသုဘဟူ၍။ ဂဏှေယျ၊ ဉာဏ်ဖြင့် စဉ်းစား သတိထား၍ မှတ်သားစဲ့ယူရာ၏။ ဟိ၊ မယူချေက ပြစ်ဒေါသကား။ ဣမံ ကာယံ၊ ဤခန္ဓာကိုယ်ရုပ် အားကာင်ပုပ်ကို။ သုဘတော၊ လှပတင့်တယ် နှစ်သက်ဖွယ်အားဖြင့်။ ဂဟေတ္ဝာ၊ မိစ္ဆာပြန့်ပွား မှတ်မှားစဲ့ယူကုန်၍။ တတ္ထ၊ ထိုမစင်ကြယ် ကျင်ငယ် ကျင်ကြီး ယိုစီးပြည့်လှောင် အပုပ်ကောင်၌။ မုစ္ဆိတာ၊ မောဟပိတ်ကာ ဉာဏ်မသား၍ အာသာငမ်းငမ်း စဲ့လမ်းမက်မောကြကုန်သည်ဖြစ်၍။ ဝါ၊ မက်မောကြကုန်သော။ ဗာလာ၊ မေးဟပိတ်ကာ လူမိုက်စွာတို့သည်။ ပါပါနိ၊ ယုတ်မာညစ်ကျု မဂေကာင်းမှုတို့ကို။ ကရောန္တော၊ ပြုကုန်သည်ဖြစ်၍၊ ဒုက္ခာ၊ ပဋိသန္ဓေ နာသေမစဲ သံသရာဝဋ်ဆင်းရဲမှု။ န ပရိမုစ္စရေ၊ မလွတ်နိုင်ကြကုန်။ တသ္မာ၊ ထို့ကြောင့်။ မေဓာဝီ၊ ပညာရှိသောသူသည်။ ဇီဝတောဝါ၊ အသက်ရှိသည်လည်း

ဖြစ်သော။ မတာသဝါ၊ သေသည်လည်းဖြစ်သော။ ပုတိကာယသာ၊ ကိုယ်ကောင်ပုပ်၏။ သုဘဘာဝေန၊ တင့်တယ်သောအဖြစ်မှ။ ဝဇ္ဇီတံ၊ ကင်းသော။ သဘာဝံ၊ မစင်ကြယ် မတင့်တယ်သော သဘောကို။ ပဿေယျ၊ အာရုံထင်ထင် ဉာဏ်ဖြင့်မြင်အောင် ဆင်ခြင်ရှုကြည့်ရာ၏။

(၆) ဒုဂန္ဓော အသုံစိကာယော၊ ကုဏပေါ ဥတ္တာရုပမော။
နန္ဒိတော စက္ခုဘူတေဟိ၊ ကာယော ဗာလဘိနန္ဒိတော။

(၇) အာလ္လစမ္မ ပဋိစ္ဆန္နော၊ နံဝဒ္ဒါရော မဟာဝဏော။
သမန္တတော ပဂ္ဃရတိ၊ အသုစိ ပုတိဂန္ဓိယော။

(၈) သစေ ဣမသ္မ ကာယဿ၊ အန္တော ဗာဟိယကော သိယာ။
ဒဏ္ဍံနုန ဂဟေတ္ဝာန၊ ကာကေ သောဏေ နိဝါရယေ။

ကာယော၊ ခန္ဓာကိုယ်ရုပ် အကောင်ပုပ်သည်။ ဒုဂန္ဓော၊ ညှီနံဟောင်ပုပ် စက်ဆုပ်ဖွယ်တောင်း မကောင်းသော အနံ့ရှိ၏။ အသုစိ၊ မသတီဖွယ် မစင်ကြယ်။ ကုဏပေါ၊ ခွေးကောင်ပုပ်နှယ် အပုပ်ကြွယ်၏။ ဥတ္တာရုပမော၊ ရှည်ကြာစုလျဉ်း မစင်တွင်းနှင့် တူ၏။ ကာယော၊ ဗဟောင်ပုပ်နံညှီ မသတီဖွယ် မတင့်တယ်သောကိုယ်ကို။ စက္ခုဘူတေဟိ၊ ပညာမျက်စိနှင်းညှိမြော်မြင် ပညာရှင်တို့သည်။ နိန္ဒိတော၊ ကဲ့ရဲ့အပ်၏။ ဗာလဘိနန္ဒိတော၊ လူမိုက်တို့သာ လွန်စွာနှစ်သက် စုံမက်မြတ်နိုးအပ်၏။ အာလ္လစမ္မပဋိစ္ဆန္နော၊ အရေစိုသည် ဖုံးသိုလှမ်းအုပ်အပ်၏။ နဝဒ္ဒါရော၊ ကိုးပါးသော အပေါက်ရှိ၏။ မဟာဝဏော၊ ပြည့်ရင့်မှည့်ပြီး အမာကြီးနှင့် တူ၏။ သမန္တတော၊ ထက်ဝန်းကျင်မှ။ အသုစိ ပုတိဂန္ဓိယော၊ ညှီနံဟောင်ပုပ် စက်ဆုပ်အပ်သည့် အရိုရည်တို့ကို။ ပဂ္ဃရတိ၊ နေ့ညဉ့်တစေ ယိုထွက်စေ၏။ ဣမသ္မ ကာယဿ၊ ဤခန္ဓာရုပ်ကိုယ်ကောင်ပုပ်၏။ အန္တော၊ အူသိမ် အူမ ကျင်ကြီး စသော အတွင်းသားသည်။ ဗာဟိ-ယကော၊ အပြင်ယံ ချလှန်စွန့်ထားအပ်သည်။ သစေသိယာ၊ အကယ်၍ ဖြစ်ငြားအံ့။ ဒဏ္ဍံ၊ လုံတံ တုတ်တို တောင်ဝှေးကို။ ဂဟေတ္ဝာန။ လက်မှာအမြဲကိုင်ကာစွဲ၍။ ကာကေစ၊ ကြီးတို့ကို လည်းကောင်း။ သောဏေ စ၊ ခွေးတို့ကိုလည်းကောင်း။ နိဝါရယေနုန၊ ခြိမ်းမောင်းအော်ဟစ် တားမြစ်စောင့်ရှောက်ရအံ့သည်သာတည်း။

ဤပါဠိအနက်တို့ကို နှုတ်တက်အရ ဆောင်ကြကုန်။ အသုဘ ၁၀-ပါး ပွားများရန် အကျဉ်းမှတ်ဖွယ် ပြီး၏။

(၂၃) အနုဿတိ ၁၀-ပါးဟူသည်ကား-ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိ၊ သီလာနုဿတိ၊ စာဂါနုဿတိ၊ ဒေဝတာနုဿတိ၊ ဥပသမာနုဿတိ၊ မရဏာနုဿတိ၊ ကာယဂတာ-သတိ၊ အာနာပါနဿတိ-ဟူ၍ ၁၀-ပါးအပြားရှိ၏။ ထို ၁၀-ပါးတို့တွင်-

(၁) ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းလိုသောသူသည် ဆိတ်ငြိမ်ရာသို့ကပ်၍ ဤတိပိဿော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏသမ္ပန္နော သုဂတော လောကဝိဒူ အနုတ္တရော-ပုရိသဒမ္မသာရထိ သတ္ထာဒေဝမနုဿာနံ ဗုဒ္ဓေါ ဘဂဝါ-ဟူ၍ မြတ်စွာဘုရား၏ ဂုဏ်တော်တို့ကို အဖန်ဖန် အောက်မေ့အပ်ကုန်၏။

၁။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသခင်သည်။ ကျွတိပိ ကျွမိနာစကာရဏေန၊ အနုမတဂ် သံသာစက်၏ ဆယ်ချက်အတန့် အလယ်ကန့်တို့ကို ပယ်ဟန့်တော်မူတတ်သော ကြောင့်လည်း။ အရဟံ၊ အရဟ မည်တော်မူ၏။

၂။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသခင်သည်။ ကျွတိပိ ကျွမိနာစကာရဏေန၊ သစ္စာ လေးပါး မြတ်တရားကို ပိုင်းခြားတိတိ ကိုယ်တော်တိုင်သိတတ် ဂုဏ်သကတ်ကြောင့်လည်း။ သမ္မာသမ္ဗုဒ္ဓေါ၊ သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏။

၃။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသခင်သည်။ ကျွတိပိ ကျွမိနာစ ကာရဏေန၊ သုံးပါးရှစ်ဖြာ ဝိဇ္ဇာတရား ဆယ့်ငါးပါး စရဏ မြတ်ဓမ္မနှင့် လောကကုံလုံ ပြည့်စုံတတ်စွာ ကြောင်းခြင်းရာကြောင့်လည်း။ ဝိဇ္ဇာစရဏသမ္ပန္နော၊ ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏။

ဤဌ် ပုဗ္ဗေနိဝါသညာဏ်၊ ဒိဗ္ဗစက္ခုညာဏ်၊ အာသဝက္ခယညာဏ် သုံးပါးသည် ဝိဇ္ဇာ သုံးပါး မည်၏။ ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတ၊ ဣဒ္ဓိဝိဓ၊ ပရစိတ္တဝိဇာနန၊ ပုဗ္ဗေနိဝါသ၊ အာသဝက္ခယ၊ ဝိပဿနာ၊ မနောမယိဒ္ဓိ ဉာဏ်တော် (၈)ပါးသည် ဝိဇ္ဇာ (၈)ပါးမည်၏။ သီလသံဝရ၊ ဣန္ဒြိယဂုတ္တ၊ ဘောဇနမတ္တညုတာ၊ ဇာဂရိယာနုယောဂ-သူတော်ကောင်းတရား ၇-ပါး၊ ရူပါ-ဝစရ စတုတ္ထစျာန် လေးပါး၊ ပေါင်း ၁၅-ပါးသည် စရဏမည်၏။

၄။ သော ဘဂဝါ၊ လ။ သည်။ ကျွတိပိ ကျွမိနာစ ကာရဏေန၊ ကျိုးရှိဟုတ်မှန် သူနာခံလို့ မခံလိုအား နှစ်ခွန်းသောစကားကို မြွက်ကြားဆိုတတ် ဂုဏ်သကတ်ကြောင့်လည်း၊ သုဂတော၊ သုဂတ မည်တော်မူ၏။

၅။ သော ဘဂဝါ။ လ။သည်။ ကျွတိပိ ကျွမိနာစကာရဏေန၊ သတ္တောကာသ သခ်ါရဟု လောကသုံးပုံ အလုံးစုံကို အာရုံထင်ထင် သိမြင်တတ်စွာ ကြောင်းခြင်းရာကြောင့်လည်း။ လောကဝိဒူ၊ လောကဝိဒူ မည်တော်မူ၏။

၆။ သော ဘဂဝါ။လ။ သည်။ ကျွတိပိ ကျွမိနာစကာရဏေန၊ တထက်ဝယ်ဖြင့် ရှစ်သွယ် အရပ် သမာပတ်ဟု ငြိကပ်မထင် ပြေးဝင်နှိုင်ကြောင်း နည်းလမ်းကောင်းညွှန်ပြ ဆုံးမတော်မူ အတူကင်းလတ် ဂုဏ်သကတ်ကြောင့်လည်း။ အနုတ္တရော ပုရိသဒမ္မသာရထိ၊ အနုတ္တရော ပုရိသ ဒမ္မသာရထိ မည်တော်မူ၏။

၇။ သော ဘဂဝါ၊ လ။ သည်။ ကျွတိပိ ကျွမိနာစကာရဏေန၊ လူ နတ် ဗြဟ္မာ သတ္တဝါကို သံသရာဝဲ ခရီးခဲမှ ထုတ်ဆဲ့ဆယ်တင် နိဗ္ဗာန်ခွင်သို့ ကယ်တင်တော်မူတတ် ဂုဏ် သကတ်ကြောင့်လည်း။ သတ္ထာ ဒေဝ မနုဿာနံ၊ သတ္ထာဒေဝ မနုဿာန မည်တော်မူ၏။

၈။ သော ဘဂဝါ။ လ။ သည်။ ကျွတိပိ ကျွမိနာစ ကာရဏေန၊ နေယျဉဿံ တရားကုန်ကို အာရုံထင်ထင် သိမြင်တတ်စွာ ကြောင်းခြင်းရာကြောင့်လည်း။ ဗုဒ္ဓေါ၊ ဗုဒ္ဓမည် တော်မူ၏။

၉။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသခင်သည်။ ကျွတိပိ ကျွမိနာ စ ကာရဏေန၊ ကျွဿရိယ ဓမ္မ ယသ သိရီ ကာမ ပယတ္တဟု ခြောက်ဝလုံးစုံ ဘုန်းတော်ဂုဏ်နှင့် ပြည့်စုံယှဉ်လတ် ဂုဏ်သကတ်ကြောင့်လည်း။ ဘဂဝါ၊ ဘဂဝါမည်တော်မူ၏။ ဤကား အနက်။

(၂) ဓမ္မာနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းလိုသောသူသည် ဆိတ်ငြိမ်ရာသို့ ကပ်၍-

သင်္ကာတော ဘဂဝတော ဓမ္မော၊ သန္ဒိဋ္ဌိကော၊ အကာလိကော၊ ဧဟိပဿိကော၊ ဩပနေယျိကော၊ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ၊ ဟူ၍ တရားတော်၏ ဂုဏ်တော်တို့ကို အဖန်ဖန် အောက်မေ့အပ်ကုန်၏။

၁။ ဘဂဝတော၊ ဘုန်းတော်ခြောက်စုံ ဂုဏ်တော်သခင် ဘုရားရှင်သည်။ ဓမ္မော၊ မင်္ဂိုလ်ရှစ်တန် နိဗ္ဗာန် ပရိယတ် အမြတ်ဆယ်ဖော် တရားတော်ကို။ သင်္ကာတော၊ ကောင်းစွာ ဟောတော်မူအပ်၏။

၂။ ဓမ္မော၊ လောကုတ် ၉-ပါး မြတ်တရားကို။ သန္ဒိဋ္ဌိကော၊ ရှစ်ပါးအရိယာ ကိုယ်တိုင် သာလျှင်။ ပစ္စတ္တံ၊ မိမိစိတ်၌။ ဝေဒိတဗ္ဗံ၊ သိအပ်-ရှုအပ်-ခံစားအပ်၏။ ဤကား- တရားဂုဏ် ၆-ပါးအနက်။

(၃) သံဃာနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းလိုသောသူသည် ဆိပ်ငြိမ်ရာသို့ ကပ်၍-

သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ယဒိဒံ ချတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသ ပုဂ္ဂလာ ဧသော ဘဂဝတော သာဝကသံဃော၊ အာဟုနေယျော၊ ပါဟုနေယျော၊ ဒက္ခိဏေယျော၊ အဉ္ဇလိကရဏီယော၊ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ ဟူ၍ သံဃာတော်၏ ဂုဏ်တော်တို့ကို အဖန်ဖန်အောက်မေ့အပ်၏။

၁။ ဘဂဝတော၊ ဘုန်းတော်ခြောက်စုံ ဂုဏ်တော်သခင် ဘုရားရှင်၏။ သာဝက-သံဃော၊ တပည့်အရိယာ ရှစ်သံဃာသည်။ သုပ္ပဋိပန္နော၊ ဓမ္မာနုဓမ္မာ သမ္မာပဋိပတ် အကျင့်မြတ်ကို မလပ်ကျင့်တော်မူပေ၏။

၂။ ဘဂဝတော၊ ဘုန်းတော်ခြောက်စုံ ဂုဏ်တော်သခင် ဘုရားရှင်၏။ သာဝက-သံဃော၊ တပည့်အရိယာ ရှစ်သံဃာသည်။ ဥဇုပ္ပဋိပန္နော၊ ကိုယ်နှုတ် စိတ် ဟု သုံးခုဝက် ပြစ်ဒဏ်ကို ပယ်ချတွန်းထုတ်၍ ပြောင့်မတ်စွာ ကျင့်တော်မူအပ်၏။

၃။ ဘဂဝတော၊ ဘုန်းတော်ခြောက်စုံ ဂုဏ်တော်သခင် ဘုရားရှင်၏။ သာဝကသံဃော၊ တပည့်အရိယာ ရှစ်သံဃာသည်။ ဤယပွဋိပန္နော၊ နိဗ္ဗာန်အကျိုးငှာ ကျင့်တော်မူတတ်၏။

၄။ ဘဂဝတော၊ ဘုန်းတော်ခြောက်စုံ ဂုဏ်တော်သခင် ဘုရားရှင်၏။ သာဝကသံဃော၊ တပည့်အရိယာ ရှစ်သံဃာသည်။ သာမီစိပွဋိပန္နော၊ အရှိအသေ ပြုသင့်ပေအောင် ကျင့်ဆောင်တော် မူတတ်၏။

၅။ ဘဂဝတော၊ ဘုန်းတော်ခြောက်စုံ ဂုဏ်တော်သခင် ဘုရားရှင်၏။ သာဝကသံဃော၊ တပည့်အရိယာ ရှစ်သံဃာသည်။ စတ္တာရိ၊ လေးပါးကုန်သော။ ယဒိဒံ-ယာနိ ဤမာနိ ပုရိသယုဂါနိ၊ အကြင်ယောကျ်ားမြတ် အစုံတို့သည်။ အဋ္ဌပုရိသပုဂ္ဂလာ၊ ရှစ်ယောက်ကုန်သော ယောကျ်ားပုဂ္ဂိုလ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဘဂဝတော၊ ဘုန်းတော်ခြောက်စုံ ဂုဏ်တော်သခင် ဘုရားရှင်၏။ သေ-သော သာဝက သံဃော၊ ထိုတပည့်အရိယာ ရှစ်သံဃာသည်။ အာဟုနေယျော၊ အဝေးမှမူ ဆောင်ယူလှူအပ် ပစ္စည်းရပ်ကို မလပ်သိမ်းပိုက် ခံယူတော်မူထိုက်၏။

၆။ ပါဟုဏေယျော၊ ညွှဲသည်တို့အား ရည်မှတ်သား၍ ထားအပ်ကြည်ဖြူ။ များအလှူကို ခံယူတော်မူထိုက်၏။

၇။ ဒက္ခိဏေယျော၊ ပရလောက သုခပွားကြောင်း ကောင်းစွာကြည်ဖြူ။ ပေးအလှူကို ခံယူတော်မူထိုက်၏။

၈။ အဉ္ဇလိ ကရဏီယော၊ လက်အုပ်ချီမိုး ရှိခိုးခြင်းငှာ ခံယူတော်မူထိုက်၏။

၉။ လောကဿ၊ ဗြဟ္မာ နတ် လူ သုံးဘုံသူ၏။ အနုတ္တရံ၊ အတုမဲ့ကင်း မြတ်ခေါင်ချင်းသော။ ပုညက္ခေတ္တံ၊ ကောင်းမှုစေ့မျိုး စိုက်ပျိုးချရာ လယ်တာသဖွယ် တကယ်အစစ် ဖြစ်တော်မူပေ၏။ ဤကား သံဃာ့ဂုဏ်တော် ၉-ပါးအနက်။

(၄) သီလာနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းလိုသောသူသည် ဆိတ်ငြိမ်ရာသို့ကပ်၍-

အဟောဝတ မေ သီလာနိ အခဏ္ဍာနိ အဆိဒ္ဒါနိ အသဗလာနိ အကမ္မာသာနိ ဘုဇိဿာနိ ဝိညုပ္ပသတ္ထာနိ အပရာမဋ္ဌာနိ သမာဓိသံဝတ္တနိကာနိ ဟုတ္ဝါ အခဏ္ဍတာ အစရှိသောအားဖြင့် မိမိ၏ သီလစေတနာတို့ကို အောက်မေ့အပ်၏။

မေ၊ ငါ၏။ သီလာနိ၊ သီလတို့သည်။ အဟောဝတ၊ အံ့သြဖွယ်တောင်း၊ ကောင်းမြတ်ကုန်ပေစွတကား။ အခဏ္ဍာနိ၊ မကျိုးကုန်ပေ။ အဆိဒ္ဒါနိ၊ မပေါက်ကုန်ပေ။ အသဗလာနိ၊ မကျားကုန်ပေ။ အကမ္မာသာနိ၊ မပြောက်ကုန်ပေ။ ဘုဇိဿာနိ၊ စားကျွန်ကျွန်မခံ တော်လှန်ကုန်ပေ၏။ ဝိညုပ္ပသတ္ထာနိ၊ ပညာရှိတို့သည် ချီးမွမ်းအပ်ပေကုန်၏။ အပရာမဋ္ဌာနိ၊ တဏှာမာနတို့သည် မငြိမကပ် မသုံးသပ်အပ်ပေကုန်။ သမာဓိသံဝတ္တနိကာနိ၊ သမာဓိကို ဖြစ်စေနိုင်ပေကုန်၏။ ဤကား-အနက်။

(၅) စာဂါနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းလိုသောသူသည် ဆိတ်ငြိမ်ရာသို့ကပ်၍ ပကတေ့အားဖြင့် ခွဲဝေးကမ်း လှူဒါန်းလေ့ရှိသည် ဖြစ်ရာ၏။ ထိုသို့မဟုတ်လည်း ယခုမှစ၍

အလှူခံပုဂ္ဂိုလ်ရှိက မလှူရငြား တလုပ်ကိုမျှ ငါမစားအံ့ ဟု စိတ်ကိုဆောက်တည်၍ ထို စာဂါနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းသောနှင့် ဂုဏဝိသိဋ္ဌ ပေသလ သီလဝန္တ အလှူခံပုဂ္ဂိုလ် တို့အား တတ်အားသမျှ ဝေဠုပေးကမ်း လှူဒါန်းပူဇော်၍ ထိုဒါနစေတနာဋ္ဌ နိမိတ်ကိုယူ၍ ဆိတ်ငြိမ်ရာသို့ ကပ်ပြီးလျှင်-

လာဘာဝတ မေ သုလဒ္ဓဝတ မေ၊ ယော ဟ မစ္ဆေရ မလ ပရိယုဋ္ဌာယ ပဇာယ ဝီဂတမလ မစ္ဆေရေန စေတသာ ဝိဟရာမိ၊ မုတ္တစာဂေါ ပယတပါဏိ ဝေါသဂ္ဂရတော ယာစယောဂေါ ဒါန သံဝိဘာဂရတော- ဟူ၍ မိမိ၏ ပရိစာဂစေတနာကို အဖန်ဖန် အောက်မေ့အပ်၏။

ယော အဟံ၊ အက္ကြင် ငါသည်။ မစ္ဆေရ မလပရိယုဋ္ဌိတာယ၊ မပေးလှူလို ဝန်တို မစ္ဆေး ညစ်ကြေးငြိကပ် နှိပ်စက်အပ်သော၊ ပဇာယ၊ သတ္တဝါအပေါင်း၌၊ ဝိဂတမလမစ္ဆေ-ရေန၊ မပေးလှူလို ဝန်တိုမစ္ဆေး ညစ်ကြေးကင်းသော။ စေတသာ၊ စိတ်ဖြင့်။ မုတ္တစာဂေါ၊ ယုဘ်လွတ်ရဲရဲ စွန့်ကြဲခြင်းရှိသည်ဖြစ်၍။ ပယတပါဏိ၊ ပေးရအံ့စော ဆေး-ကြောပြင်ဆင် ယုတ်သင်သောလက် ရှိသည်ဖြစ်၍။ ဝေါသဂ္ဂရတော၊ စွန့်ကြဲခြင်း၌ နှစ်ဖြိုက်ရှင်ပျော်၊ မေ့-လျော့သည်ဖြစ်၍။ ယာစယောဂေါ၊ ပေးပါ လှူပါ ပေးလှူပါဟု တောင်းလာသမျှ ဗိတ်ကကြည်သန့် ပေးလှူခံ့သည်ဖြစ်၍။ ဒါန သံဝိဘာဂရတော၊ ပေးလှူစွန့်ကြဲ စား-ဖို့ထဲမှ ဝက်မဲ့ဝေဌ ဟူသမျှ၌ နှစ်ဖြိုက်ရှင်ပျော် မေ့-လျော့သည်ဖြစ်၍။ ဝိဟရာမိ၊ နေရပေ၏။ တဿ မေ၊ ထို ငါအား။ လာဘာဝတ၊ အာယု ဝဏ္ဏ စသည်တရိုး ထိုအကျိုးကို ကွန်ဖြိုးမသွေ ရအံ့ပေစွတကား။ တဿမေ၊ ထို ငါအား။ သုလဒ္ဓံဝတ၊ သဘဿနာနှစ် လူ-အဖြစ်ကို မလစ်သင့်လျော် ရအပ်တော်ပေစွတကား။ ဤကား-အနက်။

(၆) ဒေဝတာနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းပွားများလိုသောသူသည် ဆိတ်ငြိမ်ရာသို့ ကပ်၍-

ယထာ ဒေဝါ ယထာရူပါ၊ ဂုဏေန ဝတ္ထုပပဋ္ဌာ။
သံဝိဇ္ဇန္တိ တထာရူပါ၊ ဂုဏာ မယှံ'ပိ သဗ္ဗဒါ။

ဟူ၍ နဟ်ကို့ကို သက်သေထား၍ မိမိ၏ သဒ္ဓါ-သီလ-သုတ-စာဂ ပညာ ဂုဏ်တို့ကို အဖန်ဖန် အောက်မေ့အပ်ကုန်၏။ (ဤဂါထာကား၊ ဝိသုဒ္ဓိမဂ်၌ လာသောအတိုင်း ဖွဲ့အပ်သော ဂါထာ ဖြစ်သည်။ ပုဗ္ဗစရိုက် ဝတ္တာ၊ အပရစရိုက် ပယောဝတ္တာတည်း)

ယာဒေဝါ၊ အကြင်စတုမဟာရာဇ်၊ စလစ်မျှားစွာ နတ်ပြဟ္မာတို့သည်။ ယထာရူပါ၊ ယထာရူပေန၊ အကြင်သို့ သဘောရှိသော။ ဂုဏေန၊ သဒ္ဓါ-သီလ သုတ-စာဂါ၊ ပညာငါး-ပါး၊ ဂုဏ်သကတ်နှင့်။ သမန္နာ၊ ပြည့်စုံကြကုန်၏။ တာဒေဝါ၊ ထိုစတုမဟာရာဇ် စလစ်မျှားစွာ နတ်ဟာကာတို့သည်။ ဣတော၊ ဤလူ့ဘဝ လူ့ဌာနမှ။ စုတော၊ ရွှေ့လျောကုန်သည်ဖြစ်၍။ ဥပပဇ္ဇန္တိ၊ ဖြစ်ပုံဖြစ်နည်း ဥပပတ္တိဖြင့်။ ဥပပန္နာ၊ ဖြစ်ကြကုန်၏။ မယှံ'ပိ၊ ငါ့အား-လည်း။ တထာရူပါ-သိ'ပိ သဒ္ဓါသဘောရှိကုန်သော။ ဂုဏာ၊ သဒ္ဓါ သီလ သုတ စာဂ ပညာငါးရပ် ဂုဏ်သကတ်တို့ သည်။ သဗ္ဗဒါ၊ နေ့ရောညည်ပါ အခါခပ်သိမ်း၌။ သံဝိဇ္ဇန္တိ၊ ထင်ရှားပကတ် ရှိကုန်၏။ ဤသ-အနက်။

(၇) ဥပသမာနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းပွားများလိုသောသူသည် ဆိတ်ငြိမ်ရာသို့ ကပ်၍-

ယာဝတာ ဘိက္ခဝေ ဓမ္မာ သခ်္ခတာဝါ အသခ်္ခတာဝါ ဝိရာဂေါ တေသံ ဓမ္မာနံ အဂ္ဂမက္ခာယတိ၊ ယဒိဒံ မဒ နိမ္မဒနော ပိပါသဝိနယော၊ အာလယ သမုဃ္ဃါတော၊ ဝဋ္ဋူပစ္ဆေဒေါ တဏှာက္ခယော ဝိရာဂေါ နိရောဓော နိဗ္ဗာနံ ဟူ၍ သဗ္ဗဒုက္ခူပသမနိဗ္ဗာန်၏ ကျေးဇူးတို့ကို အောက်မေ့အပ်ကုန်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ယာဝတာ ယတ္တကာ၊ အကြင်မျှလောက်ကုန်သော။ သခ်္ခတာဝါ၊ ကံ အာဟာရ စိတ္တ ဥတု လေးခုအကြောင်း ပေါင်း၍ပြုပြင် စီရင်အပ်သည်လည်း ဖြစ်ကုန်သော။ အသခ်္ခတာဝါ၊ ကံ-အာဟာရ၊ စိတ္တ ဥတု လေးခုအကြောင်း ပေါင်း၍ ပြုပြင် မစီရင်အပ်သည်လည်း ဖြစ်ကုန်သော။ ဓမ္မာ၊ ပရမတ္ထ သဘာဝတို့သည်။ သန္တိ၊ ရှိကုန်၏။ တေသံ ဓမ္မာနံ၊ ထိုပရမတ္ထ သဘာဝတို့တွင်။ မဒနိမ္မဒနော၊ မဒမာန်-ပုရိသမာန်-မရဏ်ရာ ဖြစ်ထသော။ ပိပါသဝိနယော၊ ကာမဂုဏ်ကို သုံးဆောင်လိုသော တဏှာ ချုပ်ရာ ဖြစ်ထသော။ အာလယ သမုဃ္ဃါတော၊ ကာမဂုဏ် အာလယတို့ကို ပယ်ချဖျက်ဆီးရာ ဖြစ်ထသော။ ဝဋ္ဋူပစ္ဆေဒေါ၊ တောဘုမ္မကဝဋ်ဋ ပြတ်ကျွတ်ရာ ဖြစ်ထသော။ နိရောဓော၊ တဏှာချုပ်ရာဖြစ်ထသော။ နိဗ္ဗာနံ၊ တဏှာမှ ထွက်မြောက်ရာ ဖြစ်ထသော။ ယဒိဒံ-ယောသောဝိရာဂေါ၊ အကြင်နိဗ္ဗာန်သည်။ အတ္ထိ၊ ရှိ၏။ သောဝိရာဂေါ၊ ထိုနိဗ္ဗာန်ကို။ အဂ္ဂံ-အဂ္ဂေါတိ၊ မြတ်၏ဟူ၍။ အက္ခာယတိ၊ ဆိုအပ်၏။ ဤကား-အနက်။

(၈) မရဏာ နုဿတိကမ္မဋ္ဌာန်းကို စီးဖြန်း ပွားများလိုသောသူသည်- ဆိတ်ငြိမ်ရာသို့ ကပ်၍၊ မရဏံ ဘဝိဿတိ၊ ဇီဝိတိန္ဒြိယံ ဥပ္ပစ္ဆိဇ္ဇိဿတိ။

မရဏံ၊ သေခြင်းသည်။ ဘဝိဿတိ၊ ဖြစ်ရလတ္တံ့။ ဇီဝိတိန္ဒြိယံ၊ နာမ်ရုပ်နှစ်ထွေ ဇီဝိတိန္ဒြိယသည်။ ဥပ္ပစ္ဆိဇ္ဇိဿတိ၊ ပြတ်ရလတ္တံ့ဟူ၍လည်းကောင်း။ မရဏံ-မရဏံ၊ သေခြင်း သဘော။ သေရခြေမည် သေရခြေမည် ဟူ၍လည်းကောင်း။ အသင့်အားဖြင့် နှလုံးသွင်း အပ်၏။

(၉) ကာယဂတာသတိ-ကမ္မဋ္ဌာန်းကို စီးဖြန်းပွားများလိုသော သူသည်-ကေသာ-လောမာ-နခါ-ဒန္တာ-တစော။ တစော-ဒန္တာ-နခါ-လောမာ-ကေသာ။ ။မံသံ-နှာရု-အဋ္ဌိ-အဋ္ဌိမိဉ္ဇံ-ဝက္ကံ။ ဝက္ကံ-အဋ္ဌိမိဉ္ဇံ-အဋ္ဌိ-နှာရု-မံသံ-တစော-ဒန္တာ-နခါ-လောမာ-ကေသာ။ ။ဟဒယံ-ယကနံ-ကိလောမကံ-ဝိဟကံ-ပပ္ဖါသံ။ ။ပပ္ဖါသံ-ပိဟကံ-ကိလောမကံ-ယကနံ-ဟဒယံ-ဝက္ကံ-အဋ္ဌိမိဉ္ဇံ-အဋ္ဌိ-နှာရု-မံသံ-တစော-ဒန္တာ-နခါ-လောမာ-ကေသာ။ ။အန္တံ-အန္တဂုဏံ-ဥဒရိယံ-ကရီသံ-မတ္ထလုင်္ဂံ။ ။မတ္ထလုင်္ဂံ၊ ကရီသံ-ဥဒရိယံ-အန္တဂုဏံ-အန္တံ-ပပ္ဖါသံ-ဝိဟကံ-ကိလောမကံ-ယကနံ-ဟဒယံ-ဝက္ကံ-အဋ္ဌိမိဉ္ဇံ-အဋ္ဌိ-နှာရု-မံသံ-တစော ဒန္တာ-နခါ-လောမာ-ကေသာ။ ။

ဝိတ္တံ-သေမှံ-ပုဗ္ဗော-လောဟိတံ-သေဒေါ-မေဒေါ- သေဒေါ- လောဟိတံ-ပုဗ္ဗော-သေမှံ-ဝိတ္တံ-မတ္ထလုင်္ဂံ-ကရီသံ-ဥဒရိယံ-အန္တဂုဏံ-အန္တံ-ပပ္ဖါသံ-ပိဟကံ-ကိလောမကံ-ယကနံ-ဟဒယံ-ဝက္ကံ-အဋ္ဌိမိဉ္ဇံ-အဋ္ဌိ-နှာရု-မံသံ-တစော-ဒန္တာ-နခါ-လောမာ-ကေသာ။ ။အဿု-ဝသာ-ခေလော-သိင်္ဃာကာ-လသိကာ-မုတ္တံ၊ မုတ္တံ-လသိကာ-သိင်္ဃာကာ-ခေလော-ဝသာ-

အဆု-မေဒေါ်-သေဒေါ်-လောဟိတက်-ပုဗ္ဗော-သေမှံ-ဝိတ္တံ-မတ္တလုင်္ဂ - ကရီသံ-ဥဒရိယံ-အန္တဂုဏံ-အန္တံ- ပပ္ဖါသံ- ပိဟကံ-ကိလောမကံ- ယကနံ-ဝက္ကံ-အဋ္ဌိမိဉ္ဇံ- အင်္ဂါ နှာရု. မံသံ-တစော.ဒန္တာ-နခါ.လောမာ-

ကေသာ-ဟူ၍၊ မာဂဓဘာသာအားဖြင့် လည်းကောင်း။

ဆံပင် မွေးညင်း. ခြေသည်း. လက်သည်း. သွား. အရေ. အသား. အကြော-အရိုး. ခြင်ဆီ. အညှို့။ ။နှလုံး. အသည်း။ အမြှေး-အဖျင်း အဆုတ်။ အူမ. အူသိမ်. အစာသစ်-အစာဟောင်း။ ဦးနှောက်။ သည်းခြေ-သလိပ်-ပြည်. သွေး. ချွေး. အဆီခဲ။ မျက်ရည် ဆင်းကြည်-တံတွေး. နှပ်. အစေး. ကျင်ငယ်ဟူသော ၃၂-ကောဋ္ဌာသတို့ကို မာဂဓဘာသာအတိုင်းကဲ့သို့ အနုလုံ ပဋိလုံ မှတ်သား၍ မြန်မာဘာသာအားဖြင့်လည်းကောင်း၊ နှုတ်ဖြင့် အဖန်ဖန်စီးဖြန်းအပ်၏။ နှုတ်ဘက်အောင်ရွတ်၍ စိတ်ပြန့်လွင့်ခြင်း ကင်းလတ်သော် နှုတ်ဖြင့်ရွတ်သော အစဉ် အတိုင်း အနုလုံ-ပဋိလုံမှတ်သား၍ စိတ်ဖြင့်သာ ဆင်ခြင်ပွားများအပ်၏။ ထို့ ၃၂-ကောဋ္ဌာသတို့၏ အဆင်း သဏ္ဌာန် အနံ့ ဖြစ်ကြောင်း တည်ရာငါးပါးတို့၏ ဇောကုစ္ဆ-ပဋိကူလအဖြစ် စင်စစ်ရှိဖွယ်စက်ဆုပ်ဖွယ်ကိုလည်း ဉာဏ်ဖြင့်စဉ်းစား သတိထား၍ ပွားများဆင်ခြင်အပ်၏။

(၁၀) အာနာပါနဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းပွားများလိုသောသူသည် ဆိတ်ငြိမ်ရာသို့ကပ်၍ ထက်ဝယ်ဖွဲ့ခွေကာ ကိုယ်ကိုဖြောင့်စွာထား၍ ကမ္မဋ္ဌာန်းသို့ရှေးရှု သတိကိုထား၍ ထိုင်နေပြီးလျှင် ထင်ရှားစွာ ထွက်သက် ဝင်သက်လေတို့ကို ရှူ၊ရှိုက်၍ အတွင်း. အပသို့ စိတ်မလိုက်ပဲ ထွက်သက်. ဝင်သက် လေဟိုက်ရာ နှာသီးဖျား နှုတ်ခမ်းဖျားဌာန သတိထားလျက် တစ်-နှစ်-သုံး-လေး-ငါး၊ တစ်-နှစ်-သုံး-လေးငါး-ခြောက် စသည်ဖြင့် ဆယ်နှုတ်လည်းမပို၊ ငါးခုအောက်လည်း မယို၊ အလယ်ဌာလည်း မခိုပဲ ဖြည်းညှင်းသက်သာစွာ ဓညမာမက-ဂဏနာနည်းဖြင့် ရှေးဦးစွာ ရေတွက်အပ်၏။

ထိုသို့ ရေတွက်သဖြင့် ဇင် ထွက်ဘိုင်းသော လေတို့သည် ထင်ရှားကုန်လတ်သော် ရှေးဓညမာမက ဂဏနနည်းကိုလွှတ်၍ မြန်စွာသော ဂေါပါလက ဂဏနနည်းဖြင့် ရေတွက်အပ်၏။ ရေတွက်ခြင်း ဂဏန်းသင်္ချာနှင့်ကင်းလျက် အခြားအာရုံသို့ စိတ်မထွက်သဖြင့် ပြင်ပသို့ပြန့်လွင့်သောဝိတက်မရှိ၊ ထွက်သက် ဝင်သက်၌ အာရုံထားနိုင်သောအခါ ရေတွက်သော ဂဏနနည်းကိုလွှတ်၍ လွှတိုက်သောယောကျ်ား လွှသွားတိုင်းကို စိတ်မလိုက် လွှသွားဖြတ်ရာ တုံး၌သာ စိတ်စိုက်သကဲ့သို့ ထွက်သက် ဝင်သက် လေလျှောက်ရာ ချက်တိုင်ဟဒယဇာပြင်ပသို့ စိတ်မပါပဲ ထွက်သက် ဝင်သက် လေထိရာ နှာသီးဖျား နှုတ်ခမ်းဖျား ဖုဋ္ဌောကာသ နှစ်ပါး၌သာ သတိထားလျက် ဤကားထွက်သက် ဤကား ဝင်သက်ဟု ထွက်သက် ဝင်သက်လေတို့သို့ အစဉ်လိုက်သော အနုပဋိပဋိနနည်းဖြင့် သိမ်းဆည်းဆင်ခြင်အပ်၏။ ဤကား အနုဿတိဆယ်ပါး ပွားများပုံအကျဉ်းတည်း။

(၂၄) ဖြဟ္မဝိဟာရတရား၊ လေးပါးဟူသည်ကား။ ။မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပက္ခာဟူ၍ လေးပါးတည်း။ ထိုလေးပါးတို့တွင် မေတ္တာကမ္မဋ္ဌာန်းကို စီးဖြန်းပွားများလိုသောသူသည် အတ္တာ-မဇ္ဈ-ပိယ-ဇရဝိ လေးလိုက်သော ပုဂ္ဂိုလ်တို့၌ ဘီမသေမွှာဒအညွှတ်မျှ စိတ်ထား၍-

သဗ္ဗေသတ္တာ၊ သဗ္ဗေပါဏာ၊ သဗ္ဗေဘူတာ၊ သဗ္ဗေပုဂ္ဂလာ၊ သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ၊ အဝေရာဟောန္တု၊ အဗျာပဇ္ဈာဟောန္တု၊ အနီဃာဟောန္တု၊ သုခီအတ္တာနံ ပရိဟာရန္တု ဟူ၍ အနောဓိသ ဖရဏာအားဖြင့် လည်းကောင်း။ သဗ္ဗာဣတ္ထိယော၊ သဗ္ဗေပုရိသာ၊ သဗ္ဗေအရိယာ၊ သဗ္ဗေအနရိယာ၊ သဗ္ဗေဒေဝါ၊ သဗ္ဗေမနုဿာ၊ သဒ္ဓေဝိနိပါတိကာ၊ အဝေရာ ဟောန္တု၊ အဗျာပဇ္ဈာဟောန္တု၊ အနီဃာဟောန္တု၊ သုခီအတ္တာနံ ပရိဟာရန္တု ဟူ၍ ဩဓိသ ဖရဏအားဖြင့် လည်းကောင်း။

ပုရတ္ထိမာယ ဒိသာယ၊ ပစ္ဆိမာယ ဒိသာယ၊ ဥတ္တရာယ ဒိသာယ၊ ဒက္ခိဏာယ ဒိသာယ၊ ပုရတ္ထိမာယ အနုဒိသာယ၊ ပစ္ဆိမာယ အနုဒိသာယ၊ ဥတ္တရာယ အနုဒိသာယ၊ ဒက္ခိဏာယ အနုဒိသာယ၊ ဟေဋ္ဌိမာယ ဒိသာယ၊ ဥပရိမာယ ဒိသာယ၊ သဗ္ဗေသတ္တာ၊ သဗ္ဗေပါဏာ၊ သဗ္ဗေဘူတာ၊ သဗ္ဗေပုဂ္ဂလာ၊ သဗ္ဗေအတ္တဘာဝပရိယာပန္နာ၊ သဗ္ဗာဣတ္ထိယော၊ သဗ္ဗေပုရိသာ၊ သဗ္ဗေ အရိယာ၊ သဗ္ဗေ အနရိယာ၊ သဗ္ဗေ ဒေဝါ၊ သဗ္ဗေ မနုဿာ၊ သဗ္ဗေ ဝိနိပါတိကာ၊ အဝေရာဟောန္တု၊ အဗျာပဇ္ဈာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီအတ္တာနံ ပရိဟာရန္တု-ဟူ၍ ဒိသာဖရဏအားဖြင့်လည်းကောင်း စီးဖြန်းပွားများအပ်၏။

မေတ္တာပို့ပါဠိတို့တွင် ဒိသာဖရဏမေတ္တာ၏ အနက်တို့ကိုဆိုလျှင် အနောဓိသ, ဩဓိသ မေတ္တာတို့၏ အနက်ကိုလည်း သိနိုင်လောက်သောကြောင့် ဒိသာဖရဏမေတ္တာပို့ အနက်ကိုသာ ဆိုလိုက်ပေအံ့။

ပုရတ္ထိမာယ ဒိသာယ၊ အရွှေစူးစူး ဖြူးဖြူးဖြောင့်ဖြောင့် အရပ်၌။ ပစ္ဆိမာယ ဒိသာယ၊ အနောက်စူးစူး ဖြူးဖြူးဖြောင့်ဖြောင့်အရပ်၌။ ဥတ္တရာယ ဒိသာယ၊ မြောက်ဘက်စူးစူး ဖြူးဖြူး ဖြောင့်ဖြောင့်အရပ်၌။ ဒက္ခိဏာယ ဒိသာယ၊ တောင်ဘက်စူးစူး ဖြူးဖြူးဖြောင့်ဖြောင့် အရပ်၌။ ပုရတ္ထိမာယ အနုဒိသာယ၊ အရွှေတောင်ထောင့်အရပ်၌။ ပစ္ဆိမာယ အနုဒိသာယ၊ အနောက် မြောက်ထောင့်အရပ်၌။ ဥတ္တရာယ အံနုဒိသာယ၊ အရွှေမြောက်ထောင့်အရပ်၌။ ဒက္ခိဏာယ အနုဒိသာယ၊ အနောက်ဘောင်ထောင့်အရပ်၌။ ဟေဋ္ဌိမာယ ဒိသာယ၊ အောက်အရပ်၌။ ဥပရိမာယ ဒိသာယ၊ အထက်အရပ်၌။

သဗ္ဗေ၊ ကြွင်းမဲ့အုပ်ခြုံ အလုံးစုံကုန်သော။ သတ္တာ၊ ခန္ဓာငါးရပ် ရုပ်နာမ်ဓာတ်၌ ငြိကပ်ဘွယ်တာကုန်သောသူတို့သည်။ သဗ္ဗေ၊ ကြွင်းမဲ့အုပ်ခြုံ အလုံးစုံကုန်သော။ ပါဏာ၊ ထွက်ဝင်သက်နှင့် စပ်ဖက်၍ဖြစ်ကုန်သောသူတို့သည်။ သဗ္ဗေ၊ ကြွင်းမဲ့အုပ်ခြုံ အလုံးစုံကုန်သော။ ဘူတာ၊ ကံ, ကိလေသာ ထိုနှစ်ဖြာကြောင့် ထင်စွာဖြစ်ကုန်သောသူတို့သည်။ သဗ္ဗေ၊ ကြွင်းမဲ့အုပ်ခြုံ အလုံးစုံကုန်သော။ ပုဂ္ဂလာ၊ ငရဲရွာသို့ လျှောကာဆင်းသွားတတ်ကုန်သော သူတို့သည်။ သဗ္ဗေ၊ ကြွင်းမဲ့အုပ်ခြုံ အလုံးစုံကုန်သော။ အတ္တဘာဝပရိယာပန္နာ၊ နာမ်ရုပ်နှစ်ဖြာ အတ္တဘောခန္ဓာ၌ အတွင်းဝင်ပါကုန်သော သူတို့သည်။ သဗ္ဗေ၊ ကြွင်းမဲ့အုပ်ခြုံ အလုံးစုံကုန်သော။ ဣတ္ထိယော၊ မိန်းမတို့သည်။ သဗ္ဗေ၊ ကြွင်းမဲ့အုပ်ခြုံ အလုံးစုံကုန်သော။ ပုရိသာ၊ ယောကျ်ားတို့သည်၊ သဗ္ဗေ၊ ကြွင်းမဲ့အုပ်ခြုံ အလုံးစုံကုန်သော။ အရိယာ၊ အရိယာတို့သည်။ သဗ္ဗေ၊ ကြွင်းမဲ့အုပ်ခြုံ အလုံးစုံကုန်သော။ အနရိယာ၊ ပုထုဇဉ်တို့သည်။ သဗ္ဗေ၊ ကြွင်းမဲ့အုပ်ခြုံ အလုံးစုံ

ကုန်သော။ ဒေဝါ၊ နတ်ပြဟ္မာတို့သည်။ သဗ္ဗေ၊ ကြွင်းမဲ့အုပ်ခြုံ အလုံးစုံကုန်သော။ မနုဿာ၊ လူတို့သည်။ သဗ္ဗေ၊ ကြွင်းမဲ့အုပ်ခြုံ အလုံးစုံကုန်သော။ ဝိနိပါတိကာ၊ ဖရိုဖရဲ ကြဲ၍ကျကုန်သော အပါယ်ဘုံသားတို့သည်။

အဝေရာ၊ တွင်း-ပနှစ်တန် ရန်မရှိကုန်သည်။ ဟောန္တု၊ ဖြစ်စေကုန်သတည်း။ အဗျာပဇ္ဇာ၊ ဒေါမနဿ မရှိကုန်သည်။ ဟောန္တု၊ ဖြစ်စေကုန်သတည်း။ အနီဃာ၊ ဤဃ မည်သော ဥပဒ္ဒဝေါ မရှိကုန်သည်။ ဟောန္တု၊ ဖြစ်စေကုန်သတည်း။ သုခီ၊ ကာယိကသုခ ရှိကြကုန်သည်ဖြစ်၍။ အတ္တာနံ၊ မိမိကိုယ်အတ္တဘောကို။ ပရိဟရန္တု၊ ဆောင်နိုင်ကြစေကုန်သတည်း။ ဤကား အနက်။

ဤမေတ္တာကမ္မဋ္ဌာန်း၌ သဗ္ဗေသတ္တာ အစရှိသော အနောဓိသဝေါးပါးကို အဝေရာ-ဟောန္တု စသော အပ္ပနာလေးခုဖြင့်မြောက် အနောဓိသ ၂၀-ဖြစ်၏။ သဗ္ဗာဂတ္တိယော အစရှိသော သြဓိသ ၇ ပါးကို ယင်း အပ္ပနာလေးခုဖြင့် မြောက်။ သြဓိသ ၂၈-ဖြစ်၏။ ပေါင်း ၄၈။ ထို ၄၈-ကို အရပ် ၁၀-မျက်နှာနှင့် မြောက်၊ ဒိသာဖရဏာ ၄၈၀-ဖြစ်၏။ ထို ၄၈၀-ကို ယခင် ၄၈-နှင့် ပေါင်းသော် ၅၂၈-သွယ် မေတ္တာပေါင်းဖြစ်၏။ ထို ၅၂၈-သွယ်တို့တွင် တပါးပါးဖြင့်သော်လည်းကောင်း ပွားများစီးဖြန်းအပ်၏။

ကရုဏာကမ္မဋ္ဌာန်းကို စီးဖြန်းပွားများလိုသောသူသည် ဒုက္ခိတသတ္တဝါကို အာရုံပြု၍ ဒုက္ခာ မုစ္စန္တု။ ဒုက္ခာ၊ ငြိုငြင်ပင်ပန်း ရိန္ဓမ်းဆင်းရဲခြင်းမှ။ မုစ္စန္တု၊ လွတ်ကြပါစေကုန်သတည်း-ဟူ၍လည်းကောင်း။ တစုံတယောက် ဆင်းရဲဒုက္ခသူကိုမြင်၍-

ကိစ္ဆံ ဝတာယံ သတ္တော အာပန္နော၊ အပ္ပေဝနာမ ဣမမှာ ဒုက္ခာ မုစ္စေယျ။

အယံ သတ္တော၊ ဤသတ္တဝါသည်၊ ကိစ္ဆံ၊ ငြိုငြင်ပင်ပန်းခြင်းသို့။ ပတ္တော ဝတ၊ ရောက်ရှာပါသည်တကား။ ဣမမှာ ဒုက္ခာ၊ ဤဆင်းရဲမှ။ မုစ္စေယျ၊ လွတ်ပါမူကား။ အပ္ပေဝနာမ သာဓု ဝတ၊ ကောင်းလေစွဟူ၍လည်းကောင်း ပွားများစီးဖြန်းအပ်၏။

ဤကရုဏာကမ္မဋ္ဌာန်း၌ကား မေတ္တာ၌ဆိုခဲ့သော အနောဓိသ ၅-ပါး၊ သြဓိသ ၇-ပါး၊ ပေါင်း ၁၂-ပါးကို အရပ် ၁၀-မျက်နှာနှင့် မြောက်၊ ၁၂၀-ဖြစ်၏။ ထို ၁၂၀-ကို မူလ ၁၂-ပါးနှင့် ပေါင်းသော် ၁၃၂-ပါး ဖြစ်၏။

မုဒိတာကမ္မဋ္ဌာန်းကို စီးဖြန်းပွားများလိုသောသူသည် သတ္တဝါကို အာရုံပြု၍ ယထာ-လဒ္ဓသမ္ပတ္တိတော မာဝိဂစ္ဆန္တု။ ယထာလဒ္ဓသမ္ပတ္တိတော၊ ရအပ်ပြီးတိုင်းသော စည်းစိမ်မှ။ မာဝိဂစ္ဆန္တု၊ ချုတ်ပုတ်လျော့ပါး မပျက်ပြားကြပါစေကုန်သတည်း ဟူ၍လည်းကောင်း။ သုခိတသတ္တဝါကို မြင်၍သော်လည်းကောင်း၊ မောဒတိ ဝတာယံ သတ္တော အဟောသာဓု၊ အဟောသုဒ္ဓ။ အယံ သတ္တော၊ ဤသတ္တဝါသည်။ မောဒတိ ဝတ၊ ချမ်းသာရိပ်ပြိမ် စည်းစိမ်ခံလျက် နှစ်သက်ဝမ်းမြောက်ရပေစွတကား။ အဟောသာဓု၊ ကြောင်း-ကောင်းလှပေစွတကား ဟူ၍လည်းကောင်း။ အဟောသုဒ္ဓ၊ ကြွ မြက်လှပေစွတကား ဟူ၍လည်းကောင်း စီးဖြန်း ပွားများအပ်၏။ ဤမုဒိတာကမ္မဋ္ဌာန်း၌လည်း ကရုဏာကမ္မဋ္ဌာန်းကဲ့သို့ ၁၃၂ ပါးပင် ဖြစ်၏။

ရောထွေးပေါင်းစပ်၊ ခွေးအန်ဖတ်နှယ်၊ ရုံစဖွယ်ကို၊ မျက်ဝယ်ထင်ထင်၊ မရှုမြင်လို၊ ရုံမပျို့ပဲ၊ ဝမ်းခေါင်းထဲကို သိပ်ဆဲမျို့ချ၊ စားသောက်ရခြင်းအား ဖြင့် လည်းကောင်း။

၄။ အာသယာ·အာသယတောစ၊ မျို့သောအခါ၊ လျှာခါဝင်ဆင်း၊ စာအိမ်တွင်းသို့၊ ကပ်ချဉ်းမသီ၊ မရောက်မီသေး၊ ပြည်·သွေး·သည်းခြေ၊ သလိပ်တွေတို့၊ လွန်လေသောအား၊ ဆင်းလေးပါးကို၊ ခဲခြားနေကြ၊ ကပ်မီရာ အာသယအားဖြင့် လည်းကောင်း။

၅။ နိဓာနတောစ၊ အာသယလေးတန်၊ လိမ်းကျံထွေးကပ်၊ ဝင်သွားလတ်လည်း၊ ဟောင်စပ်ညစ်ပေ၊ မွေးလေကစ၊ မဆေးရ၍၊ ငစွဲအိမ်နှယ်၊ ရုံစဖွယ်တောင်း၊ အူမခေါင်းဌ် စုပေါင်းမြုပ်သျှို၊ သိပ်သိုထားရသော အားဖြင့်လည်းကောင်း။

၆။ အပက္ကာ·အပက္ကတောစ၊ ရွာဒွန်းစက္ကား၊ တံခါးအဝ၊ တွေ့ရာချထား၊ ပုပ်ပွဆူလျှင်း တစိတ္တင်းသို့၊ ခွဲ့ျို့စရာ၊ များစွာထိုထို့၊ မျို့မျို့သမျှ၊ အာဟာရသည်၊ ကာယအင်္ဂို၊ ဓာတ်မီးထိုက၊ ပုပ်ပွပွဖြင့်၊ မြုပ်ထဉူဝေ၊ မကျက်ပေသောအား ဖြင့်လည်းကောင်း။

၇။ ပက္ကတောစ၊ ဓာတ်မီးရှိန်ထက်၊ ကောင်းစွာချက်လည်း၊ မြုပ်ပွက်ကင်းစွာ၊ မှုတ်မှာ ထိစွက်၊ မြေနုညက်သို့၊ စက်ဆုပ်စဖွယ်၊ ကျင်ငယ်-ကျင်ကြီး၊ ဖြစ်လျှက်ပြီးသောအား ဖြင့် လည်းကောင်း။

၈။ ဖလာ ဖလဘောစ၊ တေဇောရှိန်ဝေ ကောင်းစွာကြွေလျှင် ကသာ လောမာ နခါစသား အသုဘပုပ် ခန္ဓာရုပ်ကို ပြုလုပ်တတ်ပါ မကြေစာမူ များစွာပွေးဝဲ နှုန်ကုဋ္ဌ အဟုတ်ကြွသား ပြောက်ကျားကုက်ဆင်း ခရုသင်းကြီး ချောင်းကုတ်ဟီးစ ရာမကတည့် ဖလရောဂါ ဖြစ်တတ်စွာသော အားဖြင့်လည်းကောင်း။

၉။ နိဿန္ဒတောစ၊ တခံတွင်းက အားရရွှင်ပြယ် လူပုံလယ်မှာ ခင်ပွန်းသည်တော်သွင်း တည်ခိုက်ခင်းသော် သက်ဆင်းလျှောကျ နားမှ နားပါ, မျက်နှာ မျက်ချေး, နှပ်, တံတွေးကို အံထွေးခါခါ ညှစ်ပစ်ခါနှင့် အောက်မှာဝစွ ပဿာဝက စီးကျခီးမီး ကျင်ကြီး ကျင်ငယ် မစင်ကြယ်၍ မျက်ကွယ်ပုန်းလျှိုး စွန့်ပစ်ရိုးတည့် လေဆိုးထွက်ကာ မျက်နှာရှုံ့တွ နှာပိတ် ရပ်ဖယ် မတင့်တယ်စွ နိဿန္ဒအားဖြင့် လည်းကောင်း။

၁၀။ မက္ခတော· သမ္မက္ခတော စ၊ စားသောအခါ လက်,လျှာ,နှုတ်ခမ်း ယှက်သန်း ကပ်ငြို ပဋိကူလာ ဖြစ်စေပါခဲ့ နောင်ခါချက်ပြုတ် တမင်းမြုပ်သည် ကြုတ်ကြုတ်ဆူသ အိုး အဝကို မက္ခလိမ်းကျံ ကပ်သောဟန်သို့ ခိုးလျှံရှိန်တက် တေဇောချက်၍ ငွေ့သက်ကပ်မှေး နှပ်တံတွေးနှင့် သွားချေး နဟာ, မျက်နှာ, မျက်ချေး, ချွေးစေး, ဆီကြည်, မသတီပုပ် ကျင်ငယ်ကျင်ကြီး ယိုစီးလိမ်းကပ် ရေသုံးသပ်လည်း ကြပ်ကြပ်မပြယ် မစင်ကြယ်စွ သမ္မက္ခ အားဖြင့် လည်းကောင်း။ ဤတိ၊ ဤသို့။ ဒသဟိ၊ ဆယ်ပါးကုန်သော။ အာကာရေဟိ၊ အခြင်းအရာတို့ဖြင့်။ အသိဘပ်တာဒိကော၊ စားပုပ် သောက်ပုပ် ခဲလျှက်ပုပ်ဟု ဆိုအပ်သော။ အာ ဃံ အာဟာရော၊ ဤကဗလိကာရ၊ အာဟာရသည်။ အဟောပဋိက္ကူလော၀တ၊ ခြေဝ် စက်ဆုပ်ဖွယ်ကြီး ဖြ တ္ တား။ ဤကား အနက်။ ဤတိ ဒသဟိ အာကာရေဟိ ဤကား၊

သည်း၏ သည်း၏ဟူ၍ လည်းကောင်း။ ဝိဝိတ္တံ- ဝိဝိတ္တံ၊ ဆိတ်၏-ဆိတ်၏ ဟူ၍လည်းကောင်း အဖန်ဖန် ဆိုပုံးသင်းအပ်၏။

နေ့သည်နာသည်ပေးတန်ကို ပွားများလိုသော အာကိဉ္စညာယတနကို မပြီး သေမှုပြုလိမ့်သည် ငါရဟန်သော အာကိဉ္စညာယတနသည် ဝိညာဏဉ္စာယတနတည်း ဟူသော ဦးဇဿာရန်သူ၏ဟု အာကိဉ္စညာယတနကို ဖြိုခြင်း၍ နေ့သည်နာသည် ယတနကို ပြုမိသော်သောအားဖြင့် ဆိုလိုးသွင်း၍ အာကိဉ္စညာယတနကို အာရုံပြုလျက် ဇဝံသေ့၊ ဇတံ ပဏိတံ၊ ဇတံ၊ ဤအာကိဉ္စညာယတန ဝိညာဏ်သည်၊ သန္တံ၊ ငြိမ်သတ်၏။ ဇတံ၊ အာဟိုညာယတနပိညာဏသည်။ ပဏိတံ၊ ပြုတ်၏ ဟူ၍၊ အဖန်ဖန်ဆိုလိုးသွင်းအပ်၏။ ဤကား အာရုပ္ပဝေလေးပါး ပွားများရန်၊ အကျဉ်းမှတ်သားဖွယ်တည်း။

(၂၄) အာဃာဝရေ ပဗိုဟ္ဟလသညာ ကပ္ပဋ္ဌာန်းကို ဖီးဖြန်းပွားများလိုသောသူသည်၊ သိတ်ဖြိုတ်ရုပ်ပုံပေးပါမူ၊

ပမုခေ ဇလနာ ဇောဝါ၊ အာသဟေ နိုဓာနတော။
အဝဏ္ဏော ဝဏ္ဏဇောစာယံ၊ ဖလာနိသဿ မက္ခတော။
ပဗိုဟ္ဟုလော ပဇာဟာရော၊ အဟော သိတ ပိတာဒိကော။
(ပဇ္ဇာဝဏ္ဏ) နိဿန္ဒနောင်၊ ဇောကြောသည်။

ဟူ၍၊ ဆပ်ပါးတုန်သော ဘရှာတို့ဖြင့်၊ ပွားများအပ်၏။

၁။ ဝမနာ-ဝမနဇောစ၊ သွမ်းအလိုဟု ကျောင်းမှဒွာ၍ လမ်းမှာ သစ်ဝုတ် ခလုတ် ပြည့်ကာ ဘန္ဒဲစည်း အဝတ်နည်းသို့ ဝတ်ဆင်းသတ်နိုး ခါးတိုးပန်း၍ မြို့လွှမ်းရိုးပုံ ဟုတိုးမြို့ပျက်၊ ဟူသော်သတ်သို့ ပဉ်းနပ်ဆင်းလို၊ ခွပ်နားတိုကို ပိုက်သိုဆောင်သွား ပျက်အနားဥ် ပါ၌ နွား-ဇွေးပုပ်-ငပုန်ဟောင်ပုပ်နှင့် ဟူပုပ်ညစ်ပြေး ဇွေးဟူခြေးတို့ ရောထွေးအနှံ့ နှာမသံ ဇေးဝင် ပုပ်စပ်ပေဝင်လျှင်း ပရမြောင်ပွင်းသာ ဖြစ်ကာဖြင့် စက်ဆုပ်ရာလမ်း ခရီးကြမ်းကို ဘပန်း-ပွားများသောဒုဝးဖြင့်လည်းကောင်း။

၂။ ဇလန-ဇလနဇောစ၊ မျှသို့ချဉ်းကာ၊ ပင်အပ်ခလည်း၊ ကောင်းစွာရုံဝတ်၊ ဇသဲပတ်ကို မဟုတ်စေဟဲ့၊ ဘုန်းစာနဲ့သို့၊ ဆွတ်ပဲနားပို့၊ ဇောင်ပုတ်သို့၍၊ ဤ-ပုံအပ်ပေါက်၊ လမ်းလိုဇောပြောင်ကွက်၊ ပျက်ဇေသဝတ်ချကာ၊ ဝင်ရပါလည်း၊ ပြုံးစွာညာနှုပ်က်၊ ဝင်သားတက် ဟု၊ ဇွတ်ဇောလည်း ဖြူးလေသွင်ကပ်၊ ဒုပ်ပေါက်ပုံ၍၊ မပြတ်ငါး-ပဲ၊ စွန့်ပါဇွေးဇော၊ ဘောလုံးစုံတွဲ၊ ဝဲယာ ဇွေးဇော်၊ ပျံခဲ့ရှာ၊ ပျက်ဆီးကလျှ၊ အာ့ဖြို့ကလျှ၊ ဖျို့မလျှ နှင့် သည်းခံ၊ ဝင်ဇောပါရန်လည်း၊ ပြုံးပုပ်ဖို့၊ ငါး-ပဲတို့ဟု၊ အာ့ဖြို့ကလျှ၊ ဖျို့မလျှ နှင့် ဖျို့ယူတော်ရှာ၊ အာ့ဖြို့ပါလည်း၊ ဖြစ်ပုပ်ဖို့ရာ၊ သွမ်းတိုဟုဖြခြင်းအာ့ဖြင့် လည်းကောင်း။

၃။ ဇောဝါ-ဇောဝဇောစ၊ ဖစားငဲ့ဝါ၊ ဖျင်းသန့်ဝါလည်း၊ ဆန့်ကာနှိုက်မိ၊ လက်ဖြင့်ပိတ်၊ ဖြစ်ပါသူ၊ ဖိပ်ဝတ္ထုဟုတ်၊ ဖြိုနိုးဇောင်၍၊ ဇွေးဖြင့်ဖိုမှု၊ ခံတွင်းပဲသို့၊ လက်ဖြင့်ပိတ်၊ ဖြစ်ပါသူ၊ ဖိပ်ဝတ္ထုဟုတ်၊ ဖြိုနိုးဇောင်၍၊ ဇွေးဖြင့်ဖိုမှု၊ ခံတွင်းပဲသို့၊ ဆွတ်ပဲနားပို့၊ ဇောင်ပုတ်သို့၍၊ ဤ-ပုံအပ်ပေါက်၊ လမ်းလိုဇောပြောင်ကွက်၊ ပျက်ဇေသဝတ်ချကာ၊ ဝင်ရပါလည်း၊ ပြုံးစွာညာနှုပ်က်၊ ဝင်သားတက် ဟု၊ ဇွတ်ဇောလည်း ဖြူးလေသွင်ကပ်၊ ဒုပ်ပေါက်ပုံ၍၊ မပြတ်ငါး-ပဲ၊ စွန့်ပါဇွေးဇော၊ ဘောလုံးစုံတွဲ၊ ဝဲယာ ဇွေးဇော်၊ ပျံခဲ့ရှာ၊ ပျက်ဆီးကလျှ၊ အာ့ဖြို့ကလျှ၊ ဖျို့မလျှ နှင့် သည်းခံ၊ ဝင်ဇောပါရန်လည်း၊ ပြုံးပုပ်ဖို့၊ ငါး-ပဲတို့ဟု၊ အာ့ဖြို့ကလျှ၊ ဖျို့မလျှ နှင့် ဖျို့ယူတော်ရှာ၊ အာ့ဖြို့ပါလည်း၊ ဖြစ်ပုပ်ဖို့ရာ၊ သွမ်းတိုဟုဖြခြင်းအာ့ဖြင့် လည်းကောင်း။

၄။ ဇောဝါ-ဇောဝဇောစ၊ ဖစားငဲ့ဝါ၊ ဖျင်းသန့်ဝါလည်း၊ ဆန့်ကာနှိုက်မိ၊ လက်ဖြင့်ပိတ်၊ ဖြစ်ပါသူ၊ ဖိပ်ဝတ္ထုဟုတ်၊ ဖြိုနိုးဇောင်၍၊ ဇွေးဖြင့်ဖိုမှု၊ ခံတွင်းပဲသို့၊ ဆွတ်ပဲနားပို့၊ ဇောင်ပုတ်သို့၍၊ ဤ-ပုံအပ်ပေါက်၊ လမ်းလိုဇောပြောင်ကွက်၊ ပျက်ဇေသဝတ်ချကာ၊ ဝင်ရပါလည်း၊ ပြုံးစွာညာနှုပ်က်၊ ဝင်သားတက် ဟု၊ ဇွတ်ဇောလည်း ဖြူးလေသွင်ကပ်၊ ဒုပ်ပေါက်ပုံ၍၊ မပြတ်ငါး-ပဲ၊ စွန့်ပါဇွေးဇော၊ ဘောလုံးစုံတွဲ၊ ဝဲယာ ဇွေးဇော်၊ ပျံခဲ့ရှာ၊ ပျက်ဆီးကလျှ၊ အာ့ဖြို့ကလျှ၊ ဖျို့မလျှ နှင့် သည်းခံ၊ ဝင်ဇောပါရန်လည်း၊ ပြုံးပုပ်ဖို့၊ ငါး-ပဲတို့ဟု၊ အာ့ဖြို့ကလျှ၊ ဖျို့မလျှ နှင့် ဖျို့ယူတော်ရှာ၊ အာ့ဖြို့ပါလည်း၊ ဖြစ်ပုပ်ဖို့ရာ၊ သွမ်းတိုဟုဖြခြင်းအာ့ဖြင့် လည်းကောင်း။

၅။ ဇောဝါ-ဇောဝဇောစ၊ ဖစားငဲ့ဝါ၊ ဖျင်းသန့်ဝါလည်း၊ ဆန့်ကာနှိုက်မိ၊ လက်ဖြင့်ပိတ်၊ ဖြစ်ပါသူ၊ ဖိပ်ဝတ္ထုဟုတ်၊ ဖြိုနိုးဇောင်၍၊ ဇွေးဖြင့်ဖိုမှု၊ ခံတွင်းပဲသို့၊ ဆွတ်ပဲနားပို့၊ ဇောင်ပုတ်သို့၍၊ ဤ-ပုံအပ်ပေါက်၊ လမ်းလိုဇောပြောင်ကွက်၊ ပျက်ဇေသဝတ်ချကာ၊ ဝင်ရပါလည်း၊ ပြုံးစွာညာနှုပ်က်၊ ဝင်သားတက် ဟု၊ ဇွတ်ဇောလည်း ဖြူးလေသွင်ကပ်၊ ဒုပ်ပေါက်ပုံ၍၊ မပြတ်ငါး-ပဲ၊ စွန့်ပါဇွေးဇော၊ ဘောလုံးစုံတွဲ၊ ဝဲယာ ဇွေးဇော်၊ ပျံခဲ့ရှာ၊ ပျက်ဆီးကလျှ၊ အာ့ဖြို့ကလျှ၊ ဖျို့မလျှ နှင့် သည်းခံ၊ ဝင်ဇောပါရန်လည်း၊ ပြုံးပုပ်ဖို့၊ ငါး-ပဲတို့ဟု၊ အာ့ဖြို့ကလျှ၊ ဖျို့မလျှ နှင့် ဖျို့ယူတော်ရှာ၊ အာ့ဖြို့ပါလည်း၊ ဖြစ်ပုပ်ဖို့ရာ၊ သွမ်းတိုဟုဖြခြင်းအာ့ဖြင့် လည်းကောင်း။

ရောထွေးပေါင်းစပ်၊ ခွေးအန်ဖတ်နှယ်၊ ရွံစဖွယ်ကို၊ မျက်ဝယ်ထင်ထင်၊ မရှုမြင်လို၊ ရှုံမပျို့ပဲ၊ ဝမ်းခေါင်းထဲကို သိပ်ဆွဲမျိုချ၊ စားသောက်ရခြင်းအား ဖြင့် လည်းကောင်း။

၄။ အာသယာ·အာသယတောစ၊ မျိုသောအခါ၊ လျှာခါဝင်ဆင်း၊ စာအိမ်တွင်းသို့၊ ကပ်ချဉ်းမသီ၊ မရောက်မီသေး၊ ပြည်·သွေး·သည်းခြေ၊ သလိပ်တွေတို့၊ လွန်လေသောအား၊ ဆင်းလေးပါးကို၊ ခဲခြောနေကြ၊ ကပ်မီရာ အာသယအားဖြင့် လည်းကောင်း။

၅။ နိဓာနတောစ၊ အာသယလေးတန်၊ လိမ်းကျံထွေးကပ်၊ ဝင်သွားလတ်လည်း၊ ဟောင်စပ်ညစ်ပေ၊ မွေးလေကစ၊ မဆေးရ၍၊ ငစွအိမ်နှယ်၊ ရွံစဖွယ်တောင်း၊ အူမခေါင်းဌ် စုပေါင်းမြုပ်လျှို၊ သိပ်သိုထားရသော အားဖြင့်လည်းကောင်း။

၆။ အပက္ကာ·အပက္ကတောစ၊ ရွာဒွန်းစက္ကား၊ တံခါးအဝ၊ တွေ့ရာချထား၊ ပုပ်ပွဆူလျှင်း တစိတ္တင်းသို့၊ ရွဲ့ပျို့စရာ၊ များစွာထိုထို၊ မျှိုမျှိသမျှ၊ အာဟာရသည်၊ ကာယအင်္ဂို၊ ဓာတ်မီးထိုက၊ ပုပ်ပွပွဖြင့်၊ မြုပ်ထဆူဝေ၊ မကျက်ပေသောအား ဖြင့်လည်းကောင်း။

၇။ ပက္ကတောစ၊ ဓာတ်မီးရှိန်ထက်၊ ကောင်းစွာချက်လည်း၊ မြုပ်ပွက်ကင်းစွာ၊ မှုတ်မှာ ထိစွက်၊ မြေနှုညက်သို့၊ စက်ဆုပ်စဖွယ်၊ ကျင်ငယ်-ကျင်ကြီး၊ ဖြစ်လျက်ပြီးသောအား ဖြင့် လည်းကောင်း။

၈။ ဖလာ ဖလဘောစ၊ တောခရိုန်ဝေ ကောင်းစွာကြဲလျှင် ကသာ လောမာ နခါစသား အသုဘပုပ် ခန္ဓာရုပ်ကို ပြုလုပ်တတ်ပါ မကြစာမူ များစွာပွေးဝဲ နှုန်ကုဋ္ဌ အဟုတ်ကြွသား ပြောက်ကျားကွက်ဆင်း ခရုသင်းကြီး ချောင်းကုတ်ဟီးစ ရာမကတည့် ဖလရောဂါ ဖြစ်တတ်စွာသော အားဖြင့်လည်းကောင်း။

၉။ နိဿန္ဒတောစ၊ တခံတွင်းက အားရရှင်ပြယ် လူပုံလယ်မှာ ခင်ပွန်းသွတ်သွင်း တည်ဉ့်ကင်းသော် သက်ဆင်းလျှောကျ နားမှ နားဖာ, မျက်နှာ မျက်ချေး, နှပ်, တံတွေးကို အံထွေးခါခါ ညှစ်ပစ်ခါနှင့် အောက်မှာဝစွ ပဿာဝက စီးကျခိုးခိုး ကျင်ကြီး ကျင်ငယ် မစင်ကြယ်၍ မျက်ကွယ်ပုန်းလျှိုး စွန့်ပစ်ရိုးတည့် လေဆိုးထွက်ကာ မျက်နှာမျှို့တွ နှာပိတ် ရဖွယ် မတင့်တယ်စွ နိဿန္ဒအားဖြင့် လည်းကောင်း။

၁၀။ မက္ခတော· သမ္မက္ခတော စ၊ စားသောအခါ လက်,လျှာ,နှုတ်ခမ်း ယှက်သန်း ကပ်ငြို ပဋိကူလာ ဖြစ်စေပါခဲ့ နောင်ခါချက်ပြုတ် ထမင်းမြုပ်သည် ကြုတ်ကြုတ်ဆူသ အိုး အဝကို မက္ခလိမ်းကျံ ကပ်သောဟန်သို့ ခိုးလျှိရှိန်တက် တေဇောချက်၍ ငွေသက်ကပ်မှဲ့ နှပ်တံတွေးနှင့် သွားချေး နဖာ, မျက်နှာ, မျက်ချေး, ချွေးစေး, ဆီကြည်, မသတီဖွယ် ကျင်ငယ်ကျင်ကြီး ယိုစီးလိမ်းကပ် ရေသုံးသပ်လည်း ကြပ်ကြပ်မပြယ် မစင်ကြယ်စွ သဘက္ခ အားဖြင့် လည်းကောင်း။ ဣတိ၊ ဤသို့။ ဒသဟိ၊ ဆယ်ပါးကုန်သော။ အာကာရေဟိ၊ အခြင်းအရာတို့ဖြင့်။ အသိဘပဲတာဒိကော၊ စားဖွယ်သောက်ဖွယ် ခဲလျက်ဖွယ်ဟု ဆိုအပ်သော။ အဿ အာဟာရော၊ ဤကဗလိင်္ကာရ၊ အာဟာရသည်။ အဟောပဋိက္ကူလော၀တာ၊ သြဇာ စက်ဆုပ်ဖွယ်ကြီး ဖြစ်လျှက်ကား။ ဤကား အနက်။ ဣတိ ဒသဟိ အာကာရေဟိ ဤကား၊

ပါဌဿသ။ အာဟာရေ ပဋိကူလသညာ ကမ္မဋ္ဌာန်း စီးဖြန်းပွားများရန် အကျဉ်း မှတ်ဖွယ်တည်း။

(၂၇) စတုဓာတုဝဝတ္ထာန် ကမ္မဋ္ဌာန်းကို စီးဖြန်း ပွားများလိုသော်သူသည် ဆိတ်ငြိမ်ရာသို့ကပ်၍ ကာယဂတာသတိကမ္မဋ္ဌာန်း၌ ဆိုခဲ့ပြီးသောအတိုင်း ဒွတ္တိံသာကာရတို့ကို အနုလုံပဋိလုံ အားဖြင့် သရဇ္ဈာယ်၍-

ကေသာနာမ ဣမသ္မိံ သရီရေ ပါဋိဃေက္ကော ကောဋ္ဌာသော အစေတနော အဗျာကတော သုညော နိဿတ္တော ထဒ္ဓေါ ပထဝီဓာတု။ ။ကေသာနာမ၊ ဆံပင်တို့မည်သည်ကား။ ဣမသ္မိံ သရီရေ၊ ဤကိုယ်၌။ ပါဋိဃေက္ကော၊ အသီးအခြားဖြစ်သော။ ကောဋ္ဌာသော၊ အစုအပုံတည်း။ အစေတနော၊ စိတ်မရှိ။ အဗျာကတော၊ ပုဂ္ဂိုလ်သတ္တဝါ၊ ငါသူတပါး၊ ယောကျ်ား မိန်းမဟု မဆိုအပ်သော အဗျာကတတည်း။ သုညော၊ ပုဂ္ဂိုလ် သတ္တဝါ ငါသူတပါး ယောကျ်ား မိန်းမ ဟူသည်မှ ဆိတ်၏။ နိဿတ္တော၊ သတ္တဝါမဟုတ်။ ထဒ္ဓေါ၊ ခိုင်မာကြမ်းတမ်းသော သဘောသာတည်း။ ပထဝီဓာတု၊ ပထဝီဓာတ်သာတည်း။ ဤကဲ့သို့ မတ္တလုဂ်သို့တိုင်အောင် ပထဝီဓာတ် ၂၀-ကို ပိုင်းခြားရှုမြင် ဆင်ခြင်အပ်၏။

ပိတ္တံ နာမ ဣမသ္မိံ သရီရေ ပါဋိဃေက္ကော ကောဋ္ဌာသော အစေတနော အဗျာကတော သုညော နိဿတ္တော ယူသဘူတော အာပဓာတုတော အာပန္နနာကာရော အာပေါဓာတု။

ပိတ္တံနာမ၊ သည်းခြေမည်သည်ကား။ ဣမသ္မိံ သရီရေ၊ ဤကိုယ်၌။ ပါဋိဃေက္ကော၊ အသီးအခြားဖြစ်သော။ ကောဋ္ဌာသော၊ အစုအပုံတည်း။ အစေတနော၊ စိတ်မရှိ။ အဗျာကတော၊ ပုဂ္ဂိုလ် သတ္တဝါ ငါသူတပါး ယောကျ်ား မိန်းမဟု မဆိုအပ်သော အဗျာကတတည်း။ သုညော၊ ပုဂ္ဂိုလ် သတ္တဝါ ငါသူတပါး ယောကျ်ား မိန်းမ ဟူသည်မှ ဆိတ်၏။ နိဿတ္တော၊ သတ္တဝါမဟုတ်။ ယူသဘူတော၊ အရည်မျှသာဖြစ်၏။ အာပန္နနာကာရော၊ ပျော်းအိရိယိုစွတ်စိုဖွဲ့တဲ့သော အခြင်းအရာတည်း။ အာပေါဓာတု၊ အာပေါဓာတ်သာတည်း။ ဤကဲ့သို့ မုတ္တံ-သို့တိုင်အောင် အာပေါဓာတ် ၁၂-ပါးကို ပိုင်းခြားရှုမြင် ဆင်ခြင်အပ်၏။

ယေန သန္တပ္ပတိ၊ အယံ ဣမသ္မိံ သရီရေ ပါဋိဃေက္ကော ကောဋ္ဌာသော၊ အစေတနော၊ အဗျာကတော သုညော နိဿတ္တော ပရိပါစနာကာရော တေဇောဓာတု။

ယေန ပရိဍယှတိ၊ အယံ ဣမသ္မိံ သရီရေ။လ။ တေဇောဓာတု။ ယေန အာသိတ-ပိတ ခါယိတ သာယိတံ ပရိဏာမံ ဂစ္ဆတိ၊ အယံ ဣမသ္မိံ သရီရေ။လ။ တေဇောဓာတု။

ယေန၊ အကြင်ပျက်သော တေဇောဓာတ်ဖြင့်။ သန္တပ္ပတိ၊ တရက်ချန်ဖျားခြင်း အစရှိသောအားဖြင့် နွေးနွေးပူ၏။ အယံ၊ ဤသို့ပျက်ကြွ နွေးနွေးထသော သန္တပ္ပနတေဇောသည်။ ဣမသ္မိံ သရီရေ၊ ဤကိုယ်၌။ ပါဋိဃေက္ကော၊ အသီးအခြားဖြစ်သော။ ကောဋ္ဌာသော၊ အစုအပုံတည်း။ အစေတနော၊ စိတ်မရှိ။ အဗျာကတော၊ ပုဂ္ဂိုလ် သတ္တဝါ ငါသူတပါး ယောကျ်ား

မိန်းမဟု မဆိုအပ်သော အဗျာကတတည်း။ သုညော၊ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမ ဟူသည်မှ ဆိတ်၏။ နိသတ္တော၊ သတ္တဝါမဟုတ်။ ပရိပါစနာကာရော၊ ရင့်ကျက်စေတတ်သော အခြင်းအရာသာတည်း။ တေဇောဓာတု၊ တေဇောဓာတ်တည်း။

ယေန၊ အကြင်ပကတိသော တေဇောဖြင့်။ ဇီရယတိ၊ ရင့်ရော်ယိုယွင်း အိုမင်း၏။ အယံ၊ ဤသို့ယိုယွင်း အိုမင်းစေတတ်သော ဇီရဏတေဇောသည်။ ဤမသို့ သရီရေ၊ ဤကိုယ်၌ ။လ။ တေဇောဓာတု၊ တေဇောဓာတ်တည်း။

ယေန၊ အကြင်တက်ကြွ ပျက်၍ထသော တေဇောဖြင့်။ ပရိဍယ့တိ၊ ထတ်ဝန်းကျင်ဆောင် ပူလောင်ပြင်းပြ၏။ အယံ၊ ဤသို့ပြင်းပြ ပူလောင်လှသော ပရိဍယ့နတေဇောသည်။ ဤမသို့ သရီရေ၊ ဤကိုယ်၌။လ။ တေဇောဓာတု၊ တေဇောဓာတ်တည်း။

ယေန၊ အကြင်ပါစကတေဇောဖြင့် အသိတပိတခါယိတ သာယိတံ၊ စား၌ယ် သောက်ဖွယ် ခဲဖွယ် လျက်ဖွယ်သည်။ ပရိဏာမံ၊ ကြေကျက်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏။ အယံ၊ ဤပါစက ကမ္မဇတေဇောသည်။ ဤမသို့ သရီရေ၊ ဤကိုယ်၌။လ။ တေဇောဓာတု၊ တေဇောဓာတ်တည်း။ ဤသို့ သန္တပ္ပန ဇီရဏ ပရိဍယ့န ပါစက တေဇောလေးပါးကို ပိုင်းခြားရှုမြင် ဆင်ခြင်အပ်၏။

ထိုလေးပါးတို့တွင် ရှေးသုံးပါးသည် စတုသမုဋ္ဌာန်၊ နောက်ပါစကတပါးသည် ကမ္မ-သမုဋ္ဌာန်။ ပရိဏာမနနှင့် ပါစကသည် အတူတူဖြစ်သည်။

ဥဒ္ဓဂ်မာဝါတာ နာမ ဤမသို့ သရီရေရေ ပါဋိယေက္ကော ကောဋ္ဌာသော အစေတနော အဗျာကတော သုညော နိသတ္တော ဝိတ္ထမ္ဘနာကာရော ဝါယောဓာတု။

အဓောဂမာ ဝါတာ နာမ၊လ။	သတ္ထကာ ဝါတာ နာမ။လ။
ကုစ္ဆိသယာ ဝါတာ နာမ၊ လ။	ဆူရကာ ဝါတာ နာမ၊ လ။
ကောဋ္ဌာသယာ ဝါတာ နာမ၊ လ။	ဥပါလကာ ဝါတာ နာမ၊ လ။
အင်္ဂမင်္ဂါနုသာရိနော ဝါတာ နာမ။ လ။	အဿာသပဿာသာ ဝါတာနာမ။ လ။

(ဤတွင် ၊လ၊ ဟူသော နေရာ၌ ဤမသို့ သရီရေမှစ၍ ရှေးနည်းတူ ဖော်ရမည်ဟုလို)။

ဥဒ္ဓဂ်မာ၊ အထက်သို့ကြွ. အံ့ပျံတက်ဆန်တတ်ကုန်သော။ ဝါတာ နာမ၊ လေတို့ မည်သည်ကား။ ဤမသို့ သရီရေ၊ ဤကိုယ်၌။ ပါဋိယေက္ကော၊ အသီးအခြားဖြစ်သော ကောဋ္ဌာသော၊ အစုအပုံတည်း။ အစေတနော၊ စိတ်မရှိ။ အဗျာကတော၊ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမဟု မဆိုရသော အဗျာကတ တရားသာတည်း။ သုညော၊ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမဟူသည်မှ ဆိတ်၏။ နိသတ္တော၊ သတ္တဝါမဟုတ်။ ဝိတ္ထမ္ဘနာကာရော၊ ကောက်ကွေ့တတ်စွာ ဖြစ်မှာတောင့်ကင်းသော အခြင်းအရာ သာတည်း၊ ဝါယောဓာတု၊ ဝါယောဓာတ်သာတည်း။

အဓောဂမာ၊ ကျင်ကြိုး ကျင်ငယ် အောက်သို့လည်အောင် ကူန်းသောင့်နှင့်တုတ်တို့ ကုန်သော။ ဝါတာ နာမ၊ လေတို့မည်သည်ကား။လ။

ကုစ္ဆိသယာ၊ အူ၏ပြင်ပ ဝမ်းခေါင်းဌ် တည်ကြကုန်သော။ ဝါတာ နာမ၊ လေတို့ မည်သည်ကား ။လ။

ကောဋ္ဌာသယာ၊ အူ၏အတွင်းဌ် တည်ကြကုန်သေး။ ဝါတာ နာမ၊ လေတို့မည်သည် ကား ။လ။

အင်္ကမင်္ဂါနုသာရိနော၊ ကိုယ်အင်္ဂါကြီးငယ်ကို လျှောက်တင်ကုန်သေး။ ဝါတာ နာမ၊ လေတို့မည်သည်ကား ။လ။

သတ္ထကာ၊ ဆစ်မျက်အစပ် ကတ်ကြေးဖြင့်ဖြတ်သကဲ့သို့ ထိုးကြပ်ကိုက်ခဲစေတတ် ကုန်သော။ ဝါတာ နာမ၊ လေတို့မည်သည်ကား ။လ။

ခူရကာ၊ သင်ခုန်းအလား နှလုံးသားကို ပျက်ပြားအောင် ခွဲစိတ်တတ်ကုန်သော။ ဝါတာ နာမ၊ လေတို့မည်သည်ကား ။လ။

ဥပါလကာ၊ နှလုံးသားကို ပယ်ရှားထုတ်ပစ်တတ်ကုန်သော။ ဝါတာ နာမ၊ လေတို့ မည်သည်ကား ။လ။

အဿာသ ပဿာသာ၊ ထွက်သက်ဝင်သက် ဖြစ်ကုန်သော။ ဝါတာ နာမ၊ လေတို့ မည်သည်ကား ။လ။ (ဤဌ်လည်း ။လ။ နေရာတို့တွင် ဣမသ္မိံ သရီရေ မှစ၍ ဝါယောဓာတု တိုင်အောင် ရှေးယခင်ကအတိုင်း ဖော်၍ အနက်ပေးပါလေ။) ဤကဲ့သို့ ဝါယောဓာတ် ၉-ပါးကို ပိုင်းခြားရှုမြင် ဆင်ခြင်အပ်၏။ ထို ၉-ပါးတို့တွင် အဿာသ-ပဿာသကား စိတ္တသမုဋ္ဌာန်၊ ကြွင်း (၈)ပါးတို့ကား စတုသမုဋ္ဌာန်ဖြစ်သည်။

ဤ ဝါယောဓာတ် ၉-ပါးကား ဝိဘင်းအဋ္ဌကထာအလို။ ဝိသုဒ္ဓိမဂ်ဌ်ကား သတ္ထက-ခူရက-ဥပါလက ဤသုံးပါးတို့မှ တပါးကုန်သော ဝါယောဓာတ် ၆-ပါးတို့ကိုသာ ဆိုသည်။

ဤသို့ ဆိုအပ်ခဲ့ပြီးသော– ၁။ ပထဝီဓာတ် ၂၀၊

၂။ အာပေါဓာတ် ၁၂-ပါး

၃။ တေဇောဓာတ် ၄-ပါး

၄။ ဝါယောဓာတ် ၉-ပါး (တနည်း) ဝါယောဓာတ် ၆-ပါးအားဖြင့် ဓာတ် ၄၅-ပါး (တနည်း) ၄၂-ပါး

တို့ကို ဆိုခဲ့ပြီးသောအတိုင်း နှုတ်ရလေ့ကျက် ဆောင်ရွက်ပြီးကာ များစွာထပ်ထပ် သုံးသပ် ဆင်ခြင်၍ မြင်မြင်သမျှ သတ္တဇီဝါ ငါသူတပါး ယောကျ်ား-မိန်းမ မဟုတ်၊ မဟာဘုတ်အစု ဓာတ်လေးခုသာ ဖြစ်ပါတကားဟု ဉာဏ်ဌ်ထင်ထင် ကောင်းစွာမြင်အောင် ဆင်ခြင်ပိုင်းခြား ပွားများလေ့လာကြကုန်။ ဤကား စတုဝဝတ္ထာန်ကမ္မဋ္ဌာန်း စီးဖြန်းပွားများရန် အကျဉ်း မှတ်ဖွယ်တည်း။ (သမထကမ္မဋ္ဌာန်း ၄၀-ပြီး၏)

(၂၈) ဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်းပွားများလိုသောသူသည် ပဥ္စက္ခန္ဓာ မေ အနိစ္စာ ဒယဋ္ဌေန၊ ဒုက္ခာ ဘယဋ္ဌေန၊ အနတ္တာ အသာရကဋ္ဌေန။ ။ မေ၊ ငါ၏။ ပဥ္စက္ခန္ဓာ၊ ခန္ဓာငါးပါး ရုပ်-နာမ် တရားတို့ဖြစ်သည်။ ခယဋ္ဌေန၊ ဖြစ်ပြီးသောနောက် ဘင်သို့ရောက်၍

ကုန်ပျောက်ပျက်စီးတတ်သော သဘောကြောင့်။ အနိစ္စာ၊ အမြဲမရှိကုန်။ ဘယဋ္ဌေန၊ ကြောက်ဖွယ်ခမန်း ဘေးဘျမ်းဖြစ်သော သဘောကြောင့်။ ဒုက္ခာ၊ ဆင်းရဲကုန်၏။ အသာရကဋ္ဌေန၊ တိတ္ထိတို့သည် ကြံဆအပ်သော အတ္တတည်းဟူသော အနှစ်မရှိသောကြောင့်။ အနတ္တာ၊ အတ္တာမဟုတ်ကုန် ဟူ၍ ဆင်ခြင်သုံးသပ် အပ်ကုန်၏။ ဤကား-ဝိပဿနာ ကမ္မဋ္ဌာန်းကို စီးဖြန်းဆင်ခြင်ရန် အာကျဉ်းမှတ်ဖွယ်တည်း။ (ဘာဝနာ ပြီး၏)။

(၂၉) ဘာဝနာ၏ အခြားမဲ့၌ လောကလူတို့ ကျင့်ရန်ဖို့ ဝတ္တရားတို့ကို သုတ် ပါထေယျ ပါဠိတော်မှ ထုတ်ယူ၍ အကျဉ်းသင်္ဂဟ ဂါထာသစ် ဖွဲ့စီ၍ ရေးသားပြဆိုဦးအံ့။

သရဏံ ကိစ္စ ကရဏံ၊ ကုလဝံသဥ္စဌပနံ။
ပဋိပဇ္ဇနံ ဒါယဇ္ဇံ၊ ပေတာနံ ဒက္ခိဏာဒါနံ။
ဣမာနိ ပဥ္စပုတ္တာသာ၊ ဝတ္တာနိတိ ပကာသိတာ။

သရဏံစ၊ ကျေးဇူးကြီးဘိ၊ ဖနှင့်မိဘ၊ ဂုဏ်သိသောတော့၊ ဝတ်စားဖရဖြင့်၊ စိတ်နေကြည်နူး၊ သဒ္ဓါထူးဖြင့်၊ မေးမြို-လုပ်ကျွေးခြင်းလည်းကောင်း။ ကိစ္စဂရဏံစ၊ မိဘိုက်စ္စ၊ မပြုရလည်း၊ မိဘတို့ဝယ်၊ ပြုသင့်ဖွယ်ကို။ ဆောင်သယ်အားထုတ်၊ ပြုလုပ်ရခြင်းလည်းကောင်း။ ကုလဝံသဥ္စ ဌာပနံ၊ တရားမရ၊ မိနှင့်ဖကို၊ မမြဲကန္ဒယ်၊ ပိုသယ်ဆောင်ထား၊ နည်းတပါးလည်း၊ ဘိုး-ဘွားစဉ်လာ၊ သလာကာဘတ်၊ စမှတ်မျှားမှု၊ လှူဝတ်စုကို၊ တခုမပျက်၊ ဆက်လက်ပေးလှူ။ နည်းတမူမှာ၊ လယ်ယာ ရွှေ-ငွေ၊ ဆန်ရေကစ၊ မိနှင့်ဖတို့၊ ဘောဂဘဏ္ဍာ၊ မျှားဥစ္စာကို၊ ကောင်းစွာမယိမ်း၊ ပျက်မတိမ်းအောင်၊ သိန်းသိမ်း စောင့်ရှောက်ရခြင်း လည်းကောင်း။ ဒါယဇ္ဇံ၊ အမွေဥစ္စာ၊ ခံထိုက်ပါအောင်၊ ပဋိပဇ္ဇနံစ၊ မိဘသြဝါ၊ ထိပ်မှာမပျက်၊ သံမိုန့်သို့၊ နှစ်သက်ကောင်းစွာ၊ လိုက်နာကျင့်ဆောင်ရခြင်း လည်းကောင်း။ ပေတာနံ၊ ဘဝတပါး၊ ပြောင်းသွားကုန်ကြ၊ မိနှင့်ဖတို့အား။ ဒက္ခိဏာ၊ အလှူတို့ကို။ ဒါနံ၊ ပေးဝေခြင်း လည်းကောင်း။ ဣမာနိပဉ္စ၊ ဤငါးပါးတို့ကို။ ပုတ္တာသာ၊ မိဘမွေးထား၊ သမီး-သား၏။ ဝတ္တာနိတိ၊ မိဘတို့၌ ကျင့်ထိုက်ကုန်သော ဝတ်တို့ဟူ၍။ ပကာသိတာ-ပကာသိတာနိ၊ ပြအပ်ကုန်၏။ ဤကား-သား-သမီးတို့က မိဖတို့၌ ကျင့်ရန် ဝတ်ငါးပါး မှတ်သားဖွယ်တည်း။

ပါပါနိဂါရဏံစေဝ၊ ကလျာဏေစ နိဝေသနံ။
သိက္ခာပနံ ပဋိရူပေ၊ ဒါရေနသံပယောဇနံ။
နိယျာတနံစဒါယဇ္ဇံ၊ ပဥ္စဝတ္တာနိမာတူနံ။

ပါပါ၊ ယုတ်မာညစ်ကျု မကောင်းမှုမှ။ နိဝါရဏံစ၊ အပြစ်ကိုပြ မပြုရအောင် ဆုံးမတားမြစ်ခြင်းလည်းကောင်း။ ကလျာဏေ၊ ကုသိုလ်ကောင်းမှု၌။ နိဝေသနံစ၊ နှုံးဆော် တိုက်တွန်း ပြည့်နှန်းဆောင်သွင်း တည်စေခြင်းလည်းကောင်း။ သိက္ခာပနံစ၊ ဂဏန်းအစ သိပွမျှားစွာ တတ်ဖွယ်ရာကို ကောင်းစွာသင်ကြားစေခြင်း လည်းကောင်း။ ပဋိရူပေ ပဋိရူပေန၊ အမျိုးအကျင့် ရုပ်ဝါသင့်သော။ ဒါရေန၊ မယားနှင့်။ သံပယောဇနံစ၊ လက်ထပ်ထိမ်းမြားခြင်းလည်းကောင်း။ ဒါယဇ္ဇံ၊ အမွေဥစ္စာကို။ နိယျာတနံစ၊ ပေးသင့်ကာလ သမယ၌ မ, စ

ထောက်ပုံ ချီးမြှင့်ဆောင်နှင်းခြင်း လည်းကောင်း။ ကွတိ-ကွမာနိပဠ၊ ဤငါးပါးတို့သည်ကား။ မာတုနုံ၊ မိဘနှစ်ပြင် ကျေးဇူးရှင်တို့၏။ ဝတ္တာနိ၊ သား-သမီးတို့၌ ကျင့်ရန်ဝတ်ငါးပါး မှတ်သားဖွယ်ကည်း၊ ဤကား မိဘတို့က သားသမီးတို့၌ ကျင့်ရန်ဝတ်ငါးပါး မှတ်သားဖွယ်တည်း။

ဥဋ္ဌာနုံ ဥပဋ္ဌာနုံစ၊ သဝနုံ ပါရိစာရိယာ။
သက္ကစ္စံ သိပ္ပဂဟဏံ၊ ပဠန္တေဝါသိနောဣမာ။

ဥဋ္ဌာနုံစ၊ ဆရာလာခါ ကိုယ့်နေရာမှ ထကာကြည်ညို ဆီး၍ကြိုရခြင်းလည်းကောင်း။ ဥပဋ္ဌာနုံစ၊ တနေ့သုံးခါ ညီမူရာသို့ ကောင်းစွာမလပ် ဆည်းကပ်ခစားရခြင်း လည်းကောင်း သဝနုံစ၊ ဆုံးမစကား ပေးထားသော်ခါ သဒ္ဓါကြည်ဖြူ မှတ်နာယူခြင်း လည်းကောင်း။ ပါရိစာရိယာစ၊ ဆရာ့ခြေရင်း ကပ်ချဉ်းပြီးကာ ကောင်းစွာလုပ်ကျွေးခြင်းလည်းကောင်း။ သက္ကစ္စံ၊ ရိုသေကောင်းမွန်စွာ။ သိပ္ပဂဟဏဉ္စ၊ သင်ပေးသမျှ တတ်သိပွါကို နှေး-ညှ ရွတ်အံမှတ်ကြုံသင်ယူခြင်းလည်းကောင်း။ ကွတိ-ကွမာနိပဠ၊ ဤငါးပါးတို့သည်ကား။ အန္တေဝါသိနော၊ တပည့်၏။ ဝတ္တာနိ၊ ဆရာတို့၌ ကျင့်ထိုက်ကုန်သော ဝတ်တို့တည်း။ ဤကား၊ တပည့်က ဆရာ၌ ကျင့်ရန် ဝတ်ငါးပါး မှတ်သားဖွယ်တည်း။

ဝိနယံ သုဝိနိတ္တဉ္စ၊ ဂါဟာပနံသုဂါဟိတံ။
သဗ္ဗသိပ္ပံ အကွာယနံ၊ မိတ္တာမစ္စေသုဥာပနံ။
ကရဏဉ္စ ပရိတ္တာနံ၊ အာစေရဿဘိပဠ္ဍမာ။

သုဝိနိတ္တံ၊ ကောင်းစွာ ဆုံးမအပ်သမျှကို။ ဝိနယံစ၊ ဆုံးမခြင်း လည်းကောင်း။ သုဂါဟိတံ၊ ကောင်းစွာ သင်ကြားအပ်သော အတတ်ကို။ ဂါဟာပနံစ၊ သင်ကြားစေခြင်း လည်းကောင်း။ သဗ္ဗသိပ္ပံ၊ သုတမယ သိပ္ပလုံးစုံ၊ ခပ်သိမ်းကုန်ကို။ အကွာယနံစ၊ အကြွင်းမထား၊ ကုန်ထုံတိုက်ကြားခြင်း လည်းကောင်း။ မိတ္တာမစ္စေသု၊ အဆွေခင်ပွန်းတို့၌။ ဥဥာပနံစ၊ ဂုဏ်ကိုမြွက်ကြား အပ်နှံထားခြင်း လည်းကောင်း။ ဒိသာသု၊ အရပ်ဒိသာ ရှစ်မျက်နှာတို့၌။ ပရိတ္တာနံ၊ ဘေးရန်ကင်းကွာ ရှင်းလင်းသာအောင် ကွယ်ကာစောင့်ရှောက်ခြင်းကို။ ကရဏဉ္စ၊ ပြုခြင်း လည်းကောင်း။ အာစေရဿ၊ ဆရာ၏။ ဝတ္တာနိ၊ တပည့်တို့၌ ကျင့်အပ်သော ဝတ်တို့သည်။ ကွမာ-ကွမာနိပဠ၊ ဤငါးပါးတို့တည်း။ ဤကား ဆရာက တပည့်၌ကျင့်ရန် ဝတ်ငါးပါး မှတ်သားဖွယ်တည်း။

သမ္မာနနာ နေသမာနနာ၊ အနာတိ စရိယိဿရုံ။
ဝေါသဇ္ဇနံ အလင်္ကာရုံ၊ နုပ္ပါဒနံ တိသာမိနော။

သမ္မာနနာစ၊ မြတ်နိုးသာယာ၊ ကောင်းစွာဝေါခြင်း လည်းကောင်း။ အနေသမာနနာစ၊ မာဒိမဲ့မြင် မပြုခြင်းလည်းကောင်း။ အနတိစာရိယာစ၊ မယားကြီးမှ ခြားသီးတသွယ်-မယားငယ်နှုံ့ စံယဉ်မတင့် လွန်မကျင့်ရခြင်း လည်းကောင်း။ ကွဿရုံ- ကွဿရိယုံ၊ စည်းစိမ်ကို။ ဝေါသဇ္ဇနံစ၊ စွန့်လွှတ်အပ်နှင်းခြင်း လည်းကောင်း။ အလင်္ကာရုံ၊ စည်းစိမ်နှင့်တန်၊ လျော်ကန်သင့်ရာ၊ ဝတ်တန်ဆာကို။ အနုပ္ပါဒနံစ၊ ဂျိုးမြောက်ပေးကမ်းခြင်း လည်းကောင်း။

သာမိနော၊ လင်၏။ ဝတ္တာနိ၊ မယား၌ ကျင့်ရာသောဝတ်တို့သည်။ ဣတိ-ဣမာနိပဉ္စ၊ ဤငါးပါးတို့တည်း။ ဤကား လင်က မယား၌ကျင့်ရန် ဝတ်ငါးပါး မှတ်ဖွယ်တည်း။

သုသံဝိဟိတကမ္မန္တာ၊ သင်္ဂဟိတ ပရိဇနာ။
နာတိစာရီ သံဘတံစ၊ နုရက္ခတိ အနာလသာ။
သဗ္ဗကိစ္စေသု ဒေဝနိ၊ ဘရိယာယတိ ကိတ္တိတာ။

သုသံဝိဟိတ ကမ္မန္တာစ၊ ကောင်းစွာစီရင်အပ်သော အမှုရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ သင်္ဂဟိတပရိဇနာစ၊ လျော်ရာပင့်ထောက်၍ ချီးမြှောက်အပ်သော လင်၏ ဆွေမျိုး၊ ကိုယ့်ဆွေမျိုးရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ အနတိစာရီစ၊ ပရဒါရ ကင်းပသန့်စင် လင်ကိုမလွန် အကျင့်မှန်သည်လည်း။ ဟောတိ၊ ဖြစ်၏။ သံဘတံ၊ ရအပ်ပြီးသော စည်းစိမ်ကို။ အနုရက္ခတိ၊ ကောင်းစွာစောင့်ရှောက်၏။ ဒက္ခာ၊ ချက်ပြုတ်အရာ၊ လိမ္မာသည်လည်း။ ဝါ၊ သိမ်မွေ့ နူးညံ့သည်ဖြစ်၍။ သဗ္ဗကိစ္စေသု၊ အလုံးစုံသောကိစ္စ ဟူသမျှတို့၌။ အနာလသာစ၊ မပျင်းမရိ၊ လုံ့လရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ ပဉ္စ၊ ငါးပါးကုန်သော။ ဒေဝနိဝတ္တာနိ၊ ထိုဝတ်တို့ကို။ ဘရိယာယ၊ မယား၏။ ဝတ္တာနိတိ၊ လင်၌ ကျင့်အပ်ကုန်သော ဝတ်တို့ဟူ၍။ ကိတ္တိတာ - ကိတ္တိနာနိ၊ ဆိုအပ်ကုန်၏။ ဤကား မယားက လင်၌ကျင့်ရန် ဝတ်ငါးပါး မှတ်သားဖွယ်တည်း။

ဒါနံပိယဝစနံစ၊ အတ္ထစာရီ သမာနတ္တံ။
အဝိသံဝါဒနံစေဝ၊ ပဉ္စဝတ္တာနိ မိတ္တဿ။

ဒါနံစ၊ ရှိရာခဲ့ခြမ်း ပေးကမ်းခြင်းလည်းကောင်း၊ ပိယဝစနဉ္စ၊ ချစ်ဖွယ်စကား မြွက်ကြား ခေါ်ဆိုခြင်း လည်းကောင်း၊ အတ္ထစာရီစ၊ အကျိုးစီးပွား လိုလားကျင့်ဆောင်ခြင်း လည်းကောင်း၊ သမာနတ္တံစ၊ ကိုယ်နှင့်အမျှ မြတ်နိုးရခြင်း လည်းကောင်း၊ အဝိသံဝါဒနံစေဝ၊ အမည်ကိုမျှမချွတ်ရပဲ ရှိသမျှကို ယူစေလိုခြင်းလည်းကောင်း၊ မိတ္တဿ၊အဆွေခင်ပွန်း၏။ ဝတ္တာနိ၊ ဝတ္တရားတို့သည်။ ဣမာနိပဉ္စ၊ ဤငါးပါးတို့တည်း။ ဤကား အဆွေခင်ပွန်းတို့၌ ရှေးဦးစွာ ကျင့်ရာသော ဝတ်ငါးပါး မှတ်သားဖွယ်တည်း။

ပမတ္တံသာပထေယျဉ္စ၊ ရက္ခနံ သရဏံဘိတံ။
အာပဒါသု နဝိဇဟံ၊ ပဋိနဉ္စာ ပရာပရံ။
ဣမာနိပဉ္စဝတ္တာနိ၊ မိတ္တဿ ကတဝေဒိနော။

ပမတ္တံ၊ သတိလွတ်ကင်း မေ့လျော့ခြင်းကို။ ရက္ခနံစ၊ စောင့်ခြင်းလည်းကောင်း။ ပမတ္တဿ၊ မေ့လျော့သော မိတ်ဆွေ၏။ သာပထေယျံ၊ ဥစ္စာနှစ်ကို။ ရက္ခနံစ၊ စောင့်ခြင်းလည်းကောင်း။ ဘိတံ- ဘိတဿ၊ ဘေးတွေ့ကျရောက် အလွန်ကြောက်သော အဆွေခင်ပွန်း၏။ သရဏံစ၊ ကိုးကွယ်ရာစစ် ကောင်းစွာဖြစ်ခြင်း လည်းကောင်း။ အာပဒါသု၊ ဘေးရန်ကြုံလာတွေ့ရောက်ခါတို့၌။ နဝိဇဟံစ၊ ခွာရှောင်ပြေးထွက် မစွန့်ရက်ခြင်းလည်းကောင်း။ တဿ၊ ထိုသူ့ကျေးဇူး အထူးသိစွာ မိတ်သဟာ၏။ အပရာပရံ၊ သား မြေး ဆင်းသက် စဉ်ဆက်ဆက်လည်း။ ပဋိနဉ္စ၊ ချစ်ခင်စုံမက် နှစ်သက်မြတ်နိုးခြင်းလည်းကောင်း။ ကတဝေဒိနော၊ သူတပါးပြုဖူးသော

ကျေးဇူးကိုသိသော။ မိတ္တဿ၊ အာဒေဆ္ဒခင်ပွန်း၏။ ဝတ္တာနီ၊ ဝတ္တရားတို့သည်။ ဣမာနိပဋ္ဌ၊ ဤငါးပါးတို့တည်း။ ဤကား ရှေးဦးမဆွ ကျေးဇူးပြုဖူးသော မိတ်ဆွေ၌ ပြန်၍ကျင့်ရန် ဝတ်ငါးပါး မှတ်သားဖွယ်တည်း။

ယထာဗလံ သံဝိဓာနံ၊ ဘတ္တ ဝေတ္တာနုပ္ပါဒနံ။
ဂိလာနဿ ဥပဋ္ဌာနံ၊ သုရသံ သံဝိဘာဇနံ။
သမယေစ ဝေါသဇ္ဇနံ၊ ပဋ္ဌဝတ္တာနိအယျကော။

ယထာဗလံ၊ ကြီး-ငယ်-နိမ့်-မြင့် အားနှင့်သင့်အောင်။ သံဝိဓာနဋ္ဌ၊ အမှုကြီးငယ် ရွေးချယ်သတ်မှတ်ပေးအပ်စေခိုင်းခြင်းလည်းကောင်း။ ဘတ္တဝေတ္တာနုပ္ပါဒနဋ္ဌ၊ ထမင်းရေစာ မျိုးရိက္ခာကို လျော်စွာနှိုင်းချင့် ထောက်ပံ့ပေးကမ်းခြင်း လည်းကောင်း။ ဂိလာနဿ၊ နာဗျားသော ကျေးကျွန်အား။ ဥပဋ္ဌာနဋ္ဌ၊ သပ္ပါယဆေး လျော်စွာပေး၍ ကျွေးမွေးကုသခြင်း လည်းကောင်း။ သုရသံ၊ ဘောဇဉ်ရသာ ကောင်းမြတ်စွာကို။ သံဝိဘာဇနံစ၊ မျှတဝေကမ်း ပေးလှမ်းချီးမြှင့်ခြင်း လည်းကောင်း။ သမယေ၊ အချိန်ကာလ ခါသမယဋ္ဌ။ ဝါ၊ နက္ခတ်ကြိုက်ဆုံ သဘင်ကြုံသော ကာလဋ္ဌ။ ဝေါသဇ္ဇနံစ၊ အလုပ်ကိုထားလွှတ်နားစေခြင်းလည်းကောင်း။ ဝါ၊ အဝေဠဝန်ဆာပေးစွန့်ကာဖြင့် ပျော်ရာနှစ်ခြိုက် ပဲ့သဘင်ကို ခင်မင်လိုက်ဇေခြင်း လည်းကောင်း။ အယျကော-အယျကဿ၊ အရှင်၏။ ဝတ္တာနိ၊ ကျေးကျွန်တို့၌ ကျင့်ရာသော ဝတ်တို့သည်။ ဣမာနိ ပဋ္ဌ၊ ဤငါးပါးတို့တည်း။ ဤကား အရှင်က ကျွန်၌ ကျင့်ရန် ဝတ်ငါးပါး မှတ်သားဖွယ်တည်း။

ပုဗ္ဗုဋ္ဌာနံစ ပစ္ဆာနိ၊ ပါတနံ ဒိန္နအာဒါနံ။
ကရဏံ သုကတံ ကမ္မံ၊ ကိတ္တိဝဏ္ဏ ဟရာစိမာ။
ပဋ္ဌဝတ္တာနိ ဒါသဿ၊ အယျကေသုတိကိတ္တိတာ။

ပုဗ္ဗုဋ္ဌာနံစ၊ ရှေးဦးမဆွ စောစောထရခြင်း လည်းကောင်း။ ပစ္ဆာနိပါတနဋ္ဌ၊ နောက်မှအိပ်ရခြင်းလည်းကောင်း။ ဒိန္နအာဒါနဋ္ဌ၊ သဒ္ဓါ၍ပင် ပေးသမျှကိုသာ ယူရခြင်းလည်းကောင်း။ သုဂတံ၊ ကောင်းစွာပြုအပ်သော။ ကမ္မံ၊ အမှုကို။ ကရဏဋ္ဌ၊ ပြုလုပ်ရခြင်းလည်းကောင်း။ ကိတ္တိဝဏ္ဏ ဟရာစ၊ အရှင်ကျေးဇူး ဂုဏ်အထူးကို ချီးကျူးဆောင်ငင် ပဲ့သဘင်၌ ပြဘင်ပြောဆိုရခြင်း လည်းကောင်း။ ဣမာ ဣမာနိပဋ္ဌ၊ ဤငါးပါးတို့သည်။ အယျကေသု၊ အရှင်တို့၌။ ဒါသဿ၊ ကျွန်၏။ ဝတ္တာနိ၊ ကျင့်ရာသော ဝတ်တို့တည်း။ ဣတိ၊ ဤသို့။ ကိတ္တိတာ-ကိတ္တိနာနိ၊ ဆိုအပ်ကုန်၏။ ဤကား ကျွန်က အရှင်တို့၌ကျင့်ရန် ဝတ်ငါးပါး မှတ်သားဖွယ်တည်း။

ကာယိကံ ဝါစသိကဉ္စ၊ မနသိကဉ္စ ဘာဝနံ။
အနာဝုတဒ္ဓါရာ မိဿာ၊ နုပ္ပါဒနန္တိပဋ္ဌမာ။
ဒါယကဿ ဝတ္တာနိတိ၊ သမဏေသု ပကိတ္တိတာ။

ကာယိကံ၊ နိမန်ခြင်းငှာ ကျောင်းသို့သွားခြင်း ရေစစ်ခြင်း ချေးတုန်းခြင်း စသော ကိုယ်ဖြင့်ပြုခြင်း ကာယကံဓမ္မတ္တာကို။ ဘာဝနဋ္ဌ၊ ပွားစေခြင်းလည်းကောင်း။ ဝါစသိကံ၊ ဆွမ်းခံဝင်လာ မြင်သောခါ၌ ယာဂုလှူပါ ဘုမ်းလှူပါဟု ဧကြာင်ပြောဆိုခြင်း သာဓု သာဓု ကောင်းချီးပြုကာ တရားနာခြင်း အာရုံသော နှုတ်ဖြင့်ပြုခြင်း ဝစီကံမေတ္တာကို။

ဘာဝနဥ္စ၊ ပဒုးများခြင်း လည်းကောင်း။ မာနသိကံ၊ ငါတို့ဆရာ ထေရ်မဟာသည် ဘယာတစိ ဘေးမရှိသဖြင့် ပကတိကျွန်းမာ ချမ်းသာတော်မူပါစေဟု စိတ်ဖြင့်သုံးသပ် မပြတ်အောက်မေ့ ခြင်း မနောကံမေတ္တာကို။ဘာဝနံစ၊ပဒုးခြင်းလည်းကောင်း။ အနာဝုတဒ္ဓါရဥ္စ၊ အိမ်၌ တံခါး ပိတ်ထားမဟူ လိုရာလှူခြင်း လည်းကောင်း။ အာမိသာနုပ္ပါဒနဥ္စ၊ ယာဂုဆွမ်းဝတ် မပြတ် ကြည်ဖြူ နေ့စဉ်လှူခြင်းလည်းကောင်း။ သမဏော သု၊ ရဟန်းတို့၌။ဒါယကာသ၊ ပေးလှူတတ် စွာ ဒါယကာ၏။ ဝတ္တာနိ၊ ကျင့်ရာသော ဝတ်တို့သည်။ကုတိ ကုမာနိပဥ္စ၊ ကြွင်းပါးတို့တည်း။ ကုတိ၊ ကြွသို့။ ပကိတ္တိတာ ပကိတ္တိတာနိ၊ ဆိုအပ်ကုန်၏။ ကြွကား ဒါယကာတို့က ရဟန်းတို့၌ ကျင့်ရန် ဝတ်ငါးပါး မှတ်သားဖွယ်တည်း။

ပါပါ နိဝါရဏံ စေဝ၊ ကလျာဏေစ နိဝေသနံ။
ကလျာဏေန အနုကမ္ပံ၊ အာသုတံ သဝနံ သုတံ။
ပရိယောဒပနံ မဂ္ဂံ၊ စိက္ခနံ သမဏာသဆ။

ပါပါ၊ ယုတ်မာညစ်ကျူ မကောင်းမှုမှ။ နိဝါရဏံ စေဝ၊ အပြစ်ကိုပြ မပြုရအောင် ဆုံးမတားမြစ်ခြင်းသည်လည်းကောင်း။ ကလျာဏေ၊ ကုသိုလ်မမူ ဟူသမျှ၌။ နိဝေသနဥ္စ၊ ဟောပြတိုက်တွန်း ပြည့်နှန်းဆောင်သွင်းခြင်းသည် လည်းကောင်း။ ကလျာဏေန၊ အဝေရာ-ဟောန္တု၊ မေတ္တာပြုသဖြင့်။ အနုကမ္ပံ စ၊ အစဉ်ပင့်ထောက် စောင့်ရှောက်သနားခြင်းသည် လည်းကောင်း။ အာသုတံ၊ မကြားနာဖူး တရားထူးကို။ သဝနံစ၊ ကြားနာစေသား သဘောထား၍ ဟောကြားညွှန်ပြခြင်းသည်လည်းကောင်း။ သုတံ၊ ကြားနာဖူးသောတရားကို။ ပရိယောဒပနဥ္စ၊ တဖန်နောက်ထပ် ဟောပြန်လတ်၍ တတ်တတ်သိမြင် ယုံမှားစင်စေခြင်းသည် လည်းကောင်း။ မဂ္ဂံ၊ နတ်ရွာလားကြောင်း ခရီးကောင်းကို။ စိက္ခနံ စ၊ ကြားခြင်း လည်း ကောင်း။ သမဏာသ၊ ရဟန်း၏။ ဝတ္တာနိ၊ ဒါယကာတို့၌ ကျင့်ရာသောဝတ်တို့သည်။ ကုတော်-ကုမာနိဆ၊ ကြွ ၆-ပါးတို့တည်း။ ကြွကား ရဟန်းတို့က ဒါယကာတို့၌ကျင့်ရန် ဝတ်ခြောက်ပါး မှတ်သားဖွယ်တည်း။

ဝတ္တေဟိ မေဟိ သမွန္နေဝ၊ ဝုဒ္ဓိပတ္တော ပမောဒတိ။
နော စေ ပရိဟီနော တသွာ၊ ပဋိပဇ္ဇေယျ ပဏ္ဍိတော။

လောကော၊ လောကဒ္ဓါ။ ကုမေဟိ ဝတ္တေဟိ၊ ကြွဆိုအပ်ခဲ့ပြီးသော ဝတ်တို့နှင့်။ သမွန္နေဝ၊ မချုတ်ကုံလုံ ပြည့်စုံသော။ နရော၊ လူသည်။ ဝုဒ္ဓိပတ္တော၊ ကြီးပွားခြင်းသို့ ရောက်သည်ဖြစ်၍။ ပမောဒတိ၊ ဝမ်းမြောက်ရ၏။ နော စေ သမွန္နေဝ၊ မပြည့်စုံလျင်း စတ်ချုတ်ယွင်းအံ့။ ပရိဟီနော၊ ဆုတ်ယုတ်လွှင့်ပါး ပျက်ပြားရ၏။ တသွာ၊ ထို့ကြောင့်။ ပဏ္ဍိတော၊ ကြောင်းကျိုးမြော်မြင် ပညာရှင်သည်။ ဝတ္တာနိ၊ မိဘနှင့်သား မယားနှင့်လင် အရှင်နှင့်ကျွန် ထေရ်မဟန်ဒကာ မိတ်သဟာနှင့် ဆရာတပည့် တည့်တည့်မချုတ် ကျင့်ရန် ဝတ်တို့ကို။ ပဋိပဇ္ဇေယျ၊ ကျင့်ရာ၏။ သုတ်ပါထေယျပါဋိတော်၌ ဟောသည်ကို အကျဉ်း ဂါထာဖွဲ့စီ၍ ပြအပ်သော ကျင့်ရန်ဝတ်တရား ပြီး၏။

(၃၀) ရတနာသုံးပါး၊ မိဘဆရာသမား အစရှိကုန်သော ရှိခိုးထိုက်ကုန်သောသူတို့၌ ရှိခိုးသောအခါ ငါးပါးသော ရှိခိုးခြင်းတို့ဖြင့် ရှိခိုးအပ်ကုန်၏။ ငါးပါးသော ရှိခိုးခြင်းတို့ကို ပဝေဏီ အဆက်ဆက်မှ လာသောနည်း၏ အစွမ်းအားဖြင့် ဝိနယာလင်္ကာရဋီကာ၌ ဤသို့ ပြတော်မူ၏။

ယဒိ ဌတ္ဝာ ဝန္ဒထ ဒ္ဝေပါဒတလာနိ သမံ ဘူမိယံ ပတိဋ္ဌာပေတ္ဝာ၊ ဒ္ဝေဟတ္ထတလာနိ သမံ ဖုသာပေတ္ဝာ နဋ္ဌာဎ္ဌေ ပတိဋ္ဌာပေတ္ဝာ ဝန္ဒိတဗ္ဗာဘိမုခံ ဩနမေတ္ဝာ ဝန္ဒထ။

ဌတ္ဝာ၊ မတ်တတ်ရပ်၍။ ယဒိဝန္ဒထ၊ အက်ယ်၍ ရှိခိုးကြကုန်ဆဉ်းဖြစ်အံ့။ ဒ္ဝေပါဒ-တသာနိ၊ နှစ်ခုကုန်သော ခြေဖဝါးပြင်တို့ကို။ သမံ၊ ညီညွတ်စွာ။ ဘူမိယံ၊ မြေ၌။ ပတိဋ္ဌာပေတ္ဝာ၊ တည်စေ၍။ ဒ္ဝေဟတ္ထတလာနိ၊ နှစ်ခုကုန်သော လက်ဖဝါးပြင်တို့ကို။ သမံ၊ အညီအညွတ်။ ဖုသာပေတ္ဝာ၊ ထိစေ၍။ နဋ္ဌာဎ္ဌေ၊ နဖူးပြင်၌။ ပတိဋ္ဌာပေတ္ဝာ၊ တည်စေ၍။ ဝန္ဒိတဗ္ဗာဘိမုခံ၊ ရှိခိုးအပ်သော ပုဂ္ဂိုလ်သို့ ရှေးရှု။ ဩနမေတ္ဝာ၊ ညွတ်၍။ ဝန္ဒထ၊ ရှိခိုးကြကုန်လော့။ ဤသို့ ပဝေဏီအာဆက်ဆက်မှ လာသောနည်းကိုယူ၍ ဆရာတို့ သင်ကြားကြကုန်၏။

ဤနည်းလည်း (မဟာသတ္တာ သုဝဏ္ဏကဒလိဝိယ ဗာရာဏသီ နဂရာဘိမုခံ ဩနမိတ္ဝာ မာတာပိတရော ဝန္ဒိတ္ဝာ) ဟူ၍လာသော မုခပက္ခဇာတ် အဋ္ဌကထာ။ (ဒသနခ သမောဓာန သမုဇ္ဇလံ အဠလိံ သိရသ္မိံ ပတိဋ္ဌာပေတ္ဝာ) အစရှိသော ပါရာဇိကဏ် အဋ္ဌကထာတို့နှင့် လျော်၏။ (ဥဋ္ဌာယာသနာ ဘဂဝတော ဝိဟာရာဘိမုခေါ ပဉ္စပတိဋ္ဌိတေန ဝန္ဒိတ္ဝာ) ဟူသော သီလက္ခန်အဋ္ဌကထာနှင့်လည်း လျော်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်း၌ ခြေဖဝါးပြင်နှစ်ဘက် လက်ဖဝါးပြင်နှစ်ဘက်၊ နဖူးပြင်အားဖြင့် ပဉ္စပတိဋ္ဌိတ (ထိခြင်းငါးပါး) သဏ္ဌာန်ကိုသိ။

တနည်း။ ဆရာတို့သင်ကြားအပ်သော ပဝေဏီမှ လာသောနည်းကို ဆိုဦးအံ့။

ယဒိ နိသိဒိတ္ဝာ ဝန္ဒထ-ပထမံ ဒ္ဝေပါဒတလာနိ ဘူမိယံ သမံ ပတိဋ္ဌာပေတ္ဝာ ဒ္ဝေဇာဏုမဏ္ဍလာနိ သမံ ဥဿာပေတ္ဝာ-ဒ္ဝေကပ္ပရာနိ ဒ္ဝိန္နံ ဇာဏုနံ ဥပရိသမံ ဌပေတ္ဝာ ဒ္ဝေဟတ္ထတလာနိ သမံ ဖုသိတာနိ ကတ္ဝာ အဠလိသဒ်ိတံ ကရပုဋ္ဋံ သိရသဒ်ိတေ နဋ္ဌာဎ္ဌေ ပတိဋ္ဌာပေတ္ဝာ ဝန္ဒထ။ တတော ဩနမိတကာလေ ဒ္ဝေဇာဏုမဏ္ဍလာနိစ ဒ္ဝေကပ္ပရ နိစ ဘူမိယံ သမံ ဌပေတ္ဝာ ဒ္ဝေဟတ္ထတလာနိ ပဿာရေတ္ဝာ ဘူမိယံ ဌပေတ္ဝာ၊ သီသံ ဥဘိန္နံ ဟတ္ထပိဋ္ဌိနံ ဥပရိကတ္ဝာ ဘူမိယံ ပတိဋ္ဌာပေတ္ဝာ ဝန္ဒထ။ ဤကား ပဝေဏီတနည်း၊ ဝိနယလင်္ကာရဋီကာ။

နိသိဒိတ္ဝာ၊ ထိုင်၍။ ယဒိဝန္ဒထ၊ အကယ်၍ ရှိခိုးကြကုန်သည်ဖြစ်အံ့။ ပထမံ၊ ရှေးဦးစွာ။ ဒ္ဝေပါဒတလာနိ၊ ခြေဖဝါးပြင်နှစ်ဘက်တို့ကို။ ဘူမိယံ၊ မြေ၌။ သမံ၊ အညီအညွတ်။ ပတိဋ္ဌာပေတ္ဝာ၊ တည်စေ၍။ ဒ္ဝေဇာဏုမဏ္ဍလာနိ၊ ပုဆစ်ဒူးဝန်းနှစ်ဘက်တို့ကို။ သမံ၊ ညီညွတ်စွာ။ ဥဿာပေတ္ဝာ၊ ထောင်စေ၍။ ဒ္ဝေကပ္ပရာနိ၊ တတောင်ဆစ်နှစ်ဘက်တို့ကို။ ဥပရိဇာဏုနံ၊ ပုဆစ်နှစ်ဘက်တို့၏။ ဥပရိ၊ အထက်၌။ သမံ၊ ညီညီညာညာ။ ဌပေတ္ဝာ၊ ထား၍။

ဒဒ္ဒဟာတ္ထတလာနိ၊ လက်ဖဝါးပြင်နှစ်ဘက်တို့ကို။ သမံ၊ ညီညီညာညာ။ ဖုသိတ္ဘာနိ၊ ထိသည်တို့ကို။ ကတ္ဘ၊ ပြု၍။ အဥ္ဇလီသင်္ခါတံ၊ အဥ္ဇလီဟုဆိုအပ်သော။ ကရပုဋ္ဌံ၊ လက်အုပ်ကို။ သိရသင်္ခါတေ၊ ဦးခေါင်းဟုဆိုအပ်သော။ နဋ္ဌာဒ္ဓေ၊ နဖူး၌။ ပတိဋ္ဌာပေတ္ဘ၊ တည်စေ၍။ ပန္နဓ၊ ရှိခိုးကြကုန်လော့။ တတော၊ ထို့နောက်မှ။ ဩနမိတကာလေ၊ ရှေးသို့ညွတ်ကုံင်းရှိုင်းသော ကာလ၌။ ဒဒ္ဓဇာဏုမဏ္ဍလာနိစ၊ ပုဆစ်ဒူးဝန်း နှစ်ဘက်တို့ကို လည်းကောင်း။ ဒဒ္ဓကပ္ပရာနိစ၊ တတောင်ဆစ်နှစ်ဘက်တို့ကိုလည်းကောင်း။ ဘူမိယံ၊ မြေ၌။ သမံ၊ ညီညာစွာ။ ပတိဋ္ဌာပေတ္ဘ၊ တည်စေ၍။ ဒဒ္ဓိဟတ္ထတလာနိ၊ လက်ဖဝါးပြင်နှစ်ဘက်တို့ကို။ ပသာရေတ္ဘ၊ ဆန့်၍။ သမံ၊ အညီအညွတ်။ ဘူမိယံ၊ မြေ၌။ ဌပေတ္ဘာ၊ ထား၍။ သီသံ၊ ဦးခေါင်းကို။ ဥဘိန္နံ၊ နှစ်ခုကုန်သော။ ဟတ္ထပိဋ္ဌိနံ၊ လက်ဖဝါးမိုးတို့၏။ ဥပရိကတ္ဘ၊ အထက်၌တင်ထား၍။ ဘူမိယံ၊ မြေ၌။ ပတိဋ္ဌာပေတ္ဘ၊ တည်စေ၍။ ဝန္ဒထ၊ ရှိခိုးကြကုန်လော့။ ဣကား အနက်။

ဤနည်း၌ ခြေဖဝါးပြင်နှစ်ဘက် တပါး၊ ပုဆစ်နှစ်ဘက် တပါး၊ တတောင်နှစ်ဘက် တပါး၊ လက်ဖဝါးပြင်နှစ်ဘက် တပါး၊ ဦးခေါင်း တပါးဟူ၍ ပဉ္စဖတိဋ္ဌိတ သရုပ်ကိုမှတ်။ ဤနည်းကို ပါဠိ အဋ္ဌကထာ ဋီကာတို့၌ မမြင်စဖူးဟု ဝိနယာလင်္ကာရ၌ ဆို၏။ ထိုမှတပါး မျှားစွာကုန်သော အဋ္ဌကထာ၊ ဋီကာတို့၌ အသီးသီးကုန်သော နတ်, ဗြဟ္မာ, လူယောကျ်ား, လူဒိန်းမ၊ အခြေလေးချောင်းရှိသော တိရစ္ဆာန်၊ အတောင်ပေါက်သော တိရစ္ဆာန်တို့၏ အသီးသီးရှိခိုးကြပုံ အခြင်းအရာတို့သည် မျှားစွာပင် လာကုန်၏။ ထိုသို့ပင် လာကုန်ဘော်လည်း တရားမင်းစစ် ဓမ္မရာဇ်ဖြစ်တော်မူသော မြတ်စွာဘုရားသခင်သည် ဟောကြားတော်မူအပ်သော ငါးပါးသော ရှိခိုးခြင်းကိုသာ အထူးဂရုပြုသင့်ကြသည်၊ မြတ်စွာဘုရားသခင်သည် ဤသို့ ဟောတော်မူ၏။

> နဝကတရေန ဥပါလိ ဘိက္ခုနာ ဝုဒ္ဓဝေရဿ ဘိက္ခုနော ပါဒေ ဝန္ဒန္တေန ဧကံသံ ဥတ္တရာသင်္ဃံ ကရိတ္ဘာ အဥ္ဇလိံ ပဂ္ဂဟေတ္ဘာ ဥဘောဟိ ပါဏိတလေဟိ ပါဒေသမ္ပဟန္တေန-ပေမဉ္စ ဂါရဝဉ္စ သမုဋ္ဌာပေတ္ဘာ ပါဒါ ဝန္ဒိတဗ္ဗာ။

ဥပါလိ၊ ချစ်သားဥပါလိ။ ဝုဒ္ဓတရဿ၊ သိတင်းကြီးဖြစ်သော ရဟန်း၏။ ပါဒေ၊ ခြေတို့ကို။ ဝန္ဒန္တေန၊ ရှိခိုးသော။ နဝကတရေန၊ သိတင်းငယ်ဖြစ်သော။ ဘိက္ခုနာ၊ ရဟန်းသည်။ ဧကံသံဥတ္တရာသင်္ဃံ၊ လက်ဝဲတဘက် ပခုံးထက်၌ ကိုယ်ဝတ်စံပယ် တင်သည်ကို။ ကရိတ္ဘာ၊ ပြု၍။ အဥ္ဇလိံ၊ လက်အုပ်ကို။ ပဂ္ဂဟေတ္ဘာ၊ ချီ၍။ ဥဘောဟိ ပါဏိတလေဟိ၊ လက်ဖဝါးပြင် နှစ်ဘက်တို့ဖြင့်။ ပါဒေ၊ ခြေတို့ကို။ သမ္ပဟန္တေန၊ သုံးသပ်သဖြင့်။ ပေမဉ္စ၊ ချစ်မြတ်နိုးခြင်းကို လည်းကောင်း။ ဂါရဝဉ္စ၊ ရိုသေခြင်းကိုလည်းကောင်း။ သမုဋ္ဌာပေတ္ဘာ၊ ဖြစ်စေ၍။ ပါဒေါ၊ ခြေတို့ကို။ ဝန္ဒိတဗ္ဗာ၊ ရှိခိုးအပ်ကုန်၏။

ဤသို့ အရှင်ဥပါလိအား ဘုရားရှင် ဟောကြားတော်မူအပ်သော ပရိဝါပါဋိတော်၌ လာသော ရှိခိုးခြင်းနည်းအတိုင်း လက်ဝဲတဘက် ပခုံးထက်၌ ကိုယ်ဝတ်စံပယ် တင်ခြင်းတပါး၊ လက်အုပ်ချီခြင်း တပါး။ လက်ဝါးပြင် နှစ်ဘက်တို့ဖြင့် ခြေကိုကိုင်၍ သုံးသပ်ခြင်းတပါး၊ စိတ်ဖြင့်ချစ်မြတ်နိုးခြင်း တပါး၊ ရိုသေခြင်း တပါး၊ ဤငါးပါးသော ရှိခိုးခြင်းတို့ဖြင့် ရှိခိုးအပ်ကုန်၏။

ထိုင်းပါးတို့တွင် ရှိခိုးသောအခါ ကိုယ်ဝတ်စံပယ် တင်ခြင်းကို ရဟန်းသာ ပြုအပ်သည်မဟုတ်၊ ဥပါသကာ-ဥပါသကီ တို့လည်း ပြုအပ် ပြုသင့်သည်။ ပြုအပ်ကြောင်းကို။ (တေန ဘိက္ခဝေ ဝဓေုန လိစ္ဆဝိနာ သံဃံ ဥပသင်္ကမိတ္ဝာ ဧကံသံ ဥတ္တရာသင်ံ ကရိတ္ဝာ ဘိက္ခုနံ ပါဒေ ဝန္ဒိတ္ဝာ)စသည်ဖြင့် ဝဓုမည်သော လိစ္ဆဝိမင်းသားကို ဒေကြောင်းပြု၍ ပညတ်တော်မူသည်။ (စူဠဝါပါဠိတော်)။

ဘိက္ခဝေ၊ ရဟန်းတို့။ ဝဓေုန၊ ဝဓုအမည်ရှိသော။ တေနလိစ္ဆဝိနာ၊ ထိုလိစ္ဆဝိမင်းသားသည်။ သံဃံ၊ သံဃာသို့။ ဥပသင်္ကမိတ္ဝာ၊ ကပ်၍။ ဧကံသံ ဥတ္တရာသင်ံ၊ လက်တဘက် ပခုံးထက်၌ ကိုယ်ဝတ်စံပယ်တင်သည်ကို။ ကရိတ္ဝာ၊ ပြု၍။ ဘိက္ခုနံ၊ ရဟန်းတို့၏။ ပါဒေ၊ ခြေတို့ကို။ ဝန္ဒိတ္ဝာ၊ ရှိခိုး၍။ ဧတ္ထကာဝေ-အနက်။ ဤသို့ရှိခိုးသောအခါ၌သာ ကိုယ်ဝတ်စံပယ်တင်အပ်သည် မဟုတ်သေး။ တရားဟောတော်မူပါဟု တောင်းပန်သောအခါ စသည်တို့၌လည်း ကိုယ်ဝတ်စံပယ် တင်အပ်သည်သာတည်း။ တင်အပ်ကြောင်းကို (ဗြဟ္မာ သဟံပတိ ကေသံ ဥတ္တရသင်ံ ကရိတ္ဝာ) အစရှိသည်ဖြင့် သဟံပတိဗြဟ္မာသည် မြတ်စွာဘုရားသခင်ကို တရားဟောတော်မူပါဟု တောင်းပန်သောအခါ လက်ကန်တော့စံပယ်တင်၍ တောင်းပန်သည်ဟု လာသော ဝိနည်းမဟာဝါ ပါဠိတော်ကိုထောက်၍ သိအပ်၏။

ထိုမှတပါး ဗြဟ္မာယုပုဏ္ဏားသည် ပါဏိပါဒ သရဏဂုံကို ဆောက်တည်သောအခါ ကိုယ်ဝတ်စံပယ်တင်ကြောင်း။ ဝေလာမပုဏ္ဏား အလှူခံကို စူးစမ်းသောအခါ ကိုယ်ဝတ်စံပယ် တင်ကြောင်း၊ စကြာမင်းအလောင်းသည် စကြာရောက်အံ့သောနေ့၌ ဦးခေါင်းနှင့်တကွ ရေချိုး၍ နံနက်စာ စားပြီးသော် ဖြူစင်စွာသော အပေါ်ရုံပုဆိုးကို စံပယ်တင်၍ နန်းတော်ပြာသာဒ်၏အထက် အသရေရှိသော အိပ်ရာ၌ ထက်ဝယ်ဖွဲ့နွဲ့လျက် မိမိ၏ကောင်းမှုကို ဆင်ခြင်ကြောင်းဖြင့် သုတ္တသင်္ကဟ အဋ္ဌကထာ၊ ဒီဃနိကာယ် အဋ္ဌကထာ စသည်တို့၌ များစွာလာရှိသည်။

ထို့ကြောင့် ကိုယ်စတ်စံပယ် တင်ခြင်းသည် ရှိခိုးခြင်း ငါးပါးတို့တွင် တပါးဖြစ်သောကြောင့်လည်းကောင်း၊ သဟံပတိဗြဟ္မာ အစရှိသော ရှေးသူတော်ကောင်းတို့၏ နည်းကို လိုက်သောအားဖြင့် လည်းကောင်း။ ယခုအခါ မိမိ၏ အကျိုးဝီးပွားကို လိုလားကြကုန်သော ဥပါသကာ-ဥပါသိကီ တို့သည် အပေါ်ရုံပုဆိုး တထည်ကို၊ ဝါ၊ တဘက်တထည်ကို လက်ကန်ဘော့ စံပယ်တင်၍ ရှိခိုးခြင်း၊ တရားနာခြင်း၊ တရားဟောပါဟု တောင်းပန်ခြင်း၊ ပုစ္ဆာမေးလျှောက်ခြင်း၊ သရဏဂုံ-သီလဆောက်တည်ခြင်း၊ ပေးလှူခြင်း စသည်တို့ကို ပြုကြလေကုန်၊ ဤသည်တို့ကား၊ ရှိခိုးခြင်း, ငါးပါး၊ မှတ်သားဖွယ်တည်း။

ကောဇာသင်္ကရုဇ် ၁၂၆၁-ခု နှစ်တော်လဆန်း (၈) ရက်နေ့၌ ဤ ဃာဓုသမာစာရ၊ နာမတင့်ဆန်း၊ ပုဒ်စာတမ်းသည်၊ ဆုံးခန်းတိုင်ရောက် ပြီးမြောက်ပြည့်စုံသည်။

သာဓုပသာဒကကျမ်း

ဓနုဖြူမြို့မ၏ ဥတ္တရယွန်း အနောက်စွန်းတွင် တောင်ထွန်းသိုက်မြို့က သဒ္ဓမ္မ-ဇောတိကာရာမတိုက်၌ ယာပိုက်လေးလီ ခန့်ကျန်းတည်သဖြင့် ချမ်းကြည်နှေစဉ် စာသဘင်ကို ခံယင်မမုန်း သီတင်းသုံးသော ဘုန်းတော်ကြီး ဦးကောသလ္လသည် သံဝရ-သီလာ ကျင့်သိက္ခာ၌ သက်ဝင်တွေးဆ ဒေဒ္ဒကကြောင့် အုန်းရမျောက်သွင် ပုံတူဆင်၍ သိမြင်ခဲကြိတ် မနောစိတ်ဖြင့် ကိလိဒ္ဓကြံစည် လူဝေဏီကို သာကြည်ထင်ရှား ပတ္တမြားကို လက်ဝါးတင်ပြ ထင်မြင်ရသို့ မုချသိစေ သဘောနေဖြင့် ရိုသေလျောက်ကြားမသာ ဥပါသကာအမျိုးတို့၏ အဘိယက စကားကို တရားဖြင့်ချင့်စား၍ မြတ်ဘုရားဩဝါ ကျင့်သိလသိက္ခာ၌ ပသက်ဝတွေးတော အုန်းရသည့် မျောက်သဘောသို့ မနောနှစ်ခု မရှိရအောင် တစ္ဆဘူတ် ကျမ်းဂန်ထောက်ညွှန် ဓားကောင်းတိသို့ တရားရှိညွှန်ပြ၍ ဝိနိစ္ဆယပြုတော်မူသည်။

ဓနုပြုမြို့

သဒ္ဓမ္မဇောတိကာရာမတိုက်

ဘုန်းတော်ကြီး ဦးကောသလ္လ

ဝိနိစ္ဆယ ပြုတော်မူသော

သာရုပသာဒနကဏ္ဍဗိုဠ်း

ပဏာမပုဗ္ဗကဉ္ဇယျောဇဉ်

ဂေါတမံ ဂေါတ်မ နမေ

၁။ ခဂါခဂါနုဇာနိသု၊ ဗာဓိကာနံ မဟေသယော။
ယာမာဒိကံ ဝိသောဓေတ္ထံ၊ နဝိကာလေ အဗာဓိကံ။

၂။ တေ စ ဝန္ဒိယ ဘာသိဿံ၊ သာဓုနံ သုပသာဒကံ။
ပသာဒကံ စ ပဿိယ၊ တဗ္ဗဇ္ဇန္တုခဂါခဂါ။

ယင်း နှစ်ဂါထာတို့တွင် (ခဂါခဂါနုဇာနိသု) ဟူသောပုဒ်၌ ဆန္ဒာနုရက္ခဏကြောင့် နံ-ဝိဘတ် အ-အက္ခရာ ကျေသည်။ အဗာဓိကံ-ယူသောပုဒ်၌ အဗာဓိကာနံဟု ဆိုလိုလျက် ဆန္ဒာနုရက္ခဏကြောင့် အဗာဓိကံ ဟု ရေးသည်။ တဗ္ဗဇ္ဇန္တု-ဟူသောပုဒ်ကို တံဝဇ္ဇန္တု ဟု ပဒစ္ဆေဒပြု။ ခဂါခဂါ-ဟူသောပုဒ်ကိုလည်း ခဂါအခဂါဟု ပဒစ္ဆေဒပြု၊ စ-သဒ္ဒါသည် အဋ္ဌာနယောဂ။

၁။ ၂။ မဟေသယော၊ သီလက္ခန္ဓကျေးဇူး ဂုဏ်အထူးကို ဆည်းပူးရှာမှီးတော်မူကြကုန်သော။ ယေတဆာဂတာ၊ အကြင်ရှင်တော်မြတ်ဘုရားတို့သည်။ ဗာဓိကာနံ၊ ကောင်းကင်ပမာ ဘေးရန်ကင်းသည့် သာသနာတော်မြတ်သို့ ကောင်းစွာခိုလှုံ ကပ်ရောက်ကြကုန်သော ရဟန်းသာမဏေ။ ကောင်းကင်ပမာ ဘေးရန်ကင်းသည့် သာသနာတော်မြတ်သို့ မခိုလှုံ မကပ်ရောက်ကြကုန်သော ဥပါသကာ, ဥပါသိကာသီတင်းသည်တို့အား။ ယာမာဒိကံ၊ ယာမကာလိက စသော ကာလိက သုံးပါးကို။ ဝိကာလေပိ၊ နေလွဲသောအခါ၌လည်း။ အနုဇာနိသု၊ ကရုဏာရှေးရှု ခွင့်ပြုတော်မူကြကုန်ပြီ။ အဗာဓိကံ-အဗာဓိကာနံ၊ ဂိလာန, ပိပါသ, ဆာတကတို့ဖြင့် မနှိပ်စက်၊ သက်သက်ကျန်းမာ ချမ်းသာကြကုန်သော။ ခဂါခဂါနံ၊ ကောင်းကင်ပမာ ဘေးရန်ကင်းသည့် သာသနာတော်မြတ်သို့ ကောင်းစွာခိုလှုံ ကပ်ရောက်ကြကုန်သော ရဟန်းသာမဏေ။ ကောင်းကင်ပမာ ဘေးရန်ကင်းသည့် သာသနာတော်မြတ်သို့ မခိုလှုံ မကပ်ရောက်ကြကုန်သော ဥပါသကာ-ဥပါသိကာ သီတင်းသည်လည်းကောင်း။ ဝဇ္ဇန္တု၊ ကြဉ်ရှောင်နိုင်ကြပါစေကုန်သတည်း။ ဝါ၊ ကြဉ်ရှောင်ကြပါကုန်လော့။ (တစ်ဦး စသဒ္ဒါဂုဏ်ဖြင့် တရားသံဃာကို ဆည်းသည်။ တတော ကား ဝဇ္ဇနကြိယာ၏ အပါဒါန်အလို့ငှာ ထည့်သည်။) ဤကား ပဏာမပုဗ္ဗက ဥဇ္ဇယျောဇနဂါထာ အနက်တည်း။

(၁) ဝိကာလဘောဇနသိက္ခာပုဒ်၌ ကာလိက လေးပါးဟူသည် အဘယ်နည်းဟူသော ပဌမပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား။ ဝိကာလဘောဇနသိက္ခာပုဒ်၌ ကာလိက လေးပါးကို–

ပဋိဂ္ဂဟိတာ စတ္တာရော၊ ကာလိကာ ယာဝကာလိကံ။
ယာမကာလိကံ သတ္တာဟာ၊ ကာလိကံ ယာဝဇီဝကံ။

ဟူသော ခုဒ္ဒသိက္ခာ ပါဠိဂါထာကို ကောင်းစွာမြင်သဖြင့် ယာဝကာလိက၊ ယာမကာလိက၊ သတ္တာဟကာလိက၊ ယာဝဇီဝကအား ဖြင့် လေးပါးရှိ၏ဟူ၍ သိအပ်၏။

ပိဋ္ဌံ မူလံ ဖလံ ခဇ္ဇံ၊ ဂေါရသော ဓညဘောဇနံ။
ယာဂုသုပပွဘူတယော၊ ဟောန္တေ တေ ယာဝကာလိကာ။

ပိဋ္ဌံ၊ အမျှန့်ခဲဖွယ်လည်းကောင်း။ မူလံ၊ အမြစ်ခဲဖွယ်လည်းကောင်း။ ဖလံ၊ အသီး ခဲဖွယ်လည်းကောင်း။ ခဇ္ဇံ၊ ကဲ့သဲမုန့် ကတ္တပ်မုန့် စသော ကောက်ပဲဖြင့်ပြီးသော ခဲဖွယ် လည်းကောင်း။ ဂေါရသော၊ နို့ရည် နို့ဓမ်း ရက်တက် ဟူသော ဂေါရသသုံးပါး လည်း ကောင်း။ ဓညဘောဇနံ၊ အဟပ်နှင့်တကွ စပါးမျိုး ၇-ပါးတို့၏ ထမင်း မုယောမုန့် မုန့်လုံးဟူသော ဘောဇဉ် ၃-ပါးလည်းကောင်း။ ယာဂုသုပပွဘူတယော၊ ယာဂု ဟင်း စသည်တို့လည်းကောင်း။ ဣတိ၊ ဤသို့။ တေ၊ ထို၀တ္ထုတို့သည်။ ယာဝကာလိကာ၊ ယာဝကာလိက မည်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဤဋ္ဌ ပဘူတိသဒ္ဒါဖြင့် ပိဋ္ဌ, မူလ, ဖလ, နိယျာသ ခဲဖွယ်လေးပါးကိုထား၍ ကန္ဒ, မဋ္ဌာလ, မတ္တက, ခန္ဓ, ကစ, ပတ္တ, ပုပ္ဖ, အဋ္ဌိ ဟု ဆိုအပ်သော ခဲဖွယ် (၈)ပါးတို့ကိုလည်းကောင်း။ ဓညဘောဇနသုံးပါးမှ တပါးသော မစ္ဆ-မံသဘောဇနတို့ကိုလည်းကောင်း ယူရမည်။

ဤခုဒ္ဒသိက္ခာပါဌ်ဖြင့် သလေး, ကောက်ကြီး, မုယော, နှတ်ကောက်, ဆတ်, ပြောင်း, လူး ဟု ဆိုအပ်သော အဟပ်နှင့်တကွသော စပါးမျိုး ၇-ပါးတို့မှ ဖြစ်သော ထမင်း, ဂျုံဖြင့် ပြုအပ်သော မုယောမုန့်၊ စပါးမျိုး ၇ ပါးကို ထောင်းရွေးပြုအပ်သော မုန့်လုံး, ငါး, အမဲဟု ဆိုအပ်သော ဘောဇဉ်ငါးပါးသည်လည်းကောင်း၊ "မြစ်-ဥ-စွယ်-ညှောက်၊ ပင်-ခေါက်-ရွက်ပွင့်၊ သီးစေဆင့်၊ မှုန့်နှင့်စေးဆယ့်နှစ်" ဟု ဆိုအပ်သော ခဲဖွယ် ၁၂-ပါးတို့တွင် အစေး ခဲဖွယ်မှ တပါးသော အာဟာရကိစ္စကို ပြီးစေနိုင်သော ခဲဖွယ် ၁၁-ပါးသည်လည်းကောင်း။ မုန့်ကဲ့သဲ, ကတ္တပ်မုန့် စသော ကောက်ပဲဖြင့်ပြီးသော ယာဝကာလိကစစ် ခဲဖွယ်သည်လည်း ကောင်း၊ နို့ရည်, နို့ဓမ်း ရက်တက်ဟူသော ဂေါရသ ၃-ပါးသည်လည်းကောင်း။ ကျဲသော ယာဂုံ-ဟင်းသည်လည်းကောင်း ယာဝဲကာလိက မည်ကုန်၏။ **အစေးခဲဖွယ်၌ကား**- ယာဝကာလိက မရှိ။ ကြံစေးတခုသာ သတ္တာဟကာလိက။ ကြံစေးမှတပါးသော အစေးဟူသမျှသည် ယာဝဇီဝက ချည်းသာတည်း။ ခဲဖွယ် ၁၂-ပါး၏ အကျယ်ကိုကား ပါစိတ်အဋ္ဌကထာ၌ ကြည့်လေ။ ငါတို့ကား ကျယ်အံ့စိုး၍ မရေးလိုက်သည်။ (ယာဝကာလိက ပြီး၏)။

ယာမကာလိကဟူသည်ကား

မဓု မုဒ္ဒိက သာလုကံ၊ စောစမောစမ္မု ဇမ္မုဇံ။
ဖာရုသံ နဂ္ဂိသန္တတ္တံ၊ ပါနကံယာမကာလိကံ။

မဓုမုဒ္ဒိကသာလုကံ၊ စောစမောစမ္မုဇမ္မုဇံ၊ သစ်မည်စည်, မုဒရက်, ကြာစွယ်, အစေ့ရှိသော တောဋ္ဌက်ပျော၊ အစေ့မဲ့သော အိမ်ဋ္ဌက်ပျော၊ သရက်, သပြေသီးမှဖြစ်သော။ ဖာရုသံ၊ ဖက်သက်တရော်သီးမှဖြစ်သော။ နဂ္ဂိသန္တတ္တံ၊ မီးဖြင့်မချက်အပ်သော။ ပါနကံ၊ အဖျော် (၈)ပါးသည်။ ယာမကာလိကံ၊ ယာမကာလိက မည်၏။

ဤသို့လာသော ခုဒ္ဒသိက္ခာ ပါဠိဂါထာဖြင့်-

သပြေ-သရက်၊ မုဒရက်၊ ဖက်သက်သစ်မည်စည်။
တောအိမ်ဋ္ဌက်ပျော၊ ကြာစွယ်နှော၊ အပ်သောရှစ်ဖျော်ရည်-

ဟူသော အဖျော် (၈)ပါးသည် ယာမကာလိက မည်၏။ ဤမျှသာမဟုတ်သေး၊ အဟပ်နှင့် တကွသော စပါးမျိုး ၇-ပါး၊ သီးကြီး ၉-ပါး၊ ပဲတို့ကိုထား၍ ကြိမ်သီး, တည်သီးမှစ၍ အသီးငယ်မှဖြစ်သော အရည်သည်လည်းကောင်း၊ သစ်မည်စည်ပဉ္စင်္ကိုထား၍ ခပ်သိမ်းကုန်သော အပဉ္စင်္ရည်သည်လည်းကောင်း၊ ဟင်းရွက်ကျက်ရည်ကိုထား၍ ခပ်သိမ်းကုန်သော အရွက်ရည်လည်းကောင်း၊ ရေအေးဖြင့် နယ်အပ်သော်လည်းကောင်း၊ နေပူဒ္ဒချက်အပ်သော်လည်းကောင်း၊ ယာမကာလိက မည်၏။ ထို့ကြောင့် ယင်းခုဒ္ဒသိက္ခာဌ်ပင်-

သာနုလောမာနိ ဓညာနိ၊ ဌပေတ္ဝာ ဖလဇောရသော။
မဓုကပုပ္ဖံ အညတြ၊ သဗ္ဗော ပုပ္ဖရသောပိစ။
သဗ္ဗ ပတ္တရသော စေဝ၊ ဌပေတ္ဝာ ပက္ကဋ္ဌာကဇံ။
သိတောဒ မဒ္ဒိတော ဒိစ္စ၊ ပါကောဝါ ယာမကာလိကော။

ဟူ၍ မိန့်အပ်ပြီ။

သာနုလောမာနိဓညာနိ၊ အဟပ်အလျော်နှင့်တကွသော စပါးမျိုး ၇-ပါး၊ သီးကြီး ၉-ပါး၊ ပဲတို့ကို။ ဌပေတ္ဝာ၊ ထား၍။ ဖလဇောရသော၊ အသီးမှဖြစ်သော အရည်သည်လည်းကောင်း။ မဓုကပုပ္ဖံ၊ သစ်မည်စည်ပဉ္စင်္ကို။ အညတြ၊ ကြဉ်၍။ သဗ္ဗောပုပ္ဖရသောပိ စ၊ ခပ်သိမ်းသော အပဉ္စင်္ရည်သည်လည်းကောင်း။ ပက္ကဋ္ဌာကဇံ၊ ဟင်းရွက်ကျက်ရည်ကို။ ဌပေတ္ဝာ၊ ထား၍။ သဗ္ဗပတ္တရသော စေဝ၊ ခပ်သိမ်းသော အရွက်ရည်သည်လည်းကောင်း။ သိတောဒ မဒ္ဒိတောဝါ၊ ရေအေးဌ် နယ်အပ်သော်လည်းကောင်း။ အာဒိစ္စပါကောဝါ၊ နေပူဌ် ချက်အပ်သော်လည်းကောင်း။ ယာမကာလိကော၊ ယာမကာလိက မည်၏။ သီးကြီး ၉-ပါး၏ သရုပ်ကိုလည်း-

ထန်း--အုန်းတကဲ့၊ ပိန္နဲနှစ်စုံ၊ ဗူး-ဖရုံ၊ မှတ်ရုံသုံးသဓ္ဓါး။
ဖုဿတိပု၊ ဋ္ဌောလု၊ သုံးခုသရုပ်ကြား။

မဟာဗလ၊ ပရဏ္ဏာ၊ ဓညဘူအာလား- ဟူ၍ ရှေးဆရာတော်တို့သည် အကျဉ်းအားဖြင့် ရေးသားတော်မူခဲ့သည့်အတိုင်း သိလေ။ သိတောဒ မဒ္ဒိတောဌ် ယှဉ်သော ဝါသဒ္ဓါဖြင့် ဥဏှောဒကကိုလည်းယူ၊ မဒ္ဒိတ ဖြင့် မဓုကမှ တပါးသော ပုပ္ဖဖလပတ္တဌ် သုဒ္ဓမဒ္ဒိတကို ယူ။

မဓုက ပါနန္တိ၊ မဓုကာနံ ဇာတိရသေန ကတပါနံ၊ တံပန ဥဒက သမ္ဘိန္နံ ဝဋ္ဋတိ၊ သုဒ္ဓံ နဝဋ္ဋတိ-

ဟူသော အဋ္ဌကထာဖြင့် မဓုက၏ ဇာတိရသကို သုဒ္ဓ မအာပ်ဟု ပယ်တော်မူသောကြောင့် မဒ္ဒိက စသည်၌ ဇာဘိရသသုဒ္ဓအပ်ကြောင်းကို ကောင်းကောင်းကြီး သိအပ်သည်။ ယာမကာလိကပြီး၏။

သတ္တာဟ ကာလိက ဟူသည်ကား

သပ္ပိနောနီတ တေလာနိ၊ မဓု ဖာဏိတ မေဝစ။
သတ္တာဟ ကာလိကသပ္ပိ၊ ယေသံမံသ မဝါရိတံ။

သပ္ပိနောနီတ တေလာနိ၊ ထောပတ်, ဆီဥ, ဆီတို့ လည်းကောင်း။ မဓုဖါဏိတ မေဝစ၊ ပျား တင်လဲ လည်းကောင်း။ ဣမေပဉ္စ၊ ဤငါးပါးတို့သည်။ သတ္တာဟ ကာလိကာ၊ သတ္တာဟကာလိက မည်ကုန်၏။ ယေသံ၊ နွားကဲ့ စသည်တို့၏။ မံသံ၊ အသားကို။ အဝါရိတံ၊ မအာပ်ဟု မမြစ်အပ်။ တေသံ၊ ထိုအသားအပ်သော သတ္တဝါတို့၏။ သပ္ပိ၊ ထောပတ်သည်။ သပ္ပိ၊ သပ္ပိမည်၏။

ဟူ၍လာသော ခုဒ္ဒသိက္ခာပါဠိဖြင့် အသားအပ်သော သတ္တဝါတို့၏ ထောပတ်သည်လည်းကောင်း၊ ယင်းသတ္တဝါတို့၏ ဆီဥသည်လည်းကောင်း၊ နှမ်းစေ့-သား ဆီခဲ ကြက်ဆူစေ့ သစ်မည်စည်စေ့ မုန်ညင်းစေ့ တို့မှ ဖြစ်သော ဆီသည် လည်းကောင်း၊ ပျားရည်ကိုပြုတတ်ကုန်သော ပျားငယ်-ပျားကြီးတို့သည် ပြုအပ်သော ပျားရည်သည်လည်းကောင်း၊ အဖတ်ကို ပစ် အရည်ညှစ်၍ ချက်အပ်-မချက်အပ်သော အရည်စသော ကြံအထူးသည်လည်းကောင်း၊ သတ္တာဟကာလိကမည်၏။ (သတ္တာဟကာလိက ပြီး၏။)

ယာဝဇီဝက ဟူသည်ကား

အာဟရတ္ထ မသာဓေန္တံ၊ သပ္ပံ တံ ယာဝဇီဝကံ-ဟူသော ခုဒ္ဒသိက္ခာပါဠိဖြင့် အာဟာရကိစ္စကို မပြီးစေနိုင်သော နန္ဒင်း ချင်း ဆိတ်ဖူး ကြက်သွန်ဖြူ လင်းနေ ပန်းရင်း နွားမြေရင်း တိဝုတ် ကုလားဆောင်းမေးခါး မြစ်ကြီးငါးသွယ် မြစ်ငယ်ငါးပါး စသော အမြစ်သည်လည်းကောင်း၊ အိပ်မွေ့သီး ငရုတ်ကောင်း သမင်စာသီး ပိတ်ချင်းသီး မုန်ညင်းသီး ကနုခို ကြက်ဆူစသည်တို့၏ အသီးသည်လည်းကောင်း၊ ဟင်းချက်ကောင်းသော ဟင်းနုနယ်ရွက် စသည်ကို ကြဉ်၍ ဝါရွက် တမာရွက် လက်ထုပ်ရွက် ပြူးဒါးရွက် ရုံးစသည်တို့၏ အရွက်သည်လည်းကောင်း၊ ကြံစေးကိုလည်းကောင်း၊ အရည်ရှိသော ကြံခဲ့ကိုလည်းကောင်း ထား၍ အလုံးစုံသော အစေး အခေါက် အခဲ့ ဆား သံ ကြေး ကျောက် ပျားရည်မကပ် အဖတ်သက်သက်သော ဖယောင်း မှော် အကျမ်းမီးဖုတ်သော ကာလိကလေးပါး ကျင်ကြီးတဆယ် ကျင်ငယ်တထွေ မြေ သစ်စိမ်းပြာ မဟာဝိကဋိအစရှိသော အလုံးစုံသောဝတ္ထုသည် ယာဝဇီဝကမည်၏။

ဤအရာ၌ အာဟာရကိစ္စကို မပြီးစေနိုင် ဟူသည်ကား ဇီဃစ္ဆာဟရဏသခ်ါတအတ္ထံ ပယောဇနံ နေဝဖရန္တိ န နိဗ္ဗာဒေန္တိ ဟူသော ဝိမတိ ဝိနောဒနီ ဋီကာပါဠိဖြင့် မှတ်သိပ်ဆောလောင်ခြင်းကို ဖျောက်နိုင်ခြင်းဟု ဆိုအပ်သောအကျိုးကို မပြီးစေနိုင်သည်ကို ဆိုသည်ဟု မှတ်။ ယာဝဇီဝက ပြီး၏။

ဤကား ပဌမပုစ္ဆာ၏ ဝိသဇ္ဇနာ အပြီးသတ်တည်း။

[illegible] [illegible] [illegible] [

(၂) ဝိကာလဘောဇန သိက္ခာပုဒ်၌ ဝိကာလ ဟူသည် အဘယ်အခါနည်း ဟူသော ဒုတိယပုစ္ဆာ၌ ဝိသဇ္ဇနာကား။ ဝိကာလပုဒ်ကို ဝိကတော ကာလော ဝိကာလောဟု ဝစနတ္ထပြု။ ဝိကတော၊ ဘုရားစသော အရိယာတို့၏ စားသောကာလကို လွန်ကုန်သော။ ကာလော၊ အခါတည်း။ ဝိကာလော၊ ဘုရားစသော အရိယာတို့၏ စားသောင်းကာလကို လွန်သော အခါ။ ဤသို့ ဝစနတ္ထပြု၍ အရုဏ်တက်သည်မှ မွန်းတည့်တိုင်ရုံသော အခါသည် ဘုရားစသော အရိယာတို့၏ စားသောအခါမည်၏။ ထိုအခါကိုလွန်သော မွန်းလွဲသည်မှ တဖန် အရုဏ်တက်သည် တိုင်အောင်သော ကာလသည် "ဝိကာလ" မည်၏ ဟု မှတ်ယူရမည်။ ထို ကြောင့် ဘိက္ခုဝိဘင်းပါဠိတော် ဝိကာလဘောဇန သိက္ခာပုဒ်၏ ပဒဘာဇနိဋ္ဌ- "ဝိကာလော နာမ မဇ္ဈန္တိကာ ဝိတိဝဲတ္တော ယာဝအရုဏုဂ္ဂမနာ" ဟု ဟောတော်မူအပ်ပြီ။

ဝိကာလောနာမ၊ ဝိကာလမည်သည်ကား။ မဇ္ဈန္တိကော၊ မွန်းတည့်ကာလကို။ ဝိတိဝဲတ္တော၊ လွန်သည်ရှိသော်။ ယာဝအရုဏုဂ္ဂမနာ၊ တဖန်အရုဏ်တက်သည်တိုင်အောင်သော အခါသည်။ ဝိကာလော၊ ဝိကာလမည်၏။ ဤကား ပါဠိတော်၏ အနက်။

သာရတ္ထဒီပနီဋီကာ၌လည်း-

ဝိကာလဘောဇနာတိ အရုဏုဂ္ဂမနတော ပဋ္ဌာယ ယာဝမဇ္ဈန္တိကာ အယံ ဗုဒ္ဓါဒီနံ အရိယာနံ။ အာစိဏ္ဏ သမာစိဏ္ဏော ဘောဇနဿ ကာလောနာမ တဒညော ဝိကာလော-

ဟူ၍ လာ၏။ (ပဗ္ဗဇ္ဇ ခန္ဓကဝဏ္ဏနာ-ယော်ချုပ်။)

ဝိကာလဘောဇနာတိ၊ ဝိကာလဘောဇနာ ဟူသည်ကား။ အရုဏုဂ္ဂမနတော၊ အရုဏ်တက်သည်မှ။ ပဋ္ဌာယ၊ စ၍၊ ယာဝ မဇ္ဈန္တိကာ၊ မွန်းတည့်တိုင်အောင်။ အယံ၊ ဤအခါသည်ကား။ ဗုဒ္ဓါဒီနံ၊ ဘုရားအစရှိကုန်သော။ အရိယာနံ၊ အရိယာတို့၏။ အာစိဏ္ဏသမာစိဏ္ဏော၊ အလေ့အကျင့်တော်ဖြစ်သော။ ဘောဇနဿ၊ စားခြင်း၏။ ကာလောနာမ၊ အခါမည်၏။ တဒညော၊ ထိုအရိယာတို့ စားသောက်အခါမှ တပါးသော မွန်းလွဲသည်မှတဖန် အရုဏ်တက်သည် တိုင်အောင်သော ကာလသည်။ ဝိကာလော၊ ဝိကာလမည်၏။

ဤဋီကာပါဠိ၏ ဆိုလိုရင်းအရ ပိဏ္ဍတ္ထကား အရုဏ်တက်သည်မှ မွန်းတည့်တိုင်ရုံသော အခါသည် "ကာလ" မည်၏။ မွန်းလွဲသည်မှ တဖန် အရုဏ်တက်သည်တိုင်အောင်သော အခါသည် "ဝိကာလ" မည်၏ ဟူလိုသည်။ ဤကား- ဒုတိယပုစ္ဆာ၏ ဝိသဇ္ဇနာတရပ် အပြီးသတ်တည်း။

(၃) ဘောဇန ဟူသည် အဘယ်ဝတ္ထုနည်း ဟူသော တတိယပုစ္ဆာ၏ ဝိသဇ္ဇနာကား ယင်း ဘောဇန ဟူသောပုဒ်ကို "ဘုဉ္ဇိတဗ္ဗန္တိ ဘောဇနံ" ဟူ၍ ကမ္မသာဓ်ဝိဂြိဟ် လှစ်ဆိုအပ်၏။ ယံ၊ အကြင်ထမင်း အစရှိသော ဝတ္ထုကို။ ဘုဉ္ဇိတဗ္ဗံ၊ စားအပ်၏။ ဤတိတသ္မာ၊ ထိုကြောင့်။ တံ၊ ကိုထမင်းအစရှိသော ဝတ္ထုသည်။ ဘောဇနံ၊ ဘောဇနည်၏။ ဤသို့- ကမ္မသာဓနပြု၍ ဘမင်း၊ အမဲ၊ ငါး၊ မုန့်နှစ်ပါးဟု ဆိုအပ်သော ဘောဇဉ်ငါးပါးကို (ဘောဇန) ဟု မှတ်ယူရမည်။ ထို့ကြောင့် ဘိက္ခုဝိဘင်းပါဠိတော် ပဒဘာဇနိဋ္ဌ-

"ဘောဇနိယံ နာမ ပဉ္စဘောဇနာနိ ဩဒနော ကုမ္မာသော သတ္တု မစ္ဆော မံသံ" ဟူ၍ ဟော့ဘော်မူအာပ်ပြီ။ ဘောဇနိယံနာမ ဘောဇနိယမည်သည်ကား။ ပဉ္စဘောဇနာနိ၊ ငါးပါးသော ဘောဇဉ်တို့တည်း။ ကတမာနိပဉ္စ၊ အဘယ်ငါးပါးတို့နည်းဟူမူကား။ ဩဒနော၊ ထမင်း လည်းကောင်း။ ကုမ္မာသော၊ မုယောမုန့်လည်းကောင်း။ သတ္တု၊ မုန့်လုံးလည်းကောင်း။ မစ္ဆော၊ ငါး လည်းကောင်း။ မံသံ၊ အမဲလည်းကောင်းတည်း။ ဤပါဠိတော်အရဖြင့် ဘောဇဉ် ငါးပါးကိုသာ (ဘောဇန) ဟု ပြတော်မူ၏။

ထိုသို့ ပြခြင်းသည်လည်း ရဟန်းတို့၏ သိက္ခာပုဒ်၌ ခါဒနိယံဝါ ဘောဇနိယံဝါ ဟု ဟောဩတ်မူသောကြောင့် ခါဒနိယသဒ္ဒါသည် ဟောစ္ဆမ်းနိုင်သော ၁၂-ပါးသော ခဲဖွယ်တို့ကို ချန်လှပ်၍ ရဟန်းတို့၏ သိက္ခာပုဒ်အားလျော်စွာ ဘောဇဉ်ငါးပါးကိုသာ ပြုအပ်သည်။ သာမဏေတို့ သိက္ခာပုဒ် လူသိတင်းသည်တို့ သိက္ခာပုဒ်၌ကား- "ခါဒနိယံဝါ၊ ဘောဇနိယံဝါ" ဟု ဟောတော်မမူ။ ဝိကာလဘောဇနာဟု ဘောဇနသဒ္ဒါ တခုတည်းဖြင့်သာ ဟောခဲ့ရကား ဤဘောဇနသဒ္ဒါဖြင့် ငါးပါးသော ဘောဇဉ် ၁၂-တန်သော ခဲဖွယ်ဟုဆိုအပ်သော ယာဝကာလိက အလုံးစုံကိုပင် ဘောဇနအရ ဟု- မှတ်ယူရမည်။ ထို့ကြောင့် သာရတ္ထဒီပနီဋီကာ ပဗ္ဗဇ္ဇာခန္ဓက ဃော်ချပ်၌-

"ဘုဉ္ဇိတဗ္ဗဋ္ဌေန ဘောဇနံ၊ ယာဂုဘတ္တာဒိ သဗ္ဗံ ယာဝကာလိကဝတ္ထု" ဟု ဟောတော်မူအာပ်ပြီ။ ဝိမတိဝိနောဒနီဋီကာ၌လည်း ဤနည်းအတူပင် ဖွင့်၏။

ယာဂုဘတ္တာဒိ၊ ယာဂု- ထမင်းအစရှိသော။ သဗ္ဗံ၊ အလုံးစုံသော။ ယာဝကာလိကဝတ္ထု၊ ယာဝကာလိကဝတ္ထုသည်။ ဘုဉ္ဇိတဗ္ဗဋ္ဌေန၊ စားအပ်သော အနက်ကြောင့်။ ဘောဇနံ၊ ဘောဇဉ်မည်၏။ ဤကား အနက်။

ဤဋီကာပါဠ် အပေါင်းတို့တွင် "ဘုဉ္ဇိတဗ္ဗဋ္ဌေန ဘောဇနံ" ဟူသော ပါဌ်ဖြင့် ဘောဇနသဒ္ဒါကို ဘုဉ္ဇိတဗ္ဗန္တိ ဘောဇနံ ဟု ကမ္မသာဓန ဝစနတ် လှစ်ဆိုအပ်သည်၏ အဖြစ်ကို ပြတော်မူသည်။ ယာဂုဘတ္တာဒိသဗ္ဗံ ယာဝကာလိကဝတ္ထု ဟူသောပါဌ်ဖြင့် ဘုဉ္ဇိတဗ္ဗန္တိ ဘောဇနံ- ဟူသော ကမ္မသာဓ်အရ အလုံးစုံသော ယာဝကာလိကကို ကောက်ယူရမည်ဟု ဘောဇနသဒ္ဒါ၏ အဘိဓေယျကို ပြတော်မူသည်။

ဤသို့ ဋီကာရှင် ပြတော်မူသည်ကိုထောက်၍ ဝိကာလဘောဇန ဟူသောပုဒ်၌ ဘောဇနသဒ္ဒါ၏အရကို ယာဂု ထမင်းအစရှိသော ယာဝကာလိက ဝတ္ထုသာတည်းဟု သန္နိဋ္ဌာန်ကျမှတ်ယူရမည်။ ဤကား တတိယပုစ္ဆာ၏ ဝိသဇ္ဇနာအပြီးသတ်တည်း။

(၄) ဝိကာလဘောဇန သဒ္ဒါ၏အရ၊ တရားကိုယ် အဘယ်နည်းဟူသော စတုတ္ထပုစ္ဆာ၌၊ ဝိသဇ္ဇနာကား။ ဝိကာလဘောဇနာ ဟူသော ပုဒ်၌ ဘောဇနသဒ္ဒါသည် ရတ္တုပရတောဟူသော ဝိသာခုပေါသထသုတ် ပါဠိတော်၌ ရတ္တိ သဒ္ဒါသည် "ရတ္တိဘောဇနံ ရတ္တိ" ဟု ဝစနတ္ထပြု၍ ဘောဇနဟူသော နောက်ဘာဝပုဒ်ကျသကဲ့သို့ "ဘောဇနဿ အဇ္ဈောဟရဏံ ဘောဇနံ" ဟု ဝစနတ္ထပြု၍ အဇ္ဈောဟရဏ ဟူသော နောက် ဘာဝပုဒ် ကျသော- သဒ္ဒါတည်း။

ဘောဇနဿ၊ ယာဝကာလိက တည်းဟူသော ဘောဇဉ်ကို။ အဇ္ဈောဟရဏံ၊ မျိုခြင်း တည်း။ ဘောဇနံ၊ ယာဝကာလိကတည်းဟူသော ဘောဇဉ်ကိုမျိုခြင်း။ ဤသို့ ယောဇနာ။ ဝိကာလဘဒ္ဒါနှင့် ဘောဇနသဒ္ဒါကိုလည်း "ဝိကာလေဘောဇနံ ဝိကာလဘောဇနံ" ဟု တပ္ပုရိသ်သမာသ် ဝစနတ္ထပြု။

ဝိကာလေ၊ နေလဲ့သောအခါ၌။ ဘောဇနံ၊ ယာဝကာလိကတည်းဟူသော ဘောဇဉ် ကို စားခြင်းတည်း။ ဝိကာလဘောဇနံ၊ နေလဲ့သောအခါ၌ ယာဝကာလိကတည်း ဟူသော ဘောဇဉ်ကိုစားခြင်း။ ဤသို့ ယောဇနာ။

ဤသို့သော ဝစနတ္ထဖြင့် ဝိကာလဘောဇနအရ နေလဲ့သောအခါ ယာဝကာလိကကို မျိုခြင်း ကြိယာဟု ဆိုအပ်သော စေတနာကို ရအပ်သည်။ ထို့ကြောင့် သာရတ္ထဒီပနီ ဋီကာ၌ပင်-

"ယထာစ ရတ္တုပရတောတိ ဇတ္ထ၊ ရတ္တိ ဘောဇနံ ရတ္တိတိ ဥတ္တရပဒလောပေန ဝုစ္စတိ၊ ဧဝမေဝတ္ထ ဘောဇနဇ္ဈောဟရဏံ ဘောဇနန္တိ၊ ဝိကာလေ ဘောဇနံ ဝိကာလဘောဇနံ၊ တတော ဝိကာလဘောဇနာ၊ ဝိကာလေ ယာဝကာလိကဝတ္ထုဿ အဇ္ဈောဟရဏန္တိ အတ္ထော" ဟု မိန့်အပ်၏။

ရတ္တုပရတောတိ ဇတ္ထ၊ ရတ္တုပရတော ဟူသောပုဒ်၌။ ရတ္တိဘောဇနံ ရတ္တိတိ၊ ရတ္တိ-ဘောဇနံ ရတ္တိဟူ၍။ ဥတ္တရပဒလောပေန ဘောဇနံ ဟူသော နောက်ဘာဝပုဒ် ကျသော အားဖြင့်။ ဝုစ္စတိယထာ၊ ဝိဂြိုဟ်ဝစနတ် လှစ်ဆိုအပ်သကဲ့သို့။ ဧဝံတထာ၊ ထို့အတူ။ ဇတ္ထ၊ ဤဘောဇနဟူသောပုဒ်၌။ ဘောဇနဇ္ဈောဟရဏံ၊ ယာဝကာလိကတည်းဟူသော ဘောဇဉ်ကို စားခြင်းကို။ ဝါ၊ ဘောဇနဇ္ဈောဟရဏ သဒ္ဒါကို။ ဘောဇနန္တိ၊ ဘောဇဉ်ဟူ၍။ ဝုစ္စတိ၊ အဇ္ဈောဟရဏ- ဟူသော နောက်ဘာဝပုဒ် ကျသောအားဖြင့် ဆိုအပ်၏။ ဝိကာလေ၊ နေလဲ့သောအခါ၌။ ဘောဇနံ၊ ယာဝကာလိကဟု ဆိုအပ်သော ဘောဇဉ်ကိုစားခြင်း။ ဝိကာလ ဘောဇနံ၊ နေလဲ့သောအခါ၌ ယာဝကာလိကဟု ဆိုအပ်သော ဘောဇဉ်ကို စားခြင်း။ တတောဝိကာလဘောဇနာ၊ ထိုနေလဲ့သောအခါ၌ ယာဝကာလိကဟု ဆိုအပ်သော ဘောဇဉ် ကို စားခြင်းမှ။ ဝိကာလေ၊ နေလဲ့သောအခါ၌။ ယာဝကာလိကဝတ္ထုဿ၊ ယာဝကာလိက ဝတ္ထုကို။ အဇ္ဈောဟရဏံ၊ မျိုခြင်း။ ဤတို့အယံ၊ ဤသည်ကား။ အတ္ထော၊ ဝိကာလဘောဇနာ ဟူသောပုဒ်၏ အနက်တည်း။

ဤဋီကာပါဠိ အပေါင်းတို့တွင်၊ ယထာစ ရတ္တုပရတောတိ ဇတ္ထ ရတ္တိဘောဇနံ ရတ္တိတိ ဥတ္တရပဒလောပေန ဝုစ္စတိ၊ ဧဝမေတ္ထ ဘောဇနဇ္ဈောဟရဏံ ဘောဇနန္တိ၊ ဝိကာလေ ဘောဇနံ၊ ဝိကာလဘောဇနံ ဟူသော ပါဠိဖြင့် ရတ္တုပရတော ဟူသောပုဒ်၌ ရတ္တိသဒ္ဒါသည် ဘောဇနံ ဟူသော နောက်ဘာဝပုဒ် ကျသကဲ့သို့ ဘောဇနသဒ္ဒါသည်လည်း "ဘုဉ်္ဇိတဗ္ဗန္တိ ဘောဇနံ၊ ဘောဇနဿ အဇ္ဈောဟရဏံ ဘောဇနံ" ဟု တပ္ပုရိသ် သမာသ် ဝစနတ်ပြု၍ အဇ္ဈောဟရဏံ-ဟူသော နောက်ဘာဝပုဒ် ကျသည်ကိုလည်းကောင်း၊ ဝိကာလသဒ္ဒါနှင့် ဘောဇနသဒ္ဒါကိုလည်း ဝိကာလေဘောဇနံ ဝိကာလဘောဇနံဟု တပ္ပုရိသ်သမာသ် ဝစနတ်ပြုအပ်သည်ကို လည်းကောင်း ပြတော်မူသည်။

ဝိကာလေ ယာဝကာလိက ဝတ္ထုဿ အဇ္ဈောဟရဏန္တိ အတ္ထော ဟူသော ပါဠိဖြင့် ဝိကာလဘောဇန၏ ကျေလေသော အဇ္ဈောဟရဏ ဟူသော ပဓာနပုဒ်၏ အရဖြစ်သော နေလွဲသောအခါ၌ ယာဝကာလိကဝတ္ထုကို စားခြင်းကြိယာဟု ဆိုအပ်သော စေတနာကို ဟောစ္ဆမ်းနိုင်သည်၏ အဖြစ်ကို ပြဒေတ်မူသည်။ ဝိဂြိုဟ်၏အနက်ကို ရှေးကဆိုခဲ့ပြီ။

တနည်းလည်း၊ ဝိကာလဘောဇန ဟူသောပုဒ်၌ ဘောဇနသဒ္ဒါကို ဘုဥ္ဇိတဗ္ဗဝါစက ကမ္မသာဓနသာ ပြုအပ်သည်မဟုတ်၊ အဇ္ဈောဟရဏဝါစက ဘာဝသာဓနလည်း ပြုအပ်သေး၏။ ထို့ကြောင့် သာရတ္ထဒီပနီဋီကာ ဃော်ချပ်၌ပင်လျှင်-

အထ ဝါ နတ္ထေ ကမ္မသာဓနော ဘုဥ္ဇိတဗ္ဗဝါစကော ဘောဇနသဒ္ဒေါ အထခေါ ဘာဝသာဓနော အဇ္ဈောဟရဏဝါစကော ဂဟေတဗ္ဗော၊ တသ္မာ ဝိကာလဘောဇနံ အဇ္ဈောဟရဏံ ဝိကာလဘောဇနံ၊ တသ္မာ ပန အဇ္ဈောဟရဏန္တိ ယာမကာလိကာဒီနံ အနုညာတဘာဝေါ၊ ဝိကာလဘောဇန သဒ္ဒဿ ဝါ ယာဝကာလိကဇ္ဈောဟရဏဿ နိရုဇ္ဈတ္တာ ယာဝကာလိကဿာတိ ဝိညာယတိ ဟူ၍ မိန့်အပ်၏။

အထဝါ၊ တနည်းကား။ တွေ့၊ ဤအရာ၌။ ကမ္မသာဓနော၊ ကမ္မသာဓနဖြစ်သော။ ဘုဥ္ဇိတဗ္ဗဝါစကော၊ စားအပ်သော ယာဝကာလိကဝတ္ထုကို ဟောသော။ ဘောဇနသဒ္ဒေါ၊ ဘောဇနသဒ္ဒါကို။ နဂဟေတဗ္ဗော၊ ယူအပ်သည်မဟုတ်။ အထခေါ၊ စင်စစ်သော်ကား။ ဘာဝသာဓနော၊ ဘာဝသာဓနဖြစ်သော။ အဇ္ဈောဟရဏဝါစကော၊ စားခြင်း မျိုခြင်း ကြိယာကိုဟောသော။ ဘောဇနသဒ္ဒေါ၊ ဘောဇနသဒ္ဒါကို။ ဂဟေတဗ္ဗော၊ ယူအပ်သေး၏။ တသ္မာ၊ ထို့ကြောင့်။ ဝိကာလေ၊ နေလွဲသောအခါ၌။ ဘောဇနံ+အဇ္ဈောဟရဏံ၊ မျိုခြင်းသည်။ ဝိကာလဘောဇနံ၊ ဝိကာလဘောဇနမည်၏။ ပန၊ ဘောဇနသဒ္ဒါ၏ အဇ္ဈောဟရဏအနက်ရှိသည်ကို ထင်ရှားစေဦးအံ့။ တဿ၊ ထိုဘောဇနသဒ္ဒါ၏။ အဇ္ဈောဟရဏန္တိအတ္ထော၊ အဇ္ဈော-ဟရဏံ ဟူသောအနက်ကို။ ယာမကာလိကာဒီနံ၊ ယာမကာလိက အစရှိကုန်သော ကာလိက သုံးပါးတို့ကို။ အနုညာတတ္တာ၊ ဂေလည့်-ဝိပါသ-ဆေးတက အကြောင်းတို့ဖြင့် ခွင့်ပြုတော်မူအပ်သည်၏ အဖြစ်ကြောင့်။ ဝိကာလဘောဇနသဒ္ဒဿဝါ၊ ဝိကာလဘောဇနသဒ္ဒ၏လည်း။ ယာဝကာလိကဇ္ဈောဟရဏော၊ ယာဝကာလိကဝတ္ထုကို မျိုခြင်း၌-နိရုဇ္ဈတ္တာ၊ ထင်သည်၏ အဖြစ်ကြောင့်။ ယာဝကာလိကဿ၊ ယာဝကာလိကဝတ္ထုကို။ အဇ္ဈောဟရဏံ၊ မျိုခြင်း။ ဣတိ၊ ဤသို့။ ဝိညာယတိ၊ သိအပ်၏။ ဤကား-အနက်။

ဤဒီကာပုဂ္ဂိုဒ်အပေါင်းတို့တွင် အထဝါ။ပ။ ဂဟေတဗ္ဗော-ဟူသော ပါဠိဖြင့် ဝိကာလဘောဇနဟူသော ပုဒ်၌ ဘောဇနသဒ္ဒါကို "သုဥ္ဇိတဗ္ဗံ ဘောဇနံ"ဟု ဘုဥ္ဇိတဗ္ဗ ဝါစက ကမ္မသာဓနသာ ပြုအပ်သည်မဟုတ်၊ စင်စစ်အားဖြင့်ကား "ဘုဥ္ဇိယတေ အဇ္ဈောဟရိယတေ ဘောဇနံ"ဟု အဇ္ဈောဟရဏဝါစက ဘာဝသာဓနလည်း ပြုအပ်သေးသည်၏ အဖြစ်ကို ပြတော်မူအပ်၏။ "တသ္မာ ဝိကာလေ ဘောဇနံ အဇ္ဈောဟရဏံ ဝိကာလဘောဇနံ"ဟူသော ပါဠိဖြင့် ဝိကာလ သဒ္ဒါနှင့် ဘောဇနသဒ္ဒါကို "ဝိကာလေ ဘောဇနံ ဝိကာလ ဘောဇနံ"ဟု သတ္တမီ တပ္ပုရိသ်သမာသ်၊ ဝစနတ်ပြုအပ်သည်၏ အဖြစ်ကို ပြတော်မူ၏။ တဿပန ။လ။

ဝိညာဃတိ-ဟူသော ပါဠိဖြင့် ထိုဘောဇနသဒ္ဒါ၏ စားခြင်းကြီယာ သာမည ဖြစ်သော်လည်း ယာမကာလိက-သတ္တာဟကာလိက-ယာဝဇီဝကတို့ကို ဂဲလည-ပိပါသ-ဆာတက-အကြောင်း ရှိလျှင် ဘုရားရှင် ခွင့်ပြုတော်မူအပ်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ဂဲသဒ္ဒါ၏ သုံးတတ်၏ဟူသော ကြီယာသည် ဆင်မြင်းစသော သတ္တဝါတို့နှင့် ဆက်ဆံပါလျက် ဆင်မြင်းစသော သတ္တဝါတို့၌မထင်၊ နွားသတ္တဝါ၌သာ ထင်သကဲ့သို့ ဘောဇနသဒ္ဒါ၏ မျိုခြင်း ဟူသော အစ္ဈောဟရဏကြီယာ သာမညသည် ကာလိကလေးပါးနှင့် ဆက်ဆံပါလျက် ယာမကာလိက-သတ္တာဟကာလိက-ယာဝဇီဝက သုံးပါးတို့၌ မထင်၊ ယာဝကာလိကဝတ္ထုတို့၌သာ ထင်သည်၏အဖြစ်ကိုလည်းကောင်း ယာဝကာလိကကို မျိုခြင်းဟူသော အနက်ကို သိအပ်၏ဟု ပြတော်မူသည်။

ဤ ဋီကာပါဠိ စကားရပ်၌ ယာမကာလိကာဒီနံ အနုညာတတ္တာ-ဟူ၍ သာမညာဆိုသော်လည်း ယာမကာလိက၊ သတ္တာဟကာလိက၊ ယာဝဇီဝက သုံးပါးကို အကြောင်းမဲ့ ခွင့်ပြုတော်မူသည်မဟုတ်၊ ဂဲလည-ဝိပါသ-ဆာတက အကြောင်းရှိမှ ခွင့်ပြုတော်မူသည်။ ထိုအကြောင်းကို ၆-နံပါတ်၊ ၇-နံပါတ် ဝိသဇ္ဇနာတို့သို့ ရောက်မှ ထင်ရှားစွာ ရေးသားပေအံ့။

ဤ ဘာဝသာမ် ဝစနတ် အခိုက်၌လည်း ဝိကာလဘောဇနအရ ဘုရားကိုယ်ကို ကာယဒွါရ၌ဖြစ်သော ဝိကာလအခါ ယာဝကာလိကဝတ္ထုကို မျိုခြင်းကြီယာဟု ဆိုအပ်သော အစ္ဈောဟရဏ စေတနာပင်တည်းဟု မှတ်ယူရမည်။ ထို့ကြောင့် ယင်း ဋီကာ၌ပင်-

အတ္ထတော ပန ကာယဒွါရပဝတ္တော ဝိကာလေ ယာဝကာလိကစ္ဆော ဟရဏစေတနာ ဝိကာလဘောဇနန္တိ ဝေဒိတဗ္ဗံ-ဟု မိန့်တော်မူအပ်၏။

အတ္ထတော ပန၊ ပရမတ္ထ တရားကိုယ်အားဖြင့်ကား။ ကာယဒွါရ ပဝတ္တော၊ ကာယဒွါရ၌ဖြစ်သော။ ဝိကာလေ၊ နေလွဲသောအခါ၌။ ယာဝကာလိကစ္ဆော ဟရဏစေတနာ၊ ယာဝကာလိကကို မျိုခြင်းကြီယာဟု ဆိုအပ်သော စေတနာကိုသာလျှင်။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ အဓိပ္ပါယ်ကား မခဲပြီ။ ဤကား-စတုတ္ထပုစ္ဆာ၏ ဝိသဇ္ဇနာတရပ် အပြီးသတ်တည်း။

(၅) ဝိကာလအခါ၌ ကာလိကလေးပါးတို့တွင် ယာမကာလိက၊ သတ္တာဟကာလိက၊ ယာဝဇီဝက ၃-ပါးတို့ကို၊ စားသောက်လျှင် အပ်ပါမည်လော ဟူသော ပဉ္စမပုစ္ဆာ၌ နေလွဲသောအခါ ယာမကာလိက၊ သတ္တာဟကာလိက၊ ယာဝဇီဝကဟု ဆိုအပ်သော ကာလိက သုံးပါးတို့ကို စားခြင်းသည် အပ်၏။ ထိုသို့ အပ်ခြင်းသည်လည်း အကြောင်းရှိမှအပ်ခြင်း၊ အကြောင်းမရှိပဲ အပ်ခြင်းအားဖြင့် ၂-ပါး အပြားရှိသည်ဟု မှတ်ယူရမည်။ ထို့ကြောင့် ဘိက္ခုဝိဘင်း ပါဠိတော် ဝိကာလဘောဇန သိက္ခာပုဒ် အနာပတ္တိဝါရ၌-

အနာပတ္တိ ယာမကာလိကံ သတ္တာဟကာလိကံ ယာဝဇီဝကံ သတိ ပစ္စယေ ဘုဉ္ဇတိ ဥမ္မတ္တကဿ အာဒိကမ္မိကဿ ဟူ၍ ပေါတော်မူအပ်၏။

ယာမကာလိကံ၊ ယာမကာလိကကိုလည်းကောင်း။ သတ္တာဟကာလိကံ၊ သတ္တာဟကာလိကကိုလည်းကောင်း။ ယာဝဇီဝကံ၊ ယာဝဇီဝကကိုလည်းကောင်း။ ပစ္စယေ၊ ဂိလာန-

ဝိပါသ-ဆာတက အကြောင်းသည်။ သတိ၊ ရှိသော်။ ဘုဥ္ဇတိ၊ စား၏။ အနာပတ္တိ၊ အာပတ်မသင့်။ ဥမ္မတ္တကဿ၊ ရူးသောရဟန်းအား လည်းကောင်း။ အာဒိကမ္မိကဿ၊ ပညတ်တော်ဦးဖြစ်သော ရဟန်းအား လည်းကောင်း။ အနာပတ္တိ၊ အာပတ်မသင့်။

ဤသို့ ဘုရားဟောဖော် ပါဠိတော်၌ သတိ ပစ္စယေ ဘုဥ္ဇတိ ဟူသောပါဠိဖြင့် ဂိလာန ဝိပါသ-ဆာတကဟု ဆိုအပ်သော ပြောပလောက်သော စိသေသ အကြောင်းထူးရှိ၍ စား ခြင်းကြောင့် အာပတ်မသင့်၊ စားအပ် စားထိုက် စားကောင်းသည်၏ အဖြစ်ကိုပြတော်မူသည်။ ဥမ္မတ္တကဿ အာဒိကမ္မိကဿ ဟူသော ပါဠိဖြင့် ပိတ္တုမ္မတ္တက၊ ယက္ခုမ္မတ္တကပုဂ္ဂိုလ်၊ အာဒိ-ကမ္မိကပုဂ္ဂိုလ်တို့အား အကြောင်းမရှိပဲပင် စားသော်လည်း အာပတ်မသင့်၊ အပ်သည်သာ တည်းဟု ကောင်းကောင်းကြီး ပြတော်မူအပ်သည်။

ထို ၂-ပါးသော အပ်ခြင်းတို့တွင် အကြောင်းမဲ့၌ပင် အပ်သင့်အပ်ထိုက်သော ဥမ္မတ္တက အာဒိကမ္မိကပုဂ္ဂိုလ်တို့၏ အထူးကို ဤသို့ မှတ်အပ်၏။ အာဒိကမ္မိက ဟူသည် သိက္ခာပုဒ်တော်ကို ပညတ်တော်မူဦးဖြစ်သော ပုဂ္ဂိုလ်တည်း၊ ယခုကာလ၌ အာဒိကမ္မိကပုဂ္ဂိုလ် မရှကောင်း။ ဥမ္မတ္တကပုဂ္ဂိုလ်ဆိုသည်ကား သည်းခြေပျက်၍ ရူးသော ပိတ္တုမ္မတ္တက၊ ဘီလူးဖမ်းစား၍ ရူးသော ယက္ခုမ္မတ္တကဟူ၍ ၂-ပါးရှိသည်၊ ထို ၂-ပါးသော ဥမ္မတ္တကလက္ခဏာမှာ ရှေးနှင့်မီး၊ ကျင်ကြီး နှင့် ဘောဇဉ်ကို အတူပင် မှတ်မှားအောင် ရူးမှ ဥမ္မတ္တကလက္ခဏာ ရောက်သည်။ ထို ဥမ္မတ္တက ၂-ပါးလုံးပင် ယခုသမယ၌ ဂေလည ပိပါသ ဆာတက-အကြောင်းမဲ့ ကာလိက လေးပါးလုံးကို စားသော်သည်း အပ်၏။ ထို အရူး ၂-ပါးတွင် တပါးပါးသောရူးခြင်းဖြင့် မရူးသောသူတို့အား ဂေလည, ပိပါသ, ဆာတက အကြောင်းရှိမှ အပ်ကြောင်းကိုလည်း သတိ ပစ္စယေ ဘုဥ္ဇတိ-ဟူသောပါဠိဖြင့် အလွန်ထင်ရှားလှပြီ။ ယင်းသို့ဖြစ်၍ ယခုကာလ၌ ရဟန်း, သာမဏေ, သီတင်းသည်တို့သည် ဂိလာန, ဝိပါသ, ဆာတက အကြောင်းမရှိ ပကတိ ကျန်းမာ ချမ်းသာပါလျက် ယာမကာလိက၊ သတ္တာဟကာလိက၊ ယာဝဇီဝကတို့ကို နေလွဲ သောအခါ မှီဝဲသုံးဆောင်လျှင် ယခင်ပြဆိုခဲ့ပြီးသော ဥမ္မတ္တကတို့အားသာ အပ်ပေနိုင်မည်။ ယခင်ပြဆိုခဲ့ပြီးသော ဥမ္မတ္တကမှ တပါး ရာဂုမ္မတ္တက၊ ဒေါသုမ္မတ္တက၊ မောဟုမ္မတ္တက ပုဂ္ဂိုလ်တို့ အားကား မအပ်စင်စစ်ပင်တည်း။ ဤကား ပဥ္စမပုစ္ဆာ၏ ဝိသဇ္ဇနာတရပ် အပြီးသတ်တည်း။

(၆) ယင်း ကာလိကသုံးပါးတို့ကို ဝိကာလအခါ၌ အကြောင်းရှိမှ အပ်ကြောင်း ကျမ်းဂန်၌ ထင်ရှားရှိပါ၏လော ဟူသော ဆဋ္ဌမပုစ္ဆာ၌ ယာမကာလိက၊ သတ္တာဟကာလိက၊ ယာဝဇီဝကဟု ဆိုအပ်သော ကာလိကသုံးပါးကို အကြောင်းရှိမှ သုံးဆောင်အပ်ကြောင်း ကျမ်းဂန်၌ အထင်အရှားရှိသည်ကို-

သဗ္ဗကာလိက သမ္ဘောဂေါ၊ ကာလေ သဗ္ဗဿ ကပ္ပတိ။
သတိ ပစ္စယေ ဝိကာလေ၊ ကပ္ပတေ ကာလိကတ္တယံ-

ဟူ၍လာသော ခုဒ္ဒသိက္ခာ ပါဠိဂါထာကို ကောင်းစွာမြင်သဖြင့် သိအပ်၏။ ဤဂါထာ၌ သတိပစ္စယေ ဝိကာလေ-ဟူသော တတိယပါဒကို (ပစ္စယေတု ဝိကာလေပိ) ဟု ဆရာတော်တို့သည် ယ-ကိုဏ်းနှင့် ပြင်ကြကုန်၏။ ဤကာနှင့်မည်၊ ဤကာနှင့်ကား (သတိပစ္စယေ ဝိကာလေ)

ဟု ရ-ကိုဏ်းနှင့်ရှိမှ ညီသည်။ ဤဂါထာသည် ဆရာတော်တို့အလိုအားဖြင့် ပထျာဝတ္တဂါထာ၊ ဒီကာရှင်အလိုအားဖြင့် တတိယ ရကာရ ဝိပုလပါထာဖြစ်၍ သင့်လျော်သည်ချည်းဖြစ်သည်။

သဗ္ဗကာလိက သမ္ဘောဂေါ။ အလုံးစုံသော ကာလိကလေးပါးကို သုံးဆောင်ခြင်းသည်။ ကာလေ၊ အကပ်ခံသောနေ့ နံနက်အခါ၌။ သဗ္ဗဿ၊ နာ-မနာသော ရုဟန်းအား။ ကပ္ပတိ၊ အပ်၏။ ပစ္စယေ၊ ဂေလည်, ပိပါသ, ဆာတက အကြောင်းထူးသည်။ သတိ၊ ရှိသော်။ ကာလိကတ္တယံ၊ ယာမကာလိက, သတ္တာဟကာလိက, ယာဝဇီဝက ဟူသော ကာလိကသုံးပါးတို့၏ အပေါင်းသည်။ ဝိကာလေ၊ နေလွဲသောအခါ၌။ ကပ္ပတိ၊ အပ်၏။ ဤကား အနက်။

ဤခုဒ္ဒသိက္ခာ ပါဠိဂါထာ၌-သဗ္ဗကာလိကသမ္ဘောဂေါ၊ ကာလေသဗ္ဗဿကပ္ပတိ-ဟူသော ပုဗ္ဗဟ္ဒု၏အရ ပိဏ္ဍတ္ထကား ယနေ့ အကပ်ခံအပ်သော ကာလိကလေးပါးလုံးကိုပင် နံနက်အခါ၌ စားအပ်, စားထိုက်, စားကောင်း၏ ဟူလိုသည်။ သတိပစ္စယေ ဝိကာလေ၊ ကပ္ပတေ ကာလိ-ကတ္တယံ-ဟူသော အပရဟ္ဒု၏ ဒုဓိပ္ပဝယ်ကျ ပိဏ္ဍတ္ထကား ယာမကာလိက, သတ္တာဟကာလိက, ယာဝဇီဝကဟု ဆိုအပ်သော ကာလိကသုံးပါးတို့ကို ဂိလာန, ပိပါသ, ဆာတက ဟု ဆိုအပ်သော ပြောပလောက်သောအကြောင်း တစုံတရာရှိမူကား နေလွဲသမယ ဝိကာလ၌သော်လည်း စားအပ် စားထိုက် စားကောင်း၏ ဟူလိုသည်။

ဤသို့သေချာ ကျမ်းဂန်လာသောကြောင့် ယာမကာလိက၊ သတ္တာဟကာလိက၊ ယာဝ-ဇီဝကဟု ဆိုအပ်သော ကာလိက သုံးပါးတို့ကို ဂိလာန, ပိပါသ, ဆာတက အကြောင်းထူး ရှိမှသာ သုံးဆောင်မှီဝဲထိုက်ပေသည်။ အကြောင်းထူးမရှိ ပကတိသက်သက်ဖြင့်ကား မအပ် သည်သာတည်းဟု မြဲမြဲကြီး ယုံကြည်သင့်လှပြီ။ ဤကား ဆဋ္ဌမပုစ္ဆာ၏ ဝိသဇ္ဇနာတရပ် အပြီးသတ်တည်း။

(၇) အကြောင်းရှိမှ အပ်သည်ဆိုလျှင် အဘယ်အကြောင်းကြောင့် အဘယ်ကာလိကက အပ်ပါသနည်း ဟူသော သတ္တမပုစ္ဆာ၌ ယာမကာလိက၊ သတ္တာဟကာလိက၊ ယာဝဇီဝကဟု ဆိုအပ်သော ကာလိကသုံးပါးသည် အကြောင်းရှိမှ အပ်သော်လည်း ယာမကာလိကကို ဂေလည, ပိပါသ, ဆာတက အကြောင်းရှိလျှင် သုံးဆောင်အပ်၏။ သတ္တာဟကာလိက ယာဝဇီဝကတို့ကို ဂေလညအကြောင်းရှိမှ သုံးဆောင်အပ်သည်။ တပါးသော အကြောင်း ကြောင့် မအပ်။ ထို့ကြောင့် ခုဒ္ဒသိက္ခာဋီကာ၌-

သတိ ပစ္စယေတိ တီသု ယာမကာလိကံ ပိပါသာဒိ ကရဏေ သတိ သတ္တာဟ ကာလိကံ ယာဝ ဇီဝကဉ္စ ဂေလည ကာရဏေ သတိတိ အတ္ထော ဟူ၍ မိန့်အပ်ပြီ။

သတိပစ္စယေတိ တ္ထော၊ သတိပစ္စယေ ဟူသောပုဒ်၌။ အတ္ထော၊ အနက်ကို။ ဝေံ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။ တီသု၊ သုံးပါးကုန်သော ယာမကာလိက, သတ္တာဟကာလိက, ယာဝဇီဝကတို့တွင်။ ယာမကာလိကံ၊ ယာမကလိကကို။ ပိပါသာဒိ ကာရဏေ၊ ပိပါသစသော အကြောင်းသည်။ ဝါ၊ ပိပါသ, ဆာတက, ဂေလည အကြောင်းသည်။ သတိ၊ ရှိသော်။ သတ္တာဟကာလိကဉ္စ၊ သတ္တာဟကာလိကကိုလည်းကောင်း။ ယာဝဇီဝကဉ္စ၊ ယာဝ-

ဇီဒကကိုလည်းကောင်း။ ဂေလညကာရဏော၊ အနာတည်းဟူသော အကြောင်းသည်။ သတိ၊ ရှိသော်။ ဣတိ အယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။

ဤဠီကာပါဠ်၏ လိုရင်းအရ ပိဏ္ဍာတ္ထသော်ကား သတိပစ္စယော ဟူသော ပုဒ်အရဖြင့် ယာမကံဝလိက၊ သတ္တာဟကာလိက၊ ယာဝဇီဝက သုံးပါးတို့တွင် ယာမကာလိကကို ဂေလည-ဝိပါသ- ဆာတက-အကြောင်းရှိမူ သုံးဆောင်အပ်၏။ သတ္တာဟကာလိက ယာဝဇီဝကတို့ကို ဂေလညအကြောင်းရှိမှ အပ်သည်။ တဝါးသော အကြောင်းကြောင့် မအပ်ဟု အဓိပ္ပာယ်လာသည်။ ဤဠီကာပါဠ် အပေါင်းတွင် ပိပါသာဒိ ၌ အာဒိသဒ္ဒါဖြင့် ဆာတက ဂေလညကို ယူအပ်သည်။ ဂေလညနှင့် ဂိလာန အတူတူပင် အထူးမရှိ၊ မွတ်သိပ်သည်ကို ပိပါသ၊ ဆာလောင်သည်ကို ဆာတက၊ ဓာတုကွောဘ အနာကို ဂေလည ဆိုသည်။

ဝိနည်းအရာ၌ လဒ္ဓါပဒေသနုည်း ပါကြသော ဒုဒ္ခိုသော ဆရာတို့သည်- "အနုဇာနာမိ ဘိက္ခဝေ ဂိလာနဿ ဂုဠ် အဂိလာနဿ ဂုဠ္ဍောဒကံ" ဟူသော ပါဠိတော်ကို ဘွဲ့မြင်ကြ၍ ယင်းပါဠိတော်အရ ဘုရားရှင် အလိုတော်နှင့် ညီမျှအောင် အနက် အဓိပ္ပာယ်ကို မယူ၊ မိမိတို့ စားသောက်နေကျ အကျင့်နှင့် ညီမျှအောင် ကြံဆောင်ပြီးလျှင် ဂိလာနအားတင်လဲခဲကို ဘုရားရှင် ခွင့်ပြုတော်မူသည်။ ဂိလာနမဟုတ် ပကတိကျန်းမာသော ရဟန်းအားတင်လဲခြင်းကို ဘုရားရှင် ခွင့်ပြုတော်မူသည်ဖြစ်၍ တင်လဲရည်ကိုပင် ကျန်းမာသော ရဟန်းတို့အပ်သဖြင့် ယာဝဇီဝကကိုကား အဘယ်ဆိုဖွယ်ရာ ရှိတော့မည်နည်း။ သာ၍ပင် အပ်တော့သည်ဟု မွတ်ယူပြောဆိုကြသည်။ ဤသို့ ယူမှတ်ခြင်းသည် ထိုဆရာတို့၏ အဉာဏ အတိမုယ့်ကမျှသာ ဖြစ်ပေသည်။ ဘုရားရှင် အလိုတော်နှင့်ကား မညီပေ။ ယင်းပါဠိတော်ကို ဘုရားရှင် အလိုတော်နှင့် ညီမျှအောင်ကား ဤသို့ ဆုံးဖြတ်အပ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဂိလာနဿ၊ နာသောရဟန်းအား။ ဂုဠ်၊ တင်လဲခဲကို။ အဂိလာနဿ၊ မနာမဖျား ပိပါသ-ဆာတက- အကြောင်းရှိသော ရဟန်းအား။ ဂုဠ္ဍောဒကံ၊ ရေနှင့်ရောသောတင်လဲကို။ အနုဇာနာမိ၊ ငါဘုရား ခွင့်ပြုတော်မူ၏။ ဤကား- အနက်။

ဤပါဠိတော်၏ အဓိပ္ပာယ်သော်ကား နာဖျားမကျန်း ပင်ပန်းသော ရဟန်းတို့အားတင်လဲခဲကို ငါဘုရား ခွင့်ပြုတော်မူ၏။ မဖျား မနာ ချမ်းသာသော ရဟန်းအား ပိပါသ-ဆာတက- အကြောင်းရှိသော် ရေနှင့်ရောသော တင်လဲကို ငါဘုရား ခွင့်ပြုတော်မူ၏ ဟူလိုသည်။ ထို့ကြောင့် သမန္တပါသာဒိက အဋ္ဌကထာ၊ ဘေသဇ္ဇခန္ဓကအဋ္ဌကထာ၌ ဤ ချပ်၌-

ဂိလာနဿ ဂုဠ္ဍန္တိ တထာရူပေန ဗျာဓိနာ ဂိလာနဿ ပစ္စယဘာတံ ဂုဠ်
အနုဇာနာမိတိ အတ္ထော-ဟူ၍ မိန့်ဆိုတော်မူပြီ။

ဂိလာနဿ ဂုဠ္ဍန္တိ၊ ဂိလာနဿ ဂုဠ် ဟူသည်ကား။ တထာရူပေန၊ ထိုတင်လဲခဲဆေးအားလျော်ကန်ပတ်သော။ ဗျာဓိနာ၊ အနာဖြင့်။ ဂိလာနဿ၊ နာသောရဟန်းအား။ ပစ္စာဘဝတ်တံ၊ ဆုံမိးစားပြုးသည်မှနောက် ပိကာလအခါသို့ ရောက်သောအခါ၌။ ဂုဠ်၊ သတ္တာဟကာလိက ဖြစ်သောတင်လဲခဲကို။ အနုဇာနာမိ၊ ငါဘုရား ခွင့်ပြုတော်မူ၏။ ဤကား- အနက်။

အခဏ်ဆဲ့ဝာ၊ ဂိလာနသာ ဂုဠ်ဟူသောပုဒ်၏ အနက်တည်း။ ဤသို့ အဌကထာပါဠ်ကို ယောဇနာလေ၊ အဓိပ္ပါယ်ကား မခဲ့ပြီ။

ဤသို့လျှင် အဌကထာ၌ ဂိလာနသာ ဂုဠ်-ဟူသော ပါဠိတော်ပါဠ်ကိုသာ ဖွင့်တော်မူ၍ အဂိလာနသာ ဂုဠ်ဌောဒကံ ဟူသော ပါဠိတော်ကို အဌကထာဆရာ မဖွင့်ပြသော်လည်း ယခင်ပြဆိုခဲ့ပြီးသော "အနာပတ္တိ ယာမကာလိကံ သတ္တာဟကာလိကံ ယာဝဇီဝိကံ သတိပစ္စယေ ဘုဥ္ဇတိ" ဟူသော ဘိက္ခုဝိဘင်းပါဠိတော်ကို ထောက်သဖြင့် အဂိလာနပုဂ္ဂိုလ်အား ရေနှင့်ရောသော တင်လဲကို နေလွဲသောအခါ၌ ပိပါသ-ဆာတက အကြောင်းရှိမှ အပ်သည်၏အဖြစ်လည်းလည်းကောင်း၊ ဤယခု ဖွင့်ပြအပ်သော တထာရူပေန ဗျာဓိနာ ဟူသော ပါဠ်ဖြင့်လည်း တထာရူပ ပိပါသ-ဆာတက အကြောင်းရှိမှသာ အဂိလာနပုဂ္ဂိုလ်အား နေလွဲသော အခါ၌ ရေနှင့်ရောသောတင်လဲကို ပါနပရိဘောဂဖြင့် သုံးဆောင်အပ်သော အဖြစ်သည်လည်းကောင်း ပါကဋ်တရ ဖြစ်လှပေသည်။ ဝါ၊ ထင်ရှားလှပေသည်။

ထိုကြောင့် ဘုကြီးတော်လက်ထက် နန်းမတော် မိဖုရားကြီး မယ်နုတို့ ကိုးကွယ်အပ်သော မဟာအောင်မြေ ဘုံစံအုတ်ကျောင်းတော်ကြီး၌ သီတင်းသုံးနေတော်မူသော (စက္ကိန္ဒာဘိသီဂိသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု) တံဆိပ်တော်ရသော ဆရာတော် ဘုရားကြီးသည် ယခင်ပြဆိုအပ်ခဲ့ပြီးသော အဓိပ္ပါယ်အတိုင်းပင် နှစ်သက်တော်မူလှသောကြောင့်-

"ဂိလာနသာ ဂုဠ်ဿ တထာရူပေန ဗျာဓိနာ ဂိလာနသာ ပစ္စာဘာတ္တံ ဂုဠ် အနုဇာနာမိတိ အာဒတ္ထာ" ဟူသော အဌကထာ၌ တထာရူပဗျာဓိကြောင့် ဂိလာနသည် ပစ္စာဘာတ္တ၌ ဂုဠ်ကို သတ္တာဟကာလိကံ ဘေသဇ္ဇပရိဘောဂဖြင့် သုံးဆောင်အပ်၏ဟု သိအပ်သကဲ့သို့ အဂိလာနသာ ဂုဠ်ဌောဒကံ ပုဒ်ကို။ "အဂိလာနသာ ဂုဠ်ဌောဒကန္တိ အာသတိပိ တထာရူပေ ဗျာဓိမ္ပိ တထာရူပါယ ဝိပါသာယ အဂိလာနသာ ပစ္စာဘာတ္တံ ဂုဠ်ဌောဒကံ ပါနပရိဘောဂေန ပရိဘုဉ္ဇိတုံ အနုဇာနာမိတိ အာတ္ထာ" ဟူသော အနက်၏ ဥတ္တာနတ္ထဖြစ်သောကြောင့် တထာရူပဗျာဓိ မရှိသော်လည်း တထာရူပ ပိပါသကြောင့် အဂိလာနသည် ပစ္စာဘာတ္တ၌ ဂုဠ်ဌောဒကံကို ယာမကာလိက ပါနပရိဘောဂဖြင့် သုံးဆောင်အပ်၏ဟု သိအပ်ရကား တထာရူပဗျာဓိ၊ တထာရူပပိပါသ အကြောင်းအာဟူး၊ အာရောဂျ ပိပါသစ္ဆေဒန အကျိုးထူး ဘေသဇ္ဇပါနပရိဘောဂအထူး၊ ဂိလာနာ ဂိလာန ဟူသော အနုဇာနန ပဋိဂ္ဂါဟကသမ္မဒါန် အထူးအားဖြင့် ကာလိကသမ္ဘိန္နမဖြစ်၊ အသမ္ဘိန္နသာဖြစ်၏ဟူပေ ဟူ၍ ခုဒ္ဒသိက္ခာနိဿယ၌ ရေးသားဆုံးဖြတ်တော်မူခဲ့ပေသည်။

အဂိလာနသာ ဂုဠ်ဌောဒကန္တိ၊ အဂိလာနသာ ဂုဠ်ဌောဒကံ ဟူသည်ကား။ တထာရူပေ၊ ထိုရေနှင့်ရောသော တင်လဲကို သုံးဆောင်ခြင်းအား လျောက်ပတ်သော။ ဗျာဓိမ္ပိ၊ အနာသည်။ အာသတိပိ၊ မရှိသော်လည်း။ တထာရူပါယ၊ ထိုရေနှင့်ရောသော တင်လဲအား လျောက်ပတ်သော။ ပိပါသာယ၊ မွတ်သိပ်ခြင်းဖြင့်။ အဂိလာနသာ၊ မနာမဖျားသော ရဟန်းအား။ ပစ္စာဘတ္တံ၊ ဆွမ်းစားပြီးနောက် နေလွဲသောအခါသို့ ရောက်သောကာလ၌။ ဂုဠ်ဌောဒကံ၊ ရေနှင့်ရောသော တင်လဲကို။ ပါနပဘောဂေန၊ အဖျော်ဟူသော သုံးဆောင်ခြင်းဖြင့်။ ဂိလာနသာ၊ သုံးဆောင်ခြင်းငှာ။ အနုဇာနာမိ၊ ငါဘုရား ခွင့်ပြုတော်မူ၏။ ဤတိအယံ၊

ဤသည်ကဲ့။ အတ္ထော၊ အဂိလာနသာ ဂုဏ္ဍောဒကံ ဟူသောပုဒ်၏ ဘုရားရှင်အလိုတော်ကျ အတိသာရဖြစ်သော အနက်ပင်တည်း။ ဤကား-အောင်မြေဘုံစံ အုတ်ကျောင်း ဆရာတော် ဘုရားကြီး၏ အဂိလာနသာ စသောပါဠိ၏ အနက်တည်း။

ဤအောင်မြေဘုံစံ အုတ်ကျောင်းတော်ကြီး၌ သီတင်းသုံးနေတော်မူသော (စက္ကိန္ဒာဘ်-သီရိသဒ္ဓမ္မဓဇမဟာဓမ္မရာဇာဓိရာဇဂုရု) တံဆိပ်တော်ရသော ဆရာတော်ဘုရားကြီးသည် ယခု မြန်မာနိုင်ငံပေါ်တွင် အတုမရှိလောက်မျှ ကျမ်းဂန်၌ လိမ္မာတော်မူလှပေသည်။ သိက္ခာကဲ့မ၊ လဇ္ဇီပေသလ၊ ဝိနယဂရုက ဂုဏ်နှင့် ပြည့်စုံတော်မူလှပေသည်ဟု အထက်အောက် မြန်မာနိုင်ငံတော်ရှိ ဆရာတော်၊ ဆရာတော် ဟူသမျှတို့၏ ထောမနာသံကိုလည်း အတန်တန်ကြား ရဖူးသဖြင့် လည်းကောင်း၊ အုတ်ကျောင်း ဆရာတော်ကြီး၏ ဝိနိစ္ဆယကို ယုံကြည်မြတ်နိုး သောအားဖြင့် လည်းကောင်း၊ ထိုထို ဆိုအပ်ခဲ့ပြီးသမျှသော အဋ္ဌကထာ ဋီကာတို့ကို ထောက်ရှု ယုံကြည်သောအားဖြင့် လည်းကောင်း၊ အာစာရကုလပုတ္တ ဖြစ်ကုန်သော အမျိုးကောင်း သား‌တို့သည် ယာမကဝါလိက ဝတ္ထုကို ဂေလည-ဝိပါသ-ဆာတက အကြောင်းထူး ဝိသေသ ရှိမှ သုံးဆောင်ကောင်းသည်။ သတ္တာဟကာလိက၊ ယာဝဇီဝက ဝတ္ထုတို့ကို ဂေလည အကြောင်း ရှိမှ သုံးဆောင်အပ်သည်ဟု မြဲမြံကြီး ယုံကြည်သင့်လှပြီ။

ယင်းသို့ဖြစ်၍ ယခုကာလ အရပ်ရပ်ဒေသ၌ပင် အလှူမဏ္ဍပ်စသည်တို့၌ အလှူရှင်ပြု စသည်တို့၌လည်း ရဟန်းသာမဏေတို့အား လည်းကောင်း၊ လူ သီတင်းသည်တို့အားလည်း ကဲ့ဝင်း အဖျော်ရည်၊ ရှာလပတ်ရည်၊ လင်မနစ်ခေါ်သော ဘိလပ်ရည်များကို ကပ်လှူ ဝေငှကြကုန်၏။ ဤအရည်တို့သည် ယာမကာလိက စင်စစ်ဖြစ်ခဲ့ရကား ယင်းအရည်များကို ဝိကာလ ၂ခါ၌ မှီဝဲသုံးဆောင်သော ရဟန်းသာမဏေ လူသီတင်းသည်တို့အား ဆိုအပ်ခဲ့ပြီးသော ဂေလည ပိပါသ-ဆာတက အကြောင်းမရှိလျှင် မအပ်နှင်နှင်သာတည်းဟူ၍ သန္နိဋ္ဌာန်ကျမှတ်ယူရမည်။ ဤကား-သတ္တမပုစ္ဆာ၏ ဝိသဇ္ဇနာ စကားတရပ် အပြီးသတ်တည်း။

(ဂ) ခံတွင်း ချဉ်ခြင်းသည် ဂိလာနပင် မဟုတ်ပါလော ဟူသော အဋ္ဌမပုစ္ဆာ၌ ခံတွင်းချဉ်ခြင်းကို ဂိလာနဟု ပိဋ္ဌကတ်သုံးပုံ၌ မရှိ၊ ဓာတ်ချောက်ချားခြင်းကြောင့် ဖြစ်သော ကာယိကဒုက္ခ ဝေဒနာကိုသာ ဂိလာနဟု ကျမ်းဂန်တို့၌ လာသည်၊ လာဟန်ကား။

ပဋိသန္ဓေါယောနိသော ဂိလာနုပစ္စယ ဘေသဇ္ဇပရိက္ခာရံ ပဋိသေဝါမိ၊ ယာဝ-ဒေဝ ဥပ္ပန္နာနံ ဝေယျာဗာဓိကာနံ ဝေဒနာနံ ပဋိဃာတာယ၊ အဗျာပဇ္ဈ ပရမတ္ထာယ ဟူသော ပစ္စဝေက္ခဏာ ပါဠိ၌၊ ဂိလာနပစ္စယ ဘေသဇ္ဇပရိက္ခာရံ-ဟူသော ပါဠ်ကို၊

ဂိလာန ပစ္စယဘေသဇ္ဇ ပရိက္ခာရန္တိတ္ထေ ရောဂဿ ပဋိအနယဋ္ဌေ ပစ္စယော၊ ပစ္စနိက ဂမနဋ္ဌေနာတိ အတ္ထော၊ ယဿကဿစိ သပ္ပါယသော်တံ အဓိဝစန-ဟူ၍ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ ၁၃-ကြောင်းပေ-ကဲ့ချပ်၌ ဖွင့်ဆိုအပ်ပြီ။

ဂိလာန ပစ္စယ ဘေသဇ္ဇ ပရိက္ခာရန္တိတ္ထေ၊ ဂိလာနပစ္စယ ဘေသဇ္ဇပရိက္ခာနံ ဟူသော ပုဒ်၌။ အတ္ထော၊ အနက်ကို။ ဧဝံ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ရောဂဿ၊ ဓာတ်ချောက်ချားခြင်းကြောင့်ဖြစ်သော ကာယိက ရောဂါ၏။ ပဋိအယနဋ္ဌေ၊ ဆန့်ကျင်ဘက်သို့

ရောက်စေတတ်သော အနက်ကြောင့်။ ပစ္စယော၊ ပစ္စယမည်၏။ ပစ္စနိက ဂမနဋ္ဌေန၊ ဆန့်ကျင်ဘက်သို့ ရောက်စေတတ်သော အနက်ကြောင့်။ ဤတိအယံ၊ ဤသည်လျှင်။ အတ္ထော၊ အနက်တည်း။ တေံ၊ ဤ ပစ္စယ ဟူသော အမည်သည်။ ယဿဂ္ဂဿစိ၊ အမှတ်မရှိ တခုခု ဆော။ သပ္ပါယဿ၊ ဓာတ်ချောက်ချားခြင်းကြောင့် ဖြစ်သောအနာကို ပျောက်စေနိုင်သော သပ္ပါယ ဆေး၏။ အဓိဝစနံ၊ အမည်တည်း။ ဤကဲ့သို့-အနက်။

ဤအဋ္ဌကထာပါဠိအပေါင်းတို့တွင် "ဂိလာန ပစ္စယ ဘေသဇ္ဇ ပရိက္ခာ ရန်တို့ထွေ ရောဂဿ ပဋိအယနဋ္ဌေန ပစ္စယော" ဟူသော ပါဠိဖြင့် ဂိလာနပစ္စယော ဟူသောပုဒ်၌ ပစ္စယသဒ္ဒါကို "ပဋိပက္ခံ အယတိ ပဝတ္တတိ ဂစ္ဆတိ ဇေတေနာတိ ပစ္စယော" ဟူသော ဝစနတ္ထကို အဋ္ဌကထာဆရာ ဖွင့်ပြတော်မူသည်။

"ပစ္စနိက ဂမနဋ္ဌေန" ဟူသော ပါဠိဖြင့် ပဋိအယနဋ္ဌ ဟူသည်ကား ဓာတ်ချောက်ချားခြင်း လက္ခဏာရှိသော ရောဂါ၏လည်းကောင်း၊ ဓာတ်ချောက်ချားခြင်းကြောင့်ဖြစ်သော ကာယိကဒုက္ခသည် ဝေဒနာလက္ခဏာရှိသော ရောဂါ၏လည်းကောင်း ပဋိပက္ခဘာဝပင်တည်း။ ထိုပဋိပက္ခဘာဝ ဟူသည်လည်း ယင်းရောဂါကို ပျောက်ငြိမ်းစေနိုင်ခြင်းပင်တည်း ဟူ၍ အဋ္ဌကထာဆရာ ဖွင့်ပြတော်မူအပ်သည်။ ထို့ကြောင့် ဝိသုဒ္ဓိမဂ်ဋီကာ ၁၀-ကြောင်းပေ-ကူချပ်၌။

ဓာတုက္ခောဘ လက္ခဏဿ တံ ဟေတုက ဒုက္ခဝေဒနာ လက္ခဏဿ ရောဂဿ ပဋိပက္ခ ဘာဝေါ ပဋိအယနဋ္ဌော တေနာဟ ပစ္စနိက ဂမနဋ္ဌေနာတိ အတ္ထော၊ ဝူပသမနဋ္ဌေနာတိ ဝုတ္တံ ဟောတိ ဟူ၍ ဖွင့်ဆိုတော်မူအပ်ပြီ။

ဓာတုက္ခောဘ လက္ခဏဿ၊ ဓာတ်ချောက်ချားခြင်း လက္ခဏာရှိသော။ ရောဂဿေါ၊ ရောဂါ၏လည်းကောင်း။ ပဋိပက္ခဘာဝေါ၊ ဆန့်ကျင်ဘက်၏ အဖြစ်သည်။ ပဋိအယနဋ္ဌော၊ ပဋိအယနဋ္ဌမည်၏။ တေန၊ ထို့ကြောင့်။ ပစ္စနိကဂမနဋ္ဌေနာတိ အတ္ထောတိ၊ ပစ္စနိကဂမန-ဋ္ဌေနဲ့ာတိ အတ္ထောဟူ၍။ ဝုတ္တံ၊ ဆိုအပ်၏။ ဝူပသမနဋ္ဌေန၊ ဓာတ်ချောက်ချားခြင်းကြောင့် ဖြစ်သော ရောဂါကို ပျောက်ငြိမ်းစေနိုင်သော အနက်ကြောင့်။ ဤတိ၊ ဤသို့။ ဝုတ္တံ- ဝုတ္တော၊ ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏။ ဤကား အနက်။ ယင်းဋီကာ၏ အဓိပ္ပာယ်ကား ထင်ရှား သဖြင့် သိလွယ်ပြီ။

"ယဿ ကဿစိ သပ္ပါယသေတံ အဓိဝစနံ" ဟူသော ယခင်အဋ္ဌကထာ ပါဠိဖြင့်လည်း ဂိလာနပစ္စယ၏ အရ ဓာတ်ချောက်ချားခြင်းကြောင့် ဖြစ်သော အနာကို ပျောက်စေနိုင်သော အမှတ်မရှိသော လူနာ၏ အစီးအပွားဖြစ်သော သပ္ပါယဆေးပစ္စည်းကိုသာ ယူရမည်ဟု ပြတော်မူအပ်သည်။ ထို့ကြောင့် ယင်းဋီကာ၌ပင်- "သပ္ပါယဿာတိ ဟိတဿ ဝိကာရ ဝူပသမနဋ္ဌေနာတိ အဓိပ္ပါယော" ဟူ၍ ဖွင့်ပြတော်မူအပ်သည်။

သပ္ပါယဿာတိ၊ သပ္ပါယဿ ဟူသည်။ ဝိကာရ ရူပသမနဋ္ဌေန၊ အနာတည်းဟူသော ဖောက်ပြန်ခြင်းမှ ငြိမ်းသဖြင့်။ ဟိတဿ၊ အစီးအပွားများလော။ ဤတိ အယံ၊ ဤသည်ကား။ အဓိပ္ပာယော၊ အဓိပ္ပာယ်တည်း။ ဤကား အနက်။

ဧဘသင္ဇ- ဟူသော ပုဒ်ကိုလည်း (ဘိသဂ္ဂဿ ကမ္မံ ဘေသင္ဇံ) ဟု ကမ္မတဒ္ဓိတ်ပြု၊ ဘေသင္ဇ ဟူသောပုဒ်နှင့်လည်း ဂိလာန ပစ္စယ ဟူသောပုဒ်ကို "ဂိလာနပစ္စယော ဧဘသင္ဇံ ဂိလာနပစ္စယဘေသင္ဇံ" ဟူ၍ ကမ္မဓာရယ် သမာသ် ဝစနတ္ထပြု။ ပရိက္ခာရသဒ္ဒါနှင့်လည်း "ဂိလာနပစ္စယဘေသင္ဇဉ္စ တံ ပရိက္ခာရောစာတိ ဂိလာနပစ္စယဘေသင္ဇပရိက္ခာရော ဟု ကမ္မဓာရယ် သမာသ် ဝစနတ္ထပြု။ ပရိက္ခာရသဒ္ဒါသည်လည်း "သတ္ထာဟိ ဂရုပရိက္ခာရေဟိ ဥဂ်္ဂဏ်္ဍတ္တံ ဧဟာတိ" ဟူသောပါဠ်၌ ပရိဝါရအနက်ကို ဟောသည်။ "ရထောသေလ ပရိက္ခာရော စျာနေက္ခာစက္ကဝိရိယော" ဟူသော ပါဠ်၌ အလင်္ကာရ အနက်ကိုဟောသည်။ "ယေကေစိ မေ ပဗ္ဗဇိတေ ဇီဝိတ ပရိက္ခာရော သမုဒါနေတဗ္ဗော" ဟူသောပါဠ်၌ သမ္ဘာရ အနက်ကိုဟောသည်။ ဤအရာ၌ကား ပရိဝါရအနက် သမ္ဘာရအနက် ၂-ပါး သင့်သည်။ ထို့ကြောင့် ယင်းအဋ္ဌကထာ၌-

တဥ္စ ဂိလာနပစ္စယဘေသင္ဇံ၊ ဇီဝိတဿ ပရိဝါရောပိ ဟောတိ၊ ဇီဝိတနာသကာဗာဓုပ္ပတ္တိယာ အန္တရံ အဒတ္ဝာ ရက္ခနတော သမ္ဘာရောပိ၊ ယထာ စိရံ ပဝတ္တတိ ဧဝမသာ ကာရကဿ ဘာဝတော၊ တသ္မာ ပရိက္ခာရောတိ ဝုစ္စတိ ဟု မိန့်တော်မူအပ်၏။

ဟိ သစ္စံ၊ မှန်၏။ တံ ဂိလာန ပစ္စယ ဘေသင္ဇံ၊ ထိုဒုန်း၏ ဆန့်ကျင်ဘက်သို့ ရောက်စေတတ်သော ဆေးပစ္စည်းသည်။ ဇီဝိတဿ၊ အသက်၏။ ပရိဝါရောပိ၊ အရံအတားသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဇီဝိတနာသကာဗာဓုပ္ပတ္တိယာ၊ အသက်ကို ဖျက်ဆီးတတ်သော အနာဖြစ်ခြင်း၏။ အန္တရံ၊ အခွင့်ကို။ အဒတ္ဝာ၊ မပေးမူ၍။ ရက္ခနတော၊ စောင့်တတ်သောကြောင့်။ သမ္ဘာရောပိ၊ အကြောင်းသည်လည်း။ ဟောတိ၊ ဖြစ်၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်း ဟူမူကား။ ယထာ၊ အကြင်အခြင်းအရာအားဖြင့်။ ပဋိသေဝိယမာနော၊ ဆေးကို မှီဝဲသည်ရှိသော်။ စိရံ၊ ကြာမြင့်စွာ။ ပဝတ္တတိ၊ ဖြစ်၏။ ဧဝံတထာ၊ ထိုသို့သောအခြင်းအရာအားဖြင့်။ အသာ၊ ထိုဇီဝိတိန္ဒြေ၏။ ကာရကဘာဝတော၊ ကြာမြင့်စွာ ဖြစ်ခြင်း၏ အကြောင်း၏ အဖြစ်ကြောင့်တည်း။ တသ္မာ၊ ထို့ကြောင့်။ ပရိက္ခာရောတိ၊ ပရိက္ခာရော ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဤကား· အနက်။

အဓိပ္ပာယ်ကား အနာ၏ ဆန့်ကျင်ဘက်သို့ရောက်သော ဆေးပစ္စည်းသည် ကျုံးမြောင်းသည် မြို့၏အရံအတား အစောင့်အရှောက်လည်း ဖြစ်၏။ မင်းခယောကျ်ားသည် ရန်သူတို့၏ အခွင့်ကိုမပေးမူ၍ မင်းကိုခြံရံစောင့်ရှောက်သကဲ့သို့ အနာ၏အခွင့်ကို မပေးမူ၍ ဇီဝိတိန္ဒြေကို စောင့်ရှောက်သောကြောင့် ဇီဝိတိန္ဒြေ၏ အကြောင်းလည်းဖြစ်၏။ အဘယ်ကြောင့်နည်း ဟူမူ ဆေးကိုမှီဝဲသည်ရှိသော် အကြင်အခြင်းဖြင့် ကြာမြင့်စွာဖြစ်၏။ ထိုအခြင်းဖြင့် ဇီဝိတိန္ဒြေ၏ ကြာမြင့်စွာတည်ခြင်း၏ အကြောင်းဖြစ်သောကြောင့်တည်း။

အလုံးစုံသော စကားရပ်တို့၏ လိုရင်းအဓိပ္ပာယ် စကားစုကား ဓာတ်ချောက်ချားခြင်းကြောင့် ဖြစ်ဒသာ ဇီဝိတိန္ဒြေ၏ အန္တရာယ်ဖြစ်သော အနာ၏ဆန့်ကျင်ဘက်သို့ ရောက်သော ဆေးသမားတို့သည် စီရင်အပ်သော ဇီဝိဘိန္ဒြေ၏ အရံအတား အစောင့်အရှောက် ဇီဝိတိန္ဒြေ၏ ရှည်ကြာမြင့်စွာ တည်ခြင်း၏အကြောင်းကို ဂိလာနပစ္စယဘေသင္ဇ ပရိက္ခာရ ဟူ၍ ဆိုအပ်ကုန်ဟူလိုသည်။

ဤသို့လာသော အဋ္ဌကထာ ဋီကာတို့ကို ထောက်ရှုဖြင့် ဂိလာနဟူသည် ဓာတ် ချောက်ချားခြင်းကြောင့်ဖြစ်သော ဇီဝိတိန္ဒြေ၏ အန္တရာယ်ဖြစ်သော အနာကိုသာ (ဂိလာန)ဟု မြဲမြံကြီး ယုံကြည်သင့်လှပြီ။

တနည်းလည်း။ ယင်း ပေစ္စဝေက္ခဏာ ပါဠိဌ် "ဝေယျာ ဗာဓိကာနံ၊ ဝေဒနာနံ" ဟူသောပုဒ်တို့ကိုလည်း "ဝေယျာဗာဓိကာနန္တိ ဧတ္ထ ဗျာပါဓောတိ ဓာတုက္ခောဘောဝေါ၊ တံ သမုဋ္ဌာနာဝစ ကုဋ္ဌ ဂန္ဓ ပိဋ္ဌကာဒယော၊ ဗျာပါဓတော ဥပ္ပန္နတ္တာ ဝေယျာဗာဓိကာ၊ ဝေဒနန္တိ ဒုက္ခဝေဒနာ အကုသလဝိပါက ဝေဒနာ" ဟူ၍ ဝိသုဒ္ဓိမဂ်အဋ္ဌကထာဌ် ဖွင့်ပြတော်မူအပ်ပြီ။

ဝေယျာဗာဓိကာနန္တိ ဧတ္ထ၊ ဝေယျာဗာဓိကာနံ-ဟူသောပုဒ်ဌ်-ဗျာပါဓေါတိ၊ ဗျာပါဓ ဟူသည်ကား။ ဓာတုက္ခောဘောဓ၊ ဓာတ်ချောက်ချားခြင်းလည်းကောင်း။ တံသမုဋ္ဌာနာ၊ ထို ဓာတ်ချောက်ချားခြင်းကြောင့်ဖြစ်သော။ ကုဋ္ဌ ဂန္ဓ ပိဋ္ဌကာဒယောဓ၊ နူနာ-အိုင်းနာ-ထွတ်နာ အစရှိကုန်သော အနာတို့သည်လည်းကောင်း။ ဗျာပါဓေါ၊ ဗျာပါဓ မည်၏။ ဗျာပါဓတော၊ ဓာတ်ချောက်ချားခြင်း၊ ဓာတ်ချောက်ချားခြင်းကြောင့် ဖြစ်သော နူနာ-အိုင်းနာ ထွတ်နာ စသည်ကြောင့်။ ဥပ္ပန္နတ္တာ၊ ဖြစ်သည်၏ အဖြစ်ကြောင့်။ ဝေယျာဗာဓိကာ၊ ဝေယျာဗာဓိက မည်၏။ ဝေဒနန္တိ၊ ဝေဒနံ ဟူသည်ကား။ ဒုက္ခဝေဒနာ၊ ကာယိကဒုက္ခဝေဒနာတည်း။ အကုသလဝိပါကဝေဒနာ၊ အကုသိုလ်၏ အကျိုးဖြစ်သော ကာယိကဒုက္ခဝေဒနာတည်း။ ဤကား အနက်။

ဤအဋ္ဌကထာပါဌ်ဖြင့် ဓာတ်ချောက်ချားခြင်းသည်လည်းကောင်း၊ ဓာတ်ချောက်ချားခြင်းကြောင့်ဖြစ်သော နူနာ-အိုင်းနာ-ထွတ်နာသည်လည်းကောင်း၊ အာဒိသဒ္ဒါဖြင့် လေနာ-ရင်နာ၊ ညောင်းညာကိုက်ခဲသောအနာ၊ အစာမကျေသောအနာ၊ အော့နာဝမ်းကျ အစရှိသော ကာယိကဒုက္ခ၏ အကြောင်းဖြစ်သော အနာမျိုးဟူသမျှသည် ဗျာပါဓ မည်၏။ ထို ဗျာပါဓ ကြောင့်ဖြစ်သောကာယိကဒုက္ခဝေဒနာသည် ဝေယျာဗာဓိကမည်၏ ဟူ၍လည်းကောင်း၊ ဝေဒနာ ဟူသည်ကား ဒုက္ခဝေဒနာတည်း။ ဒုက္ခဝေဒနာဟူသည်လည်း အကုသိုလ်၏ အကျိုးဖြစ်သော ကာယိကဒုက္ခဝေဒနာတည်းဟု ပြတော်မူသည်။

ဤဋ္ဌလည်း ဒုက္ခဝေဒနာဟူသည် အနုဘဝနနည်းအားဖြင့် အကုသိုလ်လက္ခဏာရှိသော ဒုက္ခဝေဒနာလည်း ရှိခဲ့ရကား ထိုအကုသိုလ်လက္ခဏာရှိသော ဒုက္ခဝေဒနာကို စင်စစ်-နှစ်စေ လိုသောကြောင့် အကုသလဝိပါကဝေဒနာဟု ဆင့်၍ ဖွင့်တော်မူသည်။ ယင်းဝေယျာဗာဓိကာနံ ဝေဒနာနံဟူသောပုဒ်တို့သည် တုလျာဓိကရဏ ဖြစ်ကြ၍ ကာယိကဒုက္ခဝေဒနာကိုချည်း ဟောကြသည်၊ ဤ ၂-ပုဒ်တို့တွင် ပဓာနဖြစ်သော ဝေဒနာနံ ဟူသောပုဒ်ကို ယင်းပစ္စဝေက္ခဏာပါဠိ ပဋိ-ဃဝဘာယ-ဟူသောပုဒ်နှင့် သမ္ဗန္ဓပြု၍ ဓာတ်ချောက်ချားခြင်းကြောင့်လည်းကောင်း၊ ဘေတ် ချောက်ချားခြင်းကြောင့်ဖြစ်ကုန်သော ရောဂါတို့ကြောင့်လည်းကောင်း ဖြစ်ကုန်သော ဒုက္ခ-ဝေဒနာတို့ကို ပယ်ဖျောက်ခြင်းငှာ ဆေးပစ္စည်းကို မှီဝဲပါ၏ဟု ဆင်ခြင်ရကြောင်းကိုသာ ကျမ်းဂန်အဋ္ဌကထာ ဋီကာတို့၌ လာသည်၊ ခံတွင်းချဉ်ခြင်း အာပုပ်ခြင်းကို ပယ်ဖျောက်ခြင်းငှာ မှီဝဲပါ၏ဟု ဆင်ခြင်ရသောအရာ ကျမ်းဂန်တို့၌ အဆိုအလာမရှိ၊ ထို့ကြောင့် ရှိသောကြောင့် ပဋိသန္ဓေကပင် စွဲကပ်ပါလာသော ခံတွင်းချဉ် အာပုပ်ကို အနာတခု မပြုလုပ်သင့်ပြီ။

ထိုမှတပါးလည်း အဝမ္ဘိုတည် မင်းတရားကြီး၏ ညီတော်လက်ထက်၌ ဝိနန္ဒာသဘာအမည်ရှိသော မထေရ်သည် စီရင်ရေးသားတော်မူအပ်သော သီလဝိဿောဓနီ မည်သော ကျမ်းဟောင်း၌လည်း မန် လည် ဆ ရာ တော် ဘု ရား ကြီး သည် မုခရင်သိကွာပုဒ်ကို ရိုသေသောအားဖြင့် အချင်းခပ်သိမ်း ကွမ်းမစားဟု မုန်တောဆရာတော် မိန့်ဖူးသည်။ မုခရင် ဟူသည်ကား နှုတ်ခမ်းကို နီစေတတ်သော ဝတ္ထုဖြင့် နှုတ်ခမ်းကို ဆိုးသည်ကို ဆိုလိုသည်။ ရဟန်းဖြစ်သူသည် နှုတ်ခမ်မဆိုးအပ်ဟု ပယ်တော်မူချက် ဝိနည်းရှိချေသည်၊ သတိရှိကြစေ။ ကိုယ်တော်အရှင်ကား မည်သို့စားပါသနည်းဟု လျှောက်သည်ကို ငါကား နေမလဲမီ ကွမ်းစား၏။ စားသော်လည်း နှုတ်ခမ်းမနီအောင် ပုဝါကို ရေဆွတ်တိုက်၍ စားသည်ဟု မုန်တော ဆရာတော် မိန့်၏။

ဒုကိုဋ္ဌတင်ဆရာတို့ နေလဲကွမ်းစားသူ မျှားသည်။ သက်နိုးရုံဂုဏ်းဆရာတို့ နေလဲကွမ်းစားသူ နည်းသည်။ ကွမ်းသည် ယာဝဇီဝကဝတ္ထု ဖြစ်သော်လည်း ကာလမရွေး စားလိုရာမစားရခေျ၊ ရောဂါရှိလျှင် ထိုရောဂါကို ပယ်ဖျောက်နိုင်သော ယာဝဇီဝကဝတ္ထုကို ထိုရောဂါ ပယ်ဖျောက်ခြင်းငှာ ကာလမရွေး စားအပ်သည်၊ စားလိုရာ မစားဖအပ်ခေျ ဟူ၍လည်း မိန့်တော်မူသည်။ ငါတို့ဆရာတော်ဘုရားကား နေလဲလျှင် ကန့်ကူကိုမျှ သွားနှင့်မတိုက်, မချစ်ရခေျ။

ရေနှင့် တံပူသည် ကာလိကဝိမုတ်ဖြစ်၍ ကာလမရွေး အကြောင်းရှိ,မရှိ သုံးဆောင်ရာသည်။ ထိုရေနှင့် တံပူမှ တပါး ယာမကာလိကသည် ဆာလောင်မွတ်သိပ်ခြင်း ပိပါသပစ္စည်းရှိမှ နေလဲအပ်သည်။ သတ္တာဟ ကာလိက၊ ယာဝဇီဝကသည် ရောဂါဟူသော ဂေလည်ပစ္စည်းရှိမှ နေလဲသောအခါ အပ်သည်။ ယာမကာလိကသည် ပိပါသပစ္စည်းကြောင့်ပင် အပ်လေတပြီး။ ဂေလညပစ္စည်းကြောင့်ကား ဆိုဖွယ်မရှိ အပ်သည်သာ။

ထုံး-ရှားစေး-ကွမ်းသီးအစုံ ရှိသည့် ကွမ်းရွက်၌ အာဟာရကိစ္စပြီးသည် မပြီးသည်ကို အသိခက်သည်။ လက်ဖက်ရွက်၌လည်း အရွက်ကျက်ရည်ကို ထား၍ ဟူသောကြောင့် အသိခက်၏။ ကြံတခုခု၌ပင် အရည်မကပ် အဖတ်သက်သက်ကိုသာ ယာဝဇီဝက၊ အရည်သက်သက်ကို ယာမကာလိက၊ ချက်ပြီး တင်လဲကို သတ္တာဟကာလိက၊ ကြံချောင်းကို ယာဝကာလိက ရသည့်အရာလည်း ရှိခေျသည်ဟု ငါတို့-ဆင်တဲ ဆရာတော် မိန့်သည်။

နေလဲ ကွမ်းစားလိုသည့် ရဟန်းတို့သည် အစုံသော ကွမ်းကို အာဟာရကိစ္စကို မပြီးစေနိုင်ဟု ယူကြသည်။ မစားလိုသည့် ရဟန်းတို့က အသိခက်သည်ဟု ယူကြည်သည်။ စားမစား ၂-ပါးတွင် မစားသည်သာ အသင့်ဟု မင်းအို ဆရာတော် မိန့်ကြောင်းကို ညောင်ကန်ရှင်မေဓာဝီ ပြောဖူးသည်။

လက်ဖက်ကို ယာဝဇီဝကာလဝတ္ထုဟု မန်လည် ဆရာတော် မိန့်ဖူးသည်။ ယာဝကာလိကဝတ္ထုဟု ရွှေတောင် ဆရာတော် မိန့်သည်ဟု ငါတို့ ဆင်တဲ ဆရာတော် မှတ်သည်။ ပလောင်တောင်ရှိ လက်ဖက်သည် မြန်မာအရပ်ရှိ မဲဇလီရွက်နှင့် မထူးဟု ငါတို့ ဆင်တဲ ဆရာတော် မိန့်သည်ဟူ၍လည်းကောင်း။ ဆေးဆိုက ရောဂါဟူသော အကြောင်းကြောင့်သာ သုံးဆောင်

မြဲ ဖြစ်သည်။ ယင်းသို့ ဖြစ်လျက် အနာရောဂါမရှိပဲ နေလွဲပြီးသောအခါ ကွမ်းစားကြသော ရဟန်းတို့သည် စားလို၍ စားသည်ဖြစ်ရကား ဝိကာလဘောဇန ဒုက္ကဋ်အာပတ် မလွတ်ဟု သိရာ၏။ အနာရောဂါရှိ၍ပင် စားသော်လည်း ထိုကွမ်းသည် ထိုအနာကို ပျောက်နိုင်သော သတ္တိရှိမူကား "ဇဝယျာဗာဓိကာနံ ဝေဒနာနံ ပဋိဃာတာယ" ဟူသော ပစ္စဝေက္ခဏာနှင့် လျော်၏၊ ဖျောက်နိုင်သော သတ္တိမရှိမူ မလျော်ဖြစ်၍ မသင့်။

ဓမ္မဝိနာသ ပုဂ္ဂိုလ်ကို ဓမ္မဓရပုဂ္ဂိုလ်က ငါ့ရှင် နေလွဲပြီး ဆေးဝုံသည့် ရဟန်းများ ဖြစ်ကြောင်းကို ကျွန်ုပ်ကြားသည်ဆိုလျှင် မြစ်ပေသည်မည်ပြန်သည်။ ခံတွင်းမသန့်၍ သန့်ခြင်းငှါ ဝုံသည်ကို မြစ်သင့်သလောဟု ပြန်ပြောလျှင် ခံတွင်းမသန့်ခြင်းသည် ဓာတုကွောဘကြောင့် ဖြစ်သလော၊ သန္ဓေပါအနာကို ကုစားခြင်းငှါ တတ်ကောင်းသောဆေး မရှိဟူလျှင် ယနေ့မှစ၍ အသက်ဆုံးသည်တိုင်အောင် နေလွဲဆေးဝုံကို အကျွန်ုပ် ပယ်ပါတော့မည်ဟု ဓမ္မဓရ ဝန်ချကြောင်းကို မြင်းခြံ ရှင်အင်္ဂုတ္တရာပြောသည်ဟူ၍ လည်းကောင်း ရေးသား ဆုံးဖြတ်လျက် ယနေ့တိုင်အောင်ပင် ရှိသေးသည်။

ယင်းသို့ အရပ်ရပ်ဆိုခဲ့ပြီးသော အဋ္ဌကထာ ဋီကာတို့ကို ထောက်သဖြင့် လည်းကောင်း၊ ရှေးကျမ်းဟောင်း အဆုံးအဖြတ် အာစရိယဝါဒများကို ထောက်သဖြင့် လည်းကောင်း၊ ခံတွင်းချဉ်၊ အာပုပ်ကို အနာကြီးပြုလုပ်၍ နေလွဲပြီးသောအခါ ကွမ်း ဆေးတို့ကို မမှီဝဲသင့်ဟု မြဲမြဲခိုင်ခိုင် ကျောက်စာတိုင်ကဲ့သို့ ဦးခေါင်း မြေသို့ကျသည်တိုင်အောင် မှတ်ဆောင်၍ ယူရမည်။ ဤကား အဋ္ဌမပုစ္ဆာ၏ အဖြေစကားတရပ် အပြီးသတ်တည်း။

(၉) ခံတွင်းချဉ်ခြင်းသည် ဂိလာနမဟုတ်လျှင် အဘယ် အနာကြောင့် အဘယ်မည်သော ပုဂ္ဂိုလ်အား အဘယ်ဆေးကို ခွင့်ပြုပါသနည်း ဟူသော နဝမပုစ္ဆာ၌ ခွင့်ပြုကြောင်း၊ အနာ ခွင့်ပြုရာပုဂ္ဂိုလ် ခွင့်ပြုအပ်သော ဆေးတို့ကို ဤ ယခု ဆိုလတ္တံ့သော နည်းတို့ဖြင့် သိရာ၏။

သာဝတ္ထိပြည်၌ ယခုအခါ သည်းခြေပျက် အစာမကျေသော အနာကြောင့် များစွာသော ရဟန်းတို့အား ထောပတ်, ဆီဥ, ဆီ, ပျား, တင်လဲ, ဤသတ္တာဟကာလိက ဆေး ငါးပါးကို ကာလ ဝိကာလ ၂-ပါး၌ ခွင့်ပြုတော်မူသည်။

(၁) အခါတပါး၌ မကျန်းမာကုန်သည်ဖြစ်၍ ဝသာဘေသဇ္ဇကို အလိုရှိကုန်သော ရဟန်းတို့အား ဝံ, ငါး, မိကျောင်း, ဝက်ဆောင်း, မြည်းဆီကို ကာလ၌ တေလပရိဘောဂ (ဆီဟူသော သုံးဆောင်) ဖြင့် ခွင့်ပြုဘော်မူသည်။

(၂) အခါတပါး၌လည်း ဂိလာနဖြစ်ကြကုန်သော ရဟန်းတို့အား နွှင်း, ချင်း, လင်းနေ, ဆိတ်ဖူးစသော အမြစ်ဆေး လက်ထုတ်ခေါက် အစရှိသော ဖန်ဆေး တမာရွက် လက်ထုတ်ရွက် အစရှိသော အရွက်ဆေး၊ အိပ်မွှေးသီး, ငြုတ်သီး, အစရှိသော အသီး ဆေး၊ ရှိန်းခို ပွက်ရက် (ပွေးညှက်) အစရှိသော ချိပ်ဆေး၊ သမုဒ္ဒရာကမ်းခြေ၌ သဲကဲ့သို့ ကောင်းစွာ တည့်သော သာမုဒ္ဒဇည်သောဆား၊ ကာလလောလ မည်သော ပကတိသော ဆား၊ ဖြူသော အာဆင်းရှိသော ဟောင်မှပေါက်သော သိန္ဓောဆား၊ မြေမှ အညှန့်ပေါက်သော ဥဇ္ဇိရမည်သော

ပေါက်ဆား၊ အဆောက်အအုံနှင့်တကွ ချက်အပ်သော ဗိလမည်သော ချက်ဆားဟု ဆိုအပ်သော ယာဝဇီဝက ဆား ဆေးငါးပါးကို ကာလ ဝိကာလ ၂-ပါး၌ ခွင့်ပြုတော်မူသည်။

(၃) ရှင်အာနန္ဒာ၏ ဥပဇ္ဈာယ် ဗေလဋ္ဌသီသ မထေရ်အား အိုင်းအမာကြီးများစွာ ပေါက်ရာတွင် ဝဲနာ အိုင်းနာငယ် ဘဂန္ဓိ(ရ (ဂရင်ဂျီ) နာ, ဒူလာ, သရောနာ, အိုင်းအမာကြီး ကပ်ရောက်သော ရဟန်းအား အမှုန့်ဆေး ဖြူးကြဟု ခွင့်ပြုတော်မူသည်။

(၄) ဘီလူးဖမ်းသော ရောဂါကြောင့် အညြာရဟန်းအား အာမကမံသ အာမက လောဟိတကို ကာလ ဝိကာလ ၂-ပါး၌ ခွင့်ပြုတော်မူသည်။

(၅) စက္ခုရောဂါ စွဲကပ်သော အညြာ ရဟန်းအား ကားကာလဥ္စန မည်သော မျက်စဉ်းမျိုး၊ အထူးထူး အဆောက်အအုံတို့ဖြင့် ပြုအပ်သော ရသဥ္စနမည်သော မျက်စဉ်း၊ မြစ်ရေအလျဉ် စသည်တို့၌ ဖြစ်သော သောတဥ္စနမည်သော မျက်စဉ်း၊ ရွှေအဆင်းရှိသော ကွဲ့ဖြင့်ပြုအပ်သော ဂေရုကမည်သော မျက်စဉ်း၊ ဆီမီးညှိနှမ့် ယူအပ်သော မင်ဟုဆိုအပ်သော ကပလ္လိကမည်သော မျက်စဉ်းကိုလည်းကောင်း၊ စန္ဒနမည်သော စန္ဒကူး နံ့သာမျက်စဉ်း၊ တဂ္ဂရမည်သော တောင်ဇလပ် နံ့သာမျက်စဉ်း၊ ကလာနုသာရိယမည်သော အကျော် နံ့သာမျက်စဉ်း၊ တးလီသမည်သော ကရမက် နံ့သာမျက်စဉ်း၊ ဘဒ္ဒမုတ္တကမည်သော နွားမြက်ရင်း နံ့သာမျက်စဉ်းကို လည်းကောင်း ခွင့်ပြုတော်မူသည်။

(၆) ရှင်ပိလိန္ဒဝစ္ဆ မထေရ်အား ဦးခေါင်းပူနာကြောင့် ထိပ်၌ ဆီလိမ်းခြင်း, နှာနှပ်ခြင်း, အခိုးသောက်ခြင်းကို ခွင့်ပြုတော်မူသည်။

(၇) ဤမထေရ်အား လေရောဂါကြောင့် ဆီကျက်သောက်ခြင်း ဆီကျက်၌ သေရည်အနည်းငယ်ထည့်၍ သောက်ခြင်းကို ခွင့်ပြုတော်မူသည်။

(၈) ဤမထေရ်အား လက် ခြေတို့ကို လေထိုး၍ ကိုက်ခဲသောကြောင့် သာမန်ခွေးအောင်းခြင်း, အထူးထူးသော သစ်ရွက်ဖြင့် ခွေးအောင်းခြင်း, တသူ (၄ တောင်) ခန့် တွင်းတူး၍ မီးကျီးတို့ဖြင့် ပြည့်စေ၍ အထက်-မြေမှုန့်- သဲမှုန့်တို့ဖြင့်ပိတ်၍ ယင်းအထက်က လေကိုနှိုင်စေတတ်သော သက်ရင်းကြီးရွက် စသော သစ်ရွက်တို့ကိုခင်း၍ ဆီလိမ်းသော ကိုယ်ဖြင့် လူးလည်း၍ ခွေးအောင်းခြင်း၊ အထူးထူးသော သစ်ရွက်တို့ကိုပြုတ်၍ ကျိုက်ကျိုက် ဆူသော ရေဖြင့်သွန်းလောင်း၍ ဘင်ဂံါဒက ခွေးအောင်းခြင်းကို ခွင့်ပြုတော်မူသည်။

(၉) ဤမထေရ်အား အဆစ်တို့ကို လေထိုးသောကြောင့် သွေးထုတ်ခြင်း တွင်ဓုတ်ခြင်းကို ခွင့်ပြုတော်မူသည်။

(၁၀) ဤမထေရ်အား ခြေကွဲနာကြောင့် ခြေနယ်ဆီကို ခွင့်ပြုတော်မူသည်။

(၁၀) အညြာရဟန်းအား ထုတ်မြင်းနာပေါက်သောကြောင့် ဓားခွဲခြင်း, ဖန်ဆေးခြင်း, ဒြင်းဟုန့်ဖြူးခြင်း, ပုံညင်းဟုန့်ဖြူးခြင်း, မှိုင်းခံခြင်း, အမြစ်ကို သင်ဓုန်းဓားဖြင့် ဖြတ်ခြင်း စသည်ကို ခွင့်ပြုတော်မူသည်။

ဇောတိကာရုံ ၁၄ [ဓမ္မဒါန]။

(၁၂) မြေခဲသော ရဟန်းအား ကျင်ကြီး-ကျင်ငယ်-သစ်ရွက်စိမ်းပြာ-မြေကို ခွင့်ပြုတော်မူသည်။

(၁၃) မျက်နှာချစ်ဆေး (မျက်နှာပွင့်ဆေး) ရောဂါ ကပ်ရောက်သော ရဟန်းအား ထွန်သွားခွဲ ကပ်သောမြေကို ရေနှင့်ဖျော်၍သောက်ဟု ခွင့်ပြုတော်မူသည်။

(၁၄) ဝမ်းကိုက်သော ရဟန်းအား ထမင်းခြောက်-ပျားရည်ကို ခွင့်ပြုတော်မူသည်။

(၁၅) ဖျော့တော့သောရောဂါ စွဲကပ်သော ရဟန်းအား နွားကျင်ငယ်ရည်ဖြင့် စိမ်အပ်သော ဖန်ခါးသီးကို ခွင့်ပြုတော်မူသည်။

(၁၆) အရည်အဆင်းပျက်သော ရဟန်းအား နံ့သာလိမ်းခြင်းကို ခွင့်ပြုတော်မူသည်။

(၁၇) ပထဝီဓာတ်ခိုင်သော ရဟန်းအား ဝမ်းလျှောဆေးကို ခွင့်ပြုတော်မူသည်။

(၁၈) ဤသို့ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် အနာနှင့်လျော်သော ဆေးကိုသာ ခွင့်ပြုတော်မူသည်ဟု မြဲမြံကြီး သတိရှိကြရမည်။ ဤစကားသည် အကျဉ်းသာတည်း။ အကျယ်ကို အလိုရှိမူ မဟာဝါပါဠိတော် ဘေသဇ္ဇခန္ဓက ယင်း၏ အဖွင့်အဋ္ဌကထာတို့၌ ကြည့်လေ။ ဤကား နဝမပုစ္ဆာ၊ ဝိသဇ္ဇနာတရပ် အပြီးသတ်တည်း။

(၁၀) ယာမကာလိက၊ သတ္တာဟကာလိက၊ ယာဝဇီဝက သုံးပါးကို နေလွဲသော အခါ ဂိလာန-ပိပါသ-ဆာတက အကြောင်းမရှိပဲ စားသောက်သော် အဘယ်အာပတ် သင့်ပါသနည်း ဟူသော ဒသမပုစ္ဆာ၌ ယာမကာလိက၊ သတ္တာဟကာလိက၊ ယာဝဇီဝက သုံးပါးတို့ကို နေလွဲသောအခါ၌ ပြောပလောက်သော ဂေလည-ဝိပါသ-ဆာတက အကြောင်းမရှိပဲစားသောက်သော ရဟန်းအား ဝိကာလဘောဇနသိက္ခာပုဒ်၏ အနုရူပတ်ဖြင့် အာဟာရအလိုငှာ အကပ်ခံကတည်းကပင် ဒုက္ကဋ်အာပတ်သင့်သည်။ မျိုတိုင်း မျိုတိုင်းလည်း ဒုက္ကဋ် အာပတ်သင့်သည်။ ထို့ကြောင့် ဘိက္ခုဝိဘင်းပါဠိတော်၌—

ယာမကာလိကံ သတ္တာဟကာလိကံ ယာဝဇီဝကံ အာဟာရတ္ထာယ ပဋိဂ္ဂဟိတံ
အာပတ္တိ ဒုက္ကဋဿ။ အဇ္ဈောဟာရေ အဇ္ဈောဟာရေ အာပတ္တိ ဒုက္ကဋဿ--

ဟူ၍ ဟောတော်မူအပ်ပြီ။

ယာမကာလိကံ၊ ယာမကာလိကကိုလည်းကောင်း။ သတ္တာဟကာလိကံ၊ သတ္တာဟကာလိကကိုလည်းကောင်း။ ယာဝဇီဝကံ၊ ယာဝဇီဝကကိုလည်းကောင်း။ အာဟာရတ္ထာယ၊ အာဟာရအလိုငှာ။ ပဋိဂ္ဂဟိတံ၊ အကပ်ခံ၏။ ဒုက္ကဋဿ၊ ဒုက္ကဋ်အာပတ်သို့။ အာပတ္တိ အာပဇ္ဇနံ၊ ရောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ အဇ္ဈောဟာရေ-အဇ္ဈောဟာရေ၊ မျိုတိုင်း မျိုတိုင်း။ ဒုက္ကဋ်ဿ၊ ဒုက္ကဋ်အာပတ်သို့။ အာပတ္တိ-အာပဇ္ဇနံ၊ ရောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဤကား အနက်။

ဤအရာ၌ အခါသော ဆရာတို့သည် "အနဇ္ဈောဟာရန္တေန ပန ဒန္ဓကဒ္ဓဝါ ဟောတု အညံဝါ ကိဉ္စိ မုခေ ပက္ခိပိတုံ ဝဋ္ဋတိ" ဟူ၍လာသော သာရတ္ထဒီပနီဋီကာ ဒန္ဓဂေါဏသိက္ခာပုဒ်

အဖွင့်ပါဠိကို တွေ့မြင်ကြ၍ မမျိုလိုပဲ ယာဝဇီဝကဝတ္ထုများကို ခံတွင်းဌ် ထည့်ထားရာ သတိလွတ်ကင်း၍ ဝင်သွားသော်လည်း အပြစ်မရှိဟု ယူမှားကြသည်။

ဤဝိကာလဘောဇနသိက္ခာပုဒ်သည် "ကြိယံ နောသညာဝိမောက္ခံ၊ အစိတ္တကံ၊ ပဋ္ဌတ်ံ ဝဇ္ဇံ၊ ကာယကမ္မံ၊ တိစိတ္တံ၊ တိဒေဒနံ" ဟူ၍ ဝိကာလဘောဇနသိက္ခာပုဒ်အဋ္ဌကထာဌ် ဖွင့်ပြတော်မူသောကြောင့် နောသညာဝိမောက္ခ-အစိတ္တက စင်စစ်ဖြစ်ခဲ့ရကား ဤယာဝဇီဝကဝတ္ထုများကို မမျိုလိုပဲ ခံတွင်းဌ်ထည့်ထားရာ သတိလွတ်ကင်း၍ ဝင်သွားသော်လည်း အာပတ်သင့်စေနိုင်သော သတ္တိရှိသည်ဖြစ်၍ ထိုဆရာတို့စကားကို အမှန်အားဖြင့် မမှတ်သားအပ်။ ထို့ကြောင့် ဝိနယဂရုက ဖြစ်တော်မူကြသော ရှေးဆရာတော်ကြီးများသည် နေလွဲသောဖေခါကန့်ကူဆံကိုမျ သွားဖြင့် မပွတ်တိုက်ကြောင်းကို (ဂ)နံပါတ် ဝိသဇ္ဇနာက ပြဆိုခဲ့ပြီ။ ယင်းသို့ဖြစ်၍ မျိုလိုသောစိတ်ဖြင့် မျိုသောရဟန်းအား ဆိုဖွယ်မရှိ၊ ဒုက္ကဋ်အာပတ်သင့်တော့သည်သာတည်းဟု မှတ်ယူရမည်။ ဤကား ဒသမပုစ္ဆာ၏ ဝိသဇ္ဇနာတရပ် အပြီးသတ်တည်း။

(၁၁) ရဟန်းတို့မှာ ယာမကာလိက စသော ကာလိကသုံးပါးကို ဝိကာလဖေခါအကြောင်းမဲ့ မှီဝဲသုံးဆောင်ခြင်းကြောင့် ဒုက္ကဋ်အာပတ်သင့်လျင် လူသိတင်းသည်တို့မှာ အဘယ်သို့ ရှိပါမည်နည်း ဟူသော ကောဒသမပုစ္ဆာဌ် ဝိသဇ္ဇနာကား- ယာမကာလိက၊ သတ္တာဟကာလိက၊ ယာဝဇီဝကဟုဆိုအပ်သော ကာလိကသုံးပါးလုံးကို အကြောင်းမဲ့ နေလွဲသောအခါဌ် မှီဝဲသုံးဆောင်သော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်သည်ကို ဟောတော်မူသဖြင့် ဤဝိကာလဘောဇနသိက္ခာပုဒ်သည် လူသိတင်းသည်တို့နှင့် ဆက်ဆံသော အဖြစ်ကိုလည်း-

အဌဂ််သမ္မန္နာဂတော ဝါသေဌ ဥပေါသထော ဥပဝုတ္ထော မဟပ္ဖလောဟောတိ" စသည်ဖြင့် ဝါသေဌမည်သော ဥပါသကာကို ဟောတော်မူသောကြောင့် လည်းကောင်း၊ "အဌဂ််သမ်္ပန္နာဂတော ဗောဇ္ဈေ ဥပေါသထော ဥပဝုတ္ထော မဟပ္ဖလော ဟောတိ" စသည်ဖြင့် ဗောဇ္ဈမည်သော ဥပါသိကာမကို ဟောတော်မူသောကြောင့်လည်းကောင်း။

ယာဝဇီဝံ အရဟန္တော ကောတ္တိကာ ရတ္တုပရတာ ဝိရတာ ဝိကာလဘောဇနာ။ အဟံ ပဇ္ဇ ဣမဉ္စ ရတ္တိံ ဣမဉ္စဒိဝသံ ကောတ္တိကော ရတ္တုပရတော ဝိဟာရတော ဝိကာလဘောဇနာ၊ ဣမိနာပိ အင်္ဂေန အရဟတ္တံ အနုကရောမိ၊ ဥပေါသထော စ မေ ဥပဝုတ္ထော ဘဝိဿတိ ဟူ၍ ဝိသာခါကို ဟောတော်မူသောကြောင့် လည်းကောင်း သိအပ်၏။

ဤအရာတွင် ဝိကာလဘောဇန သိက္ခာပုဒ်၌ အင်္ဂါကိုပြရာ "ဝိကာလတာ ယာဝကာလိကတာ အဇ္ဈောဟရဏန္တိ ဣမာနေတ္ထတိဏိအင်္ဂါနိ" ဟူ၍ မာတိကာ အဌကထာစသည်တို့၌ လာသောကြောင့် နေလွဲသောအဖြစ် တပါး၊ ယာဝကာလိကအဖြစ် တပါး၊ မျိုခြင်း တပါး၊ ဤ ၃-ပါးသော အင်္ဂါတို့တွင် ယာဝကာလိကတာ အင်္ဂါချို့ခဲ့ရကား အဘယ်ကြောင့် ယာမကာလိက၊ သတ္တာဟကာလိက၊ ယာဝဇီဝက ဝတ္ထုတို့ကို နေလွဲသော အခါ၌ အကြောင်းမဲ့ သုံးဆောင်ခြင်းကြောင့် လူသိတင်းသည်တို့မှာ ဝိကာလဘောဇန သိက္ခာပုဒ် ပျက်နိုင်ဒုံနည်းဟူ၍ စောဒနာငြားအုံ့။ ထိုစောဒကပုဂ္ဂိုလ်ကို ဤသို့ ပြန်၍ မေးအပ်၏။

အဒိန္နဒါန်သိက္ခာပုဒ်၌ အင်္ဂါကိုပြရာတွင်--

ပရပရိဂ္ဂဟိတံ ပရပရိဂ္ဂဟိတသညိတာ ဂရုပရိက္ခရော ထေယျစိတ္တံ ဥတ္တာပကာရာနံ အာဝဟာရာနံ ဝသေန အာဝဟရဏာဉ္စာတိ၊ ဣမာနေတ္ထ ပဉ္စအင်္ဂါနိ ဟုဋ္ဌ မာတိကာ အဋ္ဌကထာဒ်၌ လာသောကြောင့်၊

(၁) သူတပါးသိမ်းဆည်းအပ်သော ဘဏ္ဍာဖြစ်သည်လည်းတပါး၊

(၂) သူတပါးသိမ်းဆည်းအပ်သော ဘဏ္ဍာဟု အမှတ်ရှိသော အဖြစ်တပါး၊

(၃) ပေါရာဏ-သဟာပဏ ၅-ပဲတန်သည် တပါး၊

(၄) ထေယျစိတ်ရှိသည် တပါး၊

(၅) ၂၅-ပါးသော ခိုးခြင်းတို့တွင် တပါးပါးဖြင့် ခိုးခြင်းတပါး။

ဤငါးပါးသော အင်္ဂါတို့တွင် ပေါရာဏ ကဟာပဏ၊ တပဲတန်ကို ခိုးသောရဟန်းအား ဂရုပရိက္ခာရောအင်္ဂါ ချို့ရကား ဒုက္ကဋ်အာပတ်မျှသင့်၏။ ပါရာဇိကသို့ မရောက်။ လူသိတင်းသည်တို့မှာလည်း ဂရုပရိက္ခာရော အင်္ဂါချို့ခဲ့ရကား အဒိန္နဒါန် သိက္ခာပုဒ် ပျက်နိုင်ပါသလောဟု မေးအပ်၏။

ထိုသို့ မေးတုံ့ မေးသည်ရှိသော် နားလည်လိမ္မာသော စောဒကဖြစ်ခဲ့၊ ဤအဒိန္နဒါန်သိက္ခာပုဒ်၌ ရဟန်းတို့၏ ပါရာဇိက အာရာဖြစ်၍သာ ဂရုပရိက္ခာရော ဟူသော အင်္ဂါကို ဆိုရသည်၊ လူသိတင်းသည်တို့မှာကား တရွေးတန်မျှပင် ဖြစ်သော်လည်း ပရပရိဂ္ဂဟိတအင်္ဂါသာမည်ဖြင့် အဒိန္နဒါန် သိက္ခာပုဒ် ပျက်တော့သည်သာတည်းဟု ဆိုလတ္တံ့။

ထိုသို့ ဆိုသည်ရှိသော် ငါ့ရှင်စောဒက ဤဝိကာလဘောဇန သိက္ခာပုဒ်၌လည်း ရဟန်းတို့၏ ပါစိတ်အာပတ်အထုသာသာ ဖြစ်သောကြောင့် ယာဝကာလိကတာ အင်္ဂါကို ဆိုရသည်၊ လူသိတင်းသည်တို့မှာကား အကြောင်းမဲ့အားဖြင့် ယာမကာလိက၊ သတ္တာဟကာလိက၊ ယာဝဇီဝက ဝတ္ထုကို စားသော်လည်း ကာလိကတာ အင်္ဂါ သာမည်ဖြင့် ဝိကာလဘောဇန သိက္ခာပုဒ်ပျက်၏ဟု ဖြေဆိုအပ်၏။

တနည်းလည်း။ ။ပရဝါဒီဂ္ဂါလ်တို့သည် ဤဝိကာလဘောဇန သိက္ခာပုဒ်၌ ရဟန်းတို့မှာ ဒုက္ကဋ်အာပတ်သင့်လျှင် လူသိတင်းသည်တို့မှာ သီလပျက်သည်ဆိုလျှင် အဒိန္နဒါန်သိက္ခာပုဒ်၌ ပရပရိဂ္ဂဟိတဘဏ္ဍာကို ထေယျစိတ်ဖြင့် သုံးသပ်သော ရဟန်းအား "အားမာသတိ အာပတ္တိဒုက္ကဋ်ဿ" ဟူ၍ ပါဠိတော်ထဲ၌ရှိရကား ဒုက္ကဋ်အာပတ်သင့်၏။ ထိုသို့ သင့်လျှင် လူသိတင်းသည်တို့အား ပရပရိဂ္ဂဟိတ ဘဏ္ဍာကို ထေယျစိတ်ဖြင့် သုံးသပ်ရုံမျှဖြင့် အဒိန္နဒါန်သိက္ခာပုဒ် ပျက်တော့မည်လော ဟူငြားအံ့။

ငါ့ရှင်စောဒက၊ ပရပရိဂ္ဂဟိတ ဘဏ္ဍာကို ထေယျစိတ်ဖြင့် သုံးသပ်ခါမျှဖြင့် ဟရဏအင်္ဂါ ပြည့်စုံပြီလောဟု ပြန်၍မေးအပ်၏။ ထိုသို့ မေးသည်ရှိသော် တတ်သိလိမ္မာသော ဂရုဝါဒီပုဂ္ဂိုလ်ဖြစ်အံ့၊ မပြည့်စုံပေဟု ဖြေဆိုပေလတ္တံ့၊ ဤသို့ ဆိုသည်ရှိသော် ဟရဏအင်္ဂါ ချို့သဖြင့် အဘယ်မှာ အဒိန္နဒါန် သိက္ခာပုဒ် ပျက်နိုင်အံ့နည်းဟု ဖြေဆိုအပ်၏။

ဤသို့ ဖြေသည်ရှိသော် ပရဝါဒီပုဂ္ဂိုလ်သည် ယင်းသို့ဖြစ်လျှင် ဤဝိကာလဘောဇန သိက္ခာပုဒ်၌လည်း အကြောင်းမဲ့ နေလဲ့သောအခါ ယာမကာလိက၊ သတ္တာဟကာလိက၊ ယာဝဇီဝက ဝတ္ထုတို့ကို စားသောက်ခြင်းကြောင့် လူသီတင်းသည်တို့အား အာဘယ်မှာ ဝိကာလဘောဇန သိက္ခာပုဒ် ပျက်နိုင်အံ့နည်းဟု တဖန်ပြန်သော်၊

ငါ့ရှင်စောဒက၊ ကာလိကလေးပါးကို မှီဝဲသုံးဆောင်လို၍ အကပ်ခံကာဖျဉ် ရဟန်းအား ဝိကာလဘောဇန သိက္ခာပုဒ် အန္တရာပတ်ဖြင့် ဒုက္ကဋ်အာပတ် သင့်၏။ သီတင်းသည်လူမှာ အာဘယ်သို့ ရှိမည်နည်းဟု မေးတုံ့ပြု၍ မေးအပ်၏။

ထိုသို့မေးလျှင် နားလည်သော စောဒကဖြစ်အံ့၊ လူသီတင်းသည်တို့၌ ဝိကာလဘောဇန သိက္ခာပုဒ် မပျက်ဟု ဖြေဆိုလတ္တံ့။ ထိုသို့ဖြေဆိုသည်ရှိသော် အာဘယ်ကြောင့် မပျက်သနည်းဟု ထပ်မေးအပ်၏။ သိသောစောဒကဖြစ်အံ့၊ အဇ္ဈောဟရဏအင်္ဂါ မရှိသောကြောင့် မပျက်ဟု ဆိုလတ္တံ့။ ထိုသို့ဆိုသောအခါ အဇ္ဈောဟရဏအင်္ဂါရှိလျှင် အာဘယ်သို့ရှိမည်နည်းဟု မေးအပ်၏။ ထိုသို့ မေးသောအခါ ဝိကာလသိက္ခာပုဒ် ပျက်သည်မှတပါး တစုံတရာသော စကားကိုမျှ မဆပြောနိုင်ရှိလတ္တံ့။ ထိုအခါ ယင်းစောဒကဆရာကို ငါ့ရှင်စောဒက၊ အဒိန္နဒါန်သိက္ခာပုဒ်၌ ဟရဏအင်္ဂါ ပြည့်စုံလျှင် ပေါရာဏကဂဟာပဏ တပဲမျှတန်သော ဘဏ္ဍာဒ်ဆောင်လည်း ရဟန်းမှာ အဒိန္နဒါန် သိက္ခာပုဒ် အန္တရာပတ်ဖြင့် ဒုက္ကဋ်၊ လူမှာ အဒိန္နဒါန်သိက္ခာပုဒ် သီလပျက်သကဲ့သို့ ဤဝိကာလဘောဇန သိက္ခာပုဒ်၌လည်း အဇ္ဈောဟရဏအင်္ဂါ ပြည့်စုံလျှင် ယာမကာလိက၊ သတ္တာဟကာလိက၊ ယာဝဇီဝက ဝတ္ထုပင်ဖြစ်သော်လည်း ရဟန်းမှာ ဝိကာလဘောဇနသိက္ခာပုဒ် အန္တရာပတ်ဖြင့် ဒုက္ကဋ်၊ လူသီတင်းသည်မှာ ဝိကာလဘောဇန သိက္ခာပုဒ် သီလပျက်သည်ဟုမှတ်။

အဒိန္နဒါန် သိက္ခာပုဒ်၌ ဟရဏအင်္ဂါ မပြည့်စုံပဲ ထေယျစိတ်ဖြင့် သုံးသပ်ခါမျှဖြင့် တသိန်းတန်သော ဘဏ္ဍာဒ်ဆောင်လည်း ရဟန်းမှာ အဒိန္နဒါန် သိက္ခာပုဒ် အန္တရာပတ်ဖြင့် ဒုက္ကဋ်အာပတ်သာ သင့်သည်။ လူမှာ အဒိန္နဒါန်သိက္ခာပုဒ် မပျက်သကဲ့သို့ ဤဝိကာလဘောဇန သိက္ခာပုဒ်၌လည်း အဇ္ဈောဟရဏအင်္ဂါ မပြည့်စုံလျှင် သလေးထမင်း ဝက်သားဟင်းကိုပင် စားလို၍ အကပ်ခံ ရုံမျှဖြင့် ဝိကာလဘောဇန သိက္ခာပုဒ်၏ အန္တရာပတ်ဖြင့် ဒုက္ကဋ်အာပတ်သာ သင့်သည်။ လူသီတင်းသည်မှာမူကား ဝိကာလဘောဇန သိက္ခာပုဒ်သီလ မပျက်ဟု မှတ်ယူရမည်ဟု ဩသဿဇ္ဈာဇ္ဈာပြောလျှင် လိမ္မာသော စောဒကပုဂ္ဂိုလ်ဖြစ်အံ့၊ အဇ္ဈောဟရဏအင်္ဂါရှိလျှင် ယာမကာလိက၊ သတ္တာဟကာလိက၊ ယာဝဇီဝက ဝတ္ထုပင် ဖြစ်သော်လည်း လူသီတင်းသည်တို့မှာ ဝိကာလဘောဇန သိက္ခာပုဒ်သီလ ပျက်တော့သည်ဟု သန္နိဋ္ဌာန်ကျမှတ်ယူနိုင်လတ္တံ့။

ယင်းသို့သော သိက္ခာပဒ သံသန္ဒန သာရတ္ထဓိပ္ပါယကို ရှုမြင်ရသဖြင့် နေလဲ့သောအခါ ယာမကာလိက၊ သတ္တာဟကာလိက၊ ယာဝဇီဝကဲ့မျှားကို သုံးဆောင်မှီဝဲသော ရဟန်းအား ဒုက္ကဋ်အာပတ်၊ လူသီတင်းသည်တို့အား ဝိကာလဘောဇန သိက္ခာပုဒ်ပျက်ကြောင်းကို ကောင်းကောင်းကြီး ယုံကြည်သင့်လှပြီ။

တနည်းလည်း - လူတို့၏သိက္ခာပုဒ်ကိုဟောတော်မူရာ ခုဒ္ဒကပါဠိအဋ္ဌကထာဆိုလည်း- ဝိကာလ-ဘောဇနသိစတ္တာရိ အင်္ဂါနိ၊ ဝိကာလေယာဝကာလိကံ အဇ္ဈောဟရေဿံ အနုမ့ဉ္ဇကတာတိ" ဟူ၍ ဟောတော်မူသဖြင့် ယာဝကာလိကတာ အင်္ဂါပါခဲ့ရကား ယာမကာလိက၊ သတ္တာဟကာလိက၊ ယာဝဇီဝကဝတ္ထုတို့ကို သုံးဆောင်ရာ၌ လူသိတင်းသည်တို့မှာ သိလမပျက်သည်သာ မဟုတ်လော ဟူပြေားအံ့၊ ဤခုဒ္ဒကပါဠိအဋ္ဌကထာ၌ ယာဝကာလိကတာဟု ယင်းသိက္ခာပုဒ်၏ အင်္ဂါကို ဟောတော်မူခြင်းသည် ယာဝကာလိကစား မသိလပျက်သည်၊ကြွင်း ကာလိက ၉-ပါးကို စားသောက်ချင်တိုင်း စားသောက်သော်လည်း သိလမပျက်ဟု ပြတော်မူသည် မဟုတ်၊ စင်စစ်အားဖြင့်ကား ယာဝကာလိကဝတ္ထုကို တစုံတခုသောအကြောင်းကြောင့် မအပ်။ ကြွင်း ကာလိက သုံးပါးကို ဂေလည-ပိပါသ ဆာတက အကြောင်းကြောင့် ဘုရားရှင် ခွင့်ပြုတော်မူသဖြင့် အပ်သောအဖြစ်ကို ပြတော်မူသည်ဟု ဖြေဆိုရမည်။

ထိုသို့ဖြစ်လျှင် ဘီလူးဖမ်းစားသော ရဟန်းအား သားစိမ်း သွေးစိမ်းတို့ ခွင့်ပြုတော်မူသောအရာရှိသဖြင့် ယင်း သားစိမ်း-သွေးစိမ်းလည်း ယာဝကာလိကဝတ္ထုပင် ဖြစ်ခဲ့ရကား ယာဝကာလိကဝတ္ထုကိုလည်း အကြောင်းအားလျော်စွာ သုံးဆောင်ထိုက်သဖြင့် ယာဇကာလိကတာ ဟူသောအင်္ဂါကိုလည်း မထားသင့်ရာဟူ၍ စောဒနာငြားအံ့။ ဗျာဓောဒိဿအစ္ဈမ်းအားဖြင့် ဘီလူးဖမ်းစားသော ရဟန်းအား သားစိမ်း သွေးစိမ်းကို ခွင့်ပြုတော်မူခြင်းသည် ယင်း သားစိမ်း သွေးစိမ်းကို ရဟန်းမစား ဘီလူးသာစားသောကြောင့် ခွင့်ပြုတော်မူသည်၊ အကယ်၍ အခြားသော ဂိလာနပဂ္ဂိုလ်ကဲ့သို့ ရဟန်းစားသည်ဖြစ်အံ့၊ ဘုရားရှင် ခွင့်ပြုတော်မမူ။ ထို့ကြောင့် မဟာဝါအဋ္ဌကထာ ဘေသဇ္ဇခန္ဓကအဖွင့်၌-

> အာမကမံသဉ္စ ခါဒိ အာမကဂေလေးဟိတဉ္စ ပိဝိတံ နု တံ ဘိက္ခု ခါဒိ နု ပိဝိ၊ အမနုဿော တံ ခါဒိတ္ဝာ စ ပိဝိတ္ဝာစ ပက္ကန္တော၊ တေန စုတ္တံ တဿ ဓေါ သော အမနုဿာဟာဓော ပဋိပဿမ္ဘိတိ-ဟူ၍ ဟောတော်မူအပ်ပြီ။

အာမကမံသဉ္စ ခါဒိ အာမကလောဟိတဉ္စ ပိဝိတိ၊ အာမကမံသဉ္စ အာမကလောဟိတဉ္စ ပိဝိ-ဟူသည်ကား။ တံ၊ ထိုသားစိမ်း သွေးစိမ်းကို၊ ဘိက္ခု၊ ဘီလူးဖမ်းစားသော ရဟန်းသည်။ နု ခါဒိ၊ မစား။ နု ပိဝိ၊ မသောက်။ အမ့နုဿော၊ ဘီလူးသည်။ တံ၊ ထိုသားစိမ်း သွေးစိမ်းကို။ ခါဒိတ္ဝာ စ၊ စား၍လည်းကောင်း။ ပိဝိတ္ဝာ စ၊ သောက်၍လည်းကောင်း။ ပက္ကန္တော၊ ဖဲသွားလေ၏။ တေန၊ ထို့ကြောင့်။ တဿ ဓေါ အမနုဿာဟာဓော ပဋိပဿမ္ဘိ၊ ဟူ၍။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ ။ဤကား ယောဇနာ။ ယင်းသို့ဖြစ်၍ ယာဝကာလိကဒဠှ်ါကိုကား သင့်သည်ဟု ဖြေဆိုရမည်။

တံနည်းလည်း။ ။ကျွမသို့ ဂေဟေ ဥပေါသထ ဒိဝံသေ သာယမာသံ နဘုဥ္ဇန္တိ၊ သဗ္ဗေ ဥပေါသထိကာ ဟောန္တိ၊ အန္တမသော ထနပါယိနောပိ ဒါဓုကေ မုခံ ဝိက္ခာ-လေတွာ စတုမဓုရံ မုခေ ပက္ခိပေတွာ မဟာသေဋ္ဌိ ဥပေါသထိကေ ကာရေတိ။

ကျွမသို့ ဂေဟေ၊ ဤအနာထပိဏ်ဆ သဒ္ဒေးအိမ်၌။ ဥပေါသထဒိဝသေ၊ ဥပုသ်နေ့၌။ သာယမာသံ၊ ညစာကို။ နဘုဥ္ဇန္တိ၊ မစားကုန်။ သဗ္ဗေ၊ အလုံးစုံသောသူတို့သည်။ ဥပေါ-

သထိကာ၊ ဥပုသ်စောင့်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အန္တမသော၊ အယုတ်အား၊ဖြင့်။ ထနပါယိနော၊ နို့စို့တုံးသာ ဖြစ်ကုန်သော။ ဝါ၊ နွား နို့မခဲ့သေးကုန်သော။ ဒါရကေပိ၊ သူငယ်တို့ကိုလည်း။ မုခံ၊ ခံတွင်းကို။ ဝိက္ခာဓလေတွာ၊ ရေဆေး၍။ စတုမဓုရံ၊ ဆီ-ထောပတ်-တင်လဲ့-ပျား လေးပါးပေါင်းစု စတုမဓုရဆေးကို။ မုခေ၊ ခံတွင်း၌။ ပက္ခိပေတွာ၊ ထည့်သွင်း၍။ ဝါ၊ ခွန့်၍။ မဟာသေဋ္ဌိ၊ အနာထပိဏ် ဂုဏ်ရှိန်ကျော်သီး သဌေးကြီးသည်။ ဥပေါသထိကေ၊ ဥပုသ်စောင့်သုံးသည်တို့ကို။ ကာရေတိ၊ ပြုစေ၏။ ဤကား အနက်။

ဤသို့ ဓမ္မပဒအဋ္ဌကထာ ဃောသိတဝတ္ထု၌ လာသောကြောင့် အနာထပိဏ် သဌေး အိမ်၌ နို့စို့အရွယ် သူငယ်များသည် ဥပုသ်စောင့်လျက်နှင့် သတ္တာဟကာလိက၊ စတုမဓုရဆေးများကို သုံးစားကြကြောင်းကို ကောင်းကောင်းကြီး သိရသဖြင့် ယခုကာလ သီတင်းသည် ဥပါသကာတို့၏ ယာမကာလိက၊ သတ္တာဟကာလိက၊ ယာဝဇီဝကဝတ္ထုတို့ကို သုံးဆောင်စားသောက်ခြင်းသည် အပ်သည်နှင့်နှင်သာ မဟုတ်ပါလောဟူငြားအံ့။

ဤအနာထပိဏ် သဌေးအိမ်၌ နို့စို့အရွယ် ဥပုသ်စောင့်သူငယ်တို့၏ ခံတွင်း၌ စတုမဓု သတ္တာဟကာလိကဆေးကို ခွန့်ကျေးခြင်းသည် အကြောင်းမဲ့ ခွန့်ကျေးသည်မဟုတ်၊ နုနုငယ်ငယ် နို့စို့ရွယ်တို့မှာ ညစာမစား နေရငြားသဖြင့် လေပွားသောရောဂါ နှိပ်စက်လာသောကြောင့် လေနာကို နိုင်ကောင်းသော စတုမဓုဆေးကို ခွန့်ကျေးသည်ဟု မှတ်ယူရမည်။

ထိုအကြောင်းကိုလည်း ဓမ္မပဒအဋ္ဌကထာ ဣမသ္မိံ ဂေဟေ-စသောပါဠိမှ အထက် ၂-ကြောင်းကာ ဃောသိတဝတ္ထုဠ်ပင် လာသော နောက်စကားကို ထောက်၍ သိအပ်၏။ နောက်စကား လာဟန်ကား---

> အထဿ သကလဒိဝသံ ကမ္မံ ကတ္တာ ဆာတဿ သရီရေ ဝါတာ ကုပ်ိသု၊ ဥဒရံ ယောတ္တံ ဗန္ဓိတ္တာ ယောတ္တကောဋ္ဌိံ ဂဟေတ္တာ ပရိဝတ္တေသိ၊ သေဋ္ဌိ တံ ပဝတ္တိံ သုတ္တာ ဥက္ကာဟိ ဓာရိယမာနာဟိ စတုမဓုရံ ဂါဟာပေတ္တာ တဿ သန္တိကံ ဂန္ဒွာ ကိံ တာတာတိ ပုစ္ဆိ၊ သာမိ ဝါတာ မေ ကုပ်ိတာတိ၊ တေနဟိ ဥဋ္ဌာယိဒံ ဘေသဇ္ဇံ ခါဒါဟိတိ၊ တုမ္ဟေ ခါဒထ သာမိတိ၊ အမ္မာကံ အဖာသုကံ နတ္ထိ၊ တုံ ခါဒါဟိတိ ဟ္ဝါ၍လာသည်။
>
> အထ၊ ထိုအနာထပိဏ်၏ သူရင်းဌား အခစားယောကျ်ားသည် နေ့ထက်ဝက် ဥပုသ်ကို စောင့်သုံးသောအခါ၌။ သကလဒိဝသံ၊ တနေ့ပတ်လုံး။ ကမ္မံကတ္တာ၊ အမှုကိုလုပ်၍။ ဆာတဿ၊ ဆာလောင်လှသော။ အဿ၊ ထိုအနာထပိဏ်၏ သူရင်းဌား အခစားယောကျ်း၏။ သရီရေ၊ ကိုယ်၌။ ဝါတာ၊ လေတို့သည်။ ကုပ်ိသု၊ ပျက်ကုန်၏။ ဝါ၊ ထကြွကုန်၏။ ဥဒရံ၊ ဝမ်းကို။ ယောတ္တံ-ယောတ္တေန၊ လွန်ကြိုးဖြင့်။ ဝါ၊ ဥဒရံ-ဥဒရေ၊ ဝမ်း၌။ ယောတ္တံ၊ လွန်ကြိုးကို။ ဗန္ဓိတ္တာ၊ တင်းတင်းကျပ်ကျပ် ဖွဲ့ပတ်၍။ ယောတ္တကောဋ္ဌိယံ၊ လွန်ကြိုးစ၌။ ဂဟေတ္တာ၊ မြဲမြဲခိုင်ခိုင် နှိုင်နှိုင်ကိုင်၍။ ပရိဝတ္တေသိ၊ အော်လဲကြိမ်ဖန် ပြန်လှန်လူးလည်းလေ၏။ သေဋ္ဌိ၊ အနာထပိဏ်သဌေးသည်။ တံ ပဝတ္တိံ၊ ထိုအကြောင်းကို။ သုတ္တာ၊ တဆင့်စကား နား၌ကြား၍။ ဓာရိယမာနေဟိ၊ လင်းလင်းပြောင်ပြောင် ညှိထောင်ထွန်းအပ်ကုန်

သော။ ဥတ္တာဟိ၊ မီးရှူးတိုင်တို့ဖြင့်။ စတုမဓုရံ၊ စတုမဓု သတ္တာဟ့ကာလိက ဆေးကို။ ဂါဟာပေတ္ဝာ၊ နောက်ပါအစေခံတို့ကို ကိုင်စေ၍။ တဿ၊ ထိုအခစား သူရင်းငှား၏။ သန္တိကံ၊ အထံပါးသို့။ အာဂန္တွာ၊ လာရောက်၍။ တာတ၊ ချစ်သား။ ကိ ံ၊ အဘယ်သို့ဖြစ်သနည်း။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေး၏။ သာမိ၊ အရှင်သခွေးမင်း။ မေ၊ အကျွန်ုပ်၏။ သရီရေ၊ ကိုယ်၌။ ဝါတာ၊ လေတို့သည်။ ကုပ်ိ ံသု၊ ပျက်ကုန်၏။ ဝါ၊ ယောက်ယက်ထကြွ ထိုးကျင့်ကြကုန်၏။ ဣတိ၊ ဤသို့။ ဝုတ္တော၊ ဆိုလတ်သော်။ တေနဟိ၊ ထိုသို့လေကြွ ထတပြီးကား။ ဥဋ္ဌာယ၊ ထ၍။ ဣမံ ဘေသဇ္ဇံ၊ ဤစတုမဓုရ သတ္တာဟကာလိကဆေးကို။ ခါဒဟိ၊ စားလော။ ဣတိ၊ ဤသို့။ အာဟ၊ အနာထပိဏ်သခွေးဆို၏၊ သာမိ၊ အရှင်သခွေးမင်း။ တုမ္ဟေ-တုမ္ဟေဝံ၊ အရှင်သခွေးမင်းတို့သာလျှင်။ ခါဒထ၊ စားကြပါကုန်။ ဣတိ၊ ဤသို့။ ဝုတ္တော၊ ဆိုပြန်လေသော်။ အမှာကံ၊ ငါတို့အား။ အဖာသုကံ၊ လေရောဂါကြောင့် မချမ်းသာခြင်းသည်။ ဝါ၊ မချမ်းသာစရာ လေရောဂါသည်။ နတ္ထိ၊ မရှိ။ တုံ၊ သင်သည်။ ခါဒဟိ၊ စားသာစားပါလေ မကြောက်ပါလေနှင့်။ ဣတိ၊ ဤသို့။ အာဟ၊ အနာထပိဏ်သခွေးဆို၏။ ဤကား-အနက်။

ဤသို့ ယင်းအဋ္ဌကထာ လာသည်ကိုထောက်၍ ယခင်သူငယ် နို့စို့ရွယ်တို့ကို မြိန်ချိုရသာ စတုမဓုဩဇာဆေးကို ခွန်ကျွေးသောအရာ၌ မချမ်းသာစရာ ရောဂါကို အရင်းမူ၍ သာလျှင် ခွန်ကျွေးလေသည်ဟု မှတ်ယူရမည်။ အကယ်၍ မချမ်းသာလောက်အောင် ရောဂါ မရှိပဲ စားကောင်းသောက်ကောင်းပါလျှင် အနာထပိဏ် သခွေးသည် "အမှာကံ အဖာသုကံ နတ္ထိ တုံ ခါဒဟိ" ဟူသော်ပါ၌ဖြင့် ငါတို့အား မချမ်းသာစရာ လေနာရောဂါမရှိ သင် သာလျှင်စားဘိလော့ ဟူသော နောက်စကားကို မမြွက်ကြားသင့်ပြီ။ မြွက်လည်းမြွက်ကြား ခဲ့ရကား ယခင်ပြဆိုခဲ့ပြီးသော ဓာတုကွောဘ အကြောင်းထူးဝိသေသ၊ လေ စသော ရောဂါ မရှိလျှင် လူသီတင်းသည်တို့အား မအာပန်နှင်နှင်သာတည်းဟု သိလောက်သည့်အရာသည် ကွင်းပြင်၌ ဆင်ဖြူကို အလံထူ၍ လွှတ်သကဲ့သို့လည်းကောင်း အလွန်ပင် ထင်ရှားလှပေသည်။

ဤမသို့ ဂေဟေ စသော ဓမ္မပဒ အဋ္ဌကထာ၌ နို့စို့အရွယ် လူသူငယ်ကို ဥပုသ်သည်ပြုစေသည်ဆိုရာ၌ ဤသူငယ်တို့၏သဏ္ဌာန်၌ သမာဒိဏ္ဏ စေတနာဖြစ်သင့် မဖြစ်သင့်ကိုလည်းကောင်း၊ အကယ်၍ ဖြစ်စေကာမူ "ဝါစံဘိန္ဒိတ္ဝာ ဥပေါသထင်္ဂါနိသမာဒါတဗ္ဗာနံ" ဟူ၍လည်းကောင်း။ "ဝစီဘေဒေါပန ကာတဗ္ဗောယေဝ" ဟူ၍ လည်းကောင်း။ အဋ္ဌကထာ၌ ဆွဲမြှက်၍သာ ဆောက်ဘည်ရမည်ဟု အသေအချာ မိန့်မှာတော်မူချက်အရဖြင့် တ, န, မပြု နှုန်ိန် နို့စို့သားတို့ မြွက်ကြား၍ ဆောက်တည်နိုင်မည် မဆောက်တည်နိုင်မည်ကိုလည်းကောင်း ဗဟုသုတ ပညာဝန္တပုဂ္ဂိုလ်တို့သည် အထူးဉာဏ်ဖြင့် ဆင်ခြင်သင့်လှပေသည်။

အချို့သော ဆရာတို့ကား ဤအရာ၌ ဝိကာလဘောဇန သိက္ခာပုဒ် ပျက်သည်ကိုပင် လျှင် ညှိုးနွမ်းရုံသာဖြစ်သည်ဟု ပြောဟောကြသည်။ ယင်းသို့ ပြောဟောခြင်းသည် သီလ ညှိုးသော အရာကို ကျမ်းဂန်လာသည့်အတိုင်း မသိသောကြောင့်သော်လည်း ပြောဟောကြ ပေလိမ့်မည်၊ ဘီလညှိုးနွမ်းဟန် ကျမ်းဂန်၌ လာသည်ကား "ခဏ္ဍာဒိဘာဝေါ၊ သီလဿ သံကိလေသော" ဟူ၍ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ၁၃-ကြောင်းပေါ် ခဝကွေးအင်္ဂါ ခံချုပ်၌လာသည်။

ခဏ္ဍာဒီဘာဝေါ၊ ခဏ္ဍ အစရှိသော အဖြစ်သည်။ သီလဿ၊ သီလ၏။ သံကိလေသော၊ ညှိုးနွှမ်းကြောင်းမည်၏။ ဤကား-အနက်။

ဤအဋ္ဌကထာပါဠိဖြင့် ခဏ္ဍအစရှိသော အဖြစ်သည် သီလ၏ ညှိုးနွှမ်းကြောင်းတည်းဟူ၍ ပိဏ္ဍတ္ထအဓိပ္ပာယ်လာသည်။ အာဒိသဒ္ဒါဖြင့် ဆိဒ္ဓသဗ္ဗလကမ္မာသကကိုယူ။ထို သံကိလေသ-ဟူသောပုဒ်ကိုလည်း။ ''သံကိလိဿတိ တေနာတိ သံကိလေသော'' ဟု ကရဏသာဓ်ဝစနတ်ပြု၍ ညှိုးနွှမ်းကြောင်းဖြစ်သော ခန္ဓ- ဆိဒ္ဓ- သဗ္ဗလ- ကမ္မာသလေးပါးကို ကောက်ယူရမည်၊ အခြားသော သံကိလေသသည် ရှိတော့မည်မဟုတ်၊ ထိုကြောင့် အဋ္ဌကထာဌ်-

သော ပန ခဏ္ဍာဒီဘာဝေါ လာဘယသာဒိ ဟေတုကေန ဘောဒေနစ သတ္တဝိဓ မေထုနသံယောဂေနစ သင်္ဂဟိတော ဟူ၍ မိန့်အပ်ပြီ။

သောပန ခဏ္ဍာဒီဘာဝေါ၊ ထိုခဏ္ဍစသော အဖြစ်ကိုကား။ လာဘယသာဒိ ဟေတု-ကေန၊ လာဘ ယသ-စသည်အကြောင်းရှိသော။ ဘောဒေနစ၊ အပြားအားဖြင့် လည်းကောင်း။ သတ္တဝိဓေန၊ ၇-ပါး အပြားရှိသော။ မေထုနသံယောဂေနစ၊ မေထုန်နှင့်ယှဉ်သော အားဖြင့် လည်းကောင်း။ သင်္ဂဟိတော၊ ရောတ္ဂက်အပ်၏။ ဤကား အနက်။

အဓိပ္ပာယ်ကား။ ။လာဘ-ယသစသည် အကြောင်းရှိသော အားဖြင့်လည်းကောင်း၊ ၇-ပါးသော မေထုန သံယောဂအားဖြင့် လည်းကောင်း ခဏ္ဍ-ဆိဒ္ဓ- သဗ္ဗလ- ကမ္မာသ-ဟု ဆိုအပ်သော သံကိလေသလေးပါးကို ယူရမည်။ ထိုတွင်လည်း လာဘ-ယသ စသည် အကြောင်းရှိသော အပြားအားဖြင့် ရောတ္ဂက်အပ်သော ခဏ္ဍ-ဆိဒ္ဓ-သဗ္ဗလ- ကမ္မာသလေးပါးမှာ အလျဉ်း သီလပျက်၍ သံကိလေသဖြစ်သည်။ ၇-ပါး အပြားရှိသော မေထုန သံယောဂဖြင့် ရောတ္ဂက်အပ်သော ခဏ္ဍ-ဆိဒ္ဓ-သဗ္ဗလ- ကမ္မာသလေးပါးမှာ သီလမပျက် သက်သက်ညှိုးနွှမ်း၍ သံကိလေသဖြစ်သည်ဟု မှတ်။

ထိုခဏ္ဍစသည်တို့၏ အထူးကား-

(က) အနားဒ္ဓ စုတ်သောပုဆိုးကို ပုဆိုးပြတ် ဆိုသကဲ့သို့ သိက္ခာပုဒ်တို့၏ အစဒ္ဓ လည်းကောင်း အဆုံးဒ္ဓ လည်းကောင်း ပျက်သော သီလသည် ခဏ္ဍသီလ ကျိုးသော သီလမည်၏။

(ခ) အလယ်ဒ္ဓပေါက်သော ပုဆိုးကို ပုဆိုးပေါက် ဆိုအပ်သကဲ့သို့ အလယ်သိက္ခာပုဒ် ပျက်သော သီလသည် ဆိဒ္ဓသီလ ပေါက်သောသီလမည်၏။

(ဂ) ကျောက်ကုန်းဒ္ဓသော် လည်းကောင်း ဝမ်းဒ္ဓသော် လည်းကောင်း အနက် တတန့်၊ အနီတတန့် စသည်အဆင်းရှိသော နွားမကို နွားကျားမ ဆိုရသကဲ့သို့ သိက္ခာပုဒ် ၂-ပါး ၃-ပါး အစဉ်လိုက် ပျက်သောသီလသည် သဗ္ဗလသီလ ကျားသော သီလမည်၏။

(ဃ) သဘောမတူသော အဆင်းတို့ဖြင့် အပြောက်အပြောက်ရှိသော နွားမကို နွားမပြောက်ဟု ဆိုရသကဲ့သို့ သိက္ခာပုဒ် ၂-ခုကြား တခု၊ သုံးခုကြား တခု ပျက်သော

သီလသည် ကမ္မာသသီလ ပြောက်သောသီလမည်၏။ ဤလေးပါးသည်ကား သီလ အလျဉ်းပျက်သော သံကိလေသမည်၏။

(၁) မာတုဂါမ၏ ကသယ်မှုန့် စသည်တို့ဖြင့် ပွတ်သပ်ခြင်း ဆုပ်နယ်ခြင်း ရေချိုးစေခြင်းကို သာယာခြင်းတံပါး။

(၂) မာတုဂါမနှင့် အတူတကွ ကိလေသာဖြင့် ပြင်းစွာရယ်ခြင်း ကာယသံသဂ္ဂဖြင့် ကစားခြင်း မာတုဂါမကို မရဏ်မစက် မြတ်နိုးလျက်နေခြင်းကို သာယာခြင်းတပါး။

(၃) မိမိစက္ခုဖြင့် (မျက်စိဖြင့်) မာတုဂါမ၏ စက္ခု (မျက်စိ) ကို တစိမ်းစိမ်းရှုခြင်းကို သာယာခြင်းတပါး။

(၄) တံတိုင်း နံရံတဘက်က မာတုဂါမ၏ ရယ်သံ စကားပြောသံ သီဆိုသံ ငိုသံကို သာယာခြင်းတပါး။

(၅) ရှေးက မာတုဂါမနှင့် ရယ်ဖူးသော စကားပြောဖူး ကစားမြူးတူးဖူးသည်ကို အောက်မေ့သာယာခြင်း တပါး။

(၆) ငါးပါးသော ကာမဂုဏ်တို့နှင့်တကွ ဖြစ်၍ ပြည့်စုံ စံပယ်သော သူကြွယ်ကို လည်းကောင်း သူကြွယ်သားကို လည်းကောင်း ရှုမြင်ရ၍ သာယာခြင်းတပါး။

(၇) နတ်ပြည်ကိုတောင့်တ၍ ဗြဟ္မစရိယကိုကျင့်၏။ ထိုအကျင့်ဖြင့်လည်း နတ်ပြည်ကို တောင့်တခြင်းတပါး။

ဤ (၇) ပါးသော မေထုနသံယောဂသည် ခဏ္ဍ-ဆိဒ္ဒ-သဗလ-ကမ္မာသဖြစ်ခြင်း၏ အကြောင်းဖြစ်သောကြောင့် ဖလူပစာရအားဖြင့် ခဏ္ဍာဒိဘာဝ သံကိလေသမည်၏။ သီလကား မပျက်၊ ထို့ကြောင့် ယင်း၏ ဋီကာ၌ -

ဣဒမ္မိ ကေသေန တဿ ဗြဟ္မစရိယဿ ခဏ္ဍာဒိဘာဝံ ပါဒေန္တော ခဏ္ဍမ္မိ-ဆိဒ္ဒမ္မိ သဗလမ္မိ ကမ္မာသမ္မိ ဟု မိန့်ဆိုအပ်ပြီ။

ဣမ္မိဒ၊ ဤမေထုန သံယောဂ ၇-ပါးသည်လည်း။ ကေသေန၊ တခုသောအဖို့အားဖြင့်။ တဿ ဗြဟ္မစရိယဿ၊ ထိုမြတ်သောအကျင့်၏။ ခဏ္ဍာဒိဘာဝံ ပါဒေန္တော၊ ခဏ္ဍ စသော အဖြစ်သို့ ရောက်စေတတ်သောကြောင့်။ ခဏ္ဍမ္မိ၊ ခဏ္ဍလည်းမည်၏။ ဆိဒ္ဒမ္မိ၊ ဆိဒ္ဒလည်း မည်၏။ သဗလမ္မိ၊ သဗလလည်း မည်၏။ ကမ္မာသကမ္မိ၊ ကမ္မာသကလည်း မည်၏။ ဤကား အနက်။

ဤသို့လာသော အဋ္ဌကထာ ဋီကာ ကျမ်းတို့ကို ထောက်ရှု၍ ယခင်ပြဆိုခဲ့ပြီးသော နည်းဖြင့် နေလွဲသော အခါ အကြောင်းမဲ့ ယာမကာလိက စသော ကာလိက သုံးပါးကိုစား သောက်ခြင်းသည် သီတင်းသည် လူတို့၏ ရှစ်ပါး ဆယ်ပါးသီလ သိက္ခာပုဒ်တို့တွင် အလယ်ဖြစ်သော ဝိကာလဘောဇန သိက္ခာပုဒ်ပျက်ရကား စင်စစ်ဆိဒ္ဒသီလ ပေါက်သော သီလဟုဆိုရသည်။

ထိုပေါက်သော သီလကိုပင် သီလညှိုး ဆိုရသည်။ ယင်းသို့ဖြစ်၍ နေလွဲသောအခါ ယာမကာလိက စသော ကာလိက ၃-ပါးကို ပြောပလောက်သော ဂေလည-ပိပါသ-ဆာဒကအကြောင်းမရှိပဲ စားသောက်ချင်တိုင်း စားသောက်သောအရာ၌ သီလမပျက် သက်သက်ညှိုးသည်မရှိဟု မှတ်ယူရမည်။ ဤကား ကောဒသမပုဏ္ဏာ၊ ဝိသဇ္ဇနာတရပ် အပြီးသတ်တည်း။

(၁၂) ဝိကာလဘောဇနသိက္ခာပုဒ် ပျက်ခြင်းကြောင့် အပါယ်၌ ပဋိသန္ဓေအကျိုးကို ဖြစ်စေနိုင်အံ့လော-ဟူသော ဒွါဒသမပုဏ္ဏာ၌ အဖြေဝိသဇ္ဇနာကို ဤဆိုလတ္တံ့သောနည်းဖြင့် သိရာ၏။

အာပတ်သည် အန္ဓရာယိကအာပတ်၊ အနန္ဓရာယိကအာပတ်ဟူ၍ နှစ်ပါးအပြားရှိ၏။ ထို့ကြောင့် ပရိဝါပါဠိတော်၌ "အန္ဓရာယိကာအာပတ္တိ ဇာနိတဗ္ဗာ အနန္ဓရာယိကာအာပတ္တိ-ဇာနိတဗ္ဗာ" ဟူ၍ ဟောတော်မူအပ်ပြီ။

အန္ဓရာယိကာ၊ သုဂတိ၏အန္ဓရာယ် မဂ်ဖိုလ်၏အန္ဓရာယ်ကို ပြုတတ်သော။ အာဇတ်၊ အာပတ်ကို။ ဇာနိတဗ္ဗာ၊ သိအပ်၏။ အနန္ဓရာယိကာ၊ သုဂတိ၏အန္ဓရာယ် မဂ်ဖိုလ်၏အန္ဓရာယ်ကို မပြုတတ်သော။ အာပတ္တိ၊ အာပတ်ကို။ ဇာနိတဗ္ဗာ၊ သိအပ်၏။ ဤကား အနက်။

"အန္ဓရာယိကာ အနန္ဓရာယိကာ ဇာနိတဗ္ဗာ" ဟူသော ပုဒ်တို့သည် ဗဟုဝုစ်မဟုတ်။ အနုပညတ္တိ ဇာနိတဗ္ဗာ ဟူသောပုဒ်ကဲ့သို့ (အာပတ္တိ) ဟူသော ဣတ္ထိလိင်ပုဒ်သို့ လိုက်၍ ဣတ္ထိလိင် ဇောတက အာ-ပစ္စည်းဖြင့် ပြီးသည်။ ထိုနှစ်ပါးသောအာပတ်တို့၏ အထူးကိုလည်း-

> အန္ဓရာယိကာတိ သတ္တပိ အာပတ္တိယော သဉ္စိစ္စ ဝိတိက္ကန္တာ သဂ္ဂန္ဓရာယဉ္စေဝ မောက္ခန္ဓရာယဉ္စ ကရောန္တိတိ အန္ဓရာယိကာ။ အဇာနန္တော်န ဝိတိက္ကန္တာ ပန ပဏ္ဏတ္တိဝဇ္ဇာပတ္တိနေဝံ သဂ္ဂန္တရာယံ န မောက္ခန္တရာယံ ကရောတီတိ အနန္ဓရာယိကာ ဟူ၍ ပရိဝါအဋ္ဌကထာ၌ ဟောတော်မူ၏။

အန္ဓရာယိကာတိ၊ အန္ဓရာယိက ဟူသည်ကား။ သဉ္စိစ္စ၊ စိတ်စေတနာနှင့်တကွ စေ့ဆော်၍။ ဝိတိက္ကန္တာ၊ လွန်ကျူးအပ်ကုန်သော။ သတ္တပိအာပတ္တိယော၊ အာပတ် (၇)ပုံတို့သည်လည်း။ သဂ္ဂန္ဓရာယဉ္စေဝ၊ သုဂတိ၏အန္ဓရာယ်ကိုလည်းကောင်း။ မောက္ခန္ဓရာယဉ္စ၊ မဂ်ဖိုလ်၏အန္ဓရာယ်ကိုလည်းကောင်း။ ကရောန္တိ၊ ပြုတတ်ကုန်၏။ ဤတိတသ္မာ၊ ထို့ကြောင့်။ အန္ဓရာယိကာ၊ အန္ဓရာယ်မည်ကုန်၏။ ပန၊ အဖို့တပါးကား။ အဇာနန္တော်န၊ စိတ်စေတနာ မရှိ၊ မသိသဖြင့်။ ဝိတိက္ကန္တာ၊ လွန်ကျူးအပ်သော။ ပဏ္ဏတ္တိဝဇ္ဇာပတ္တိ၊ ဝဏ္ဏတ္တိဝဇ္ဇအာပတ်သည်။ သဂ္ဂန္ဓရာယဉ္စ၊ သုဂတိ၏အန္ဓရာယ်ကိုလည်းကောင်း။ နေဝကရောတိ၊ မပြုတတ်။ မောက္ခန္ဓရာယဉ္စ၊ မဂ်ဖိုလ်၏ အန္ဓရာယ်ကိုလည်း။ န ကရောတိ၊ မပြုတတ်၊ ဤတိ တသ္မာ၊ ထို့ကြောင့်။ အနန္ဓရာယိကာ၊ အနန္ဓရာယိက မည်၏။ ဤကား ယောဇနာ။

အဓိပ္ပာယ်ကား။ ။လွန်ကျူးလိုသော စိတ်စေတနာနှင့်တကွ လွန်ကျူးအပ်ကုန်သော လောကဝဇ္ဇ၊ ပဏ္ဏတ္တိဝဇ္ဇ ဖြစ်ကုန်သော အာပတ် ၇-ပုံလုံးပင် သုဂတိ၏ အန္ဓရာယ်ကိုလည်းကောင်း၊ မဂ်ဖိုလ်၏အန္ဓရာယ်ကိုလည်းကောင်း ပြုတတ်ကုန်သောကြောင့် အန္ဓရာယိကာ မည်ကုန်၏။ လွန်ကျူးလိုသော စိတ်စေတနာ မရှိ၊ မသိသဖြင့် လွန်ကျူးအပ်သော ပဏ္ဏတ္တိဝဇ္ဇ၊

အာပတ် ဟူသမျှသည် သုဂတိ၏ အန္တရာယ်ကိုလည်းကောင်း၊ မဂ်ဖိုလ်၏ အန္တရာယ်ကို လည်းကောင်း မပြုတတ်သောကြောင့် အနန္တရာယိကမည်၏ ဟူ၍လာသည်။

ဤဝိကာလဘောဇနသိက္ခာပုဒ်၌လည်း ပဏ္ဏတ္တိဝဇ္ဇသိက္ခာပုဒ် ဖြစ်ခဲ့ရကား လွန်ကျူးလိုသော သီလဘေဒန ဝိတိက္ကမစေတနာဖြင့် လွန်ကျူးသည်ရှိသော် သုဂတိ၏အန္တရာယ် မဂ်ဖိုလ်၏ အန္တရာယ်ကို ပြုနိုင်သည်သာတည်း။ စေတနာမရှိ မသိသဖြင့် လွန်ကျူးမိသည့် အရာ၌ကား ယခင် အန္တရာယ်တို့ကို မပြုနိုင်ဟု မှတ်ယူရမည်။

သဂ္ဂန္တရာယ်ဟူသည်ကား လူ့ပြည် နတ်ပြည်၌ ပဋိသန္ဓေကို မဖြစ်စေမူ၍ အပါယ်၌ ပဋိသန္ဓေအကျိုးကို ဖြစ်စေသည်ဟု ဆိုလိုသည်။ မောက္ခန္တရာယ်ဟူသည်ကား မဂ်-ဖိုလ်ကို လည်းကောင်း၊ စျာန်-သမာပတ်ကိုလည်းကောင်း တားမြစ်နိုင်သည်ဟု ဆိုလိုသည်။ ဤကား ဒုဒါဒသမပုစ္ဆာ၏ ဝိသဇ္ဇနာတရပ် အပြီးသတ်တည်း။

(၁) ဧတေနာညေန ပုညေန၊ ယာဝါပတ္တံ အသခ်ံတံ။
တာဝသီလံ သုပူရေန္တော၊ ဓာရေမိ ပိဋ္ဌကတ္တယံ။

(၂) ဇာနိတ္ဝာန စ ပညဲာယ၊ ဌာနာဌာနံ ဟိတာဟိတံ။
ပဂ္ဂဏှေယျေစ ပဂ္ဂဏှံ၊ နိဂ္ဂဏှေယျေစ နိဂ္ဂဟံ။
သီလဂန္ဓေန ဝါယန္တော၊ သောဓေမိ ဗုဒ္ဓသာသနံ။

(၁) ဧတေန ပုညေနစ၊ ဤ သာဓုပသာဒကဝိနိစ္ဆယ-ကို လုံ့လကြိုးကုတ် အားထုတ်တိထွင် ပြုစီရင်ရ ကုသလကြောင့်လည်းကောင်း။ အညေန ပုညေန စ၊ ဤကုသိုလ်မှတပါး များပြားညဿုံ ကုသိုလ်ဟုန်ကြောင့်လည်းကောင်း။ အသခ်ံတံ၊ ကံ-အာဟာရ စိတ္တ-ဥတု လေးခုအကြောင်း ပေါင်း၍ပြုပြင် မစီရင်အပ်သော နိဗ္ဗာန်သို့။ ယာဝ၊ အကြင်ရွေ့ လောက်လျင်။ အပတ္တံ၊ ကူးသန်းထုတ်ချောက် မရောက်ရပါသေး။ တာဝ၊ ထိုရွေ့လောက်လျင်။ သီလံ၊ စတုပါရိသုဒ္ဓိသီလကို။ သုပူရေန္တော၊ ကောင်းစွာ ပြည့်စုံစေလျက်။ ပိဋ္ဌကတ်တယံ၊ ပိဋ္ဌကတ်သုံးပုံ အလုံးစုံကို။ ဓာရေမိ၊ နှုတ်၌ရရ အာဂုံရအောင် ရွက်ဆောင်နိုင်ရပါလို၏။

(၂) ပညာယ၊ သန့်ရှင်းလျင်မြန် ထက်သောဉာဏ်ဖြင့်။ ဌာနာဌာနဉ္စ၊ အကြောင်းဟုတ်သင့် မဟုတ်သင့်ကိုလည်းကောင်း။ ဟိတာဟိတဉ္စ၊ အကျိုးစီးပွား ရှိသင့်-မရှိသင့်ကိုလည်းကောင်း။ ဇာနိတ္ဝာန၊ ပိုင်းခြားတိုတိ ဟုတ်တိုင်းသိ၍။ ပဂ္ဂဏှေယျေစ၊ ချီးမြှောက်သင့်ကောင်း လေ့ကျီသူတော်ကောင်းကိုလည်း။ ပဂ္ဂဏှံ-ပဂ္ဂဏှန္တော၊ ပစ္စယ-ဓမ္မ ထိုနှစ်ဝဖြင့် လှလှပင့်ထောက်လွန်ချီးမြှောက်နိုင်သည်ဖြစ်၍။ နိဂ္ဂဏှေယျေစ၊ နှိပ်နင်းထိုက်စွာ အလေ့သူယုတ်မာကိုလည်း။ နိဂ္ဂဟံ-နိဂ္ဂဟန္တော၊ ဓမ္မသက်သက် ဒေါမစ္ဆက်ပဲ နှိပ်စက်ညှဉ်းပန်းနိုင်သည်ဖြစ်၍။ သီလဂန္ဓေန၊ စတုပါရိသုဒ္ဓိ သင်းပျံ့ သီလနံ့ဖြင့်။ ဝါယန္တော၊ ဖြဟ္မဝဘုံတိုင် သင်းပျံ့ကြိုင်အောင် လှိုင်စေလျက်။ ဗုဒ္ဓသာသနံ၊ ဘုရားမိန့်မြွက် ဓမ္မစက်ဩဝါ သာသနာကို။ သောဓေမိ၊ သူရိန်-တိမ်-နှင်း အခိုးကင်းသည့် လမင်းစန္ဒာ လင်းလင်းသာသို့ ကောင်းစွာသန့်ကြည် ထွန်းလင်းတည်အောင် ရွက်ဆောင်သုတ်သင်ရပါလို၏။

သာဓုပသာဒကကျမ်း ပြီး၏။

၁၂၉၄-ခုနှစ်တွင်

အဂ္ဂမဟာပဏ္ဍိတ

သဒ္ဓမ္မဇောတိကာရာမ၊ ဒုတိယဆရာတော်ဘုရားကြီး

ရေးသား ဖြေဆိုအပ်သော

မာလာခါရဏ ဝိနိစ္ဆယ

၁-အဘိယာစက

ဘုရားတပည့်တော် ဒါယကာ ငတူ၊ စုံဖိုး၊ ဖိုးရင်တို့က ခြေတော်ဦးခိုက် လျှောက်ထားလိုက်ရပါသည် ကျေးဇူးရှင် ဆရာတော် အရှင်သူမြတ်ဘုရား။

ယခုကာလ ပုဆိုး-ထမီ အင်္ကျီ ခေါင်းပေါင်းများမှာ ထိုးပန်း-ရက်ပန်း တို့ဖြင့် ပြုလုပ်ကြပါသည်။ ထိုအထည်များကို ဝတ်ဆင်၍ ရှစ်ပါး-ဆယ်ပါး သီလများကို ခံယူဆောက်တည်ကြရာ မာလာဂန္ဓသိက္ခာပုဒ် ပျက်-မပျက်ကို သိလိုပါ၍ ဝိနိစ္ဆယ ပြုလုပ်ပေးသနားတော်မူပါမည့်အကြောင်းကို ခြေတော်ဦးခိုက် လျှောက်ထားလိုက်ရပါသည် ဆရာတော်အရှင်သူမြတ်ဘုရား။

၂-ပဋိညာဉ်

ပြန်ကြားသိစေလိုက်သည် ဒါယကာတူ ဒါယကာစုံဖိုး ဒါယကာဖိုးရင်တို့၊ ဒါယကာတို့က ယခုကာလ ထိုးပန်း ရက်ပန်းတို့ဖြင့် ပြုလုပ်သော ပုဆိုး-ထမီ-အင်္ကျီ-ခေါင်းပေါင်းတို့ကို ဝတ်ဆင်လျှက် ရှစ်ပါး-ဆယ်ပါး သီလများကို ခံယူဆောက်တည်ကြရာ။ မာလာဂန္ဓသိက္ခာပုဒ် ပျက်-မပျက်ကို သိလိုကြောင်းဖြင့် လျှောက်ထားသောစာ ရရှိ၍ အကျဉ်းရေးသားပြန်ကြားလိုက်ပေအံ့။

၃-ဆုံးဖြတ်ချက်အရပ်ရပ်

"မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ" ဟူသောပုဒ်၌ (မာလာ) ကို (ဓာရဏ) နှင့် (ဂန္ဓ) ကို (မဏ္ဍန) နှင့် (ဝိလေပန) ကို (ဝိဘူသန) နှင့် စပ်၍ ယူအပ်သည်။ ယင်းသို့ (မာလာ) ကို (ဓာရဏ) နှင့်စပ်၍ ပန်းပန်ခြင်း ဟူသော အနက်ကိုရသည်။ မာလာဟူသောပုဒ်ကို ဝိမတိဝိနောဒနီဋီကာ၌-

(၁) မာလာတိ ဗဒ္ဓမဗဒ္ဓံဝါ အန္တမသော သုတ္တာဒိ မယမ္မိ အလင်္ကာရတ္ထာယ ပိဋ္ဌန္ဓိယမာနံ မာလာတ္တေဝ ဝုစ္စတိ ဟု ဖွင့်ဆိုအပ်၏။ တရုကာဏ်ဋီကာ၌လည်း-

(၂) မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာတိ ဧတ္ထ မာလာတိ ယံကိဉ္စိပုပ္ဖံ။ ကိဉ္စာပိဟိ မာလာသဒ္ဒေါ လောကေ ဂန္ထမာလာ ဂါစကော၊ သာသနေ

ပန ရုဋ္ဌိယာ ပုပ္ပေသုံ ဝုတ္တော၊ တသ္မာ ယံကိဉ္စိပုပ္ပံ ဗဒ္ဓ မဗဒ္ဓံဝါ/တံ သဗ္ဗံ မာလာတိ ဒဋ္ဌဗ္ဗံ ဟု ဖွင့်ဆိုအပ်၏။ ဝိမတိဝိနောဒနီ ဋီကာ၌လည်း-

(၃) ဓာရဏံနာမ ပိဋ္ဌနံ ဟု ဖွင့်ဆိုအပ်၏။ တေရသကဏ် ဋီကာ၌လည်း-

(၄) ပိဋ္ဌနံ ဓာရဏံ ဟု ဖွင့်ဆိုအပ်၏။ ထိုဋီကာပါဠိတို့၏ အနက်ကား။

(၁) မာလာတိ၊ မာလာဟူသည်ကား။ ဗဒ္ဓံဝါ၊ သီကုံးစည်းပတ်၊ ဖွဲ့ချည်အပ်သည်လည်း ဖြစ်သော။ အဗဒ္ဓံဝါ၊ မသီကုံး မစည်းပတ် မဖွဲ့ချည်အပ်သည်လည်း ဖြစ်သော။ အန္တမသော၊ ယုတ်သော အပိုင်းအခြားအား ဖြင့်။ သုတ္တာဒိ မယမို့၊ ချည်စသည်ဖြင့် ပြီးသည်လည်း ဖြစ်သော။ အလင်္ကာရတ္ထာယ၊ တန်ဆာအလို့ငှာ။ ပိဋ္ဌနိယမာနံ၊ ပန်ဆင်သောပန်းကို။ မာလာတေ့ဝ၊ ပန်းဟူ၍သာလျှင်။ ဝုစ္စတိ၊ ဆိုအပ်၏။

(၂) မာလာဂန္ထ ဝိလေပန ဓာရဏာ မဏ္ဍန ဝိဘူသနဋ္ဌာနာတိ ဧတ္ထ၊ မာလာ။ပ။ ဝိဘူသနာ ဟူသောပုဒ်၌။ မာလာတိ၊ မာလာ ဟူသည်ကား။ ယံကိဉ္စိ၊ အလုံးစုံသော။ ပုပ္ဖံ၊ ပန်းတည်း။ ဟိ-သစ္စံ၊ မှန်၏။ မာလာသဒ္ဒေါ၊ မာလာသဒ္ဒါသည်။ လောကေ၊ လောက၌။ ဗဒ္ဓမာလာဝါစကော၊ သီကုံးစည်းပတ်၊ ဖွဲ့ချည်အပ်သောပန်းကို ဟောသည်။ ကိဉ္စာပိဟောတိ၊ အကယ်၍ကား ဖြစ်၏။ ပန၊ ထိုသို့ဖြစ်သော်လည်း။ သာသနေ၊ သာသနာတော်၌။ ရုဋ္ဌိယာ၊ ရုဋ္ဌိအား ဖြင့်။ ပုပ္ပေသုပိ၊ နှယ်-သစ်ပင်တို့မှ ဖြစ်သော ပန်းတို့၌လည်း။ မာလာသဒ္ဒေါ။ မာလာသဒ္ဒါကို။ဝုတ္တော၊ မိန့်ဆိုတော်မူအပ်၏။ တသ္မာ၊ ထို့ကြောင့်။ ဗဒ္ဓံဝါ၊ သီကုံးစည်းပတ် ဖွဲ့ချည်အပ်သည်လည်း ဖြစ်သော။ အဗဒ္ဓံဝါ၊ မသီကုံးမစည်းပတ် မဖွဲ့ချည်အပ်သည်လည်း ဖြစ်သော။ ယံကိဉ္စိ၊ အလုံးစုံသော။ ပုပ္ပံ၊ ပန်းသည်။ အတ္ထိ၊ ရှိ၏။ တံသဗ္ဗံ၊ ထိုအလုံးစုံသော ပန်းကို။ မာလာတိ၊ မာလာဟူ၍။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ (ဤပါဠိအပေါင်းတို့တွင် (မာလာသဒ္ဒေါ) ဟူသော ပုဒ်သည်။ (ဝါစကော) ၌-ကတ္တား။ (ဝုတ္တော) ၌ ကံ ဖြစ်သည်တည်း)။

(၃) ဓာရဏံ နာမ၊ ဓာရဏာ မည်သည်ကား။ ပိဋ္ဌနံ၊ ပန်ဆင်ခြင်းတည်း။

(၄) ပိဋ္ဌနံ၊ ပန်ဆင်ခြင်းသည်။ ဓာရဏံ၊ ဓာရဏာမည်၏။ (ဤကား ဋီကာတို့၏ အနက်)။

ဤသို့ ကျမ်းဂန်တို့၌ ဖွင့်ဆိုအပ်သောကြောင့် ရှေ-ဌေ-စက္ကူ။ ဖေ့ချည် စသည်တို့ကို သီကုံးစည်းပတ် ဖွဲ့ချည်၍ ပြုအပ်သော ပန်းကုံး-ပန်းခိုင်-ပန်းဖွဲ့းကိုလည်းကောင်း၊ နှယ်-သစ်ပင် စသည်တို့မှ အလိုအလျောက် ပေါ်ပေါက်ဖြစ်ပွားသော ပန်းပွင့်မျိုးကိုလည်းကောင်း မာလာ-ပန်း ဟူ၍ ခေါ်ဆိုအပ်၏။ ထိုမာဂဓဘာသာ မာလာ ဟူသောပန်းကို ခေါင်းဥ စိုက်ခြင်း နားဥပန်ခြင်း လည်ဥ ဆွဲဆင်ခြင်းကိုသာ ဓာရဏာဟု ခေါ်ဆိုအပ်၏။

ထို့ကြောင့် ယခုကာလ ထိုးပန်း-ရက်ပန်း ပုံနှိပ်ပန်းတို့ဖြင့် ပြုလုပ်အပ်သော ပုဆိုး-ထမီ-အင်္ကျီ တို့ကို ဝတ်ဆင်၍လည်းကောင်း၊ ဦးရစ်-ခေါင်းပေါင်း ပေါင်းခြင်းကို လည်းကောင်း၊ တဘက်-ပဝါ တင်ခြုံခြင်းကိုလည်းကောင်း၊ လောကဥ ပန်းပန်သည် ဟူ၍လည်း

မခေါ်ဆို။ ပန်းပန်ခြင်းလည်း မဟုတ်သည်ဖြစ်၍ ထိုသို့ ထိုးပန်း ရက်ပန်း ပုံနှိပ်ပန်း တို့ဖြင့် ပြုလုပ်အပ်သော ပုဆိုး-ထမီ-အင်္ကျီ ပဝါ-တဘက် စသည်တို့ကို ဝတ်ရုံဆင်မြန်း၍ ရှစ်ပါး ဆယ်ပါး သီလမျှားကို ခံယူဆောက်တည်ကောင်း၏။ သီလပျက်စီးခြင်းမရှိ၊ ယင်းသို့ဖြစ်သော်လည်း ဥပုသ်သီလကို ခံယူဆောက်တည်၍ ကျင့်သုံးကြသောအခါ ဝတ်ဖြူစင်ကြယ်ကို ဝတ်ပြီးလျှင် တဘက်ဖြူကို စံပယ်တင်၍ ဦးထုပ်-ခေါင်းပေါင်း မပေါင်း မအုပ်ပဲ ခံယူဆောက်တည် ကျင့်သုံးကြခြင်းသည် ရှေးသူတော်ကောင်းတို့၏ အလေ့အကျင့်ပေတည်းဟု မှတ်ယူအပ်ကုန်သတည်း။

၁၂၉၄-ခု၊ ဝါဆိုလဆုတ် ၅-ရက်နေ့၌
ဤမာလာဓာရဏ ဝိနိစ္ဆယသည်
ဆုံးခန်းတိုင်ရောက် ပြီးမြောက်အောင်မြင်သတည်း။

မာလာဓာရဏ ဝိနိစ္ဆယပြီး၏။

၁၂၇၂-ခုနှစ်တွင် ဓနုဖြူမြို့

သဒ္ဓမ္မဇောတိကဝါရာမတိုက်

အဂ္ဂမဟာပဏ္ဍိတ

ဒုတိယ ဆရာတော်ဘုရားကြီးသည်

ရေးသားတော်မူသော

ပဋိပတ္တိ ပကာသနီကျမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(၁) မင်္ဂလမာ ပဋိပဒါယ၊ ယော ဥတ္တိဏ္ဏော ဘဝဏ္ဏဝါ။
ဒုဂ္ဂါ မဂ္ဂင်္နာဝါယ၊ ပါရင်္ဂတော ဝိနာသကော။

(၂) မဟာဇနေ နိဝုယ္ဟန္တေ၊ ဥတ္တာရေသိ ဘဝဏ္ဏဝေ။
သဗ္ဗဿော မေ ဇယံဒေတု၊ အဋ္ဌမဂ္ဂင် နာဝိကော။

ပါရင်္ဂတော၊ အာဘိညာ,တီရဏ, ပဟာန,ဘာဝနာ, သစ္ဆိကရိယာ, သမာပတ်, ကမ်းခြောက်ရပ်သို့ ဖြောင့်မတ်စွာရောက်တော်မူပြီးထသော။ ဝါ၊ သံသရာကမ်း နိဗ္ဗာန်နန်းသို့ ကြွမြန်းတော်မူပြီးထသော။ အဋ္ဌမဂ္ဂင်နာဝိကော၊ မဂ္ဂင်ရှစ်ပါး တရားထူးကျော် နိဗ္ဗာန်ကူးသင်္ဘောကြီး၏ အရှင်ဖြစ်တော်မူထသော။ ယောဝိနာယကော၊ အကြင် မြတ်စွာဘုရားသခင်သည်။ မင်္ဂလမာ မင်္ဂလမာယ ပဋိပဒါယ၊ ကာမသုခလ္လိကာနုယောဂသို့လည်းမကျ၊ အတ္တကိလမထာနုယောဂသို့လည်းမပါ၊ အလယ်၌သာဖြစ်သော အကျင့်ဟု ဆိုအပ်သော။ မဂ္ဂင်နာဝါယ၊ မဂ္ဂင်ရှစ်ပါး တရားထူးကျော် နိဗ္ဗာန်ကူးသင်္ဘောကြီးဖြင့်။ ဒုဂ္ဂါ၊ ဆင်းရဲဒြိုင်းဒြင် ပင်ပင်ပန်းပန်း ကူးသန်းသွားလာရာဖြစ်သော။ ဘဝဏ္ဏဝါ၊ ဘဝသုံးဖြာ သံသရာပြင်ကျယ် ဝဋ်ပင်လယ်မှ။ သာမံစ၊ ကိုယ်တော်တိုင်လည်း။ ဥတ္တိဏ္ဏော၊ နိဗ္ဗာန်ထုတ်ချောက် ကမ်းဆုံးရောက်အောင် ကူးမြောက်တော်မူလေပြီ။ ဒုဂ္ဂါ၊ ဆင်းရဲဒြိုင်းဒြင် ပင်ပင်ပန်းပန်း ကူးသန်းသွားလာရာဖြစ်သော။ ဘဝဏ္ဏဝေါ၊ ဘဝသုံးဖြာ သံသရာပြင်ကျယ် ဝဋ်ပင်လယ်၌။ နိဝုယ္ဟန္တေ၊ အမြဲတစေ မျောနစ်၍နေကုန်သော။ မဟာဇနေစ၊ များပြားလှစွာ သတ္တဝါတို့ကိုလည်း။ မင်္ဂလမာ မင်္ဂလမာယ ပဋိပဒါယ၊ ကာမသုခလ္လိက နုယောဂသို့လည်းမကျ၊ အတ္တကိလမထာနုယောဂသို့လည်းမပါ၊ အလယ်၌သာဖြစ်သော အကျင့်ဟု ဆိုအပ်သော။ မဂ္ဂင်နာဝါယ၊ မဂ္ဂင်ရှစ်ပါး တရားထူးကျော် နိဗ္ဗာန်ကူးသင်္ဘောတော်ကြီးဖြင့်။ ဥတ္တာရေသိ၊ လက်ယာကမ်းရောက် နိဗ္ဗာန်ပေါက်ဈေးအောင် ကူးမြောက်စေတော်မူလေပြီ။ ပါရင်္ဂတော၊ အာဘိညာ, တီရဏ, ပဟာန ဘာဝနာ, သစ္ဆိကိရိယာ, သမာပတ်, ကမ်းခြောက်ရပ်သို့ ဖြောင့်မတ်စွာ ရောက်တော်မူ

ပြီးထသော။ ဝါ၊ သံသရာကမ်း နီဗ္ဗာန်နှန်းသို့ ကြွမြန်းတော်မူပြီးထသော။ အဋ္ဌမဂ္ဂင်နာဝိကော၊ မဂ္ဂင်ရှစ်ပါး တရားထူးကျော် သဘော်ဘမူး ဖြစ်တော်မူထသော။ သောဝိနာယကော၊ ထုံမြတ် စွာဘုရားသခင်သည်။ သဗ္ဗညော၊ ခပ်သိမ်းသော အခြင်းအရာအား ဖြင့်။ မေ၊ အကျွန်ုပ်အား။ ဇယံ ဇယမင်္ဂလံ၊ မင်္ဂလာညွှန်နှု ပန်းခအောင်ဆုကို။ ဒေတု၊ ပေးတော်မူပါစေသတည်း။

ဤ ၂-ဂါထာတို့၌ မဇ္ဈိမာ ဟူသောပုဒ်ကို မဇ္ဈိမာယဟု ဆိုအပ်လျက် ဆန္ဒာနုရက္ခဏာ အကျိုးငှာ ယ-ကိုချေ။ သာမံစ-ကား ပါဌသေသ။ ဤပါဌသေသ၌ စ-သဒ္ဒါဖြင့် ဟောဇနေ၊ ကို ပေါင်း၊ ပါရဂံတော-ဟူသောပုဒ်၌ ပဌမဝိကပ်သည် "ပါရဂူသဗ္ဗဓမ္မာနန္တိ သဗ္ဗမ္မောဝုစ္စတိ ပဥ္စက္ခန္ဓာ၊ ဒွါဒသာယတနာနိ၊ အဋ္ဌာရသဓာတုယော၊ တေသံ ဓမ္မာနံ အဘိညာပါရံ-တီရဏပါရံ၊ ပဟာနပါရံ၊ ဘာဝနာပါရံ၊ သစ္ဆိကိရိယပါရံ၊ သမာပတ္တိပါရဥ္စာတိ၊ ဆဗ္ဗိဓံပါရံ ဂတတ္တာပါရဂူ" ဟူသော အဂ်ုတ္တိုရ်အဋ္ဌကထာအတိုင်း ဖြစ်သည်။ မဟာဇနေစ-ဟူသောပုဒ်ကို များပြားလှစွာ သတ္တဝါတို့ကိုလည်း ဟူ၍ ယောဇနာရာဒ္ဓ ဇန-သဒ္ဒါ၏အနက်ကို သတ္တဝါဟူ၍ ရေးသားလိုက်ခြင်းသည် သတ္တတာသာဖြင့် ပြန်ဆိုသောအရာဖြစ်သောကြောင့် ရေးသား ထိုက်သည်။ ယခုကာလ သတ္တဝါဟူ၍ ရေးသားသူ များကြသည်၊ မသင့်။ အဘယ့်ကြောင့်နည်း ဟူမူ ထို သတ္တဝါဟူသော ဝေါဟာရသည် သင်္ကတဘာသာလည်း မဟုတ်၊ မြန်မာဘာသာလည်း မဟုတ်သောကြောင့်တည်း။ ယင်းနည်းတူ သာရိပုတ္တ-ကို သာရိပုတြ၊ စန္ဒ-ကို စန္ဒြ၊ ပဥ္စ-ကို ပြဿနာ၊ သမုဒ္ဒကို သမုဒ္ဒရာ စသည်ဖြင့် သင်္ကတပြန်ဟူသမျှတို့၌ ရေးသားအပ်သည် များကိုလည်း သိ၊ သတ္တဝါစသည်တို့၏အဆုံး၌ အာ-သည် ဝါစာသိလိ်၌ အကျည်းမျှသာတည်း။ ဂန္ဆာရမ္ဘ အာသီသ ပြီး၏။

(က) ရိပုံဇယတု။ ။ယခုကာလ အချို့ကုန်သောသူတို့သည် သံတင်းနှေ့၌ ဥပုသ်သီလကို ဆောက်တည်ခံယူကြကုန်ပြီး၍ နံနက်အခါမှစ၍ ကာလဝိကာလ ၂-ပါးလုံးတို့၌ပင် တစုံတခုသော အာဟာရကိုမျှ မစားမသောက်ပဲ ကျင့်ကြံကြပါကုန်သည် အရှင်ဘုရား။ ထိုသူတို့၏ တစုံတခုသော အာဟာရကို မစားမသောက်ပဲ ကျင့်ခြင်းသည် ဘုရားရှင် ခွင့်ပြုဝေဒ်မူအပ်သော ကောင်းမြတ်သောအကျင့် ဟုတ်-မဟုတ်၊ ဘုရားရှင် ချီးမွမ်းအပ်သော ကောင်းမြတ်သောအကျင့် ဟုတ်-မဟုတ်၊ ကုသိုလ် ဖြစ်-မဖြစ်၊ မိစ္ဆာဝါယမ မိစ္ဆာဉာဏ် ဟုတ်-မဟုတ်၊ ဓမ္မစက်ဒေသနာကို လွန်ကျူးကျော်နင်းသောအကျင့် ဟုတ်-မဟုတ်၊ ငါး-အမဲကို ပယ်ရှားပြီး သက်သာ်လွတ်စားသောအကျင့်၊ ထမင်းကိုပယ်ရှားပြီး သစ်သီးသစ်ရွက်ကိုသာ စားသောအကျင့် တို့သည် သန္ဒိဋ္ဌိ-သလ္လေခ ဖြစ်-မဖြစ်ကို သိလိုကြပါသောကြောင့် တောင်းပန်လျောက်ထား ကြရပါသည်။ သာသနာတော်မြတ်၏အကျိုးငှာ ဆုံးဖြတ်ရေးသား၍ ပေးသနားတော်မူပါ အရှင်ဘုရား ဟူ၍ သင်္ကရာဇ် ၁၂၇၁-ခု နှတ်တော်လဆုတ် (၁)ရက်နေ့၌ ညောင်တုန်းမြို့အပိုင် စံကင်းရွာဘောင်ပိုင်း ဆိုင်းစုရပ်နေ ဒါယကာ ဆရာတိုး၊ မောင်ပုကြီး၊ မောင်ဖိုးရိပ်၊ မောင်အုံးမြ၊ မောင်ပုကန်လား၊ မောင်ဟ၊ စံကင်းရွာမနေ မောင်ဝိုးသော့၊ သမ္မန်ကျင်းရွာနေ၊ မောင်ရွှေခတို့၏ လျောက်ထားဘောင်းပန်သော စကားကို ကြားသိရလျှင် ဘုရားရှင်၏ သာသနာတော်သည် နှစ်ပေါင်းခုနစ်ထောင်ပတ်လည်အောင် (၇၀၀၀) ရှိသည့်အနက် ထက်ဝက်ကာလသို့ ပကျမရောက် ၂၄၅၄-ဘုန်းလောက် ထိုမျှပင်ပဲပါဘ အကြောင်းကိုလမထောနုယောဂ၊ အစေလက အကျင့်

ပျက်၏ ပေါ်ထွက်ဖြစ်ပွားလာခြင်းသည် လောကကေတု သဗ္ဗညုဝိသုဒ္ဓိ မုနိဂါးဦးတို့၏သခင် ဘုရားရှင်သည် ဂါးအင်ရန်ဒုတ် မာရ်ခလုတ်ကို ပယ်နုတ်သုတ်သင် အောင်မြင်တော်မူရာ မဟာဗောဓိ အပရာဇိရိပ်ခန်း ပလ္လင်နန်းကို သိမ်းမြန်းပိုင်သ၍ သမ္မုဒ္ဓအစစ် မာရဇိန်အဖြစ်သို့ ရောက်သည်မှနောက် ၂-လမြောက် အာသဠှိ၊ ပုဏ္ဏမိစက် စန်းပြည့်ရက်၌ ပဉ္စဝဂ်ဂါးဦးသား တို့အား "ဒွေ မေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ" ဤဒေသနာကို အစထား၍ ဟောကြားတော်မူအပ်သော ဓမ္မစက်အာဏာ သာသနာ၏ ရောင်ဝါမှိန်မှေး အရှိန်သေး၍ တဖြည်းဖြည်း ကွယ်ပျောက်ကြောင်းသာ ဖြစ်တော့သည်ဟု ကြံစည်ဆင်ခြင်မိသဖြင့် သာသနာတော်မြတ်၏ အကျိုးစီးပွားအလို့ငှာ လျှောက်ထားတောင်းပန်ရင်း ဖြစ်ကုန်သော ဥပါသကာတို့ကို အဦးဆား၍ မျှားစွာကုန်သော ဗုဒ္ဓဘတ်တို့က သမာဂမဖြစ်သူ လူ ရှင် ရဟန်းတို့၏ အကျိုးစီးပွား အလို့ငှာလည်းကောင်း ဤပဒါသုံးပါးကို လက်မှန်ထား၍ ရေးသားဖော်ပြလိုက်ပါအံ့။

ထိုသုံးပါးကုန်သော ပဋိပဒါတို့ကို အဂုံတွာရပါဠိတော်၌–

တိဿော ဣမာ ဘိက္ခဝေ ပဋိပဒါ၊ ကတမာ တိဿော အာဂါဠှာပဋိပဒါ၊ နိဇ္ဈာမာ ပဋိပဒါ၊ မဇ္ဈိမာ ပဋိပဒါ-ဟူ၍ ဟောတော်မူအပ်၏။

ဘိက္ခဝေ၊ ရဟန်းတို့၊ ပဋိပဒါ၊ အကျင့်တို့သည်။ ဣမာတိဿော၊ ဤသုံးပါးတို့တည်း။ တိဿော၊ သုံးပါးကုန်သော အကျင့်ဟူသည်။ ကတမာ၊ အဘယ်သည်တို့နည်း။ အာဂါဠှာ၊ လောက၏အစွမ်းအားဖြင့် ခိုင်ခိုင်မြဲမြဲ စွဲလမ်းခြင်းရှိသော။ ဝါ၊ ကာမသုခလွှဲကာနုယောဂ၏ အစွမ်းအားဖြင့် ဝတ္ထုအာရုံ ကာမဂုဏ်အတွင်းသို့ သက်ဆင်းကျရောက်သော။ ပဋိပဒါ၊ အကျင့်သည်လည်းကောင်း။ နိဇ္ဈာမာ၊ အတ္တကိလမထာနုယောဂ၏ အစွမ်းအားဖြင့် ပြင်းပြစွာ လောင်ခြင်းဂျိုသော။ ဝါ၊ ရူပကာယကို။ ပူလောင်စေသည်၏အစွမ်းအားဖြင့် ဖြစ်သော။ ပဋိပဒါ၊ အကျင့်လည်းကောင်း။ မဇ္ဈိမာ၊ အာဂါဠှသို့လည်း မှကျ၊ နိဇ္ဈာမသို့လည်း မသက်၊ အလယ်ချက်၌သာဖြစ်သော။ ပဋိပဒါ၊ အကျင့်လည်းကောင်း။ ဣတိ-ဣမာတိဿော၊ ဤသုံးပါးတို့တည်း။ ဤကား အနက်။

(ခ) ကိုသုံးပါးကုန်သော အကျင့်ဘို့ဟုင် အာဂါဠှ အကျင့်ဟူသည်ကား။ ကာမ-သုခလွှဲကာနုယောဂ အကျင့်သာတည်း။ ထို့ကြောင့် တိကနိပါတ် အဂုံတို့ရှ ပါဠိတော်၌ပင်–

ကတမာ စ ဘိက္ခဝေ အာဂါဠှပဋိပဒါ၊ ဣဓ ဘိက္ခဝေ ကေစ္စော ဧဝံ ဝါဒီ-ဟောတိ ဧဝံဒိဋ္ဌိ၊ နတ္ထိ ကာမေသု ဒေါသောတိ၊ သော ကာမေသုပါတဗျတံ အာပဇ္ဇတိ၊ အယံ ဝုစ္စတိ ဘိက္ခဝေ အာဂါဠှာ ပဋိပဒါ- ဟူ၍ ဟောတော်မူအပ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ အာဂါဠှာ၊ လောဘ၏ အစွမ်းအားဖြင့်။ ခိုင်ခိုင်မြဲမြဲ စွဲလမ်းခြင်းရှိသော။ ဝါ၊ ကာမသုခလွှဲကာနုယောဂ၏ အစွမ်းအားဖြင့် ဝတ္ထုအာရုံ ကာမဂုဏ်ဘက်သို့ သက်ဆင်းကျရောက်သော။ ပဋိပဒါ၊ အကျင့်သည်။ ကတမာ၊ အဘယ်နည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓလောကော၊ ဤသတ္တလောက၌။ ကေစ္စော၊ အချို့သော ပုဂ္ဂိုလ်တို့သည် ကာမေသု၊ ဝတ္ထုအာရုံ၊ ကာမဂုဏ်တို့၌။ ဒေါသော၊ အပြစ်သည်။ နတ္ထိ၊ မရှိ။

ကျတိ ဧ၀ံ၊ ကျိသို့။ ဝါဒီ၊ ပြောဆိုလေ့ရှိသည်။ ကျတိဧ၀ံ၊ ကျိသို့။ ဒိဋ္ဌ၊ အယူရှိသည်။ ဟောတိ၊ ဖြစ်၏။ သော၊ ထိုပုဂ္ဂိုလ်သည်။ ကာမေသု၊ ဝတ္ထုအာရုံ ကာမဂုဏ်တို့၌။ ပါတဗျတံ၊ ခံစားခြင်းသို့။ ဝါ၊ ခံစားတတ်သည်၏ အဖြစ်သို့။ အာပဇ္ဇတိ၊ ရောက်၏။ ဘိက္ခ၀ေ၊ ရဟန်းတို့။ အယံ ပဋ္ဌိပဒါ၊ ကျိသို့ ကာမဂုဏ်တို့၌ ခံစားခြင်းသဘောရှိသော အကျင့်ကို။ အာဂါဠ္ဟော၊ လောဘ၏အစွမ်းအားဖြင့် ခိုင်ခိုင်မြဲမြဲ စွဲလမ်းခြင်းရှိသော။ ဝါ၊ ကာမသုခလွှဲကာနုယောဂ၏ အစွမ်းအားဖြင့် ဝတ္ထုအာရုံ ကာမဂုဏ်တင်းသို့သက်ဆင်းကျရောက်သော။ ပဋ္ဌိပဒါ၊ အကျင့်ဟူ၍၊ ဝုစ္စတိ၊ ဆိုအပ်၏။ ကျိကား အနက်။

ထိုပါဠိအပေါင်းတို့တွင် ပါတဗျတံ-ဟူသော ပါဠိ၌ ပါ သဒ္ဒါကို ပရိဘောဂတ္ထ၌၊ တပ္ပ ပစ္စည်းကို ဘာ၀တ္ထ၌၊ တ ပစ္စည်းကို သကတ္ထ၌ ယူ။ တနည်းကား ဒိဋ္ဌ-သုတ-မုတ ဝိညာတပ္ပဲ သဒ်္ဒါရုမတ္တောန ဟူသော ဥပရိပဏ္ဏာသ ပါဠိတော် ပါဠိအပေါင်းတို့တွင် "ဝိညာတပ္ပ" ဟူသော ပုဒ်၌ "တပ္ပ" ပစ္စည်းကို ကတ္တုတ္ထ၌ ယူအပ်သကဲ့သို့။ ဤ "ပါတဗျတံ" ဟူသော ပုဒ်၌လည်း "တပ္ပ" ပစ္စည်းကို ကတ္တုတ္ထ၌ ယူ။ "တ" ပစ္စည်းကို ဘာ၀တ္ထ၌ယူ။ "ဇာနာ-တိတိဝိညာတပ္ပံ" ဟူ၍ ဥပရိပဏ္ဏာသအဋ္ဌကထာ၌ ဖွင့်သည်။ သိလက္ခန်ဒီကာသစ် စာမျက်နှာ ၈၀၆-မှာလည်းကြည့်။

ဤအင်္ဂါတို့ရှိပါဠိတော်ပါဠိဖြင့် ဝတ္ထုအာရုံ ကာမဂုဏ်တို့၌ အပြစ်မှရှိဟု အယူရှိ၍ ထို ဝတ္ထုအာရုံ ကာမဂုဏ်တို့၌ မွေ့လျော်ပျော်ပါး အလိုရှိတိုင်း ခံစားခြင်းသည် အာဂါဠ္ဟပဋ္ဌိပဒါ မည်၏ဟု ပြဆိုရင်းဖြစ်သည်။

အာဂါဠ္ဟပဋ္ဌိပဒါ ဆိုသည်နှင့် ကာမသုခလွှဲကာနုယောဂ ဆိုသည်ကား အမည်သားပြားသည်၊ သဘောကား အတူတူ။ ထို့ကြောင့် အင်္ဂါတို့ရှိဋီကာ၌ "အာဂါဠ္ဟပဋ္ဌိပဒါတိ၊ ကာမာနံ ဩဂါဟနပဋ္ဌိပတ္တိ၊ ကာမသုခလွှိကာနုယောဂေါတိ အတ္ထော" ဟူ၍ ဖွင့်ပြတော်မူ၏။

၀ါ၊ တနည်းကား။ အာဂါဠ္ဟပဋ္ဌိပဒါတိ၊အာဂါဠ္ဟ ပဋ္ဌိပဒါဟူသည်ကား။ ကာမာနံ၊ ဝတ္ထုအာရုံ ကာမဂုဏ်တို့သို့။ ဩဂါဟနပဋ္ဌိပတ္တိ၊ သက်၀င်သော အကျင့်တည်း။ ကာမသုခလွှိကာနုယောဂေါ၊ ဝတ္ထုအာရုံ ကာမဂုဏ်တို့၌ ကိလေသာကာမနှင့်ယှဉ်သော သုခကို ခံစားအားထုတ်ခြင်းတည်း။ ကျတိအယံ၊ ကျိသည်ကဲ့သို့။ အတ္ထော၊ အနက်။ ကျိသို့ဆိုအပ်ခဲ့ပြီးသည်ကား ပဋ္ဌိပဒါ သုံးပါးတို့တွင် ရှေးဦးအစ ပဌမဖြစ်သော အာဂါဠ္ဟပဋ္ဌိပဒါ၌ အကျဉ်းအားဖြင့် မှတ်သားဖွယ်တည်း။

(ဂ) နိဇ္ဈာမပဋ္ဌိပဒါ ဟူသည်ကား သာသနာတော်မှအပ ဖြစ်ကုန်သော အညတိတ္ထိယ အစေလက တက္ကတွန်းတို့၏ အကျင့်ဖြစ်သော အတ္တကိလမထာနုယောဂသာတည်း။ ထို့ကြောင့် တိကဲနိပါတ် အင်္ဂုတ္တိရ်ပါဠိတော်၌ပင်-

တကမာစ ဘိက္ခ၀ေ နိဇ္ဈာမာပဋ္ဌိပဒါ။ ကတမ ဘိက္ခ၀ေ ကေစ္စော အစေလကော ဟောတိ။ မုတ္တာစာရော ဟတ္ထာပလေခနော နဟိ ဘဒ္ဒန္တိကော၊ နာဘိဟတံ နဥဒ္ဒိဿကတံ၊ နနိမန္တနံ သာဒိယတိ။ သော နကုမ္ဘိမုခါ ပဋိဂ္ဂဏှာတိ၊ နကလော-ပိမုခါ ပဋိဂ္ဂဏှာတိ၊ နလေကမန္တရံ၊ နဒဏ္ဍမန္တရံ၊ နမုသလမန္တရံ၊ နဒ္ဝိန္နံ ဘုဉ္ဇမာနာနံ-

နဂဗ္ဘိနိယာ၊ န ပါယမာနာယ၊ နပုရိသန္တရဂတာယ၊ နသံကိတ္တိသု၊ နယတ္ထသာ ဥပဋ္ဌိတော ဟောတိ၊ နယတ္ထမက္ခိကာ သဏ္ဍာသဏ္ဍစာရိနီ၊ နမစ္ဆံ၊ နမံသံ၊ နသုရံ နမေရယံ နထုသောဒကံ ပိဝတိ၊ သော ကောဂါရိကောဝါ ဟောတိ၊ ကောလောပိကော၊ ဒွါဂါရိကောဝါ ဟောတိ၊ ဒွါလောပိကော၊ သတ္တာဂါရိကောဝါ ဟောတိ သတ္တာလောပိကော၊ ကိဿာပိဒတ္တိယာ ယာပေတိ၊ ဒွိဟိပိ ဒတ္တိဟိ ယာပေတိ၊ သတ္တဟိပိဒတ္တိဟိယာပေတိ၊ ကောဟိကံပိ အာဟာရံ အာဟာရေတိ၊ ဒွါဟိကံပိ အာဟာရံ အာဟာရေတိ၊ သတ္တာဟိကံပိ အာဟာရံ အာဟာရေတိ။ ဣတိ ဧဝရူပံ အဒ္ဓမာသိကံပိ ပရိယာယ ဘတ္တဘောဇနာနုယောဂ မနုယုတ္တော ဝိဟရတိ၊ သော သာကဘက္ခောပိ ဟောတိ၊ ဒဒ္ဒုလဘက္ခောပိ ဟောတိ၊ ဟဋ္ဌဘက္ခောပိ ဟောတိ၊ ကဏဘက္ခောပိ ဟောတိ၊ အာစာမဘက္ခောပိ ဟောတိ၊ ပိညာကဘက္ခောပိ ဟောတိ။ တိဏဘက္ခောပိ ဟောတိ၊ ဂေါမယဘက္ခောပိ ဟောတိ၊ နဝမူလဖလာဟာရောပိ ယာပေတိ၊ ပဝတ္တဖလ ဘောဇီ၊ သောသာဏာနိပိ ဓာရေတိ၊ မသာဏာနိပိ ဓာရေတိ၊ ဆဝဒုဿာနိပိ ဓာရေတိ၊ ပံသုကူလာနိပိ ဓာရေတိ၊ တိရိဋကာနိပိ ဓာရေတိ၊ အဇိနာနိပိ ဓာရေတိ၊ အဇိနက္ခိပံပိ ဓာရေတိ၊ ကုသစီရံပိ ဓာရေတိ၊ ဧဏေယျစမ္မံပိ ဓာရေတိ၊ ဖလကစီဝရံပိ ဓာရေတိ၊ ကေသကမ္မလံပိ ဓာရေတိ၊ ဝါဠကမ္မလံပိ ဓာရေတိ၊ ဥလူကပက္ခံပိ ဓာရေတိ၊ ကေသမဿုလောစကောပိ ဟောတိ၊ ကေသမဿုလောစန နုယောဂမနုယုတ္တော၊ ဥဗ္ဘဋ္ဌကောပိ ဟောတိ အာသနပဋိက္ခိတ္တော၊ ဥက္ကုဋိကောပိ ဟောတိ၊ ဥက္ကုဋိကပ္ပဓာန မနုယုတ္တော ကဏ္ဋကာ ပဿယိကောပိ ဟောတိ၊ ကဏ္ဋကာ ပဿယေ သေယျံ ကပ္ပေတိ၊ သာယတ တိယကံပိ ဥဒကော ရောဟနာနုယောဂ မနုယုတ္တော ဝိဟရတိ၊ ဣတိ ဧဝရူပံ အနေကဝိဟိတံ ကာယဿ အာတာပန ပရိတာပနာနုယောဂ မနုယုတ္တော ဝိဟရတိ၊ အယံ ဝုစ္စတိ ဘိက္ခဝေ နိဇ္ဈာမာပဋိပဒါ ဟူ၍ ဟောတော်မူအပ်၏။ မူလပဏ္ဏာသပါဠိတော်၊ သီလက္ခန်ပါဠိတော်တို့၌လည်း ယင်းနည်းတူပင် ဟောတော်မူအပ်၏။ အထူးအားဖြင့်ကား။

ဖလကသေယျံပိ ကပ္ပေတိ၊ တက္လိလသေယျံပိ ကပ္ပေတိ၊ ဧကပဿယိကောပိ ဟောတိ၊ ရဇော ဇလ္လရော၊ အဇ္ဈောကာသိကောပိ ဟောတိ၊ ယထာ သန္ထုတိကော ဝေကဋိကောပိ ဟောတိ၊ ပဋ္ဌက ဘောဇနာနုယောဂ မနုယုတ္တော အာပါနကောပိ ဟောတိ၊ အာပါနကမနုယုတ္တော။

ဤမျှသောစကားသည် အဂုံတို့ရိပါဠိတော် မူလပဏ္ဏာသပါဠိတော်တို့ထက် သီလက္ခန်ပါဠိတော်၌ ပိုလွန်သည်။

ဤအရာ၌ နိဇ္ဈာမ ပဋိပဒါဖြစ်သော အတ္တကိလမထာနုယောဂ အစေလက တက္ကတ္ဓန်းတို့၏ အကျင့်ကို ကုန်စင်အောင် သိမြင်စေလိုသောကြောင့် ပါဠိတော်၌ ဟောတော်မူအပ်သောအတိုင်းပင် ကုန်စင်အောင် ရေးလိုက်သည်။ ပါဠို ပါဠိသား ရှည်လျားလွန်းလှ၏ဟု သံကိလိဋ္ဌကို မဖြစ်ကြစေကုန်မူ၍ ယောနိသော မနသိကာရအားဖြင့်သာ ကောင်းစွာကုန်စင် သိမြင်မှတ်သားမိအောင် ရွက်ဆောင်လေလော အာဒါနဟာရပ်ထပ် မပြတ်ရှုကြည့်ကြပါကုန်၊ အနက်ကား သာ၍ရှည်လိမ့်မည်။

ဘိက္ခဝေ၊ ရဟန်းတို့။။ နိဗ္ဗာမာ၊ အတ္တကိလမထာနုယောဂ၏ အစွမ်းအားဖြင့် ပြင်းပြစွာပူလောင်ခြင်းရှိသော။ ဝ၊။ ရူပကာယကို ပူလောင်စေသည်၏ အစွမ်းအားဖြင့်ဖြစ်သော။ ပဋိပဒါ၊ အကျင့်သည်။ ကတမာ၊ အဘယ်နည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ဤဓလောကေ၊ ဤသတ္တလောက၌။ ကေစ္စော၊ အချို့သောပုဂ္ဂိုလ်သည်။

(၁) အစေလကော၊ အဝတ်မဆီး၊ အချည်းနှီးနေသည်။ ဟေးတိ၊ ဖြစ်၏။

(၂) မုတ္တာစာရော၊ လောကိယ ကုလပုတ္တတို့၏ အကျင့်မှ ကင်းသည်ဖြစ်၍ မတ်တတ်ရပ်လျက် ကျင်ကြီးကိုစွန့်ခြင်း, ကျင်ငယ်ကိုစွန့်ခြင်း, စားသောက်ခြင်းကို ပြုသည်။ ဟောတိ၊ ဖြစ်၏။

(၃) ဟတ္ထာပလေခနော၊ ထမင်းစားပြီးသည်ရှိသော် လက်ကို ရေဖြင့်မဆေးပဲ လျှာဖြင့်သာ စင်အောင်လျက်ခြင်း, ကျင်ကြီးကို စွန့်ပြီး၍လည်း ကနုတ်ကိုသတ္တဝါဟုအမှတ်ရှိသည်ဖြစ်၍ ကနုတ်ဖြင့် မသုတ်ပဲ လက်ဝါးစောင်း လက်ချောင်းဖြင့်သာ ကျင်ကြီးကို တိုက်၍ချစ်၍ ပစ်သည်။ ဟောတိ၊ ဖြစ်၏။ "တေ ကိရ ဒဏ္ဍကံ သတ္တောတိ ပညာပေန္တိ" ပဏ္ဏာသအဋ္ဌကထာ။

(၄) နဂေါ ဘဒ္ဒန္တိကော၊ ဆွမ်းခံခြင်းအကျိုးငှာ အရှင်ကောင်းကြွလာပါဟု ဆိုအပ်သည်ရှိသော် ခေါ်ရာသို့မလာသည်။ ဟောတိ၊ ဖြစ်၏။

(၅) နတိဋ္ဌ ဘဒ္ဒန္တိကော၊ ဆွမ်းခံခြင်းအကျိုးငှာ အရှင်ဘုရား ရပ်တော်မူပါဟု ဆိုအပ်သည်ရှိသော် ရပ်ခြင်းကိုမပြုသည်။ ဟောတိ၊ ဖြစ်၏။ (ဤ နှစ်ယောက်တို့သည်ကား ရဟန်းတို့မည်သည် မိမိစကားကိုသာ သူတပါးတို့လိုက်နာအပ်သည်၊ သူတပါးတို့၏စကားကိုကား မလိုက်နာအပ်ဟု အယူရှိသောကြောင့် ခေါ်ရာသို့မလာ၊ ရပ်ပါဟုဆိုရာ၌ မရပ်ကြ၊ မိမိတို့၏ အလိုအလျောက်အားဖြင့်သာ ဆွမ်းလောင်းရာသို့ လာ၍ ရပ်၍ ခံကြကုန်၏ဟူလို။ ဤအမှာစကားဟူသမျှကို ဋီကာစကားချည်းဟု မှတ်)။

(၆) အဘိဟတံ၊ မိမိမကပ်ရောက်မိပင် ရှေးဦးကြိုတင်၍ ကိုင်ငင်ယူဆောင်အပ်သော ဆွမ်းကို။ နသာဒိယတိ၊ မသံ့ယာ, မခံယူ။

(၇) ဥဒ္ဒိဿကတံ၊ ဤဆွမ်းကို အရှင်တို့ကိုရည်၍ ပြုအပ်၏ဟု လျှောက်ထား၍ လှူအပ်သောဆွမ်းကို။ နသာဒိယတိ၊ မသာယာ, မခံယူ။ (ငါ့အတွက်နှင့် ငယ်နှောင်းများစွာသော သတ္တဝါတို့သည် သေရာကြကုန်ပြီဟု အယူရှိ၍ မသာယာ၊ မခံယူကြဟူလို)

(၈) နိမန္တနံ၊ ဤအိမ် ဤလမ်း ဤရွာသို့ ဆွမ်းခံဝင်ပါဟု ပင့်ဖိတ်၍ လှူအပ်သော ဆွမ်းကို။ နသာဒိယတိ၊ မသာယာ၊ မခံယူ။ (ဤဥစ္စာလည်း သူတပါးစကားကို လိုက်နာရာကျလိမ့်မည်ဟု မခံယူသည် ဟူလို)။

(၉) သော၊ ထိုသာသနာမှအပ အညတိတ္ထိယ အစေလက တက္ကတ္ဓန်းသည်။ ကုမ္ဘိမုခါ၊ ချက်ပြီးဆွမ်းကို ထည့်ထားအပ်သောအိုးမှ။ ဥဒ္ဒရိတ္ဝာ၊ ထုတ်၍။ ဒိယျမာနံ၊ လှူအပ်သော ဆွမ်းကို။ န ပဋိဂ္ဂဏှာတိ၊ မခံယူ။

(၁၀) ကလောပိမုခါ၊ ဆွမ်းချက်အိုး၊ ဆွမ်းချက်တောင်းမှ။ ဥဒ္ဒရိတ္ထာ၊ ခူးခပ် ထုတ်ယူ၍။ ဒိယျာမာနံ၊ လှူအပ်သောဆွမ်းကို။ နပဋိဂ္ဂဏှာတိ၊ မခံယူ။ (ဤနှစ်ယောက် တို့သည် ချက်ပြီးဆွမ်းကို ထည့်သောအိုး၊ ဆွမ်းချက်အိုး၊ ဆွမ်းတောင်းတို့ကို သတ္တဝါဟု မှတ်ထင်ကုန်၍ ငါ့အကြောင်းကြောင့် ယောက်ချိ (ယောက်မ)ဖြင့် ပုတ်ခတ်သည်ကို ခံရဟုကြကုန်၏ဟု သနားကြသောကြောင့် မခံကြကုန်ဟူလို။ (နကဋ္ဌောပိမုခါ)ဟု အာချိုစာရှိ၏။

(၁၁) လေကံ၊ တံခါးခုံကို။ အန္တရံ၊ လက်ဖြင့်ကျော်လွှား နှစ်ယောက်တို့၏ အကြားကို။ ကတ္ဝာ၊ ပြု၍။ ဒိယျမာနံ၊ လှူအပ်သောဆွမ်းကို။ နပဋိဂ္ဂဏှာတိ၊ မခံယူ။ (ဋ္ဌကမန္ထရ) ဟု အာချိုစာ၌ ရှိ၏။

(၁၂) ဒဏ္ဍံ၊ တုတ် လုံကန်ကို။ အန္တရံ၊ လက်ဖြင့်ကျော်လွှား နှစ်ယောက်တို့၏အကြားကို။ ကတ္ဝာ၊ ပြု၍၊ ဒိယျမာနံ၊ လှူအပ်သောဆွမ်းကို။ နပဋိဂ္ဂဏှာတိ၊ မခံယူ။

(၁၃) မုသလံ၊ ကျည်ပွေ့ကို။ အန္တရံ၊ လက်ဖြင့်ကျော်လွှား နှစ်ယောက်တို့၏ကြားကို။ ကတ္ဝာ၊ ပြု၍။ ဒိယျမာနံ၊ လှူအပ်သောဆွမ်းကို။ နပဋိဂ္ဂဏှာတိ၊ မခံယူ။ (ဤသုံးယောက်သောသူတို့သည် ခြေကျော်ရာ တံခါးခုံ တုတ် လုံကန်၊ ကျည်ပွေ့တို့ကို သနားလှသောကြောင့် ဆွမ်းကို မခံယူဟူလို)

(၁၄) ဘုဉ္ဇမာနာနံ၊ ထမင်းစားရှိနေကုန်သော။ ဒ္ဝိန္နံ၊ နှစ်ယောက်ကုန်သော သူတို့တွင်။ ကေသ္မိံ၊ တယောက်သည်။ ဥဋ္ဌာယ၊ ထ၍။ ဒေန္တော၊ ပေးလှူသည်ရှိသော်။ နပဋိဂ္ဂဏှာတိ၊ မခံယူ။ (တယောက် အစားပျက်သောကြောင့် ဟူလို)

(၁၅) ဂဗ္ဘိနိယာ၊ ကိုယ်ဝန်ဆောင်မိန်းမသည်။ ဥဋ္ဌာယ၊ ထ၍။ ဒိယျမာနံ၊ ပေးလှူအပ်သောဆွမ်းကို။ နပဋိဂ္ဂဏှာတိ၊ မခံယူ။ (ဝမ်း၌ သားငယ်ပင်ပန်းသောကြောင့် ဟူလို)

(၁၆) ပါယမာနာယ၊ သားငယ်ကို နို့တိုက်၍နေသော မိန်းမသည်။ ဥဋ္ဌာယ၊ ထ၍။ ဒိယျမာနံ၊ လှူအပ်သောဆွမ်းကို။ နပဋိဂ္ဂဏှာတိ၊ မခံယူ။ (သားငယ် နို့စို့ပျက်သောကြောင့် ဟူလို)

(၁၇) ပုရိသန္တရဂတာယ၊ ယောကျ်ားအပါးသို့ သွားသောမိန်းမသည်။ ဥဋ္ဌာယ၊ ထ၍။ ဒိယျမာနံ၊ လှူအပ်သောဆွမ်းကို။ နပဋိဂ္ဂဏှာတိ၊ မခံယူ။ (သီလကွန်ဋီကာသင်္ခ အတိုင်း ယောဇနာလိုက်သည်၊ ကာမဂုဏ်၌ မွေ့လျော်ခြင်း၏ အန္တရာယ်ဖြစ်သောကြောင့်ဟူလို)

(၁၈) သံကိတ္တိသု၊ ဒုဗ္ဘိက္ခကာလ၌။ အစေလကတို့၏ တပည့်တို့သည် အစေလကတို့၏ အကျိုးငှာ ထိုထိုရွာမှ ဆန်စသည်ကို စုဆောင်း ရုံးပေါင်းနှိုးဆော်၍ ချက်ပြုတ်လှူဒါန်းအပ်သော ဆွမ်းတို့ကို။ ဝါ၊ ဆွမ်းတို့မှ။ နပဋိဂ္ဂဏှာတိ၊ မခံယူ။ (ဤယောဇနာနည်းကဲ့သ ''နသံကိတ္တိသုတိ သံကိတ္တောတွာ ကတဘတ္တောသု ဒုဗ္ဘိက္ခသမယေ ကိရ အစေလကသာဝကာ အစေလကာနံ အတ္ထာယ တတော ဟတော တဏ္ဍုလာဒီနိ သမာဒပေတွာ ဘတ္တံ ပစန္တီ'' ဟူ၍ အဋ္ဌကထာ ဖွင့်ဆိုသောအတိုင်းပင် ဖြစ်သည်။)

တနည်းကား။ ။သံကိတ္တိသူ၊ အမြိုမြို အရွာရွာ ကောင်းစွာဟစ်ကြွေး ကြော်ငြာပေးကာ လျှဒါန်းရာတို့၌။ ဝါ၊ လျှဒါန်းရာတို့သို့။ ဂန္ဓာ၊ သွား၍။ နှ ပဋိဂ္ဂဏှာတိ၊ မခံယူ။ (ဤယောဇနာနည်းကား ငါတို့အကြံ)။ သုမေဓာ၊ ဝေလာမတို့၏ပမာ ကြော်ငြာဟစ်ကြွေး၍ ပေးလှူရာဌာနတို့၌။ ဝါ၊ ဌာနတို့သို့ သွား၍ အလှူမခံဖူး ဟူသော အဓိပ္ပာယ်။

"ဥက္ကဋ္ဌာ စေလကော် တတော နှ ပဋိဂ္ဂဏှာတိ" ဟူသော အဂ်ုံတို့၏ အဋ္ဌကထာပါဠိဖြင့် မိမိတို့၏ဝါဒအလိုက် ဥက္ကဋ္ဌဖြစ်သော အစေလကအကျင့်ကို ကျင့်သော အစေလကသာ ဤသံကိတ္တိဆွမ်းကို အလှူမခံ၊ ဥက္ကဋ္ဌ အကျင့်မရှိသော အစေလကသည်ကား ခံယူသေး၏ဟု သိ။

(၁၉) ယတ္ထ၊ အကြင်အရပ်၌။ သာ၊ ခွေးသည်။ ဥပဋ္ဌိတော၊ စားရလိမ့်ဌာ။ မျောက်ကဲ့ချဉ်းကပ် အနီး၌ ရပ်သည်။ ဟောတိ၊ ဖြစ်၏။ တဿ၊ ထိုအရပ်၌။ တဿ၊ ထိုခွေးအား။ အဒတ္ဝာ၊ မပေးမူ၍။ အာဟတံ၊ မိမိအဖို့သော ဆောင်ယူလာသောဆွမ်းကို။ နှ ပဋိဂ္ဂဏှာတိ၊ မခံယူ။ (ခွေး၏အစာကို ဟန့်တားရာရောက်သောကြောင့် မခံထိုက်ဟု ဝါဒရှိ၍ မခံယူသည်ဟူလို။)

(၂၀) ယတ္ထ၊ အကြင်ဆွမ်းခွက်၊ ဆွမ်းအိုး၊ ဆွမ်းတောင်း၌။ နိလိနာ၊ နား၍နေကုန်သော။ မက္ခိကာ၊ ယင်တို့သည်။ သက္ကသက္ကစာရိနိ၊ တရုန်းရုန်းထ ပျံသွားကြကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တတော၊ ထိုဆွမ်းခွက် ဆွမ်းအိုး၊ ဆွမ်းတောင်းမှ။ အာဟတံ၊ ဆောင်ယူလာသောဆွမ်းကို။ နှ ပဋိဂ္ဂဏှာတိ၊ မခံယူ။ (ယင်တို့၏အစာကို ဟန့်တားရာရောက်သောကြောင့် မခံယူထိုက်ဟု ဝါဒရှိ၍ မခံယူသည်ဟူလို။)

(၂၁) မံ၌၊ ငါးကို။ နှ ပဋိဂ္ဂဏှာတိ၊ မခံယူ။ ဤအရာ၌ မံ၌ သဒ္ဒါဖြင့် "မစ္ဆနာမညဒကစရော ဝုစ္စတေ" ဟူ၍ ဟောတော်မူအပ်သော ပဏီတဘောဇနသိက္ခာပုဒ်ပါဠိတော်။ "မစ္ဆဂဟကေန သပ္ပာပိ မစ္ဆ-ကစ္ဆပ-မက္ကုကာဒိ ဘေဒါသြဒကဇာတိ သင်္ဂဟိတာ" ဟူသော ဝိနည်းအဋ္ဌကထာပါဠိတို့ကို ထောက်၍ ရေသတ္တဝါဟူသမျှကို မစ္ဆဟု ယူ။ ငါးဥ လိပ်ဥတို့ကဲ့လည်း မချန်လင့်)။

(၂၂) မံသံ၊ အမဲကို- နှ ပဋိဂ္ဂဏှာတိ၊ မခံယူ။ (ဤအရာ၌ နွား-ကျွဲ-ကြက်-ဒုက်-ဝမ်းဘဲ-ဝက်မှစ၍ ကုန်းသတ္တဝါဟူသမျှတို့၏အသားကို မံသ-ဟုယူ။ ကြက်ဥ-ဒုက်ဥ-ဝမ်းဘဲဥ စသည်တို့ကိုလည်း မချန်လင့်။)

ဤမစ္ဆံ-မံသံ ဟူသော အကျင့် ၂-ပါးတို့၏ အဓိပ္ပါယ်ကား သာသနာတော်မှအပ အညတိတ္ထိယ၊ အစေလကတက္ကတွန်းတို့သည် ငါး-အမဲကို မစား၊ သက်သတ်လွတ်စား၍ ကျင့်ကုန်၏ ဟူလို။ သာသနာတော်၌ကား သက်သတ်စားသောအကျင့်ဟူ၍ မရှိ။

(၂၃) သုရံ၊ သေကို။ နပိဝိ၊ မသောက်။

(၂၄) မေရယံ၊ အရက်ကို။ နပိဝိ၊ မသောက်။ (ဤနှစ်ပါးသော အကျင့်သည် သာသနာတော်၌လည်း ရှိသည်ပင်)။

(၂၅) ထုသောဓကံ၊ လောဏသောဝိရကဆေးရည်ကို။ နှ ပိဝတိ၊ မသောက်။ (နထုသောဒကန္တိ၊ သပ္ပသမ္ဘာရေဟိ ကတသော ဝိရကံ) ဟူ၍ အဂ်ုံတို့ရိအဋ္ဌကထာ၊ သီလက္ခန်

အဋ္ဌကထာတို့၌ ဖွင့်ပြတော်မူအပ်သောအတိုင်း ယောဇနာလိုက်သည်။ သီလကွန်ဋီကာသစ်၌ကား ကံဇ-ဇရဟူသော အနက်သာ သင့်၏။ လောကသောဝိရကဆေးရည်ဟူသော အနက်သည် မသင့်ဟု ဆို၏။ ထိုဋီကာစကဲ့သို့ ငါတို့မှန်စ်သက်။ အဘယ့်ကြောင့်နည်းဟူမူ မူလပဏ္ဏာသအဋ္ဌကထာ၌ (နထုသောဒကန္တိ သဗ္ဗာသမ္ဘာရေဟိ ကတံ လောကသောဝိရကံ)ဟု "လောကသောဝိရက" သဒ္ဒါဖြင့် တိုက်ရိုက်ပင် ဖွင့်ပြတော်မူအပ်သောကြောင့်တည်း၊ အင်္ဂုတ္တိရ်အဋ္ဌကထာ သီလကွန်အဋ္ဌကထာတို့၌ "သောကဝိရက" ဟု ဆိုသည်ကား အတူတူ။

လောကသောဝိရက ဆေးရည်ပြုလုပ်နည်းကား-သဖန်းခါးဖန်, သျှိသျှားဖန်, သစ်ဆိမ့်ဖန်, အလုံးစုံသော စပါး, အလုံးစုံသော ပဲ, စပါးမျိုး ခုနစ်ပါးတို့၏ ထမင်း, ငှက်ပျော စသော အလုံးစုံသောအသီး၊ ကြိမ်ညှန့် ဆပ်သွားညှန့် သင်ပေါင်းညှန့် စသော အလုံးစုံသောအညှန့်၊ ငါးတုံး ဒူးမဲတုံး ပျား သကာ သိန္ဓဝဆား တြိကဋ်ငုံ့ကျ် စသော ဆေး ထိုအလုံးစုံတို့ကို ထည့်၍ အိုးဝကို လုံစွာ ပိတ်ဖုံးလိမ်းကျံ၍ တနှစ်ဖြစ်စေ၊ နှစ်နှစ်ဖြစ်စေ သုံးနှစ်ဖြစ်စေထား၊ ကျေညက်၍ သပြေသီးအဆင်း ဖြစ်၏။

ဤဆေး၏အကျိုးကို (ဝါတ၊ ကာသ၊ ကုဋ္ဌ၊ ပဏ္ဍု၊ ဘဂန္ဒရာဒီနံ သိနိဒ္ဓဘောဇနံ ဘုတ္တာနဉ္စ ဥတ္တရပါနံ၊ ဘတ္တဇိရဏကဘေသဇ္ဇံ တာဒိသံ နတ္ထိ" ဟူ၍ ဝိနည်းအဋ္ဌကထာ ပါရာဇိကသိက္ခာပုဒ်အဖွင့်၌ ဆို၏။

ဝါတ ကာသကုဋ္ဌ ပဏ္ဍုဘဂန္ဒရာဒီနဉ္စ၊ လေနာ၊ ချောင်းဆိုးနာ၊ နှူနာ၊ စားသောက် မမြိန် ပိန်လှဖြောတောသောအနာ၊မြင်းသရိုက်၊ဘဂန္ဒါရိနာရှိကုန်သော သူတို့၏လည်းကောင်း။ သိနိဒ္ဓဘောဇနံ၊ ကျေခဲသောအစာကို။ ဘုတ္တာနဉ္စ၊ စားမိကုန်သောသူတို့၏ လည်းကောင်း။ ဥတ္တရပါနံ၊ မြတ်သောအဖျော်တည်း။ တာဒိသံ၊ ထိုလောကသောဝိရက ဆေးရည်နှင့်တူသော။ ဘတ္တဇိရဏကဘေသဇ္ဇံ၊ အစာကျေဆေးသည်။ နတ္ထိ၊ မရှိ။ ဤကား-အနက်။

ထိုဆေးရည်ကို မွန်းလဲသောအခါ၌ ဂိလာနရဟန်းတို့အား ပကတိဆေး အတိုင်းပင် သောက်အပ်၏၊ ဂိလာန မဟုတ်သော ရဟန်းတို့အား ပိပါသ အကြောင်းရှိသည့်အခါ ရေနှင့်ရောစပ်၍ အဖျော်ရည်အဖြစ်ဖြင့် သုံးဆောင်အပ်၏၊ ထို့ကြောင့် ယင်း အဋ္ဌကထာ၌ပင်-

ကံ့ ပနေတံ ဘိက္ခူနံ ပစ္ဆာဘတ္တမ္မိ ဝဋ္ဋတိ၊ ဂိလာနာနံ ပါကတိကဲ့မေဝ၊ အဂိလာနာနံ ပန ဥဒကသမ္မိန္နံ ပါနပရိဘောဂေန" ဟု မိန့်ဆိုတော်မူအပ်၏။

တံ ပနေတံ၊ ထိုလောကသောဝိရကဆေးရည်သည်။ ဘိက္ခူနံ၊ ရဟန်းတို့အား။ ပစ္ဆာဘတ္တမ္မိ၊ ဆွမ်းစားချိန်မှနောက် မွန်းလွဲခြင်းသို့ ရောက်သောအခါ၌လည်း။ ဝဋ္ဋတိ၊ ဖြစ်၏။ ဂိလာနာနံ၊ ဂိလာနရဟန်းတို့အား။ ပါကတိကမေဝ၊ ပြကတေ့ ဆေးအတိုင်းသာလျှင်။ ဝဋ္ဋတိ၊ အပ်၏။ အဂိလာနာနံပန၊ ဂိလာန မဟုတ်ကုန်သော ရဟန်းတို့အားကား။ ဥဒကသမ္မိန္နံ၊ ရေနှင့်ရောသော ဆေးသည်။ ပါနပရိဘောဂေန၊ အဖျော်ဟူသော အသုံးအဆောင်အားဖြင့်။ ဝဋ္ဋတိ၊ အပ်၏။ ဤကား-အနက်။

(အစေလကတို့သည် ထိုလောကသောဝိရက ဆေးရည်ကို သောက်လျှင်သေရည် သောက်ကို သောက်သကဲ့သို့ အပြစ်ရှိသည်ဟု အယူရှိ၍ မသောက်ပဲကျင့်ကြသည်)။

(၂၆) သော၊ ထိုသာသနာတော်မှအပ အညတိတ္ထိယ အစေလက တက္ကတုန်းသည်။ ကောဂါရိကောဝါ၊ တအိမ်၌သာ ဆွမ်းခံသည်လည်းကောင်း။ ကောလောပိကောဝါ၊ တလုပ်သာ စားသည်လည်းကောင်း။ ဟောတိ၊ ဖြစ်၏။

(၂၇) ဒွါဂါရိကောဝါ၊ နှစ်အိမ်သာဆွမ်းခံသည်လည်းကောင်း။ ဒွါလောပိကောဝါ၊ နှစ်လုပ်သာစား သည်လည်းကောင်း။ ဟောတိ၊ ဖြစ်၏။

(၂၈) သတ္တာဂါရိကောဝါ၊ ခုနှစ်အိမ်သာ ဆွမ်းခံသည်လည်းကောင်း။ သတ္တာလော-ပိကောဝါ၊ ခုနစ်လုပ်သာစားသည်လည်းကောင်း။ ဟောတိ၊ ဖြစ်၏။

(ယခုကာလ၌လည်း ဤအမည်ရှိသောပုဂ္ဂိုလ်သည် ခုနစ်အိမ်ဆွမ်းကိုသာ စား သည်ဟူ၍ ချီးမွမ်းတတ်ကြကုန်၏။ သာသနာတော်၌ ဖြစ်သောအကျင့်မဟုတ် သတိရှိကြစေ။)

(၂၉) ကိသာ၊ တခုသော။ ဒဠ္ဘိယာပိ၊ နှစ်လုပ် သုံးလုပ်မျှဆံ့သော ဆွမ်း လောင်းခွက်ငယ်ဖြင့်လည်း။ ယာပေတိ၊ မျှတစေ၏။

(နှစ်လုပ်သုံးလုပ်စာမျှဆံ့သော ဆွမ်းလောင်းခွက်ငယ်တခုဖြင့် လောင်းလိုက်သော ဆွမ်းဖြင့်သာ မျှတနေသည်။ နှစ်ခွက်မြောက်ဆွမ်းကို မခံ မစားဟူလို။ (ဒီဟ်ပိ ဒတ္တီဟိ) စသည်လည်းနည်းတူ။

(၃၀) ဒီဟိ၊ နှစ်ခုကုန်သော။ ဒတ္တိဟိပိ၊ နှစ်လုပ် သုံးလုပ်သာဆံ့သော ဆွမ်းလောင်း ခွက်ငယ်တို့ဖြင့်လည်း။ ယာပေတိ၊ မျှတစေ၏။

(၃၁) သတ္တဟိ၊ ခုနစ်ခုကုန်သော။ ဒတ္တိဟိ၊ နှစ်လုပ် သုံးလုပ်သာဆံ့သော ဆွမ်း လောင်းခွက်ငယ်တို့ဖြင့်လည်း။ ယာပေတိ၊ မျှတစေ၏။

(၃၂) ကောဟိကံပိ၊ တရက်ချန်ကိုလည်း။ ကတ္တာ၊ ပြု၍။ အာဟာရံ၊ အာဟာရကို။ အာဟာရေတိ၊ စား၏။

(ဤကောဇိကာဟာရ အကျင့်နှင့် ယခုကာလ ဥပုသ်စောင့်သုံးသော နေ့၌ နံနက်အခါမှစ၍ ကာလ ဝိကာလ ၂-ပါးလုံး၌ပင် တစုံတခုသော အာဟာရကို မစားပဲ ကျင့်ကြံကုန်သော သူတို့၏ အကျင့်သည် တသားတည်းပင် ဖြစ်တော့ သည်။ သာသနာတော်၌ ဤအကျင့်မျိုးမရှိ၊ နောက်၌လည်း ထင်ရှားစွာ ပြ ဦးမည်)။

(၃၃) ဒွါဟိကံပိ၊ နှစ်ရက်ချန်ကိုလည်း။ ကတ္တာ၊ ပြု၍။ အာဟာရံ၊ အာဟာရကို။ အာဟာရေတိ၊ စား၏။

(၃၄) သတ္တာဟိကံပိ၊ ခုနစ်ရက်ချန်ကိုလည်း။ ကတ္တာ၊ ပြု၍။ အာဟာရံ၊ အာဟာရ ကို။ အာဟာရေတိ၊ စား၏။ ကုတိ၊ ဤသို့။ ဓေရုပံ၊ ဤသို့သဘောရှိသော။ အဒ္ဓမာသိကံပိ၊ လခွဲတကြိမ်ကိုလည်း။ ဝါ၊ လဝက်ချန်သည်ကိုလည်း။ ကတ္တာ၊ ပြု၍။ ပရိယာယဘတ္တဘောဇန ၁

နုယောဂံ၊ မစားတလှည့် စားတလှည့်အားဖြင့် ထမင်းစားခြင်းဌ် အားထုတ်ခြင်းလုံ့လကို။ အနုယုတ္တောဂ၊ အားထုတ်သည်ဖြစ်၍။ ဝိရဟတိ၊ နေ၏။

(ဥက္ကဋ္ဌဖြစ်သော ပရိယာယ ဘတ္တဘောဇန အကျင့်ရှိသော အစေလက တက္ကတ္ဒန်းသည် နှစ်ရက်မစားပဲနေ၍ နောက်တရက် စားခြင်း၊ ခုနစ်ရက်မစားပဲနေ၍ နောက်တရက်စားခြင်း၊လခွဲ မစားပဲနေ၍ နောက်တရက်စားခြင်းကို ပြု၏ဟူ၍ ဋီကာ တို့၌ ဆို၏။ ဥက္ကဋ္ဌမဟုတ်မူကား တရက်စားပြီး နောက်တရက်မစား၊ နှစ်ရက်စားပြီး နောက် နှစ်ရက်မစား၊ ခုနစ်ရက်စားပြီး နောက် ခုနစ်ရက် မစား၊ လခွဲစားပြီးနောက် လခွဲမစားပဲကျင့်၏ ဟုမှတ်)။

(၃၅) သော၊ ထိုသာသနာတော်မှအပ၊ အညတိတ္ထိယ၊ အစေလက တက္ကတ္ဒန်းသည်။ သာကဘက္ခောပိ၊ ဟင်းရွက်စိမ်းကိုသာ စားသည်။ ဟောတိ၊ ဖြစ်၏။

(၃၆) သာမာကဘက္ခောပိ၊ သာမာက်မည်သော၊ မြက်သီးဆန်စိမ်းကိုသာ စားသည်လည်း။ ဝါ၊ လမန်းဆန်ကိုသာ စားသည်လည်း။ ဟောတိ၊ ဖြစ်၏။

(သီလကွန်ဋီကာ၌ကား၊ "သာမာကဲဝတိ ဂေါဓုမော" ဟူ၍ ဖွင့်၏။ ဤဋီကာ၏ အလိုအားဖြင့်ကား- "သာမက်" သဒ္ဒါသည် နတ်ကောက်ဟော၊ ထိုဋီကာဆရာ၏ စကားကို ဆင်ခြင်၍ယူအပ်၏။ အဘယ့်ကြောင့်နည်း ဟူမူကား၊ သလေး, ကောက်, မယော, နတ်ကောက်, ဆပ်, ပြောင်း, လူး ဟု ဆိုအပ်ကုန်သော စပါးမျိုး (၇) ပါးတွင် နတ်ကောက်စပါး တခြား၊ လူးစပါး တခြား ဖြစ်သော ကြောင့် လည်းကောင်း။ "ကုဒြူသကောတိ ကာဠကောဒြဝေါစဝေါ၊ သာမာကာဒိဘေဒါစ သဗ္ဗာပိ တိဏဓညာဇာတိ" ဟူသော ဝိနည်းအဋ္ဌကထာပါဠိဖြင့် "သာမာက်" စသည်အပြားရှိသော အလုံးစုံသော မြက်စပါး ဟူသမျှကို လူးဟူ၍ သာ သိအပ်သောကြောင့်လည်းကောင်းတည်း။)

(၃၇) နိဝါရဘက္ခောပိ၊ ကျိတ်ကိုသာ စားသည်။ ဟောတိ၊ ဖြစ်၏။

(၃၈) ဒဒ္ဒုလဘက္ခောပိ၊ သားရေသမားကို ချစ်၍ ပစ်အပ်သော သားရေဖတ်ကိုသာ စားသည်။ ဟောတိ၊ ဖြစ်၏။

(၃၉) ဟဋ္ဌဘက္ခောပိ၊ ပဲလျက်၊ မှော်၊ မဟာလေ့ကားပင် စသည်တို့မှ ထွက်သော သစ်စေးကိုသာ စားသည်။ ဟောတိ၊ ဖြစ်၏။

(သီလကွန် ပါဠိတော် နိဿယသစ်ဌီကား- "ရွေးရွှဆောင်ခဲ့သော ဆွမ်းကိုသာ စားသည်လည်း" ဟူ၍ အနက်ဆို၏။ ထိုအနက်သည် "ဟဋ္ဌံ ဝုစ္စတိ သိလေသောပိ သေဝါလောပိ၊ ကဏိကာရာဒိ ရုက္ခနိယျာသောပိ" ဟူ၍ ဖွင့်ဆိုအပ်သော အဂ်ုတ္တိုရ် အဋ္ဌကထာ၊ မူလပဏ္ဏာသအဋ္ဌကထာ။ "ဟဋ္ဌံဝုစ္စတိ သိလေသောပိ၊ သေဝါလောပိ" ဟူ၍ ဖွင့်ဆိုအပ်သော သိလကွန်အဋ္ဌကထာတို့နှင့် မညီသောကြောင့် မှားခြင်းကြီး မှားလေစ့)။

(၄၀) ကဏ္ဍာကျော်ပိ၊ ဆန်ကဲ့ကိုသာ စား၊သည်လည်း။ ဟောတိ၊ ဖြစ်၏။

(၄၁) အာစာမဘာကျော်ပိ၊ လူတို့စွန့်ပစ်အပ်သော ထမင်းချိုးကိုသာ စား၊သည်လည်း။ ဟောတိ၊ ဖြစ်၏။

(ထမင်းကံဇရည် ဟူ၍လည်း အဋ္ဌကထာတို့၌ ဖွင့်ပြကြကုန်သး၏။ "သြဒန ကဋ္ဌိယန္တိပိ ဝဒန္တိ" အဋ္ဌကထာတို့၌ လာသောပါဠ်တည်း။)

(၄၂) ပိညာက ဘက္ခောပိ၊ နှမ်းဖတ်ကိုသာ စား၊သည်လည်း။ ဟောတိ၊ ဖြစ်၏။

(၄၃) တိဏဘက္ခောပိ၊ မြက်ကိုသာ စား၊သည်လည်း။ ဟောတိ၊ ဖြစ်၏။

(၄၄) ဂေါမယ ဘက္ခောပိ၊ နွားချေးကိုသာ စား၊သည်လည်း။ ဟောတိ၊ ဖြစ်၏။

(၄၅) ဝနမူလဖလာဟာရောပိ၊ တောသစ်မြစ်, တောသစ်သီးလျှင် အစာရှိသည် ဖြစ်၍ လည်းကောင်း။ ပဝတ္တဖလဘောဇီပိ၊ အလိုလိုကြွကျသော သစ်သီးကိုသာ စား၊သည် ဖြစ်၍ လည်းကောင်း။ ယာပေတိ၊ မျှတစေ၏။

(ဤအကျင့်နှင့် ယခုကာလ ဆွမ်းကိုမစားပဲ သစ်သီးကိုသာ စားသော ပုဂ္ဂိုလ်တို့၏ အကျင့်သည် တသားတည်းပင်တည်း။ သာသနာတော်၌ ဤအကျင့်မျိုးမရှိ၊ သတိရှိကြစေ၊ နောက်၌လည်း ထင်ရှားဖော်ပြဦးမည်။)

(၄၆) သော၊ ထိုသာသနာတော်မှ အပ၊ အညတိတ္ထိယ၊ အစေလက တက္ကတွန်းသည်။ သာဏာနိပိ၊ ပိုက်ဆန်လျှော်မျှင်ဖြင့် ရက်ကုန်သော ပုဆိုးတို့ကိုလည်း။ ဓာရေတိ၊ ဆောင်၏။

(၄၇) မသာဏာနိပိ၊ အခြားသော လျှော်မျှင်တို့ဖြင့် ရော၍ ရက်အပ်ကုန်သော ပိုက်ဆန်လျှော်မျှင် ပုဆိုးတို့ကိုလည်း။ ဓာရေတိ၊ ဆောင်၏။

(၄၈) ဆဝဒုဿာနိပိ၊ လူသေကောင်မှ စွန့်ခွာ၍ ပစ်အပ်ကုန်သော အဝတ်တို့ကိုလည်း။ ဝါ၊ ပြိတ်မြက် စသည်တို့ဖြင့် ပြုအပ်ကုန်သော။ အဝတ်တို့ကိုလည်း။ ဓာရေတိ၊ ဆောင်၏။

(၄၉) ပံသုကူလာနိပိ၊ ပံသကူပုဆိုးတို့ကိုလည်း။ ဓာရေတိ၊ ဆောင်၏။

(၅၀) တိရိတကာနိပိ၊ သစ်ခွံဖြင့် ပြုအပ်ကုန်သော လျှော်တေ အဝတ်တို့ကိုလည်း။ ဓာရေတိ၊ ဆောင်၏။ ("တိရိဋ္ဌကာနိ" ဟူ၍လည်း အချို့စာ၌ရှိ၏။)

(၅၁) အဇိနာနိပိ၊ သစ်နက်ရေတို့ကိုလည်း။ ဓာရေတိ၊ ဆောင်၏။

(၅၂) အဇိနက္ခိပိ၊ အလယ်၌ခွဲခဲ့အပ်သော သစ်နက်ရေကိုလည်း။ ဝါ၊ ခွာနှင့်တကွ သစ်နက်ရေကိုလည်း။ ဓာရေတိ၊ ဆောင်၏။

(၅၃) ကုသစီဝရံပိ၊ သမန်းမြက်ဖြင့် ပြုအပ်သော အဝတ်ကိုလည်း။ ဓာရေတိ၊ ဆောင်၏။

(၅၄) ဝါကဲစီဝရုံပိ၊ လျှော်ဖြင့် ပြုအပ်သော အဝတ်ကိုလည်း။ ဓာရေတိ၊ ဆောင်၏။

(၅၅) ဖလစီဝရုံပိ၊ ပျဉ်ချပ်တို့ကို တွဲစပ်၍ပြုအပ်သော အဝတ်ကိုလည်း။ ဓာရေတိ၊ ဆောင်၏။

(၅၆) ကေသကမ္မလံပိ၊ လူ့ဆံပင်တို့ဖြင့် ပြုအပ်သော ကမ္မလာကိုလည်း။ ဓာရေတိ၊ ဆောင်၏။

(၅၇) ဝါလကမ္မလံပိ၊ မြင်းမြီး စသည်တို့ဖြင့် ပြုအပ်သော ကမ္မလာကိုလည်း။ ဓာရေတိ၊ ဆောင်၏။

(၅၈) ဥလူကပက္ခံပိ၊ ခင်ပုတ်ငှက်၏ အတောင်တို့ကို တွဲစပ်၍ ပြုအပ်သော အဝတ်ကိုလည်း။ ဓာရေတိ၊ ဆောင်၏။

(၅၉) ကေသမဿုလောစကောပိ၊ ဆံပင်-မုတ်ဆိတ်ကို နုတ်သည်လည်း။ ဟောတိ၊ ဖြစ်၏။ ကေသမဿုလောစနာနုယောဂံ၊ ဆံပင်-မုတ်ဆိတ်ကို နုတ်ခြင်း၌ အားထုတ်ခြင်းလုံ့လကို။ အနုယုတ္တော၊ အားထုတ်သည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။

(၆၀) အာသနပဋိက္ခိတ္တော၊ နေရာကိုပယ်သည်။ ဟုတ္တော၊ ဖြစ်၍။ ဥပ္ပန္နကောပိ၊ မထိုင်မတ်မတ် ချပ်၍သာနေသည်လည်း။ ဟောတိ၊ ဖြစ်၏။

(၆၁) ဥက္ကုဋ္ဌိကောပိ၊ ဆောင့်ကြောင့်သာထိုင်သည်, သွားသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဥက္ကုဋ္ဌိကပ္ပဓာနံ၊ ဆောင့်ကြောင့်သာ ထိုင်ခြင်း သွားခြင်းလုံ့လကို။ အနုယုတ္တော၊ အားထုတ်သည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။

("ဥက္ကုဋ္ဌိကပ္ပဓာန မနုယုတ္တောတိ ဥက္ကုဋ္ဌိကဝိရိယ မနုယုတ္တော၊ ဂစ္ဆန္တောပိ၊ ဥက္ကုဋ္ဌိကောဝ ဟုတ္ဝာ ဥပ္ပတိတ္ဝာ ဥပ္ပတိတ္ဝာ ဂစ္ဆတိ" ဟူသော အဋ္ဌကထာပါဠိတို့ကိုထောက်၍ ဤ အစေလက တက္ကတ္ဝန်းသည် ထိုင်သော အခါ၌သာ ဆောင့်ကြောင့် ပြုသည်မဟုတ်သေး၊ သွားသောအခါ၌လည်း ဆောင့်ကြောင့်သာ ခုန်ဆွခုန်ဆွပြု၍ သွားသည်ဟုမှတ်)။

(၆၂) ကဏ္ဋကာပဿယိကောပိ၊ မြေ၌စိုက်အပ်ကုန်သော သံဆူး, ပကတိဆူးတို့၏ အထက်၌ သားရေခင်း၍ ရပ်ခြင်း, စင်္ကြံသွားခြင်း, စသည်ကို ပြုသည်လည်း။ ဟောတိ၊ ဖြစ်၏။

(၆၃) ကဏ္ဋကာပဿယေ၊ မြေ၌ စိုက်အပ်ကုန်သော သံဆူး၊ ပကတိဆူးတို့၏ အထက်၌။ သေယျ၊ အိပ်ခြင်းကို။ ကပ္ပေတိ၊ ပြု၏။

(၆၄) သာယတတိယကံ၊ ညချမ်းလျှင် သုံးခုမြောက်ရှိသော ကာလပတ်လုံး။ ဝါ၊ တနေ့လျှင်သုံးကြိမ်။ ဥဒကော ရောဟနာနုယောဂံပိ၊ မကောင်းမှုကို မျှောအံ့ဟု ရေသို့သက်ဆင်းပုပ်ချိုးခြင်းလုံ့လကိုလည်း။ အနုယုတ္တော၊ အားထုတ်သည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။

ဣတိ၊ ဤသို့သဘောရှိသော။ ဝါ၊ ဤသို့ဆိုအပ်ပြီးသော အကျင့်တို့နှင့်တူသော။ အနေကဝိဟိတံ၊ တပါးမက များသောအပြားရှိသော။ ကာယဿ၊ ကိုယ်ကို။ အာတာပနပရိတာပနာနုယောဂံ၊ အဖန်ဘလဲလဲ ပူပန်စေခြင်း၊ တက်ဝန်းကျင် ပူပန်စေခြင်း၌ အားထုတ်ခြင်းလုံ့လကို။ အနုယုတ္တော၊ အားထုတ်သည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤအကျင့်ကို။ နိဇ္ဈာမာ၊ အတ္တကိလမထာနုယောဂ၏ အစွမ်းအား ဖြင့် ပြင်းပြစွာ ပူလောင်ခြင်းရှိသော။ ပဋိပဒါ၊ အကျင့်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ (ဤကား စိုးစဉ်းသော အဓိပ္ပါယ်နှင့်တကွ ဖြစ်သော။ တိကနိပါတ်အဂုံတို့ရှိပါဠိတော်၏ အနက်။

ထိုမှတပါး အင်္ဂုံတို့ရှိပါဠိတော်ထက် ပိုလွန်သော ဤလက္ခဏာပြခဲ့သော သီလကွန်ပါဠိတော်၏အနက်ကို ဆိုဦးအံ့။

(၆၅) ဖလကသေယျံပိ၊ သစ်သားပျဉ်၌သာ အိပ်ခြင်းကိုလည်း။ ကးရောတိ၊ ပြု၏။

(၆၆) တဏ္ဍိလသေယျံပိ၊ မြင့်သောမြေ၌ အိပ်ခြင်းကိုလည်း။ ဝါ၊ အခင်းမရှိ ပကတိမြေ၌ အိပ်ခြင်းကိုသည်း။ ကပ္ပေတိ၊ ပြု၏။ (ရှေ့အနက်ကား အဋ္ဌကထာနည်း။ နောက်အနက်ကား ဋီကာနည်း။ (ထဏ္ဍိလ) ဟူ၍လည်း အချို့စာ၌ ရှိ၏)။

(၆၇) ရတ္တောဇလ္လဓရော၊ မြူအညစ်အကြေးကို ဆောင်သည်။ ဟုတ္တာ၊ ဖြစ်၍။ ကောပဿေယိကောပိ၊ တဘက်တည်းသော နံတောင်းဖြင့်သာ အိပ်သည်လည်း။ ဟောတိ၊ ဖြစ်၏။

(မိမိကိုယ်ကို ဆီဖြင့်သုတ် ဆီလိမ်း၍ မြူထရာ၌ ရပ်၍နေ၏။ ထိုအခါ မိမိကိုယ်၌ ကပ်ငြိသောမြူကို မသုတ်မသင်ပဲ အမြဲကိုယ်ဖြင့်ဆောင်၍ ထားခြင်းကို "ရတ္တောဇလ္လဓရ" ဟူ၍သိ။

(၆၈) ယထာ သန္ထုတိကော၊ ရတိုင်းသောနေရာ၌သာ ထိုင်သည်။ ဟုတ္တာ၊ ဖြစ်၍။ အဇ္ဈောကာသိကောပိ၊ လွင်တီးခေါင်၌သာ နေသည်လည်း။ ဟောတိ၊ ဖြစ်၏။

(၆၉) ဝေကဋိကောပိ၊ ကျင်ကြီးကိုစားသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဝိကဋဘောဇနာနုယောဂံ၊ ကျင်ကြီးကိုသာ စားခြင်း၌ အားထုတ်သောလုံ့လကို။ အနုယုတ္တော၊ အားထုတ်သည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။

(၇၀) အာပါနကောပိ၊ ရေမသောက်သည်လည်း။ ဟောတိ၊ ဖြစ်၏။ အပါနကတ္ထံ၊ ရေမသောက်ရစိမ့်သောငှာ။ အနုယုတ္တော၊ အားထုတ်သည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ဤကားအနက်။

ဤသို့ ပြဆိုအပ်ခဲ့ပြီးသော အင်္ဂုံတို့ရှိပါဠိတော်ပါဠိဖြင့် နဂ္ဂ၊ မုတ္တာစာရ၊ ဟတ္ထာပလေခန အစရှိကုန်သော အကျင့်တို့သည် "နိဇ္ဈာမပဋိပဒါ" မည်ကုန်၏ဟု ပြလိုရင်းဖြစ်သည်။ နိဇ္ဈာမပဋိပဒါ ဆိုသည်နှင့် "အတ္တကိလမထာနုယောဂ" ဆိုသည်ကား အမည်သာပြားသည်၊ သဘောကားအတူတူ၊ ထို့ကြောင့် အင်္ဂုံတို့ရှိဋီကာ၌၊

နိဇ္ဈာမပဋိပဒါတိ ကာယဿ နိဇ္ဈာပနဝသေန ခေပန ဝသေန ပဝတ္တာ ပဋိပတ္တိ။ အတ္တကိလမထာနုယောဂေါတိ အတ္ထော" ဟူ၍ ဖွင့်ဆိုတော်မူအပ်၏။

နိဗ္ဗာမ ပဋိပဒါတိ၊ နိဗ္ဗာမပဋိပဒါ ဟူသည်ကား။ ကာယဿ၊ ရူပကာယကို။ နိဗ္ဗာ-ပနဝသေန၊ အမြဲပူလောင်စေသည်၏ အစွမ်းအားဖြင့်။ ခေပနဝသေန၊ ပစ်ချသည်၏ အစွမ်းအားဖြင့်။ ပဝတ္တာ၊ ဖြစ်သော။ ပဋိပတ္တိ၊ အကျင့်တည်း။ အတ္တကိလမထာနုယောဂေါ၊ အတ္တကိလမထာနုယောဂတည်း။ ဝါ၊ ကိုယ်၏ပင်ပန်းဆင်းရဲခြင်းကို အားထုတ် ပြုလုပ်ခြင်းပေတည်း။ ဣတိအယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။

စတုက္ကနိပါတ်၊ အင်္ဂုတ္တိုရ်ပါဠိတော်၊ စတုတ္ထပဏ္ဏာသက၊ မဟာဝဂ်၌ကား ထိုအတ္တ ကိလမထာနုယောဂ နိဗ္ဗာမပဋိပဒါကို ကျင့်သောပုဂ္ဂိုလ်ကို အတ္တန္တပ ပုဂ္ဂိုလ်ဟူ၍ ဟော တော်မူအပ်၏။ ထို့ကြောင့် ထိုအတ္တကိလမထာနုယောဂ နိဗ္ဗာမပဋိပဒါ အကျင့်တို့ကို "အတ္တန္တပ" အကျင့်ဟူ၍ ဆိုထိုက်သေး၏။ ဤသို့ ဆိုအပ်ခဲ့ပြီးသည်ကား ပဋိပဒါတရားသုံးပါးတို့တွင် နှစ်ခုမြောက်ဖြစ်သော နိဗ္ဗာမပဋိပတ်၌ မှတ်သားဖွယ်တည်း။

(ဃ) မဇ္ဈိမ ပဋိပဒါဟူသည်ကား သတိပဋ္ဌာန်တရား လေးပါးတို့ပေတည်း၊ ထို့ကြောင့် အင်္ဂုတ္တိုရ် ပါဠိတော်၌ပင်-

> ကတမာစ ဘိက္ခဝေ မဇ္ဈိမာပဋိပဒါ၊ ဣဓဘိက္ခဝေ ဘိက္ခု ကာယေကာယ-နုပဿီဝိဟရတိ၊ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာ-ဒေါမနဿံ ဝေဒနာသု။ လ။ စိတ္တေ၊ လ။ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ အာတာပီ၊ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာ ဒေါမနဿံ၊ ဧသ ဝုစ္စတိ ဘိက္ခဝေ မဇ္ဈိမာပဋိပဒါ ဟူ၍ ဟောတော်မူအပ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ မဇ္ဈိမာ၊ ကာမသုခလ္လိကာနုယောဂသို့လည်းမကျ၊ အတ္တကိလ-မထာနုယောဂသို့လည်း မသက်၊ အလယ်ချက်၌သာဖြစ်သော။ ပဋိပဒါ၊ အကျင့်သည်။ ကတမာ၊ အဘယ်နည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ ကာယေ၊ ရူပကာယ၌။ ကာယနုပဿီ၊ ရူပကာယဟု အဖန်တလဲလဲ ရှုသည်ဖြစ်၍။ အာတာပီ၊ ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိသည်ဖြစ်၍။ သမ္ပဇာနော၊ ဆင်ခြင်တတ်သော ပညာနှင့် ပြည့်စုံသည်ဖြစ်၍။ သတိမာ၊ သတိရှိသည်ဖြစ်၍။ လောကေ၊ လောက၌။ အဘိဇ္ဈာ ဒေါမနဿံ၊ အလိုကြီးခြင်း နှလုံးမသာယာခြင်းကို။ ဝါ၊ ချစ်ခြင်း မုန်းခြင်းကို။ ဝိနေယျ ဝိနယိတွာ၊ ပယ်ဖျောက်၍။ ဝိဟရတိ၊ နေ၏။ ဝေဒနာသု၊ သုခဝေဒနာ စသော လောကီဝေဒနာတို့၌။ လ။ စိတ္တေ၊ သရာဂ၊ ဝိတရာဂစသော် လောကီစိတ်၌။ လ။ ဓမ္မေသု၊ လောကီသည်ာ သခ်ါရဟု ဆိုအပ်ကုန်သော တရားတို့၌။ ဓမ္မာနုပဿီ၊ လောကီသည်ာ သခ်ါရဟု ရှုသည်ဖြစ်၍။ အာတာပီ၊ ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိသည်ဖြစ်၍။ သမ္ပဇာနော၊ ဆင်ခြင်တတ်သော ပညာနှင့် ပြည့်စုံသည်ဖြစ်၍။ သတိမာ၊ သတိရှိသည်ဖြစ်၍။ လောကေ၊ လောကီသည်ာ သခ်ါရဟုဆိုသပ်သော လောက၌။ အဘိဇ္ဈာဒေါမနဿံ၊ အလိုကြီးခြင်း နှလုံးမသာယာခြင်းကို။ ဝါ၊ ချစ်ခြင်း မုန်းခြင်းကို။ ဝိနေယျ ဝိနယိတွာ၊ ပယ်ဖျောက်၍။ ဝိဟရတိ၊ နေ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ ပဋိပဒါ၊ ဤသတိပဋ္ဌာန် အကျင့်ကို။ မဇ္ဈိမာ၊ ကာမသုခလ္လိကာနုယောဂသို့လည်း မကျ၊ အတ္တကိလမထာနုယောဂ

သို့လည်း မသက် အလယ်ချက်၌သာဖြစ်သော။ ပဋ္ဌိပဒါ၊ အာကျင့်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဤကား-အနက်။

ဤသတိပဋ္ဌာန်တရား လေးပါးကိုသာ မဇ္ဈိမပဋ္ဌိပဒါဟု ဟောတော်မူအပ်သည်မဟုတ်သေး၊ သမ္မပ္ပဓာန်တရား လေးပါး၊ ဣဒ္ဓိပါဒ်တရား လေးပါး၊ ဣန္ဒြေတရား ငါးပါး၊ ဗိုလ်တရား ငါးပါး၊ ဗောဇ္ဈင်တရား ခုနစ်ပါး၊ မဂ္ဂင်တရား ရှစ်ပါးတို့ကိုလည်း ဤတိကနိပါတ်အဂုံတို့၏ ပါဠိဘော် အဋ္ဌကထာ၌ပင် မဇ္ဈိမ ပဋ္ဌိပဒါဟူ၍ ဟောတော်မူအပ်ကုန်၏။ ထို့ကြောင့် ဗောဓိပက္ခိယတရား ၃၇-ပါးလုံးကိုပင် မဇ္ဈိမ ပဋ္ဌိပဒါဟူ၍မှတ်။

ဓမ္မစက္ကပဝတ္တနသုတ်၌ကား မဂ္ဂင်ရှစ်ပါးတရားကိုသာ မဇ္ဈိမ ပဋ္ဌိပဒါဟူ၍ ဟောတော်မူအပ်၏။ ထိုတရားတို့၏ သဘောသရုပ်ကို ဖော်ထုတ်၍ရေးလျှင် အလွန်ပင်ကျယ်အံ့ဖြစ်သောကြောင့် ဤနေရာ၌ ရေးသားခြင်းကို အလိုမရှိပြီ၊ ထို သတိပဋ္ဌာန် အစရှိကုန်သော တရားတို့၏ မဇ္ဈိမ ပဋ္ဌိပဒါ မည်ခြင်း၏ အကြောင်းကိုကား-

> အယံ ဝုစ္စတိ ဘိက္ခဝေ မဇ္ဈိမပဋ္ဌိပဒါတိ၊ ဘိက္ခဝေ အယံ ကာမသုခလ္လိကာနုယောဂဉ္စ အတ္တကိလမထာနုယောဂဉ္စ ဒွေ အန္တေ အနုပဂမ္မ တထာဂတော သဿတုစ္ဆေဒဒိဋ္ဌိဝါဒါ ဝိမုတ္တောမဇ္ဈိမ ပဋ္ဌိပဒါတိ ဝေဒိတဗ္ဗော ဟူသော အဂုံတို့၏ အဋ္ဌကထာပါဠိဖြင့် သိအပ်၏။

အယံ ဝုစ္စတိ ဘိက္ခဝေ မဇ္ဈိမပဋ္ဌိပဒါတိ၊ အယံ ဝုစ္စတိ ဘိက္ခဝေ မဇ္ဈိမပဋ္ဌိပဒါ ဟူသည်ကား။ ဘိက္ခဝေ၊ ရဟန်းတို့။ ကာမသုလ္လိကာနုယောဂဉ္စ၊ ကာမသုခလ္လိကာနုယောဂသို့လည်းကောင်း။ အတ္တကိလမထာနုယောဂဉ္စ၊ အတ္တကိလမထာနုယောဂသို့ လည်းကောင်း။ ဣတိ၊ ဤသို့။ ဒွေအန္တေ၊ နှစ်ပါးကုန်သော အဖို့တို့သို့။ ဝါ၊ နှစ်ပါးကုန်သော အယုတ်တရားတို့သို့။ အနုပဂတော၊ မကပ်သော။ ဝါ၊ အနုပဂတော၊ အနုပဂတ္တော၊ မှီကပ်သည်၏အဖြစ်ကြောင့်။ အယံ၊ ဤသတိပဋ္ဌာန်အကျင့်ကို။ မဇ္ဈိမပဋ္ဌိပဒါတိ၊ မဇ္ဈိမပဋ္ဌိပဒါဟူ၍။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ဝါ၊ တနည်းဆိုဦးအံ့။ သဿတုစ္ဆေဒဒိဋ္ဌိဝါဒါတိ၊ သဿတအယူတည်းဟူသောအဖို့၊ ဥစ္ဆေဒအယူတည်းဟူသော အဖို့တို့မှ။ ဝါ၊ သဿတအယူတည်းဟူသော အယုတ်တရား၊ ဥစ္ဆေဒအယူတည်းဟူသော အယုတ်တရားတို့မှ။ ဝိမုတ္တော၊ လွတ်သော။ ဝါ၊ ဝိမုတ္တော၊ ဝိမုတ္တတ္တော၊ လွတ်သည်၏အဖြစ်ကြောင့်။ အယံ၊ ဤသတိပဋ္ဌာန်အကျင့်ကို။ မဇ္ဈိမပဋ္ဌိပဒါတိ၊ မဇ္ဈိမပဋ္ဌိပဒါဟူ၍။ ဝေဒိတဗ္ဗော၊ သိအပ်၏။ သတိပဋ္ဌာန်တရား လေးပါးကိုသာ အာသီသပြု၍ ယောဇနာလိုက်သည်။

ဤအဋ္ဌကထာပါဠိ၏ သိစေလိုရင်း အကျဉ်းအဓိပ္ပာယ်ကား အာဂဋ္ဌပဋ္ဌိပဒါ ဟု ဆိုအပ်သော ကာမသုခလ္လိကာနုယောဂ အယုတ်တရားသို့လည်း မကျ၊ နိဂ္ဂါမပဋ္ဌိပဒါဟု ဆိုအပ်သော အတ္တကိလမထာနုယောဂ အယုတ်တရားဘက်သို့လည်း မသက်၊ အလယ်ချက်၌သာ ဖြစ်သောကြောင့်။ တနည်းကား၊ သဿတအယူဘက်သို့လည်း မကျ၊ ဥစ္ဆေဒအယူဘက်သို့လည်း မသက်၊ အလယ်ချက်၌သာ ဖြစ်သောကြောင့် မဇ္ဈိမပဋ္ဌိပဒါ မည်၏ဟူလို။ ဤသို့ ဆိုအပ်ခဲ့ပြီးသည်ကား ပဋ္ဌိပဒါတရား သုံးပါးတို့တွင် သုံးခုမြောက်ဖြစ်သော မဇ္ဈိမပဋ္ဌိပဒါ၌ အကျဉ်းမှတ်သားဖွယ်တည်း။

(ဂ) ဤသို့ ပဋိပဒါသုံးပါးကို လက်မှန်ရှေးဖျား အစထား၍ ရေးသားလိုက်ခြင်းသည် ဆိုလတ္တံ့သောစကားတို့၏ အဓိပ္ပာယ်ကို အလွယ်တကူ ဆောင်ယူမှတဲ့သားနိုင်စိမ့်သောငှာ ဖြစ်သည်။ ဤမှစ၍ ယထာဘူတာနယ လမ်းမှန်ကျမ်းဂန်ရှိတိုင်းကိုသာ လိုက်နာသင့်လို့ ကျင့်ဆောင်လို၍ လျှောက်ဆို တောင်းပန်ကြကုန်သော ဥပါသကာတို့၏ လျှောက်ထားတောင်းပန်ချက် စကားရပ်တွင်–

(ယခုကာလ အချို့ကုန်သော သီတင်းနှေ့၌ ဥပုသ်သီလကို ဆောက်တည်ခံယူကြကုန်ပြီး၍ နံနက်အခါမှစ၍ ကာလ, ဝိကာလ ၂-ပါးလုံးတို့၌ပင် တစုံတခုသော အာဟာရကိုမျှ မစားမသောက်ပဲ ကျင့်ကြပါကုန်သည် အရှင်ဘုရား၊ ထိုသူတို့၏ တစုံတခုသော အာဟာရကိုမျှ မစားမသောက်ပဲ ကျင့်ခြင်းသည် ဘုရားရှင် ခွင့်ပြုတော်မူအပ်သော ကောင်းမြတ်သော အကျင့် ဟုတ်-မဟုတ်) ဟူသော စကား၌ မှတ်သားရန်ကား--

ထိုဥပုသ်သီလကို စောင့်သုံးသောနေ့၌ ဥပုသ်သီလထက် ပိုမို၍ ကျင့်အပ်သော နံနက်အခါမှစ၍ ကာလ-ဝိကာလ ၂-ပါးလုံးတို့၌ပင် အာဟာရကို မစားမသောက်ပဲ ရှောင်ကြဉ်၍ နေသော အကျင့်သည် ယခင် ရှေး၌ ပြဆိုအပ်ကုန်ပြီးသော အတ္တန္တပ အတ္တကိလမထာနုယောဂ၊ နိဂ္ဂာမပဋိပဒါတွင် (၃၂) အမှတ်ဖြင့် ပြဆိုအပ်ခဲ့ပြီးသော "ကောဟိက" အကျင့်ပင်ဖြစ်သည်။ ထို့ကြောင့် အာဟာရကို မစားမသောက်ပဲ ရှောင်ကြဉ်၍ နေသော အကျင့်ကိုကား ဘုရားရှင် ခွင့်ပြုအပ်သော အကျင့်မဟုတ်၊ ပိတ်ပင်ပယ်ရှား တားမြစ်အပ်သော အကျင့်သာ ဖြစ်၏ဟူ၍ မှတ်။ ဟို့ကြောင့် ဓမ္မစက္က ပဝတ္တနသုတ် ပါဠိတော်၌–

> ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန နသေဝိတဗ္ဗာ၊ ကတမေ ဒွေ ယောစာယံ ကာမေသု ကာမသုခလ္လိကာနုယောဂေါ ဟီနော ဂမ္မော ပေါထုဇ္ဇနိကော အနရိယော အနတ္ထသံဟိတော ယောစာယံ အတ္တကိလမထာနုယောဂေါ ဒုက္ခော အနရိယော အနတ္ထသံဟိတော·ဟူ၍ ဟောတော်မူအပ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဒွေ၊ နှစ်ပါးကုန်သော။ ကတမေ အန္တာ၊ ဤအယုတ်တရားစုတို့ကို။ ပဗ္ဗဇိတေန၊ ရဟန်းသည်။ နသေဝိတဗ္ဗာ၊ အားမထုတ်အပ်ကုန်။ ဒွေ အန္တာ၊ အယုတ်တရား နှစ်ခုတို့ ဟူသည်ကား။ ကတမေ၊ အဘယ်သည်တို့နည်း။ ဟီနော၊ ယုတ်သော။ ဂမ္မော၊ ရွာဦးနေသူ လူတို့၏ဥစ္စာဖြစ်သော။ ပေါထုဇ္ဇနိကော၊ ပုထုဇ္ဇန်တို့၏ အလေ့အကျင့်ဖြစ်သော။ အနရိယော၊ မမြတ်သော။ ဝါ၊ အရိယာတို့၏ ဥစ္စာမဟုတ်သော။ အနတ္ထသံဟိတော၊ စီးပွားချမ်းသာကို ဆောင်တတ်သော အကြောင်းနှင့် မစပ်သော။ ကာမေသု၊ ဝတ္ထုကာမရုံ ကာမဂုဏ်တို့၌။ ကာမသုခလ္လိကာနုယောဂေါ၊ ကိလေသာကာမနှင့် ယှဉ်သော သုခကို ခံစားခြင်းဟု ဆိုအပ်သော။ ယောစာယံ၊ ယောစအယံ အန္တော၊ အကြင်အယုတ်တရားသည်လည်းကောင်း။ ဒုက္ခော၊ အဝက်မဲ့ဘိုး မာချည်းနှီးနေခြင်း စသည်တို့ဖြင့် ပစ္စက္ခဘဝ၌ပင် ကာယိကဒုက္ခကို ဆောင်တတ်သော။ အနရိယော၊ မမြတ်သော ဒိဋ္ဌဓမ္မိက၏ အကျင့်ဥစ္စာဖြစ်သော။ အနတ္ထသံဟိတော၊ စီးပွားချမ်းသာကို ဆောင်တတ်သော အကြောင်းနှင့်မစပ်သော။ အတ္တကိလမထာနုယောဂေါ၊ ရုပကာယတည်းဟူသောအတ္တဘောဂ၏ ပူပန်ဆင်းရဲခြင်းကိုသာ အားထုတ်ပြုလုပ်ခြင်းဟု ဆိုအပ်သော။ ယောစာယံ- ယောစအယံအန္တော၊ အကြင်အယုတ်တရားသည် လည်းကောင်း။ ဒွေအန္တာ၊ အယုတ်တရား နှစ်ပါးအစုတို့ မည်ကုန်၏။ ဤကား အနက်။

"အကုသလံ ဘိက္ခဝေ ပဇဟထ" ဟူ၍ ဟောတော်မူအပ်သော ပါဠိတော်။ "ဣဓ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ" ဟူ၍ ဟောတော်မူအပ်သော ပါဠိတော်တို့၌ "ဘိက္ခဝေ" သဒ္ဒါ "ဘိက္ခု" သဒ္ဒါတို့ဖြင့် ဟောတော်မူအပ်ကုန်သော်လည်း ရဟန်းတို့သာ အကုသိုလ်တရားကို ပယ်ရှားအပ်သည်၊ သတိပဋ္ဌာန်တရားကို ပွားများအပ်သည်မဟုတ်၊ ဂဟဋ္ဌဖြစ်သော လူပုဂ္ဂိုလ်တို့သည်လည်း အကုသိုလ်တရားကို ပယ်ရှားအပ်သည်သာ၊ သတိပဋ္ဌာန်တရားကို ပွားများအပ်သည်သာ ဖြစ်သကဲ့သို့ ထို့အတူ "ဒ္ဒေ မေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတာ နု သေဝိတဗ္ဗာ" ဟု ဟောတော်မူအပ်သော ဤစကားကို ပါဠိတော်၌ "ပဗ္ဗဇိတေန နု သေဝိတဗ္ဗာ" ဟု "ပဗ္ဗဇိတ" သဒ္ဒါဖြင့် ဟောတော်မူအပ်သော်လည်း ရဟန်းဖြစ်သော ပုဂ္ဂိုလ်သည်သာ ထို ကာမသုခလွတ်ကာနှုယောဂ အတ္တကိလမထာနုယောဂ ဟူကုန်သော အယုတ်ဘာဂ ၂-ပါးတို့ကို အားမထုတ်အပ်ကုန်သည်မဟုတ်၊ ဂဟဋ္ဌဖြစ်သူ လူပုဂ္ဂိုလ်တို့သည်လည်း ထိုအယုတ်တရား ၂-ပါးတို့ကို အားမထုတ်အပ်ကုန်သည်သာတည်းဟု မှတ်ယူအပ်၏။

ယင်းသို့ဖြစ်သော်လည်း "ပဗ္ဗဇိတေန" ဟု ဟောတော်မူခြင်းသည် "စတုဗ္ဗိဓာ ပဗ္ဗဇ္ဇာ တာပသ ပဗ္ဗဇ္ဇာ၊ ပရိဗ္ဗာဇက ပဗ္ဗဇ္ဇာ၊ သာဝကော်ရ ပဗ္ဗဇ္ဇာ၊ ဥပသမ္မဒပဗ္ဗဇ္ဇာ" ဟု ဆိုအပ်ကုန်သော ပဗ္ဗဇ္ဇာလေးမျိုးတို့တွင် တာပသ ပဗ္ဗဇ္ဇာဖြစ်ကုန်သော ပဉ္စဝဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ဟောတော်မူအပ်သော အရာဖြစ်သောကြောင့်ပေတည်း။

တနည်းကား မိန်းမ ယောကျ်ား နှစ်ဦးသားတို့တွင် ယောကျ်ားသည် ဥက္ကဋ္ဌဖြစ်သောကြောင့် "အဟံ ခေါ တေသံ ပုရိသဓမ္မံ သက္ကောပိ ဝိနေပိ ဖရေယ္ယနပိ ဝိနေမိ၊ သက္ကုဖရေယ္ယနပိ ဝိနေမိ" ဟူသော ပါဠိတော်ပါဌ်၌ "ပုရိသဓမ္မံ" ဟု "ပုရိသ" သဒ္ဒါဖြင့် ဟောကြားတော်မူအပ်သောအရာဝယ် မြတ်စွာဘုရားသခင်သည် ယောကျ်ားကိုသာ ဆုံးမတော်မူအပ်သကဲ့သို့ ထို့အတူ ဂဟဋ္ဌ ပဗ္ဗဇိတ ၂-ပါးတို့တွင် ယခင် ပဗ္ဗဇ္ဇ လေးပါးတို့သည် ဥက္ကဋ္ဌဖြစ်သောကြောင့် "ပဗ္ဗဇိတေန" ဟု "ပဗ္ဗဇိတ" သဒ္ဒါဖြင့် ဟောတော်မူအပ်သော ဤဓမ္မစက္က-ပဝတ္တနသုတ်ပါဠိတော်၌လည်း ရဟန်းကိုသာ အယုတ်တရား ၂-ပါးတို့ကို အားမထုတ်အပ်ကုန်သည်မဟုတ်၊ ဂဟဋ္ဌဖြစ်သူ လူပုဂ္ဂိုလ်တို့သည်လည်း ထိုအယုတ်တရား ၂-ပါးတို့ကို အားမထုတ်အပ်ကုန်သည်သာတည်းဟု ဥက္ကဋ္ဌနည်းအားဖြင့် မှတ်ယူအပ်၏။ ပဌမအဖြေ။

(စ) ဒါယကာတို့ လျှောက်ထားအပ်သော စကားရပ်တွင် ဘုရားရှင် ချီးမွမ်းတော်မူအပ်သော အကျင့် ဟုတ် မဟုတ်ဟူရာ၌ မှတ်သားရန်ကား ထိုသို့ တရက်ပတ်လုံး အာဟာရကို မစား၊ ကိုယ်၏ဆင်းရဲခြင်းဖြစ်အောင် ကျင့်သော အတ္တန္တပ၊ အတ္တကိလမထာနုယောဂ၊ နိဂ္ဂဏ္ဌ-မပဋိပဒါဖြစ်သော အစေလကတို့၏ အကျင့်ကို ဘုရားရှင် ချီးမွမ်းတော်မူသောအရာ၊ ပိဋ္ဌကတ်သုံးပုံမှာပင် မရှိ။ "အန္တ၊ ဒုက္ခ၊ အနရိယ၊ အနတ္ထသံဟိတ၊ နောဓမ္မိကာ" ဟု ဆို၍ ကဲ့ရဲ့တော်မူကြောင်းကို "ဒ္ဒေ မေ အန္တာ ပဗ္ဗဇိတေန နု သေဝိတဗ္ဗာ" ဟူ၍ ဟောတော်မူအပ်သော ဓမ္မစက္က-ပဝတ္တနသုတ် ပါဠိဘော်ဖြင့်ပင် သိအပ်၏။ (အနက်ကို ရှေးကဆိုခဲ့ပြီ)။ယုတ်မာသောအကျင့်ဖြစ်သောကြောင့် "အန္တ" ဟူ၍ ကဲ့ရဲ့တော်မူ၏။ "ဒုက္ခ၊ အနရိယ၊ အနတ္ထသံဟိတ" ဟု ဆို၍ ကဲ့ရဲ့ဘော်မူခြင်းကို "ယော စာယံ အတ္တကိလမထာနုယောဂေါ ဒုက္ခော အနရိယော အနတ္ထ-သံဟိတော" ဟူ၍ ဟောတော်မူအပ်သော ယင်းပါဠိတော်ဖြင့်ပင် သိအပ်၏။ (အနက်ကို ရှေးက

ဆိုခဲ့ပြီ) ကာယိကဒုက္ခကို ဆောင်တတ်သော အကျင့်ဖြစ်သောကြောင့် "ဒုက္ခ"၊ ဒိဋ္ဌတို့၏ဥစ္စာဖြစ်သော မမြတ်သော အကျင့်ဖြစ်သောကြောင့် "အနရိယ" စီးပွားချမ်းသာကို မဆောင်နိုင်၊ စီးပွားချမ်းသာမဲ့ကိုသာ ဆောင်နိုင်သော အကျင့်ဖြစ်သောကြောင့် "အနတ္ထသံဟိတ" ဟူ၍ ကဲ့ရဲ့ဘော်မူ၏။ (နောဓမ္မိကာ) ဟူ၍ ကဲ့ရဲ့တော်မူကြောင်းကို-

> ယာပိ ခေါ တေ သော အဂ်ိဝေဿန ပုရိမာ ကာယဘာဝနာဘာသတိ၊ သာပိ အရိယဿ ဝိနယေ နောဓမ္မိကာ၊ ကာယဘာဝနံပိ ခေါ တုံ အဂ်ိဝေဿန အညာသိ၊ ကုတော ပန တုံ စိတ္တဘာဝနံ ဇာနိဿတိ-ဟူ၍ ဟောတော်မူအပ်သော မူလပဏ္ဏာသ မဟာသစ္စကသုတ် ပါဠိတော်ဖြင့် သိအပ်၏။ ဤစကားကို ထင်ရှားရုံ ဆိုဦးအုံ။

တပါးသောအခါ မြတ်စွာဘုရားသခင်သည် ဝေသာလီပြည်၏ အနီး မဟာဝုန်တောကုဋာဂါရဇရပ်၌ သီတင်းသုံးတော်မူ၏။ အခါတပါးသောနေ့၌ နံနက်အခါ ဝေသာလီပြည် တွင်းသို့ ဆွမ်းခံဝင်အံ့ဟု နိမြိန်းသော ပုံသကူသက်န်းတော်ကို ကောင်းမွန်စွာ ဝတ်ရုံတော်မူပြီး လျှင် ဂန္ဓကုဋိတိုက်တော်မှ ထွက်တော်မူ၍ ထိုဂန္ဓကုဋိတိုက်တော်ဦး အမှူးဌာန၌ ရပ်တော်မူ၏။ ထိုအခါ အရှင်အာနန္ဒာသည် အဝေးမှလာသော နိဂဏ္ဌ၏ သား သစ္စကကို မြင်တော်မူလျှင် ဘုန်းတော်နေဝန်း တောက်ထွန်းတော်မူပေသော မြတ်စွာဘုရား စကားချင်းဆိုင် ဝါဒပြိုင်တတ်သော ငါသာလျှင် ပညာရှိဟုဆိုတတ်သော လူအပေါင်းသည် ကောင်းသည်ဟု သမုတ်အပ်သော နိဂဏ္ဌ၏ သား လူကြွား သစ္စကသည် စကားချင်းဆိုင် ဝါဒပြိုင်ခြင်းငှာ လာပါသည်။ ထိုသတ္တဝါအား သနားတော်မူသဖြင့် ဆိုင်းလင့်နေထိုင်တော် မူပါဘုရားဟု လျှောက်ထားတောင်းပန်လေ၏။ မြတ်စွာဘုရားသခင်သည်လည်း ဆိုင်းလင့်တော်မူ၏။ ထိုအခါ နိဂဏ္ဌ၏ သား သစ္စကသည်လည်း ငါသည် ယခုကဲ့သို့ ပညာမကြီးသေးမီက ဝေသာလီ ပြည်သူပြည်သား တို့နှင့် တကွ ရှင်ဂေါတမထံသို့ ချဉ်းကပ်၍ စကားချင်းဆိုင် ဝါဒပြိုင်မိမှားသောကြောင့် ပရိသတ်အလယ်မှာ မျက်နှာမဲ့လှ ရှုံးခြင်းကြီး ရှုံးရသည်။ ယခုအခါ ငါတယောက်တည်း ချဉ်းကပ်၍ စကားချင်းဆိုင် ဝါဒပြိုင်၍ ငါကသာအနိုင်ရလျှင် ငါနိုင်ကြောင်း စကားကို ပြောကြား၍ ပြန်လာမည်၊ အကယ်၍ ငါသာ ရှုံးပြန်ပါလျှင်လည်း ညဉ့်အခါ မှောင်မဲမဲ၌ တယောက်ထဲ က-သော ယောကျ်ားကို သူတပါး မမြင်ရသကဲ့သို့ ဘယ်သူမျှ သိနိုင်တော့မည် မဟုတ်၊ ထိုကြောင့် အဖေ့်မတွဲ၊ သဟဲမရှာ၊ တယောက်တည်းသာ ချဉ်းကပ်၍ အထပ်ထပ် မေးမည်ဟု အကြံပြုပြီးလျှင် တယောက်ထည်းတည်းပင် မြတ်စွာဘုရားသခင်၏ အထံတော်သို့ ချဉ်းကပ်လေ၏။

ထိုသို့ချဉ်းကပ်ပြီးလျှင် အရှင်ဂေါတမ ဤလောက၌ အချို့သော ရဟန်း-ပုဏ္ဏားတို့သည် ကာယ ဘာဝနာကိုသာ အားထုတ်ကြကုန်၏။ စိတ္တဘာဝနာကို အားမထုတ်ကြကုန်။ ထိုရဟန်းပုဏ္ဏားတို့သည် ကာယိကဒုက္ခကို ခံစားရကုန်၏။ အရှင်ဂေါတမ ရှေးဦးဖြစ်ဖူးသည်ကား ထိုကာယိကဒုက္ခကို ခံစားရသောသူအား ပေါင်ခိုင်မာခြင်း, နှလုံးကဲခြင်း, သွေးပူအန်ရခြင်းသည် ဖြစ်၏။ စိတ်ရှုးသွပ်ပျံ့လွှင့်ခြင်းသို့ ရောက်ရ၏။ ဤသို့ စိတ္တဘာဝနာကို အားမထုတ်ခြင်းကြောင့် ထိုသူ၏စိတ်သည် ကိုယ်၏ အလိုသို့သော လိုက်ရ ပါရ၏။ အရှင်ဂေါတမ ဤ

လောကဋ္ဌ အချို့သောရဟန်းပုဏ္ဏားတို့သည် စိတ္တဘာဝနာကို အားထုတ်ကြကုန်၏။ ကာယ-ဘာဝနာကို အားမထုတ်ကြကုန်။ ထိုရဟန်းပုဏ္ဏားတို့သည် ဇစတသိက ဒုက္ခကို ခံစားရကုန်၏။ အရှင်ဂေါတမ ရှေးဦး ဖြစ်ဖူးသည်ကား ထိုဇစတသိကဒုက္ခကို ခံစားရသောသူအား ပေါင်ခိုင်မာခြင်း, နှလုံးကဲခြင်း, သွေးပူအန်ခြင်းသည် ဖြစ်၏။ စိတ်ရှုးသွပ်ပျံ့လွှင့်ခြင်းသို့ ရောက်ရ၏။ ဤသို့ ကာယဘာဝနာကို အားမထုတ်ခြင်းကြောင့် ထိုသူ၏ကိုယ်သည် စိတ်၏ နောက်သို့သာ လိုက်ရပါရ၏။ အရှင်ဂေါတမ အရှင်ဂေါတမ၏ တပည့်တို့သည် စိတ္တဘာဝနာကိုသာ အား ထုတ်၍ နေကြကုန်၏။ ကာယဘာဝနာကို အားမထုတ်ကြကုန်ဟု လျှောက်ထားလေ၏။

ဤသို့ လျှောက်ထားလေလျှင် မြတ်စွာဘုရားသခင်သည် မီးကို လုပ်ကျွေးတတ်သော အဂ္ဂိဝေဿန သစ္စက၊ သင်သည် အဘယ်ကဲ့သို့လျှင် ကာယဘာဝနာကို ကြားဖူးသနည်းဟု မေးစစ်တော်မူ၏။ ထိုအခါ နိဂဏ္ဌ၏သား သစ္စကသည် အရှင်ဂေါတမ ဝစ္ဆအန္ဒယ်၌ဖြစ်သော နန္ဒ တယောက်၊ သံကိစ္စအန္ဒယ်၌ဖြစ်သော ကိဿ တယောက်၊ နွားတင်းကုပ်၌ဖွားသော မက္ခလိ တယောက်၊ ဤအရှင်သုံးယောက်တို့သည် အဝတ်မဆီး၊ အချည်းနှီးသော အစေလကအကျင့်။ လ။ လခွဲချန် စားသော အဒ္ဓမာသိကအကျင့်ကို အားထုတ်ကြကုန်၏ဟု လျှောက်ထား၏။

(ဤစကားရပ်တွင်၊ လ၊ ဟုပြထားသော ပေယျာလ နေရာ၌ ရှေးက ပြဆိုအပ်ခဲ့ပြီးသော နိဗ္ဗာန မပဋိပဒါတို့တွင် (၂) အမှတ်မှစ၍ (၃၃) အမှတ်တိုင်အောင်သော အကျင့်တို့ကို ထည့်သွင်း၍ယူပါ)။

တဖန် မြတ်စွာဘုရားသခင်က မီးကိုလုပ်ကျွေးတတ်သော အဂ္ဂိဝေဿနသစ္စက၊ ထို နန္ဒ, ကိဿ, မက္ခလိတို့သည် ဤမျှလောက်ဖြင့် မျှတနိုင်၏လော၊ မမျှတနိုင်ကုန်၏လောဟု မေးစစ်တော်မူပြန်သော် နိဂဏ္ဌ၏သား သစ္စကသည် အရှင်ဂေါတမ တခါတရံ၌ကား မွန်မြတ်သောခဲဖွယ် စားဖွယ် လျက်ဖွယ် သောက်ဖွယ်တို့ကို ခဲကြ, စားကြ, လျက်ကြ, သောက်ကြကုန်၍ ကာယဗလကို ဖြစ်စေကြကုန်၏။ ကိုယ်ကို ကြီးပွားစေကြကုန်၏။ အဆီတိုးပွားအောင် ပြုကြကုန်၏ဟု လျှောက်ထားပြန်၏။

မြတ်စွာဘုရား သခင်သည် တဖန်ထပ်မံ၍ မီးကိုလုပ်ကျွေးတတ်သော အဂ္ဂိဝေဿန သစ္စက၊ ထို နန္ဒ, ကိဿ, မက္ခလိတို့သည် ရှေးအကျင့်ကိုပယ်၍ နောက်တဖန် မွန်မြတ်ကုန်သော အာဟာရတို့ဖြင့် ကြီးပွားအောင်ပြုကြကုန်ပြန်၏။ ဤသို့လျှင် ထိုသူတို့ ကိုယ်၏ တလည့်ကြီးပွားခြင်း၊ တလည့်ဆုတ်ယုတ်ခြင်းသည် ဖြစ်၏ဟု မိန့်တော်မူပြီးလျှင် မီးကိုလုပ်ကျွေးတတ်သော အဂ္ဂိဝေဿန သစ္စက၊သင်သည် အဘယ်ကဲ့သို့လျှင် စိတ္တဘာဝနာကို ကြားဖူးသနည်းဟု မေးတော်မူ၏၊ ထိုအခါ နိဂဏ္ဌ၏သား သစ္စကသည် ပြည့်စုံစွာမပြန်ကြား မလျှောက်ထားတတ်ဖြစ်လေ၏၊ ထိုအခါ မြတ်စွာဘုရားသခင်သည် နိဂဏ္ဌ၏ သား သစ္စကကို-

ယာပိ ခေါ တေ သော အဂ္ဂိဝေဿန ပုရိမာ ကာယဘာဝနာ ဘာသိတာ၊ သာပိ အရိယာသာ ပိနယေ နော ဓမ္မိကာ၊ ကာယဘာဝနံပိ ခေါ တုံ အဂ္ဂိဝေဿန နအညာသိ၊ ကုတော ပန တုံ စိတ္တဘာဝနံ ဇာနိဿတိ ဟု မိန့်တော်မူ၏။

အဂ်ိဝေဿန၊ မီးကိုလုပ်ကျွေးဟတ်သော အဂ်ိဝေဿနသစ္စက။ တေ-တယာ၊ သင်သည်။ ပုရိမာ၊ ရှေးဦးဖြစ်သော။ ယာပိ ခေါ သော ကာယဘာဝနာ၊ အကြင် အစေလကတို့၏ အကျင့်ဖြစ်သော ကာယဘာဝနာကို။ ဘာသိတာ၊ ဆိုဒးပ်၏။ သာပိ သာ ပန ကာယဘာဝနာ၊ ထိုအစေလကတို့၏ အကျင့်ဖြစ်သော ကာယဘာဝနာသည်လည်း။ အရိယဿ၊ ငါဘုရား၏။ ဝိနယေ၊ အဆုံးအမဖြစ်သော သာသနာတော်၌။ ဓမ္မိကာ၊ တရားနှင့်ယှဉ်သည်။ ဝါ၊ လောကုတ္တရာတရားအားလျော်သည်။ နော ဟောတိ၊ မဖြစ်ချေ။ အဂ်ိဝေဿန၊ မီးကိုလုပ်ကျွေးတတ်သော အဂ်ိဝေဿနသစ္စက။ တုံ၊ သင်သည်။ ကာယဘာဝနုံပိ၊ ကာယဘာဝနာကိုလည်း။ န အညာသိ၊ မသိ။ တုံ၊ သင်သည်။ စိတ္တဘာဝနုံ၊ စိတ္တဘာဝနာကို။ ကုတော ပန ဇာနိဿတိ၊ အဘယ်မှာ သိနိုင်တော့အံ့နည်း။ ဤကား အနက်။

တရားနှင့်မယှဉ် လောကုတ္တရာတရားအား မလျော်သောကြောင့် နောဓမ္မိကာဟု ဆို၍ ဘုရားရှင် ကဲ့ရဲ့တော်မူ၏။ အဓမ္မိက ဆိုသည်နှင့် အတူတူ။ ဤသို့ ပြဆိုအပ်ပြီးသောနည်းအားဖြင့် တရက်ပတ်လုံး အာဟာရကိုဖြတ်၍ အငတ်နေသော အတ္တန္တပ၊ အတ္တကိလမထာနုယောဂ၊ နိဇ္ဈာမပဋိပဒါဟု ဆိုအပ်သော အစေလက အကျင့်သည် "အန္တ၊ ဒုက္ခ၊ အနရိယ၊ အနတ္ထသံဟိတ၊ နောဓမ္မိကာ" ဟု ဆို၍ ဘုရားရှင် ကဲ့ရဲ့တော်မူအပ်သော ဒုကျင့်သာဖြစ်သည်။ စင်စစ် ချီးမွမ်းတော်မူအပ်သော အကျင့်မဟုတ်ဟု မှတ်။ ဒုတိယအဝဖြေ။

(ဆ) ဒါယကာတို့ လျောက်ထားအပ်သော စကားရပ်တို့တွင် ကုသိုလ် ဖြစ် မဖြစ် ဟူရာ၌ မှတ်သားရန်ကား "ဝဏ္ဏော ဝဏ္ဏော ရဟာနံ ပဏ္ဍိစ္စ ဘဏ္ဍန္တေသု အဂ်ဝုဂ်လော" ဟူ၍လည်းကောင်း။ "အထ ခေါ ဂရဟိတဗ္ဗံ ဂရဟိတံ ဧဝ၊ ပသံသိတဗ္ဗံ ပသံသိတံ ဧဝ" ဟူ၍လည်းကောင်း မိန့်ဆိုဖွင့်ပြတော်မူအပ်သော အဋ္ဌကထာပါဠိနှင့်အညီ လောကသုံးပါး၌ သေ၌ ဇော၌ အတုလအစစ် ဖြစ်တော်မူသော မြတ်စွာဘုရားသခင်သည် ချီးမွမ်းထိုက်သည်ကို ချီးမွမ်းတတ်, ကဲ့ရဲ့ထိုက်သည်ကို ကဲ့ရဲ့တတ်သော ပုဂ္ဂိုလ်တို့တွင် အမြတ်ဆုံးသော ပုဂ္ဂိုလ်ထူးတဆူဖြစ်တော်မူပေ၏။ ချီးမွမ်းထိုက်မှလည်း ချီးမွမ်းတော်မူ၏။ ကဲ့ရဲ့ထိုက်မှလည်း ကဲ့ရဲ့တော်မူ၏၊ ယခင်ရှေး၌ ပြဆိုအပ်ခဲ့သော အတိုင်း တနေ့ပတ်လုံး အာဟာရကိုဖြတ်၍ အငတ်နေသော အကျင့်ကို အန္တ၊ ဒုက္ခ၊ အနရိယ၊ အနတ္ထသံဟိတ၊ နောအဓမ္မိကာ" ဟု ဆို၍ ကဲ့ရဲ့တော်မူခြင်းသည် ကဲ့ရဲ့အပ်၊ ကဲ့ရဲ့ထိုက်သော အကျင့်ဖြစ်သောကြောင့်ပေတည်း။ ဤသို့ ဘုရားရှင် ကဲ့ရဲ့အပ် ကဲ့ရဲ့ထိုက်သော အကျင့်ဟူကလည်း စင်စစ် ကုသိုလ်မဟုတ်၊ အကုသိုလ်သာဖြစ်တော့သည်ဟု သဘောကို ချဲ့ထွေက်၍ မှတ်သိနိုင်လောက်ပြီ။ ထိုမှတပါးလည်း တနေ့တပ်လုံး အာဟာရကိုဖြတ်၍ အငတ်နေသော အကျင့်၏ ကုသိုလ်မဟုတ်၊ အကုသိုလ်ဖြစ်ကြောင်းကို-

နံ နဂ္ဂစရိယာ နံ ဇဋာ နံ ပင်္ကာ၊
နာနာသကာ ထဏ္ဍိလသာယိကာဝါ။
ရဇောဇလ္လံ ဥက္ကုဋိကပ္ပဓာနံ၊
သောဓေန္တိ မစ္စံ အပိတိက္ကကံ-

ဟူ၍ ဓမ္မပဒပါဠိတော်၊ ဒက္ခိဏဝဂ်၊ ဗဟုဘဏ္ဍိက ဘိက္ခုဝတ္ထု၌ ဟောတော်မူအပ်၏။

အပိတိဏ္ဍကခံ၊ ဝိစိကိစ္ဆာမှ မလွန်မြောက်နိုင်သေးသော။ ဝါ၊ မလွန်မြောက်သေးသော ဝိစိကိစ္ဆာရှိသော။ မစ္ဆံ၊ သတ္တဝါကို။ နဂ္ဂစရိယာ ဝါ၊ အဝတ်မဆီး အခုည်းနှီးနေသောအကျင့်တို့သည်လည်း။ နသောဓေန္တီ၊ မသုတ်သင်နိုင်ကုန်။ ဇဋာ ဝါ၊ ဆံကျစ်ဆောင်းသော အကျင့်တို့သည်လည်း။ နသောဓေန္တီ၊ မသုတ်သင်နိုင်ကုန်၊ ပင်္ကဝါ၊ သွင်းခြေးအညစ်ကို ထူပြစ်အောင်ထားသော အကျင့်တို့သည်လည်း။ နသောဓေန္တီ၊ မသုတ်သင်နိုင်ကုန်။ အနာသကာဝါ၊ အစာကိုဖြတ် အငတ်နေသောအကျင့်သည်လည်း။ နသောဓေန္တီ၊ မသုတ်သင်နိုင်ကုန်။ တဏ္ဍိလ သာယိကဝါ၊ အခင်းမရှိသော မြေဦးသာ အိပ်သောအကျင့်တို့သည်လည်း။ နသောဓေန္တီ၊ မသုတ်သင်နိုင်ကုန်။ ရဇောဇလ္လံ ဝါ၊ မှုန်အညစ်အကြေးကိုဆောင်သောအကျင့်သည်လည်း။ နသောဓေန္တီ၊ မသုတ်သင်နိုင်ကုန်။ ဥက္ကုဋိကပဓာနံ ဝါ၊ ဆောင့်ကြောင့်သာထိုင်ခြင်း သွားခြင်းဌာ အားထုတ်သောအကျင့်သည်လည်း။ နသောဓေန္တီ၊ မသုတ်သင်နိုင်။ ဤပါဠိတော်ဌာ (ပင်္ကဝ) ဟူသောပုဒ်ကို–

ဒီဃောတ္တဓရာဌာ ဇဋိလာ၊ ပင်္ကဒန္တာ ရဇဿိရာ။
လုဏံ စောဒဟိယ ဂစ္ဆန္တီ၊ တဒါ ကဏ္ဌော ပမောက္ခတိ–

ဟူ၍လာသော ဒုဒ္ဒဒသနိပါတ်၊ မဟာကဏ္ဍဇာတ်ပါဠိတော်နှင့်အညီ ယောဇနာလိုက်သည်။

အချို့သော နိဿယစာဌကား (ကိုယ်ဌ လိမ်းကပ်သောညှန်တို့သည်) ဟု ရှိ၏။ ဆင်ခြင်၍ယူ။ ဤသို့အစာကိုဖြတ် အငတ်နေသောအကျင့်သည် ကျင့်သောပုဂ္ဂိုလ်ကို စင်ကြယ်အောင် မသုတ်သင်နိုင်ရကား ထိုအကျင့်သည် စင်စစ် အကုသိုလ်သာ ဖြစ်ပေသတည်း။ ထိုအကုသိုလ်ဟူသည်လည်း ဒေါသမူလအစွမ်းအားဖြင့်ဖြစ်သော မိစ္ဆာဝါယမပေတည်း။ ထို့ကြောင့် အဋ္ဌသာလိနီအဋ္ဌကထာဌ–

အလောဘေန ပန ကာမသုခလ္လိကာနုယောဂအန္တဿ၊ အဒေါသေန အတ္တကိလမထာနုယောဂအန္တဿ ပရိဝဇ္ဇနံ ဟောတိ၊ အမောဟေန မစ္ဆိမာယ ပဋိပတ္တိယာ ပဋိပဇ္ဇနံ-ဟူ၍ ဖွင့်ဆိုတော်မူအပ်၏။

ပန၊ ဆက်၍ဆိုဦးအံ့။ အလောဘေန၊ အလောဘ၏အစွမ်းအားဖြင့်။ ဝါ၊ အလောဘကြောင့်။ ကာမသုခလ္လိကာနုယောဂအန္တဿ၊ ကာမသုခလ္လိကာနုယောဂဟု ဆိုအပ်သော အယုတ်တရားကို။ ပရိဝဇ္ဇနံ၊ ကြဉ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ အဒေါသေန၊ အဒေါသ၏အစွမ်းအားဖြင့်။ ဝါ၊ အဒေါသကြောင့်။ အတ္တကိလမထာနုယောဂအန္တဿ၊ အတ္တကိလမထာနုယောဂဟု ဆိုအပ်သော အယုတ်တရားကို။ ပရိဝဇ္ဇနံ၊ ကြဉ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ အမောဟေန၊ အမောဟ အစွမ်းအားဖြင့်။ ဝါ၊ အမောဟကြောင့်။ မစ္ဆိမာယ၊ ကာမသုခလ္လိကာသို့လည်း မကျ၊ အတ္တကိလမထာနုယောဂသို့လည်း မပါ၊ အလယ်ဌသာဖြစ်သော။ ပဋိပတ္တိယာ၊ အကျင့်ကို။ ပဋိပဇ္ဇနံ၊ ကျင့်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဤကားအနက်။

ဤအဋ္ဌကထာ စကားရပ်ဌ အဒေါသ၏ အစွမ်းအားဖြင့် အတ္တကိလမထာနုယောဂဟုဆိုအပ်သောအယုတ်တရားကြဉ်၏ ဟူသော အနွယစကားဖြင့် ဒေါသ၏အစွမ်းအားဖြင့် အတ္တ-

ကိလမထာနုယောဂဟု ဆိုအပ်သော အယုတ်တရားကို ကျင့်၏ဟူသော ဗျတိရေက (အပြန်) အဓိပ္ပါယ်ကို ယူ၊ ထို့ကြောင့် ဤအရာ၌ တနေ့ပတ်လုံး အစာကိုဖြတ်၍ အင်တင်နေသော အတ္တကိလမထာနုယောဂ အကျင့်ကို ပကတူပနိဿယ သတ္တိ အစွမ်းအားဖြင့်လည်းကောင်း။ သဟဇာတ၊ အညမည၊ နိဿယ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ သတ္တိအစွမ်းအားဖြင့်လည်းကောင်း ဒေါသသည် ယထာရဟ ကျေးဇူးပြုအပ်သော မိစ္ဆာဝါယမဟု ဆိုအပ်သော အကုသိုလ်တရား ဟူ၍မူတ်။

ဤအရာ၌ ဗာဟိယဒါရုစီရိယ မထေရ်၏အလောင်း အစရှိကုန်သော ရဟန်း ၇-ပါးတို့ အာဟာရကို မစားပဲ တောင်ထိပ်သို့တက်၍ အားထုတ်ကြခြင်းသည် အတ္တကိလမထာနုယောဂ၊ မိစ္ဆာဝါယမပင် ဖြစ်ကောင်းအံ့လော ဟူငြားအံ့၊ ထိုရဟန်း ၇-ပါးတို့သည် အာဟာရကို ဖြတ်၍ အင်တင်နေခြင်းအမှုကို မြတ်သောတရားဟု အလေးဂရု ပမာဏပြု၍ အားထုတ်တော်မူကြသည် မဟုတ်၊ ရထိုက်သောရဟန်း တရားကိုသာ မြတ်သောတရားဟု အလေးဂရု ပမာဏပြု၍ အားထုတ်တော်မူကြကုန်ရင်းဖြစ်သည်။ ထို့ကြောင့် ထိုရဟန်း ၇-ပါးတို့၏ အားထုတ်ခြင်းသည် မိစ္ဆာဝါယမ မဖြစ်၊ သမ္မပ္ပဓာန်လုံ့လဟု ဆိုအပ်သော သမ္မာဝါယမသာ ဖြစ်၏။ ထိုစကားကို ထင်ရှားအောင် ဆိုဦးအံ့။

(၈) ကဿပ မြတ်စွာဘုရားသခင်၏ သာသနာတော်မြတ်သည် ဆုတ်ယုတ်သော ဩသက္ကန ကာလသို့ ရောက်သည်ရှိသော် သာမဏေစသည်တို့၏ ဖောက်ပြန်သော အကျင့်ကို မြင်ကြကုန်သောကြောင့် ရဟန်း ၇-ပါးတို့သည် သံဝေဂဖြစ်ကုန်၍ သာသနာတော် မကွယ်ပမီ မိမိ၏ ဆောက်တည်ရာကို ပြုကြကုန်အံ့ဟု ကဿပ မြတ်စွာဘုရားသခင်၏ ရှေ့စေတီကိုရှိခိုးပြီး၍ တောသို့ဝင်ကြကုန်သည်ရှိသော် မြင့်စွာသော တောင်တခုကို တွေ့မြင်ကြကုန်၍ ငါ့ရှင်တို့ အသက်၌တွယ်တာခြင်း အာလယကို ပယ်ချစွန့်ခွာကြကုန်လော့၊ အသက်၌ တွယ်တာခြင်း အာသာမှ ကင်းကြကုန်သည်ဖြစ်၍ ဤတောင်သို့သာ တက်ကြကုန်လော့ဟု စိတ်ဓာတ်ကိုယ်မျှ ပြောဆိုကြပြီးလျှင် လှေကားကို ဖွဲ့နှောင်၍ ထိုတောင်သို့ တက်ကြကုန်ပြီးလျှင် လှေကားကို မျှ၍ ရဟန်းတရားကို အားထုတ်ကြကုန်၏။

နိသေဏိံ ဗန္ဓိတ္ဝာ သဗ္ဗေပိ တံ အဘိရုယှ နိသေဏိံ ပါတေတ္ဝာ သမဏဓမ္မံ ကရိံသု။ (ဓမ္မပဒအဋ္ဌကထာပါဠိ၊ ဗာဟိယဒါရုစီယထေရ၊ အတိတ်ဝတ္ထု။)

နိသေဏိံ၊ လှေကားကို။ ဗန္ဓိတ္ဝာ၊ ဖွဲ့နှောင်ကြကုန်၍။ သဗ္ဗေ၊ ၇-ပါးလုံးတို့သည်။ တံ၊ ထိုတောင်ထိပ်သို့။ အဘိရုယှ၊ ကိုယ်မျှစိတ်တူ၊ ရှေးရှုတက်ကြကုန်၍။ နိသေဏိံ၊ လှေကားကို။ ပါတေတ္ဝာ၊ တွန်းချကုန်၍။ သမဏဓမ္မံ၊ ရဟန်းတရားကို။ ကရိံသု၊ အားထုတ်ကြကုန်၏။ ဤကား အနက်။

အဂ်ုတ္တိုရ်အဋ္ဌကထာ အရှင်ဒဗ္ဗ၏ အကိတ်ဂတ္ထုဠ်လည်း-

(သဗ္ဗေ ကေစိတ္တာ ဟုတ္ဝာ နိသေဏိံ ပါတေတ္ဝာ အပ္ပမတ္တာ ဟောထ အာဝုသောတိ အညမညံ သြဝဒိတ္ဝာ စိတ္တရုစိယသု ဌာနေသု နိသီဒိတ္ဝာ သမဏဓမ္မံ ကာတုံ အာရဘိံသု ဟူ၍ မိန့်ဆိုတော်မူအပ်၏။

သဗ္ဗေ၊ အလုံးစုံ (၇) ပါးလုံးတို့သည်။ ဧကစိတ္တာ၊ တူမျှသောစိတ် ရှိကြကုန်သည်။ ဟုတ္တာ၊ ဖြစ်ကုန်၍။ နိသေဏိံ၊ လေ့ကားကို။ ပါတေတ္တာ၊ တွန်းချကုန်၍။ အာဝဇ္ဇသော၊ ငါ့ရှင်တို့။ အပုဗ္ဗမတ္တာ၊ မမေ့မလျော့ကြကုန်သည်။ ဟောထ၊ ဖြစ်ကြကုန်သော။ ဣတိ၊ ဤသို့။ အညမညံ၊ အချင်းချင်း။ ဝါ၊ တပါးသည် တပါးအား။ သြဝဒိတ္တာ၊ ဆုံးမကြကုန်၍။ စိတ္တရုစိယေသု၊ စိတ်တိုင်းကျရာ ဖြစ်ကုန်သော။ ဌာနေသု၊ နေရာတို့၌။ နိသီဒိတ္တာ၊ ထိုင်ကုန်၍။ သမဏဓမ္မံ၊ ရဟန်းတရားကို။ ကာတုံ၊ ပြုခြင်းငှာ။ အာရဘိံသု၊ အားထုတ်ကြကုန်၏။ ဤကဲ့သို့ အနက်။

ထိုသို့ အားထုတ်ကြကုန်သော ရဟန်း ၇-ပါးတို့တွင် သံဃမထေရ်သည် တည်ဥ်ကို လွန်သဖြင့် အရဟတ္တဖိုလ်သို့ ရောက်တော်မူ၏။ "တေသု သံဃထေရော ဧကရတ္တာ တိက္ကမေ-နေဝ အရဟတ္တံ ပါပုဏိ" ဓမ္မပဒ အဋ္ဌကထာ။ အင်္ဂုတ္တိရ်အဋ္ဌကထာ၌ကား– ငါးရက်မြောက်၌ အရဟတ္တဖိုလ်သို့ ရောက်ကြောင်းကိုဆို၏။ "တင်တြကောထေရော ပဉ္စမေဒိဝသေ အရဟ-တ္တံ-ပတ္တော" အရှင်မဟာဗုဒ္ဓဃောသသည် ဓမ္မပဒအဋ္ဌကထာကို ပြုတော်မူသောအခါ ခုဒ္ဒကနိကာယ်ဆောင် ဆရာတို့၏ ဝါဒအတိုင်း ပြုတော်မူ၏။ အင်္ဂုတ္တိရ် အဋ္ဌကထာကို ပြုတော်မူသောအခါ အင်္ဂုတ္တရနိကာယ်ဆောင် ဆရာတို့၏ ဝါဒအတိုင်း ပြုတော်မူ၏။ ထို့ကြောင့် ကျမ်းပြုဆရာ တပါးတည်းဖြစ်လျက် အဋ္ဌကထာ နှစ်ကျမ်းတို့သည် မတူကဲ့ပြား စကားမည် ရှိကြသည်ဟု မတ်။

ထိုသို့ အရဟတ္တဖိုလ်သို့ ရောက်သော မထေရ်တော်သည် အနောတတ္တအိုင်၌ ကုမ်းရိုး တံပူကို စားတော်မူပြီးလျှင် ဥတ္တရကုရု မြောက်ကျွန်းမှဆွမ်းကို ခံယူဆောင်ကြွင်းတော်မူခဲ့၍ ငါ့ရှင်တို့ ဤတံပူကို စားကုန်၍ မျက်နှာကို သစ်ကြကုန်၍ ဤဆွမ်းကို သုံးဆောင်ကြကုန်ဟု မိန့်တော်မူ၏။ ထိုအခါ ၆-ပါးကုန်သော ရဟန်းတို့သည် အရှင်ဘုရား အကြင်ပုဂ္ဂိုလ်သည် ရှေးဦးစွာ အရဟတ္တဖိုလ်သို့ရောက်၏။ ထိုပုဂ္ဂိုလ်သည် ဆောင်အပ်သောဆွမ်းကို ကြွင်းကုန်သော ပုဂ္ဂိုလ်တို့သည် စားကုန်စတမ်းဟု ကတိကစကား ထားကြကုန်သလောဟု လျှောက်ထားကြကုန်၏။

ငါ့ရှင်တို့ ဤသို့ကား မထားဖူးကြကုန်ပေဟု ရဟန္တာမထေရ် မိန့်ဆိုတော်မူသည်ရှိသော် အရှင်ဘုရား ထိုသို့ မထားဖူးကြသည် ဖြစ်တပြီကား အကျွန်ုပ်တို့သည် အရှင်ဘုရားတို့ကဲ့သို့ မက်ဖိုလ်တည်းဟူသော တရားထူးကို အကယ်၍ ဖြစ်စေနိုင်ပါကုန်သည် ဖြစ်အံ့၊ ကိုယ်တိုင် ဆောင်၍သော စားပါကုန်ဟုဆို လျှောက်ဆိုကုန်၍ ရဟန်းတရားကိုသော အားထုတ်ကြကုန်၏။ စားခြင်းငှာ အလိုမရှိကြကုန်။

ထိုနေ့မှ နောက်တည်ဥ်လွန်သော နှစ်ရက်မြောက်သောနေ့၌ဒုတိယမထေရ်သည် အနာ-ဂါမိဖိုလ်သို့ ရောက်တော်မူ၏။ "ဒုတိယဒိဝသေ ဒုတိယထေရော အနာဂါမိဖလံ ပါပုဏိ" ဓမ္မပဒအဋ္ဌကထာ၊ အင်္ဂုတ္တိရ်အဋ္ဌကထာ၌ကား ခုနစ်ရက်မြောက်သောနေ့၌ အနာဂါမိဖိုလ်သို့ ရောက်၍ ထိုဘဝမှ စုတိကျပြီးလျှင်သုဒ္ဓါဝါသဗြဟ္မာဘုံ၌ ဖြစ်၏ဟုဆို၏။

အပရောထေရော သတ္တမဒိဝသေအနာဂါမိဖလံ ပတ္တော၊ တတော စုတော သုဒ္ဓါဝါသ ဗြဟ္မလောကေ နိဗ္ဗတ္တော" အင်္ဂုတ္တိရ်အဋ္ဌကထာ၊ ဤနှစ်လည်း အဋ္ဌကထာ ၂-ကျမ်းတို့ကို မတူကဲ့ပြား စကားမည်ရှိသည်ကို ရှုနည်းအကိုင်းမှတ်။

ထိုအနာဂါမိဖိုလ်သို့ ရောက်သောရဟန်းသည်လည်း ရှေးနည်းအတူ ဆွမ်းကို ဆောင်ယူတော်မူခဲ့၍ ဖိတ်ကြားတော်မူ၏။ ကြွင်းသော ရဟန်းငါးပါးတို့သည် အရှင်ဘုရား ပထမတရားထူးကို ရသောမထေရ်သည် ဆောင်အပ်သောဆွမ်းကို မှစား၍ကုန်မူ၍ ဒုတိယတရားထူးကိုရသော အနုမထေရ်သည် ဆောင်အပ်သောဆွမ်းကို စားကြကုန်စတမ်းဟု ကတိကစကား ထားကြပါကုန်သလောဟု လျှောက်ထားကြကုန်၏။

ငါ့ရှင်ဘို့၊ ဤသို့ကား မထားဖူးကြပေကုန်ဟု အနာဂါမ်မထေရ် မိန့်ဆိုတော်မူသည် ရှိသော် အရှင်ဘုရား ယင်းသို့ဖြစ်လျှင် အရှင်ဘုရားတို့ကဲ့သို့ အကျွန်ုပ်တို့သည်လည်း မင်္ဂုလ်တည်းဟူသော တရားကို ဖြစ်စေပြီး၍ ငါယောကျ်ားကပဲ အားခဲ၍ စားနိုင်မူကား စားကြပါကုန်အံ့ဟု လျှောက်ထားကြကုန်၍ ရဟန်းတရားကိုသာ အားထုတ်ကြကုန်၏၊ စားခြင်းငှာ အလိုမရှိကြကုန်။

ထို ရဟန်း (၇)ပါးတို့တွင် ရဟန္တာမထေရ်သည် ပရိနိဗ္ဗာန်ပြုတော်မူ၏။ အနာဂါမ် ရဟန်းသည် ဗြဟ္မာ့ဘုံ၌ ဖြစ်၏။ ကြွင်း ငါးပါးကုန်သော ရဟန်းတို့သည် ဟရားဟူးကို မဖြစ်စေနိုင်ကြကုန်ပဲ ခြောက်သွေ့ကုန်ခန်းသော ကိုယ်ရှိကုန်သည်ဖြစ်၍ ခုနစ်ရက်မြောက်သောနေ့၌ ထိုဘဝမှ စုတိကြကုန်၍ နတ်ပြည်၌ ဖြစ်ကြကုန်၍ငါတို့ဂေါတမဘုရားရှင် ပွင့်တော်မူသေးအခါ ထိုထိုအမျိုးတို့၏ အိမ်တို့၌ ဖြစ်ကြကုန်၏။

ထိုရဟန်းငါးပါးတို့တွင် ရဟန်းတပါးသည် ဂန္ဓာရတိုင်း ဇင်္ကသိုလ်ပြည် မင်းမျိုး၌ ပဋိသန္ဓေနေ၍ ပက္ကုသာတိမင်း ဖြစ်လာ၏။ ရဟန်းတပါးသည် ပဗ္ဗတယျတိုင်း ပရိဗိုဇ်မ၏ဝမ်း၌ ပဋိသန္ဓေနေ၍ သုပ္ပိယပရိဗိုဇ် ဖြစ်လာ၏။ ရဟန်းတပါးသည် ဗာဟိယတိုင်း သူကြွယ်အိမ်၌ ပဋိသန္ဓေနေ၍ ခိုပ္ပါဘိညာဒရာ၌ တေဒဂ်ရ ဗာဟိယ ဒါရုစိရိယမထေရ်ဖြစ်လာ၏။ ရဟန်းတပါးသည် ရာဇဂြိုဟ်ပြည် သူကြွယ်အိမ်၌ ပဋိသန္ဓေနေ၍ စိတ္တကထိက အရာ၌ တေဒဂ်ရ အရှင်ကုမာရကဿပ ဖြစ်လာ၏။ ရဟန်းတပါးသည် အနုဝိယမြို့ မလ္လာမင်းအိမ်၌ ပဋိသန္ဓေနေ၍ သေနာသနပညာပက အရာ၌ တေဒဂ်ရ အရှင်ဒဗ္ဗဖြစ်လာ၏။

ဤစကားရပ်တွင် ပြဆိုအပ်ခဲ့ပြီးသော ဓမ္မပဒ အဋ္ဌကထာပါဠိ၌ "သမဏမံကရိ"သု" ဟူသောစကား။ အင်္ဂုတ္တိရ် အဋ္ဌကထာပါဠိ၌၊ "သမဏမံ ကာတုံ အာရဘိ"သု" ဟူသော စကားမျှားကို ထောက်ထား၍ ထိုရဟန်း ၇-ပါးတို့သည် အစာကိုဖြတ်၍ အငတ်ခံခြင်းသည် ကောင်းမြတ်သော အကျင့်တရားပေတည်းဟု မိစ္ဆာဉာဏ်ဖြင့် မှတ်ယူကုန်၍ အတ္တကိလမထာနုယောဂ အစွမ်းအားဖြင့် ထို အစာကိုဖြတ်၍ အငတ်ခံခြင်းအကျင့်ကို ပမာဏပြု၍ အားထုတ်တော်မူရင်းမဟုတ်၊ မင်္ဂုလ်သို့ ရောက်ကြောင်းဖြစ်သော ရဟန်းတရားကိုသာ မြတ်သော တရားဟု ပမာဏပြု၍ အားထုတ်တော်မူရင်း ဖြစ်သည်ဟူသော အဓိပ္ပါယ်သည် အလွန်ထင်ရှား၏။ ထို့ကြောင့် ထိုရဟန်း ၇-ပါးတို့၏ အားထုတ်ခြင်းသည် မိစ္ဆာဝါယမ မဖြစ်၊ သမ္မပ္ပဓာန လုံ့လဟု ဆိုအပ်သော သမ္မာဝါယမသာ ဖြစ်၏ဟု စင်စစ်မှတ်ယူလေ။

ထိုရဟန်းတို့၏ အာဟာရကို မမှီဝဲပဲ အားထုတ်ခြင်းကိုလည်းဥပမာအားဖြင့် လေးကဋ္ဌ တစုံတရာ ဘေဘီးအစရှိသော ကေးဘယားမျှားဖြင့် မကြာမတင် လျှင်လျှင်မြန်မြန် အမှန် ကွဲရအံ့ဖြစ်သော ယောကျ်ားသည် တစုံတရာ ကောင်းမြတ်သော အစာကို တွယ်တာဖင့်နှဲ

၍ မနေသာ၊ မီးစသော ဘေးကြီးများ မပေါ်ပေါက်၊ မရောက်လာခင် ကြိုတင်ပြီးကဲ့ မီးကြို မီးတာ သော အရုံအတား မီးငြိမ်းအောင် သွန်းလောင်းလောက်သော ရေစသည်များကို ရှာကြံဆည်းစု ပြုလုပ်မှုကို ပြီးစီးအောင်ပြုလုပ်အပ်သကဲ့သို့ ထို့အတူ နာဘေး-အိုဘေး-သေဘေး-ပဋိသန္ဓေဘေး စသည်တို့နှင့် မကြာမတင် လျှင်လျှင်မြန်မြန် အမှန်တွေ့အံ့ဖြစ်သည်ကို ဉာဏ်ဖြင့်ထင်ထင် သိမြင်တော်မူကြကုန်သဖြင့် ထိုဘေးကြီးများသည် မကြာချက်ချင်း လက်ငင်းပေါ်ပေါက်၍ ကျရောက်လာတော့မည်လောက် ကြောက်လန့်သော သံဝေဂတရား ကြီးမားသောအဖြစ်သို့ ရောက်တော်မူကြကုန်သောကြောင့် အစားအစာကို တွယ်တာ၍ အခါကို မဖင့်နဲ့ကြစေကုန်ပဲ အိုး-နာ-သေ-ရေး စသော ထိုထိုဘေးကြီးများမှ ကင်းလွတ်ရာ ကင်းလွတ်ကြောင်းဖြစ်သော ရဟန်းတရားကိုသာ အားထုတ်တော်မူကြခြင်းပေတည်းဟု ယုံကြည်စွာ မှတ်ယူလေ။ ဤသို့မှတ်ယူမှ ယခင်ပြဆိုအပ်ခဲ့ပြီးသော၊

နနုဂ္ဂစရိယာ နဇ္ဈာနုပက်္ခ၊ နာနာသကာ တဏ္ဍိလ သာယိကာဝါ။ ရဇောဇလ္လံ
ဥက္ကုဋိကပ္ပဓာနံ၊ သောဓေန္တိ မစ္စံ အဝိတိဏ္ဏကာခ်ံ။

ဟူသော ဓမ္မပဒပါဠိတော်နှင့် မကွဲမပြား တသားတည်း ညီညွတ်နိုင်မည်။ ထိုသို့ အားထုတ်အပ်မှသာ ရဟန်းတရား ဟူသည်ကား အဓိသီလသိက္ခာ, အဓိစိတ္တသိက္ခာ, အဓိပညာသိက္ခာတို့ကို ဆောက်တည် ဖြည့်ကျင့်ခြင်းသာတည်း။ ထို့ကြောင့် တိကနိပါတ် အင်္ဂုတ္တိရ်ပါဠိတော် ဒုတိယပဏ္ဏာသက သမဏဝဂ်၌-

တီဏိမာနိ ဘိက္ခဝေ သမဏဿ သမဏိယာနိ သမဏကရဏီယာနိ။ကတမာနိတီဏိ၊ အဓိသီလသိက္ခာသမာဒါနံ၊ အဓိစိတ္တသိက္ခာသမာဒါနံ၊ အဓိပညာသိက္ခာသမာဒါနံ၊ ဣမာနိ ခေါ ဘိက္ခဝေ တီဏိ သမဏဿ သမဏိယာနိ သမဏကရဏီယာနိ ဟူ၍ ဟောတော်မူအပ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ သမဏဿ၊ ရဟန်း၏။ သမဏိယာနိ၊ ရဟန်းတို့၏ဥစ္စာ ဖြစ်ကုန်သော။ သမဏကရဏီယာနိ၊ ရဟန်းတို့သည် ပြုအပ်ကုန်သော ကိစ္စတို့သည်။ ဣမာနိတီဏိ၊ ဤသုံးပါးတို့တည်း။ တီဏိ၊ သုံးပါးတို့ဟူသည်။ ကတမာနိ၊ အဘယ်သည်တို့နည်း။ အဓိသီလသိက္ခာသမာဒါနံ၊ အဓိသီလသိက္ခာကို ဆောက်တည်ဖြည့်ကျင့်ခြင်းလည်းကောင်း။ အဓိစိတ္တသိက္ခာသမာဒါနံ၊ အဓိစိတ္တ သိက္ခာကို ဆောက်တည်ဖြည့်ကျင့်ခြင်းလည်းကောင်း။ အဓိပညာသိက္ခာသမာဒါနံ၊ အဓိပညာသိက္ခာကို ဆောက်တည်ဖြည့်ကျင့်ခြင်းလည်းကောင်း၊ ဘိက္ခဝေ၊ ရဟန်းတို့။ သမဏဿ၊ ရဟန်း၏။ သမဏိယာနိ၊ ရဟန်းတို့၏ဥစ္စာ ဖြစ်ကုန်သော။ သမဏကရဏီယာနိ၊ ရဟန်းတို့သည် ပြုအပ်ကုန်သောကိစ္စတို့သည်။ ဣမာနိတီဏိ၊ ဤသုံးပါးတို့တည်း။ ဤကား-အနက်။

အစာကိုဖြတ်၍ အငတ်ခံခြင်းသည် ရဟန်းတရားပင် မဟုတ်သောကြောင့် ထိုဒါရုဏိရိယ မထေရ်အလောင်း အစရှိကုန်သော ရဟန်း ၇-ပါးတို့သည် အစာကိုဖြတ်၍ အငတ်ခံခြင်းကို ပမာဏပြု၍ အားထုတ်တော်မမူကုန်၊ ဆိုအပ်ခဲ့ပြီးသော ရဟန်းတရားတို့ကိုသာ ပမာဏပြု၍ အားထုတ်ဟော်မူကြကုန်သတည်း။

ထိုမှတပါးလည်း ဒါယကာတို့ လှူအပ်သောဆွမ်းကို အပစာယန ပြုသောအားဖြင့် ကဿကဂုဠ် သီတင်းသုံးသော မဟာမိတ္တမထေရ်၊ အမွှရိယ မဟာဝိဟာရဌ် သီတင်းသုံးသော ပိဏ္ဍပါတိကတိဿမထေရ်၊ သုဒဿနကမ္မဋ္ဌာန်းကျောင်းဌ် သီတင်းသုံးသော ပိဏ္ဍပါတိကတိဿမထေရ်တို့ အားထုတ်ခြင်းကိုလည်း ထိုရဟန်း ၂-ပါးတို့၏ အားထုတ်ခြင်းနှင့်မခြား တသားတည်း မှတ်အပ်၏။

(၅) ထိုမထေရ် သုံးပါးတို့တွင် မဟာမိတ္တမထေရ်၏ အကြောင်းကား ဧဟာမိတ္တမထေရ်သည် သီဟိုဠ်ကျွန်း ကဿကဂုဠ် သီတင်းသုံးတော်မူ၏။ ထိုမထေရ်၏ ဆွမ်းခံရွာဌ် တယောက်သော ဥပါသိကာမကြီးသည် မထေရ်ကို သားကဲ့သို့ပြု၍ အမြဲစောင့်ရှောက် လုပ်ကျွေး၏။ တနေ့သဌ် တောသို့သွားမည်ရှိရာ ချစ်သမီး၊ ဤနေရာဌ် ဆန်ဟောင်း, ဤနေရာဌ် နွားနို့, ဤနေရာဌ် ထောပတ်, ဤနေရာဌ် ကြံသကာရှိ၏။ သင်၏မောင်တော် အရှင်မဟာမိတ္တ ကြွလာသောအခါ ကောင်းမွန်စွာ ဆွမ်းချက်၍ နို့, ထောပတ်, ကြံသကာ တို့နှင့်တကွ ကပ်လှူလေ၊ ချစ်သမီးလည်းစားလေ၊ ငါ့မှာကား ယမန်နေ့က ချက်အပ်သော တည်ဋ္ဌဲလွန်သော ထမင်းကြမ်းကို ကဇီရေနှင့်ဖျော်၍ စားရပြီဟု သမီးကို မှာထားလေ၏။ သမီး သူငယ်ကမိခင်နေ့အခါ ဘယ်အစာကို စားမည်နည်းဟုမေးသော် ချစ်သမီးဟင်းရွက်ကိုထည့်၍ ဆန်ကဲတို့ဖြင့် ပြုံးစပ်ယာဂုကို ကျို၍ထားလောဟု မှာထားလေ၏။ မထေရ်သည်လည်း သင်္ကန်းကိုရုံ၍ ဆွမ်းခံမည်ဟု သပိတ်အိတ်မှ သပိတ်ကိုထုတ်ယူစဉ် ထိုစကားကိုကြားတော်မူ၍ ဥပါသိကာမကြီးသည် ကဲဇီရေနှင့် ထမင်းကြမ်းကို စားရပြီး နေ့အခါဌ် ဆန်ကဲယာဂုပြုံးစပ်ကိုသာ စားရရှာလတ္တံ့၊ သင့်ဖို့ငှာကား ဆန်ဟောင်းစသည်များကို ပြောကြားမှာထား၏။ သင့်ကိုအမှီပြု၍ ဥပါသိကာမကြီးသည် လယ်ကိုလည်းကောင်း၊ ယာကိုလည်းကောင်း ထမင်းကိုလည်းကောင်း၊ အဝတ်ကို လည်းကောင်း၊ မတောင့်တ၊ သမ္မတ်သုံးပါးကိုသာ တောင့်တ၍ ပေးလှူ၏။

သင်သည် ဤဥပါသိကာမကြီးအား သမ္မတ်သုံးပါးတို့ကို ပေးနိုင်အံ့လော၊ မပေးနိုင်အံ့လောဟု မိမိကိုယ်ကို မိမိဆုံးမ၍ ဤဆွမ်းကို ရာဂ, ဒေါသ, မောဟ မကင်းသော သင်သည်ခံယူခြင်းငှာ မတတ်နိုင်ရာဟု သပိတ်ကို သပိတ်အိမ်ဟ်ဌ် ပြန်သွင်း၍ ကမ္မတ်သီးကို ကမ္မတ်ကွင်းမှ ချတ်၍ ပြန်နစ်ပြီးလျှင် ကဿကဂုသို့သွား၍ သပိတ်ကို ညောင်စောင်းအောက်ဌ်၊ သင်္ကန်းကို သင်္ကန်းတန်းဌ် ထားပြီးလျှင် အရဟတ္တဖိုလ်သို့ မရောက်သမျှ ဤဂုမှမထွက်ဟု ဝိရိယကို အဓိဋ္ဌာန်ပြု၍ ထိုင်တော်မူ၏။

"အရဟတ္တံ အပါပုဏိတ္ဝာ နနိက္ခမိဿာမိတိ ဝိရိယံ အဓိဋ္ဌဟိတ္ဝာ နိသီဒိ"

အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ အပုပါဏိတ္ဝာ၊ မရောက်မူ၍။ နနိက္ခမိဿာမိ၊ မထွက်တော့အုံ။ ဣတိ၊ ဤသို့။ ဝိရိယံ၊ ဝိရိယကို။ အဓိဋ္ဌဟိတ္ဝာ၊ အဓိဋ္ဌာန်ပြု၍။ နိသီဒိ၊ ထိုင်တော်မူ၏။ အင်္ဂုတ္တရအဋ္ဌကထာ၏အနက်။

ရှည်ကြာမြင့်စွာသော နေ့ညဉ့်ပတ်လုံး မမေ့မလျော့သောအားဖြင့် သီတင်းသုံးတော်မူသော ရဟန်းဖြစ်သောကြောင့် ဝိပဿနာကိုပွားများ၍ ထိုနေ့နံနက်အခါဌ်ပင်လျှင် အရဟတ္တဖိုလ်သို့ရောက်၍ ပဋိသမ္ဘိဒါသဝအစရှိ ရဟန္တာဖြစ်တော်မူသော မထေရ်သည် ပြုံးခြင်းကိုပြု၍ ထိုင်တော်မူ၏။ ထိုဂုဏ်အာဝ သစ်ပင်ဌ်ခဲ့သော ရုက္ခစိုးနတ်သားည်-

နမော တေ ပုရိသာဇည၊ နမော တေ ပုရိသုတ္တမ။
ယဿ တေ အာသဝါခီဏာ၊ ဒက္ခိဏေယျာသိ မာရိသ။

မာရိသ၊ ကျွန်ုပ်နှင့်မတူ ဆင်းရဲကင်းဘေဝ်မူသော အရှင်ဘုရား။ ယဿ တေ၊ အကြင် အရှင်ဘုရားအား။ အာသဝါ၊ အာသဝေါတရားတို့သည်။ ခီဏာ၊ ကုန်ကြပါပြီ။ တံ့၊ အရှင်ဘုရားသည်။ ဒက္ခိဏေယျော၊ မြတ်သောအလှူကို ခံထိုက်သည်။ အသိ၊ ဖြစ်တော်မူပြီ။ ပုရိသာဇည၊ ယောကျ်ားအာဇာနည်။ တဿ တေ၊ ထိုအရှင်ဘုရားအား။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်ပါစေသတည်း။ ပုရိသုတ္တမ၊ ယောကျ်ားမြတ်။ တဿ တေ၊ ထို အရှင်ဘုရားအား။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်ပါစေသတည်း။

ဤသို့ ဝမ်းမြောက်ရွှင်လန်း ဥဒါန်းကျူးရင့်၍ အရှင်ဘုရား၊ အရှင်ဘုရားတို့ကဲ့သို့ ရဟန္တာပုဂ္ဂိုလ်တို့အား ဆွမ်းကိုလှူကြရကုန်၍ အမယ်အိုကြီးတို့သည် ဆင်းရဲမှ လွတ်မြောက်ကြကုန်လတ္တံ့ဟု လျှောက်ထားလေ၏။

ထိုစကားကိုကြား၍ မဟာမိတ္တမထေရ်သည် ထ၍ တံခါးကိုဖွင့်ပြီးလျှင် အခါကို ကြည့်တော်မူသည်ရှိသော် စောသေးသည်ကိုသိ၍ သပိတ်သင်္ကန်းကိုယူပြီးလျှင် ရွာသို့ ဆွမ်းခံဝင်တော်မူ၏။ သတို့သမီးငယ်သည်လည်း ဆွမ်းကို ပြီးစီးပြည့်စုံစေ၍ ငါ၏မောင်တော်သည် ကြာလာတော်မူပေလိမ့်မည်၊ ကြာလာတော်မူပေလိမ့်မည်ဟု တံခါးကိုဖွင့်လှစ်၍ မျှော်လင့်လျက်သာနေ၏။ ထိုသတို့သမီးငယ်သည် မထေရ်တော် အိမ်တံခါးပေါက်သို့ ရောက်သည်ရှိသော် သပိတ်ကိုလှမ်းယူ၍ ထောပတ်, ကြံသကာတို့နှင့်စပ်၍ ချက်အပ်သောနို့ဆွမ်းကို သပိတ်၌ ထည့်၍ ကပ်လှူလိုက်လေ၏။ မဟာမိတ္တမထေရ်သည်လည်း "သုခံ ဟောတု" ဟု အနုမောဒနာပြု၍ ဖဲတော်မူ၏။ သတို့သမီးငယ်သည်လည်း မထေရ်မြတ်ကို ကြည့်လျက်သာရပ်၍နေ၏။

ထိုအခါ မထေရ်၏ ကိုယ်ရေအဆင်းသည် အလွန်သန့်ရှင်း၏၊ စက္ခု စသော ဣန္ဒြေတို့သည် ကြည်လင်ကုန်၏၊ မျက်နှာတော်သည် အညှာမှကြွေကျသော ထန်းသီးမှည့်ကဲ့သို့ အလွန်တင့်တယ်၏၊ ဥပါသိကာမကြီးသည် တောမှပြန်လာ၍ ချစ်သမီး၊ သင့်မောင်တော်ကြာလာ၏လောဟု မေး၏၊ သတို့သမီးငယ်က အလုံးစုံသောအကြောင်းကို ပြောကြားလေ၏၊ ထိုအခါ ဥပါသိကာမကြီးသည် ယနေ့ ငါ့သားတော်၏ ရဟန်းကိစ္စသည် ပြီးဆုံးခြင်းသို့ ရောက်ပေပြီဟု သိ၍ အလွန်နှစ်သက်လှစွာသောစိတ်ဖြင့် သင်၏မောင်တော်သည် မြတ်စွာဘုရား သာသနာတော်၌ မွေ့လျော်တော်မူပြီဟု သမီးကို ပြောလေ၏။

ဤဝတ္ထု၌ မဟာမိတ္တမထေရ်၏ အားထုတ်ခြင်းသည် ဂူမှမထွက်ခြင်း၊ ဆွမ်းခံကြွခြင်းကို ပမာဏပြု၍ အားထုတ်တော်မူရင်းမဟုတ်၊ ဥပါသိကာမကြီး၏ လှူအပ်သောဆွမ်းကို အပစာယနပြုသောအားဖြင့် မိမိ၏ အရဟတ္တဖိုလ်သို့ရောက်ခြင်းကိုသာ ပမာဏပြု၍ အားထုတ်တော်မူခြင်းဖြစ်သည်၊ ဆွမ်းကို အပစာယန ပြုခြင်းဟူသည်ကား မိမိ၏ ကောင်းသောအကျင့်ဖြင့် ဒါယကာတို့ပြုအပ်သော ကုသိုလ်၏ အကျိုးများသည်၏အဖြစ်ကို ပြုခြင်းပင်တည်း။

(ည) အမ္ဗရိယမဟာပိဟာရ၌ သိတင်းသုံးသော ပိဏ္ဍပါတိကတိဿမထေရ်၏အကြောင်းကား--သီဟိုဠ်ကျွန်း၊ မဟာဂါမ၌ ထင်းကိုရောင်း၍ အသက်မွေးသော ဒါရုဘဏ္ဍက မဟာ

တိဿမည်သော သူဆင်းရဲ ယောကျ်ားတယောက်ရှိ၏၊ ထိုသူဆင်းရဲယောကျ်ားသည် တနေ့သ၌ မိမိ၏မယားကို ရှင်မ၊ ငါတို့၏ အသက်ကိုမွေးရခြင်းသည် အဘယ်အကျိုးရှိအံ့နည်း၊ မြတ်စွာဘုရားသခင်သည် သူဆင်းရဲဒါန၏ အကျိုးကြီးကြောင်းကို ဟောတော်မူဘူး၏၊ ငါတို့သည်လည်း အမြဲ မပေးလှူနိုင်၊ ပက္ခိကဘတ်မျှကို ယခုလှူ၍ တဖန် ပစ္စည်းမျှးဖြစ်လာပြန်သော် သလာကဘတ်ကိုလည်း ပေးလှူကုန်အံ့ဟု မိမိ၏မယားကို တိုင်ပင်၏။ မယားကလည်း ကောင်းပြီဟု ဝန်ခံ၍ တဖန် မိုးသောက်သောအခါ၌ ရှိသမျှသောက်ဖြင့်ပင် ပက္ခိကဘတ်ကို ပေးလှူ၏။ (ပက္ခိကဘတ်အလှူ ဟူသည်ကား တပက္ခတကြိမ် ဆွမ်းလှူခြင်းပေတည်း။ လဆန်း ၁၅-ရက်၊ လဆုတ် ၁၅-ရက်တို့တွင် တကြိမ်ကျစီ လှူသည်ဟူ၏)။

ထိုအခါ ရဟန်းသံဃာအားလည်း ဆွမ်းပစ္စည်းတို့ဖြင့် မငြိုငြင်၊ သာမဏေတို့သည် ကောင်းမြတ်သော ဘောဇဉ်တို့ကို သုံးဆောင်ရကုန်၏။ သူဆင်းရဲလင်မယားတို့ လှူအပ်သော ဆွမ်းကို ခံယူကာမျှ ပြုကုန်၍ ထိုသူတို့၏ မျက်မှောက်၌ပင် ကျိသည်ကား ခေါင်းပါးသော အာဟာရဟုဆို၍ စွန့်ပစ်ကြကုန်၏။ (ယခုကာလ ရဟန်းသာမဏေတို့သည်လည်း ထိုသာမဏေတို့ကဲ့သို့မပြုမိအောင် သတိ အထူး ဆောင်တော်မူကြပါ)။

ထိုအခါ သူဆင်းရဲမသည် ထိုအမူအရာကိုမြင်၍ ငါတို့ဒါနကို စွန့်ပစ်ကြကုန်၏ဟု နှလုံးမသာယာ မရှိပါလင့်ဟု လင်ယောကျ်ားကို ပြောရှာ၏၊ သူဆင်းရဲ ယောကျ်ားသည် ရှင်မ၊ ငါတို့သည် သူဆင်းရဲအဖြစ်ဖြင့် အရှင်ကောင်းတို့ကို ချမ်းသာစွာ မကျေးနှိုင်ကြကုန်၊ အဘယ်ကဲ့သို့ပြု၍ အရှင်ကောင်းတို့၏စိတ်ကို နှစ်သက်စေနိုင်ရပါအံ့နည်းဟု မယားကို မေးလေ၏၊ ထိုအခါ သူဆင်းရဲမိန်းမသည် ချစ်လင် သားသမီးရှိသောသူသည် ဆင်းရဲသည်ဟူ၍ မရှိ၊ သင်၏ သမီးငယ်ကို သူတပါးအိမ်၌ အသပြာ ၁၂-ကျပ်ဖြင့် ပေါင်၍ နွားမငယ်တကောင်ကိုဝယ်၊ အရှင်ကောင်းတို့အား နို့ဆွမ်းသလာကဘတ်ကို ပေးလှူ၊ ကျိသို့ပြုလျှင် ထိုအရှင်ကောင်းတို့၏စိတ်ကို နှစ်သက်စေနိုင်ကုန်လတ္တံ့ဟု ပြောကြား၏၊ ထိုသူဆင်းရဲယောကျ်ားသည် ကောင်းပြီဟုဝန်ခံ၍ မယား၏စကားအတိုင်း ပြုလေ၏၊ ထိုသူတို့၏ကောင်းမှုကြောင့် ထိုနွားမသည် နံနက် သုံးတင်း, ညချမ်း၌ သုံးတင်းသော နို့ကို ပေး၏၊ ညချမ်း၌ ရအပ်သောနို့ကို ထောပတ်ပြုလုပ်၍ ထောပတ်ဖြင့် သွန်းလောင်းအပ်သော နို့ဆွမ်းသလာက ဘတ်ကို ပေးလှူကြရကုန်၏၊ ထိုအခါမှစ၍ ထိုသူဆင်းရဲအိမ်၌ သလာကဘတ်ကို ဘုန်းရှိသောပုဂ္ဂိုလ်တို့သာ ရကုန်၏။

တနေ့သ၌ သူဆင်းရဲယောကျ်ားသည် ငါ၏သမီး ရှိခြင်းကြောင့် အရှက်မှလည်း လွတ်ရပေပြီ၊ ငါတို့အိမ်၌ ဆွမ်းသည်လည်း အရှင်ကောင်းတို့ သုံးဆောင်ခြင်းငှာ ထိုက်လေပြီ၊ သင်သည် ငါမပြန်လာမီ အရှင်ကောင်းတို့ဝတ်ကို မမေ့လင့်၊ ငါသည် တစုံတခုသောအမှုကိုလုပ်၍ သမီးကို လွတ်စေမည်ဟု မယားကိုမှာထားခဲ့၍ တပါးသောအရပ်သို့ သွားပြီးလျှင် ကုံညစ်သောအမှုကိုပြုလုပ်၍ ၆-လတို့ဖြင့် ၁၂ ဝ သော အသပြာကို ရယူ၍ ပုဆိုးစွန်၌ထုပ်၍ အိမ်သို့ပြန်အံ့ဟု ခရီးကို သွား၏။ ထိုအခါ အမှုရိယမဟာဝိဟာရ၌ သီတင်းသုံးသော ပိဏ္ဍပါတိကတိဿမထေရ်သည် တိဿမဟာဝိဟာရသို့သွား၍ စေတီတော်ကို ရှိခိုးအံ့ဟု မိမိနေရာမှ မဟာဂါမသို့ သွားသည်ရှိသော် ထိုသူဆင်းရဲ ပြန်သွားသောခရီး၌ပင် ထိုသူ၏ ရှေ့ကကြသွားတော်မူ၏၊ ထိုသူဆင်းရဲ ယောကျ်ားသည် မထေရ်ကို အားမွေးမြှင်၍ ငါတယောက်တည်း မသွားမူ၍

တထားစကားကိုနာလျက် ဤမထေရ်နှင့် တကွ သွားအံ့၊ သီလဝန္တပုဂ္ဂိုလ်ကို အာခါခပ်သိမ်း ရနိုင်ခဲ၏ဟု ကြံ၍ လျင်သောအဟုန်ဖြင့် လိုက်သွားရာ မထေရ်ကိုမီ၍ ရှိခိုးပြီးလျှင် အတူတကွပင် သွားသဖြင့် ဆွမ်းစားချိန် နီးလတ်ဿော် မထေရ်၏ ဆွမ်းစားချိန်သည်လည်း နီးပြီ၊ ငါ၏ လက်၌လည်း ထမင်းထုပ်မပါ၊ သမီးငယ်ကိုရွေးနုတ်ဖို့ရာ ကုလီခအသပြာ ၁၂၀/သာ ပါ၏၊ ရွာတံခါးတခုသို့ ရောက်သောအခါ၌ မထေရ်အား ဆွမ်းလှူမည်ဟု အကြံပြု၏၊ ထိုသို့ ကြံသော ခဏ၌ပင် ထမင်းထုပ်ကိုင်၍ တယောက်သော သူသည် အနီးသို့ ရောက်လာ၏၊ သူဆင်းရဲ ယောကျ်ားသည် ထိုသူ၏လက်၌ရှိသော တယောက်စာ ထမင်းထုပ်ကို အသပြာ ၁၀/ပေး၍ ဝယ်ယူရာ မနသောကြောင့် ၂၀-၃၀ စသည်ဖြင့်တိုး၍ ၁၂၀/လုံး ကုန်အောင် ပေးသော အခါမှ ဆွမ်းထုပ်ကိုရ၏၊ ထိုသို့ ရသောအခါ ဝမ်းမြောက်ဝမ်းသာဖြင့် ဆွမ်းထုပ်ကိုယူ၍ မထေရ်အထံသို့ ကပ်ပြီးလျှင် သပိတ်ကိုထုတ်တော်မူပါ အရှင်ဘုရားဟု လျှောက်ထား၏။

မထေရ်သည်လည်း သပိတ်အိတ်မှ သပိတ်ကိုထုတ်၍ တဝက်မျှကိုသာ ခံတော်မူ၍ သပိတ်ကိုလက်ဖြင့် ပိတ်တော်မူ၏။ ထိုအခါ သူဆင်းရဲယောကျ်ားသည် အရှင်ဘုရား ဤဆွမ်းသည် တယောက်စာမျှသာ ရှိပါသည်၊ အကျွန်ုပ်သည် ဤဆွမ်းမှ ယူ၍ စားခြင်းငှာ မတတ်နိုင်ပါ၊ အရှင်ဘုရားတို့ အလိုငှာသာ ရှာ၍ လှူအပ်သောဆွမ်း ဖြစ်ပါသည်၊ အကျွန်ုပ်အား အစဉ်သနားတော်မူသဖြင့် အလုံးစုံ ခံယူတော်မူပါဟု လျှောက်၏၊ မထေရ်သည်လည်း အခကြေးငွေဟုတ်ပေ၏ဟု ခံယူတော်မူ၍ အလုံးစုံသောဆွမ်းကို သုံးဆောင်တော်မူ၏၊ သူဆင်းရဲ ယောကျ်ားသည် ဓမ္မကရိဏီးဖြင့် သောက်ရေကိုစစ်၍ ကပ်၏၊ ဆွမ်းစားခြင်းကိစ္စ ပြီး၍ အတူပင် သွားကြပြန်သော် မထေရ်သည် အဘယ်အကြောင်းကြောင့် သင် မစားသနည်းဟု မေးတော်မူ၏၊ သူဆင်းရဲ ယောကျ်ားသည် အရင်းမှစ၍ အလုံးစုံသော အကြောင်းကို ပြန်ပြောင်း၍ လျှောက်၏။

မထေရ်မြတ်သည် ထိုစကား ကိုကြားလျှင် ထိတ်လန့်သောသံဝေဂသို့ ရောက်တော်မူသည် ဖြစ်၍ ဒါယကာသည် ပြုနိုင်ခဲသည်ကို ပြုအပ်၏၊ ငါသည် ဤသို့ သဘောရှိသော ဆွမ်းကိုစား၍ ဤဥပါသကာ၏ ကျေးဇူးကို သိအပ်ပေ၏၊ သပွါယဖြစ်သောကျောင်းကိုရ၍ ထိုကျောင်း၌ပင် ငါ၏ အဒန္ဓ,အသား,အသွေးတို့သည် ခန်းခြောက်သော်လည်း တထက်ဝယ်တည်းဖြင့် အရဟတ္တဖိုလ်သို့ မရောက်မဲ့ မထကောင်းဟု ကြံတော်မူ၏။

ထေရော ကံ သုတ္ဝာ သံဝေဂပဗ္ဘော စိန္တေသိ၊ ဒုက္ကရံ ဥပါသကေန ကတံ၊ မယာပန ဧဝရူပံ ပိဏ္ဍပါတံ ဘုဉ္ဇိတ္ဝာ ဧတဿ ကတညုနာ ဘဝိတဗ္ဗံ၊ သပွါယသေနာသနံ လဘိတ္ဝာ တတ္ထေဝ ဆဝိမံသ လောဟိတေသု သုက္ခန္တေသုပိ နိသိန္နပလ္လင်္ကေနေဝ အရဟတ္တံ အပ္ပတ္ဝာ နဥဋ္ဌဟိဿာမိတိ။ အင်္ဂုတ္တရ အဋ္ဌကထာ။

ထေရော၊ မထေရ်သည်။ တံ၊ ထိုသို့ပြန်ကြား သူဆင်းရဲစကားကို။ သုတ္ဝာ၊ ကြား၍။ သံဝေဂပဗ္ဘော၊ သံဝေဂသို့ ရောက်သည်ဖြစ်၍။ ဥပါသကေန၊ ဥပါသကာသည်။ ဒုက္ကရံ၊ ပြုနိုင်ခဲသည်ကို။ ကတံ၊ ပြုအပ်ပြီ။ မယာပန၊ ငါသည်ကား။ ဧဝရူပံ၊ ဤသို့သဘောရှိသော။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ ဘုဉ္ဇိတ္ဝာ၊ စား၍။ ဧတဿ၊ ဤဥပါသကာ၏။ ကတညုနာ၊ ကျေးဇူးကို သိသည်။ ဘဝိတဗ္ဗံ၊ ဖြစ်အပ်၏။ သပွါယသေနာသနံ၊ လျှောက်ပတ်သော ကျောင်းကို။

လဘိတ္ဝာ၊ ရ၍။ တတ္ထဝ၊ ထိုကျောင်း၌ပင်လျှင်။ ဆဝိမံသလောဟိတေသု၊ အရေ, အသား, အသွေးတို့သည်။ သုက္ခန္တေသုပိ၊ ခန်းခြောက်ကုန်သော်လည်း။ နိသိန္နပလ္လင်္ကေနေဝ၊ တထက် ဝယ်သော နေထိုင်ခြင်းဖြင့်သာလျှင်။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ အပ္ပတ္ဝာ၊ မရောက်မူ၍။ နဥ္စဟိဿာမိ၊ မထတော့အံ့။ ဣတိ၊ ဤသို့။ စိန္တေသိ၊ ကြံတော်မူပြီ။ ဤကား- အနက်။

ဤသို့ ကြံတော်မူပြီးလျှင် မထေရ်တော်သည် မဟာဝိဟာရသို့ ကြွတော်မူ၍ အာဂန္တုဝတ်ကို ပြုတော်မူ၍ မိမိအား ရောက်သောကျောင်းသို့ဝင်၍ အခင်းခင်းပြီးလျှင် ထိုကျောင်း၌ ထိုင်နေတော်မူလျက် မိမိ၏ ပုဗ္ဗာမျှားအား ထုတ်မြဲဖြစ်သော ဝိပဿနာကမ္မဋ္ဌာန်းကိုပင် ယူတော်မူ၏။ မထေရ်သည် ထိုညဉ့်၌ သြဘာသမျှကိုလည်း ဖြစ်စေခြင်းငှာ မတတ်နိုင်၊ တဖန်မိုးသောက်သောနေ့မှစ၍ ဆွမ်းခံခြင်း ပလိဗောဓကိုဖြတ်၍ ထိုကမ္မဋ္ဌာန်းကိုပင်လျှင် အနုလုံ, ပဋိလုံအားဖြင့် ရှုတော်မူ၏။

ဤသို့သော နည်းအားဖြင့် ရှုတော်မူသည်ရှိသော် ၇-ရက်မြောက်သောနေ့၌ အရုဏ်တက်သည်နှင့်တပြိုင်နက် ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်တော်မူ၍ ငါ၏ ရူပကာယသည် အလွန်ပင်ပန်းလှချေ၏၊ ငါ၏ ဇီဝိတိန္ဒြေသည် ရှည်မြင့်စွာတည်နိုင်ပါအံ့လောဟု ကြံတော်မူ၏၊ ထိုအခါ ဇီဝိတိန္ဒြေ၏ ကြာမြင့်စွာ မတည်အံ့သည်ကို သိတော်မူ၍ အိပ်ရာနေရာများကို သိမ်းဆည်းသိုမှီးပြီး၍ သပိတ် သင်္ကန်းကို ယူဆောင်ပြီးလျှင် ကျောင်းတိုက်အလယ်သို့သွား၍ စည်ကိုတီးခတ်စေပြီးလျှင် ရဟန်းသံဃာကို စည်းဝေးစေတော်မူ၏။

သံဃာ့မဇ္ဈထေရ်ကြီးသည် ကြွတော်မူလာ၍ အဘယ်မည်သော ရဟန်းသည် ရဟန်းသံဃာကို စည်းဝေးစေသနည်းဟု မေးသည်ရှိသော် အကျွန်ုပ် စည်းဝေးစေပါသည်ဟု လျှောက်၏၊ အဘယ်အကြောင်းကြောင့်နည်း ဟု မေးမြန်းလတ်သော် တပါးသောအကြောင်း မရှိပါ၊ အရှင်ဘုရား၊ အကြင်ပုဂ္ဂိုလ်သည် မဂ်၌ လည်းကောင်း၊ ဖိုလ်၌ လည်းကောင်း၊ ယုံမှားရှိကုန်၏၊ ထိုပုဂ္ဂိုလ်တို့သည် အကျွန်ုပ်ကို မေးမြန်းကြပါကုန်လေဟု လျှောက်ထား၏၊ ထိုအခါ သံဃာ့မထေရ်တော်သည် ငါ့ရှင် သူတော်ကောင်း၊ သင်ကဲ့သို့ သဘောရှိကုန်သော ရဟန်းတို့မည်သည် မိမိ၌ မရှိသော်ဂုဏ်ကို မပြောကြားကြကုန်၊ ငါတို့အား မဂ်ဖိုလ်၌ ယုံမှားခြင်းမရှိကုန်ဟု ဆို၍ ငါ့ရှင်၏ သံဝေဂဖြစ်ကြောင်းကား အဘယ်နည်း၊ အဘယ်ကို အဓိကြောင်းပြု၍ သင်သည် အရဟတ္တဖိုလ်ကို ဖြစ်စေသနည်းဟု မေးမြန်းတော်မူပြန်၏။

ထိုအခါ ဆွမ်းလှူသော ဥပါသကာ၏ အကြောင်းကို ပြည့်စုံစွာ လျှောက်ထားပြီးလျှင် အရှင်ဘုရား အကျွန်ုပ်သည် ထိုဆွမ်းကို စားပြီးလတ်သော် ဤတိသမုဟာဝိဟာရသို့ လာရောက်၍ သပ္ပါယကျောင်းကို ရသဖြင့် ဆွမ်းကိုရှုသေခြင်း ပိဏ္ဍာပစာယနအမှုကို ပြုအံ့ဟု အရဟတ္တဖိုလ်ကို ဖြစ်စေပါသည်ဟု လျှောက်ထား၏၊ ထိုအခါ ထိုအရပ်သို့ လာရောက်ကုန်သော ပရိသတ်လေးပါးတို့သည် သာဓု-သာဓု-သာဓု ဟု ဆိုကြကုန်၍ မထေရ်တော်အား မျှားစွာ ကောင်းချီးပေးကြကုန်၏၊ မိမိသဘောအားဖြင့် ကောင်းစွာတည်၍ နေနိုင်သော သူမည်သည်မရှိ၊ ထိုအခါမထေရ်တော်သည် သံဃအလယ်၌ ထိုင်၍ စကားပြောလျက်ပင်လျှင် ငါ၏အလောင်းကို တင်ရာဖြစ်သော စုလစ်မွန်းခွန် တင်သောပြဿဒ်သည် ထိုဒါရုဘဏ္ဍကမဟာ

တိဿ မည်သော ဥပါသကာ၏ လက်ဖြင့် တွေ့ထိသောအခါ၌သာလျှင် ရွှေ.ပါစေသတည်းဟု အဓိဋ္ဌာန်ပြုတော်မူသည်။

ထိုအခါ ကာကဝဏ္ဏတိဿ မင်းကြီးသည် မထေရ်တပါး ပရိနိဗ္ဗာန်စံတော်မူသည်ဟု ကြား၍ ရှိသေမြတ်နိုးစွာ စုလစ်မှန်းချန်တပ်သော ပြာသာဒ်ကို စီရင်၍ ထိုပြာသာဒ်၌ မထေရ်၏ အလောင်းကို တင်ပြီးလျှင် ထင်းပုံရာသို့သွားအံ့ဟု ပြာသာဒ်ကို ပင့်မြှောက်ကြကုန်သည်ရှိသော် လှုပ်စေရုံမျှ မတတ်နိုင်ကုန်၊ ထိုအခါ ကာကဝဏ္ဏတိဿ မင်းကြီးသည် ရဟန်းသံဃာကို မေးလျောက်၍ မထေရ်၏ အဓိဋ္ဌာန်ကိုသိ၍ ထိုဒါရုဘဏ္ဍကမဟာတိဿ အမည်ရှိသော သူဆင်းရဲ ဥပါသကာကို ခေါ်စေ၍ မြတ်သောတန်ဆာကိုပေး၍ ဝတ်ဆင်စေပြီးသော် ငါ့ညီ မဟာတိဿ လာလေ့ဟုဆို၍ ပြာသာဒ်တော်ကို ပင့်မြှောက်စေ၏၊ ထိုအခါ သူဆင်းရဲ ဥပါသကာသည် မဟာထေရ်၏ ခြေတော်ကိုရှိခိုး၍ လက်နှစ်ဘက်တို့ဖြင့် မြှောက်ပင့်ပြီးလျှင် မိမိ၏ထိပ်၌တင်၏၊ ထိုခဏ၌ စုလစ်မှန်းချန်တပ်သော ပြာသာဒ်တော်သည် ကောင်းကင်သို့တက်၍ ထင်းပုံထက်သို့ကျ၏။ ထိုအခါ ထင်းပုံ၏ ထောင့်လေးခုတို့မှ မီးလျှံတို့သည် ထကုန်၏။

ဤဝတ္ထု၌ အမှရိယ မဟာဝိဟာရဝါသီ၊ ပိဏ္ဍပါတိကမဟာတိဿ မထေရ်တော်၏ အားထုတ်ခြင်းသည် ၇-ရက် အစာဖြတ်၍ အင်တ်သေရခြင်းကို ပမာဏပြု၍ အားထုတ်တော်မူရင်းမဟုတ်၊ ဒါရုဘဏ္ဍက မဟာတိဿမည်သော သူဆင်းရဲ ဥပါသကာသည် ကပ်လှူဖွယ်သောဆွမ်းကို အပစာယန ပြုသောအားဖြင့် မိမိ၏ အရဟတ္တဖိုလ်သို့ ရောက်ခြင်းကိုသာ ပမာဏပြု၍ အားထုတ်တော်မူရင်းဖြစ်သည်။

(၄) သုဒဿန ကမ္မဋ္ဌာန်းကျောင်း၌ သီတင်းသုံးသော ပိဏ္ဍပါတိကတိဿမထေရ်၏ အကြောင်းကား- သီဟိုဠ်ကျွန်း၌ သဒ္ဓါတိဿ မင်းကြီးသည် မင်းပြုလတ်သော် မြို့ငယ်တခု၌ တိဿမည်သော အမတ်တယောက်ရှိ၏၊ သဒ္ဓါတရားနှင့် ပြည့်စုံ၏၊ သဒ္ဓါတရားတည်းဟူသော အားကို အကြောင်းပြု၍ သဒ္ဓါတိဿဟူသော အမည်ဖြင့် ထင်ရှား၏၊ ထိုအခါ သဒ္ဓါတိဿ အမတ်သည် အနုရာဓမြို့သို့ သွား၍ မင်းကြီးကို ဆည်းကပ်ခစားနေ၏၊ ထိုအခါ တနေ့သ၌ မင်းကြီးကို ဆည်းကပ်ခစားပြီး၍ မိမိအိမ်သို့ ပြန်လာသည်ရှိသော် ဆွမ်းအလှူဌာ ကြွလာတော်မူသော သုဒဿန ကမ္မဋ္ဌာန်းကျောင်း၌ သီတင်းသုံးသော ပိဏ္ဍပါတိကတိဿမထေရ်ကို မြင်၍ သပိတ်ကိုယူပြီးလျှင် မိမိအိမ်သို့လာရာ အိမ်၌အခန့်သင့် ဆွမ်းလောင်းရန် မရှိသဖြင့် ထမင်းထုပ်နှင့်တကွသော ခရိုးသွား ယောကျ်ားတယောက်ကို မြင်၍ ထိုယောကျ်ားကို ခေါ်ပြီးလျှင် အမောင်၏ ထမင်းထုပ်ကို အသပြာ ၁°/-ဖြင့် ရောင်းပါဟုဆို၏၊ မရောင်းသောကြောင့် အသပြာကို တိုး၍ တိုး၍ ဂ°/-ပြည့်အောင် ပေးမှ ထမင်းထုပ်ကိုရ၏၊ ထိုသို့ ရသောအခါ ထမင်းထုပ်ကိုယူ၍ သပိတ်၌ လောင်းပြီးလျှင် မထေရ်အား ကပ်လှူ၏၊ မထေရ်သည်လည်း ထိုဆွမ်း၏အကြောင်းကို သိတော်မူ၍ မိမိကိုယ်ကိုမိမိ ဆုံးမတော်မူလိုသောကြောင့်

(၁) နေသော ဥပါသကောတိဿ၊ ပိတာဘာတာစ မာတုလော။
နဉ္ဉတိ သုဟဒေါဟောတိ၊ ဒိဋ္ဌသမ္ဘတ္တကော တဝ။

(၂) ကိဉ္စိ ကဿ ကတံ နက္ကိ၊ ဥပကာရံ ပုရေတယာ။
သိလဝန္တောတိ တံ ဥတ္တာ၊ တုယ္ဟံ ဒဿတိ ဘောဇနံ။

(၃) မဟုတ္တရုံ အာနိသံသံ၊ တဿ တုံ ယဒိ ဣစ္ဆတိ။
သရာဂေါ တုံ နဘုဉ္ဇာဟိ၊ မိယမာနောပိ ဘောဇနံ- ဟုမိန့်တော်မူ၏။

နပိုတာဝ၊ အဖလည်းမဟုတ်။ နဘာတာဝ၊ အကိုလည်းမဟုတ်။ နမာတုလေဝ၊ ဦးရီးလည်းမဟုတ်၊ နဉာတိစ၊ ဆွေမျိုးလည်းမဟုတ်။ နသုဟဒေါစ၊ ချစ်ကျွမ်းဝင်သော အဆွေခင်ပွန်းလည်းမဟုတ်။ ဒိဋ္ဌသမ္ဘတ္တကော၊ မြင်တွေ့ ပေါင်းဆုံ ခရီးဖော်ကြုံကာမျှဖြစ်သောသူသည်။ ဧဟာတိ၊ ဖြစ်၏။

ပုရေ၊ ရှေးအခါ၌။ တဿ၊ ထိုဥပါသကားအား။ တယာ၊ သင်တို့သသည်။ ဣတိ၊ ပြုအပ်သော။ ကိဉ္စိ၊ စိုးစဉ်းသော။ ဥပကာရံ၊ ကျေးဇူးသည်။ နတ္ထိ၊ မရှိ။ တံ၊ သင်တိသကို။ သီလဝန္တောတိ၊ သီလရှိသောပုဂ္ဂိုလ်ဟု။ ဥတ္တာ၊ သော်၌။ တုယ္ဟံ၊ သင်တိသအား။ ဘောဇနံ၊ ဘောဇဉ်ကို။ ဒဿတိ၊ ပေးလှူရာ၏။

တုံ၊ သင်တို့သသည်။ တဿ၊ ထိုဥပါသကာအား။ ဝါ၊ ထို့ဒါန၏။ မဟုတ္တရုံ၊ အလွန်များမြတ်သော။ အာနိသံသံ၊ အကျိုးရှိသည်ကို။ ယဒိ ဣစ္ဆတိ၊ အကယ်၍ အလိုရှိသည်ဖြစ်အံ့။ မိယမာနောပိ၊ သေရသော်လည်း။ တုံ၊ သင်တိသသည်။ သရာဂေါ၊ ရာဂနှင့်တကွ။ ဝါ၊ ရာဂရှိလျက်။ ဘောဇနံ၊ ဘောဇဉ်ကို။ နဘုဉ္ဇာဟိ၊ စေား၊ပါလင့်။

ဤသို့လျှင် ဟောထေရ်တော်သည် မိမိဂုဏ်ကို မိမိဆုံး၍ ကျောင်းသို့သွားပြီးလျှင် ကရဇကာယကို သုံးသပ်၍ ဝိပဿနာကို ပွားများသည်ရှိသော် အရဟတ္တဖိုလ်သို့ ရောက်တော်မူ၏။ ဤသို့အရဟတ္တဖိုလ်သို့ ရောက်တော်မူပြီးသောအခါမှ ဆွမ်းကို သုံးဆောင်တော်မူ၏။

ထိုအခါ မင်းကြီး၏ ထီးစောင့်နတ်သည် သာဓု-သာဓု-သာဓုဟု သုံးကြိမ်ကောင်းချီးပေး၏။ ထိုအသံကို မင်းကြီးကြား၍ အဘယ်ကြောင့် ကောင်းချီးပေးပါသနည်းဟု မေးလေသော်ထီးစောင့်နတ်သည် သဒ္ဓါတရားသမတ်၏ ဒါနကို အကြောင်းပြု၍ ကောင်းချီးပေးပါသည်ဟု ဆို၍ အလုံးစုံကို ပြောကြားလေ၏။ ထိုအခါ သဒ္ဓါတိသမင်းကြီးသည် သဒ္ဓါတိသအမတ်ကို လည်းကောင်း၊ သဒ္ဓါတိသအမတ်၏ မိဖုရားကိုလည်းကောင်း ခေါ်ဆောင်၍ ထိုအမတ်သားအမိ သားအဖသုံးယောက်တို့အား ဝဿမာနမြို့ကို ဆုမြတ်ပြု၍ ပေးလိုက်၏။ (ရသဝါဟိနီ သဒ္ဓါတိသ အမစ္စဝတ္ထု)။

ဤဝတ္ထုဒ္ဒ၌ သုဒဿန ပဓာနသာလဝါသီ ပိဏ္ဍပါတိကတိဿမထေရ်တော်သည် ရှေးရှေးအဟို ထိုထို့သဘာဝတို့ဒ္ဒ ဖြည့်ဆည်းပူးတော်မူအပ်သော လျှင်မြန်စွာဇင်ဗိုလ်သို့ ရောက်ကြောင်း ဖြစ်သော ပါရမီသမ္ဘာရ ဗလဝတရ ကုသိုလ်တော်ရှင်ဖြစ်သောကြောင့်သာ ဆွမ်းစားချိန်ကို မလွန်မီ လျှင်မြန်စွာ အရဟတ္တဖိုလ်သို့ ရောက်တော်မူ၏။ အကယ်၍ မင်ဖိုလ်သို့ ရောက်စေနိုင်လောက်သောကုသိုလ် မရှိခဲ့သော်လည်းကောင်း၊ ရှိသော်လည်း ဗလဝတရကုသိုလ် မဟုတ်ခဲ့သော်လည်းကောင်း ယခင်ပြဆိုအပ်ခဲ့ပြီးသော မင်ဖိုလ်ကိုမရ၊ တေားင်ထိပ်၌ စုတိကြကုန်သော ဒါရုစီရိယ အခလောင်းစသော ရဟန်းငါးဦးတို့ကဲ့သို့ မင်ဖိုလ်ကို မရပဲနှင့်ပင်ဖြစ်စေ၊ သို့မဟုတ် အမ္ဗဂိရိယာ မဟာဝိဟာရဝါသီပိဏ္ဍပါတိကတိဿ မထေရ်ကဲ့သို့ မင်ဖိုလ်ကို ရပြီးမှပင်ဖြစ်စေ၊ ဒီဝဲဘ်ခြေ ပျက်ကင်း၍ စုတိခြင်းသို့ပင် ရောက်စေကာမူ အရဟတ္တဖိုလ်သို့ မရောက်မချင်း

စားခြင်းကို ပြုတော့မည်မဟုတ် ဟူ၍သာ ယုံကြည်သော သြကပ္ပန သဒ္ဓါတရားကို ဖြစ်ပွားစေရမည်။ မဟာတိဿမထေရ်ကိုလည်း ယင်းနည်းတူမှတ်။

ဤသုဒဿနသာလဝါသီ ပိဏ္ဍပါတိကတိဿမထေရ်တော်၏ အားထုတ်ခြင်းသည်လည်း အစာကိုဖြတ်၍ အငတ်နေခြင်းကိုသာ ပမာဏပြု၍ အားထုတ်တော်မူရင်းမဟုတ် သဒ္ဓါတိဿအမတ်သည်လှူအပ်သောဆွမ်းကို အပစာယနပြုသောအားဖြင့် မိမိ၏အရဟတ္တဖိုလ်သို့ရောက်ခြင်းကိုသာ ပမာဏပြု၍ အားထုတ်တော်မူခြင်း ဖြစ်သည်။

ဆရာတို့၊ မောင်ပုကြီး အစရှိကုန်သော ဥပါသကာတို့၏ လျှောက်ထားရင်းစကားတွင် ပါသော သူတို့၏ မစားသော အားထုတ်ခြင်းသည်ကား ပြဆိုအပ်ခဲ့ကုန်ပြီးသော မထေရ်တော်တို့၏ အားထုတ်ခြင်းကဲ့သို့သော အားထုတ်ခြင်းမဟုတ်၊ အစာကိုဖြတ်၍ အငတ်သက်သက်ခံခြင်းသည်ပင် စင်ကြယ်သော်ကုသိုလ်တရား ဖြစ်ပေသည်ဟု ထင်မှတ်၍ ထို့အစာကိုဖြတ်အငတ်ခံခြင်းကိုသာ ပမာဏပြုလုပ်၍ အားထုတ်ခြင်း ဖြစ်ကြပေလိမ့်မည်၊ ထို့ကြောင့် ထိုသူတို့၏ အားထုတ်ခြင်းသည် ကုသိုလ်မဖြစ်၊ စင်စစ် အတ္တန္တပ၊ အတ္တကိလမထာနုယောဂ၊ နိဗ္ဗာမပဋိပဒါဟု ဆိုအပ်သော မိစ္ဆာဝါယမ အကုသိုလ်တရားသာ ဖြစ်သည်ဟူ၍မှတ်။ ။ တတိယအဖြေ။

(၄) ဒါယကာတို့ လျှောက်ထားအပ်သော စကားရပ်တွင် "မိစ္ဆာဝါယမမိစ္ဆာဉာဏ်ဟုတ် မဟုတ်" ဟူရာ၌ မှတ်သားရန်ကား- "ယော စာယံ အတ္တကိလမထာနုယောဂေါ" ဟူသော ဓမ္မစက္ကပဝတ္တနသုတ် ပါဠိတော်၌ "အနုယောဂ" သဒ္ဒါကို ထောက်သဖြင့် လည်းကောင်း။

ကောဟိကံပိ အာဟာရံ အာဟာရေတိ၊ ဒွါဟိကံပိ အာဟာရံ အာဟာရေတိ၊ သတ္တာဟိကံပိ အာဟာရံ အာဟာရေတိ၊ ဣတိ ဧဝရူပံ အဒ္ဓမာသိကံပိ ပရိယာယဘတ္တဘောဇနာနုယောဂ မနုယုတ္တော ဝိဟရတိ ဟူသော တိကအဂုတ္တိရ်ပါဠိတော်၌

"အနုယုတ္တ" သဒ္ဒါကို ထောက်သဖြင့်လည်းကောင်း၊ အစာကိုဖြတ်၍ အငတ်ခံနေခြင်းကို ယခင်ပြဆိုအပ်ခဲ့ပြီးသောနည်းအားဖြင့် မိစ္ဆာဝါယမဟူ၍မှတ်၊ အစာကိုဖြတ်၍ အငတ်ခံနေခြင်းကို အားထုတ်ပြုလုပ်သည်ပင်ဖြစ်စေ၊ အားမထုတ် မပြုလုပ်သည်ပင်ဖြစ်စေ ထိုသို့အစာကိုဖြတ်၍ အငတ်နေသောအကျင့်သည် ကောင်းမြတ်သော ကုသိုလ်တရားပေတည်း ဟူ၍လည်းကောင်း၊ သန္တုဋ္ဌိသလ္လေခဖြစ်၏ ဟူ၍လည်းကောင်း၊ အဘူတကို ဘူတကဲ့သို့ မှတ်ထင်ခြင်းကို မိစ္ဆာဉာဏ်ဟူ၍မှတ်။

"မိစ္ဆာဝါယမ" ဟူသည်ကား အကုသိုလ်နှင့်ယှဉ်သော ဝီရိယစေတသိက်၊ "မိစ္ဆာဉာဏ်" ဟူသည်ကား မောဟစေတသိက်။ ဤမိစ္ဆာဝါယမ-မိစ္ဆာဉာဏ် နှစ်ပါးတို့၏ အထူးကိုလည်းမှတ်၊ အဘူတကို ဘူဘမှတ်ထင်ခြင်း၏ မိစ္ဆာဉာဏ်ဖြစ်ကြောင်းကိုကား မဏိသာရမဉ္ဇူသာဠ်-

"မိစ္ဆာဉာဏဉ္စ အဘူတသာဝိ ဘူတသဝိယ ဝိပရိတတော ဇာနနဘူတော မောဟော" ဟူ၍ မိန့်ဆိုတော်မူအပ်၏။

စ-သစ္ဆံ၊ မှန်၏။ မိစ္ဆာဉာဏံ၊ မိစ္ဆာဉာဏ်မည်သည်ကား။ အဘူတဿာပိ၊ မဟုတ်မမှန်သည်ကိုလည်း။ ဘူတဿဝိယ၊ ဟုတ်မှန်သည်ကိုကဲ့သို့။ ဝိပရိတတော၊ ဖောက်ပြန်သောအားဖြင့်။ ဇာနနဘူတော၊ သိခြင်း မှတ်ထင်ခြင်းဟု ဆိုအပ်သော။ မောဟော၊ မောဟသည်။ ဝါ၊ မောဟော၊ မောဟသည်။ မိစ္ဆာဉာဏံ၊ မိစ္ဆာဉာဏ်မည်၏။ ဤကား အနက်။

ဤ မဏိသာရမဉ္ဇူသာပါဠိဝယ် "အဘူတဿာပိ" ၌ "အပိ" သဒ္ဒါဖြင့် ဘူတကို အဘူတကဲ့သို့ ဖောက်ပြန်သောအားဖြင့် သိမြင်မှတ်ထင်ခြင်း မောဟကိုလည်း မိစ္ဆာဉာဏ်ဟူ၍ပင် မှတ်။ မူလပဏ္ဏာသအဋ္ဌကထာ၌ကား မကောင်းသောအမူအရာတို့၌ ဥပါယ်တံမျဉ်အားဖြင့် ကြံစည်လျက် မကောင်းမှုကိုပင် ပြုပြီး၍ ငါသည် ကောင်းမှုကို ပြုရပေပြီဟု ဆင်ခြင်သော အခြင်းအရာအားဖြင့် ဖြစ်သောမောဟကို မိစ္ဆာဉာဏ်။ ထိုမိစ္ဆာဉာဏ်ရှိသော ပုဂ္ဂိုလ်ကို မိစ္ဆာဉာဏီဟု ဆို၏။ ဤဆိုလတ္တံ့သည်ကား မူလပဏ္ဏာသအဋ္ဌကထာပါဠိပေတည်း။

> မိစ္ဆာဉာဏီတိတ္ထေ မိစ္ဆာဉာဏန္တိ၊ ပါပကိရိယာသု ဥပါယ စိန္တာဝသေန ပါပံ ကတ္တာ သုကတံ မယာတိ ပစ္စဝေက္ခဏာကဲ့သာရေနစ ဥပ္ပန္နော မောဟောတိ ဝေဒိတဗ္ဗော၊ တေန သမန္နာဂတော ပုဂ္ဂလော မိစ္ဆာဉာဏီ။

မိစ္ဆာဉာဏီတိတ္ထေ၊ မိစ္ဆာဉာဏီ ဟူသောပုဒ်၌။ မိစ္ဆာဉာဏန္တိ-မိစ္ဆာဉာဏံ နာမ၊ မိစ္ဆာဉာဏ်မည်သည်ကား။ ပါပကိရိယာသု၊ မကောင်းသောအမှု မကောင်းသော အမူအရာတို့၌။ ဥပါယစိန္တာဝသေန၊ ဥပါယ်တံမျဉ် ကြံစည်သည်၏အစွမ်းအားဖြင့်။ ဝါ၊ မဟုတ်မမှန် အကြောင်းကို ကြံစည်သည်၏ အစွမ်းအားဖြင့်။ ပါပံ ကတ္တာ၊ မကောင်းမှုကို ပြုပြီး၍။ မယာ၊ ငါသည်။ သုကတံ၊ ကောင်းမှုကို ပြုရလေပြီ။ ဣတိ၊ ဤသို့။ ပစ္စဝေက္ခဏာကာရေနစ၊ ဆင်ခြင်သော အခြင်းအရာအားဖြင့်လည်း။ ဝါ၊ ဆင်ခြင်သော ဉာဏ်နှင့်တူစွာလည်း။ ဥပ္ပန္နော၊ ဖြစ်သော။ မောဟော၊ မောဟတည်း။ ဝါ၊ မောဟသည်။ မိစ္ဆာဉာဏန္တိ-မိစ္ဆာဉာဏံ နာမ၊ မိစ္ဆာဉာဏ်မည်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။ တေန၊ ထိုမိစ္ဆာဉာဏ်နှင့်။ သမန္နာဂတော၊ ပြည့်စုံသော၊ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ မိစ္ဆာဉာဏီ၊ မိစ္ဆာဉာဏီမည်၏။ ။ ဤကား အနက်။

ပစ္စဝေက္ခဏာ ကာရေနဒ္ဓ "အာကာရ" သဒ္ဒါသည် ဤအရာ၌ သဒိသ-အနက်ရှိ၏။

ဤအဋ္ဌကထာပါဠိဖြင့် အစာကိုဖြတ်၍ အငတ်နေသော မိစ္ဆာဝဏိယမ ပါပအမူအရာ၌ ဥပါယ်တံမျဉ်အားဖြင့် ဒါရုစီရိယမထေရ်တော်၏ အလောင်းကဲ့သို့ပင် မဟုတ်လော စသည်ဖြင့် ဘွဲ့တောကြံစည်ပြီးလျှင် ထိုပါပအမှုကို ပြုလုပ်အားထုတ်ပြီး၍ ငါသည် အငတ်ခံ၍နေသော ကောင်းမှုကြီးကို ပြုရပေပြီဟူ၍ ပစ္စဝေက္ခဏာဉာဏ်ယောင်ယောင်၊ အဟန်ဆောင်၍ ဖြစ်ပေါ်လာသော မောဟတရားကို စင်စစ် မိစ္ဆာဉာဏ်ဟူ၍မှတ်၊ ထိုမိစ္ဆာဉာဏ်ရှိသောပုဂ္ဂိုလ်ကို မိစ္ဆာ-ဉာဏီ ဟူ၍သာမှတ်။ ထိုမှတပါးလည်း ဆိုအပ်ခဲ့ပြီးသော-

> နနုဂ္ဂစရိယာ နဇ္ဇာ နပက်ာ၊ နာနာသကာ တတ္ထိလသာယိကာဝါ။
> ရဇောဇလွံ ဥဂ္ဂါဠိကပွဓာနံ၊ သောဓေန္တိ မစ္စံ အဝိတိဏ္ဏကခ်ံ-ဟူသောဂါထာကို ဖွင့်ပြရာ ဓမ္မပဒအဋ္ဌကထာ၌-

ယော ဟိ မစ္စော ဧဝံ အဟံ လောကနိဿရဏာသန်ါတံ ဝိသုဒ္ဓိံ ပါပုဏိဿာဧိတိ ဣမေသု နဂ်စရိယာဒီသု ယံကိဉ္စိ သမာဒါယ ဝတ္တေယျ၊ သော ကေဝလံ မိစ္ဆာဒဿနဿဉ္စေဝ ပဝတ္တေယျ၊ ကိလမထဿစ ဘာဂိအဿ၊ နဟိ တောနိ သုသမာဒိန္နာနိ အဌင်္ဂဝတ္ထုကာယ အဝိဘိဏ္ဍာဘာဒဝန အဝိတိဏ္ဍကန်ံ မစ္စံ သောဓေန္တိ--ဟူ၍ ဖွင့်ပြတော်မူအပ်၏။ ဤဂါထာ၏ အနက်ကို ရှေးကဆိုခဲ့ပြီ။ အဋ္ဌကထာ၏အနက်ကား-

ဟိ သစ်၊ မှန်၏။ ယော မစ္စော၊ အကြင်သတ္တဝါသည်။ ဧဝံ၊ ဤသို့ကျင့်သည်ရှိသော်။ အဟံ၊ ငါသည်။ လောကနိဿရဏာသန်ါတံ၊ လောကမှ ထွက်မြောက်ရာဖြစ်သော။ သုဒ္ဓိံ၊ နိဗ္ဗာန်သို့။ ပါပုဏိဿာမိ။ ရောက်လတ္တံ့။ ဣတိ၊ ဤသို့မှတ်ထင်၍။ ဣမေသု၊ ဤသို့သော ရှိကုန်သော။ နဂ်စရိယာဒီသု၊ အဝတ်ကိုပစ် ဆံကျစ်ဆောင်းစိုက် သွားဦခြေးထပ် အစာငတ်နှင့် မြေရပ်စက်ကိန်း မြူလိမ်းကပ်ပေ ဆောင့်ကြောင့်သာနေသော အကျင့်တို့တွင်။ ယံ ကိဉ္စိ၊ အမှတ်မရှိ တခုခုသောအကျင့်ကို။ သမာဒါယ၊ ဆောက်တည်၍။ ဝတ္တေယျ၊ ကျင့်ရာ၏။ ဝါ၊ ကျင့်ငြားအံ့။ သော မစ္စော၊ ထိုသတ္တဝါသည်။ ကေဝလံ၊ သက်သက်။ မိစ္ဆာဒဿနဉ္စေဝ၊ မှားသောအမြင်ရှိသည်လည်း။ ပဝတ္တေယျ၊ ဖြစ်ရာ၏။ ကိလမထသ၊ ကိုယ်ပင်ပန်းခြင်း၏။ ဘာဂိစ၊ အဖို့သည်လည်း။ အဿ၊ ဖြစ်ရာ၏။ ဟိသစ်၊ မှန်၏။ သုသမာဒိန္နာနိ၊ ကောင်းစွာ ဆောက်တည်အပ်ကုန်သော။ တောနိ၊ ထိုအကျင့်ကို့သည်။ အဌင်္ဂဝတ္ထုကာယ၊ ရှစ်ပါးသော ဝတ္ထုရှိသော ဝိစိကိစ္ဆာမှ။ အဝိတိဏ္ဍာဘာဝေန၊ မလွန်မြောက်နိုင်သေးသည်၏အဖြစ်ကြောင့်။ အဝိတိဏ္ဍကန်ံ၊ မလွန်မြောက်သေးသော ဝိစိကိစ္ဆာရှိသော။ ဝါ၊ ဝိစိကိစ္ဆာမှ မလွန်မြောက်နိုင်သေးသော။ မစ္စံ၊ သတ္တဝါကို။ န သောဓေန္တိ၊ မသုတ်သင်နိုင်ကုန်။

ဤအဋ္ဌကထာစကားရပ်တွင် "ဧဝံ အဟံ လောကနိဿရဏာသန်ါတံ ဝိသုဒ္ဓိံ ပါပုဏိဿာမိတိ" ဟူသောပါဌ်ဖြင့် မိစ္ဆာဒဿနဖြစ်ပုံ အာကာရကို ပြတော်မူ၏။ "ကိလမထသစ ဘာဂိအဿ" ဟူသောပါဌ်ဖြင့် ထိုနဂ်အကျင့်စသည်ကို ကျင့်သောပုဂ္ဂိုလ်အား အတ္တကိလမထာနုယောဂဖြစ်ကြောင်းကို ပြတော်မူ၏။ ထို့ကြောင့် အစာကိုဖြတ်၍ အငတ်ခံသော အကျင့်သည် နိဗ္ဗာန်သို့ရောက်ကြောင်း ကောင်းသော ကုသိုလ်တရားဖြစ်၏ဟု ဟောကြားပြန်သော အားဖြင့် မှတ်ထင်ခြင်းကို မိစ္ဆာဒဿန၊ ထိုအထင်အတိုင်း ကျင့်ခြင်းကို အတ္တကိလမထာနုယောဂ ဟူ၍မှတ်။ မိစ္ဆာညာဏ်နှင့် မိစ္ဆာဒဿန သည် အမည်မျှသာကွဲပြားသည်၊ သဘော အားဖြင့်ကား မောဟချည်းဖြစ်သောကြောင့် အတူတူပင်။ စတုတ္ထအဖြစကားတရပ် အပြီးသတ်တည်း။

(၃) ဒါယကာတို့ လျှောက်ထားအပ်သော စကားရပ်တွင် ဓမ္မစက်ဒေသနာတော်ကို လွန်ကျူးကျော်နင်းသော အကျင့်ဟုတ်-မဟုတ် ဟူရာ၌ မှတ်သားရန်ကား။ ထိုသို့ဥပုသ်စောင့်ဆဲဆဲဏ္ဍ၌ နံနက်မှစ၍ ကာလ-ဝိကာလ နှစ်ပါးလုံးတို့၌ပင် အစာအာဟာရကို အလျဉ်းဖြတ်၍ အငတ်နေခြင်းသည် တစုံတခုသော ဥပုသ်သီလ သိက္ခာပုဒ်ကိုလည်း လွန်ကျူးကျော်နင်းသည်မဟုတ်၊ ထိုအကျင့်ကို ဘုရားစသော သူတော်ကောင်းတို့သည် ချီးမွမ်းတော်မူအပ်သော ကောင်းမြတ်သော အကျင့်ဟု ထင်မှားမိ၍ ရိုးရိုးသားသား မသိသောသဘော သက်သက်

အားဖြင့် ကျင့်မှားမိရုံဖြင့် ဘစုံတခုသော ဒေဿနာတော် ဓမ္မကိုလည်း လွန်ကျူးကျော်နင်း သည်မဟုတ်ပေ။

အကယ်၍ ဓမ္မစက္ကပဝတ္တန သုတ်တော်၌ "ဒွေ မေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန နသေဝိတဗ္ဗာ" ဟူ၍ နေ-လ အသွင် ထင်ထင်ရှားရှား ဟောထားတော်မူအပ်သော ဒေဿနာ တော်ရှိသည်ကို သိလျက်နှင့် ဒေဿနာဘော် ဓမ္မစက်ကို ပယ်ဖျက်လွန်ကျူးလိုသော စိတ်ဖြင့် ကျင့်ခဲ့လျှင် ထိုခမ္မစက္ကပဝတ္တနသုတ် ဒေဿနာတော်ကို လွန်ကျူးကျော်နင်းရာပင် ကျတော့သည်။ ထိုသို့ လွန်ကျူးကျော်နင်းလိုသော စိတ်ရှိ၍ပင်ဖြစ်စေ၊ မရှိပဲ၎င်ဖြစ်စေ၊ ထိုအစာကို ဖြတ်၍ အဝင်္ဂတ်နေသောအကျင့်၏ ဖြစ်ပေါ်၍လာခြင်းသည် ဘုရားရှင် သာသနာတော်ကြီး အားနည်း ဖို့ ဘုရားရှင်ကိုလည်းကောင်း ဘုရားရှင် သာသနာတော်မြတ်ကို လည်းကောင်း အခြား ဘာသာ မိစ္ဆာအသင်းဝင်တို့၏ မဟုတ်မတရား စွပ်စွဲဖို့ ကဲ့ရဲ့ပုတ်ခတ်ဖို့ အကြောင်းတခုပင် ဖြစ် ဘော့သည်။ ပဥ္စမအင်္ဂဖြေ။

(စ) ဒါယကာတို့ လျှောက်ထားအပ်သော စကားရပ်တွင် "ငါး-အမဲကို ပယ်ရှား၍ သစ်သီး သစ်ရွက်ကိုသာ စားသောအကျင့်တို့သည် သန္တုဋ္ဌိသလွေခ ဖြစ်-မဖြစ်" ဟူရာ၌ မှတ်သားရန်ကား- ထိုသက်သတ်လွတ်စားသော အကျင့် သစ်သီး သစ်ရွက်ကိုသာ စားသော အကျင့်တို့သည် သာသနာတော်၌ အကျင့်ဖြစ်သော သန္တုဋ္ဌိ သလွေခမျိုး မဟုတ်ကုန်ချေ။ ထိုစကားကို ထင်ရှားစေခြင်းငှာလည်းကောင်း မဖောက်မပြန် ဟုတ်မှန်သောအတိုင်း သန္တုဋ္ဌိ တရား၊ သလွေခတရားတို့ကို ပိုင်းခြားသိမှတ် ကျင့်ဆောင်တတ်စေခြင်းငှာလည်းကောင်း ထို သန္တုဋ္ဌိ သလွေခတရားတို့ကို ရေးသားဖော်ပြလိုက်ဦးအုံ့။

ထိုဘရား နှစ်ပါးတို့တွင် သန္တုဋ္ဌိ ဟူသည်ကား တရားကိုယ်အားဖြင့် "အလောဘ" ပေတည်း။ ထို့ကြောင့် ကေနိပါတ် အင်္ဂုတ္တိရ် အဋ္ဌကထာ၌ "သန္တုဋ္ဌိတာတိ သန္တုဋ္ဌေ ပဂ္ဂလေ သေဝန္တာသ ဘဇန္တာသ ပယိရုပါသေန္တာသ အလောဘသင်္ခါတော သန္တောသော" ဟူ၍ ဖွင့်ပြ တော်မူအပ်၏။

သန္တုဋ္ဌိတာတိ သန္တုဋ္ဌိတာနာမ၊ သန္တုဋ္ဌိတာ မည်သည်ကား။ သန္တုဋ္ဌေ၊ ရောင့်ရဲကုန်သော။ ပဂ္ဂလေ၊ ပုဂ္ဂိုလ်တို့ကို။ သေဝန္တာသ၊ မှီဝဲသောပုဂ္ဂိုလ်အား။ ဘဇန္တာသ၊ ဆည်းကပ်သော ပုဂ္ဂိုလ်အား။ ပယိရုပါသေန္တာသ၊ ခစားသောပုဂ္ဂိုလ်အား။ ဥပ္ပန္နော၊ ဖြစ်သော။ အလောဘ-သင်္ခါတော၊ အလောဘဟူ ဆိုအပ်သော။ သန္တောသော၊ ရောင့်ရဲခြင်းပင်တည်း။ ဝါ၊ ရောင့်ရဲခြင်းသည်။ သန္တုဋ္ဌိတာတိ သန္တုဋ္ဌိတာနာမ၊ သန္တုဋ္ဌိတာမည်၏။ ဤကား-အနက်။

ဤအဋ္ဌကထာပါဠိဖြင့် သန္တုဋ္ဌိ ဆိုသည်နှင့် သန္တောသ ဆိုသည်ကား အမည်သာပြား သည်၊ သဘောကား အတူတူဟူသော အဓိပ္ပါယ်သည်လည်း တချက်တည်း ပြီးတော့သည်။ ဤ သန္တောသ တရားသည် အကျဉ်းအားဖြင့် ယထာလာဘ သန္တောသ၊ ယထာဗလ သန္တောသ၊ ယထာသာရုပ္ပ သန္တောသဟူ၍ သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့၏ အထူးကိုကား။

(၁) ယုတ်ညံ့သောပစ္စည်း မွန်မြတ်သော ပစ္စည်းတို့တွင် အမှတ်မရှိ၊ တခုခုသော ပစ္စည်းဖြင့်ပင် မျှတနိုင်သော ပုဂ္ဂိုလ်အား အသစ်မဇတ်ဘဲ၌တ၊ ရရသမျှသော ပစ္စည်းဖြင့်သာ မျှတရောင့်ရဲခြင်းစသည်သည် ယထာလာဘ သန္တောသမည်၏။

(၂) မိမိ၏ အားအစွမ်းကိုသိ၍ ပစ္စည်း၏ ယုတ် မြတ်ကို ပမာဏမထား ကိုယ်အား နှင့် လျောက်ပတ်၍ သပ္ပါယဖြစ်သော ပစ္စည်းဖြင့်သာ ရောင့်ရဲခြင်းသည် ယထာဗလ သန္တောသ မည်၏။

(၃) မွန်မြတ်သောပစ္စည်းကို သူတပါးအား ပေးလှူ၍ တော်ရုံသင့်ရုံသော် ပစ္စည်း ဖြင့်သာ မျှတရောင့်ရဲခြင်းသည် ယထာသာရုပ္ပသန္တောသမည်၏။ သာဓကကား။

လူ၌ ပဏီတေသု ယေနကေနစိ ယာပေတုံ သက္ကောန္တိသာ ယထာလဒ္ဓေနေ၀ ယာပနုံ၊ ယထာလာဘသန္တောသောနာမ။

အတ္တာနော ထာမံ ဇာနိတ္ဝာ ယေန ယာပေဟုံ သက္ကေားတိ၊ တေနယာပနုံ၊ ယထာဗလ သန္တောသောနာမ။

မနာပံ အညာသ ဒတ္ဝာ အတ္တာနာ ယေနကေနစိ ယာပနုံ၊ ယထာသာရုပ္ပသန္တောသောနာမ ဟူ၍ ဖွင့်ပြတော်မူအပ်သော စတုက္ကနိပါတ် အဂုံတို့၏ အဋ္ဌကထာပါဠိပင်တည်း။

(၁) လူ၌ပဏီတေသု၊ ယုတ်ညံ့သောပစ္စည်း မွန်မြတ်သောပစ္စည်းတို့တွင်။ ယေနကေနစိ၊ အမှတ်မရှိ တခုခုသောပစ္စည်းဖြင့်။ ယာပေတုံ၊ မျှတခြင်းငှာ။ သက္ကောန္တိသာ၊ စွမ်းနိုင်သော ပုဂ္ဂိုလိအား။ ယထာလဒ္ဓေနေ၀၊ အသစ်ကိုမတောင့်တ ရရသမျှသော ပစ္စည်းဖြင့်သာလျှင်။ ယာပနုံ၊ မျှတစောင်းတိမ်ခြင်းသည်။ ယထာလာဘသန္တောသောနာမ၊ ယထာလာဘသန္တောသ မည်၏။

(၂) အတ္တာနောထာမံ၊ မိမိ၏အားအစွမ်းကို။ ဇာနိတ္ဝာ၊ သိ၍။ ယေန၊ အကြင် ပစ္စည်းဖြင့်။ ယာပေတုံ၊ မျှတစေခြင်းငှာ။ သက္ကောတိ၊ စွမ်းနိုင်၏။ တေန၊ ထိုပစ္စည်းဖြင့်။ ယာပနုံ၊ မျှတခြင်းသည်။ ယထာဗလသန္တောသောနာမ၊ ယထာဗလသန္တောသ မည်၏။

(၃) မနာပံ၊ ကောင်းမြတ်တင့်တယ် နှစ်သက်ဖွယ်ပစ္စည်းကို။ အညာသ၊ သူတပါးအား။ ဒတ္ဝာ၊ ပေးလှူ၍။ အတ္တာနာ၊ မိမိသည်။ ယေနကေနစိ၊ လျော်ရုံသင့်ရုံသော ပစ္စည်း ဖြင့်။ ယာပနုံ၊ မျှတဘင်းတိမ်ခြင်းသည်။ ယထာသာရုပ္ပသန္တောသောနာမ၊ ယထာသာရုပ္ပ သန္တောမည်၏။ ဤကား-အနက်။

ဤသန္တောသ သုံးပါးတို့ကို သက်နှံး ဆွမ်း ကျောင်း ဆေးဟု ဆိုအပ်ကုန်သော ပစ္စည်း လေးပါးတို့ဖြင့် မြောက်ပွားသည်ရှိသော် သန္တောသ ၁၂-ပါးဖြစ်၏။ သီလကွန်အဋ္ဌကထာ ကေနိပါတ် အဂုံတို့၏အဋ္ဌကထာ စသည်တို့၌ကား။ ၁၂-ပါးလုံးကိုပင် အကျယ်တ၀င့် ဖွင့်ပြတော်မူ၏။ စတုက္ကနိပါတ် အဂုံတို့၏အဋ္ဌကထာ၌ကား။ သက်နှံး၌-၂၀၊ ဆွမ်း၌-၁၅၊ ကျောင်း၌-၁၅၊ ဆေး၌-၃ အားဖြင့် ၅၃-ပါးသော သန္တောသတို့ကို ၀ေဖန်၍ ဖွင့်ပြ တော်မူ၏။ အကျဉ်းအားဖြင့်ကား ပြဆိုအပ်ခဲ့ပြီးသော သန္တောသ ၃--ပါးသာ ပမာဏဖြစ် သတည်း။

ငါးအမဲကို ပယ်ရှားရ၍ သက်သက်လွတ်စားသော အကျင့်သည်ကား။ ဤသန္တောသတရား သုံးပါးတို့တွင် တပါးပါးမျှသို့လည်း မသက်ဝင်၊ အကယ်၍ မိမိနှင့် သပ္ပါယဖြစ်သော အစာအာဟာရရှိပါလျက် တမင်တကာ သက်သတ်လွတ်အစာကို ရှာကြံတောင့်တ ခံယူရလျှင် ယထာသန္တောသပင် ပျက်ရာသေး၏။

ထမင်းကိုပယ်ရှား၍ သစ်သီး သစ်ရွက်ကိုသာ စားသော အကျင့်သည် ဤနည်းကို မှီး၍ ဉာဏ်ကြီးလေ။ အကယ်၍ ဤအမည်ရှိသော ပုဂ္ဂိုလ်သည် ဤသို့ပင် သစ်သီးကိုသာ စား၍ ကျင့်သည်ဟု ကြော်ငြာဟစ်ကြွေး သတင်းပေး၍ နီးဝေး ထိုဤမှ ရဿမျှ သစ်သီးများကို သုံးစားမှီဝဲခဲ့ပါလျှင် မိစ္ဆာဇီဝမှ မလွတ်ကင်းနိုင်ရာ။ တရားသဘောကို အာဂါးမဝ၍ နေရာကျမသိလျှင် စိတ်ကောင်းပင် ရှိလင့်ကစား ကုသိုလ်တရားဟု အားထုတ်ရာမှာ အကုသိုလ်တရားသာ ဖြစ်ပေါ်လာတတ်သည်။ ကုသိုလ်ကို လိုလား၍ စေတီတော်၏အပါး၌ မြက်နုတ်သော ရဟန်းများပင် ရှိသေးသည်။ ထို့ကြောင့်-

(၁) ယထာလာဘသန္တောသ ဖြစ်လိုသော ပုဂ္ဂိုလ်သည် သက်သတ်လွတ် မလွတ်၊ ကောင်း မကောင်းကို ပမာဏမထားပဲ ရရသမျှဖြင့် ရောင့်ရဲတင်းတိမ်နိုင်ရမည်။ အသစ်ကို ကား မရှာအပ် မတောင့်တအပ်။

(၂) ယထာဗလ သန္တောသ ဖြစ်လိုသော ပုဂ္ဂိုလ်သည် ရရသမျှ ပစ္စည်း၌ပင် သက်သတ်လွတ်- မလွတ်၊ ကောင်း မကောင်းကို ပမာဏမထားပဲ မိမိ၏ ပကတိသော ကာယဗလ၊ ခေတ်သဘာဝနှင့် ဖြစ်စေ၊ အနာရောဂါနှင့်ဖြစ်စေ ဆန့်ကျင်ဘက်ကို ရှောင်၍ ဆန့်ကျင်ဘက်ဧကျ၊ သပ္ပါယဖြစ်သော ပစ္စည်းဖြင့် ရောင့်ရဲတင်းတိမ်နိုင်ရမည်။

(၃) သလွဲခတရား ဟူသည်ကား အရေအတွက်အားဖြင့် ၄၄-ပါး အပြားရှိ၏။ ထိုကြောင့်-

စတုစတ္တာလီသ ပဒါဝုတ္တာ၊ သဒ္ဒိံ ပဥ္စဟိ ဒေသိတော။
သလွေခါနာမ သုတ္တန္တော၊ ဂမ္ဘီရော သာဂရုပွမော။

ဟူ၍ မူလပဏ္ဏာသ ပါဠိတော်၌ ဟောတော်မူအပ်၏။ ဤဂါထာဝယ် ပထမပါဒ၌ "စတု" ဟူသော အက္ခရာ ၂-လုံး လွန်သည်။

ယေန ဘဂဝတာ၊ အကြင်မြတ်စွာ ဘုရားသခင်သည်။ ပဥ္စဟိ၊ ငါးပါးကုန်သော။ သလွေခဒေသနာ, စိတ္တုပ္ပါဒဒေသနာ, ပရိက္ကမနဒေသနာ, ဥပရိဘာဝဒေသနာ, ပရိနိဗ္ဗာန

ဒေသနာတော်တို့နှင့်။ သဒ္ဓိ၊ တက္ခ။ စတုစတ္တာလီသပဒါ၊ ၎၎-ပါးကုန်သော တရားအစုတို့ကို။ ဇုတ္တာ၊ ဟောတော်မူအပ်ကုန်၏။ တေန ဘဂဝတာ၊ ထိုမြတ်စွာဘုရားသခင်သည်။ ဒေသိတော၊ ဟောတော်မူအပ်သော။ သလ္လေခါနာမ သုတ္တန္တော၊ သလ္လေခမည်သော သုတ်တော်သည်။ ဂမ္ဘီရော၊ ထောက်၍မမီ နက်လှလေ၏။ သာဂရုပ္ပမော၊ မဟာသမုဒ္ဒရာကြီးသာ နှိုင်းစရာရှိပေ၏။ ဝါ၊ မဟာသမုဒ္ဒရာကြီးနှင့် တူတော်မူလှပေ၏။ ဤကား ဂါထာ၏အနက်။

ထိုသလ္လေခတရား ၎၎-ပါးကို သလ္လေခိတဗ္ဗတရား ၎၎-ပါးတို့နှင့်တကွ အစုံအစုံပြု၍ မူလပဏ္ဏာသပါဠိတော် သလ္လေခသုတ်၌–

"ပရေ ဝိဟိံသကာ ဘဝိဿန္တိ၊ မယမေတ္ထ အဝိဟိံသကာ ဘဝိဿာမာတိ-သလ္လေခေါ ကရဏီယော" ဤသို့ စသော အားဖြင့် ဟောတော်မူအပ်၏။

ပရေ၊ သူတပါးတို့သည်။ ဝိဟိံသကာ၊ ညှဉ်းဆဲတတ်ကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ မယံ၊ ငါတို့သည်။ တွေ၊ ဤသူတပါးတို့ ညှဉ်းဆဲအပ်သော ဝတ္ထုဥ်၌။ အဝိဟိံသကာ၊ မညှဉ်းဆဲကုန်သည်။ ဘဝိဿာမ၊ ဖြစ်ကုန်အံ့။ ဣတိ၊ ဤသို့။ သလ္လေခေါ၊ သလ္လေခကို။ ကရဏီယော၊ ပြုအပ်၏။

ဤသို့ အစရှိသောအားဖြင့် ဟောကြားတော်မူအပ်ကုန်သော သလ္လေခတရားတို့ကို အလွယ်တကူ မှတ်ယူနိုင်စိမ့်သော်ငှာ သလ္လေခိတဗ္ဗ တရားတို့ကို လက်မှန်ရှေးဖျား အစထား၍ ရေးသားဖော်ပြလိုက်ပေအံ့။

ထို သလ္လေခိတဗ္ဗ တရား ဟူသည်ကား

၁။	ဝိဟိံသ	သတ္တဝါကို ညှဉ်းဆဲခြင်း
၂။	ပါဏာတိပါတ	သတ္တဝါကို သတ်ခြင်း
၃။	အဒိန္နာဒါန	သူပိုင်ပစ္စည်းကို ခိုးယူခြင်း
၄။	အပြဟ္မစရိယ	မေထုန်မှိုဝဲခြင်း
၅။	မုသာဝါဒ	လိမ်လည်ခြင်း
၆။	ပိသုဏဝါစာ	ကုန်းတိုက်ခြင်း
၇။	ဖရုသဝါစာ	ဆဲရေးခြင်း
၈။	သမ္ဖပ္ပလာပ	ပြိန်ဖျင်းသောစကား ဆိုခြင်း
၉။	အဘိဇ္ဈာ	သူ့ပစ္စည်းကို ရအောင်ကြံခြင်း
၁၀။	ဗျာပါဒ	သတ်ဖို့ ကြံခြင်း
၁၁။	မိစ္ဆာဒိဋ္ဌိ	မှားသောအယူ
၁၂။	မိစ္ဆာသင်္ကပ္ပ	မှားသောကြံခြင်း

၁၃။ မိစ္ဆာဝါစာ မှားသောဆိုခြင်း
၁၄။ မိစ္ဆာကမ္မန္တ မှားသောအမှု
၁၅။ မိစ္ဆာအာဇီဝ မှားသော အသက်မွေးခြင်း
၁၆။ မိစ္ဆာဝါယမ မှားသော အားထုတ်ခြင်း
၁၇။ မိစ္ဆာသတိ မှားသော အောက်မေ့ခြင်း
၁၈။ မိစ္ဆာသမာဓိ မှားသော တည်ကြည်ခြင်း
၁၉။ မိစ္ဆာဉာဏ မှားသော သိခြင်း
၂၀။ မိစ္ဆာဝိမုတ္တိ ကိလေသာမှ မလွတ်ခြင်း
၂၁။ ထိနမိဒ္ဓ စေတသိက် စိတ် မခံ့ခြင်း
၂၂။ ဥဒ္ဓစ္စ ပျံ့လွင့်ခြင်း
၂၃။ ဝိစိကိစ္ဆာ တွေးတောယုံမှားခြင်း
၂၄။ ကောဓ အမျက်ထွက်ခြင်း
၂၅။ ဥပနာဟိတာ ရန်ငြိုးဖွဲ့ခြင်း
၂၆။ မက္ခ သူ့ကျေးဇူးကို ချေခြင်း
၂၇။ ပဠာသ ဂုဏ်ရှိသူနှင့် ဂုဏ်ပြိုင်ခြင်း
၂၈။ ဣဿုယ္ယ သူ့စည်းစိမ်ကို ငြူစူခြင်း
၂၉။ မစ္ဆရိယ မိမိစည်းစိမ်ကို ဝန်တိုခြင်း
၃၀။ သာဌေယ္ယ ဂုဏ်မရှိ ရှိသယောင်ပြုခြင်း
၃၁။ မာယာပိတာ မိမိအပြစ်ကို ဖုံးလွှမ်းခြင်း
၃၂။ ထမ္ဘ ခိုင်မာခြင်း
၃၃။ အတိမာန အလွန်မာန်မူခြင်း
၃၄။ ဒေါဝစဿတာ ဆိုဆုံးမခက်ခြင်း
၃၅။ ပါပမိတ္တတာ ယုတ်မာသော မိတ်ရှိခြင်း
၃၆။ ပမာဒ ကောင်းမှုဌ မေ့လျော့ခြင်း
၃၇။ အသဒ္ဓါ မကြည်ညိုခြင်း
၃၈။ အဟိရိကာ မကောင်းမှုမှ မရှက်ခြင်း
၃၉။ အနောတ္တပ္ပ မကောင်းမှုမှ မကြောက်ခြင်း
၄၀။ အပ္ပသုတတာ အကြားအမြင် မရှိခြင်း

သလ္လေခိတဗ္ဗတရား ၄၄-ပါး

၄၁။	ကောသဇ္ဇ	ပျင်းရိဆုတ်နှစ်ခြင်း
၄၂။	မုဋ္ဌသစ္စ	သတိ ကင်းလွတ်ခြင်း
၄၃။	ပညာဝိပတ္တိ	ဝိပဿနာပညာ မရှိခြင်း
၄၄။	သန္နိဋ္ဌိပရာမာသိ	မိမိအယူကို မှားသောအားဖြင့် သုံးသပ်ခြင်း
	အာဓာနဂ္ဂါဟီ	″ ″ မြဲစွဲယူခြင်း
	ဒုပ္ပဋိနိဿဂ္ဂိတာ	″ ″ စွန့်နိုင်ခဲခြင်း

ဤသလ္လေခိတဗ္ဗတရား ၄၄-ပါးတို့၌ အထူးမှတ်သားရန်ကား-

နတ္ထိ ဒိန္နံ စသောအားဖြင့် ယူသော အကုသလ ကမ္မပထတရား (၁၀)ပါးတို့၏ အဆုံးဖြစ်သော ဒိဋ္ဌိတပါး၊ အနိယျာနိက မိစ္ဆတ္တမက်ရှစ်ပါးတို့၏ အစဖြစ်သော ဒိဋ္ဌိတပါးအားဖြင့် နှစ်ပါးသောဒိဋ္ဌိတို့ကို (၁၁)ခုမြောက် မိစ္ဆာဒိဋ္ဌိဟု မှတ်။

အတိတ်ကို ကြံသောအားဖြင့်ဖြစ်သော အကုသိုလ်နာမ်ခန္ဓာ ၄-ပါးကို (၁၇)ခုမြောက် မိစ္ဆာသတိဟု မှတ်။

အဘူတကို ဘူတဟု ထင်မှတ်သော မောဟကို (၁၉)ခုမြောက် မိစ္ဆာညာဏဟုမှတ်။

ဖိုလ်မဟုတ်သည်ကို ဖိုလ်ဟုမှတ်ထင်သော အကုသိုလ်နာမ်ခန္ဓာလေးပါးကို (၂၀)မြောက် မိစ္ဆာဝိမုတ္တိဟု မှတ်။

အနိယျာနိကဒိဋ္ဌိကို (၄၄)ခုမြောက် သန္နိဋ္ဌိပရာမာသ၊ အာဓာနဂ္ဂါဟ၊ ဒုပ္ပဋိနိဿဂ္ဂ-ဟု မှတ်။ ကြွင်းသော သလ္လေခိတဗ္ဗဖရားစုတို့၌ မှတ်သိရန် မခဲလှန်း။ ဤသည်ကား သလ္လေခိတဗ္ဗတရား (၄၄)ပါးတည်း။

သလ္လေခတရား (၄၄)ပါး ဟူသည်ကား

၁။	အဝိဟိံသ	သတ္တဝါကို မညှဉ်းဆဲခြင်း
၂။	ပါဏာတိပါတာဝိရတိ	သတ်ခြင်းမှ ကြဉ်ခြင်း
၃။	အဒိန္နာဒါနာဝိရတိ	ခိုးခြင်းမှ ကြဉ်ခြင်း
၄။	အာဠြဟ္မစရိယ	မေထုန်မှ ကြဉ်ခြင်း
၅။	မုသာဝါဒါဝိရတိ	လိမ်လည်ခြင်းမှ ကြဉ်ခြင်း
၆။	ပိသုဏဝါစာဝိရတိ	ကုန်းတိုက်ခြင်းမှ ကြဉ်ခြင်း
၇။	ဖရုသဝါစာပိရတိ	ဆဲရေးခြင်းမှ ကြဉ်ခြင်း
၈။	သမ္ဖပ္ပလာပါဝိရတိ	ပြိန်ဖျင်းသောစကားမှ ကြဉ်ခြင်း

သလ္လေခတ်ရား ၄၄-ပါး

၉။ အနဘိဇ္ဈာ	သူ့ပစ္စည်းကိုရအောင် မကြံခြင်း
၁၀။ အဗျာပါဒ	သတ်ဖြိုမကြံခြင်း
၁၁။ သမ္မာဒိဋ္ဌိ	ကောင်းသောအယူ
၁၂။ သမ္မာသင်္ကပ္ပ	ကောင်းသောကြံခြင်း
၁၃။ သမ္မာဝါစာ	ကောင်းသော ဆိုခြင်း
၁၄။ သမ္မာကမ္မန္တ	ကောင်းသော အမှု
၁၅။ သမ္မာအာဇီဝ	ကောင်းသော အသက်မွေးခြင်း
၁၆။ သမ္မာဝါယာမ	ကောင်းသော အားထုတ်ခြင်း
၁၇။ သမ္မာသတိ	ကောင်းသော အောက်မေ့ခြင်း
၁၈။ သမ္မာသမာဓိ	ကောင်းသော တည်ကြည်ခြင်း
၁၉။ သမ္မာဉာဏ	မှန်ကန်စွာသိခြင်း
၂၀။ သမ္မာဝိမုတ္တိ	ကောင်းစွာ ကိလေသာမှလွတ်ခြင်း
၂၁။ ဝိဂတ ထိနမိဒ္ဓတာ	စေတသိက် စိတ် ခံ့ခြင်း
၂၂။ အနုဒ္ဓစ္စ	မပျံ့လွင့်ခြင်း
၂၃။ တိဏ္ဏဝိစိကိစ္ဆတာ	တွေးတောယုံမှား မရှိခြင်း
၂၄။ အကောဓ	အမျက် မထွက်ခြင်း
၂၅။ အနုပနာဟိတာ	ရန်ငြိုးမဖွဲ့ခြင်း
၂၆။ အမက္ခ	ဂုဏ်ကို မချေခြင်း
၂၇။ အပဋာသ	ဂုဏ်ရှိသူနှင့် ဂုဏ်မပြိုင်ခြင်း
၂၈။ အနုဿုယျ	သူ့စည်းစိမ်ကို မငြူစူခြင်း
၂၉။ အမစ္ဆရိယ	မိမိစည်းစိမ်ကို ဝန်မတိုခြင်း
၃၀။ အသာဌေယျ	ဂုဏ်မရှိ ရှိယောင်မပြုခြင်း
၃၁။ အမာယသဝိတာ	မိမိအပြစ်ကို မဖုံးခြင်း
၃၂။ အထဒ္ဓိယ	မမိုက်မာခြင်း
၃၃။ အနတိမာန	အလွန် မာန်မမူခြင်း
၃၄။ သောဝစဿတာ	ဆိုဆုံးမလွယ်ခြင်း

၃၅။ ကလျာဏမိတ္တတာ — မိတ်ကောင်းရှိခြင်း
၃၆။ အပ္ပမာဒေါ — ကောင်းမှုဌ် မမေ့လျော့ခြင်း
၃၇။ သဒ္ဓါ — ကြည်ညိုခြင်း
၃၈။ ဟိရီ — မကောင်းမှုမှ ရှက်ခြင်း
၃၉။ ဩတ္တပ္ပ — မကောင်းမှုမှ ကြောက်ခြင်း
၄၀။ ဗာဟုသစ္စ — အကြားအမြင် များခြင်း
၄၁။ ဝီရိယာ ရမ္ဘ — အားထုတ်ခြင်း
၄၂။ ဥပဋ္ဌိတ သတိတာ — ထင်စွာ အောက်မေ့ခြင်း
၄၃။ ပညာသမ္ပဒါ — ဝိပဿနာပညာရှိခြင်း
၄၄။ အာသန္နိဋ္ဌပနာမသီ — မိမိအယူကို မှားသောအားဖြင့် မသုံးသပ်ခြင်း
အနာဓာနဂ္ဂါဟီ — 〃 〃 — မြဲစွာ မယူခြင်း
သုပ္ပဋိနိဿဂ္ဂိတာ — 〃 〃 — စွန့်လွှတ်ခြင်း

ဤသလ္လေခတရား (၄၄) ပါးတို့၌ အထူးမှတ်သားရန်ကား-

ကုသလ ကမ္မပထတရား (၁၀) ပါးတို့၏ အဆုံး ကမ္မဿကတာ ဒိဋ္ဌိတပါး၊ နိယျာနိက သမ္မတ္တမဂ္ဂင်ရှစ်ပါးတို့၏အစ၊ ဒိဋ္ဌိတပါးအား ဖြင့် ဒိဋ္ဌိ ၂-ပါးကို (၁၁) ခု မြောက် သမ္မာဒိဋ္ဌိဟု မှတ်။ ပစ္စဝေက္ခဏာဉာဏ် ၁၉-ပါးကို (၁၉) ခုမြောက် သမ္မာဉာဏ်ဟုမှတ်။ ဖိုလ် တရားကို (၂၀) ခုမြောက် သမ္မာဝိမုတ္တိဟု မှတ်။ဝိပဿနာဉာဏ်ကို (၄၃) ခုမြောက် ပညာ သမ္ပဒါဟု မှတ်။ ကြွင်းသောတရားစုံတို့ သိသာလောက်ပြီ။ ဤကား သလ္လေခတရား (၄၄) ပါးတည်း။

ထိုတရားတို့တွင် ဝိဟိံသ အစရှိကုန်သော အကုသိုလ် တရားစုံတို့သည် ပယ်ဖြတ်အပ် သောကြောင့် (သလ္လေခိတဗ္ဗ) မည်ကုန်၏။ သလ္လေခတရားတို့သည် သလ္လေခိတဗ္ဗ တရားတို့ကို အစဉ်အတိုင်း ဆန့်ကျင်ဖက်ဖြစ်၍ ပယ်ဖြတ်ကုန်၏။ အစဉ်အတိုင်း ဆန့်ကျင်ဖက် ဖြစ်ကြ၍ ပယ်ကြသည်ကို မန္ဒပုဂ္ဂိုလ်အလို့ငှာ သိသာအောင် ပြဦးအံ့။

သလ္လေခိတဗ္ဗအကုသိုလ်တရားစု		သလ္လေခကုသိုလ်တရားစု	
၁။ ဝိဟိံသ	ကို	အဝိဟိံသ	သည်ပယ်
၂။ ပါဏာတိပါတ	〃	ပါဏာတိပါတာဝိရတိ	သည်ပယ်
၃။ အဒိန္နာဒါန	〃	အဒိန္နာဒါနာဝိရတိ	သည်ပယ်
၄။ အာဃြဟ်ဏစရိယ	〃	ပြဟ်ဏစရိယ	သည်ပယ်

သလ္လေခိတဗ္ဗအကုသိုလ်တရားစု		သလ္လေခကုသိုလ်တရားစု	
၅။ မုဿာဝါဒ	ကို	မုဿာဝါဒါဝိရတိ	သည်ပယ်
၆။ ပိသုဏဝါစာ	။	ပိသုဏဝါစာယဝိရတိ	သည်ပယ်
၇။ ဖရုသဝါစာ	။	ဖရုသဝါစာယဝိရတိ	သည်ပယ်
၈။ သမ္ဖပ္ပလာပ	။	သမ္ဖပ္ပလာပါဝိရတိ	သည်ပယ်
၉။ အဘိဇ္ဈာ	။	အနဘိဇ္ဈာ	သည်ပယ်
၁၀။ ဗျာပါဒ	။	အဗျာပါဒ	သည်ပယ်
၁၁။ မိစ္ဆာဒိဋ္ဌိ	။	သမ္မာဒိဋ္ဌိ	သည်ပယ်
၁၂။ မိစ္ဆာသင်္ကပ္ပ	။	သမ္မာသင်္ကပ္ပ	သည်ပယ်
၁၃။ မိစ္ဆာဝစာ	။	သမ္မာဝါစာ	သည်ပယ်
၁၄။ မိစ္ဆာကမ္မန္တ	။	သမ္မာကမ္မန္တ	သည်ပယ်
၁၅။ မိစ္ဆာအာဇီဝ	။	သမ္မာအာဇီဝ	သည်ပယ်
၁၆။ မိစ္ဆာဝါယာမ	။	သမ္မာဝါယာမ	သည်ပယ်
၁၇။ မိစ္ဆာသတိ	။	သမ္မာသတိ	သည်ပယ်
၁၈။ မိစ္ဆာသမာဓိ	။	သမ္မာသမာဓိ	သည်ပယ်
၁၉။ မိစ္ဆာညာဏ	။	သမ္မာညာဏ	သည်ပယ်
၂၀။ မိစ္ဆာဝိမုတ္တိ	။	သမ္မာဝိမုတ္တိ	သည်ပယ်
၂၁။ ထိနမိဒ္ဓ	။	ဝိဂတ ထိနမိဒ္ဓတာ	သည်ပယ်
၂၂။ ဥဒ္ဓစ္စ	။	အနုဒ္ဓစ္စ	သည်ပယ်
၂၃။ ဝိစိကိစ္ဆာ	။	တိဏ္ဏဝိစိကိစ္ဆတာ	သည်ပယ်
၂၄။ ကောဓ	။	အကောဓ	သည်ပယ်
၂၅။ ဥပနာဟိတာ	။	အနုပနာဟိတ	သည်ပယ်
၂၆။ မက္ခ	။	အမက္ခ	သည်ပယ်
၂၇။ ပဠာသ	။	အပဠာသ	သည်ပယ်
၂၈။ ဥဿုယ္ယ	။	အနုဿုယ္ယ	သည်ပယ်

သလ္လေခံတဗ္ဗအကုသိုလ်တရားစု		သလ္လေခကုသိုလ်တရားစု	
၂၉။ မစ္ဆရိယ	ကို	အမစ္ဆရိယ	သည်ပယ်
၃၀။ သာဒ္ဒေယျ	။	အသာဒ္ဒေယျ	သည်ပယ်
၃၁။ မာယာပိတာ	။	အမာယာပိတာ	သည်ပယ်
၃၂။ ဆဒ္ဓ	။	အထဒ္ဓိယ	သည်ပယ်
၃၃။ အတိမာန	။	အနတိမာန	သည်ပယ်
၃၄။ ဒေါဝစဿတ	။	သောဝစဿတာ	သည်ပယ်
၃၅။ ပါပမိတ္တတာ	။	ကလျာဏမိတ္တတာ	သည်ပယ်
၃၆။ ပမာဒ	။	အပ္ပမာဒ	သည်ပယ်
၃၇။ အသဒ္ဓ	။	သဒ္ဓါ	သည်ပယ်
၃၈။ အဟိရိက	။	ဟိရီ	သည်ပယ်
၃၉။ အနောတ္တပ္ပ	။	သြတ္တပ္ပ	သည်ပယ်
၄၀။ အပ္ပသုတတာ	။	ဗာဟုသစ္စ	သည်ပယ်
၄၁။ ကောသဇ္ဇ	။	ဝီရိယာရမ္ဘ	သည်ပယ်
၄၂။ မုဋ္ဌဿစ္စ	။	ဥပဋ္ဌိတ သတိယာ	သည်ပယ်
၄၃။ ပညာဝိပတ္တိ	။	ပညာသမ္ပဒါ	သည်ပယ်
၄၄။ သန္ဒိဋ္ဌိပရာမာသိ	။	အသန္ဒိဋ္ဌိပရာမာသိ	သည်ပယ်
အာဓာနဂ္ဂါဟိ	။	အနာဓာနဂ္ဂါဟိ	သည်ပယ်
ဒုပ္ပဋိနိဿဂ္ဂိတာ	။	သုပ္ပဋိနိဿဂ္ဂိတာ	သည်ပယ်

ဤသို့ ဘုရားရှင်ကိုယ်တော်တိုင် ဟောကြားတော်မူအပ်ကုန်မသော သလ္လေခိတဗ္ဗတရား သလ္လေခတရားတို့ကို ဟုတ်တိုင်းထင်ဇင်သိမြင်ကြရကုန်သဖြင့် သက်သတ်လွတ်စား သော အကုံ၊ သစ်သီး သစ်ရွက်ကိုသာ စားသော အကျင့်တို့သည် သာသနာ၌အကျင့်ဖြစ်သော သလ္လေခမျိုးပင် မဟုတ်ကုန်၊ ရှေး၌ပြဆိုအပ်ခဲ့ပြီးကုန်သော အညတိတ္ထိယ၊ အစေလက အကျင့်တို့တွင် (၂၁) (၂၂) အမှတ်ဘို့၌ (နမစ္ဆံ နမံသံ) ဟူသောအကျင့်၊ (၄၅) အမှတ်၌ (နဝမူလ ဖလာဟာရ) အကျင့်တို့သာ ဖြစ်ကုန်၏ဟု မြဲမြဲခိုင်ခိုင် မှတ်ယူနိုင်လောက်ပြီ။

ဤအရာ၌ သေရည် သေရက်ကို သောက်စားခြင်းမှ ရှောင်ကြဉ်သော "နသုရံ-နမေရယံ" ဟူသော အာကျင့်သည် ယခင်ပြဆိုအပ်ခဲ့ပြီးသော အညတိတ္ထိယတို့၏ အတ္တန္တပ၊ အတ္တကိလမထာနုယောဂ၊ နိဗ္ဗာမအကျင့်တို့တွင် (၂၁) (၂၂) အမှတ်၌ ပါဝင်လျက်ရှိသည်။ ထိုသို့ ပါဝင်သော်လည်း သေရည် သေရက်ကို သောက်စားခြင်းမှ ရှောင်ကြဉ်သောအကျင့်သည် ဘုရားရှင် အလိုရှိတော်မူအပ်သော အကျင့်ဖြစ်သောကြောင့် ထိုအကျင့်နှင့် အညတိတ္ထိယတို့၏ အတ္တန္တပ၊ အတ္တကိလမထာနုယောဂ၊ နိဗ္ဗာမ အကျင့်ချင်း အလားတူ တနေရာတည်းယူ၍ ဟောတော်မူအပ်ကုန်သော (နမစ္ဆံ-နမံသံ) ဟူသော သက်သတ်လွတ်စားသော အကျင့်။ "နဝမူလဖလာဟာရ" ဟူသော သစ်မြစ် သစ်သီးကိုသာ စားသောအကျင့်တို့သည်လည်း ဘုရားရှင် အလိုရှိတော်မူအပ်ကုန်သော အကျင့်တို့ပင် ဖြစ်ကုန်ရာသည် မဟုတ်တုံလော ဟူငြားအံ့၊ မဖြစ်ကုန်။

အကယ်၍ "နသုရံ နမေရယံ" ဟူသော အကျင့်နှင့် အညတိတ္ထိယ၊ အတ္တန္တပ၊ အတ္တကိလမထာနုယောဂ၊ နိဗ္ဗာမ အကျင့်ချင်း အလားတူ တနေရာတည်းဟူ၍ ဟောတော်မူကာမျှဖြင့် ဘုရားရှင် အလိုရှိတော်မူအပ်သော အကျင့်ဖြစ်ခဲ့ပါလျှင် အညတိတ္ထိယတို့၏ အတ္တန္တပ၊ အတ္တကိလမထာနုယောဂ၊ နိဗ္ဗာမ အကျင့်တို့တွင် အစဆုံးဖြစ်ကုန်သော (နဂ္ဂ၊ မုတ္တာစာရ၊ ဟတ္ထာဝပလေခန) အကျင့်တို့ကိုလည်း ထို (နသုရံ နမေရယံ) ဟူသော အကျင့်နှင့်ပင် အညတိတ္ထိယတို့၏ အတ္တန္တပ၊ အတ္တကိလမထာနုယောဂ၊ နိဗ္ဗာမ အကျင့်ချင်းအလားတူ တနေရာတည်းဟူ၍ ဟောတော်မူအပ်ကုန်သဖြင့် အဝတ်မဝတ်သောအကျင့် ဇင်္ဂတ်ကျင်ကြီးစွန့်သော အကျင့် ကျင့်ကြီးစွန့်ပြီးလျှင် လက်ချောင်း လက်ဝါးတို့ဖြင့်သာ သုတ်သင်သော အကျင့်တို့သည်လည်း ဘုရားရှင်၏ အလိုတော်ကျဖြစ်အောင် မသွေမလွှဲ လိုက်နာခံ၍ အဝတ်မဝတ် မတ်တတ် ကျင်ကြီးစွန့်ပြီးလျှင် မိမိ၏ လက်ဝါးစောင်းများကို တုတ်ချောင်း ပြုရဦးမည်ကဲ့သို့ ဖြစ်လိမ့်မည်။ ထို့ကြောင့် စောဒကစကားအတိုင်းကို မမှတ်ယူအပ်။

မှတ်ယူအပ်သည်ကား။ ။အညတိတ္ထိယတို့၏ အကျင့်သည် အရှုံးခြင်းတောင်းခံကဲ့သို့ အချို့ကောင်း အချို့မကောင်း ဖြစ်သည်၊ ထို့ကြောင့် သီလကွန် အဋ္ဌကထာ ငြဟ္မသုလဇာတ် အဖွင့်၌။

"ဥမ္မတ္တကပစ္ဆိယံ ပဥဝဏ္ဏ၊ ဂုထ၊ ဂေါမယာဒိနိဝိယ စေတ္ထ သုန္ဒရမ္မိ အသုန္ဒရမ္မိ ဟောတိယေဝ" ဟု ဖွင့်ပြတော်မူအပ်၏။

စ၊ ဆက်၍ ဆိုဦးအံ့။ ဥမ္မတ္တကပစ္ဆိယံ၊ အရှုံးခြင်းတောင်းခံ၌ ပဥဝဏ္ဏ ဂုထ ဂေါမယာဒိနိဝိယ။ မုန့်ပိုင်း မစင် နွားချေး စသည်တို့ကဲ့သို့။ ထို့ကြောင့် ဤတိတ္ထိယတို့၏ ဝါဒအကျင့်ဖြစ်၏။ သုန္ဒရမ္မိ၊ ကောင်းသောဝါဒ အကျင့်သည်လည်းကောင်း။ အသုန္ဒရမ္မိ၊ မကောင်းသော ဝါဒ အကျင့်သည်လည်းကောင်း။ ဟောတိယေဝ၊ ရှိသည်သာလျှင်တည်း။ ဤကား-အနက်။

ထိုတွင် "နသုရံ နမေရယံ" ဟူသော သေရည် သေရက်ကို သောက်စားခြင်းမှ ကြဉ်သော အညတိတ္ထိယတို့၏ အကျင့်သည် "မင်္ဂုပါနာစသံယမော" အစရှိသည်ဖြင့် ထိုထိုပါဠိတော်တို့၌ ဟောတော်မူအပ်သော သာသနာတော် အကျင့်နှင့် ဆက်စပ်သောကြောင့် ဘုရားရှင် အလိုရှိတော်မူအပ်သော ကောင်းမြတ်သော အကျင့်ပင်ဖြစ်သည်။ "နမစ္ဆံ နမံသံ"

ဟူသော သက်သတ်လွတ်စားသော အကျင့်။ ဝနမူလ ဖလာဟာရ" ဟူသော သစ်သီး သစ်မြစ်ကိုသာစားသောအကျင့်တို့သည်ကား ထိုကဲ့သို့ သာသနာတော်အကျင့်နှင့် မဆက်ဆံသော ကြောင့် ဘုရားရှင်အလိုရှိတော်မူအပ်သော အကျင့်မဟုတ်ဟု မှတ်။

အဘယ်ကြောင့် သာဃနာတော်အကျင့်နှင့် မဆက်ဆံသနည်းဟူမူ ထို သက်သတ်လွတ် စားခြင်း သစ်မြစ် သစ်သီးကိုသာ စားခြင်းဟု ဆိုအပ်သော အကျင့်များကို မူတင်တရား များကိုကဲ့သို့ ခွင့်ပြုတော်မူအပ်သော အရာမှရှိသောကြောင့် လည်းကောင်း။ သံဃာကို သင်း ခဲ့လို၍ ရှင်ဒေဝဒတ် တောင်းပန်အပ်သော ဝတ္ထုငါးပါးတွင် သက်သတ်လွတ် ပါဝင်သော ကြောင့်လည်းကောင်း မဆက်ဆံခြင်းဖြစ်သည်။

(တ) ဤအရာ၌ ရှင်ဒေဝဒတ် တောင်းပန်အပ်သော ဝတ္ထုငါးပါးကို အကျဉ်းအား ဖြင့် ပြဆိုဦးအံ့။

(၁) သာဓု ဘန္တေ ဘိက္ခူ ယာဝဇီဝံ အာရညကာ အဿု၊ ယော ဂါမန္တံ ဩသရေယျ၀ဇ္ဇံ နံ ဖုသေယျ။

ဘန္တေ၊ အရှင်ဘုရား။ သာဓု၊ တောင်းပန်ပါ၏။ ဘိက္ခူ၊ ရဟန်းတို့သည်။ ယာဝဇီဝံ၊ တသက်ပတ်လုံး။ အာရညကာ၊ တောကျောင်းနေကုန်သည်။ အဿု ဘဝန္တု၊ ဖြစ်ပါစေကုန် လော။ ယောဘိက္ခု၊ အကြင်ရဟန်းသည်။ ဂါမန္တံ၊ ရွာနီးကျောင်းသို့။ ဝါ၊ ရွာသို့။ ဩသရေယျ၊ ကပ်ငြားအံ့။ နံ ဘိက္ခုံ၊ ထိုရဟန်းသို့။ ဝဇ္ဇံ၊ အာပတ်သည်။ ဖုသေယျ- ဖုသတု၊ ရောက်ပါစေလော။ ဤသို့ ရှင်ဒေဝဒတ် တောင်းပန်အပ်၏။

အလံ ဒေဝဒတ္တ ယော ဣစ္ဆတိ အာရညကော ဟောတု၊ ယော ဣစ္ဆတိ ဂါမန္တေ ဝိဟရတု။

ဒေဝဒတ္တ၊ ဒေဝဒတ်။ အလံ၊ မသင့်။ ယောဘိက္ခု၊ အကြင်ရဟန်းသည်။ ဣစ္ဆတိ၊ တောကျောင်း၌ နေလို၏။ သောဘိက္ခု၊ ထိုရဟန်းသည်။ အာရညကော၊ တောကျောင်း၌ နေသည်။ ဟောတု၊ ဖြစ်စေတော့။ ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ ဣစ္ဆတိ၊ ရွာကျောင်း၌နေလို၏။ သောဘိက္ခု၊ ထိုရဟန်းသည်။ ဂါမန္တေ၊ ရွာကျောင်း၌။ ဝိဟရတု၊ နေစေတော့။ ဤသို့ ဘုရားရှင် ပယ်တော်မူ၏။ ဤကား-တ၀တ္ထု။

(၂) ယာဝဇီဝံ ပိဏ္ဍပါတိကာ အဿု၊ ယော နိမန္တနံ သာဒိယေယျ၊ ဝဇ္ဇံ နံ ဖုသေယျ။

ဘန္တေ၊ အရှင်ဘုရား။ သာဓု၊ တောင်းပန်ပါ၏။ ဘိက္ခူ၊ ရဟန်းတို့သည်။ ယာဝဇီဝံ၊ တသက်ပတ်လုံး။ ပိဏ္ဍပါတိကာ၊ သပိတ်လက်ဝဲ၍ အမြဲဆွမ်းခံကြွကုန်သည်။ အဿု ဘဝန္တု၊ ဖြစ်ပါစေကုန်လော့။ ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ နိမန္တနံ၊ ဒါယကာတို့ ပင့်ဖိတ်၍ လှူအပ်သောဆွမ်းကို။ သာဒိယေယျ၊ သာယာခံယူငြားအံ့။ နံ ဘိက္ခုံ၊ ထိုရဟန်းသို့။ ဝဇ္ဇံ၊ အာပတ်သည်။ ဖုသေယျ-ဖုသတု၊ ရောက်ပါစေလော။ ဤသို့ ရှင်ဒေဝဒတ် တောင်းပန်၏။

ယော ဣစ္ဆတိ ပိဏ္ဍပါတိကော ဟောတု၊ ယော ဣစ္ဆတိ နိမန္တနံ သာဒိယတု။

ယော ဘိက္ခု၊ အကြင် ရဟန်းသည်။ ဣစ္ဆတိ၊ သပိတ်လက်စွဲ၍ အမြဲဆွမ်းခံလို၏။ သော ဘိက္ခု၊ ထို ရဟန်းသည်။ ပိဏ္ဍပါတိကော၊ သပိတ်လက်စွဲ၍ အမြဲဆွမ်းခံသည်။ ဟောတု၊ ဖြစ်စေတော့။ ယော ဘိက္ခု၊ အကြင် ရဟန်းသည်။ ဣစ္ဆတိ၊ ဒါယကာတို့ ပင့်ဖိတ်၍ လှူအပ်သောဆွမ်းကို သာယာခံယူလို၏။ သော ဘိက္ခု၊ ထို ရဟန်းသည်။ နိမန္တနံ၊ ဒါယကာတို့ ပင့်ဖိတ်၍ လှူအပ်သောဆွမ်းကို။ သာဒိယတု၊ သာယာခံယူစေတော့။ ဤသို့ ဘုရားရှင် ပယ်တော်မူ၏။ ဤကား တဝတ္ထု၊။

(၃) ယာဝဇီဝံ ပံသုကူလိကာ အဿု၊ ယော ဂဟပတိ စီဝရံ သာဒိယေယျ၊ ဝဇ္ဇံ နံ ဖုသေယျ။

ဘန္တေ၊ အရှင်ဘုရား။ သာဓု၊ တောင်းပန်ပါ၏။ ဘိက္ခူ၊ ရဟန်းတို့သည်။ ယာဝဇီဝံ၊ တသက်ပတ်လုံး။ ပံသုကူလိကာ၊ ပုံသကူသက်န်းကို ဆောင်ကုန်သည်။ အဿ ဘဝန္တော်၊ ဖြစ်ပါစေကုန်လော့။ ယော ဘိက္ခု၊ အကြင် ရဟန်းသည်။ ဂဟပတိစီဝရံ၊ ဒါယကာတို့ လှူအပ်သော သက်န်းကို။ သာဒိယေယျ၊ သာယာခံယူငြားအံ့။ နံ ဘိက္ခုံ၊ ထို ရဟန်းသို့။ ဝဇ္ဇံ၊ အာပတ်သည်။ ဖုသေယျ ဖုသတု၊ ရောက်ပါစေလော့။ ဤသို့ ရှင်ဒေဝဒတ် တောင်းပန်၏။

ယော ဣစ္ဆတိ ပံသုကူလိကော ဟောတု၊သော ဣစ္ဆတိ ဂဟပတိစီဝရံသာဒိယတု။

ယော ဘိက္ခု၊ အကြင် ရဟန်းသည်။ ဣစ္ဆတိ၊ ပုံသကူဆောင်လို၏။ သော ဘိက္ခု၊ ထို ရဟန်းသည်။ ပံသုကူလိကော၊ ပုံသကူသက်န်းကို ဆောင်သည်။ ဟောတု၊ ဖြစ်စေတော့။ ယော ဘိက္ခု၊ အကြင် ရဟန်းသည်။ ဣစ္ဆတိ၊ ဒါယကာတို့ လှူအပ်သော သက်န်းကို သာယာခံယူလို၏။ သော ဘိက္ခု၊ ထိုရဟန်းသည်။ ဂဟပတိ စီဝရံ၊ ဒါယကာတို့ လှူအပ်သော သက်န်းကို။ သာဒိယတု၊ သာယာခံယူစေတော့။ ဤသို့ ဘုရားရှင် ပယ်တော်မူ၏။ ဤကား တဝတ္ထု၊။ (ဤဝတ္ထုသုံးပါးတို့၌ ပယ်တော်မူချက်စကားတော် တမျိုးတည်း။)

(၄) ယာဝဇီဝံ ရုက္ခမူလိကာ အဿု၊ ယော ဆန္နံ ဥပဂစ္ဆေယျ၊ ဝဇ္ဇံ နံ ဖုသေယျ။

ဘန္တေ၊ အရှင်ဘုရား။ သာဓု၊ တောင်းပန်ပါ၏။ ဘိက္ခူ၊ ရဟန်းတို့သည်။ ယာဝဇီဝံ၊ တသက်ပတ်လုံး။ ရုက္ခမူလိကာ၊ သစ်ပင်ရင်းတို့၌ သာနေကြကုန်သည်။ အဿု ဘဝန္တော်၊ ဖြစ်ပါစေကုန်လော့။ ယော ဘိက္ခု၊ အကြင် ရဟန်းသည်။ ဆန္နံ၊ အမိုးသို့။ ဥပဂစ္ဆေယျ၊ ကပ်ငြားအံ့။ နံ ဘိက္ခုံ၊ ထိုရဟန်းသို့။ ဝဇ္ဇံ၊ အာပတ်သည်။ ဖုသေယျဖုသတု၊ ရောက်ပါစေလော့။ ဤသို့ ရှင်ဒေဝဒတ် တောင်းပန်၏။

အဋ္ဌမာသေ ခေါ် မယာ ဒေဝဒတ္တ ရုက္ခမူလ သေနာသနံ အနုညာတံ။

ဒေဝဒတ္တ၊ ဒေဝဒတ်၊ မယာ၊ ငါသည်။ အဋ္ဌမာသေ၊ ဆောင်း နွေ ရှစ်လ၌။ ရုက္ခမူလသေနာသနံ၊ သစ်ပင်ရင်းတည်းဟူသော ရုက္ခမူကျောင်းကို။ အနုညာတံ၊ ခွင့်ပြုတော်မူအပ်ပြီ။ ဤသို့ ဘုရားရှင်ပယ်တော်မူ၏။ မိုးလေးလခွဲ ခွင့်မပြုပေဟူသောအဓိပ္ပါယ်။ ဤကား-တဝတ္ထု၊။

(၅) ယာဝဇီဝံ မစ္ဆမံသံ နခါဒေယျုံ၊ ယောမစ္ဆမံသံခါဒေယျ၊ဝဇ္ဇံ နံ ဟုသေယျ။

ဘန္တေ၊ အရှင်ဘုရား။ သာဓု၊ တောင်းပန်ပါ၏။ ဘိက္ခူ၊ ရဟန်းတို့သည်။ ယာဝဇီဝံ၊ တသက်ပတ်လုံး။ မစ္ဆမံသံ၊ ငါးသား အမဲသားကို။ နခါဒေယ်ျ၊ မစားပါစေကုန်လင့်။ ယောဘိက္ခု၊ အကြင်ရဟန်းသည်။ မစ္ဆမံသံ၊ ငါးသား အမဲသားကို။ ခါဒေယျ၊ စားငြားအုံ။ နံဘိက္ခုံ၊ ထိုရဟန်းသို့။ ဝဇ္ဇံ၊ အာပတ်သည်။ ဟုသေယျ-ဟုသတု၊ ရောက်ပါစေလော့။ ဤသို့ ရှင်ဒေဝဒတ် တောင်းပန်အပ်၏။

တိကောဋိပရိသုဒ္ဓံ မစ္ဆမံသံ၊ အဒိဋ္ဌံ၊ အဿုတံ၊ အပရိသင်္ကိတံ။

ဒေဝဒတ္တာ၊ ဒေဝဒတ်။ မယာ၊ ငါသည်။ တိကောဋိပရိသုဒ္ဓံ၊ သုံးပါးကုန်သော အစွန်းတို့မှ လွတ်သဖြင့် စင်ကြယ်သော။ အဒိဋ္ဌံ၊ ရဟန်းဖို့သတ်၍ ယူလာသည်ကို မမြင်အပ်သော။ အဿုတံ၊ ရဟန်းဖို့သတ်၍ ယူလာသည်ကို မကြားအပ်သော။ အပရိသင်္ကိတံ၊ မြင်သဖြင့်လည်းကောင်း၊ ကြားသဖြင့်လည်းကောင်း၊ မြင်ကြားခြင်းတို့မှ ကင်းသဖြင့်လည်းကောင်း။ ရဟန်းတို့ဖို့ ပြုအပ်လေသလောဟု ယုံမှားမရှိအပ်သော။ မစ္ဆမံသံ၊ ငါးသား အမဲသားကို။ အနုညာတံ၊ ခွင့်ပြုတော်မူအပ်၏။ ဤသို့ဘုရားရှင်ပယ်တော်မူ၏။ ဤကား-တဝတ္ထု။

ဤဝတ္ထုငါးပါးတို့တွင် တောကျောင်းနေသော ပဌမဝတ္ထုဒွ်ဲ ဘုရားရှင်အလိုတော်ကား။

(၁) တောကျောင်းနေမှ မဂ်ဖိုလ်ကို ရနိုင်မည်၊ ရွာကျောင်းဒွ်နေလျှင်ရနိုင်မည် မဟုတ်သော ပုဂ္ဂိုလ်သည် တောကျောင်းဒွ် နေ။

(၂) ရွာကျောင်းနေမှ မဂ်ဖိုလ်ကို ရနိုင်မည်၊ တောကျောင်းနေလျှင် ရနိုင်မည် မဟုတ်သော ပုဂ္ဂိုလ်သည် ရွာကျောင်းဒွ်နေ။

(၃) တောကျောင်းဒွ်ဖြစ်စေ ရွာကျောင်းဒွ်ဖြစ်စေ မဂ်ဖိုလ်ကို ရနိုင်မည့်ပုဂ္ဂိုလ်သည် တောကျောင်းဒွ်သာနေ။

(၄) တောကျောင်းဒွ်ဖြစ်စေ ရွာကျောင်းဒွ်ဖြစ်စေ မဂ်ဖိုလ်ကို ရနိုင်မည်မဟုတ်သောပုဂ္ဂိုလ်သည် တောကျောင်းဒွ်သာနေ။ ဤကား-ဘုရားအလိုတော်တည်း။

ရှင်ဒေဝဒတ် တောင်းပန်သောအတိုင်း အခွင့်ပေးတော်မူလိုက်လျှင် ထိုပုဂ္ဂိုလ်လေးဦးတို့တွင် ဒုတိယပုဂ္ဂိုလ်၏ မဂ်ဖိုလ်အန္တံရာယ် ဖြစ်ရာသည်။ ထို့ကြောင့် ရွာကျောင်းဒွ်နေလိုသူနေဟု မိန့်တော်မူ၍ ရှင်ဒေဝဒတ်၏ လျှောက်ထားချက်ကို ပယ်ဖျက်တော်မူလိုက်သည်။ တောကျောင်းဒွ် နေခြင်းကို အလိုရှိတော်ရင်းပင်ဖြစ်သည်။ ပိဏ္ဍပါတ်ခံဝတ္ထု၊ ပုံသကူဆောင်ဝတ္ထု၊ ရှစ်လ ရက္ခမူနေ ဝတ္ထုတို့ဒွ်လည်း ဤနည်းအတိုင်းသိ။ ထို့ကြောင့် သမန္တပါသာဒိက အဋ္ဌကထာဒွ်၊

တေနေဝုပါယေန ပိဏ္ဍပါတိကဝတ္ထုသို့မို့ ပုံသကူလိကဝတ္ထုသို့မို့ အဋ္ဌမာသေ ရက္ခမူလိကဝတ္ထုသို့မို့ ဝိနိစ္ဆယော ဝေဒိတဗ္ဗော ဟူ၍ မိန့်တော်မူ၏။

တေနေဝုပါယေန၊ ဤတောကျောင်းနေ ဝတ္ထုနည်းအားဖြင့်သာလျှင်။ ပိဏ္ဍပါတိကဝတ္ထုသို့မို့၊ ပိဏ္ဍပါတ်ခံ ဝတ္ထုဒွ်လည်းကောင်း၊ ပုံသကူလိကဝတ္ထုသို့မို့၊ ပုံသကူဆောင်ဝတ္ထုဒွ်

လည်းကောင်း။ အင်္ဂမာသေ၊ ဆောင်းဦးရှစ်သင်္ဃာ။ ရက္ခမူလိကဝတ္ထုသို့မို့၊ ရက္ခမူနေဝတ္တုဉ် လည်းကောင်း။ ဝိနိစ္ဆယော၊ အဆုံးအဖြတ်ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ဤကား-အနက်။

ဤသို့ပုဂ္ဂိုလ်လေးဦးဖြင့် ဝေဖန်၍ အင်္ဂကထာ၏ ဆုံးဖြတ်နည်း၌ သက်သတ်လွတ်စား သော မစ္ဆ မံသဝတ္ထုမပါ၊ မပါခြင်းသည် ရှေးဝတ္ထုလေးပါး အကျင့်တရားတို့ကို မူတင် အဖြစ်ဖြင့် ခွင့်ပြုတော်မူအပ်သောအရာ။ ချီးမွမ်းတော်မူအပ်သော အရာများ ရှိသကဲ့သို့ သက် သတ်လွတ်စားသောအကျင့်ကို ခွင့်ပြုတော်မူအပ်သောအရာ။ ချီးမွမ်းတော်မူအပ်သော အရာ သည် ထို့ထို ပါဠိတော်များစွာတို့၌ပင်မရှိ၊ အတ္တန္တပ၊ အတ္တကိလမထာနုယောဂ၊ နိဗ္ဗာန အကျင့်ဟူ၍ ဟောကြားတော်မူအပ်သော အရာသာ ရှိသောကြောင့်တည်း။

တောကျောင်းနေ ပဌမဝတ္ထုကဲ့သို့ပင် ကြင်းဝတ္ထုလေးပါးတို့၌လည်း နည်းတူယူရ မည်ဟု ဟောမှား ပြောမှားရှိကြခြင်းသည် ဤအင်္ဂကထာကိုလည်း မကြည့်ရှုမိ၊ သက်သတ်လွတ် ဓူတင်ဟု မရှိသည်ကိုလည်း မဆင်ခြင်မိသောကြောင့်သာ ဖြစ်ပေလိမ့်မည်။

ယခုကာလ အစာကိုဖြတ်၍ အငတ်နေကြ သက်သတ်လွတ်စား၍ ကျင့်ကြ၊ သစ်သီးကို စား၍ ကျင့်ကြကုန်သော ပုဂ္ဂိုလ်တို့သည် ပဋ္ဌပေါဿထဇာတ်တော်၊ ကဏ္ဍဇာတ်တော်များကို ကြည့်ရှုတွေ့မြင်ကြ ကြားဖူးကြသောကြောင့် ဘုရားအလောင်းတော်တို့၏ နည်းလမ်းအတိုင်း ကျင့်မည်ဟု ကျင့်ကြဟန်ရှိသည်။

ပဋ္ဌပေါဿထဇာတ်၌ အနုရုဒ္ဓါအလောင်း ခို၏ ကျက်စားခြင်းကိုဖြတ်၍ ရသေ့ သခ်ိမ်း ကျောင်းအနီး၌ ဥပုသ်သုံးခြင်းသည် ယခုလူတို့ကဲ့သို့ အစာဖြတ်၍ အငတ်ခံနေခြင်းကို ပမာဏ ပြု၍ အားထုတ်ရင်းမဟုတ်၊ ဤရာဂကို မနှိမ်နင်းနိုင်ပဲ ကျက်စားခြင်းငှာ မသွားအံ့ဟု မိမိ၏ ရာဂကို နှိပ်နင်းခြင်းကိုသာ ပမာဏပြု၍ အားထုတ်ရင်းဖြစ်သည်။ ကျက်စားရာသို့ မသွားခြင်း သည်ကား ကဲ့ကူး-ရေပါ ဆိုအပ်သည်သို့သာ ဖြစ်သည်။ ထို့ကြောင့် ဇာတ်အင်္ဂကထာ၌ အလောင်းတော်ခိုမင်း၏ အာဘော်ကို-

နု ဣဒါနိ ဣဒံ အနိဂ္ဂဟိတ္တာ ဂေါစရာယ ပက္ကမိဿာမိ-ဟူ၍ ပြဆိုတော်မူ၏။

ဣဒါနိ၊ ယခုအခါ၌။ ဣဒံ၊ ဤရာဂကို။ အနိဂ္ဂဟိတ္တာ၊ မနှိမ်နင်းမူ၍။ ပါ၊ မနှိမ်နင်း နိုင်ပဲ။ ဂေါစရာယ၊ ကျက်စားခြင်းငှာ။ နု ပက္ကမိဿာမိ၊ မသွားတော့အံ့။ ရာဂနှိမ်နင်းနိုင်မှ ကျက်စားရာသို့ သွားမည်ဟူသော အဓိပ္ပာယ်တည်း။

ထိုအနုရုဒ္ဓါအလောင်း ခိုမှကြင်းကုန်သော အရှင်သာရိပုတ္တရာအလောင်း မြေခွေး၏ ဒေါသကို နှိမ်နင်းခြင်း၊ ရှင်မောဂ္ဂလာန်အလောင်း မြေခွေး၏ လောဘကိုနှိမ်နင်းခြင်း၊ အရှင်ကဿပအလောင်း ဝံ၏ အတြိစ္ဆာကို နှိမ်နင်းခြင်း၊ ဘုရားအလောင်းတော် ရှင်ရသေ့၏ မာနကို နှိမ်နင်းခြင်းတို့၌လည်း နည်းတူပင် သည်။

ကဲ့ကူးဇာတ်တော်၌ အလောင်းတော် ကဏ္ဍရသေ့သည် အာဝရဏိက၊ ရက္ခမူလိက၊ အပ္ပော-ကာသိက၊ နေသဇ္ဇိက၊ ကောသနိက ဟူကုန်သော ဓူတင်တရားစုံတို့ကိုသာ မြတ်သောတရားဟု အဓိဋ္ဌာန ပမာဏပြု၍ ကျင့်တော်မူရင်းဖြစ်သည်။ ဓူတင်မဟုတ်ကုန်သော ဂမြဋ္ဌသာအိုခြင်း၊

သွားတည်းဟူသော ကျည်ပွေ့ရှိသည်ဖြစ်၍ မီးဖြင့်မချက်အပ်သော အာဟာရတို့ကိုသာစား၊ ခြင်း၊ သလေး မယဉ စသော စပါးမျိုးတို့ဖြင့် ပြုလုပ်အပ်သော အာဟာရကို မစား၊ခြင်းတို့ကိုကား မြတ်သော တရားဟု အလေးဂရု ပမာဏပြု၍ ကျင့်တော်မူရင်းမဟုတ်၊ ထို့ကြောင့် ကဏ္ဍတ် အဋ္ဌကထာ၌-

ဧတေ တ္တကေ ဓုတင်္ဂကေ သမ္ဗာဒါယ ဝသတိ ဟူ၍ ဖွင့်ပြတော်မူအပ်၏။

တ္တကေ၊ ဤမျှအတိုင်းအရှည်ရှိကုန်သော၊ ဧတေ ဓုတင်္ဂကေ၊ ထို အာရညိက စသော ဓုတင်တရားတို့ကို။ သမာဒါယ၊ ဆောက်တည်၍။ ဝသတိ၊ နေ၏။

ဤအဋ္ဌကထာပါဠ်၌ "ဓုတင်္ဂကေ" ဟူသောပုဒ်ဖြင့် ဆိုအပ်ခဲ့ကုန်ပြီးသော အာရညိက စသော ဓုတင်တရားတို့ကိုသာ မြတ်သောတရားဟု အလေးဂရု ပမာဏပြု၍ ကျင့်တော်မူသည်၏အဖြစ်ကို ပြဆိုတော်မူအပ်၏။ ဤမြွေ့ဆိုအပ်ခြင်း စသည်တို့ကား မြတ်သောတရားဟု အလေးဂရု ပမာဏပြု၍ ကျင့်တော်မူရင်းမဟုတ်၊ လွန်ကဲသော အုပိစ္ဆတရား ရှိခြင်းကြောင့် သစ်ရွက်ကျောင်းကိုမျှ မဆောက်လုပ်ပဲ နေမိနေရာ မြွေ့ဆိုသာအိပ်ခြင်း၊ တစုံတခုသောအရပ်သို့ သွား၍ အာဟာရကို မရှာပဲ ရမိရရာ မိမိနေမြဲသစ်ပင်မှ ကြွေကျသော သစ်သီး စသည်ကို စားသောက်၍ နေနိုင်ခြင်းမျှသာ ဖြစ်သည်။

အကယ်၍ ထိုမြွေ့ဆိုအိပ်ခြင်း စသည်ကိုပင် မြတ်သောတရားဟု အလေးဂရု ပမာဏပြု၍ ကျင့်သည်ဖြစ်ငြားအံ့၊ ယခင်ရှေး၌ ပြဆိုအပ်ခဲ့ပြီးသော တဏ္ဍိလသေယျ စသော အတ္ထန္တပ၊ အတ္တကိလမထာနုယောဂ၊ နိဗ္ဗာန အကျင့်ဟု ဆိုသင့် ဆိုထိုက်၏။ ဘုရားရှင်၏ အလောင်းတော်တို့စဉ်လျက် ထို အတ္တန္တပ၊ အတ္တကိလမထာနုယောဂ၊ နိဗ္ဗာန အကျင့်မျိုးကို ကျင့်ကြပါကုန်၏လော ဟူမူ သဗ္ဗညုတဉာဏ်တော်ကို မရသေးမီ ကောင်းဆိုးယုတ်မြတ်ကို မဖေဝေါက်မပြန် အမှန်မသိနိုင်သေးသောကြောင့် ပရိပို့ဖြစ်စဉ်အခါ၌ လေးဖက်ထောက်၍ နွားချေးကို စားသောအကျင့်၊ မိမိ ကျင်ငယ် ကျင်ကြီးကို မိမိစားသောအကျင့်မျိုးကိုပင် ကျင့်တော်မူကုန်သေး၏။ ထို့ကြောင့် ဘုရားဖြစ်တော်မူသောအခါ၌-

သော ခေါ အဟံ သာရိပုတ္တ ယေ တေ ဂေါဒ္ဓာဟဋိတဂါဝေါ အပဂတ ဂေါပါလကာ၊ တတ္ထ စတုက္ကဏ္ဍိကော ဥပသက်မိတ္တာ၊ ယာနိ ဝစ္ဆကာနံ တရုဏာနံ ဂေါမယာနိ၊ တာနိ သုဒံ အာဟာရေမိ၊ ယာဝကိဝဉ္စ မေ သာရိပုတ္တ ဣဒံ မုတ္တကရီသံ အာဟာရေမိ-ဟူ၍ ဟောတော်မူအပ်ပြီ။ မူလပဏ္ဏာသ၊ မဟာဆိဟနာဒသုတ်ပါဠိတော်။

သာရိပုတ္တ၊ သာရိပုတ္တရ။ သော်ဟံ၊ ထိုအလောင်းတော် ငါသည်။ ယေ တေ ယတ္ထ၊ အကြင်အရပ်၌။ အပဂတဂေါပါလကာ၊ နွားကျောင်းဘားမှ ကင်းကုန်သော။ ဂေါဒ္ဓာ၊ နွားခြံမှ။ ပဋိဂဂါဝေါ၊ ထွက်လာကုန်သောနွားတို့သည်။ အတ္ထိ-သန္တိ၊ ရှိကုန်၏။ ကတ္ထ၊ ထိုအရပ်သို့။ စတုက္ကဏ္ဍိကော၊ လေးဘက်ထောက်လျက်။ ဥပသက်မိတ္တာ၊ ကပ်၍။ ဝစ္ဆကာနံ၊ နွားငယ်တို့၏။ တရုဏာနံ၊ နွားပေါက်တို့၏။ ယာနိ ဂေါမယာနိ။ အကြင်နွားချေးတို့သည်။ အတ္ထိ-သန္တိ၊ ရှိကုန်၏။ တာနိ၊ ထိုနွားချေးတို့ကို။ အာဟာရေမိ၊ စား၏။ သာရိပုတ္တ၊

သာရိပုတ္တရာ။ ယာဝကိဝဉ္စ-ယတ္တကံကာလံ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ မေ၊ အလောင်းတော်၏။ သကံ၊ ကိုယ့်ဟာဖြစ်သော။ မုတ္တကရီသံ၊ ကျင်ငယ် ကျင်ကြီးသည်။ အပရိယာဒိန္နံ၊ မကုန်သေးသည်။ ဝါ၊ ဝမ်းတွင်းဥ၌ရှိသေးသည်။ ဟောတိ၊ ဖြစ်၏။ တာဝ-တတ္တကံကာလံ၊ ထိုမျှလောက်သော ကာလပတ်လုံး။ သကံယေဝ၊ ကိုယ့်ဟာသာလျှင်ဖြစ်သော။ မုတ္တကရီသံ၊ ကျင်ငယ် ကျင်ကြီးကို။ အာဟာရေမိ၊ စား၏။ ဤကား အနက် (သုဒ်) ကား နိပါတ်မျှသာ။

ထိုကြောင့် အလောင်းတော်တို့၏ အကျင့်မျိုးပင်ဖြစ်စေကာမူ တွေ့ရာမြင်ရာသော အကျင့်ကို လိုက်၍မကျင့်အပ်။ ဘုရားဖြစ်တော်မူသောအခါ၌ သဗ္ဗညုတဉာဏ်တော်ဖြင့် မဖောက်မပြန် အမှန်သိတော်မူ၍ ဟောကြားတော်မူအပ်သော ကောင်းမြတ်သောအကျင့်ကိုသာ လိုက်၍ ကျင့်အပ်သည်။ အကယ်၍ ဘုရားရှင်၏ အလောင်းတော်များ ကျင့်တိုင်းကိုသာ လိုက်၍ ကျင့်ရမည်ဖြစ်လျှင် ဆိုအပ်ခဲ့ပြီးသော် အလောင်းဖတော်အလား လေးဘက်တွားခြင်း နွားချေး ကိုပင် စားရဦးမည်ကဲ့သို့ တပါးအစာ မရှာမမှီး ကိုယ့်ကျင်ကြီးကိုပင် ကိုယ်စားရဦးမည်ကဲ့သို့ ဖြစ်လိမ့်မည်။ ယင်းသို့ဖြစ်၍ ပဉ္စင်္လုနိုးနိုး အလောင်းတော်မြတ်ကြီးများစဉ်လျက်လည်း သဗ္ဗညုတဉာဏ်တော်ကို မရသေးမီအခါ သံသရာ၌ ကျင်လည်တော်မူရာကြရသည့်အတွက် လေးဘက်ကားယား ရွရွတွားခြင်း ကျင်ကြီးစားအကျင့်များကို ကျင့်မှားတော်မူကြရသေးသည်။ ငါတို့ သူငါ မိစ္ဆာသမားသံသရာခရီးသွားတို့မှာကား ဆိုဖွယ်ရာမရှိချေ။ စင်စစ်ကောန် အမှန်ရှေးက ဤသို့ပင် ကျင့်ခဲ့ဖူးလှလေပြီ။ နောင်အခါလည်း ထပ်ထပ် သံသရာဝဋ်မပြတ်သမျှ ဘယ်လောက်ပင် ကျင့်ကြရဦးမည်မသိဟု စိစစ်စဉ်းစား၍ သံသရာဝဋ်တရားများကိုသာ များများကြီး ကြောက်ရှံ့သင့်ကြသည်၊ မကျင့်နိုင်လို့သာနေရသည်၊ ကျင့်နိုင်လျှင် အကောင်းသားဟု ဆင်ခြေခံစကား ပြောကြားဖွယ်မရှိပြီ။

ထိုအလောင်းတော်တို့ ကျင့်အပ်သော အကျင့်ပင်ဖြစ်သော်လည်း အတ္တန္တပ၊ အတ္တ-ကိလမထာနုယောဂ၊ နိဗ္ဗာန အကျင့်မျိုးဟူသမျှတို့သည် နိဗ္ဗာန်သို့ရောက်ကြောင်း ကောင်းသော အကျင့်တို့ပင် မဟုတ်ကုန်၊ ထိုသို့ ပါရမီတော် မရင့်ကျက်သေးမီက ကျင့်တော်မူအပ်သော အတ္တန္တပ၊ အတ္တကိလမထာနုယောဂ၊ နိဗ္ဗာန အကျင့်မျိုးကို ထားဘိဦး၊ ပါရမီတော် ရင့်ကျက်ပြီးကာလ ပစ္ဆိမဘဝ၌ အနည်းဆုံး ၇-ရက်မျှလောက်ပင် ဖြစ်သော်လည်း ဓမ္မတာအစွမ်းအားဖြင့် ဘုရားအလောင်းတိုင်းပင် ဒုက္ကရစရိယာကို ကျင့်တော်မူကြရကုန်၏။ ငါတို့ဘုရားရှင်သည်လည်း ပစ္ဆိမဘဝ၌ ကျင့်တော်မူရသည်ပင်တည်း။

ထိုဒုက္ကရစရိယာ အကျင့်တော်သည်လည်း အတ္တန္တပ၊ အတ္တကိလမထာနုယောဂ၊ နိဗ္ဗာန အကျင့်ဖြစ်သောကြောင့် နိဗ္ဗာန်ရောက်ကြောင်း ကောင်းသောအကျင့် မဟုတ်သည်သာတည်း၊ စင်စစ်အားဖြင့်သော်ကား မဇ္ဈိမပဋိပတ် အကျင့်မြတ်တရားသည်သာ နိဗ္ဗာန်ရောက်ကြောင်း ကောင်းသောအကျင့် ဖြစ်ချေသည်၊ ယင်းသို့ဖြစ်သော်လည်း မဇ္ဈိမပဋိပတ်၏ အပြန်ဖြစ်သော ဗျတိရေက နည်းအားဖြင့် နိဗ္ဗာန်ရောက်ကြောင်း ကောင်းသောအကျင့် မဟုတ်သည်ကို ဟောပြတော်မူစိမ့်သောငှာ ဓမ္မတာအားဖြင့် ဒုက္ကရစရိယာကို ကျင့်တော်မူကြရသည်။ သာဓကကား။

ယထာပိ သဗ္ဗေသံပိ ခေါ ဗောဓိသတ္တာနံ စရိမဘဝေ အန္တိမသော သတ္တာဟမတ္တမိံ ဓမ္မတာဝသေန ဒုက္ကရစရိယံ ဟောတိယေဝ၊ ဧဝံ ဘဂဝါ သမတ္ထော ဒုက္ကရစရိယံ ကာတုံ။ ဧဝဥ္စ နံ အာကာသိ။ နု ပန တာယ ဗုဒ္ဓေါ ဇာတော။ အထခေါ မဇ္ဈိမာယ ဧဝ ပဋိပဒါယ၊တိ၊ တဿာ ဗျတိရေကမုခေန သဒေဝကဿ လောကဿ ဗောဓာယ အမဂ္ဂဘာဝဒီပနတ္ထံ ဟူသော မူလပဏ္ဏာဇ်ကံ၊ ပြင်တည်း။

သဗ္ဗေသံပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ ဗောဓိသတ္တာနံ၊ ဘုရားအလောင်းတော်တို့၏။ စရိမဘဝေ၊ အဆုံးစွန်ဘဝ၌။ အန္တိမသော၊ အနည်းဆုံးအား ဖြင့်။ သတ္တာဟမတ္တမိံ။ ခုနစ်ရက်မျှလောက်သည်း။ ဓမ္မတာဝသေန၊ ဓမ္မတာ အစွမ်းအားဖြင့်။ ဒုက္ကရစရိယံ၊ ဒုက္ကရစရိယာတော်သည်။ ဟောတိယေဝ ယထာ၊ ဖြစ်၏သာလျှင်ကဲ့သို့။ ဧဝံတထာ၊ ထိုအတူ။ ဘဂဝါ၊ မြတ်စွာဘုရားသခင်သည်။ ဒုက္ကရစရိယံ၊ ဒုက္ကရစရိယာအကျင့်ကို။ ကာတုံ၊ ကျင့်ခြင်းငှာ။ သမတ္ထောစ စွမ်းသည်းစွမ်းနိုင်၏၊ ဧဝံတထာ၊ ထိုအတူ။ နံ၊ ထိုဒုက္ကရစရိယာ အကျင့်ကို။ အာကာသိစ၊ ကျင့်လည်းကျင့်တော်မူပြီ။ ပန၊ ထိုသို့ကျင့်တော်မူသော်လည်း။ တာယ၊ ထို ဒုက္ကရစရိယာအကျင့်ကြောင့်။ ဗုဒ္ဓေါ၊ ဘုရားသည်။ နဇာတော၊ ဖြစ်ရသည်မဟုတ်။ အထ-ခေါ ကေန္တေန၊ စင်စစ်အားဖြင့်ကား။ မဇ္ဈိမာယ၊ မဇ္ဈိမဖြစ်သော။ ပဋိပဒါယ ဧဝ၊ အကျင့်ကြောင့်သာလျှင်။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဇာတော၊ ဖြစ်၏။ ဣတိ၊ ဤသို့။ တဿာ၊ ထိုမဇ္ဈိမပဋိပတ်အကျင့်မြတ်၏။ ဗျတိရေကမုခေန၊ အပြန်ဖြစ်သောနည်းအားဖြင့်။ သဒေဝ-ကဿ၊ နတ်နှင့်တကွသော၊ လောကဿ၊ လူအပေါင်းကို။ ဝါ၊ လူအပေါင်း၏။ ဗောဓာယ၊ သစ္စာလေးပါးကို သိရခြင်း၏။ အမဂ္ဂဘာဝဒီပနတ္ထံ၊ အကြောင်းမဟုတ်သော အကျင့်ကို ဟော ပြတော်မူရစေမ့်သောငှာ။ နံ၊ ထိုဒုက္ကရစရိယာ အကျင့်ကို။ အကာသိ၊ ကျင့်တော်မူလေပြီ။ ဣကား-အနက်။

အပါဒါန် အဋ္ဌကထာ၌ကား ငါတို့မြတ်စွာဘုရားသခင်သည် အလောင်းတော် ဇာတိ ပါလဖြစ်စဉ် ကဿပမြတ်စွာဘုရားသခင်ကို ဤရဟန်းဦးပြည်း (ကတိုး) ၏ သဗ္ဗညုတဉာဏ်တော် သည် အာဘယ်မှာနည်းဟု ပြစ်မှား ပြောဆိုခဲ့ဖူးသော အကုသိုလ် ဝစီကံ၏ အကျိုးဆက်အား ဖြင့် ရုတ်တရက် ဗောဓိဉာဏ်တော် မရင့်ကျက်နိုင်သောကြောင့် ဘုရားဖြစ်ခြင်း၏အကြောင်း ဟုတ် မဟုတ်ကို မသိမမြင်သည်ဖြစ်၍ ၆-နှစ်တိုပတ်လုံး ဒုက္ကရစရိယာကို ကျင့်တော်မူရသေး၏ဟု ဖွင့်ပြတော်မူသော်း၏။ အကျယ်ကိုသိလိုလျှင် အပါဒါန်အဋ္ဌကထာတို့မှ ယူ။

ဤသို့လျှင် ပါရမီတော် ရင့်ကျက်သဖြင့် ပဉ္စင်္ဂရတော့မည့်ကာလ ပစ္ဆိမဘဝသို့ ရောက်တော်မူကြပြီးကုန်သော အလောင်းတော်မြတ်ကြီးတို့ စဉ်လျက်လည်း သဗ္ဗညုတဉာဏ်ဟု ဆိုအပ်သော ဗောဓိဉာဏ်တော် မရင့်ကျက်သေးသည်အတွင်း မိစ္ဆာဉာဏ် မလွတ်ကင်းကြသေးသောကြောင့် အတ္တန္တပ၊ အတ္တကိလမထာနုယောဂ၊ နိဇ္ဈာမ အကျင့်မျိုးသာဖြစ်သော ဒုက္ကရစရိယာကို ကျင့်ကြာတော်မူကြရသေးသဖြင့် ရှေးမျှကာလ အလောင်းတော် ဘဝတို့၌ကား ဆိုဖွယ်မရှိ ဖြစ်တော့သည်ဟု ယုံကြည်သောအားဖြင့် အလောင်းတော်မြတ်ကြီးတို့၏ အကျင့် ဟုဝင် ဖြစ်စေကာမူ ဇွတ်ဆုမြင်တိုင်းသော အကျင့်ကို မလိုက်စားမူ၍ သဗ္ဗညုတဉာဏ်တော် ရှင်အဖြစ်သို့ ဝုက်တော်မူသောအခါ သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် မဖောက်မပြန် အမှန်

သိတော်မူ၍ ဟောကြားတော်မူအပ်သော မဂ်ဖိုလ်သို့ရောက်ကြောင်း ကောင်းမြတ်သောအကျင့် တရားမျှားနှင့် မကဲ့မပြား တသားတည်းညီညွတ်သောအကျင့်မျိုးကိုသာ လိုက်နာကျင့်ဆောင် အပ်ကုန်၏။

ထို့ကြောင့် ယခင်ပြဆိုအပ်ခဲ့ပြီးကုန်သော အစာကိုဖြတ်၍ အငတ်နေသောအကျင့်၊ သက်သတ်လွတ်ကို ရှာကြံ၍ စားသောအကျင့်၊ သစ်သီး-သစ်ရွက်ကိုသာ စားသောအကျင့် တို့သည် ဘုရားလောင်းရသေ့ သူတော်ကောင်းတို့၏ အကျင့်ကောင်းတရားပင် ဖြစ်သော်လည်း လက်ရမ်းလက်ဆပမာ ရသေ့တို့၏ ဉာဏ်အရသာဖြစ်သည်။ ဘုရားအဖြစ်သို့ ရောက်တော်မူ၍ သဗ္ဗညုတဉာဏ်တော်တည်းဟူသော် ချိန်တော်ကြီးဖြင့် နှိုင်းချိန်၍ ဟောတော်မူသောအခါ မဂ်ဖိုလ်သို့ရောက်ကြောင်း ကောင်းမြတ်သော တရားတို့ထက် သာလွန်ပိုမောက်သော တရားစုဖြစ်သောကြောင့် ထိုတရားတော်တို့မှ နုတ်ပစ်ပယ်ရှားပြီးလျှင် အတ္တန္တပ၊ အတ္တကိလမထာနုယောဂ၊ နိဇ္ဈာမ အကျင့်တွင်းသို့ ထည့်သွင်း၍ ဟောတော်မူအပ်ကုန်ပြီ။ ထို့ကြောင့် ထိုအကျင့်တရားတို့ကို မဂ်ဖိုလ်ရောက်ကြောင်း ကောင်းမြတ်သောအကျင့်ဟု မှတ်ထင်လျှင် မိစ္ဆာဉာဏ်ပင် ဖြစ်သည်ဟု မှတ်။ ဤမျှတည်းသောစကားဖြင့် ဖြေကြားပြည့်စုံပြီ။

ဤသို့ အလောင်းတော်မြတ်ကြီးတို့၏ ကျင့်ဟောင်းတရားမျှားကို ဖော်ထုတ်ရေးသား၍ ဖြေကြားလိုက်ခြင်းသည် ထိုအလောင်းတော်မြတ်ကြီးတို့၌ မြတ်နိုးကြည်ညို၊ ရိုသေခြင်းမရှိသောကြောင့်မဟုတ်။ အလောင်းတော်မြတ်ကြီးတို့ ကျင့်အပ်သောတရားစုတို့တွင် မဂ်ဖိုလ်သို့ရောက်ကြောင်းမဟုတ်သော အကျင့်မျှား ရှိသေးသည်၏ အဖြစ်ကို သိကြရသဖြင့် သဗ္ဗညုတဉာဏ်တော်ဖြင့် မဖောက်မပြန် အမှန်သိတော်မူသောအခါ ဟောကြားတော်မူအပ်သော မဂ်ဖိုလ်သို့ရောက်ကြောင်း ကောင်းမြတ်သော အကျင့်တရားတို့နှင့် မကဲ့မပြား တသားတည်း ညီညွတ်သောအကျင့်ကိုသာ ရှာဖွေစိစစ်၍ ကျင့်လိုကြကုန်သောသူတို့၏ အကျိုးငှာ ထုတ်ဖော်ရေးသား၍ ဖြေကြားလိုက်ခြင်းဖြစ်သည်။

ဤသို့ ပြဆိုအပ်ခဲ့ပြီးသော အရာ၌သာ အလောင်းတော်တို့၏ အကျင့်တရားမျှားသည် ဘုရားအဖြစ်သို့ရောက်တော်မူသောအခါ ဟောကြားတော်မူအပ်သော အကျင့်တရားမျှားနှင့် ကဲ့ပြားသည်မဟုတ်သေး။ ထိုမှတပါး မျှားစွာပင်ကဲ့ပြားသော အရာရှိသေး၏။ ရှိကြောင်းကို ဒါယကာတို့၏ လျှောက်ထားတောင်းပန်ရင်း အရာမဟုတ်ပါသော်လည်း မှတ်သိလိုကုန်သော သူတို့၏ အကျိုးငှာ အနည်းငယ်မျှရေးသားဖော်ပြလိုက်ဦးအံ့။

တသို့ ခေါ ပန ဒါနဂ္ဂေ ဣဒံနာမ အတ္ထိ ဣဒံနာမ နတ္ထိတိ၊
ဝတ္တဗ္ဗတံ နတ္ထိ။

ပန၊ ဆက်၍ဆိုဦးအံ့။ တသို့ ဒါနဂ္ဂေ၊ ထိုဝေလာမပုဏ္ဏား၏ အလှူဝတ္ထုစုဌ်။ ဣဒံ-နာမ၊ ဤအမည်ရှိသော အလှူဝတ္ထုသည်။ အတ္ထိ၊ရှိ၏။ ဣဒံနာမ၊ ဤအမည်ရှိသော အလှူဝတ္ထုသည်။ နတ္ထိ၊မရှိ။ ဣတိ၊ ဤသို့။ ဝတ္တဗ္ဗတံ၊ ဆိုအပ်သည်၏အဖြစ်သည်။ နတ္ထိ၊မရှိ။

ဤ-နဝကနိပါတ်၊ အင်္ဂုတ္တိုရ် အဋ္ဌကထာပါဠိဖြင့် ဝေလာမပုဏ္ဏားသည် ဒေါလုံးစုံကိုငှဲလှူ၏ဟူ၍ သိအပ်၏။ ထိုမှတပါးလည်း-

ယာနိ ပနေတာနိ ဣတ္ထိဒါနံ၊ ဥသဘဒါနံ၊ မဇ္ဇဒါနံ၊ သမဇ္ဇဒါနန္တိ အဒါန သမ္မတာနိ၊တာနိပိ သော ဝေလာမ ဒါနမုခေ ဣဒံနာမ နတ္ထိတိ ဝစနပထံ ပစ္ဆိန္ဒိတုံ ပရိဝါရတ္ထာယအာဒါသိ။

ပန၊ ဆက်၍ဆိုဦးအုံ့။ ဣတ္ထိဒါနံ၊ မိန်းမအလှူ။ ဥသဘဒါနံ၊ နွားလားအလှူ။ မဇ္ဇ ဒါနံ၊ သေရည် သေရက်အလှူ။ သမဇ္ဇဒါနံ၊ ကချေသဘင်အလှူ။ ဣတိ၊ ဤသို့။ အဒါန သမ္မတာနိ၊ လှူအပ်၏ဟူ၍ မသမုတ်အပ်ကုန်၊ မလှူအပ်ကုန်ဟူ၍သာ သမုတ်အပ်ကုန်သော။ ယာနိတောနိ၊ အကြင်အလှူဝတ္ထုတို့သည်။ အတ္ထိ၊သန္တိ၊ ရှိကုန်၏။ တာနိပိ၊ ထိုမှလှူတို့ကို လည်း။ သော-သော်ဝေလာမော၊ ဤအလောင်းတော် ဝေလာမသည်။ ဝေလာမဒါနမုခေ၊ ဝေလာမ အလှူပြုရာ၌၊ ဣဒံနာမ-နတ္ထိတိ၊ ဤအလှူဝတ္ထု မရှိပါတကား၊ဟူ၍။ ဝစနပထံ၊ ပြောဆိုရန်အကြောင်းကို။ ပစ္ဆိန္ဒိတုံ၊ ဖြတ်ခြင်းငှာ။ ပရိဝါရတ္ထာ ယ၊ အခြံအရံအလိုငှာ၊ အာဒါသိ၊ ပေးလှူပြီ-ဟူ၍လာသော ယင်း အဋ္ဌကထာပါဠိဖြင့် အလောင်းတော် ဝေလာမသည် မိန်းမအလှူ၊ နွားလားအလှူ၊ သေရည်သေရက်အလှူ၊ ကချေသဘင်အလှူများကို ပေးလှူ ၏ဟူ၍ သိအပ်၏။ဤသို့ အလောင်းတော်ဖြစ်စဉ်က ကိုယ်တိုင်ပင်ပေးလှူခဲ့ပြီး၍ ဘုရားအဖြစ်သို့ ရောက်တော်မူသောအခါ ဥဒ္ဒါဉာဏ်တော်ဖြင့် ပိုင်းခြားခဲ့၍၊

ပဥ္စဒါနာနိ၊ အပုညာနိ ပုညသမ္မတာနိ လောကသ္မိံ၊ မဇ္ဇဒါနံ၊ သမဇ္ဇဒါနံ၊ ဣတ္ထိဒါနံ၊ ဥသဘဒါနံ၊ စိတ္တကမ္မဒါနံ။

လောကသ္မိံ၊ သတ္တလောကဌ်။ ပုညသမ္မတာနိ၊ ကောင်းမှုဟု သမုတ်အပ်ကုန်သော။ အပုညာနိ၊ မကောင်းမှုသာ ဖြစ်ကုန်သော။ ဒါနာနိ၊ အလှူတို့သည်။ပဥ္စ၊ ငါးပါးတို့တည်း။ မဇ္ဇဒါနံ၊ သေရည် သေရက်အလှူလည်းကောင်း။ သမဇ္ဇဒါနံ၊ ကချေသဘင် အလှူလည်း ကောင်း။ ဣတ္ထိဒါနံ၊ မိန်းမအလှူလည်းကောင်း။ ဥသဘဒါနံ၊ နွားလားအလှူလည်း ကောင်း။ စိတ္တကမ္မဒါနံ၊ ပန်းချီဆေးရေးအလှူလည်းကောင်း။ ဣတိ၊ ဤသို့၊ ပဥ္စငါးပါးတို့ တည်း ဟူ၍ ဟောတော်မူအပ်၏။

ဤသို့ အလောင်းတော်ဖြစ်စဉ်ကအကျင့်တရားသည် ဘုရားအဖြစ်သို့ ရောက်တော်မူသော အခါ ဟောတော်မူအပ်သော အကျင့်တရားမျှားနှင့်မညီ ထူးခြားကဲပြားလျက်ရှိသည်၊ယင်းသို့ ရှိရာ ဘုရားအဖြစ်သို့ ရောက်တော်မူသောအခါ ကောင်းမြတ်သောတရားဟူ၍ ဟောကြား တော်မူအပ်သော အကျင့်တရားကိုသာ လိုက်နာကျင့်ဆောင်ကြရမည်။ အလောင်းတော် ကြီးပင် လှူပေသေးတကားဟု ဒေသနာတော်တရားကို မပျက်ပြားစေကြကုန်လင့်။

(ထ) ဤသို့သော နည်းနယ တို့ကို မဆင်ခြင်မိကြသောကြောင့် ဒါနအရာမျှား၌ပင် ရွေးချယ်စိစစ်၍ လှူဒါန်းသော သူတို့၏ဒါနသည် ဟီနဒါနဖြစ်ချေသည်။ပါရမီဒါနမကြွေက်၊ မရွေးမချယ်၊ အမှတ်တမဲ့လှူဒါန်းသောသူ၏ ဒါနသာ အလောင်းအလျာတို့၏ အလေ့အလာ ပါရမီမြောက်သောဒါဟု ဟောတတ် ပြောတတ်ကြသည်၊ ဘုရားဟော ဒေသနာတော်၌ကား-

အင်္ဂိမာနိ ဘိက္ခဝေ သပ္ပုရိသဒါနာနိ၊ ကတမာနိအဋ္ဌ၊ သုစိ ဒေတိ၊ ပဏီတံ ဒေတိ၊ ကာလေနဒေတိ၊ ကပ္ပိယံ ဒေတိ၊ ပိဝေယျဒေတိ၊ အ[illegible] ဒေတိ၊ ဒဒံ

စိတ်တုံပသာဒေတိ၊ ဒတ္ဝာ အတ္တမနောဟောတိ၊ ဣမာနိခေါ ဘိက္ခဝေ အဋ္ဌသပ္ပုရိ-သဒါနာနိ။

ဘိက္ခဝေ၊ ရဟန်းတို့။ သပ္ပုရိသဒါနာနိ၊ သူတော်ကောင်းတို့၏ အလှူတို့သည်။ ဣမာနိအဋ္ဌ၊ ဤရှစ်ပါးတို့တည်း။ အဋ္ဌ၊ ရှစ်ပါးတို့ဟူသည်။ ကတမာနိ၊ အဘယ်တို့နည်း။ သုစိ၊ သန့်ရှင်းစင်ကြယ်သောဝတ္ထုကို။ ဒေတိ၊ ပေးလှူ၏။ ပဏီတံ၊ မွန်မြတ်သော ဝတ္ထုကို။ ဒေတိ၊ ပေးလှူ၏။ ကာလေ၊ လှူခြင်းငှာ လျောက်ပတ်သောအခါ၌။ ဒေတိ၊ ပေးလှူ၏။ ကပ္ပိယံ၊ အပ်သောဝတ္ထုကို။ ဒေတိ၊ ပေးလှူ၏။ ဝိစေယျ၊ ရွေးချယ်၍။ ဒေတိ၊ ပေးလှူ၏။ အဘိက္ခဏံ၊ မပြတ်။ ဒေတိ၊ ပေးလှူ၏။ ဒဒံ၊ ပေးလှူစဉ်။ စိတ္တံ၊ စိတ်ကို။ ပသာဒေတိ၊ ကြည်လင်စေ၏။ ဒတ္ဝာ၊ ပေးလှူပြီး၍။ အတ္တမနော၊ ဝမ်းမြောက်သည်။ ဟောတိ၊ ဖြစ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ သပ္ပုရိသဒါနာနိ၊ သူတော်ကောင်းတို့၏ အလှူသည်။ ဣမာနိအဋ္ဌ၊ ဤရှစ်ပါးတို့တည်း။ ဟူ၍ ဟောတော်မူအပ်သော သူတော်ကောင်းတို့၏ဒါန ရှစ်ပါးရှိသည်၊ ထိုမှ ပြန်၍ မသူတော်တို့၏ ဒါနရှစ်ပါးကို သိနိုင်သည်။

ထိုတွင် ရွေးချယ်၍လှူခြင်းသည် သူတော်ကောင်းတို့၏ ဒါနဌ္ဌ ပါဝင်လျက်ရှိသည်။ မဒရွေးမချယ် အမှတ်တမဲ့လှူခြင်းသည် မသူတော်တို့၏ဒါနဌ္ဌ ပါဝင်လျက်ရှိသည်။ ထိုဆရာတို့၏ ဝါဒအဘိုင်းသာဖြစ်ခဲ့ပါလျှင် သူတော်ကောင်းတို့၏ဒါနသည် ဝဋ္ဋမှထွက်မြောက်ကြောင်း ကောင်းသော ပါရမီဒါနမဟုတ်၊ မသူတော်တို့၏ဒါနသာ ဝဋ္ဋမှ ထွက်မြောက်ကြောင်း ကောင်းသော ပါရမီဒါန ဖြစ်ရလိမ့်မည်၊ ဤအတိုင်းပင် ဖြစ်ခဲ့ပြန်လျှင်လည်း အမှတ်တမဲ့သမား မသူတော်တွေသာ နိဗ္ဗာန်သွား၍ သူတော်ကောင်းအများမှာ လူကြို နတ်ကြွး အပါယ်ကြို အပါယ်ကြွး၌ ကျင်လည်မျောပါ၍ နေရစ်ရာကြရလိမ့်မည်ဟု ဆိုဖွယ်ရှိသည်။

ဤမျှသာမဟုတ်သေး၊ အလောင်းအလျာတို့ လှူဒါန်းသော အလေ့အလာမျိုးကိုသာ နည်းခိုးလှူဒါန်းကြရမည်ဖြစ်လျှင် သဗ္ဗညုတဉာဏ်တော်ရှင်ကြီး၏ ဒေသနာတော်တရားကို လေးစားမမူကြပဲ အလောင်းတော်ဝေလာမအလား မိန်းမအလှူ နွားလားအလှူ သေရည် သေရက်အလှူ ကချေသဘင်အလှူများကိုလည်း ကြိုးစားရလိမ့်ဦးမည်ဟူ၍လည်း ဆိုဖွယ်ရှိပေသေး၏။ ဤစကားကိုလည်း ထိုဆရာတို့၏ ပြောသောစကားအလိုက်အားဖြင့်သာ ရေးလိုက်ရသည်၊ အလောင်းတော်တို့၏ ရွေးချယ်၍ လှူသောအရာ များစွာပင်ရှိ၏။

ဤအရာ၌ အကျဉ်းချုပ်မှတ်ယူရန်ကား အလှူခံပုဂ္ဂိုလ်ကို မရွေးမချယ်လှူဒါန်းရာ၌ ဝဋ္ဋနိဿိတဒါန၊ ဝိဝဋ္ဋနိဿိတဒါနဟူ၍ ၂-ပါး၊ ရွေးချယ်စိစစ်၍ လှူရာ၌ ဝဋ္ဋနိဿိတဒါန၊ ဝိဝဋ္ဋနိဿိတဒါနဟူ၍ ၂-ပါး။ ထို ၄-ပါးတို့တွင် အလှူခံပုဂ္ဂိုလ်ကိုလည်း ရွေးချယ်စိစစ်၍ နိဗ္ဗာန်ကိုလည်း တောင့်တ၍လှူအပ်သော လေးခုမြောက်ဖြစ်သော ဝိဝဋ္ဋနိဿိတဒါနသည် အကောင်းဆုံးသော ပါရမီဒါနဖြစ်သည်။ မရွေးမချယ် အမှတ်တမဲ့ နိဗ္ဗာန်ကို မတောင့်တပဲ ပေးလှူသောဒါနသည် အညံ့ဆုံးဒါနဖြစ်သည်၊ ထိုဒါနကို ပါရမီဒါနဟု ဆိုသောကျမ်းဂန် မရှိဟူ၍မှတ်၊ ဤသို့မှတ်ပြီးလျှင်–

အသဒ္ဓိယံ ဝိမံသနေ။ ။ဝိမံသနေ၊ ကြည်ညိုအပ်, မကြည်ညိုအပ်, ယုတ်မြတ်ပုဂ္ဂလာ ရွေးချယ်ရာ၌။ အသဒ္ဓိယံ၊ မကြည်ညိုတတ်သော အသဒ္ဓိယတရားသည်။ ပဥ္စတိ၊ စုံစမ်းဆင်ခြင်

ပညာယောင်ယောင် ဟန်ဆောင်လှည့်ဖြားတတ်၏- ဟူသည်နှင့်အညီ မသဒ္ဓါဿည်ကိုလည်း ပညာဟု မှတ်ထင်တတ်ကြသည်။

သဒ္ဓါယ အပရိကွာနံ။ ။သဒ္ဓါယ၊ သဒ္ဓါတရား အာဒိကြီးရာ၌။ အပရိကွာနံ၊ ဆိုး, ကောင်း ယုတ်, မြတ် အမှတ်မထင် မဆင်ခြင်တတ်သော မောဟတရားသည်။ ဝဠွေတိ၊ သဒ္ဓါယောင်ယောင် ဟန်ဆောင်လှည့်ဖြားတတ်၏-ဟူသည်နှင့်အညီ မသိမမြင် မဆင်ခြင်တတ်သော မောဟကိုလည်း သဒ္ဓါဘရားဟု မှတ်ထင်တတ်ကြသည်။

ထို့ကြောင့် သဒ္ဓါနည်းပါး၍ မလျှဒါန်းချင်တိုင်းသာ မလျှဒါန်းပဲ နေသာအောင် သူတပါးအပြစ်ကို တမင်တကာရှာ၍ တရွေးထဲချည်း ရွေး၍လည်း မနေမိကြရအောင် ဆိုးအောင်း ယုတ် မြတ်ကို မသိဘတ်တိုင်းသာ ဝါဝါမြင်လျှင် အတူတူပဲဟု သဒ္ဓါယောင်ယောင် ဟန်ဆောင်၍ တမှောင်ထဲချည်း မှောင်၍လည်း မနေမိကြရအောင် သဒ္ဓါ, ပညာ နှစ်ပါးကို အညီအမျှ ထားနိုင်ကြရအောင် သတိအထူး ဆောင်ကြရမည်။

ဟောပြောသော ပုဂ္ဂိုလ်တို့သည်လည်း သဒ္ဓါ, ပညာ ၂-ပါးကို အညီအမျှ ထားနိုင်ကြစိမ့်သောငှာ သတိသမ္ပဇညတရားကို ရှေးသွားပုဗ္ဗင်္ဂမပြုပြီးလျှင် ယထာဓမ္မအတိုင်းအား ဖြင့်သာ ဟောကြားတော်မူသင့်ကြသည်၊ အကယ်၍ မရွေးမချယ် အမှတ်တမဲ့သာ လျှောကြဟု ဟောကြားတော်မူကြပါလျှင် "ဝိစေယျဒေတိ" ဟူသော ဒေသနာတော်တရား ပျက်ပြားကွယ်ပျောက်ဖို့သာ ဖြစ်တော့သည်။

(၁) ဤမျှသာမဟုတ်သေး၊ ယခုကာလ အချို့သော အရပ်ဒေသများ၌ အချို့ကုန်သော ပုဂ္ဂိုလ်တို့သည် ကျမ်းဂန်ထင်ရှားရှိသောထက် ပိုလွန်ကဲမောက်၍ ဥပါသကာယောကျ်ား၊ ဥပါသိကာမိန်းမတို့သည် ဓူဘင် (၁၃)ပါးလုံးကို ကျင့်သုံးဆောက်တည်ထိုက်သည်၊ ကျင့်သုံးဆောက်တည်ခြင်းကြောင့် အကျိုးကြီးလှသည်ဟု ဟောကြားကြသည်။ ဥပုသ်သည် ဥပါသိကာမတို့ကလည်း တဘက်, ထမီ, အင်္ကျီအားဖြင့် သုံးထည်သာ ဝတ်ဆင်ကြ၍ တိစီဝရိတ်ဓူတင်ကျင့်ဆောင်ကြသည်။ ရုက္ခမူလိကင်၊ သောသာနိကင်ကိုလည်း အချို့ဆောက်တည်ကြသည်။ ဤသို့ကျင့်ကြ ကျင့်စေကုန်ကြခြင်းသည်လည်း ဘုရားရှင်၏ နိယျာနိက အတိဒုလ္လဘဖြစ်သော သာသနာတော်မြတ်ကြီးကို ဂဟဋ္ဌဖြစ်သူ လူတို့၏ ယုံမှားဖြစ်ဖို့၊ မရှိသေခြင်း ကဲ့ရဲ့ပုတ်ခတ်ခြင်းဖြစ်ဖို့ သာသနာတော်မြတ်ကြီး ပျက်စီးပျောက်ကွယ်လွယ်ဖို့သာ ဖြစ်စေတော့သည်။

ဥပါသကာယောကျ်ား၊ ဥပါသိကာမိန်းမတို့သည် ဆောက်တည် ကျင့်သုံးအင်သော ဓူတင်တရားသည်ကား ကောသနိက်, ပတ္တပိဏ်အားဖြင့် ၂-ပါးတို့သာတည်း၊ ထိုမှကြွင်းကုန်သော (၁၁) ပါးကုန်သော ဓူတင်တို့သည် ဂဟဋ္ဌဖြစ်သူ လူတို့၏ အကျင့်တရားမျိုး ပင်မဟုတ်ကုန်၊ ဂဟဋ္ဌဖြစ်သူ လူကို့၏ အရာပင် မဟုတ်ကုန်၊ ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌၊

ဗျာသကော ပန ဘိက္ခူနံ တေရသ၊ ဘိက္ခုနီနံ အဋ္ဌ၊ သာမဏေရာနံ ဒွါဒသ၊ သိက္ခာမာန သာမဏေရီနံ သတ္တ။ ဥပါသက ဥပါသိကာနံ ဒွေတိ ဒွါစတ္တာလီသ ဟောန္တိ ဟူ၍လည်းကောင်း။

ဥပါသက ဥပါသိကာနံ ပန ကောသနိကဴ် ပတ္တပိဏ္ဍိကဴ်နွဲ့၊ ဣမာနိ ဒ္ဒ ပဋိရူပါနိစေဝ သတ္တာနိစ ပရိဘုဥ်တုန္တိ ဒ္ဒဓုတဴ်ါနိ ဟူ၍လည်းကောင်း မိန့်ဆို တော်မူအပ်၏။

ပန၊ အဖို့တပါးကို ဆိုဦးအံ့။ ဗျာသတော၊ အကျယ်အားဖြင့်။ ဘိက္ခူနံ၊ ရဟန်း ယောကျ်ားတို့အား။ တေရသ၊ တဆယ့်သုံးပါးတို့ လည်းကောင်း။ ဘိက္ခူနီနံ၊ ရဟန်းမိန်းမ တို့အား။ အဋ္ဌ၊ ရှစ်ပါးကုန်သော။ ပံသကူ၊ တိစီဝရိတ်၊ ပိဏ္ဍပါတ်၊ သပဒါနစာရိက၊ ကောသနိက်၊ ပတ္တပိဏ်၊ ခလုပစ္ဆာဘတ်၊ အာရညကင်၊ ရုက္ခမူ၊ အဗ္ဘောကာသိက၊ သောသာနိက၊ ယထာသန္ထတ်၊ နေသဇ္ဇိတ်တို့ လည်းကောင်း။ သာမဏေရာနံ၊ သာမဏေ ယောကျ်ားတို့အား။ ဒ္ဒါဒသ၊ တဆယ့်နှစ်ပါးကုန်သော။ ပံသကူ၊ ပိဏ္ဍပါတ်၊ သပဒါနစာရိက၊ ကောသနိက်၊ ပတ္တပိဏ်၊ ခလုပစ္ဆာဘတ်၊ အာရညကင်၊ ရုက္ခမူ၊ အဗ္ဘောကာသိက၊ သောသာနိက ယထာသန္ထတိ၊ နေသဇ္ဇိတို့လည်းကောင်း။ သိက္ခာမာန ဿာမဏေရီနံ၊ သိက္ခာမာန်၊ သာမဏေမိန်းမတို့အား။ သတ္တ၊ ခုနစ်ပါးကုန်သော။ ပံသကူ၊ ပိဏ္ဍပါတ်၊ သပဒါနစာရိက၊ ကောသနိက်၊ ပတ္တပိဏ်၊ ယထာသန္ထတိ၊ နေသဇ္ဇိတို့လည်းကောင်း။ ဥပါသကာ ဥပါသိကာနံ၊ ဥပါသကာယောကျ်ား ဥပါသိကာမိန်းမတို့အား။ ဒ္ဒေ၊ နှစ်ပါးကုန်သော၊ ကောသနိက်၊ ပတ္တပိဏ်တို့ လည်းကောင်း။ ဣတိ၊ ဤသို့။ ဒ္ဒါဒသတ္တာလီသ၊ လေးဆယ့်နှစ်ပါးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဤကား-အဋ္ဌကထာ ပါဠိ၏ အနက်။

ဤသို့ ကျမ်းဂန်ထင်ရှားရှိသော အကိုင်းကိုသာ လိုက်နာနိုင်ကြကုန်သဖြင့် ဥပါသကာ ယောကျ်ား ဥပါသိကာမိန်းမတို့မှာ မိမိနှင့် သင့်လျော် လျောက်ပတ်ရာ ကောသနိက် မူတင် ပတ္တပိဏ်မူတင် နှစ်ပါးတို့ကိုသာ မကျင့် ကျင့်နိုင်အောင် ကြိုးပမ်းတက္ကတ် အားထုတ်၍ ကျင့်ကြရမည်၊ မိမိတို့နှင့် မသင့်လျော် မထိုက်တန်ကုန်သော ပံသကူ၊ တစီဝရိတ် အစရှိကုန်သော ကြွင်းမူတင် (၁၁) ပါးတို့ကို မကျင့်ဆောင်လိုကြကုန်လင့်၊ အကယ်၍ ကျင့်ဆောင်ကုန်သော်လည်း အနည်းငယ်မျှ ကုသိုလ်ကျိုးမရ၊ ဘုရားရှေထီးကို ချ၍ဆောင်းသော သူရူးမကဲ့သို့လည်းကောင်း၊ သီလရှင် လုပ်ရလျှင် ဘိက္ခုနီမဟု မှတ်ထင်၍ အကပ်ခံရမှု စားချင်သော သီဟိုဠ်သီလရှင်တယောက်ကဲ့သို့ လည်းကောင်း ဖြစ်တော့သည်ဟု ပညာရှိတို့ ကဲ့ရဲ့ဖွယ်ရာအကြောင်း သာသနာတော်မြတ်ကြီး ပျက်စီး ဆုတ်ယုတ်လွယ်ရန်အကြောင်းသာ ဖြစ်သည်။

(၈) ဤမျှသာမဟုတ်သေး ယခုကဲ့သို့ ထိုထိုအရပ်ဒေသတို့၌ ဒါနကိုပြုလုပ်ခြင်းကြောင့် နိဗ္ဗာန်သို့မရောက်နိုင် သံသရာ၌ ရှည်လျားဖို့သာ ဖြစ်သည်ဟူ၍ မိစ္ဆာဝါဒတရား တနေ့တခြားစည်ကားဖြစ်ပေါ်၍ လာခြင်းသည်လည်း အတိဒုလ္လဘ နိယျာနိကဖြစ်သော သာသနာတော်မြတ်ကြီး ပျက်စီးဆုတ်ယုတ်လွယ်ရန် အရေးကြီးတခုပင်ဖြစ်သည်။ ယင်းသို့ဖြစ်၍ ဒါနကြောင့် နိဗ္ဗာန်သို့ ရောက်နိုင်ကြောင်းမျှသည် နေ လအသွင် အလွန်ပင်ထင်ရှားသဖြင့် ရေးသားဖော်ပြခြင်းငှာပင် မသင့်သကဲ့သို့ ဖြစ်လင့်ကစား ထိုမိစ္ဆာတရား အလွန်မကြီးပွားမီ အကျဉ်းအားဖြင့် ဆီးတားပယ်ဖျက်လိုက်ဦးအံ့။

(၉) ဤမျှသာမဟုတ်သေး ယခုကဲ့သို့ ထိုထိုအရပ်ဒေသတို့၌ ဒါနကိုပြုလုပ်ခြင်းကြောင့် နိဗ္ဗာန်သို့မရောက်နိုင် သံသရာ၌ ရှည်လျားဖို့သာ ဖြစ်သည်ဟူ၍ မိစ္ဆာဝါဒတရား တနေ့တခြားစည်ကားဖြစ်ပေါ်၍ လာခြင်းသည်လည်း အတိဒုလ္လဘ နိယျာနိကဖြစ်သော သာသနာတော်မြတ်ကြီး ပျက်စီးဆုတ်ယုတ်လွယ်ရန် အရေးကြီးတခုပင်ဖြစ်သည်။ ယင်းသို့ဖြစ်၍ ဒါနကြောင့် နိဗ္ဗာန်သို့ ရောက်နိုင်ကြောင်းမျှသည် နေ လအသွင် အလွန်ပင်ထင်ရှားသဖြင့် ရေးသားဖော်ပြခြင်းငှာပင် မသင့်သကဲ့သို့ ဖြစ်လင့်ကစား ထိုမိစ္ဆာတရား အလွန်မကြီးပွားမီ အကျဉ်းအားဖြင့် ဆီးတားပယ်ဖျက်လိုက်ဦးအံ့။

သာသနာတော်မြတ်၏ အာကျိုးစီးပွားကို လိုလားကြကုန်သော ဥပါသကာတို့သည် ထိုမိစ္ဆာတရားကို ပယ်ရှားဖျောက်ဖျက်နိုင်စိမ့်သောငှာ ပြဆိုလတ္တံ့သော ပါဠိများကို အနက်နှင့်တကွ နှုတ်ဘက်ဆောင်ယူကြကုန်။

(၁) ယံပန ကိဉ္စိ ဝိဝဋ္ဋံ နိဗ္ဗာနံ ပတ္ထေတွာ ပဝတ္တိတံ၊ အန္တမသော ဥဋ္ဌုံ ယာဂုမတ္တဒါနံပိ ပဏ္ဍု မုဋ္ဌိ ဒါနမတ္တံပိ၊ သဗ္ဗန္တံ ဝိဝဋ္ဋပက္ခိ ကတ္တာ၊ သမ္မာပဋိပဒါဝ ဟောတိ၊ န အရဟတ္တံ အပ္ပတွာ ပရိယောသာနံ ဂစ္ဆတိ။ (နိဒါနဝဂ္ဂဲ သံယုတ် အဋ္ဌကထာပါဠိ)။

ပန၊ အဖို့တပါးကို ဆိုဦးအံ့။ ဝိဝဋ္ဋံ၊ ဝဋ်ကင်းရာဖြစ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ပတ္ထေတွာ။ တောင့်တ၍။ ယံကိဉ္စိ၊ အမှတ်မရှိ တခုခုသော။ အန္တမသော၊ အယုတ်ဆုံးအား ဖြင့်။ ဥဋ္ဌုံယာဂုမတ္တဒါနံပိ၊ တမှုတ်လောက်မျှသော ယာဂုဒါနကို လည်းကောင်း။ ပဏ္ဍုမုဋ္ဌိဒါနမတ္တံပိ၊ တဆုပ်လောက်မျှသော သစ်ရွက်ဒါနကိုလည်းကောင်း။ ပဝတ္တိတံ၊ ဖြစ်စေအပ်၏။ တံဃဗ္ဗံ၊ ထိုအလုံးစုံသော ဒါနသည်။ ဝိဝဋ္ဋပက္ခိကတ္တာ၊ ဝဋ်ကင်းခြင်း၏ အဖို့ဥ ဖြစ်သောကြောင့်။ သမ္မာပဋိပဒါဝ၊ ကောင်းသောအကျင့်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ အပ္ပတွာ၊ မရောက်မူ၍။ ပရိယောသာနံ၊ ပြီးဆုံးခြင်းသို့။ နဂစ္ဆတိ၊ မရောက်။ နိဗ္ဗာန်သို့ရောက်အောင်ပင် ပေးစွမ်းနိုင်တော့သည်ဟူလို။

(၂) သီလာဒိ ဂုဏယုတ္တာသ ဟိ ကဋ္ဌစ္ဆဲ၊ ဘိက္ခာပိ ပဉ္စရတန မတ္တာယဘူမိယာ ပဏ္ဏာသလာကာပိ ကတ္တာ ဒိန္နာ အနေကာနံ ကပ္ပသဟဿာနံ ဒုဂ္ဂတိ ပိနိပါတဟော ရက္ခတိ၊ ပရိယောသာနေစ အမတာယ ခေတုယာ ပရိနိဗ္ဗာနသဲ ပစ္စယော ဟောတိ၊ ခီရောဒနံ အဟမဒါသိန္တိ အာဒိနိ စေတ္ထ ဝတ္ထုနိ၊ သကလမေဝ ဝါ ပေတဝတ္ထု ဝိမာနဝတ်ထု စ သာဓကံ။ (ဒသကအင်္ဂုတ္တိရ် အဋ္ဌကထာ၊ မူလပဏ္ဏာသ အဋ္ဌကထာ ၂-ကျမ်းပါဠ်)။

ဟိ-သစ်စံ၊ မှန်၏။ သီလာဒိဂုဏယုတ္တာသ၊ သီလ စသောဂုဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်အား။ ကဋ္ဌစ္ဆဲ၊ ဘိက္ခာပိ၊ တယောက်ချို(တဇွန်း) သော ဆွမ်းကိုလည်းကောင်း။ ပဉ္စရတန-မတ္တာယ၊ ငါးတောင်မျှလောက်သော။ ဘူမိယာ၊ မြေ၌။ ပဏ္ဏာသလာ၊ သစ်ရွက်ကျောင်းကို။ ကတ္တာပိ၊ ဆောက်လုပ်၍လည်းကောင်း။ ဒိန္နာ၊ ပေးလှူအပ်သော အလှူသည်။ အနေကာနံ ကပ္ပသဟဿာနံ၊ အထောင်မက များပြားလှစွာ၊ ကပ်ကမ္ဘာတို့ပတ်လုံး။ ဒုဂ္ဂတိဝိနိပါတကော စ၊ ဒုဂ္ဂတိဘုံတွင်းသို့ ပျက်စီး၍ ကျရခြင်းမှလည်း။ ရက္ခတိ၊ စောင့်ရှောက်နိုင်၏။ ပရိယောသာနေ၊ အဆုံး၌။ အမတာယ ခေတုယာ၊ အမတသဘောရှိသော။ ဝါ၊ မသေသော သဘော အား ဖြင့်။ ပရိနိဗ္ဗာနဿ၊ ပရိနိဗ္ဗာန်ပြုရခြင်း၏။ ပစ္စယော စ၊ အကြောင်းသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဧတ္ထ၊ ဤအရာ၌။ ခီရောဒနံ အဟမဒါသိန္တိအာဒိနိ၊ ခီရောဒနံအဟ-မဒါသိ၊ ဤသို့ အစရှိကုန်သော။ ဝတ္ထုနိစ၊ ဝတ္ထုတို့သည်လည်းကောင်း။ သကလ မေဝ ဝါ၊ အလုံးစုံလည်းဖြစ်သော။ ပေတဝတ္ထု ဝိမာန ဝတ္ထုစ၊ ပေတဝတ္ထု၊ ဝိမာန် ဝတ္ထုသည်လည်း ကောင်း။ သာဓကံ၊ သာဓကဟုဆိုလို။ (ဒါန၏၊ နိဗ္ဗာန်ရောက်အောင် အကျိုးပေးခြင်း၏ သက် သေကား။ အလုံးစုံသော ပေတဝတ္ထု၊ ဝိမာနဝတ္ထုပေတည်း-ဟူလို)

(၃) ယထာဟိ သုခုမံ ဒုဗ္ဗလံ သာလိသူကံဝါ ယဝသူကံဝါ ဟောတု၊ မဟန္တ-မဟန္တာ သေပဏ္ဏိကဏ္ဏကမဒနကဏ္ဏကာဒယောဝါ၊ ဇတေသု ယံကိဉ္စိ မိစ္ဆာ-ဌပိတံ၊ ဟတ္ထံဝါ ပါဒံဝါ ဆိန္ဒိတုံ၊ လောဟိတံဝါ ဥပ္ပါဒေတုံ နသက္ကောတိ၊ သမ္မာဌပိတံ ပန သက္ကောတိ၊ ဝေမေဝ အပ္ပမတ္တကံ တိဏမုဋ္ဌိမတ္တဒါန ကုသလံဝါ ဟောတု၊ မဟန္တံ ဝေလာမဒါနာဒိ ကုသလံဝါ၊ သစေ ဝဋ္ဋသမ္ပတ္တိံ ပတ္ထေတွာ ဝဋ္ဋသန္နိဿိတဝသေန မိစ္ဆာဌပိတံ ဟောတိ၊ ဝဋ္ဋမေဝ အာဟရိတုံ သက္ကောတိ၊ နော ဝိဝဋ္ဋံ။ ဣဒံ မေ ဒါနံ အာသဝက္ခယာဝဟံ ဟောတု တံ ဇေဝန ဝိဝဋ္ဋ ပတ္ထေန္တေန ဝိဝဋ္ဋဝသေန သမ္မာဌပိတံ။ အရဟတ္တံပိ ပစ္စေကဗောဓိဉာဏံပိ သဗ္ဗညုတ ဉာဏံပိ ဒါတုံ သက္ကောတိယေဝ။ (ကေအင်္ဂတ်တိုရ် အဋ္ဌကထာပါဠိ)။

ဟိ-သစ်၊ မှန်၏။ သုခုမံ၊ သိမ်မွေ့စွာသော။ ဒုဗ္ဗလံ၊ အားနည်းစွာသော။ သာလိ-သူကံဝါ၊ သလေးစပါးမွေးသည်လည်းကောင်း။ ယဝသူကံဝါ၊ မယောစပါး မွေးသည်လည်း ကောင်း။ ဟောတု၊ ဖြစ်စေ။ မဟန္တ-မဟန္တာ၊ ကြီးကုန် ကြီးကုန်သော။ သေပဏ္ဏိကဏ္ဏကမဒန ကဏ္ဏကာဒယောဝါ၊ ယမနေဆူး၊ သမင်စာဆူးတို့သည်လည်းကောင်း။ ဟောန္တု၊ ဖြစ်စေကုန်။ ဇတေသု၊ ထိုဆူးငယ် ဆူးကြီးတို့တွင်။ ယံကိဉ္စိ၊ အမှတ်မရှိတခုခုသော။ မိစ္ဆာဌပိတံ၊ မကောင်း သဖြင့် ချထားအပ်သော ဆူးသည်။ ဟတ္ထံ ဝါ။ လက်ကိုလည်းကောင်း။ ပါဒံဝါ၊ ခြေကို လည်းကောင်း။ ဆိန္ဒိတုံ၊ ဖြတ်ခြင်းငှာ။ လောဟိတံ ဝါ၊ သွေးကိုလည်း။ ဥပ္ပါဒေတုံ၊ ဖြစ်စေခြင်းငှာ။ နသက္ကောတိယထာ၊ မစွမ်းနိုင်သကဲ့သို့။ သမ္မာဌပိတံပန၊ ကောင်းစွာစိုက်ထောင်၍ ထားအပ်သော ဆူးသည်ကား။ သက္ကောတိယထာ၊ စွမ်းနိုင်သကဲ့သို့။ ဝေမေဝ၊ ထိုအတူသာ လျှင်။ အပ္ပမတ္တကံ၊ အနည်းငယ်သော။ တိဏမုဋ္ဌိမတ္တဒါနကုသလံဝါ၊ မြက်တဆုပ်လောက်မျှ သော ဒါနကုသိုလ်သည်မူလည်း။ ဟောတု၊ ဖြစ်စေ။ မဟန္တံ၊ ကြီးစွာသော။ ဝေလာမ ဒါနာဒိကုသလံဝါ၊ အလောင်းတော် ဝေလာမ၏ ဒါနစသည်နှင့် တူသော ကုသိုလ်သည် မူလည်း။ ဟောတု၊ ဖြစ်စေ။ ဝဋ္ဋသမ္ပတ္တိံ၊ ဝဋ်စည်းစိမ်ကို။ ပတ္ထေတွာ၊ လိုချင်တောင့်တ၍။ ဝဋ္ဋနိဿိတဝသေန၊ ဝဋ်ကိုမှီသည်၏ အစွမ်းအားဖြင့်။ မိစ္ဆာဌပိတံ၊ မကောင်းသဖြင့် ပြုအပ် သော ကုသိုလ်သည်။ သစေဟောတိ၊ အကယ်၍ ဖြစ်အံ့။ ဝဋ္ဋမေဝ၊ ဝဋ်သို့သာလျှင်။ အာဟ-ရိတုံ၊ ဆောင်ခြင်းငှာ။ သက္ကောတိ၊ စွမ်းနိုင်၏။ ဝိဝဋ္ဋံ၊ နိဗ္ဗာန်သို့။ အာဟရိတုံ၊ ဆောင်ခြင်း ငှာ။ နောသက္ကောတိ၊ မစွမ်းနိုင်။ မေ၊ ငါ၏။ ဣဒံဒါနံ၊ ဤဒါနသည်။ အာသဝက္ခယာ-ဝဟံ၊ အာသဝေါကုန်ရာ နိဗ္ဗာန်သို့ဆောင်နိုင်သည်။ ဟောတု၊ ဖြစ်ပါစေသား။ ဣတိပေ၊ ဤသို့။ ဝိဝဋ္ဋံ၊ နိဗ္ဗာန်ကို။ ပတ္ထေန္တေန၊ လိုချင်တောင့်တသဖြင့် ဝါ၊ လိုချင်တောင့်တ၍။ ဝိဝဋ္ဋဝသေန၊ ဝဋ်ကင်းခြင်း၏ အစွမ်းအားဖြင့်။ သမ္မာဌပိတံပန၊ ကောင်းစွာ ပြုထားအပ် သော ကုသိုလ်သည်ကား။ အရဟတ္တံပိ၊ ရဟန္တာအဖြစ်ကိုလည်းကောင်း။ ပစ္စေကဗောဓိ-ဉာဏံပိ၊ ပစ္စေက ဗောဓိဉာဏ်ကိုလည်းကောင်း။ သဗ္ဗညုတဉာဏံပိ၊ သဗ္ဗညုတဉာဏ်ကို လည်း ကောင်း။ ဒါတုံ၊ ပေးခြင်းငှာ။ သက္ကောတိယေဝ၊ စွမ်းနိုင်သည်သာလျှင်တည်း။ ဤအဋ္ဌကထာ ပါဠိဝယ် (အရဟတ္တံပိ) စသည်၌ (ပိ)သဒ္ဒါ သုံးခုတို့ဖြင့် (၎င်း) ကို အသီးအသီး ပြန်၍ဆည်း၊ (ဝဋ်ကိုလည်း ပေးနိုင်သေး၏ဟူလို)။

(၄) ဧဝမေဝ ဣမသ္မိံ ကမ္မဿကတဉ္စာဏေ ဌိတ္ဝာ၊ ဣဓေဓတ္တာ ဗဟုံ ဝဋ္ဋ ဂါမိကမ္မံ အာယူဟိတ္ဝာ သုခေနသုခံ အနုဘဝန္တာ အရဟတ္တံ ပတ္တာ ဂဏာနပထံ ဝီတိဝတ္တာ။ ။အဋ္ဌသာလိနီ အဋ္ဌကထာပါဠိ။

ဧဝ မေဝ၊ ဤသို့ ဥစ္စေပါများဖေသာ ခရီသွားယောက်ျားသည် လမ်းရိုးအကြား၌ နက္ခတ်ပွဲသဘင်ကို ကစား ပျော်ပါးလျက် ချမ်းသာစွာ ခရီးခဲကို လွန်မြောက်နိုင်သည်နှင့် တူစွာသာလျှင်။ ဣမသ္မိံ ကမ္မဿကတဉ္စာဏေ၊ ဤကမ္မဿကတဉ္စာဏ်၌။ ဌတ္ဝာ၊ တည်၍။ ဗဟုံ၊ များစွာသော။ ဝဋ္ဋဂါမိကမ္မံ၊ ဝဋ်သို့ ရောက်စေတတ်သော လောကီကုသိုလ်ကံကို။ အာယူဟိတ္ဝာ၊ အားထုတ်ကြကုန်၍။ သုခေန သုခံတော၊ ချမ်းသာတခုမှ။ သုခံ၊ ချမ်းသာဘခုကို။ အနုဘဝန္တာ၊ အစဉ်ခံစားကုန်သည်ဖြစ်၍။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပတ္တာ၊ ရောက်ကုန်သော။ ဣမေသတ္တာ၊ ဤသတ္တဝါတို့သည်။ ဂဏာနပထံ၊ အရေအတွက်အရေအတွင်းကို။ ဝီတိဝတ္တာ၊ လွန်ကြကုန်ပြီ။ ဤအဋ္ဌကထာပါဠိဖြင့်ကာမာဝစရ ကုသိုလ်သည် နိဗ္ဗာန်ကို မပေးနိုင်ဟူ၍လည်းကောင်း၊ လောကီကုသိုလ်သည် နိဗ္ဗာန်ကို မပေးနိုင်ဟူ၍လည်းကောင်း ယူကုန်သော သူတို့၏ မိစ္ဆာဝါဒကိုလည်း ပယ်ဖျက်ပြီး ဖြစ်တော့သတည်း။

(၅) ဧဝံ ဇာနနသမယေတ္ထ ဣမသ္မိံ ကမ္မဿကတဉ္စာဏေ ဌတ္ဝာ ဗဟုံ ဒါနံ ဒတ္ဝာ၊ သီလံ ပူရေတ္ဝာ၊ ဥပေါသထံ သမာဒိယိတ္ဝာ၊ သုခေန=သုခံ၊ သမ္ပတ္တိယာ သမ္ပတ္တိံ အနုဘဝိတ္ဝာ နိဗ္ဗာနံ ပတ္တာနံ ဂဏနပရိစ္ဆေဒေါ နတ္ထိ။ (သမ္မောဟဝိနောဒနီ အဋ္ဌကထာပါဠိ)

ဧပံ ဇာနနသမယေတ္ထ၊ ဤသို့ ကာယသုစရိုက်ဧသော ဇာသုသိုလ်ကံသည်သာလျှင် ငါ၏ ဥစ္စာဟု သိခြင်းဌော် စွမ်းနိုင်သော။ ဣမသ္မိံ ကမ္မဿကတဉ္စာဏေ၊ဤကမ္မဿကတဉ္စာဏ်၌။ ဌတ္ဝာ၊ တည်ကြကုန်၍။ ဗဟုံ၊ များစွာ။ ဒါနံ၊ အလှူကို။ ဒတ္ဝာ၊ ပေးလှူကြကုန်၍။ ဥပေါသထံ၊ ရှစ်ပါးသော ဥပုသ်သီလကို။ သမာဒိယိတ္ဝာ၊ ခံယူဆောက်တည်ကြကုန်၍။ သုခေန·သုခံတော၊ လူချမ်းသာ နတ်ချမ်းသာ တခုမှ။ သုခံ၊ လူနတ်ချမ်းသာ နတ်ချမ်းသာတခုကို။ သမ္ပတ္တိယာ သမ္ပတ္တိံဘော၊ လူ နတ် စည်းစိမ်တခုမှ။ သမ္ပတ္တိံ၊ လူ နတ် စည်းစိမ်တခုကို။ အနုဘဝိတ္ဝာ၊ အစဉ်ခံစားကုန်၍။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ ပတ္တာနံ၊ ရောက်ကုန်သော ပုဂ္ဂိုလ်တို့၏။ ဂဏနပရိစ္ဆေဒေါ၊ အရေအတွက် အပိုင်းအခြားသည်။ နတ္ထိ၊ မရှိ။ သမ္မောဟဝိနောဒနီ ယောဇနာဋ္ဌကား။ (သုခေနာတိ အတိကိစ္ဆေန) ဟု ဖွင့်ဆိုတော်မူ၏။ ဤ ယောဇနာ၏ အလိုအားဖြင့်ကား။ သုခေန၊ မငြိုငြင်ဖေသောအားဖြင့်။ သုခံ၊ ချမ်းသာကို။ သမ္ပတ္တိယာ၊ ပြည့်စုံသောအားဖြင့်၊ သမ္ပတ္တိံ၊ စည်းစိမ်ကို–ဟု၊ ယောဇနာသင့်၏။ နှစ်သက်ရာကို–ယူ။ ဤ အဋ္ဌကထာပါဠိဖြင့် ငါးပါးသီလ, ရှစ်ပါးသီလတို့သည် နိဗ္ဗာန်ရောက်ကြောင်းမဟုတ်။ အာဇီဝဋ္ဌမက၊ သီလသာ နိဗ္ဗာန်သို့ရောက်ကြောင်းဟု ယူဆကုန်သော သူတို့၏ ဝါဒကိုလည်း ကာဝါတည်း ပယ်ဒုပ်ပြီး ဖြစ်တော့သည်။

(၆) ဧတဿော သမ္ပတ္တိယော အာဂမ္မ ဂဟဋ္ဌာကပ္ပဟံ ဒေဝလောကတော မနုဿလောကံ၊ မနုဿလောကတော ဒေဝလောကန္တိ ဧပံ သုဒ္ဓါနတော

ဌာနမေဝ နေတ္ဝာ၊ ကပ္ပသတသဟဿံပိ သုခဝိပါကံ ဒတ္ဝာ နိဗ္ဗာနသမ္ပာပနံ ဝေဒိတဗ္ဗံ။ (သမ္မောဟဝိနောဒနီအဋ္ဌကထာပါဠိ)။

စတသော၊ လေးပါးကုန်သော။ သမ္ပတ္တိယော၊ ဂတိသမ္ပတ္တိ, ဥပဓိသမ္ပတ္တိ, ကာလသမ္ပတ္တိ, ပယောဂသမ္ပတ္တိတို့ကို။ အာဂမ္မ၊ စဲ၍။ ကလျာဏကမ္မာနံ၊ ကောင်းမှုကုသိုလ်ကံ ရှိကုန်သော ပုဂ္ဂိုလ်တို့အား။ ဝါ၊ ကောင်းမှုကုသိုလ်ကံ ရှိကုန်သော ပုဂ္ဂိုလ်တို့ကို။ ဒေဝလောကတော၊ နတ်ပြည်မှ။ မနုဿလောကံ၊ လူ့ပြည်သို့။ မနုဿလောကတော၊ လူ့ပြည်မှ။ ဒေဝလောကံ၊ နတ်ပြည်သို့။ ဣတိဧဝံ၊ ဤသို့။ သုခဌာနတော၊ ချမ်းသာရာဘုံတခုမှ။ သုခဌာနမေဓ၊ ချမ်းသာရာဘုံတခုသို့သာလျှင်။ နေတ္ဝာ၊ ဆောင်၍။ ကပ္ပသတသဟဿံပိ၊ ကမ္ဘာတသိန်းကာလပတ်လုံးလည်း။ သုခပိပါကံ၊ သုခဝိပါဂ်ကို။ ဝါ၊ ချမ်းသာသော လူဖြစ်ကျိုး, နတ်ဖြစ်ကျိုးကို။ ဒတ္ဝာ၊ ပေးပြီး၍။ နိဗ္ဗာနသမ္ပာပနံ၊ နိဗ္ဗာန်သို့ ရောက်စေခြင်းကို။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

ဤသို့ ပြဆိုအပ်ခဲ့ကုန်ပြီးသော အဋ္ဌကထာပါဠိတို့၏ အဓိပ္ပာယ်သည် ထင်ရှားသဖြင့် သိလွယ်ပြီ။ ဤအဋ္ဌကထာကြီးတို့မှတပါး ထိုထိုပါဠိတော် အဋ္ဌကထာ၊ ဋီကာကျမ်း အစောင်စောင်တို့၌ နိဗ္ဗာန်ကို လိုချင်တောင့်တ၍ပြုလျှင် အနည်းငယ်သော ဒါနသည်ပင် နိဗ္ဗာန်တိုင်အောင် ပို့ဆောင်နိုင်၏ဟု ပြဆိုအပ်သောအရာ များစွာပင်ရှိသေး၏။ ရေးသော် ကျယ်အံ့သာဖြစ်သည်။

ဤသို့ ကျမ်းဂန်များစွာတို့၌ လာရှိသောအတိုင်းကိုသာ လိုက်နာနိုင်ကြသဖြင့် မိမိတို့သည်လည်း ဒါနကုသိုလ်၊ ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါးသီလကို စောင့်သုံးသော ကုသိုလ်များကို အားထုတ်ဆည်းပူးသောအခါ နိဗ္ဗာန်ကိုပတ္ထနာပြု၍ အားထုတ်ကြရာသည်။ သူဘပါးတို့အားလည်း ထို ဒါန စသော ကုသိုလ်ဟူရားတို့ကို အားမထုတ်-ထုတ်ချင်အောင်၊ အားထုတ်ပြန်လျှင်လည်း နိဗ္ဗာန်ကိုပတ္ထနာပြု၍ အားထုတ်တတ်၊ အားထုတ်ချင်စိတ်အောင်သာ ဟောပြောကြရာသဘည်း။

(နှ) ထိုမှတပါးလည်း ယခုကာလ ထိုထိုအရပ်ဒေသတို့၌ ရသေ့ပြုလုပ်သူ ပေါများ၍ လာခြင်းသည်လည်း သာသနာတော်ကြီး ပျက်စီးခြင်း၏ အကြောင်းပင်ဖြစ်သည်။ ထိုသို့ ပျက်စီးကြောင်းဖြစ်သည်ကို ဆိုလတ္တံ့သော သီလက္ခန်ဘဏဝါဠိဖြင့်သိ။

ကဿပ ပန တာပသပဗ္ဗဇ္ဇာ သာသနဿ ဝိနာသနမုခန္တိ ဝုတ္တာတိ။ ယသ္မာ ဂစ္ဆန္တံ ဂစ္ဆန္တံ တာပသ ပဗ္ဗဇ္ဇဝသေန သြသက္ကိဿတိ၊ ကုမ္မဂ္ဂံ သာသနေ ပဗ္ဗဇိတ္ဝာ တိသော သိက္ခာ ပူရေတုံ အသက္ကောန္တံ လဇ္ဇိနော သိက္ခာကာမာ နတ္ထိ တယာ သဒ္ဓိံ ဥပေါသထော ဝါ ပဝါရဏာ ဝါ သံဃကမ္မံဝါတိ ဇိဂုစ္ဆိတ္ဝာ ပရိဇဇ္ဇန္တိ၊ သော ဒုက္ကရံ ခုရဓာရူပမံ သာသနေ ပဋိပတ္တိပူရဏံ ဒုက္ခံ၊ တာပသပဗ္ဗဇ္ဇာ ပန သုကရာစေဝ ဗဟုဇနသမ္မတာစာတိ ဝိဇ္ဇမိတ္ဝာ တာပသော ဟောတိ။ အညေ တံ ဒိသ္ဝာ ကိံ ဝယာ ကတန္တိ ပုစ္ဆန္တိ။ သော ဘာရိယံ တုမ္ဟာကံ သာသနေ ကမ္မံ၊ ဣဓ ပန သဆန္ဒစာရိနော မယန္တိ ဝဒတိ၊ သောပိ ယဒိဧဝံ အဟမ္ပိ ဧတ္ထေဝ

ပဗ္ဗဇ္ဇာမိတိ တဿ အနုသိက္ခန္တော တာပသော ဟောတိ၊ ဧဝမညေပိ အညေမိတိ၊ ကမေန တာပသာဝ ဗဟုကာ ဟောန္တိ၊ တေသံ ဥပ္ပန္နကာလေ သာသနံ ဩသက္ကိတံနာမ ဘဝိဿတိ၊ လောကေ ဧဝရူပေါ ဗုဒ္ဓေါနာမ ဥပ္ပဇ္ဇိ၊ တဿ ဤဒိသံနာမ သာသနံ အဟောသိတိ သုတမတ္တမေဝ ဘဝိဿတိ၊ ဣဒံ သန္ဓာယ ဘဂဝါ၊ တာပသ ပဗ္ဗဇ်ံ သာသနဿ ဝိနာသန မုခန္တိ အာဟ။ (သီလက္ခန် အဋ္ဌကထာပါဠိ)

ကသ္မာ၊ အဘယ်ကြောင့်။ တာပသပဗ္ဗဇ္ဇာ၊ ရသေ့ဘောင်၌ ရဟန်းအဖြစ်ကို။ သာသနဿ၊ သာသနာတော်၏။ ဝိနာသနမုခန္တိ၊ ပျက်စီးခြင်း၏အကြောင်းဟူ၍။ ဝုတ္တာ၊ ဟောတော်မူအပ်သနည်း။ ဣဘိအယံ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။ ယသ္မာ၊ အကြောင်ကြောင့်။ သာသနံ၊ သာသနာတော်သည်။ ဂစ္ဆန္တံ ဂစ္ဆန္တံ၊ ကာလကိုလွန်၍သွားသည်-သွားသည်ရှိသော်။ တာပသပဗ္ဗဇ္ဇာဝသေန၊ ရသေ့ဘောင်၌ ရဟန်းပြုသောအဖြစ်၏ အစွမ်းအားဖြင့်။ သြသက္ကိဿတိ၊ ဆုတ်ယုတ်လတ္တံ့။ ဟိ၊ ခဲ့၍ဆိုဦးအံ့။ ဣမသ္မိံ သာသနေ၊ ဤဘုရားရှင်၏ သာသနာတော်၌။ ပဗ္ဗဇ်တ္တာ၊ ရဟန်းပြု၍။ တိဿော သိက္ခာ၊ သုံးပါးကုန်သော သိက္ခာတို့ကို။ ပူရေတုံ၊ ဖြည့်ကျင့်ခြင်းငှာ။ အသက္ကောန္တံ၊ မစွမ်းနိုင်သော ရဟန်းဆိုးကို။ လဇ္ဇီနော၊ ရှက်တတ်ကုန်သော။ သိက္ခာကာမာ၊ သိက္ခာသုံးပါးကို လိုလားကုန်သော ရဟန်းကောင်းတို့သည်။ တယာ၊ သင်နှင့်။ သဒ္ဓိံ၊ တကွ။ ဥပေါသထော ဝါ၊ ဥပုသ်ပြုခြင်းသည်လည်းကောင်း၊ ပဝါရဏာ ဝါ၊ ပဝါရဏာပြုခြင်းသည်လည်းကောင်း။ သံဃကမ္မံ ဝါ၊ သံဃကံသည်လည်းကောင်း။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ ဇီဂုစ္ဆိတ္တာ၊ စက်ဆုပ်ရွံရှာကုန်၍။ ပရိဝဇ္ဇန္တိ၊ ကြဉ်ကြကုန်၏။ သော၊ ထိုရဟန်းသည်။ သာသနော၊ သာသနာတော်၌။ ပဋိပတ္တိ-ပူရဏံ၊ ပဋိပတ်ကို ဖြည့်ကျင့်ရခြင်းသည်။ ဒုက္ခံ၊ ဆင်းရဲလှလေ၏။ ဒုက္ကရံ၊ ခဲယဉ်းလှလေ၏။ ခုရဓာရူပမံ၊ သင်ဓုန်းခွာ၌ နင်းရှသွားသည်နှင့် တူ၏။ တာပသပဗ္ဗဇ္ဇာပန၊ ရသေ့ဘောင်၌ ရဟန်းအဖြစ်သည်ကား။ သုကရာစေဝ၊ ကျင့်လည်းကျင့်လွယ်၏။ ဗဟုဇနသမ္မတာစ၊ များစွာကုန်သော လူတို့သည် မြတ်သည်ဟူ၍လည်း သမုတ်အပ်၏။ ဣတိ၊ ဤသို့ကြံ၍။ ဝိပ္ပဓိတ္တာ၊ သာသနာတော်မှ ပျက်ပြား၍။ ဝါ၊ လူထွက်၍။ တာပသော၊ ရသေ့သည်။ ဟောတိ၊ ဖြစ်၏။ အညေ၊ တပါးကုန်သော ရဟန်းတို့သည်။ တံ၊ ထိုရသေ့ကို။ ဒိသ္ဝာ၊ မြင်ကြကုန်၍။ တယာ၊ သင်သည်။ ကိံ ကတံ၊ ဘယ်နှယ်လုပ်သနည်း။ ဣတိ၊ ဤသို့။ ပုစ္ဆန္တိ၊ မေးကြကုန်၏။ သော၊ ထိုရသေ့သည်။ ကုမ္မဂါ၊ အရှင်တို့၏။ သာသနေ၊ သာသနာတော်၌။ ကမ္မံ၊ ပြုကျင့်မှုသည်။ ဘာရိယံ၊ ဝန်လေး၏။ ဣတိ၊ ဤရသေ့ဘောင်၌ကား။ ဃံ၊ အကျွန်ုပ်တို့သည်။ သဆန္ဒစာရိနော၊ အလိုရှိတိုင်း သွားလေးနိုင်ကုန်၏။ ဣတိ၊ ဤသို့။ ဝဒတိ၊ ဆို၏။ သော၏၊ ထိုရဟန်းသည်လည်း။ ယဒိဧဝံ၊ အကယ်၍ သင်ဆိုသလိုဖြင့်ငြားအံ့။ အဟံပိ၊ ငါသည်လည်း။ ဧတ္ထေဝ၊ ဤရသေ့ဘောင်၌သာလျှင်။ ပဗ္ဗဇ္ဇာမိ၊ ရဟန်းပြုအံ့။ ဣတိ၊ ဤသို့။ တဿ၊ ထိုရသေ့သို့။ အနုသိက္ခန္တော၊ အတုလိုက်၍ ကျင့်သည်ဖြစ်၍။ တာပသော၊ ရသေ့သည်။ ဟောတိ၊ ဖြစ်ရလေ၏။ ဣတိ၊ ဤသို့။ ဧဝမညေပိ၊ ဤနည်းအားဖြင့်။ တာပသာဝ၊ ရသေ့တို့သည်သာလျှင်။ ဗဟုကာ၊ များကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေသံ၊ ထိုရသေ့တို့၏။ ဥပ္ပန္နကာလေ၊ ဖြစ်သောကာလ၌။ သာသနံ၊ သာသနာတော်သည်။ ဩသက္ကိတံ နာမ၊

ဆုတ်ယုတ်ပြီမည်သည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ လောဧက၊ လောကဒ္ဓါ။ ဧဝရူပေါ၊ ဤသို့သဘောရှိသော။ ဗုဒ္ဓေါနာမ၊ ဘုရားမည်သည်။ ဥပ္ပဇ္ဇိ၊ ပဋ္ဌင်တော်မူဖူးပြီ။ တဿ၊ ထိုဘုရား၌၏။ ဤဒိသံနာမ၊ ဤသို့သဘော၌သည်မည်သော။ သာသနံ၊ သာသနာတော်သည်။ အဟောသိ၊ ဖြစ်ဖူးပြီ။ ဣတိ၊ ဤသို့။ သုတမတ္တမေဝ၊ ကြားဖူးကာမျှသည်သာလျှင်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣဒံ၊ ဤအကြောင်းကို။ သန္ဓာယ၊ ရည်၍။ ဘဂဝါ၊ မြတ်စွာဘုရားသခင်သည်။ တာဝပဿပဗ္ဘုံ၊ ရသေ့ဘောင်၌ ရဟန်းအဖြစ်ကို။ သာသနဿ၊ သာသနာတော်၏။ ဝိနာသနမုခန္တိ၊ ပျက်စီးခြင်း၏ အကြောင်းဟူ၍။ အာဟ၊ ဟောတော်မူပြီ။ ဤကား အနက်။

ဤအဋ္ဌကထာပါဠိ၏ အဓိပ္ပာယ်သည်ကား ထင်ရှားသဖြင့် သိလွယ်ပြီ။ ဤသို့လာသော အဋ္ဌကထာစကားကို မှတ်သားသိမြင် ဆင်ခြင်မိကြသဖြင့် သာသနာတော်နှစ်ကို စွန့်ပစ်ခွါရှောင်၍ ရသေ့ဘောင်သို့ မသက်ဝင် မကျရောက်ရအောင် အထူးသတိဆောင်သင့်ကြသည်။

ဤသို့ ပြဆိုအပ်ခဲ့ပြီးကုန်သော တရားစုတို့ကို ကြည့်ရှုတွေ့မြင် ဆင်ခြင်မိကြသဖြင့် လေးသင်္ချေနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး ကျင့်သုံးဖြည့်ဆည်းတော်မူမှ ရတော်မူအပ်သော သဗ္ဗညုဘုရားဏ်တော်ကြီးဖြင့် မဖောက်မပြန် အမှန်သိတော်မူ၍ အလုံးစုံသော နတ် လူတို့၏ အကျိုးငှာ ကောင်းစွာမြှင်ဖော် ဟောတော်မူအပ်သော နိယျာနိက အာတိဒုလ္လဘဖြစ်သော သာသနာတော်မြတ်ကြီးအတွင်း၌ လူဖြစ်ခြင်းကို ရကြသည့်အခါ သဗ္ဗညုတဉာဏ်တည်းဟူသော ချိန်တော်ကြီးဖြင့် နှိုင်းချိန်ပိုင်းခြား၍ ဟောကြားတော်မူအပ်သော သာသနာတော်အတွင်း၌ ကျင့်ထိုက် ကျင့်အပ်သော တရားတော်အတိုင်းကိုသာ မလျော့, မသာ လိုက်နာကျင့်ဆောင်အပ်ပေတကား ဟု ယောနိသောမနသိကာရလျှင် အကြောင်းရင်းရှိသော သတိသမ္ပဇညတရားကို များများကြီး ဖြစ်ပွားကြစေကုန်။

နိဂုံးဂါထာ

(၁) ကာယဿဓာခာနုပေက္ခေန၊ သာသနတ္ထံ မယာဇဏ္ဍတာ။
အန္တရန္တရမေဝေသာ၊ ပဋိပတ္တိပကာသနီ။

(၂) သာသနေဂုဏဝကွမ်ိ၊ သက္ကရာဇေ ပဏဝ်ိဝေ။
မာဃဇုဏှမိ် ပဥ္စမျ်၊ သုက္ကဝါရေ သုနိဋ္ဌိတာ။

(၃) တထာခိပ်ံ သမိဇ္ဈန္တု၊ သက်ပါ သဗ္ဗပါဏိနံ။
သဗ္ဗဒါ သာဓ သောဘေတု၊ ဝိဒုံသေန်္တ နိစျာမကေ။

ကာယဿဓာခံ၊ ကိုယ်၌မှီတွယ်၊ နည်းငယ်ဝေဒနာ၊ လေရောဂါကို။ ဝါ၊ ကိုယ်၏နာကျင်ခြင်းကို။ အနုပေက္ခေန၊ မငဲ့မကြည့်သဖြင့်။ ဝါ၊ မငဲ့ကြည့်မူ၍။ ဝါ၊ မငဲ့ကြည့်သော။ မယာ၊ ဇောတိကာရုမိကဆရာငါသည်။ သာသနတ္ထံ၊ သာသနာတော်၏အကျိုးငှာ။ အန္တရန္တရမေဝ၊ တပည့်တပန်း၊ ဂုဟန်းသာမဏေတို့အား၊ စာပေနှေးညှဉ်း ပိုချ၍ပေးသည်၏၊ အကြားအကြား၌သာလျှင်။ ယာပဋိပတ္တိပကာသနီ၊ ပဋိပဒါသုံးပါးကို၊ ဒဿဏ်းထား၍၊ ငဋိပတ်ကရုဏ်ကို၊

ပြရာပြကြောင်းဖြစ်သောကြောင့်၊ ပဋိပတ္တိပကာသနီ အမည်ရှိသော အကြောင်းကျမ်းကို။ကတာ၊ ပြုစီရင်အပ်ပြီ။ ဝါ၊ ပြုစီရင်အပ်သော။ ယာပဋိပတ္တိပကဲ့သနီ၊ အကြောင် ပဋိပတ္တိပကာသနီ အမည်ရှိသောကျမ်းသည်။ အတ္ထိ၊ ရှိ၏။ သောပဋိပတ္တိပကာသနီ၊ ထိုပဋိပဒါသုံးပါး၊ လက်မှန်ထား၍၊ ပဋိပတ်တရားတို့ကို၊ ပြရာပြကြောင်း ဖြစ်သောကြောင့်၊ ပဋိပတ္တိပကာသနီ အမည်ရှိသော ထိုကျမ်းသည်။ (သုနိဒ္ဒိတော ဠ်စပ်။) သာသနေ၊ သာသနာတော်နှစ်ဖြစ်သော။ ဂုဏဝက္ခမို့၊ ၂၄၅၃ ခုနှစ်၌၊ သက္ကရာဇ်၊ သီကြားမင်းနှစ်၊ သက္ကရာဇ်ဖြစ်သော။ ပထက္ခိပေ၊ ၁၂၇၁·ခုနှစ်၌။ မာဃဇုလ္လမို့၊ တပို့တဲ့လဆန်းပက္ခ၌။ ပဥ္စမျ ံ၊ ငါးရက်မြောက်၌။ သုက္ကဝါရေ၊ သောကြာနေ့၌။ သုနိဒ္ဒိတာ·သုနိဒ္ဒိတံ-ပရိယောသာနံ ဣတာဂတာ ပတ္တာယထာ၊ ကောင်းစွာပြီးဆုံးခြင်းသို့၊ ရောက်သကဲ့သို့။ တထာ၊ ထိုနှင့်တပဲ၊ မကဲတူစွာ။ ပါဏိနံ·ပါဏီနံ၊ သတ္တဝါတို့၏။ သက်ပွါစ၊ ကောင်းသောအကြံတို့သည်လည်း။ ခိပ်ပံ၊ လျင်မြန်စွာ။ သမိဇ္ဈန္တု၊ ကောင်းစွာပြီးစီး၊ ပြည့်စုံစေကုန်သတည်း။ သာပဋိပတ္တိပကာသနီ၊ ထို ပဋိပတ္တိပကာသနီ မည်သောကျမ်းသည်လည်း။ နိစျာမကေ·နိဇ္ဈာမကေ၊ နိစ္စာမ-အကျင့်တရားတို့ကို၊ ဝိဒ္ဒိသေန္တီ၊ ဖျက်ဆီးနိုင်သည်။ ဟုတ္ထာ၊ ဖြစ်၍။ သောဘေတု-သောဘံတေု-ပါပုဏာတု၊ တင့်တယ်ခြင်းသို့·ရောက်ပါစေသတည်း။ ပါဏိနံစ၊ သတ္တဝါတို့ကိုလည်း။ သောဘေတု- သောဘာပေတု- သောဘံကရောတု၊ တင့်တယ်အောင်ပြုနိုင်ပါစေသတည်း။

တတိယဂါထာ၌၊ ပါဏိနံ ကို ဆန္ဒာနုရက္ခဏအလို့ငှါ ပါဏိနံ ဟု၊ ရသန္ဒင့်ရွတ်။ ထိုပုဒ်သည် သက်ပွါ၌ သမ္မန်။ သောဘေတု၌·ကံ။ နိဇ္ဈာမကံကို ဆန္ဒာနုရက္ခဏအလို့ငှါ နိစျာမကေဟု ရွတ်။ ကပစ္စည်းကို သကတ္ထ၌-ယူ။

ဤမျှတည်းဖြင့် ပဋိပတ္တိပကာသနီကျမ်း ပြီး၏။

၁၂၇၈-ခုနှစ်တွင်

စနုဖြူမြို့

အဂ္ဂမဟာဝပဏ္ဍိတ

သဒ္ဓမ္မဇောတိကာရာမ ဒုတိယ ဆရာတော်ဘုရားကြီး

ရေးသားတော်မူသော

နဝင်္ကသီလဝိနိစ္ဆယ

အာဘိယာစက

ရှိသေလေးမြတ်စွာ လျှောက်ထားပါသည်ဘုရား။ အချို့အရပ်၌ အချို့သော ဒါယကာ ဒါယိကာမတို့သည် နဝင်္ကသီလကို စောင့်ထိန်းကြပါသည်ဘုရား။ ယင်းသီလကို ပါဠိတော်အဋ္ဌ-ကထာများ၌ ဟောတော်မူအပ်သောအရာ ရှိ-မရှိကိုလည်းကောင်း။ စောင့်သုံးသင့် မစောင့်သုံးသင့်ကိုလည်းကောင်း သိလိုပါသည်။ သာသနာတော်၏အကျိုးငှာ ဝိနိစ္ဆယ ရေးသားချီးမြှောက်တော်မူပါဘုရား။ ၁၂၇၈-ခု သီတင်းကျွတ်လဆန်း ၁၃-ရက်နေ့ရောက်သော ပုသိမ်မြို့ မောင်းထောင်တိုက် ဦးသုဝဏ္ဏ၏ လျှောက်လွှာ။

ဦးသုဝဏ္ဏ လျှောက်ထားအပ်သည်ကို ဖြေဆိုရေးသားပေအံ့။ လျှောက်ထားအပ်သော နဝင်္ကသီလကို နဝကနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမပဏ္ဏာသက သီဟနာဒဝဂ် (၈) ခုမြောက် မေတ္တာပေါသထသုတ်၌ ဟောတော်မူအပ်၏။ ဟောတော်မူအပ်သော ပါဠိတော်ကား။

နဝဟိ ဘိက္ခဝေ အင်္ဂေဟိ သမန္နာဂတော ဥပေါသတော ဥပဝုဏ္ဍော မဟပ္ဖလော ဟောတိ မဟာနိသံသော မဟာဇုတိကော မဟာဝိပ္ဖာရော။ ကထံ ဥပဝုဏ္ဍောစ ဘိက္ခဝေ နဝဟင်္ဂေဟိ သမန္နာဂတော ဥပေါသထော မဟပ္ဖလော ဟောတိ မဟာနိသံသော မဟာဇုတိ-ကော မဟာဝိပ္ဖာရော၊ ဣဓ ဘိက္ခဝေ အရိယာသာဝကော ဣတိ ပဋိသဉ္စိက္ခတိ ယာဝဇီဝံ အရဟန္တော ပါဏာတိပါတံပဟာယ ပါဏာတိပါတာ ပဋိဝိရတော နိဟိတဒဏ္ဍော နိဟိတသတ္ထော လဇ္ဇီဒယာပန္နော သဗ္ဗပါဏဘူတဟိတာ နုကမ္ပီနော ဝိဟရန္တိ၊ အဟံ ပဇ္ဇ ဣမဉ္စရတ္တိံ ဣမဉ္စဒိဝသံ ပါဏာတိပါတံ ပဟာယ ပါဏာတိပါတာ ပဋိဝိရတော နိဟိတဒဏ္ဍော နိဟိတသတ္ထောလဇ္ဇီ ဒယာပန္နော သဗ္ဗပါဏ ဘူတဟိတာနုကမ္ပီ ဝိဟရာမိ၊ ဣမိနာပင်္ဂေန အရဟတံ အနုကရောမိ၊ ဥပေါသထောစ မေ ဥပဝုတ္ထော ဘဝိဿတီတိ၊ ဣမိနာ ပထမေန အင်္ဂေန သမန္နာဂတော ဟောတိ။ပ။ ယာဝဇီဝံ အရဟန္တော ဥစ္စာသယန မဟာသယနံပဟာယ ဥစ္စာသယန မဟာသယနာ ပဋိဝိရတာနိစ သေယျ၌ ကပ္ပေန္တိ မဉ္စကေဝါတိဏသန္ထာရကေဝါ အဟံ ပဇ္ဇ ဣမဉ္စရတ္တိံ ဣမဉ္စ ဒိဝသံ ဥစ္စာသယန မဟာသယနံ ပဟာယ ဥစ္စာသယန မဟာသယနာ ပဋိဝိရတော နိစသေယျ၌

ကမ္ပမိ မဉ္ဆကေဝါ တိဏသန္ဆာရကေဝါ၊ ဣမိနာ ပဂေ်န အရဟတံ အနုကရောမိ ဥဂ္ဂါ-သထော စ မေ ဥပဓုတ္တော ဘဝိဿတီတိ၊ ဣမိနာ အဌမေန အဂေ်န သမန္နာဂတော ဟောတိ။ မေတ္တာ သဟဂတေန စေဘသာ ကေ ဒိဝသံ ဖရိတ္ဝာဝိဟရတိ။ တထာ ဒုတိယံ၊ တထာ တတိယံ၊ တာသာ စတုတ္ထံ၊ ဣတိ ဥဒ္ဓမဓော တိရိယံ သဗ္ဗမိ သဗ္ဗတ္ထတာယ သဗ္ဗာဝန္တံ လောကံ မေတ္တာသဟဂတေန စေတသာ ဝိပုလေန မဟဂ္ဂတေန အပ္ပမာဏေန အဝေရေန အဗျာ-ပဇ္ဈေန ဖရိတ္ဝာ ဝိဟရတိ၊ ဣမိနာ နဝမေန အဂေ်န သန္နာဂတော ဟောတိ၊ ဧတ္တာ ဥပဓုတ္တော ဘိက္ခဝေ နဝဟဂေ်တိ သမန္နာဂတော ဥပေါသထော မဟပ္ဖလော ဟောတိ မဟာနိသံသော မဟာဇုတိကော မဟာဝိပ္ဖာရောတိ။

တိကနိပါတ် အင်္ဂုတ္တိရ်ပါဠိတော် ဒုတိယပဏ္ဏာသက မဟာဝဂ် (၁၀)ခုမြောက် ဝိသာခုပေါသထသုတ်၌လည်းကောင်း၊ အဋ္ဌကနိပါတ် အင်္ဂုတ္တိရ်ပါဠိတော် ပထမပဏ္ဏာသက ဥပေါသထဝဂ်၊ ပထမဥပေါသထ ဥပဝုတ္ထာသုတ်၌လည်းကောင်း၊ အဋ္ဌင်္ဂုပေါသထသီလ ကို အပြည့်အစုံ ဟောအပ်ခဲ့ပြီးဖြစ်၍ ဤမေတ္တာပေါသထသုတ်၌ (ပေယျာလ) ပေထက်အကျဉ်းချုံ တင်တော်မူကြကုန်၏။ (ပေယျာလ) နေရာ၌ အပြည့်အစုံအလိုရှိမူ ထိုတိကနိပါတ် အင်္ဂုတ္တိရ် အဋ္ဌကထာ၊ ပါဠိတော်တို့မှ ယူအပ်၏။

ဤ နဝကနိပါတ် အင်္ဂုတ္တိရ်ပါဠိတော်ပါဠိအပေါင်းတွင် "အဟံ ပဇ္ဇ ။ပ။ သဗ္ဗပါဏ-ဘူတ ဟိတာနုကမ္ပီ ဝိဟရာမိ" အစရှိသောပါဠိဖြင့် အဋ္ဌင်္ဂုပေါသထသီလကိုသာ သီလအဖြစ်ဖြင့် ဆောက်ဘည်အပ်သည်၏အဖြစ်ကို ပြတော်မူအပ်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊(ဧမဝဂ္ဂ-သဟဂတေန စေတသာ ကေ ဒိဝသံ ဖရိတ္ဝာ ဝိဟရတိ) အစရှိသောပါဠိဖြင့် ၉-ခုမြောက် အင်္ဂါမေတ္တာကိုကား ဘာဝနာအဖြစ်ဖြင့် ပဌားများအပ်သည်၏အဖြစ်ကိုသာ ပြတော်မူဗျပ်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ထိုမေတ္တာသည်လည်း သီလမဟုတ်၊ ဘာဝနာတရားသာ ဖြစ်သောကြောင့်လည်းကောင်း၊ အဋ္ဌင်္ဂုပေါသထသီလကိုသာ သီလအဖြစ်ဖြင့် ဆောက်တည်အပ်၏။ ၉-ခုမြောက် အင်္ဂါမေတ္တာကိုကား ဘာဝနာဖြစ်သောကြောင့် ဆောက်တည်ဖွယ် မရှိပြီ။ ယင်းသို့ဖြစ်သော်လည်း အဋ္ဌင်္ဂုပေါသထသီလကို ယခုလူတို့ ဆောက်တည်အပ်သော် နည်းအဘိုင်းအားဖြင့် ဆောက်တည်ပြီး၍ မေတ္တာကမ္မဋ္ဌာန်းကို စီးဖြန်းပဌားများလျှင် နဝင်္ဂု-ပေါသထ-နဝင်္သီလဟု ဆိုအပ်တော့သည်သာတည်း။

ဤသို့ မေတ္တာသည် သီလမဟုတ်၊ ဘာဝနာတရားသာဖြစ်သော်လည်း ဝေနေယျဇ္ဈာ-သယ အစွမ်းအားဖြင့် ထိုမေတ္တာဘာဝနာကို ဥပေါသထသီလ၌ ထည့်သွင်း၍ (နဝင်္သမန္နာ-ဂတော) ဟု ဟောတော်မူအပ်သတည်း။ ထို့ကြောင့် မနောရထပူရဏီ မည်သော အင်္ဂုတ္တိရ် အဋ္ဌကထာ၌ အဋ္ဌမေ ဝေနေယျဇ္ဈာသယဝသေန မေတ္တာဘာဝနံ ပက္ခိပိတ္ဝာ နဝင်္ဂသမန္နာ-ဂတောတိ ဝုတ္တံ-ဟု ဖွင့်ဆိုတော်မူအပ်ပြီ။ ယင်းအနက်ကား ထင်ရှားပြီ။

မနုဿမြို့၊ သဒ္ဓမ္မဇောတိကာရာမ၊ ဒုတိယဆရာတော်ဘုရား ရေးသားစုံးပြုစ်သော အပ်သော (နဝင်္သီလပိနိစ္ဆယ) သည် ၁၂၀၀-ခု၊ သီတင်းတျတ်လဆန်း ၁၄-ရက်၊ ပုဇွန် နေ့၌ ပြီးသတည်း။

၁၂၀၄-ခုနှစ်တွင်

အဂ္ဂမဟာပဏ္ဍိတ

သဒ္ဓမ္မဇောတိကာရာမ ဆရာတော်ဘုရားကြီး

ရေးသားဆုံးဖြတ်တော်မူအပ်သော

အာသန္နဒါနာဒီဝိနိစ္ဆယကျမ်း

နိဒါန်း

ဤကမ္ဘာလောကကြီး၌၊ အသီးသီးသောလူမျိုးတို့တွင် ကျွန်ုပ်တို့ ဗုဒ္ဓဘာသာလူမျိုးတို့မှာ ရတနာထက် ရာနာအစစ် ဖြစ်ကြီးဖြစ်လှစွာသော ဘုရား တရား သံဃာဟူသော ရတနာမြတ် သုံးပါးနတ်ကိုသာ မပြတ်ကိုးကား အားထားကြ၍ ဒိဋ္ဌဓမ္မိက၊ သမ္ပရာယိကဟူသော အကျိုးနှစ်ပါးကို တိုးပွားကြီးမြင့်အောင် ကျင့်ဆောင်အားထုတ်ရသော လူမျိုးများဖြစ်ကြသည် အားလျော်စွာ အလွန်ကြုံကြိုက်ခဲလှစွာသော ဗုဒ္ဓုပ္ပါဒ ဒုလ္လဘအခါကောင်း၌ မနုဿတ္တဘာဒုလ္လဘကို ရကြသည်နှင့်အညီ ဒါနစသော တမလွန်စီးပွား ကုသိုလ်များကို စွမ်းအားရှိသမျှ အားထုတ်ဆည်းပူးကြကုန်သည်။

ထိုသို့ အားထုတ်ပြုလုပ်ရာ၌ ကုသိုလ်ကံကိုလည်းကောင်း ထိုကုသိုလ်ကံ၏အကျိုးကို လည်းကောင်း ဟုတ်တိုင်းအမှန် ဝေဖန်ပိုင်းခြား ထင်ရှားသိမြင်အပ်လှပေသည်။ ထိုသို့ ဝေဖန်ပိုင်းခြား ထင်ရှားသိမြင်မှသာ ပြုလုပ်အပ်သမျှ ဒါန စသော ကုသိုလ်တရားတို့သည် မြောက်မြားထက်သန်သော အကျိုးကို ပေးနိုင်သည်ဟု ဟောကြားတော်မူအပ်သော သူတော်ကောင်းတို့၏တရားကို မှတ်သားနာယူရပါသဖြင့်၊ ကံ-ကံ၏အကျိုးများကို ဝေဖန်ပိုင်းခြား မှတ်သားသိမြင်ရစေခြင်းငှါ ဝါးခယ်မမြို့ ပင်စင်ရ အရေးပိုင်မင်း ဦးဖိုးဖေသည် "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ရ ဓနုဖြူမြို့သဒ္ဓမ္မဇောတိကာရာမ ဒုတိယ ဆရာတော်ဘုရားကြီးထံ (၁၃)တန်သော ပုစ္ဆာများကို လျှောက်ထားတောင်းပန်ရာ ထိုဆရာတော်ဘုရားသည် ရေးသားချီးမြှင့်အပ်သော အာသန္နဒါနာဒီဝိနိစ္ဆယကျမ်း သည်လည်းကောင်း၊ မြောင်းမြို့ ဇက်ရှင်တရားသူကြီး ဦးလှပေါ်သည် သံသရာ၏ ပုပ္ပကောဋ္ဌီ ရှိ မရှိကို မှတ်သားလုံပါကြောင်းဖြင့် လျှောက်ထားတောင်းပန်၍ ထိုဆရာတော်ဘုရားကြီးသည်ပင် ရေးသားချီးမြှင့်အပ်သော ပုပ္ပကောဋ္ဌီဝိနိစ္ဆယကျမ်းသည်လည်းကောင်း၊ အလွန်မှတ်သားနာယူထိုက်သည်ဖြစ်၍ သူတော်ကောင်းအပေါင်းတို့အား ဗဟုသုတမက်လာတရား စည်ကားထွားရင့်၍ ဒိဋ္ဌမွိက သမ္ပရာယိကဟူသော အကျိုး ပွားတိုးစေရန် ရည်သန်ကာ ဓမ္မဒါနရှင်တို့က ပုံနှိပ်ထုတ်ဝေလိုက်ပါသည်။ သူတော်ကောင်းအပေါင်းတို့ ကောင်းစွာလေ့ကျက် ဆောင်ရွက်နိုင်ကြပါစေကုန်သတည်း။

အဘိယာစနကထာ

ဘုရားတပည့်တော် ဝါးဓယ်မမြို့ ပင်စင်ရ အရေးပိုင် မောင်ဖိုးဖေ ရိုသေလေးမြတ်စွာ လျှောက်ထား တောင်းပန်အပ်ပါသည်၊ ကျေးဇူးတော်ရှင် ဆရာတော်ဘုရား။ လျှောက်ထားရန် အကြောင်းထူးမှာ အောက်ပါအချက်များကို ဘုရားတပည့်တော်ဉာဏ်မမီ၍ အရှင်ဘုရားက တပည့်တော်အား စိတ်ဒိဟ ကင်းရှင်းပါရအောင် သနားတော်မူပါသဖြင့် ဖြေကြားတော်မူပါမည့်အကြောင်းကို ရိုသေစွာ လျှောက်ထား အသနားတော်မြတ်ခံပါသည် ကျေးဇူးတော်ရှင် အရှင်သူမြတ်ဘုရား။

(၁) သေခါနီးကာလ၌ မိမိဥစ္စာကို သူတပါးအား လှူပါဟုဆို၍ပေးခဲ့ရာ ထိုဥစ္စာရှင် မှာသည့်အတိုင်း လှူရာ၌ ဥစ္စာရှင်မှာ ဒါနမြောက် မမြောက်၊ ဒါနမြောက်က မည်သည့်ဒါနမျိုးဖြစ်မည်၊

(၂) လှူသောပုဂ္ဂိုလ်မှာ မည်သည့်ကုသိုလ်မျိုးကိုရမည်၊

(၃) သို့ ၂-ယောက်ကုန်သော ပုဂ္ဂိုလ်တို့တွင် မည်သူ့ကို အလှူပေးပုဂ္ဂိုလ်ဟု ခေါ်ရမည်၊

(၄) ထိုပုဂ္ဂိုလ် ၂-ဦးမှာ ကုသိုလ်အကျိုး မည်ကဲ့သို့ပေးမည်၊

(၅) လောကဓာတ်ပညာနှင့် ဗုဒ္ဓဘာသာစာပေများကို သင်ကြားပေးရန် ကျောင်းဆောက်ခြင်းသည် မည်သည့်ဒါနမျိုးဖြစ်မည်၊

(၆) ဤဒါနသည် အကျိုးမည်ကဲ့သို့ပေးမည်၊

(၇) လောကဓာတ်ပညာကို သင်ကြားပေးသည့်အတွက် ကုသိုလ်ရ-မရ၊ ရလျှင် အကျိုးဘယ်ကဲ့သို့ ပေးမည်၊

(၈) ဗုဒ္ဓဘာသာစာပေနှင့် လောကဓာတ်ပညာများကို လခပေး၍ ဆရာများငှားပြီးလျှင် သူငယ်တို့ကို သင်ပေးသည့်အတွက် ဓမ္မဒါနကုသိုလ်ဖြစ်-မဖြစ်၊

(၉) ဒါနစသော ကုသိုလ်များကိုပြု၍ နိဗ္ဗာန်ကို ဆုတောင်းပြီးလျှင် နိဗ္ဗာန်မရမီ အကြား လူမင်းချမ်းသာ နတ်မင်းချမ်းသာများကို ရ-ရလိုပါ၏ဟု ဆုတောင်းသင့်-မသင့်၊

(၁၀) စေတီ၊ ကျောင်း၊ ဇရပ်၊ တန်ဆောင်းဟောင်းများကို ပြင်ဆင်ခြင်း အကျိုးအာနိသင်သည် အဘယ်သို့ ရှိပါမည်နည်း။

(၁၁) သုသာန်ကို ဝင်းခြံကာ၍ သုသာန်အတွင်း၌ လမ်းလုပ်ပေးခြင်း၏ အကျိုးကိုလည်း သိလိုပါသည်။

(၁၂) သူဘဏ်းက လှူထားအပ်သော တန်ဆောင်း ပြာသာဒ် ကိုဖျက်၍ အသစ်ထပ်မံကာ လည်ပေါ် အမိုး လုပ်ထိုက်-မထိုက်၊

(၁၃) ယခုကာလ၌ အစိုးရအရာရှိတို့သည် မင်းပြစ်မင်းဒဏ် ထိုက်သည့်သူတို့ကို တရား ညပဒအလိုက် ဆုံးမကြပါသည်။ ထိုအစိုးရအရာရှိ၏ မင်းကျင့်တရား (၁၀) ပါးနှင့် ညီအောင်ကျင့်၍ အာတိလေးပါး မလိုက်စားပဲ စီရင်ဆုံးဖြတ်ခြင်းသည် အကုသိုလ်ဖြစ် မဖြစ်ကို သိလိုပါသည် အရှင်မြတ်ဘုရား။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

၁-ပဌမပုစ္ဆာ၏အဖြေ

ဝါးခယ်မမြို့နေ၊ ပင်စင်ရဒါယကာ အရေးပိုင်မင်း မေးလျှောက်အပ်သော (၁၃) ရပ်သော ပုစ္ဆာတို့တွင် သေခါနီးကာလ၌ မိမိဥစ္စာကို သူတပါးအား လှူပါဟု ပေးအပ်ခဲ့ရာ ထိုဥစ္စာရှင်မှာသည့်အတိုင်း လှူရာ၌ ဥစ္စာရှင်မှာ ဒါနမြောက် မမြောက်၊ ဒါနမြောက်က မည်သည့်ဒါနမျိုးဖြစ်မည်ဟူသော ပဌမပုစ္ဆာ၌ မှတ်သားဖွယ်ကား။

ထိုစကားရပ်တွင် အလှူရှင်မှာ ဒါနမြောက်-မမြောက်ဟူသော ရှေးစကား၌ "လှူပါ" ဟု အလှူရှင်က နှုတ်မြွက်၍ အပ်နှံ စေခိုင်း မှာထားခြင်းကြောင့် လည်းကောင်း၊ စေခိုင်း မှာထားသည့်အတိုင်း စေခိုင်း မှာထားအပ်သူက မချွတ်မယွင်း ပေးလှူခြင်းကြောင့်လည်း ကောင်း အလှူရှင်မှာ ဒါနမြောက်သည်ဟု မှတ်အပ်၏။ ထို့ကြောင့် အဋ္ဌသာလိနီ အဋ္ဌကထာ၌၊

တတ္ထ စိဝရာဒီသု စတူသု ပစ္စယေသု ရူပါဒီသုဝါ ဆသု အာရမ္မဏေသု အန္နာဒီသုဝါ ဒသသုဒါနဝတ္ထူသု တံ တံ ဒေန္တဿ တေသံ တေသံ ဥပဂါဒနတော ပဋ္ဌာယ ပုဗ္ဗဘာဂေပရိစ္စာဂကာလေ ပစ္စာ သောမနဿစိတ္တေန အနုဿရဏေစာတိ တီသုကာလေသု ပဝတ္တာစေတနာ ဒါနမယံ ပုညကြိယဝတ္ထုနာမ ဟူ၍လည်းကောင်း။

တေသုပန ပုညကြိယဝတ္ထူသု ဒါနမယံ တာဝ ဒါနံ ဒဿာမိတိ စိန္တေန္တဿ ဥပ္ပဇ္ဇတိ၊ ဒါနံ ဒဒတော ဥပ္ပဇ္ဇတိ၊ ဒိန္နံ မေတိ ပစ္ဆာ ဝေကဿ္ဘဿ ဥပ္ပဇ္ဇတိ၊ ဧဝံ ပုဗ္ဗစေတနံ၊ မုဉ္စစေတနံ အပရစေတနန္တိ တိဿောပိ စေတနာ ကောတော ကတ္ဘာ ဒါနမယံ ပုညကြိယဝတ္ထုနာမဟောတိ ဟူ၍လည်းကောင်း မိန့်ဆိုတော်မူအပ်၏။

တတ္ထ၊ ထိုပုညကြိယဝတ္ထု(၁၀)ပါးတို့တွင်။ စီဝရာဒီသု၊ သင်္ကန်း အစရှိကုန်သော။ စတူသု၊ လေးပါးကုန်သော။ ပစ္စယေသုဝါ၊ ပစ္စည်းတို့တွင်လည်းကောင်း။ ရူပါဒီသုဝါ၊ ရူပါရုံ အစရှိကုန်သော။ ဆသု၊ ခြောက်ပါးကုန်သော။ အာရမ္မဏေသုဝါ၊ အာရုံတို့တွင် လည်းကောင်း။ အန္နာဒီသု၊ ထမင်းအစရှိကုန်သော။ ဒသသု၊ ဆယ်ပါးကုန်သော။ ဒါနဝတ္ထူသုဝါ၊ အလှူဝတ္ထုတို့တွင်လည်းကောင်း။ တံတံ၊ ထိုထိုပစ္စည်း ထိုထိုအလှူဝတ္ထုကို။ ဒေန္တဿ၊ ပေးလှသော ပုဂ္ဂိုလ်အား။ တေသံ တေသံ၊ ထိုထိုပစ္စည်း ထိုထိုအားရုံ ထိုထိုအလှူဝတ္ထုတို့ကို။ ဥပဂါဒနတော၊ ဖြစ်စေသောကာလမှ။ ပဋ္ဌာယ၊ စ၍။ ပုဗ္ဗဘာဂေ၊ မလှူမီ ရှေးအဖို

ကာလဒ္ဒလည်းကောင်း။ ပရိစ္စာဂကာလေစ၊ ပေးလှူစွန့်ကြဲဆဲ အခါဒ္ဒလည်းကောင်း။ ပစ္ဆာ၊ ပေးလှူပြီးသည်မှနောက်ဒ္ဒ။ ဝါ၊ ပေးလှူပြီးသည်မှနောက်ဖြစ်သော။ သောမနဿ စိတ္တေန၊ ဝမ်းမြောက်ခြင်းနှင့်ယှဉ်သောစိတ်ဖြင့်။ အနုဿရကေစ၊ အဖန်တလဲလဲ အောက်မေ့ တွေးထင် ဆင်ခြင်သော ကာလဒ္ဒလည်းကောင်း။ ဣတိ၊ ဤသို့။ တီသုကာလေသု၊ သုံးပါးကုန်သော ကာလတို့၌။ ပဝတ္တာ၊ ဖြစ်သော။ စေတနာ၊ စေတနာသည်။ ဒါနမယံ၊ ဒါနမယဖြစ်သော။ ပုညကြိယာဝတ္ထုနာမ၊ ပုညကြိယဝတ္ထုမည်၏။ ဤကား ရှေးပါဠိ၏အနက်။

ပန၊ ဆက်၍ဆိုဦးအံ့။ ဧတေသု ပုညကြိယဝတ္ထူသု၊ ထိုဆယ်ပါးကုန်သော ပုညကြိယဝတ္ထုတို့တွင်။ တာဝ၊ ရှေးဦးစွာ။ဒါနမယံ၊ ဒါနမယ ပုညကြိယဝတ္ထုသည်။ ဒါနံ၊အလှူကို။ ဒဿာမိ၊ ပေးလှူအံ့။ ဣတိ၊ ဤသို့။ စိန္တေန္တဿ၊ ကြံသောသူအား။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဒါနံ၊ အလှူကို။ ဒဒတော ဒဒန္တဿ၊ ပေးလှူဆဲသောသူအား။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။မေ မယာ၊ ငါသည်။ ဒိန္နံ၊ ပေးလှူအပ်ပေပြီ။ ဣတိ၊ ဤသို့။ ပစ္ဆာဧကဉ္စန္တဿ၊ သုံးသပ် ဆင်ခြင်သောသူအား။ ဥပ္ပဇ္ဇတိ၊ဖြစ်၏။ ဧဝံ၊ ဤသို့။ ပုဗ္ဗစေတနံ၊ ပုဗ္ဗစေတနာကို။ မုဉ္ဇစေတနံ၊ မုဉ္ဇစေတနာကို။ အပရစေတနံ၊ အပရစေတနာကို။ ဣတိ၊ ဤသို့။ တိသောပိစေတနာ၊ သုံးပါးကုန်သော စေတနာတို့ကိုလည်း။ ဧကေတာ ကတ္ဝာ၊ တဖေါင်းတစည်း တလုံးတည်းပြု၍။ ဒါနမယံ၊ ဒါနမယဖြစ်သော။ ပုညကြိယဝတ္ထုနာမ၊ပုညကြိယဝတ္ထုမည်သည်။ ဟောတိ၊ ဖြစ်၏။ ဤကား-နောက်ပါဠိ၏အနက်။

ဤပါဠိအပေါင်းတွင် ရှေးပါဠိဒ္ဒ "ပရိစ္စာဂကာလေ" ဟူသော ပုဒ်ဖြင့်လည်းကောင်း။ နောက်ပါဠိဒ္ဒ "ဒါနံဒဒတော ဥပ္ပဇ္ဇတိ" ဟူသော ပုဒ်ဖြင့်လည်းကောင်း။ သေခါနိုးကားလဒ္ဒ မိမိ၏ ဥစ္စာကို သူတပါးအား "လှူပါ"ဟု နှုတ်မြွက်အပ်နှင်း စေခိုင်းခြင်းသည်ပင် ပြဆိုလတ္တံ့ ဖြစ်သော ဝစီကံဒါန။ တနည်း "အာဏတ္တိကဒါန" အစွမ်းအားဖြင့် ဒါနမြောက်သည်၏ အဖြစ်ကို သိအပ်၏။

ထိုစကားသည်မှန်၏။ နှုတ်မြွက်၍ သား မယား စသည်တို့ကို စေခိုင်း၍ လှူစေခြင်းကိုပင် ဝစီကံဒါန ဟူ၍လည်းကောင်း၊ အာဏတ္တိကဒါန ဟူ၍လည်းကောင်း ဆိုအပ်၏။ ထို့ကြောင့် ပုစ္ဆာစကားရပ်တွင် ပါသောအတိုင်း "လှူပါ" ဟု နှုတ်မြွက်၍ မှာထားစေခိုင်းသောသူအား မှာထားစေခိုင်းသော ခဏ၌ဖြစ်သော ပရိစ္စာဂ မုဉ္ဇစေတနာသည် မုခ္ဂအားဖြင့် ဝစီကံဒါန။ တနည်း-အာဏတ္တိကဒါန ဖြစ်တော့သည်သာတည်း။ နှုတ်မြွက်အပ်နှင်း၍ မှာထားစေခိုင်းခြင်းကို မပြုမီ ရှေးအဖို၌ဖြစ်သော အပ်နှင်းမှာထား စေခိုင်း၍ လှူလိုသော သူ၏ ပုဗ္ဗစေတနာကိုလည်း ပရိစ္စာဂ-မုဉ္ဇစေတနာအတူပင် မှတ်ယူလေ။

ပရိဏာတသိက္ခာပုဒ်၌ ဟောတော်မူအပ်သော ဝိနည်းဒေသနာတော်အားဖြင့် ပေးလှူအံ့ဟု စိတ်ညွှတ်ခါမျှဖြင့် ဒါန မမြောက်သေး၊ ပေးလှူအံ့ ပြုအံ့ဟု နှုတ်မြွက်မှ ဒါနမြောက်သည်ဟုမှတ်။

အဘိဓမ္မာ ဒေသနာတော်အားဖြင့်ကား။ ပေးလှူအံ့ဟု စိတ်ဖြင့်ညွှတ်၍ [illegible] ကာလမှစ၍ ဒါနကုသိုလ် ဖြစ်တော့သည်ဟု မှတ်။ ထို့ကြောင့် ပါဠိအဋ္ဌကထာဆိုဒ္ဒါပင်-

ဝိနယ ပရိယာယံ ပတ္ဝာ ဟိ ဒဿာမိ ကာရိဿာဓိတိ ဝါစာ ဘိန္နာ ဟောတိ၊ ဣမိနာလက္ခဏေန ဒါနံနာမ ဟောတိ။ အာဘိဓမ္မာ ပရိယာယံ ပတ္ဝာ ပန ဝိဇ္ဇ-မာနကဝတ္ထုံ အာရဗ္ဘ ဒဿာမီတိ မနသာ စိန္တိတကာလတော ပဋ္ဌာယ ကုသလံ ဟော့တိ၊ အပရဘာဂေ ကာယေနဝါ ဝါစာယဝါ ကတ္တုံ ကရိဿတီတိဝုတ္တံ ဟူ၍ ဟောတော်မူအပ်၏။

ဟိသစ္ဆံ၊ မှန်၏။ ဝိနယပရိယာယံ၊ ဝိနည်းဒေသနာတော်သို့။ ပတ္ဝာ၊ ရောက်၍။ ဒဿာမိ၊ ပေးလှူအံ့။ ကရိဿာမိ၊ ပြုအံ့။ ဣတိ၊ ဤသို့။ ဝါစာ၊ နှုတ်ကို။ ဘိန္နာ၊ မြဲက် ဆိုအပ်သည်။ ဟောတိ၊ ဖြစ်၏။ ဣမိနာလက္ခဏေန၊ ဤလက္ခဏာဖြင့်။ ဒါနံနာမ၊ ဒါနမည် သည်။ ဟောတိ၊ ဖြစ်၏။ အာဘိဓမ္မာ ပရိယာယံ၊ အာဘိဓမ္မာဒေသနာတော်သို့။ ပတ္ဝာ၊ ရောက်၍ကား။ ဝိဇ္ဇာမာနကဝတ္ထုံ၊ ထင်ရှားရှိသောဝတ္ထုကို။ အာရဗ္ဘ၊ အာရုံပြု၍။ ဒဿာမိ၊ ပေးလှူအံ့။ ဣတိ၊ ဤသို့။ မနသာ၊ စိတ်ဖြင့်။ စိန္တိတကာလတော၊ အကြံဖြစ်ရကာလမှ။ ပဋ္ဌာယ၊ စ၍။ ကုသလံ၊ ဒါနမယကုသိုလ်သည်။ ဟောတိ၊ ဖြစ်၏။ အပရဘာဂေ၊ နောက် အဖို၌။ ကာယေနဝါ၊ ကိုယ်ဖြင့် လည်းကောင်း။ ဝါစာယဝါ၊ နှုတ်ဖြင့် လည်းကောင်း။ ကတ္တုံ၊ ပြုအပ် ပြုထိုက်သည်ကို။ ကရိဿတိ၊ ပြုလတ္တံ့။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဟောတော်မူ အပ်၏။ ဤကား-အနက်။

ဤပါဠိအပေါင်းတွင် (ဝါစာဘိန္နာဟောတိ) ဟူသောပါဠိဖြင့် ပေးလှူအံ့ဟု စိတ် ညွှန်ခါမျှဖြင့် ဒါနမမြောက်ခဲ့သေး၊ ပေးလှူအံ့ ပြုအံ့ဟု နှုတ်မြွက်မှ ဒါနမြောက်သည်၏ အဖြစ် ကို ပြခဲ့တော်မူအပ်၏။ ထိုကြောင့် 'သေခါနီးကာလ၌ မိမိ၏ဥစ္စာကို သူတပါးအား (လှူပါ) ဟု နှုတ်မြွက်အပ်နှင်းရ၍ မှာထား စေခိုင်းခဲ့သော ဥစ္စာရှင်မှာ ဝိနည်းဒေသနာတော် နည်း အားဖြင့်လည်း ဒါနမြောက်တော့သည်သာတည်း။ "မနသာ စိန္တိတကာလတောပဋ္ဌာယ ကုသလံ ဟောတိ" ဟူသောပါဠိဖြင့် ပေးလှူအံ့ ဟု စိတ်ဖြင့်ညွှတ်၍ ကြံစည်ရာ ကာလမှစ၍ ဒါနမယကုသိုလ်ဖြစ်သည်၏ အဖြစ်ကို ပြတော်မူအပ်၏။

"အပရဘာဂေ ကာယေနဝါ ဝါစာယဝါ ကတ္တုံ ကရိဿတိ" ဟူသောပါဠိဖြင့် မလှူမီ ရှေးအဖို၌ ပေးလှူအံ့ဟု စိတ်ညွှတ်၍ ကြံစည်သည့်အတိုင်း နောက်ကာလ၌ မချွတ် မယွင်း ပေးလှူခြင်း အထမြောက်ပါမှ ပုဗ္ဗ ဘာဂ ပုရိမစေတနာကို ဒါနမယကုသိုလ်ဟု ခေါ် ဆိုအပ်သည်၏ အဖြစ်ကို နေယျတ္ထအားဖြင့် ပြဆိုတော်မူအပ်၏။ ရိုးသားဖြောင့်မတ်သော သဘောဖြင့် ပေးလှူအံ့ ဟု ကြံစည်ပါသော်လည်း ပေးလှူနိုင်ရန် အကြောင်းမသင့် အခွင့် မရသဖြင့် ကြံစည်သည့်အတိုင်း ပေးလှူခြင်းကိစ္စ အထမမြောက်ခဲ့သော် ထိုပုဗ္ဗဘာဂ ပုရိမ စေတနာကို ဒါနမယ ကုသိုလ်ဟု မခေါ်ဆိုအပ်သည်၏ အဖြစ်ကို ဗျာတိရေကအားဖြင့် ပြဆို တော်မူအပ်၏။ ထို့ကြောင့် သေခါနီးကာလ၌ မိမိဥစ္စာကို သူတပါးအား လှူပါဟု နှုတ် မြွက်အပ်နှင်းရ၍ မှာထား စေခိုင်းခဲ့သော် ဥစ္စာရှင်သည် အဘိဓမ္မာ ဒေသနာတော်နည်း အားဖြင့်လည်း မှာထား စေခိုင်းခဲ့သောအတိုင်း မချွတ်ယွင်းကန် အမှန်လှူဖြစ်သည်၏ အဖြစ် ကြောင့် လှူပါဟု မမှာထား မစေခိုင်းမီ မှာထား စေခိုင်း၍ လှူလိုသောသူ၏ ပုဗ္ဗဘာဂ ပုရိမစေတနာ ဖြစ်သည်မှစ၍ ဒါနမြောက်တော့သည်သာတည်း။

ဤပဋ္ဌမပုစ္ဆာ ၌ပင် ဒါနမြောက်က အဘယ်ဒါနမျိုး ဖြစ်မည်ဟူသော နောက်စကား၌ မှတ်သားစိမ့်သောငှာ ထိုပုစ္ဆာနှင့် သင့်လျော်ရာ ဒါနအပြားကို ခွဲခြားး၍ ဆိုပေအံ့။

ထိုဒါနသည် ကာယကံဒါန၊ ဝစီကံဒါန၊ မနောကံဒါနအားဖြင့် ၃-ပါး အပြားရှိ၏။ ထို့ကြောင့် အဋ္ဌသာလိနီ အဋ္ဌကထာ၌ပင် "ဧဝံ ဒါနမယံ ကာယ ဝစီ မနောကမ္မ ဝသေန တိဝိဓံ ဟောတိ" ဟူ၍ ဟောတော်မူအပ်၏။

ဧဝံ၊ ဤသို့။ ဒါနမယံ၊ ဒါနမယကုသိုလ်သည်။ ကာယဝစီမနောကမ္မ ဝသေန၊ ကာယကံ၊ ဝစီကံ၊ မနောကံတို့၏ အစွမ်းအားဖြင့်။ တိဝိဓံ၊ ၃-ပါး အပြားရှိသည်။ ဟောတိ၊ ဖြစ်၏။ ဤကား-အနက် ။ထို ၃-ပါးတို့၏ အထူးကို-

> ဒါနမယံ ပန ဟုတ္ဝာ ပဝတ္တမာနမ္ပိ ယဒါ တီဏိ ရတနာနိ သဟတ္ထေန ပူဇေန္တသ္သ ပဝတ္တတိ၊ တဒါ ကာယကမ္မံဟောတိ၊ ယဒါ တီဏိရတနာနိ ပူဇေန္တော ပုတ္တဒါရ-ဒါသ ကမ္မကာရပေါရိသေးဒယောပိ အာဏာပေတ္ဝာ ပူဇာပေတိ၊ တဒါဝစီကမ္မံ.ဟောတိ၊ ယဒါ တဒေဝ ဝုတ္တပ္ပကာရံ ဝိဇ္ဇမာနကဝတ္ထုံ အာရဗ္ဘ ဝဏ္ဏဒါနံ ဒဿာမိတိ စိန္တေတိ၊ တဒါ မနောကမ္မံ ဟောတိ-ဟု ယင်းအဋ္ဌကထာ၌၊ မိန့်တော်မူအပ်၏။

ပန၊ ဆက်၍ဆိုဦးအံ့။ ဒါနမယံ၊ ဒါနမယသည်။ ဟုတ္ဝာ၊ ဖြစ်၍။ ပဝတ္တမာနမ္ပိ၊ ဖြစ်သောကုသိုလ်သည်လည်း။ ယဒါ၊ အကြင်အခါ၌။ တီဏိရတနာနိ၊ သုံးပါးကုန်သော ရတနာတို့ကို။ သဟတ္ထေန၊ မိမိလက်ဖြင့်၊ ပူဇေန္တဿ၊ ပူဇော်သော သူအား။ ပဝတ္တတိ၊ ဖြစ်၏။ တဒါ၊ ထိုအခါ၌။ ကာယကမ္မံ၊ ကာယကံဒါနသည်။ ဟောတိ၊ ဖြစ်၏။ ယဒါ၊ အကြင်အခါ၌။ တီဏိရတနာနိ၊ သုံးပါးကုန်သောရတနာတို့ကို။ ပူဇေန္တော၊ ပူဇော်သည်ရှိသော်။ ဝါ၊ ပူဇော်သောသူသည်။ ပုတ္တဒါရ ဒါသကမ္မကာရ ပေါရိသာဒယောပိ၊ သား-သမီး၊ မယား၊ ကျွန်၊ အမှုလုပ်ယောကျ်ား၊ သူရင်းငှါးစသည်တို့ကိုလည်း။ အာဏာပေတ္ဝာ၊ စေခိုင်း၍။ ပူဇာပေတိ၊ ပူဇော်စေ၏။ တဒါ၊ ထိုအခါ၌။ ဝစီကမ္မံ၊ ဝစီကံဒါနသည်။ ဟောတိ၊ ဖြစ်၏။ ယဒါ၊ အကြင်အခါ၌။ ဝုတ္တပ္ပကာရံ၊ ဆိုအပ်ပြီးသော အပြားရှိသော။ တဒေဝ ဝိဇ္ဇမာနကဝတ္ထုံ။ ထိုထင်ရှားရှိသော အလှူဝတ္ထုကို။ အာရဗ္ဘ၊ အာရုံပြု၍။ ဝဏ္ဏဒါနံ၊ ဝဏ္ဏဒါနကို။ ဒဿာမိ၊ ပေးလှူအံ့။ ဣတိ၊ ဤသို့။ စိန္တေတိ၊ ကိုယ်-နှုတ်နှစ်ပါး၊ လှုပ်ရှားမထင်၊ စိတ်ဖြင့် သာလျှင် ဆင်ခြင်ကြံစည်၏။ တဒါ၊ ထိုအခါ၌။ မနောကမ္မံ၊ မနောကံဒါနသည်။ ဟောတိ၊ ဖြစ်၏။ ဤကား-အနက်။

အဓိပ္ပါယ်ကား- မိမိလက်ဖြင့် ကိုယ်တိုင်ပေးလှူသောဒါနသည် ကာယကံ ဒါနမည်၏။ သား-သမီးစသည်တို့ကို စေခိုင်း၍ပေးလှူသော သူ၏ဒါနသည် ဝစီကံဒါနမည်၏။ နှစ်ပါး ကိုယ်-နှုတ် မလှုပ်-မမြွက် စိတ်သက်သက်ဖြင့် ပေးလှူအံ့ဟု ကြံစည်ကာမျှသောသူ၏ဒါနသည် မနောကံဒါနမည်၏ဟူလို။ (စိတ်ဖြင့်ကြံစည်ပြီးလျှင် ကြံစည်သည့်အတိုင်း နောက်၌ မလှူဖြစ်က ပုဗ္ဗဘာဂပုရိမစေတနာဒါန မဟုတ်သည်၏အဖြစ်ကို ရှေး၌ ဆိုခဲ့ပြီ။) ထို၃-ပါးတို့တွင် ပုစ္ဆာပါ ဒါယကာ၏ဒါနကို "လှူပါ" ဟု နှုတ်ဖြင့် မှာထားစေခိုင်းအပ်သည်၏ အဖြစ်ကြောင့် ဝစီကံဒါနဟု-ယူအပ်၏။

ထိုမှတပါးလည်း ယင်းအဋ္ဌကထာ၌ပင် "ပုညံ ဟိ အတ္ထိသယံကာရံ အတ္ထိပရံကာရံ အတ္ထိသာဟတ္ထိကံ အတ္ထိအာဏတ္ထိကံ အတ္ထိ သမ္ဖဇာနကတံ-အတ္ထိအသမ္ဖဇာနကတံ" ဟူ၍ မိန့်ဆိုတော်မူအပ်သည်ကိုနည်းမှီ၍ ဒါနသည်။

သယံကာရဒါန၊ ပရံကဲာရဒါနဟူ၍-၂ပါး။
သာဟတ္ထိကဒါန၊ အာဏတ္ထိကဒါနဟူ၍-၂ပါး။
သမ္ဖဇာနကတဒါန၊ အသမ္ဖဇာနကဲတဒါနဟူ၍-၂ပါး။
ဤသို့အားဖြင့် ၆ပါးအပြားရှိ၏။ ထို ၆ ပါးတို့တွင်-

၁--မိမိသဘောအလျောက် ပြုအပ်သောဒါနသည် သယံကာရဒါနမည်၏။
၂-သူတပါးပြုသည်ကို မြင်သဖြင့် အတုနည်းယူ၍ပြုအပ်သောဒါနသည် ပရံကာရဒါနမည်၏။
၃-မိမိလက်ဖြင့်ပြုအပ်သော ဒါနသည် သာဟတ္ထိကဒါနမည်၏။
၄-သူတပါးကိုစေခိုင်း၍၊ ပြုအပ်သောဒါနသည် အာဏတ္ထိကဒါနမည်၏။
၅-ကံကိုလည်းကောင်း၊ ကံ၏အကျိုးကိုလည်းကောင်း ယုံကြည်သိမြင်၍ ပြုအပ်သောဒါနသည် သမ္ဖဇာနကတဒါနမည်၏။
၆-ကံကိုလည်းကောင်း၊ ကံ၏အကျိုးကိုလည်းကောင်း ယုံကြည် မသိမြင်မူ၍ ပြုအပ်သောဒါနသည် အသမ္ဖဇာနကတဒါနမည်၏။

ဤသို့ ဆိုအပ်ခဲ့ပြီးသော ဒါန ၆ ပါးတို့တွင် ပုဏ္ဏားပါဒါယကာ၏ဒါနသည် သူတပါး၏အတုကို မယူပဲ မိမိ၏သဘောအလျောက် အပ်နှံမှာထား စေခိုင်း၍ ပေးလှူအပ်မူသယံကာရဖြစ်သော အာဏတ္ထိက ဒါနမည်၏။ အကယ်၍ သူတပါး၏အတုကိုယူ၍ အပ်နှံမှာထားစေခိုင်း၍ ပေးလှူအပ်မူ ပရံကာရဖြစ်သော အာဏတ္ထိကဒါနမည်၏။ ကံကိုလည်းကောင်း ကံ၏အကျိုးကိုလည်းကောင်း ယုံကြည်သိမြင်၍ အပ်နှံမှာထား စေခိုင်း၍ ပေးလှူအပ်မူ သမ္ဖဇာနကတဖြစ်သော အာဏတ္ထိကဒါနမည်၏။ အကယ်၍ ကံကိုလည်းကောင်း၊ ကံ၏အကျိုးကိုလည်းကောင်း မယုံကြည် မသိမြင်မူ၍ အပ်နှံမှာထားစေခိုင်း၍ ပေးလှူအပ်မူ အသမ္ဖဇာနကတဖြစ်သော အာဏတ္ထိကဒါန မည်၏ဟု ဆိုအပ်၏။ ဤစကားကို ပုဏ္ဏာတွင်ပါသောအတိုင်း သူဘပါးအား ပေးအပ်မှာထား၍ လှူသောအလှူကိုသာရည်၍ ဆိုလိုက်သည်။

အကယ်၍ ရွှေ-ငွေ စသော အကပ်ပိယဝတ္ထုကို ကပ်ပိယကာရကထံ အပ်နှံ၍ အလှူခံပုဂ္ဂိုလ်ကို ပင့်ပြီးလျှင် အခြင်ဘုရားအား သင်္ကန်းကို လှူပါ၏ဟူ၍လည်းကောင်း၊ ကျောင်းကိုလှူပါ၏ ဟူ၍လည်းကောင်း၊ မိမိနှစ်သက်ရာပစ္စည်းကို သတ်မှတ်ပိုင်းခြား လျှောက်ထားပြီးလျှင် ကိုယ်တိုင်ရောစက်ချ၍ လှူဒါန်းအပ်မူကား သာဟတ္ထိကဒါန ဟူ၍ပင် ဆိုအပ်၏။ (ဤစကားကို အကျယ်အားဖြင့် မဆိုလိုပြီ) ထိုသာဟတ္ထိကဒါန၏ သယံကာရ၊ ပရံကာရ၊ သမ္ဖဇာနကတ၊ အသမ္ဖဇာနကတဖြစ်ပုံကိုလည်း ရှေးကိုမှီ၍ ဉာဏ်ကြီးကြပါလေ။ ဤကား ပဌမပုစ္ဆာ၏ မှတ်သားဖွယ်တည်း။

၂- ဒုတိယပုစ္ဆာအဖြေ

လှူသောပုဂ္ဂိုလ်မှာ မည်သည့်ကုသိုလ်မျိုးကို ရမည်ဟူသော ဒုတိယပုစ္ဆာကို ဖြေဆိုပေအံ့။ ထိုပုစ္ဆာ၌ "လှူသောပုဂ္ဂိုလ်မှာ" ဟူသော စကားသည် အလှူရှင်ကို ဆိုလိုသော စကားမဟုတ်၊ အလှူရှင်က "လှူပါ" ဟု မှာထား စေခိုင်းအပ်သည်ဖြစ်၍ အလှူရှင်၏ အမှုကိစ္စကို သယ်ပိုးဆောင်ရွက်သော အနေဖြင့် ကိုယ်စားလှယ်အရာ၌ တည်၍ လှူသော ပုဂ္ဂိုလ်ကိုသာ ဆိုလိုရင်းဖြစ်သည်။ ထို့ကြောင့် ထိုပုဂ္ဂိုလ်သည် ကိုယ်ပိုင်ပစ္စည်းကို လှူသည်မဟုတ်၊ အလှူရှင်၏ လှူမှုကိစ္စကို သယ်ပိုးရွက်ဆောင်သော အနေဖြင့်သာ ပေးလှူသည်၏ အဖြစ်ကြောင့် ဝေယျာဝစ္စကုသိုလ်ကို ရသည်ဟု မှတ်အပ်၏။ ထို့ကြောင့် ယင်း အဋ္ဌသာလိနီ အဋ္ဌကထာ၌၊

> ဝုစ္စတရာနံ ဝတ္တာပဋိပတ္တိကဝရဏဝသေန ဂါမံ ပိဏ္ဍာယ ပဝိဋ္ဌံ ဘိက္ခုံ ဒိသွာ ပတ္တံ ဂဟေတွာ ဂါမေ ဘိက္ခံ သမာဒပေတွာ ဥပသံဟရဏဝသေန ဂစ္ဆ ဘိက္ခုနံ ပတ္တံ အာဟရတိ သုတွာ ဝေဂေန ဂန္ဒွာ ပတ္တာဟရဏာဒိဝသေနစ ကာယဝေယျာဝဋ္ဌကကာလေ ဝေယျာဝစ္စသဟဂတံ ဝေဒိတဗ္ဗံ ဟု မိန့်ဆိုတော်မူအပ်ပြီ။

ဝုစ္စတရာနံ၊ သီတင်းကြီးပုဂ္ဂိုလ်တို့အား။ ဝါ၊ ပုဂ္ဂိုလ်တို့၏။ ဝတ္တာပဋိပတ္တိကာရဏဝသေနစ၊ ဝတ်ကြီးဝတ်ငယ်ကို ပြုသည်၏ အစွမ်းအားဖြင့် လည်းကောင်း။ ဂါမံ၊ ရွာသို့။ ပိဏ္ဍာယ-ပဝိဋ္ဌံ၊ ဆွမ်းခံဝင်သော။ ဘိက္ခုံ၊ ရဟန်းကို။ ဒိသွာ၊ မြင်၍။ ပတ္တံ၊ သပိတ်ကို။ ဂဟေတွာ၊ လှမ်းယူ၍။ ဂါမေ၊ ရွာ၌။ ဘိက္ခံ၊ ဆွမ်းကို။ သမာဒပေတွာ၊ ပြည့်စုံစေ၍။ ဥပသံဟရဏ-ဇ္ဇဝသေနစ၊ ရဟန်းထံသို့ ဆောင်ယူပို့သည်၏ အစွမ်းအားဖြင့်လည်းကောင်း။ ဂစ္ဆ၊ သွား ပါခြေ။ ဘိက္ခုနံ၊ ရဟန်းတို့၏။ ပတ္တံ၊ သပိတ်ကို။ အာဟရ၊ ဆောင်ယူခဲ့ပါခြေ။ ဣတိ၊ ဤသို့မြွက်ကြား ဆိုစကားကို။ သုတွာ၊ ကြား၍။ ဝေဂေန၊ လျင်မြန်သော အဟုန်ဖြင့်။ ဂန္ဒွာ၊ သွား၍။ ပတ္တာဟရဏာဒိဝသေနစ၊ သပိတ်ကို ဆောင်ယူခဲ့ခြင်း စသည်တို့၏အစွမ်း အားဖြင့်လည်းကောင်း။ ကာယဝေယျာဝဋ္ဌကကာလေ၊ ကိုယ်ဖြင့် အမှုကြီးငယ်ကို ဆောင်ရွက် သယ်ပိုးသောအခါ၌။ ဝေယျာဝစ္စသဟဂတံ၊ ဝေယျာဝစ္စကုသိုလ်ကို။ ဝါ၊ ဝေယျာဝစ္စနှင့် တကွဖြစ်သောကုသိုလ်ကို။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ဤကား-အနက်။

ဤအဋ္ဌကထာပါဠိအပေါင်းတွင် "ဝုစ္စတရာနံ ဝတ္တာပဋိပတ္တိကရဏဝသေန" ဟူသော ပါဠိဖြင့် ရဟန်းတို့အချင်းချင်း သီတင်းကြီးပုဂ္ဂိုလ်တို့၏ ဝတ်ကြီးဝတ်ငယ်ကို သယ်ပိုးဆောင်ရွက်ခြင်းသည်လည်း ဝေယျာဝစ္စကုသိုလ်မည်၏ဟု ပြတော်မူအပ်၏။ "ဂါမံ ပိဏ္ဍာယ ပဝိဋ္ဌံ ဘိက္ခုံ ဒိသွာ ပတ္တံ ဂဟေတွာ ဂါမေ ဘိက္ခံ သမာဒပေတွာ ဥပသံဟရဏဝသေန" ဟူသော ပါဠိဖြင့် ဆွမ်းခံဝင်သော ရဟန်းကိုမြင်လျှင် သပိတ်ကိုယူ၍ ရွာ၌ ဆွမ်းကို ပြည့်စုံအောင်ခံ၍ ရဟန်းအထံသို့ သပိတ်ကို ဆောင်ပို့ခြင်းသည်လည်း ဝေယျာဝစ္စ ကုသိုလ်မည်၏ဟု ပြတော်မူအပ်၏။

"ဂစ္ဆ ဘိက္ခုနံ ပတ္တံ အာဟရတိ သုတွာ ဝေဂေန ဂန္ဒွာ ပတ္တာဟရဏာဒိဝသေန" ဟူသောပါဠိဖြင့် ဆွမ်းလှူဒါန်းလိုသော တစုံတယောက်သောသူက အမောင်သွားပါခြေ ရဟန်း

တို့၏သပိတ်ကို ယူခဲ့ပါဟု စေခိုင်းအပ်သဖြင့် ရဟန်းတို့၏ သပိတ်ကိုယူ၍ ဆွမ်းလှူလိုသူထံ အမြန်ဆောင်ပို့ခြင်းသည်လည်း ဝေယျာဝစ္စကုသိုလ်မည်၏ဟု ပြတော်မူအပ်၏။

ပတ္တဟရဏာဒိဒ္ဓ အာဒိ သဒ္ဒါဖြင့် အမိ အဖ ဆရာသမား သူနာစသည်တို့၏ အမှုကို ဆောင်ရွက်သယ်ပိုးခြင်း စသည်ကိုယူ။

အထူးအားဖြင့်ကား ဆိုအပ်ခဲ့ပြီးသော ဝေယျာဝစ္စ သုံးမျိုးတို့တွင် ပဌမကား ရဟန်းတို့ အချင်းချင်း ဆောင်ရွက်သော ဝေယျာဝစ္စ၊ ဒုတိယကား ရဟန်းတို့ကိုစကို လူတို့က ဆောင်ရွက်သော ဝေယျာဝစ္စ၊ တတိယကား ကုသိုလ်အရာ၌ လူအချင်းချင်းဆောင်ရွက်သော ဝေယျာဝစ္စဟု မှတ်။

ဤကဲ့သို့ အဋ္ဌကထာလာ သုံးဖြာသော ဝေယျာဝစ္စတို့တွင် တတိယဝေယျာဝစ္စကို ထောက်ဆဆင်ခြင်၍ သေခါနီးကာလ၌ ဥစ္စာရှင်က လှူပါဟု ဆို၍အပ်နှံ မှာထားခဲ့သည့် အတိုင်း သယ်ပိုးဆောင်ရွက် မပျက်ပေးလှူသောသူမှာ ပါရာသိရာဇညမင်း၏ အလှူမှုကို သက္ကစ္စပြု၍ ဆောင်ရွက်ရသော ဥတ္တရလုလင်ကဲ့သို့ ဝေယျာဝစ္စကုသိုလ်ကို ရသည်ဟု မှတ်ယူအပ်၏။ ဤကား ဒုတိယပုစ္ဆာ၌ မှတ်သားဖွယ်တည်း။

၃- တတိယပုစ္ဆာ၏ အဖြေ

ထို ၂-ယောက်ကုန်သော ပုဂ္ဂိုလ်တို့တွင် မည်သူကို အလှူပေးပုဂ္ဂိုဝ်ဟု ခေါ်ရမည်ဟူသော တတိယပုစ္ဆာ၌ ထို ၂-ယောက်ကုန်သော ပုဂ္ဂိုလ်တို့တွင် ဟူသောစကားသည်-

(၁) သေခါနီးကာလ၌ မိမိ၏ဥစ္စာကို သူတပါးအား လှူပါဟုဆို၍ ပေးအပ်ခဲ့သောပုဂ္ဂိုလ်တယောက်။

(၂) ထိုဥစ္စာရှင်မှာသည့်အတိုင်း လှူဒါန်းသောပုဂ္ဂိုလ်တယောက်၊ ဤ ၂-ယောက်ကုန်သော ပုဂ္ဂိုလ်တို့ကို ရည်၍ ဆိုအပ်သောစကားဖြစ်သည်။

ထို ၂-ယောက်ကုန်သော ပုဂ္ဂိုလ်တို့တွင် ပဌမပုဂ္ဂိုလ်သည်သာ မိမိပိုင်ဥစ္စာကို သူတပါးထံ အပ်နှံ၍ အာဏတ္တိက်၏ အစ္စမ်းအားဖြင့် လှူပါဟု စေခိုင်းမှာထား၍ လှူသောပုဂ္ဂိုလ်ဖြစ်သည်၊ ထို့ကြောင့် ပဌမပုဂ္ဂိုလ်ကိုသာ အလှူပေးပုဂ္ဂိုလ်ဟု ခေါ်ဆိုအပ်၏၊ ဒုတိယပုဂ္ဂိုလ်သည်ကား မိမိပိုင်ဥစ္စာကို ပရိစ္စာဂ စေတနာဖြင့် ပေးလှူသည်မဟုတ်၊ စေခိုင်း မှာထားခဲ့သော ဥစ္စာရှင်၏ အလှူကိစ္စ အထမြောက်အောင် သယ်ပိုးဆောင်ရွက်ခြင်းကိုသာ ပြုသည်။ ထို့ကြောင့် ဒုတိယပုဂ္ဂိုလ်ကို အလှူပေးပုဂ္ဂိုလ်ဟု မခေါ်ဆိုအပ်၊ ဝေယျာဝစ္စကရ ပုဂ္ဂိုလ်ဟူ၍သာ ခေါ်ဆိုအပ်၏၊ ထို့ကြောင့် အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ၌-

တတ္ထ သာနုသယသန္တာနဝေတာ ပရေသံ ပူဇာနုဂ္ဂဟ ကာမတာယ အတ္တနော ဝိဇ္ဇမာန ဝတ္ထုပရိစ္စဇနဝသပဝတ္တာ၊ စေတနာဒါနံနာမဟု မိန့်ဆိုတော်မူအပ်ပြီ။

တတ္ထ၊ ထို (၁၀) ပါး ကုန်သော ပုညကြိယဝတ္ထုတို့တွင်။ သာနုသယသန္တာန ဝဇတာ၊ အနုသယ သန္တာန်ရှိသော ပုထုဇဉ်ပုဂ္ဂိုလ် သေက္ခပုဂ္ဂိုလ်၏။ ပရေသံ၊ သူတပါးတို့

အား။ ပူဇာနုဂ္ဂဟကာမတာယ၊ ပူဇော်ခြင်း ချီးမြှောက်ခြင်းကို အလိုရှိသ ဖြင့်။ အတ္တနော၊ မိမိ၏။ ဝိဇ္ဇမာနာတ္ထုပရိစ္စဇဝသပဝတ္တာ၊ ထင်ရှားရှိသော ဝတ္ထုကို စွန့်ကြဲသည်၏ အစွမ်းအား ဖြင့်ဖြစ်သော။ ဧတာနာ၊ ဧဘာနာသည်၊ ဒါနံနာမ၊ ဒါနမည်၏။ ဤကား-အနက်။

ဤပါဠိအပေါင်းတွင် "အတ္တနော ဝိဇ္ဇမာနဝတ္ထု ပရိစ္စဇန ဝသပဝတ္တာ ဧတာနာ" ဟူသောပါဠိ၌ "အတ္တာနာ" ဟူသော ဝိသဿနသမ္ဗန်ပုဒ်ဖြင့် မိမိပိုင်ဥစ္စာကို ပေးလှူမှုသာ ဒါနမြောက်ကြောင်း၏ အဖြစ်ကို ပြဆိုခဲ့တာ်မူအပ်၏။ ထို့ကြောင့် ရှေးဦး ဆိုအပ်ခဲ့ပြီးကုန်သော ၂-သောက်ကုန်သော ပုဂ္ဂိုလ်တို့တွင် ပဌမပုဂ္ဂိုလ်ကိုသာ အလှူပေးပုဂ္ဂိုလ်ဟု ခေါ်ဆိုမှတ်ယူအပ်၏။ ဤကား တတိယပုစ္ဆာဌ် မှတ်သားဖွယ်တည်း။

၄- စတုတ္ထပုစ္ဆာ၏ အဖြေ

ထိုပုဂ္ဂိုလ် ၂-ဦးမှာ ကုသိုလ်အကျိုး မည်ကဲ့သို့ပေးမည်ဟူသော စတုတ္ထပုစ္ဆာဌ်"ကုသိုလ်အကျိုးမည်ကဲ့သို့ပေးမသ်" ဟူသော စကားသည် ဆိုအပ်ခဲ့ပြီးသော ဒါနကုသိုလ်၏အကျိုးပေးပုံနှင့် ဓေယျာဝစ္ဆကုသိုလ်၏ အကျိုးပေးပုံသည် မည်ကဲ့သို့ ထူးခြားပါသနည်းဟု အာဘော်ထား၍ မေးလိုသော စကားဖြစ်ပေလိမ့်မည်။

တနည်းအားဖြင့် မည်သူ၏ကုသိုလ်က အကျိုးကြီးပါသနည်းဟု အာဘော်ထား၍ မေးလိုသောစကား ဖြစ်ပေလိမ့်မည်၊ ထိုအာဘော် ၂-ပါးတွင် ရှေးအာဘော်အတိုင်း မေးအပ်သည်ဖြစ်မူကား လှူဒါန်းမှုကိစ္စ၌ လှူဒါန်းသူ ဒါနရှင်၏ အလိုရှိရာ ဝေယျာဝစ္စကာရအနေဖြင့် မသွေမကွက် ဆောင်ရွက်သယ်ပိုးသောသူသည် ထိုဒါနကုသိုလ်၏ အဖို့ဘာဂကို ရသည်ဖြစ်၍ ထိုဝေယျာဝစ္စကုသိုလ်သည် ဒါနကုသိုလ်ကျိုးမျိုးမှတပါး ထူးခြားသော အကျိုးမျိုးကို ပေးတော့မည်မဟုတ်၊ ဒါနကုသိုလ်အကျိုးနှင့်တူသော အကျိုးမျိုးကိုသာ ပေးနိုင်လိမ့်မည်ဟု မှတ်ယူရန်ရှိသည်၊ ဝေယျာဝစ္စပြုသောသူ၏ ဒါနကုသိုလ်၏ အဖို့ဘာဂကို ရသည်၏အဖြစ်ကိုကား ပဋ္ဌာနိပါတ် အဂ်ုတ္တိရ်ပါဠိမတော်၌---

(က) ကာလေ ဒဒန္တိ သပညာ၊ ဝဒညူ ပိတမစ္ဆရာ။
ကာလေ ဒိန္နံ အရိယေသု၊ ဥဇုဘူတေသု တာဒိသု။

(ခ) ဝိပ္ပသန္နမနာတဿ၊ ဝိပုလာ ဟောတိ ဒက္ခိဏာ။
ယေတတ္ထ အနုမောဒန္တိ၊ ဝေယျာဝစ္စ ကရောန္တိဝါ။
န တေသံ ဒက္ခိဏာ ဥနာ၊ တေပိ ပုညဿ ဘာဂိနော။

ဟူ၍ ဟောတော်မူအပ်၏။

သပညာ၊ ကြောင်းကျိုးမြင်သိ ပညာရှိကုန်သော။ ဝဒညူ၊ အလှူခံပုဂ္ဂိုလ်တို့ ဆိုအပ်သော စကားကို သိကုန်သော။ ဝိတမစ္ဆရာ၊ကင်းသော မစ္ဆရိယရှိကုန်သော။ ယော၊ အကြင် ဒါယကာတို့သည်။ ကာလေ၊ ပေးလှူသင့်သော ကာလ၌။ ဒဒန္တိ၊ ပေးလှူကြကုန်၏ (ယေကား ပါဌဿသ)။ ယေဟိ၊ အကြင်ဒါယကာတို့သည်။ ဥဇုဘူတေသု၊ ဖြောင့်သည်ဖြစ်၍ ဖြစ်ကုန်သော။ တာဒိသု၊ ကာဒိဂုဏ်နှင့် ပြည့်စုံတော်မူကုန်သော။ အရိယေသု၊ အရိယာပုဂ္ဂိုလ်တို့၌။

ဝါ၊ အရိယာပုဂ္ဂိုလ်တို့အား။ ဝိပ္ပသန္နာ-ဝိပ္ပသန္နမနေန၊ ကြည်လင်စွာသောစိတ်ဖြင့်။ ကာရေလ၊ ပေးလှူသင့်သောကာလ၌။ ဒိန္နံ၊ ပေးလှူအပ်၏။ (ယေဟိကား ပါဌသေသ)။ တဿ တေသံ၊ ထိုဒါယကာတို့၏။ ဒက္ခိဏာ၊ အလှူသည်။ ဝိပုလာ၊ ပြန့်ပြောသည်။ ဟောတိ၊ ဖြစ်၏။ တတ္ထ၊ ထိုအလှူ၌။ ဝါ၊ ကာလဒါနဉ္စ။ ယေ၊ အကြင်သူတို့သည်။ အနုမောဒန္တိဝါ၊ ဝမ်းမြောက်နုမော် သာဓုခေါ်မူလည်း ခေါ်ကုန်၏။ ဝေယျာဝစ္စံ၊ လှူရောနှင့်စပ် အရေပ်ရေပ် ကိစ္စကြီးငယ်ကို။ ကရောန္တိဝါ၊ ပြုမူလည်း ပြုကုန်၏။ တေသံပိ၊ ထိုအလှူရှင်တို့၏လည်း။ ဒက္ခိဏာ၊ အလှူသည်။ ဥနာ၊ ယုတ်လျော့လွဉ့်ပါး နည်း၍သွားသည်။ န ဟောတိ၊ မဖြစ်။ တေပိ၊ ထိုသာဓုခေါ်သူ ဆောင်ရွက်သူတို့သည်လည်း။ ပုညဿ၊ ဒါနကုသိုလ်၏။ ဘာဂိနော၊ လားတူအမျှ အဖို့ရကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဤကား အနက်။

ဤပါဠိတော်၌ "နတေသံ ဒက္ခိဏာ ဥနာ" ဟူသောပါဌ်ဖြင့် ဒါနရှင်တို့၏ကုသိုလ်ကို သူတပါးတို့က သာဓုခေါ်၍ ယူကြသည်ဖြစ်စေ၊ ဝေယျာဝစ္စ ပြုလုပ်သယ်ပိုး၍ ယူကြသည်ဖြစ်စေ၊ ထိုဒါနရှင်၏ကုသိုလ်သည် ဆုတ်ယုတ်လွဉ့်ပါး လျော့နည်း၍မသွားဟူသော အဓိပ္ပာယ်ကို ပြတော်မူအပ်၏။ "တေပိ ပုညဿ ဘာဂိနော" ဟူသောပါဌ်ဖြင့် ထိုသာဓုခေါ်၍ ယူသောသူ၊ ဝေယျာဝစ္စမှု ပြုလုပ်သယ်ပိုး၍ ယူသောသူတို့သည်လည်း ထိုဒါနကုသိုလ်၏ အဖို့ဘာဂကို ရကြကုန်၏ဟူသော အဓိပ္ပာယ်ကို ပြတော်မူအပ်၏။

ဤအရာတွင် "ပုညဿ" ဟူသော သမ္မန္ဓပုဒ်အရသည် ဒါနကုသိုလ်ဖြစ်သဖြင့် "ဘာဂ" ဟူသော သမ္မန္ဓပုဒ်အရကိုလည်း ထိုသမ္မန္ဓပုဒ်အရနှင့် မကွဲမပြား အလားတူဖြစ်သော ကုသိုလ်ကိုသာ ရသင့်ရကား ထိုဝေယျာဝစ္စကုသိုလ်သည် အလှူရှင်၏ဒါနကုသိုလ်သည် ပေးအပ်သော အကျိုးနှင့် တူသောအကျိုးကိုသာ ပေးနိုင်လိမ့်မည်ဟု မှတ်ယူအပ်၏။

ယင်းသို့ဖြစ်သော်လည်း ဆုတောင်းခြင်းပတ္ထနာ ခင်မင်နှစ်သက် စုံမက်တွယ်တာခြင်း နိကန္တိ မတူကြသော် ပတ္ထနာအားလျော်စွာ နိကန္တိအားလျော်စွာသာလျှင် အကျိုးပေး ထူးခြားပုံကို—

> ယထာ ဟိ သုခုမံ ဒုဗ္ဗလံ သာလိသူကံဝါ ယဝသူကံဝါ ဟောတု၊ မဟန္တာ မဟန္တာ သေပဏ္ဏိကဏ္ဏကမဒနကဏ္ဏကာဒယောဝါ၊ ဧတေသု ယံကိဉ္စိ မိစ္ဆာ ဌပိတံ ဟတ္ထံဝါ ပါဒံဝါ ဆိန္နိတုံဝါ လောဟိတံဝါ ဥပ္ပါဒေတုံ သက္ကောတိ၊ သမ္မာ ဌပိတံ ပန သက္ကောတိ၊ ဧဝ မေဝ အပ္ပမတ္တကံ တိဏမုဋ္ဌိမတ္တာဒါနကုသလံ ဝါ ဟောတု၊ မဟန္တံ ဝေလာမဒါနာဒိကုသလံဝါ၊ သစေ ဝဋ္ဋသမ္ပတ္တိံ ပတ္ထေတ္ဝာ ဝဋ္ဋသန္နိဿိတဝသေန မိစ္ဆာ ဌပိတံ ဟောတိ၊ ဝဋ္ဋမေဝ အာဟရိတုံ သက္ကောတိ၊ နော ဝိဝဋ္ဋံ၊ "ဣဒံ မေ ဒါနံ အာသဝက္ခယာဝဟံ ဟောတု"တိ ဧဝံ ပန ဝိဝဋ္ဋ ပတ္ထေန္တေန ဝိဝဋ္ဋဝသေန သမ္မာဌပိတံ အရဟတ္တမ္ပိ ပစ္စေကဗောဓိဉာဏမ္ပိ သဗ္ဗညုတ-ဉာဏမ္ပိ ဒါတုံ သက္ကောတိယေဝ-ဟူ၍ ဖွင့်ဆိုတော်မူအပ်သော (အံ၊ဋ္ဌ၊၁။၄၃။ အံ၊ဋီ၊၁။၉၁၊၉၆) ပါဌ်တို့ဖြင့် သိအပ်၏။

ဟိ သစ္စံ၊ မှန်၏။ သုခုမံ၊ သိမ်မွေ့စွာသော။ ဒုဗ္ဗလံ၊ အားနည်းစွာသော။ သာလိသူကံဝါ၊ သလေးစပါးဆူးသည်လည်းကောင်း။ ယဝသူကံဝါ၊ မယောစပါးဆူးသည်လည်း

ကောင်း။ ဟောတု၊ ဖြစ်စေ။ မဟန္တ-မဟန္တာ၊ ကြီးကုန် ကြီးကုန်သော။ သေပဏ္ဍိကဏ္ဍက-မဒနကဏ္ဍကာဒယောဝါ၊ သစ်အယ်ဆူး သမင်စာဆူး စသော ဆူးတို့သည်လည်းကောင်း။ ဟောန္တု၊ ဖြစ်စေကုန်။ ဧတေသု၊ ထိုဆူးငယ် ဆူးကြီးတို့တွင်။ ယံ ကိဉ္စိ၊ တစုံတခုသော။ မိစ္ဆာဌပိတံ၊ မကောင်းသဖြင့် ချထားအပ်သောဆူးသည်။ ဟတ္ထံဝါ၊ လက်ကိုလည်းကောင်း။ ပါဒံဝါ၊ ခြေကိုလည်းကောင်း။ ဆိန္ဒိတုံဝါ၊ ဖြတ်ခြင်းငှာလည်းကောင်း။ နု သက္ကောတိ ယထာ၊ မတတ်နိုင်သကဲ့သို့။ သမ္မာဌပိတံ ပန၊ ကောင်းစွာစိုက်ထောင်၍ ထားအပ်သော ဆူးသည်ကဲ့သို့။ သက္ကောတိယထာ၊ တတ်နိုင်သကဲ့သို့။ ဧဝမေဝ၊ ဤဆူးပမာ တူစွာသာလျှင်။ အပပမတ္တကံ၊ အနည်းငယ်မျှသော။ ဝါ၊ သေးသိမ်သော။ တိဏမူဋ္ဌိမတ္တဒါနကုသလံဝါ၊ မြက်တဆုပ်မျှ ပေးလှူသော ဒါနကုသိုလ်သည်မူလည်း။ ဟောတု၊ ဖြစ်စေ။ မဟန္တံ၊ ကြီးစွာသော။ ဧဝလာမဒါနာဒိကုသလံဝါ၊ အလောင်းတော်ဧလာမ၏ ဒါန စသည်နှင့်တူသော ဒါနကုသိုလ်သည်မူလည်း။ ဟောတု၊ ဖြစ်စေ။ ဝဋ္ဋသမ္ပတ္တိ၊ လူ နတ်ရိပ်ငြိမ် ဝဋ်စည်းစိမ်ကို။ ပဒဋ္ဌာတဗ္ဗာ၊ လိုချင်တောင့်တ၍။ ဝါ၊ ဆုတောင်း၍။ ဝဋ္ဋနိဿိတဝသေန၊ ဝဋ်ကိုမှီသည်၏ အစွမ်းအားဖြင့်။ မိစ္ဆာဌပိတံ၊ မကောင်းသဖြင့် ပြုထားအပ်သော ကုသိုလ်သည်။ သစေ ဟောတိ၊ အကယ်၍ ဖြစ်အံ့။ ဝဋ္ဋမေဝ၊ ဝဋ်သို့သာလျှင်။ အာဟရိတုံ၊ ဆောင်ခြင်းငှာ။ သက္ကောတိ၊ စွမ်းနိုင်၏။ ဝိဝဋ္ဋံ၊ နိဗ္ဗာန်ကို။ အာဟရိတုံ၊ ဆောင်ခြင်းငှာ။ နောသက္ကောတိ၊ မစွမ်းနိုင်။ မေ၊ ငါ၏။ ဣဒံဒါနံ၊ ဤဒါနကုသိုလ်သည်။ အာသဝက္ခယာဝဟံ၊ အာသဝေါကုန်ရာ နိဗ္ဗာန်သို့ ဆောင်နိုင်သည်။ ဟောတု၊ ဖြစ်ပါစေသား။ ဣတိ ဧဝံ၊ ဤသို့။ ဝိဝဋ္ဋံ၊ နိဗ္ဗာန်ကို။ ပတ္ထေန္တေန၊ လိုချင်တောင့်တသဖြင့်။ ဝါ၊ ဆုတောင်း၍။ ဝိဝဋ္ဋဝသေန၊ ဝဋ်ကင်းခြင်း၏ အစွမ်းအားဖြင့်။ သမ္မာဌပိတံပန၊ ကောင်းစွာပြုအပ်သော ကုသိုလ်သည်ကား။ အရဟတ္တံပိ၊ ရဟန္တာ၏အဖြစ်ကိုလည်းကောင်း။ ပစ္စေကဗောဓိဉာဏံပိ၊ ပစ္စေကဗောဓိဉာဏ်ကိုလည်းကောင်း။ သမ္မာသမ္ဗောဓိဉာဏံပိ၊ သမ္မာသမ္ဗောဓိဉာဏ်ကိုလည်းကောင်း။ ဒါတုံ၊ ပေးခြင်းငှာ။ သက္ကောတိယေဝ၊ စွမ်းနိုင်သည်သာလျှင်တည်း။ ဤကား အနက်။

ဤအဋ္ဌကထာပါဠိအပေါင်းတွင် "ဝဋ္ဋမေဝ အာဟရိတုံ သက္ကောတိ နော ဝိဝဋ္ဋံ" ဟူသောပါဠိဖြင့် နိဗ္ဗာန်ကိုမတောင့်တပဲ လူ နတ်ရိပ်ငြိမ် သမ္ပတ္တိစည်းစိမ်ကိုသာ တောင့်တ၍ ပေးလှူအပ်သော ဝဋ္ဋနိဿိတဒါနကုသိုလ်သည် ဝဋ်ကိုသာပေးသည်၊ နိဗ္ဗာန်ကိုမပေးနိုင် ဟူသောအဓိပ္ပာယ်ကို မှတ်ယူအပ်၏။

"အရဟတ္တံပိ ပစ္စေကဗောဓိဉာဏံပိ သမ္မာသမ္ဗောဓိဉာဏံပိ" ဟူသောပါဠိဖြင့် နိဗ္ဗာန်ကို တောင့်တ၍ ပေးလှူအပ်သော ဝိဝဋ္ဋနိဿိတဒါနကုသိုလ်သည် လူ နတ်ရိပ်ငြိမ် သမ္ပတ္တိဝဋ်စည်းစိမ်ကိုလည်း အကြိမ်ကြိမ်ပေးနိုင်၏။ အဆုံးဘဝ၌ ဝိဝဋ္ဋဖြစ်သော နိဗ္ဗာန်ကိုလည်း ပေးနိုင်၏ ဟူသောအဓိပ္ပာယ်ကို မှတ်ယူအပ်၏။

ထိုစကားသည်မှန်၏။ "အရဟတ္တံပိ, ပစ္စေကဗောဓိဉာဏံပိ, သမ္မာသမ္ဗောဓိဉာဏံပိ" ဟူသော ၃-ပုဒ်တို့ဖြင့် နိဗ္ဗာန်ကိုပေးသည်၏အဖြစ်ကို ပြတော်မူအပ်၏။ ထို ၃-ပုဒ်တို့၌ရှိသော (ံ)သဒ္ဒါ ၃-ခုတို့သည် အညမညပက္ခသမုစ္စည်း မဟုတ်ကုန်၊ ရှေးဝါကျတွင်ပါသော "ဝဋ္ဋမေဝ" ဟူသောပုဒ်၌ "ဝဋ္ဋ" သဒ္ဒါကို အသီးအသီးပေါင်းသော ဝုတ္တသမုစ္စည်းသာ ဖြစ်ကုန်၏။ ထို့ကြောင့် ဝိဝဋ္ဋနိဿိတကုသိုလ်သည် သမ္ပတ္တိဝဋ်ကို ပေးနိုင်၏။ နိဗ္ဗာန်ကိုလည်း ပေးနိုင်၏ဟူ၍လည်း

အကယ်၍ ထို "ပိ" သဒ္ဒါ ၃-ခုတို့သည် အညမညပက္ခသမုစ္စည်းဖြစ်ကြလျှင် ဝိဝဋ္ဋကုသိုလ်ရှင် တယောက်တည်းပင်၊ ရဟန္တာလည်း ဖြစ်၊ ပစ္စေကဗုဒ္ဓါလည်း ဖြစ်၊ ဘုရားလည်း ဖြစ်ရလိမ့်မည်။ ထို့ကြောင့် အညမညသမုစ္စည်း မဟုတ်ကုန်ဟု ဆိုခဲ့ပေသည်။

ဤအဋ္ဌကထာပါဠိဖြင့် ဒါနကုသိုလ်တမျိုးတည်းသည်ပင် ပတ္ထနာထူးခြား၍ အကျိုးငါးပါး ထူးသည်၏အဖြစ်ကို သိရသဖြင့် ဆိုအပ်ခဲ့ပြီးသော ဒါနကုသိုလ်နှင့် ငယျာဝစ္စကုသိုလ်တို့သည်လည်း ပတ္ထနာထူးခြားလျှင် ပတ္ထနာအားလျော်စွာ ထူးခြားသောအကျိုးကို ပေးကြလိမ့်မည်ဟု နှိုင်းဆဆင်ခြင်၍ သိမြင်အပ်တော့သည်။

နိကန္တီအစုမ်းအားဖြင့် အကျိုးပေးပုံကို ဆိုပေအံ့။ နိကန္တီဟူသည်ကား ချစ်ခင်နှစ်သက်စုံမက်တွယ်တာခြင်းပင်တည်း၊ ထိုကန္တီကိုပင် ဘဝသို့ ဆောင်တင်သောကြောင့် "ဘဝနေတ္တိ" ဟူ၍လည်းကောင်း၊ ငဲ့ကွက်တတ်သောကြောင့် "အပေက္ခာ" ဟူ၍လည်းကောင်း ဆိုအပ်၏။ တရားကိုယ်အားဖြင့်ကား တဏှာဟုဆိုအပ်သော လောဘစေတသိက်ပင်ဝည်း။

ထိုနိကန္တီသည် မိမိကား ပဋိသန္ဓေအကျိုးကို မပေးနိုင်၊ ပဋိသန္ဓေအကျိုးကို ပေးနိုင်သော ကုသိုလ် အကုသိုလ်ကံတို့၏ အရှင်သဖွယ်သာဖြစ်၏။ အရှင်အလိုရှိရာကိုသာ ကျွန်သည် လိုက်နာ၍ ပြုရသကဲ့သို့ နိကန္တီဟူသော တဏှာ၏ ပေးစေလိုရာ ဘုံဘဝ၌သာလျှင် ထို ကုသိုလ်ကံ အကုသိုလ်ကံတို့က အကျိုးပေးကြရသည်။ တိရစ္ဆာန်ဘဝ၌ ပဋိသန္ဓေကို ဖြစ်စေနိုင်သော အကုသိုလ်ဇနကကံသည် ဟုတ်ဟုတ်ညားညားသော တိရစ္ဆာန်ဘဝ၌ မဖြစ်စေမူ၍ နိကန္တီဟူသော တဏှာစွဲလမ်းရာ၌သာ ဖြစ်စေနိုင်သည်။ လူ့ဘဝ ပဋိသန္ဓေကိုဖြင့်စေနိုင်သော ကုသိုလ်ကံ ဇနကကံသည် ဟုတ်ဟုတ်ညားညားသော လူ့ဘဝ၌ မဖြစ်စေမူ၍ နိကန္တီဟူသော တဏှာစွဲလမ်းရာ၌သာ ဖြစ်စေနိုင်သည်။ ဤစကားကို ဆိုလတ္တံ့သောငဆွဲဖြင့် ထင်ရှားစေဦးအံ့။

တယောက်သော ယောကျ်ားသည် အစ်ကိုကြီး၏မယား၌ ပြစ်မှားကျူးလွန်၏။ ထို မိန်းမသည်လည်း မိမိလင်ကြီးထက် ထိုအစ်ကိုကြီး၏ညီဖြစ်သော မိမိ၏မတ်ကိုသာ သာ၍ ချစ်မြတ်နိုး၏။ ထိုမိန်းသည်ကား ငါတို့၏အကြောင်း မကောင်းသောအမူအရာကို လူတယောက်ကြား၍ ထင်ရှားခြင်းဖြစ်ခဲ့သော် ကဲ့ရဲ့စရာဖြစ်လာပေလိမ့်မည်၊ သင်၏အစ်ကိုကို သင်ကြံ၍ သတ်ပါဟု မတ်ဖြစ်သောသူကို အခါခါပြောဆို၏။ ထိုမတ်ဖြစ်သော ယောကျ်ားသည်လည်း မိန်းမစကား ကြားရဖန်များလျှင် နား၌ဝင်၍ သတ်ချင်စိတ်ဖြစ်သဖြင့် ငါ၏အစ်ကိုကြီးကို ဘယ်လိုသတ်ရမည်နည်းဟု မေး၏။ ထိုအခါ မိန်းမက ဤအမည်ရှိသောအရပ်၌ ရေခတက် ပင်ကြီးအနားမှာ သာယာသော ရေဆိပ်ရှိ၏၊ အရိုးနှင့်တကွ ထက်လှသော ပဲကွင်းကို ကိုင်ဆောင်၍ ထိုရေဆိပ်၌သာ ပုန်းအောင်း၍စောင့်နေပါဟု ပြောလေ၏၊ မတ်ဖြစ်သူ ယောကျ်ားသည်လည်း ထိုမိန်းမစကားအတိုင်း ထိုရေဆိပ်သို့သွား၍ ပုန်းအောင်းကာ စောင့်နေလေ၏၊ အစ်ကိုကြီးဖြစ်သူယောကျ်ားသည် တော၌ အလုပ်လုပ်၍ အိမ်သို့ပြန်လာလျှင် ထိုမိန်းမသည် မိမိလင်ကြီး၌ ချစ်ခင်ယောင်ယောင် မာယာဆောင်ပြီးလျှင် "ဟိ သာမိ သိဒ္ဓသ တေ သြလိခိဿာမိ"၊ သာမိ၊ အို ချစ်လင်။ ဟိ၊ လာပါလော့။ တေ၊ သင်ချစ်လင်၏။ သိဒ္ဓသေ၊ ဦးခေါင်း၌။ သြလိခိဿာမိ၊ ဖြိုးပေးပါအံ့။

ဤသို့ဆို၍ ခေါင်းဖြီးနေစဉ်မှာပင် သင်၏ခေါင်းဌ် **မကောင်း**ညစ်ထေး ပျေးချေးလိမ်းကပ်၏။ ဤမည်သောရေဆိပ်သို့သွား၍ ခေါင်းလျော်ပါချေဟုဆိုလျှင် ထိုယောကျ်ားသည် မယား၏စကားအာဘိုင်း ထိုရေဆိပ်သို့သွား၍ ခေါင်းလျော်လေ၏၊ ထိုအခါ ညီငယ်ယောကျ်ား သည် ပုန်းအောင်း၍နေရာမှ ထွက်လာ၍ အစ်ကိုကြီးကိုသတ်ပြီးလျှင် အိမ်သို့ပြန်လေ၏၊ "ဣဘရော ဘရိယာယ သိနေဟံ ပရိစ္စဇိတုံ အသက္ကောန္တော တသ္မိ ယေဝ ဂေဟေ မဟာ-ဓမနိ ဟုတ္ဝာ နိဗ္ဗတ္တိ" အဂုံတ္တိရ်အဋ္ဌကထာ။

ဣဘရော၊ အစ်ကိုကြီးဖြစ်သော ယောကျ်ားသည်။ ဘရိယာယ၊ မိမိမယား၌။ သိနေဟံ၊ ချစ်ခြင်းသိနေဟကို။ ပရိစ္စဇိတုံ၊ စွန့်ခြင်းငှာ။ **အသက္ကောန္တော**၊ မစွမ်းနိုင်သည်ဖြစ်၍။ တသ္မိ ယေဝဂေဟေ၊ ထိုအိမ်၌သာလျှင်။ **မဟာဓမနိ**၊ ကြိုင်းကောင်ကြီးသည်။ ဝ၊ ထန်းမြွေသည်၊ ဟုတ္ဝာ၊ ဖြစ်၍၊ နိဗ္ဗတ္တိ၊ ဖြစ်ရ၏။

ထိုကြိုင်းကောင်ကြီးသည် ထိုမိန်းမ၏ ရပ်ရာ ထိုင်ရာသို့သွား၍ ကိုယ်ပေါ်သို့သာလို့မ်ချ၏။ ထိုမိန်းမသည် ဤကြိုင်းကောင်သည် ထိုလင်ကြီးပင် ဖြစ်ပေလိမ့်မည်ဟု သတ်စေပြန်၏။ထိုကြိုင်းကောင်သည် ထိုမိန်းမ၌ ချစ်ခြင်းသိနေဟ မကင်းသဖြင့် ထိုအိမ်၌ပင် ခွေးဖြစ်ရပြန်လေ၏။

ထိုခွေးငယ်သည် မိမိခြေဖြင့်သွားနိုင်သည်ကစ၍ ထိုမိန်းမ သွားလေရာရာနောက်သို့သာ အမြဲလိုက်ပါလေ၏။ လူအပေါင်းတို့သည် ထိုမိန်းမကို မြင်ကြလျှင် ခွေးမုဆိုးထက်လာပြီး ဘယ်အရပ်ကိုသွားမည်မသိဟု ပြက်ရယ်ပြုကြကုန်၏။ ထိုမိန်းမသည် ထိုခွေးကို သတ်စေပြန်၏။ ထိုခွေးငယ်သည် ထိုအိမ်၌ပင် နွားသူငယ်ဖြစ်ပြန်လေသည်။

ထိုနွားသူငယ်သည် ထိုမိန်းမနောက်သို့သာ အမြဲလိုက်လေ၏၊ လူအပေါင်းတို့က ထိုမိန်းမကိုမြင်ကြလျှင် နွားကျောင်းသားထွက်လာပြီး ဘယ်အရပ်သို့သွား၍ ကျောင်းမည်မသိဟု ပြက်ရယ်ပြုကြကုန်၏၊ ထိုမိန်းမသည် ထိုနွားသူငယ်ကို သတ်စေပြန်၏။ ထိုနွားသူငယ်သည် ထိုမိန်း၌ ချစ်ခြင်းသိနေဟကို မဖြတ်နိုင်သဖြင့် ထိုမိန်းမဝမ်း၌ပင် **လေးကြိမ်**မြောက်ကာလ ဇာတိဿရဉာဏ်ကို ရသည်ဖြစ်၍ ပဋိသန္ဓေရ၏။

ထိုသူငယ်သည် အစဉ်မပြတ်သော **လေးဘုဝလုံး**တို့၌ ထိုမိန်း**မ၏ သတ်အပ်သည်၏** အဖြစ်ကို ဇာတိဿရဉာဏ်ဖြင့်သိမြင်၍ ငါသည် ဤသို့သဘောရှိသော မိန်း**မ၏**ဝမ်း၌ ဖြစ်ရလေခြင်းဟု နှလုံးထား၍ ထိုအမိဖြစ်သောမိန်း**မ၏** လက်ဖြင့်ထိသည်ကိုမျှ မမံပေ၊ အဂ္ဂဝယ်၍ ထိလာပြန်လျှင် ရန်သူ၏လက်သို့ ရောက်သောသူပမာ လွန်စွာကြောက်လန့်သော အခြင်းဒုက္ခဖြင့် မျှားမှာ ငိုကြွေးလေ၏၊ လိုသူငယ်ကို **အဖိုးကသာ ကောင်း**စွာ စောင့်ရှောက်၍ မွေးမြူရ၏။

နောင်အခါယ်သို့ ရောက်လတ်သော် မျစ်သား သင်သည် အဘယ့်ကြောင့် သင့်မိခင်၏ လက်ဖြင့်ထိကာမျှကို မခံလိုသနည်းဟု **အဖိုးက**မေးလေ၏။ ထိုအခါ သူငယ်က ဤမိန်း၊ အကျွန်ုပ်၏ မိခင်မဟုတ်ပါ၊ ရန်သူမ ပါတည်းဟု ဆိုပြီးလျှင် မျေးအဝါက ဟိုင်တိုင် သတ်ခဲ့သော**အကြောင်း**ကို ပြန်ပြောင်းပြောဆိုလေ၏၊ **အဖိုး**သည်

ငုပြီးလျှင် ချစ်သား လာလေ၃၊ ဤဌာနမှာ ငါတို့နေဖွယ်မရှိပြီဟု ဆိုပြီးလျှင် ထိုမြေးကိုခေါ်၍ ရဟန်းဘောင်၌ရဟန်းပြုကြ၍ မြေးအဖိုးနှစ်ယောက်တို့သည် ရဟန္တာအဖြစ်သို့ ရောက်ကြကုန်၏။

ဤဝတ္ထု၌ လေးဘဝတိုင်တိုင် မယားသတ်၍ ဆေရသဖြင့် ထိုမယားထံ၌ အခါခါ ဖြစ်ရသော ယောကျ်ားသည် ရှေးရှေးဘဝက မိမိပြုခဲ့ဖူးသော တိရစ္ဆာန်ဘဝ၌ ပဋိသန္ဓေကို ဖြစ်စေနိုင်သော အကုသိုလ်ဇနကကံတို့သည် ဟုတ်ဟုတ်ညားညားသော တိရစ္ဆာန်ဘဝတို့၌ မဖြစ်စေပဲ ထိုယောကျ်း၏ ချစ်ခင်တွယ်ဘာခြင်း သိနေဟာ တဏှာ နိကန္တိဖြစ်ရာ၌သာ အကျိုးပေးကြရသဖြင့် ထိုမိန်းမ၏အိမ်၌သာ ကြိုင်းကောင်အဖြစ်မှ ခွေးအဖြစ်, နွားအဖြစ်တို့ကို ရရှာလေသည်။

ယင်း နည်းတူစွာ ရှေးရှေးဘဝက မိမိပြုအပ်ခဲ့ဖူးသော လူဘဝ၌ ပဋိသန္ဓေကို ဖြစ်စေနိုင်သော ကုသိုလ် ဇနကကံသည် ဟုတ်ဟုတ်ညားညားသော လူ့ဘဝ၌ မဖြစ်စေပဲ ထိုယောကျ်း၏ ချစ်ခင်တွယ်တာခြင်း သိနေဟာ တဏှာ နိကန္တိဖြစ်ရာ၌သာ အကျိုးကို ပေးရသဖြင့် ထိုမိန်းမ၏ ဝမ်း၌သာ ပဋိသန္ဓေနေ၍ ဇာတိသရဉာဏ်နှင့် ပြည့်စုံသော လူ့ဘဝကို ရရှုလေတော့သည်။ နတ်ပြည်၌ ပဋိသန္ဓေကို ဖြစ်နိုင်သော ကုသိုလ်ကိုလည်း ယင်း နည်းအတူ မှတ်ယူလေ။

ဤသို့ နိကန္တိ၏ အစွမ်းအားဖြင့် ထို ဆိုအပ်ခဲ့ပြီးသော ဒါနကုသိုလ်၊ ပေယျာဝစ္စကုသိုလ်တို့သည်လည်း ထိုကုသိုလ်ရှင်တို့၏ နိကန္တိ ထူးခြားသည် အားလျော်စွာသာလျှင် ထူးခြားသော အကျိုးကို ဖြစ်စေလိမ့်မည်ဟု ယူဆဆင်ခြင်၍ သိမြင်မှတ်ယူအပ်တော့သည်။ ဤကား ရှေးအာဘော်ဖြင့် မေးအပ်သော ပုစ္ဆာ၏ အဖြေတည်း။

အကယ်၍ မည်သူ၏ကုသိုလ်က အကျိုးကြီးပါသနည်းဟူသော နောက်အာဘော်ဖြင့် မေးအပ်သည်ဖြစ်အံ့။ အဘိမမှာ ဒေသနာတော် နည်းအားဖြင့် ဉာဏဝိပ္ပယုတ် ကုသိုလ်ထက် ဉာဏသမ္ပယုတ်ကုသိုလ်က အကျိုးကြီးသည်ဖြစ်၍ ဒါနကုသိုလ်က ဉာဏဝိပ္ပယုတ်ကုသိုလ်ဖြစ်၍ ပေယျာဝစ္စကုသိုလ်က ဉာဏသမ္ပယုတ်ကုသိုလ် ဖြစ်ခဲ့သော် ဒါနကုသိုလ်ထက် ပေယျာဝစ္စကုသိုလ်က အကျိုးကြီးသည်။ အကယ်၍ ပေယျာဝစ္စကုသိုလ်က ဉာဏဝိပ္ပယုတ်ဖြစ်၍ ဒါနကုသိုလ်က ဉာဏသမ္ပယုတ်ကုသိုလ်ဖြစ်ခဲ့သော် ပေယျာဝစ္စကုသိုလ်ထက် ဒါနကုသိုလ်က အကျိုးကြီးသည်ဟု မှတ်ယူအပ်၏။ ဤအရာ၌ ထူးသော သာဓက ဆုတ်ပြရန်မလိုတော့ပြီ။

သုတ္တန်ဒေသနာတော် နည်းအားဖြင့်ကား သပ္ပုရိသဒါန, အသပ္ပုရိသဒါန ၂-ပါးတို့၌ အသပ္ပုရိသဒါနထက် သပ္ပုရိသဒါနက အကျိုးကြီးသည်ဟုသိ။ ဤအရာ၌ သပ္ပုရိသဒါန၊ အသပ္ပုရိသဒါန ၂-ပါးကို ပြဆိုပေဦးအံ့။

ပဋိဂ္ဂါဟကဒါယကာ ဒါနာနိ ကတမာနိပဉ္စ အသက္ကစ္စံ ဒေတိ၊ အစိတ္တီကတ္ဝာ ဒေတိ၊ အသဟတ္ထာ ဒေတိ၊ အပဝိဒ္ဓံ ဒေတိ အနာဂမနဒိဋ္ဌကော ဒေတိ၊ ဣမာနိ ခေါ ဘိက္ခဝေ ပဉ္စအသပ္ပုရိသဒါနာနိ။ ပဉ္စကနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်။

ဘိက္ခဝေ၊ ရဟန်းတို့။ အသပ္ပုရိသဒါနာနိ၊ မသူတော်တို့၏ အလှူတို့သည်။ ဣမာနိပဉ္စ၊ ၅-ပါးပါးကို တည်း။ ကတမာနိပဉ္စ၊ အဘယ်၎ပါးပါးတို့နည်း ဟူမူကား။

(၁) အသက်ကစ်၊ သန့်ရှင်းစင်ကြယ်စွာမပြု၊ မသန့်ရှင်း မစင်ကြယ်ပြု၍။ ဒေတိ၊ ပေးလှူ၏။

(၂) အစိတ္တီကတွာ၊ အလှူဝတ္ထု အလှူခံပုဂ္ဂိုလ်တို့၌ အလေးမပြုသည်ဖြစ်၍။ ဒေတိ၊ ပေးလှူ၏။

(၃) အသဟတ္ထာ၊ ကိုယ်တိုင် မလှူ၊ သူတပါးကို စေခိုင်း၍သာလျှင်။ ဒေတိ၊ ပေးလှူ၏။

(၄) အပဝိဒ္ဓံ၊ ကြိုးကြား ကြိုးကြား။ ဝါ၊ စွန့်ပစ်သကဲ့သို့ပြု၍။ ဒေတိ၊ ပေးလှူ၏။

(၅) အနာဝမနဒိဋ္ဌကော၊ အနာဂတ်ဘဝ၌ဖြစ်ရအံ့သော ကောင်းကျိုးကို မမျှော်ကိုးမယုံကြည်သည်ဖြစ်၍။ ဒေတိ၊ ပေးလှူ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ အသပ္ပုရိသဒါနာနိ၊ မသူတော်တို့၏ အလှူတို့သည်။ ဤမျှနှိ ပဉ္စ၊ ဤငါးပါးတို့တည်း။ ဤကားအနက်။ အဓိပ္ပာယ်ကား လွယ်ပြီ။

သပ္ပုရိသဒါန ငါးပါးကိုကား ဆိုအပ်ခဲ့ပြီးသော အသပ္ပုရိသဒါန ငါးပါးမှပြန်သော အားဖြင့် သိလေ။ အဋ္ဌကနိပါတ်၊ အင်္ဂုတ္တိုရပါဠိတော်၌ကား သပ္ပုရိသဒါန (၈)ပါး ဟူ၍ ဟောတော်မူအပ်၏။ ကျယ်အံ့စိုး၍ မရေးလိုက်ပြီ။ အလိုရှိက ယင်းပါဠိတော်၌ ယူလေ။

ဤသို့ ဆိုအပ်ခဲ့ပြီးသော သပ္ပုရိသဒါန၊ အသပ္ပုရိသဒါန ၂-ပါးတို့တွင် သပ္ပုရိသဒါနသည် ဘုရားရှင် ချီးမွမ်းတော်မူအပ်သော ဒါနဖြစ်သောကြောင့် အသပ္ပုရိသဒါနထက် အကျိုးကြီးသည်ဟူ၍ မှတ်ယူအပ်၏။

ဤသို့ ဒါနချင်း၌ အသပ္ပုရိသဒါနထက် သပ္ပုရိသဒါနက အကျိုးကြီးသကဲ့သို့ ဒါနကုသိုလ်၊ ဝေယျာဝစ္စကုသိုလ် ၂-ပါးတို့လည်း ဒါနပြုသောသူသည် သပ္ပုရိသဒါနအဖြစ်ဖြင့် လှူဒါန်းရာ၌ ဝေယျာဝစ္စပြုသောသူသည် အသပ္ပုရိသဒါနအဖြစ်ဖြင့် ဥဿာဟထုတ် ပြုလုပ်ဆောင်ရွက်မှု ဝေယျာဝစ္စကုသိုလ်ထက် ဒါနကုသိုလ်က အကျိုးကြီးသည်။ အကယ်၍ ဒါနပြုသောသူသည် အသပ္ပုရိသဒါနအဖြစ်ဖြင့် လှူဒါန်းရာ၌ ဝေယျာဝစ္စပြုသောသူသည် သပ္ပုရိသဒါနအဖြစ်ဖြင့် ဥဿာဟထုတ် ပြုလုပ်ဆောင်ရွက်မှု ဒါနကုသိုလ်ထက် ဝေယျာဝစ္စ ကုသိုလ်က အကျိုးကြီးသည်ဟူ၍ မှတ်။ ဤအကြောင်းကိုကား ပါယာသိရာဇညမင်းနှင့် ဥတ္တရလုဒ်တို့ကိုထောက်၍ သိအပ်၏။ ထိုစကားကို ထင်ရှားစေအံ့။

ကောသလတိုင်း သေတဗျမြို့နေ ပါယာသိရာဇညမင်းသည် ပရလောကမရှိ၊ ဥပပာတ်သတ္တဝါမရှိ၊ ကုသိုလ်ကံ အကုသိုလ်ကံတို့၏ အကျိုးမရှိဟု အယူရှိ၏။ ထိုပါယာသိရာဇညမင်းသည် အရှင်ကုမာရကဿပ၏ တရားတော်ကို ကြားနာ၍ ထိုမိစ္ဆာအယူမှ ကင်းလွတ်သဖြင့် ရဟန်း ပုဏ္ဏား အထီးကျန်ဂမိုးသွားသူ သူတောင်းစားတို့အား လှူဒါန်းခြင်းကို ပြု၏။ ဇာတ်အာလှူ၌ ဆန့်ကဲ့ထမင်း၊ ပုန်းရည်ဟင်းကိုသာလည်းကောင်း၊ ထူထဲကြမ်းတမ်းသည် ဖြစ်၍

ပက်ဖြန်းအပ်သော ကံဇရေတို့ဖြင့် လုံးထွေးရွှပ်လိမ်သော အမြိတ်အဆာရှိသော အဝတ်ပုဆိုးတို့ကိုသာလည်းကောင်း ပေးလှူအပ်၏။

ထိုသို့ လှူရာ၌ ဥတ္တရလုလင်သည် ဝေယျာဝစ္စအမှုကို သယ်ပိုးဆောင်ရွက်ရ၏။ ထို ဥတ္တရလုလင်သည် ပါယာသိရာဇညမင်း၏ အလိုအတိုင်း လှူဒါန်း၍ ဤဒါနကုသိုလ်ကြောင့် ပါယာသိရာဇညမင်းကို ဤဘဝ၌သာ ပေါင်းဖော်တွေ့ဆုံရပါလို၏။ ဘဝတပါး၌ မပေါင်းဖော် မတွေ့ဆုံရပါစေသတည်းဟု အဖန်ဖန်မြွက်ဆိုလေ၏။ ထိုကောင်းကို ပါယာသိရာဇညမင်း ကြားသိရ၍ ဥတ္တရလုလင်ကိုခေါ်ပြီးလျှင် ထိုသို့ဆိုအပ်သောအကြောင်းကို စစ်ဆေးမေးမြန်းလေ၏။ ဥတ္တရလုလင်သည် အရှင်မင်းကြီး၏ အလှူ၌ ဆန်ကဲ့ထမင်း၊ ပုန်းရည်ဟင်းကိုသာ ပေးလှူ၏။ ထိုဆန်ကဲ့ထမင်း၊ ပုန်းရည်ဟင်းကို အရှင်မင်းကြီးသည် စားချင်မည်ကို မဆို ထားဘိ၊ ကြားချင်ရုံမျှ ရှိမည်မဟုတ်ပါ၊ အရှင်မင်းကြီး၏ အလှူ၌ ထူထဲကြမ်းတမ်းသည် ဖြစ်၍ ပက်ဖြန်းအပ်သော ကံဇရေတို့ဖြင့် လုံးထွေးရွှပ်လိမ်သော အမြိတ်အဆာရှိသော အဝတ်ပုဆိုးတို့ကိုသာ ပေးလှူ၏။ ထိုအဝတ်ပုဆိုးတို့ကို အရှင်မင်းကြီးသည် ဝတ်ဆင်မည်ကို မဆို ထားဘိ၊ ကိုယ့်အသားနှင့် ထိပါးခြင်းကိုမျှ အလိုရှိမည် မဟုတ်ပါ၊ အရှင်မင်းကြီးကိုကား အကျွန်ုပ်တို့သည် မျှားစ့ဉာစုံမက် မြတ်နိုးပါကုန်၏။ အကျွန်ုပ်တို့ ချစ်မြတ်နိုးအပ်သော အရှင်မင်းကြီးကို အရှင်မင်းကြီးက မချစ်ခင် မမြတ်နိုးသော အကျွန်ုပ်တို့နှင့် ဘယ်အတွက် ပေါင်းဖော်တွေ့ဆုံစေကုန်အံ့နည်းဟု ပြန်ကြားဖြဆိုလေ၏။

ထိုအခါ ပါယာသိရာဇညမင်းသည် ချစ်သား ဥတ္တရ၊ ဤအခါမှစ၍ ငါစားအပ်သော ဘောဇဉ်နှင့်တူသော ဘောဇဉ်ကိုသာလည်းကောင်း၊ ငါဝတ်အပ်သော အဝတ်ပုဆိုးနှင့် တူသော အဝတ်ပုဆိုးတို့ကိုသာလည်းကောင်း စီမံလှူဒါန်းပါဟု စေခိုင်း၏။ ဥတ္တရလုလင်သည် လည်း ကောင်းပြီဟုဝန်ခံပြီးလျှင် ပါယာသိရာဇညမင်း စားအပ်သော ဘောဇဉ်နှင့် တူသော ဘောဇဉ်ကိုလည်းကောင်း၊ ပါယာသိမင်းကြီးသည် ဝတ်ဆင်အပ်သော အဝတ်နှင့်တူသော အဝတ်တို့ကိုလည်းကောင်း စီမံ၍ လှူဒါန်းလေ၏။

ထိုအခါ ပါယာသိရာဇညမင်းကြီးသည် အသက္ကစ္ဘ စသော အသပ္ပုရိသဒါနကို့ပေးလှူ၍ စတုမဟာရာဇ်နတ်ပြည်သို့လားရ၏။ ထိုပါယာသိရာဇညမင်းကြီး၏ အလှူကိစ္စ၌ ဝေယျာဝစ္စ ပြုလုပ်ဆောင်ရွက်ရသော ဥတ္တရလုလင်သည် သက္ကစ္ဘဒါန စသော သပ္ပုရိသဒါနကိုပေးလှူ၍ တာဝတိံသာနတ်ပြည်သို့လားရ၏။

အထခေါ ပါယာသိရာဇညော အသက္ကစ္ဘဒါနံ ဒတ္ဝာ အသဟတ္ထာ ဒါနံ ဒတ္ဝာ၊ အစိတ္တီကတံ ဒါနံ ဒတ္ဝာ၊ အပဝိဒ္ဓံ ဒါနံ ဒတ္ဝာ၊ ကာယဿဘေဒါ ပရံ မရဏာ စတုမဟာရာဇိကာနံ ဒေဝါနံ သဟဗျတံ ဥပပဇ္ဇိ၊ သုညံ သေရိသကဝိမာနံ ယောပန တဿ ဒါနေ ဝါဝဋ္ဌော ဟောတိ၊ ဥတ္တရောနာမ မာဏဝေါ၊ သော သက္ကစ္စံ ဒါနံ ဒတ္ဝာ သဟတ္ထာ ဒါနံ ဒတ္ဝာ စိတ္တီကတံ ဒါနံ ဒတ္ဝာ အနပဝိဒ္ဓံ ဒါနံ ဒတ္ဝာ ကာယဿဘေဒါ၊ ပရံမရဏာ သုဂတိ သဂ္ဂံလောကံ ဥပပဇ္ဇိ ဒေဝါနံ တာဝတိံသာနံ သဟဗျတံ။ သုတ်မဟာဝါပါဠိတော်။

အထဓေါ၊ ထိုအခါ၌။ ပါယာသိရာဇညော၊ ပါယာသိရာဇညင်းသည်။ အသက္ကစ္စံ၊ မရိမ့်သေ။ ဝါ၊ သန့်ရှင်းစင်ကြယ်စွာ မပြုမူ၍။ ဒါနံ၊ အလှူကို။ ဒတ္တာ၊ ပေးလှူ၍။ အာသဟဿာ၊ ကိုယ်တိုင်မလှူ သူတပါးကို စေခိုင်း၍။ ဒါနံ၊ အလှူကို။ ဒတ္တာ၊ ပေးလှူ၍။ အစိတ္တီကတံ၊ အလှူဝတ္ထု အလှူခံပုဂ္ဂိုလ်တို့၌ အလေးမပြုမူ၍။ ဒါနံ၊ အလှူကို။ ဒတ္တာ၊ ပေးလှူ၍။ အပဝိဒ္ဓံ၊ စွန့်ပစ်အပ်သကဲ့သို့သော။ ဝါ၊ စွန့်ပစ်လိုသကဲ့သို့ပြု၍။ ဒါနံ၊ အလှူကို။ ဒတ္တာ၊ ပေးလှူ၍။ ကာယဿ၊ ကိုယ်ခန္ဓာ၏။ ဘေဒါ၊ ပျက်စီးသည်ဟု ဆိုအပ်သော။ မရဏာ၊ သေသည်မှ၊ ပရံ၊ နောက်၌။ စတုမဟာရာဇိကာနံ၊ စတုမဟာရာဇ်ဘုံ၌ဖြစ်ကုန်သော။ ဒေဝါနံ၊ နတ်တို့၏။ သဟဗျတံ၊ အဖော်၏အဖြစ်သို့။ သုညံ၊ ဆိတ်သော။ သေရိသကဝိမာနံ၊ ကုက္ကိုပင်ရောက်သော ဗိမာန်သို့။ ဥပပဇ္ဇိ၊ ရောက်ရပြီ။ ဥတ္တရောနာမ၊ ဥတ္တရအမည်ရှိသော။ ယောပနမာဏဝေါ၊ အကြင်လုလင်သည်။ တဿ၊ ထိုပါယာသိရာဇညမင်း၏။ ဒါနေ၊ အလှူ၌။ ဝါဝဒ္ဒော၊ ဧဝယျာဝစ္စ မှုက်စ္စကို ဥဿာဟထုတ် ပြုလုပ်ဆောင်ရွက်သည်။ ဟောတိ၊ ဖြစ်၏။ သောမာဏဝေါ၊ ထိုဥတ္တရလုလင်သည်။ သက္ကစ္စံ၊ ရိုသေစွာ။ ဝါ၊ သန့်ရှင်းစင်ကြယ်အောင်ပြု၍။ ဒါနံ၊ အလှူကို။ ဒတ္တာ၊ ပေးလှူ၍။ သဟတ္ထာ၊ ကိုယ်တိုင်၊ ဝါ၊ မိမိလက်ဖြင့်။ ဒါနံ၊ အလှူကို။ ဒတ္တာ၊ ပေးလှူ၍၊ စိတ္တီကတံ၊ အလှူဝတ္ထု အလှူခံပုဂ္ဂိုလ်တို့၌ အလေးအမြတ်ပြုသည်ဖြစ်၍။ ဒါနံ၊ အလှူကို။ ဒတ္တာ၊ ပေးလှူ၍။ အနပဝိဒ္ဓံ၊ စွန့်ပစ်အပ်သကဲ့သို့ မဟုတ်သော။ ဝါ၊ စွန့်ပစ်လိုသကဲ့သို့ မပြုမူ၍။ ဒါနံ၊ အလှူကို။ ဒတ္တာ၊ ပေးလှူ၍။ ကာယဿ၊ ကိုယ်ခန္ဓာ၏။ ဘေဒါ၊ ပျက်စီးသည်ဟု ဆိုအပ်သော။ မရဏာ၊ သေသည်မှ။ ပရံ၊ နောက်၌။ သုဂတိံ၊ ကောင်းသောသူတို့၏ လားရာဖြစ်သော။ သဂ္ဂံလောကံ၊ နတ်ပြည်သို့။ တာဝတိံသာနံ၊ တာဝတိံသာဘုံ၌ဖြစ်ကုန်သော။ ဒေဝါနံ၊ နတ်တို့၏။ သဟဗျတံ၊ အဖော်၏အဖြစ်သို့။ ဥပပဇ္ဇိ၊ ရောက်ရပြီ။ ဤကား အနက်။

ဤပါဠိတော်ပါ အပေါင်းတွင် "ယောပန တဿ ဒါနေ ဝါဝဒ္ဒော ဟောတိ ဥတ္တရောနာမ မာဏဝေါ" ဟူသောပါဖြင့်လည်းကောင်း၊ "သက္ကစ္စံ ဒါနံ ဒတ္တာတိ၊ သော ပရဿ သန္တကံပိ ဒါနံ သက္ကစ္စံ ဒတ္တာ" ဟူသော အဋ္ဌကထာပါဠိဖြင့်လည်းကောင်း ဥတ္တရလုလင်သည် ဧဝယျာဝစ္စအမှုကိုသာ ပြုလုပ်ဆောင်ရွက်သည်ဟု သိအပ်၏။

ဤသို့ ပါယာသိရာဇညမင်းသည် အသက္ကစ္စဒါနစသော အသပ္ပုရိသ ဒါနကိုပြု၍ စတုမဟာရာဇ် နတ်ပြည်သို့ လားရသည်၏ အဖြစ်ကိုလည်းကောင်း၊ ဥတ္တရလုလင်သည် ထိုပါယာသိရာဇညမင်း၏ လှူမှုကိစ္စ၌ သက္ကစ္စဒါနစသော သပ္ပုရိသဒါနအဖြစ်ဖြင့် ဥဿာဟထုတ် ပြုလုပ်ဆောင်ရွက်၍ တာဝတိံသာ နတ်ပြည်သို့ လားရသည်၏ အဖြစ်ကိုလည်းကောင်း၊ ထောက်ဆ ဆင်ခြင်၍ ဒါနပြုသောသူသည် အသပ္ပုရိသဒါန အဖြစ်ဖြင့် လှူဒါန်းရာ၌ ဧဝယျာဝစ္စ ပြုသောသူသည် သပ္ပုရိသဒါနအဖြစ်ဖြင့် ဥဿာဟထုတ် ပြုလုပ်ဆောင်ရွက်မှု ဒါနကုသိုလ်ထက် ဧဝယျာဝစ္စ ကုသိုလ်က အာကျိုးကြီးသည်၏ အဖြစ်ကိုလည်းကောင်း၊ အကယ်၍ ဒါနပြုသောသူသည် သပ္ပုရိသဒါနအဖြစ်ဖြင့် လှူဒါန်းရာ၌ ဧဝယျာဝစ္စပြုသောသူသည် အသပ္ပုရိသဒါနအဖြစ်ဖြင့် ဥဿာဟကုတ် ပြုလုပ်ဆောင်ရွက်မှု ဧဝယျာဝစ္စကုသိုလ်ထက် ဒါနကုသိုလ်က အာကျိုးကြီးသည်၏ အဖြစ်ကိုလည်းကောင်း ကောင်းကောင်းကြီး မှတ်ယူအပ်ပေသည်။

အကယ်၍ ဒါနပြုသူနှင့် ဝေယျာဝစ္စအမှု ပြုလုပ်ဆောင်ရွက်သူ ၂-ယောက်တို့သည် အသပ္ပုရိသ ဒါနဖြစ်လျှင် အသပ္ပုရိသ ဒါနအဖြစ်ချင်း သပ္ပုရိသဒါနဖြစ်လျှင် သပ္ပုရိသ ဒါနအဖြစ်ချင်း တူမျှစွာ ပြုလုပ်ကြသည်ဖြစ်ခဲ့လျှင် ရှေးဦး ပြဆိုအပ်ခဲ့ပြီးသောအတိုင်း ပတ္ထနာ နိကန္တိ ရှိကြသည်အားလျော်စွာ အကျိုးကို ခံစားကြရပေလိမ့်မည်၊ ဤအကြောင်းကို ပါယာသိရာဇညမင်း၏ အလုပ်အကျွေးဖြစ်သူ လူအပေါင်းတို့နှင့် ဥတ္တရလုလင်တို့ကို ထောက်ဆ၍ သိအပ်၏။ ထိုစကားကို ထင်ရှားစေဦးအံ့။

အခါတပါးဌ အရှင်ဂဝံပတိ မထေရ်သည် နတ်ပြည်သို့ ကြွသွားတော်မူ၍ ပါယာသိရာဇညမင်း၏ဖြစ်ရာ စတုမဟာရာဇ်ဘုံ သေရိသက ဗိမာန်သို့ ရောက်လေ၏။ ထိုအခါ ပါယာသိနတ်သားနှင့်တွေ့၍ ဖြစ်သမျှအကြောင်းကို ပြန်ပြောင်း၍ မေးသောအခါ ပါယာသိနတ်သားသည် အရှင်ဂဝံပတိ၊ အကျွန်ုပ်သည် လူ့ဘဝ၌ ပါယာသိရာဇည မင်းဖြစ်စဉ်က အသက္ကစ္စ-အသဟတ္ထ-အစိတ္တီကတ-အပဝိဒ္ဓဖြစ်သော ဗာသပ္ပုရိသဒါနကို ပြုခဲ့၍ ဤတုဿရာဇ်နတ်ပြည် သေရိသကဗိမာန်၌ ဖြစ်ရပါသည်။ ကျွန်ုပ်၏ လှူမှုကိစ္စ၌ ဝေယျာဝစ္စအမှုကို ပြုသော ဥတ္တရလုလင်သည်ကား သက္ကစ္စ-သဟတ္ထ-စိတ္တီကတ-အနပဝိဒ္ဓဖြစ်သော သပ္ပုရိသ ဒါနအဖြစ်ဖြင့်၊ ပြုလုပ်ဆောင်ရွက်၍ တာဝတိံသာနတ်ပြည်၌ ဖြစ်ပါသည်။ အရှင်ဘုရားသည် လူ့ပြည်သို့ ရောက်သောအခါ လူအပေါင်းတို့အား ဥတ္တရလုလင်ကဲ့သို့ သက္ကစ္စ-သဟတ္ထ-စိတ္တီကတ-အနပဝိဒ္ဓဖြစ်သော ဒါနကုသိုလ်ကို ပြုကြကုန်ဟု ဟောကြားတော်မူပါဟု လျှောက်ထားလေ၏။

ထိုအခါ အရှင်ဂဝံပတိသည် လူ့ပြည်သို့ ပြန်ရောက်၍ လူအပေါင်းတို့အား ကုသိုလ်တရား ကျင့်ခြားခြင်းကြောင့် ပါယာသိရာဇညမင်း ဥတ္တရလုလင်တို့၏ ဂတိလခ်း-ကျင့်ခြားခြင်းနှင့် တကွ ဥတ္တရလုလင်ကဲ့သို့ သက္ကစ္စ- သဟတ္ထ- စိတ္တီကတ-အနပဝိဒ္ဓဖြစ်သော သပ္ပုရိသဒါနကို ပြုကြကုန်လေ့ဟု ဟောပြောဆုံးမလေ၏။ လူအပေါင်းတို့သည် သက္ကစ္စဒါနစသော သပ္ပုရိသ-ဒါနကို ပြုကြကုန်၏။

ပါယာသိရာဇညမင်း၏ အလုပ်အကျွေးဖြစ်သူ လူအပေါင်းတို့သည်ကား ဥတ္တရလုလင်ကဲ့သို့ပင် သက္ကစ္စဒါနစသော သပ္ပုရိသဒါနကို ပြုလုပ်ကြကုန်လျက်လည်း မိမိတို့၏သခင် အရှင် ပါယာသိရာဇညမင်း၌ ချစ်ခင်စုံမက် နှစ်သက်တွယ်တာခြင်း နိကန္တိအစွမ်းအားဖြင့် ပါယာသိရာဇညမင်း၏အထံ၌သာ ဖြစ်ကြကုန်၏။

ပါယာသိဿ ပန ရာဇညဿ ပရိစာရိကာ သက္ကစ္စဒါနံ ဒတ္ဝာပိ နိကန္တိဝသေန ဂန္ဓာ တသ္မေဝ သန္တိကေ နိဗ္ဗတ္တာ။ သုတ်မဟာဝါ ပါယာသိရာဇညသုတ်-အဋ္ဌကထာ။

ပါယာသိဿ၊ ပါယာသိအမည်ရှိသော။ ရာဇညဿ၊ မင်း၏။ ပရိစာရိကာပန၊ အလုပ်အကျွေးဖြစ်သူ လူအပေါင်းတို့သည်းကား။ သက္ကစ္စဒါနံ၊ သက္ကစ္စဒါနကို။ ဒတ္ဝာပိ၊ ပေးလှူကုန်၍လည်း။ နိကန္တိဝသေန၊ ပါယာသိရာဇညမင်း၌ ချစ်ခင်နှစ်သက် စုံမက်တွယ်တာခြင်း၏အစွမ်းအားဖြင့်။ ဂန္ဓာ၊ သွားကြကုန်၍။ တသ္မေဝ၊ ထိုပါယာသိရာဇညမင်း၏ သာလျှင်။ သန္တိကေ၊ အထံ၌။ နိဗ္ဗတ္တာ၊ ဖြစ်ကြရကုန်၏။ ဤကား အနက်။

ဤသို့ ပါဃာသိရာဇာညမင်း၏ အလုပ်အကျွေးဖြစ်သူ လူအပေါင်းတို့သည် ဥတ္တရလုလင်ကဲ့သို့ သက္ကစ္စဒါနစသော သမ္မုရိသဒါနကို ပြုလုပ်လှူဒါန်းကြပါကုန်လျက်လည်း ဥတ္တရုလုလင်ကဲ့သို့ တာဝတိံသာနတ်ပြည်သို့ မလားကြရမူ၍ ပါဃာသိရာဇာညမင်း၌ ချစ်ခင်နှစ်သက် စုံမက်တွယ်တာခြင်း နိကန္တိအစွမ်းအားဖြင့် ပါဃာသိရာဇာညင်း၏ အထံ၊ စတုမဟာရာဇ်ဘုံသေရိသက ဗိမာန်သို့သာ လားကြရသည်၏အဖြစ်ကို ထောက်ဆဆင်ခြင်၍ ဒါနပြုသောသူနှင့် ဝေယျာစ္စမှုပြုလုပ်ဆောင်ရွက်သောသူ ၂-ယောက်တို့သည် အသမ္မုရိသဒါန-အဖြစ်အားဖြင့်လည်းကောင်း၊ သမ္မုရိသဒါနအဖြစ်အားဖြင့် လည်းကောင်း ဟူမျှစွာပြုလုပ်ကြသော်လည်း ပတ္ထနာ နိကန္တိရှိကြသည်အားလျော်စွာသာအကျိုးကို ခံစားကြရလိမ့်မည်ဟု မှတ်ယူ ယုံကြည်အပ်ပေတော့သည်။ ဤကားစတုတ္ထပုစ္ဆာ၌ မှတ်ဖွယ်တည်း။

၅-ပဉ္စမပုစ္ဆာ၏-အဖြေ

လောကဓာတ်ပညာ(အတန်းပညာ)နှင့် ဗုဒ္ဓဘာသာစာပေများကို သင်ကြားပေးရန် ကျောင်းဆောက်ခြင်းသည် မည်သည့်ဒါနမျိုးဖြစ်မည်ဟူသော ပဉ္စမပုစ္ဆာ၌ မှတ်ရန်ကား ဒါနကုသိုလ်ဟူသည် သဒ္ဓါတရား၊ အလှူဝတ္ထု၊ အလှူခံပုဂ္ဂိုလ်၊ ဤသုံးပါးပြည့်စုံမှဖြစ်နိုင်သည်။ ဤသုံးပါးတို့တွင်၊ တပါးပါးချို့တဲ့လျှင် ဒါနကုသိုလ် မဖြစ်နိုင်၊ ထိုအကြောင်းကို ဆိုလတ္တံ့သော တိကအဂ်ုတ္တိုရ်ပါဠိတော် အဋ္ဌကထာ ဋီကာတို့ဖြင့်သိအပ်၏။

တိဏ္ဏံ ဘိက္ခဝေ သံမုခီဘာဝါ၊ သဒ္ဓါ ကုလပုတ္တော ဗဟုံ ပုညံ ပသဝတိ၊ ကတမေသံတိဏ္ဏံ၊ သဒ္ဓါယ ဘိက္ခဝေ သံမုခီဘာဝါ သဒ္ဓါ ကုလပုတ္တော ဗဟုံပုညံ ပသဝတိ၊ ဒေယျဓမ္မသ ဘိက္ခဝေ သံမုခီဘာဝါ သဒ္ဓါ ကုလပုတ္တော ဗဟုံပုညံ ပသဝတိ၊ ဒက္ခိဏေယျာနံ ဘိက္ခဝေသံမုခီဘာဝါ သဒ္ဓါ ကုလပုတ္တော ဗဟုံပုညံ ပသဝတိ၊ ဣမေသံခေါ ဘိက္ခဝေ တိဏ္ဏံ သံမုခီဘာဝါ သဒ္ဓါ ကုလပုတ္တော ဗဟုံ ပုညံပသဝတိ။ တိကအဂ်ုတ္တိုရ်ပါဠိတော် ပဌမပဏ္ဏာသ၊ စူဠဝဂ် ပဌမသုတ်)

သဒ္ဓါယ သံမုခီဘာဝါတိ၊ ယဒိ ဟိ သဒ္ဓါ နဘဝေယျ၊ ဒေယျဓမ္မော နဘဝေယျ၊ ဒက္ခိဏေယျ သခ်ါတာ ပဋိဂ္ဂါဟကာပဂ္ဂလာ နဘဝေယျုံ၊ ကထံ ပုညကမ္မံ ကရေယျ။ တေသံ သံမုခီဘာဝေန သက္ကာ ကာတုံတိ။ တသ္မာ သဒ္ဓါယ သံမုခီဘာဝါတိ အာဒိမာဟ (ယင်းအဋ္ဌကထာအဖွင့်)

ပုညကမ္မန္တိ ဒါနသခ်ါတံ ပုညကမ္မံ။ (ယင်းဋီကာ)

ဘိက္ခဝေ၊ ရဟန်းတို့။ တိဏ္ဏံ၊ သုံးပါးကုန်သော အကြောင်းတို့၏။ သံမုခီဘာဝါ၊ မျက်မှောက်အလား ထင်ရှားရှိခြင်းကြောင့်။ သဒ္ဓါ၊သဒ္ဓါတရားနှင့်ပြည့်စုံသော။ ကုလပုတ္တော၊ အမျိုးကောင်းသားသည်။ ဗဟုံ၊ များစွာသော။ ပုညံ၊ ဒါနကုသိုလ်ကို။ ပသဝတိ။ ရ၏။ ကတမေသံ၊ အဘယ်မည်ကုန်သော။ တိဏ္ဏံ၊ သုံးပါးကုန်သော အကြောင်းတို့၏။ သံမုခီဘာဝါ၊ မျက်မှောက်အလား ထင်ရှားရှိခြင်းကြောင့်။ ဗဟုံ၊ များစွာသော။ ပုညံ၊ ဒါနကုသိုလ်ကို။ ပသဝတိ၊ ရသနည်း။

ဘိက္ခဝေ၊ ရဟန်းတို့။ သဒ္ဓါယ၊ သဒ္ဓါတရား၏။ သံမုခီဘာဝါ၊ မျက်မှောက်အလား ထင်ရှားရှိခြင်းကြောင့်။ သဒ္ဓေါ၊ သဒ္ဓါတရားနှင့်ပြည့်စုံသော။ ကုလပုတ္တော၊ အမျိုးကောင်းသားသည်။ ဗဟုံ၊ များစွာသော။ ပုညံ၊ ဒါနကုသိုလ်ကို။ ပသဝတိ၊ ရ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဒက္ခိဏေယျာနံ၊ အလှူခံပုဂ္ဂိုလ်တို့၏။ သံမုခီဘာဝါ၊ မျက်မှောက်အလား ထင်ရှားရှိခြင်းကြောင့်။ သဒ္ဓေါ၊ သဒ္ဓါတရားနှင့် ပြည့်စုံသော။ ကုလပုတ္တော၊ အမျိုးကောင်းသားသည်။ ဗဟုံ၊ များစွာသော။ ပုညံ၊ ဒါနကုသိုလ်ကို။ ပသဝတိ၊ ရ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ ဧကစ္စော ဣတ္ထီ ဝါ ပုရိသော ဝါ တိဏ်္ဍံ၊ ကျိသုံးပါးကုန်သော အကြောင်းတို့၏။ သံမုခီဘာဝါ၊ မျက်မှောက်အလား ထင်ရှားရှိခြင်းကြောင့်။ သဒ္ဓေါ၊ သဒ္ဓါတရားနှင့်ပြည့်စုံသော။ ကုလပုတ္တော၊ အမျိုးကောင်းသားသည်။ ဗဟုံ၊ များစွာသော။ ပုညံ၊ ဒါနကုသိုလ်ကို။ ပသဝတိ၊ ရ၏။ ကျိကား-ပါဠိတော်၏အနက်။ ဤ ပါဠိတော်၌ (ပသဝတိ) ဟူသော ပုဒ်ကို ပသဝတီတိ ပဋိလဘတိ ဟူသော အဋ္ဌကထာနှင့်အညီ ယောဇနာလိုက်သည်။

သဒ္ဓါယ သံမုခီဘာဝါတိတ္ထေ၊ သဒ္ဓါယ သံမုခီဘာဝ အစရှိသော ဤပုဒ်၌။ အတ္ထော၊ အနက်ကို။ ဧဝံ၊ ဤသို့။ "ဝေဒိတဗ္ဗော၊ သိအပ်၏။ ဟိ ကထံ ဝေဒိတဗ္ဗော၊ အဘယ်ကဲ့သို့ သိအပ်သနည်း ဟူမူကား။ သဒ္ဓါ၊ သဒ္ဓါတရားသည်။ ယဒိ နဘဝေယျ၊ အကယ်၍ မရှိငြားအံ့။ ဒေယျဓမ္မော၊ လှူဖွယ်ဝတ္ထုသည်။ ယဒိ နဘဝေယျ၊ အကယ်၍ မရှိငြားအံ့။ ဒက္ခိဏေယျ သဒ္ဓါတာ၊ ဒက္ခိဏေယျဟု ဆိုအပ်ကုန်သော။ ပဋိဂ္ဂါဟကပုဂ္ဂလာ၊ အလှူခံပုဂ္ဂိုလ်တို့သည်။ ယဒိ နဘဝေယျုံ၊ အကယ်၍ မရှိကုန်ငြားအံ့။ ကထံ၊ အဘယ်သို့လျှင်။ ပုညကမ္မံ၊ ဒါနကုသိုလ်ကံကို။ ကရေယျ၊ ပြုနိုင်အံ့နည်း။ တေသံ၊ ထိုသဒ္ဓါတရား၊ အလှူဝတ္ထု၊ အလှူခံပုဂ္ဂိုလ်တို့၏။ သံမုခီဘာဒဝန-သံမုခီဘာဝေနေဝ၊ မျက်မှောက်အလား ထင်ရှားရှိခြင်းကြောင့်သာလျှင်။ ကာတုံ၊ ပြုခြင်းငှာ၊ သက္ကာ၊ တတ်နိုင်၏။ ဤတိ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။ တသ္မာ။ ထို့ကြောင့်။ သဒ္ဓါယသံမုခီဘာဝါတိ အာဒိ၊ သဒ္ဓါယ သံမုခီဘာဝါဤသို့ စသောစကားကို။ အာဟ၊ မိန့်ဆိုတော်မူပြီ။ ဤကား အဋ္ဌကထာအနက်။

ပုညကမ္မန္တိ၊ ပုညကမ္မဟူသည်ကား။ ဒါနသင်္ခါတံ၊ ဒါနဟုဆိုအပ်သော။ ပုညကမ္မံ၊ ကောင်းမှုကံတို့။ ဤကား-ဋီကာပါဠိ၏အနက်။

ဤသို့ ဟောတော်မူအပ်သော ပါဠိတော် အဋ္ဌကထာ ဋီကာတို့ဖြင့် သဒ္ဓါတရား အလှူဝတ္ထု အလှူခံပုဂ္ဂိုလ် ဤ ၃-ပါး ပြည့်စုံမှ ဒါနကုသိုလ်ဖြစ်သည်။ ဤ ၃-ပါးတို့တွင် တပါးပါးချို့တဲ့လျှင် ဒါနကုသိုလ် မဖြစ်နိုင်ဟု သိအပ်၏။ ထို့ကြောင့် မေးလျှောက်ရင်း ဖြစ်သော သောကဓောက်ပညာနှင့် ဗုဒ္ဓဘာသာစာပေများကို သင်ကြားပေးရန် ကျောင်းဆောက်လုပ်ခြင်းသည် ထိုကျောင်းကို ဘုရား သံဃာ ဂိုဏ်း ပုဂ္ဂိုလ်တို့တွင် တစုံတယောက်သော အလှူခံပုဂ္ဂိုလ်အား ပရိစ္စာဂစေတနာဖြင့် မလှူဒါန်းမူ၍ အသင်းအပင်းကဖြစ်စေ၊ တစုံတယောက်သောသူက ဖြစ်စေ ဆောက်လုပ်ထားပြီးလျှင် ထိုကျောင်းထက်၌ ဆိုအပ်ပြီးသော ပညာရပ်များကို သင်ကြားပေးစေရုံမျှဖြစ်သောကြောင့် မည်သည့်ဒါနမျိုးမှမဟုတ်ဟု မှတ်ယူသင့်သည်။

ဤသို့ ဒါနကုသိုလ်မဖြစ်သော် အဘယ်ကုသိုလ်မျိုး ဖြစ်ပါမည်နည်း ပူဆာပြောဆိုအံ့။ ဒါနကုသိုလ်မဖြစ်သော်လည်း အရာမ် ဥယျာဉ် စိုက်ပျိုးခြင်း၊ တံတားဆောက်လုပ်ခြင်း၊ ရေတွင်းရေကန်တူးခြင်း စသည်တို့ကဲ့သို့ အနဝဇ္ဇကမ္မမဂ််လာ ကုသိုလ်ဖြစ်သည်ဟု မှတ်ယူအပ်၏။ ထို့ကြောင့် သုတ္တန်ပါတ်အဋ္ဌကထာ ခုဒ္ဒကပါဋ အဋ္ဌကထာတို့၌-

အနဝဇ္ဇာနိ ကမ္မနိနာမ ဥပေါသထင် သမာဒါန ဝေယျာဝစ္စကရဏအာရာမ ဝနရောပန သေတုကရဏာဒီနိ-ဟူ၍ ဖွင့်ပြတော်မူအပ်၏။

အနဝဇ္ဇာနိ ကမ္မာနိနာမ၊ အနဝဇ္ဇကမ္မတ္ထိမည်သည်ကား။ ဥပေါသထင််သမာဒါန ဝေယျာဝစ္စကံရဏ အာရာမ ဝနရောပန သေတုကရဏာဒီနိ၊ ဥပုသ်သီလဆောက်တည်ခြင်း၊ အမှူကြီးအမှုငယ်ကို သယ်ပိုးဆောင်ရွက်ခြင်း၊ အရာမ်ဥယျာဉ်စိုက်ပျိုးခြင်း၊ တံတား ဆောက်လုပ်ခြင်း စသော သုစရိုက်မှုတို့တည်း။ ဤကား အနက်။

သာရတ္ထသမုစ္စယ အဋ္ဌကထာ၌ကား-

တဒုဘယဝဇ္ဇပဋိပက္ခဘူတာနိ အနဝဇ္ဇကမ္မာနိနာမ ဥပေါသထင််သမာဒါန ဝေယျာဝစ္စကရဏ အာရာမ ဝနရောပန သေတုကရဏာဒီနိ ကာယဝစီမနောသုစရိတ-ကမ္မာနိ ဟူ၍ ဖွင့်ပြတော်မူအပ်၏။

တဒုဘယဝဇ္ဇ ပဋိပက္ခ ဘူတာနိ၊ ထိုနှစ်ပါးကုန်သော ဒိဋ္ဌဓမ္မိကဝဇ္ဇ, သမ္ပရာယိကဝဇ္ဇတို့၏ ဆန့်ကျင်ဖက်ဖြစ်၍ ဖြစ်ကုန်သော။ အနဝဇ္ဇကမ္မာနိနာမ၊ အပြစ်မရှိသော အမှုတို့မည်သည်ကား။ ဥပေါသထင််သမာဒါန ဝေယျာဝစ္စကရဏအာရာမ ဝနရောပနသေတုကရဏာဒီနိ၊ ဥပုသ်သီလဆောက်တည်ခြင်း, အမှုကြီး ငယ်ကို သယ်ပိုးဆောင်ရွက်ခြင်း၊ အရာမ်ဥယျာဉ်စိုက်ပျိုးခြင်း, တံတားဆောက်လုပ်ခြင်း အစရှိကုန်သော။ ကာယဝစီမနောသုစရိတကမ္မာနိ၊ ကာယသုစရိုက်မှု၊ ဝစီသုစရိုက်မှု၊ မနောသုစရိုက်မှုတို့တည်း။ ဤသို့ ယောဇနာ။

ဤအဋ္ဌကထာပါဋ်အပေါင်းတွင် "ဥပေါသထင် သမာဒါန ဝေယျာဝစ္စကရဏအာရာမ-ဝနရောပန သေတုကရဏာ" ဟူသောပါဋ်ဖြင့် စာရိတ္တသီလကို ပြတော်မူအပ်၏။ အာဒိသဒ္ဒါဖြင့် ဇရပ်ဆောက်ခြင်း၊ ရေတွင်းရေကန်တူးခြင်း၊ သွားလာရာ လမ်းခရီးပြုပြင်ခြင်း စသည်တို့လည်းကောင်း၊ ကာယသုစရိုက်စသော ဝါရိတ္တသီလကိုလည်းကောင်း ယူအပ်၏။

ယခုကာလ လောကဓာတ်ပညာနှင့် ဗုဒ္ဓဘာသာစာပေမျာ်းကို သင်ကြားပေးရုန်ဟု ဆောက်လုပ်အပ်သော အဆောက်အအုံကို ကျောင်းဟု ခေါ်ဝေါ်သမုတ်ကြသော်လည်း ကျောင်းကားမဟုတ်၊ စင်စစ်အားဖြင့် "သိပ္ပသာလာ" မည်သော ဇရပ်သာဖြစ်သည်။ ထို့ဇရပ်ကိုလည်း တစုံတဦယာက်သောပုဂ္ဂိုလ်အား ပရိစ္စာဂစေတနာဖြင့် လှူဒါန်းခြင်းကိုမပြုရကား ထိုသိပ္ပသာလာခေါ် ဇရပ်ကို ဆောက်လုပ်ခြင်းသည် ဒါနမဟုတ်၊ အနဝဇ္ဇကမ္မမဂ််လာဟု ဆိုအပ်သော စာရိတ္တသီလသာ ဖြစ်သည်ဟူ၍မှတ်။ ဒါနမဂ််လာတခြား၊ အနဝဇ္ဇကမ္မမဂ််လာကခြား ဖြစ်သည်ကို သတိမူအပ်၏။ ဤကား ပဌမပုစ္ဆာဋ္ဌ မှတ်သားဖွယ်တည်း။

၆-ဆဋ္ဌမပုစ္ဆာ၏ အဖြေ

ယင်းဒါနသည် အကျိုးမည်ကဲ့သို့ပေးမည် ဟူသော ဆဋ္ဌမပုစ္ဆာဌ်ကား ထိုလောကဓာတ် ပညာနှင့် ဗုဒ္ဓဘာသာစာပေများကို သင်ကြားပေးရန် "ကျောင်း" ဟု အများခေါ်ဝေါ် အပ်သော "သိပ္ပသာလာ" ဇရပ်ကို ဆောက်လုပ်ခြင်းသည် ရှေးဦး ဆိုအပ်ခဲ့ပြီးသောဇာတိုင်း ဒါနမဟုတ်၊ အနဝဇ္ဇကမ္မမဂ်လာမည်သော စာရိတ္တသီလသာဖြစ်သဖြင့် ဒါန၏အကျိုးကိုကား ရဖွယ်မရှိ၊ ယင်းသို့ ဒါန၏အကျိုးကို မရသော်လည်း မဂ်လာတရားပင်ဖြစ်သောကြောင့် ပစ္စက္ခ တမလွန် နှစ်တန်သောဘဝတို့၌ အထူးထူးအပြားပြား ကြီးပွားချမ်းသာခြင်း အကျိုးကိုကား မုချကောန် အမှန်ရအပ် ခံစားအပ်တော့သည်။ ထို့ကြောင့် သုတ္တနိပါတ် အဋ္ဌကထာ၊ သာရတ္ထသမုစ္စယ အဋ္ဌကထာတို့၌-

> တာနိ ဟိ နာနပ္ပကာရဟိတသုခါဓိဂမဟေတုတော မဂ်လန္တိ ဝုစ္စတိ ဟု ဖွင့်ပြ၏။

ဟိ သစ္စံ၊ မှန်၏။ တာနိ အနဝဇ္ဇကမ္မာနိ၊ ထိုအပြစ်မရှိကုန်သော ဥပုသ်သီလ ဆောက်တည်ခြင်း အစရှိကုန်သောအမှုတို့ကို။ နာနပ္ပကာရဟိတသုခါဓိဂမဟေတုတော၊ အထူးထူးအပြားပြားသော စီးပွားချမ်းသာတို့ကို ရခြင်း၏အကြောင်းဖြစ်သောကြောင့်။ မဂ်လန္တိ၊ မဂ်လာဟူ၍။ ဝုစ္စတိ-ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။ ဤကား အနက်။

ဤအဋ္ဌကထာပါဠိ၌ "အဓိဂမဟေတုတော" ဟူသောပါဠိဖြင့် ထိုဒါနဝဇ္ဇကံမှမဂ်လာသည် ဟိတ-သုခကို ရခြင်း၏အကြောင်းဖြစ်သည်၏ အဖြစ်ကိုသိရသဖြင့် ထိုအနဝဇ္ဇကမ္မမဂ်လာကြောင့် ဆိုအပ်ခဲ့ပြီးသော စီးပွားချမ်းသာဟူသော အကျိုးတို့ကို ရအပ် ခံစားအပ်၏ဟု မှတ်ယူလေ။ ထိုမှတပါးလည်း သူတပါးတို့၏ ပညာတတ်မြောက်ကြောင်း ကောင်းသောအမှု ဖြစ်၍ ဘစတပါး၌ ကြီးမားသောပညာနှင့် ပြည့်စုံသောအကြောင်းလည်း ဖြစ်ပေသည်။ နောက်၌လည်း ထင်ရှားလတ္တံ့၊ ဤကား ဆဋ္ဌမပုစ္ဆာဌ် မှတ်သားဖွယ်တည်း။

၇-သတ္တမပုစ္ဆာ၏အဖြေ

လောကဓာတ်ပညာကို သင်ပေးသည့်အတွက် ကုသိုလ်ရ-မရ၊ ရလျှင် အကျိုးဘယ်သို့ပေးမည် ဟူသော သတ္တမပုစ္ဆာဌ်မှတ်သားရန်ကား သင်ပေးအပ်သော အတတ်သည် သိပ္ပ-ဝိဇ္ဇ-စရဏ-ကမ္မဟု ၄-ပါးရှိသည်။ ထို ၄-ပါးတို့တွင်-

> လောကဓာတ်ပညာသည် သိပ္ပအတတ်ဖြစ်သည်၊ ထိုသိပ္ပအတတ်သည်လည်း သာဝဇ္ဇသိပ္ပ အနဝဇ္ဇသိပ္ပဟု ၂-ပါးရှိသည်တွင် စာရေးစာဖတ် ဂဏန်းသင်္ချာ အတတ်များသည် အနဝဇ္ဇသိပ္ပဖြစ်သည်၊ ထိုအနဝဇ္ဇသိပ္ပကို သင်ပေးခြင်းသည် ကုသိုလ်ဖြစ်သည်။ ထို့ကြောင့် ဘုရားအလောင်းတော်တို့သည်ပင် သင်ကြား၍ပေးတော်မူကြသည်။ ထိုဘုရားအလောင်းတော်များ၏ သင်ပေးတော်မူကြောင်းကို သုတ်ပါဌေယျပါဠိတော် လက္ခဏသုတ်၌-

> ယမ္ပိ ဘိက္ခဝေ တထာဂတော ပုရိမံဇာတိံ ပုရိမံဘဝံ ပုရိမံနိကေတံ ပုဗ္ဗေ မနုဿာဘူတော သမာနော သက္ကစ္စံ ဝါစေတာ အဟောသိ၊ သိပ္ပံဝါ ဝိဇ္ဇံဝါ

စရဏံဝါ ကမ္မံဝါ၊ ကိန္တိ မေ ခိပ္ပံ ဝိဇာနေယျုံ ကိန္တိ မေ ခိပ္ပံ ပဋိပဇ္ဇေယျုံ နိစ္စံ ကိလမေယျန္တိ၊ သော တဿ ကမ္မဿ ကဋ္ဌတ္တာ။လ။ သော တတော စုတော ဣတ္ထတ္တံ အာဂဂတော သမာနော ဣဒံ မဟာပုရိသလက္ခဏံ ပဋိလဘတိ ဇော်-ဇဃော် ဟောတိ ဟု ဟောတော်မူအပ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ပုရိမံဇာတိ ပုရိမာယံဇာတိယံ၊ ရှေးဖြစ်သော ဇာတ်၌။ ပုရိမံ ဘဝံ-ပုရိမဘဝေ၊ ရှေးဖြစ်သောဘဝ၌။ ပုရိမံ နိကေတံ-ပုရိမနိကေတော၊ ရှေးဖြစ်သော ဒန္ဓာ အိမ်အစဉ်၌။ ဌိကော၊ တည်သော။ တထာဂတော၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ရှေးအခါ၌။ မနုဿဘူတော၊ လူဖြစ်၍ဖြစ်သည်။ သမာနော၊ ဖြစ်လျက်။ ဝါ၊ ဖြစ်၍။ ကိန္တိ၊ အဘယ်သို့လျှင်။ ဣမေ၊ ဤသူတို့သည်။ ခိပ္ပံ၊ လျင်မြန်ဆောစွာ။ ဝိဇာနေယျုံ၊ တတ်သိကုန်ပါအံ့နည်း။ ကိန္တိ၊ အဘယ်သို့လျှင်။ ဣမေ၊ ဤသူတို့သည်။ ခိပ္ပံ၊ လျင်မြန်ဆောစွာ။ ပဋိပဇ္ဇေယျုံ၊ ကျင့်ကုန်ပါအံ့နည်း။ စိရံ၊ ကြာမြင့်စွာ။ နကိလမေယျုံ၊ မပင်ပန်းကုန်ပါအံ့နည်း။ ဣတိ၊ ဤသို့။ သက္ကစ္စံ၊ ရိုသေစွာ။ ဝါ၊ ကောင်းကောင်းမှန်မှန်။ သိပ္ပံဝါ၊ စာရေး စာဖတ်၊ လက်မှုပညာ စသော အသက်မွေးကြောင်း အတတ်ကိုလည်းကောင်း။ ဝိဇ္ဇံဝါ၊ ဆေးဝါး- ဗေဒင်အတတ်ကိုလည်းကောင်း။ စရဏံဝါ၊ ငါးပါးသီလ စသော အကျင့်ကို လည်းကောင်း။ ကမ္မံဝါ၊ ကမ္မဿကတာ ဉာဏ်ပညာကိုလည်းကောင်း။ ဝါစေထာ၊ သင်ကြားပြသသည်။ အဟေး သို့ ဖြစ်၏။ (အယမ္မိကား-နိပါတ်မျှသာ)။ သော တထာဂတော၊ ထိုဂါဘုရားသည်။ တဿ ကမ္မဿ၊ ထိုသင်ကြားပြသသော ကုသိုလ်ကံကို။ ကဋ္ဌတ္တာ၊ ပြုအပ်သည်၏အဖြစ်ကြောင့်။လ။ သော တထာဂတော၊ ထိုဂါဘုရားသည်။ တတော၊ ထိုနတ်ပြည်မှ။ စုတော၊ စုတေခဲ့၍။ ဣတ္ထတ္တံ၊ ဤလူ၏အဖြစ်သို့။ အာဂဂတော၊ ပဋိသန္ဓေတည်နေပေါ်ပေါက် ပြန်လာရောက်သည်။ သမာနော၊ဖြစ်လတ်သော်။ ဣဒံမဟာ ပုရိသလက္ခဏံ၊ ဤယောကျ်ားမြတ်တို့၏လက္ခဏာတော်ကြီးကို။ ပဋိလဘတိ၊ ရ၏။ ဇော်ဇဃော်၊ သလေးစပါးဖုံး လုံးဝန်းအညီ ဇော်မည်သော သား၏ မြင်းခေါင်းနှင့်တူသော သလုံးမြင်းခေါင်းတော်ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဤကား အနက်။

ဤပါဠိတော်ဖြင့် သိပ္ပ ဝိဇ္ဇ စရဏ ကမ္မ ဤလေးပါးသောအတတ်များကို သင်ကြားပြသ၍ ပေးခြင်းသည် ကုသိုလ်ဖြစ်၏။ ထိုကုသိုလ်ကြောင့် နတ်ပြည်၌ဖြစ်၍ ထိုနတ်ပြည်မှ စုတေ၍ လူ့ပြည်၌ဖြစ်လေပြန်သော် ၃၂-ပါးသော လက္ခဏာတော်ကြီးတို့တွင် ဇော်ဇဃ်မည်သော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကို ရခြင်းအကျိုးရှိ၏ဟု မှတ်ယူအပ်၏။ ထို့ကြောင့် ဝိဇ္ဇ စရဏ ကမ္မ လေးဝသောအတတ်တို့၏ အကူးကို ယင်းသုတ်ပါထေ ယံ ဒဠှံ

သိပ္ပန္တိ အာဒိသု သိပ္ပါနိနာမ ဒွေပိ သိပ္ပါနိ၊ ဟိနဉ္စသိပ္ပံ ဥက္ကဋ္ဌသိပ္ပံ၊ ပါနံ နာမ သိပ္ပံ၊ နဋ္ဌကာရသိပ္ပံ ကုမ္ဘကာရသိပ္ပံ ပေသကာရသိပ္ပံ နဟာပိတာသိပ္ပံ။ ဥက္ကဋ္ဌ နာမသိပ္ပံ လေခါ မုဒ္ဒါ ဂဏနာ။ ဝိဇ္ဇာဒိ အဟိဝိဇ္ဇာဒိ အနေကဝိဓာ။ စရဏံ ပဉ္စသီလံ ဒသသီလံ ပါတိမောက္ခသံဝရသီလံ။ ကမ္မ ကမ္မန္တိ ဝုတ္တ ဿကတာ ဉာနနပညာဟု ဝုတ်တော်မူအပ်၏။

သိမ္မန္တိ အာဒီသု၊ သိပ္ပ ဣသ္သိစသည်တို့၌။ သိပ္ပါနိနာမ သိပ်တို့မည်သည်ကား။ ဟိန္ဥ သိပ်၊ ယုတ်သောအတတ်လည်းကောင်း။ ဥက္ကဋ္ဌဥ္ဇသိပ်၊ မြတ်သောအတတ်လည်းကောင်း။ ဣတ်၊ ဣသိ။ ဒွေပိ၊ နှစ်ပါးကုန်သော အတတ်တို့သည်လည်း။ သိပ္ပါနိ၊ သိပ်တို့မည်းကုန်၏။ ဟိနံနာမ သိပ်၊ ယုတ်သော အတတ်မည်သည်ကား။ နဋ္ဌကဝရသိပ်၊ ကျွတ်ရုံသည် နှိုးသမားတို့အတတ်လည်းကောင်း၊ ကုမ္ဘာကာရသိပ်၊ အိုးထိန်းသည်တို့အတတ်လည်းကောင်း။ ဇပသကာရသိပ်၊ ရက်ကန်းသည်တို့အတတ် လည်းကောင်း။ နဟာဝ်တသိပ်၊ ဆတ်တာသည်တို့အတတ်လည်းကောင်းတည်း။ (ဣတိဟိနသိပ်ပဘေဒါဒ်၊ ပန်းထိမ်အတတ်၊ ပန်းပဲအတတ်၊ သားရေနယ်အတတ်တို့ကိုလည်းယူ) ဥက္ကဋ္ဌံ နာမသိပ်၊ မြတ်သောအတတ်မည်သည်ကား။ လေခါ၊ စာရေးအတတ်လည်းကောင်း။ မုဒ္ဒါ၊ လက်ဆစ်ချိုးရေတွက်သောအတတ် လည်းကောင်း။ ဂဏနာ၊ ဂဏန်းသင်္ချာအတတ်လည်းကောင်းတည်း။ (ဣဉ္ဇဋ္ဌသိပ်ပဘေဒါဒ်၊ ကုန်သွယ်ခြင်း၊ လယ်လုပ်ခြင်းအတတ်တို့ကိုလည်းယူ။) ဝိဇ္ဇာတိ၊ ဝိဇ္ဇာဟူသည်ကား။ အဟိဝိဇ္ဇာ ဒိအနေကဝိဇ္ဇာ၊ မြွေဆိပ်ကိုပြေစေခြင်းအတတ်စသော များစုံသော ဆေးဝါးအတတ် ဗေဒင်အတတ်တို့တည်း။ စရဏန္တိ၊ စရဏဟူသည်ကား။ ပဥ္စသီလံ၊ ငါးပါးသီလလည်းကောင်း။ ဒသသီလံ၊ ဆယ်ပါးဘီလလည်းကောင်း။ ပါတိမောက္ခသံဝရသီလံ၊ ပါတိမောက္ခသံဝရသီလလည်းကောင်းတည်း။ (ရှစ်ပါးသီလကို၊ ဆယ်ပါးသီလ၌-သွင်း၍ယူ။) ကမ္မန္တိ၊ ကမ္မဟူသည်ကား။ ကမ္မဿကတဇာနနပညာ၊ ကုံသိုလ်ကံသည်သာ ငါ၏ဥစ္စာဟု သုံးသပ်ဆင်ခြင်တတ်သော-ပညာတည်း။ ဣကား အနက်။ အဓိပ္ပါယ်လွယ်ပြီ။

တနည်းအားဖြင့် ထိုဆိုအပ်ခဲ့ပြီးကုန်သော အနဝဇ္ဇအတက်တို့ကို သင်ပေးခြင်းသည် ဉာဏ်ပညာကိုဖြစ်စေတတ်သော "ဉာဏသံဝတ္တနိက" ကုသိုလ်ကို ဖြစ်စေနိုင်၏။ ထို့ကြောင့်၊ အဋ္ဌသာလိနီ အဋ္ဌကထာ၌။

ယော ဟိ ပရေသံ ဓမ္မံ ဒေသေတိ၊ အနဝဇ္ဇာနိ သိပ္ပါယတန-ကမ္မာယတန-ဝိဇ္ဇာဌာနာနိ သိက္ခာပေတိ၊ ဓမ္မကထိကံ သက္ကာရံ ကတ္ဝာ ဓမ္မံ ကထာပေတိ၊ အာယတိံ ပညဝါ ဘဝိဿာမိတိ ပတ္ထနံ ပဋ္ဌပေတ္ဝာ နာနပ္ပကာရံ ဒါနံ ဒေတိ၊ တဿ ဧဝရူပံ ကမ္မံ ဥပနိဿာယ ကုသလံ ဥပ္ပဇ္ဇမာနံ ဉာဏသမ္ပယုတ္တံ ဥပ္ပဇ္ဇတိ၊ ဟု ဟောတော်မူအပ်၏။

ဟိ-သစ္စံ၊ မှန်၏။ ယော၊ အကြင်ပုဂ္ဂိုလ်သည်။ ပရေသံ၊ သူတပါးတို့အား။ ဓမ္မံ၊ တရားကို။ ဒေသေတိ၊ ဟော၏။ အနဝဇ္ဇာနိ၊ အပြစ်မရှိကုန်သော။ သိပ္ပါယတန-ကမ္မာယတန-ဝိဇ္ဇာဌာနာနိ၊ သိပ္ပါယတန၊ ကမ္မာယတန၊ ဝိဇ္ဇာဌာနအတတ်တို့ကို။ သိက္ခာပေတိ၊ သင်စေ၏။ ဓမ္မကထိကံ၊ တရားဟောသောပုဂ္ဂိုလ်ကို။ သက္ကာရံ၊ ပူဇော်သက္ကာရကို။ ကတ္ဝာ၊ ပြု၍။ ဓမ္မံ၊ တရားကို။ ကထာပေတိ၊ ဟောစေ၏။ အာယတိံ၊ နောင်အခါ၌။ ပညဝါ၊ ပညာရှိသည်။ ဘဝိဿာမိ၊ ဖြစ်ရပါစေသား။ ဣတိ၊ ဣသို့။ ပတ္ထနံ ဋ္ဌပေတ္ဝာ၊ ဆုတောင်း၍။ နာနာပကာရံ၊ အထူးထူးအပြားပြားရှိသော။ ဒါနံ၊ အလှူကို။ ဒေတိ၊ ပေးလှူ၏။ တဿ၊ ထိုပုဂ္ဂိုလ်အား။ ဧဝရူပံ၊ ဣသို့သဘောရှိသော။ ကမ္မံ၊ ကုသိုလ်ကို။ ဥပနိဿာယ၊ အကြောင်းပြု၍။ ကုသလံ၊ ကုသိုလ်သည်။ ဥပ္ပဇ္ဇမာနံ၊ ဖြစ်သည်ရှိသော်။ ဉာဏသမ္ပယုတ္တံ- ဉာဏသမ္ပယုတ်ကုသိုလ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဣကား-အနက်။

ဤ အဌကထာပါဠိ၌ "အနဝဇ္ဇာနိ" ဟူသောပါဠိဖြင့် ပရူပဃာတ သာဝဇ္ဇဖြစ်သော ဆင်စီး၊ မြင်းစီး၊ ရထားစီး၊ လေးပင်၊ လုံထိုး စသော အတတ်မျိုးကို နှစ်စေ၏။ "သိပ္ပါယတန" ဟူသော ပါဠိသည်ကား။ စာရေး စာဖတ်အတတ် လက်ဆစ်ချိုး၍ ရေတွက်သောအတတ်, ဂဏန်းသင်္ချာအတတ် စသည်တို့တည်း၊ ကမ္မာယတန ဟူသည်ကား လက်သမားအတတ်, လယ်လုပ်ခြင်း, ကုန်သွယ်ခြင်းစသော အဘတ်တို့တည်း။ ဝိဇ္ဇာဌာန ဟူသည်ကား ဆေးကုအတတ်, ဗေဒင်အာဘော် စသည်တို့တည်း။ မူလဋီကာဌကား ဆင်စီးအတတ် စသည်ကို "သိပ္ပါယတန" ဟု ဆို၏။ ထိုဆင်စီးအတတ် အစရှိသည်ကို ပရူပဃာတ ဖြစ်သောကြောင့် "အနဝဇ္ဇာနိ" ဟူသော ပိသေသနနှင့် မတန်ရကား ဤအရာ၌ သင့်အံ့မထင်၊ ဆင်ခြင်လေ။

ဤ အဌကထာပါဠိဖြင့် အနဝဇ္ဇဖြစ်သော သိပ္ပါယတန, ကမ္မာယတန, ဝိဇ္ဇာဌာန အာဘတ်မျိုးကို သင်ကြားပေးခြင်းဟူသော "ပညာသံဝတ္တနိက" ကုသိုလ်ကံသည် ပကတူပ နိဿယ သတ္တိဖြင့်ကျေးဇူးပြုအပ်သည်ဖြစ်၍ နောက်နောက်သောဘဝတို့၌ ပညာဉာဏ်ကြီးသဖြင့် တစုံတခု ကောင်းမှုကုသိုလ်ကို ပြုလုပ်သောအခါ ဉာဏသမ္ပယုတ်ကုသိုလ်ဖြစ်၏ဟု သိအပ်၏။

ထို့ကြောင့် ယခုကဲ့သို့ လောတဓာတ်ကျောင်းများ၌ သင်ကြားအပ်သော ဗေဒင်တို့သည်လည်း အနဝဇ္ဇဖြစ်သော စာရေး, စာဖတ်, ဂဏန်းသင်္ချာအတတ်မျိုးပင် ဖြစ်ခဲ့ရကား ထိုအတတ်မျိုးကို သင်ပေးခြင်းသည် "ပညာသံဝတ္တနိက" ကုသိုလ် ဖြစ်သည်။ ထို ကုသိုလ်ကြောင့် ဆိုအပ်ခဲ့ပြီးသော အကျိုးမျိုးကို ရအပ် ခံစားအပ်၏ဟု မှတ်ယူ။ ဤကဲ့သို့ သတ္တမပုစ္ဆာ၌ မှတ်သားဖွယ်တည်း။

ဂ-အဌမပုစ္ဆာ၏ အဖြေ

ဗုဒ္ဓဘာသာစာပေနှင့် လောကဓာတ်ပညာများကို လခပေး၍ ဆရာများ ငှားပြီးလျှင် လူသူငယ်တို့ကို သင်ကြားပေးသည့်အတွက် ဓမ္မဒါနကုသိုလ်ဖြစ် မဖြစ်ဟူသော အဌမပုစ္ဆာ၌ မှတ်သိလွယ်စိမ့်သောငှာ ဓမ္မဒါနအပြားကို ဖျေးဦးစွာပြဆိုပေး။ ထိုဓမ္မဒါနသည်။

(၁) ဗုဒ္ဓဒါန, ဓမ္မဒါန, သံဃဒါန ၃ ပါး၌ အကျုံးဝင်သော ဓမ္မဒါန။

(၂) ရူပဒါန သဒ္ဒဒါန, ဂန္ဓဒါန, ရသဒါန, ဖောဋ္ဌဗ္ဗဒါန, ဓမ္မဒါန ၆ ပါး၌ အကျုံးဝင်သော ဓမ္မဒါန။

(၃) အာမိသဒါန, ဓမ္မဒါန ၂-ပါး၌ အကျုံးဝင်သော ဓမ္မဒါနဟူ၍ ၃-ပါး ရှိ၏။ ထို ၃-ပါးတို့တွင်-

(၁) ပဌမ ဖြစ်သော ဓမ္မဒါနကို ဓမ္မံ ပူဇေဿာမာတိ ဓမ္မဓရေ ဘိက္ခူ။ ပစ္စယေဟိ ဥပဋ္ဌဟန္တာ ပူဇေန္တာ ဓမ္မံ စိရဋ္ဌိတိကံ ကရောန္တာ ဓမ္မေ ဒါနံ ဒဒန္တီနာမ ဟူ၍ သုတ္တာသင်္ဂဟ အဌကထာ၌ ဖွင့်ဆိုသည့်အတိုင်း သိအပ်၏။

ဓမ္မံ၊ တရားတော်မြတ်ကို။ ပူဇေဿာမ၊ ပူဇော်ကုန်အံ့။ ဣတိ၊ ဤသို့။ ဓမ္မဓရေ၊ ပရိယတ္တိတရားကို ဆောင်ကုန်သော။ ဘိက္ခူ၊ ရဟန်းတို့ကို။ ပစ္စယေဟိ၊ ဆွမ်း သင်္ဃန်း၌စ ရှိကုန်သော ပစ္စည်းတို့နှင့်။ ဥပဋ္ဌဟန္တာ၊ လုပ်ကျေးကုန်သည် ရှိသော်။ ဝါ၊ လုပ်ကျေး

ကုန်သောသူတို့သည်။ ပူဇေန္တော၊ ပူဇော်ကုန်သည်ရှိသော်။ ဝါ၊ ပူဇော်ကုန်သော သူတို့သည်။ ဓမ္မံ၊ ပရိယတ္တိတရားကို။ စိရဋ္ဌိတိကံ၊ ကြာမြင့်စွာတည်အောင်။ ကရောန္တော၊ ပြုကုန်သည်ရှိသော်။ ဝါ၊ ပြုကုန်သောသူတို့သည်။ ဓမ္မေ-ဓမ္မသာ၊ တရားတော်အား။ ဒါနံ၊ အလှူကို။ ဒဒန္တိနာမ၊ ပေးလှူသည်မည်ကုန်၏။ ဤကား-အနက်။

ပရိယတ္တိ ဘရားတော်ကို ဆောင်ကုန်သော ရဟန်းတို့အား လုပ်ကျွေးလှူဒါန်းသည် ရှိသော်လည်းကောင်း ထိုပရိယတ္တိ တရားတော်ကို ရွတ်ကြာမြင့်စွာတည်အောင် ပြုသော်လည်းကောင်း တရားတော်အား လှူဒါန်းပူဇော်သော "ဓမ္မဒါန" မည်၏ဟူလို။

သုတ်ပါဌေယျ အဋ္ဌကထာ ပါသာဒိကသုတ် အဖွင့်ဋ္ဌကား။ တယောက်သောပုဏ္ဏား သည် ဘုရားထံ ချဉ်းကပ်၍ ဘုရားရတနာကို လည်းကောင်း။ သံဃာရတနာကိုသော်လည်း ကောင်း ပူဇော်ခြင်းသည် ထင်ရှားပါ၏။ တရားရတနာကို အဘယ်ကဲ့သို့ ပူဇော်ရပါ၊အံ့ နည်းဟု လျှောက်ထားလေလျှင် မြတ်စွာဘုရားသခင်သည် အကယ်၍ တရားတော်ကို ပူဇော် လိုသည်ဖြစ်အံ့၊ ဗဟုသုတရှိသောပုဂ္ဂိုလ်ကို ပူဇော်လေဟု ဟောတော်မူ၏။

ဗဟုသုတရှိသော ပုဂ္ဂိုလ်သည် အဘယ် ပုဂ္ဂိုလ်ပါနည်းဟု လျှောက်ထားပြန်သော ကြောင့် ရဟန်းသံဃာများထံ မေးလျှောက်လေဟု မိန့်ကြားတော်မူလိုက်သဖြင့် ထိုပုဏ္ဏား သည် ရဟန်းသံဃာများထံသို့ လျှောက်ထားလေလျှင် ရဟန်းသံဃာတို့က အာနန္ဒာမထေရ် သည် ဗဟုသုတရှိ၏ဟု ဟောကြား ညွှန်ပြလိုက်သဖြင့် ထိုပုဏ္ဏားသည် အရှင်အာနန္ဒာကို တာ ထောင်တန်သော တီစီဝရိတ် သင်္ကန်းဖြင့် ပူဇော်၏ဟု မိန့်ဆိုအပ်၏။ ဤပါဠိကို အလိုရှိလျှင် ယင်း အဋ္ဌကထာမှ ယူလေ။

(၂) ဒုတိယဖြစ်သော ဓမ္မဒါနကို ဓမ္မာရမ္မဏဒါနံ ဩဇာပါန ဇီဝိတ ဒါနဝသေန ဝေဒိတဗ္ဗံ ဟူ၍ သုတ္တသင်္ဂဟ အဋ္ဌကထာ၌ ဖွင့်ပြအပ်သည့်အတိုင်း သိအပ်၏။ အဋ္ဌသာလိနီ အဋ္ဌကထာ၌လည်း နည်းတူပင်လာ၏။

ဓမ္မာရမ္မဏဒါနံ၊ ဓမ္မာရုံအလှူကို။ ဩဇာ ပါန ဇီဝိတဒါနဝသေန၊ဩဇာဒါန,ပါနဒါန, ဇီဝိတဒါန အစုံမ်ားအားဖြင့်။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ဤကား-အနက်။

ထောပတ် ဆီဦး ဆီ ပျား တင်လဲဟု ဆိုအပ်သော ဩဇာကို ပေးလှူခြင်း "ဩဇာ ဒါန" သည်လည်းကောင်း။ "သပြေ သရက်၊ မုဒရက်၊ ဖက်သက်သစ်မည်ဇည်။ တော အိမ်ဌက်ပျော၊ ကြာစွယ်နွေ၊ အပ်သော ရွှစ်ဖျော်ရည်" ဟု ဆိုအပ်သော အဖျော်(ဂ)ပါး ကို ပေးလှူခြင်း၊ "ပါနဒါန" သည်လည်းကောင်း။

သူတပါးတို့၏ အသက် ချမ်းသာအောင် ပြုခြင်း "ဇီဝိတဒါန" သည် လည်းကောင်း။ အာရုံ ၆-ပါးတို့တွင် ဓမ္မာရုံကို ပေးလှူအပ်သောဒါနသည် "ဓမ္မဒါန" မည်၏ဟူလို။

ဤအရာ၌ ဇီဝိကဒါန ဟူသည်ကား သလောကဘတ် သံဃာဘုတ် စသည်ကို ပေး လှူခြင်း၊ လူနာတို့အား ဓဆေးဝါးပေးလှူခြင်း၊ ဆေးဆရာဖြင့် ကုသပေးခြင်း၊ ပိုက်ကွန်

မြှုံး ငှက်နှောင်အိမ်ချိုင့်တို့ကို ဖျက်ဆီးခြင်း၊ အချုပ်အနှောင်မှ လွှတ်စေခြင်း၊ သားငါးတို့ကို မသတ်နှင့်ဟု စည်လှည့် "မောင်းခတ်" ၍ တားမြစ်ခြင်းစသော သတ္တဝါတို့၏ အသက်ချမ်းသာကြောင်း အစောင့်အရှောက်ကို ပြုသောအမှုပင်တည်း။ ဤပါဠိကို အလိုရှိလျှင် အဋ္ဌသာလိနီ အဋ္ဌကထာ စရိယ ပိဋကအဋ္ဌကထာတို့မှ ယူလေ။

(၃) တတိယဖြစ်သော (ဓမ္မဒုါန) ကို ဓမ္မဒါနန္တိ ဤစေ ကစ္စော အမတပတ္တိ ပဋိ-ပဒံ ကထေတွာ ဒေတိ၊ ဤဒံ ဓမ္မဒါနံနာမ ဟူ၍ ဒုကအဂ်ုတ်တို့၏ အဋ္ဌကထာ၌ ဖွင့်ဆိုအပ် သည့်အတိုင်း သိအပ်၏။

ဓမ္မဒုါနန္တိ၊ ဓမ္မဒါနဟူသည်ကား။ ဤစ၊ ဤလောက၌။ ကေစ္စော၊ အချို့သော ပုဂ္ဂိုလ်သည်။ အမတပ္တိပဋိပဒံ၊ နိဗ္ဗာန်ရောက်ကြောင်း ကောင်းသော အကျင့်တရားကို။ ကဲထေတွာ၊ ဟော၍။ ဒေတိ၊ ပေး၏။ ဤဒံ၊ ဤဘရားဟော၍ ပေးခြင်းသည်။ ဓမ္မဒါနံနာမ၊ ဓမ္မဒါနမည်၏။ ဤကား-အနက်။

နိဗ္ဗာန်ရောက်ကြောင်း ကောင်းသောအကျင့်တရားကို ဟောကြား၍ ပေးခြင်းသည် အကျင့်တရားကို ပေးလှူသော "ဓမ္မဒါန"မည်၏ဟူလို။

ဤအဋ္ဌကထာပါဌ်၌ "အမတပတ္တိပဋိပဒံ" ဟူသော စကားကို ဥက္ကဋ္ဌနည်းဟု မှတ်။ အဘယ်ကြောင့်နည်းဟူမူ လူ့ရပ် နတ်ထံသို့ရောက်ကြောင်း၊ ကောင်းသောအကျင့်ကို ဟော၍ ပေးခြင်းသည်လည်း ဓမ္မဒါနပင် ဖြစ်သောကြောင့်တည်း။ ထို့ကြောင့် သုတ္တသင်္ဂဟ အဋ္ဌ-ကထာ၌-

ဓမ္မဒါနံ ပန ဤမေ ဓမ္မာ ကုသလာ ဤမေဓမ္မာ အကုသလာ ဤမေ သာဝဇ္ဇာ ဤမေ အနဝဇ္ဇာ ဤမေ ဝိညူ ဂရဟိတာ ဤမေ ဝိညူပသတ္ထာ ဤမေ သမတ္ထာ သမာဒိန္နာ အဟိတာယ ဒုက္ခာယ သံဝတ္တန္တီ၊ ဤမေ ဟိတာယ သုခါယ သံဝတ္တ-န္တီတိ ကုသလကမ္မပထေ ဝိဘဇိတွာ ကမ္မဝိပါကေ-ဤဓလောက ပရလောကေ စ ဒဿေတွာ အကုသလာနိဝတ္တာပေတွာ ကုသလေ ပတိဋ္ဌာပေတွာ အဝိပရိတဓမ္မ-ဒေသနာ၊ ယောပန ဤမေ ဓမ္မာ အဘိညေယ္မာ ဤမေ ပရိညေယ္မာ ဤမေ ပဟာတဗ္ဗာ ဤမေ သစ္ဆိကာတဗ္ဗာ ဤမေ ဘာဝေတဗ္ဗာတိ သစ္စာနိ ဝိဘာဝေန္တော အမတာမိဂမာယ ပဋိပတ္တိဓမ္မံ ဒေသေတိ ဤဒံ သိခါပတ္တဓမ္မဒေသနာ နာမ ဟူ၍ ဟောတော်မူအပ်၏။

ပန၊ အဖို့တပါးကို ဆိုဦးအုံ့။ ဤမေဓမ္မာ၊ ဤတရားတို့သည်။ ကုသလာ၊ ကုသိုလ်တရား တို့တည်း။ ဤမေ ဓမ္မာ၊ ဤတရားတို့သည်။ သာဝဇ္ဇာ၊ အပြစ်ရှိသော တရားတို့တည်း။ ဤမေ ဓမ္မာ၊ ဤတရားတို့သည်။ အနဝဇ္ဇာ၊ အပြစ်မရှိသော တရားတို့တည်း။ ဤမေဓမ္မာ၊ ဤတရား တို့သည်။ ဝိညူဂရဟိတာ၊ ပညာရှိတို့သည် ကဲ့ရဲ့အပ်ကုန်သော တရားတို့တည်း။ ဤမေဓမ္မာ၊ ဤတရားတို့သည်။ ဝိညူပသတ္ထာ၊ ပညာရှိတို့သည် ချီးမွမ်းအပ်ကုန်သော တရားတို့တည်း။ သမတ္ထာ၊ ပြည့်စုံကုန်သော။ သမာဒိန္နာ၊ ဆောက်တည်အပ်ကုန်သော။ ဤမေဓမ္မာ၊ ဤတရား တို့သည်။ အဟိတာယ၊ စီးပွားမဲ့စီပွဲသောငှာ။ ဒုက္ခာယ၊ ဆင်းရဲစီမံ့သောငှာ။ သံဝတ္တန္တိ၊ ဖြစ်

ကုန်၏။ သမတ္တာ၊ ပြည့်စုံကုန်သော။ သမာဒိန္နာ၊ ဆောက်တည်အပ်ကုန်သော။ ဣမေဓမ္မာ၊ ဤဘရားတို့သည်။ ဟိတာယ၊ စီးပွားရှိစိမ့်သောငှာ။သုခါယ၊ ချမ်းသာစိမ့်သောငှာ။သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ကုသလာကုသလ ကမ္မပထေ၊ ကုသလကမ္မပထ၊ အကုသလ ကမ္မပထတရားတို့ကို။ ဝိဘဇိတွာ၊ ဝေဖန်၍။ ကမ္မဝိပါကေစ၊ ကံ-ဇ်၏အကျိုး တို့ကို လည်းကောင်း။ (ဤပုဒ်သည်ကား ဧကသိသ်)။ ဣဓ လောက ပရလောကေ စ၊ ဤပစ္စက္ခလောက၊ တမလွန်လောက တို့ကိုလည်းကောင်း။ ဒဿေတွာ၊ပြ၍။ အကုသလာ၊ အကုသိုလ်တရားမှ။ နိဝတ္တာပေတွာ၊ နစ်စေ ကင်းစေ၍။ ကုသလေ၊ ကုသိုလ်တရား၌။ ပတိဋ္ဌာပေတွာ၊ တည်စေ၍။ အဝိပရိတဓမ္မဒေသနာ၊ မဖောက်မပြန် ဟုတ်မှန်သောတရား ဟောခြင်းသည်။ ဝါ၊ မဖောက်မပြန် ဟုတ်မှန်စွာ တရားဟောခြင်းသည်။ ဓမ္မဒါနံ၊ ဓမ္မဒါန မည်၏။ ယော ပန၊ အကြင်ပုဂ္ဂိုလ်သည်ကား။ ဣမေဓမ္မာ၊ ဤတရားတို့သည်။ အာဘိညေယျာ၊ ထူးသောဉာဏ်ဖြင့် သိအပ်ကုန်သော တရားတို့တည်း။ ဣမေဓမ္မာ၊ ဤတရားတို့သည်။ ပရိညေယျာ၊ မဂ်ဉာဏ်ဖြင့် ပိုင်းခြား၍သိအပ်ကုန်သော (ဒုက္ခသစ္စာ) တို့တည်း။ ဣမေဓမ္မာ၊ ဤတရားတို့သည်။ ပဟာတဗ္ဗာ၊ မဂ်ဉာဏ်ဖြင့် ပယ်အပ်ကုန်သော (သမုဒယသစ္စာ) တို့တည်း။ ဣမေဓမ္မာ၊ ဤတရားတို့သည်။ သစ္ဆိကာတဗ္ဗာ၊ မဂ်ဉာဏ်ဖြင့် မျက်မှောက်ပြုအပ်ကုန်သော (နိရောဓသစ္စာ) တို့တည်း။ ဣမေဓမ္မာ၊ ဤတရားတို့သည်။ ဘာဝေတဗ္ဗာ၊ မဂ်ဉာဏ်ဖြင့် ပွားစေအပ် ဖြစ်စေအပ်ကုန်သော (မဂ္ဂသစ္စာ) တို့တည်း။ ဣတိ၊ ဤသို့။ သစ္စာနိ၊ သစ္စာ ၄-ပါး တရားတို့ကို။ ဝိဘာဝေန္တော၊ ထင်ရှားစေလျက်။ ဝါ၊ ထင်ရှားအောင်ပြု၍။ အမတာဓိဂမာယ၊ နိဗ္ဗာန်ကိုရစေခြင်းငှာ။ ပဋိပတ္တိဓမ္မံ၊ အကျင့်တရားကို။ ဒေသေတိ၊ ဟော၏။ တဿ၊ ထိုပုဂ္ဂိုလ်၏။ ဣဒံ သောဓမ္မဒေသနာ၊ ဤတရားဟောခြင်းသည်။ သိခါပတ္တ ဓမ္မ-ဒေသနံ နာမ-သိခါပတ္တဓမ္မဒေသနာ နာမ၊ အထူတ်အထိပ်သို့ရောက်သော တရားဟောခြင်း မည်၏။ (ဤကား အနက်)

ဤအဋ္ဌကထာပါဠိ၌ ''ဓမ္မဒေသနံ ပန'' မှစ၍ ''အဝိပရိတဓမ္မဒေသနာ'' တိုင်အောင် သော ပါဠိတို့ဖြင့် လူ့နတ်ရပ်ထဲ နိဗ္ဗန်ရောက်ကြောင်း ကောင်းသောအကျင့်တရားကို ဟော ကြား၍ပေးသော ''ဓမ္မဒါန''ကို ပြတော်မူအပ်၏။ ''ယောပန'' မှ၍ ''ပဋိပတ္တိဓမ္မံ ဒေသေတိ'' တိုင်အောင်သောပါဠိဖြင့် လူ နတ်မဖက် သက်သက်နိဗ္ဗာန်သို့ရောက်ကြောင်း ကောင်းသော အကျင့်တရားကို ဟောကြား၍ပေးသော ''သိခါပတ္တဓမ္မဒါန''ကို ပြတော်မူအပ်၏။ ကြွင်းသော အဓိပ္ပာယ်ကား သိလောက်ပြီ။

ဤအရာဝယ် အလွယ်သိမ်းအုပ် အကျဉ်းချုပ်သိမှတ်ရန်ကား ဆိုအပ်ခဲ့ပြီးကုန်သော ဓမ္မဒါန ၃-မျိုးတို့တွင် ပဌမဓမ္မဒါနသည်ကား တရားတော်တည်းဟူသော မြတ်ကို အပူဇော်ခံ အလှူခံရာ၌ တည်စေ၍ ထိုတရားတော်ဓမ္မအား ပေးလှူပူဇော်အပ်သော ဓမ္မဒါနမည်၏။

ဒုတိယဓမ္မဒါနသည်ကား သြဇာ-ပါန-ဇီဝိတ တည်းဟူသော ဓမ္မာရုံကိုအလှူဝတ္ထုအရာ၌ တည်စေ၍ ထိုဓမ္မာမြတ်ဟူသော ဓမ္မကို စားသောက်လိုသူ၊ အသက်ရှည်လိုသူတို့အား ပေးလှူ အပ်သော ဓမ္မဒါနမည်၏။

တတိယ ဓမ္မဒါနသည်ကား လူ့ဓာတ် နတ်ထဲ နိဗ္ဗာန်ရောက်ကြောင်း ကောင်းသော အကျင့်တရားဘည်းဟူသော ဓမ္မကို အလှူဝတ္ထုအရာ၌ တည်စေ၍၊ ထိုအကျင့်တရားတည်းဟူသော ဓမ္မကို တရားနာသူတို့အား ဟောကြားပေးသောအားဖြင့် ပေးလှူအပ်သော ဓမ္မဒါနမည်၏ဟု သိမှတ်လေ။

ဤသို့ ပြဆိုအပ်ကုန်ပြီးသော ဓမ္မဒါန ၃-မျိုးတို့ကို ပိုင်းခြားသေချာ ကောင်းစွာသိရသဖြင့် ဗုဒ္ဓဘာသာစာပေနှင့် လောကဓာတ်ပညာများကို လခပေး၍ ဆရာများကို ငှားပြီး လျှင် သူငယ်တို့ကို သင်ကြားပေးခြင်းသည် ပဌမ ဓမ္မဒါန ဒုတိယဓမ္မဒါနတို့၌ လင်းပါး ဖွယ် မရှိပြီ ကောန်မုချအားဖြင့် ထိုပဌမ ဓမ္မဒါန ဒုတိယ ဓမ္မဒါနကုသိုလ်တို့သည် မဟုတ် ကုန်သည်သာတည်း။

တတိယ ဓမ္မဒါနဖြစ် မဖြစ်မှာ ပုစ္ဆာစကားရပ်တွင် "ဗုဒ္ဓဘာသာစာပေနှင့်" တူသော စကားသည် မြန်မာလူမျိုးတို့ အမှတ်အသား သင်္ကေတအားဖြင့် ရေးသား သုံးစွဲအပ်သော မြန်မာစာကို ဆိုလိုရင်းဖြစ်သည်။ ထိုမြန်မာစာကိုလည်း အကယ်၍ လောက၌ စာရေး-စာဖတ် တတ်၍ စာရင်းစာချုပ် ပြုလုပ်ရေးသားနိုင်ခြင်း စသည်ဖြင့် လောကရေးရာ လိမ္မာတတ် မြောက် ကြီးပွားခြင်းသို့ ရောက်စေရုံမျှ သဘောထားဖြင့် သင်ကြားပေးသည် ဖြစ်လျှင် တတိယဓမ္မဒါနဖြစ်ဖွယ် မရှိပြီ။ သို့သော်လည်း သတ္တမပုစ္ဆာ၌ ပြဆိုအပ်ခဲ့ပြီးသော "ပညာသံဝဒ်တ္တနိက" ကုသိုလ်ကား ဖြစ်၏။ အကယ်၍ မင်္ဂလသုတ် စသည်၌လာသော တရားတော်များကို ဟုတ်တိုင်းမှန်စွာ ယထာဓမ္မ သဘာဝကို ကျနစွာ တတ်သိစေခြင်းငှာ လည်းကောင်း၊ တတ်သိသည့်အတိုင်း မင်္ဂလာတရားတော် စသည်တို့ကို ဖြည့်ကျင့်၍ သမ္မတ္တိ ၃-ပါးတို့ကို ရစေခြင်းငှာ လည်းကောင်း၊ အယူထူးခြား ဘာသာတပါးသို့ မရောက်မပါ၊ နိယျာနိက သာသနာတော်၌ ကောင်းစွာကြည်ညိုစေခြင်းငှာ လည်းကောင်း သင်ပေးသည် ဖြစ်လျှင် တတိယဓမ္မဒါန ကုသိုလ်ဖြစ်သည်သာတည်း။ ဤအရာ၌ ကိုယ်တိုင်သင်ပေးလျှင် သာဟတ္ထိက ဒါန၊ သူတပါးကို လခပေး၍လည်းကောင်း မပေးပဲလည်းကောင်း သင်ပေးစေလျှင် အာဏတ္တိက ဒါန ဟုမှတ်။ ကြွင်းသော လောကဓာတ်ပညာကို သင်ပေးရာ၌ကား ဓမ္မဒါနဟု မဆိုအပ်သော်လည်း သတ္တမပုစ္ဆာ၌ ပြဆိုအပ်ခဲ့ပြီးသော "ပညာသံဝဒ်တ္တနိက" ကုသိုလ်ကိုကား ဧကန်ရတော့သည်သာတည်း။ ဤကား အဋ္ဌမပုစ္ဆာ၏ မှတ်သားဖွယ်တည်း။

၉-နဝမပုစ္ဆာ၏ အဖြေ

ဒါနစသော ကုသိုလ်များကိုပြု၍ နိဗ္ဗာန်ကို ဆုတောင်းပြီးလျှင် နိဗ္ဗာန်မရမီအကြား လူမင်းချမ်းသာ နတ်မင်းချမ်းသာများကို ရရပါလို၏ဟု ဆုတောင်းသင့်-မသင့်ဟူသော နဝမ ပုစ္ဆာ၌ မှတ်သားရန်ကား-

ဆုတောင်းခြင်းသည် မိစ္ဆာပဏိဓိတ၊ သမ္မာပဏိဓိတ ဟူ၍ ၂-ပါးအပြားရှိ၏။ ထို ၂-ပါးတို့ဘွင် ဒါနစသော ကုသိုလ်ကိုပြုလုပ်၍ ဝန္ဓနိဿိတ အစွမ်းအားဖြင့် လူ နတ်ရိပ်ငြိမ် ဝဋ်ဆင်းစိမ်ကိုသာ တောင်းခြင်းသည် မိစ္ဆာပဏိဓိတ မည်၏။ နိဗ္ဗာန်ကို မရဆိုင်။ ဝိဝဋ် နိဿိတ အစွမ်းအားဖြင့် ဝိဝဋ်ဖြစ်သော နိဗ္ဗာန်ဆုတောင်းခြင်းသည် သမ္မာပဏိဓိတ ည်၏။

နိဗ္ဗာန်ကိုလည်း ရနိုင်၏။ နိဗ္ဗာန်မရမီအကြား၌ လူ နတ်ရိပ်ငြိမ် ဝင်္ဂစည်းစိမ်ကိုလည်း ရနိုင်၏။ ဤစကားကို မခဲ့ချလိုပြီ။ ထို ၂ ပါးတို့တွင် နိဗ္ဗာန်ကို ရကြောင်းမဟုတ်သော မိစ္ဆာပဏိဟိတဖြစ်သော ဆုတောင်းခြင်းကို မပြုသင့်။ နိဗ္ဗာန်ရကြောင်းဖြစ်သော သမ္မာပဏိဟိတဖြစ်သော ဆုတောင်းခြင်းကိုသာ ပြုသင့်သည်။

မေးလျှောက်ယင်းဖြစ်သော ပုစ္ဆာပါ စကားအတိုင်း ဒါနစသော ကုသိုလ်မျာ်းကို ပြုလုပ်၍ နိဗ္ဗာန်ကို ဆုတောင်းပြီးလျှင် နိဗ္ဗာန်မရသေးမီ အကြား၌ လူမင်းချမ်းသာ နတ်မင်းချမ်းသာကို ဆုတောင်းခြင်းသည် နိဗ္ဗာန်ကို ပဓာနပြု၍ ဆုတောင်းခြင်း ဖြစ်သောကြောင့် သမ္မာပဏိဟိတပင် ဖြစ်ရကား ဆုတောင်းသင့် တောင်းထိုက်သည်သာတည်း။ ထိုသို့ ဆုတောင်းခြင်းကြောင့် မိစ္ဆာပဏိဟိတ မဖြစ်နိုင်။ ဤသို့ တောင်းသင့် တောင်းထိုက်ကြောင်းကိုကဲ့သို့ သီဝလိမထေရ်၏ အလောင်းတော်ကို ထောက်၍ သိအပ်၏။

ထိုစကားသည် မှန်၏။ သီဝလိမထေရ်၏ အလောင်းတော်သည် ပဒုမုတ္တရဘုရားရှင်၏ လက်ထက်တော်၌ ရဟန်းတပါးကို လာဘ်ပေါများသောအရာ၌ တေဒဂ်ထားသည်ကို မြင်လေလျှင် ဗုဒ္ဓပမုခ သံဃာအား မဟာဒါနကိုပေးလှူ၍-

> ဘဂဝါ အဟံပိ ဤမိနာဓိကာရကမ္မေန အညံ သမ္ပတ္တိံ နပတ္ထေမိ၊ အနာဂတေ ပန ကေဃ ဗုဒ္ဓဿသာသနေ အဟံပိ တုမှေဟိ သော တေဒဂ္ဂေ အပိ သောဘိက္ခုဝိယ လာဘီနံ အဂ္ဂေါ ဘဝေယျံ ဟု ဆုတောင်းခြင်းကိုပြုသည်။

ဘဂဝါ၊ ဘုန်းတော်သခင် အရှင်ဘုရား။ အဟံပိ၊ အကျွန်ုပ်သည်လည်း။ ဤမိနာဓိကာရကမ္မေန၊ ဤလွန်ကဲစွာပြုရသော မဟာဒါန ကုသိုလ်ကံကြောင့်။ အညံ၊ လာဘ်ပေါများသော သာဝကအဖြစ်မှ တပါးသော။ သမ္ပတ္တိံ၊ စည်းစိမ်ကို။ နပတ္ထေမိ၊ မတောင့်တပါ။ ပန၊ အကျွန်ုပ်ဟောင့်တသည်ကား။ အနာဂတေ၊ နောင်သောကာလ၌၊ ကေဃ၊ တဆူသော။ ဗုဒ္ဓဿ၊ ဘုရားရှင်၏။ သာသနေ၊ သာသနာတော်၌။ အဟံပိ၊ အကျွန်ုပ်သည်လည်း။ တုမှေဟိ၊ အရှင်ဘုရားတို့သည်။ တေဒဂ္ဂေ၊ တေဒဂ်အရာ၌။ ထပိတော၊ ထား‌အပ်သော။ သောဘိက္ခုဝိယ၊ ထိုရဟန်းကဲ့သို့။ လာဘီနံ၊ လာဘ်ပေါများသော ရဟန်းတို့တွင်။ အဂ္ဂေါ၊ အမြတ်ဆုံးသည်၊ ဘဝေယျံ၊ ဖြစ်ရပါလို၏။ ဤကား-အနက်။

ဤသို့ တေဒဂ်သာဝကအဖြစ်ကို ပတ္ထနာပြု၍ လာဘ်ပေါများသည့်အဖြစ်ကို တောင်းဆိုပြီးလျှင် လူ့ဘုံ နတ်ဘုံ၌သာ ကျင်လည်၍ ဝိပဿီဘုရားရှင် ထင်ရှားပွင့်လာသောအခါ ဗန္ဓုမတီမြို့၏အနီး တခုသောရွာ၌ ဖြစ်လာ၍ ထိုဝိပဿီဘုရားအား ပျာ်းရည်အရသာကို ကပ်လှူ၍-

> ဤမဿကမဿ နိဿန္ဒေန နိဗ္ဗတ္တ နိဗ္ဗတ္တ ဘဝေ လာဘဂ္ဂ ယသဂ္ဂ ပတ္တော ဘဝေယျံ။

ဤမဿကမဿ၊ ဤပျာ်းအရသာကို လှူရသောကုသိုလ်ကံ၏။ နိဿန္ဒေန၊ အကျိုးအားဖြင့်။ နိဗ္ဗတ္တ နိဗ္ဗတ္တ ဘဝေ၊ ဖြစ်တိုင်း ဖြစ်တိုင်းသောဘဝ၌။ လာဘဂ္ဂံ ယသဂ္ဂံ ပတ္တော၊ လာဘ်ပျာ်းသောအဖြစ်, အခြံအရံများသောအဖြစ်သို့ရောက်သည်။ ဘဝေယျံ၊ ဖြစ်ရပါလို၏ဟု ဝဋ်စည်းစိမ်ကို တောင်းဆိုပြန်သည်။

ထိုအမျိုးသည် ငါတို့ ဂေါတမဘုရား ထင်ရှားပွင့်လာတော်မူသောအခါ သုပ္ပဝါသမင်းသမီး၏ဝမ်း၌ ပဋိသန္ဓေနေ၍ ဖွားပြီးသောအခါ သာသနာတော်၌ ရဟန္တာအဖြစ်သို့ ရောက်လေလျှင် ဘုရားသခင်သည်–

တေဒဂ္ဂံ ဘိက္ခဝေ မမသာဝကာနံ ဘိက္ခူနံ လာဘိနံ ယဒိဒံ သိဝလိ။

ဘိက္ခဝေ၊ ရဟန်းတို့။ မမ၊ ငါဘုရား၏။ သာဝကာနံ၊ တပည့်သား ဖြစ်ကုန်သော။ လာဘီနံ၊ မျှားသောလာဘ်ရှိကုန်သော။ ဘိက္ခူနံ၊ ရဟန်းတို့တွင်။ ယဒိဒံ ယောအယံ သိဝလိ၊ အကြွင်သိဝလိသည်။ အတ္ထိ၊ ရှိ၏။ ဧတံ ဧသော သိဝလိ၊ ဤသိဝလိသည်။ အဂ္ဂံ အဂ္ဂေါ၊ အမြတ်ဆုံးပေတည်းဟု လာဘ်ပေါမျှားသောအရာ၌ တေဒဂ်ထား တော်မူအပ်၏။

ဤသိဝလိမထေရ်၏ ပဒုမုတ္တရဘုရားအထံတော်၌ တေဒဂ်သာဝကအဖြစ်က ပမာနပြု၍ လာဘ်ပေါမျှားသည်၏အဖြစ်ကို တောင်းဆိုတော်မူခြင်းသည် “သမ္မာပဏိဟိတ” ဖြစ်သည်။ ထို့နောက် ဝိပဿီဘုရားအထံတော်၌ လာဘ်ပေါမျှားခြင်းဟု ဆိုအပ်သော ဝဋ်စည်းစိမ်သက်သက်ကိုသာ တောင်းပြန်သော်လည်း ရှေးတောင်းရင်း “သမ္မာပဏိဟိတ”သည် ပျက်စီးခြင်းသို့ မရောက်သည်သာတည်း။ ထို့ကြောင့် ငါတို့ဂေါတမဘုရားလက်ထက်၌ ရဟန္တာဖြစ်၍ အလိုရှိအပ် တောင့်တအပ်သော တေဒဂ်ရာထူးကို ခံယူတော်မူရပေသတည်း။

ထိုမှတပါးလည်း ဇောတိကမထေရ်သည် ရှေးသောဘဝ ကြံခင်းပိုင်ရှင် ဖြစ်စဉ်က ပစ္စေကဗုဒ္ဓါတပါးအား မိမိ၏အဖို့ အစ်ကိုကြီး၏ အဖိုဖြစ်သော ကြံရည်ကိုကပ်လှူ၍ “ဣမဿ နိဿန္ဒေန ဒေဝမနုဿေသု သမ္ပတ္တိံ အနုဘဝိတွာ ပရိယောသာနေ တုမှေဟိ ပတ္တဓမ္မသော ပါပုဏေယျ”” ။ဣမဿ၊ ဤကြံရည်ကို ကပ်လှူသောကုသိုလ်၏။ နိဿန္ဒေန၊ အကျိုးအားဖြင့်။ ဒေဝမနုဿေသု၊ လူ့ဘုံ နတ်ဘုံတို့၌။ သမ္ပတ္တိံ၊ စည်းစိမ်ကို။ အနုဘဝိတွာ၊ ခံစားစံစား၍။ ပရိယောသာနေ၊ အဆုံးဘဝ၌။ တုမှေဟိ၊ အရှင်ဘုရားတို့သည်။ ပတ္တဓမ္မသော၊ ရောက်အပ်သော တရားတို့ကိုသာလျှင်။ ပါပုဏေယျ၊ ရောက်ရပါစေသားဟု လူ နတ်စည်းစိမ်၌ အရဟတ္တဖိုလ်ကို တောင်းဆိုခဲ့သည်။

ထိုကြံခင်းပိုင်ရှင်၏ အစ်ကိုကြီးသည်လည်း မိမိအဖိုကိုပါ လှူလိုက်သောအဖြစ်ကို ကြားသိရ၍ ကြည်ညိုနှစ်သက်သဖြင့် “တေန မေ ပစ္စေကဗုဒ္ဓေန ဒိဋ္ဌဓမ္မသော အဓိဂမော ဘဝေယျ”” ။ မေ မယာ၊ ငါ၌သည်။ ကတေန၊ ပြုအပ်သော။ တေန ပုညေန၊ ထိုကောင်းမှုကြောင့်။ ပစ္စေကဗုဒ္ဓေန၊ အရှင်ပစ္စေကဗုဒ္ဓါသည်။ ဒိဋ္ဌဓမ္မသော၊ မြင်အပ်သောတရားကို သာလျှင်။ အဓိဂမော၊ ရသည်။ ဘဝေယျ၊ ဖြစ်ရပါစေသားဟု အရဟတ္တဖိုလ်သက်သက်ကို တောင်းခဲ့သည်။ ထို ၂-ယောက်တို့တွင် အစ်ကိုကြီးသည် ဝိပဿီဘုရားလက်ထက်တော်၌ ရဟန္တာအဖြစ်သို့ ရောက်သည်။ ကြံခင်းပိုင်ရှင် ညီငယ်သည် ငါတို့ ဂေါတမဘုရားလက်ထက်တော်၌ ဇောတိကသဒ္ဓေးဖြစ်လာ၍ ထိုဘဝ၌ပင် ရဟန္တာအဖြစ်သို့ ရောက်သတည်း။

ဤသို့ ဇောတိကမထေရ်၏ ကြံခင်းပိုင်ရှင်ဖြစ်စဉ်က နတ်စည်းစိမ်နှင့်တကွ အရဟတ္တဖိုလ်ကို တောင်းဆိုတော်မူခြင်းသည်လည်း အစ်ကိုကြီးဖြစ်သူ၏ တောင်းဆိုခြင်းကဲ့သို့ပင် “သမ္မာ-

ပဏီဟိတ” ဖြစ်တော့သည်။ ထို့ကြောင့် ငါတို့ ဂေါတမဘုရားလက်ထက်၌ ရဟန္တာအဖြစ်သို့ ရောက်တော်မူသတည်း။

ဤအရာ၌ ကြံခင်းပိုင်ရှင် အစ်ကိုကြီးသည် ဝိပဿီဘုရားလက်ထက်တော်၌ ရဟန္တာဖြစ်ရ၍ ကြံခင်းပိုင်ရှင် ညီငယ်သည် ဂေါတမဘုရား လက်ထက်တော်သို့ရောက်မှ ရဟန္တာဖြစ်ရခြင်းသည် အစ်ကိုကြီးကဲ့သို့ အရဟတ္တဖိုလ်သက်သက်ကို မတောင်းဆိုပဲ လူ နတ်စည်းစိမ်နှင့်တကွ ရော၍ တောင်းဆိုခြင်းကြောင့် နောက်ကျသည်ဟု မမှတ်အပ်။ အစ်ကိုကြီးမှာ ဝိပဿီဘုရား လက်ထက်တော်၌ပင် ပါရမီပြည့်သည်၊ ညီငယ်မှာ ထိုဝိပဿီဘုရား လက်ထက်တော်၌ ပါရမီမပြည့်သေး၍ ဂေါတမဘုရားလက်ထက်တော်သို့ရောက်မှ ပါရမီပြည့်ဝ၍ ရဟန္တာဖြစ်ရသည်ဟု မှတ်ပါ။ (ဘုရားအလောင်းတော်များသည်ပင် လေးသင်္ချေနှင့် ကမ္ဘာတသိန်းစေ့မှ ဘုရားဖြစ်ရသည်ကိုလည်း သတိမူအပ်၏။)

ဤသို့ သီဝလိမလေရ၊ ဇောတိကမ့ထေရ်တို့၏ ဆုတောင်းတော်မူခြင်းမျှားကို ထောက်ထား၍ခြင်၍ ဒါနစသော တစုံတခုသော ကုသိုလ်ကောင်းမှုကို ပြုလုပ်ပြီးလျှင် နိဗ္ဗာန်ကို ရှေ့ဦးစွာ ဆုတောင်း၍ လူ နတ် စသည်တို့၏ စည်းစိမ်ကို တောင့်တခြင်းသည် နိဗ္ဗာန်ကို ပဓာနပြု၍ ဘောင်းခြင်းဖြစ်သောကြောင့် သမ္မာပဏီဟိတပင် ဖြစ်ရကား မတောင်းသင့်၊ မတောင်းထိုက်ဟု မဆိုသာ၊ တောင်းသင့်-တောင်းထိုက်တော့သည် သာတည်းဟု မှတ်ယူလေ။

ထိုသို့ တောင့်တခြင်းကြောင့်ကား တစုံတခုသော အကျိုးတရားမျှားကို ပျက်ပြားစေခြင်းမရှိသည့်ပြင် ဂတိအလား၏ မြဲခြင်းဟု ဆိုအပ်သော ဂတိနိဗ္ဗာန အကျိုးပင် ရှိသေးသည်။ ထို့ကြောင့် ဥပရိပဏ္ဏာသ အဋ္ဌကထာ သခ်ါရုပပတ္တိသုတ် အဖွင့်၌၊

> ယဿ သဒ္ဓါ သီလ သုတ စာဂ ပညာသခ်ါတာ ပဋ္ဌမမှာ အတ္ထိ၊ နပတ္ထနာ၊ တဿ ဂတိ အနိဗ္ဗတ္တိ၊ ယဿ ပတ္ထနာ အတ္ထိ နပဋ္ဌမေ၊ တဿ ဂတိ အနိဗ္ဗတ္တိ ယေသံ ဥဘယမိဒံ အတ္ထိ တေသံ ဂတိနိဗ္ဗတ္တိ၊ ယထာတိ အာကာသေ ခိတ္တာဒဏ္ဍာ အဂ္ဂေနဝါ မဇ္ဈေနဝါ မူလေနဝါ ပတိဿတိတိ နိယမောနတ္ထိ၊ ဧဝံ သတ္တာနံ ပဋိသန္ဓိ ဂဟဏံ အနိယတံ၊ တသ္မာ ကုသလံ ကမ္မံ ကတ္တာ တေသွိဒ္ဓေနေ ပတ္ထနာ ကာတုံ ဝဋ္ဋတိ ဟူ၍ မိန့်တော်မူအပ်၏။
>
> ယဿ၊ အကြင်ပုဂ္ဂိုလ်အား။ သဒ္ဓါ သီလ သုတ စာဂ ပညာသခ်ါတာ၊ သဒ္ဓါ သီလ သုတ စာဂ ပညာဟုဆိုအပ်ကုန်သော။ ပဋ္ဌမမှာ၊ ငါးပါးကုန်သော တရားတို့သည်။ အတ္ထိ-သန္တိ၊ ရှိကုန်၏။ ပတ္ထနာ၊ ဆုတောင်းခြင်းသည်။ နတ္ထိ၊ မရှိ။ တဿ၊ ထိုပုဂ္ဂိုလ်အား။ ဝါ၊ ထိုပုဂ္ဂိုလ်၏။ ဂတိ၊ ကောင်းသောအလားသည်။ အနိဗ္ဗတ္တိ၊ မမြဲ။ ယဿ၊ အကြင်ပုဂ္ဂိုလ်အား။ ပတ္ထနာ၊ ဆုတောင်းခြင်းသည်။ အတ္ထိ၊ ရှိ၏။ ပဋ္ဌမမှာ၊ ငါးပါးကုန်သော တရားတို့သည်။ နတ္ထိ၊ နသန္တိ၊ မရှိကုန်။ တဿပိ၊ ထိုပုဂ္ဂိုလ်အားလည်း။ ဝါ၊ ထိုပုဂ္ဂိုလ်၏လည်း။ ဂတိ၊

ကောင်းသောအလားသည်။ အနိဗန္ဓါ၊ မမြဲ။ ယေသံ၊ အကြင်ပုဂ္ဂိုလ်တို့အား။ ဥဘယမ္ပို၊ နှစ်ပါးစုံသည်သည်း။ အတ္ထိ၊ ရှိ၏။ တေသံ၊ ထိုပုဂ္ဂိုလ်တို့အားလည်း။ ဝါ၊ ထိုပုဂ္ဂိုလ်တို့၏လည်း။ ဂတိ၊ ကောင်းသောအလားသည်။ နိဗန္ဓါ၊ မြဲ၏။ ဟိ-သစ္စံ၊ ထိုစကားသည်မှန်၏။ အာကာသေ၊ ကောင်းကင်၌။ ခိတ္တာဒဏ္ဍော၊ ပစ်အပ်သော တုတ် လုံတံသည်။ အဂ္ဂေနဝါ၊ အဖျားဖြင့်လည်းကောင်း။ မဇ္ဈေနဝါ၊ အလယ်ဖြင့်လည်းကောင်း။ မူလေနဝါ၊ အရင်းဖြင့်လည်းကောင်း။ ပတိဿတိ၊ ကျလတ္တံ့။ ဣတိ၊ ဤသို့။ နိယမော၊ မြဲခြင်းသည်။ နတ္ထိယထာ၊ မရှိသကဲ့သို့။ ဧဝံဘထာ၊ ထို့အတူ။ သတ္တာနံ၊ သတ္တဝါတို့၏။ ပဋိသန္ဓိဂဟဏံ၊ ပဋိသန္ဓေယူခြင်းသည်။ အနိယတံ၊ မမြဲ။တသ္မာ၊ ထို့ကြောင့်။ ကုသလံ ကမ္မံ၊ ကုသိုလ်ကံကို။ ကတ္တာ၊ပြုလုပ်၍။ ကေသို့မ်ဳဍ္ဂာဒနေ၊ တခုသော နေရာ၌။ ပတ္ထနာ၊ ဆုတောင်းခြင်းကို။ တာတုံ၊ ပြုခြင်းငှာ။ ဝဋ္ဋတိ၊ သင့်၏။ ဤကားအနက်။

(သဒ္ဒါသီလ သုတ စာဂ ပညာတရား ငါးပါးတို့လည်း ရှိပါမှ ဆုတောင်းခြင်းလည်း ရှိပါမှ ဂတိအလား မြဲသည်။ ထို့ကြောင့် ကုသိုလ်ကံကို ပြုလုပ်၍ တခုခုသော နေရာကို တောင်းဆိုရမည်။ တောင်းဆိုမှ မြဲသည်ဟူလို)။

ယခုကာလ အချို့သောသူတို့သည် နိဗ္ဗာန်ကို ရပါလို၏ဟု ဆိုလျှင် ပြီးသင့်လျက် အာဘယ်ကြောင့် လူ့စည်းစိမ် နတ်စည်းစိမ်တွေကို တောင်းနေတော့သနည်းဟု ကောက်ကပ်သော စကားကို ပြောကြားတတ်ကြသည်။ ထိုသူတို့၏ စကားသည် နိဗ္ဗာန်ရောက်လျှင်တော်ပြီ၊ နိဗ္ဗာန်မရောက်သေးခင်မှာ ဘယ်သတ္တဝါဖြစ်ဖြစ်ဟု ဆိုရာကျသည်။

အကယ်၍ ထိုသူတို့၏စကားအတိုင်းအား ဖြင့် ဖြစ်ချင်ရာရာ ကျွန်-နွား စသော တိရစ္ဆာန်သတ္တဝါဖြစ်နေရပါသော် လည်းကောင်း၊ လူဖြစ်ရပါသော်လည်း မသူတော်နှင့် ပေါင်းဖော်၍ တံငါ-မုဆိုး-မိစ္ဆာဒိဋ္ဌိ စသော လူဒုဿီလဖြစ်နေပါသော်လည်းကောင်း၊ နိဗ္ဗာန်ရောက်ကြောင်းတရားကောင်းကို အဘယ်မှာ ကျင့်ရပါတော့အုံးနည်း။ ထိုသို့ မကျင့်ရလျှင်လည်း ဒုစရိုက်ကိုပွား၍ အပါယဒုက္ခတရားကိုသာ ထပ်မံနား ခံစားကြရတော့မည်။

၁၀-ဒသမပုစ္ဆာ၏အဖြေ

စေတီ၊ ကျောင်း၊ ဇရပ်၊ စောင်းတန်းဟောင်းများကို ပြင်ဆင်ခြင်း အကျိုးအာနိသင်သည် ဘယ်သို့ရှိပါမည်နည်း ဟူသော ဒသမပုစ္ဆာ၌ မှတ်သားရန်ကား

စေတီ ကျောင်း၊ ဇရပ်၊ စောင်းတန်းမျှားကို ပြင်ဆင်ခြင်းသည် ယခုဘဝ ပစ္စက္ခဌ် အသက်ရှည်ခြင်း၊ တမလွန်၌ သုဂတိသို့ လားရခြင်း၊ နိဗ္ဗာန်သို့ ရောက်ရခြင်းအကျိုးရှိသည်။ ထိုအကျိုးတို့တွင် ယခုဘဝ ပစ္စက္ခဌ် အသက်ရှည်ခြင်းကို သီဟိုဠ်ကျန်း၌ ဝဿဘမင်းကို ထောက်၍ သိအပ်၏။ ထိုစကားသည် မှန်၏။

သီဟိုဠ် ''သီရိလင်္ကာ'' ကျန်း အနုရာဓမြို့ ယသလာလကတိဿမင်းသည် ခုနစ်နှစ်၊ ရှစ်လ နန်းစံသည်။ ထို့နောက် သုဘမင်းသည် ခြောက်နှစ်နန်းစံသည်။ ထိုသုဘမင်း လက်ထက်၌ လမ္ဗကဏ္ဏသား ဝဿဘ သည် ဦးရီးတော်ဖြစ်သော စစ်သူကြီးကို လုပ်ကျွေးဆည်းကပ်၍ နေ၏။ ထိုအခါ ယသလာလကတိဿမင်း လက်ထက်ကပင် ဝဿဘ မည်သောသူသည် သီဟိုဠ် ကျန်း၌ မင်းဖြစ်လိမ့်မည်ဟု သတင်းကြော်ကြား ဖြစ်ပွားနေသောကြောင့် ဝဿဘ အမည်ရှိသူ ဟူသမျှကို ရှာဖွေ၍ သတ်၏။ စစ်သူကြီးသည် ငါတို့ထံ၌ ဝဿဘ ရှိသည်၊ မင်းကြီးကြား လျှင် ငါတို့ပါ ပျက်စီးရာ၏။ ဤ ဝဿဘ ကို မင်းကြီးအားပြမှ တော်မည်ဟု မိမိ၏ မယား နှင့် တိုင်ပင်၍ ဝဿဘကို ခေါ်၍ မင်းအိမ်သို့သွားလေ၏။

ထိုအခါ စစ်သူကြီး ကတော်သည်၊ ဝဿဘကို သနား စောင့်ရှောက်လို၍၊ ဥပါယ် တံမျဉ်အားဖြင့်၊ စစ်သူကြီးစားရန်-ကွမ်းယာကို-ထုံးမပါပဲပြု၍၊ ဝဿဘ လက်သို့ပေးလိုက်၏။ ဝဿဘသည်၊ မင်းအိမ်တံခါးသို့ ရောက်သောအခါ၊ ထိုကွမ်းယာကို စစ်သူကြီးအားပေးလေ၏။ စစ်သူကြီးသည်၊ ကွမ်းယာ၌-ထုံးမပါသည်ကို သိ၍ ဝဿဘကို ထုံးပြန်ယူရန်၊ မိမိအိမ်သို့ စေခိုင်းလိုက်ပြန်၏။ အိမ်သို့ရောက်သောအခါ၊ စစ်သူကြီးကတော်သည်၊ စစ်သူကြီး၏အကြံကို ဝဿဘအား လျှို့ဝှက်စကား ပြောကြားပြီးလျှင်၊ အသပြာ ၁၀၀၀/-ကို ပေး၍၊ ထွက်ပြေးစေ၏။ ဝဿဘ သည်လည်း ရောဟနဇနပုဒ်သို့ ထွက်ပြေးပုန်းအောင်း၍ နေရာမှ တစတစ ကြံစည်ကာ စစ်သည်များကို စုဆောင်း၍ ကိုက်ခိုက်လာရာ အနုရာဓမြို့ကို သိမ်းမိလျှင် နန်းရင်ပြင်၌ပင် သုဘမင်းကို သတ်၍ မင်းအဖြစ်သို့ ရောက်လေ၏။ စစ်သူကြီးသည်ကား စစ်မြေပြင်၌ ကျဆုံး၏။ ထို ဝဿဘမင်းသည် စစ်သူကြီးကတော်၏ ကျေးဇူးကိုသိ၍ ထိုစစ်သူကြီးကကော်ကို မိဖုရားအရာ၌ ထားသတည်း။

ဤသို့ ဝဿဘ မင်းအဖြစ်သို့ ရောက်သောအခါ မိမိ၏ အသက်အပိုင်းအခြားကို သိလို၍ ဗေဒင်မေးရာ ဗေဒင်ဆရာသည် ၁၂ နှစ်သာ အသက်ရှည်မည်ဟု ဟောသဖြင့် ထိုဗေဒင်ဆရာအား အသပြာ ၁၀၀၀ နှင့် ပိတ်ပေးပြီးလျှင် သံဃာကို စည်းဝေးစေ၍ အရှင်ဘုရားတို့ အသက်ရှည်ခြင်း၏ အကြောင်းရှိပါ၏လော၊ မေးလျှောက်လေ၏။ ထိုအခါ သံဃာသည် မင်းကြီး အသက်ရှည်ခြင်း အကြောင်းရှိ၏။ အသက်ရှည်ခြင်းငှာ ရေစင်ကိုလည်းကောင်း၊ ကျောင်းကန်ဇရပ်ကို လည်းကောင်း၊ လူနာအား သင့်မြတ်သော ဆေးကို လည်းကောင်း၊ ပေးလှူအပ်၏။ ကျောင်းဟောင်း ဇရပ်ဟောင်းလည်း ပြင်ဆင်အပ်၏။ ငါးပါးသီလကို ဆောက်တည်၍ စောင့်ရှောက်အပ်၏။ ဥပုသ်နေ့၌ ဥပုသ်သီလကို ကျင့်သုံးအပ်၏ဟု ဟောကြားတော်မူ၏။ ဝဿဘမင်း သည်လည်း ဟောကြားတိုင်းကို လိုက်နာပြုသတည်း။ ထို့ကြောင့် မဟာဝင်္ဂ-

၁။ ပရိဿာဝနဒါနဉ္စ၊ အာဝါသဒါနမေဝစ။
ဂိလာနဝဇ္ဇဒါနဉ္စ၊ ဒါတဗ္ဗ မနုဿဓိပ။

၂။ ကာတမ္ဗ ဇိဏ္ဏကာဝါသ၊ ပဋိသခ်ရဏံတထာ။
ပဥ္စသီလေ သမာဒါနံ၊ ကတ္ဝာ ကံ သာဓုရက္ခိတံ။

၃။ ဥပေါသထုပဝါသော၀၊ ကတ္တမ္ဗောပေါသထေဣတိ။
ရာဇာ သာဓူတိ ဂန္ဒွာန၊ တထာ သမ္မမကာသိတော။ ဟု မိန့်အပ်၏။

၁။ မနုဇာမိပ၊ လူတို့အရှင် ဘုရင် ဝသဘမင်း။ ပရိဿာဝနဒါန၌၊ ရေစစ်အလှူကိုလည်းကောင်း။ အာဝါသဒါနမေဝ၀၊ နေထိုင်စရာကျောင်း ဇရပ်အလှူကိုလည်းကောင်း။ ဂိလာန၀ဇ္ဇဒါန၌၊ လူနာတို့အား သင့်လျော်သော ဆေးပစ္စည်းအလှူကိုလည်းကောင်း။ ဒါတာဗ္ဗံ၊ ပေးလှူအပ်၏။

၂။ တထာ၊ ထိုမှတပါး။ ဇိဏ္ဏကာဝါသ ပဋိသခ်ရဏံ၊ ဆွေးမြည့်ဟောင်းနွမ်းသော နေထိုင်စရာကျောင်း ဇရပ်ကို ပြုလုပ်ပြင်ဆင်ခြင်းကို လည်းကောင်း။ ကာတမ္ဗံ၊ ပြုအပ်၏။ ပဥ္စသီလေ ပဥ္စသီလာနိ၊ ငါးပါးကုန်သော သီလတို့ကို။ သမာဒါနံ၊ ခံယူဆောက်တည်ခြင်းကို။ ကတ္ဝာ၊ ပြု၍။ တံ၊ ထိုငါးပါးသီလကို။ သာဓုကံ၊ ကောင်းစွာ၊ ရက္ခိတံ-ရက္ခိတမ္ဗံ၊ စောင့်ရှောက်အပ်၏။

၃။ ဥပေါသထေ၊ ဥပုသ်နေ့၌။ ဥပေါသထုပဝါသော၀၊ ဥပုသ်သီတင်း ကျင့်သုံးခြင်းကိုလည်း။ ကတ္တမ္ဗော၊ ပြုအပ်၏။ ဣတိ၊ ဤသို့။ အာစိက္ခိ၊ ဟောကြားတော်မူပြီ။ သောရာဇာ၊ ထို ဝသဘမ္ဗင်း သည်။ သာဓုတိ၊ ကောင်းပါပြီဟု ဝန်ခံ၍ ဂန္ဒွာန၊ သွား၍။ တထာ၊ ထိုသို့ ဟောကြားတော်မူသည့်အတိုင်း။ သမ္ဗံ၊ အလုံးစုံသော ကုသိုလ်ကို။ အကာသိ၊ ပြုပြီ။ ဤကား-အနက်။

ထို ဝသဘမင်း သည် ဤသို့ သံဃာတော်တို့သည်ဟောကြားတော်မူအပ်သည့်အတိုင်း လိုက်နာ၍ အထူးထူးသော ကုသိုလ်ကို ပြုသဖြင့် ၁-နှစ်အတွင်း အသက်အန္တရာယ်မှ လွတ်ကင်း၍ အနုရာဓမြို့၌ပင် ၄၄-နှစ် နန်းစံရသတည်း။

ထို့ကြောင့် ယင်းမဟာ၀င်၌ပင်-

ဧ၀ံ နာနာ၀ိဓံပုညံ၊ ကတ္ဝာ ဝသဘဘူပတိ။
ဟတန္တရာယော သော ဟုတ္ဝာ၊ ပုညကမ္မေ သဒါဒရော။
စတုစတ္တာလီသ၀ဿာနိ၊ ပူရေ ရဇ္ဇမကာရယိ-ဟု မိန့်ဆိုအပ်၏။

သော၀သဘဘူပတိ၊ ထို ဝသဘမင်းသည်။ ဧ၀ံ၊ ဤသို့။ နာနာ၀ိဓံ၊ အထူးထူးအပြားပြားရှိသော။ ပုညံ၊ ကောင်းမှုကို။ ကတ္ဝာ၊ ပြု၍။ ဟတန္တရာယော၊ ပယ်ဖျောက်အပ်သော အသက်အန္တရာယ်ရှိသည်။ ပုညကမ္မေ၊ ကုသိုလ်ကောင်းမှုကံ၌။ သဒါဒရော၊ အမြဲရှိသေခြင်းရှိသည်။ ဟုတ္ဝာ၊ ဖြစ်၍။ စတုစတ္တာလီသ၀ဿာနိ၊ ၄၄-နှစ်တို့ကာလပတ်လုံး။ ပူရေ၊ အနုရာဓမြို့တော်၌။ ရဇ္ဇံ၊ မင်းအဖြစ်ကို။ အကာရယိ၊ ပြုပြီ။ ဤကား အနက်။

ဤသို့ ဝသဘမင်း၏ အာသက်ရှည်ခြင်း အကြောင်းများကို ထောက်ထားဆင်ခြင်၍ စေတီ-ကျောင်း-ဇရပ်-စေ်ာင်းတန်းဟောင်းများကို ပြုလုပ်ပြင်ဆင်ရခြင်းသည် ယခုဘဝ ပစ္စက္ခ၌ပင် အာသက်ရှည်ခြင်းအကျိုးကို ပေးနိုင်သည်ဟု မှတ်ယူအပ်၏။ သုဂတိသို့လားရခြင်း၊ နိဗ္ဗာန်သို့ ရောက်ရခြင်းအကျိုးများကို ရေးသား၍ မပြသော်လည်း ကြားဖူးနားဝ ဗဟုသုတရှိကြသော အတိုင်းဖြင့် နှိုင်းချင့်၍ယူနိုင်လောက်ပြီ။ ဤကား ဒသမပုစ္ဆာ၌ မှတ်သားဖွယ်တည်း။

၁၁-ကောဒသမပုစ္ဆာ၏ အဖြေ

သုသာန်ကို ဝင်းခြံကာ၍ သုသာန်အတွင်း၌ လမ်းလုပ်ပေးရခြင်း၏ အကျိုးကိုလည်း သိလိုပါသည်ဟူရာ၌ အကျိုးကိုသာ သိထိုက်သည် မဟုတ်ပေ။ ထိုအကျိုး၏ အကြောင်းကိုလည်း သိဆိုက် သိအပ်တော့သည်သာတည်း။ ထို့ကြောင့် သုသာန်ကို ဝင်းခြံကာခြင်း၊ သုသာန်အတွင်း၌ လမ်းလုပ်ပေးရခြင်းသည် ငါးခုမြောက် ပဉ္စမပုစ္ဆာ၌ ပြဆိုအပ်ခဲ့ပြီးကုန်သော-

> အနဝဇ္ဇကမ္မာနိနာမ ဥပေါသထဇ်သမာဒါန ဝေယျာဝစ္စကရဏ အာရာမဝနရောပနသေတု ကရဏာဒီနိ ဟူသော သုတ္တန်ပါတ် အဋ္ဌကထာ၊ ခုဒ္ဒကပါဋ္ဌ အဋ္ဌကထာ။
>
> တဒုဘယ ဝဇ္ဇပဋိပက္ခဘူတာနိ အနဝဇ္ဇကမ္မာနိ နာမ ဥပေါသထဇ် သမာဒါန-ဝေယျာဝစ္စကရဏ အာရာမ ဝနရောပနသေတု ကရဏာဒီနိ ကာယဝစီမနော သုစရိတကမ္မာနိ-ဟူသော သာရတ္ထသမုစ္စယ အဋ္ဌကထာပါဋ္ဌ။

ဤအဋ္ဌကထာပါဋ္ဌတို့အတိုင်းအား‌ဖြင့် အနဝဇ္ဇကမ္မမဂ်လာကုသိုလ်ဖြစ်၏ ဟူ၍မှတ်။ ထို့ကြောင့် ယင်းအဋ္ဌကထာပါဋ္ဌတို့တွင် (သေတုကရဏာဒီနိ) ဟူသောပုဒ်၌ (အာဒိ) သဒ္ဒါဖြင့် ဇရပ်ဆောက်ခြင်း၊ ရေတွင်းရေကန်တူးခြင်း၊ သွားလာရုလမ်းရိပ် ပြုပြင်ခြင်း စသည်တို့ကိုလည်းကောင်း၊ ကာယသုစရိုက် စသော ဝါရိတ္တသီလကိုလည်းကောင်း ယူအပ်သည်၏အဖြစ်ကို ပြဆိုအပ်ခဲ့ပြီ၊ ထိုပါဋ္ဌတို့၏ အနက်ကိုလည်း ရှေးကဆိုခဲ့ပြီ။

ထိုကုသိုလ်၏ အကျိုးကိုကား ငါတို့ ဂေါတမဘုရား ပွင့်တော်မမူမီ မာဂဓတိုင်း၊ မစလရွာ၌ မာဃလုလင်သည် လမ်းခရီးပြုပြင်ခြင်း၊ ဇရပ်ဆောက်ခြင်း၊ ရေကန်တူးခြင်း၊ တံဘားဆောက်ခြင်း ကုသိုလ်ကိုပြု၍ တာဝတိံသာနတ်ပြည်၌ သိကြားမင်း၏စည်းစိမ်ကို ရသကဲ့သို့ သုဂတိဘဝသို့လားရခြင်း အကျိုးရှိသည်ဟု မှတ်ယူလေ။ မာဃလုလင်၏အကြောင်းကို သုတ်မဟာဝါအဋ္ဌကထာ၊ သက္ကပဉ္ဉာသုတ်အဖွင့်၌-

> သော ကာလဿေဝ ဝုဋ္ဌာယ ယာဂုံ ပိဝိတ္ဝာ ဝါသိ-ဖရသု-ကုဒါလ မုသလ-ဟတ္ထော စတုမဟာပထံ ဂန္ဓာ၊ မုသလေန ပါသာဏေ ဥစ္စာလေ ကတ္ဝာ ပဝဋ္ဋေသိ၊ ယာနာနံ အက္ခ ပဋိဃာတရုက္ခေ ဟရတိ၊ ဝိသမံ သမံကရောတိ စတုမဟာ-ပထေ သာလံ ကရောတိ၊ ပေါက္ခရဏိံ ခဏတိ၊ သေကံ ဗန္ဓတိ-ဟူ၍ လည်းကောင်း။

မာဃော ယာဝတာယုကံ ဌတ္ဝာ တတော စဝိတ္ဝာ တာဝတိံသဘဝနေ သက္ကောဟုတ္ဝာ နိဗ္ဗတ္တိ-ဟူ၍လည်းကောင်း ဖွင့်ဆိုတော်မူအပ်၏။

သော၊ ထိုမာဃလုလင်သည်။ ကာလသော၀၊ စောစောကသာလျှင်။ ဝုဋ္ဌာယ၊ ထ၍။ ယာကုံ၊ ယာဂုကို။ ပိ၀ိဘ္ဝာ၊ သောက်၍။ ၀ါသိ-ဖရသု-ကုဒါလ-မုသလဟတ္ထာ၊ ပဲကွပ်-ပုဆိန်-မေားမ-ကျည်ပွေ့ (လက်ရိုက်) လက်စွဲလျက်။ စတုမဟာပထံ၊ လေးခုသော လမ်းဆုံသို့။ ဂန္တွာ၊ သွား၍။ မုသလေန၊ ကျည်ပွေ့ (လက်ရိုက်)ဖြင့်။ ပါသာဏော၊ မြင့်မောက်သော ကျောက်တိုက်ကို။ ဥစ္စာသတ္ထာ၊ ထုတ်၍။ ပ၀ဋ္ဋေသိ၊ နိမ့်ရာသို့ လိမ့်ကျစေ၏။ ယာနာနံ၊ လှည်းရထား စသောယာဉ်တို့၏။ အက္ခပဋိဟာဘရုက္ခေ၊ ဝင်ရိုးစွန်းတို့ဖြင့် တိုက်ကုန်သော သစ်ပင်တို့ကို။ ဟရတိ၊ ပယ်၏။ ဝိသမံ၊ မညီညွတ်သော လမ်းကို။ သမံ၊ ညီညွတ်အောင်။ ကရောတိ၊ ပြု၏။ စဘုမဟာပထေ၊ လေးခုသောလမ်းဆုံ၌။ သာလံ၊ တည်းခိုနားနေစရာ ဇရပ်ကို။ ကရောတိ၊ ဆောက်လုပ်၏။ ပေါက္ခရဏိံ၊ ရေကန်ကို။ ခဏတိ၊ တူး၏။ သေတုံ၊ တံတားကို။ ပန္ဓတိ၊ ဖွဲ့၏။ (ဤစကားဖြင့် မာဃလုလင်သည် ပြုအပ်သောကုသိုလ်ကံကို ပြသည်)။ မာဃော၊ မာဃလုလင်သည်။ ယာဝတာယုကံ၊ အသက်ရှည်သမျှကာလပတ်လုံး၊ ဌတ္ဝာ၊ တည်၍။ တဒဘာ၊ ထိုမာဃဘ၀မှ။ စဝိတ္ဝာ၊ စုတေ၍။ တာဝတိံသဘ၀နေ၊ တာ၀တိံသာဘုံ၌။ သက္ကော၊ သိကြားမင်းသည်။ ဟုတ္ဝာ၊ ဖြစ်၍။ နိဗ္ဗတ္တိ၊ ဖြစ်၏။ (ဤစကားဖြင့် အကျိုးကို ပြသည်)

ဤမာဃလုလင်၏ကုသိုလ်သည် နတ်ပြည်ကိုတောင့်တ၍ ပြုအပ်သောကြောင့် နတ်ပြည်၌ အကျိုးပေးသည်။ အကယ်၍--လူ့ပြည်ကို တောင့်တ၍ ပြုအပ်သည်ဖြစ်မူကား။ လူ့ပြည်၌ လည်း-အကျိုးပေးနိုင်၏။ နိဗ္ဗာန်ကို-တောင့်တ၍ ပြုအပ်သည်ဖြစ်လျှင်လည်း နိဗ္ဗာန်ကိုလည်း-ပေးနိုင်သည်။ ယခုမေးလျှောက်အပ်သော သုသာန်ကို ဝင်းခြံကာ၍ သုသာန်အတွင်း၌လမ်းလုပ်ခြင်းကုသိုလ်ကိုလည်း မာဃလုလင်၏ကုသိုလ်အလားတသားတည်း မှတ်ယူအပ်၏။ ဤကား ကောဒသမပုစ္ဆာ၌ မှတ်သားဖွယ်တည်း။

၁၂-ဒွါဒသမပုစ္ဆာ၏အဖြေ

သူတထူး-လှူထားအပ်သော တန်ဆောင်းပြာသာဒ်ဘုံကိုဖျက်၍ နောက်အသစ်ထပ်မံ၍ လည်ပေါ်အမိုးလုပ်ထိုက်-မလုပ်ထိုက်ဟူသော ဒွါဒသမပုစ္ဆာ၌ မှတ်သားရန်ကား။ သူတထူး လှူထားအပ်သော တန်ဆောင်းပြာသာဒ်ကိုဖြစ်စေ၊ မိမိလှူထားအပ်သော တန်ဆောင်း ပြာသာဒ်ကိုဖြစ်စေ အထက်ဘုံမှကိုဖျက်ဆီး၍ အမိုးမှကို ပြင်ဆင်ပြုလုပ်သည်ဖြစ်စေ၊ တဆောင်လုံးကို ဖျက်ဆီး၍ ထပ်မံပြုလုပ်သည်ဖြစ်စေ စေတီတော်အကျိုးငှါ ကောင်းသည်ထက် ကောင်းအောင် ပြုလုပ်သောအရာဖြစ်၍ ပြုလုပ်အပ် ပြုလုပ်ထိုက်သည်သာတည်း။ ထို့ကြောင့် ပရိ၀ါအင္ဂကထာ ကမ္မ၀ဂ်အဖွင့်၌။

စေတိယေ ဆတ္တံ၀ါ ၀ေဒိကံ၀ါ ဟာမိယရံ၀ါ အာသနဃရံ၀ါ အကတံ၀ါ ကရောန္တေန ဇိဏ္ဏေ၀ါ ပဋိသင်္ခရောန္တေန သုဓာကမ္မံ၀ါ ကရောန္တေန မဟုဿသဘာဝပေတွာ ကာတုံ ဝဋ္ဋတိ၊ သစေကာရကောနာမံ၊ စေတိယဿဥပနိဿယတော ကာရကဿ-ဟူ၍၊ ဖွင့်ဆိုတော်မူအပ်၏။

စေတိယေ၊ စေတိတော်၌။ အကတံ၊ မပြုအပ်သော။ ဆတ္တံဝါ၊ ထီးကိုလည်းကောင်း။ ဥဒိက်ဝါ၊ ပုတ်လုံးကိုလည်းကောင်း။ ဗောဓိဃရုံဝါ၊ ဗောဓိအိမ်ကို လည်းကောင်း။ အာသနဃရုံဝါ၊ ရုပ်ပွားတော်ထားရာ ဇရပ်-တန်ဆောင်းဘုရားကျောင်းကို လည်းကောင်း။ ကရောန္တောနဝါ၊ ပြုသောသူသည် လည်းကောင်း။ ဇီဏ္ဏော၊ ဟောင်းနွမ်းဆွေးမြည့်သည်တို့ကို။ ပဋိသင်္ခရောန္တောနဝါ၊ အသစ်တဖန် ထပ်မံပြင်ဆင်သောသူသည် လည်းကောင်း။ သုဓာကမ္မံ၊ အင်္ဂတကိုင်ခြင်းကို။ ကရောန္တောနဝါ၊ ပြုသောသူသည်လည်းကောင်း။ မနုဿာ၊ လူတို့ကို။ သမာဒပေတွာ၊ ညှိနှိုင်းနှိုးဆော်၍၊ ကာတုံ၊ ပြုခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။ ကာရကော၊ မိမိ ဥစ္စာဖြင့်ပြုလုပ်သောသူသည်။ သစေနတ္ထိ၊ အကယ်၍-မရှိငြားအံ့။ စေတိယသာ၊ စေတီတော်၏ ဥပနိက္ခေပတော၊ ဘဏ္ဍာထိန်းထံ-အပ်နှံထားအပ်သော-ဘဏ္ဍာတော်ဖြင့်။ ဝါ၊ ဘဏ္ဍာတော်မှ။ ဂဟေတွာ၊ ယူ၍။ ကာရေတဗ္ဗံ၊ ပြုလုပ်စေအပ်၏။ ဤကား-အနက်။

ဤအဋ္ဌကထာပါဠိ၌ "အာသနဃရံဝါ" ဟူသောပါဠိဖြင့် ကိုယ်ထားတော်ရုပ်ပွား ဟည်ထားကိုးကွယ်ရာ ဇရပ် တန်ဆောင်းဘုရားကျောင်းကို-ပြတော်မူအပ်၏။ "ဇီဏ္ဏောဝါ ပဋိသင်္ခရောန္တောန" ဟူသောပါဠိဖြင့် ဆွေးမြည့်ဟောင်းနွမ်းသည်ကို အသစ်တဖန် ထပ်မံပြုပြင်အပ်သည်၏အဖြစ်ကို ပြတော်မူအပ်၏။

ဤနေရာ၌ "ဇီဏ္ဏောဝါ"ဟု-ဖွင့်ဆိုတော်မူခြင်းသည် ဒဿနနည်းမျှသာ။ ထိုဇီဏ္ဏောဝါ ဟူသောပါဠိဖြင့် မဆွေးမြည့်-မဟောင်းနွမ်းသော်လည်း ပထမရှိုင်းထက် လွန်ကဲတင့်တယ် ကြည်ညိုဖွယ်ဖြစ်ခြင်းငှါ ပထမရှိုရင်းစွဲကိုဖျက်ဆီး၍ အသစ်တဖန် ထပ်မံပြုလုပ်ခြင်းသည်လည်း အပြစ်မရှိသည့်ပြင်သန့်စင်သော ကုသိုလ်တရားပင်ဖြစ်တော့သည်။

"စေတိယဿ ဥပနိက္ခေပတော ကာရေတဗ္ဗံ"ဟူသောပါဠိဖြင့် ဘဏ္ဍာထိန်းထံအပ်နှံ ထားအပ်သော စေတိယသန္တကဖြင့်သော်လည်း စေတီအကျိုးငှါပြုအပ် ပြုစေအပ်သည်၏ အဖြစ်ကို သိအပ်သဖြင့် ထိုဇရပ် တန်ဆောင်းဘုရားကျောင်းမှကျသော သစ်-ဝါးစသည်တို့ ဖြင့်လည်းကောင်း မိမိဥစ္စာဖြစ်သော သစ်-ဝါးစသည်တို့ဖြင့်လည်းကောင်း အသစ်တဖန် ထပ်မံပြုပြင်ရာ၌ကား ဆိုဖွယ်မရှိ ပြုအပ်၏ဟူ၍သာ မှတ်ယူအပ်၏။ ဤအရာပယ် တန်ဆောင်း ပြာသာဒ်ကိုဖျက်ဆီး၍ဟူရာ၌ ပဒုဒ္ဓစိတ်ဖြင့်သာ မဖျက်ဆီးအပ်သည်။ ကောင်းသည်ထက် ကောင်းအောင် အသစ်တဖန် ထပ်မံပြုပြင်လို၍ ဖျက်ဆီးရာ၌ကား အပြစ်မရှိသည့်ပြင် ကုသိုလ်ပင်-ဖြစ်သေးသည်။

ဤအရာ၌ ဒုဝဒတ်သည် လိုမ့်ချအပ်သော-ကျောက်လုံးအန္တရာယ်ကြောင့် ဘုရားရှင် သည် ခြေမတော်၌ နာကျင်သောဒုက္ခဝေဒနာကို ခံရှာတော်မူရသည်၊ ဇီဝကသည် ချမ်းသာ ဘောဂမူရန် ထိုအနာကိုဝေးဖြင့်ဖောက်၍ ကုသခြင်းကြောင့် ခြေမတော်၌ နာကျင်သော ဒုက္ခဝေဒနာကို ခံရှာတော်မူရသည်။ ယင်းသို့-နာကျင်သော ဒုက္ခဝေဒနာကို ခံရှာတော်မူ ရအောင်-ပြုလုပ်ခြင်းတူသော်လည်း ဒေဝဒတ်မှာ ပဒုဒ္ဓစိတ်ကြောင့် အကုသိုလ်ဖြစ်ရခြင်း ဇီဝကမှာ-ဖာသုကာမတာ (ချမ်းသာခြင်းကိုအလိုရှိသော) စိတ်ကြောင့် ကုသိုလ်ဖြစ်ရခြင်း များသည် သာဓကဖြစ်တော့သည်။ ဤကား-ဒွါဒသမ ပုစ္ဆာ၌ မှတ်သားဖွယ်တည်း။

၁၃-တေရသမပုစ္ဆာ၏အဖြေ

ယခုလောကဌ် အစိုးရ အရာရှိတို့သည် မင်းပြစ်မင်းဒဏ်ထိုက်လတ်သူတို့ကို တရားဥပဒေအလိုက် ဆုံးမကြပါသည်။ ထိုအစိုးရအရာရှိတို့၏ မင်းကျင့်တရား ၁၀-ပါးနှင့် ညီအောင် ကျင့်၍ အဂတိ ၄-ပါး မလိုက်စားပဲ စိရင်ဆုံးဖြတ်ခြင်းသည် အကုသိုလ်ဖြစ်-မဖြစ်ကို သိလိုပါသည် ဟူသော တေရသမပုစ္ဆာဌ် မှတ်သားရန်ကား-

တနေ့သဌ် ကောသလမင်းကြီးသည် အဂတိ လေးပါးသို့ လိုက်စား၍ မတရားသဖြင့် သူတပါးတို့ ဆုံးဖြတ်အပ်သောတရားကို တရားနှင့်ညီစွာ ဆုံးဖြတ်၍ နံနက်စာ စားပြီးလျှင် စိုစွတ်သော လက်ရှိသည်ဖြစ်၍ တန်ဆာဆင်အပ်သော ရထားကိုစီးလျက် ဘုရားထံသို့ သွား၍ ပွင့်သစ်သော ပဒုမ္မာသဖွယ် တင့်တယ်သော အာသရေရှိကုန်သော ခြေတော်မြတ် အစုံတို့ဌဲ့ ဦးတိုက်ပြီးကာ ရှိသေစွာ ရှိခိုး၍ တင့်တယ်အပ်သော နေရာဌဲ့ထိုင်လေ၏။

ထိုအခါ မြတ်စွာဘုရားသခင်သည် မြတ်သောမင်းကြီး အလွန် နေမြင့်သော အခါဌဲ့ ဘယ်မှ လာသနည်းဟု မေးတော်မူ၏။ ဘုန်းတော်သခင် အရှင်ဘုရား၊ ယနေ့အခါ အဂတိ လေးပါးသို့ လိုက်စား၍ မတရားသဖြင့် သူတပါးတို့ ဆုံးဖြတ်အပ်သော တရားတခုကို တရားနှင့် ညီစွာ ဆုံးဖြတ်နေရသဖြင့် အခွင့်မရသည်ဖြစ်၍ ယခုမှသာ ဆည်းကပ်ရာသို့ ရောက်ရပါ၏တော့ သည်ဘုရားဟု လျှောက်ထားလေလျှင် ဘုရားရှင်သည် မင်းကြီး တရားနှင့်ညီစွာ ဆုံးဖြတ်ခြင်း မည်သည် ကုသိုလ်ပင်တည်း၊ နတ်ပြည်သို့ လားရခြင်း၏အကြောင်းပင်တည်း။ သဗ္ဗညုတဉာဏ်ဖြင့် တော်မူသော ငါဘုရား၏အထံတော်မှ ဩဝါဒကို ရကြကုန်သော သင်မင်းကြီးတို့သည် တရားနှင့်ညီစွာ စီရင်ဆုံးဖြတ်ကြကုန်၏။ ထိုသို့ စီရင်ဆုံးဖြတ်ခြင်းသည် အံ့ဩဖွယ်မရှိလှသေး။ ဤသောအခါဌဲ့ သဗ္ဗညု မဟုတ်ကုန်သော ပညာရှိတို့၏ စကားကို နာကြားရကုန်၍ တရားသဖြင့် စီရင်ဆုံးဖြတ်ကြကုန်၊ မင်းကျင့်တရား ၁၀-ပါးနှင့်ညီစွာ မင်းပြုလုပ်ကုန်၍ နတ်ပြည်သို့ ရောက်ကြကုန်ခြင်းသာ လွန်စွာ အံ့ဩဖွယ်ရှိ၏ဟု ဟောကြားတော်မူ၍ ဆိတ်ဆိတ်နေတော်မူသတည်း။ ဤအကြောင်းကို ဆိုလတ်ံသော ပါဠိဖြင့် သိအပ်၏။

သံတ္ထာ မဟာရာဇ ဓမ္မေန သမေန အဋ္ဌံ ဝိနိစ္ဆယံနာမ ကုသလံ၊ သဂ္ဂမဂ္ဂေါ
သေ အနစ္ဆရိယံ ခေါ ပနေတံ ယံ တုမှေ မာဒိသာသ သဗ္ဗညု ဗုဒ္ဓသ သန္တိကေ
ဩဝါဒံ လဘမာနာ ဓမ္မေန အဋ္ဌံ ဝိနိစ္ဆနေယျာထ၊ ဧတ ဒေဝ အစ္ဆရိယံ ယံပုရေ
ရာဇာနော အာသဗ္ဗညုနံပိ ပဏ္ဍိတာနံ ဝစနံ သုတ္ဝာ ဓမ္မေန သမေန အဋ္ဌံ နိ
နန္တာ စတ္တာရိ အဂတိဂမနာနိ ဇဇ္ဇေတ္ဝာ ဒသရာဇဓမ္မေ အကောပေတ္ဝာ ဓ
ရဇ္ဇံကာရေတ္ဝာ သဂ္ဂပုရံ ပူရယမာနာ အဂမိံသူတိဝတ္ဝာ တုဏှီအဟောသိ။ (ဂု
နိပါတ်၊ ရာဇောဝါဒဇာတ် အဋ္ဌကထာပါဠိ)။

သတ္ထာ၊ မြတ်စွာဘုရားသည်။ မဟာရာဇ၊ မြတ်သောမင်းကြီး။ ဓမ္မေန၊ တရားနှင့်။ သမေန၊ ညီညွတ်စွာ။ အဋ္ဌံ၊ စွဲဆိုအပ်သောတရားကို။ ဝိနိစ္ဆယံနာမ၊ ဆုံးဖြတ်ခြင်းမည်သည်ကား။ ကုသလံ၊ကုသိုလ်တည်း။ ဧသ-ဧသော၊ ဤသို့ တရားနှင့်ညီစွာ ဆုံးဖြတ်ခြင်းသည်။ သဂ္ဂမဂ္ဂေါ၊ နတ်ပြည်သို့ရောက်ကြောင်း လမ်းကောင်းပေတည်း။ တုမှေ၊ သင်မင်းကြီးတို့သည်။

မာဒိသဿ၊ ငါကဲ့သို့သော။ သဗ္ဗညုဗုဒ္ဓဿ၊ အလုံးစုံသော တရားကို သိတော်မူသော ဘုရား ရှင်၏။ သန္တိကဝ၊ အထံတော်မှ။ ဩဝါဒံ၊ အဆုံးအမကို။ လဘမာနာ၊ ရကုန်သည်ဖြစ်၍။ ဝါ၊ ရကုန်သော။ တုမှေ၊ သင်မင်းကြီးတို့သည်။ အဋ္ဌ်၊ စွဲဆိုအပ်သောတရားကို။ ဓမ္မေန၊ တရားသဖြင့်။ ယံဝိနိစ္ဆယျာထ၊ အကြင်ဆုံးဖြတ်ကုန်ရာ၏။ ဧတံ၊ ဤသို့ ဆုံးဖြတ်ခြင်းသည်။ အနုစ္ဆရိယံ၊ အံ့ခြီးဖွယ်ရာ မဟုတ်လှသေး။ ပုဗ္ဗေ၊ ရှေးအခါ၌။ ရာဇာနော၊ မင်းတို့သည်။ အသဗ္ဗညုနံပိ၊ သဗ္ဗညုလည်း မဟုတ်ကုန်သော။ ပဏ္ဍိတာနံ၊ ပညာရှိတို့၏။ ဝစနံ၊ ဟောပြောဆုံးမ ဩဝါဒစကားကို။ သုတ္ဝာ၊ ကြားနာရကုန်၍။ ဓမ္မေန၊ တရားနှင့်။ သမေန၊ ညီစွာ။ အဋ္ဌ်၊ စွဲဆိုအပ်သောတရားကို။ ဝိနိစ္ဆနန္တာ၊ ဆုံးဖြတ်ကုန်သည်ဖြစ်၍။ စတ္တာရိ၊ ၄-ပါး ကုန်သော။ အဂတိ ဂမနာနိ၊ အဂတိသို့ လိုက်စားခြင်းတို့ကို။ ဝဇ္ဇေတွာ၊ ကြဉ်ရှောင်၍။ ဒသရာဇဓမ္မေ၊ ၁၀-ပါးကုန်သော မင်းကျင့်တရားတို့ကို။ အကောပေတွာ၊ မပျက်စီးကုန်မူ၍။ ဓမ္မေန၊ တရားသဖြင့်။ ရဇ္ဇံ ကာရေတွာ၊ မင်းလုပ်ကြကုန်၍။ သဂ္ဂပူရံ၊ နတ်ပြည်သို့။ ဝါ၊ နတ်ပြည်ကို။ ပူရယမာနာ၊ ပြည့်စေကုန်လျက်။ ယံ အဂမိံသု၊ အကြင် သွားကြကုန်ပြီ။ ဧတေ ဒေဝဲ၊ ဤသို့ သွားကြကုန်ခြင်းသည်သာလျှင်။ အစ္ဆရိယံ၊ အံ့ဩခြီးမှမ်းဖွယ်ပေတည်း။ ဣတိ၊ ဤသို့။ ဇာတ္ဝာ၊ မိန့်ဆိုတော်မူ၍။ တုဏှီ၊ ဆိတ်ဆိတ်နေသည်။ အဟောသိ၊ ဖြစ်ပြီ။ ဤကား-အနက်။

ဤအဋ္ဌကထာပါဠိ၌ မဟာရာဇ ဓမ္မေန သမေန အဋ္ဌံ ဝိနိစ္ဆယံနာမ ကုသလံ သဂ္ဂ မဂ္ဂါသေ” ဟူသော ပါဠိဖြင့် မေးလျှောက်ယင်း စကားအတိုင်း အဂတိ ၄-ပါးလိုက်စားမရှိ မစွန်းငြိပဲ၊ တည့်တည့်ရိုးသား၊ တရားဖြောင့်စင်း၊ ဆုံးဖြတ်ခြင်းကို၊ ကုသိုလ်ဟူ၍ပင် မှတ်ယူအပ်၏။ ဒုဂါဒသနိပါတဲ၊ မဟာပဒုမဇာတ် အဋ္ဌကထာ၌ကား-

> မဟာ သမတရာဇ ကာလသို့ ဟိ သတတော ဥတ္တရိ ဒဏ္ဍော နာမ နတ္ထိ၊ ပဗ္ဗာဇနိယတော ဥဒ္ဓံ ယတ္ထ ပါဒစ္ဆေဒနဃာတနံ နာမ နတ္ထိ၊ ပစ္ဆာကက္ခဠရာဇူနံ ယေဝ ကာလေ တေ ဥပ္ပန္နံ-ဟူ၍ ဖွင့်ဆိုတော်မူအပ်၏။

ဟိ သစ္စံ၊ မှန်၏။ မဟာသမတရာဇ ကာလသို့၊ မဟာသမ္မတမင်းလက်ထက်တော်၌။ သတတော၊ တရာထက်။ ဥတ္တရိ၊ လွန်ကဲသော။ ဒဏ္ဍောနာမ၊ ဒဏ်မည်သည်။ နတ္ထိ၊ မရှိ။ ပဗ္ဗာဇနိယတော၊ နိုင်ငံတခြား ကျွန်းတပါးသို့ ပို့ထားနှင်ထုတ်ခြင်းထက်။ ဥဒ္ဓံ၊ ကြွမ်းကြုတ် လွန်ကဲသော။ ဟတ္ထပါဒစ္ဆေဒနဃာတနံ နာမ၊ လက်ခြေဖြတ်ခြင်း သတ်ပုတ်ခြင်းမည်သည်။ နတ္ထိ၊ မရှိ။ ပစ္ဆာ၊ နောက်နှောင်းဖြစ်သော။ ကက္ခဠရာဇူနံ၊ ကြမ်းတမ်းသောမင်းတို့၏။ ကာလေယေဝ၊ လက်ထက်၌သာလျှင်။ တေ၊ ဤသို့ လက်ခြေဖြတ်ခြင်း, သတ်ပုတ်ခြင်းသည်။ ဥပ္ပန္နံ၊ ဖြစ်၏။ ဤကား အနက်။

ဤအဋ္ဌကထာစကားဖြင့် ယခုကာလ နိုင်ငံဝေးခြား ကျွန်းတပါးသို့ နှင်ထုတ်ပို့ထားခြင်းထက် ဆထက်လွန်ကျူး အထူးပြင်းထန်လှစွာ မည္သာမကွက် အသက်သတ်ရန် ကြိုးပမ်းသော ဒဏ်မျိုးကို ပိုင်းခြားသတ်မှတ်၍ ပညတ်သော ဥပဒေကိုကား ကရားသဖြင့်ထား၍ဖြင့်သော ဥပဒေဟု မဆိုအပ်ချေ။ ထိုဥပဒေအတိုင်းအား ဖြင့် စီရင်ဆုံးဖြတ်ခြင်းကိုလည်း ယင်းနည်း

တူစ္ဆာ မှတ်ယူရာ၏။ ထို့ကြောင့် ပုစ္ဆာစကား အတိုင်းအား ဖြင့် တရားဥပဒေအလိုက် ဆုံးမကြ ပါသည်ဟု ဆိုငြားသော်လည်း ဥပဒေကို တရားသဖြင့်ထားပါမှ စီရင်ဆုံးဖြတ်ခြင်းသည်လည်း တရားသဖြင့် စီရင်ဆုံးဖြတ်ခြင်း ဖြစ်နိုင်မည်ဟု မှတ်ယူသင့်သည်။

တရားသဖြင့် ဥပဒေကို ထားရာ၌ကား မဟာပဒုမ္မာတ် အဋ္ဌကထာ၌ လာသည့် အတိုင်း အပြစ်အား လျော်စွာ တရာထက်မပို သော ငွေဒဏ်၊ နိုင်ငံဝေးခြား ကျွန်းတပါးသို့ နှင်ထုတ်ပို့ထားခြင်းထက် မပြင်းပြလွန်းသော နှိပ်ကွပ်ခြင်းဥပဒေမျိုးကိုသာ ထားသင့်သည်။

ထိုသို့ထား သော ဥပဒေအတိုင်းအား ဖြင့် အဂတိလေးပါး မလိုက်စားပဲ အပြစ်အား လျော်စွာ ဆုံးမပါမှ ရာဇာဝါဒဇာတ် အဋ္ဌကထာအတိုင်းအား ဖြင့် ကုသိုလ်တရား ဖြစ်ပွား နိုင်ချေမည်။

ထို့ကြောင့် နိုင်ငံဝေးခြား ကျွန်းတပါးသို့ နှင်ထုတ်ပို့ထားခြင်းထက် ပြင်းထန်လှစွာ သော လက် ခြေကိုဖြတ်ခြင်း၊ အသားအရေကို ကွဲကျေစုတ်ပြတ်အောင် ရိုက်နှက်ခြင်း၊ အသက်သေရန် ကြိုးဒဏ်အပြစ်ပေးခြင်းတို့ဖြင့် နှိပ်ကွပ်ခြင်းဥပဒေကို ထားခြင်း။ ထိုဥပဒေ အတိုင်းအား ဖြင့် စီရင်ခြင်းတို့သည်ကား စင်စစ် အကုသိုလ်တရားတို့သာ ဖြစ်ကုန်၏ဟု မှတ်ယူ အပ်၏။ ဤကားတရားသမပုစ္ဆာ၌ မှတ်သားဖွယ်တည်း။

နိဂုံးဂါထာ ပါဠိ အနက်

သာသနဿ တစ္ဆာရေ၊ သက္ကရာဇဝဒဉ္ဇိပေ။
ဖုဿ ဇုဏ္ဏ ဆဋ္ဌသူရေ၊ နိဋ္ဌိတော ယံ ဝိနိစ္ဆယော။

သာသနဿ၊ သာသနာတော်၏။ တစ္ဆာရေ၊ ၂၄၆၆-ခုနှစ်၌။ သက္ကရာဇ ဝဒဉ္ဇိပေ၊ ကောဇာသက္ကရာဇ် ၁၂၇၄-ခုနှစ်၌။ ဖုဿ ဇုဏ္ဏဆဋ္ဌသူရေ၊ ပြာသိုလဆန်း ၆-ရက်နေ့၌။ အယံ ဝိနိစ္ဆယော၊ ဤအာသန္နဒါနာဒိ ဝိနိစ္ဆယကျမ်းသည်။ နိဋ္ဌိတော၊ ပြီးဆုံးခြင်းသို့ ရောက်ပြီ။

၁၂၆၉—ခုနှစ်တွင်

ဓနုဖြူမြို့—သဒ္ဓမ္မဇောတိကာရာမ

တတိယဆရာတော်ဘုရား-ရေးသားသော

ရူပိယဒါနာနိသံသယ

တောင်းပန်လွှာ

ကောဇာသက္ကရာဇ် ၁၂၆၉ခုနှစ်၊ ပဌမဝါဆိုလဆုတ် ၄-ရက်နေ့တွင် ကျိုက်ပိမြို့ ပြန့်ကြီးရွာ၊ ဒီပါလယ်ရွာတို့မှ ဒါယကာအပေါင်းတို့က ရိုသေလေးမြတ် လျှောက်ထားတောင်း ပန်အပ်ပါသည်။ ဆရာတော်အရှင်သူမြတ်ဘုရား။ ယခုကာလ အချို့အချို့ကုန်သော မြို့ရွာဒေသ တို့၌ ရဟန်းတော်အရှင်မြတ်များကို အသုဘရှု ကြွတော်မူပါဟု ငှဲ့လျှောက်ပြီးလျှင် ငွေဒင်္ဂါး ပဒေသာပြုလုပ်၍ ကျွေးဝတ်ထုကိုလှူပါ၏ဟု ဆို၍ လှူဒါန်းကြပါသည်။ အချို့ကား နဝကမ္မတ္ထာယ ဟုဆို၍ လှူဒါန်းကြပါသည်။ အချို့ကား သဘော်စရိတ် သဘော်ခဆို၍ လှူဒါန်းကြပါ သည်။ အချို့ကား ကျွန်အမည်ရှိသောမြို့ ကျွန်အမည်ရှိသောအရပ် ကျွန်အမည်ရှိသောကျောင်း တိုက် ကျွန်အမည်ရှိသော ရဟန်းတော်အား ကပ်လှူရန်ဟု လိပ်စာရေး၍စာတိုက်မှ ပေးပို့ လှူဒါန်းကြပါသည်။ ဘုရားတပည့်တော်များသည် ရဟန်းသံဃာများကို အမြဲကိုးကွယ် ဆည်းကပ်၍နေကြသော ဥပါသကာမျိုးဖြစ်ကြသည့်အလျောက် တခါတရံ ရဟန်းတော်ဇာရှင် များ၏သဘော်ဖြင့် ကြွသွားရန် ကိစ္စများရှိသည့်အခါ ထောက်ပံ့လှူဒါန်းကြရပါသည်။ ရဟန်းတော် အရှင်မြတ်များအား၊လည်း အပြစ်မရှိ အပ်လေအောင် ဒါယကာများ၏ ဒါနလည်း အသပြုရိသဒါနမဖြစ်ရလေအောင် အဘယ်ကဲ့သို့– လှူဒါန်းကြရမည်ကိုလည်း ကောင်း၊ ရဟန်းတော်အရှင်မြတ်တို့အား ခပ်သိမ်းသောအခြင်းအရာအားဖြင့် အပြစ်မရှိပဲ ဝါကပ်၍ နေထိုင်နိုင်အောင် အဘယ်ကဲ့သို့သော ကျောင်းကိုဆောက်လုပ်၍ အဘယ်ကဲ့သို့ဆို၍ လှူဒါန်းကြရမည်ကိုလည်းကောင်း သိမှတ်လိုလှုပါသည်။ အကျဉ်းအားဖြင့်ရေးသားချီးမြှောက် တော်မူမည့်အကြောင်း ရှိသေစွာ လျှောက်ထားအပ်ပါသည် ဆရာတော်အရှင်မြတ်ဘုရား။

ဂန္ဆာရမ္ဘ ပဏာမ ဝံသဋ္ဌကထာ

ဇိနံ ဘိနတ္ဝာနသု ရူပိ မုတ္တမံ၊ ဘိယာစိတော ရူပိယဒါန အာဒိကံ။
ဝိနိစ္ဆယံ ကဿ မုပါသကေဟိတံ၊ သုဏန္တု သန္တာ သတတံ ဟိတေသကာ။

အဟံ၊ ငါသည်။ ဥတ္တမံ၊ အမျိုးအားဖြင့် မြတ်တော်မူထသော။ သုရူပိ၊ လက္ခဏာတော် ကြီးငယ် ဆန်းကကြယ်တို့ဖြင့် သပ္ပာယ်လျောက်ပတ် ကောင်းမြတ်သောရူပကာယ ရှိတော်မူ ထသော။ ဇိနံ၊ ငါးမာရ်အောင်မြင် ဘုရားရှင်ကို။ အဘိနတ္ဝာ-အဘိနမးမိ၊ ဖလုန်ရိုး၁၄၁၁

ရှိခိုးပါ၏။ အဘိနတ္ထာန၊ အလွန်ရှိသေစွာ ရှိခိုးပြီး၍။ ဥပါသကေဟိ၊ ဥပါသကာအပေါင်း တို့သည်။ အဘိယာစိကော၊ ရှိသေတုပ်ဝပ် တောင်းပန်အပ်သည်ဖြစ်၍။ ဝါ၊ တောင်းပန်အပ်သောကြောင့်။ ဝါ၊ တောင်းပန်အပ်သော။ အဟံ၊ ငါသည်။ ရူပိယဒါနအာဒိကံ၊ ရွှေ-ငွေကိုလှူခြင်း အစရှိသည်တို့နှင့်စပ်သော။ ယံ ဝိနိစ္ဆယံ၊ အကြောင်းအဆုံးအဖြတ်ကို။ ကဿံ-ကရိဿာမိ၊ ပြုစီရင်ပေအံ့။ တံ ဝိနိစ္ဆယံ၊ ထိုအဆုံးအဖြတ်ကို။ ဟိတေသကာ၊ သာသနာတော်၏ အစီးအပွား, မိမိတို့၏ အစီးအပွား, လောက၏ အစီးအပွားကို လိုလားရှာမှီးကြကုန်သော။ သန္တော၊ ရဟန်း ရှင် လူ သူတော်တကာတို့သည်။ သတတံ၊ အမြဲမပြတ်။ သုဏန္တု၊ ဖတ်ရှုခါခါ ကောင်းစွာ နာယူကြပါစေကုန်သတည်း။

သက္ကရာဇ် ၁၂၆၉-ခု၊ ပဉ္စမဝါဆိုလဆုတ် ၄-ရက်နေ့က မြောင်းမြဒီစတြိတ် ကျိုက်ပိ မြို့နယ် ပြန့်ကြီးရွာ ဒီပါလယ်ရွာ ဥပါသကာတို့သည် လျှောက်ထားတောင်းပန်အပ်သော စကားရပ်တွင် ယခုကာလ အခွါအခွါကုန်သော မြို့ရွာဒေသတို့၌ ရဟန်းတော်အရှင်မြတ်များကို အသုဘရှု ကြွတော်မူပါဟု ပင့်လျှောက်ပြီးလျှင် ငွေဒင်္ဂါးပဒေသာပြုလုပ်၍ ကျိုက်ထွာကို လှူပါ၏ဟုဆို၍ လှူဒါန်းကြပါသည် ဟူသောစကားဖြင့် ပဒေသာပြုလုပ်၍ငင်ဖြစ်စေ၊ ဓပြုလုပ်ပဲပင်ဖြစ်စေ "ဣဒံ အယျာဿ ဟောတု၊ အယျာဿ ဒမ္မိ" ဟူ၍ မာဂမဘာဿာဖြင့် လည်းကောင်း၊ ကျွှေသည် ကျွှေငွေသည် အရှင်အား ဖြစ်ပါစေ၊ အရှင်ဖို့ဖြစ်ပါစေ၊ ကျွှေ ကျွှေငွေကို အရှင်အား လှူပါ၏ဟူ၍ မြန်မာဘာသာ စသော အမှတ်မရှိ တပါးပါးသော ဘာသာဖြင့် လည်းကောင်း ဆို၍ပေးလှူလျှင် ပေးလှူသော ဒါယကာ၏ဒါနသည် အင်္ဂုတ္တိရ်ပါဠိတော်၌ ဟောတော်မူအပ်ကုန်သော အသပ္ပုရိသဒါန ရှစ်ပါးတို့တွင် လေးခုမြောက်သော "အကပ္ပိယံ ဒေတိ" ဟူသော အသပ္ပုရိသဒါနဖြစ်သည်။ သူတော်မဟုတ် သူယုတ် သူမိုက်တို့၏ အလှူဖြစ်သည်ဟု ဆိုအပ်သည်။

ကျွှေသို့ အသပ္ပုရိသဒါနအဖြစ်ဖြင့် ပေးလှူအပ်သော ရွှေငွေကို ကပ္ပိယကာရကကို ညွှန်၍ပင် ဖြစ်စေ၊ မညွှန်ပဲဖြစ်စေ၊ မိမိဖို့ ခံယူသောရဟန်းအား ရူပိယသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိယပါစိတ် အာပတ်သင့်၏။ သံဃာဂိဏ်း မိမိမှတပါး အခြားသောပုဂ္ဂိုလ် စေတီတို့ဖို့ ခံယူသောရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏။ ထို့ကြောင့် သမန္တပါသာဒိကအဋ္ဌကထာ၊ ရူပိယသိက္ခာပုဒ်အဋ္ဌ၌ စာမျက်နှာ နံပါတ် ၅၇၀-၌-

> တတ္ထ နိဿဂ္ဂိယ ဝတ္ထုံ အတ္တာနောဝါ၊ သံဃ-ဂဏ-ပုဂ္ဂလ-စေတိယာနံ ဝါ အတ္ထာယ သမ္ပဋိစ္ဆတုံ နဝဋ္ဋတိ။ အတ္တာနော အတ္ထာယ သမ္ပဋိစ္ဆတော နိဿဂ္ဂိယံ ပါစိတ္တိယံ ဟောတိ၊ သေသာနံ အတ္ထာယ ဒုက္ကဋ်-ဟု ဖွင့်ပြတော်မူအပ်၏။

တတ္ထ၊ ထိုနိဿဂ္ဂိယဝတ္ထု ဒုက္ကဋ်ဝတ္ထုတို့တွင်။ နိဿဂ္ဂိယဝတ္ထုံ၊ နိဿဂ္ဂိယဝတ္ထုကို။ အတ္တာနော၊ မိမိ၏။ အတ္ထာယဝါ၊ အ[illegible]လည်းကောင်း။ သံဃ-ဂဏ-ပုဂ္ဂလ-စေတိယာနံ၊ သံဃာ, ဂိဏ်း, မိမိမှတပါး အခြားသောပုဂ္ဂိုလ်, စေတီတို့၏။ အတ္ထာယဝါ၊ အကျိုး[illegible] လည်းကောင်း။ သမ္ပဋိစ္ဆတို့၊ ခံယူခြင်းငှာ။ နဝဋ္ဋတိ၊ မအပ်။ အတ္တာနော၊ မိမိ၏။ အတ္ထာယ၊ အကျိုးငှာ။ သမ္ပဋိစ္ဆတော၊ ခံယူသောရဟန်းအား။ နိဿဂ္ဂိယံ၊ ဝတ္ထုကိုစွန့်ခြင်းပဋိညာဉ်း[illegible] ရှေးရှိသော။ ပါစိတ္တိယံ၊ ပါစိတ်အာပတ်သည်။ ဟောတိ၊ ဖြစ်၏။ သေသာနံ၊ [illegible]မှ

ကြွင်းကုန်သော သံဃာ ဂိဏ်း ပုဂ္ဂိုလ် စေတီတို့၏။ အတ္ထာယ၊ အကျိုးငှာ၊ သမ္ပဋိစ္ဆိတော ခံယူသော ရဟန်းအား။ ဒုက္ကဋ်၊ ဒုက္ကဋ်အာပတ်သည်။ ဟောတိ၊ ဖြစ်၏။ ဤသို့ ယောဇနာ။

ရွှေဘဏ္ဍာ, ငွေဘဏ္ဍာ, ရွှေငွေဖြင့်ပြီးသော ဒင်္ဂါး, မုတ်စေ့၊ မူးစေ့, ကြေး, သစ်သား, ချိပ် စသည်တို့ဖြင့် ပြုလုပ်အပ်သော ပိုက်ဆံ၊ ယခုကာလ ရောင်းခြင်း ဝယ်ခြင်း၌ သုံးစွဲနေသော ငွေစက္ကူတို့သည် နိဿဂ္ဂိယဝတ္ထု မည်ကုန်၏။ ပုလဲ, ပတ္တမြား, ကြောင်မျက်ရွဲ, ခရုသင်း, ကျောက်သလင်း, သန္ဘာ, ပတ္တမြားနီ, ပတ္တမြားပြောက်, စပါးမျိုး ၇-ပါး, ကျွန်မိန်းမ, ကျွန်ယောကျ်ား, လယ်, ယာ, ပန်းဥယျာဉ် သစ်သီးဥယျာဉ် အစရှိသည်တို့သည် ဒုက္ကဋ်ဝတ္ထု မည်ကုန်၏။ ထိုဒုက္ကဋ်ဝတ္ထုတို့ကို မိမိဖို့ဖြစ်စေ သံဃာ, ဂိဏ်း, ပုဂ္ဂိုလ်, စေတီတို့ဖို့ဖြစ်စေ ခံယူသောရဟန်း ဒုက္ကဋ်အာပတ်သင့်၏။ ထို့ကြောင့် ယင်းအဋ္ဌကထာဋ္ဌင်-

ဒုက္ကဋ်ဝတ္ထုံ သဗ္ဗေသမ္ပိအတ္ထာယ သမ္ပဋိစ္ဆတော ဒုက္ကဋ်မေဝ ဟု ဖွင့်ပြတော်မူအပ်၏။

ဒုက္ကဋ်ဝတ္ထုံ၊ ဒုက္ကဋ်ဝတ္ထုကို။ သဗ္ဗေသမ္ပိ၊ အလုံးစုံသော မိမို, သံဃာ, ဂိဏ်း, ပုဂ္ဂိုလ်, စေတီတို့၏လည်း။ အတ္ထာယ၊ အကျိုးငှာ။ သမ္ပဋိစ္ဆတော၊ ခံယူသော ရဟန်းအား။ ဒုက္ကဋ်မော၊ ဒုက္ကဋ်အာပတ်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဤကား အနက်။

မဟာပစ္စရိအဋ္ဌကထာ၊ ကုရုန္ဒီအဋ္ဌကထာတို့၌ကား လျော့လျော့ပျပျ ဖွဲ့စည်းအပ်သော အိတ်၌လည်းကောင်း၊ လျော့လျော့ပျပျ ထည့်အပ်သောခွက်၌လည်းကောင်း၊ နိဿဂ္ဂိယဝတ္ထု၏ အရေအတွက်အားဖြင့် အာပတ်သင့်၏။ တင်းတင်းကျပ်ကျပ် သိပ်နယ်၍ ဖွဲ့စည်းအပ်သော အိတ်၌လည်းကောင်း၊ တင်းတင်းကျပ်ကျပ် သိပ်နယ်ထည့်အပ်သော ခွက်၌လည်းကောင်း အာပတ်တချက်သာသင့်၏ဟု ဆိုတော်မူကုန်၏။ ဒုက္ကဋ်ဝတ္ထုကို ခံယူရာ၌ ဒုက္ကဋ်အာပတ် အနည်း အများကို ဆိုအပ်ခဲ့ပြီးသောနည်းအတိုင်း သိ။

ဤသို့လာကုန်သော အဋ္ဌကထာစကားတော်တို့ကိုထောက်၍ ယခုကာလ ငွေပေါများကုန်သောသူတို့က ပဒေသာပင်ကြီး ပြုလုပ်ပြီးလျှင် ငွေပေါများတိုင်း အခိုင်အခိုင်နှင့် မြိုင်မြိုင်ကြီး များများကြီးသိုး၍ အသပွရိသဒါနကို ပြုကြလေလေ အလှူခံသော ရဟန်းအား အာပတ်များများသင့်လေဟု မှတ်။

ဤသို့ ဆိုအပ်ခဲ့ပြီးသော မအပ်သောအခြင်းအရာအားဖြင့် အရှင်ကိုယ်တိုင်ဖြစ်စေ တမန်စေလွှတ်၍ဖြစ်စေ ဤရွှေကို ဤငွေကို ဤဝတ္ထုကို အရှင်အား ပေးလှူပါ၏ဟုဆို၍ ပေးလှူလျှင် ကပ်ပြယ်ကာရကကိုညွှန်၍ ခံယူအပ်၏ဟု ဝိနည်းကျမ်းအစောင်စောင်တို့၌ပင် မရှိ၊ မခံယူအပ်၊ ပယ်အပ်၏ဟု လာရှိချေသည်။

ထို့ကြောင့် ကိုယ်ကျိုးကိုယ်စီးပွား အတိဒုလ္လဘတရဖြစ်သော သာသနာတော်မြတ်၏ အကျိုးစီးပွားကို လိုလားကြကုန်သည်ဖြစ်၍ အလွန်ငြိုငြင်ငင်ပန်းစွာ လုပ်ကိုင်ရွာကြံနိုင်မှ ရအပ်သော မိမိတို့၏ ပစ္စည်းဥစ္စာကို သားသမီးတို့အားလည်း မကျေးရက်၊ မိမိသည်လည်းမ စားရက်၊ သက်သက် သာသနာတော်ကို ကောက်ပဲ့သောအားဖြင့် များစွာ အကုန်အကျခံ၍ လှူဒါန်းကြကုန်သော ဒါယကာတို့သည် ငါတို့သည် ရဟန်းတော်တို့အား အပ်သော သင်္ကန်း ဆွမ်း

အစရှိသော ကပ်ိယပစ္စည်းကိုလျှမ့ ငါတို့၏ဒါနသည် "ကပ်ိယံ ဒေတိ" ဟူ၍ ဟောတော်မူအပ်သော "သပ္ပုရိသဒါန" ဖြစ်၍ ငါတို့၏အကျိုးစီးပွားလည်း စည်ကားပြန့်ပြောမည်၊ အလျှံခံသော ရဟန်းတော်တို့သည်လည်း ရူပ်ယသာဒိယန နိဿဂ်ိအာပတ်မှ လွတ်ကြကုန်၍ သာသနာတော်မြတ်၏ အကျိုးစီးပွားလည်း စည်ကားပြန့်ပြောမည်ဟု ကောင်းမြတ်သော သမ္မာဆန္ဒ၊ ယောနိသောမနသိကာရဖြင့် ရဟန်းတော်တို့အား အပ်သောသင်္ကန်း ဆွမ်း အစရှိသော ကပ်ိယပစ္စည်းကိုသာ ရှာကြံ၍ လှူဒါန်းအပ်သတည်း။

အကယ်၍ ကပ်ိယပစ္စည်းကို ရှာကြံခြင်းငှာ အကြောင်းမသင့်၊ အခွင့်မသာ ရှိခဲ့သော်မိမိအလိုရှိရာ ယုံကြည်အပ်သော ကပ်ိယကာရက၏ လက်၌ဖြစ်စေ၊ ရဟန်းအထံမှတောင်း၍ ရအပ်သော၊ ရဟန်းသည် ညွှန်းအပ်သော ကပ်ိယကာရက၏ လက်၌ဖြစ်စေ အလိုရှိအပ်သော ကပ်ိယပစ္စည်းကို မှတ်သား၍ ဤဝတ္ထုဖြင့် သင်္ကန်းကို ဝယ်၍လှူပါ ဟူ၍လည်းကောင်း၊ ပစ္စည်းကို မမှတ်သားပဲ ဤဝတ္ထုဖြင့် ရဟန်းတော်တို့အား အပ်သောကပ်ိယပစ္စည်းကို ဝယ်၍ လှူပါဟူ၍လည်းကောင်း၊ ကိုယ်တိုင်ဖြစ်စေ၊ တမန်ကိုစေလွှတ်၍ဖြစ်စေ ပြောဆိုအပ်နှံပြီး၍ အရှင်ဘုရား အလိုရှိသောအခါ ဤအမည်ရှိသော ကပ်ိယကာရက၏ လက်မှ သင်္ကန်းကိုတောင်းခံတော်မူပါ ဟူ၍လည်းကောင်း၊ အပ်သောကပ်ိယပစ္စည်းကို တောင်းခံတော်မူပါ ဟူ၍လည်းကောင်း ကိုယ်တိုင်ဖြစ်စေ တမန်ကိုစေလွှတ်၍ဖြစ်စေ ရဟန်းအား လျှောက်ထား၍လည်း လှူအပ်သေး၏။ သပ္ပုရိသဒါနပင် ဖြစ်၏။ ရဟန်းသည်လည်း ကပ်ိယကာရက၏ လက်မှ ကပ်ိယပစ္စည်းကိုသာ ခံယူ သာယာအပ်၏။ ရှေ့ငွေကိုကား တစုံတခုသော အကြောင်းကြောင့်ပင် မသာယာအပ်။ ဤစကားသည် နောက်ဆိုလတ္တံ့သော မေတ္တာက သိက္ခာပုဒ်၌ ထင်ရှားလတ္တံ့။

ဤသို့ လှူဒါန်းရန် ကပ်ိယပစ္စည်း မရ ရအောင် ရှာကြံခြင်းငှာ အကြောင်းမသင့် အခွင့်မသာသော်ကြောင့် ကပ်ိယကာရက၏ လက်၌ ရှေ့ငွေကို အပ်နှံ၍ ကပ်ိယပစ္စည်းကိုသာ လှူလိုသဖြင့် ရဟန်းအထံ၌ ကပ်ိယကာရကကို တောင်းဆိုသော ဒါယကာသည် သင်္ကန်းကိုလှူလိုပါသည်၊ အရှင်ဘုရားအား ကပ်ိယကာရက ရှိပါ၏လော ဟူ၍လည်းကောင်း၊ ကပ်ိယကာရကကို ညွှန်းတော်မူပါဟူ၍ လည်းကောင်း လျှောက်ထားတောင်းဆိုအပ်၏။ ဤသို့ လျှောက်ထားမှ ရဟန်းက ကပ်ိယကာရကကို ညွှန်းထိုက်သည်၊ အကယ်၍ဤဝတ္ထုကို ဘယ်သူယူထားပါမည်နည်း၊ ဘယ်သူအား ပေးရပါမည်နည်း၊ ဘယ်သူအား အပ်လိုက်ရပါမည်နည်းဟု လျှောက်ထားလျှင် ရဟန်းက ကပ်ိယကာရကကို မညွှန်းထိုက်ပေ။ ထို့ကြောင့် ကခ်ါဝိတဂေဏိအဋ္ဌကထာ ဓ၉-၌၊

နိဒ္ဒိသိတဗ္ဗောတိ ဣဒံ၊ အတ္ထိပနာယသ္မာတော ကောစိ ဝေယျာဝစ္စကရောတိ ကပ်ိယဝစနေန ဂတ္တာတ္တာ အနုညာတံ၊ သစေ ပန ဒုတော ကောဣမံ ဂဏှာတိတိဝါ၊ ကဿ ဒေမီတိဝါ ဝဒတိ၊ နနိဒ္ဒိသ်တဗ္ဗော ဟူ၍ ဖွင့်ပြတော်မူအပ်၏။

နိဒ္ဒိသိတဗ္ဗောတိဣဒံ၊ ကပ်ိယကာရကကို ညွှန်းအပ်၏ဟူသော ဤစကားကို။ အာယသ္မာတော၊ အရှင်ဘုရားအား။ ကောစိ၊ တစုံတယောက်သော။ ဝေယျာဝစ္စကရော၊ ကပ်ိယကာရကံသည်။ အတ္ထိပန၊ ရှိပါ၏လော။ ဣတိ၊ ဤသို့။ ကပ်ိယဝစနေန၊ အပ်သောစကား

ဖြင့်။ ဝုတ္တတ္တာ၊ လျှောက်ထားအပ်သည်၏ အဖြစ်ကြောင့်။ အနုညာတံ၊ ခွင့်ပြုတော်မူအပ်၏။ သစေပန၊ အကယ်၍ကား။ ဒုတော၊ တမန်သည်။ ဣမံ၊ ဤဝတ္ထုကို။ ဝါ၊ သင်္ဃိုးဖိုးကို။ ကောဂဏ္ဍာတီတိ ဝါ၊ အဘယ်သူသည် ယူ၍ထားမည်နည်းဟူ၍လည်းကောင်း။ ကဿဒေမီတိဝါ၊ အဘယ်သူအားပေးရ အပ်ရပါမည်နည်းဟူ၍လည်းကောင်း။ ဝဒတိ၊ လျှောက်ထားပြောအံ့။ နနိဒ္ဒိသိတပ္ပော၊ ကပ္ပိယကာရကကို မညွှန်းအပ်။ ဤကား-အနက်။

ဤသို့ ဆိုအပ်ခဲ့ပြီးသောအတိုင်း သပ္ပုရိသူပနိဿယကို ကောင်းစွာရသဖြင့် တတ်သိလိမ္မာသည်အားလျော်စွာ အလှူရှင် ဒါယကာ ကိုယ်တိုင်ဖြစ်စေ၊ အစေအပါးခံ တမန်ယောကျ်ားသည်ပင်ဖြစ်စေ၊ ကပ္ပိယကာရကကို ညွှန်းထိုက်အောင် လျှောက်ထားသည်ရှိသော် ညွှန်းသောရဟန်းသည် ရာဇသိက္ခာပုဒ် ပါဠိတော်၌ "ဧသော ခေါ အာဝုသော ဘိက္ခုနံ ဝေယျာဝစ္စကရောတိ" ဟူ၍လာသော ကပ္ပိယကာရကညွှန်းပုံ အာကာရအတိုင်း "ဤသူသည် ရဟန်းတော်တို့၏ ကပ္ပိယကာရကတည်း" ဟူသော စကားမျှကိုသာ ဆို၍ ညွှန်းအပ်၏။ "ဤသူသည် ငါတို့၏ ကပ္ပိယကာရကတည်း" ဟု ဆို၍ ညွှန်းလျှင်လည်း အပ်သည်ပင်။ ဤသူအား ပေးလိုက် အပ်လိုက် စသော စကားပိုကိုကား မဆိုအပ်။ ထို့ကြောင့် ယင်းအဋ္ဌကထာ (၉၉) ၌ပင်၊

ဝေမေဝ ဟိ ဝတ္တုံ၊ တေဿ ဗေဟိတိအာဒိ နဝတ္တုံ-ဟူ၍ ဖွင့်ပြတော်မူအပ်၏။

ဟိသစ္ဘံ၊ မှန်၏။ ဧဝမေဝ၊ ဤသူသည် ရဟန်းတို့၏ ကပ္ပိယကာရကတည်း။ ငါတို့၏ ကပ္ပိယကာရကတည်း ဟူသော ဤသို့သောစကားကိုသာလျှင်။ ဝတ္တုံ၊ ဆိုအပ်၏။ တေဿ ဒေဟိတိအာဒိ၊ ဤသူအားပေးလိုက် အပ်လိုက် ဤသို့သောစကားကို။ နဝတ္တုံ၊ မဆိုအပ်။ ဤကား-အနက်။

တေဿ ဒေဟိတိအာဒိ၊ ဟူသောပုဒ်၌ အာဒိ သဒ္ဒါဖြင့် သူသိမ်းထားလိမ့်မည်။ သူလဲ၍ ပေးလိမ့်မည်။ သူဝယ်၍ ပေးလိမ့်မည် စသော ပါဠိတော်၌လာသော စကားတို့ကိုယူ။ အကယ်၍ ကပ္ပိယကာရကကို ညွှန်းသောရဟန်းသည် ဤသူအား ပေးလိုက် အပ်လိုက်စသည်ဖြင့် မအပ်မရာသော စကားကို ဆို၍ ညွှန်းသည်ဖြစ်အံ့။ အကပ္ပိယဝတ္ထုသာဒိယနကြောင့် သင့်သော နိဿဂ္ဂိယပါစိတ်အာပတ်မှ မလွတ်၊ ထို့ကြောင့်-

ဧသောခေါ။ ပ။ နဝတ္တုဗ္ဗော တဿ ဒေဟိတိအာဒိ။ အကပ္ပိယ ဝတ္ထုသာဒိယန ပရိဘောစနတ္ထံ ဝုတ္တံ-ဟူ၍ ဝိမတိဝိနောဒနီဋီကာ၌ ဖွင့်ပြတော်မူအပ်၏။

ပါဠိယံ၊ ရာဇသိက္ခာပုဒ် ပါဠိတော်၌။ ဧသောခေါ။ ပ။ နဝတ္တုဗ္ဗော တဿ ဒေဟိတိအာဒိ၊ ဧသော ခေါ။ပ။ နဝဘုဗ္ဗော တဿဒေဟိ- ဤသို့စသော စကားကို အကပ္ပိယဝတ္ထုသာဒိယန ပရိဘောစနတ္ထံ။ အကပ္ပိယဝတ္ထုကို သာယာခြင်းကြောင့်သင့်သော နိဿဂ္ဂိယအာပတ်မှ လွတ်စေခြင်းငှာ။ ဂုတ္တံ၊ ဟောတော်မူအပ်၏။

ဤသို့ ရှေးဝါကျ၌ရှိသော ပါဠိယံ ဟူသောပုဒ်ကို အဓိကာရနည်းအားဖြင့် ဤနောက်ပါဝါကျသို့လိုက်၍ ယောဇနာ၊ ဤသို့လာကုန်သော အဋ္ဌကထာ၊ ဋီကာတို့ကိုထောက်၍ ကပ်ပိယကာရကကို ညွှန်းကုန်သော ရဟန်းတို့သည် ဤသူအား ပေးလိုက် အပ်လိုက်ဟု ဆိုမိရအောင် အထူးသတိဆောင်အပ်ကုန်၏။

ဤအရာ၌ ကပ်ပိယကာရကအပြားကို ဆိုဦးအံ့။ ကပ်ပိယကာရကသည် နိဒ္ဒိဋ္ဌကပ်ပိယကာရက အနိဒ္ဒိဋ္ဌ ကပ်ပိယကာရကဟူ၍ ၂ ယောက်ရှိ၏။ ထိုတွင် ရဟန်းညွှန်း နိဒ္ဒိဋ္ဌ ၄-ယောက်၊ တမန်ညွှန်း နိဒ္ဒိဋ္ဌ ၄-ယောက်အားဖြင့် နိဒ္ဒိဋ္ဌကပ်ပိယကာရက ၈-ယောက်၊ ရဟန်းသည်လည်း မညွှန်းအပ်။ တမန်သည်လည်း မညွှန်းအပ်၊ မိမိအလိုအလျောက် ကပ်ပိယကာရကပြုလုပ်သော အနိဒ္ဒိဋ္ဌကပ်ပိယ ကာရက ၂-ယောက်၊ ပေါင်း ၁၀-ယောက်။ ထိုတွင်–

ရဟန်းညွှန်း ကပ်ပိယကာရက ၄–ယောက်ဟူသည်ကား

(၁) တမန်က အရှင်ဘုရားအား ကပ်ပိယကာရက ရှိပါ၏လောဟု မေးလျှောက်၏။ ရဟန်းက မိမိ၏ အနီးအပါး၌ ထင်ရှား မျက်မှောက်ရှိသောသူကို ဤသူကား ငါတို့၏ ကပ်ပိယကာရကတည်းဟု ညွှန်း၏။ တမန်သည် ကပ်ပိယကာရက၏လက်၌ သင်္ကန်းဖိုးကိုအပ်၍ ဤဝတ္ထုဖြင့် သင်္ကန်းကို ဝယ်၍ မထေရ်တော်အား လှူပါဟု ပြောကြား၍သာ သွား၏။ ရဟန်းကိုကား ဤသူ၏လက်မှ သင်္ကန်းကိုတောင်းတော်မူပါဟု မလျှောက်ထားခဲ့၊ မလျှောက်ထားခဲ့သော်လည်း သင်္ကန်းကို ငါအလိုရှိ၏ဟု ဆို၍ တောင်းခံအပ်သော ကပ်ပိယ ကာရကပင် ဖြစ်သည်။ ဤကား မျက်မှောက်ရဟန်းညွှန်းတယောက်။

(၂) တမန်က အရှင်ဘုရားအား ကပ်ပိယ ကာရက ရှိပါ၏လောဟု လျှောက်၏။ ရဟန်းက ဤအမည်ရှိသောရွာ၌ ဤအမည်ရှိသောသူသည် ငါတို့၏ ကပ်ပိယကာရကတည်းဟု မျက်ကွယ်၌ရှိသောသူကို ညွှန်း၏။ တမန်က ထိုကပ်ပိယကာရကရှိရာသို့သွား၍ ယခင်နည်းတူအင်္ဂါ ပြောဆို၍ ရဟန်းထံသို့ တဖန်ကိုယ်တိုင်ပြန်လာ၍ ထိုကပ်ပိယ ကာရကလက်မှ သင်္ကန်းကို တောင်းခံတော်မူပါဟု လျှောက်ကြား၏။ ဤကား မျက်ကွယ်ရဟန်းညွှန်း ကပ်ပိယ ကာရက တယောက်။

(၃) ယခင်နည်းတူ ကပ်ပိယကာရကထံ၌ အပ်နှံပြောကြား၍ တမန်ကိုယ်တိုင် ရဟန်းထံသို့ ပြန်၍ မလျှောက်ကြားပဲ သူတပါးကို စေလွှတ်၍ လျှောက်ကြား၏။ ဤကား မျက်ကွယ်ရဟန်းညွှန်းတယောက်။

(၄) ယခင်နည်းအတိုင်း ရဟန်းက မျက်ကွယ် အဝေးဌာနရှိသော ကပ်ပိယကာရကကို ညွှန်း၏။ တမန်က သွားကာနည်းကပင် ရဟန်းအား လျှောက်ကြား၍ ကပ်ပိယကာရကရှိရာသို့ သွား၍ အပ်နှံပြောကြား၏။ ဤကား မျက်ကွယ်ရဟန်းညွှန်းတယောက်။ ဤသို့ ရဟန်းညွှန်း နိဒ္ဒိဋ္ဌကပ်ပိယကာရကသည် မျက်မှောက်တယောက်၊ မျက်ကွယ် ၃-ယောက်အားဖြင့် ၄-ယောက် ဖြစ်သတည်း။

တမန်ညွှန်း နိဒ္ဒိဋ္ဌကပ္ပိယကာရက ၄-ယောက် ဟူသည်ကား

(၁) တမန်က အရှင်ဘုရားအား ကပ္ပိယကာရက ရှိပါ၏လော၀ဟု မေးလျှောက်၏။ ရဟန်းက ကပ္ပိယကာရက မရှိဟုဆို၏။ ထိုအခါ တမန်သည် အနီးမျက်မှောက်သို့ လာရောက်သူ၏ လက်၌ သင်္ကန်းဖိုးကိုပေးအပ်ပြောဆိုပြီးလျှင် ဤသူ၏လက်မှ သင်္ကန်းကိုခံယူတော်မူပါဟု ရဟန်းအား လျှောက်ကြားခဲ့၏။ ဤကား မျက်မှောက်တမန်ညွှန်းတယောက်။

(၂) ယခင်နည်းတူ တမန်က လျှောက်ထား၍ ရဟန်းက မရှိဟုဆိုလျှင် တမန်သည် အဝေးမျက်ကွယ်ရှာတွင်းသို့သွား၍ မိမိသည် အလိုရှိအပ် ယုံကြည်အပ်သော တစုံတယောက်သောသူ၏လက်၌ သင်္ကန်းဖိုးကို ပြောဆိုအပ်နှံပြီး၍ ရဟန်းအထံသို့ ကိုယ်တိုင်ပြန်လာ၍ ရဟန်းအား ယခင်နည်းတူ လျှောက်ကြား၏။ ဤကား မျက်ကွယ်တမန်ညွှန်း တယောက်။

(၃) ယခင်နည်းတူ မျက်ကွယ် ကပ္ပိယကာရက၏လက်၌ သင်္ကန်းဖိုးကို အပ်နှံပြောဆိုပြီး၍ ရဟန်းအထံသို့ ကိုယ်တိုင်မပြန်ကြားဘဲ လူလွှတ်၍ လျှောက်ကြား၏။ ဤကား မျက်ကွယ် တမန် ညွှန်းတယောက်။

(၄) ယခင်နည်းတူ တမန်က သွားကတည်းက ရဟန်းအား ဤအမည်ရှိသော သူ၏ လက်မှ သင်္ကန်းကို ခံယူတော်မူပါဟု လျှောက်ကြားခဲ့ပြီးမှ ကပ္ပိယကာရက ထံသို့သွား၍ အပ်နှံပြောဆို၏။ ဤကား မျက်ကွယ်တမန်ညွှန်းတယောက်။ ဤသို့ တမန်ညွှန်း နိဒ္ဒိဋ္ဌကပ္ပိယကာရက သည် မျက်မှောက်တယောက်။ မျက်ကွယ် ၃-ယောက်အားဖြင့် ၄-ယောက်ဖြစ်သတည်း။

အနိဒ္ဒိဋ္ဌ ကပ္ပိယကာရက ၂-ယောက်ဟူသည်ကား

မုခဝေဝဋ္ဌိက ကပ္ပိယ ကာရက၊ ပရမ္မုခကပ္ပိယကာရကအားဖြင့် ၂-ယောက် ရှိ၏။ ထို့တွင်-

(၁) အရှင်ဘုရားအား ကပ္ပိယကာရကရှိပါ၏ လော၀ဟု တမန်က မေးလျှောက်၏။ မရှိဟု ရဟန်းက ဆို၏။ ထိုစကားကို အနီးမျက်မှောက်၌ရှိသောသူသည် ကြား၍ အာကျန့်ပ်သည် သင်္ကန်းကိုဝယ်၍ မထေရ်အား လှူလိုက်ပါ၏မည်။ သင်္ကန်းဖိုးကို ပေးခဲ့ပါဟုဆို၏။ တမန်သည် ထိုသူ၏လက်၌ အပ်ပေး၍သာ သွား၏။ ရဟန်းအား မလျှောက်ထားခဲ့။ ဤကား- မုခဝေဝဋ္ဌိကကပ္ပိယကာရကတည်း။

(၂) တမန်သည် ရဟန်း၏မျက်ကွယ်၌ တစုံတယောက်သောသူ၏လက်၌ သင်္ကန်းဖိုးကို ပေး၍ မထေရ်အား သင်္ကန်းကိုဝယ်၍ လှူလိုက်ပါဟု ပြောကြားမှာထား၍ သွား၏။ ရဟန်းအား မလျှောက်ကြား။ ဤသည်ကား ပရမ္မုခကပ္ပိယကာရကတည်း။ ဤသို့ အနိဒ္ဒိဋ္ဌ ကပ္ပိယကာရက ၂-ယောက်၊ ပေါင်း ၁၀-ယောက်ဖြစ်၏။

တမန်ကို မစေလွှတ်ပဲ အလှူရှင်ကိုယ်တိုင် သင်္ကန်းဖိုးကို ယူခဲ့၍ ကပ္ပိယကာရက လက်၌ အပ်နှံခြင်း၊ ရဟန်းကို လျှောက်ကြားခြင်း၊ သင်္ကန်းမှတပါးသော ဆွမ်းစသော ကပ္ပိယပစ္စည်းကို အာရုံပြု၍ ပေးလှူခြင်းတို့၌လည်း နည်းတူပင်ဟု မှတ်။

ထိုကဲ့ပြိယကာရက ၁၀-ယောက်တို့တွင် ရဟန်းညွှန်း နိဒ္ဒိဋ္ဌကပြိယကာရက ၄-ယောက်တို့၌ ရာဇသိက္ခာပုဒ်အတိုင်း ရဟန်းသည် ကျင့်အပ်၏။ ကျင့်သော အခြင်းအရာကား-

ကပြိယကာရကထံသို့ ချဉ်းကပ်၍ ဒါယကာ သက်နှံးကို အလိုရှိ၏။ ဤမျှသောစကားကို ဆို၍ ၃-ကြိမ်တောင်းအပ်၏။ ငါ့အား သက်နှံးပေးပါ။ ဤသို့စသော စကားကိုကား မဆိုအပ်။ ဆိုသော ရဟန်းအား ဒုက္ကဋ် အာပတ်သင့်၏။ ထို့ကြောင့် သာရတ္ထဒီပနီ ဋီကာ (၁၀၀)၌။

ဧဝံ ဝဒန္တော ပဋိက္ခိပိတဿ ကတတ္တာ ဝတ္တဘေဒေ ဒုက္ကဋံ အာပဇ္ဇတိ၊ စောဒနာ ပန ဟောတိယေဝါတိ မဟာဂဏ္ဌိပဒေ မဇ္ဈိမဂဏ္ဌိပဒေ စ ဝုတ္တံ-ဟူ၍ ဖွင့်ပြဘော်မူအပ်၏။

ဧဝံ ဝဒန္တော၊ ဤသို့ ငါ့အား သက်နှံးပေးပါစသောစကားကို ဆိုသော ရဟန်းသည်။ ပဋိက္ခိပိတဿ၊ ပယ်တော်မူအပ်သည်ကို။ ကတတ္တာ၊ ပြုအပ်သည်၏အဖြစ်ကြောင့်။ ဝတ္တဘေဒေ၊ ဝတ်ပျက်ခြင်းကြောင့်။ ဒုက္ကဋံ၊ ဒုက္ကဋ်အာပတ်သို့။ အာပဇ္ဇတိ၊ ရောက်၏။ စောဒနာပန၊ တောင်းခြင်းသည်ကား။ ဟောတိယေဝ၊ ဖြစ်သည်သာလျှင်တည်း။ ဣတိ၊ ဤသို့။ မဟာဂဏ္ဌိပဒေစ၊ မဟာဂဏ္ဌိပုဒ်၌လည်းကောင်း။ မဇ္ဈိမဂဏ္ဌိပဒေစ၊ မဇ္ဈိမဂဏ္ဌိပုဒ်၌လည်းကောင်း။ ဝုတ္တံ၊ ဆိုအပ်၏။ ဤကဲ့သို့အနက်။

၆-ကြိမ် တုဏှီဘာဝအားဖြင့် ရပ်အပ်၏။ မထိုင်အပ်။ တစုံတရာ အာမိသကို မခံယူအပ်၊ တရားမဟောအပ်။ အကယ်၍ ထိုင်ခြင်းစသည်ကို ပြုလျှင် ရပ်ခြင်း လက္ခဏာပျက်၏။ ဘယ်အကြောင်းကြောင့် ကြွလာပါသနည်းဟု ကပြိယကာရကက မေးလျှင် ဒါယကာ သိလော့ဟူသော စကားမျှကိုသာ ဆိုအပ်၏။ ဤသို့ ၃-ကြိမ်တောင်းခြင်း၊ ၆-ကြိမ် တုဏှီဘာဝအားဖြင့် ရပ်ခြင်းထက် ပိုမိုအားထုတ်၍ရလျှင် နိဿဂ္ဂိယဝါစိတ် အာပတ်သင့်၏။ ဤသို့ ၃-ကြိမ်တောင်းခြင်း၊ ၆-ကြိမ်ရပ်ခြင်းဖြင့် မရလျှင် ပေးလှူရင်း အလှူရှင် ဒါယကာထံသို့ကိုယ်တိုင်သွား၍ ဖြစ်စေ၊ တမန်ကိုလွှတ်၍ဖြစ်စေ၊ စာပေးပို့၍ဖြစ်စေ အကြောင်းပြန်အပ်၏။ ထိုသို့ အကြောင်းပြန်ခြင်းသည် လောကုတ္တရာတရားသို့ အစဉ်လိုက်သော ဝတ်အကျင့်ဖြစ်၏။ မပြန်ကြားလျှင် ဝတ္တဘေဒဒုက္ကဋ်အာပတ် သင့်၏။ ထို့ကြောင့် မာတိကာ အဋ္ဌကထာ (၁၀၁)၌ "တသ္မာ ဧဝံ အကထေန္တော ဝတ္တဘေဒေ ဒုက္ကဋံ အာပဇ္ဇတိ" ဟူ၍ ဖွင့်ပြတော်မူအပ်၏။

တသ္မာ၊ ထိုသို့ လောကုတ္တရာတရားသို့ အစဉ်လိုက်သော ဝတ်အကျင့်ဖြစ်သောကြောင့်။ ဧဝံ အကထေန္တော၊ ဤသို့ အလှူရှင်အထံ စကားပြန်ခြင်းကို မပြုသောရဟန်းသည်။ ဝတ္တဘေဒေ၊ ဝတ်ပျက်ခြင်းကြောင့်။ ဒုက္ကဋံ၊ ဒုက္ကဋ်အာပတ်သို့။ အာပဇ္ဇတိ၊ ရောက်၏။ ဤကား အနက်။

တမန်ညွှန်း နိဒ္ဒိဋ္ဌ ကပြိယကာရက ၄-ယောက်တို့၌ကား မဟာဝဂ္ဂဘေသဇ္ဇခန္ဓကဋ္ဌ လာဂသာမေဏ္ဍကသိက္ခာပုဒ်အတိုင်း ကျင့်အပ်၏။ ကျင့်အပ်သော အခြင်းအရာကား ကပြိယကာရကသို့ ချဉ်းကပ်၍ အကြိမ်များစွာ အနုအယောင်မက ကပြိယပစ္စည်းဘဏ္ဍာကို ပေးအပ်၏။

မိမိတောင်းရှိ မရလျှင် ကိုယ်စားလှယ်ထား တရားဆင်ရှိသော်လည်း ဇောင်းအပ်၏။ ပေးလှူရင်း အလှူရှင်ဒါယကာ၏အထံသို့ အကြောင်းပြန်လိုလျှင် ပြန်၊ ပြန်လိုလျှင်လည်း နေအပ်၏။ ဘဏ္ဍာဖိုးငွေကိုကား အလျဉ်းငှဲမသားယာအပ်။ ဧဏ္ဍကသိက္ခာပုဒ်၊ နောက်၌ ထင်ရှားလတ္တံ့။

အနိဒ္ဒိဋ္ဌကပ္ပိယကာရက ၂-ယောက်တို့၌ကား ဆွေမျိုးမဟုတ်သော်သူ ဖိတ်ကြားသော သူတို့၌ကဲ့သို့ ကျင့်အပ်၏။ အလိုလိုပေးလှူလာလျှင် ကပ္ပိယပစ္စည်းဘဏ္ဍာကို ခံယူအပ်၏။ မပေးလှူလာမူ တစုံတခုကိုမျှ မပြောအပ်။ အကယ်၍ ထိုအနိဒ္ဒိဋ္ဌကပ္ပိယကာရက တို့သည် မူလကပင် ဆွေမျိုးတော်သော်သူ၊ ဖိတ်ကြားဖူးသော်သူတို့ ဖြစ်အံ့။ ပကတိအတိုင်း တောင်းအပ်၏။

ဤသို့ ဆိုအပ်ခဲ့ပြီးသောနည်းအားဖြင့် ကပ္ပိယပစ္စည်း၏အဖိုး၊ ရှေးငွေကို ကပ္ပိယကာရက၏ လက်၌ အပ်နှံ၍ ကပ္ပိယပစ္စည်းကိုသာ အာရုံပြု၍ ပေးလှူလျှင် အပ်သည်ပင်ဖြစ်သော်လည်း ထိုအပ်သောနည်း အမြွက်မျှဖြင့် လေသ-ထောင်၍ ထိုထိုမြို့ရွာ ဒေသတို့၌ မတကိစ္စ-စျာပန အရေးရှိတိုင်းသာ ငွေပဒေသာပြုလုပ်၍ ဖြစ်စေ၊ ပြုလုပ် ငွေထုပ်အတိုင်းကိုပင် ဖြစ်စေ သခ်ျိုင်းသို့ဆောင်ယူ၍ ပေးလှူခြင်းအလေ့အလာကို မပြုကြကုန်ရာ။ အကယ်၍ ထိုအလေ့ အလာကို ယခုကာလ ပြုကြသည်ဖြစ်အံ့။ ယခုကာလ ပြုကြကုန်သောသူတို့၏ အလေ့အလာ မျှားကို တုပလိုက်စားကုန်သော နောင်လာနောက်သား ဒိဋ္ဌာနုဂတိသမားတို့၏ လက်ထက်သို့ ရောက်သောအခါ မသာချာ၌ ငွေလှူမှု သေသူသည်လည်း ဂတိကောင်း၊ ရှေးသူတော် ကောင်းတို့၏ အကျင့်လည်း မပျက်စီးတော့မည်ဟု မိစ္ဆာပြန့်ပွား ငွေကိုသာ လှူသူမျှားသဖြင့် မသူတော်တို့၏တရား စည်ကားတိုးတက်လာသည်ရှိသော် သာသနာတော်မြတ်ကြီး ပျက်စီး ဆုတ်ယုတ်လတ္တံ့သာ ဖြစ်တော့သည်။ ရှေးအခါကလည်း ရှေငွေကို လှူသူမျှားသဖြင့် သာသနာတော်မြတ်ကြီး ပျက်စီးဆုတ်ယုတ်ဖူးကြောင်းကား မြတ်စွာဘုရားသခင်သည် ဇရိန်ဗွာန် စံလွန်တော်မူသည်မှနောက် အနှစ် (၁၀၀)သို့ ရောက်သောအခါ ဝေသာလီပြည်၌-

အဓမ္မဝတ္ထု ၁၀-ပါး

(၁) ရှေးရှေးသောနေ့က အကပ်ခံ၊ ဦးချိုဖြင့် ဆောင်ထားအပ်သောဆားကို နောက်တနေ့၌ ဆားမရှိသော ဆွမ်းနှင့်ရောရွက် စားခြင်းငှာ အပ်၏။ သန့်မိအာပတ် မသင့်။

(၂) မွန်းတည့်ရိပ် လက် ၂-သစ်လွန်သဖြင့် မွန်းလွဲသောအခါ၌ ဘောဇဉ်ကို စားခြင်းငှာ အပ်၏။

(၃) ရွာတပါးသို့သွားအံ့ဟု ပဝါရိတ်သင့်ပြီးသော ရဟန်းသည် အတ်ရိတ်ပြုအပ်သော ဘောဇဉ်ကိုစားခြင်းငှာ အပ်၏။

(၄) တသိမ်တည်း၌၊ အထူးထူးကုန်သော ကျောင်းတို့၌ အသီးအသီး ဥပုသ် အစရှိကုန်သော သံဃာ့ကံတို့ကို ပြုခြင်းငှာ အပ်၏။

(၅) မရောက်လာကုန်သေးသော ရဟန်းတို့၏ဆန္ဒကို ရောက်လာသောအခါ၌ ယူအံ့ဟု ထိုရဟန်းတို့ မရောက်လာကုန်မီ ဝင်္ကြစ်သောသံဃာသည် ကံကိုပြု၍ နောက်မှ ဆန္ဒယူခြင်းငှာ အပ်၏။

(၆) ဆရာဥပဇ္ဈာယ်တို့သည် ပြုကျင့်အပ်သော အလေ့အကျက်ဟူသမျှသည် အပ်၏။

(၇) နို့ရည်အဖြစ်ကိုစွန့်ပြီးသော နို့ဓမ်းအဖြစ်သို့ မရောက်သေးသောနို့ကို စားသောက်စဉ် ပါစိတ်အာပတ်သင့်သော ရဟန်းသည် အတိရိတ်မပြုပဲ စားခြင်းငှာ အပ်၏။

(၈) နုသော သေရည်ကို သောက်ခြင်းငှာ အပ်၏။

(၉) အဆာမရှိသော နိသီဒိုင်သည် အပ်၏။

(၁၀) ရွှေ ငွေသည် အပ်၏—

ဟူ၍ (၁၀)ပါးကုန်သော အဓမ္မဝါဒတို့ကို ဟောပြောပြဆကြကုန်သော ဝေသာလီပြည် ဝဇ္ဇီတိုင်းသား ရဟန်းများတို့သည် ဥပုသ်နေ့သို့တိုင် ရောက်သောအခါ သံဃာအလယ်မှာ ရွှေခွက်ကိုထား၍ ဝေသာလီပြည်သူပြည်သား ရောက်လာတိုင်းသော ဥပါသကာများကို တတ်အားသမျှ ကျပ်, မတ်, မူး, ပဲကို စွန့်ကြဲလှူဒါန်းကြဟု ပြောကြားသဖြင့် မလိမ္မာသော ဒါယကာများက ဥပုသ်နေ့သို့ကျလျှင် ရွှေ ငွေကို လှူအပ်သည်ပင်ဟု အမှတ်ထား၍ ရွှေ ငွေကိုသာ လှူဒါန်းသူ ပေါများသဖြင့် မသူတော်တို့၏တရားသည် စည်ကားတိုးတက်ခြင်းကြောင့် သာသနာတော်မြတ်ကြီး ပျက်စီးဆုတ်ယုတ်ခဲ့ဖူးပြီ။

ထို့ကြောင့်ပင်လျှင် အရှင်မဟာယသ အမှူးရှိကုန်သော ရဟန္တာ ၇၀၀-တို့သည် ဒုတိယသင်္ဂါယနာကို တင်တော်မူကြရကုန်သည်၊ ထိုမှတပါးလည်း ရှေးအခါက သီဟိုဠ်ကျွန်း၌ ဘုန်းတော်ကြီးတပါးသည် မိမိ၏အိပ်ရာ ညောင်စောင်း၏ ခေါင်းရင်းတည့်တည့်၌ အုတ်နံရံကို ဖောက်ထွင်း၍ ဓာတ်တော်နှင့်တကွသော ကြွတ်ကို သွင်းထား၍ ပကတိအစား အုတ်အင်္ဂတေများဖြင့် ထွင်းရာအပေါက်ကို ပိတ်ဆို့လိမ်းကျံ၍ နေ့စဉ်မပျက် ညောင်စောင်းထက်၌ ထိုင်၍ မိမိ၏ရွှေနား၌ တံတွေး ထွေးရန် ထွေးခံငယ်တခုကို ထား၍ ဓာတ်တော်ကို ပန်းဆီမီးတို့ဖြင့် ပူဇော်ခြင်း ရှိခိုးခြင်းကို ပြု၏။ မိမိ၏တပည့် ရဟန်းသာမဏေများ ကုလည်း ပူဇော်စေ ရှိခိုးစေ၏။

ထို ဘုန်းတော်ကြီး၏ တပည့်ရဟန်း သာမဏေတို့သည် နံရံတွင်း၌ ဓာတ်တော်ရှိသည်ကိုကား မသိကြ၊ ငါတို့ဆရာသည် ထွေးခံကို ပူဇော်စေ၊ ရှိခိုးစေသည်ဟူ၍သာ အမှတ်ထားကြ၏။ ဆရာဘုန်းတော်ကြီး ပျံလွန်တော်မူပြီးသောအခါ ထိုဘုန်းတော်ကြီး၏ တပည့်များ ဒိဋ္ဌာနုဂတိသမား အဆက်ဆက်တို့သည် ငါဟူဆရာ၏ အလေ့အကျင့်ကို ငါဟူမပျက်ပြုမည်ဟု နေ့စဉ်မပြတ် ထွေးခံကိုသာ ပန်း ဆီမီးများစွာတို့ဖြင့် ပူဇော်ကြ ရှိခိုးကြသော ဂိုဏ်းအထူးသည် သံဃိဋ္ဌကမ္မ၌ ဖြစ်ဖူးသည်ဟု သိရှိကြကုန်သတဲ့သော ဘုန်းတော်ကြီးကုလား တပါးက ဟောပြောသည်။

ထိုမှတပါး ကြားရဖူးသေးသည်ကား၊ ရှမ်းပြည်၌ ဘုန်းတော်ကြီးတပါးသည် သမ္မုတိဆရာတော်အဖြစ်သို့ ရောက်လျှင်ပင် လကျိဘက် ထိပ်စောင်းမှာ အနာပေါက်၏။ ထိုအခါ ဘယ်သူကိုမျှ မပြောကြားပဲ မိမိသိသမျှ တတ်သမျှဆေးများကိုသာ စက္ကူမှာ လိမ်းကပ်၍ အနာမှာတင် မကြာခင် ပျံတော်မူရာ တစုံတယောက်သောသူမျှ စက္ကူကပ်ရာကို သေချာစွာ မကြည့်ရှုလိုက်ကြ၊ ကြွင်းကျန်ရစ်သော တပည့်တို့က အလောင်းကို ဈာပနပြုပြီးလျှင် တဖန်ပင် ဘုန်းကြီးတပါးကို သမ္မုတိမြောက်စား၍ ဆရာတော်အရာ၌ တင်ထားကြပြန်သတည်း။ ထို ဒုတိယဆရာတော်သည် ရှေးဆရာတော်တို့၏ ကျင့်လမ်းကို စုံစမ်းဆင်ခြင်သည့် ရှိသော်ယခင်ပျံလွန်တော်မူသော ဆရာတော်သည် ဆရာတော်ဖြစ်သည်မှစ၍ အသက်ဆုံးသည် တိုင်အောင်ပင် လကျိထိပ်စောင်းမှာ စက္ကူကပ်ရှာသည်၊ ငါသည်လည်း ကပ်မှ သင့်လျော်မည်ဟု ထင်မှတ်၍ ထိပ်စောင်းမှာပင် စက္ကူကို ကပ်ရပြန်တော့သည်။ ထို့နောက် ဆင့်ပွားဆရာတော် ၃-ဆက်လောက် ရှိသွားသော် ထိပ်စောင်းမှာ ကပ်ရသောထက် ညောင်ရွက်သဏ္ဌာန် ပုံဟန်သပ်ရပ် ပန်းပွားများတပ်၍ ငယ်ထိပ်မှာ ကပ်ရလျှင် သာ၍ပင်လျော်မည်မှတ်၍ ထိပ်လယ်မှာကပ်ကြသော ကြာရပ်ဆရာတော်များ ရှိဖူးသတတ်။

ဤသို့သော အကြောင်းများကို ထောက်ထားဆင်ခြင်လျှင် ယခုပင် မှန်လင့်ကစား နောက် မြေး သား အဆက်ဆက် ဒိဋ္ဌာနုဂတိသမားတို့လက်ထက်၌ မှားယွင်းချက်မလွတ် ရှိဦးမည်။ ယခုက မှားယွင်းလျှင် ဆိုဖွယ်ရာပင်မရှိဖြစ်တော့သည်။

ထို့ကြောင့် သာသနာတော်မြတ်၏ တန့်တခြား ဆန်းလှစ်လှသို့ စည်ကားတိုးတက်ခြင်းကို မြတ်နိုးတောင့်တရင်း ရှိကြကုန်သော ထိုထိုမြို့ရွာ ဒါယကာကြီးငယ် ဟူသမျှတို့သည် ခုရော နောင်ပါ သာသနာကို ကောင်းစွာစောင့်ရှောက်ကြသောအားဖြင့် သုဘာသုဘ ဟူသမျှတို့၌ပင် ရဟန်းတော်တို့အား အပ်သောကပ္ပိယပစ္စည်း ပရိက္ခရာကုံသာ ရှာကြံဆည်းပူးကြကုန်၍ သပ္ပုရိသဒါနအစစ် ဖြစ်ကြီးဖြစ်အောင် ကျင့်ဆောင်အားထုတ် အပ်ကုန်သတည်း။ ဤသည်ကား ပဌမစကားတရပ် အပြီးသတ်တည်း။

အခု.ကား "နဝကမ္မတ္ထာယ" ဟု ဆို၍ လှူဒါန်းကြပါသည်ဟု လျှောက်ထားရာ၌ကား ဤသို့မှတ်အပ်၏။ "နဝကမ္မတ္ထာယ" ဟု ဆို၍ ဒါယကာတို့က လှူလျှင် ကပ္ပိယကာရကကို ညွှန်း၍ ရွှေ ငွေကို ခံယူအပ်၏ဟု ဆိုသော ဝိနည်းကျမ်းဂန် မရှိချေ။ ခံယူ ခံယူစေသောရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏ဟူသော ဝိနည်းကျမ်းဂန်သာ ရှိချေသည်။ ရှိကြောင်းကို။

> ဇာတရူပ ရဇတံ အတ္တနော အတ္ထာယ ဥဂ္ဂဏှန္တဿ ဥဂ္ဂဏှာပေန္တဿ နိဿဂ္ဂိယံ ပါစိတ္တိယံ၊ သံဃ ဂဏ ပုဂ္ဂလ စေတိယ နဝကမ္မာနံ အတ္ထာယ ဒုက္ကဋံ ဟူ၍လာသော ဋီကရတနသိက္ခာပုဒ်အဖွင့် မာတိကာ အဋ္ဌကထာ၊ သမန္တပါသာဒိက အဋ္ဌကထာပါဠိတို့ကို ထောက်၍ သိအပ်၏။

ဇာတရူပရဇတံ၊ ရွှေ ငွေကို။ အတ္တနော၊ မိမိ၏။ အတ္ထာယ၊ အကျိုးငှာ။ ဥဂ္ဂဏှန္တဿ၊ ခံယူသောရဟန်းအားလည်းကောင်း။ ဥဂ္ဂဏှာပေန္တဿ၊ ခံယူစေသောရဟန်းအားလည်းကောင်း။ နိဿဂ္ဂိယံ၊ ဝတ္ထုကို စွန့်ခြင်း ဝိနည်းကံ ရှိသော။ ပါစိတ္တိယံ၊ ပါစိတ်

အာပတ်သည်။ ဟောတိ၊ ဖြစ်၏။ သံဃ ဂဏ ပုဂ္ဂလ စေတိယ နဝကမ္မာနံ၊ သံဃဲာ ဂိုဏ်း ပုဂ္ဂိုလ် စေတီ နဝကမ္မတို့၏။ အတ္ထာယ၊ အကျိုးငှာ။ ဥဂ္ဂဏှန္တဿဝါ၊ ခံယူသော ရဟန်း အားလည်းကောင်း။ ဥဂ္ဂဏှာပေန္တဿဝါ၊ ခံယူစေသော ရဟန်းအားလည်းကောင်း။ ဒုက္ကဋံ၊ ဒုက္ကဋ်အာပတ်သည်။ ဟောတိ၊ ဖြစ်၏။ ဣကဲား-အနက်။

ဤအဋ္ဌကထာပါဠိဖြင့် "နဝကမ္မတ္ထာယ"ဟုဆို၍ လျှောက်သော ရှေ့ငွေကို ခံယူသော ရဟန်းအားလည်းကောင်း၊ ခံယူစေသော ရဟန်းအားလည်းကောင်း ဒုက္ကဋ်အာပတ်သင့်၏ဟု မယိမ်းမယိုင် ကျောက်တိုင်ကဲ့သို့ ခိုင်ခိုင်ကြီး မှတ်ယူလေ။

ယခုကာလ နဝကမ္မတ္ထာယ ဟုဆို၍ ရှေ့ငွေကို ပေးလျှော် ခံယူကြကုန်သော သူတို့သည် ကား။ သမန္တပါသာဒိကအဋ္ဌကထာ၊ ရာဇသိက္ခာပုဒ်အဖွင့် (၅၅၉)၌-

သစေ သံဃံဝါ-ဂဏံဝါ ပုဂ္ဂလံဝါ အနာမသိတ္ဝာ ဣဒံ ဟိရညသုဝဏ္ဏံ စေတိယဿ ဒေမ ဝိဟာရဿ ဒေမ နဝကမ္မဿ ဒေမာတိဝဒန္တိ ပဋိက္ခိပိတုံ နဝဋ္ဋတိ၊ ဣမေ ဣဒံ ဘဏ္ဍန္တီတိ ဂဟပတိကာရကာနံ အာစိက္ခိတဗ္ဗံ၊ စေတိယာဒီနံ အတ္ထာယ တုမှေ ဂဟေတ္ဝာ ဌပေထာတိဝုတ္တေ ပန အမှာကံ ဂဟဏတ္ထာယ ဝုတ္တာတိ ပဋိက္ခိပိတဗ္ဗံ ဟူ၍လာသော်ပါဠိကို တွေ့မြင်ရသဖြင့် ထိုပါဠိ၏ အဓိပ္ပာယ်ကျ သဘာဝကိုလည်း မဆင်ခြင်၊ ဆိုအပ်ခဲ့ပြီးသော အဋ္ဌကထာကိုလည်း မမြော်မြင် သောကြောင့်သာ နဝကမ္မတ္ထာယ ဟုဆို၍ ရှေ့ငွေကို လျှောက်-ယူကြပေလိမ့်မည်။

သံဃံဝါ၊ သံဃာကိုလည်းကောင်း။ ဂဏံဝါ၊ ဂိုဏ်းကိုလည်းကောင်း။ ပုဂ္ဂလံဝါ၊ ပုဂ္ဂိုလ်ကိုလည်းကောင်း။ အနာမသိတ္ဝာ၊ မသုံးသပ်မူ၍။ ဣဒံဟိရညသုဝဏ္ဏံ၊ ဤရှေ့ငွေကို။ စေတိယဿ၊ စေတီတော်အား။ ဒေမ၊ ပေးလျှော်ပါကုန်၏။ ဝိဟာရဿ၊ ကျောင်းအား။ ဒေမ၊ ပေးလျှော်ပါကုန်၏။ နဝကမ္မဿ၊ အမှုသစ်အား။ ဒေမ၊ ပေးလျှော်ပါကုန်၏။ ဣတိ၊ ဤသို့။ သစေဝဒန္တိ၊ အကယ်၍ ဒါယကာတို့က ဆိုကြကုန်ငြားအံ့။ ပဋိက္ခိပိတုံ၊ စေတီအား မလျှော်နဲ့၊ ကျောင်းအား မလျှော်နဲ့၊ နဝကမ္မအား မလျှော်နဲ့ဟု ပယ်ခြင်းငှာ။ နဝဋ္ဋတိ၊ မအပ်။ ဣမေ၊ ဤဒါယကာတို့သည်။ ဣဒံ၊ ဤစေတီအား လျှော်ပါကုန်၏။ ဤကျောင်းအား လျှော်ပါကုန်၏။ ဤနဝကမ္မအား လျှော်ပါကုန်၏ ဟူသော ဤစကားကို။ ဘဏ္ဍန္တီ၊ ဆိုကြကုန်၏။ ဣတိ၊ ဤသို့။ ဂဟပတိကာရကာနံ၊ ဂဟပတိကာရကတို့အား။ အာစိက္ခိတဗ္ဗံ၊ ပြောကြားအပ်၏။ စေတိယာဒီနံ၊ စေတီ စသည်တို့၏။ အတ္ထာယ၊အကျိုးငှာ။ တုမှေ၊ အရှင်ဘုရားတို့သည်။ ဂဟေတ္ဝာ ဌပေထ၊ သိမ်းဆည်း၍ထားကြပါကုန်။ ဝါ၊ ယူ၍ ထားကြပါကုန်။ ဣတိဝုတ္တေပန၊ ဤသို့ ဒါယကာတို့က ဆိုသည်ရှိသော်ကား။ အမှာကံ၊ ငါတို့အား။ ဂဟဏတ္ထာယ၊ သိမ်းဆည်း၍ ထားခြင်းငှာ။ နဝဋ္ဋတိ၊ မအပ်။ ဣတိ၊ ဤသို့။ ပဋိက္ခိပိတဗ္ဗံ၊ ပယ်အပ်၏။ ဤကား အနက်။

နဝကမ္မတ္ထာယ ဟုဆို၍ ပေးလျှော် ခံယူကြကုန်သော သူတို့သည်ကား ဤသံဃံဝါ ဂဏံဝါ ပုဂ္ဂလံဝါ အစရှိသော ရာဇသိက္ခာပုဒ် အဋ္ဌကထာပါဠိ၌ ကသောအခါ (စေတီပေါ်က

ဒေမ၊ ဝိဟာရဿဒေမ· နဝကမ္မဿဒေမဟူ၍ လာသောအရာကို။ ဧတံယတ္ထာယဒေမ၊ ဝိဟာရတ္ထာယဒေမ၊ နဝကမ္မတ္ထာယဒေမ) ဟူ၍ လာသည်ဟု သတိပျက်ပြား အာမဋ်မှားပြီးလျှင် သစေ သံဃံ ဝါ၊ ဂဏံဝါ၊ ပုဂ္ဂလံ ဝါ၊လ၊ ပဋိက္ခိပိတုံ နဝဋ္ဌတိ ဟူသောပါဠိဖြင့် သံဃာဂိုဏ်း ပုဂ္ဂိုလ်ကို မသုံးသပ်ပဲ နဝကမ္မတ္ထာယဟုဆို၍ ပေးလှူလျှင် မပယ်နှင့်တော့။ မိမိအလိုရှိရာ သုံးစွဲခြင်းငှာ ခံသာ ခံယူလေဟူသော အဓိပ္ပာယ်ကို ပြအပ်၏ဟူ၍လည်းကောင်း။ ဣမေ ဣဒံ။လ။ အာစိဏ္ဏံတဗ္ဗံ ဟူသောပါဠိဖြင့် ကပ္ပိယကာရကကို ညွှန်း၍ ခံယူအပ်၏ဟူသော အဓိပ္ပာယ်ကို ပြအပ်၏ဟူ၍လည်းကောင်း။ မိစ္ဆာနှောင့်ယှက် အယူပျက်ကြဟန်တူသည်။

ထို့ကြောင့်လည်း နဝကမ္မတ္ထာယ ဟုဆို၍ ပေးလှူ ခံယူကြသည်။ ထိုသူတို့၏ အမှတ်အယူမှားယွင်းခြင်းအကြောင်းကို ရှာလျှင် သမ္မောဟမှ တပါး အခြားအကြောင်းမရှိပြီ။ ထိုဆရာတို့၏ အယူအတိုင်း ယူလျှင် ယခင်ပြဆိုခဲ့ကုန်ပြီးသော ရတနသိက္ခာပုဒ်အဖွင့် အဋ္ဌကထာ ၂-ကျမ်းတို့နှင့် ဤရာဇသိက္ခာပုဒ် အဖွင့် အဋ္ဌကထာသည် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ပေတော့သည်။

အဋ္ဌကထာ၏ အလိုတော်သည် ထိုသူတို့၏ အယူအတိုင်း မဟုတ်ချေ။အဋ္ဌကထာ၏ အလိုတော်ကိုကား ဤသို့မှတ်ယူအပ်၏။

သစေ သံဃံ ဝါ ဂဏံဝါ ပုဂ္ဂလံဝါ အနာမသိတ္ဝာ ဟူသောပါဠိဖြင့် သံဃာကိုလည်းကောင်း၊ ဂိုဏ်းကိုလည်းကောင်း၊ ပုဂ္ဂိုလ်ကိုလည်းကောင်း မသုံးသပ်၍လှူလျှင် မယူမခံ၊ ပယ်လှန်အပ်သည်၏ အဖြစ်ကို ပြဆိုတော်မူအပ်၏။ ဣဒံ ဟိရညသုဝဏ္ဏံ။လ။ ပဋိက္ခိပိတုံ နဝဋ္ဌတိ ဟူသောပါဠိဖြင့် ဤငွေကို ဤရွှေကိုဟု အကပ္ပိယဝတ္ထုကိုပင် အလှူရှင် အာရုံပြုသော်လည်း စေတီအား လှူပါ၏ဟူ၍လည်းကောင်း၊ ကျောင်းအား လှူပါ၏ ဟူ၍လည်းကောင်း၊နဝကမ္မအား လှူပါ၏ဟူ၍လည်းကောင်း ဆို၍လှူလျှင် စေတီတော်အား၊ ကျောင်းအား၊ နဝကမ္မအား မလှူနဲ့ဟု ပယ်ခြင်းငှာ မထိုက်သည်၏ အဖြစ်ကိုသာ ပြဆိုတော်မူအပ်၏။ မိမိ ခံယူအပ်သည်၏ အဖြစ်ကိုကား ပြဆိုတော်မမူအပ်။ ဣမေ ဣဒံ ဘဏ္ဍန္တိ ကပ္ပိယကာရကာနံ အာစိဏ္ဏံ တဗ္ဗံ ဟူသောပါဠိဖြင့် ဤအလှူရှင် ဒါယကာတို့သည် ဤစကားကို ဆိုကြကုန်သည်ဟု ဟူသောစကဝါးမျှကိုသာ ကပ္ပိယကာရကတို့အား ပြောကြားအပ်သည်၏ အဖြစ်ကို ပြတော်မူအပ်၏။ ဤသူသည် ငါတို့၏ ကပ္ပိယကာရကတည်းဟု ကပ္ပိယကာရကကိုညွှန်း၍ ခံယူအပ်သည်၏ အဖြစ်ကိုကား ပြတော်မမူအပ်။ ဤကား အဋ္ဌကထာ၏ အလိုတော်တည်း။ ဤသို့ ယူမှ ဂဂ်ါဓရနှင့် ယမုနာရေကဲ့သို့ ယခင် ရတနသိက္ခာပုဒ်အဖွင့် အဋ္ဌကထာပါဠိတို့နှင့် ဤရာဇသိက္ခာပုဒ်အဋ္ဌကထာပါဠိသည် မကဲ့မပြား တသားတည်း ညီညွတ်မည်။

ဤ အဋ္ဌကထာပါဠိဖြင့် သံဃာကိုလည်းကောင်း၊ ဂိုဏ်းကိုလည်းကောင်း၊ ပုဂ္ဂိုလ်ကိုလည်းကောင်း သုံးသပ်၍ ရွှေငွေကို လှူသောသူ၏ ဒါနသည် အသပ္ပုရိသဒါန ဖြစ်၏ ဟူသော အဓိပ္ပာယ်သည်လည်း တချက်တည်းပြီးတော့သည်။

"စေတိယာဒီနံ အတ္ထာယ တုမှေ ဌပေထာတိ ဝုတ္တေ ပန အမှာကံ ဂဟေတုံ နဝဋ္ဌတီတိ ဣဒံ ဘဏ္ဍိတဗ္ဗံ" ဟူသော နောက်စကားဖြင့်ကား စေတီ၏ အကျိုးငှာ ကျောင်း၏အကျိုးငှါ

နဝကမ္မ၏ အကျိုးငှာ အရှင်ဘုရားတို့ သိမ်းဆည်းယူထားကြပါကုန်ဟု ဒါယကာက လျှောက်ထားလျှင် ငါတို့အား သိမ်းဆည်းယူထားခြင်းငှာ မအပ်ဖူးဟုဆို၍ ပယ်အပ်သည်၏ အဖြစ်ကို ပြတော်မူအပ်၏။ စေတိယာဒီနံ ဟူသော ပုဒ်၌ အာဒိသဒ္ဒါဖြင့် ဝိဟာရ နဝကမ္မတို့ကိုယူ။

ဤသို့ ဆိုအပ်ခဲ့ပြီးသော အဋ္ဌကထာပါဠိတို့ဖြင့် ဤအမည်ရှိသော မြို့ရွာ၌ စေတီတော်ကြီး တည်လိုပါသည်။ စေတီတော်ကြီးကို ပြုပြင်လိုပါသည်၊ တတ်အားသမျှ ထည့်ကြပါ၊ ကုသိုလ်ပြုကြပါဟု ဆို၍ စေတီတော်ဖို့ ရွှေ ငွေကို ခံယူသောရဟန်း၊ မိမိက မပြောမဆို သာသနာ့ဒါယကာများက စေတီတည်ဖို့ ငွေတိကို ပြုပြင်ဖို့ဟုဆို၍ လှူအပ်သော ရွှေ ငွေကို ခံယူသောရဟန်းတို့အားလည်း "နဝကမ္မတ္ထာယ" ဟု ဆို၍ လှူအပ်သော ရွှေ ငွေတို့ကို ခံယူသောရဟန်းများကဲ့သို့ပင် ဒင်္ဂါး မတ်စေ့ မူးစေ့ ပိုက်ဆံတို့၏ အရေအတွက်အားဖြင့် ဒုက္ကဋ်အာပတ် သင့်တော့သည်သာတည်း ဟူ၍မှတ်။

အကယ်၍ ဒါယကာသည် သပ္ပုရိသူပနိဿယကို ကောင်းစွာရ၍ နံ့းလည်လိမ္မာသောကြောင့် နဝကမ္မကို လှူလိုပါသည်၊ ကပ္ပိယကာရက ညွှန်းတော်မူပါဟု လျှောက်ထားသည်ဖြစ်အံ့။ ယခင် ပြဆိုအပ်ခဲ့ပြီးသောအတိုင်း ကပ္ပိယကာရကကို ညွှန်းအပ်၏။ နောင်အလို ရှိသောအခါ နဝကမ္မကို ကပ္ပိယကာရကအထံ၌ တောင်းအပ်၏။ ရွှေ ငွေကိုကား အလျဉ်းငှဉ် မသာယာအပ်။ ကပ္ပိယကာရက အပြားကိုလည်းကောင်း ကပ္ပိယကာရကတို့၌ ကျင့်ရန်ကိုလည်းကောင်း အောက်၌ ပြဆိုခဲ့ပြီ။

ဤ နဝကမ္မဟူသည်လည်း စေတိယနဝကမ္မ သံဃနဝကမ္မ ပုဂ္ဂလနဝကမ္မဟု ရှိချေသည်။ ထိုတွင် အလှူရှင် ဒါယကာက စေတိယနဝကမ္မဟု မှတ်၍ လှူလျှင် ဧတိယ ဥပနိက္ခေပဖြစ်တော့သည်။ စေတိယသန္တကဟု ဆိုလိုသည်။ ထိုကြောင့် သာရတ္ထဒီပနီ ဋီကာ၊ ပရိဝါရကမ္မဝဂ်အဖွင့် (၅၄၇) ၌။

> စေတိယဿ ဥပနိက္ခေပတောတိ စေတိယေ နဝကမ္မတ္ထာယ ဥပနိက္ခိတ္တတော၊ စေတိယသန္တကတောတိ ဝုတ္တံ ဟောတိ ဟူ၍ ဖွင့်ပြတော်မူအပ်၏။

စေတိယဿ ဥပနိက္ခေပတောတိ၊ စေတိယဿ နိက္ခေပတော ဟူသည်ကား။ စေတိယေ၊ စေတိတော်၌။ နဝကမ္မတ္ထာယ၊ နဝကံအလို့ငှာ။ ဥပနိက္ခိတ္တတော၊ ကပ္ပိယကာရက၏ လက်၌ အပ်နှံထားသော ပစ္စည်းမှ။ စေတိယသန္တကတော၊ စေတီ၏ပစ္စည်းမှ။ ဣတိ ဧသော အဓိပ္ပာယော၊ ဤသို့သော အဓိပ္ပာယ်ကို။ ဝုတ္တံ ဝုတ္တော၊ ဆိုအပ်သည်။ ဟောတိ၊ ဖြစ်၏။ ဤကား အနက်။

သံဃနဝကမ္မ ပုဂ္ဂလနဝကမ္မတို့၌လည်း ဤနည်းကို မှီး၍ ဉာဏ်ကြီးလေ။ ထိုတွင် စေတိယသန္တကဖြင့် သံဃာ့ကိစ္စကို မပြုအပ်။ အခိုက်အတန့်ကား ယူအပ်၏။ နောင်အစားငှဉ်း၊ စေတီတော်၌ အင်္ဂတေကိုင်ခြင်း စသောအမှုကို ပြုကြကုန်သည်ဖြစ်၍ ဆွမ်းခံလည်းမသွား၊ သံဃာမှလည်း မျှတလောက်ရုံသော ဝေစုဝေဘုံကို မရကြကုန်သည်ဖြစ်၍ စေတိယသန္တကကို မျှတလောက်ရုံယူ၍ သုံးဆောင်ကုန်သော ရဟန်းတို့သည် စေတီ၌ ဝတ်ကိုပြုအပ်ကုန်၏။

(ဝတ်ပြု၍ စားအပ်ကုန်၏ဟူလို)။ ငါတို့သည် ဝတ်ကိုပြုကုန်၏ဟူ၍ မျှားစွာကုန်သော ငါး အမဲတို့ဖြင့် သံဃာတော်ကို မိမိပြုခြင်း သူတပါးက ပြုစေခြင်းငှာ မအပ်၊ ထို့ကြောင့် ပရိဝါရ အဋ္ဌကထာ ကမ္မခေါ်အဖွင့် (၅၀၅) ၌၊

"ဝတ္တံကရောမာတိ မစ္ဆမံသာဒီဟိ သံဃဘတ္တံ ကာတုံ နဝဋ္ဋတိ"ဟူ၍ ဟောတော်မူအပ်၏။ ဝတ္တံ ကရောမာတိ၊ ငါတို့သည် ဝတ်ပြုကုန်၏ဟူ၍။ မစ္ဆမံသာဒီဟိ၊ ငါး အမဲ စသည်တို့ဖြင့်။ သံဃဘတ္တံ၊ သံဃဘတ်ကို။ ကာတုံ၊ ကိုယ်တိုင်ပြုခြင်း သူတပါးကို ပြုစေခြင်းငှာ။ နဝဋ္ဋတိ၊ မအပ်။ ဤသို့-ယောဇနာ။

ဤ အဋ္ဌကထာပါဠိ၌ "သံဃဘတ္တံကာတုံ" ဟူသောပုဒ်ကို "သံဃဘတ္တံကာတုံ နဝဋ္ဋတိတိ မဟာဒါနံ ဒေန္တေဟိပိ ကရိယမာနံ သံဃဘတ္တံဝိယ ကာရေတုံ နဝဋ္ဋတိတိ အဓိပ္ပာယော" ဟူ၍ ဝိမတိ ဝိနောဒနီဋီကာ ကာရိတတ္ထဖြင့် "ကာရေတုံ" ဟု ဖွင့်ပြတော်မူအပ်သည်ကို အစွဲပြု၍ စေတိယသန္တကဖြစ်သော ငါး အမဲ စသည်တို့ဖြင့် သံဃာတော်ကို မိမိကိုယ်တိုင် ပြုခြင်းငှာ အပ်၏။ သူတပါးကို ပြုစေခြင်းငှာသာ မအပ်သည်ဟု မယူအပ် မယူသင့်။ အဒိန္နဒါန သိက္ခာပုဒ်၌ သာဟတ္ထိကပယောဂ၊ အာဏတ္တိကပယောဂ ရှိသည်မျှားကို နယဂ္ဂါဟမူ၍ ထိုဝိမတိဝိနောဒနီဋီကာ၌၊

သံဃဘတ္တံ ကာတုံ နဝဋ္ဋတိတိ ဇေတဿ သံဃဘတ္တံ ကာတုံ နဝဋ္ဋတိ ဟူ၍ ဆိုအပ်၏။

မဟာဒါနံ၊ အလှူကြီးကို။ ဒေန္တေဟိ၊ 'ပေးလှူကုန်သောသူတို့သည်။ ကရိယမာနံ၊ ပြုအပ်သော။ သံဃဘတ္တံဝိယ၊ သံဃဘတ်ကဲ့သို့။ ကာတုံပိ၊မိမိကိုယ်တိုင်ပြုခြင်းငှာလည်းကောင်း။ ကာရေတုံပိ၊ သူတပါးကို ပြုစေခြင်းငှာလည်းကောင်း။ နဝဋ္ဋတိ၊ မအပ်။ ဤတို အဓိပ္ပာယော၊ ဤကား အဓိပ္ပာယ်။ ဤသို့ ယောဇနာလေ။

ဒေန္တေဟိပိ၌ "ပိ" သဒ္ဒါကို "ကာရေတုံ" ဟူသောပုဒ်၌ယှဉ် "ကာတုံ" ကို ပေါင်း။ "သံဃဘတ္တံ" ဟူသောပုဒ်ဖြင့် ဂဏဘတ်၊ ပုဂ္ဂလဘတ်တို့ကိုလည်း ယူ။ ပုရိသဒမ္မသာရထိ၌ကဲ့သို့ ဥက္ကဋ္ဌနည်း။

ဤပရိဝါရအဋ္ဌကထာ၊ ဝိမတိပိနောဒနီဋီကာတို့ကို ထောက်၍ နီဗဒ္ဓဇဂ္ဂကေ အသတိ အာဟဋဘတ္တံ ဌပေတွာ ဝတ္တံ ကတွာ ပရိဘုဉ္ဇိတုံ ဝဋ္ဋတိ-ဟူ၍ လာသော မဟာဝဂ္ဂအဋ္ဌကထာ၊ စီဝရက္ခန္ဓကအဖွင့်ပါဠိ၌လည်း စေတီတော်၌ ဝတ်ပြု၍ မိမိ၏ တဆပ်စာမျှလောက်ရုံ စေတိယသန္တကဖြစ်သော ခဲဖွယ် ဘောဇဉ်ကို စားအပ်၏။ မျှားစွာယူ၍ သူတပါးအားကား မပေးအပ်ဟူသော အဓိပ္ပာယ်ကိုယူ။ သံဃသန္တကဖြင့် သံဃာအား ပန်ကြား၍ စေတီ၏ကိစ္စ ပုဂ္ဂိုလ်၏ ကိစ္စကို ပြုခြင်းငှာအပ်၏။ ပုဂ္ဂလသန္တကဖြင့် သန္တကရှင်ပုဂ္ဂိုလ် အလိုရှိရာပြုအပ်၏။

ဤသို့ ဆိုအပ်ခဲ့ပြီးသောနည်းအားဖြင့် နဝကမ္မတ္ထာယ-ဟုဆို၍ လှူအပ်သော ရွှေ ငွေကို ကပ္ပိယကာရကကို ညွှန်း၍သော်လည်း မခံအပ်။ ခံသောရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။ နဝကမ္မကို လှူပါ၏ဟုဆို၍ ကပ္ပိယကာရကထံ အပ်နှံ၍ အပ်သောအချင်းအရာအားဖြင့် လှူသော်လည်း စေတီယ နဝကမ္မလော၊ သံဃနဝကမ္မလော၊ ပုဂ္ဂလနဝကမ္မလောဟု ဒါယကာကို

မေးရ၍ ဒါယကာက မှတ်သားရာ၌သာ ပြုအပ်၏။ မိမိတို့ ပြုလိုရာရာကို မပြုအပ်။ အလွဲသုံးစားမှု အပြစ်မလွတ်။ လောက၌သာ အလွဲသုံးစားမှုကြောင့် သုံးစားသူအား အပြစ်ရောက်သည်မဟုတ်။ သာသနာတော်၌လည်း ရောက်သည်ပင် သတိရှိကြစေ။ ဤသည်ကား ဒုတိယစကားတရပ်တည်း။

အချို့ကား သင်္ဘောစရိတ် သင်္ဘောခဆို၍ လှူဒါန်းကြပါသည်ဟု လျှောက်ထားရာ၌ကား ဤသို့ မှတ်အပ်၏။ ယခုကာလ သင်္ဘောစရိတ် သင်္ဘောခဆို၍ ပေးလှူကြခြင်း ခံယူကြခြင်းတို့၏ အပ်သင့် မအပ်သင့်တို့ကို မေဏ္ဍကသိက္ခာပုဒ်အတိုင်း မှတ်ယူရမည်။ မေဏ္ဍကသိက္ခာပုဒ်ကို အမြွက်မျှ ဆိုဦးအံ့။

အခါတပါး၌ မြတ်စွာဘုရားသခင်သည် ၁၂၅၀-ကုန်သော နောက်တော်ပါ ရဟန်းသံဃာတော်တို့နှင့်တကွ ဝေသာလီပြည်မှ ဘဒ္ဒိယမြို့ကို ဒေသစာရီကြွချီတော်မူ၍ ဘဒ္ဒိယမြို့ ဇာတိယာဝန်၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ မေဏ္ဍကသဒ္ဒေးသည် မြတ်စွာဘုရားသခင်၏ အဆံတော်သို့ ချဉ်းကပ်၍ ဒါနကထာ အစရှိသော အနုပုဗ္ဗီကထာ ဒေသနာတော်ကို ကြားနာရ၍ သရဏဂုံဘည်ပြီး၍ နက်ဖြန်ကောင်းမှုအလို့ငှာ အကျန်ဒုပ်၏ဆွမ်းကို သံဃာတော်နှင့်တကွ ခံယူတော်မူပါဟု လျှောက်ထား၍ ရှိသေစွာရှိခိုးပြီးလျှင် မြတ်စွာဘုရားသခင်၏အထံတော်မှ ဖဲလေ၏။

မြတ်စွာဘုရားသခင်သည် ညဉ့်အခါကိုလွန်၍ နံနက်မိုးသောက်ချိန်သို့ ရောက်သောအခါ သပိတ် သင်္ကန်းကို ယူဆောင်မူ၍ ၁၂၅၀-ကုန်သော နောက်တော်ပါ ရဟန်းသံဃာတို့နှင့်တကွ မေဏ္ဍကသဒ္ဒေးအိမ်သို့ ကြွတော်မူ၍ ခင်းထားအပ်သော နေရာထက်၌ ထိုင်နေတော်မူ၏။ ထိုအခါ မေဏ္ဍကသဒ္ဒေး၏ ဣဒ္ဓါနုဘာဝ-ရှိကုန်သော ယေား-သား ချွေးမ-ကျွန်တို့သည် ဘုရားအထံတော်သို့ ချဉ်းကပ်ကြကုန်၍ ဒါနကထာ အစရှိသော အနုပုဗ္ဗီကထာ၊ ဒေသနာတော်ကို ကြားနာကြရကုန်၍ သရဏဂုံ၌ တည်ကြကုန်၏။

ထိုအခါ မေဏ္ဍကသဒ္ဒေးသည် ဗုဒ္ဓပမုခ သံဃာတော်ကို ပဏီတဖြစ်သော ခဲဖွယ် စားဖွယ်တို့ဖြင့် ရောင့်ရဲစေပြီး၍ မြတ်စွာဘုရားသခင်၏ အထံတော်သို့ ချဉ်းကပ်ပြီးလျှင် ဘုရားအမှူးရှိသော သံဃာတော်အား ဓူဝဘတ်ဖြင့် ဖိတ်ကြားလေ၏။ ထိုအခါ မြတ်စွာဘုရားသခင်သည် ဘဒ္ဒိယ၌ မွေ့လျော်သမျှ သီတင်းသုံးတော်မူပြီး၍ မေဏ္ဍကသဒ္ဒေးကို မဟန်ကြားပဲ ဘဒ္ဒိယမြို့မှ အင်္ဂုတ္တရာမမြို့သို့ ၁၂၅၀-ကုန်သော နောက်ပါရဟန်းတို့နှင့်တကွ ဒေသစာရီတဖန် ကြွချီတော်မူပြန်၏။

ထိုအကြောင်းကို မေဏ္ဍကသဒ္ဒေးကြားသိလျှင် ကျန်အမှုလုပ်ယောကျ်ားတို့ကို ခေါ်၍ အချင်းကို မျှားစွာကုန်သော ဆား ဆန် ဆီ ခဲဖွယ်တို့ကို လှည်းဖြင့်တင်ဆောင်၍ ၁၂၅၀-ကုန်သော နွားကျောင်းသား၊ ၁၂၅၀-ကုန်သော နွားမတို့ကို ခေါင်းယူဆောင်၍ လာကြကုန်သော်ဟု ဆိုလိုက်လေလျှင် ကန္တာရခရီး၌ မြတ်စွာဘုရားသခင်ကို မီလေ၏။

ထိုအခါ မေတ္တာသဒ္ဒေးသည် မြတ်စွာဘုရား အမှူးရှိသော သံဃာတော်အား ၎ကိတဖြစ်သော ခဲဖွယ်ဘောဇဉ်တို့ဖြင့် ရောင့်ရဲစေပြီး၍ သပိတ်တော်မှ ချအပ်သောလက်တော်ရှိသော မြတ်စွာဘုရားသခင်သို့ ချဉ်းကပ်ပြီးလျှင် ရှေဘုန်းတော်သင့်အရှင်ဘုရား၊ ရေနည်း စာရှင်းအသွားခက်ကုန်သော ကန္တာရရေးတို့သည် ရှိပါကုန်၏။ ခရီးလမ်းစာ မပါသောသူသည် သွားခြင်းငှာ ခဲယဉ်းပါကုန်၏။ ရှေဘုန်းတော်သခင် အရှင်ဘုရား၊ အကျွန်ုပ်သည် တောင်းပန်ပါ၏။ ရဟန်းတော်သခင် အရှင်တို့အား ခရီးအစာ လမ်းရိက္ခာကို ခွင့်ပေးတော်မူပါဘုရားဟု လျှောက်ထားလေ၏။ ထိုအခါ မြတ်စွာဘုရားသခင်သည် ရဟန်းအပေါင်းကို ခေါ်တော်မူ၍ ထိုအကြောင်းနှင့်စပ်သော တရားစကားများကို ဟောကြားပြီး၍ "အနုဇာနာမိ ဘိက္ခဝေ ပဥ္စဂေါရဝံ ခီရံ ဒဓိံ တက္ကံ နဝနီတံ သပ္ပိံ ဟု ဂေါရဝ ငါးပါးကို ခွင့်ပေးတော်မူ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ခီရံ၊ နို့ရည်ကိုလည်းကောင်း။ ဒဓိံ၊ နို့ဓမ်းကိုလည်းကောင်း။ တက္ကံ၊ ရက်တက်ရည်ကိုလည်းကောင်း။ နဝနီတံ၊ ဆီဦးကိုလည်းကောင်း၊ သပ္ပိံ၊ ထောပတ်ကိုလည်းကောင်း။ ဤတို၊ ဤသို့။ ပဥ္စဂေါရဝံ၊ ငါးပါးသော နွားနို့အရသာကို။ အနုဇာနာမိ၊ ခွင့်ပြုတော်မူ၏။ ဤကား အနက်။

ဤသို့ ဂေါရဝ ငါးပါးကို ခွင့်ပေးတော်မူပြီးလျှင် ချစ်သောရဟန်းတို့ ရေစာ နည်းပါး အသွားခက်ကုန်တော ခရီးခဲတို့သည် ရှိကုန်၏။ ခရီးလမ်းစာ ရိက္ခာမဆောင်သော သူသည် သွားခြင်းငှာ ခဲယဉ်း၏ဟု မိန့်တော်မူပြီးလျှင်-

> အနုဇာနာမိ ဘိက္ခဝေ ပါထေယျံ ပရိယေသိတုံ၊ တဏ္ဍုလော တဏ္ဍုလတ္ထိကေန၊ မုဂ္ဂေါ မုဂတ္ထိကေန၊ မာသော မာသတ္ထိကေန၊ လောဏံ လောဏတ္ထိကေန၊ ဂုဠော ဂုဠတ္ထိကေန၊ တေလံ တေလတ္ထိကေန၊ သပ္ပိ သပ္ပိတ္ထိကေန ဟု ခရီးလမ်းစာ ရိက္ခာကို ခွင့်ပြုတော်မူ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ပါထေယျံ၊ ခရီးအစာ လမ်းရိက္ခာကို။ ပရိယေသိတုံ၊ ရှာမှီးခြင်းငှာ။ အနုဇာနာမိ၊ ခွင့်ပြုတော်မူ၏။ တဏ္ဍုလတ္ထိကေန၊ ဆန်ကို အလိုရှိသောရဟန်းသည်။ တဏ္ဍုလော၊ ဆန်ကို။ မုဂ္ဂတ္ထိကေန၊ ပဲနောက်ကို အလိုရှိသော ရဟန်းသည်။ မုဂ္ဂေါ၊ပဲနောက်ကို။ မာသတ္ထိကေန၊ ပဲကြီးကို အလိုရှိသော ရဟန်းသည်။ မာသော၊ ပဲကြီးကို။ လောဏတ္ထိကေန၊ ဆားကို အလိုရှိသော ရဟန်းသည်။ လောဏံ၊ ဆားကို။ ဂုဠတ္ထိကေန၊တင်လဲကို အလိုရှိသော ရဟန်းသည်။ ဂုဠံ၊ တင်လဲကို။ တေလတ္ထိကေန၊ ဆီကို အလိုရှိသော ရဟန်းသည်။ တေလံ၊ ဆီကို။ သပ္ပိတ္ထိကေန၊ ထောပတ်ကို အလိုရှိသော ရဟန်းသည်။ သပ္ပိ၊ ထောပတ်ကို။ ပရိယေသိတုံ၊ ရှာမှီးခြင်းငှာ။ အနုဇာနာမိ၊ ငါဘုရား ခွင့်ပြုတော်မူ၏။ ဤကား အနက်။

ဤသို့ ခရီးအစာ လမ်းရိက္ခာကို ကောင်းစွာခွင့်ပြုတော်မူပြီး၍လည်း-

> သန္တိ ဘိက္ခဝေ မနုဿာ သဒ္ဓါပသန္နာ တေ ကပ္ပိယကာရကာနံ ဟတ္ထေ ဟိရညံ ဥပနိက္ခိပန္တိ၊ ဤမိနာ အယျဿ ယံ ကပ္ပိယံ တံ ဒေထာတိ အနုဇာနာမိ ဘိက္ခဝေ ယံ တတော ကပ္ပိယံ တံ သာဒိတုံ နတ္ထေဝါ တံ ဘိက္ခဝေ ကေနစိ ပရိယာ

ယေန ဇာတရူပ ရဇတံ သာဒိတဗ္ဗံ ပရိယေသိတဗ္ဗန္တိ ဝဒါမိ-ဟူ၍ သိက္ခာပုဒ် ၂-ပါးကို ပညတ်တော်မူ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ သဒ္ဓါ၊ သဒ္ဓါတရားရှိကြကုံန်သော။ ပသန္နော၊ ကြည်ညိုကြကုန်သော။ ယေမနုဿာ၊ အကြင်လူတို့သည်။ သန္တိ၊ ရှိကုန်၏။ တေမနုဿာ၊ ထိုလူတို့သည်။ ဣမိနာ၊ ဤငွေဖြင့်။ အယျဿ၊ အရှင်အား။ ယံ၊ အကြင်ဝတ္ထုသည်။ ကပ္ပိယံ၊ အပ်၏။ တံ၊ ထိုအပ်သောဝတ္ထုကို။ ဒေထ၊ ပေးလှူပါကုန်လော့။ ဣတိ၊ ဤသို့မှာထားပြောဆို၍။ ကပ္ပိယကာရကာနံ၊ ကပ္ပိယကာရကတို့၏။ ဟတ္ထေ၊ လက်၌။ ဟိရညံ၊ ငွေကို။ ဥပနိက္ခိပန္တိ၊ အပ်နှံကြကုန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ တတော၊ ထိုကပ္ပိယကာရကတို့၏ လက်မှ။ ယံ၊ အကြင် အဝတ် သက်နှံး ဆွမ်း စသောဝတ္ထုသည်။ ကပ္ပိယံ၊ အပ်၏။ တံ၊ ထိုအဝတ် သက်နှံး ဆွမ်းစသောကပ္ပိယဝတ္ထုကို။ သာဒိတုံ၊ သာယာခြင်းငှာ။ အနုဇာနာမိ၊ ခွင့်ပြုတော်မူ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ကေနစိ ပရိယာယေန၊ တစုံတခုသောအကြောင်းကြောင့်။ ဇာတရူပရဇတံ၊ ရွှေငွေကို။ သာဒိတဗ္ဗံ၊ သာယာအပ်၏။ ပရိယေသိတဗ္ဗံ၊ ရှာမှီးအပ်၏။ ဣတိ၊ ဤသို့။ အဟံ၊ ငါဘုရားသည်။ နတ္ထဝ ဝဒါမိ၊ မဟောသည်သာတည်း။ ဤကား အနက်။

ဤသို့လာသော မဟာဝါပါဠိတော်၊ ဘေသဇ္ဇခန္ဓက၊ မေဏ္ဍကသိက္ခာပုဒ်တော် ပါဠိအပေါင်းတို့တွင် "တေ ကပ္ပိယကာရကာနံ ဟတ္ထေ ဟိရညံ ဥပနိက္ခိပန္တိ" ဟူသော ပါဠိဖြင့် အလှူရှင်တို့ကကပ္ပိယကာရကတို့၏လက်၌ ငွေအပ်နှံသည်၏အဖြစ်ကိုသာ ပြတော်မူအပ်သည်။ ရဟန်းအား ပေးလှူသည်၏အဖြစ်ကို ပြတော်မမူအပ်။

ဤအဘိဓမ္မာဝတာရဋီကာ၊ ဝိနယသင်္ဂဟ၊ ဝိနယသာရတ္ထသင်္ဂဟ၊ ဝိနယသာရတ္ထသင်္ဂဟဋီကာ၊ ဝိနယသာရတ္ထသင်္ဂဟအနုဋီကာ

ကို လှူပါဟူ၍ အပ်သော ကပ္ပိယဝေါဟာရဖြင့် အပ်သောပစ္စည်းကိုသာ ဒေတာင်းအပ်၏။ အကယ်၍ ဉာတိ ပဝါရိတတို့ထံမှ အပ်သော အခြင်းအရာအားဖြင့် မရလျှင် ပါထေယျ "စားရေရိက္ခာ" ကို ဘုရားရှင် အထူးခွင့်ပြုတော်မူအပ်သည်၏ အဖြစ်ကြောင့် ဆွမျိုးမတော်ကုန် မဖိတ်ကြားဖူးကုန်သော အညာတက၊ အပဝါရိတတို့၏ အထံမှသော်လည်း တောင်းယူအပ်၏။ အပြစ်မရှိ၊ ထို့ကြောင့် မဟာဝဂ္ဂအဋ္ဌကထာ (၃၂၀) ၌၊

တထာ အလဘန္တေန အညာတိက အပဝါရိတ ဌာနတော ယာစိတ္ဝာပိ ဂဟေတဗ္ဗံ-ဟူ၍ မိန့်ဆိုတော်မူအပ်၏။

တထာ အလဘန္တေန၊ ထိုသို့ ဆွမျိုးတော်ရာ ဖိတ်ကြားဖူးရာမှ ရှာ၍မရသော ရဟန်းသည်။ အညာတိုက အပဝါရိတဌာနတော၊ ဆွမျိုးမတော်ရာ မဖိတ်ကြားဖူးရာမှ။ ယာစိတ္ဝာပိ၊ ဘောင်းခြင်လည်း။ ဂဟေတဗ္ဗံ၊ ခံယူအပ်၏။ ဤကား-အနက်။

မီးရထားစရိတ် မီးရထားခ ဟူ၍လည်းကောင်း၊ သဘော်စရိတ်၊ သဘော်ခ ဟူ၍ လည်းကောင်း၊ လမ်းစားစရိတ် ၅%-လောက်ဟူ၍လည်းကောင်း ဆို၍ အကပ္ပိယ ဝေါဟာရဖြင့် အကပ္ပိယဝတ္ထုကိုကား ဉာတိ ပဝါရိတတို့၏ အထံမှသော်လည်း မတောင်းယူအပ်။ လှူဒါန်းကြကုန်သော ဒါယကာတို့ကလည်း ကပ္ပိယကာရက၏ လက်၌အပ်ပြီးလျှင် ကပ္ပိယကာရက၏ လက်မှ မီးရထားလက်မှတ်ကို၊ သဘော်လက်မှတ်ကို၊ လမ်း၌သုံးဆောင်ရန် ခဲဖွယ် ဘောဇဉ်ကို တောင်းဆိုခံယူပါဟု လျှောက်၍ ကပ္ပိယပစ္စည်းဝတ္ထုကိုသာ သပ္ပါရိသဒါနဖြစ်အောင် လှူဒါန်းအပ်၏။ ကပ္ပိယကာရက၏လက်မှ ရဟန်းက တောင်းခံပုံ အခြင်းအရာကို ရှေး၌ ဆိုအပ်ခဲ့ပြီးသော နည်းအတိုင်း သိလေ။ ဤသည်ကား တတိယစကားတရပ် အပြီး သတ်တည်း။

အကျိုးကား ဤအမည်ရှိသောမြို့ ဤအမည်ရှိသောအရပ် ဤအမည်ရှိသော ကျောင်း တိုက် ဤအမည်ရှိသော ရဟန်းအား ကပ်လှူရန်ဟု လိပ်စာတပ်၍ စာတိုက်မှ ပေးပို့လှူ ဒါန်းကြပါသည်ဟု လျှောက်ထားရာ၌ ယခင်ပြဆိုအပ်ခဲ့ပြီးသောနည်းကို အစဉ်မပြေးသောအားဖြင့် ကပ္ပိယာစစ္စည်း ဝတ္ထုကိုသာ ရဟန်းအမည်ဖြင့် လိပ်စာတပ်၍ ရဟန်းထံသို့ တိုက်ရိုက် ပေးပို့လှူဒါန်းခြင်းငှာ အပ်၏။ အကပ္ပိယဝတ္ထုဖြစ်သော ရှေ့ငွေကိုကား ပေးပို့လှူဒါန်း ခြင်းငှာ မအပ်။ အကယ်၍ ပေးပို့လှူဒါန်းခဲ့သည်ဖြစ်အံ့၊ ဒါယကာ၏ ပေးပို့လှူဒါန်းယင်း ကပင် မစင်ကြယ်သောကြောင့် အာဂမန သုဒ္ဓိလည်းမရှိ၊ တမန်အရာ၌ တည်၍ ပေးပို့လာသော စာတိုက်အလုပ်သမားကလည်း အလုပ်ထုံးစံအတိုင်း ဤငွေကို လက်မှတ်ထိုး၍ ယူပါဟု ငွေကို သာ ပေးပို့လာသောကြောင့် ဒုတဝစနသုဒ္ဓိလည်းမရှိ၊ ထိုသို့ အာဂမနသုဒ္ဓိ၊ ဒုတဝစနသုဒ္ဓိ ၂-ပါးစုံမရှိခြင်းကြောင့် ငါတို့အား ဤငွေသည် မအပ်။ ငါတို့သည် ဤငွေကို မခံယူဖူးဟူ၍သာ အရင်းပြတ် ပယ်အပ်တော့သည်။ ငါတို့သည် သင်္ကန်းစသော ကပ္ပိယပစ္စည်းကိုသာ ခံယူကုန်၏ဟူသော စကားကိုမျှ မဆိုအပ်။ ကပ္ပိယကာရကကို တောင်းသော်လည်း မည္ဆန်းအပ်။ ထို့ကြောင့်-

သဗ္ဗထာ ပဋိက္ခေပေ၀ ကာတုံ ဝဋ္ဋတိ၊ နု ပန စိဝရဥ္စေါ မယံ ပဋိဂ္ဂဏှာမာတိ ဝတ္တုံ၊ တဒနုသာရေန နဝေယျာဝစ္စကရဥ္စ နိဒ္ဒိသိတုံ၊ အာဂမန ဒူတဝစနာနံ ဥဘိန္နံ အာသုဒ္ဓတ္တာ-ဟူ၍ ဝိမတိဝိနောဒနီ ဋီကာ၌ မိန့်ဆိုတော်မူအပ်၏။

သဗ္ဗထာ၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့်။ပဋိက္ခေပေ၀၊ ပယ်ခြင်းကိုသာလျှင်။ ကာတုံ၊ ပြုခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။ စိဝရဥ္စေ၊ မယံ ပဋိဂ္ဂဏှာမာတိစ၊ ငါတို့သည် သင်္ကန်းကိုသာ ခံယူကုန်၏ဟူသောစကားကိုလည်း။ ဝတ္တုံ၊ ဆိုခြင်းငှာ။ နဝဋ္ဋတိ၊ မအပ်။ တံ၊ ထိုစကားကို။ အနုသာရေန၊ အစဉ်လျှောက်၍။ ဝေယျာဝစ္စကရဥ္စ၊ ကပ္ပိယကာရကကို လည်း။ နိဒ္ဒိသိတုံ၊ ညွှန်းခြင်းငှာ။ နဝဋ္ဋတိ၊ မအပ်။ ကသ္မာ၊ အဘယ်ကြောင့်နည်း။ ဥဘိန္နံ၊ နှစ်ပါးကုန်သော။ အာဂမန ဒူတဝစနာနံ၊ လှူရင်းမူလ တမန်လျှောက်ထားသော စကားတို့၏။ အသုဒ္ဓတ္တာ၊ မစင်ကြယ်သည်၏ အဖြစ်ကြောင့်တည်း။ (ဤဋီကာပါဠ်ရှေအနှယဝါကျကို ကျယ်အံ့စိုးသောကြောင့် လိုရင်းကိုသာ ပိုင်း၍ရေးလိုက်သည်)

ထို့ကြောင့် ဥတိ-ပဝါရိတ-ဒါယကာမျှားထံ တောင်းခံလိုသော အရပ်ဝေးနေ ရဟန်းတို့ကလည်း ဤအမည်ရှိသော ကပ္ပိယပစ္စည်းကို အလိုရှိပါသည်။ ဤအမည်ရှိသော အရပ်၌ ဤအမည်ရှိသော ဒါယကာသည် ငါတို့၏ ကပ္ပိယကာရကတည်းဟု စာပေး၍ တောင်းအပ်၏။ ဒါယကာတို့ကလည်း ထိုကပ္ပိယကာရက၏အထံသို့ ဤငွေဖြင့် ဤအမည်ရှိသော ကပ္ပိယပစ္စည်းကို ဝယ်ယူ၍ ဤအမည်ရှိသော ရဟန်းအား ကပ်လှူလိုက်ပါဟု စာရေး၍ စာနှင့်တကွ ငွေကို ပေးပို့ပြီးလျှင် ရဟန်းတော်အားလည်း ဤအမည်ရှိသော ကပ္ပိယကာရက၏ လက်မှ ဤအမည်ရှိသော ကပ္ပိယပစ္စည်းကို တောင်းခံတော်မူပါဟု စာရေး၍ လျှောက်ထားအပ်၏။ ထိုအခါ ရဟန်းက ကပ္ပိယကာရကအထံသို့ ချဉ်းကပ်၍ ရာဇသိက္ခာပုဒ်၌ လာသောအတိုင်း ကပ္ပိယပစ္စည်းကိုသာ တောင်းခံအပ်၏။ ဤကပ္ပိယကာရကသည် မျက်ကွယ်ရဟန်းညွှန်းဖြစ်တော့သည်၊ ဤသို့သော အစီအရင်အတိုင်း ပေးပို့လှူဒါန်းမှ "သပ္ပုရိသဒါန" ဖြစ်နိုင်သည်ဟုမှတ်။ ဤသည်ကား စတုတ္ထစကားတရပ် အပြီးသတ်တည်း။

ရဟန်းတော်အရှင်မြတ်တို့အား ခပ်သိမ်းသော အခြင်းအရာအားဖြင့် အပြစ်မရှိပဲ ဝါကပ်၍ နေနိုင်အောင် အဘယ်ကဲ့သို့သော ကျောင်းကို ဆောက်လုပ်၍ အဘယ်ကဲ့သို့ ဆို၍ လှူဒါန်းကြရပါမည်ကိုလည်း သိလို မှတ်လိုလှပါသည်ဟု လျှောက်ထားရာ၌ သိစေ မှတ်စေ ရမည်ကား ဤသို့တည်း။

မြတ်စွာဘုရားသခင်သည် နွေးခြုံ လှည်း လော့တို့၌ ဝါကပ်လိုကုန်သော ရဟန်းတို့ကို အကြောင်းပြု၍ နွေးခြုံ လှည်း လော့တို့၌ ဝါကပ်ခြင်းငှာ ခွင့်ပြုတော်မူပြီး၍ သစ်ခေါင်း-သစ်ခွ-လွင်တံခေါင်တို့၌ ဝါကပ်ကုန်သော ရဟန်းတို့ကို အကြောင်းပြု၍ သစ်ခေါင်း၌ သစ်ခွ၌ လွင်တံခေါင်း၌ ဝါကပ်သော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏ဟု သိက္ခာပုဒ်ကို ပညတ်တော်မူသည်မျိုးဟု ရဟန်းတို့သည် အဝိုး, တံခါးရွက်, ကံခါးတိုင်ရှိသောကျောင်းကား မဟုတ်၊ အဝိုး,

တံခါးရွက်, တံခါးတိုင် မရှိသောကျောင်းသာ ရှိကုန်သည်ဖြစ်၍ ဝါကပ်ကြကုန်၏။ ထိုရဟန်းတို့သည် အအေးကြောင့်လည်းကောင်း၊ အပူကြောင့်လည်းကောင်း ပင်ပန်းဆင်းရဲကြကုန်၏။ ဤအကြောင်းကို မြတ်စွာဘုရား ရှေနားတော် ကြားသည်ရှိသော်–

> နံ ဘိက္ခဝေ အသေနာသနိကေန ဝ ဿံဥပဂန္တုံ၊ ယော ဥပဂစ္ဆေယျ အာပတ္တိ-ဒုက္ကဋဿ-ဟူ၍ သိက္ခာပုဒ်ကို ပညတ်တော်မူ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ အသေနာသနိကေန၊ အမိုး တံခါးရွက် တံခါးတိုင် ရှိသော ကျောင်းကား မရှိ၊ အမိုး တံခါးရွက် တံခါးတိုင် မရှိသောကျောင်းသာ ရှိသေးရဟန်းသည်။ ဝဿံ၊ ဝါသို့။ နံ ဥပဂန္တုံ၊ မကပ်အပ်။ ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ ဥပဂစ္ဆေယျ၊ ကပ်ငြားအံ့။ သောဘိက္ခု၊ ထိုရဟန်းသည်။ ဒုက္ကဋဿ၊ ဒုက္ကဋ်အာပတ်သို့။ အာပဇ္ဇနံ၊ ရောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဤကား အနက်။

ဤသို့ဟောတော်မူအပ်သော မဟာဝဂ္ဂ ဝဿူပနာယိကခန္ဓကသိက္ခာပုဒ်၌ "အသေနာသနိကေန" ဟူသောပုဒ်ကို "ကျောင်းမရှိသော ရဟန်းသည်" ဟု အနက်ပေး၍ ကျောင်းမရှိသော ရဟန်းသည် ဝံါမကပ်အပ် ဟူသော သာမညတ္ထ အဓိပ္ပာယ်ကို မယူသင့်။ ယူလျှင် ရှေးသိက္ခာပုဒ်တို့၌ သစ်ခေါင်း သစ်ခွ လွင်တီးခေါင်တို့၌ ဝါကပ်ခြင်းကို ပယ်တော်မူအပ်ပြီးဖြစ်သောကြောင့် ဤသိက္ခာပုဒ်သည် အကျိုးမရှိဖြစ်လိမ့်မည်။ ထို့ကြောင့် ဆိုအပ်ပြီးသော အဘိုင်း အနက်ပေး၍ ကျောင်းပင်ရှိသော်လည်း အမိုး တံခါးရွက် တံခါးတိုင်မရှိသောကျောင်း၌ ဝါမကပ်အပ်၊ ကပ်လျှင် ဒုက္ကဋ်အာပတ်သင့်၏ ဟူသော ဝိသေသတ္ထအဓိပ္ပာယ်ကျကို ယူ။ ထို့ကြောင့် မဟာဝဂ္ဂအဋ္ဌကထာ ဝဿူပနာယိကခန္ဓကအဖွင့် (၂၉၇)၌--

> အသေနာသနိကေနာတိ ယဿ ပဉ္ဆနံ် ဆဒနာနံ် အညတရေန ဆန်နံ် ယောဇိတဒွါရဗန္ဓသေနာသနံ နတ္ထိ၊ တေန နဥပဂန္တုံ-ဟူ၍ ပွင့်ပြတော်မူအပ်၏။

အသေနာသနိကေနာတိ၊ အသေနာသနိကေန ဟူသည်ကား။ ယဿ၊ အကြင် ရဟန်းအား။ ပဉ္ဆနံ်၊ ငါးပါးကုန်သော။ ဆဒနာနံ်၊ မြက်, သစ်ရွက်, အုတ်, ကျောက်, အင်္ကတေအမိုးတို့တွင်။ အညတရေန၊ တပါးပါးသော အမိုးဖြင့်။ ဆန်နံ်၊ မိုးအပ်သော။ ယောဇိတဒွါရ-ဗန္ဓသေနာသနံ၊ တပ်အပ်သော တံခါးရွက် တံခါးတိုင်ရှိသောကျောင်းသည်။ နတ္ထိ၊ မရှိ။ တေန၊ ထိုရဟန်းသည်။ နဥပဂန္တုံ၊ ဝါမကပ်အပ်။ ဤကား အနက်။

ဤအဋ္ဌကထာပါဠိ၌ "ပဉ္ဆနံ် ဆဒနာနံ်" ဟူသောစကားသည် ယေဘုယျနည်း။ ယခုကာလကဲ့သို့ သုပ်၊ စါးကပ်၊ ပျဉ်ချပ် စသည်တို့တွင် တခုခုဖြင့် မိုးအပ်သော ကျောင်း၌လည်း ဝါကပ်အပ်၏။ သီဟိုဠ်ကျွန်း အနုရာဓပြို မဟာဝိဟာရကျောင်းတို့က်၌ လောဟပါသာဒပြာသာဒ်ကိုကြေးနီဖြင့်ပင် မိုးသေးသည်။

မဟာလွှကဝိဟာရသိက္ခာပုဒ်၌ "အဂ္ဂဠဒ္ဓပနာယ" ဟူ၍ အဂ္ဂဠကိုသာ ဆိုသော်လည်း အဝိနာဘာဝနည်းအား ဖြင့် ဒွါရဗန္ဓကိုလည်း ယူအပ်သကဲ့သို့ ဤအဋ္ဌကထာပါဠိ၌လည်း

ဒုဒါရဟန္ခနသဒ္ဒါဖြင့် အဂ္ဂဋ္ဌကိုလည်းယူ။ အဂ္ဂဋ္ဌကား တံခါးရွက်။ ဒုဒါရဟန္ခကား တံခါးတိုင်။ "အဂ္ဂဋ္ဌဋ္ဌပနာယဓာတိ သကဝါဋကဒုဒါရဟန္ခဋ္ဌပနာယ" ဟူသော အဋ္ဌကထာပါဠိကိုရှု။

တနည်း- နာမ ရူပ ပစ္စယာ သဠာယတနံ ဟူသော ပါဠိတော်၌ နာမ ရူပ၊ နာမရူပ ပစ္စယာ ဟုဆိုအပ်လျက် ရှေ့နာမပုဒ် ရူပပုဒ်တို့ကို ချေ၍ ကေသိသ်အားဖြင့် "နာမရူပပစ္စယာ"ဟုဆိုအပ်သကဲ့သို့လည်းကောင်း၊ ဆဠာယတန သဠာယတနံ ဟု ဆိုအပ်လျက် ရှေးဆဠာယဘနပုဒ်ကိုချေ၍ ကေသိသ်အားဖြင့် "သဠာယတနံ"ဟု ဆိုအပ်သကဲ့သို့လည်းကောင်း။ ဤအဋ္ဌကထာဋ္ဌလည်း ဒုဒါရ-ဒုဒါရဟန္ခဟု ဆိုအပ်လျက် ရှေး "ဒုဒါရ"ပုဒ်ကိုချေ၍ ကေသိသ်အားဖြင့် "ဒုဒါရဟန္ခ"ဟု ဆိုအပ်၏။ ဤနည်းဋ္ဌ ကျေသော "ဒုဒါရ"သဒ္ဒါဖြင့် အဏ္ဏအားလျော်စွာ တံခါးရွက်ကိုယူ။

ဤသို့ ဆိုအပ်ခဲ့ပြီးသောနည်းအားဖြင့် "ဒုဒါရဟန္ခ"သဒ္ဒါသည် တံခါးရွက် တံခါးတိုင်ကို ဟောသောကြောင့်ရှေးကာလ အလေ့အားဖြင့် တံခါးတို့ဋ္ဌ အထက်လက်မကွင်း အောက်ဆုံငယ်တို့ဖြင့် ဖွဲ့တွယ်အပ်သော ယခုကာလ အလေ့အားဖြင့် ကျည်းကွေး တံခါးတိုင် တံခါးအိမ်ဋ္ဌ ပတ္တာဖြင့် ဖွဲ့တွယ်အပ်သော တံခါးရှိသောကျောင်းသည်သာလျှင် ဝါကပ်ခြင်းငှာ ထိုက်သော ကျောင်းဖြစ်၏။ ဒီဝါသေယျသိက္ခာပုဒ်၏အဖွင့် အဋ္ဌကထာ (၂၂၈)ဋ္ဌလည်း-

> ကွဲဒံ ဒီဝါ ပဋိသလ္လီယနံ ယေနကေနစိ ပရိက္ခိတ္တော သဒ္ဒါရဟန္ခဋ္ဌာနေ ကထိတံ၊ တသ္မာ အဗ္ဘောကာသေဝါ ရုက္ခမူလေဝါ မဏ္ဍပေဝါ ယတ္ထကတ္ထစိ သဒ္ဒါရဟန္ခေ နိပ္ပဋ္ဌန္တေန ဒုဒါရံ သံဝရိတွာဝ နိပ္ပဋိတပ္ပံ-ဟူ၍ ဒုဒါရဟန္ခ သဒ္ဒါဖြင့်ပင် ဖွင့်ဆိုတော်မူအပ်၏။

နွေအခါဋ္ဌ တံခါးကို မပိတ်ပဲ မအိပ်အပ်သော၊ တံခါးရှိသော ကျောင်းနှင့် ဝါကပ်ခြင်းငှာထိုက်သော တံခါးရှိသောကျောင်းသည် ထပ်တူပင်ဖြစ်တော့သည်။ ထို ၂-ကျောင်းတို့တွင် ရှေးကျောင်းဋ္ဌ အမိုးရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ပမာဏမဟုတ်၊ ဆိုအပ်ခဲ့ပြီးသော တံခါးလယ်ရှိလျှင် နွေအခါဋ္ဌ တံခါးကိုပိတ်၍သာ အိပ်အပ်သည်၊ မပိတ်ပဲ မအိပ်အင်။ နောက်ကျောင်းဋ္ဌကား အမိုးမှိမှ ဝါကပ်အပ်သည်။ ဤကား အထူးတည်း။

> ကွဲဒံ ဒီဝါ ပဋိသလ္လီယနံ၊ ဤနွေအခါ တံခါးပိတ်၍ ကျိန်းခြင်းကို။ ယေန ကေနစိ၊ အဘယ်မရှိ တခုခုဖြင့်။ ပရိက္ခိတ္တော၊ သဟသေယျလောက်သော အာကာအရံရှိသော။ ဒုဒါရဟန္ခေ၊တံခါးတိုင်ဋ္ဌ ပတ္တာဖြင့် ဖွဲ့အပ်သော တံခါးလယ်ရှိသော။ ဌာနေ၊ နေရာဋ္ဌ။ ကထိတံ၊ ဆိုအပ်၏။ တသ္မာ၊ ထို့ကြောင့်။ အဗ္ဘောကာသေဝါ၊ လွင်တီးခေါင်ဋ္ဌလည်းကောင်း။ ရုက္ခမူလေ ဝါ၊ သစ်ပင်ရင်းဋ္ဌလည်းကောင်း။ မဏ္ဍပေဝါ၊ မဏ္ဍပ်ဋ္ဌလည်းကောင်း။ ယတ္ထတတ္ထစိ၊ ဟုတ်ဟုတ်ညားညားသော၊ ဝါ၊ အမှတ်မရှိသော။ သဒ္ဒါရဟန္ခေ၊ တံခါးတိုင်ဋ္ဌ ပတ္တာဖြင့် ဖွဲ့အပ်သော တံခါးလယ်ရှိသောဌာနဋ္ဌ။ နိပ္ပဋ္ဌန္တေန၊ နေ့အခါဋ္ဌ အိပ်သောရဟန်းသည်။ ဒုဒါရံ၊ တံခါးကို။ သံဝရိတွာဝ၊ ပိတ်၍သာလျှင်။ နိပ္ပဋိတပ္ပံ၊ အိပ်အပ်၏။ ဤကား အနက်။

ထိုမှတပါး သမန္တပါသာဒိကအဋ္ဌကထာ၊ ဒုတိယပါရာဇိကနိဒါန်း၊ ဥုဒ်ခနိယဝတ္ထု အဖွင့် (၂၃၁)၌လည်း ဆိုအပ်ခဲ့ပြီးသော မဟာဝဂ်၊ ဝဿူပနာယိကခန္ဓကပါဠိတော်ကိုပင် သာဓကတင်၍-

ဝဿံ ဥပဂစ္ဆန္တေန ဟိ နာဠကပဋိပဒံ ပဋိပန္နေနာပိ ပဉ္ဆံ ဆဒနာနံ အညတရေန ဆန္နေယေဝ သဒ္ဒါရဗ္ဘန္တေ သေနာသနေ ဝဿံ ဥပဂန္တဗ္ဗံ-ဟူ၍ ခိုင်မြဲစွာ ဖွင့်ပြတော်မူအပ်၏။

ဟိ သစ္စံ၊ မှန်၏။ နာဠကပဋိပဒံ၊ နာဠကမထေရ်သည် ကျင့်တော်မူအပ်သော မောနေယျအကျင့်တော်နှင့် တူသောအကျင့်ကို။ ပဋိပန္နေနာပိ၊ ကျင့်သဖြင့်လည်း။ ဝဿံ၊ ဝါသို့။ ဥပဂစ္ဆန္တေန၊ ကပ်သောရဟန်းသည်။ ပဉ္ဆန်နံ၊ ငါးပါးကုန်သော။ ဆဒနာနံ၊ မြက်သစ်ရွက် အုတ် ကျောက် အင်္ဂတေအမိုးတို့တွင်။ အညတရေန၊ တပါးပါးသော အမိုးဖြင့်။ ဆန္နေယေဝ၊ မိုးအပ်သည်သာဖြစ်သော။ သဒ္ဒါရဗ္ဘန္တေ-သဒ္ဒါရဗ္ဘန္တေဝေ၊ တံခါးရွက် တံခါးတိုင် ရှိသည်လျှင်ဖြစ်သော။ ဝါ၊ တံခါးတိုင်၌ ပတ္တာဖြင့် ဖွဲ့အပ်သော တံခါးလယ်ရှိသည်သာလျှင် ဖြစ်သော။ သေနာသနေ၊ ကျောင်း၌။ ဝဿံ၊ ဝါသို့။ ဥပဂန္တဗ္ဗံ၊ ကပ်အပ်၏။ ဤသို့ ယောဇနာ။

ဤအဋ္ဌကထာပါဠိ၌ "နာဠကပဋိပဒံ ပဋိပန္နေနာပိ" ဟူသောပုဒ်ဖြင့် မြတ်စွာဘုရား သခင်၏ အထံတော်မှ "မောနေယျံ တေ ဥပသင်္ကမ်" အစရှိသော မောနေယျပဋိပတ်ကို ကြားနာပြီး၍ တယောက်ထည်းတည်း တောသို့ဝင်ပြီးသည်မှနောက်၌ တဖန်ပြန်၍ ဘုရားရှင်ကို ဖူးမြင်အံ့ဟူသော လောလသဘာဝကို မဖြစ်စေခြင်းတည်းဟူသော ဒဿနေအပိစ္ဆတာကုဏ်။ တဖန်ပြန်၍ တရားနာဦးအံ့ဟူသော လောလသဘာဝကို မဖြစ်စေခြင်းတည်းဟူသော သဝနအပိစ္ဆတာကုဏ်။ တဖန်ပြန်၍ မောနေယျပဋိပတ်ကို မေးဦးအံ့ ဟူသော လောလသဘာဝကို မဖြစ်စေခြင်းတည်းဟူသော ပုစ္ဆာယ အပိစ္ဆတာကုဏ်။ ဤကုဏ်တော်သုံးပါးတို့၏အာရုံ ရွာတရွာ၌ နှစ်ခါဆွမ်းခံမဝင်၊ သစ်တပင်၌ နှစ်ခါမနေနား၊ တသွားတည်းသွားလျက်သာလျှင် အရဟတ္တဖိုလ်သို့ ရောက်တော်မူသော ဘုရားတဆူ၏ လက်ထက်တော်၌ ကပါးသာလျှင် ကျင့်ထိုက်သော မောနေယျအကျင့်တော်ကို ကျင့်တော်မူသည်မှစ၍ ခုနစ်လစေ့သောအခါ ဘုရားရှင်ရှိရာသို့ မျက်နှာဦးတည် အဋ္ဌလီညွတ်ခ၍ ပိဂုံလတောင်ကို အမှီပြုကာ ရပ်လျက်သာလျှင် ပရိနိဗ္ဗာန်ဝင်စံတော်မူသော နာဠကမထေရ်၏ မောနေယျအကျင့်တော်ကဲ့သို့သော အကျင့်ရှိသောရဟန်းပင် ဖြစ်လင့်ကစား တံခါးတိုင်၌ ပတ္တာဖြင့်ဖွဲ့တွယ်အပ်သော တံခါးလယ်ရှိသော ကျောင်း၌ သာလျှင် ဝါကပ်အပ်၏။ မိမိ၏ အပိစ္ဆတာဂုဏ်ကို အမှီပြု၍ သိက္ခာပုဒ်တော်ကို လွန်ကျူးသောအားဖြင့် အလျဉ်းပင် တံခါးမရှိသောကျောင်း၊ တံခါးရှိသော်လည်း တိုင်၌ဖောက်ထွင်းလှုင်ကန်သွင်းသော နွားခြံတံခါး ကဲလားတံခါး၊ လက်ဝဲသို့လည်းကောင်း၊ လက်ျာသို့ လည်းကောင်း တွန်း၍ ငင်၍ ဖွင့်အပ် ပိတ်အပ်သော စက်သီးတပ်-မတပ်သောတံခါး၊ အဝတ် တင်းတိမ် (ကန့်လန့်ကာ) တံခါး စသည်တို့သာရှိသောကျောင်း၌ ဝါမကပ်အပ်။ ကပ်သော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏ဟု ပြတော်မူအပ်၏။

ထိုကြောင့် ယခုအခါ သာသနာတော်မြတ်၌ သက်ဝင်ယုံကြည်ကြကုန်သည်ဖြစ်၍ သာသနာတော်မြတ်၏ အကျိုးစီးပွား မိမိတို့၏အကျိုးစီးပွားကို လိုလားကြကုန်သည်အား‌လျော်စွာ ကျောင်းကန်ဆောက်လုပ်၍ ရဟန်းသံဃာ ကိုးကွယ်ဆည်းကပ်ကြကုန်သော ဥပါသကာတို့သည် မိမိဆောက်လုပ်အပ်သောကျောင်း၌ ဝါကပ်ကုန်သော ရဟန်းတို့သည် အပြစ်လွတ်ကင်း၍ သန့်ရှင်းစွာ ဝါကပ်ထိုက်သော ဆိုအပ်ခဲ့ပြီးသော တံခါးလယ်ရှိသော ကျောင်းကိုသာ ဆောက်လုပ်၍ လှူဒါန်းကြရမည်။

အကယ်၍ ဒါယကာသည် နားမလည်သောကြောင့် ဝါမကပ်ထိုက်သောကျောင်းကို ဆောက်လုပ်လှူဒါန်းခဲ့ပါလျှင်လည်း-

> ဝဿကာလေ သစေ သေနာသနံ လဘတိ ဣစ္ဆေတံ ကုသလံ။ နော စေ လဘတိ ဟတ္ထကမ်ံ ပရိယေသိတ္ဝာပိ ကာဘဗ္ဗံ၊ ဟတ္ထကမ်ံ အလဘန္တေန သာမံပိ ကာတဗ္ဗံ၊ နတ္ထဝ အသေနာသနိကေန ဝဿံ ဥပဂန္တဗ္ဗံ၊ အယမနုမမ္မတာ-ဟူသော အဋ္ဌကထာပါဌ်နှင့်အညီ-
>
> ထိုကျောင်း၌ ဝါကပ်လိုကုန်သော ရဟန်းတို့သည် ဟတ္ထကာမ် (လက်သမား)ကို ရှာမှီး၍ ဖြစ်စေ၊ ကိုယ်တိုင်ဖြစ်စေ၊ တံခါးတိုင်၌ ပတ္တာဖြင့် ဖွဲ့တွယ်အပ်သော တံခါးလယ်မျှားကို တပ်၍သာ ဝါကပ်အပ်၏။ မတပ်လျှင် ထိုကျောင်း၌ "ဤမည်မှ် ဝိဟာရေ ဤမျှ တေမာသော် ဝဿံ ဥပေမိ"ဟု နှုတ်မြွက်၍လည်း ဝါမကပ်အပ်။ ကုဋိမရှိသော နွားခြံ လှည်း လှေ တို့၌ နှုတ်မမြွက်ပဲ "ဤမျှ ဝဿံ ဝသိဿာမိ" ဟု စိတ်ဖြစ်ရုံမျှ အာလယကို ပြုအပ်သေး၏။ သို့အာလယမျှကိုလည်း မပြုအပ်။ နှုတ်မြွက်၍ ဝါကပ်သော ရဟန်း အာလယပြုသော ရဟန်းတို့အား ဒုက္ကဋ်အာပတ် သင့်သည်သာတည်းဟု ခိုင်မြဲစွာ မှတ်ယူကြလေ။

ဒါယကာသည် နားလည်လိမ္မာသည် အားလျော်စွာ ရဟန်းတော်တို့ ဝါကပ်ခြင်းငှာ ထိုက်သော တံခါးတိုင်၌ ပတ္တာဖြင့် ဖွဲ့တွယ်အပ်သော တံခါးလယ်ရှိသောကျောင်းကို ဆောက်လုပ်၍ လှူဒါန်းသောအခါ၌ကား ပုဂ္ဂိုလ်အား‌လည်း လှူအပ်၏၊ သံဃာအား‌လည်း လှူအပ်၏။

ထိုတွင် ပုဂ္ဂလိကဒါနထက် သံဃိကဒါနသည် လွန်မြတ်၏ဟူသော ဒေသနာတော်နည်း ရာဇဂြိုဟ်သဒ္ဒေးကြီးသည် ဝေဠုဝန်ဥယျာဉ်၌ ကျောင်းပေါင်း (၆၀)ကို တနေ့တည်းဖြင့် ပြီးအောင်ဆောက်၍ ဤကျောင်းပေါင်း (၆၀)တို့၌ အဘယ်ကဲ့သို့ ကျင့်ရပါမည်နည်းဟု မြက်စွာဘုရားသခင်အား လျှောက်ထားသည်ရှိသော် သဒ္ဒေးကြီး အာဂတာနာဂတစာတုဒ္ဒိသ သံဃာအား လှူလေ့ဟု ဟောကြားတော်မူအပ်သော ဒေသနာတော်နည်းတို့ကို စုံကြည့်၍ သံဃာအား လှူခြင်းသည်သာလျှင် သာလွန်ကောင်းမြတ်၏။

ယင်းသို့ဖြစ်သော်လည်း အစရင်းမူလကပင် ပုဂ္ဂိုလ်အား ညွှတ်ပြီးဖြစ်လျှင် ပုဂ္ဂိုလ်အားသာ လှူသင့် လှူထိုက်၏။ သံဃာအား ညွှတ်ပြီးဖြစ်ခဲ့လျှင် သံဃာအားသာ လှူသင့် လှူထိုက်၏။ ပုဂ္ဂိုလ်အား လှူသည်ဖြစ်စေ၊ သံဃာအား လှူသည်ဖြစ်စေ "ကပ္ပိယ ကုဋိ ဒေမ" ဟူ၍လည်းကောင်း၊ "ကပ္ပိယကုဋိံ ကာတုံ ဒေမ" ဟူ၍လည်းကောင်း ဆို၍လှူမှ ကပ္ပိယ-ဂဟပတိကုဋိ ဖြစ်သည်။ ထိုစကားသည် မှန်၏။ ကပ္ပိယကုဋိသည် ဥဿာဝနန္တိကကုဋိ၊ ဂေါနိသာဒိကကုဋိ၊ ဂဟပတိကုဋိ၊ သမ္မုတိကုဋိ ဟူ၍ ၄-မျိုးရှိ၏။ ထိုတွင်–

(၁) သည်တိုင်ဖြင့်ဆောက်သော ကျောင်းဖြစ်အံ့၊ ရှေးဦးစိုက်အပ်သော သည်တိုင်ကို အုတ်ကျောင်းဖြစ်အံ့၊ နံရံ၌ ရှေးဦးစွာ စိအပ်သော အုတ်ကို "ကပ္ပိယကုဋိ ကရေမ" ဆို၍ ချအပ်သော ကုဋိသည် ဥဿာဝနန္တိကကုဋိ မည်၏။

(၂) အရာမ်မြင်းတား မရှိသောကျောင်းသည် ဂေါနိသာဒိကကုဋိ မည်၏။

(၃) ဒါယကာတို့သည် ကျောင်းကို ဆောက်လုပ်၍ "ကပ္ပိယကုဋိ ဒေမ" ဟူ၍ လည်းကောင်း၊ "ကပ္ပိယကုဋိံ ကာတုံ ဒေမ" ဟူ၍လည်းကောင်း ဆို၍ လှူအပ်သော ကျောင်းသည် ဂဟပတိကုဋိ မည်၏။

(၄) ဥတ္တိ ဒုတိယကမ္မဝါစာဖြင့် ရဟန်းတို့သည် သမုတ်အပ်သော ကျောင်းသည် သမ္မုတိကုဋိ မည်၏။

ဤကပ္ပိယကုဋိလေးလုံးတို့၏ အတွင်း၌ ကာလိကတို့ကို ညှဉ်မျှားစွာငင် သိုမှီး၍ စား ခြင်း၊ ချက်၍ စားခြင်းငှာ အပ်၏။ ထိုကပ္ပိယ ကုဋိလေးလုံးတို့တွင် ဥဿာဝနန္တိက ကုဋိသည် "ကပ္ပိယကုဋိံ ကရောမ" ဟု ဆို၍ ချအပ်သော သည်တိုင်အုတ်ကျောက်တို့သည်နေရာမှ ရွှေ့.ရှား၍ ပျက်ပြားကုန်သည်ရှိသော် အကပ္ပိယကုဋိ ဖြစ်တော့သည်။ ဂေါနိသာဒိက ကုဋိသည် အရာမ်မြင်းတားကာ အရာမ်သည်ရှိသော် အကပ္ပိယကုဋိ ဖြစ်တော့သည်။ ဂဟပတိကုဋိ၊ သမ္မုတိကုဋိ ၂-လုံးတို့သည် ဘဲတောင် ခေါင်အုပ်နှင့်တကွ အမိုးအကုန်ပျက်၍ အခြင်မျှ ဒိုင်းမျှသာ ကြွင်းကျန်သည်ရှိသော် အကပ္ပိယကုဋိ ဖြစ်ကုန်တော့သည်။

ထိုအကပ္ပိယ ကုဋိတို့၏အတွင်း၌ တညှဉ်မျှသော်လည်း သိုမှီး၍ထားအပ်သော ယာဝကာလိက၊ ယာမကာလိကတို့ကို စားသောက်သော ရဟန်းအား အန္တောဝုတ္ထဒုက္ကဋ်အာပတ် သင့်၏။ သွင်း၍ ချက်အပ်ကုန်သော ယာဝကာလိက၊ ယာမကာလိကတို့ကို စားသောက်သောရဟန်းအား အန္တောပက္က ဒုက္ကဋ်အာပတ် သင့်၏။ ထိုအကပ္ပိယကုဋိတို့၏ အတွင်းတို့၌ တညှဉ်မျှ သိုမှီး၍ထားအပ်သော၊ သွင်း၍ချက်အပ်သော သတ္တာဟကာလိက ယာဝဇီဝက ကိုကို အာမိသနှင့် မရောပဲသာ စားအပ်၏။ ရောစွက်၍စားလျှင် အန္တောဝုတ္ထ အန္တောပက္က ဒုက္ကဋ် အာပတ်သင့်၏။

ထို့ကြောင့် ဒါယကာတို့သည် မိမိဆောက်လုပ်အပ်သော ကျောင်းကို ယခင်ပြဆိုအပ်ခဲ့ပြီးသောအတိုင်း ကပ္ပိယဂဟပတိကုဋ္ဌိဖြစ်အောင် လှူပြီး၍လည်း နောင်တဖန် ပျက်စီးဟောင်းနွမ်း၍ အမိုးများကို ပြန်၍ မိုးပြန်လိုသော် တခါတည်း အမိုးကို အကုန်မဖျက်မူ၍ ထက်ဝက်မျှကိုသာ ဖျက်၍ မိုးပြီးမှ ထက်ဝက်ကို ဖျက်ရမည်၊ သတိရှိကြစေ၊ ရဟန်းတို့၏အရာ လူမှာ ဘယ်အကျိုးရှိအံ့နည်းဟု မမှတ်လင့်။ ရဟန်းကင်းသော ကျောင်းမျှား၌ အမိုးယိုယွင်းသောအခါ ကျောင်းဒါယကာက အကုန်ဖျက်၍ အသစ်မိုးသည်မျှားကို ထင်ရှားကိုယ်တွေ့ရှိကြပြီ။ ဤကဲ့သို့သောအရာကို ရည်၍ "တပည့်တို့မှာ ဆရာအာပတ်လွတ်" ဟု စကားဆိုရိုးပြုကြသည်။

ဆိုအပ်ခဲ့ပြီးသော နည်းအားဖြင့် ပုဂ္ဂိုလ် သံဃာ ၂ ပါးတို့တွင် သံဃာအားလှူသည်ဖြစ်အံ့၊ ထိုကျောင်းသည် ဂရုဘဏ်ဖြစ်၏။ ဂရုဘဏ်ပစ္စည်းဟူက ဘယ်ပစ္စည်းမဆို "သံဃသဒေမ" ဟူ၍လည်းကောင်း "ဥပစာရ သံဃသဒေမ" ဟူ၍လည်းကောင်း၊ "စတုဒ္ဒိသသံဃသဒေမ" ဟူ၍လည်းကောင်း ဆို၍ လှူသည်ဖြစ်စေ၊ အယုတ်အားဖြင့် မတသန္တကပင်ဖြစ်စေ စာတုဒ္ဒိသသံဃာ၏ ပစ္စည်းသာ ဖြစ်တော့သည်။ ဖြစ်ကြောင်းကို မဟာဝဂ္ဂပါဠိတော်စီဝရက္ခန္ဓက (၃၇၀)၊ ထိုပါဠိတော်၏အဖွင့် ဝိမတိဝိနောဒနီဋီကာ (၁၅၅) တို့၌ ဟောတော်မူအပ်၏။ ထိုသို့ စာတုဒ္ဒိသသံဃသန္တက ဖြစ်သောကြောင့် ထိုဂရုဘဏ်ဖြစ်သော ကျောင်းကို တစုံတယောက်သောသူအား ဝေဖန်ခြင်း စွန့်ခြင်းကို ဘယ်သူတစုံတယောက်မျှ မပြုအပ်။

ထိုသံဃိကကျောင်း၌ နေထိုင်ကုန်သော ရဟန်းတို့သည် ခြောက်သွေ့စင်ကြယ်သော ခြေဖဝါး လက်ဖဝါးမှတပါး အခြားသောကိုယ်အင်္ဂါတို့ဖြင့် ကျောင်းကိုမထိစေအပ်၊ အိုင်လိုမှိလိုသောအခါ ပုဂ္ဂလိကအဝတ် သင်္ကန်း အခင်းများကို ခင်း၍ ခံ၍သာ အိပ်အပ် မှီအပ်၏၊ အကယ်၍ အိပ်ပျော်စဉ် ရွှေ့လျားတွန့်လိမ်၍ ကိုယ်အင်္ဂါအစိတ်သည် ကျောင်းကိုထိလျှင် အမွေးအရေအတွက်အားဖြင့် ဒုက္ကဋ်အာပတ်သင့်၏ ဟု စူဠဝဂ္ဂအဋ္ဌကထာ၊ သေနာသနက္ခန္ဓက (၄၄၄) ၌ ဖွင့်ဆိုတော်မူအပ်၏။

သို့သော်လည်း သာရတ္ထဒီပနီဋီကာ ပါစိတ်ဒုတိယဝဂ်၊ ပဌမသေနာသန စတုတ္ထသိက္ခာပုဒ်အဖွင့် (၁၆၀) ၌ ဒါယကာတို့သည် လှူသောအခါ၌ ခြေသုတ်ပဝါပြု၍ သုံးတော်မူပါဟု လျှောက်ထားလေလျှင် အသပြာ ၁၀၀၀/-တန်သော ကမ္မလာကုံသေင်းလည်း ခြေသုတ်ပဝါပြုအပ်၏။ ထို့ကြောင့် ဤညောင်စောင်း အင်းပျဉ်စသော သေနာသနကို လှဲတော်းခေါင်၌လည်း အလိုရှိတိုင်း သုံးဆောင်တော်မူပါဟု ဆို၍ ပေးလှူအပ်သည်ဖြစ်အံ့၊ အလုံးစုံသောအခါ၌ပင် လှဲတော်းခေါင်၌ ပစ်ချ၍ထားအပ်၏ဟု ဆရာမြတ်တို့ ဆိုကြကုန်၏ဟူ၍ ဖွင့်ပြတော်မူအပ်သည်ကို ထောက်၍ ဒါယကာတို့က ဤကျောင်းကို ကိုယ်အစရှိသည်တို့ဖြင့်ထိ၍ သုံးဆောင်တော်မူပါဟု ဆို၍ လှူဒါန်းလျှင် ပုဂ္ဂလိကကျောင်း၌ကဲ့သို့ ကိုယ်အင်္ဂါတို့ဖြင့် ထိ၍ အိပ်ခြင်း မှီခြင်းကိုပြုသော်လည်း ပြုသောရဟန်းအား အာပတ်မသင့်၊ ထို့ကြောင့် ပရဟုအဂါသာသနာတော်မြတ်၏အကျိုး၊ မိမိတို့၏ အကျိုးကို မျော်ကိုးတော်တ့၍ ကျောင်းကန်ဆောက်လုပ် လှူဒါန်းကြကုန်သော ဥပါသကာတို့သည်။

မယံ ဘန္တေ ဣမံ ကပ္ပိယကုဋိံ သံဃဿ ဒေမ၊ ကာယဒီဟိ ဖုသိတ္ဝာ ပရိဘုဉ္ဇတု၊ အာယသ္မန္တော ယထာသုခံ ပရိဘုဉ္ဇထ- ဟူ၍လည်းကောင်း။

မယံ ဘန္တေ ဣမံ အာဝါသံ ကပ္ပိယကုဋိံ ကာတုံ သံဃဿဒေမ၊ အာယသ္မန္တော ကာယဒီဟိ ဖုသိတ္ဝာ ယထာသုခံ ပရိဘုဉ္ဇတု ဟူ၍လည်းကောင်းဆို၍ လှူဒါန်းအပ်၏။

ဘန္တေ၊ အရှင်ဘုရားတို့။ မယံ၊ အက္ခုန်ပ်တို့သည်။ ဣမံ ကပ္ပိယကုဋိံ၊ ဤကပ္ပိယကုဋိကို။ ကာယဒီဟိ၊ ကိုယ်စသည်တို့ဖြင့်။ ဖုသိတ္ဝာ။ တွေ့ထိ၍။ ပရိဘုဉ္ဇတု၊ သုံးဆောင်ခြင်းငှာ။ သံဃဿ၊ သံဃာတော်အား။ ဒေမ၊ ပေးလှူပါကုန်၏။ အာယသ္မန္တော၊ အရှင်ဘုရားတို့သည်။ ယထာသုခံ၊ အလိုတော်ရှိတိုင်း။ ဝါ၊ ချမ်းသာသည်အား၊ လျော်စွာ။ ပရိဘုဉ္ဇထ၊ သုံးဆောင်တော် မူကြကုန်လော့ (ပဌမ ရေစက်ချ၏အနက်)။

ဘန္တေ၊ အရှင်ဘုရားတို့။ မယံ၊ အက္ခုန်ပ်တို့သည်။ ဣမံအာဝါသံ၊ ဤကျောင်းကို။ ကပ္ပိယကုဋိံ၊ ကပ္ပိယကုဋိကို။ ကာတုံ၊ ပြုခြင်းငှါ။ သံဃဿ၊ သံဃာတော်မြတ်အား။ ဒေမ၊ လှူဒါန်းပါကုန်၏။ အာယသ္မန္တော၊ အရှင်ဘုရားတို့သည်။ ကာယဒီဟိ၊ ကိုယ်အစရှိသည်တို့ဖြင့်။ ဖုသိတ္ဝာ၊ တွေ့ထိ၍။ ယထာသုခံ၊ အလိုတော်ရှိတိုင်း။ ဝါ၊ ချမ်းသာတော်မူသည်အား၊ လျော်စွာ။ ပရိဘုဉ္ဇထ၊ သုံးဆောင်တော်မူကြပါကုန်လော့။ (ဒုတိယရေစက်ချအနက်။) ကျောင်းဒါယကာ ပြုလုပ်လိုကုန်သော သူတို့သည်၊ ဤကျောင်းရေစက်ချ ၂-ပုဒ်တို့တွင် ကြိုက်နှစ်သက်ရာတပုဒ်ကို အရာအမိကျက်ထားပါ။

ထိုမှတပါးလည်း ''အန္တောနဒိယံ ဗဒ္ဓအဋ္ဌကေပိ အန္တောနဒိယံ ဇာတရူပေပိ ဌိတေဟိ ကမ္မံ ကာတုံ ဝဋ္ဋတိ'' ဟူ၍လာသော အဋ္ဌကထာစကားတော်ကြောင့် မြစ်တွင်း၌ ဆောက်အပ်သောငြမ်းစင် မြစ်တွင်း၌ ပေါက်သောသစ်ပင်တို့၌ သံဃာ ပြုအပ်သည်၏အဖြစ်ကို သိကြကုန်သော ဒါယကာတို့သည် မိမိတို့၌ ကသိုလ်တရားပွားများခြင်း ရဟန်းတော်တို့၏ ဖာသုဝိဟာရဖြစ်ခြင်းကို အလိုရှိကြကုန်သည်ဖြစ်၍ ယခုကာလ မြစ်တွင်းချောင်းတွင်းတို့၌ ဥဒကုက္ခေပသီမ်အလို့ငှါ သီမ်ငြမ်းစင်ကို ကောင်းမွန်သေသပ်စွာဆောက်လုပ်၍ လှူဒါန်းကြကုန်၏။

ဥဒကုက္ခေပသီမ်ဟူသည်

ယထာ အက္ခေတ္တာ ဒါရုဂုဠံ ခိပန္တိ၊ ဧဝံ ဥဒက်ဝါ ဝါလိက်ဝါ ဟတ္ထေန ဂဟေတ္ဝာ ထာမမတ္တိမေန ပုရိသေန သဗ္ဗထာမေန ခိပိတဗ္ဗံ၊ ယတ္ထ ဧဝံ စိတ္တံ ဥဒက်ဝါ ဝါလိကာဝါ ပတတိ၊ အယမေကော ဥဒကုက္ခေပေါ ဟူသော အဋ္ဌကထာနှင့်အညီ၊

အားမကြီးလွန်း မငယ်လွန်းသော ဧယာကျားသည် အံစာကို ပစ်သကဲ့သို့ ကိုင်၍ပစ်အပ်သော ရေ၏ကျရာ သဲ၏ကျရာသာ ဖြစ်သည်။

တဖန်လည်း အဋ္ဌကထာ၌ပင် ယာဝ ပရိသာ ဝဓုတိ၊ တာဝ သိမာပိ ဝဓုတိ၊ ပရိသပရိယန္တတော ဥဒကုက္ခေပေါဃော ပမာဏံ-ဟု ဆိုပြန်သောကြောင့်၊

ပရိသတ်ကြီးသမျှ ဥဒကုက္ခေပသိမ်သည် ကြီးသဖြင့် ပရိသတ်၏အစွန်မှ ပစ်အပ်သော ရေ၏ကျရာ သဲ၏ကျရာသည်သာ ဥဒကုက္ခေပသိမ်၏ အဆုံးပမာဏဖြစ်သည်။ ယခုကာလ မြစ်တွင်း ချောင်းတွင်း၌ ဆောက်လုပ်၍ ထားအပ်သော အနုံ ၆-တောင်ခန့်ရှိသော အချို့တို့ ထက်ပင် ငယ်သော သိမ်ငြမ်းစင်၏အဆုံး ခါးပန်းသတ်ရာတိုင်သည် ဥဒကုက္ခေပသိမ်၏ အဆုံး မဟုတ်။ ထို့ကြောင့် ဆိုအပ်ခဲ့ပြီးသော အစီအရင်အတိုင်း ပရိသတ်အစွန်မှ ပစ်အပ်သော ရေ သဲတို့သည် ဆိုသိမ်ငြမ်းစင်၏ အနုံ ခါးပန်းသတ်ရာ အဆုံးတိုင်မှ ပြင်ဘက် ၆-တောင်ခန့် လောက်၌ ကျလိမ့်မည်ဖြစ်၍ ဥဒကုက္ခေပသိမ်၏ ပမာဏသည် ထိုသိမ်ငြမ်းစင်၏အဆုံး ခါးပန်းသတ်ရာတိုင်မှ အပြင်ဘက်သို့လည်း ၆-တောင်ခန့်၊ အတွင်း ကမ်းဘက်သို့လည်း ၆-တောင်ခန့် ရောက်လိမ့်မည်။

ဥဒကုက္ခေပသိမ်သည် ဂါမသိမ်နှင့် နိဿယ နိဿိတ သဘာဂ မဖြစ်သောကြောင့် ဥဒကုက္ခေပသိမ်နှင့် ဂါမသိမ် မစပ်အပ်။ အကယ်၍ စပ်လျက် သံဃဉ်ကံကိုပြုလျှင် ပြုအပ်သော သံဃာ့ကံသည် ဝိပတ္တိဖြစ်၏။ ဝါ၊ ပျက်၏ဟု ဝိနည်းကျမ်းဂန် အစောင်စောင်တို့၌ များစွာပင် လာချေသည်။

ထို့ကြောင့် ထိုဆောက်လုပ်၍ထားအပ်သော သိမ်ငြမ်းစင်သို့ ကူးတက်ရန် ဂါမခေတ် မြစ်ကမ်းထိပ်မှစ၍ ဆောက်လုပ်အပ်သော တံတားဦးသည် ထိုသိမ်ငြမ်းစင်နှင့် ဖွဲ့စပ်သည်ဖြစ်စေ၊ မဖွဲ့စပ်သည်ဖြစ်စေ ယခင်ဆိုအပ်ခဲ့ပြီးသော ဥဒကုက္ခေပ၏အတွင်းသို့ သက်ဆင်း၍ တံတားတိုင်ကို စိုက်လျှင် ထိုဥဒကုက္ခေပသိမ်သည် ဂါမသိမ်နှင့် သမ္ဗေဒဖြစ်တော့သည်။ ထိုသို့ သမ္ဗေဒဒေါသရှိလျက် ထိုသိမ်ငြမ်းစင်ထက်၌နေ၍ ပြုအပ်သော ဥပုသ်ကံသည်လည်း ဥပုသ်ကံမဖြစ်။ ပဝါရဏာသည်လည်း ပဝါရဏာမဖြစ်၊ ခံအပ်သော ရဟန်းသည်လည်း ရဟန်းမဖြစ်၊ ပြုသမျှသော သံဃာ့ကံသည် ဝိပတ္တိဖြစ်ထော့သည်။

ထို့ကြောင့် မြစ်တွင်း ချောင်းတွင်း၌ ဥဒကုက္ခေပသိမ်အလို့ငှာ သိမ်ငြမ်းစင် ဆောက်လုပ်၍ လူဒါန်းလိုကုန်သော ဒါယကာတို့သည် ထိုသိမ်ငြမ်းစင်သို့ ကူးတက်ရန် ဂါမခေတ် မြစ်ကမ်းထိပ်မှစ၍ ထိုးအပ်သော တံတားဦးအဆုံးစွန်တိုင်ကို သိမ်ငြမ်းစင် ခါးပန်းသတ်ရာ အဆုံးတိုင်နှင့် ၇-တောင်ထက်မနီးသော နေရာ၊ ဥဒကုက္ခေပ ပမာဏ၏ ပြင်ပ၌သာစိုက်၍ တံတားကို ဆောက်လုပ်ရမည်။ ဤကဲ့သို့ တံတားဦး အဆုံးတိုင်ကို ဥဒကုက္ခေပ ပမာဏ၏ ပြင်ပ၌သာ စိုက်လျှင် တံတားဦးမျှကို အနီးငယ် ရှည်ပို၍ထားသော်လည်း ထိုတံတားတိုင်သည် ကောင်းကင်၌သာ တည်သောကြောင့် ထားအပ်၏။ သိမ်ငြမ်းစင်ကိုကား မထိ မစပ်စေအပ်။ သံဃာ့ကံပြုရန် ရဟန်းတော်တို့ ကူးစက်သည့်အခါ တံတားဦးစွန်းမှ သိမ်ငြမ်းစင်သို့ ကူးတက်နိုင်ရန်ကို ခေတ္တကုန်းဘောင်တံဘားထိုး၍ သံဃာ့ကံပြုသောအခါ ဖယ်ထားရမည်။ ဆိုအပ်ခဲ့ပြီးသော အတိုင်း ဥဒကုက္ခေပအတွင်းသို့ သက်ဆင်း၍ သိမ်ငြမ်းစင်ခါးပန်း၏ အနီးအပါး တမိုက်တထွာ တဘောင်ခန့်မျှသာခြား၍ စိုက်ထားအပ်သော တိုင်ရှိသော တံတားများကိုလည်း တံတားရှင် ဒါယကာများက သာသနာတော် မပျက်ပြားရအောင် ဖျက်ဆီးဖယ်ရှားသင့်ကြသည်။ ဤသည်ကား ပဋ္ဌာနကားဘရပ် အပြီးသတ်တည်း။

(က) သာသနဿ ပဏ္ဍဝဋ္ဌေ၊ သက္ကရာဇေ ဓုတိဋ္ဌပေ။
ဒုတိယာ သင်္ဃဇုဏ္ဏမ္ပိ၊ တတိယေ သုက္ကဝါရကေ။

(ခ) အနာသဝါ ယထာ ဇေသော၊ နိစ္ဆယော နိဋ္ဌိတော တထာ။
အနာသဝါ ခီလာသတ္တာ၊ သီဃံ ပဿန္တု နိဗ္ဗုတိံ။

သာသနဿ၊ သာသနာတော်၏။ ပဏ္ဍဝဋ္ဌေ၊ ၂၄၅၁-ခုဋ္ဌ်။ သက္ကရာဇေ-သက္ကရာဇဿ၊ သိကြွားမင်းနှစ် သက္ကရာဇ်၏။ ဓုတိဋ္ဌပေ၊ ၁၂၆၉-ခုနှစ်ဋ္ဌ်။ ဒုတိယာ သင်္ဃဇုဏ္ဏမ္ပိ၊ ဒုတိယဝါဆိုလဆန်းပက္ခဋ္ဌ်။ တတိယေ၊ သုံးရက်မြောက်ဋ္ဌ်။ သုက္ကဝါရကေ၊ သောကြာနေ့ဋ္ဌ်။ အနာသဝါ-အနာသဝေန၊ ဘေးရန်ကင်းသဖြင့်။ ဇေသော ဝိနိစ္ဆယော၊ ဤ ရူပိယဒါနာဒိဝိနိစ္ဆယသည်။ နိဋ္ဌိတော ယထာ၊ ပြီးခြင်းသို့ ရောက်၏သို့။ တထာ၊ ထိုနှင့်တပဲ မကဲတူစွာ။ အခီလာ၊ အလုံးစုံကုန်သော။ သတ္တာ၊ သတ္တဝါဘို့သည်။ အနာသဝါ၊ ဘေးရန်ကင်းကုန်သည်ဖြစ်၍။ ဝါ၊ အာသဝေါကင်းကုန်သည်ဖြစ်၍။ နိဗ္ဗုတိံ၊ ငြိမ်းခြင်းကို။ ဝါ၊ နိဗ္ဗာန်ကို။ သီဃံ၊ လျင်မြန်စွာ။ ပဿန္တု၊ မြင်ကြပါစေကုန်သတည်း။

ဤတွင် ရူပိယဒါနာဒိဝိနိစ္ဆယကျမ်း

နိဂုံးကမ္ပတ် အပြီးသတ်တည်း။

ဓနုပ္ပါမိုက္ခ

အဂ္ဂမဟာပဏ္ဍိတ

သဒ္ဓမ္မဇောတိကာစရိယမတိုက်

ဒုတိယ ဆရာတော်ဘုရားကြီး ရေးသားတော်မူသော

ကမ္မာကမ္မဝိနိစ္ဆယ

၁။ ပဏာမ

ကမ္မာကမ္မံ ဝိဘာဇေန္တံ၊ နတ္ထာ နာထဉ္စ သာဒရံ။
ဓမ္မံ သံဃံ ကရိဿာမိ၊ ကမ္မာကမ္မ ဝိနိစ္ဆယံ။

အဟံ၊ ငါသည်။ ကမ္မာကမ္မံ၊ ကံငယ်-ကံကြီးကို။ ဝါ၊ အပလောကနကံ၊ ဥတ္တိကံ ဟု ဆိုအပ်သော ကံငယ်၊ ဥတ္တိဒုတိယကံ၊ ဥတ္တိစတုတ္ထကံဟု ဆိုအပ်သော ကံကြီးကို။ ဝါ၊ ဆိုအပ်သော ကံငယ်၊ ဥတ္တိဒုတိယကံ၊ ဥတ္တိစတုတ္ထကံဟု ဆိုအပ်သော ကံကြီးကို။ ဝါ၊ လဟုကဉ်, ဂရုကကံကို။ ဝိဘဇေန္တံ၊ ခွဲခြမ်းစိတ်ဖြာ၍ ဟောတော်မူတတ်သော။ နာထဉ္စ၊ မြတ်စွာဘုရားကိုလည်းကောင်း။ ဓမ္မဉ္စ၊ ဆယ်ပါးသော တရားတော်မြတ်ကို လည်းကောင်း။ သံဃဉ္စ၊ ကလျာဏပုထုဇဉ် သံဃာနှင့်တကွ ရှစ်ယောက်သော အရိယာသံဃာတော်အပေါင်းကို လည်းကောင်း။ သာဒရံ သုအာဒရံ၊ အလွန်ရိုသေစွာ။ နတ္ထာ-နမာမိ၊ ရှိခိုးပါ၏။ နတ္ထာ၊ ရှိခိုးပြီး၍။ ကမ္မာကမ္မဝိနိစ္ဆယံ၊ ကံငယ်-ကံကြီးတို့ကို ဆုံးဖြတ်ရာ ဆုံးဖြတ်ကြောင်း ဖြစ်သော ကြောင့် "ကမ္မာကမ္မဝိနိစ္ဆယ" အမည်ရှိသောကျမ်းကို။ ကရိဿာမိ၊ ရေးသားပြုပြင် စီရင်ပေအံ့။

ဤဂါထာ၌ ကမ္မာကမ္မံ ဟူသောပုဒ်ကို- သမဂ္ဂေန သံဃေန ကရိယတေတန္တိ ကမ္မံ၊ အပလောကနကမ္မာဒိ စတုဗ္ဗိဓ ဝိနယကမ္မံ၊ ဣတရသ္မိံ ပိ ဧသေဝနယော၊ အာကာရော ဝုဒ္ဓျတ္ထော၊ ဝုဒ္ဓိပတ္တံ ကမ္မံ အကမ္မံ၊ ကမ္မဉ္စ အကမ္မဉ္စ ကမ္မာဂမံ ဝဇ္ဇာဝဇ္ဇံဝိယ ဖလာဖလံဝိယစ။ တတ္ထစ ကမ္မန္တိ အပလောကနကမ္မ ဥတ္တိကမ္မဒ္ဝယံ၊ အကမ္မန္တိ ဥတ္တိဒုတိယကမ္မ ဥတ္တိစတုတ္ထကမ္မဒ္ဝယံ။ အထဝါ ကဲမ္မန္တိ စတူသုပိ ဧတေသု လဟုကကမ္မံ၊ အကမ္မန္တိ ဂရုကကမ္မံ ဟူသော ဝိနယာလင်္ကာရဋီကာအတိုင်း ယောဇနာလိုက်သည်။ ဤသည်ကား ဂန္ထာရမ္ဘတည်း။

၂။ မာတိကာ ငါးပါးဂါထာ

ကာရကာဿ ပရိစ္ဆေဒံ၊ ဇေတ္ထကမ္မံ စတုဗ္ဗိဓံ။
ဝိပတ္တိံ သမ္ပတ္တိံ စာပိ၊ ကမ္မဌာနံ ပကာသယေ။

တွေ့၊ ဤကဲ့မှာကမ္မဝိနိစ္ဆယ၌။ ကာရကဿ၊ သံဃဲ့ကံပြုသော သံဃာ၏။ ပရိစ္ဆေဒ၌၊ အပိုင်းအခြားကိုလည်းကောင်း။ စတုဗ္ဗိဓံ၊ လေးပါးအပြားရှိသော။ ကမ္မ၌၊ ကံကိုလည်းကောင်း။ ဝိပတ္တိ၌၊ ကံ၏ပျက်ခြင်းကိုလည်းကောင်း။ သမ္ပတ္တိ၌၊ ကံ၏ ပြည့်စုံခြင်းကိုလည်းကောင်း။ ကမ္မ-ဋ္ဌာန၌၊ အပဓလောကန စသော ကံတို့၏ အရာကိုလည်းကောင်း။ ပကာသယေ၊ ထင်စွာပြုရာ၏။ ဤသည်ကား ဤကမ္မာကမ္မဝိနိစ္ဆယ၌ မာတိကာတည်း။

၃။ ကာရကဲ့ပရိစ္ဆေဒ

(၁) ဤငါးပါးသော မာတိကာတို့တွင် "ကာရကဿပရိစ္ဆေဒံ" ဟူသော မာတိကာအရ ကမ္မကာရကသံဃာ၏ ပရိစ္ဆေဒကို ရှေးဦးစွာဆိုပေအံ့။ ဤကမ္မကာရကသံဃာသည်-

စတုဝဂ္ဂေါပဉ္စဝဂ္ဂေ၊ ဒသ ဝီသတိ ဝဂ္ဂိကော၊
တိရေက ဝီသတိဝဂ္ဂေါ၊ ပဉ္စသံဃာ ဝိဘာဝိတာ။

ဟူသော ခုဒ္ဒသိက္ခာပါဋ္ဌ မိန့်အပ်သည်နှင့်အညီ စတုဝဂ်သံဃာ၊ ပဉ္စဝဂ်သံဃာ၊ ဒသဝဂ်သံဃာ၊ ဝီသတိဝဂ်သံဃာ၊ အဘိရေက ဝီသတိဝဂ်သံဃာအားဖြင့် ငါးပါးအပြားရှိ၏။ ထိုငါးပါးတို့တွင် စတုဝဂ်သံဃာသည် ဥပသမ္ပဒကံ၊ ပဝါရဏာကံ၊ အဗ္ဘာနကံတို့ကို ထား၍ အလုံးစုံသော သံဃာ့ကံကို ပြုအပ်၏။ ပဉ္စဝဂ်သံဃာသည် မဇ္ဈိမဒေသ၌ ဥပသမ္ပဒကံ၊ အဗ္ဘာနကံကိုထား၍ အလုံးစုံသော သံဃာ့ကံကို ပြုအပ်၏။ ဒသဝဂ်သံဃာသည် အဗ္ဘာနကံကိုထား၍ အလုံးစုံသော သံဃာ့ကံကို ပြုအပ်၏။ ဝီသတိဝဂ်သံဃာ အတိရေကဝီသတိဝဂ် သံဃာသည် မပြုအပ်သော ကံသည် မရှိ၊ အလုံးစုံသော သံဃာ့ကံကို ပြုအပ်၏။ ဤသည်ကား ရှေးဦးစွာသော ကမ္မကာရက သံဃပရိစ္ဆေဒ၌ မှတ်သားဖွယ်တည်း။

၄။ စတုဗ္ဗိဓကမ္မ

(၂) "ကမ္မံ စတုဗ္ဗိဓံ" ဟူသော ဒုတိယ မာတိကာအရ စတုဗ္ဗိဓကမ္မကို ဆိုပေအံ့။ ထို စတုဝဂ်စသော သံဃာသည် ယထာရဟ ပြုအပ်သောကံသည် "စတ္တာရိမာနိ ဘိက္ခဝေ ကမ္မာနိ၊ အာဒေမုန ဝဂ္ဂကမ္မံ၊ အဓေမုန သမဂ္ဂကမ္မံ၊ ဓမုန ဝဂ္ဂကမ္မံ၊ ဓမုနသမဂ္ဂကမ္မံ" ဟူ၍ မဟာဝါပါဠိဘော် စမ်းယျခန္ဓကဉ် ဟောတော်မူအပ်သောကြောင့်- (က) အာဒေမုဝဂ္ဂကံ၊ (ခ) အဓေမုသမဂ္ဂကံ၊ (ဂ) ဓမုဝဂ္ဂကံ (ဃ) မုသမဂ္ဂကံ အားဖြင့် လေးပါးအပြားရှိ၏။

ထိုလေးပါးတို့တွင်-

(က) အဓေမုဝဂ္ဂကံကို အဓေမုဖြစ်သောကြောင့် လည်းကောင်း၊ ဝဂ်ဖြစ်သောကြောင့် လည်းကောင်း ဤနှစ်ပါးသော အကြောင်းတို့ကြောင့် မပြုအပ်။

(ခ) အဓေမုသမဂ္ဂကံကို အဓေမုဖြစ်သောကြောင့် မပြုအပ်။

(ဂ) ဓမုဝဂ္ဂကံကို ဝဂ်ဖြစ်သောကြောင့် မပြုအပ်။

(ဃ) ဓမုသမဂ္ဂကံကိုကား ဓမုဖြစ်သောကြောင့်လည်းကောင်း၊ သမဂ္ဂဖြစ်သောကြောင့် လည်းကောင်း ဤအကြောင်းနှစ်ပါးတို့ကြောင့် ပြုအပ်၏။

ဤစကားရပ်၌ ဓမ္မ-အဓမ္မ နှစ်ပါးတို့တွင် ဘူတဝတ္ထုသည် မေ့မည်၏။ အဘူတဝတ္ထုသည် အဓမ္မမည်၏ဟုမှတ်။ သမဂ္ဂ-ဝဂ္ဂနှစ်ပါးတို့တွင် စတုဝဂ်စသော သံဃာသည် ပြုအပ်သောကံ၌ ကမ္မပတ္တဖြစ်ကုန်သော ပကတတ်ရဟန်းတို့သည်လည်း ဟတ္ထပါသ်သို့ ရောက်ကုန်၏။ တသိမ်တည်း၌ တည်ကုန်သော ဟတ္ထပါသ်မှအပ ဖြစ်ကုန်သော ဆန္ဒာရဟ ရဟန်းတို့၏ ဆန္ဒကိုလည်းဆောင်၏။ သမ္မုခီဘူတ ဖြစ်ကုန်သော ရဟန်းတို့သည်လည်း ပဋိက္ကောသန မပြုကုန်။ ဤအကြောင်းသုံးပါးတို့နှင့် ပြည့်စုံခြင်းသည် သမဂ္ဂမည်၏။ ဤအကြောင်း သုံးပါးတို့တွင် တပါးသည်လည်းကောင်း၊ နှစ်ပါးသည်လည်းကောင်း၊ သုံးပါးသည်လည်းကောင်း ချုတ်ယွင်းခြင်းသည် ဝဂ္ဂမည်၏ဟု မှတ်။

တနည်း ''စတ္တာရိ ကမ္မာနိ အပလောကနကမ္မံ-ဉတ္တိကမ္မံ-ဉတ္တိဒုတိယကမ္မံ-ဉတ္တိစတုတ္ထကမ္မန္တိ''ဟူ၍ ပရိဝါ ပါဠိတော်၌ ဟောတော်မူအပ်သောကြောင့် (က) အပလောကနကံ၊ (ခ)ဉတ္တိကံ၊ (ဂ) ဉတ္တိဒုတိယကံ၊ (ဃ) ဉတ္တိစတုတ္ထကံဟူ၍ လေးပါး အပြားရှိ၏။ ထို လေးပါးတို့၏ အထူးကား။

(က) အပဓလောကနကမ္မံနာမ သိမဋ္ဌက သံဃံ ဧသာဓေတ္ဝာ ဆန္ဒာရဟာနံ ဆန္ဒံ အာဟာရိတ္ဝာ သမဂ္ဂဿ သံဃဿ အနုမတိယာ တိက္ခတ္တုံ သာဝေတ္ဝာ ကာတဗ္ဗံ ကမ္မံ-

ဟူဓသာ ပရိဝါ ကမ္မဝဂ်၊ အဋ္ဌကထာ ပါဠိနှင့်အညီ သိမဋ္ဌကသံဃာကို သုတ်သင်၍ ဆန္ဒာရဟ ရဟန်းတို့၏ဆန္ဒကို ဆောင်၍ သမဂ္ဂသံဃာ၏ အလိုအားဖြင့် သုံ ကြိမ်ပန်ကြား၍ ပြုအပ်သောကံသည် အပလောကနကံမည်၏။

(ခ) ဉတ္တိကမ္မံနာမ ဝုတ္တနယေ နေဝ သမဂ္ဂဿ သံဃဿ အနုမတိယာ တိက္ခတ္တုံ သာဝေတ္ဝာ ကတ္တဗ္ဗံ ကမ္မံ-

ဟူသော ပရိဝါ ကမ္မဝဂ်၊ အဋ္ဌကထာ ပါဠိနှင့်အညီ ထိုဆိုအပ်ခဲ့ပြီသော နည်းအတိုင်း အားဖြင့်သာလျှင် သမဂ္ဂသံဃာ၏ အလိုအားဖြင့် တကြိမ်သော ဉတ်ဖြင့်သာ ပြုအပ်သောကံသည် ဉတ္တိကံမည်၏။ ဤအဋ္ဌကထာပါဠိ၌ ''ဝုတ္တနယေ နေဝ''အရကို ရှေးဦးဆိုအပ်ပြီးသော ''သိမဋ္ဌကသံဃံ သောဓေတ္ဝာ ဆန္ဒာရဟာနံ ဆန္ဒံ အာဟာရိတ္ဝာ''ကို ယူ၍ နောက်နည်းတူယူ။

(ဂ) ဉတ္တိဒုတိယကမ္မံနာမ ဝုတ္တနယေနေဝ သမဂ္ဂဿ သံဃဿ အနုမတိယာ ကောယ ဉတ္တိယာ ဧကာယစ အနုသာဝနာယာတိ ဧဝံ ဉတ္တိဒုတိယာယ အနုသာဝနာယ ကတ္တဗ္ဗံ ကမ္မံ-

ဟူသော ယင်း အဋ္ဌကထာပါဠိနှင့်အညီ ထိုဆိုအပ်ခဲ့ပြီးသော နည်းအတိုင်းအားဖြင့်သာလျှင် သမဂ္ဂသံဃာ၏ အလိုအားဖြင့် ဉတ်တကြိမ်၊ ကမ္မဝါစာတကြိမ်အားဖြင့် ပြုအပ်သောကံသည် ဉတ္တိဒုတိယကံ မည်၏။

(ဃ) ဉတ္တိစတုတ္ထကမ္မံနာမ ဝုတ္တနယေနေဝ သမဂ္ဂဿ သံဃဿ အနုမတိယာ ကောယ ဉတ္တိယာ တီဟိစ အနုသာဝနာဟိတိ ဧဝံ ဉတ္တိစတုတ္ထာဟိ တီဟိ အနုသာဝနာဟိ ကတ္တဗ္ဗံ ကမ္မံ-

ဟူသော ယင်း အဋ္ဌကထာပါဠိနှင့်အညီ ထိုဆိုအပ်ခဲ့ပြီးသော နည်းအတိုင်းသာလျှင် သမဏုဒ္ဒေသ၏ အလိုအားဖြင့် ဥတ် တကြိမ်၊ ကမ္မဝါစာသုံးကြိမ်တို့ဖြင့် ပြုအပ်သောကံသည် ဥတ္တိစတုတ္ထကံမည်၏။ ထိုလေးပါးသော ကံတို့တွင်–

(က) အပလောကနကံကို သုံးကြိမ်ပန်ကြား၍သာလျှင် ပြုအပ်၏။ ဥတ္တိကံ၊ ဥတ္တိဒုတိယကံ၊ ဥတ္တိစတုတ္ထကံတို့၏ အစွမ်းအားဖြင့် မပြုအပ်။

(ခ) ဥတ္တိကံကို ဥတ်ဘကြိမ်သာ၍သာလျှင် ပြုအပ်၏။ အပလောကနကံ၊ ဥတ္တိဒုတိယကံ၊ ဥတ္တိ စတုတ္ထကံတို့၏ အစွမ်းအားဖြင့် မပြုအပ်။

(ဂ) ဥတ္တိဒုတိယကံကိုကား ပန်ကြား၍ ပြုအပ်သည်လည်း ရှိ၏၊ မပြုအပ်သည်လည်း ရှိ၏။

ထိုနှစ်ပါးတို့တွင် သီမာသမ္မုတိ၊ သီမာသမ္ဘေဒနာန၊ ကထိနဒါန၊ ကထိနုဒ္ဓါရ၊ ကုဋ္ဌိဝတ္ထု၊ ဒေဿနာ၊ ဝိဟာရဝတ္ထု၊ ဒေဿနာ ဟူကုန်သော ခြောက်ပါးသော ဂရုကံတို့ကို ပန်ကြား၍ မပြုအပ်ကုန်။ ဥတ္တိဒုတိယကမ္မဝါစာကို ကြား၍သာ ပြုအပ်ကုန်၏။

စုဠဝါပါဠိတော် သေနာသနက္ခန္ဓကဋ္ဌ ဟောတော်မူအပ်ကုန်သော ဘတ္တုဒ္ဒေသက၊ သေနာသနပညာပက၊ ဘဏ္ဍာဂါရိက၊ စီဝရပဋိဂ္ဂါဟက၊ စီဝရဘာဇက၊ ယာဂုဘာဇက၊ ဖလဘာဇက၊ ခဇ္ဇဘာဇက၊ အပ္ပမတ္တကဝိဿဇ္ဇက၊ သာဋိယဂ္ဂါဟာပက၊ ပတ္တဂါဟာပက၊ အာရာမိက ပေသက၊ သာမဏေရပေသက ဟူကုန်သော တေရသသမ္မုတိကံတို့ကိုလည်းကောင်း။ သေနာသနဂါဟာပက၊ မတကစီဝရဒါန စသော သမ္မုတိကံတို့ကိုလည်းကောင်း။ ဤလဟုကကံတို့ကို ပန်ကြား၍လည်းကောင်း၊ ဥတ္တိဒုတိယကံ၏ အစွမ်းအားဖြင့်လည်းကောင်း ပြုအပ်ကုန်၏။ ဥတ္တိကံ၊ ဥတ္တိစတုတ္ထကံ တို့၏ အစွမ်းအားဖြင့် မပြုအပ်ကုန်။

ဤအရာ၌ (တေရသသမ္မုတိ) အရကို တေရသကဏ်၊ ပထမဒုဋ္ဌဒေါသ သိက္ခာပုဒ်အဖွင့်၌။

တေရသာပိတိ၊ ဘတ္တုဒ္ဒေသက သေနာသန ဂါဟာပက ဘဏ္ဍာဂါရိက စီဝရပဋိဂ္ဂါဟက် စီဝရဘာဇက ယာဂုဘာဇက ဖလဘာဇက ခဇ္ဇဘာဇက အပ္ပမတ္တကဝိဿဇ္ဇက သာဋိယဂ္ဂါဟာပက ပတ္တဂါဟာပက အာရာမိကပေသက၊ သာမဏေရ ပေသက သမ္မုတိသံခါတာသု တေရသသု သမ္မုတီသု ဟု ဖွင့်ပြတော်မူအပ်၏။

ဝိမတိဝိနောဒနီ ပထမပါရာဇိကဏ္ဍ စုဒ္ဒသမဝိနိတဝတ္ထုအဖွင့်၌ကား။

တေရသသု သမ္မုတိသူတိ ဘတ္တုဒ္ဒေသက သေနာသနပညာပက ဘဏ္ဍာဂါရိက၊ စီဝရပဋိဂ္ဂါဟက စီဝရဘာဇက ယာဂုဘာဇက ဖလဘာဇက ခဇ္ဇဘာဇက အပ္ပမတ္တက ဝိဿဇ္ဇက သာဋိယဂ္ဂါဟာပက ပတ္တဂါဟာပက အာရာမိကပေသက သာမဏေရ ပေသက သမ္မုတိသင်္ခါတာသု တေရသသု သမ္မုတီသု ဟု ဖွင့်ပြတော်မူအပ်၏။

ဤဒိဋ္ဌကာနှစ်ကျမ်းတို့သည် အဖွင့်မတူညီကြ ထိုနှစ်ကျမ်းတို့တွင် ဝိမတိဝိနောဒနီဋီကာ၏ အဖွင့်သည် စူဠဝါ သေနာသနက္ခန္ဓက ပါဠိတော်နှင့် ညီသေးကြောင့် အလွန်သင့်မြတ်သည်။ (မတကစီဝရဒါနသမ္မုတိကို ဝိနည်းမဟာ ပါဠိတော်၊ စီဝရက္ခန္ဓက မှ-ယူ)။

ကေစိဆရာတို့ကား ဥတ္တိ ဒုတိယကံကို ဥတ္တိစတုတ္ထကံ၏ အစွမ်းအားဖြင့် ပြုသော် ဒဋ္ဌတရဖြစ်၏။ ထို့ကြောင့် ပြုအပ်၏ဟု ဆိုကုန်၏။ ထိုဆရာတို့ ဆိုတိုင်းပြုသော် ကမ္မသက်ရောဒေါသရောက်၏။ ထို့ကြောင့် ထိုဆရာတို့၏ စကားကို ပယ်အပ်၏။ အကယ်၍ အကွခရပရိဟီန ပဒုပရိဟီန ဒုတ္ကရဖြစ်ခဲ့သော် ထိုအကွခရပရိဟီန စသည်တို့ကို သုတ်သင်ခြင်းငှာ ဥတ္တိဒုတိယကဲမ္မဝါစာကိုသာ အကြိမ်များစွာ ထပ်ကာ ဆင်ကာ ရွတ်ဆိုအပ်၏။ ဤသို့ ရွတ်ဆိုခြင်းသည် ဒဋ္ဌကမ္မ ဖြစ်၏။

(ဃ) ဥတ္တိ စတုတ္ထကံကို ဥတ်တကြိမ်၊ ကမ္မဝါစာသုံးကြိမ်တို့ကို ကြား၍သာလျှင် ပြုအပ်၏။ အပလောကနကံ၊ ဥတ္တိ ဒုတိယကံတို့၏ အစွမ်းအားဖြင့် မပြုအပ်။ ဤကား ကံလေးပါးတို့၏ အထူးတည်း။ ဤသည်ကား ၂-ခုမြောက် စတုဗ္ဗိဓကမ္မဋ္ဌ မှတ်သားဖွယ်။

၅-ကမ္မဝိပတ္တိ

(၃) "ဝိပတ္တိ"ဟူသော တတိယ မာတိကာအရ ကမ္မဝိပတ္တိကို ဆိုပေအံ့။

ဣမာနိ စတ္တာရိ ကမ္မာနိ ကတိဟာကာရေဟိ ဝိပဇ္ဇန္တိ၊ ဣမာနိ စတ္တာရိ ကမ္မာနိ ပဋ္ဌဟာကာရေဟိ ဝိပဇ္ဇန္တိ၊ ဝတ္ထုတော ဝါ ဥတ္တိတော ဝါ အနုသာဝနတော ဝါ သီမတော ဝါ ပရိသတော ဝါ-

ဟူသော ပရိဝါ ပါဠိတော်နှင့်အညီ ထိုလေးပါးကုန်သော ကံတို့သည် ဝတ္ထုကြောင့်လည်းကောင်း၊ ဥတ်ကြောင့်လည်းကောင်း၊ -ကမ္မဝါစာကြောင့်လည်းကောင်း၊ သိမ်ကြောင့်လည်းကောင်း၊ ပရိသတ်ကြောင့်လည်းကောင်း ဤငါးပါးကုန်သောအကြောင်း တို့ကြောင့် ပျက်ကုန်၏။ ထိုငါးပါးတို့တွင်-

(က) ဝတ္ထုတော ဝါ ဟူသော ပုဒ်အရ ဝတ္ထုကြောင့် ပျက်သောကံကို-

ကထံ ဝတ္ထုတော ကမ္မာနိ ဝိပဇ္ဇန္တိ၊ သမ္မုခါ ကရဏီယံကမ္မံ အသမ္မုခံ ကရောတိ ဝတ္ထုဝိပန္နံ အဓမ္မကမ္မံ၊ ပဋိပုစ္ဆာ ကရဏီယံကမ္မံ အပဋိပုစ္ဆာ ကရောတိ ဝတ္ထုဝိပန္နံ အဓမ္မကမ္မံ၊ ပဋိညာယ ကရဏီယံကံမ္မံ အပဋိညာယ ကရောတိ ဝတ္ထုဝိပန္နံ အဓမ္မကမ္မံ၊ သတိဝိနယာရဟဿ အမူဠှဝိနယံဒေတိ ဝတ္ထုဝိပန္နံ အဓမ္မကမ္မံ၊ အမူဠှဝိနယာရဟဿ တဿ ပါပိယသိကာကမ္မံ ကရောတိ ဝတ္ထုဝိပန္နံ အဓမ္မကမ္မံ၊ တဿ ပါပိယသိကာ ကမ္မာရဟဿ တဇ္ဇနီယကမ္မံ ကရောတိ ဝတ္ထုဝိပန္နံ အဓမ္မကမ္မံ၊ တဇ္ဇနီယကမ္မာရဟဿ နိယသကမ္မံ ကရောတိ ဝတ္ထုဝိပန္နံ အဓမ္မကမ္မံ၊ နိယသကမ္မာရဟဿ ပဗ္ဗာဇနီယကမ္မံ ကရောတိ၊ ဝတ္ထုဝိပန္နံ အဓမ္မကမ္မံ၊ ပဗ္ဗာဇနီယကမ္မာရဟဿ ဟိသာရဏီယကမ္မံ ကရောတိ ဝတ္ထုဝိပန္နံ အဓမ္မကမ္မံ၊ ဟိသာရဏီယကမ္မာရဟဿ ဥက္ခေပနီယကမ္မံ ကရောတိ ဝတ္ထုဝိပန္နံ အဓမ္မကမ္မံ၊ ဥက္ခေပနီယာ-

ကမ္မာရဟဿ ပရိဝါသံ ဒေတိ ဝတ္ထုံဝိပန္နံ အဓမ္မကမ္မံ၊ ပရိဝါသာရဟဿ မူလာယ ပဋိကဿတိ ဝတ္ထုံဝိပန္နံ အဓမ္မကမ္မံ၊ မူလာယ ပဋိကဿနာရဟဿ မာနတ္တံ ဒေတိ ဝတ္ထု ဝိပန္နံ အဓမ္မကမ္မံ၊ မာနတ္တာရဟံ အဗ္ဘေတိ ဝတ္ထုံဝိပန္နံ အဓမ္မကမ္မံ၊ အဗ္ဘာနာရဟံ ဥပသမ္ပာဒေတိ ဝတ္ထုံဝိပန္နံ အဓမ္မကမ္မံ၊ အနုပေါသထေ ဥပေါသထံ ကရောတိ ဝတ္ထုံဝိပန္နံ အဓမ္မကမ္မံ၊ အပဝါရဏာယ ပဝါရေတိ ဝတ္ထုံဝိပန္နံ အဓမ္မကမ္မံ၊ ဧဝံ ဝတ္ထုတော ကမ္မာနိ ဝိပဇ္ဇန္တိ-ဟူ၍ လည်းကောင်း။

ကထံ ဝတ္ထုတော ကမ္မာနိ ဝိပဇ္ဇန္တိ။ ပဏ္ဍကံ ဥပသမ္ပာဒေတိ ဝတ္ထုံဝိပန္နံ အဓမ္မကမ္မံ၊ ထေယျသံဝါသကံ ဥပသမ္ပာဒေတိ ဝတ္ထုံဝိပန္နံ အဓမ္မကမ္မံ၊ တိတ္ထိယပက္ကန္တကံ ဥပသမ္ပာဒေတိ ဝတ္ထုံဝိပန္နံ အဓမ္မကမ္မံ၊ တိရစ္ဆာနဂတံ ဥပသမ္ပာဒေတိ ဝတ္ထုံဝိပန္နံ အဓမ္မကမ္မံ၊ မာတုဃာတကံ ဥပသမ္ပာဒေတိ ဝတ္ထုံဝိပန္နံ အဓမ္မကမ္မံ၊ ပိတုဃာတကံ ဥပသမ္ပာဒေတိ ဝတ္ထုံဝိပန္နံ အဓမ္မကမ္မံ၊ အရဟန္တဃာတကံ-ဥပသမ္ပာဒေတိ ဝတ္ထုံဝိပန္နံ အဓမ္မကမ္မံ၊ ဘိက္ခုနီဒူသကံ ဥပသမ္ပာဒေတိ ဝတ္ထုံဝိပန္နံ အဓမ္မကမ္မံ၊ သံဃဘေဒကံ ဥပသမ္ပာဒေတိ၊ ဝတ္ထုံဝိပန္နံ အဓမ္မကမ္မံ၊ လောဟိ-တုပ္ပါဒကံ ဥပသမ္ပာဒေတိ၊ဝတ္ထုံဝိပန္နံ အဓမ္မကမ္မံ၊ ဥဘတော ဗျဉ္ဇနံ ဥပသမ္ပာဒေတိ၊ ဝတ္ထုံဝိပန္နံ အဓမ္မကမ္မံ၊ ဥနဝီသတိဝဿံ ပုဂ္ဂလံ ဥပသမ္ပာဒေတိ ဝတ္ထုံဝိပန္နံ အဓမ္မကမ္မံ၊ ဧဝံ ဝတ္ထုတော ကမ္မာနိ ဝိပဇ္ဇန္တိ-ဟူ၍ လည်းကောင်း-ဟောတော် မူအာပ်သော ပရိဝါပါဠိတော်ဖြင့် သိအပ်၏။ ဤပါဠိတော်ပါဌ် အပေါင်းတွင် ဝတ္ထုံဝိပန္နံ အဓမ္မကမ္မံ ဟူသော ပါဌ်ကို- ဝတ္ထုံဝိပန္နံ၊ ဝတ္ထုကြောင့်ပျက်စီးသော။ အဓမ္မကမ္မံ၊ အဓမ္မကံမည်၏ ဟူ၍ အနက်ပေး၊ ဒုကြွင်းသိသာပြီ။

ဤပါဠိတော်ပါဌ် အပေါင်းတို့တွင် ''သမ္မုခါ ကရဏီယံ အသမ္မုခါ ကရောတိ'' ဟူသောပါဌ်၌ ကံသည် မျက်မှောက်၌ပြုအပ်သော ၊သမ္မုခါကရဏီယကံ၊ မျက်ကွယ်၌ပြုအပ်သော အသမ္မုခါကရဏီယကံ ဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် ဒူတေန ဥပသမ္ပဒကံ၊ ပတ္တနိက္ခုဇ္ဇနကံ၊ ပတ္တုက္ကုဇ္ဇနကံ၊ ဥမ္မတ္တကရဟန်းအား ပေးအပ်သော သေက္ခသမ္မုတိကံ၊ အပသာဒနိယ ဝတ္ထုကို ပြသောရဟန်းအား ဘိက္ခုနီမသံဃာသည် ပြုအပ်သော အဝန္ဒိယကံအားဖြင့် ရှစ်ပါးကုန်သော ကံတို့သည် မျက်ကွယ်၌ ပြုအပ်သော အသမ္မုခါ ကရဏီယကံတို့ မည်ကုန်၏။

ထိုရှစ်ပါးကုန်သော ကံတို့၏အကျယ်ကို အလိုရှိကုန်သောသူတို့သည် ဒူတေန ဥပသမ္ပဒ၊ အဝန္ဒိယကံ နှစ်ပါးကို စူဠဝါပါဠိတော် ဘိက္ခုနီခန္ဓကမှယူ။ ပတ္တနိက္ခုဇ္ဇန၊ ပတ္တုက္ကုဇ္ဇနကံ နှစ်ပါးကို ယင်းပါဠိတော် ခုဒ္ဒကဝတ္ထု ခန္ဓကမှယူ။ ဥမ္မတ္တက သမ္မုတိကံကို ပါစိတ်ပါဠိတော် တတိယပါဠိဒေသနိယ သိက္ခာပုဒ်မှ ယူ။ ပြဟ္မဒဏ္ဍကံကို စူဠဝါပါဠိတော် ပဉ္စသတိက ခန္ဓကမှ ယူ။ ပကာသနိယကံကို ယင်းပါဠိတော် သံဃဘေဒကမှ ယူ။

ထိုကံရှစ်ပါးတို့မှ ကြွင်းကုန်သော ကံတို့သည် မျက်မှောက်၌ ပြုအပ်ကုန်သော သမ္မုခါကရဏီယကံတို့ မည်ကုန်၏။ ဤသမ္မုခါကရဏီယကံကို သံဃသမ္မုခတာ၊ ဓမ္မသမ္မုခတာ၊

ဝိနယသမ္မုခတာ၊ ပုဂ္ဂလသမ္မုခတာ ဟူသော လေးပါးသော သမ္မုခါဝိနည်းတို့ကို ဆောင်၍သာလျှင် ပြုအပ်၏။ ထိုသမ္မုခါဝိနည်းဟု ဆိုအပ်သော ဝတ္ထုနှင့်ကင်း၍ ပြုအပ်သည်ရှိသော် ဝတ္ထုဝိပန္နဒေသနာမကံဖြစ်၏။

ထိုသမ္မုခါ ဝိနည်းလေးပါးတို့၏ အထူးကိုလည်း ကမ္မပတ္တဖြစ်ကုန်သော ပကတ်ရဟန်းတို့၏ ဟတ္ထပါသ်အတွင်းသို့ ရောက်ခြင်း၊ ဆန္ဒာရဟ ရဟန်းတို့၏ ဆန္ဒကိုဆောင်ခြင်း၊ သမ္မုခီဘူတရဟန်းတို့၏ ပဋိက္ကောသန မပြုခြင်းသည် သံဃသမ္မုခတာမည်၏။ ဘူတဝတ္ထုသည် ဓမ္မသမ္မုခတာ မည်၏။ စောဒနာ သာရဏာဝိနည်းသည် ဝိနယသမ္မုခတာမည်၏။ ကမ္မာရဟ ပုဂ္ဂိုလ်၏ မျက်မှောက်ရှိခြင်းသည် ပုဂ္ဂလသမ္မုခတာမည်၏ ဟု မှတ်။

"ပဋိပုစ္ဆာ ကရဏီယံကမ္မံ အပ္ပဋိပုစ္ဆာ ကရောတိ" ဟူသော ပါဠိ၌ ပဋိပုစ္ဆာအရုံကို စောဒနာ သာရဏာဝိနည်း နှစ်ပါးပင်တည်း ဟု မှတ်၊ ထို့ကြောင့် ကမ္မဝဂ် အဋ္ဌကထာ၌။

ပဋိပုစ္ဆာ ကရဏီယံ အပ္ပဋိပုစ္ဆာ ကရောတိတိ ပုစ္ဆိတ္ဝာ စောဒေတ္ဝာ သာရေတ္ဝာ ကရောတိ-

ဟူ၍ ဖွင့်ဆိုအပ်ပြီ။ ဤပဋိပုစ္ဆာကရဏီယကံကို စောဒနာ၊ သာရဏာ ဝိနည်းဟုဆိုအပ်သော ဝတ္ထုနှင့်ကင်း၍ ပြုအပ်သည်ရှိသော် ဝတ္ထုဝိပန္နဒေသနာမကံဖြစ်၏။

"ပဋိညာယ ကရဏီယံ ကမ္မံ အပ္ပဋိညာယ ကရောတိ" ဟူသောပါဠိ၌ ဝန်ခံခြင်းပဋိညာသည် ဝတ္ထုမည်၏။ ထိုပဋိညာဟု ဆိုအပ်သော ဝတ္ထုနှင့်ကင်း၍ နိုင်နင်းလိုသော နှလုံးသွင်းဖြင့် နိုင်ထက်စီးနင်း အာဘင်းဗလကြောရအားဖြင့် ပြုခြင်းသည်။ ဝတ္ထုဝိပန္နဒေသနာမကံမည်၏ဟုမှတ်။ ထို့ကြောင့်၊ ယင်းအဋ္ဌကထာ၌-

ပဋိညာယ ကရဏီယံ အပ္ပဋိညာယ ကရောတိတိ အပ္ပဋိညံ အာရောပေတ္ဝာ ယထာဒိန္နာယ ပဋိညာယ ကာတမ္မံ အပ္ပဋိညာယ ကရောန္တဿ ဝိပ္ပလပန္တဿ ဗလကြောရေနကရောတိ

ဟူ၍၊ ဖွင့်ဆိုတော်မူအပ်ပြီး၍၊ ဤအဋ္ဌကထာပါဠိ၌ "အပ္ပဋိညာယ ကရောန္တဿ"ဟူသော ပုဒ်ကို၊ ပဋိညာယ၊ ဝန်ခံခြင်းကို။ အကရောန္တဿ၊ မပြုသောဟု ယောဇနာ။

စူဠဝဂ်ပါဠိတော်၊ ကမ္မခန္ဓကဋ္ဌ-

တီဟိ ဘိက္ခဝေ အင်္ဂေဟိ သမန္နာဂတံ ဟဋ္ဌေ နိယကမ္မံ အဓမ္မကမ္မဉ္စ ဟောတိ အဝိနယကမ္မဉ္စ ဒုဗ္ဘဏ္ဍဉ္စ အသမ္မုခါ ကတံ ဟောတိ၊ အပ္ပဋိပုစ္ဆာ ကတံ ဟောတိ အပ္ပဋိညာယ ကတံဟောတိ၊ ဣမေဟိ ခေါ ဘိက္ခဝေ တီဟိ အင်္ဂေဟိ သမန္နာဂတံ တဇ္ဇနိယကမ္မံ အဓမ္မကမ္မဉ္စ ဟောတိ အဝိနယကမ္မဉ္စ ဒုဗ္ဘဏ္ဍဉ္စ၊

ဟူ၍၊ ဟောတော်မူအပ်သော အထာသည်လည်း၊ ဤသို့အပ်ပြီးသော ကမ္မဝိပတ္တိကာရက-၃-ပါးကိုနှင့်၊ မကဲ့မပြား၊ တသားတည်းပင်တည်း။

ယင်းပါဠိတော်၏အဋ္ဌကထာဋ္ဌကား-

အသမ္မုခါ ကတန္တိအာဒီသု သံဃ ဓမ္မ ဝိနယ ပုဂ္ဂလသမ္မုခါနံ ဝိနာကတံ စုတိကတံ အပုစ္ဆိတ္ဝာ ကတံ၊ တဿေဝ အပ္ပဋိညာယ ကတံ-ဟု ဖွင့်ဆိုတော်မူအပ်၏။

ဤအဋ္ဌကထာပါဌ်၌ "အပ္ပဋိညာယ ကတံ" ဟူသောပုဒ်ကို ဝိမတိဝိနောဒနီ ဋီကာ၌။

အပ္ပဋိညာယ ကဲ့တန္တိ ဝတ္ထုံ၀ါ အာပဲတ္တိံ၀ါ အပ္ပဋိစ္ဆာပေတ္ဝာ ကတံ၊ ယော ပန သဗ္ဗေသံ ပဿန္တာနံ ဧဝ ဝတ္ထု ဝိတိက္ကမံ ကတ္ဝာ ပစ္ဆာ ကမ္မကရဏာဘယေန နကရောမီတိ မုသာဝဒတိ တဿ ဘိက္ခုနံ သမ္မုခေ ဝိတိက္ကမ ကရဏမေဝ ပဋိညာ၊ တတော ဇာနနတ္ထမေဝ ပဋိညာယ ကရဏံ အနုညာတံ ဟောတ္ထ ပန သန္ဓေဟော ဟောတိ။ တတ္ထ သမ္ပဋိစ္ဆာပေတ္ဝာဝ ကတ္တဗ္ဗန္တိ ဂဟေတဗ္ဗံ-ဟူ၍ ဖွင့်ပြတော်မူအပ်၏။

ဋီကာပါဌ်အပေါင်းတွင် "ဝတ္ထုံ၀ါ။ လ။ကတံ" ဟူသောပါဌ်ဖြင့် ဝတ္ထုကိုလည်းကောင်း၊ အာပတ်ကိုလည်းကောင်း ဝန်မခံစေပဲ ပြုအပ်သောကံသည် ဝတ္ထု၀ိပန္နအဓမ္မကံမည်၏ဟူသော အဓိပ္ပါယ်ကို ပြတော်မူအပ်၏။ "ယော ပန။ လ။ ပဋိညာ" ဟူသော ပါဌ်ဖြင့် အလုံးစုံသော သူတို့မြင်စဉ် မျက်မှောက်တွင်သာလျှင် ဝတ္ထုကို ကျူးလွန်ပြီး၍ ကံပြုအံ့သည်မှကြောက်သဖြင့် နောက်၌ ကွယ်သိုမပြုဖူးဟု မုသားဆိုသော်လည်း ရဟန်းတို့၏ရှေ့၌ ထိုပုဂ္ဂိုလ်၏ လွန်ကျူးခြင်းပင် ပဋိညာမည်၏၊ အထူးပဋိညာတောင်းဖွယ်မရှိပြီ ဟူသော အဓိပ္ပာယ်ကို ပြတော်မူအပ်၏။ "ယထာပန။ လ။ဂဟေတဗ္ဗံ" ဟူသော ပါဌ်ဖြင့် အကြင်ကျူးလွန်ခြင်း၌ ရဟန်းတို့၏ မျက်မှောက်မဟုတ်၊ တဆင့်စကား ကြားရကာမျှသာဖြစ်ကြောင်း ထုံမှားကောင်း ဖြစ်၏။ ထိုလွန်ကျူးခြင်း၌ ဝန်ခံစေ၍သာလျှင် ကံပြုအပ်၏ ဟူသော အဓိပ္ပာယ်ကို ပြဆိုတော် မူအပ်၏။ သတိဝိနည်းမူစ၍ ဥက္ခေပနိယ တိုင်အောင်သော ကံတို့ကို နောက်၌ အသီးအခြားဆိုလတ္တံ့၊ အကြွင်းသိသာပြီ။ (ပဏ္ဍကံ ဥပသမ္ပာဒေတိ) စသော ပါဠိတော်၌ အန္တိမဝတ္ထု အဋ္ဌာပန္နပုဗ္ဗ ပုဂ္ဂိုလ်ကို ဟောတော်မူအပ်သော်လည်း ထိုပုဂ္ဂိုလ်ကို ရဟန်းခံစေလျှင် ဝတ္ထု၀ိပန္နကဓမ္မကံဖြစ်ဟော့သည်သာတည်း။ ဤကား ဝတ္ထုကြောင့်ပျက်သော ဝိပတ္တိကံတည်း။

(ခ) "ဥတ္တိတော၀ါ" ဟူသောပုဒ်အရ ဥတ်ကြောင့် ပျက်သောကံကို-

ကထံ ဥတ္တိတော ကမ္မာနိ ဝိပဇ္ဇန္တိ၊ ဝတ္ထုံ နပရာမသတိ သံဃံနပရာမသတိ ပုဂ္ဂလံ နပရာမသတိ ဥတ္တိံ နပရာမသတိ ပစ္ဆာ၀ ဥတ္တိံ ထဝေတိ ဤမေဟိ ပဋိဟာကာရေဟိ ဥတ္တိတော ကမ္မာနိ ဝိပဇ္ဇန္တိဟူ၍ ဟောတော်မူအပ်သော ပရိ၀ါပါဠိတော်ဖြင့် သိအပ်၏။

ဤပါဠိတော် ပါဌ်အပေါင်းတွင် "ဝတ္ထုံနပရာမသတိ" ဟူသည်ကား-

သုဏာတုမေ ဘန္တေ သံဃော အယံ နာဂေါ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော ဟူ၍ **ရွတ်**ဆိုအပ်လျက် ရဟန်းလောင်း၏အမည်ကို ဟောသော "အယံ နာဂေါ"

ဟူသော ပါဠိကို မရွတ်မဖတ်၊ ချန်လှပ်ပယ်ထား၍ သုဏာတုမေ ဘန္တေ သံဃော( ) အာယသ္မတော တိဿသ္သ ဥပသမ္ပဒါပေက္ခောဟူ၍ ရွတ်ဖတ်ခြင်းပင်တည်း။ "ဥတ္တိ နပရာမသတိ" ဟူသည်ကား ဥတ်ကို အလျဉ်းမရွတ်ပဲ ဥတ္တိဒုတိယကံဌ ကမ္မဝါစာကိုသာ နှစ်ကြိမ်ရွတ်ဆိုခြင်း။ ဥတ္တိစတုတ္ထကံဌ ကမ္မဝါစာကိုသာ လေးကြိမ်ရွတ်ဆိုခြင်းပင်တည်း။

"ပစ္ဆာဝဲါ ဥတ္တိ ထဒေပတိ" ဟူသည်ကား ကမ္မဝါစာကို ရှေးဦးစွာ ရွတ်ဆို၍ နောက်မှ ဥတ်ကို ရွတ်ဆိုခြင်းပင်တည်း။ ဤငါးပါးကုန်သော ဥတ္တိ ဒေါသ ဖြစ်ကုန်သော အကြောင်းတို့တွင် တပါးပါးသော အကြောင်းဖြင့်လည်း ဥတ္တိဝိပတ္တိကံမည်၏။ ဤသည်ကား ဥတ်ကြောင့် ပျက်သော ဝိပတ္တိကံတည်း။

(ဂ) "အနုသာဝနတောဝါ" ဟူသောပုဒ်အရ ကမ္မဝါစာကြောင့် ပျက်သော ကံကို–

ကထံ အနုသဝနတော ကမ္မာနိ ဝိပဇ္ဇန္တိ၊ ပဥ္စဟာကာရေတိ အနုသဝနတော ကမ္မာနိ ဝိပဇ္ဇန္တိ၊ ဝတ္ထုံ နပရာမသတိ-သံဃံနပရာမသတိ၊ ပုဂ္ဂလံ နပရာမသတိ၊ သာ-ဝနံဟာပေတိ၊ အကာလေဝါ သာဝေတိ၊ ဣမေဟိ ပဥ္စဟာကာရေဟိ အနု-သာဝနတော ကမ္မာနိ ဝိပဇ္ဇန္တိ ဟူ၍ ဟောတော်မူအပ်သော ပရိဝါပါဠိတော်ဖြင့် သိအပ်၏။

ဤပါဠိတော် ပါဌ်အပေါင်းတွင် "ဝတ္ထုံ နပရာမသတိ သံဃံနပရာမသတိ ပုဂ္ဂလံနပရာမသတိ" ဟူကုန်သော အနုသာဝနဒေါသသုံးပါးတို့ကို ဥတ္တိ ဒေါသ၌ ဆိုအပ်ခဲ့ပြီးသောဖြစ်၍ သိသာပြီ။ ဥတ်နှင့် ကမ္မဝါစာသာထူးတော့သည်။ (သာဝနံဟာပေတိ) ဟူသည်ကား အခြင်းခပ်သိမ်း ကမ္မဝါစာကို မရွတ်ဖတ်ပဲ ဥတ္တိဒုတိယကံဌ ဥတ်ကိုသာ နှစ်ကြိမ်ထားခြင်းသည်လည်းကောင်း၊ ဥတ္တိစတုတ္ထကံဌ ဥတ်ကိုသာ လေးကြိမ်ထားခြင်းသည် လည်းကောင်း ကမ္မဝါစာကို ယုတ်စေသည်မည်၏။

တနည်းကား ဥတ္တိဒုတိယကံဌ ဥတ်တကြိမ်ထား၍ ကမ္မဝါစာကို တကြိမ်ကြားသော်လည်း ကမ္မဝါစာဌ အက္ခရာကိုလည်းကောင်း၊ ပုဒ်ကိုလည်းကောင်း၊ မရွတ်မဖတ် ချုန်လှပ်သော ရဟန်းသည်လည်းကောင်း၊ ဒုရွတ္တဖြစ်အောင် ရွတ်ဖတ်သော ရဟန်းသည်လည်းကောင်း၊ ကမ္မဝါစာကို ယုတ်စေသည်မည်၏။ ဥတ္တိစတုတ္ထကံဌ ဥတ်ကို တကြိမ်ထား၍ ကမ္မဝါစာကို တကြိမ်တည်းသာလည်းကောင်း၊ နှစ်ကြိမ်တည်းသာလည်းကောင်း၊ ကြားသော ရဟန်းသည်လည်းကောင်း၊ ကမ္မဝါစာဌ အက္ခရာကိုလည်းကောင်း၊ ပုဒ်ကိုလည်းကောင်း၊ မရွတ်မဖတ်၊ ချန်လှပ်ထားသော ရဟန်းသည်လည်းကောင်း၊ ဒုရွတ္တဖြစ်အောင် ရွတ်ဖတ်သော ရဟန်းသည်လည်းကောင်း ကမ္မဝါစာကို ယုတ်စေသည်မည်၏။

ဤအရာ၌ (ဒုရွတ္တ)ဟူသည်ကား တပါးသော အက္ခရာကို ရွတ်ဆိုအပ်လျက် ရွတ်ဖတ်အပ်သော အက္ခရာမှတပါး အခြားသောအက္ခရာကို ရွတ်ဆိုခြင်းပေတည်း၊ ထို့ကြောင့် ပရိဝါ

အဋ္ဌကထာ ကမ္မဝဂ်အဖွင့်၌ "ယော ဟိ အညသ္မိံ အက္ခရေ ဝတ္တမ္ပေ အညံ ဝေဒံ အယံ ဒုရုတ္တံ-ကရောတီနာမ" ဟု ဖွင့်ဆိုတော်မူအပ်ပြီ။ ထိုကြောင့် ကမ္မဝါစာကို ရွတ်ဆိုသောရဟန်းသည်-

သိထိလံ ဓနိတဉ္စ ဒီဃရဿံ၊ ဂရုကံ လဟုကဉ္စ နိဂ္ဂဟိတံ။
သမ္မန္ဓံ ဝဝတ္ထိတံ ဝိမုတ္တံ၊ ဒသာ ဗျဉ္ဇနဗုဒ္ဓိယာ ပဇာဒါ။

ဟူ၍ ဆိုအပ်သော သိထိလ ဓနိတ၊ ဒီဃ ရဿ-ဂရု-လဟု၊ နိဂ္ဂဟိတ ဝိမုတ္တ သမ္ပန္ဓ ဝဝတ္ထိတ ဟူသော ဗျဉ္ဇနဗုဒ္ဓိ ဆယ်ပါးကို ကောင်းစွာ ပိုင်းခြားမှတ်သားသိမြင်အပ်၏။ ရွတ်ဆိုပုံနည်းလမ်းနှင့်တကွ ဗျဉ္ဇနဗုဒ္ဓိဆယ်ပါးတို့၏ ဝိနိစ္ဆယကို ပရိဝါအဋ္ဌကထာ သဒ္ဒနီတိ ကာရိကာစသော ကျမ်းတို့ကို မှီငြမ်းပြုကာ ကောင်းစွာ မှတ်ယူကြလေကုန်။

ထိုဆယ်ပါးတို့တွင် သိထိလကို ဓနိတပြု၍ ဓနိတကို သိထိလပြု၍ ဝိမုတ္တကို နိဂ္ဂဟိတပြု၍ နိဂ္ဂဟိတကို ဝိမုတ္တပြု၍ ရွတ်ဆိုခြင်းအားဖြင့် လေးပါးကုန်သော ဗျဉ္ဇနတို့သည် ကမ္မကောပန ကမ္မနုသနကို ဖြစ်စေကုန်၏။ ဤ လေးပါးမှ ကြွင်းကုန်သော ဒီဃကို ရဿပြု၍ ရဿကို ဒီဃပြု၍ ရွတ်ဆိုခြင်းအားဖြင့် ခြောက်ပါးကုန်သော ဗျဉ္ဇနတို့သည် ကမ္မကောပန ကမ္မနုသနကို မဖြစ်စေကုန်။ ဤစကားကိုကား-

ဣတိ သိထိလကတ္တပ္ပေ ဓနိတံ၊ ဓနိတကတ္တပ္ပေ သိထိလံ၊ ဝိမုတ္တေ ကတ္တပ္ပေ နိဂ္ဂဟိတံ၊ နိဂ္ဂဟိတေ ကတ္တပ္ပေ ဝိမုတ္တန္တိ ဣမာနိ စတ္တာရိ ဗျဉ္ဇနာနိ အန္တော ကမ္မဝါစာယ ကမ္မံ ဒုသေန္တိ၊ ဧဝံ ဝဒန္တေဟိ အညသ္မိံ အက္ခရေ ဝတ္တပ္ပေ အညံ ဝဒတိ ဒုရုတ္တံ ကရောတိတိ ဝုစ္စတိ၊ ဣတရေသု ပန ဒီဃ ရဿာဒီသု ဆသု ဗျဉ္ဇနေသု ဒီဃဌာနေ ဒီဃမေဝ၊ ရဿဌာနေစ ရဿမေဝါတိ ဧဝံ ယထာဌာနေ တံ တဒေဝ အက္ခရံ ဘာသန္တေန အနုက္ကမာဂတံ ပဌေတိ အဝိနာသေန္တေန ကမ္မဝါစာ ကာဘဗ္ဗာ၊ သစေ ပန ဧဝံ အကတ္ဝာ ဒီဃော ဝတ္တပ္ပေ ရဿံ ရဿော ဝတ္တပ္ပေ ဒီဃံ ဝဒတိ၊ တထာ ဂရုကေ ဝတ္တပ္ပေ လဟုကံ၊ လဟုကေဝါ ဝတ္တပ္ပေ ဂရုကံ ဝဒတိ သမ္မန္နေဝါ ပန ဝတ္တပ္ပေ ဝဝတ္ထိတံ၊ ဝဝတ္ထိတေဝါ ဝတ္ထပ္ပေ သမ္မန္နံ ဝဒတိ၊ ဧဝံ ဝုတ္တေပိ ကမ္မဝါစာ နကုပ္ပတိ၊ ဣမာနိ ဟိ ဆဗျဉ္ဇနာနိ ကမ္မံ နကောပေန္တီ-

ဟူသော ပရိဝါအဋ္ဌကထာ ကမ္မဝဂ်အဖွင့်ဖြင့် သိအပ်၏။

အကယ်၍ ဝါ သာဓေတိ ဟူသည်ကား ဥတ်ကို ရှေးဦးစွာ မထားပဲ ကမ္မဝါစာကို ရှေးဦးစွာ ကြားပြီးမှ နောက်၌ ဥတ်ကို ထားခြင်းပင်တည်း။ ဤသို့ပါးပါးကုန်သော အနုသာဝနဒေါသ ဖြစ်ကုန်သော အကြောင်းတို့တွင် တပါးပါးသော အကြောင်းဖြင့်လည်း အနုသာဝန ဝိပတ္တိကံ မည်၏။ ဤသည်ကား ကမ္မဝါစာကြောင့် ဟုတ်သော ဝိပတ္တိကံတည်း။

(ဃ) သီမတော ဝါ ဟူသောပုဒ်အရ သီမ်ကြောင့်ဟုတ်သောကံကို-

ကထံသီမတော ကမ္မာနိ ဝိပဇ္ဇန္တိ ကောဒသဟိ အာကာရေဟိ သီမတော ကမ္မာနိ ဝိပဇ္ဇန္တိ၊ အတိခုဒ္ဒကံ သိမံ သမန္နတိ၊ အတိ မဟတိံ သိမံ သမ္မန္နတိ၊ ခဏ္ဍနိမိတ္တံ သိမံ

သမ္မန္နတိ၊ ဆာယာနိမိတ္တံ သိမံ သမ္မန္နတိ၊ အနိမိတ္တံ သိမံ သမ္မန္နတိ၊ ဗဟိသိမေ ဌိတော သိမံ သမ္မန္နတိ၊ နဒီယာ သိမံ သမ္မန္နတိ၊ သမုဒ္ဒေ သိမံ သမ္မန္နတိ၊ ဇာတဿရေ သိမံ သမ္မန္နတိ၊ သိမာယ သိမံ သံဘိန္ဒတိ၊ သိမာယ သိမံ အဇ္ဈောတ္ထရတိ၊ ဤမေဟိ ဧကာဒသဟိ အာကာရေဟိ သိမတော ကမ္မာနိ ဝိပဇ္ဇန္တိ ဟူ၍ ဟောတော်မူအပ်သော ၎ရိဝါဝါဠိတော်ဖြင့် သိအပ်၏။

(၁) နှစ်ကျိပ်တယောက် မထိုင်လောက်အောင် အလွန်ငယ်စွာ သမုတ်အပ်သောသိမ်။

(၂) သုံးယူဇနာကိုလွန်၍ အလွန်ကြီးစွာ သမုတ်အပ်သောသိမ်။

(၃) ပထမကြာ်းအပ်ပြီးသောနိမိတ်ကို တဖန် နောက်ထပ် စပ်အောင် မကြာ်းမူ၍ သမုတ်အပ်သော (တနည်း) တစသာရရက္ခ၊ ပံသုပုဋ္ဌ ဝါလိကပုဋ္ဌ အစ ရှိသော အနိမိတ္တုပဂဝတ္ထုကို နိမိတ်တခု ကြာ်းပြု၍ သမုတ်အပ်သောသိမ်။

(၄) တော တောင် စသည်တို့၏အရိပ်ကို နိမိတ်ပြု၍ သမုတ်အပ်သော သိမ်။

(၅) နိမိတ်မထား ,မကြာ်းမူ၍ သမုတ်အပ်သောသိမ်။

(၆) ကြာ်းအပ်ပြီးသော နိမိတ်တို့၏ ပြင်ပ၌နေ၍ သမုတ်အပ်သော သိမ်။

(၇) မြစ်၌ သမုတ်အပ်သော သိမ်။

(၈) သမုဒ္ဒရာ၌ သမုတ်အပ်သော သိမ်။

(၉) ဇာတဿရအိုင်၌ သမုတ်အပ်သော သိမ်။

(၁၀) မိမိသိမ်ဖြင့် သူတပါးသိမ်ကိုစပ်၍ သမုတ်အပ်သော သိမ်။

(၁၁) မိမိသိမ်ဖြင့် သူတပါးသိမ်ကို လွှမ်းမိုးဖိထပ်၍ သမုတ်အပ်သော သိမ်အားဖြင့် (၁၁)ပါးသောသိမ်တို့သည် ဝိပတ္တိသိမ်တို့ မည်ကုန်၏ဟူသော အဓိပ္ပာယ်ကို မှတ်။ ထို ဝိပတ္တိသိမ်တို့၌ ဝိနိစ္ဆယ ဝိတ္ထာရကို ဝိနည်းမဟာဝဂ် ဥပေါသထက္ခန္ဓကပါဠိတော် ယင်းအဋ္ဌကထာတို့မှ ယူ။ ဤသည်ကား သိမ်ကြောင့်ဖြစ်သော ဝိပတ္တိကံတည်း။

(ဂ) ပရိသတော်ဝါ ဟူသော ပုဒ်အရ ပရိသတ်ကြောင့် ပျက်သောကံကို–

ကထံ ပရိသတော် ကမ္မာနိ ဝိပဇ္ဇန္တိ၊ ဒွါဒသဟိ ပရိသတော် ကမ္မာနိ ဝိပဇ္ဇန္တိ၊ စတုဝဂ္ဂ ကရဏေ ကမ္မေ ယာဝတိကာ ဘိက္ခူ၊ ကမ္မပ္ပတ္တာ၊ တေ အနာဂတာ ဟောန္တိ၊ ဆန္ဒာရဟာနံ ဆန္ဒော အနာဟဋ္ဌော ဟောတိ၊ သမ္မုခီဘူတာ ပဋိက္ကောသန္တိ။ စတုဝဂ္ဂကရဏေ ကမ္မေ ယာဝတိကာ ဘိက္ခူ၊ ကမ္မပ္ပတ္တာ၊ တေ အာဂတာ ဟောန္တိ၊ ဆန္ဒာရဟာနံ ဆန္ဒော အနာဟဋ္ဌော ဟောတိ၊ သမ္မုခီဘူတာ ပဋိက္ကောသန္တိ။ ပဉ္စဝဂ္ဂ ကရဏေ ကမ္မေ ။ပ။ ဒသဝဂ္ဂ ကရဏေ ကမ္မေ ။ပ။ ဝီသတိဝဂ္ဂကရဏေ ကမ္မေ ယာဝတိကာ ဘိက္ခူ၊ ကမ္မပ္ပတ္တာ၊ တေ အနာဂတာ ဟောန္တိ၊ ဆန္ဒာရဟာနံ ဆန္ဒော အနာဟဋ္ဌော ဟောတိ၊ သမ္မုခီဘူတာ ပဋိက္ကောသန္တိ။ ဝီသဘိဝဂ္ဂ ကရဏေ ကမ္မေ ယာဝတိကာ ဘိက္ခူ၊ ကမ္မပတ္တာ၊ တေ

အာဂတာ ဟောန္တိ၊ ဆန္ဒာရဟာနံ ဆန္ဒော အနာဟာရော ဟောတိ၊ သမ္မုခီ-ဘူတာ ပဋိက္ကောသန္တိ။ ဝိသတိဝဂ္ဂံ ကရဏေ ကမ္မေ ယာဝတိကာ ဘိက္ခူ ကမ္မပ္ပတ္တာ တေ အာဂတာ ဟောန္တိ၊ ဆန္ဒာရဟာနံ ဆန္ဒော အာဟာရော ဟောတိ၊ သမ္မုခီဘူတာ ပဋိက္ကောသန္တိ။ ဣမေဟိ ဒ္ဝါဒသဟိ အာကာရေဟိ ပရိသတော ကမ္မာနိ ဝိပဇ္ဇန္တိ-

ဟူ၍ ဟောတော်မူအပ်သော ပရိဝါပါဠိတော်ဖြင့် သိအပ်၏။ ဤ ပါဠိတော်ပါဠ်၌ ဒ္ဝါဒသာကာရ ဟူသည်ကား-

(၁) စတုဝဂ်သံဃာသည် ပြုအပ်သောက ံ၌ ကမ္မပ္ပတ္တလေးယောဂ်မျှ ကုန်သော ပကတတ်ရဟန်းတို့သည် ဟတ္ထပါသ်သို့ မရောက်၊ ဆန္ဒာရဟာရဟန်းတို့၏ ဆန္ဒကို မဆောင်၊ သမ္မုခီ-ဘူတ ရဟန်းတို့သည် ပဋိက္ကောသန ပြုကုန်၏။

(၂) စတုဝဂ်သံဃာသည် ပြုအပ်သောက ံ၌ ကမ္မပ္ပတ္တလေးယောဂ်မျှ ကုန်သော ပကတတ်ရဟန်းတို့သည် ဟတ္ထပါသ်သို့ကား ရောက်ကုန်၏။ ဆန္ဒာရဟာရဟန်းတို့၏ ဆန္ဒကိုမဆောင် သမ္မုခီဘူဘရဟန်းတို့သည် ပဋိက္ကောသနပြုကုန်၏။

(၃) စတုဝဂ်သံဃာသည် ပြုအပ်သောက ံ၌ ကမ္မပ္ပတ္တ လေးယောဂ်မျှကုန်သော ပကတတ်ရဟန်းတို့သည် ဟတ္ထပါသ်သို့လည်း ရောက်ကုန်၏။ ဆန္ဒာရဟ ရဟန်းတို့၏ ဆန္ဒကိုလည်း ဆောင်ကုန်၏။ သမ္မုခီဘူဟရဟန်းတို့သည်ပဋိက္ကောသနပြုကုန်၏။ ဤသို့-စတုဝဂ်သံဃာသည် ပြုအပ်သောက ံ၌ ၃ပါး၊ ထို့အတူပဉ္စဝဂ်သံဃာသည် ပြုအပ်သောက ံ၌ ၃-ပါး၊ ဒသဝဂ် သံဃာသည် ပြုအပ်သောက ံ၌ ၃-ပါး။ ဝီသတိဝဂ်သံဃာသည် ပြုအပ်သောက ံ၌ ၃-ပါးအား ဖြင့် ဒ္ဝါဒသာကာရ ဖြစ်သတည်း။ ဤ ၁၂ ပါးကုန်သော အခြင်းအရာတို့တွင် တပါးပါးသော အခြင်းအရာတို့ဖြင့်လည်း ပရိသဝိပတ္တိက ံ၌ဟူသော အဓိပ္ပာယ်ကိုမှတ်-

ဤအရာ၌ ကမ္မပ္ပတ္တ၊ ဆန္ဒာရဟလက္ခဏကို။

စတုဝဂ္ဂကရဏေ ကမ္မေစတ္တာရော ဘိက္ခူပကတတ္တာ ကမ္မပ္ပတ္တာ အဝဿသာ ပကတတ္တာ ဆန္ဒရဟာ၊ ယဿ သံဃော ကမ္မံ ကရောတိ၊ သောနေဝ ကမ္မပ္ပတ္တော၊ နာပိဆန္ဒာရဟော အပိစ ကမ္မာရဟော။ပဉ္စဝဂ္ဂကရဏေကမ္မေ ပဉ္စဘိက္ခူပကတတ္တာ ကမ္မပ္ပတ္တာ၊အဝဿသာပကတတ္တာဆန္ဒာရဟာ၊ ယဿသံဃော ကမ္မံ ကရောတိ၊ သော နေဝကမ္မပ္ပတ္တော နာပိဆန္ဒာရဟော၊ အပိစကမ္မာရဟော။ဒသဝဂ္ဂကရဏေ ကမ္မေ ဒသ-ဘိက္ခူပကတတ္တာ ကမ္မပ္ပတ္တာ၊ အဝဿသာ ပကတတ္တာဆန္ဒာ ရဟာ၊ ယဿ သံဃော ကမ္မံကရောတိ၊ သော နေဝကမ္မပ္ပတ္တော နာပိ ဆန္ဒာရဟော၊ အပိစ ကမ္မာရဟော။ ဝီသတိဝဂ္ဂကရဏေကမ္မေ ဝီသတိဘိက္ခူပကတတ္တာ ကမ္မပ္ပတ္တာ။ အဝဿသာ ပကတတ္တာ ဆန္ဒာရဟာ။ ယဿ သံဃောကမ္မံ ကရောတိ၊ သော နေဝ ကမ္မပ္ပတ္တော နာပိ ဆန္ဒာရဟာ၊ အပိစ ကမ္မာရဟာ-ဟူ၍ ဟောတော်မူအပ်သော ပရိဝါပါဠိတော်ဖြင့်သိအပ်၏။

ဤပါဠိတော်ပါဌ်အပေါင်းတွင် (စတုဝဂ္ဂ ကရဏေကမ္မေ)အစရှိသော ပါဌ်၌ မှတ်ထိုက်သော အဓိပ္ပါယ်ကား စတုဝဂ်သံဃာသည် ပြုအပ်သောက ံ၌ ဟတ္ထပါသ်တွင်းသို့ ဝင်ရောက်ကုန်သော လေးယောက်မျကုန်သော ပကတတ် ရဟန်းတို့သည် ကမ္မပပ္တာမည်ကုန်၏။ တသိမ်တည်း၌ပင် ဟတ္ထပါသ်သို့မဝင်မချဉ်း ကြွင်းသမျကုန်သော ပကတတ်ရဟန်းတို့သည် ဆန္ဒာရဟာမည်ကုန်၏၊ အကြွင်ရဟန်းအား သံဃာသည် ပရိဝါသ်စသောက ံကို ပြု၏။ ထိုရဟန်းသည် ကမ္မပပ္တာလည်း မမည် ဆန္ဒာရဟာလည်း မမည် ကမ္မာရဟာသာ မည်၏။ ဤကား အဓိပ္ပါယ်။ (ပဉ္စဝဂ္ဂကရဏေကမ္မေ) စသော ပါဠိတော်တို့၌လည်း ဤနည်းကိုမှီ၍ ဉာဏ်ကြီးလေ။ အစဉ်အတိုင်းအား ဖြင့် ပဉ္စဝဂ်သံဃာ ဒသဝဂ်သံဃာ ဝီသတိဝဂ်သံဃာဟု ဆိုရုံသာ-ထူးသည်။

ဤအရာဝယ် (ပကတတ္တာ) ဟူသောပုဒ်၌ ပကတတ်အရကို–

ဘတ္တ ပကာဘတ္တာ ကမ္မပပ္တာတိ၊ စတုဝဂ္ဂကရဏေ ကမ္မေ စတ္တာရော ပကတတ္တာ အနုက္ခိတ္တာ အနိဿာရိတာ ပရိသုဒ္ဓသီလာ စတ္တာရော ဘိက္ခူ။ ကမ္မပပ္တာ ကမ္မဿ အရဟာ အနုစ္ဆဝိကာ သာမိဇနာ ဟု ယင်းပရိဝါအဋ္ဌကထာ၌ ဖွင့်ဆိုတော်မူအပ်၏။

ဤအဋ္ဌကထာပါဌ်၌ တရဿကာဇ်ဋီကာ၏ အလိုအားဖြင့် "အနုက္ခိတ္တာ" ဟူသော ပုဒ်အရ ဥက္ခိတ္တကမဟုတ်သော ရဟန်းတို့သည်လည်းကောင်း၊ "ပရိသုဒ္ဓသီလာ" ဟူသော ပုဒ်အရ ပါရာဇိကသို့ မကျရောက်သော ရဟန်းတို့သည်လည်းကောင်း ပကတတ် မည်ကုန်၏။ "အနိဿာရိတာ" ဟူသောပုဒ်သည် "အနုက္ခိတ္တာ" ဟူသောပုဒ်၏ ဝေဝုစ်မျသာဖြစ်၏ဟူသော အဓိပ္ပာယ်ကို မှတ်။ ဝဇိရဗုဒ္ဓိဋီကာ၏ အလိုအားဖြင့် အနိဿာရိတာ ဟူသောပုဒ်အရ ဥပုသ်ထားခြင်း၊ ပါရိဝါသာထားခြင်းဖြင့် လည်းကောင်း၊ လဒ္ဓိနာနာသံဝါသက အဖြစ်ဖြင့် လည်းကောင်း သံဃာမှအပမပြုအပ်ကုန်သော ရဟန်းတို့သည်လည်း ပကတတ်မည်ကုန်၏ ဟူသော အဓိပ္ပာယ်ကိုမှတ်။ ဤသည်ကား သုံးခုမြောက်ဖြစ်သော ကမ္မဝိပတ္တိ၌ မှတ်သားဖွယ်။

၆။ ကမ္မသမ္ပတ္တိ

(၄) "သမ္ပတ္တိံ စာပိ" ဟူသော စတုတ္ထမာတိကာအရ ကမ္မသမ္ပတ္တိ ဟူကား ဆိုအပ်ခဲ့ပြီးသော ကမ္မဝိပတ္တိမှ ပြန်သောအား ဖြင့် သိအပ်၏။

၇။ ကမ္မဌာန

(၅) "ကမ္မဌာနံ" ဟူသော ပဉ္စမ မာတိကာအရ ကမ္မဌာနကို ဆိုပေဒ့။ ထိုဆိုဒန်ပြီးကုန်သော (က) အပလောကနဂ်၊ (ခ) ဥတ္တိကံ၊ (ဂ) ဥတ္တိဒုတိယကံ၊ (ဃ) ဥတ္တိစတုတ္ထကံအား ဖြင့် လေးပါးကုန်သော ကံတို့၏ပြားကို ဌာနအား ဖြင့် ပိုင်းခြား မှတ်သားရာ၏။ ထို လေးပါးသောကံတို့တွင်–

(က) အပလောကနကံ၏ ဌာနဘေဒကို အပလောကနကမ္မ ကတမာနိ ပဉ္စဌာနာနိ ဂစ္ဆတိ၊ ဩသာရဏံ-နိဿာရဏံ-ဘဏ္ဍုကမ္မံ-ဖြဟ္ဗဒဏ္ဍံ-ကမ္မလက္ခဏညောဝပဉ္စမံ၊ အပလောကန-ကမ္မံ ဣမာနိ ပဉ္စဌာနာနိ ဂစ္ဆတိ-ဟူ၍ ပရိဝါပါဠိတော်၌ ဟောတော်မူအပ်၏။

ဤပါဠိတော်၌ ကမ္မပဝတ္တိကုမအားဖြင့် နိဿာရဏံ-သြသာရဏံ ဟု ဆိုအပ်လျက် ပဒသိလိဋ္ဌဖြစ်စေခြင်းငှာ သြသာရဏံ ဟု ဟောတော်မူအပ်၏။ ဤပါဠိတော် ပါဌ်ဖြင့် အပလောကနကံ၏ ဌာနဘေဒကို နိဿာရဏာ-သြသာရဏ-ဘဏ္ဍုကမ္မ-ပြဟ္မဒတ္တ ကမ္မလက္ခဏအားဖြင့် ငါးပါးအပြားရှိ၏ ဟု မှတ်အပ်၏။ ထို ငါးပါးတို့တွင်-

(၁) ကတ္တာကသာမဏေအား ပြုသော ဒတ္တကမ္မနာသနသည် နိဿာရဏမည်၏။ ထို့ကြောင့် ယခုအခါ၌လည်း ဘုရားကိုကဲ့ရဲ့သော သံဃာကို ကဲ့ရဲ့သော အကပ်ိယကို ကပ်ိယဟု ဟောပြောပြသသော 'တထာဟံ ဘဂဝတာ ဓမ္မံ ဒေသိတံ အာဇာနာမိ" စသော အယ္ဆုကို ယူသော သာမဏေအား သုံးကြိမ်တိုင်တိုင် တားမြစ်၍မရလျှင် သံဃာကို စည်းဝေးစေပြီး၍-

သံဃံဘန္တေ ပုစ္ဆာမိ၊ အယံ ဣတ္ထန္နာမော သာမဏေရော ဗုဒ္ဓဿ ဓမ္မဿ သံဃဿ အဝဏ္ဏံ ဝါဒိ မိစ္ဆာဒိဋ္ဌိကော၊ ယံ အညေ သာမဏေရာ လဘန္တိ ဒိရတ္တံ တိရတ္တံ ဘိက္ခူဟိ သဒ္ဓိံ သဟသေယ္ယုံ၊ တဿ အလဘာယ နိဿာရဏာ ရုစ္စတိ သံဃဿ။ ဒုတိယမ္ပိ၊ တတိယမ္ပိ ဘန္တေ သံဃံ ပုစ္ဆာမိ။လ။ ရုစ္စတိ သံဃဿ ဟု အပလောကနကံပြု၍ "စရ ပိရေ ဝိနဿ" ဟု ဆို၍ နှင်ထုတ်အပ်၏။ ဤသည်ကား နိဿာရဏာတည်း။

(၂) ထို သာမဏေသည် တဖန်ကျိုးနွံလာပြန်၍-

အဟံဘန္တေ ဗာလဘာယ အညာဏတာယ အလက္ခိတာယ ဧဝံ အကာသိံ၊ သွာဟံ သံဃံ ခမာပေမိ-ဟု ဆို၍ ကန်တော့သည်ရှိသော် ၃-ကြိမ် သြသာရဏာကို တောင်းစေ၍-

သံဃံ ဘန္တေ ပုစ္ဆာမိ အယံ ဣတ္ထန္နာမော သာမဏေရော ဗုဒ္ဓဿ ဓမ္မဿ သံဃဿ အဝဏ္ဏံ ဝါဒိ မိစ္ဆာဒိဋ္ဌိကော၊ ယံ အညေ သာမဏေရာ လဘန္တိ ဘိက္ခူဟိ သဒ္ဓိံ ဒိရတ္တံ တိရတ္တံ သဟသေယ္ယုံ၊ တဿ အလဘာယ နိဿာရိတော၊ ဣဒါနိ သော ရတော နိဝါတဝုတ္တိ လဇ္ဇီဓမ္မံ သြက္ကန္တော ဟိရောတ္တပ္ပေ ပတိဋ္ဌိတော ကတဒတ္တ ကမ္မော အစ္စယံ ဒေသေတိ၊ ဣမဿ သာမဏေရဿ ယထာပုရေ ကာယသမ္ဘောဂ သာမဂ္ဂိံ ဒါနံ ရုစ္စတိ သံဃဿ-ဟု ဆို၍ သွင်းအပ်၏။ ဤသည်ကား သြသာရဏာတည်း။

(၃) ဥပစာရသိမ်တွင်း၌ တည်ကုန်သော ရဟန်းတို့ကို စည်းဝေးစေ၍ ဖြစ်စေ၊ စည်းဝေးနေထိုင်ရာသို့ ဖြစ်စေ ရှင်လောင်းကို ခေါ်ယူဆောင်သွား၍ "သံဃံ ဘန္တေ ဣမဿ ဒါရကဿ ဘဏ္ဍုကမ္မံ အာပုစ္ဆာမိ" ဟု ဆို၍ ပန်အပ်၏။

ရဟန်းငယ်သာမဏေငယ်များကို စေလွှတ်၍သော်လည်း "ကော ဘန္တေ ပဗ္ဗဇ္ဇာပေက္ခော အတ္ထိ၊ တဿ ဘဏ္ဍုကမ္မံ အာပုစ္ဆာမိ" ဟု ဆို၍ ပန်စေအပ်၏။ မပန်ကြား၍ ရှင်လောင်းကို ခေါင်းရိတ်သော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏။ ဤသို့ ရှင်လောင်း၏ခေါင်းရိတ်ခွင့်ကို ပန်ကြားခြင်းသည် ဘဏ္ဍုကမ္မမည်၏။ ဤသို့ ပန်ကြားခြင်းငှာ ခဲယဉ်းခဲ့သော် ခဏ္ဍသိမ်သို့သွား၍ ခေါင်းရိတ်အပ်၏။ ဤကား ဘဏ္ဍုကမ္မတည်း။

(၄) စူဠဝါဠိဘော် ပဥ္စသတ်ကခန္ဓကဋ္ဌ ဆန္နရဟန်းအား ပေးအပ်သော ဒဏ်အမှုသည် ပြဟ္မဒဏ်မည်၏။ ယခုအခါဋ္ဌလည်း ကြမ်းတမ်းသော နှုတ်လုသွေးဖြင့် တပါးသော ရဟန်းကို ဆဲဆိုရှုတ်ချသော ရဟန်းအား—

ဘန္တေ ဣတ္ထန္နာမော ဘိက္ခု မုခရော ဘိက္ခုံ. ဒုရုတ္တဝစနေဟိ ဃဋ္ဋေန္တော ခုံသေန္တော ဝမ္ဘေန္တော ဝိဟရတိ။ သော ဘိက္ခု ယံ ဣစ္ဆယျ၊ တံ ဝဒေယျ၊ ဘိက္ခူဟိ ဣတ္ထန္နာမော ဘိက္ခု နေဝ ဝတ္တာပ္ပေါ နသြဝဒိတပ္ပေါ နာ အနုသာသိတပ္ပေါ၊ သံဃံ ဘန္တေ ပုစ္ဆာမိ ဣတ္ထန္နာမဿ ဘိက္ခုနော ပြဟ္မဒဏ္ဍဿ ဒါနံ ရုစ္စတိ သံဃဿ၊ ဒုတိယမ္ပိ ပုစ္ဆာမိ၊ တတိယမ္ပိ ပုစ္ဆာမိ ဣတ္ထန္နာမဿ ဘန္တေ ဘိက္ခုနော ပြဟ္မဒဏ္ဍ-ဿဒါနံ ရုစ္စတိ သံဃဿ-ဟု သံဃ့အလယ်၌ ပန်ကြား၍ ပြဟ္မဒဏ်ကို ပေးအပ်၏။

နောက်၌တဖန် ကျိုးနွံပြန်သဖြင့် ကောင်းစွာကျင့်၍ တောင်းပန်သည်ရှိသော်—

ဘန္တေ သံဃော အာသုကဿ ဘိက္ခုနော ပြဟ္မဒဏ္ဍံ အဒါသိ၊ သော ဘိက္ခု သော ရတော နိဝါတဝုတ္တိ လဇ္ဇီဓမ္မံ သြက္ကန္တော ဟိရောတပ္ပေ ပတိဋ္ဌိတော ပဋိသန်ဒါယ အာယတိံ သံဝရေ တိဋ္ဌတိ၊ သံဃံ ဘန္တေပုစ္ဆာမိ တဿ ဘိက္ခုနော ပြဟ္မဒဏ္ဍဿ ပဋိပဿ ရုစ္စတိ သံဃဿ-ဟု သံဃ့အလယ်၌ သုံးကြိမ်ပန်ကြား၍ ပြဟ္မဒဏ်ကို ငြိမ်းစေအပ်၏။ ဤသည်ကား ပြဟ္မဒဏ္ဍတည်း။

(၅) ဆဗ္ဗဂ္ဂိရဟန်းတို့သည် ဘိက္ခုနီမတို့ကို ညှဉ်ရေဖြင့်လောင်းခြင်း ကိုယ်ကို ပေါင်ကို အင်္ဂါဇာတ်ကို လှန်၍ပြခြင်း စသော အကြောင်းတို့ကြောင့် ထိုရဟန်းအား ဒုက္ကဋ်အာပတ်ကို ပညတ်ပြီး၍ "အဝန္ဒိယော သော ဘိက္ခဝေ ဘိက္ခု ဘိက္ခုနိသံဃေန ကာတဗ္ဗော" ဟု စူဠဝါဠိတော် ဘိက္ခုနိခန္ဓကဋ္ဌ ဟောတော်မူအပ်သော အဝန္ဒိယကံသည် ကမ္မလက္ခဏာမည်၏။

ထိုအဝန္ဒိယကံ၏အကျယ်ကို ပရိဝါအဋ္ဌကထာ ကမ္မဝဂ်အဖွင့်မှ ယူ။ ဤကမ္မလက္ခဏာသည် ဘိက္ခုနိသံဃမူလကပညတ်ဖြစ်သော်လည်း ဘိက္ခုသံဃာအားလည်း ဤကမ္မလက္ခဏာကို ရအပ်၏။

အကျဉ်းအားဖြင့်ကား ဆိုအပ်ခဲ့ပြီးသော နိဿာရဏာ-သြသာရဏာ-ဘဏ္ဍုကမ္မ၊ ပြဟ္မဒဏ္ဍ တို့မှတပါး ဇဏ္ဏုစီဝရ-နဋ္ဌစီဝရ ရဟန်းတို့အား သလာကဂ္ဂ ယာဂဂ္ဂ ဘတ္တဂ္ဂ ဥပေါသထဂ္ဂ စသည်တို့၌ သံဃာကိုပန်ကြား၍ သက်န်းပေးခြင်း စသော အပလောကနကံ ဟူသမျှတို့သည် ကမ္မလက္ခဏာချည်း မည်ကုန်၏ဟု မှတ်။ အကျယ်ကိုကား ယင်းအဋ္ဌကထာမှ ယူ၊ ဤသည်ကား ကမ္မလက္ခဏာတည်း။ ဤသို့ပင် အပလောကနကံ၏ ဌာနအပြားသည် ၅-ပါးဖြစ်သတည်း။

(ခ) ဥတ္တိကံ၏ ဌာနဘေဒတို့ကား—

ဥတ္တိကမ္မံ ကတမာနိ နဝဌာနာနိ ဂစ္ဆတိ၊ သြသာရဏံ-နိဿာဒဏံ၊ ဥပေါသထံ ပဝါရဏံ သမ္မုခီ ဒါနံ ပဋိဂ္ဂဟံ ပစ္စုက္ကဍ္ဍနံ ကမ္မလက္ခဏညေဝ နဝမံ၊

ဥတ္တိကမ္မံ ကုမာနိ နဝ ဌာနာနိ ဂစ္ဆတိ ဟူ၍ ပရိဝါပါဠိတော်၌ ဟောတော်မူအပ်၏။

ဤပါဠိတော်ပါဠ်ဖြင့် ဥတ္တိကံ၏ ဌာနဘေဒကို သြသာရဏ နိသာရဏ ဥပေါသထ ပဝါရဏာသမ္မုတိ ဒါနပဋိဂ္ဂဟ ပစ္စုက္ကဍ္ဎန ကမ္မလက္ခဏာဒေသဖြင့် ၉-ပါးအပြားရှိ၏ ဟု မှတ်အပ်၏။ ထို ၉-ပါးတို့တွင်–

(၁) သုဏာတုမေ ဘန္တေ သံဃော ကုတ္ထန္နာမော ကုတ္ထန္နာမဿ ဥပသမ္ပဒါ-ပေက္ခော အနုသိဋ္ဌော သော မယာ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ ကုတ္ထန္နံဃော အာဂစ္ဆေယျာတိ၊ အာဂစ္ဆာဟိတိ ဝတ္တဗ္ဗော–

ဟူ၍ မဟာဝဂ်ပါဠိတော်၊ မဟာခန္ဓကဋ္ဌကထာသော ရဟန်းလောင်းကို သွင်းခြင်းငှာ ထားအပ်သော ဥတ်သည် သြသာရဏ ဥတ်မည်၏။

(၂) သုဏန္တု မေ အာယသ္မန္တာ၊ အယံ ကုတ္ထန္နာမော ဘိက္ခု ဓမ္မကထိကော ကုမဿ နေဝသုတ္တံ အာဂစ္ဆတိ၊ နောသုတ္တဝိဘင်္ဂေါ၊ သော အတ္ထံ အသ်လက္ခေတ္ဝာ ဗျဉ္ဇနစ္ဆာယ အတ္ထံ ပဋိဗာဟတိ၊ ယဒါ ယာသ္မန္တာနံ ပတ္တကလ္လံ ကုတ္ထန္နာမံ ဘိက္ခုံ ဝုဋ္ဌာပေတ္ဝာ အဝသေသာ ကုမံ အဓိကရဏံ ဝူပသမေယျာမ–

ဟူ၍ စူဠဝဂ်ပါဠိတော် သမထခန္ဓကဋ္ဌကထာသော၊ ဥပ္ပဟိကဝိနိစ္ဆယဋ္ဌ ဓမ္မကထိကရဟန်းကို ပယ်ထုတ်ခြင်းငှာ ထားအပ်သော ဥတ်သည် နိသာရဏဥတ် မည်၏။

(၃) သုဏာတု မေ ဘန္တေ သံဃော၊ အဇ္ဇုပေါသထော ပန္နရသော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ဥပေါသထံ ကရေယျ–

ဟူ၍ မဟာဝဂ် ပါဠိတော် ဥပေါသထခန္ဓကဋ္ဌ ကထာသော၊ ဥပုသ်ကံဋ္ဌ ထားအပ်သော ဥတ်သည် ဥပေါသထဥတ် မည်၏။

(၄) သုဏာတုမေ ဘန္တေ သံဃော၊ အဇ္ဇပဝါရဏာ ပန္နရသီ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ပဝါရေယျ–

ဟူ၍ မဟာဝဂ်ပါဠိတော်၊ ပဝါရဏာခန္ဓကဋ္ဌကထာသော ပဝါရဏာကံဋ္ဌ ထားအပ်သော ဥတ်သည် ပဝါရဏာဥတ် မည်၏။

(၅) သုဏာတုမေ ဘန္တေ သံဃော၊ ကုတ္တန္နာမော ကုတ္ထန္နာမဿ အာယသ္မတော ဥပသမ္ပဒါပေက္ခော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ အဟံ ကုတ္ထန္နာမံ အနုသာသေယျံ– ဟူ၍ လည်းကောင်း–

ယဒိ သံဃဿ ပတ္တကလ္လံ ကုတ္ထန္နာမော ကုတ္ထန္နာမံ အနုသာသေယျ– ဟူ၍ လည်းကောင်း–

ယဒိ သံဃဿ ပတ္တကလ္လံ၊ အဟံ ကုတ္ထန္နာမံ အန္တရာယိကေ ဓမ္မေ ပုစ္ဆေယျံ–ဟူ၍ လည်းကောင်း။

ယဒိ သံဃဿ ပတ္တကလ္လံ၊ ဣတ္ထန္နာမော ဣတ္ထန္နာမံ အန္တရာယိကေဓမ္မပုစ္ဆယျံ ဟူ၍လည်းကောင်း မဟာဝဂ်ပါဠိတော် မဟာခန္ဓကဉ် လာသောဥတ်။

ယဒိ သံဃဿ ပတ္တကလ္လံ၊ အဟံ ဝိနယံ ပုစ္ဆယျံ ဟူ၍လည်းကောင်း။

ယဒိ သံဃဿ ပတ္တကလ္လံ၊ ဣတ္ထန္နာမော ဣတ္ထန္နာမံ ဝိနယံ ပုစ္ဆယျံ-ဟူ၍လည်းကောင်း။

ယဒိ သံဃဿပတ္တကလ္လံ၊ ဣတ္ထန္နာမော ဣတ္ထန္နာမေန ဝိနယံ ပုဋ္ဌော ဝိဿဇ္ဇေယျံ-ဟူ၍လည်းကောင်း မဟာဝဂ်ပါဠိတော် ဥပေါသထခန္ဓကဉ်လာသောဥတ်။ ဤသို့ မိမိကိုယ်တိုင်လည်းကောင်း၊ သူတပါးကို လည်းကောင်း သမုတ်ခြင်းငှာ ထားအပ်သောဥတ်သည် သမ္မုတိဥတ် မည်၏။

(၆) သုဏာတု မေ ဘန္တေ သံဃော၊ ဣဒံ စီဝရံ ဣတ္ထန္နာမဿ ဘိက္ခုနော နိဿဂ်ိယံ သံဃဿ နိဿဋ္ဌံ၊ ယဒိ သံဃဿ ပတ္တကလ္လံ သံဃော ဣမံစီဝရံ ဣတ္ထန္နာမဿ ဘိက္ခုနော ဒဒေယျ ဟူ၍လည်းကောင်း။

ယဒါ ယသ္မန္တာနံ ပတ္တကလ္လံ၊ အာယသ္မန္တာ ဣမံစီဝရံ ဣတ္ထန္နာမဿ ဘိက္ခုနော-ဒဒေယျံ ဟူ၍လည်းကောင်း။

ပါရာဇိကဏ်ပါဠိတော် ကထိနသိက္ခာပုဒ် စသည်၌လာသော နိဿဂ်ိယ အာပတ်သင့်သောရဟန်းသည် သံဃာအား လည်းကောင်း၊ ဂိုဏ်းအား လည်းကောင်း၊ စွန့်အပ်သော သင်္ဃန်း၊ သပိတ်စသည်တို့ကို ထိုရဟန်းအား ပြန်၍ပေးခြင်းငှာ ထားအပ်သော ဥတ်သည် ဒါနဥတ်မည်၏။

(၇) သုဏာတု မေ ဘန္တေ သံဃော၊ အယံ ဣတ္ထန္နာမော ဘိက္ခု အာပတ္တိံ သရတိ ဝိဝရတိ ဥတ္တာနိံကရောတိ ဒေသေတိ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ အဟံ ဣတ္ထန္နာမဿ ဘိက္ခုနော အာပတ္တိံ ပဋိဂ္ဂဏှေယျ ဟူ၍လည်းကောင်း။

ယဒါ ယသ္မန္တာနံ ပတ္တကလ္လံ၊ အဟံ ဣတ္ထန္နာမဿ ဘိက္ခုနော အာပတ္တိံ ပဋိဂ္ဂ ဏှေယျံ-ဟူ၍လည်းကောင်း။

စူဠဝဂ်ပါဠိတော် သမထခန္ဓကဉ်လာသောအာပတ်ကို ခံခြင်းငှာ ထားအပ်သောဥတ်သည် ပဋိဂ္ဂဟဥတ် မည်၏။

(၈) သုဏန္တု မေ အာယသ္မန္တာ အာဝုသိကာ၊ ယဒါ ယသ္မန္တာနံ ပတ္တကလ္လံ၊ ဣဒါနိ ဥပေါသထံ ကရေယျာမ၊ ပါတိမောက္ခံ ဥဒ္ဒိသေယျာမ၊ အာဝုမေ ကာလေ ပဝါရေယျာမ-ဟူ၍လည်းကောင်း။

သုဏန္တု မေ အာယသ္မန္တာ အာဝုသိကာ၊ ယဒါ ယသ္မန္တာနံ ပတ္တကလ္လံ ဣဒါနိ ဥပေါသထံ ကရေယျာမ ပါတိမောက္ခံ ဥဒ္ဒိသေယျာမ၊ အာဝုမေ ဒုတိယာ ပဝါရေယျာမ-ဟူ၍လည်းကောင်း။

ပဟာဝဂ်ပါဠိတော်၊ ပဝါရဏာခန္ဓကဉ်လာသော ပဝါရဏာကို ငင်ခြင်းငှာ ထားအပ်သောဥတ်သည် ပစ္စုက္ကဍ္ဎနဥတ် မည်၏။

(၉) သုဏာတု မေ ဘန္တေ သံဃော၊ အမှာကံ ဘဏ္ဍနဇာတာနံ ကလဟဇာတာနံ ဝိဝါဒါပန္နာနံဝိဟရတာ ဗဟုံအဿာမဏကံ အဇ္ဈာစိဏ္ဏံ ဘာသိတ ပရိကန္တံ၊ သစေမယံ ဣမာဟိအာပတ္တိဟိ အညမညံ ကာရေဿာမ၊ သိယာပိ တံအဓိကရဏံ ကက္ခဠတ္တာယ ဝါဠတ္တာယဘေဒါယသံဝတ္တေယျ၊ ယဒိ သံဃဿပတ္တ ကလ္လံ၊ သံဃော ဣမံ အဓိကရဏံ တိဏဝတ္ထာရကေန ဝူပသမေယျ ထပေတွာ ထုလ္လဝဇ္ဇံထပေတွာ ဂိဟိပဋိသံယုတ္တံ-

ဟူ၍ စုဠ္လဝါပါဠိတော် သမထခန္ဓကဝဋ္ဋလာသော တိဏဝတ္ထာရကအရာဋ္ဌ အလုံးစုံ နှစ်ပက္ခဿားတို့ဿည် တပေါင်းတည်း စည်းဝေး၍ ထားအပ်သော သဗ္ဗသင်္ဃိဟိကဥတ်သည် လည်းကောင်း၊ ထိုနောက် တခုခုသောပက္ခဋ္ဌ တကြိမ်စီ ထားအပ်သော ဥတ်တို့သည်လည်း ကောင်း၊ ကမ္မလက္ခဏမည်ကုန်၏၊ ဤသို့လျှင် ဥတ္တိကံ၏ ဌာနအပြား ၉-ပါးဖြစ်သတည်း။

(က) ဥတ္တိဒုတိယကံ၏ ဌာနဘေဒကိုကား-

ဥတ္တိ ဒုတိယကမ္မံ ကတမာနိ သတ္တဌာနာနိ ဂစ္ဆတိ၊ ဩသာရဏံ နိဿာရဏံ သမ္မုတိဒါနံ ဥဒ္ဒါရဏံ သေဝနံ ကမ္မလက္ခဏညေဝ သတ္တမံ။ ဥတ္တိဒုတိယကမ္မံ ဣမာနိ သတ္တဌာနိ ဂစ္ဆတိ-

ဟူ၍ ပရိဝါပါဠိတော်၌ ဟောတော်မူအပ်၏။ ဤအရာဋ္ဌလည်း နိဿာရဏံ ဩသာရဏံ ဟု ဟောတော်မူခြင်းသည် ပဒသိလိဋ္ဌ အကျိုးငှာပင်လျှင်တည်း။

ဤပါဠိတော်၏ပါဌ်ဖြင့် ဥတ္တိဒုတိယကံ၏ ဌာနဘေဒကို နိဿာရဏံ ဩသာရဏံ သမ္မုတိ-ဒါနံ ဥဒ္ဒါရ ဒေသန ကမ္မလက္ခဏအားဖြင့် ၇-ပါး အပြားရှိ၏ဟု မှတ်အပ်၏။ ထို.၇.ပါးကို့တွင်

(၁) ရှင်ဒဗ္ဗကို စွပ်စဲပြစ်မှားသော ဝစ္ဘုမည်သော လိစ္ဆဝီ မင်းသားအား သပိတ်မှောက်သည်၏ အစွမ်းအားဖြင့် ပြုအပ်သော ပတ္တနိက္ကုဇ္ဇနကံသည် နိဿာရဏံမည်၏။

(၂) တဖန် ဘုရားထံ၌ ကန်တော့တောင်းပန်ပြန်သောကြောင့် သပိတ်လှန်သည်၏ အစွမ်းအားဖြင့်ပြုအပ်သော ပတ္တုက္ကုဇ္ဇနကံသည် ဩသာရဏံမည်၏။

(၃) သီမာသမ္မုတိကံ တိစီဝရေန အဝိပ္ပဝါသ သမ္မုတိကံ သန္ဓိတ သမ္မုတိကံ ဘတ္တုဒ္ဒေသက သေနာသန ပညာပက ဘဏ္ဍာဂါရိက စီဝရဓိဂ္ဂါဟက စီဝရဘာဇက ယာဂုဘာဇက ဖလဘာဇက ခဇ္ဇဘာဇက အပ္ပမတ္တက ဝိသဇ္ဇက သာဋိယဂ္ဂါဟာပက ပတ္တဂါဟာပက် အာရာမိက ပေသက် သာမဏေရ ပေသက် သမ္မုတိကံတို့သည် သမ္မုတိမည်ကုန်၏။

(၄) ကထိန စီဝရဒါနကံ၊ မတက် စီဝရဌာနကံတို့သည် ဒါနမည်ကုန်၏။

(၅) ကထိန်နုတ်ခြင်း ကထိနုဒ္ဓါရကံသည် ဥဒ္ဓါရမည်၏။

(၆) ကုဋိရုကို ကြားခြင်း ကုဋိဝတ္ထုဒေသနာက်၊ ကျောင်းရုကိုကြားခြင်း ဝိဟာရဝတ္ထုဒေသနာက်သည် ဒေသနာမည်၏။

(၇) တိဏာဒတ္ထရက သမဏအရာဒ္ဒ နှစ်ပက္ခသားတို့သည် တပေါင်းတည်း စည်းဝေး၍ ထားအပ်သော သဗ္ဗညုတ်ဟိုက ဥတ် တကြိမ်။ ထို့နောက် တခုခုသောပက္ခဒ္ဒ တကြိမ်စီသားအပ်သော ၂-ကြိမ်သောဥတ်တို့၏ အစုမ်းအားဖြင့် ၂-ကြိမ်သောဥတ္တိ ဒုတိယကမ္မဝါစာတို့၏ အစုမ်းအားဖြင့် ပြုအပ်သောတိဏဝတ္ထာရကကံသည် ကမ္မလက္ခဏမည်၏။ ဤသို့လျှင် ဥတ္တိဒုတိယ-ကံ၏အပြား ၇-ပါးဖြစ်သတည်း။

(ဃ) ဥတ္တိစတုတ္ထကံ၏ ဌာနဘေဒကို ဥတ္တိစတုတ္ထကမ္မံ ကတမဟာနိ သတ္တဌာနာနိ ဂစ္ဆတိ၊ ဩသာရဏံ နိဿာရဏံ သမ္မုတိ ဒါနံ နိဂ္ဂဟံ သမနုဘာသနံ ကမ္မလက္ခဏ ညေဝ သတ္တမံ ဥတ္တိစတုတ္ထကမ္မံ ကုမာနိ သဉ္ဇာဌာနာနိ ဂစ္ဆတိ-ဟူ၍ ပရိဝါပါဠိ တော်၌ ဟောတော်မူအပ်၏။

ဤအရာဒ္ဒလည်း ဩသာရဏံ-နိဿာရဏံ ဟု၊ ဟောတော်မူခြင်းသည် ပဒသိလိဋ္ဌအာကျိုးငှါဟည်း။

ဤပါဠိတော်ပါဌ်ဖြင့် ဥတ္တိစတုတ္ထကံ၏၊ ဌာနဘေဒကို နိဿာရဏာ ဩသာရဏာ-သမ္မုတိ ဒါန-နိဂ္ဂဟ-သမနုဘာသန-ကမ္မလက္ခဏာ အားဖြင့် ၇-ပါးအပြားရှိ၏။ ထို ၇-ပါးတို့တွင်။

(၁) စူဠဝါပါဠိတော် ကမ္မခန္ဓကဒ္ဒ လာသော တဇ္ဇနီယစသော ၇ ပါးကုန် သောကံတို့သည် နိဿာရဏာမည်ကုန်၏။

(၂) ထိုကံတို့ကို ငြိမ်းစေသည်၏ အစုမ်းအားဖြင့် ပြုအပ်သော ပဋိပဿဒ္ဓိကံတို့သည် ဩသာရဏာမည်ကုန်၏။

(၃) ပါစိတ်ပါဠိတော် ဘိက္ခုနောဝါဒက သိက္ခာပုဒ်ဒ္ဒလာသော ဘိက္ခုနော ဝါဒက သမ္မုတိ ကံသည် သမ္မုတိ မည်၏။

(၄) ပရိဝါသ်ပေးခြင်း မာနတ်ပေးခြင်း၏ အစုမ်းအားဖြင့် ပြုအပ်သောကံသည် ဒါနမည်၏။

(၅) မူလာယပဋိကဿနအစုမ်းဖြင့် ပြုအပ်သောကံသည် နိဂ္ဂဟမည်၏။

(၆) ဧကာဒသ ယာဝတတိယကာ၊ ဘေသုဏောဟိ ယထာကထံ၊ ဥက္ခိတ္တာနုဝဒတ္တိကာ။ အဋ္ဌယာဝတတိယ ကာ၊ အရိဋ္ဌော စဏ္ဍကာဠိစ၊ ဣမေ တေ ယာဝတတိယကာ-ဟူ၍ ပရိဝါပါဠိတော်ဒ္ဒ ဟောတော်မူအပ်ကုန်သော ဘိက္ခုနိမတို့၏ ဥက္ခိတ္တာနု ဝတ္တိက၊ ပါရာဇိက သိက္ခာပုဒ်၊ ရှစ်ပါးကုန်သော ယာဝတတိယကာ-သံဃာဒိ သိသ်သိက္ခာပုဒ်၊ ရဟန်းယောကျ်ားတို့၏ ပါစိတ် သပါဏကဝဂ်ဒ္ဒ အဋ္ဌမ မြောက်ဖြစ်သော အရိဋ္ဌသိက္ခာပုဒ်၊ ဘိက္ခုနိမတို့၏ ပါစိတ် တုဝဋ္ဋဝဂ်ဒ္ဒ အဋ္ဌမမြောက်ဖြစ်သော စဏ္ဍကာဠိသိက္ခာပုဒ်တို့ဒ္ဒ လာကုန်သော (၁၁) ပါး-ကုန်သော သမနုဘာသနကံတို့သည် သမနုဘာသနမည်ကုန်၏။

(၇) ဥပသမ္ပဒကံ၊ အဘာဒနကံတို့သည် ကမ္မလက္ခဏမည်ကုန်၏။ ဤသို့လျှင် ဥတ္တိစတုတ္ထကံ၏ ဌာနအပြားသည် ၇-ပါးဖြစ်သတည်း။ ဤသည်ကား ၅ ခု မြောက်ဖြစ်သော ကမ္မဌာနဒ္ဒမှတ်ဖွယ်။ ဤမျှဖြင့် မာတိကာ ၅-ရပ် အပြီးသတ်သတည်း။

၈-သတိဝိနည်း

သတိဝိနည်းမှစ၍ ဥက္ခေပနိယ တိုင်အောင်သော က ံတို့ကို နောက်၌အသိုးအခြားဆိုလတ္တံ့ဟု ပဋိညာဉ်ထား အပ်ခဲ့သည်နှင့်အညီ ယခုအခါ၌ ထိုသတိဝိနည်း အမူဠှဝိနည်း တဿပါပိယသိက်ကံ နှင့်တကွ တဇ္ဇနိယစသော က ံ၇-ပါးတို့ကို ပြဆိုပေအံ့။

ထိုက ံတို့တွင် သတိဝိနည်းကို ဝစနမည်သော လိင်္ဂဝိမင်းသားနှင့် မေတ္တိယဘူမကဆဗ္ဗဂ္ဂိယ ရဟန်းတို့သည် အမူလက သီလဝိပတ္တိတို့ဖြင့် စပ်စဲ့အပ်သော သတိဝေပုလ္လပပ္တတာဒီဏာသဝဖြစ်သော ရဟန္တာပုဂ္ဂိုလ်အား သာ ပေးအပ်၏။

ပေးပုံကား–ထိုရဟန္တာပုဂ္ဂိုလ်သည် သံဃာသို့ချဉ်းကပ်၍ ကိုယ်ဝတ်စံပယ်တင်ရှိခိုး ဆောင့်ကြောင့်ထိုင် လက်အုပ်ချီပြီးလျှင်။

မံ ဘန္တေ ဘိက္ခဝေ အမူလိသိကာယ သီလဝိပတ္တိယာ **အနုဒ္ဓံသေန္တိ**၊ သော ဟံ ဘန္တေ သတိ ဝေပုလ္လပတ္တော သံဃံ သတိဝိနယံ ယာစာမိ ဟု ၃-ကြိမ် တောင်းအပ်၏။

ထိုသို့ ၃-ကြိမ်တောင်းပြီးသော် သံဃာသည် ဥတ္တိစတုတ္ထကမ္မဝါစာကိုဖတ်ကြား၍ သတိဝိနည်းကို ပေးအပ်၏။ ဤသို့ ပေးအပ်ပြီးသည်ရှိသော် တဖန် သူတပါးတို့ မစ္ဆပ်စဲနိုင်ကုန်၊ ထိုကမ္မဝါစာကို စူဠဝါပါဠိတော် သမထခန္ဓကမှယူ။

ထိုသတိဝိနည်းပေးခြင်းသည် ဓမ္မိက အဓမ္မိကအား ဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် ဓမ္မိကဖြစ်သော သတိဝိနည်းပေးခြင်းကို စူဠဝါပါဠိတော် သမထခန္ဓကဋ္ဌပင်။

ပဠိမာနိ ဘိက္ခဝေ ဓမ္မိကာနိ သတိဝိနယဒါနာနိ သုဒ္ဓါ ဟောတိ ဘိက္ခု အနာပတ္တိကော **အနုဝဒ္ဇော** နံ ယာစတိ၊ တဿ သံဃော သတိဝိနယံ ဒေတိ၊ ဓမ္မေန သမဂ္ဂေန ဣမာနိခေါ ဘိက္ခဝေ ပဠဓမ္မိကာနိ သတိဝိနယဿ ဒါနာနိ-ဟူ၍ ဟောတော်မူအပ်၏။ ဤဓမ္မိက ၅-ပါးမှ-ပြန်သောအား ဖြင့် အဓမ္မိက ၅-ပါးကိုသိ။ ဤသည်ကား သတိဝိနည်းပေးပုံတည်း။

၉။ အမူဠှဝိနည်း

အမူဠှဝိနည်းကို ရှုးသွပ်၍လွန်ကျူးအပ်သော အာပတ်ဖြင့် တပါးသော ရဟန်းတို့သည် စောဒနာအပ်သော ဥမ္မတ္တကဖြစ်သော ဂဠမည်သော ရဟန်းအား ကဲ့သို့ တပါးသောရဟန်းတို့သည် အာပတ်ဖြင့်စပ်စဲ့အပ်သော ဥမ္မတ္တကဖြစ်သော ရဟန်းအားသာပေးအပ်၏။

ပေးပုံကား-ထိုဥမ္မတ္တကဖြစ်သော ရဟန်းသည် သတိရသည့်အခိုက်၌ သံဃာသို့ချဉ်းကပ်၍ ကိုယ်ဝတ်စံပယ်တင် ရှိခိုး ဆောင့်ကြောင့်ထိုင် လက်အုပ်ချီလျက်။

အဟံ ဘန္တေ ဥမ္မတ္တကော အဟောသိံ စိတ္တဝိပရိယာ သကတော၊ တေန မေ ဥမ္မတ္တကေန စိတ္တဝိပရိယာသကတေန ဗဟုံ အဿမဏကံ အဇ္ဈာစိဏ္ဏံ ဘာသိတ ပရိကန္တိ မံ ဘိက္ခု။ ဥမ္မတ္တကေန စိတ္တဝိပရိယာသကတေန အဇ္ဈာစိဏ္ဏေန အာပတ္တိယာ စောဒေန္တိ၊ သရတာယသ္မာ ဧဝရူပိံ အာပတ္တိံ အာပဇ္ဇိတာတိ၊ တျာဟံ ဧဝံ စဒါမိ အဟံ ခေါ အာဝုသော ဥမ္မတ္တကော အဟောသိံ စိတ္တဝိပရိယာသကတော တေန မေ ဥမ္မတ္တကေန စိတ္တဝိပရိယာသကတေန ဗဟုံ အဿာမဏကံ အဇ္ဈာစိဏ္ဏံ ဘာသိတ ပရိကန္တံ၊ နာဟံ သရာမိ မုဥ္ဇေန မေ တေံ ကတန္တိ၊ ဧဝမ်ိ ဝုစ္စမာနော စောဒေန္တေဝ၊ သရတာ ယသ္မာ ဧဝရူပိံ အာပတ္တိံ အာပဇ္ဇိတာတိ၊ သော ဘန္တေ အမုဥ္ဇော သံဃံ အမုဥ္ဇဝိနယံ ယာစာမိ ဟု-ဆို၍ သုံးကြိမ်တောင်းအပ်၏။

ထိုသို့ ၃--ကြိမ်တောင်းပြီးသည်ရှိသော် သံဃာသည် ဥတ္တိစတုတ္ထ ကမ္မဝါစာကိုဖတ်ကြား၍ အမုဥ္ဇဝိနည်းကို ပေးအပ်၏။ ဤသို့ ပေးအပ်ပြီးသည်ရှိသော် သူတပါးတို့သည် မစောဒနာနိုင်ကုန်၊ ကမ္မဝါစာကို ယင်းပါဠိတော်မှယူ။

ဓမ္မိက ဖြစ်သော အမုဥ္ဇဝိနည်းပေးခြင်း အဓမ္မိကဖြစ်သော အမုဥ္ဇဝိနည်းပေးခြင်းတို့ကို ပါဠိနှင့်တကွ ဝိတ္ထာရအားဖြင့် အလိုရှိကုန်သောသူတို့သည် ယင်းပါဠိတော်မှ ယူ။

အကျဉ်းအားဖြင့်ကား ဥမ္မတ္တက ရဟန်းအား ပေးခြင်းသည် ဓမ္မိကဖြစ်၏။ အနုမ္မတ္တက ရဟန်းအားပေးခြင်းသည် အဓမ္မိကဖြစ်၏။ ဤကား အမုဥ္ဇဝိနည်းပေးပုံတည်း။

၁၀။ တဿ ပါပိယသိကကံ

သံဃာ့ဘောင်၌ အာပတ်ကိုမေးစိစစ်သော် ပယ်ပြီးမှဝန်ခံခြင်း၊ ဝန်ခံပြီးမှ-ပယ်ခြင်း၊ အကြောင်းတပါးဖြင့် အကြောင်းတပါးကို ဖုံးအုပ်ကာကွယ်ခြင်း မုသားပြောဆိုခြင်းကိုပြုသော ဥပဝါဠရဟန်းအားကဲ့သို့ အဇာနိတွာ ပဋိဇာနနစသည်ကိုပြုသော ပါပုဿန္ဒ ပါပိယဖြစ်သော ပုဂ္ဂိုလ်အား တဿ ပါပိယသိကကံကို-ပြုအပ်၏။

ပြုပုံကား။ ။ထိုပုဂ္ဂိုလ်ကို စောဒနာ သာရဏာဝိနည်းကံပြု၍ အာပတ်သို့ တင်ပြီးလျှင် စူဠဝါဠိတော် သမထခန္ဓကဋ္ဌလာသော ဥတ္တိစတုတ္ထကမ္မဝါစာကို ဖတ်ကြား၍ ပြုအပ်၏။ ထိုတဿပါပိယသိကကံကို ပြုအပ်ပြီးသော ရဟန်းသည် ၆-ပါးသော ဝတ်တို့ကိုဖြည့်ကျင့်ထအပ်၏။ ထို ၆-ပါးတို့ကို-

တဿပါပိယသိကော ကမ္မကတေန ဘိက္ခုဝေ ဘိက္ခုနာ သမ္မာဝတ္တိတဗ္ဗံ၊ တတြာယံ သမ္မာဝတ္တနာ၊ နဥပါသမ္မာဒေတဗ္ဗံ၊ နနိဿယော ဒါတဗ္ဗော၊ နသာမဏေရော ဥပဋ္ဌာပေတဗ္ဗော။ နဘိက္ခုနောဝါဒကသမ္မုတိ သာဒိတဗ္ဗာ၊ သမ္ဗဟေနပိ ဘိက္ခု-နိယော နဥဝါဒိတဗ္ဗော၊ နဘိက္ခူဟိ သမ္မယောဇေတဗ္ဗန္တိ-ဟူ၍ ဟောတော်မူအပ်သော စူဠဝါဠိတော်မြင့် သိအပ်၏။

ဤတဿပါပိယသိကကံ၏ ငြိမ်းကြောင်းဖြစ်သော ပဋိပ္ပဿဒ္ဓိ သဿာရဏကံကို ပါဠိတော်၌ ဟောတော်မမူအပ်၊ ထိုသို့ ဟောတော်မမူအပ်သော်လည်း-

သစေ သီလဝါ ဘဝိဿတိ ဝတ္တံ ပူရေတ္ဝာ ပဋိပဿဒ္ဓိံ လဘိဿတိ၊ နောစေ တထာနာသိတော ဘဝိဿတိ-ဟူ၍ သမထခန္ဓက အဋ္ဌကထာ၌ ဟောတော်မူအပ်သောကြောင့် အကယ်၍ "နဥပသမ္မာဒေတဗ္ဗံ" စသော ၆-ပါးသော ဝတ်တို့ကို ငါးရက် ဆယ်ရယ် ဖြည့်ကျင့်ခြားအုံး၊ ထိုဆိုလတ္တံ့သော တဇ္ဇနီယစသော ကံတို့၏ သဿာရဏကံတို့၌ကဲ့သို့ ကမ္မဝါစာကို ယောဇနာ၍ သဿာရဏကံကို ပြုအပ်၏။ ဤသည်ကား တဿ ပါပိယသိကကံ ပြုပုံတည်း။ ဤသည်လျှင် သတိဝိနည်း အမူဠှဝိနည်း တဿပါပိယသိကကံ ၃-ပါးတို့၌ မှတ်သားဖွယ်။

၁၁။ တဇ္ဇနီယကံ

တဇ္ဇနီယ စသော ကံ ၇-ပါးတို့ကို ဆိုပေအုံး။ သာဝတ္ထိပြည်၌ ဘဏ္ဍာန ကလဟ ဝိဝါဒ အမှုတို့ကို ပြုကြကုန်သော ပဏ္ဍုက လောဟိတကတို့ကို အကြောင်းပြု၍ တဇ္ဇနီယကံကို ခွင့်ပြုတော်မူအပ်၏။ ထိုတဇ္ဇနီယကံ ပြုထိုက်သောအင်္ဂါကို-

တီဟိ ဘိက္ခဝေ အင်္ဂေဟိ သမန္နာဂတဿ ဘိက္ခုနော အာကင်္ခမာနော သံဃော တဇ္ဇနီယကမ္မံ ကရေယျ၊ ကတ္ထ ကာရကော ဟောတိ၊ ကလဟကာရကော ဝိဝါဒ ကာရကော ဘဏ္ဍကာရကော သံဃေ အဓိကရဏ ကာရကော၊ ဗာလော ဟောတိ အဗျတ္တော အာပတ္တိဗဟုလော အနပဒါနော၊ ဂ်ဟိသံသဋ္ဌော ဝိဟရတိ အနုလောမိကေဟိ ဂိဟိသံသဂ္ဂေဟိ၊ ဣမေ ခေါ ဘိက္ခဝေ တီဟိအင်္ဂေဟိ သမန္နာဂတဿ ဘိက္ခုနော အာကင်္ခမာနော သံဃော တဇ္ဇနီယကမ္မံ ကရေယျ-ဟု စုဋ္ဌဝါပါဠိတော် ကမ္မခန္ဓကဉ္စ ဟောတော်မူအပ်၏။

ဤပါဠိတော်ပါဌ်၌ "အာပတ္တိဗဟုလော အနပဒါနော" ဟူသောပုဒ်ကို အနပဒါနော၊ အပိုင်းအခြား မရှိသည်ဖြစ်၍။ အာပတ္တိဗဟုလော၊ များသော အာပတ်ရှိသည်။ ဟုတ်၊ ဖြစ်၏ဟု အနက်ပေး။ အကြွင်း သိသာပြီ။ ထိုအင်္ဂါ ၃-ပါးတို့တွင် တပါးပါးသော အင်္ဂါနှင့် ပြည့်စုံသော ရဟန်းအား တဇ္ဇနီယကံပြုအပ်၏။

ပြုပုံကား-ထိုရဟန်းကို ရှေးဦးစွာ စောဒနာ သာရဏာဝိနည်းပြု၍ အာပတ်သို့တင်ပြီးလျှင် ယင်းပါဠိတော် ကမ္မခန္ဓက၌ ဟောတော်မူအပ်သော ဥတ္တိစတုတ္ထကမ္မဝါစာကို ဖတ်ကြား၍ ပြုအပ်၏။ ထိုတဇ္ဇနီယကံ ပြုပြီးသောရဟန်းသည် ၁၀-ပါးသော ဝတ်တို့ကို ဖြည့်ကျင့်အပ်၏။ ထို ၁၀-ပါးသောဝတ်တို့ကို စုဋ္ဌဝါပါဠိတော် ကမ္မခန္ဓက၌--

တဇ္ဇနီယကမ္မ ကတေန ဘိက္ခဝေ ဘိက္ခုနာ သမ္မာဝတ္တိတဗ္ဗံ၊ တတြာယံ သမ္မာဝတ္တိနာ'နဥပသမ္မာဒေတဗ္ဗံ၊ နနိဿာယော ဒါတဗ္ဗော၊ နသာမဏေရော ဥပဋ္ဌပေတဗ္ဗော၊ န ဘိက္ခုနောဝါဒကသမ္မုတိ သာဒိတဗ္ဗော၊ သမ္မာ ဘောနပိ ဘိက္ခုနိယော နဩဝဒိတဗ္ဗာ၊ ယာယ အာပတ္တိယာ တေန ကဇ္ဇနီယကမ္မံ ကတံ ဟောတိ၊ သာ အာပတ္တိ နပ္ပဋိဇာနိတဗ္ဗာ၊ အညဝါ တာဒိသိကာ တထောဝါ ပါပိဋ္ဌ-

စာရာကမံ့ နဂရဟိတဗ္ဗံ၊ ကမ္မိကာ နဂရဟိတဗ္ဗာ၊ နု ပကတတ္တာသာ ဘိက္ခုနော ဥပေါသထော ထပေတဗ္ဗော၊ နု ပဝါရဏာ ထပေတဗ္ဗာ၊ နု သဝနိယံ ကာတဗ္ဗံ၊ နု အနုဝါဒေါ ထပေတဗ္ဗော၊ နု ဩကာသော ကာရေတဗ္ဗော၊ နု ဒဒ့သေတဗ္ဗော၊ နသာရေတဗ္ဗော၊ နု ဘိက္ခူဟိ သမွယောဇေတဗ္ဗန္တိ-ဟူ၍ ဟောတော်မူအာပ်၏။

ကိတ္တကံကာလံ ပူရေတဗ္ဗန္တိ၊ ဒသဝါ ပဉ္စဝါ ဒိဝသာနိ၊ ဣမသ္မိဉ္စိ ကမ္မခန္ဓကေ ဇေတ္တာကေနဝတ္တံ ပူရိတမေ ဟောတိ-ဟူသော အဋ္ဌကထာပါဠိနှင့်အညီ ထိုတဇ္ဇနိယကံ ပြုအပ်ပြီးသော ရဟန်းသည် ၁၈-ပါးသော ဝတ်တို့ကို ၁၀-ရက်ဖြစ်စေ၊ ၅-ရက်ဖြစ်စေ ဖြည့်ကျင့်ပြီးသော် သံဃာသို့ ချဉ်းကပ်၍ ကိုယ်ဝတ်စံပယ်တင် ရှိခိုး၊ ဆောင့်ကြောင့်ထိုင်၊ လက်အုပ်ချီပြီးလျှင်-

အဟံ ဘန္တေ သံဃေန တဇ္ဇနိယကမ္မကတော သမ္မာ ဝတ္တာမိ၊ လောမံ ပါဒေတမိ၊ နေတ္တာရံ ဝတ္တာမိ တဇ္ဇနိယဿ ကမ္မဿ ပဋိပဿဒ္ဓိ ယာစာမိ-

ဟု သုံးကြိမ်ဆို၍ ပဋိပဿဒ္ဓိကံကို တောင်းအပ်၏။ ထိုသို့ တောင်းအပ်ပြီးသည်ရှိသော် သံဃာသည် ယင်းပါဋိတော် ကမ္မခန္ဓကဋ္ဌကထာလာသော ဥတ္တိစတုတ္ထကမ္မဝါစာကို ဖတ်ကြား၍ ပဋိပဿဒ္ဓိကံကို ပြုအပ်၏။ တဇ္ဇနိယကံသည် နိဿာရဏာ မည်၏။ ပဋိပဿဒ္ဓိကံသည် သြသာရဏာမည်၏။ ဤကား တဇ္ဇနိယကံဋ္ဌ မှတ်သားဖွယ်တည်း။

၁၂။ နိယသကံ

သာဝတ္ထိပြည်ဋ္ဌ ဗာလ အဗျတ္တဖြစ်၍ ဗဟုပိုင်းမာခြားမထား များသော အာပတ်သင့်သော ရှင်ဧသယျသကို အကြောင်းပြု၍ နိယသကို ခွင့်ပြုတော်မူအပ်၏။ ထိုနိယသ ကံကိုပြုထိုက်သော အင်္ဂါ ပြုရပုံအခြင်းအရာ ပြုအပ်ပြီးသော ရဟန်းတို့ကျင့်အပ်သော ဒုတ် (၁၈)ပါးတို့ကို တဇ္ဇနိယကံဋ္ဌ ဆိုအပ်ခဲ့ပြီးသောအတိုင်း မှတ်။

အထူးကား၊ ဝတ္ထုများဟူဋ္ဌ "နိယသကမ္မကတေန ဘိက္ခုနော သမ္မာဝတ္တိတဗ္ဗံ" ဟူ၍ ဟောတော်မူခြင်းမှသာ ထူးတော့သည်။ ယိုနိယသကံကို ပြုအပ်ပြီးသော ရဟန်းသည် (၁၈)ပါးသော ဝတ်တို့ကို ၁၀-ရက်ဖြစ်စေ၊ ၅-ရက်ဖြစ်စေ ဖြည့်ကျင့်ပြီးသော် သံဃာသို့ ချဉ်းကပ်၍ ကိုယ်ဝတ်စံပယ်တင် ရှိခိုး ဆောင့်ကြောင့်ထိုင်၊ လက်အုပ်ချီပြီးလျှင်-

အာဝုသော သံဃေန နိယသကမ္မကတော သမ္မာဝတ္တာမိ၊ လောမံ ပါဒေတမိ၊ နေတ္တာရံ ဝတ္တာမိ၊ နိယသဿ ကမ္မဿ ပဋိပဿဒ္ဓိံ ယာစာမိ-

ဟု ၃-ကြိမ်ဆို၍ ပဋိပဿဒ္ဓိကံကို တောင်းအပ်၏။ ထိုသို့ တောင်းပြီးသည်ရှိသော် သံဃာသည် ပါဠိတော်လာသော ဥတ္တိစတုတ္ထကမ္မဝါစာကို ဖတ်ကြား၍ ပဋိပဿဒ္ဓိကံကို ပြုအပ်၏။ ဤကား နိယသကံဋ္ဌ မှတ်သားဖွယ်တည်း။

၁၃။ ပဗ္ဘာဇနိယကံ

ကိဋ္ဌာဂိရိဇနပုဒ်၌ ကုလဒူသနအလို့ငှာ ပန်းပင်စိုက်ပျိုးခြင်း စသော အဿဇီ ပုနဗ္ဘသုက ရဟန်းတို့ကို အကြောင်းပြု၍ ပဗ္ဘာဇနိယကံကို ခွင့်ပြုတော်မူအပ်၏။ ထိုပဗ္ဘာဇနိယကံကို ပြုထိုက်သော အင်္ဂါ၊ ပြုရပုံအခြင်းအရာ၊ ပြုအပ်ပြီးသော ရဟန်းတို့ ကျင့်အပ်သော ဝတ် (၁၈)ပါး တို့ကို တဇ္ဇနိယကံ၌ ဆိုအပ်ခဲ့ပြီးသောအတိုင်း မှတ်။

အထူးကား၊ ဝတ္တရုားတို့၌ "ပဗ္ဘာဇနိယကမ္မကတေန ဘိက္ခဝေ ဘိက္ခုနာ "သမ္မာဝတ္တိ-တဗ္ဗံ" ဟူ၍ ဟောတော်မူခြင်းမျှသာ ထူးတော့သည်။ ထိုပဗ္ဘာဇနိယကံကို ပြုပြီးသောရဟန်းသည် မိမိအမြဲနေသော မြို့ရွာ၊ မိမိအမြဲနေသော ကျောင်းမှ ရွှေ့ပြောင်း ရှောင်လွဲ ကြဉ်ဖဲ့ထုတ်ခွါ၍သွားပြီးလျှင် (၁၈)ပါးသော စတ်တို့ကို ၁၀-ရက်ဖြစ်စေ၊ ၅-ရက်ဖြစ်စေ ဖြည့်ကျင့်ပြီးသော် သံဃာသို့ချဉ်းကပ်၍ ကိုယ်ဝတ်စံပယ်တင် ရှိခိုး ဆောင့်ကြောင့်ထိုင် လက်အုပ်ချီပြီးလျှင်-

အဟံ ဘန္တေ သံဃေန ပဗ္ဘာဇနိယကမ္မကတော သမ္မာဝတ္တာမိ၊ လောမံ ပါတေမိ၊ နေတ္တာရံ ဝတ္တာမိ၊ ပဗ္ဘာဇနိယဿ ကမ္မဿ ပဋိပဿဒ္ဓိံ ယာစာမိ-

ဟု ၃-ကြိမ်ဆို၍ တောင်းပန်အပ်၏။ ထိုသို့ တောင်းပန်အပ်ပြီးသည်ရှိသော် သံဃာသည် ယင်းပါဠိတော်၌ လာသော ဥတ္တိစတုတ္ထကမ္မဝါစာကို ဖတ်ကြား၍ ပဋိပဿဒ္ဓိကံကို ပြုအပ်၏။ ဤကား ပဗ္ဘာဇနိယကံ၌ မှတ်သားဖွယ်တည်း။

ဆိုအပ်ခဲ့ပြီးသော တဇ္ဇနိယစသော ကံ ၃-ပါးတို့၌ အထူးမှတ်သားရန်ကား ကမ္မခန္ဓက အဋ္ဌကထာ၌

တဇ္ဇနိယ ကမ္မဿဟိ ဝိသေသေန ဘဏ္ဍနကာရကတ္တံ အင်္ဂံ၊ နိယဿ အာဘိစာရပတ္တိကတ္တံ၊ ပဗ္ဘာဇနိယဿ ကုလဒူသကတ္တန္တိ ဝုတ္တံ ဤမေသု ပန တီသု အင်္ဂေသု ယေနကေနစိ သပ္ပာနိပိ ကာတုံ ဝဋ္ဋတိ-

ဟု ဖွင့်ပြတော်မူသောကြောင့် ဝိသေသအားဖြင့် ဘဏ္ဍနကာရက အဖြစ်သည် တဇ္ဇနိကံ၏ အင်္ဂါ၊ အာဘိစာရပတ္တိက အဖြစ်သည် နိယသကံ၏အင်္ဂါ၊ ကုလဒူသက အဖြစ်သည် ပဗ္ဘာဇနိယကံ၏အင်္ဂါဖြစ်၏။ ယင်းသို့ဖြစ်သော်လည်း အမှတ်မရှိ တပါးပါးသောအင်္ဂါဖြင့် ၃-ပါးလုံးသော ကံတို့ကိုလည်း ပြုခြင်းငှာအပ်၏ဟု အထူးမှတ်သားအပ်၏။

၁၄။ ပဋိသာရဏီယကံ

မစ္ဆိကာသဏ္ဍမြို့၌ စိတ္တသူကြွယ်ကို "ဗဟုတ်ခေါတေ ဤဒံ ဂဟပတိ ခါဒနီယံ ဘောဇနီယံ ပဋိယတ်၊ ကော စ ခေါ ဤစ ဒေါ ဤဒံ တီလသံဂုဠ်ကာ-

ဟူသောစကားဖြင့် ဆဲရေးရွတ်ချသော ရှင်သုဓမ္မကို အာဃာတပြု၍ ပဋိသာရဏီယ ကံကို ဆောင်ပြုတော်မူအပ်၏။ ထိုပဋိသာရဏီယကံကို ပြုထိုက်သောအင်္ဂါကို-

"ပဥ္စဟိ ဘိက္ခဝေ အင်္ဂေဟိ သမန္နာဂတာဿ ဘိက္ခုနော အာကင်္ခမာနော သံဃော ပဋိသာရဏီယကမ္မံ ကရေယျ၊ ဂိဟိနံ အလာဘာယ ပရိသက္ကတိ ဂိဟိနံ အနတ္ထာယပရိသက္ကတိ ဂိဟိနံ အနာဝါသာယ ပရိသက္ကတိ ဂိဟိနံ အက္ကောသတိ ပရိဘာသတိ ဂိဟိ' ဂိဟိတိ ဘေဒေတုံ ဣမေ ဟိ ခေါ ဘိက္ခဝေ ပဥ္စဟင်္ဂေဟိ သမန္နာဂတာဿ ဘိက္ခုနော အာကင်္ခမာနော သံဃော ပဋိသာရဏီယကံမ္မံ ကရေယျ"

ဟူ၍ စုဠဝါပါဠိတော် ကမ္မခန္ဓကဋ္ဌ ဟောတော်မူအပ်၏။ အဂုံတ္တရနိကာယ်ဋ္ဌကား အင်္ဂါရှစ်ပါးဟူ၏။

ဤအင်္ဂါငါးပါးတို့တွင် တပါးပါးသော အင်္ဂါနှင့် ပြည့်စုံသောရဟန်းအား ပဋိသာရဏီယကံ ပြုရပုံ အခြင်းအရာနှင့်တကွ ပဋိသာရဏီယကံ ပြုအပ်ပြီးသော ရဟန်းတို့ ကျင့်အပ်သော ဝတ် (၁၈) ပါးတို့ကို တဇ္ဇနီယကံဋ္ဌ ဆိုအပ်ခဲ့ပြီးသော အတိုင်း မှတ်။ ထိုဝတ္တရားတို့ဋ္ဌ၊

ပဋိသာရဏီယကမ္မကတေန ဘိက္ခဝေ ဘိက္ခုနာ သမ္မာဝတ္တိတဗ္ဗံ-ဟု ဟောတော်မူခြင်းမျှသာ ထူးတော့သည်။

ထိုပဋိသာရဏီယကံ ပြုအပ်ပြီးသောရဟန်းသည်၊ ဥတ်ကမ္မဝါစာဋ္ဌ "စိတ္တော တေ ဂဟပတိ ခမာပေတဗ္ဗော" ဟုလာသောအတိုင်း ရှင်သုဓမ္မသည် စိတ္တသူကြွယ်ထံ တောင်းပန်ဝန်ချသကဲ့သို့ ဒါယကာထံဋ္ဌ တောင်းပန်ဝန်ချ၍ ထို (၁၈) ပါးသော ဝတ်တို့ကို ၁၀-ရက်ဖြစ်စေ၊ ၅-ရက်ဖြစ်စေ၊ ဖြည့်ကျင့်ပြီးသော် သံဃာသို့ချဉ်းကပ်၍ ကိုယ်ဝတ်စံပယ်ဝင် ရှိခိုးဆောင့်ကြောင့်ထိုင် လက်အုပ်ချီပြီးလျှင်-

အဟံဘန္တေ သံဃေန ပဋိသာရဏီယကမ္မကတော သမ္မာဝတ္တာမိ၊ လောမံ ပါတေမိ၊ နေတ္ထာရံ ဝတ္တာမိ ပဋိသာရဏီယဿ ကမ္မဿ ပဋိပဿဒ္ဓိ' ယာစာမိ-ဟု ဆို၍ ၃-ကြိမ် တောင်းပန်အပ်၏။ ထိုသို့ တောင်းပန်အပ်ပြီးသည်ရှိသော် သံဃာသည် ယင်းပါဠိတော်ဋ္ဌလာသော ဥက္ကိစကုတ္ထကမ္မဝါစာကို ဖတ်ကြား၍ ပဋိပဿဒ္ဓိက'ကို ပြုအပ်၏။

"အင်္ဂသမန္နာဂတော ပုရိမေဟိ အသဒိသော" အဋ္ဌကထာပါဋ္ဌ။

အင်္ဂသမန္နာဂတော ပုရိမေဟိ အသဒိသောတိ ဣမိနာ တဇ္ဇနီယာဒီနံ ဝုတ္တကာရဏတ္ထေန ဣဒံ ကာတုံဝဋ္ဋတီတိ ဒီပေတိ၊ ဣဓ ဝုတ္တေပန ဂိဟိနံ အလာဘာယ ပရိသက္ကနာဒိနာ အင်္ဂေန တာနိပိ ကာတုံ ဝဋ္ဋတီတိ ဂဟေတဗ္ဗံ၊

ဟူသော ဝိမတိဂိနောဒနီဋ္ဌီကာပါဋ္ဌ။ ဤဋ္ဌီကာပါဋ္ဌဖြင့် တဇ္ဇနီယစသော က' ၃-ပါး တို့ဋ္ဌ ဟောတော်မူအပ်ကုန်သော ဘဏ္ဍန ကာရက၊ အာကာသုပတ္တိက၊ ကုလဒူသက ဟူကုန်သော အင်္ဂါတို့ဖြင့် ဤပဋိသာရဏီယက'ကို မပြုအပ်။ ဤပဋိသာရဏီယက'ဋ္ဌ ဟောတော်မူအပ်သော "ဂိဟိနံ အလာဘာယ ပရိသက္ကန" စသော အင်္ဂါတို့ဖြင့် ထိုတဇ္ဇနီယ စသော က' ၃-ပါး တို့ကိုလည်း၊ ပြုအပ်၏ဟု မှတ်အပ်၏။ ဤကား၊ ပဋိသာရဏီယကံဋ္ဌ မှတ်သားဖွယ်တည်း။

၁၅။ အာပတ္တိအဒဿနဉ္ကေ့ပနီယကံ

ယာ အဒဿနေ ဉ္ကေ့ပနီယကမ်ံ က်တ္ကံ ဟောတိ၊ သာ အာပတ္တိ နှ အာပဇ္ဇိ-တဗ္ဗာ အညဝါ တာဒိသိတာ၊ တတောဝါ ပါပိဋ္ဌတရာ၊ ကမ်ံ နဂရဟိတဗ္ဗံ၊ ကမ်ိကာ-နဂရဟိတဗ္ဗာ၊ နပကတတ္တဿ ဘိက္ခုနော၊ အဘိဝါဒနံ ပစ္စုဋ္ဌာနံ အဉ္ဇ လိကမ်ံ သာမိစိကမ်ံ အာသနာ သိဟာရော သေယျာသိဟာရော ပါဒေ-ပါဒကံ ပါဒပိဋ္ဌံ ပါဒကထလိကံ ပတ္တစီဝရ ပဋိဂ္ဂဟဏံ နှာဇနေ ပိဋ္ဌိပရိကမ်ံ သာဒိတဗ္ဗံ၊ နပကတတ္တောဘိက္ခု သီလဝိပတ္တိယာ အနုဒ္ဓံသေတဗ္ဗော၊ နအာစာရ-ဝိပတ္တိယာ အနုဒ္ဓံသေတဗ္ဗော၊ နဒိဋ္ဌိဝိပတ္တိယာ အနုဒ္ဓံသေတဗ္ဗော၊ နအာဇီဝ-ဝိပတ္တိယာ အနုဒ္ဓံသေတဗ္ဗော၊ နဘိက္ခု ဘိက္ခူဟိ ဘောဒေတဗ္ဗော၊ နဂိဟိဓဇော ဓာရေတဗ္ဗော၊ နတိတ္ထိယဓဇော ဓာရေတဗ္ဗော၊ နဘိတ္ထိယသေဝိတဗ္ဗာ၊ ဘိက္ခူ-သေဝိတဗ္ဗာ၊ ဘိက္ခုသိက္ခာယသိက္ခိတဗ္ဗံ နပကတတ္တေန ဘိက္ခုနော သဒ္ဒိံ ကေစ္ဆန္နေ အာဝါသေဝါ အနာဝါသေဝါ ဝတ္ထဗ္ဗံ၊ ပကတတ္တံ ဘိက္ခုံ ဒိသွာ အာသနာဝုဋ္ဌာတဗ္ဗံ၊ နပကတတ္တော ဘိက္ခု အာသာဒေတဗ္ဗော အန္တေဝါ ဗဟိဝါ၊ နှ ပကတတ္တဿ ဘိက္ခုနော ဥပေါသဓော ထပေတဗ္ဗော၊ နှ သြကာသော ကာရေတဗ္ဗော၊ နစော-ဒေတဗ္ဗော၊ နှ သာရေတဗ္ဗော၊ နှ ဘိက္ခူဟိ သမ္မယောဇေတဗ္ဗန္တိ ဟူ၍ ဟောတော် မူအပ်၏။

ထို(၄၃)ပါးသော ဝတ်ကို့ကို ၁၀-ရက်ဖြစ်စေ၊ ၅-ရက်ဖြစ်စေ၊ ဖြည့်ကျင်ပြီးသော် သံဃာသို့ချဉ်းကပ်၍ ကိုယ်ဝတ်စံပယ်တင် ရှိခိုး ဆောင့်ကြောင့်ထိုင် လက်အုပ်ချီပြီးလျှင်-

> အဟံဘန္တေ သံဃသ အာပတ္တိယာ အဒဿနေ ဥဇ္ကေ့ပနီယ ကမ္မကတော သမ္ဘာဝတ္တာမိ၊ လောမံ ပါတေမိ၊ နေတ္တာရံ ဝတ္တာ၊ အာပတ္တိယာ အဒဿနေ ဥဇ္ကေ့ပနီယဿ ကမ္မဿ ပဋိပဿဒ္ဓိံ ယာစာမိ။

ဟု ၃-ကြိမ်ဆို၍ ပဋိပဿဒ္ဓိ ကံကိုတောင်းအပ်၏။ ထိုသို့ တောင်းအပ်ပြီးသည်ရှိသော် ယင်းပါဋိတော်၌လာသော ဥတ္တိစတုတ္ထကမ္မဝါစာကို ဖတ်ကြား၍ ပဋိပဿဒ္ဓိကံကို ပြုဆောင်၏။ ဤကား အာပတ္တိ အဒဿန ဥဇ္ကေ့ပနီယကံ၌ မှတ်သားဖွယ်တည်း။

၁၆။ အာပတ္တိ အပဋိကမ္မ ဥဇ္ကေ့ပနီယကံ

ကောသမ္မိပြည်၌ သင့်သော အာပတ်ရှိလျက် ထိုအာပတ်ကို မကုလိုသော ရှင်ဆန္နကို အကြောင်းပြု၍ အာပတ္တိ အပဋိကမ္မဥဇ္ကေ့ပနီယကံကို ခွင့်ပြုတော်မူအပ်၏။ ဤဥဇ္ကေ့ပနီယကံသည် အာပတ္တိ အဒဿနဥဇ္ကေ့ပနီယကံနှင့် အလုံးစုံတူပြီး၊ ပဿဒ္ဓိကံကိုတောင်းရာ၌ "အဟံဘန္တေ သံဃသ အာပတ္တိယာ အပဋိကမ္မေ ဥဇ္ကေ့ပနီယကမ္မကတော" ဟု ဆိုခြင်းမျှသာ လူးတွဲသည်။ ဤကား အာပတ္တိယာ အပဋိကမ္မဥဇ္ကေ့ပနီယကံ၌ မှတ်သားဖွယ်တည်း။

၁၇။ ဒိဋ္ဌိ အပ္ပဋိနိဿဂ္ဂ ဥက္ခေပနိယကံ

သာဝတ္ထိပြည်၌ "တထာဟံ ဘဂဝတာ ဓမ္မံဒေသိတံ အာဇာနာမိ၊ ယထာယေဓမေ အန္တရာယိကာ ဓမ္မာဝုတ္တာ ဘဂဝတာ တေ ပဋိသေဝတော နာလံ အန္တရာယာယ-ဟုစ္ဆဲယူအပ်သော ယုတ်မာသော အယူရှိသော အရိဋ္ဌရဟန်းကို အကြောင်းပြု၍ ဤပါပိကဒိဋ္ဌိ အပ္ပဋိနိဿဂ္ဂဥက္ခေပနိယကံကို ခွင့်ပြုအပ်၏။ ထို ဥက္ခေပနိယကံ ပြုထိုက်သောအင်္ဂါသည် ဇာဠနိယကံဥ်ဆိုအပ်ခဲ့ပြီးသော အင်္ဂါအတိုင်းပင်တည်း။ အထူးအားဖြင့်ကား "ဘဏ္ဍနကာရကောတိ အာဒီသု ယံ ဒိဋ္ဌိနိဿာယ ဘဏ္ဍနာဒီနိ ကရောတိ တဿာ အပ္ပဋိနိဿဂ္ဂေယေဝ ကမ္မံ ကာတဗ္ဗံ" ဟူသော အဋ္ဌကထာပါဠိ၊

အကြင်အယူကိုအမှီပြု၍ ဘဏ္ဍန စသည်ကိုပြု၏၊ ထိုအယူကို မစွန့်သော ရဟန်းအား သာ ဤဥက္ခေပနိယကံကို ပြုအပ်၏ဟုမှတ်။ ဤဥက္ခေပနိယကံကို ပြုပြီးသောရဟန်းသည် ကျင့်အပ်သော ဝတ္တရားသည် တဇ္ဇနိယကံကဲ့သို့ (၁၈)ပါးသာတည်း။ ပဿဒ္ဓိကံကိုတောင်းရာ၌ "အဟံဘန္တေ သံဃေန ပါပိယာသိကဒိဋ္ဌိယာ အပ္ပဋိနိဿဂ္ဂေ ဥက္ခေပနိယ ကမ္မံ" တော" ဟု ဆိုခြင်းမျှသာ ထူးတော့သည်။ အကြွင်းကား အာပတ္တိဒဿန ဥက္ခေပနိယကံနှင့်ဟူပြီ။ ဤကား ပါပိကဒိဋ္ဌိ အပ္ပဋိနိဿဂ္ဂ ဥက္ခေပနိယကံ၌ မှတ်သားဖွယ်တည်း။

၁၈။ နိဂုံး

ဣတိ သဒ္ဓမ္မဇောတိကာရာမိကေန မဟာထေရေန
ရစိတောယံ ကမ္မာကမ္မဝိနိစ္ဆယော။

သာသနေ မိဘဝါရမ္မိ၊ သင်္ကရာဇေ ဂဒက္ခိဏေ။
ဗုဒ္ဓပ္ပန္နာဟ-သောရိမ္မိ၊ မဇ္ဈန္ဟိကေ သုနိဋ္ဌိတော။
ယာဝဗုဒ္ဓေါတိ ဃောသောစ၊ တိဋ္ဌတိ သော တိဒုလ္လဘော။
တာဝ တိဋ္ဌကု လောကဿ၊ သာသနဿ ဟိတာဝဟော။

ဣတိ ဤမိနာ ဝစနက္ကမေန၊ ဤသို့သောစကားအစဉ်ဖြင့်၊ သဒ္ဓမ္မဇောတိကာရာမိကေန၊ ဓနုဖြူမြို့ကြီး၏ တံခွန်သဖွယ် တင့်တယ်စွာသော၊ သဒ္ဓမ္မဇောတိကာရာမတိုက်၌ ယာပိုဏ်မျှလျော် သိတင်းသုံးနေတော်မူသော။ မဟာထေရေန၊ သီရိကောသလ္လာလင်္ကာရ မဟာထေရ်သည်။ ရစိတော၊ စီရင်အပ်သော။ အယံကမ္မာကမ္မဝိနိစ္ဆယော၊ ဤ "ကမ္မာကမ္မဝိနိစ္ဆယ" ကျမ်းသည်။ သာသနေ၊ သာသနာတော်နှစ်ဖြစ်သော၊မိတပါဂရမ္မိ၊ ၂၄၆၅-ခုနှစ်၌။ သင်္ကရာဇေ၊ သိကြားမင်းနှစ်သင်္ကရာဇ်ဖြစ်သော။ ဂဒက္ခိဏေပေ၊ ၁၂၀၃-ခုနှစ်၌၊ ဗုဒ္ဓပ္ပန္နာဟ သောရိမ္မိ၊ ဘုရားပွင့်တော်မူရာဖြစ်သော ကဆုန်လပြည့် စနေနေ့၌။ မဇ္ဈန်ကော၊ မွန်းတည့်ချိန်၌။ သုနိဋ္ဌိတော အန္တရာယ်ကင်း ဘေးရှင်းသဖြင့် ပြီးခြင်းသို့ရောက်လတ်ပြီ။

ယာဝယတ္တကံကာလံ၊ ကြင်မျှလောက်သော ကာလပတ်လုံး။ အတိဒုလ္လဘော၊အလွန် ရနိုင်ခဲလှစွာသော။ ဗုဒ္ဓေါတိ ဃောသော၊ ဘုရားဟူသော အသံသည်။ လောကေ၊ သတ္တလောက ၌။ တိဋ္ဌတိ၊ တည်၏။ တာဝ တတ္တကံကာလံ၊ ထိုမျှလောက်သော ကာလပတ်လုံး၊ သော ကမ္မာ ကမ္မဝိနိစ္ဆယော၊ ထိုကမ္မာကမ္မဝိနိစ္ဆယ ကျမ်းသည်။လောကဿစ၊ သတ္တလောက၏လည်းကောင်း။ သာသနဿစ၊ သာသနာတော်၏လည်းကောင်း။ဟိတာဝဟော၊ အကျိုးစီးပွားကိုဆောင်လျက်။ ဝါ၊ အစီးအပွားကိုဆောင်သည်။ ဟုတ္ထာ၊ ဖြစ်၍။ တိဋ္ဌတု၊ မရွေ့မပါး လ-နေ လားသို့ ထင်ရှားမသွေ့ တည်ပါစေသတည်း။

ကမ္မာကမ္မဝိနိစ္ဆယကျမ်း ကျိုက်တင်ပြီး၏။

၁၂၉၅·ခုနှစ်တွင်

သဒ္ဓမ္မဇောတိကာရာမတိုက်

အဂ္ဂမဟာပဏ္ဍိတ

ဆရာတော်ဘုရားကြီး ရေးသားတော်မူသော

ဝိနယာနုလောမဝိနိစ္ဆယ

၁။ အဘိယာစက

ဘုရားတပည့်တော် ဒါယကာ-ငတူ ခြေတော်ဦးခိုက် လျှောက်ထားလိုက်ရပါသည် ကျေးဇူးတော်ရှင် ဆရာတော်အရှင်မြတ်ဘုရား။

(၁) လူဒါယကာ ဒါယိကာမများသည် (၁၀)ပါး သီလကို ဆောက်တည်နေဆဲတွင် အလှူခံပုဂ္ဂိုလ် အလှူခံလာလျှင် (မိမိ၏ရှိရင်းဟောင်းငွေ) တည်းမှ (ကိုယ်တိုင်ကိုင်) ၍ လှူကောင်း မလှူကောင်း။

(၂) မိမိစားသုံးဖို့ရာ အထည်ဝတ္ထု တခုခုကို (ကိုယ်တိုင်ကိုင်၍) ဝယ်ကောင်း မဝယ်ကောင်း။

ဤအကြောင်း ၂-ပါးကို သိလိုပါ၍ ဝိနိစ္ဆယတခု ပြုလုပ်ကယ်မ ပေးသနားတော် မူပါမည့်အကြောင်းကို ရှိခိုးလျှောက်ထား လိုက်ရပါသည် ဆရာတော်အရှင်သူမြတ်ဘုရား။

ဒါယကာ ငတူ ဗိုလ်ကလေးမြို့။

၂။ ပဋိညာဉ်

၁၂၉၅ ခုပြာသိုလဆန်း (၇) ရက်မနှင့်တွင် လျှောက်ထားအပ်သော ပုဆွေ ၂-ရပ်၊ သိလိုရင်းအဓိပ္ပါယ်မှာ ယူဒါယကာ ဒါယိကာမဟူသည် (၁၀) ပါးသီလကို ဆောက်တည်ဆဲ အခါ၌ ရွှေ-ငွေကို ကိုယ်တွယ်သုံးသပ်ခြင်းကို ပြုအပ်-မပြုအပ်ဟု သိလိုရင်းပင်ဖြစ်သည်။ ထိုပုစ္ဆာနှစ်ရပ်ကို မဆုံးဖြတ်-မဖြေဆိုမီ ရှေးဦးစွာ ပညာရှိပုဂ္ဂိုလ်တို့၏ သတိတရားဖြစ်ပွားစေခြင်းငှါလည်းကောင်း၊ ဖနောင်လာအများ တပည့်သားတို့ လေးစားတမှု နည်းရယူစေခြင်းငှါလည်းကောင်း "သတ္တပါဒက - နယသမ္မဒါနကထာ" ကို အကျဉ်းအမြွက်မျှ ရေးသားပြဆိုပေဦးအံ့။

၃။ သတ္တပါဒက နယသမ္မဒါနကထာ

မြတ်စွာဘုရားသည် လေးဆယ့်ငါး၀ါ ရှည်ကြာကာလပတ်လုံး ယောကြွေးတော်ပွ ကပ်သော ဒေဿနာတော်သည် စပွ-ပီနယကားဖြင့် ၂-ပါးအကြိမ်ရှိ၏။ ကို ၂-ပါးတို့ကဲ့

အလုံးစုံသော သုတ္တန်ဒေသနာ အဘိဓမ္မာဒေသနာတော်သည် ဓမ္မ မည်၏။ အလုံးစုံသော ဝိနည်းဒေသနာတော်သည် ဝိနယ မည်၏၊ တစုံတခုသော တရားကို နာယူမှတ်သားခြင်း ဆုံးဖြတ်ခြင်းကို ပြုကုန်သော ပုဂ္ဂိုလ်တို့သည် ထို ဓမ္မ ဝိနယ ၂-ပါးတို့တွင်-

(၁) ဓမ္မကို-ဝိနယနှင့် မရောယှက်စေပဲ။

(၂) ဝိနယကို-ဓမ္မနှင့် မရောယှက်စေပဲ။

(၃) ဓမ္မကို-ဓမ္မချင်း မရောယှက်စေပဲ။

(၄) ဝိနယကို-ဝိနယချင်း မရောယှက်စေပဲ။

ထိုမှတပါးလည်း ပါဠိတော် အဋ္ဌကထာ ဋီကာတို့ဝယ် တစုံတခုသောအရာ၌ ဟောကြားဖွင့်ပြအပ်သည်ကို အခြားသောအရာ၌ မှတ်ယူခြင်း ဆုံးဖြတ်ခြင်းကို မပြုပဲ အရာအား‌လျော်စွာသာ မှတ်ယူခြင်း ဆုံးဖြတ်ခြင်းကို ပြုအပ်သည်။ ဤသည်ကား သတုပ္ပါဒက နယသမ္မဒါနကထာ အကျဉ်းတည်း။

၄။ ပထမပုဏ္ဏာဝိသဇ္ဇနာ

ထိုသို့ မေးလျှောက်အပ်သော ပုစ္ဆာ ၂-ခုတို့တွင် (၁) လူဒါယကာ ဒါယိကာမမျာ်းသည် (၁၀)ပါး သီလကို ဆောက်တည်နေဆဲတွင် အလှူခံပုဂ္ဂိုလ် အလှူခံလာလျှင် မိမိ၏ရှိရင်း ပစ္စည်းဟောင်း ငွေတည်းမှ ကိုယ်တိုင်ကိုင်၍ လှူကောင်း မလှူကောင်းဟူသော ပထမပုစ္ဆာ၌ "ကိုယ်တိုင်ကိုင်၍" ဟူသောစကားကို ထောက်သဖြင့် (၁၀) ပါးသီလကို ဆောက်တည်ဆဲဖြစ်ကုန်သော ဒါယကာ ဒါယိကာမတို့သည် ရွှေ-ငွေ ကို ကိုင်တွယ် သုံးသပ်ခြင်းကြောင့် "ဇာတရူပသိက္ခာပုဒ်" ပျက် မပျက်ကို သိလို၍ မေးလျှောက်ခြင်းပင်ဖြစ်သည်ဟု သိအပ်၏။ ထိုပုစ္ဆာသည် ဝိနည်းအရာသာ ဖြစ်သည်။

ထိုပုစ္ဆာ၌ "ကိုယ်တိုင်ကိုင်၍" ဟူသောစကားသည် "ကာယသံသဂ္ဂသိက္ခာပုဒ်" အရာသာဖြစ်သည်။ သူတပါးပေးလှူလာသော ရွှေ-ငွေကို ခံယူခြင်းမဟုတ်သောကြောင့် "ဇာတရူပသိက္ခာပုဒ်" အရာမဟုတ်။ ထိုကာယသံသဂ္ဂသိက္ခာပုဒ်သည်လည်း ဟူဒါယကာ ဒါယိကာမတို့ ဆောက်တည်အပ်သော (၁၀)ပါးသီလ၌ မပါဝင်သည့်ပြင် ယူဒါယိကာမတို့နှင့် ပင် အလျဉ်းမသက်ဆိုင်။ လို့ကြောင့် ရွှေ ငွေကို ကိုင်တွယ်သုံးသပ်ခြင်းကြောင့် လူတို့၏ "ဇာတရူပသိက္ခာပုဒ်" မပျက်ဟူ၍သာ မှတ်ယူအပ်၏။ ထိုစကား ထင်ရှားစေခြင်းငှါ ကာယသံသဂ္ဂသိက္ခာပုဒ်ကို အမြှောက်ပျဉ်းတိုက်ပြပေဦးအုံ။

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၏ အရှေ့မြောက်အင်္ဂုတ်ဝယ် အစွန်အဖျားကျရာဌာန၌ ဆောက်လုပ်သားအပ်သော အရှင်ဥဒါယီ၏ ကျောင်းသည် အလွန်လှပကောင်းတပ်၏။ အဲဒီယခ်၌ တိုက်ခန်းမှာ လိုက်ခန်း၏ ထက်ဝန်း ကျင်၌ လှည့်လည်သွားလာရန် (ကြောင်လည်) ရှိ၏။

ကောင်းစွာခင်းထားအပ်သော ညောင်စောင်း အင်းပျဉ်-ဘုံလျှို ခေါင်းအုံးရှိ၏။ ကောင်းစွာ တည်ထားအပ်သော သောက်ရေသုံးဆောင်ရေ ရှိ၏၊ ကောင်းစွာ တံမျက်လှည်း ခတ်အပ်သော ပရိဝုဏ် ရှိ၏။ ထိုကျောင်းကို လူအများတို့သွားလာကြည့်ရှုကြကုန်၏။ ပုဏ္ဏားကြီးဇနီး ခင်ပွန်း တို့သည်လည်း ထိုကျောင်းသို့ သွားရောက်၍ လှည့်လည်ကြည့်ရှုရန် အရှင်ဥဒါယိထံ ခွင့်ပန် လျှောက်ထားလေလျှင် အခွင့်ရ၍ အရှင်ဥဒါယိနောက်မှ ပုဏ္ဏားကြီး၊ ပုဏ္ဏားကြီး၏ နောက်မှ ပုဏ္ဏေးမလိုက်ပါ၍ ထိုကျောင်း၏ ကြောင်လည်၌ အစဉ်လှည့်လည် ကြည့်ရှုကြရာတွင် အရှင် ဥဒါယိသည် ဆောလျင်စွာ လှည့်သွား၍ ပုဏ္ဏေးမကိုမိသဖြင့် ထိုပုဏ္ဏေးမ၏ ကိုယ် လက် အင်္ဂါ ကြီးငယ်တို့ကို နောက်မှနေ၍ သုံးသပ်လေသည်။

ထိုအကြောင်းကို ပုဏ္ဏေးမက ပြောကြား၍ ပုဏ္ဏားကြီးသိလျှင် "အလင်္ဂိနော ဣမေသမဏာ သက္ယပုတ္တိယာ ဒုဿီလာ မုသာဝါဒိနော" စသည်ဖြင့် ပုဏ္ဏားကြီးက ကဲ့ရဲ့သောအသံကို ရဟန်း တို့ ကြား၍ ဘုရားရှင်အား လျှောက်ထားလေလျှင် ဘုရားရှင်သည် ရဟန်းအပေါင်းကို စည်း ဝေးစေ၍-

> ယောပန ဘိက္ခု ဩတိဏ္ဏော ဝိပရိဏတေန စိတ္တေန မာတုဂါမေန သဒ္ဓိံ ကာယသံသဂ္ဂံ သမာပဇ္ဇေယျ၊ ဟတ္ထဂ္ဂါဟံဝါ ဝေဏိဂ္ဂါဟံဝါ အညတရဿဝါ အညတရဿဝါ အင်္ဂဇာတဿ၊ သံဃာဒိသေသော- ဟူ၍ ကာယသံသဂ္ဂသိက္ခာ ပုဒ်ကို ပညတ်တော်မူအပ်၏။

ယောပန ဘိက္ခု၊ အကြင်ရဟန်းသည်။ ဩတိဏ္ဏော၊ ကာယသံသဂ္ဂ တည်းဟူသော ဘီလူးသည် ပူးဝင်အပ်သည်ဖြစ်၍။ ဝါ၊ ကာယသံသဂ္ဂ တည်းဟူသော တွင်းသို့ သက်ဆင်းအပ် သည်ဖြစ်၍။ ဝိပရိဏတေန၊ ကာယသံသဂ္ဂ ရာဂဖြင့် ဖောက်ပြန်၍ဖြစ်သော။ စိတ္တေန၊ စိတ် ဖြင့်။ မာတုဂါမေန၊ လူမိန်းမနှင့်။ သဒ္ဓိံ၊ တကွ။ ကာယသံသဂ္ဂံ၊ ကိုယ်လက် နှိုးနှောခြင်းသို့။ သမာပဇ္ဇေယျ၊ ရောက်ငြားအံ့။ ဟတ္ထဂ္ဂါဟံဝါ၊ တတောင်ဆစ်မှစ၍ လက်ဖျားတိုင်အောင် သော လက်ကို ကိုင်ခြင်းသို့ လည်းကောင်း။ ဝေဏိဂ္ဂါဟံဝါ၊ ဆံထုံးကို ကိုင်ခြင်းသို့ လည်း ကောင်း။ အညတရဿဝါ၊ တပါးပါးလည်း ဖြစ်သော။ အညတရဿဝါ၊ တပါးပါးလည်း ဖြစ်သော။ အင်္ဂဇာတဿ၊ လက်၊ ဆံပင်၊ ဆံထုံးမှကြွင်းသော ကိုယ်အင်္ဂါကို။ ပရာမသန်၊ သုံးသပ် ခြင်းသို့။ သမာပဇ္ဇေယျ၊ ရောက်ငြားအံ့။ တဿ ဘိက္ခုနော၊ ထိုရဟန်းအား။ သံဃာဒိသေ-သော။ သံဃာဒိသိသ် အမည်ရှိသော။ အာပတ္တိ နိကာယော၊ အာပတ် အပေါင်းသည်။ ဟောတိ၊ ဖြစ်၏။ ဤကား အနက်။

ဤသိက္ခာပုဒ်၏ ပဒဘာဇနီ အာပတ္တိဝါရ၌- "ဤကိစ္စ ဟောတိ ဤတို့သည် သာရတ္တောစ ဘိက္ခုစ နံ ဤထို့ယာကာယေန ကာယံ အာမသတိ ။ပ။ သံဃာဒိသေသဿ" စသည်ဖြင့် အကျယ်ဟောကြားတော်မူအပ်၏။

ထိုဩသနာတော်၏ လိုရင်းအကျဉ်း အဓိပ္ပာယ်ကား လူမိန်းမကို လူမိန်းမဟု သိသည် ဖြစ်၍ ကာယသံသဂ္ဂသာရတ္တ စိတ်ဖြင့် ကိုင်တွယ်သုံးသပ်သော ရဟန်းအား သံဃာဒိသိသ်

အာပတ်သင့်၏။ ထို့အတူ ပဏ္ဍုက်ကို ကိုင်တွယ်သုံးသပ်သော ရဟန်းအား ထုလ္လစ္စဉ်း အာပတ်သင့်၏။ ယောကျ်ားကို လည်းကောင်း၊ တိရစ္ဆာန်ကို လည်းကောင်း၊ ကိုင်တွယ်သုံးသပ်သော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏ ဟူသော အဓိပ္ပာယ်ပင်တည်း။ (ဤပါဠိတော်၌ ဟေးတော်မူသည့်အတိုင်း ရေးလျှင် အလွန်ကျယ်ဝန်းလှသဖြင့် မရေးလိုက်သတည်း။ ဤကာယသံသဂ္ဂသိက္ခာပုဒ်၌-

(၁) မာတာဓိတာဘဂိနိစ၊ ဇာယာယက္ခိစ ပဏ္ဍကော။
သုတ္တာမတာ တိရစ္ဆန္နာ၊ ဒါရုဓိတလိကာယစ။

(၂) သမ္ပိဋ္ဌေသက်မောမဂ္ဂေါ၊ ရုက္ခောနာဝါစ ရဇ္ဇုစ။
ဒဏ္ဍောပတ္တံ ပဏာမေသိ၊ ဝန္ဒေဝါယမိနစ္ဆုပေ-

ဟု မာတိကာထား၍ ဟောတော်မူအပ်ကုန်သော ဘုရားရှင်ကိုယ်တိုင် ဆုံးဖြတ်အပ်ကုန်သော ၂၁-သော ဝိနိတဝတ္ထုတို့တွင် ရှေးဦးအစ ပထမဖြစ်သော မာတုပေမဝတ္ထုကို ပြဆိုဦးအံ့။

ဤကာယသံသဂ္ဂ သိက္ခာပုဒ် ပညတ်အပ်ပြီးသောအခါ၌ အမည်အားဖြင့် မထင်ရှားသေးသော တပါးသောရဟန်းသည် (အမိ) ဟု ချစ်ခင်ခြင်း ဂေဟသိတပေမဖြင့် မိမိ အမိ၏ကိုယ်ကို ကိုင်တွယ်သုံးသပ်မိ၏။ ထိုရဟန်းသည် ငါသည် သံဃာဒိသိသ်အာပတ်သို့ ရောက်လေသလော ဟု ဝိနယကုက္ကုစ်ဖြစ်၍ မြတ်စွာဘုရားအား ထိုအကြောင်းကို လျှောက်ထားလေ၏။ ထိုအခါ မြတ်စွာဘုရားသည် "အနာပတ္တိ ဘိက္ခု သံဃာဒိသေသဿ၊ အာပတ္တိဒုက္ကဋဿ" ဟု မိန့်တော်မူအပ်၏။

ဘိက္ခု၊ ရဟန်း။ သံဃာဒိသေသဿ၊ သံဃာဒိသိသ်အာပတ်သို့။ အနာပတ္တိ၊ အနာပတ္တိနှင့်၊ မယောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဒုက္ကဋဿ၊ ဒုက္ကဋ်အာပတ်သို့။ အာပတ္တိ-အာပတ္တိနှင့်၊ ရောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဤကား အနက်။

အမိဟု ချစ်ခြင်း ဂေဟသိတပေမဖြင့် အမိ၏ကိုယ်ကို ကိုင်တွယ်သုံးသပ်သော ရဟန်းအား သံဃာဒိသိသ် အာပတ်မသင့်၊ ဒုက္ကဋ်အာပတ်သင့်၏ ဤပြီ။ ဤမှာကုဂေဟ ဝိနိစ္ဆယဖွဲ့အဖွင့် အဋ္ဌကထာဌီကား--

နကေဝလဉ္ဉ မာတုဂါမဿ သင်္ဂရမေဝ အနာမဿံ၊ နိဝါသန ပါရုပနမ်ပိ. အာဘာရဏ ဘဏ္ဍမ်ိ တိဏာဒ္ဓာပကံဝါ ဟာလပဏ္ဏမုဒ်္ဓကံဝါ ဥပါဒါယ အနာမသမေဝ စသည်ဖြင့် အကျယ်ကဝင့် ဖွင့်ပြပေသော်မူအပ်၏။

ထိုအဋ္ဌကထာ၏ ဆိုလိုရင်းအဓိပ္ပာယ် အကျဉ်းကား မာတုဂါမ၏ ကိုယ်ကုသာ ကိုင်တွယ် မသုံးသပ်အပ်သည်မဟုတ်သေး၊ မာတုဂါမ၏ အဝတ်အရံ တန်ဆာကိုလည်း မကိုင်တွယ် မသုံးသပ်အပ်ချေ။ သစ်သား ဆင်စွယ် သံ ကြေး သဲ ရှုံ့ စေး မုန့်ညက်စသည်တို့ဖြင့် ပြုပြင်အပ်သော (မိန်းမရုပ်) ကိုလည်း မကိုင်တွယ် မသုံးသပ်အပ်။ ထို့အတူ ပေါ်းမျှင်း (၇)

ပါးကိုလည်းကောင်း၊ အပင်၌ သီးလျက်ရှိသော ပဲလွန်း ပဲကြီးစသော ပဲမျိုးနှင့်တကွ ဗူး ဖရုံ သခွား စသောအသီး၊ ထန်း အုန်း ပိန္နဲ စသော အသီးတို့ကိုလည်းကောင်း၊ ပုလဲ ပတ္တမြား ကျောက်မျက်ရွဲ ခရုသင်း ကျောက်သလင်း သန္ဘာ ဇရှ ငွေ ပတ္တမြားနီ ပတ္တမြားပြောက် ဟူသော ရတနာ (၁၀) ပါးတို့ကို လည်းကောင်း၊ အလုံးစုံသော ဓား လုံ လေးမြား စသော လက်နက်ဘဏ္ဍာတို့ကိုလည်းကောင်း၊ မြို့ ချိုင့် ပိုက် ကွန်စသော တံငါ မုဆိုးတို့၏ အသုံး အဆောင်ဘဏ္ဍာတို့ကိုလည်းကောင်း၊ စည်ခေါင်းစသော တူရိယာဘဏ္ဍာမျိုးတို့ကိုလည်းကောင်း မကိုင်တွယ် မသုံးသပ်အပ်ဟု ဖွင့်ပြတော်မူရင်းတည်း။

ထိုသို့ ဖွင့်ပြတော်မူအပ်ကုန်သော အနာမာသ ဝတ္ထုတို့တွင် ရတနာ (၁၀) ပါး၌ အတွင်းဝင်သော ဇရှ ငွေကို ရဟန်း သာမဏေတို့သည် ကိုင်လည်းမကိုင်အပ်၊ အလှူလည်း မခံယူအပ်။ ထို့ကြောင့် ယင်းအဋ္ဌကထာ၌။

ရူဇတံ ဇာတရူပဉ္စ ကတဘဏ္ဍမိ ဒုကတဘဏ္ဍမိ သပ္ပေနသပ္ပံ ဗီဇတော ပဋ္ဌာယ အနာမာသဉ္စ အသမ္ပဋိစ္ဆနိယဉ္စ–ဟု ဖွင့်ဆိုတော်မူအပ်၏။

ကဲတဘဏ္ဍမိ၊ လက်စွပ် လက်ကောက်စသော ဘဏ္ဍာပြုအပ်ပြီးသည်လည်း ဖြစ်သော။ အကတဘဏ္ဍမိ၊ လက်စွပ် လက်ကောက် စသော ဘဏ္ဍာမပြုအပ်သေးသည်လည်း ဖြစ်သော။ ရူဇဘဉ္စ၊ ငွေကိုလည်းကောင်း။ ဇာတရူပဉ္စ၊ ရွှေကိုလည်းကောင်း။ သပ္ပေန သပ္ပံ၊ အခြင်း ခပ်သိမ်း။ ပီဇတော၊ မျိုးစေ့ဖြစ်သောဓာတ်ကျောက်မှ။ ပဋ္ဌာယ၊ စ၍။ အနာမာသဉ္စ၊ သုံးလည်းမသုံးသပ်အပ်။ အသမ္ပဋိစ္ဆနိယဉ္စ၊ အလှူလည်းမခံအပ်။ ဤကား အနက်။

ဤ အဋ္ဌကထာပါဠိအပေါင်းတွင် (အနာမာသဉ္စ) ဟူသောပါဠိဖြင့် ရွှေ ငွေကို ကိုင်တွယ်သုံးသပ်အပ်သော ရဟန်းအား ကာယသံသဂ္ဂသိက္ခာပုဒ်ဖြင့် အနာမာသဒုက္ကဋ် အာပတ် သင့်သည်၏အဖြစ်ကို ပြတော်မူအပ်၏။ အသမ္ပဋိစ္ဆနိယဉ္စ ဟူသော ပါဠိဖြင့် ရွှေ ငွေကို အလှူခံသောရဟန်းအား ဂူပိယသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိယပါစိတ် အာပတ်သင့်သည်၏ အဖြစ်ကို ပြဆိုတော်မူအပ်၏။ ဂူပိယသိက္ခာပုဒ် ဆိုသည်နှင့် ဇာတရူပသိက္ခာပုဒ်ဆိုသည်မှာ အတူတူပင်၊ ပါဠိဘာသာ စကားအသုံးသာ ကွဲပြားသည်။

ဤသို့ ရွှေ ငွေကို ကိုင်တွယ် သုံးသပ်ခြင်းနှင့်ခိုင်သော သိက္ခာပုဒ်ကတခြား၊ အလှူခံ ခြင်းနှင့်ဆိုင်သော သိက္ခာပုဒ်ကတခြား ဖြစ်သည်။ ယို့ကြောင့် ပါရာဇိကာဏ်အဋ္ဌကထာ ဗာဟိရ နိဒါန်းအဖွင့် သာရတ္ထဒီပနီဋီကာ၌လည်း၊

အာဝိပန္နပါဟကိဉ္စာ ဇာတရူပရဇတံ နပဋိဂ္ဂဟေတဗ္ဗန္တိ ဝဒန္တော ဝိနယံ ပဝိနေဟိနာမ၊ ဧတ္ထ ဧဝံ ပဋိဂ္ဂဟဏေပေ ပါစိတ္တိယံ ဧဝံ ဒုက္ကဋန္တိ ဝဒန္တော စ ဒေ-ဝိနယေ ဝိနဂ်ိနာမာတိ ဝဒန္တိ၊ တသ္မာ ဇာတရူပ ရဇတံ ထေယျစိတ္တေန ပဋိ-

သန္တကံ ဂဏ္ဌန္တဿ ယထာ ဝတ္ထု ပါရာဇိက ထုလ္လစ္စယ ဒုက္ကဋ်သု အညတရံ ဘဏ္ဍာဂါရိကသီသေန ဂဏ္ဌန္တဿ ပါစိတ္တိယံ၊ အတ္တတ္ထာယ ဂဏ္ဌန္တဿ နိဿဂ္ဂိယံ ပါစိတ္တိယံ၊ ကေဝလံ လောလတာယ ဂဏ္ဌန္တဿ အနာမာသဒုက္ကဋံ၊ ရူပိယ ဆဋ္ဌကဿ သမ္မတဿ အနာပတ္တိတိ၊ ဧဝံ အညမညသင်္ကရဝိရဟေန ဝိနယေ ပဋိဇလော ဝိနေ-တုန္တိ အတ္ထော ဝေဒိတဗ္ဗော-ဟူသော်ပုဒ်၌။ ဇာတရူပရဇတံ၊ ရွှေ ငွေကို။ နပဋိဂ္ဂဟေတဗ္ဗံ၊ မခံယူအပ်။ ဣတိ၊ ဤသို့။ ဝဒန္တော၊ ပြောဆိုဆုံးမသော-ဿူသည်။ ဝိနယေ၊ ဝိနည်း၌။ ဝိနေတိနာမ၊ ဆုံးမတတ်သည်မည်၏။ တတ္ထ၊ ဤ ရွှေ ငွေကို ခံယူရာ၌၊ ဧဝံ၊ ဤသို့။ ပဋိဂ္ဂဏှတော၊ ခံယူသောရဟန်းအား။ ပါစိတ္တိယံ၊ ပါစိတ်အာပတ်သင့်၏။ ဧဝံ၊ ဤသို့။ ပဋိဂ္ဂဏှတော၊ ခံယူသောရဟန်းအား။ ဒုက္ကဋံ၊ ဒုက္ကဋ်အာပတ်သင့်၏။ ဣတိ၊ ဤသို့။ ဝဒန္တော စ-ဝဒန္တောဧဝ၊ ပြောဆိုဆုံးမသောသူသည်သာလျှင်။ အဘိဝိနယေ၊ အချင်းချင်းရောယှက်ခြင်းမှ ကင်းသောဝိနည်း၌။ ဝိနေတိနာမ၊ ဆုံးမတတ်သည်မည်၏။ ဣတိ၊ ဤသို့။ အာစရိယာ၊ ဝိနည်းအရာ လိမ္မာမြင်မြော် ဆရာတော်တို့သည်။' ဝဒန္တိ၊ ဆိုကြကုန်၏။ တသ္မာ၊ ထို့ကြောင့်။ ပရဿန္တိကံ၊ သူတပါးဥစ္စာဖြစ်သော။ ဇာတရူပရဇတံ၊ ရွှေ ငွေကို။ ထေယျစိတ္တော၊ ခိုးလို သောစိတ်ဖြင့်။ ဂဏှန္တဿ၊ ခိုးယူသောရဟန်းအား။ ယထာဝတ္ထု၊ ဝတ္ထုအားလျော်စွာ။ ပါရာဇိက ထုလ္လစ္စယ ဒုက္ကဋ်သု၊ ပါရာဇိက၊ ထုလ္လစ်စဉ်း၊ ဒုက္ကဋ်အာပတ်တို့တွင်။ အညတရံ၊ တပါးသောအာပတ် သင့်၏။ ဘဏ္ဍာဂါရိကံသီသေန၊ ဘဏ္ဍာထိန်းသိမ်းခြင်းကို အရင်းပြုသဖြင့်။ ဝါ၊ ဘဏ္ဍာထိန်းအနေဖြင့်။ ဂဏှန္တဿ၊ လက်ခံသိမ်းဆည်းသော ရဟန်းအား။ ပါစိတ္တိယံ၊ ရတနသိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်သင့်၏။ အတ္တတ္ထာယ၊ မိမိအလို့ငှာ၊ ဂဏှန္တဿ၊ ခံယူသော ရဟန်းအား။ နိဿဂ္ဂိယံ၊ စွန့်ခြင်း ဝိနည်းကံရှိသော။ ပါစိတ္တိယံ၊ ပါစိတ်အာပတ် သင့်၏။ ကေဝလံ၊ ဆိုအပ်ပြီးသော အကြောင်းတို့နှင့် မရောမယှက် သက်သက်။ လောလတာယ၊ လက် ခြေမငြိမ်၊ ဤနှေ့ပျက်ချော် လျှပ်ပေါသည်၏အဖြစ်ဖြင့်။ ဂဏှန္တဿ၊ ကိုင်တွယ်သုံးသပ်သော ရဟန်းအား။ အနာမာသဒုက္ကဋံ၊ ကာယသံသဂ္ဂသိက္ခာပုဒ်ဖြင့် အနာမာသဒုက္ကဋ်အာပတ်သင့် ၏။ သမ္မတဿ၊ သမုတိရသော။ ရူပိယဆဋ္ဌကဿ၊ ရွှေငွေစွန့်သောရဟန်းအား။ အနာပတ္တိ၊ အာပတ်မသင့်။ ဧဝံ၊ ဤသို့။ ဣတိ၊ အညမည သင်္ကရဝိရဟိတေန၊ ဝိနည်း၊ အချင်းချင်း ရောယှက်ခြင်းမှ ကင်းသော။ ဝိနယေ၊ ဝိနည်း၌။ ဝိနေတုံ၊ ဆုံးမခြင်းငှာ။ ပဋိပဇလော၊ စွမ်းနိုင်၏။ ဤတိအတ္ထော၊ ဤသို့အဓိပ္ပာယ်ရှိသောအနက်ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ဤကား အနက်။

ဤဋီကာပါဠိ (အတ္တတ္ထာယ ဂဏှန္တဿ နိဿဂ္ဂိယံ ပါစိတ္တိယံ)ဟူသောပါဠိဖြင့် မိမိဖို့ အလို့ငှာ ရွှေငွေကို အလှူခံသော ရဟန်းအား (ရူပိယသိက္ခာပုဒ်) ဖြင့် တနည်း- ဇာတရူပ သိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ် အာပတ်သင့်သည်၏အဖြစ်ကို နီကဋ္ဌ(တိုက်ရိုက်) အားဖြင့် ပြဆို တော်မူအပ်၏။

ဤရူပိယသိက္ခာပုဒ်၊ တနည်း-ဇာတရူပသိက္ခာပုဒ်သည် ရဟန်း သာမဏေ လူ ၃-ဦးတို့ နှင့်သက်ဆိုင်သည်။ ထို့ကြောင့် ရွှေ ငွေကို မိမိတို့အလှူခံယူလျှင် ရဟန်းအား နိဿဂ္ဂိယ

ပါစိတ်အာပတ်သင့်၏။ သာမဏေအား ဒဏ်ထိုက်၏။ ၁၀-ပါးသီလကို ခံယူဆောက်တည်သူ လူတို့အား ဇာတရူပသိက္ခာပုဒ် ပျက်၏ဟူ၍ မှတ်။

"ကေဝလံ လောလတာယ ဂဏှန္တိသာ အနာမာသဒုက္ကဋ ဟူသော်ပါဠိဖြင့် ရွှေငွေကို ကိုင်တွယ်သုံးသပ်သော ရဟန်းအား ကာယသံသဂ္ဂသိက္ခာပုဒ်ဖြင့် အနာမာသဒုက္ကဋ်အာပတ် သင့်သည်၏အဖြစ်ကို နိဒဿနအားဖြင့် ပြဆိုတော်မူအပ်၏။

ဤ ကာယသံသဂ္ဂသိက္ခာပုဒ်သည် လောကဝဇ္ဇသိက္ခာပုဒ်ဖြစ်၍ သာမဏေတို့သည်လည်း ကျိုးအပ်သည်ဖြစ်ရကား ရဟန်း သာဓေသော်နှစ်ဦးတို့နှင့်သာ သက်ဆိုင်သည်၊ ထိုကြောင့် ရွှေငွေကို ကိုင်တွယ်သုံးသပ်လျှင် ရဟန်းအား အနာမာသဒုက္ကဋ်အာပတ်သင့်၏။ သာဓေဏေအား ဒဏ်ထိုက်၏ဟု မှတ်။

ဤ ကာယသံသဂ္ဂသိက္ခာပုဒ်သည် လူတို့ဆောက်တည်အပ်သော ၁၀-ပါးသီလ၌ မပါမဝင်သည့်ပြင် ၁၀-ပါးသီလကို ဆောက်တည်သော လူတို့နှင့် သက်ဆိုင်ခြင်း၏အကြောင်း တစုံတခုမျှ မရှိပေ။

ဤသို့ ကာယသံသဂ္ဂသိက္ခာပုဒ် တခြား ဇာတရူပသိက္ခာပုဒ်တခြား ဖြစ်သောကြောင့် လည်းကောင်း၊ ကာယသံသဂ္ဂသိက္ခာပုဒ်သည် လူတို့နှင့် မသက်ဆိုင်သောကြောင့်လည်းကောင်း (၁၀)ပါးသီလကို ဆောက်တည်ဆဲဖြစ်ကုန်သော လူဒါယကာ-ဒါယိကာမ တို့သည် သူတပါး ဝတ်ဆင်၍လာသော ငွေဖြင့်ပြီးသော ဝါ၊ ရွှေငွေဖြင့် ပြုလုပ်အပ်သော လက်စွပ် လက်ကောက် စသော ဘန်ဆာအထူးကို ကိုင်တွယ်ကြည့်ရှုသည်ဖြစ်စေ၊ သို့မဟုတ် ပိမိ၌ ရှိရုံးစဲ့ဖြစ်သော ရွှေငွေကို ကိုင်တွယ်၍ သူတပါးအား လှူဒါန်းစွန့်ကြဲသည်ဖြစ်စေ၊ မိမိက ခံယူခြင်း မဟုတ်သောကြောင့် ဇာတရူပသိက္ခာပုဒ်မပျက်ဟူ၍သာ ပိနည်းအာချင်းချင်း ရောယှက်ခြင်း ကင်းအောင် မှတ်ယူအပ်၏။

အကယ်၍ ဇာတရူပသိက္ခာပုဒ်ပျက်၏ဟု မှတ်ယူလျှင် ယခင် ပြဆိုအပ်ခဲ့ပြီးကုန်သော အနာမာသဝတ္ထုတို့၌ ရွှေငွေမှတပါးဖြစ်ကုန်သော မိန်းမတို့၏ အဝတ်အရုံ-တန်ဆာ၊မိန်းမ ရုပ်၊ စပါးမျိုး(၇)ပါး၊ အပင်၌ သီးလျက်ရှိသော ပဲမျိုးနှင့်တကွ ဗူး ဖရုံ သခွါး ထန်းအုန်း ပိန္နဲ စသော အသီးမျိုး၊ ဓား လုံ လေး မြား စသော လက်နက် ဘဏ္ဍာ၊ တံငါ မုဆိုးတို့၏ အသုံးအဆောင်ဖြစ်မသာ မြှုံး ချိုင့် ပိုက် ကွန် စသော ဘဏ္ဍာ၊ စည် စောင်း စသော တူရိယာဘဏ္ဍာဟူကုန်သော အနာမာသဝတ္ထုတို့ကို ကိုင်တွယ်သုံးသပ်ရုံမျှဖြင့် ဇာဝ မူသိက္ခာ ပုဒ်ပျက်၏ဟူ၍လည်း မှတ်ယူရပေလိမ့်မည်။

ဤမျှသာ မဟုတ်သေး။ ကာယသံသဂ္ဂသိက္ခာပုဒ် ဝိနည်းနှင့် ဇာတရူပသိက္ခာပုဒ် ဝိနည်း ၂-ပါးသည်လည်း ယူးခြားမထင်၊ ယှက်တင်ရောစပ်၍ မှတ်ယူရာ ရောက်မည့်အပြင်

ယခင်ထုတ်ပြအပ်ခဲ့ပြီးသော ''မေ်အညမညသက်ရ ဝိရဟိ တေန ဝိနယေ ပဋိပလော ဝိနေ တုန်္ဟ် အတ္ထော ဓဝဒိတပ္ပော'' ဟူသော ဋီကာစကားတော်နှင့်လည်း ပြောင့်ပြောင့်ကြီး ဆန့်ကျင်ပေလိမ့်မည်။ ယို့ကြောင့်ပင်လျှင် ရှေးဦးမဆွ သတုပ္ပါဒက နယသမ္ဗဒါန ကဲ့သို့ ဝိနယကို ဝိနယချင်း မရောယှက်စေပဲ မှတ်ယူခြင်း သုံးဖြတ်ခြင်းကို ပြုဒ်၏ဟု ဆရာတို့ ဆိုအပ်၏။ ဤကား ပထမပုစ္ဆာ၏ ဝိသဇ္ဇနာတည်း။

၅။ ဒုတိယပုစ္ဆာ၏ ဝိသဇ္ဇနာ

(၂) မိမိစားသုံးဖို့ရာ အထည် ဝတ္ထု တခုခုကို ကိုယ်တိုင်ကိုင်၍ ဝယ်ကောင်း မဝယ်ကောင်း ဟူသော ဒုတိယပုစ္ဆာတွင် ကိုယ်တိုင်ကိုင်၍ ဟူသောစကားဌ ရှေ့ ငွေကို ကိုင်တွယ်သုံးသပ်ခြင်းကြောင့် လူတို့ဆောက်တည်အပ်သော ဇာတရူပသိက္ခာပုဒ် မပျက်သည်အဖြစ်ကို ပကာသနပုစ္ဆာအဖြေဌ ဆိုခဲ့ပြီ။ ဝယ်ကောင်း-မဝယ်ကောင်း ဟူသောစကားဦးကား ရှေ့ ငွေဖြင့် ဝယ်ခြင်းရောင်းခြင်းသည် ရူပိယသံဝေါဟာရ သိက္ခာပုဒ်အရသာ ဖြစ်သည်။ ဇာတရူပရဇတ သိက္ခာပုဒ်အရာမဟုတ်။ ထို့ရူပိယသံဝေါဟာရသိက္ခာပုဒ်သည်လည်း လူတို့ဆောက်တည်အပ်သော ၁၀ ပါး သီလဌ မပါဝင်သောကြောင့် လူတို့နှင့်မသက်ဆိုင်။ ယင်းသို့ဖြစ်သော်လည်း (၁၀)ပါးသီလကို မခံယူ မဆောက်တည်မိ မိမိဌ ရှိရင်းစွဲ ရှေ့ ငွေဖြင့် ဖြစ်စေ တစုံတခုသော ချည်-ဖျင်-ပဲ-နှမ်း-ထောပတ်-ဆီ-ဆန်စသော အပ်သောကုပ်ယာဝတ္ထုဖြင့် ဖြစ်စေ လဲလှယ်၍ သူတပါးထံမှ ရှေ့ ငွေကိုကား မခံယူအပ်၊ ထို့ကားကို ဤဆိုလတ္တံ့သော အဋ္ဌကထာစကားဖြင့် ထင်ရှားစေဦးအံ့။

ရူပိယေ ရူပိယသညီတိအာဒိမှ် ပုရိမသိက္ခာပဒေ ဝုတ္တဝတ္ထူသု နိဿဂ်ိယဝတ္ထုနော နိဿဂ်ိယဝတ္ထုံ စေတာပေန္တသော မူလဂဟဏေ ပုရိမသိက္ခာပဒေ နိဿဂ်ိယံ ပဂ်စိတ္တိယံ အပရာပရပရိဝတ္တနေ ဣမိနာ နိဿဂ်ိယ ပါစိတ္တိယမေဝ နိဿဂ်ိယ ဝတ္ထုနော ဒုက္ကဋ္ဌ ဝတ္ထုံဝါ ကပ္ပိယဝတ္ထုံဝါ စေတာပေန္တသောပိ ဧသေဝနယော-ရူပိယသံဝေါဟာရ သိက္ခာပုဒ်အဖွင့် အဋ္ဌကထာပါဠိ။

ရူပိယေ ရူပိယသညီတိအာဒိပို၊ ရူပိယေရူပိယသညီ အစရှိသောပါဠိတော်၌။ ပုရိမသိက္ခာပဒေ၊ ရှေးဖြစ်သော ရူပိယသိက္ခာပုဒ်၌။ ဝုတ္တဝတ္ထူသု။ ဆိုအပ်ခဲ့ကုန်ပြီးသော နိဿဂ်ိယဝတ္ထု၊ ဒုက္ကဋ္ဌဝတ္ထု ကပ္ပိယဝတ္ထုတို့တွင်။ နိဿဂ်ိယဂတ္တာနော၊ နိဿဂ်ိယဝတ္ထုဖြင့်။ နိဿဂ်ိယဝတ္ထုံ၊ နိဿဂ်ိယဝတ္ထုကို။ စေတာပေန္တသော၊လဲလှယ်သောရဟန်းအား။မူလဂဟဏေ၊အရင်းမူလပထမက နိဿဂ်ိယဝတ္ထုကို ခံယူခြင်းဌ်။ဝါ၊ခံယူခြင်းကြောင့်။ပုရိမသိက္ခာပဒေန၊ရှေးဖြစ်သော ရူပိယသိက္ခာပုဒ်ဖြင့်။ နိဿဂ်ိယံ၊ စွန့်ခြင်းဝိနည်းကံရှိသော။ ပါစိတ္တိယံ၊ ပါစိတ်အာပတ်သင့်၏။ အပရာပရပရိဝတ္တနေ၊ နောက်ထပ်ဖန်ဖန် အဆင့်ဆင့်လဲလှယ်ပြန်ခြင်းဌ်။ ဝါ၊ အဆင့်ဆင့်လဲလှယ်ခြင်းကြောင့်။ ဣမိနာသိက္ခာပဒေန၊ ဤ-ရူပိယသံဝေါဟာရ သိက္ခာပုဒ်ဖြင့်၊ နိဿဂ်ိယပါစိတ္တိယမေဝ၊ နိဿဂ်ိယ ပါစိတ်အာပတ်-သင့်သည်သာလျှင်တည်း။ နိဿဂ်ိယဝတ္ထုနော၊ နိဿဂ်ိယဂတ္တာဖြင့်။ ဒုက္ကဋ္ဌဝတ္ထုံဝါ၊ ဒုက္ကဋ္ဌဝတ္ထုကိုလည်းကောင်း။ ကပ္ပိယဝတ္ထုံဝါ၊ ကပ္ပိယဝတ္ထုကို လည်းကောင်း။ စေတာပေန္တသောပိ၊ လဲလှယ်သောရဟန်းအားလည်း။ ဧသေဝနယော၊ ပြီးပြည့်ဖြောင့်မတ်ပင်တည်း။ ဤကား အနက်။

ဤအဋ္ဌကထာပါဠိ၌ နိဿဂ္ဂိယဝတ္ထုနှာ နိဿဂ္ဂိယဝတ္ထုံ စေတာပေန္တသာ မူလ ဂဟဏေ ပုရိမသိက္ခာပဒေန နိဿဂ္ဂိယံ ပါစိတ္တိယံ။ အပ္ပရူပရဟရိဝတ္ထုနေ ဣမိနာ နိဿဂ္ဂိယ ပါစိတ္တိယဓမေ၀။

ဟူသော ပါဠိဖြင့် နိဿဂ္ဂိယဝတ္ထုချင်းချင်း လဲလှယ်ရန် အရင်းမူလ ပထမက နိဿဂ္ဂိယဝတ္ထုကို ခံယူရာ၌ ရူပိယသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ်အာပတ်သင့်၏။ ထို့နောက် ယင်းခံယူအပ်ပြီးသော နိဿဂ္ဂိယဝတ္ထုဖြင့် သူတပါး၏ နိဿဂ္ဂိယဝတ္ထုကို လဲလှယ်ရာ၌ ရူပိယသံဃဟာရသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိယပါစိတ်သင့်သည်၏ အဖြစ်ကို သိအပ်၏။ သာမဏေအာဒ၀ဏ်ထိုက်၏။

(နိဿဂ္ဂိယဝတ္ထုနှာ ဒုက္ကဋဝတ္ထုံ၀ါ ကပ္ပိယဝတ္ထုံ၀ါ စေတာပေန္တသာပိ သေ၀နယော) ဟူသောပါဠိဖြင့် သူတပါး၏ ဒုက္ကဋ်ဝတ္ထုကိုဖြစ်စေ၊ ကပ္ပိယဝတ္ထုကိုဖြစ်စေ လဲလှယ်ရန် အရင်းမူလ ပထမက နိဿဂ္ဂိယဝတ္ထုကို ခံယူရာ၌ ရူပိယသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိယပါစိတ် အာပတ်သင့်၍ ထိုနောင် ခံယူအပ်ပြီးသော နိဿဂ္ဂိယဝတ္ထုဖြင့် သူတပါး၏ ဒုက္ကဋ်ဝတ္ထုကို ဖြစ်စေ၊ သို့မဟုတ် ကပ္ပိယဝတ္ထုကိုဖြစ်စေ လဲလှယ်ရာ၌ ရူပိယ သံဃဟာရသိက္ခာပုဒ်ဖြင့်၊ နိဿဂ္ဂိယပါစိတ်အာပတ်သင့်သည်အဖြစ်ကိုလည်း သိအပ်၏။ သာမဏေအာဒ၀ဏ်ထိုက်၏။ ဤအဋ္ဌကထာစကားတော်ဖြင့် ရူပိယသိက္ခာပုဒ်ဘာခြား၊ ရူပိယ သံဃဟာရသိက္ခာပုဒ်တခြား ရှိသည်၏အဖြစ်ကိုလည်း သိအပ်၏။ ထိုသိက္ခာပုဒ် ၂-ပါးဟူတွင် ရူပိယသိက္ခာပုဒ်ဟူသည်ကား ဇာတရူပသိက္ခာပုဒ်ပင်ဖြစ်သတည်း။

(၁၀)ပါးသိလကို ဆောက်တည်သော လူဒါယကာ-ဒါယိကာမဖြစ်လျှင် ထိုသူတို့၏ ပစ္စည်းဖြစ်သော ရွှေ ငွေသည် (၁၀)ပါးသိလကို ဆောက်တည်ပြီးမှ ခံယူ၍ ရအပ်သောအသစ်ဖြစ်သော ရွှေ ငွေ၊ (၁၀)ပါးသိလကို မဆောက်တည်မီ ပိမိဒ္ဓိရှိရင်းစွဲ အဟောင်းဖြစ်သော ရွှေငွေဟူ၍ ၂ မျိုးရှိသည်လျှင် (၁၀)ပါးသိလကို ခံယူဆောက်တည်ပြီးမှ ခံယူ၍ ရအပ်သော အသစ်ဖြစ်သော ရွှေငွေဖြင့် သူတပါး၏ နိဿဂ္ဂိယဝတ္ထုကိုဖြစ်စေ၊ ဒုက္ကဋ်ဝတ္ထုကိုဖြစ်စေ၊ ကပ္ပိယဝတ္ထုကိုဖြစ်စေ လဲလှယ်ရန် ရွှေငွေကို ခံယူစဉ်လျှပင် ဇာတရူပသိက္ခာပုဒ် ပျက်ပြီးဖြစ်၍ နောက် ထပ်တဖန် ပျက်ရန်မရှိ။ လဲလှယ်အပ်တော့သည်သာတည်း။

အကယ်၍(၁၀)ပါးသိလကို မဆောက်တည်မီ ပိမိဒ္ဓိရှိရင်း အဟောင်းဖြစ်သော ရွှေငွေဖြင့် သူတပါးထံမှ ရတနာကိုလဲလှယ်၍ ခံယူမှုကား ထောင် ရှိရင်းစွဲ အဟောင်းဖြစ်သော ရွှေငွေအတွက် အပြစ်မရှိသော်လည်း နောက်လဲလှယ်၍ သူတပါးထံမှ ယူအပ်သော ရတနာ အသွက် ယူတို့၏ ဇာတရူပသိက္ခာပုဒ်ပျက်မည်ပင်။ အဘယ့်ကြောင့်နည်း [illegible] ကြောင်း၊ လဲလှယ်ကြောင်း [illegible] သူတပါးထံမှ [illegible]

သောကြောင့်တည်း။ ထို့ကြောင့်ပင်လျှင် ဤ ရူပိယသံဝေါဟာရသိက္ခာပုဒ်သည် ပဏ္ဏာတို့ဝင္ဆ သိက္ခာပုဒ်ဖြစ်သော်လည်း ရွှေငွေနှင့် စပ်ယှက်ခြင်းရှိနေသဖြင့် သာမဏေတို့ ကျင့်အပ်သော သိက္ခာပုဒ်လည်း ဖြစ်ပေတော့သည်။

အကယ်၍ လျှောက်ထားအပ်သော ပုစ္ဆာစကားအတိုင်းအား ဖြင့် ယခင် မိမိ၌ ရှိရင်းစဲ့အဟောင်းဖြစ်သော ရွှေ ငွေဖြင့် မိမိစားသုံးဖို့ရာ ချည် ဖျင်-ပဲ-နှမ်း-ထောပတ်-ဆီ ဆန်စသော ကပ္ပိယဝတ္ထုကို လဲလှယ်ယူသည်ဖြစ်အံ့။ ထိုသို့ လဲလှယ် ဝယ်ယူခြင်းကြောင့်ကား (၁၀)ပါးသီလကို ဆောက်တည်ကုန်သော လူဒါယကာ-ဒါယိကာမ တို့အား တစုံတခုသော အပြစ်မရှိ။ အပ်၏ ဟူ၍သာ မှတ်ယူအပ်၏။ ဤကား ဒုတိယပုစ္ဆာ အဖြေတည်း။

၁၂၉၅-ခုနှစ်၊ တပို့တွဲလဆုတ် ၆-ရက်၊ တနင်္ဂနွေနေ့၌
ဤ ဝိနယာနုလေးမ ဝိနိစ္ဆယသည်
ဆုံးခန်းတိုင်ရောက် ပြီးမြောက်အောင်မြင်ပေသတည်း။

၁၂၇၀ ပြည့်နှစ်တွင်

သဒ္ဓမ္မဇောတိကာရာမတိုက်

အဂ္ဂမဟာပဏ္ဍိတ

ဆရာတော်ဘုရားကြီး ရေးသားတော်မူသော

မဂ္ဂပကာသနီ

ပဏ်ဍမ

(၁) ပဏာမျုဇ္ဇာဒိသန္တောဟံ၊ ဂုရဝေါ သိရသာဒရံ။
ကိုလူကြီးဟိ အမစ္စေန၊ မဂ္ဂပ္ထိကေန ယာစိမတော။

(၂) ကာမာနေကေသု ပါဠေသု၊ မဂ္ဂင်္ဂေါ ဒေသိတောပန။
ဝိဘင်္ဂပါဠိ နိဿာယ၊ ကဿံ မဂ္ဂပကာသနိ။

အဟံ-ငါသည်။ ဗွာဒိသန္တံစ၊ ပု-အာစ သ-အဆိုး၊ ပဒသုံးတို့ဖြင့် စီကုံးဦးခိုက် ပူဇော်ထိုက်သော ရတနာမြတ် သုံးပါးနတ်ကိုလည်းကောင်း။ ဂုရဝေါစ၊ ဆရာသခင် ကျေးဇူးရှင်တို့ကိုလည်းကောင်း။ အာဒရံ၊ ရိသေစ္ဆာ။ သိရသာ၊ ဦးဖြင့်။ ပဏာမျ-ပဏာဝပိ၊ ပျိုးပါ၏။ ပဏာမျ-ပဏာမိတ္ဆာ၊ ရှိခိုးပြီး၍။ မဂ္ဂတ္ထိကေန၊ ရွှစ်အင်ထင်ရှား အရိယာမဂ်ဝရားကို မှတ်သား သိလို ပွားများလိုသော သမ္မာဆန္ဒလည်းရှိထသော။ **ကိုလူကြီး** ဣတိ-ကိုလူကြီးနာမေန၊ နှုတ်မင်္ဂလာ သညာကျူပြီး ကိုလူကြီးဟူသော အမည်လည်းရှိထသော။ **အမစ္စေန**၊ **အမတ်ဌာန**ံ ရာခံအကျော် အင်စပက်တော် ဒါယကာကြီးသည်။ ယာစိတော၊ တောင်းပန်အပ်သည်။ ဟုတ္တာ၊ ဖြစ်၍။ ဝါ၊ ယာစိတော-ယာစိတတ္တာ၊ တောင်းပန်အပ်သည် ဖြစ်သောကြောင့်။ ဝါ၊ ယာစိတော၊ ဘောင်းပန်အပ်သော။ အဟံ၊ ငါသည်။ (ပို့ချအံ့သူသော ကတ္တားပုဒ်ကို၊ ကဿံ၌-စပ်။) အနေဒကသု၊ ပျားစွာကုန်သော။ ပါဠေသု၊ ပါဠိတော်တို့၌။ မဂ္ဂင်္ဂေါ၊ မဂ္ဂင်ရှစ်ပါးတည်းအဖြစ် မဂ္ဂင်္ဂမပဉ္စပတ်ကို။ ဘဂဝတာ၊ မြတ်စွာဘုရားသခင်သည်။ ကာမဲဒေသိတော၊ အကယ်၍မှန်စွာ ဟောကြားတော်မူအပ်၏၊ ပနတထာပိ၊ ထိုသို့ပင် ဟောကြားတော်မူအပ်သည်ကစား။ ဝိဘင်္ဂပါဠိ၊ သစ္စဝိဘင်း ပါဠိတော်ကို။ နိဿာယ၊ အမှီပြု၍။ မဂ္ဂပကာသနိ၊ မဂ္ဂင်ရှစ်ပါးကို ပြရာပြကြောင်း ဖြစ်သောကြောင့် "မဂ္ဂပကာသနီ" ဒေသနာကျမ်းကို။ ကဿံ-ကရိဿာမိ၊ ရေးစီရင်ပေအံ့။ ဤသည်ကား ဂန္ထာရမ္ဘအပြီးသတ်ဝတ်ပဋိညာဉ်း။

မဂ္ဂါနဋ္ဌင်္ဂကော သေဋ္ဌော၊ သစ္စာနံ စတုရောပဒါ။
ဝိရာဂေါ သေဋ္ဌဓမ္မာနံ၊ ဒ္ဝိပဒါနဉ္စ စက္ခုမာ။

မဂ္ဂါနုံ၊ မဂ်ဟူသမျှတို့တွင်လည်း။ အင်္ဂဂိကော၊ အင်္ဂါရှစ်ပါးသော အရိယာမဂ်သည်။ သေဋ္ဌော၊ မြတ်၏။ သစ္စာနုံစ၊ သစ္စာတကာတို့တွင်လည်း။ စတုရောပဒါ၊ ဒုက္ခ၊ သမုဒယ၊ နိရောဓ မဂ္ဂဟုဆိုအပ်ကုန်သော လေးပုဒ်ကုန်သော သစ္စာတို့သည်။ သေဋ္ဌာ၊ မြတ်ကုန်၏။ ဓမ္မာနုံစ-သင်္ခတ-အသင်္ခတ ဟူသမျှကုန်သော တရားတို့တွင်လည်း။ ဝိရောဂေါ၊ ရာဂကင်းရာဖြစ်သော နိဗ္ဗာန်တရားသည်။ သေဋ္ဌော၊ မြတ်၏။ ဒွိပဒါနုံစ၊ အခြေနှစ်ချောင်းရှိကုန်သော သတ္တဝါတို့တွင်လည်း။ စက္ခုမာ၊ စက္ခုငါးပါး ရှိတော်မူသော မြတ်စွာဘုရားသခင်သည်။ သေဋ္ဌော၊မြတ်၏။

ဤသို့ ဟောတော်မူအပ်သော ဒေသနာတော်နှင့်အညီ၊ ဇယ်မဂ်၊ သကဋမဂ်၊ ဒုဂ္ဂါသင်္ဘီဒိဋ္ဌိဂတမဂ်၊ ရူပူပပတ္တိမဂ်၊ အရူပူပပတ္တိမဂ်၊ အရိယမဂ်တို့တွင် နိဗ္ဗာန်ကို အာရုံပြု၍ မိစ္ဆာဒိဋ္ဌိ အစရှိသည်တို့ကို ပယ်ဖျက်နိုင်သော အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော အရိယမဂ်သည် နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ကောင်းဖြစ်သောကြောင့် အမြတ်ဆုံးဖြစ်၏။ ထိုအရိယမဂ်သည် ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာအားဖြင့် သစ္စာလေးပါးတို့တွင် မဂ္ဂသစ္စာမည်၏။ တို့ကြောင့် သစ္စဝိဘင်းပါဠိတော်၌၊

တတ္ထ ကတမံ ဒုက္ခနိရောဓဂါမိနိပဋိပဒါ အရိယသစ္စံ၊ အယမေဝ အရိယော အင်္ဂဂိကော မဂ္ဂေါ၊ သေယ္ယထိဒံ၊ သမာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ ကမ္မာ ကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ·ဟူ၍ ဟောတော်မူအပ်၏။

တတ္ထ၊ ထိုအရိယသစ္စာတရား လေးပါးတို့တွင်၊ ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါ၊ ဇာတိစသော ဒုက္ခတို့၏ ချုပ်ရာဖြစ်ဘော နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ဖြစ်သော။ အရိယသစ္စံ၊ အရိယာ၏အဖြစ်ကို ပြီးစေတတ်သော သစ္စာသည်။ ဝါ၊ အရိယဖိုလ်ကို ရအောင်ပြုတတ်သော သစ္စာသည်။ ကတမံ၊ အဘယ်နည်း။ အရိယော၊ အရိယာ၏ အဖြစ်ကိုပြီးစေတတ်သော။ ဝါ၊ အရိယဖိုလ်ကို ရအောင်ပြုတတ်သော။ အင်္ဂဂိကော၊ အင်္ဂါရှစ်ပါးရှိသော။ အယမေဝ မဂ္ဂေါ၊ ဤမဂ်ပင်တည်း။ ဣဒံသော မဂ္ဂေါ၊ ဤမဂ်ဟူသည်။ သေယ္ယထာ ကတမော၊ အဘယ်နည်း။ သမ္မာဒိဋ္ဌိ၊ ကောင်းစွာ မြင်ခြင်းလည်းကောင်း။ သမ္မာသင်္ကပ္ပေါ၊ ကောင်းစွာကျင့်ကြံခြင်း လည်းကောင်း။ သမ္မာဝါစာ၊ ကောင်း ့ဟဆိုခြင်းလည်းကောင်း။ သမ္မာကမ္မန္တော၊ ကောင်းစွာပြုခြင်း လည်းကောင်း။ သမ္မာအာဇီဝေါ၊ ကောင်းစွာ အသက်မွေးခြင်းလည်းကောင်း။ သမ္မာ-ဝါယာမော၊ ကောင်းစွာ အားကုတ်ခြင်းလည်းကောင်း။သမ္မာသတိ၊ကောင်းစွာ အောက်မေ့ခြင်း လည်းကောင်း။ သမ္မာသမာဓိ၊ ကောင်းစွာ တည်ကြည်ခြင်းလည်းကောင်း။ ဣတိ၊ ဤသည်ပင် တည်း။ ဤပါဠိအနက်ကို နှုတ်တက်အရဆောင်။

ဤမဂ္ဂင်္ဂစံပါး တရားတို့ကို အစဉ်အားဖြင့် ဤသို့ သိအပ်ကုန်၏။ ထိုမဂ္ဂင်္ဂစံပါး ပါဠိတွင် "ပညာပဇ္ဇောတော ပညာသက်" ဟူ၍ ဟောတော်မူအပ်သည်နှင့်အညီ မင်္ဂလာ မရှိမြဲ ကြောင်းဟူသော ပညာရောင်ဖြင့် အဝိဇ္ဇာအမိုက်မှောင်ကြီးကို ပယ်ဖျောက်နိုင်မှု ငါးပါးသော [illegible]

သည် ချမ်းသာစွာ နိဗ္ဗာန်သို့ ရောက်နိုင်သည်၊ ဤသို့ နိဗ္ဗာန်ကိုရခြင်းငှာ ကျင့်သော ယောဂီပုဂ္ဂိုလ်အား ကျေးဇူးများသည်၏ အဖြစ်ကြောင့် သမ္မာဒိဋ္ဌိကို ရှေးဦးစွာဟောတော်မူအပ်၏။

ရှေးပန်းထိမ်သမားသည် လက်ဖြင့်လှည့်ပတ်, လှည့်ပတ်၍ မျက်စိဖြင့် အသပြာကိုကြည့်ရမှ ဤအသပြာသည်စင်းလဲသည်။ ဤအသပြာသည် မစင်းလဲဟု သိရသကဲ့သို့ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် ရှေးအဖို့ ဝိတက်ဖြင့် ကြံ၍၊ ကြံ၍၊ ဝိပဿနာပညာဖြင့် ကြည့်ရမှ ဤဝိဘင်္ဂစကားတို့သည် ကာမာဝစရတို့တည်း။ ဤတရားတို့သည် ရူပါဝစရစသည်တို့တည်းဟု သိနိုင်သည်။

ဥမ္မာဒဉနည်းကား ယောဂါဝါးတယောက်သည် အစွန်းခွဲကိုင်၍ လှည့်ပတ်, လှည့်ပတ်၍ ပေးအပ်သော သစ်တုံးကို လက်သမားသည် ပဲကွပ်ဖြင့်ရှေ့၍ အသုံးအဆောင်မှုခွဲ ဆောင်သကဲ့သို့ ထို့အတူဝိတက်ဖြင့် ကြံ၍ ကြံ၍ ပေးအပ်သော တရားတို့ကို ပညာဖြင့် ဤတရားတို့သည်ကာမာဝစရတို့တည်း၊ဤတရားတို့သည် ရူပါဝစရတို့တည်းစသောအားဖြင့် ပိုင်းခြား၍ ကမ္မဋ္ဌာန်းမှုခွဲ ဆောင်ရ၏။ ဤသို့ သမ္မာသက်ပွသည် သမ္မာဒိဋ္ဌိအား ကျေးဇူးများသည်၏ အဖြစ်ကြောင့် သမ္မာဒိဋ္ဌိ၏ အခြားမဲ့ခွဲ သမ္မာသက်ပွကို ဟောတော်မူအပ်၏။

ပုဗ္ဗေ ခေါ ဂဟပတိ ပိဘက္ကတ္တာ ဝိစာရေတ္တာ ပစ္ဆာ ဝါစံ ဘိန္ဒတိ" ဟူသော ဒေသနာတော်နှင့်အညီ ဤလောကခွဲ လူအပေါင်းတို့သည် ရှေးဦးစွာ ဝိတက်ဖြင့် ကြံပြီးမှ ဝိစာရဖြင့် သုံးသပ်ပြီးမှ နောက်ခွဲ စကားမြွက်ဆိုကြကုန်၏။ ဤသို့ သမ္မာသက်ပွသည် သမ္မာဝါစာအားသည်း ကျေးဇူးများသောကြောင့် သမ္မာသက်ပွ၏ အခြားမဲ့ခွဲ သမ္မာဝါစာကို ဟောတော်မူအပ်၏။

လောကခွဲ လူတို့သည် ဤအမှု ဤအမှုကို ပြုလုပ်ကြကုန်စို့ဟု ရှေးဦးစွာ နှုတ်ဖြင့် တိုင်ပင်၍ နောက်မှ အမှုကိုပြုလုပ်ကြကုန်၏။ ဤသို့ သမ္မာဝါစာသည် သမ္မာကမ္မန္တအား ကျေးဇူးများသောကြောင့် သမ္မာဝါစာ၏ အခြားမဲ့ခွဲ သမ္မာကမ္မန္တကို ဟောတော်မူအပ်၏။

ဝစီဒုစရိုက်လေးပါး ကာယဒုစရိုက် သုံးပါးကိုပယ်၍ ကာယသုစရိုက်၊ ဝစီသုစရိုက် ဟူကို ဖြည့်ကျင့်သော သူအားသာလျှင် အာဇီဝဋ္ဌမက သီလပြည့်စုံ၏။ မကျင့်သောသူအား မပြည့်စုံ။ ယို့ကြောင့် သမ္မာဝါစာ၊ သမ္မာကမ္မန္တ ၂-ပါးကို၏ အခြားမဲ့ခွဲ သမ္မာအာဇီဝကို ဟောတော်မူအပ်၏။

အာဇီဝ စင်ကြယ်ပြီးသောသူသည် ငါ၏ အာဇီဝသည် စင်ကြယ်၏ဟူ၍ ဖျတ်လတ်ဖြင့် ဆောင့်ရဲတင်းတိမ် ငြိမ်ဖျဖျိပ်ပျော့ မေ့လျော့ကာ နေခြင်းငှာ မသင့်ချေ။ စင်စစ်အားဖြင့်သော်ကား သွားခြင်း, ရပ်ခြင်း, ထိုင်ခြင်း,လျောင်းခြင်း ဤရိယာပုထ်လေးပါးလုံးပြင် သမ္မာဝါယာမ်ဝီရိယကို အားထုတ်အပ်၏ဟု ပြခြင်းငှာ သမ္မာအာဇီဝ၏ အခြားမဲ့ခွဲ သမ္မာဝါယာမ်ကို ဟောတော်မူအပ်၏။

ဤသို့ အားပုတ်အပ်ပြီးသော ဝိရိယရှိသောသူသည်လည်း ကာယအားရှိ၊ ဇောနှာအားရှိ၊ စိတ္တအားရှိ၊ ဓမ္မာရုံတို့ခွဲ သတိကို ကောင်းစွာထင်အောင် ပြုအပ်၏ဟု ပြခြင်းငှာ သမ္မာဝါယာမ်၏အခြားမဲ့ခွဲ သမ္မာသတိကို ဟောတော်မူအပ်၏။

ဤသို့ ကော်ငြားစွာထင်ပြီးသော သတိရှိသူသည် သမာဓိအား ကျေးဇူးများသောတရား၊ မများသောတရားတို့၏ သဘောကို ထောက်ချင့်နှိုင်းချိန်၍ တခုသောအာရုံ၌ စိတ်ကိုထားနိုင်၏။ ထို့ကြောင့် သမ္မာသတိ၏ အခြားမဲ့၌ သမ္မာသမာဓိကို ဟောဟော်မူအပ်၏။ ဤသို့ အစဉ်အားဖြင့် သိအပ်၏။ ထိုမဂ္ဂင်တရား ရှစ်ပါးတို့တွင်-

(၁) သမ္မာဒိဋ္ဌိမဂ္ဂင် ဟူသည်ကား သစ္စာလေးပါးကို သိတတ်သော ဉာဏ်ပင်တည်း။ ထို့ကြောင့် သစ္စဝိဘင်းပါဠိတော်၌-

တတ္ထ ကတမာ သမ္မာဒိဋ္ဌိ၊ ဒုက္ခေဉာဏံ- ဒုက္ခသမုဒယေဉာဏံ- ဒုက္ခနိရောဓေဉာဏံ- ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါဉာဏံ အယံဝုစ္စတိ သမ္မာဒိဋ္ဌိ- ဟူ၍ ဟောတော်မူအပ်၏။

တတ္ထ၊ ထိုမဂ္ဂင်ရှစ်ပါး တရားတို့တွင်။ သမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိမဂ္ဂင်သည်။ ဝါ၊ ကောင်းစွာမြင်ခြင်းသည်။ ကတမာ၊ အဘယ်နည်း။ ဒုက္ခေ၊ ဒုက္ခသစ္စာ၌။ ဉာဏ်၊ သိတတ်သောဉာဏ်လည်းကောင်း။ ဒုက္ခသမုဒယေ၊ ဒုက္ခကိုဖြစ်တတ်သော ၊ သမုဒယသစ္စာ၌။ ဉာဏ်၊ သိတတ်သော ဉာဏ်သည်းကောင်း။ ဒုက္ခနိရောဓေ၊ ဒုက္ခ၏ချုပ်ရာဖြစ်သော နိရောဓသစ္စာ၌။ ဉာဏ်၊ သိတတ်သော ဉာဏ်လည်းကောင်း။ ဒုက္ခနိရောဓဂါမိနိယာ၊ ဒုက္ခ၏ ချုပ်ရာနိဗ္ဗာန်သို့ ဆောက်စေတတ်သော။ ပဋိပဒါယ၊ မဂ္ဂသစ္စာဖြစ်သောအကျင့်၌။ ဉာဏ်၊ သိတတ်သော ဉာဏ်လည်းကောင်း။ အယံ၊ ဤဉာဏ်တရားကို။ သမ္မာဒိဋ္ဌိ ဣတိ၊ သမ္မာဒိဋ္ဌိမဂ္ဂင်ဟူ၍။ ဝါ၊ ကောင်းစွာမြင်ခြင်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ (ဤပါဠိအနက်ကို နှုတ်တက်အရဆောင်)

ဤပါဠိဘော်၌ မှတ်သားရန်ကား သမ္မာဒိဋ္ဌိဉာဏ်၏ အာရုံဖြစ်ကုန်သော သစ္စာလေးပါးတို့တွင် ဒုက္ခ သမုဒယသစ္စာ ၂-ပါးတို့သည် လောကီယ သစ္စာတို့မည်ကုန်၏။ ဝဋ္ဋသစ္စာတို့လည်း မည်ကုန်၏။ နိရောဓသစ္စာ မဂ္ဂသစ္စာ ၂-ပါးတို့သည် လောကုတ္တရာသစ္စာတို့လည်း မည်ကုန်၏။ ဝိဝဋ္ဋသစ္စာတို့လည်း မည်ကုန်၏။ သမုဒယသစ္စာ မဂ္ဂသစ္စာ ၂-ပါးတို့သည် အကြောင်းသစ္စာတို့ ဖြစ်ကုန်၏။ ဒုက္ခသစ္စာ နိရောဓသစ္စာ ၂-ပါးတို့သည် အကျိုးသစ္စာတို့ ဖြစ်ကုန်၏။

ထိုသစ္စာတို့တွင်လည်း ဒုက္ခသစ္စာ သမုဒယသစ္စာ ၂-ပါးတို့သည် မြင်အပ်နိုင်ခဲကုန်သောကြောင့် နက်နဲကုန်၏။ နိရောဓသစ္စာ မဂ္ဂသစ္စာ ၂-ပါးတို့သည် နက်နဲကုန်သောကြောင့် မြင်အပ်နိုင်ခဲကုန်၏။ ထိုစကားသည် မှန်၏။ ဒုက္ခသစ္စာသည် ခလုတ်ထိခြင်း ဆူးငြိခြင်း စသည်ဖြစ်သောအခါတို့၌ (အလို ဒုက္ခ) ဟူ၍ မြွက်ဆိုရအောင်ပင် ထင်ရှား၏။ သမုဒယသစ္စာသည် စားလို သောက်လိုခြင်း စသော တဏှာလောဘ ဖြစ်သောအခါ၌ အလွန်ထင်ရှား၏။ ယင်းသို့ဖြစ်သော်လည်း ထို သစ္စာ ၂-ပါးတို့၏ သဘောလက္ခဏာကို ထိုးထွင်း၍ကား မြင်အပ်နိုင်ခဲလှ၏။ ဤသို့လျှင် မြင်အပ်နိုင်ခဲကုန်သောကြောင့် ဒုက္ခ-သစ္စာ သမုဒယသစ္စာ ၂-ပါးတို့သည် နက်နဲကုန်၏။ နိရောဓသစ္စာ မဂ္ဂသစ္စာ ၂-ပါးတို့ကို မြင်ခြင်းငှာ အားထုတ်ရခြင်းသည် ဘုံသုံးဆယ်ကို၏အထက် ဘဝင်ဟု ဆိုအပ်သော နေဝသညာ နာသညာ ယတနဘုံကို ကိုင်လို၍ လက်ကိုဆန့်သကဲ့သို့ လည်းကောင်း၊ အင်္ဂီစိဂရဲကို ထိလို၍ ခြေကို ဆန့်သကဲ့သို့လည်းကောင်း။ အစိတ်တရာ စိတ်အပ်သော သားမြီး၏ အစွန်းတခုနှင့် အစွန်းတခုကို ထိုးရခြင်းကဲ့သို့ လည်း

ကောင်း။ ဝါ၊ ပကတိဖြစ်အောင် စပ်ရခြင်းကဲ့သို့ လည်းကောင်း ဖြစ်သောကြောင့် ထိုသစ္စာ ၂-ပါးဘို့သည် အလွန်နက်နဲကုန်၏။ ဤသို့လျှင် နက်နဲကုန်သောကြောင့် နိရောဓသစ္စာ မဂ္ဂသစ္စာ ၂-ပါးတို့သည် မြင်နိုင်ခဲကုန်၏။ ဤသို့ မြင်အပ်နိုင်ခဲကုန်သောကြောင့် နက်နဲကုန်၏။ နက်နဲကုန်သောကြောင့် မြင်နိုင်ခဲကုန်သော သစ္စာတရားတို့ကို သိတတ်သော ဉာဏ်သည် အနုပေါဓဉာဏ် ပဋိဝေဓဉာဏ် ဟူ၍ ၂-ပါး အပြားရှိ၏။ ထိုတွင် အနုပေါဓဉာဏ်သည် လောကီကာမာဝစရဖြစ်၏။ ပဋိဝေဓဉာဏ်သည် လောကုတ္တရာဖြစ်၏။ ထိုတွင် အနုပေါဓဉာဏ်သည် မဂ်ကိုမရမီ ရှေးအဖို့၌ ဒုက္ခသစ္စာ သမုဒယသစ္စာ ၂-ပါးတို့ကို သင်ကြားခြင်း အဖန်တလဲလဲ မေးမြန်းခြင်း၊ ကြားနာခြင်း၊ ဆောင်ခြင်း သုံးသပ်ခြင်းကိစ္စတို့၏ အစွမ်းအားဖြင့် သိ၏။ နိရောဓသစ္စာ မဂ္ဂသစ္စာ ၂-ပါးတို့ကို နာကြားခြင်းကိစ္စ၏ အစွမ်းအားဖြင့် သိ၏။ အထူးထူးကုန်သော သစ္စာတို့ကို အာရုံပြု၍ အထူးထူးကုန်သော စိတ္တက္ခဏတို့၌ ဒုက္ခဉာဏ် အစရှိကုန်သော အမည်တို့ဖြင့် ဉာဏ်အထူးထူးဖြစ်၏။ ပဋိဝေဓဉာဏ်သည် မဂ္ဂက္ခဏ၌ ဒုက္ခသစ္စာကို ပိုင်းခြားလျက် သိခြင်း ကိစ္စ၏အစွမ်းအားဖြင့် သမုဒယသစ္စာကို ပယ်ခြင်းကိစ္စ၏ အစွမ်းအားဖြင့် မဂ္ဂသစ္စာကို ပွားစေခြင်းကိစ္စ၏ အစွမ်းအားဖြင့် အာရုံမပြုပဲ သိ၏။ နိရောဓသစ္စာကို မျက်မှောက်ကဲ့သို့ ပြုခြင်းကိစ္စ၏ အစွမ်းအားဖြင့် အာရုံပြု၍ သိ၏။ နိဗ္ဗာန်တခုတည်းကို အာရုံပြု၍ စိတ္တက္ခဏတခုတည်း၌ သမ္မာဒိဋ္ဌိဟူသော အမြင်ဖြင့် ဉာဏ်တခုတည်းသာ ဖြစ်၏။

ဤစကားရပ်တွင် ပဋိဝေဓဉာဏ်သည် မဂ္ဂသစ္စာကို ပွားစေခြင်းကိစ္စ၏ အစွမ်းအားဖြင့် သိသည်ဟုဆိုရာ၌ အရောင်နှင့်တကွဖြစ်သော နေမင်းသည် အရောင်ကိုပွားစေ၏သို့ ပဓိန်တကွ ဖြစ်ကုန်သော သမ္မာသင်္ကပ္ပ အစရှိကုန်သော မဂ္ဂင် (၇) ပါးတို့ကိုသာ ပွားစေနိုင်၏။ မိမိသည် သမ္မာဒိဋ္ဌိမဂ္ဂင်ပင် ဖြစ်သော်လည်း မိမိကိုယ်ကိုကား မိမိ မပွားစေနိုင်၊ ဥပမာအားဖြင့်ကား လက်ညှိုးသည် မိမိကို မိမိ မထိုးနိုင်သကဲ့သို့၊ မျက်စိသည် မိမိကို မိမိ မမြင်သကဲ့သို့ဟု မှတ်။

ဤသို့ သစ္စာကိုသိသော အနုပေါဓဉာဏ် ပဋိဝေဓဉာဏ် ၂-ပါးသည် သမ္မာဒိဋ္ဌိ မည်၏။ ထိုသမ္မာဒိဋ္ဌိဉာဏ်တို့တွင် ဒုက္ခသစ္စာကို သိသောဉာဏ်သည် သက္ကာယဒိဋ္ဌိကို နှစ်စေနိုင်၏။ သမုဒယသစ္စာကို သိသောဉာဏ်သည် ဥဒ္ဓစ္စဒိဋ္ဌိကို နှစ်စေနိုင်၏။ နိရောဓသစ္စာကို သိသောဉာဏ်သည် သဿတဒိဋ္ဌိကို နှစ်စေနိုင်၏။ မဂ္ဂသစ္စာကို သိသောဉာဏ်သည် အကိရိယဒိဋ္ဌိကို နှစ်စေနိုင်၏။

တနည်းကား ဒုက္ခသစ္စာကို သိသောဉာဏ်သည် ဓုဝ သုဘ သုခ အတ္တအဖြစ်မှ ကင်းကွာသော ခန္ဓာငါးပါးတို့၌ ဓုဝသညာ၊ သုဘသညာ၊ အတ္တသညာဟု ဆိုအပ်သော ဒိဋ္ဌိ၌ ဖောက်ပြန်သောအယူကို နှစ်စေနိုင်၏။ သမုဒယသစ္စာကို သိသောဉာဏ်သည် ဝိသမဟေတု ဒိဋ္ဌိဟု ဆိုအပ်သော အကြောင်း၌ ဖောက်ပြန်သောအယူကို နှစ်စေနိုင်၏။ ဤစကားရပ်၌ ဝိသမဟေတု ဒိဋ္ဌိဟူသည်ကား ပရမိသွာ သို့မဟုတ် မဟာဗြဟ္မာဟု ဆိုအပ်သော ထာဝရဘုရားသည် လောကကို ဖြစ်လည်း ဖြစ်စေနိုင်၏။ ပျက်လည်း ပျက်စေနိုင်၏။ ထို့ကြောင့် လောကသည် ထာဝရဘုရားသာ ပျင် အကြောင်းဟု၏ ဟူ၍ ယူကုန်သော လူသရကာရုဟုတ်ကဲ့သို့ လည်းကောင်း။ ပကာဘိဟု ဆိုအပ်သော ပခာနကြောင့် လောကသည် ဖြစ်၏။ ထိုပကာဘိဟု ဆိုအပ်သော ပခာနဉ်သာ တွန့်လည်းတွန့်၏။ ထို့ကြောင့် လောကသည် ပကာဘိဟု ဆိုအပ်

သော ပဓာနသာလျှင် အကြောင်းရှိ၏ ဟူ၍ ပူကုန်သော ပဓာနကာရိတိတ္ထိတို့ကဲ့သို့ လည်းကောင်း၊ ကာလ၏ အစွမ်းအားဖြင့်သာ လောကသည်ဖြစ်လည်း ဖြစ်၏။ ပျက်လည်း ပျက်၏။ ထို့ကြောင့် လောကသည် ကာလသာလျှင် အကြောင်းရှင်းပို့၏ ဟူ၍ ယူကုန်သော ကာလကာရကိတိတ္ထိတို့ကဲ့သို့ လည်းကောင်း၊ သဘောအားဖြင့်သာလျှင် လောကသည် ဖြစ်လည်း ဖြစ်၏၊ ပျက်လည်း ပျက်၏၊ ထို့ကြောင့် လောကသည် သဘောသာလျှင် အကြောင်းရှိ၏ ဟူ၍ ယူကုန်သော သဘာဝကာရကိတိတ္ထိတို့ကဲ့သို့ လည်းကောင်း၊ အကုမ္မူတို့ကြောင့် လောကသည် ဖြစ်၏ဟူ၍ ယူကုန်သော အာဇီဝကတို့ကဲ့သို့ လည်းကောင်း၊ အလုံးစုံသော ဒုက္ခ သုခဟူသမျှသည် ရှေးဦးပြုအပ်ခဲ့ဖူးသော အကြောင်းကြောင့်သာ ဖြစ်၏ ဟူ၍ ယူကုန်သော ပုဗ္ဗကတဟေတုတိတ္ထိတို့ကဲ့သို့ လည်းကောင်း၊ အကြောင်းမဟုတ်သည်ကို အကြောင်းဟူ၍ စွဲယူကုန်သော သူတို့၏ အယူသည် ဝိသမဟေတုဒိဋ္ဌိမည်၏ ဟူ၍ မှတ်။

နိရောဓသစ္စာကို သိသောဉာဏ်သည် အရှုပဘုံသည် သံသရာမှ ထွက်မြောက်ရာနိဗ္ဗာန်ဖြစ်၏ ဟူ၍ ယူကုန်သော ရာမပုတ္တား၏ သား ဥဒကရသေ့ ကားလား၊ အန္ဓယဒ္ဒ ဖြစ်သော အာဠာရ ရသေ့တို့၏ အယူကဲ့သို့ လည်းကောင်း၊ လောက ထုပိကဟု ဆိုအပ်သော အသညသတ်ဘုံသည် သံသရာမှ ထွက်မြောက်ရာ နိဗ္ဗာန်ဖြစ်၏ ဟူ၍ ယူကုန်သော နိဂ္ဂဏ္ဌတို့၏ အယူကဲ့သို့ လည်းကောင်း၊ နိရောဓ၌ ဖောက်ပြန်သော အပဝဂ္ဂအယူကို နှစ်စေနိုင်၏။

မဂ္ဂသစ္စာ၌ သိသောဉာဏ်သည် ကာမသုခလ္လိကာနုယောဂ အတ္တကိလမထာနုယောဂ အပြားရှိသော အဝိသုဒ္ဓိမဂ်၌ ဝိသုဒ္ဓိမဂ်ဟု ယူသည်၏အစွမ်းအားဖြင့် ဖြစ်သော နိရောဓူပါယ၌ ဖောက်ပြန်သောအယူကို နှစ်စေနိုင်၏ ဟူ၍ မှတ်။ ဤသည်ကား သမ္မာဒိဋ္ဌိမဂ္ဂင်၌ မှတ်သားဖွယ်တည်း။

(၂) သမ္မသက်ပွမဂ္ဂင် ဟူသည်ကား နေက္ခမ္မသက်ပွ၊ အဗျာပါဒသက်ပွ၊ အဝိဟိံသသက်ပွတို့ပင်တည်း၊ ထို့ကြောင့် သစ္စဝိဘင်းပါဠိတော်၌--

"တတ္ထ ကတမော သမ္မာသက်ပွေါ၊ နေက္ခမ္မသက်ပွေါ အဗျာပါဒသက်ပွေါ၊ အဝိဟိံသသက်ပွေါ၊ အယံ ဝုစ္စတိ သမ္မာသက်ပွေါ" ဟူ၍ ဟောတော်မူအပ်၏။

တတ္ထ၊ ထိုမဂ္ဂင်ရှစ်ပါး တရားတို့တွင်။ သမ္မာသက်ပွေါ၊ သမ္မာသက်ပွ မဂ္ဂင်သည်။ ဝါ၊ ကောင်းစွာကြံခြင်းသည်။ ကတမော၊ အဘယ်နည်း။ နေက္ခမ္မသက်ပွေါ၊ ကာမမှ ထွက်မြောက်လိုသော အကြံလည်းကောင်း။ အဗျာပါဒ သက်ပွေါ၊ မဖျက်ဆီးလိုသော အကြံ လည်းကောင်း။ အဝိဟိံသ သက်ပွေါ၊ မညှဉ်းဆဲလိုသော အကြံလည်းကောင်း၊ အယံ၊ ဤတရားကို။ သမ္မာသက်ပွေါ၊ သမ္မာသက်ပွေါဣတိ၊ သမ္မာသက်ပွမဂ္ဂင်ဟူ၍။ ဝါ၊ ကောင်းစွာကြံခြင်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဤပါဠိအနက်ကို နှုတ်ထုတ်ဆောင်။

ဤပါဠိတော်၌ မှတ်သားရန်ကား နေက္ခမ္မပိတက် အဗျာပါဒပိတက် အဝိဟိံသဝိတက်တို့ကိုပင် နေက္ခမ္မသက်ပွ၊ အဗျာပါဒသက်ပွ၊ အပိဟိံသသက်ပွဟူ၍ ဤသစ္စဝိဘင်းပါဠိတော်၌ ဟောတော်မူအပ်၏။ သက်ပွဆိုသည်နှင့် ပိတက်ဆိုသည် အတူတူပင်။

ထို (၃) ပါးကုန်သော ဝိဘင်္ဂတို့တွင် နေက္ခမ္မဝိဘင်္ဂသည် ကာမဝိတက်၏ အကြောင်းဖြစ်သော အယောနိသောမနသိကာရကို ဖျက်ဆီးနိုင်၏၊ ထိုအတူ အဗျာပါဒဝိတက်၊ အဝိဟိံသဝိတက်တို့သည်လည်း ဗျာပါဒဝိတက် ဝိဟိံသဝိတက်တို့၏ အကြောင်းဖြစ်သော အယောနိသောမနသိကာရကို ဖျက်ဆီးနိုင်၏။ ထိုစကားသည် မှန်၏။ ယောဂီပုဂ္ဂိုလ်သည် ကာမဝိတက်၏အကြောင်းဖြစ်သော အယောနိသောမနသိကာရကို ဖျက်ဆီးခြင်းငှာ ကာမဝိတက်ကိုပင် ဖြစ်စေ၊ သို့မဟုတ် တစုံတခုသော သင်္ခါရတရားကိုဖြစ်စေ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူ၍ သုံးသပ်၏။ ထိုအခါ ဝိပဿနာနှင့်ယှဉ်သော နေက္ခမ္မဝိတက်သည် ကာမဝိတက်၏အကြောင်းဖြစ်သောအယောနိသောမနသိကာရကို တဒင်္ဂ၏ အစွမ်းအားဖြင့် ဖျက်ဆီး၏။ တဖန် ပိပဿနာကိုပွားစေ၍ မဂ်သို့ရောက်၏၊ ထိုအခါ မဂ်နှင့်ယှဉ်သော နေက္ခမ္မဝိတက်သည် ကာမဝိတက်၏ အကြောင်းဖြစ်သော အယောနိသော မနသိကာရကို သမုစ္ဆေဒ၏ အစွမ်းအားဖြင့် ဖျက်ဆီး၏၊ ကြွင်းသောဝိတက် ၂ ပါးတို့ဌာလည်း ဤဆိုအပ်ခဲ့ပြီးသောနည်းကိုမှီး၍ ဉာဏ်ကြီးလေ။

တနည်းကား နေက္ခမ္မဝိတက်သည် ကာမဝိတက်၏ ဆန့်ကျင်ဘက်ဖြစ်၍ဖြစ်၏၊ ထို့အတူ အဗျာပါဒဝိတက်၊ အဝိဟိံသဝိတက်တို့သည်လည်း ဗျာပါဒဝိတက်၊ ဝိဟိံသဝိတက်တို့၏ ဆန့်ကျင်ဘက်ဖြစ်၍ ဖြစ်ကုန်၏။

ထိုစကားကို ခဲ့ပြီးအံ့။ ဓမ္မသင်္ဂဏိပါဠိတော်၌ ဝေဖန်အပ်ကုန်သော (၃၈)ပါးကုန်သော ကမ္မဋ္ဌာန်းဟိုတွင် ကခုံသော ကမ္မဋ္ဌာန်းသည်လည်း ထိုကာမဝိတက်စသည်တို့၏ ဆန့်ကျင်ဘက်မဟုတ်သည်မရှိ၊ ယင်းသို့ဖြစ်သော်လည်း ဇောကန္တအားဖြင့် အသုဘကမ္မဋ္ဌာန်းအာရုံ၌ ရအပ်သော ပဌမဈာန်သည် ကာမဝိတက်၏ ဆန့်ကျင်ဘက်ဖြစ်၏၊ မေတ္တာကမ္မဋ္ဌာန်းအာရုံ၌ ရအပ်ကုန်သော တိကဈာန် သို့မဟုတ်စတုက္ကဈာန်တို့သည် ဗျာပါဒဝိတက်၏၊ ဆန့်ကျင်ဘက်ဖြစ်ကုန်၏ ကမ္မဋ္ဌာန်းအာရုံ၌ ရအပ်ကုန်သော တိကဈာန် စတုက္ကဈာန်တို့သည် ဝိဟိံသာ ဝိတက်၏ ဆန့်ကျင်ဘက်ဖြစ်ကုန်၏၊ ထို့ကြောင့် အသုဘကမ္မဋ္ဌာန်း၌ ပရိကမ်ကိုပြု၍ ဈာန်-သမာပတ်ကို ဖြစ်စေသော ယောဂီပုဂ္ဂိုလ်၏ သမာပတ္တိကွဇ္ဈာ၌ ဈာန်နှင့်ယှဉ်သော နေက္ခမ္မဝိတက်သည် ဝိက္ခမ္ဘန်၏ အစွမ်းအားဖြင့် ကာမဝိတက်၏ ဆန့်ကျင်ဘက်ဖြစ်၍ ဖြစ်၏၊ ထိုဈာန်ကို ပါဒကပြု၍ ဝိပဿနာကိုဖြစ်စေသော ယောဂီပုဂ္ဂိုလ်၏ ဝိပဿနာကွဇ္ဈာ၌ ဝိပဿနာနှင့်ယှဉ်သော နေက္ခမ္မဝိတက်သည် တဒင်္ဂ၏ အစွမ်းအားဖြင့် ကာမဝိတက်၏ ဆန့်ကျင်ဘက်ဖြစ်၍ ဖြစ်၏၊ ထိုဝိပဿနာကို အထက် အဂ်ိုက်၌ ပွားစေ၍ မဂ်ကိုဖြစ်စေသော ယောဂီပုဂ္ဂိုလ်၏ မဂ္ဂက္ခဏ၌ မဂ်နှင့်ယှဉ်သော နေက္ခမ္မဝိတက်သည် သမုစ္ဆေဒ၏ အစွမ်းအားဖြင့် ကာမဝိတက်၏ ဆန့်ကျင်ဘက်ဖြစ်၍ ဖြစ်၏၊ ဤသို့ဖြစ်သော နေက္ခမ္မဝိတက်တို့ နေက္ခမ္မသင်္ကပ္ပ ဟူ၍ ဆိုအပ်၏။

မေတ္တာကမ္မဋ္ဌာန်း၌ ပရိကမ်ကိုပြု၍ ဈာန် သမာပတ်ကို ဖြစ်စေသော ယောဂီပုဂ္ဂိုလ်၏ သမာပတ္တိကွဇ္ဈာ၌ ဈာန်နှင့်ယှဉ်သော အဗျာပါဒဝိတက်သည် ဝိက္ခမ္ဘန်၏ အစွမ်းအားဖြင့် ဗျာပါဒဝိတက်၏ ဆန့်ကျင်ဘက်ဖြစ်၍ ဖြစ်၏၊ ထိုဈာန်ကို ပါဒကပြု၍ ဝိပဿနာကိုဖြစ်စေသော ယောဂီပုဂ္ဂိုလ်၏ ဝိပဿနာကွဇ္ဈာ၌ ဝိပဿနာနှင့်ယှဉ်သော အဗျာပါဒဝိတက်သည် တဒင်္ဂ၏ အစွမ်းအားဖြင့် ဗျာပါဒဝိတက်၏ ဆန့်ကျင်ဘက်ဖြစ်၍ ဖြစ်၏၊ ထိုဝိပဿနာကို အထက် အဂ်ိုက်၌ ပွားစေ၍ မဂ်ကိုဖြစ်စေသော ယောဂီပုဂ္ဂိုလ်၏ မဂ္ဂက္ခဏ၌ မဂ်နှင့်ယှဉ်သော အဗျာပါဒဝိတက်သည် သမုစ္ဆေဒ၏ အစွမ်းအားဖြင့် ဗျာပါဒဝိတက်၏ ဆန့်ကျင်ဘက်ဖြစ်၍ ဖြစ်၏၊ ဤသို့ဖြစ်သော အဗျာပါဒဝိတက်တို့ အဗျာပါဒသင်္ကပ္ပ ဟူ၍ ဆိုအပ်၏။

မေတ္တာကမ္မဋ္ဌာန်း၌ ပရိကမ်ကိုပြု၍ ဈာန် သမာပတ်ကို ဖြစ်စေသော ယောဂီပုဂ္ဂိုလ်၏ သမာပတ္တိကွဇ္ဈာ၌ ဈာန်နှင့်ယှဉ်သော အဗျာပါဒဝိတက်သည် ဝိက္ခမ္ဘန်၏ အစွမ်းအားဖြင့် ဗျာပါဒဝိတက်၏ ဆန့်ကျင်ဘက်ဖြစ်၍ ဖြစ်၏၊ ထိုဈာန်ကို ပါဒကပြု၍ ဝိပဿနာကိုဖြစ်စေသော ယောဂီပုဂ္ဂိုလ်၏ ဝိပဿနာကွဇ္ဈာ၌ ဝိပဿနာနှင့်ယှဉ်သော အဗျာပါဒဝိတက်သည် တဒင်္ဂ၏ အစွမ်းအားဖြင့် ဗျာပါဒဝိတက်၏ ဆန့်ကျင်ဘက်ဖြစ်၍ ဖြစ်၏၊ ထိုဝိပဿနာကို အထက် အဂ်ိုက်၌ ပွားစေ၍ မဂ်ကိုဖြစ်စေသော ယောဂီပုဂ္ဂိုလ်၏ မဂ္ဂက္ခဏ၌ မဂ်နှင့်ယှဉ်သော အဗျာပါဒဝိတက်သည် သမုစ္ဆေဒ၏ အစွမ်းအားဖြင့် ဗျာပါဒဝိတက်၏ ဆန့်ကျင်ဘက်ဖြစ်၍ ဖြစ်၏၊ ဤသို့ဖြစ်သော အဗျာပါဒဝိတက်တို့ အဗျာပါဒသင်္ကပ္ပ ဟူ၍ ဆိုအပ်၏။

အထက်၌ ပွားစေ၍ မင်္ဂကိုဖြစ်စေသော ယောဂီပုဂ္ဂိုလ်၏ မဂ္ဂက္ခဏ၌ မင်္ဂန့်ယှဉ်သော အဗျာပါဒဝိဘင်္ဂသည် သမုဒ္ဆေဒ၏ အစွမ်းအားဖြင့် ဗျာပါဒဝိတက်၏ ဆန့်ကျင်ဘက်ဖြစ်၍ ဖြစ်၏၊ ဤသို့ ဖြစ်သော အဗျာပါဒဝိတက်ကို အဗျာပါဒ သင်္ကပ္ပ ဟူ၍ ဆိုအပ်၏။

ကရုဏာကမ္မဋ္ဌာန်း၌ ပရိကမ်ပြု၍ စျာန်သမာပတ်ကို ဖြစ်စေသော ယောဂီပုဂ္ဂိုလ်၏ သမာပတ္တိက္ခဏ၌ စျာန်နှင့်ယှဉ်သော အဝိဟိံသာဝိတက်သည် ဒိုက္ခမ္မာန၏ အစွမ်းအားဖြင့် ဝိဟိံသာဝိတက်၏ ဆန့်ကျင်ဘက်ဖြစ်၍ ဖြစ်၏၊ ထိုစျာန်ကို ပါဒကပြု၍ ဝိပဿနာကို ဖြစ်စေသော ယောဂီပုဂ္ဂိုလ်၏ ဝိပဿနာက္ခဏ၌ ဝိပဿနာနှင့်ယှဉ်သော အဝိဟိံသာဝိတက်သည် တဒင်္ဂ၏ အစွမ်းအားဖြင့် ဝိဟိံသာဝိတက်၏ ဆန့်ကျင်ဘက်ဖြစ်၍ ဖြစ်၏၊ ထိုဝိပဿနာကို အထက်အထက်၌ ပွားစေ၍ မင်္ဂကိုဖြစ်စေသော ယောဂီပုဂ္ဂိုလ်၏ မဂ္ဂက္ခဏ၌ မင်္ဂန့်ယှဉ်သော အဝိဟိံသာ ဝိဘင်္ဂသည် သမုဒ္ဆေဒ၏ အစွမ်းအားဖြင့် ဝိဟိံသာဝိတက်၏ ဆန့်ကျင်ဘက်ဖြစ်၍ ဖြစ်၏။ ဤသို့ ဖြစ်သော အဝိဟိံသာဝိတက်ကို အဝိဟိံသာသင်္ကပ္ပဟူ၍ ဆိုအပ်၏။

ဤစျာန် ဝိပဿနာ၏အစွမ်းအားဖြင့် အဖြစ်ထူးသည်၏ အဖြစ်ကြောင့် မင်္ဂကိုမရမီ ရှေးအဦး၌ အထူးထူးသော အာရုံကို အာရုံပြုကုန်၍ အထူးထူးကုန်သော စိတ္တက္ခဏတို့၌ အထူးထူးသောအားဖြင့် ၃-ပါးကုန်သော နေက္ခမ္မသင်္ကပ္ပ စသည်တို့ဖြစ်ကုန်၏၊ မဂ္ဂက္ခဏ်ကား နိဗ္ဗာန်ဘုဉ်းကို အာရုံပြု၍ စိတ္တက္ခဏတခုတည်း၌ သုံးပါးကုန်သော မိစ္ဆာသင်္ကပ္ပတို့ကို သမုဒ္ဆေဒ၏ အစွမ်းအားဖြင့် နောင်တဖန်ပြန်၍ မဖြစ်နိုင်အောင်ပယ်ဖျက်၍ ၎င်းကိုပြည့်စုံလုံလုံလျားလျား သင်္ကပ္ပ ဟု ဆိုအပ်သော တခုတည်းသော ကုသလသင်္ကပ္ပသည် ဖြစ်၏ဟူ၍ မှတ်။ ဤသည်ကား သမ္မာသင်္ကပ္ပမဂ္ဂင်၌ မှတ်သားဖွယ်တည်း။

(၃) သမ္မာဝါစာမဂ္ဂင် ဟူသည်ကား ဝစီဒုစရိုက်လေးပါးတို့ကို ကြဉ်ရှောင်ကြောင်း ဖြစ်ကုန်သော ဝိရတိ ၃-ပါး ဝစီသုစရိုက်ဘရားတို့ပင်တည်း။ ထို့ကြောင့် သစ္စဝိဘင်းပါဠိတော်၌ -

> တတ္ထကတမာ သမ္မာဝါစာ၊ မုသာဝါဒါ ဝေရမဏီ၊ ပိသုဏာဝါစာယ ဝေရမဏီ၊ ဖရုသာဝါစာယ ဝေရမဏီ၊ သမ္ဖပ္ပလာပါ ဝေရမဏီ၊ အယံ ဥစ္စတေ သမ္မာဝါစာ-ဟူ၍ ဟောတော်မူအပ်၏။

တဘ္ဘာ၊ ထိုမဂ္ဂင်တရား ၍စ်ပါးတို့တွင်။ သမ္မာဝါစာ၊ သမ္မာဝါစာ မဂ္ဂင်သည်။ ဝါ၊ ကောင်းစွာ ဆိုခြင်းသည်။ ကတမာ၊ အဘယ်နည်း။ မုသာဝါဒါ၊ သိလျက် ပျက်စကားကိုဆိုခြင်းမှ။ ဝေရမဏီ၊ ရှောင်ကြဉ်ကြောင်းလည်းကောင်း။ ပိသုဏာဝါစာယ၊ ချေပစ်သောစကားကို ဆိုခြင်းမှ။ ဝေရမဏီ၊ ရှောင်ကြဉ်ကြောင်းလည်းကောင်း။ ဖရုသာဝါစာယ၊ ကြမ်းကြုတ်သောစကားကို ဆိုခြင်းမှ။ ဝေရမဏီ၊ ရှောင်ကြဉ်ကြောင်းလည်းကောင်း။ သမ္ဖပ္ပလာပါ၊ ပြိန်ဖျင်းသော စကားကိုဆိုခြင်းမှ။ ဝေရမဏီ၊ ရှောင်ကြဉ်ကြောင်းလည်းကောင်း။ အယံ၊ ကျင့်ဘွယ်ကို သုံးပါး ကာယသုစရိုတ်ကရားကို။ သမ္မာကမ္မန္တော-သမ္မာကမ္မန္တော ဣတိ၊ သမ္မာ-

ကမ္မန္တမဂ္ဂင်ဟူ၍။ ဝါ၊ ကောင်းစွာပြုခြင်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ (ဤပါဠိအနက်ကို နှုတ်တက်အရဆောင်)။

ဤပါဠိတော်၌ မှတ်သားရန်ကား သမ္မာကမ္မန္တသည် ပါဏာတိပါတမှ ကြဉ်ရှောင်သောအခါ၌ စိတ္တက္ခဏတခြား၊ အဒိန္နာဒါန်၊ ကာမေသုမိစ္ဆာစာရတို့မှ ကြဉ်ရှောင်သောအခါတို့၌လည်း စိတ္တက္ခဏတခြားစီသာ ဖြစ်၏။ ထို့ကြောင့် မဂ်ကိုမရမီ ရှေးအဖို၌ အထူးထူးသော ဝိရမိတမ္ဘဝင်္ဂုဖြစ်သောအာရုံကို အာရုံပြု၍ အထူးထူးကဲ့နှ်သော စိတ္တက္ခဏတို့၌ အထူးထူးသော အားဖြင့် သုံးပါးကုန်သော ဝေရမဏိတို့သည် ဖြစ်ကုန်၏။ မဂ်ခဏ၌ကား နိဗ္ဗာန်တခုတည်းကို အာရုံပြု၍ စိတ္တက္ခဏတခုတည်း၌ ပိစ္ဆာ၊ကမ္မန္တ ၃-ပါးဟု ဆိုအပ်သော ဒုဿီလျ စေတနာကို သမုစ္ဆေဒ၏ အစွမ်းအားဖြင့် နောင်တဖန် ပြန်၍မဖြစ်နိုင်အောင် ပယ်ဖျက်၍ မဂ်ဂင်ကို ပြည့်စေလျက် သမ္မာကမ္မန္တဟု ဆိုအပ်သော ကုသလဝေရမဏိ တပါးတည်းသာဖြစ်၏ဟူ၍ မှတ်။ ဤသည်ကား သမ္မာကမ္မန္တမဂ်၌ မှတ်သားဖွယ်တည်း။

(၅) သမ္မာအာဇီဝ မဂ်ဟူသည်ကား မိစ္ဆာအာဇီဝမှ ကြဉ်ရှောင်၍ တရားသဖြင့် အသက်မွေးခြင်းပင်တည်း။ ထိုကြောင့် သစ္စဝိဘင်းပါဠိတော်၌။

> တတ္ထ တကမော သမ္မာအာဇီဝေါ၊ ဣဓ အရိယ သာဝကော မိစ္ဆာ အာဇီဝံ ပဟာယ သမ္မာ အာဇီဝေန ဇီဝိတံ ကပ္ပေတိ၊ အယံ ဝုစ္စတိ သမ္မာအာဇီဝေါ-ဟူ၍ ဟောတော်မူအပ်၏။
>
> တတ္ထ၊ ထိုမဂ်ဂင်တရား၌စပ်ပါးတို့တွင် သမ္မာအာဇီဝေါ၊ သမ္မာအာဇီဝမဂ်ဂင်သည်။ ဝါ။ ကောင်းစွာအသက်မွေးခြင်းသည်။ ကတမော၊ အဘယ်နည်း၊ ဣဓ၊ ဤ သာသနာတော်၌ အရိယာသာဝကော၊ အရိယာဖြစ်သော၊ မြတ်စွာဘုရား သခင်၏ တပည့်သည်။ မိစ္ဆာအာဇီဝံ၊ မှားယွင်းယုတ်မာ၊ မကောင်းစွာသော အသက်မွေးခြင်းကို။ ပဟာယ၊ ပယ်စွန့်၍။ ယေန သမ္မာအာဇီဝေန၊ အကြင်မြတ်စွာဘုရား ချီးမွမ်းတော်မူအပ်သော၊ ကောင်းမြတ်သော အသက်မွေးခြင်းဖြင့် ဇီဝိတံ၊ အသက်ကို။ ကပ္ပေတိ၊ မွေးမြူ၏။ အယံ၊ ဤဗုဒ္ဓပသတ္ထ၊ ကုသိုလ်အာဇီဝကို။ သမ္မာအာဇီဝေါ-သမ္မာအာဇီဝေါဣတိ၊ သမ္မာအာဇီဝမဂ်ဂင်ဟူ၍။ ဝါ၊ ကောင်းစွာ အသက်မွေးခြင်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဤပါဠိ-အနက်ကို၊ နှုတ်တက်အရဆောင်။

ဤပါဠိတော်၌ မှတ်သားရန်ကား သမ္မာအာဇီဝမဂ်ဂင်သည် မိစ္ဆာဇီဝမှ ကြဉ်ရှောင်ခြင်းသာမည်အားဖြင့် တပါးတည်းဖြစ်သော်လည်း အသက်မွေးခြင်းလျှင် အကြောင်းရင်းပြုကုန်သော ကာယဒုစရိုက် ၃-ပါး၊ ဝစီဒုစရိုက် ၄-ပါးတို့မှ ကြဉ်ရှောင်ခြင်း၏ အစွမ်းအားဖြင့် ၇-ပါးအပြားရှိ၏။ ကုဟန၊ လပန စသော မိစ္ဆာဇီဝမျိုးတို့မှ ကြဉ်ရှောင်ခြင်း၏ အစွမ်းအားဖြင့်ကား များသောအပြားရှိ၏။

ဤသမ္မာအာဇီဝမဂ်ဂင်သည် ကာယဒွါရဖြင့် လွန်ကျူးခြင်းမှ ကြဉ်ရှောင်သောအခါ၌ စိတ္တက္ခဏတခြား၊ ဝစီဒွါရဖြင့်လွန်ကျူးခြင်းမှ ကြဉ်ရှောင်သောအခါ၌ စိတ္တက္ခဏတခြား ထိုကြောင့် မဂ်ကိုမရမီ ရှေးအဖို၌ အထူးထူးသော ဝိရမိတဘဝင်္ဂုဖြစ်သောအာရုံကို အာရုံပြု၍ ကုန်သော စိတ္တက္ခဏတို့၌ အထူးထူးကုန်သော သမ္မာအာဇီဝတို့သည် ဖြစ်ကုန်၏ မဂ်ခဏ၌ကား

နိဗ္ဗာန်တခုတည်းကို အာရုံပြု၍ စိတ္တက္ခဏတခုတည်း၌ ကာယဒွါရ၊ ဝစီဒွါရတို့၌ ၇-ပါး ကုန်သော အကုသလကမ္မပထတို့၏ အစွမ်းအားဖြင့်လည်းကောင်။ ကုဟန-လပနစသည်တို့၏ အစွမ်းအားဖြင့်လည်းကောင်း ဖြစ်ကုန်သော မိစ္ဆာဇီဝ ဒုဿီလျ စေတနာတို့ကို သမုဋ္ဌာန၏ အစွမ်းအားဖြင့် နောင်တဖန်ပြန်၍မဖြစ်နိုင်အောင် ပယ်ဖျက်၍ မဂ္ဂင်ကို ပြည့်စေလျက် သမ္မာအာဇီဝဟုဆိုအပ်သော ကုသလ ဝေရမဏိတခုတည်းသာ ဖြင့်၏ဟူ၍မှတ် ဤကား သမ္မာအာဇီဝ မဂ္ဂင်၌မှတ်သားဖွယ်တည်း။

(၆) သမ္မာဝါယာမမဂ္ဂင်သည် သမ္မပ္ပဓာန်ကိစ္စ၏ အစွမ်းအားဖြင့်ဖြစ်သော ဝီရိယပင်တည်း၊ ထို့ကြောင့် သစ္စဝိဘင်း ပါဠိတော်၌။

တတ္ထ ကတမော သမ္မာဝါယာမော၊ ဣဓ ဘိက္ခု အနုပ္ပန္နာနံ ပါပကာနံ အကုသလာနံ ဓမ္မာနံ အနုပ္ပာဒါယ ဆန္ဒံ ဇနေတိ ဝါယမတိ၊ ဝီရိယံ အာရဘတိ၊ စိတ္တံ ပဂ္ဂဏှာတိ၊ ပဒဟတိ။ ဥပ္ပန္နာနံ ပါပကာနံ အကုသလာနံ ဓမ္မာနံ ပဟာနာယ ဆန္ဒံ ဇနေတိ ဝါယမတိ၊ ဝီရိယံ အာရဘတိ၊ စိတ္တံ ပဂ္ဂဏှာတိ၊ ပဒဟတိ၊ အနုပ္ပန္နာနံ ကုသလာနံ ဓမ္မာနံ ဥပ္ပါဒါယ ဆန္ဒံ ဇနေတိ ပါယမတိ၊ ဝီရိယံ အာရဘတိ၊ စိတ္တံ ပဂ္ဂဏှာတိ၊ ပဒဟတိ၊ ဥပ္ပန္နာနံ ကုသလာနံ ဓမ္မာနံ ဌိတာယ အသမ္မောသာယ ဘိယ္ယောဘာဝါယ ဝေပုလ္လာယ ဘာဝနာယ ပါရိပူရိယာ ဆန္ဒံ ဇနေတိ၊ ဝါယမတိ၊ ဝီရိယံ အာရဘတိ၊ စိတ္တံ ပဂ္ဂဏှာတိ၊ ပဒဟတိ၊ အယံ ဝုစ္စတိ သမ္မာဝါယာမော–ဟူ၍ ဟောတော်မူအပ်၏။

(၁) တတ္ထ၊ ထိုမဂ္ဂင်၌စ်ပါး တရားတို့တွင်။ သမ္မာဝါယာမော၊ သမ္မာဝါယာမမဂ္ဂင်သည်။ ဝါ၊ ကောင်းစွာအားထုတ်ခြင်းသည်၊ ကတမော၊ အဘယ်နည်း။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်၊ အနုပ္ပန္နာနံ၊ ဝတ်အကျင့် စာသင်၊ ဓူတင်၊ သမထ၊ ဝိပဿနာတို့တွင် တပါးပါးဖြင့် ခွဲအပ်ကုန်သောကြောင့် မဖြစ်ကုန်သေးသော။ ပါပကာနံ၊ ယုတ်မာကုန်သော။ အကုသလာနံ၊ အကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာနံ၊ တရားတို့ကို။ အနုပ္ပါဒါယ၊ မဖြစ်စိမ့်သောငှာ။ ဆန္ဒံ၊အလိုကို၊ ဇနေတိ၊ဖြစ်စေ၏။ ဝါယမတိ၊ လုံ့ပြု၏။ဝီရိယံ၊ဝီရိယကို၊ အာရဘ၊အားထုတ်၏။ စိတ္တံ၊ စိတ်ကို။ပဂ္ဂဏှာတိ၊ ချီးမြောက်၏။ ပဒဟတိ၊ ကြိုးစားအားစိုက်၏။

(၂) ဥပ္ပန္နာနံ၊ ဝိပဿနာ၏ အာရုံဖြစ်သော သေက္ခ-ပုထုဇဉ်တို့၏ တဘူမကခန္ဓာဟူဆိုအပ်သောဘုံ၌ ယထာရဟအားဖြင့် ဖြစ်ထင်ကုန်သော။ ပါပကာနံ၊ ယုတ်မာကုန်သော။ အကုသလာနံ၊ အကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာနံ၊ တရားတို့ကို။ ပဟာနာယ၊ ပယ်ခြင်းငှါ။ ဆန္ဒံ၊ အလိုကို။ ဇနေတိ၊ ဖြစ်စေ၏။ ဝါယမတိ၊ လုံ့လပြု၏။ ဝီရိယံ၊ ဝီရိယကို။ အာရဘတိ၊ အားထုတ်၏။ စိတ္တံ၊ စိတ်ကို။ ပဂ္ဂဏှာတိ၊ ချီးမြောက်၏။ ပဒဟတိ၊ ကြိုးစားအားစိုက်၏။

(၃) အနုပ္ပန္နာနံ၊ မဖြစ်ကုန်သေးသော။ ကုသလာနံ၊ ကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာနံ၊ သမာဓိတရား ဝိပဿနာတရား မဂ်တရား ၃-ပါးတို့ကို။ ဥပ္ပါဒါယ၊ ဖြစ်စိမ့်သောငှာ၊ ဆန္ဒံ၊ အလိုကို။ ဇနေတိ၊ ဖြစ်စေ၏။ ဝါယမတိ၊ လုံ့လပြု၏။ ဝီရိယံ၊ ဝီရိယကို။ အာရဘတိ၊ အားထုတ်၏။ စိတ္တံ၊ စိတ်ကို။ ပဂ္ဂဏှာတိ၊ ချီးမြောက်၏။ ပဒဟတိ၊ ကြိုးစားအားစိုက်၏။

(၄)- ဥပပ္ပန္နာနံ၊ ဖြစ်ကုန်ပြီးသော။ ကုသလာနံ၊ ကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာနံ၊ သမာဓိကဆုး ဝိပဿနာဘရုး ၂-ပါးတို့ကို။ ဋ္ဌိတာယ၊ တည်စေခြင်းငှာ။ အသမ္မောသာယ၊ မပျက်ပြားစေခြင်းငှာ၊ ဘိယျောဘာဝါယ၊ အဖန်တလဲလဲ ဖြစ်စေခြင်းငှာ။ ဝေပုလ္လာယ၊ ပြန့်ပြောစေခြင်းငှာ။ ဘာဝနာယ၊ ပွားများစေခြင်းငှာ။ ပါရိပူရိယာ၊ ပြည့်စုံစေခြင်းငှာ။ ဆန္ဒံ၊ အလိုကို။ ဇနေတိ။ ဖြစ်စေ၏။ ဝါယမတိ၊ လုံ့လပြု၏။ ဝီရိယံ၊ ဝီရိယကို။ အာရဘတိ၊ အားထုတ်၏။ စိတ္တံ၊ စိတ်ကို။ ပဂ္ဂဏှာတိ၊ ချီးမြှောက်၏။ ပဒဟတိ၊ ကြိုးစားအားစိုက်၏။ အယံ၊ ဤသမ္မပ္ပဓာန်တရုးကို။ သမ္မာဝါယာမော-သမ္မာဝါယာမောတ္ဟတိ၊ သမ္မာဝါယာမမဂ္ဂင်ဟူ၍။ ဝါ၊ ကောင်းစွာအားထုတ်ခြင်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဤပါဠိအနက်ကို နှုတ်အရဆောင်။

ဤပါဠိတော်၌ မှတ်သားရန်ကား အစမထင် သံသရာအပြင်၌ မဖြစ်ဖူးကုန်သော အကုသိုလ်တို့မည်သည် မရှိကုန်။ ယင်းသို့ဖြစ်သော်လည်း ဝတ်ကြီး ဝတ်ငယ်တို့ကို ဖြည့်ကျင့်ခြင်း စာပေသင်ကြားပို့ချခြင်း၊ ဓုတင်ဆောင်ခြင်း၊ သမာဓိဝိပဿနာတို့ကို ပွားစေခြင်း၊ သက်နှံးဆိုးသပိတ်ဖုတ်စသော နဝကမ္မကို ပြုလုပ်ခြင်းတို့တွင် တပါးပါးဖြင့် ခွဲ၍ထားအပ်ကုန်သော အကုသိုလ်ဘို့သည်လည်းကောင်း၊ မရဖူးသော ဣဋ္ဌ၊ ကန္တ၊မနာပဖြစ်သော အာရုံကို ရသောအခါဖြစ်စေ၊ အနိဋ္ဌ၊ အကန္တ၊ အမနာပဖြစ်သော အာရုံကို ရသောအခါဖြစ်စေ၊ ယောနိသောမနသိကာရဖြင့် ခွဲ၍ထားအပ်ကုန်သော အကုသိုလ်တို့သည်လည်းကောင်း မဖြစ်သေးကုန်သော အကုသိုလ်တို့ မည်ကုန်၏။ ထိုအကုသိုလ်တို့ကို မဖြစ်စိမ့်သောငှာ ဝတ်ကြီး ဝတ်ငယ်တို့ကို ဖြည့်ကျင့်ခြင်း စသည်တို့ကို မပျက်စီးရအောင် အယောနိသောမနသိကာရ မဖြစ်ရအောင် အားထုတ်ခြင်း ဝီရိယသည် ပဋိယသမ္မပ္ပဓာန်မည်၏။

အတိတ်၌ဖြစ်၍ ချုပ်ပြီးကုန်သော အကုသိုလ်တို့ကိုလည်းကောင်း၊ အနာဂတ်၌ ဖြစ်လတ္တံ့ ဖြစ်ကုန်သော အကုသိုလ်တို့ကို လည်းကောင်း၊ ပစ္စုပ္ပန်၌ ဖြစ်ဆဲ ဖြစ်ကုန်သော အကုသိုလ်တို့ကိုလည်းကောင်း၊ တစုံတခုသော မဂ်သည် သတ်ဖြတ်ခြင်းငှာ မတတ်နိုင်ချေ။ ထို့ကြောင့် ဝတ္တမာနပစ္စုပ္ပန်၊ ဘုတ္တာ ဝိဂတုပ္ပန်၊ သြကာလဂတုပ္ပန်၊ ဘူမိလဒ္ဓုပ္ပန် ၄-ပါးတို့တွင် ဘူမိလဒ္ဓုပ္ပန္နကိုသာ ဤဒုတိယသမ္မပ္ပဓာန်အရာ၌ ဥပပ္ပန်းမည်၏ဟူ၍ ယူအပ်၏။

ထို့ကြောင့် မဂ်ကို မရလျှင် ဝိပဿနာ၏အာရုံဖြစ်သော သေက္ခပုဂ္ဂိုလ် ပုထုဇ်ပုဂ္ဂိုလ်တို့၏ ဟေဘူမက ခန္ဓာဟု ဆိုအပ်သောဘုံ၌ ယထာရဟအားဖြင့် ဖြစ်ထိုက်ကုန်သော ကာလ ၃-ပါးကိုမှ လွတ်ကုန်သော ဘူမိလဒ္ဓုပ္ပန်းမည်ကုန်သော အကုသိုလ်တရုးတို့ကို မဖြစ်ပဲနှင့် ချုပ်စဲ့ ပပျောက်အောင် မဂ်ဖြင့်ပယ်ဖျောက်ခြင်းငှာ အားထုတ်ခြင်း ဝီရိယသည် ပဋိယသမ္မပ္ပဓာန်မည်၏။ ဤစကားရပ်၌ (ကာလ ၃-ပါးတို့မှ လွတ်ကုန်သော ဘူမိလဒ္ဓုပ္ပန်းမည်ကုန်သော အကုသိုလ်တရုးတို့ကို မဖြစ်ပဲနှင့် ချုပ်စဲ့ ပပျောက်အောင် ပယ်ဖျောက်ခြင်းငှာ) ဟူသောစကားကို ရာသီမှန်မှန် သီးနှံကျသစ်ပင်ကြီး၏ သီးလတ္တံ့သော အသီးတို့ကို ဖျက်ဆီးခြင်းငှာ သီးသန့်သော ရာသီသို့ မကျရောက်ခင်ကြိုတင်၍ သစ်ပင်၏အဖြစ်ကိုဖြတ်ခြင်းဥပမာဖြင့် လည်းကောင်း၊ ဆေးမသောက်လျှင် စွဲရောက်လာမြဲရောဂါကို ကပ်ခါမရောက် ကင်းပျောက်

စိမ့်သောဌာ ရောဂါမရောက်ခင် ကြိုတင်၍ မြစ်ဖြတ်ဆေးကို မှီဝဲခြင်းဥပမာဖြင့်လည်းကောင်း သိအပ်၏။ ဥပုန္နေ ၄-ပါးတို့၏ အထူးကို ကမ္မပိလောတိက ဝိနိစ္ဆယ၌ ကြည့်၍ယူ။

မိမိသန္တာန်၌ မဖြစ်ဖူးသေးကုန်သော သမထကုသိုလ် ဝိပဿနာကုသိုလ် မင်္ဂကုသိုလ် ၃ ပါးတို့သည် အနုပ္ပန္နကုသိုလ်မည်ကုန်၏။ ထိုကုသိုလ် ၃ ပါးတို့ ဖြစ်အောင် အားထုတ်ခြင်း ပဓိရိယသည် တတိယ သမ္မပ္ပဓာန်မည်၏။ မိမိသန္တာန်၌ ဖြစ်ဖူးကုန်သော သမထကုသိုလ် ဝိပဿနာ ကုသိုလ် ၂ ပါးတို့သည် ဥပ္ပန္နကုသိုလ်မည်ကုန်၏။ ထိုကုသိုလ်တို့ကို မပျက်မပြား ပွားများတိုးတက်အောင် အားထုတ်ခြင်း ဝီရိယသည် စတုတ္ထ သမ္မပ္ပဓာန်မည်၏။ ဤ စတုတ္ထသမ္မပ္ပဓာန်၌ မဂ်ကုသိုလ်ကို အဘယ့်ကြောင့် ဥပ္ပန္နဟု မဆိုသနည်းဟူမူကား မဂ်ကုသိုလ်သည် တကြိမ်သာဖြစ်၍ ချုပ်သော်လည်း အကျိုးပျက်ပြားလျော့ပါး ဆုတ်ယုတ်ဖို မဟုတ်သောကြောင့်တည်း။ ထိုစကားသည် မှန်၏။ မဂ်ကုသိုလ်စေတနာသည် မိမိ၏ အခြားမဲ့၌ ဖိုလ်ကိုဖြစ်စေခြင်းငှာ အနန္တရ၊ သမနန္တရ၊ အနန္တရူပနိဿယ၊ ပကတူပနိဿ၊ နာနာက္ခဏိကကမ္မ၊ နတ္ထိ၊ ဝိဂတ သတ္တိတို့ဖြင့် ကျေးဇူးပြု၍သာ ချုပ်၏။ ဖိုလ်သို့ရောက်ပြီးသော ပုဂ္ဂိုလ်သည်လည်း တဖန် ပုထုဇဉ်မဖြစ်နိုင်။ ဖြစ်ပြီးကုန်သော သမထကုသိုလ် ဝိပဿနာကုသိုလ်တို့၏ ပျက်ပြားခြင်းသည်ကား အကျိုးပျက်ပြား လျော့ပါးဆုတ်ယုတ်ဖို့သာဖြစ်၏။ အကျိုးပျက်ပြား လျော့ပါးဆုတ်ယုတ်ဖို့ဖြစ်ကြောင်းကို လောကီစျာန် သမာပတ်မှလျော၍ ယက်ကန်းသည်တဘက်ကန်းမ၏ လက်ဖြင့် နယ်အပ်သော ကစီရေကိုသာ သောက်၍ အသက်ရှည်ရသော သာမဏေ လူထွက်၏ ဝတ္ထု၊ လောကီစျာန်သမာပတ်မှလျော၍ ဆင်းရဲစွာအလုပ်လုပ်၍ လယ်တောမှ မီးလောင်သစ်ငုတ်တို့ကို ထမ်း၍ ပင်ပန်းစွာ ပြန်လာရာ ကလျာဏီစေတီတော်ထို ဖူးမြော်၍ ပြန်လာကုန်သော ရဟန်းသုံးကျိပ်တို့နှင့် တောခရီး၌ ရင်ဆိုင်တွေ့၍ သာမဏေငယ်တို့၏ ပြက်ရယ်ပြုသည်ကို ခံရသော ရဟန်းလူထွက်၏ ဝတ္ထုတို့ဖြင့် သိ။ ထို့ကြောင့် ဤစတုတ္ထ သမ္မပ္ပဓာန်၌ သမထကုသိုလ် ဝိပဿနာကုသိုလ် ၂-ပါးကိုသာ ဥပ္ပန္နကုသိုလ်ဟု ဆိုအပ်၏။

ဤသမ္မာဝါယာမမဂ္ဂင်သည် မဂ်ကို မရမီ ရှေးအဖို၌ အထူးထူးသောအာရုံကို အားရှုပြု၍ အထူးထူးကုန်သော စိတ္တက္ခဏတို့၌ အထူးထူးကုန်သော သမ္မာဝါယာမတို့သည် ဖြစ်ကုန်၏။ မဂ္ဂလက္ခဏာ၌ကား နိဗ္ဗာန်တခုတည်းကို အာရုံပြု၍ စိတ္တက္ခဏတခုတည်း၌ သမ္မပ္ပဓာန် ၄-ပါးကို ပြီးစေလျက် သမ္မပ္ပဓာန် ဝီရိယဟုဆိုအပ်သော သမ္မာဝါယာမ တခုတည်းသာဖြစ်၏။ ဤသည်ကား သမ္မာဝါယာမမဂ္ဂင်၌ မှတ်သားဖွယ်တည်း။

(၇) သမ္မာသတိမဂ္ဂင်ဟူသည်ကား သတိပဋ္ဌာန်ကိစ္စ၏ အစွမ်းအားဖြင့်ဖြစ်သော သတိပင်တည်း။ ထို့ကြောင့် ဆစ္စဝိဘင်း ပါဠိတော်၌-

တတ္ထ ကတမာ သမ္မာသတိ၊ ဣဓ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာ ဒေါမနဿံ၊ ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာဒေါမနဿံ၊ စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာဒေါမနဿံ။ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာ ဒေါမနဿံ၊ ဒုယံ ဝုစ္စတိ သမ္မာသတိ-ဟူ၍ ဟောတော်မူအပ်၏။

တတ္တာ၊ ထိုမဂ္ဂင်တရား ရှစ်ပါးတို့တွင်။ သမ္မာသတိ၊ သမ္မာသတိမဂ္ဂင်သည်။ ဝါ၊ ကောင်းစွာအောက်မေ့ခြင်းသည်။ ကတမာ၊ အဘယ်နည်း။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ ကာယေ၊ ရူပကာယ၌။ ကာယာနုပဿီ၊ ရူပကာယဟု အဖန်တလဲလဲ ရှုသည်ဖြစ်၍။ အာတာပီ၊ ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိသည်ဖြင့်၍။ သမ္ပဇာနော၊ ပညာအဆင်အခြင်နှင့် ပြည့်စုံသည်ဖြင့်၍။ သတိမာ၊ သတိရှိသည်ဖြင့်၍။ လောကေ၊ ရူပကာယဟုဆိုအပ်သော လောက၌။ အဘိဇ္ဈာ ဒေါမနဿံ၊ အလိုကြီးခြင်း နှလုံးမသာယာခြင်းကို။ ဝါ၊ ချစ်ခြင်း မုန်းခြင်းကို။ ဝိနေယျ-ဝိနယိတ္ဝာ၊ ပယ်ဖျောက်၍။ ဝိဟရတိ၊ နေ၏။

ဝေဒနာသု၊ သုခ ဒုက္ခ စသော လောကီဝေဒနာတို့၌။ ဧဒနာနုပဿီ၊ သုခ ဒုက္ခ စသော ဝေဒနာဟု အဖန်တလဲလဲ ရှုသည်ဖြစ်၍။ အာတာပီ၊ ၍။ သမ္ပဇာနော၊ ၍။ သတိမာ၊ ၍။ လောကေ၊ သုခ ဒုက္ခ ဥပေက္ခာဖြစ်သော။ လောကီယဝေဒနာဟု ဆိုအပ်သော လောက၌။ အဘိဇ္ဈာဒေါမနဿံ၊ ကို။ ဝါ၊ ကို။ ဝိနေယျ-ဝိနယိတ္ဝာ၊ ၍။ ဝိဟရတိ၊ နေ၏။

စိတ္တေ၊ သရာဂ-ဝိရာဂ စသော လောကီစိတ်၌။ စိတ္တာနုပဿီ၊ သရာဂ-ဝိရာဂ စသော စိတ်ဟု အဖန်တလဲလဲရှုသည်ဖြစ်၍။ အာတာပီ၊ ၍။ သမ္ပဇာနော၊ ၍။ သတိမာ၊ ၍။ လောကေ၊ သရာဂ- ဝိရာဂစသောစိတ်ဟုဆိုအပ်သော လောက၌။ အဘိဇ္ဈာ ဒေါမနဿံ၊ ကို။ ဝါ၊ ကို။ ဝိနေယျ-ဝိနယိတ္ဝာ၊ ၍။ ဝိဟရတိ၊ နေ၏။

ဓမ္မေသု၊ လောကီသည်၊ သင်္ခါရဟုဆိုအပ်ကုန်သော တရားတို့၌။ ဓမ္မာနုပဿီ၊ လောကီသည်၊ သင်္ခါရတရားဟု ရှုသည်ဖြစ်၍။ အာတာပီ၊ ၍။ သမ္ပဇာနော၊ ၍။ သတိမာ၊ ၍။ လောကေ၊ လောကီသည်၊ သင်္ခါရဟုဆိုအပ်သော လောက၌။ အဘိဇ္ဈာ ဒေါမနဿံ၊ ကို။ ဝါ၊ ကို။ ဝိနေယျ- ဝိနယိတ္ဝာ၊ပယ်ဖျောက်၍။ ဝိဟရတိ၊ နေ၏။ အယံ၊ ဤသတိပဋ္ဌာန်တရားကို။ သမ္မာသတိ—သမ္မာသတိဋ္ဌတိ၊ သမ္မာသတိ မဂ္ဂင်ဟူ၍။ ဝါ၊ ကောင်းစွာ အောက်မေ့ခြင်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ မြုပ်ထားသော အနက်တို့ကို၊ ပထမအတိုင်းဖော်ဆိုပါ။ ဤပါဠိ-အနက်ကို၊ နှုတ်တက်အရဆောင်။

ဤပါဠိတော်၌ မှတ်သားရန်ကား ရူပကွန္ဓာကို သိမ်းဆည်းသောသတိသည် ကာယနုပဿနာသတိပဋ္ဌာန်မည်၏။ ဝေဒနာကွန္ဓာကို သိမ်းဆည်းသော သတိသည် ဝေဒနာနုပဿနာသတိပဋ္ဌာန်မည်၏။ ဝိညာဏကွန္ဓာကို သိမ်းဆည်းသောသတိသည် စိတ္တာနုပဿနာသတိပဋ္ဌာန်မည်၏။ သညာကွန္ဓာ၊ သင်္ခါရကွန္ဓာ-၂ ပါးကို၊ သိမ်းဆည်းသောသတိသည် ဓမ္မာနုပဿနာသတိပဋ္ဌာန်မည်၏။ ဤ-၄ပါးသော သတိပဋ္ဌာန်သည် သမ္မာသတိမည်၏။

ဤ သမ္မာသတိမဂ္ဂင်သည်၊ ရူပကာယကို--သိမ်းဆည်းသောအခါ၌၊ စိတ္တကွဏ တခြား၊ ဝေဒနာ—စိတ်—ဓမ္မတို့ကို၊ သိမ်းဆည်းသောအခါတို့၌လည်း စိတ္တကွဏတခြားစီ။ ထို့ကြောင့် မဂ်ကိုမရမီ ရှေးအဖို၌၊ အထူးထူးသော၊ ရူပကာယစသောအာရုံကို-အာရုံပြု၍၊ အထူးထူ

ကုန်းသာသတိဘို့သည်၊ ဖြစ်ကုန်၏။ မဂ်ကွာဏ်ဒ္ဓကား၊ နိဗ္ဗာန်တခုတည်းကို အာရုံပြု၍၊ စိတ္တက္ခဏ တခုတည်း၌၊ သဘိပဒ္ဓာန်ကိစ္စ ၄ ပါးကို ပြီးစေလျက်၊ သမ္မာသတိ တပါးတည်းသာ ဖြစ်၏ ဟူ၍မှတ်၊ သတိပဋ္ဌာန် ၄ ပါးတို့၏အာကျယ်ကို၊ သဘိပဒ္ဓာန ဝိဘင်းပါဠိတော်၊ မဟာသတိပဋ္ဌာနသုတ်ပါဠိတော်၊ ထိုပါဠိုးတော်တို့၏ အဋ္ဌကထာတို့မှာ-ယူ။ ၌သည်ကား၊ သမ္မာသတိမဂ်ဝင်၌ မှတ်သားဖွယ်တည်း။

(၇) သမ္မာသမာဓိမဂ်ဝင်ဟူသည်ကဲ့သား လောကီယစျာန်၊ လောကုတ္တရာစျာန်တို့၌ ရှိသော ဧကဂ္ဂတာပင်တည်း။ ထို့ကြောင့် သစ္စဝိဘင်းပါဠိတော်၌-

> တတ္ထ ကတမော သမ္မာသမာဓိ၊ ဣဓ ဘိက္ခု ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စအကုသလေဟိ ဓမ္မေဟိ သဝိတက္ကံ သဝိစာရံ ဝိဝေကဇံ ပီတိသုခံ ပဌမံစျာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ ဝိတက္ကဝိစာရံ ဥပသမာ အဇ္ဈတ္တံ သံပသာဒနံ စေတသော ဧကောဒိဘာဝံ အဝိတက္ကံ အဝိစာရံ သမာဓိဇံ ပီတိသုခံ ဒုတိယစျာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ ပီတိယာစ ဝိရာဂါ ဥပေက္ခကောစ ပိဟရတိ။ သတောစ သမ္ပဇာနော သုခဉ္စ ကာယေန ပဋိသံဝေဒေတိ၊ ယန္တံ အရိယာ အာစိက္ခန္တိ ဥပေက္ခကောစ သတိမာ သုခဝိဟာရီတိ၊ တတိယံ စျာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ သုခဿစ ပဟာနာ ဒုက္ခဿစ ပဟာနာ ပုဗ္ဗေဝ သောမနဿဒေါမနဿာနံ အတ္ထင်္ဂမာ အဒုက္ခမသုခံ ဥပေက္ခာ သတိ ပါရိသုဒ္ဓိံ စတုတ္ထံစျာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ အယံ ဝုစ္စတိ သမ္မာသမာဓိ-ဟူ၍ ဟောတော်မူအပ်၏။

တတ္ထ၊ ထိုမဂ်ဝင်တရား ရှစ်ပါးတို့တွင်။ သမ္မာသမာဓိ၊ သမ္မာသမာဓိမဂ်ဝင်သည်။ ဝါ၊ ကဲ့သင်းစွာတည်ကြည်ခြင်းသည်။ ကတမော၊ အဘယ်နည်း။ ဣဓ၊ ၌သာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ ကာမေဟိ၊ ကာမဂုဏ်တို့မှ။ ဝိဝိစ္စဝ၊ ဆိတ်၍သာလျှင်။ အကုသလေဟိ၊ အကုသိုလ်ဖြစ်ကုန်သော။ ဓမ္မေဟိ၊ နိဝရဏတရားတို့မှ။ ဝိဝိစ္စဝ၊ ဆိတ်၍သာလျှင်။ သဝိတက်၊ ဝိတက်နှင့်တကွ ဖြစ်ထသော။ သဝိစာရံ၊ ဝိစာရနှင့်တကွ ဖြစ်ထသော။ ဝိဝေကဇံ၊ နိဝရဏတို့မှ ဆိတ်ခြင်းကြောင့် ဖြစ်ထသော။ ဝါ၊ နိဝရဏတို့မှ ဆိတ်သော စျာနသမ္ပယုတ်တရားအပေါင်းတို့၌ ဖြစ်ထသော။ ပီတိသုခံ၊ ပီတိသုခ ရှိထသော။ ပဌမံ စျာနံ၊ ပဌမစျာန်သို့။ ဥပသမ္ပဇ္ဇ၊ ကပ်၍။ ဝိဟရတိ၊ နေ၏။

ဝိတက်ဝိစာရကုန်၊ ဝိတက်-ဝိစာရတို့၏။ ဝူပသမာ၊ ငြိမ်းခြင်းကြောင့်။ အဇ္ဈတ္တံ၊ အတ္တဇ္ဈတ္တ သန္တာန်၌ ဖြစ်ထသော။ သမ္ပသာဒနံ၊ သဒ္ဓါဟူသောနှင့် ယှဉ်ခြင်းကြောင့် ကောင်းစွာ ကြည်ထသော။ စေတသော၊ စိတ်၏။ ဧကောဒိဘာဝံ၊ မြတ်သည်ဖြစ်၍ဖြစ်သော သမာဓိကို ပွားစေတတ်သော။ ဝါ၊ စေတသော၊ စိတ်ကို၊ သမ္ပသာဒနံ၊ ကြည်စေတတ်ထသော။ ဧကောဒိဘာဝံ၊ ဝိတက် ဝိစာရ အဖော်မဖက် တပါးတည်းသက်သက်ဖြစ်သော သမာဓိကို ပွားစေတတ်ထသော။ အဝိတက္ကံ၊ ဝိတက်မရှိထသော။ အဝိစာရံ၊ အဝိစာရ မရှိထသော။ သမာဓိဇံ၊ ပဌမစျာန် သမာဓိကြောင့် ဖြစ်ထသော။ ဝါ၊ သမ္မယုတ်သမာဓိကြောင့် ဖြစ်ထသော။ ပီတိသုခံ၊ ပီတိသုခရှိထသော။ ဒုတိယံစျာနံ၊ ဒုတိယစျာန်သို့။ ဥပသမ္ပဇ္ဇ၊ ကပ်၍။ ဝိဟရတိ၊ နေ၏။

ဝိတက္ကဝိစာရာနံ၊ ဝိတက်-ဝိစာရတို့၏။ ဝူပသမာ၊ ငြိမ်းခြင်းကြောင့်။ အဇ္ဈတ္တံ၊ အတ္တဇ္ဈတ္တ သန္တာန်၌ ဖြစ်ထသော။ သမ္ပသာဒနံ၊ သဒ္ဓါဟူသောနှင့် ယှဉ်ခြင်းကြောင့် ကောင်းစွာ ကြည်ထသော။ စေတသော၊ စိတ်၏။ ဧကောဒိဘာဝံ၊ မြတ်သည်ဖြစ်၍ဖြစ်သော သမာဓိကို ပွားစေတတ်သော။ ဝါ၊ စေတသော၊ စိတ်ကို၊ သမ္ပသာဒနံ၊ ကြည်စေတတ်ထသော။ ဧကောဒိဘာဝံ၊ ဝိတက် ဝိစာရ အဖော်မဖက် တပါးတည်းသက်သက်ဖြစ်သော သမာဓိကို ပွားစေတတ်ထသော။ အဝိတက္ကံ၊ ဝိတက်မရှိထသော။ အဝိစာရံ၊ အဝိစာရ မရှိထသော။ သမာဓိဇံ၊ ပဌမစျာန် သမာဓိကြောင့် ဖြစ်ထသော။ ဝါ၊ သမ္မယုတ်သမာဓိကြောင့် ဖြစ်ထသော။ ပီတိသုခံ၊ ပီတိသုခရှိထသော။ ဒုတိယံစျာနံ၊ ဒုတိယစျာန်သို့။ ဥပသမ္ပဇ္ဇ၊ ကပ်၍။ ဝိဟရတိ၊ နေ၏။

ပိတိ့ယာ၊ ပိတိကို။ ဝိရာဂါစ၊ စက်ဆုပ်ခြင်းကြောင့် လည်းကောင်း။ ဝူပသမာစ၊ လွန်မြောက်ခြင်းကြောင့် လည်းကောင်း။ ဥပေက္ခကောစ၊ လျစ်လျူရှုသည်ဖြစ်၍လည်း။ ဝိဟ့ရတိ၊ နေ၏။ သတောစ၊ သတိရှိသည်ဖြစ်၍လည်းကောင်း။ သမ့ဇာနောစ၊ ပညာအဆင်အခြင် ရှိသည်ဖြစ်၍လည်းကောင်း။ သုခဉ္စ၊ သုခကိုလည်း။ ကာယေန၊ နာမကာယဖြင့်။ ပဋိသံဝေဒေတိ၊ ခံစား၏။ ယံ စျာနဟေတု၊ အကြောင်တတိယစျာန် ဟူသောအကြောင်းကြောင့်။ တံ၊ ထိုတတိယစျာန်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို။ အရိယာ၊ ဘုရား အစရှိကုန်သော အရိယာတို့သည်။ ဥပေက္ခကောတိစ၊ လျစ်လျူရှုသောသူဟူ၍လည်းကောင်း။ သတိမာတိစ၊ သတိရှိသောသူဟူ၍လည်းကောင်း။ သုခဝိဟာရီတိစ၊ ချမ်းသာစွာ နေလေ့ရှိသောသူဟူ၍ လည်းကောင်း။ အာစိက္ခန္တိ၊ ချီးမွမ်းစကား မြွက်ကြားတော်မူကြကုန်၏။ တံ တတိယစျာနံ၊ ထို တတိယစျာန်သို့။ ဥပသမ့ဇ္ဇ၊ ကပ်၍။ ဝိဟရတိ၊ နေ၏။

ပုဗ္ဗေဝ၊ ရှေးမဆွကပင်လျှင်။ သုခဿစ၊ သုခဝေဒနာကိုလည်း။ ပဟာနာ၊ ပယ်ခြင်းကြောင့်။ ဒုက္ခဿစ၊ ဒုက္ခဝေဒနာကိုလည်း။ ပဟာနာ၊ ပယ်ခြင်းကြောင့်။ သောမနဿဒေါမနဿာနံ၊ သောမနဿဝေဒနာ, ဒေါမနဿဝေဒနာတို့၏။ အတ္ထင်္ဂမာ၊ ချုပ်ခြင်းကြောင့်။ အဒုက္ခမသုခံ၊ ဥပေက္ခာဝေဒနာနှင့်ယှဉ်သော။ ဥပေက္ခာသတိ ပါရိသုဒ္ဓိံ၊ တကြွမဏ္ဍိတာ့ပေက္ခာသည် ဖြစ်စေအပ်သော သတိ၏စင်ကြယ်ခြင်းရှိသော။ စတုတ္ထစျာနံ၊ စတုတ္ထစျာန်သို့။ ဥပသမ့ဇ္ဇ၊ ကပ်၍။ ဝိဟရတိ၊ နေ၏။ ဤမေသု စတူသု စျာနေသု၊ ဤလေးပါးကုန်သော စျာန်တို့၌။ ယာ ကောဂတာ၊ အကြင် ကောဂတာသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤကောဂတာကို။ သမ္မာသမာဓိ-သမ္မာသမာဓိဣတိ၊ သမ္မာသမာဓိမဂ္ဂင်ဟူ၍။ ဝါ၊ ကောင်းစွာတည်ကြည်ခြင်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဤပါဠိနက်ကို နှုတ်တက် အရဆောင်။

ပါဠိတော်၌ မှတ်သားရန်ကား သမ္မာသမာဓိမဂ္ဂင်သည် မဂ်ကိုမရမီရှေးအဖို့၌ သမာပတ်၏ အစွမ်းအားဖြင့် အထူးထူးသောအာရုံကို အာရုံပြု၍ အထူးထူးကုန်သော စိတ်တွဲကွဏတို့၌ ပဌမစျာန်သမာဓိ စသောအားဖြင့် အထူးဟူးကုန်သော သမာဓိတို့သည် ဖြစ်ကုန်၏။ မဂ္ဂက္ခဏတို့၌ကား နိဗ္ဗာန်တခုတည်းကို အာရုံပြု၍ ပဌမစျာနိကမဂ် စသောအားဖြင့် အထူးထူးကုန်သောသမာဓိတို့သည် ဖြစ်ကုန်၏ဟူ၍ မှတ်။ ထိုစကားသည် မှန်၏။ သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်တို့သည် မိမိတို့ဖြစ်သောအခါ စိတ္တက္ခဏ တကြိမ်တည်းသာ ဖြစ်သော်လည်း တယောက်သောပုဂ္ဂိုလ်အား သောတာပတ္တိမဂ်သည် ပဌမစျာန်မဂ် ဖြစ်လျှင် သကဒါဂါမိမဂ် အစရှိကုန်သော အထက်မဂ်တို့သည် ပထမစျာန်မဂ်သည်ပင် လည်းကောင်း။ သို့မဟုတ် ဒုတိယစျာန်မဂ် စသည်တို့တွင် တပါးပါးတို့သည် လည်းကောင်း ဖြစ်ကုန်၏။ တယောက်သောပုဂ္ဂိုလ်အား သောတာပတ္တိမဂ်သည် ဒုတိယစျာနမဂ် စသည်တို့တွင် တပါးပါးတို့သည် လည်းကောင်း ဖြစ်လျှင် သကဒါမိ စသော မဂ်တို့သည် ဒုတိယစျာနမဂ် စသည်တို့တွင် တပါးပါးတို့သည်ပင် လည်းကောင်း၊ သို့မဟုတ် ပထမစျာန်မဂ်တို့သည် လည်းကောင်း ဖြစ်ကုန်၏။ ထို့ကြောင့် မဂ္ဂက္ခဏ၌ သမ္မာသမာဓိသည် စျာန်၏ အစွမ်းအားဖြင့် အထူးထူးဖြစ်ကုန်၏ ဟူ၍ မှတ်။ ဤသည်ကား သမ္မာသမာဓိမဂ်၌ မှတ်သားဖွယ်တည်း။

ဤမဂ္ဂင်ရှစ်ပါး တရားတို့ကို အတ္ထအားဖြင့် လည်းကောင်း၊ လက္ခဏအားဖြင့် လည်းကောင်း၊ ကိစ္စအားဖြင့် လည်းကောင်း၊ အန္တောဂဓအားဖြင့် လည်းကောင်း၊ ဧကဝိဓ စသော အပြားအားဖြင့် လည်းကောင်း ပိုင်းခြား၍ သိအပ်ကုန်၏။ ထိုတွင် အတ္ထအားဖြင့်ကား ထို မဂ္ဂင်ရှစ်ပါး တရားတို့တွင် သမ္မာဒိဋ္ဌိမဂ္ဂင်ဟူသည် ပညာစေတသိက်သာတည်း။ သမ္မာသင်္ကပ္ပ မဂ္ဂင်ဟူသည် ဝိတက်စေတသိက်သာတည်း။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၄ဂ္ဂင်တို့ ဟူသည် မင်္ဂကို မရမီ ရှေးအဖို၌ ဝိရတီ စေတသိက် စေတနာ စေတသိက်တို့တည်း။ မဂ္ဂက္ခဏ၌ ကား ဝိရတီ စေတသိက်တို့သာတည်း။ သမ္မာဝါစာ မဂ္ဂင်ဟူသည် သမ္ဗပ္ပဓာန် ကိစ္စရှိသော ဝီရိယ စေဘသိက်သာတည်း၊ သမ္မာသတိ မဂ္ဂင်ဟူသည် သတိပဋ္ဌာန်က်စ္စရှိသော သတိစေတသိက် သာတည်း။ သမ္မာသမာဓိ မဂ္ဂင်ဟူသည် ကေဂ္ဂတာ စေတသိက်သာတည်း။ ဤသို့ အတ္ထအား ဖြင့် သိအပ်၏။

လက္ခဏာအားဖြင့်ကား မဂ္ဂင်ရှစ်ပါး တရားတို့တွင် သမ္မာဒိဋ္ဌိသည် ကောင်းစွာမြင်ခြင်း လက္ခဏာရှိ၏။ သမ္မာသင်္ကပ္ပသည် သမ္မယုတ်တရားတို့ကို အာရုံသို့ ကောင်းစွာရှေးရှု တင်ခြင်း လက္ခဏာရှိ၏။ သမ္မာဝါစာသည်လူအပေါင်းကိုလည်းကောင်းသမ္မယုတ်တရားတို့ကိုလည်းကောင်း ကောင်းစွာချီးမြှောက် သိမ်းဆည်းခြင်း လက္ခဏာရှိ၏။ သမ္မာကမ္မန္တသည် မိမိ၏ဆန္ဒကျင်ဘက် ဖြစ်ကုန်သော ကိလေသာတို့နှင့်တကွ မိစ္ဆာကမ္မန္တကို ပယ်ဖျက်ခြင်း နိဗ္ဗာန်ကို အာရုံပြုခြင်း ကိုယ်အမူအရာတို့ကို လည်းကောင်း၊ သမ္မယုတ်တရား တို့ကို လည်းကောင်း ကောင်းစွာဖြစ်စေခြင်း ဤကိစ္စသုံးပါးတို့ကို ပြုတတ်၏။ သမ္မာအာဇီဝမဂ္ဂင်သည် မိမိ၏ ဆန္ဒကျင်ဘက်ဖြစ်ကုန်သော ကိလေသာတို့နှင့် တကွ မိစ္ဆာဇီဝကို ပယ်ခြင်း နိဗ္ဗာန်ကို အာရုံပြုခြင်း ပုဂ္ဂိုလ်ကို လည်းကောင်း၊ သမ္မယုတ်တရားတို့ကို လည်းကောင်း ကောင်းစွာအပြစ်ကင်း၍ သန့်ရှင်းဖြူစင်စေခြင်းဤကိစ္စသုံးပါးတို့ကိုပြုတတ်၏။ သမ္မာဝါယာမမဂ္ဂင်သည် မိမိ၏ဆန့်ကျင်ဘက်ဖြစ်ကုန်သော ကိလေသာတို့နှင့်တကွ မိစ္ဆာဝါယာမကို ပယ်ခြင်း၊ နိဗ္ဗာန်ကို အာရုံပြုခြင်း၊ သမ္မယုတ်တရား တို့ကို ကောင်းစွာ ထောက်ပံ့ခြင်း ဤကိစ္စသုံးပါးတို့ကို ပြုတတ်၏။ သမ္မာသတိမဂ္ဂင်သည် မိမိ၏ ဆန့်ကျင်ဘက် ဖြစ်ကုန်သော ကိလေသာတို့နှင့်တကွ မိစ္ဆာသတိကို ပယ်ခြင်း၊ နိဗ္ဗာန်ကို အာရုံပြုခြင်း၊ အာရုံ၌မပေါ်မလွင် ကောင်းစွာထင်ခြင်း ဤကိစ္စသုံးပါးတို့ကို ပြုတတ်၏။

သမ္မာသမာဓိမဂ္ဂင်သည် မိမိ၏ ဆန့်ကျင်ဘက်ဖြစ်ကုန်သော ကိလေသာတို့နှင့် တကွ မိစ္ဆာသမာဓိကို ပယ်ခြင်း နိဗ္ဗာန်ကို အာရုံပြုခြင်း အာရုံ၌ စိတ်ကို ကောင်းစွာထားခြင်း ဤကိစ္စသုံးပါးတို့ကို ပြုဘတ်၏။ ဤကိစ္စတို့တွင် နိဗ္ဗာန်ကို အာရုံပြုခြင်းဆိုရာ၌ လောကုတ္တရာမဂ္ဂင်ကိုရည်၍ ဆိုအပ်သည်။ လောကိယမဂ္ဂင်တို့သည် ယထာရဟအားဖြင့် အာရုံခြောက်ပါးကို အာရုံပြုကုန်၏။ ဤသို့ ကိစ္စအားဖြင့် မှတ်။

အန္တောဂဓ အပြားအားဖြင့်ကား မဂ္ဂင်တရားရှစ်ပါးတို့တွင် သမ္မာဒိဋ္ဌိ၌ ဝိမံသိဒ္ဓိပါဒ် ပညိန္ဒြေ ပညာဗိုလ် ဓမ္မဝိစယသမ္ဗောဇ္ဈင်တို့သည် အတွင်းဝင်ကုန်၏။ သမ္မာသင်္ကပ္ပ၌ နေက္ခမ္မ-သင်္ကပ္ပ အဗျာပါဒသင်္ကပ္ပ အဝိဟိံသ သင်္ကပ္ပတို့သည် အတွင်းဝင်ကုန်၏။ သမ္မာဝါစာ၌ ဝစီသုစရိုက် ၄ ပါးတို့သည် အတွင်းဝင်ကုန်၏။ သမ္မာကမ္မန္တ၌ ကာယသုစရိုက် ၃-ပါးတို့

သည် အတွင်းဝင်ကုန်၏။ သမ္မာအာဇီဝဠ် အပိစ္ဆတာ သန္တုဋ္ဌိတာတို့သည် အတွင်းဝင်ကုန်၏။

တနည်းကား သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝတို့သည် အရိယကန္တသီလ ဖြစ်သောကြောင့် လည်းကောင်း၊ သီလကို သဒ္ဓါဟုဆိုအပ်သော လက်ဖြင့် ခံယူအပ်သော ကြောင့်လည်းကောင်း၊ သဒ္ဓါသမ္မာဆန္ဒတို့ ရှိသဖြင့် သီလလည်း ဖြိုဆင့်သောကြောင့် လည်းကောင်း၊ ထိုသမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝတို့ဠ် သဒ္ဓိန္ဒြေ, သဒ္ဓါဗိုလ်, ဆန္ဒိဒ္ဓိပါဒ်တို့သည် အတွင်းဝင်ကုန်၏။ သမ္မာဝါယာမဠ် သမ္မပ္ပဓါန် ၄-ပါး ဝီရိယိဒ္ဓိပါဒ်, ဝီရိယိန္ဒြေ, ဝီရိယဗိုလ်, ဝီရိယသမ္မောဇ္ဈင်တို့သည် အတွင်းဝင်ကုန်၏။

သမ္မာသတိဠ် သတိပဋ္ဌာန် ၄-ပါး သတိန္ဒြေ, သတိဗိုလ်, သတိသမ္မောဇ္ဈင်တို့သည် အတွင်းဝင်ကုန်၏။ သမ္မာသမာဓိဠ် သဝိတက္က သဝိစာရသမာဓိ အဝိတက္က ဝိစာရမတ္တသမာဓိ အဝိတက္က အဝိစာရသမာဓိတို့သည် လည်းကောင်း၊ စိတ္တသမာဓိ, သမာဓိန္ဒြေ, သမာဓိဗိုလ်, ပီတိသမ္မောဇ္ဈင်, ပဿဒ္ဓိသမ္မောဇ္ဈင်, သမာဓိသမ္မောဇ္ဈင်, ဥပေက္ခာသမ္မောဇ္ဈင်တို့သည် အတွင်းဝင်ကုန်၏။

အဘယ်ကြောင့် ဤသမ္မာသမာဓိဠ် စိတ္တသမာဓိ ပီတိပဿဒ္ဓိ ဥပေက္ခာတို့ကို သွင်းအပ်ကုန်သနည်း ဟူမူ "စိတ္တံပညဉ္စဘာဝယံ" ဟူသော ဒေသနာတော်ဠ် စိတ္တသဒ္ဒါဖြင့် သမာဓိကို ယူအပ်သောကြောင့် ဤသမာဓိဠ်လည်း စိတ်ကိုသွင်း၍ ယူအပ်ပါ၏။ ယင်းသို့ ဖြစ်လျှင် စိတ္တိဒ္ဓိပါဒ်ဟု ဆိုပါတော့လော၊ အဘယ်ကြောင့် စိတ္တသမာဓိဟု ဆိုလေကုန်သနည်းဟူမူ စိတ္တိဒ္ဓိပါဒ်ကို ပွားရာဠ် သမာဓိလွန်ကဲသောကြောင့် စိတ္တိဒ္ဓိပါဒ်ဟု မဆိုပဲ စိတ္တသမာဓိ ဟုဆို အပ်၏။ "ပီတိသောမနဿ ကာယော ပဿမ္ဘတိ" စသည်ဖြင့် ဟောတော်မူအပ်သည်နှင့်အညီ ပီတိ ပဿဒ္ဓိ ၂-ပါးတို့သည် သမာဓိအား ကျေးဇူးများကုန်၏။ ဥပေက္ခာသည် သမာဓိအား ကျေးဇူးလည်းများ၏၊ သမာဓိနှင့်တူသော ကိစ္စလည်းရှိ၏။ ထို့ကြောင့် ပီတိ ပဿဒ္ဓိ ဥပေက္ခာတို့ကို သမာဓိဠ် ရေတွက်အပ်ကုန်၏။ ဤသို့ အနွှာဂမအား ဖြင့် မှတ်။

ကဝိစသော အပြားအားဖြင့်ကား ဤမဂ္ဂင်တရား ရှစ်ပါးဟူသည် ပွားများစေအပ်သော ဘာဝေဟမ္မအား ဖြင့် တပါးတည်းသာ ဖြစ်၏။ ဂဏ်မ။

သောဘာပတ်မဂ် (၈) ပါးတို့သည် ဒဿနမည်ကုန်၏။ သကဒါဂါမိမဂ္ဂင် (၈) ပါး အနာဂါမိမဂ္ဂင် (၈) ပါး, အရဟတ္တမဂ္ဂင် (၈) ပါးတို့သည် ဘာဝနာ မည်ကုန်၏။ ဤသို့ ပဿန ဘာဝနာအား ဖြင့် ၂-ပါး အပြားရှိကုန်၏။

တနည်းကား ထိုမဂ္ဂင် (၈) ပါးတို့တွင် သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ ၂-ပါးတို့သည် ဝိဇ္ဇာ မည်ကုန်၏။ အဏဂ်မဂ် ၆-ပါးတို့သည် စရဏမည်ကုန်၏။ ဤသို့ ဝိဇ္ဇာ စရဏအား ဖြင့် ၂-ပါး ပြားကုန်၏။

တနည်းကား သပ္ပါဝဝါစာ အစရှိကုန်သော အဏဂ်မဂ် ၆-ပါးကိုသည် သမာ ဃာ မည်ကုန်၏။ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ ၂-ပါးတို့သည် ပိပဿနာဘာဝနာမည်ကုန်၏။ ဤသို့ သမာဃ ပိပဿနာဘာဝနာအား ဖြင့် ၂-ပါး ပြားကုန်၏။ ဒုဝိဓ။

ထိုမဂ္ဂင်(၈)ပါးတို့တွင် သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ ၃-ပါးတို့သည် အဓိသီလသိက္ခာ မည်ကုန်၏။ သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ ၃-ပါးတို့သည် အဓိစိတ္တသိက္ခာမည်ကုန်၏။ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ ၂-ပါးတို့သည် အဓိပညာသိက္ခာ မည်ကုန်၏။ ဤသို့သိက္ခာအားဖြင့် ၃-ပါးပြားကုန်၏။

တနည်းကား သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ ၃-ပါးတို့သည် သီလက္ခန္ဓမည်ကုန်၏။ သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ ၃-ပါးတို့သည် သမာဓိက္ခန္ဓမည်ကုန်၏။ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ ၂-ပါးတို့သည် ပညာက္ခန္ဓမည်ကုန်၏။ ဤသို့ ခန္ဓအားဖြင့် ၃ ပါးပြားကုန်၏။ တိဝိဓ။

ဤသို့ မဂ္ဂင်၅စ်ပါးတို့ကို ခန္ဓ ၃-ပါးတို့ဖြင့် ရေတွက်ရာ၌ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ ၃-ပါးတို့ကို သီလဇာတ်တူ သဘောအားဖြင့် သီလက္ခန္ဓ၌ ရေတွက်အပ်ကုန်၏။ သမာဓိသည် မိမိသဘောအလျောက် အာရုံ၌ တည်ကြည်သောအားဖြင့် ဖြစ်ခြင်းငှာ မစွမ်းနိုင်။ ဝါယာမက ထောက်ပံ့ခြင်းကိစ္စဖြင့် သတိက မပေါ်လွင်သောအားဖြင့် တုန်လှုပ်ခြင်းကင်းအောင် ပြုခြင်းကိစ္စဖြင့် ပြုအပ်သော ကျေးဇူးကို ခံရပါမှ အာရုံ၌ တည်ကြည်သောအားဖြင့် ဖြစ်ခြင်းငှာ စွမ်းနိုင်၏။ ဥပမာကား ငါတို့သည် နဟွတ်ပဲသို့သွား၍ ပျော်ပါးကုန်အံ့ဟု ဥယျာဉ်သို့ဝင်ကုန်သော သူငယ်ချင်းသုံးယောက်တို့တွင် တယောက်သောသူသည် ပွင့်သောစကားပင်ကို မြင်၍ စကားပန်းကို လက်လှမ်း၍ ဆွတ်ယူခြင်းငှာ မတတ်နိုင်ရာ။ ထိုအခါ သူငယ်ချင်းဘယောက်က မိမိကျောက်ကုန်းကို ညွှတ်ကုန်း၍ ထိုသူအား ပေးရာ၏။ ထိုအခါ ကျောက်ကုန်းထက်၌ ရပ်၍လည်း တုန်တုန်လှုပ်လှုပ် ရှိလှသည်ဖြစ်၍ ဆွတ်ယူခြင်းငှာပင် မဘတ်နိုင်ရာသေး၊ ထိုအခါ ကြွင်းသော သူငယ်ချင်းတယောက်က ပခုံးစွန်းကို ကပ်ချဉ်း၍ပေးပြန်ရာ၏၊ ဤသို့ နှစ်ယောက်ကုန်သော သူငယ်ချင်းတို့သည် ပြုအပ်သော ကျေးဇူးကိုရမှ တယောက်သောသူ၏ ကျောက်ကုန်းထက်၌ရပ်၍ တယောက်သောသူ၏ ပခုံးစွန်းကို ကိုင်၍ အလိုရှိတိုင်း စကားပန်းကို ဆွတ်ယူပန်ဆင် နက္ခတ်သဘင်သို့ သွား၍ ပျော်ရသကဲ့သို့တည်း။

ဤဥပမာ၌ ဝိရိယသည် ကျောက်ကုန်းကို ညွှတ်ကုန်း၍ပေးသော သူနှင့်တူ၏။ သတိသည် ပခုံးစွန်းကို ကပ်ချဉ်း၍ပေးသော သူနှင့်တူ၏။ သမာဓိသည် တဦးသောသူ၏ ကျောက်ကုန်း၌ရပ်၍ တယောက်သောသူ၏ ပခုံးစွန်းကိုကိုင်၍ ပန်းဆွတ်ခူးသောသူနှင့် တူ၏။ သမာဓိ၏အာရုံသည် ပန်းနှင့်တူ၏။ ဤသို့လျှင် ဝါယာမက ထောက်ပံ့ခြင်းကိစ္စဖြင့် သတိက မပေါ်လွင်သောအားဖြင့် တုန်လှုပ်ခြင်းကင်းအောင် ပြုခြင်းကိစ္စဖြင့် ပြုအပ်သောကျေးဇူးကို ခံရပါမှ သမာဓိသည် အာရုံ၌တည်ကြည်သောအားဖြင့် ဖြစ်နိုင်သည်။ ထို့ကြောင့် သမ္မာသမာဓိကို သာလျှင် သဝိတက္ကသဝိစာရစသည်ဘိုးနှင့်ဘူသော သမာဓိဇာတ်အားဖြင့် သမာဓိက္ခန္ဓ၌ ရေတွက်အပ်၏ ဟူ၍မှတ်။

သမ္မာဒိဋ္ဌိ-သမ္မာသင်္ကပ္ပ ၂ ပါးဟူတွင် သမ္မာဒိဋ္ဌိသည် မိမိသဘောအလျောက် အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူ၍ အာရုံကို မဆုံးဖြတ်နိုင်၊ သမ္မာသင်္ကပ္ပ ဟူသော ဝိတက်သည် အာရုံကို ဖောက်ရှဲ့ နှက်ချပေးမှ ဆုံးဖြတ်နိုင်သည်။

ဥပမာကား၊ ရွှေပန်းထိမ်သမားသည် အသပြာကို လက်၌ထား၍ အလုံးစုံသောအဖို့ တို့၌ ကြည့်ရှုလိုသော်လည်း မျက်စိဖြင့် အသပြာကို မလှည့်ပတ် မပြန်လှန်နိုင်၊ လက်ချောင်း တို့ဖြင့် ပြန်လှန်၍သာ ထိုမှ ဤမှ ရှုကြည့်နိုင်၏။ ထိုအတူ သမ္မာဒိဋ္ဌိသည် မိမိသဘော အားလျော်အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟူ၍ အာရုံ၌ မဆုံးဖြတ်နိုင်။ အာရုံသို့ ရှေးရှုတင်ခြင်း လက္ခဏာ၊ ရှေးဦးခေါက်ခြင်း၊ ထက်ဝန်းကျင်မှ ခေါက်ခြင်းကိစ္စရှိသော သမ္မာသင်္ကပ္ပ ဟူသော ဝိဘင်္သည် အာရုံကို အနိစ္စ-အနိစ္စ အစရှိသဖြင့် ခေါက်သကဲ့သို့ဖြစ်၍ အနိစ္စံ ခယ-ဋ္ဌေန၊ ဒုက္ခံ ဘယဋ္ဌေန၊ အနတ္တံ အသာရကဋ္ဌေနဟု ပြန်လှန်သကဲ့သို့ ဖြစ်၍ ကြံ၍ ကြံ၍ပေး အပ်သော အာရုံကိုသာ ဆုံးဖြတ်နိုင်၏။ ထိုကြောင့် သမ္မာဒိဋ္ဌိကိုသာ ဒုက္ခဉာဏ် စသည်တို့ နှင့်တူသော ပညာဇာတ်အား၊ဖြင့် ပညက္ခန္ဓ၌ ရေတွက်အပ်၏။ သမ္မာသင်္ကပ္ပကိုကား ပညာ နှင့်တူသော ကိစ္စအမူအရာအား၊ဖြင့် ပညက္ခန္ဓ၌ ရေတွက်အပ်၏ဟု မှတ်။

ဤသို့ မဂ္ဂင်ရှစ်ပါးတို့ကို ခန္ဓသုံးပါးတို့ဖြင့် ရေတွက်ရာ၌ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ သုံးပါးတို့ကို သီလက္ခန္ဓ၌ ရေတွက်အပ်သောအရာကို တွေ့မြင်ကာမျှဖြင့် ကုသလ ကမ္မပထဟူရာ (၁၀) ပါးတို့တွင် နောက်ဆုံးဖြစ်သော အနာဘိဇ္ဈာ အဗျာပါဒ သမ္မာဒိဋ္ဌိ ၃-ပါးတို့ကို ဝိရတိမျိုး ဝေရမဏိမျိုး မဟုတ်သောကြောင့် သီလပင် မဟုတ်ဟု မဆိုအပ်။ ဝိရတိမျိုး ဝေရမဏိမျိုး ဟုတ်မှသာ သီလဟုတ်၏ ဟု ဆိုသော ပိဋကတ်ကျမ်းဂန်မရှိ။ ထို့ အနာဘိဇ္ဈာ အဗျာပါဒ သမ္မာဒိဋ္ဌိ ၃-ပါးတို့သည် ဝိရတိမျိုး ဝေရမဏိမျိုးပင် မဟုတ်သော်လည်း သီလပင်ဟုတ်၏၊ သီလဟုတ်ကြောင်းကို-

(ကိံ သီလန္တိ၊ စေတနာသီလံ စေတသိကံသီလံ သံဝရာသီလံ အဝီတိက္ကမောသီလံ) ဟူ၍ ဟောတော်မူအပ်သော ပဋိသမ္ဘိဒါမဂ် ပါဠိတော်-

(စေဘသိကံ သီလံနာမ၊ အဘိဇ္ဈံလောကေ ပဟာယ ဝိဂတဘိဇ္ဈေန စေတသာ ဝိဟရတိတိ အာဒိနာနယေန စုတ္တာ အနာဘိဇ္ဈာ၊ အဗျာပါဒ သမ္မာဒိဋ္ဌိမမွာ) ဟူ၍ ဝိကပ်တပါးဖြင့် ဖွင့်ပြတော်မူအပ်သော သဒ္ဓမ္မပကဏ်သနီ မည်သော ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ၊ ယင်းနည်းတူ လာကုန်သော သပ္ပေါဟ ဝိနောဒနီ အဋ္ဌကထာ ဝိသုဒ္ဓိမဂ်ပါဠိတို့ဖြင့် သိအပ်၏။

သီလံ၊ သီလသည်။ ကိံ? အဘယ်နည်း။ ဣတိ၊ ဤကား- စေဘနာ။ စေတနာ၊ ပါဏာတိပါဘစသည်တို့မှ ကြဉ်သောသူ၏ ၃-ပါးသော ကုသလကမ္မပထ စေတနာသည်။ သီလံ၊ သီလမည်၏။ စေတသိကံ၊ အနာဘိဇ္ဈာ အဗျာပါဒ သမ္မာဒိဋ္ဌိဟူသော စေတသိက်သည်။ သီလံ၊ သီလမည်၏။ သံဝရာ၊ ပါတိမောက္ခသံဝရ၊ သတိသံဝရ၊ ဉာဏသံဝရ၊ ခန္တီသံဝရ၊ ဝီရိယသံဝရဟူသော သံဝရ ၅-ပါးသည်။ သီလံ၊ သီလမည်၏။ အဝီတိက္ကမော၊ ကိုယ်နှုတ်တို့ ဖြင့် မလွန်ကျူးခြင်းသည်။ သီလံ၊ သီလမည်၏။ ဤကား အဋ္ဌကထာ၏ ဒုတိယပိကပ်အဝိုင်း ယောဇနာအပ်သော ပါဠိတော်၏အနက်။

သေဘကေ၊ ဥပါဒါနက္ခန္ဓာဟူသော လောက၌။ အဘိဇ္ဈံ၊ အလိုကြီးခြင်းကို။ ပဟာယ၊ ပယ်၍။ ဝိဂတာဘိဇ္ဈေန၊ ကင်းသော အဘိဇ္ဈာရှိသော။ ဝါ၊ အဘိဇ္ဈာကင်းသော။ စေတသာ၊ စိတ်ဖြင့်။ ဝိဟရတိ၊ နေ၏။ ဤတို့ အာဒိနာနယေန၊ ဤသို့ အစရှိသော နည်းအားဖြင့်။

ဝုတ္တာ၊ ဟောတော်မူအပ်ကုန်သော။ အနာဘိဇ္ဈာ အဗျာပါဒ သမ္မာဒိဋ္ဌိမှာ၊ အနာဘိဇ္ဈာ၊ အဗျာပါဒ သမ္မာဒိဋ္ဌိတရား ၃-ပါးတို့သည်။ စေတသိကံ၊ စေတသိက်ဖြစ်သော။ သီလံနှာမ၊ သီလမည်၏။ ဤကား အဋ္ဌကထာပါဠိ၏အနက်။

အဘိဇ္ဈာ ဗျာပါဒ မိစ္ဆာဒိဋ္ဌိတို့၏ ဆန့်ကျင်ဘက်ဖြစ်ကုန်သော အနာဘိဇ္ဈာ၊ အဗျာပါဒ သမ္မာဒိဋ္ဌိ ၃-ပါး သုစရိုက်တရားတို့သည် စေတသိက သီလမည်ကုန်၏ ဟူသော အကျဉ်း အဓိပ္ပာယ်ကို မှတ်။ ထိုမှတပါး၊လည်း ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌လင်။

ပါဏာတိပါတံ သံဝရဋ္ဌေန သီလံ၊ အဝိတိက္ကမဋ္ဌေန သီလံ၊ အဒိန္နာဒါနံ သံဝရဋ္ဌေန သီလံ၊ အဝိတိက္ကမဋ္ဌေနသီလံ၊ ကာမေသုမိစ္ဆာစာရံ သံဝရဋ္ဌေန သီလံ၊ အဝိတိက္ကမဋ္ဌေနသီလံ၊ မုသာဝါဒံ သံဝရဋ္ဌေနသီလံ၊ အဝိတိက္က မဋ္ဌေနသီလံ၊ ပိသုဏဝါစံ သံဝရဋ္ဌေနသီလံ၊ အဝိတက္ကမဋ္ဌေနသီလံ၊ ဖရုသဝါစံ သံဝရဋ္ဌေနသီလံ၊ အဝိတိက္ကမဋ္ဌေနသီလံ၊ သမ္ဖပ္ပလာပံ သံဝရဋ္ဌေနသီလံ၊ အဝိတိက္ကမဋ္ဌေန သီလံ၊ အဘိဇ္ဈံ သံဝရဋ္ဌေနသီလံ၊ အဝိတိက္ကမဋ္ဌေနသီလံ၊ ဗျာပါဒံ သံဝရဋ္ဌေနသီလံ၊ အဝိတိက္ကမဋ္ဌေန သီလံ၊ မိစ္ဆာဒိဋ္ဌိံ သံဝရဋ္ဌေနသီလံ၊ အဝိတိက္ကမဋ္ဌေန သီလံ ဟူ၍ ကုသလကမ္မပထသီလတို့ကို ဟောတော်မူအပ်၏။

ပါဏာတိပါတံ၊ ဇီဝိတိန္ဒြေကို လျင်စွာချခြင်းကို။ သံဝရဋ္ဌေန၊ ဆီးတားပိတ်ပင်ခြင်း အနက်သဘောကြောင့်။ သီလံ၊ သီလမည်၏။ (ကြွင်းသောပါဋ္ဌတို့လည်း နည်းတူ ငယောဇနာလေ)။

ဤပါဠိတော်ဖော်ပါဋ္ဌဖြင့် ကုသလကမ္မပထတရား (၁၀) ပါးတို့ကို ဆီးတားပိတ်ပင်ခြင်း၊ မလွန်ကျူးခြင်းတို့သည် ကုသလကမ္မပထသီလ မည်ကုန်၏ ဟူသော အဓိပ္ပာယ်သည် အလွန်ထင်ရှား၏။ ထို့ကြောင့် သဒ္ဓမ္မပကာသနီ အဋ္ဌကထာ၌ (ဧဝံ ဒသ ကုသလ ကမ္မပထဝသေန သီလံဒသေဟာဘွာ) ဟူ၍ သမ္မန္နသံဝဏ္ဏနာ စကားကို မိန့်ကြားကော်ပူဖော်၏။

ဧဝံ၊ ဤသို့။ ဒသ ကုသလ ကမ္မပထဝသေန၊ ဆယ်ပါးကုန်သော ကုသလကမ္မပထတို့၏ အစွမ်းအားဖြင့်။ သီလံ၊ သီလကို။ ဒသေတွာ၊ ပြပြီး၍။ ဤသို့ ယောဇနာ။

ဤသို့ ပြဆိုဖော်ပခဲ့ကုန်ပြီးသော ပါဠိတော် အဋ္ဌကထာတို့ဖြင့် အနာဘိဇ္ဈာ၊ အဗျာပါဒ၊ သမ္မာဒိဋ္ဌိ (၃) ပါးတို့သည် ဝိရတိမျိုး၊ ဝေရမဏိမျိုး မဟုတ်ကုန်သော်လည်း သီလပင်ဟုတ်၏ဟု မယိမ်းမယိုင် ကျောက်စာတိုင်ကဲ့သို့ ခိုင်ခိုင်ကြိုး မှတ်ယူလေ။

ထို ၃-ပါးတို့တွင် သမ္မာဒိဋ္ဌိကို မဂ္ဂင်အရာ၌ ပညာန္ဒြိယဟု ဟောတော်မူခြင်း၊ ကုသလ-ကပ္ပပထအရာ၌ သီလဟု ဟောတော်မူခြင်းကို ဒေသနာဝိလာသ၊ ဝေနေယျဇ္ဈာသယ အစွမ်းအားဖြင့် အရာအားလျော်စွာ ဟောတော်မူခြင်းဖြစ်သည်ဟု မှတ်။ ထိုထက် အလွန်ကောင်းမြတ်စွာ ဒေသနာတော်ချင်း ဘဲသန္ဒနဖြစ်အောင် ကြံဆ ဆင်ခြင်လေဦး။

တခုသောအရာကိုသာ တွေ့ဖူးကာမျှဖြင့် တခုသောအရာကို မဟုတ်ဟုဆို၍ မဆင်ခြင်မစဉ်းစားပဲ ပယ်ရှားခြင်းကိုမပြုအပ်၊ သံသရာဝန် အလွန်လေးတတ်သည်။ သုခဝေဒနာကို ဒုက္ခဟု ဟောတော်မူအပ်သောအရာ။ အဝိဇ္ဇာကို သမုဒယသစ္စာဟု ဟောတော်မူအပ်သော အရာ။ တဏှာကို ဒုက္ခသစ္စာဟု ဟောတော်မူအပ်သော အရာများပင် ရှိသေးသည်။ သတိရှိကြစေ။

ထိုကုသလကမ္မပထ သီလကိုပင် အဂ်ံတ္တရနိကာယ်၌ 'ကတမော ဘိက္ခဝေ အရိယော ဓမ္မော၊ ပါဏာတိပါတာ ဝေရမဏိ ။လ။ သမ္မာဒိဋ္ဌိ၊ အယံ ဝုစ္စတိ ဘိက္ခဝေ အရိယော ဓမ္မော" ဟူ၍ အရိယာဓမ္မ ဟူသောအမည်ဖြင့် ဟောတော်မူအပ်သည်၏ အဖြစ်ကြောင့် အရိယဓမ္မသီလဟူ၍လည်း ဆိုအပ်၏။ ထိုအရိယဓမ္မလည်းမည်သော ကုသလကမ္မပထသီလကို ကိုယ်ဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ၊ စိတ်နှလုံးဖြင့်ဖြစ်စေ ခံယူဆောက်တည်အပ်၏။ ဘုရားအလောင်း သူတော်ကောင်းတို့သည်လည်း ခံယူဆောက်တည်ကြကုန်၏။ ခံယူဆောက်တည်ခြင်းကို -

> ယမို ဘိက္ခဝေ တထာဂတော ပုရိမံဇာတိ ပုရိမံဘဝံ ပုရိမံ နိကေတံ ပုဗ္ဗေ မနုဿဘူတော သမာနော ဒဋ္ဌသမာဒါနော အဟောသိ ကုသလေသု ဓမ္မေသု အဝတ္ထိတ သမာဒါနော-ဟူ၍ ဟောတော်မူအပ်သော ပါဠိတော်ဖြင့် သိအပ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ပုရိမံဇာတိ-ပုရိမာယံ ဇာတိယံ၊ ရှေးဖြစ်သောဇာတ်၌။ ပုရိမံဘဝံ-ပုရိမေ ဘဝေ၊ ရှေးဖြစ်သော ဘဝ၌။ ပုရိမနိကေတံ-ပုရိမေနိကေတေ၊ ရှေးဖြစ်သော ခန္ဓာအိမ်အစဉ်၌။ ဋ္ဌိတော၊ တည်သော။ တထာဂတော၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ရှေး၌။ မနုဿဘူတော၊ လူဖြစ်၍ဖြစ်သည်။ သမာနော၊ ဖြစ်၍။ ဝါ၊ ဖြစ်လျက်။ ကုသလေ ဓမ္မေသု၊ ကုသလကမ္မပထတရား (၁၀)ပါးတို့၌။ ဒဋ္ဌသမာဒါနော၊ မြဲမြံစွာ ခံယူဆောက်တည်ခဲ့ဖူးသည်။ အဟောသိ၊ ဖြစ်ပြီ။ ဤသို့ ယောဇနာ။ (ယမို့) ကား နိပါတ်မျှသာ။

ဤပါဠိတော်၌ ပုရိမံ ဇာတိံ စသော သုံးပုဒ်တို့ကို တိဏ္ဏံပဒါနံ "ပုဗ္ဗေ နိဒ္ဒိဋ္ဌဿန္တိ သန္ဓာနေ ဋ္ဌိတောတိ အတ္ထော" ဟူ၍ အဋ္ဌကထာ၌ ဖွင့်ပြတော်မူအပ်သောအတိုင်း ဘုမ္မတ္ထ၌ ယောဇနာလိုက်သည်။ ဋီကာ၌ကား အစ္စန္တသံယောဂတ္ထကို ဖွင့်ပြတော်မူသေး၏။ (ဒဋ္ဌသမာဒါ-နောတိ တိရဂဟဏော၊ ကုသလေဓမ္မေသူတိ ဒသကုသလ ကမ္မပထေသု၊ အဝတ္ထိတ သမာဒါ-နောတိ နိစ္စလဂဟဏော အနိဝတ္တိတ ဂဟဏော) ဟူ၍ အဋ္ဌကထာ၌ ဖွင့်ပြတော်မူအပ်သောကြောင့် မြတ်စွာဘုရားသခင်သည် ရှေးရှေးသောကာလ အလောင်းတော်ဘဝ၌ အရိယဓမ္မလည်း မည်ကုန်သော ကုသလကမ္မပထသီလ (၁၀)ပါးတို့ကို ယခုကာလ ငါးပါးသီလ ဧသည်တို့ကို ခံယူဆောက်တည်ကြကုန်သကဲ့သို့ပင် ခံယူဆောက်တည်တော်မူ၏ဟု မှတ်။

ဤအရိယဓမ္မလည်းမည်ကုန်သော ကုသလကမ္မပထသီလ (၁၀)ပါးတို့ကို တုန်မလပ် ပယုဂ်မနစ် အားသစ်မြဲမြံစွာ ခံယူဆောက်တည်ခဲ့ဖူးသော ကုသိုလ်တော်အထူးကြောင့် ဘုရား

အဖြစ်သို့ ရောက်တော်မူသောဘဝ၌ မြေပြင်ဦးထိပ်၌ ညီညာစွာ နင်းနှိမ်နိုင်သော နိမ့်မြင့်မထင်သော ဖဝါးဘော်အပြင်တည်းဟူသော သုပ္ပတိဋ္ဌိတပါဒ လက္ခဏာတော်ကြီးကို ရတော်မူ၏ဟု ဟောတော်မူလိုရင်း အဓိပ္ပာယ်။

ထို (၁၀)ပါးတို့တွင် အနာဘိဇ္ဈာ-အဗျာပါဒ-သမ္မာဒိဋ္ဌိဟူသော နောက် ၃-ပါးသည် ဝိရတိမျိုး၊ ဝေရမဏိမျိုး မဟုတ်သောကြောင့် အဘိဇ္ဈာယ ဝေရမဏိသင်္ခါပဒံ သမာဒိယာမိ ဤသို့စသည်ဖြင့် ဝေရမဏိ တပ်၍ နှုတ်ဖြင့် ခံယူဆောက်တည်လျှင် မမှတန်တိ-မမှပဝေဏီ၊ သင့်ညီကောင်းမြတ်နိုင်ပါအံ့လော ဟူငြားအံ့။

ခုဒ္ဒကပါဋ္ဌပါဠိတော်၌ ဝိရတိမျိုး၊ ဝေရမဏိမျိုး မဟုတ်ကုန်သော အဇြဟ္မစရိယသိက္ခာပုဒ်၊ ဝိကာလဘောဇနသိက္ခာပုဒ် စသည်တို့ကို အဇြဟ္မစရိယာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ၊ ဝိကာလဘောဇနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ စသည်ဖြင့် ခံယူဆောက်တည်ရန် ဟောပြတော်မူအပ်သောအရာကို နယဂ္ဂါဟမှုသဖြင့် ထိုဇြဟ္မစရိယသိက္ခာပုဒ်၊ ဝိကာလဘောဇနသိက္ခာပုဒ် စသည်တို့ကဲ့သို့ အာဘိဇ္ဈာယ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ ဤသို့စသည်ဖြင့် ဝေရမဏိတပ်၍ ခံယူဆောက်တည်ခြင်းသည် ဓမ္မကန္တိ-ဝမ္မပဝေဏီ၊ သင့်ညီကောင်းမြတ်၏ ဟူ၍ပင် မှတ်။ ထိုထိုပါဋ္ဌိတော် အဋ္ဌကထာတို့၌ လာသမျှကို သားကထုတ်ဆောင်၍ အာကျယ်ပြဆိုသဖြင့် အကျိုးမလှပြီ။

ဤသို့ ပြဆိုအပ်ခဲ့ပြီးသောနည်းအားဖြင့် အရိယဓမ္မလည်း မည်ကုန်သော ကုသလကံမ္မပထတရား (၁၀)ပါးတို့၏ သီလဖြစ်ကြောင်းကိုလည်းကောင်း။ ထိုသီလကို ဘုရားအလောင်းသူတော်ကောင်းတို့၏ ခံယူဆောက်တည်ကြကြောင်းကိုလည်းကောင်း၊ ကောင်းကောင်းကြီးမြင်သိကြကုန်သော ဥပါသကာ၊ ဥပါသိကာဟူသမျှတို့သည် ရှေးဘုရားအလောင်း သူတော်ကောင်းတို့၏ သွားရာလမ်းကြောင်းကို မစောင်းစိုက်စိုက် ဖြောင့်ဖြောင့်ကြီး လိုက်သောအားဖြင့် ထိုအရိယဓမ္မမည်သော ကုသလကမ္မပထသီလကို ဥဿာဟ မလျှော့ပဲ ကြိုးစား၍ ခံယူဆောက်တည်အပ်သတည်း။ ခံယူဆောက်တည်နည်းကို သာဓုသမာစာရ ကျမ်း၌ ဆိုအပ်ခဲ့ပြီ။

နိဂုံး

(၁) တွော်ဝတာစ လောကဿ၊ သာသနဿ ဟိတာဝဟာ။
မဂ္ဂပကာသနီမေသာ၊ကဝာသမန္တိဘဒ္ဒကာ။

(၂) သာသနေ ခေမဝါရမ်ိ၊ နာထကို်ပေ ဂလိယုဂေ။
ပေါဋ္ဌပါဒဿ ဇုက္ကမ်ိ၊ အဋ္ဌမ္ျံ ဗုဒ္ဓဝါရကေ။

(၃) အနာသဝါ သမတ္တာဝ၊ တထာဂုက္ခန္ဓဝါပဇာ။
အဋ္ဌမဂ္ဂင် နာဝါယ၊ တရန္တြ အမတံပဒံ။

တော်ဝဝတာ - ရတ်တကေနဝစနက်ကမေန၊ ဤမျှအတိုင်းအရှည်ရှိသော စကားအစဉ်ဖြင့်။ လောကဿစ၊ သတ်တဓလောက၏လည်းကောင်း။ သာသနဿစ၊ သာသနာတော်မြတ်၏လည်းကောင်း။ ဟိတာဝဟာ၊ အစီးအပွားကိုဆောင်နိုင်ထသော။ သမန္တဘဒ္ဒကာ၊ သဒ္ဒါအနက်မပျက်မစောင်း ထက်ဝန်းကျင်ကောင်းထသော။ ယာ မဂ္ဂပကာသနီ၊ အကြင်မဂ်ဝင်ရှစ်တန်လမ်းမှန်တရားကို ပြရာပြကြောင်းဖြစ်သောကြောင့် (မဂ္ဂပကာသနီ) အမည်ရှိသောကျမ်းကို။ မေ-မယာ၊ ဓနုဖြူမြို့ သဒ္ဓမ္မဇောတိကာရာမတိုက်၌ ယာပိုထ်ညီမျ သပ်ပါယကြောင့် နေ့ည မနား၊ မအားမလပ် မပြတ်အစဉ်၊ စာသဘင်ကို၊ ဆင်ယင်မမှန်း၊ သိတင်းသုံးသော၊ ကောသလ္လာလက်ံာရ အမည်ရှိသော ငါသည်။ ကတာ၊ ပြုစီရင်အပ်ပြီ။ သာ မဂ္ဂပကာသနီ၊ ထို မဂ်ဝင်ရှစ်တန် လမ်းမှန်တရားကို ပြရာပြကြောင်းဖြစ်သောကြောင့် (မဂ်ပကာသနီ) အမည်ရှိသောကျမ်းသည်၊ သာသနေ၊ သာသနာတော်၌ဖြစ်သော။ ခေမဝါရမ္မိ၊ ၂၄၅၂-ခုနှစ်၌။ ဂလိယုဂေ၊ ဂလိယုဂ်ဝေါဟာ၊ ကောဇာသက္ကရာဇ်ဖြစ်သော။ နာထကိုပေ၊ ၁၂၇၀-ပြည့်နှစ်၌။ ပေါဠ-ပါဒဿ၊ တော်သလင်းလ၏။ ဇုဏှမိ၊ လဆန်းပက္ခ၌။ အဋ္ဌမံ၊ ရှစ်ရက်နေ့၌။ ပုဒ္ဓဝါရကော၊ ပုဒ္ဓဟူးနေ့၌။ အနာသဝါ-အနာသဝဓန၊ အန္တရာယ်ရှင်း ဘေးရန်ကင်းသဖြင့်။ သမတ္တာဇ္ဇဝ၊ ကလောင်လက်သိမ်း ပြီးမြောက်ခြင်း၏သို့။ တထာ၊ ထိုနှင့်တပဲ မကွဲတူစွာ။ ပဇာ၊ သတ္တဝါအပေါင်းတို့သည်။ အနာသဝါ၊ အာသဝေါလေးတန် ဘေးရန်ခပ်သိမ်း ကင်းလွတ်ခြင်းကုန်သည်ဖြစ်၍။ အဋ္ဌမဂ်ဂ်ံနဝဝါယ၊ မဂ်ဝင်ရှစ်ပါး တရားထူးကျော် နိဗ္ဗာန်ကုတ္တိ သဘော်တော်ကြီးဖြင့်။ ဒုက္ခက္ခဝါ၊ ဒုက္ခသစ္စာ သံသရာပြင်ကျယ် ဝဋ်ပင်လယ်မှ။ အမတံ၊ မသေရာဖြစ်သော။ ပဒံ၊ နိဗ္ဗာန်အရပ်သို့။ တရန္တူ၊ အလွယ်ထုတ်ချောက် ကူးမြောက်နိုင်ကြပါစေကုန်သတည်း။

မဂ္ဂပကာသနီ အမည်တင့်ဆန်း ဤစာဟာမ်းသည်
ဆုံးခန်းတိုင်ရောက် ပြီးမြောက်ပြည့်စုံပြီ။

၁၂၆၆-ခုနှစ်တွင်

အဂ္ဂမဟာပဏ္ဍိတ့

သဒ္ဓမ္မဇောတိကာရာမ ဒုတိယဆရာတော်ဘုရား

ရေးသားတော်မူသော

ကမ္မပိလောဘိကဝိနိစ္ဆယပါဋ္ဌ

ဂန္ထာရမ္ဘ ပဏာမ

၁။ အဝိဇ္ဇာမူလကံကမ္မ၊ ဣဓ ဟန္ဒ္ဒါ စရိမကာ။
ပရံပ့ါကံ နဝေဒေတ့်၊ စက္ကာရဒုဒကောဟဝေ။

တံဇိနံ သာဒရံ နတ္ဝာ၊ ကဿံ ကမ္မပိလောတိကံ။
ယာဗိတော သမာစာရေန၊ ဥ သီ-သုဓမ္မကိတ္တိနာ။

တဿာယ မတိယာစနာ၊ ကထံ တေရဟိ ဘန္တေ လံကာဒီပေ ဘဂဝတော အာကု-
သလကမ္မဝိပါက ပဋိသဉ္ဇာတောပိ ဝါဒေါ ဥပ့ဇ္ဇတိ၊ တသ္မာယံ မဟာထေရဝရဿ ပုစ္ဆာမိ။
တံ နိဗ္ဗေဓေတု မဟာထေရဝရော အမှာကံ အနုကမ္ပာယစေဝ ဝ်ဝါဒဿဥပသမတ္ထာယစ။
ကိန္နု ခေါ ဘန္တေ ဘဂဝါ ဗုဒ္ဓတ္တံ ပတ္ဝာ ကိဉ္စိ အာကုသလကမ္မဝိပါကံ ပဋိသံဝေဒေတိဝါ
နောဝါ။ အပဒါနဋ္ဌကထာယံ ဝေတုလ္လဝါဒေါ အတ္ထိဝါ-နဝါ-တိ။

ဟူ၍။ မာတိကံ၊ မာတိကာကို။ ဌပေတွာ၊ ထား၍။ ဝိသုံဝိသုံ၊ အသီးအသီး။ ဘဂဝတော၊ မြတ်စွာဘုရားသခင်၏။ ဒ္ဝါဒသ ကမ္မပိလောတိကံ၊ ၁၂-ပါးသော ကမ္မပိလောတိကကို။ ဝဏ္ဏေတိ ဖွင့်ပြတော်မူ၏။

၁။ ဒုက္ကရဥ္စ၊ ဇောတိပါလ ဗြဟ္မဏလုလင် ဖြစ်စဉ်ကာလက ကဿပဘုရားပွင့်သည်ဟု ကြားတည့်လျှင် ဗောဓိပရမ ဒုလ္လဘကို သမဏဦးပြည်း အဘယ်မှာရနိုင်အံ့နည်းဟု ဆိုခဲ့သော မကောင်းမှုကြောင့် ဥရုဝေလ ဇနပုဒ်၌ မင်္ဂရထိုက်သည့်အကျင့် မဟုတ်ပဲလျက် ခြောက်နှစ်ဘိုင်တိုင် အသိညာဏ်နည်း၍ ကိုယ်ဆင်းရဲရုံမျှ အကျိုးရသော ဒုက္ကရအကျင့်ကို ကျင့်တော်မူခြင်းသည်လည်းကောင်း။

၂။ အဇ္ဈာသယနံစ၊ အဘိဘူ ဘုရား၏သဝကာ နန္ဒမည်တွင် ထေရ်သခင်ကို ပြင်ပြင်ရွှတ်ချ၍ ဒုဿီလရဟန်းဟု နှုတ်ကျိန်းချဲ့ချက် ရေရွတ်ခဲ့ဖူး၊ အကုသိုလ်ကံထူးကြောင့် မိန်းမရူးစိဉ္ဆမာန်၏ မမှန်စွပ်စွဲခဲ့ သဘင်ထဲ၌ ငါ့လင်ပဲဟု ရိုးစွတ်လာသည်ကို ခံရှာတော်မူရခြင်းသည်လည်းကောင်း။

၃။ ပုန၊ တဖန်။ အပရံ၊ တပါးတံု။ အဇ္ဈာသယနံစ၊ မုနာဠိဓုတ္တာ၊ ဖြစ်ရစဉ်ကာလက ပစ္စေကဗုဒ္ဓါ သုရဘိမြတ်စွာကို မြင်တွေ့ကာခဏ၌ ကျိသူကား ဒုဿီလဟု ဖရုသစကား အကုသိုလ်ကံတရားကြောင့် သုန္ဒရီကို စေစား၍ တိတ္ထိယတို့စကား အကြောသ လှည့်ဖားကို ခံစားတော်မူရခြင်းသည်လည်းကောင်း။

၄။ အဇ္ဈာသယနံစ၊ ပုဏ္ဏားပဏ္ဍိတ တာပသဖြစ်စဉ်က ငါးဝဘ်ညာ ရှစ်ဖြာသမာပတ် စျာန်မြတ်သခင် ဂုဏ်ကြီးရှင်ကို ပြစ်တင်ရွှတ်ချ မျက်ဒေါသဖြင့် ကာမဘောဂီ ဣသိကဲ့ဟု လာမကဟု အကြောသမာဘင်း ဆိုမိခြင်းနှင့် အသင်းသေးတူ ကိုယ့်တပည့်ဟူသသူတို့ကို နည်းတူဆိုစေ ဆဲချည်း (ရေး) စေသောကြောင့် သုန္ဒရီမိန်းမမိုက် ပရိဗိုဇ်အယုတ်မကို နည်းပြသင်ပေး၍ ဆဲရေးစေရုံမျှနှင့် ရောင့်ရဲခြင်းမရှိကြကုန်သော တိတ္ထိယအပေါင်းတို့သည် စုပေါင်းကြံဆ လာဘ်ပေးသ၍ သုန္ဒရီမိန်းမကို သတ်ကြဟု စေခိုင်းသဖြင့် လူရိုင်းသေကျူး အမိုက်မှုးတို့ သောက်ရူးယစ်ဝ၍ သုန္ဒရီမကို သတ်ကြသော် ငါတမ ဟပည့်သားတို့ ရမ်းကားသော အမှု သုန္ဒရီအလောင်းကို လူအပေါင်းတို့ ရှုကြဟု တိတ္ထိယစကား အလွှာသ လှည့်ဖားကို ခံစားတော်မူရခြင်းသည် လည်းကောင်း။

၅။ သီလာဝေခေစ၊ ဓနလောဘ ကလဟကြောင့် အဖသားတူ မိမတူသည့် ရည်တူသားချင်း ညီအရင်းကို အတင်းလဲ့ဘိ ကျောက်လုံးဖြင့် ညှဉ်းဆဲဖိသော ဒုစရိတ ကံဟောင်းကြောင့် မကောင်းလှတ်လှတ် အကြံရွှတ်၍ ဒေဝဒတ်ပစ်လှတ်အပ်သော တောင်ထွတ်ကျောက်လုံးသည် ဘုရားဘုန်း အာနုဘော်ကြောင့် ထွက်ပေါ်ခံလတ် ကြောက်လုံးဖြင့်ထိတော်၍ ကျောက်ထပ် ကျောက်လွှာ ခြေမ၌ ကျရောက်လာသည်ကို ခံရှာတော်မူရခြင်းသည် လည်းကောင်း။

၆။ သက္ခလိကာဃဇေဝဒနံစ၊ ကစားနှစ်ခြိုက် လမ်း၌နေကာ သူငယ်စွာညစ် ဇာတ်အဖြစ်က ဦးရှင်ချစဲ့ပစ္စေကာ ဆွမ်းတော်ခံလာသည်ကို မြင်တွေ့ကာ ကျောက်စရစ်ဖြင့် ကောက်ပစ်ညှဉ်းဆဲ ခြေမကို ခွဲဖူးသောကြောင့် ဒေဝဒတ်လက်နက် ကျောက်လုံးစက်သည် ခံကျောက်ဖြင့် မှိုက်နှက်၍ ကွဲအက်ကြေကျွဲ့ ကျောက်လွှာခသဖြင့် ခြေမ၌သွေးစု၍ သွေးကြည်ဥရတော်ခြင်းသည်လည်းကောင်း။

၇။ နာဠာဂိရိစ၊ ဟတ္ထိဂေါပက ဖြစ်ရစဉ်ကာလက ပိဏ္ဍာစရိယ ပစ္စေကဗုဒ္ဓါကို မြင်တွေ့သောခဏ၌ သမဏဉီးပြည်း အဘယ်သို့ သွားအုံနည်း ဟု ဆဲရည်းရှုတ်ချ ခိလဇာတိ စိတ်ရှိအလိုက် ဆင်ဖြင့်တိုက်သော ဒေါသမိုက်အကုသိုလ်ကြောင့် ဘုရားမြတ်စွာ ဆုမ်းခံရာ၌ ထိုးစေ့ဌာ အရက်တိုက်၍ မြို့လမ်း၌စူးစူး ဇနပါလဆင်ကို ဖြူးဖြူးဖြောင့်ဖြောင့် မထောင့်လိုက် စေ လွှတ်လိုက်လေခြင်း လည်းကောင်း။

၈။ သတ္ထစ္ဆေဒါစ၊ ပစ္စန္တရာဇာ ဖြစ်စဉ်ခါက လက်မှာ သံလျက် စွဲကိုင်လျက်သာ မြို့လှည့်ရာ၌ လမ်းမှာဗိုလ်လူ ပြစ်မဲ့သူကို ဖမ်းယူပုတ်ခတ် ခုတ်ဖြတ်ခဲ့ဖူး အကုသိုလ်ကံထူးကြောင့် ဒေဝဒတ်စက် ကျောက်လက်နက်မှ ကွဲပျက်ကျောက်လွှာ ထိတော်လာ၍ ခြေမှာအိုင်းလုပ် သွေး ပြည်ပုပ်ကို ယူထုတ်အံ့ဌာ သည်းစွာအားခဲ၍ ခံးဖြင့်ခဲ့စေတော် မူရခြင်းသည် လည်းကောင်း။

၉။ သီသဒုက္ခံစ၊ ကေဝဋ္ဋရွာ တံငါဖြစ်ရ ထိုဘဝက အများတကာ ငါးသတ်ရာမှာ ဝမ်းသာအားရ ဖြစ်ရခဲ့ဖူး အကုသိုလ်ကံထူးကြောင့် ဝေမူးကျင်နာ ပြင်းပြစွာဖြင့် ဝေဒနာ ရောက်ဆိုက် ခေါင်းတော် ကိုက်ရခြင်းသည်လည်းကောင်း။

၁၀။ ယဝခါဒနံ၊ အမျိုးအန္ဓ ဗာလဇာတိ ဖြစ်သည့်ဘဝ ထိုကာလက ဖုဿဘုရား တပည့်သားတို့ ရှင်အားဖြဖြ ဝေဠုခဲ့ခြင်း သလေးဆွမ်းနှင့် ရောပြွမ်းဗျဥ်နှ မဓုရကို မျှတရုံသာ ပစ္စဝေက္ခဏာမကင်း သုံးဆောင်ခြင်းကို ကပ်ချဉ်းတွေ့မြင် ဒေါသဝင်၍ မမင်သောအား သလေးပယ်ထား မယောစားဟု ပြစ်မှားတန်တန် ဝစီကံကြောင့် ဒုဇ္ဈိကွံဆိုက် ကပ်ကြီးတိုက်ရာ ဝေရဉ္ဇာ၌ တဝါပတ်လုံး မယောမြင်းစာ ကြမ်းတမ်းစွာကို ရှာ၍ သုံးဆောင်ရခြင်းသည် လည်းကောင်း။

၁၁။ ပိဋ္ဌိဒုက္ခဉ္စ၊ ဂဟပတိပုတ္တ စဉ်းငယ်ကွသည့် ဘဝတုန်းက ဇမ္မုနှံ့ကျော် လက်ဝှေ့ တော်ကို မြောက်ကော်မွှေ့ချိုး ခါးဆစ်ကျိုးအောင် ဖက်ထိုးခဲ့ရ အပုညကြောင့် ဒုက္ခရုဇာ ခါးရိုးတော်နာရခြင်းသည် လည်းကောင်း။

၁၂။ အတိသာရော စ၊ ဂဟပတိပုတ္တ ဆေးကုသသည့် ဘဝတုန်းက ဂေလညများ သင်္ဃေးသားကို ကုစားလေရာ ဥစ္စာတပ်မက် ဒေါသထွက်၍ ဝမ်းသက်လျှောဆင်း ဆေးပူပြင်း ကို တိုက်သွင်းခဲ့ရ အပုညကြောင့် ဒုက္ခကြီးမား ဆီးတားမရ သွေးဝမ်းတော်လားရခြင်းသည် လည်းကော်ငင်း။ ဤမေဒွါဒသ ဝိပါကာ၊ တဆယ့်နှစ်ချက် ဤဝိပါက်တို့သည်။ အကုသလကာ ရဏာ၊ အကုသိုလ်လျှင် အကြောင်းရင်းရှိကုန်သည်။ ဝါ၊ အကုသိုလ် အကြောင်းကြောင့်။ ဟောန္တိ၊ ဖြစ်ကုန်၏။ (ကမ္မပိလောတိက ၁၂-ပါး၊ မာတိကာ ၂-ဂါထာတို့၏ အနက် ပြီး၏။)

အပဒါန အဋ္ဌကထာ၌ လာကုန်ခသာ ဤ ၁၂-ပါးကုန်သော ကမ္မပိလောတိကဝိပါက တို့၏ ဝေတုလ္လဝါဒ မဟုတ်ကုန်သည်၏ အဖြစ်ကို ပြတော်မူလိုသောကြောင့် "ဇေတိ" အစရှိသောစကားကို မိန့်ဆိုတော်မူ၏။

ဧတေဟိ၊ ဤ ၁၂-ပါးကုန်သော ကမ္မပိလောတိကတို့ဖြင့်။ အဋ္ဌကထာစရိယေန၊ အပဒါန် အဋ္ဌကထာ ဆရာသည်။ သကဝါဒေါဝ၊ မိမိ၏ ဝါဒကိုသာလျှင်။ ပကဝသိတော၁၊ ပြတော်မူအပ်၏။ သေသစ၊ ထိုအပဒါန် အဋ္ဌကထာဆရာသည်လည်း။ နဝေတုလ္လဝါဒီ၊ ဝေတုလ္လအယူမရှိ။ ဝါ၊ ဝေတုလ္လဝါဒီ ပုဂ္ဂိုလ်မဟုတ်။ ဟိ သစ္စံ၊ မှန်၏။ သော အာစရိယော၁၊ ထိုအပဒါန် အဋ္ဌကထာဆရာသည် (ဤ ကဏ္ဍား၌ အထက် သံဝဏ္ဏနာတို့ ကြိယာ၌စပ်)။

(၁) သုဏာထ ဘိက္ခဝေါ မယှံ၊ တံ ကမ္မံ ပကတံ မယာ။
ပိလောတိကဿ ကမ္မဿ၊ ဗုဒ္ဓတ္တေပိ ဝိပစ္စတိ။

(၂) မုနာဒိနာမ ဟံ ဇတ္တော၁၊ ပုဗ္ဗေ အညာသု ဇာတိသု။
ပစ္စေကဗုဒ္ဓံ သုရဘိံ၊ အဗ္ဘာစိက္ခိ အဒ္ဒသက်ံ။

(၃) ဘေနကမ္မဝိပါကေန၊ နိရယေ သံသရိံ စိရံ။
ဗဟူဝဿ သဟဿာနိ၊ ဒုက္ခံ ဝေဒေသိ ဝေဒှနံ။

(၄) တေန ကမ္မာဝသေသေန၊ ဣမ ပစ္ဆိမကေ ဘဝေ။
အဗ္ဘက္ခာနံ မယာလဒ္ဓံ၊ သုန္ဒရီ ကာယ ကာရဏာ။

တျာဒိနာ၁၊ ဤသို့ အစရှိသော စကား၁တော်ဖြင့်။ အပဒါနပါဠိယံ၊ အပဒါန်ပါဠိတော်၌။ ကေနုစတ္တာလီသတိမေ၊ တခုယုတ်လေးဆယ်မြောက် ဖြစ်သော။ အဝဋ္ဋဖလဝဂ္ဂေ၊ အဝဋ္ဋဖလဝဂ်၌။ တထာဂတာ၁၊ ဘုန်းတော်သခင် ဘုရား၌ရှင်သည်။ ဒေသိတံ၊ ဟော၁ကြား၁တော်မူအပ်သော။ ပုဗ္ဗကမ္မပိလောတိကံနာမ၊ ဗုဒ္ဓါပဒါနပါဠိ စ၊ ပုဗ္ဗကမ္မပိလောတိကမည်သော အပဒါန်ပါဠိတော်ကိုလည်း။ သာဓကံကဲတ္ဝာ၊ အာ၁ကိုး၁တခု သက်သေပြု၍။ (ဤကြိယာဝိသေသနကို သံဝဏ္ဏနာဘိ ကြိယာ၌စပ်)။ ဉာဏမ္ပုဓောတမလာသဝေဟိ၊ အရဟတ္တမဂ်ဉာဏ်တည်း ဟူသော ရေကြည်တော်ဖြင့် ဆေး၁လျော်အပ်ပြီး၁သော အညစ်အကြေး၁တည်း ဟူသော အာသဝေါ ရှိတော်မူကုန်ထ၁သော။ ဝိသုဒ္ဓဝိဇ္ဇာပဋိသမ္ဘိဒါဟိ၊ အထူးအာ၁ဖြင့် စင်ကြယ်သော ဝိဇ္ဇာ ပဋိသမ္ဘိဒါ ရှိတော်မူကုန်ထ၁သော။ သဒ္ဓမ္မသံဝဏ္ဏန ကော၀ိဒေဟိ၊ ပိဋကတ္တယ ပရိယတ္တိသဒ္ဓမ္မကို ဖွင့်ပြခြင်း၁၌။ ဝါ၊ ပိဋကသုံးပုံပါဠိတော်၏ အဋ္ဌကထာကို ပြုခြင်း၁၌ လိမ္မာတော်မူကုန်ထ၁သော။ ပုဗ္ဗာစရိယသဘော်ဘိ၊ ရှေး၁၌ဖြစ်တော်မူကုန်သော အဋ္ဌကထာဆရာတော်မြတ်တို့သည်။ သံဝဏ္ဏိတံ၊ ကောင်း၁စွာ ဖွင့်ပြတော်မူအပ်သော။ ပေါရာဏကထံစ၊ သီဟိုဠ်ဘာသာ၊ အဋ္ဌကထာဟောင်းကိုလည်း။ နိဿာယ နိဿယ်ကတ္ဝာ၊ အမှီပြုတော်မူ၍။ (ဤကြိယာဝိသေသနကိုလည်း၊ သံဝဏ္ဏေတိ ကြိယာ၌ပင်စပ်) ပထမဝဂ္ဂေ၊ ဝိသုဒ္ဓိဇနဝိလာသိနိ မည်သော အပဒါန် အဋ္ဌကထာ ပထမဝဂ်၌။ ဗုဒ္ဓါပဒါန ပရိယောသာနေ၊ ဗုဒ္ဓအပဒါန်အဆုံး၁၌။ ကံ၊ ထိုပုဗ္ဗကတ ကမ္မပိလောတိကကို။ သံဝဏ္ဏေတိ၊ ဖွင့်ပြတော်မူ၏။ (ဤကံဝဏ္ဏေတိ ကြိယာကား (သော) ဟူသော ကတ္တား၊ (ကတ္ဝာ) ဟူသော (နိဿာယ) ဟူသော ကြိယာဝိသေသန ၂-ပါး၏ စပ်ဆုံးကား)။ အတ္ထာနေ၁၊ ပိမိ၏။ ဇလေန၊ အစုပ်းဖြင့်။ ဖာတ္ဝာနေ၁၊ မိမိ၏။ မတိမတ္တေန၊ အလိုမျှဖြင့်။ နသံဝဏ္ဏေကိ၊ ဖွင့်ပြတော်မူပုံ။

ထိုပုဗ္ဗာစရိယတို့သည် ဘုရားဉာဏ်တော်အားလျော်စွာ သိနိုင်ပါကုန်၏လော။ (တနည်း) သိဟိုဋ္ဌဘာသာ၊ ပေါရာဏအဋ္ဌကထာသည် ဘုရားဉာဏ်တော်အားလျော်ပါကုန်၏လောဟု စောဒနာကြောင့် "တေစ"စသောစကားကို မိန့်ဆိုအပ်၏။ (ဤ၌ (စ)ကား ဒဠှ၊ တနည်း သင်္ဂဟကာရ· မဟာကဿပ စသည်တို့ကိုဆည်း။)

စ-သစ္ဆံ၊ မှန်၏။ တေပုဗ္ဗာစရိယာ၊ ထိုရှေး၌ဖြစ်တော်မူကုန်သော အဋ္ဌကထာ ဆရာမြတ်တို့သည် ဝါ၊ တေပုဗ္ဗာ စရိယာစ၊ ထိုရှေး၌ ဖြစ်တော်မူကုန်သော အဋ္ဌကထာ ဆရာတော်မြတ်တို့သည်လည်း။ သာမုက္ကံသိက ဓမ္မဝိနယံ၊ဘုရားကိုယ်တော်တိုင် ဟောတော်မူအပ်သော သုတ်-အဘိဓမ္မာ-ဝိနည်းကို။ ဘဂဝတော၊ ဘုန်းတော်သခင်ဘုရား၌၏။ ဉာဏာနုကူလံ၊ ဉာဏ်တော်အားလျော်စွာ။ ဇာနန္တိ၊ သိတော်မူကုန်၏။ (ရှေးစောဒနာအလို၊ နိဂဟိတ်ထိန်းနည်း။ နောက်စောဒနာအလို၊ နေယျဖြစ်ထိန်းနည်း။) သာဓကပြလိုသောကြောင့်၊ (ဝုတ္တဥ္စေတံ) စသည်ကို မိန့်ဆိုအပ်၏။ ဟိသစ္ဆံ၊ မှန်၏။ သမန္တပါသာဒိကာယံ၊ သမန္တပါသာဒိကမည်သော' ဝိနည်းအဋ္ဌကထာ၌။

နု ဗုဒ္ဓေန ဓမ္မော ဝိနယောစ ဝုတ္တော၊
သောတဿ ပုတ္တေဟိ တထေဝ ဉာတော။
သော ယေဟိ တေသံ မတိ မစ္စဇန္တာ။
တသ္မာ ပုရေ အဋ္ဌကထာ အကံသူတိ။

ပုဒ္ဓေန ။လ။ အကံသုဟူ၍။ တံဝစနံ၊ ဤစကားကို။ ဝုတ္တံ၊ ဟောတော်မူအပ်၏။။ ယထေဝ၊ အကြင်အခြင်းအရာအားဖြင့်သာလျှင်။ ယေနဗုဒ္ဓေန၊ အကြင်မြတ်စွာဘုရားသည်။ ယောဓမ္မောစ၊ အကြင်သုတ်-အဘိဓမ္မာကို လည်းကောင်း။ ယောဝိနယောစ၊ အကြင်ဝိနည်းကို လည်းကောင်း။ ဝုတ္တော၊ ဟောတော်မူအပ်၏။ တထေဝ၊ ထိုဟောတော်မူတိုင်းသော အခြင်းအရာအားဖြင့်သာလျှင်။ ုတဿဗုဒ္ဓဿ၊ ထိုမြတ်စွာဘုရားသခင်၏။ ယေဟိ ပုတ္တေဟိ၊ အကြင်သားတော်တို့သည်။ သောဓမ္မောစ၊ ထိုသုတ်- အဘိဓမ္မာကိုလည်းကော်င်း။ သောဝိနယောစ၊ ထိုဝိနည်းကိုလည်းကောင်း။ ယသ္မာ၊ အကြင်ကြောင့်။ ဉာတော၊ သိတော်မူအပ်၏။ တသ္မာ၊ ထို့ကြောင့်။ တေသံပုတ္တာနံ၊ ထိုသားတော်တို့၏။ မတိ၊ အယူတော်ကို။ အစ္စဇန္တာ၊ မစ္ဆန့်ကုန်သည်ဖြစ်၍။ ပုရေ၊ ရှေးအခါ၌။ အဋ္ဌကထာ၊ အဋ္ဌကထာတို့ကို။ အကံသု၊ ပြုတော်မူကြကုန်ပြီ။ ဤကားအနက်။

ဘဂဒ္ဓါစ၊ ဘုန်းတော်သခင် ဘုရား၌သည်လည်းကောင်း။ ပုဗ္ဗာစရိယာစ၊ ရှေး၌ဖြစ်ကုန်သော ပေါရာဏအဋ္ဌကထာ ဆရာတော်တို့သည် လည်းကောင်း။ဝေတုလ္လဝါဒီ၊ ဝေဒဲတုလ္လအယူရှိကုန်သည်။ သစေဘဝေယျ၊ အကယ်၍ဖြစ်ကုန်ငြားအံ့။ ဧဝံသတိ၊ ဤသို့ဖြစ်ကုန်သည်ရှိသော် (ထည့်) အပဒါနဋ္ဌကထာစရိယောပိ၊ ဝိသုဒ္ဓိဇနဝိလာသိနီ မည်သော အပဒါန်အဋ္ဌကထာကို ပြုသော ဆရာတော်သည်လည်း။ ဝေတုလ္လဝါဒီ၊ ဝေတုလ္လဝါဒီသည်။ ဝါ၊ ဝေတုလ္လအယူရှိသည်။ ဘဝေယျ၊ ဖြစ်ရာ၏။ ဧစံ၊ ဤသို့။ နစဘဝတိ၊ ဖြစ်လည်းမဖြစ်။ တေန၊ ထိုကြောင့်။ နစသောဇေတုလ္လဝါဒီတိ၊ နစသော ဝေတုလ္လဝါဒီဟူ၍။ မယံ၊ ငါတို့သည်။ အဝေစုမှာ၊ ဆိုခဲ့ကုန်ပြီ။ တသ္မာ၊ ထို့ကြောင့်။ အဝေတုလ္လဝါဒီနာ၊ ဝေတုလ္လဝါဒီ-မဟုတ်သောဆရာ

တော်သည်။ ကတာဃ၊ ပြုစီရင်တော်မူအပ်သော။ အပဒါနဋ္ဌကထာယ၊ ဝိသုဒ္ဓိဇနဝိလာသိနီ မည်သော အပဒါနအဋ္ဌကထာ၌။ ဝေတုလ္လဝါဒေါ၊ ဝေတုလ္လဝါဒသည်။ ကထံ၊ အဘယ့်ကြောင့်။ အတ္ထိ၊ ရှိနိုင်အုံနည်း။ နတ္ထော၊ မရှိသည်သာတည်း။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊မှတ်အပ်၏။ ဣတိ၊ ဤကား-ဒုတိယပဉ္စာ၏ အဖြေစကားရပ်၊ အပြီးသတ်တည်း။

ဇမ္မဒီပေ၊ ဇမ္မူဒိပ်ကျွန်းကြီး၌။ ရာမညရဋ္ဌေ၊ ရာမညတိုင်း၌။ ဓနုဖြူနဂရေ၊ ဓနုဖြူမြို့၌။ ဇောတိကာရာမေ၊ ဇောတိကာရာမတိုက်၌။ ဝသန္တေန၊ သီတင်းသုံးတော်မူသော။ ကောဿလ္လာလံကာရထေရဝရေန၊ ကောဿလ္လာလင်္ကာရ မထေရ်မြတ်သည်။ ကတော၊ ရေးသားဆုံးဖြတ်တော်မူအပ်သော။ အယံ ကမ္မပိလောတိက ဝိနိစ္ဆယော၊ ဤ"ကမ္မပိလောတိက ဝိနိစ္ဆယ"ကျမ်းသည်။ ဘဂဝတိ၊ မြတ်စွာဘုရားသခင်သည်။ ပရိနိဗ္ဗုတေ၊ ပရိနိဗ္ဗာန် စံတော်မူပြီးသော်။ ဒ္ဝိသဟဿ စတုသတသတ္တစတ္တာလီသတိမေ ၂၄၇၂-ခုမြောက် ဖြစ်သော။ ဝဿေ၊ နှစ်၌။ ပေဋဋပါဒ မာသဿ၊ တော်သလင်းလ၏။ ကာလပက္ခေ၊ လဆုတ်ပက္ခ၌။ စာတုဒ္ဒသိယံ၊ ၁၄-ရက်မြောက် သောနေ့၌။ နိဋ္ဌိတော၊ ပြီးဆုံးခြင်းသို့ရောက်ပြီ။

ဤကမ္မပိလောတိကကျမ်း၏ နိဿယသည် ၁၂၆၆-ခု၊ သီတင်းကျွတ်လပြည့် တနင်္ဂနွေနေ့ ည၉-၁၀-နာရီ၊ ၁၀-မိနစ်အချိန်၌ ရေးသားပြီးမြောက် အောင်ပဲ့ရောက်သတည်း။

ကမ္မပိလောတိက ဝိနိစ္ဆယပါဋ္ဌိနိဿယပြီး၏။

၁၂၇၀-ပြည့်နှစ်တွင်

အဂ္ဂမဟာပဏ္ဍိတ

သဒ္ဓမ္မဇောတိကာရာမတိုက်

ဒုတိယဆရာတော်ဘုရားကြီး ရေးသားသော

ဒေဝဒူတသံဝေဇနီယကျမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ဂန္ထာရမ္ဘ

ဒေဝဒူတံ ပဝက္ခ်ာမိ၊ သံဝေဇနကံဟိတံ။
သံဝေဂတ္ထံ တံ သုဏန္တု၊ သန္တာ သံဝေဂမေသိနော။

အဟံ၊ ငါသည်။ သံဝေဇနကံ၊ သံသရာနောင် အခေါင်ရှည်ဝေး လာမည့်ဘေးကို မျော်တွေးရှုမြင် ဆင်ခြင်ထိတ်လန့်တတ်သော သံဝေဂဉာဏ်ကို ဖြစ်စေတတ်ထသော။ ဟိတံ၊ လောက သာသနာ့ အတ္ထာ-ပရဟူသမျှတို့၏ အစီးအပွားဖြစ်သော။ ယံ ဒေဝဒူတံ-ယံ ဒေဝဒူတ သံဇေဇနီယံ၊ အကြင် သံဝေဂဉာဏ်ကို ဖြစ်စေတတ်သော နတ်တမန်ငါးကို ပိုင်းခြား၍ ပြရာ ပြကြောင်းဖြစ်သောကြောင့် ဒေဝဒူတသံဝေဇနီယ မည်သောကျမ်းကို။ သန္တာ-သန္တာနံ၊ သူတော်ကောင်းတို့၏။ သံဝေဂတ္ထံ၊ သံဝေဂဉာဏ် ထက်သန်ရင်းနှီး ပွားကြိုးစေခြင်းငှာ။ ပဝက္ခ်ာမိ၊ အပြားအားဖြင့် မြွက်ကြားသံချို့ မိန့်ဆိုပေအံ့။ သံဝေဂံ၊ သံဇေဂဉာဏ်ထူး ဂုဏ်ကျေးဇူးကို။ သေနော၊ မရမနေ ရှာဖွေဆည်းပူးကြကုန်သော။ သန္တာ၊ သူတော်ကောင်းတို့သည်။ သံဝေဂတ္ထံ၊ သံဝေဂဉာဏ် ထက်သန်စည်ကား ကြိုးပွားရန်အလို့ငှာ။ တံ၊ ထို (ဒေဝဒူတသံဝေဇနီယ) မည်သောကျမ်းကို။ သုဏန္တု၊ ဖတ်ရှုခါခါ။ များစွာသုံးသပ် ကျက်မှတ် နာယူကြပါစေကုန်သတည်း။ (ဂန္ထာရမ္ဘ ပဋိညာကရဏ အာသီသဂါထာ)။ ဤဂါထာဝယ် (ဒေဝဒူတံ) ဟူသောပုဒ်၌ (သံဝေဇနီယ) ဟူသော နောက်ပုဒ်ကျေသည်။

ဒေဝဒူတ ဟူသည်ကား-ဖွားသစ်စသူငယ်၊ အရွယ်လွန်ပြီးသော သူအို၊ သေဝပါးနီးသော သူနာ၊ သုံးဆယ့်နှစ်ဖြာသော မင်းပြစ်ဒဏ်ကံကြမ္မာ (တနည်း) သုံးဆယ့်နှစ်ဖြာ ကံကြမ္မာ အမှုကို ပြုလုပ်ကွပ်မျက်သော ထောင်မှူး၊ ပါးကွက် လက်မရှိအာဏာသား၊ နှစ်ပါးနာမ်ရုပ် ကင်းချုပ်ပုပ်ဟောင်းသော သူသေကောင်အားဖြင့် ငါးပါးအပြားရှိ၏။ ထိုငါးပါးတို့၏ (ဒေဝဒူတ) မည်သည်၏ အဖြစ်ကို ဝစနတ္ထအားဖြင့် သိစေခြင်းငှာ သုတ္တသင်္ဂဟ ဒေဝဒူတသုတ် အဋ္ဌကထာ၊ တိကအင်္ဂုတ္တိရ် ဒေဝဒူတသုတ်အဋ္ဌကထာ၊ မဇ္ဈိမပဏ္ဏာသ မဂ္ဂဒေဝသုတ်အဋ္ဌကထာ ဇကနိပါတ် မဂ္ဂဒေဝဇာတ်အဋ္ဌကထာတို့၌ လာသောနည်းအတိုင်း ဂါထာစီကုံး နှုန်းဖွဲ့၍ ပြဆိုပေအံ့။

ဒေဝါတိ မစ္စုတသေတော၊ ဒူတာ ဒေဝသမာတိဝါ။
ဒူဘာ ဝိသုဒ္ဓိဒေဝါနံ၊ ဒေဝဒူတာဘဲ့ ဝုစ္စရေ။

၁။ ဒေဝါတိ၊ ဒေဝမည်သည်ကား။မစ္စု၊ သေမင်းတည်း။ယောဒဟရကုမာရာဒယော၊ အကြင် ဖွားသစ်စသူငယ် အစရှိကုန်သော ငါးပါးကုန်သော သံဝေဇနီယဝတ္ထုတို့သည်။ တသ မစ္စုနော၊ ထိုသေမင်း၏။ ဒူတာ၊ တမန်တို့တည်း။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဧတေဒဟရ-ကုမာရာဒယော၊ ထိုဖွားသစ်စသူငယ် အစရှိကုန်သော ငါးပါးကုန်သော သံဝေဇနီယဝတ္ထု တို့ကို။ ဒေဝဒူတာတိ၊ ဒေဝဒူတတို့ဟူ၍။ ဝုစ္စရေ၊ ဆိုအပ်ကုန်၏။

၂။ ဝါ၊ တနည်းကား။ ယေ ဒဟရကုမာရာဒယော၊ အကြင်ဖွားသစ်စသူငယ် အစ ရှိကုန်သော ငါးပါးကုန်သော သံဝေဇနီယဝတ္ထုတို့သည်။ ဝိသုဒ္ဓိဒေဝါနံ၊ အထူးသဖြင့် ကိလေသာတို့မှ စင်ကြယ်ကြကုန်သော ဒိဏာသဝ ပြုဟူ့တို့၏။ ဒူတာ၊ တမန်တို့တည်း။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဧတေဒဟရကုမာရာဒယော၊ ထိုဖွားသစ်စသူငယ် အစရှိကုန်သော ငါးပါးကုန်သော သံဝေဇနီယဝတ္ထုတို့ကို။ ဒေဝဒူတာတိ၊ ဒေဝဒူတတို့ဟူ၍။ ဝုစ္စရေ၊ ဆိုအပ် ကုန်၏။ ဤကား ဂါထာအနက်။


ဤဂါထာ စကားရပ် သုံးဝိကပ်တို့တွင် ပဌမဝိကပ်၌ ဒေဝသမစ္စုနော ဒူတာ။ ဒေဝသ မစ္စုနော၊ သေမင်း၏။ ဒူတာ၊ တမန်တို့တည်း။ ဒေဝဒူတာ၊ သေမင်း၏တမန်တို့။ ဤသို့ ဝိဂြိုဟ်ပြု။ အဓိပ္ပာယ်ကား–ဖွားသစ်စသူငယ် အစရှိကုန်သော ငါးပါးကုန်သော သံဝေဇနီယ ဝတ္ထုတို့သည် သံဝေဂဖြစ်သောအားဖြင့် သင်သည် သေမင်း၏အထံသို့ အမှန်မလွတ် မချွတ် ရောက်လတ္တံ့ဟု ပြောကြားသကဲ့သို့ ဖြစ်ကုန်သောကြောင့် သေမင်းတမန် မည်ကုန်၏ဟူလို။

ဒုတိယဝိကပ်၌၊ ဒေဝါဝိယဒူတာ ဒေဝဒူတာ။ ဒေဝါဝိယ၊ နတ်နှင့် တူကုန်သော။ ဒူတာ၊ တမန်တို့တည်း။ ဒေဝဒူတာ၊ နတ်နှင့်တူကုန်သော တမန်တို့။ ဤသို့-ဝိဂြိုဟ်ပြု။ အဓိပ္ပါယ်ကား အကျိုးကိုလိုလားသောနတ်သားသည် အဝံတ်တန်ဆာ ကောင်းစွာဝတ်ဆင်လျက် ကောင်းကင်၌ ရပ်တည်ပြီးလျှင် သင်အား–ဤအမည်ရှိသော အကျိုးမဲ့သည်ဖြစ်လတ္တံ့၊ ဤအမည်ရှိသောအမှုကို ကြိုးတင်၍ ပြုလင့်ဟု ပြောလာသကဲ့သို့ ထို့အတူ ဖွားသစ်စသူငယ် အစရှိကုန်သော ငါးပါးကုန်သော သံဝေဇနီယဝတ္ထုတို့သည်။ ဇာတိဒုက္ခ စသည်ထွေပြား ကြီးမားသော ဒုက္ခတို့ မရောက်လာမီခင် ကြိုးတင်ဆောစွာ ကုသိုလ်တရားကို သင်တို့အားထုတ် ပြုလုပ်ကြပါဟု ကောင်းစွာနှစ်လို ပြောဆိုကုန်သကဲ့သို့ ဖြစ်သောကြောင့် နတ်နှင့်ထူသော တမန်မည်ကုန်၏။

တတိယဝိကပ်၌ ဒေဝါနံ-ဝိသုဒ္ဓိဒေဝါနံ ဒုတာ ဒေဝဒူတာ။ ဒေဝါနံ ဝိသုဒ္ဓိဒေဝါနံ၊ အာထူးသဖြင့် ကိလေသာတို့မှ စင်ကြယ်ကုန်သော ဓိဏာသဝဗြဟ္မာတို့၏။ ဒုတာ၊ တမန်တို့တည်း။ ဒေဝဲဒူတာ၊ အာထူးသဖြင့် ကိလေသာတို့မှ စင်ကြယ်ကုန်သော ဓိဏာသဝ ဗြဟ္မာတို့၏ တမန်တို့။ ဤသို့-ဝိဂြိုဟ်ပြု။ အဓိပ္ပါယ်ကား ဝိသုဒ္ဓိဒေဝ၊ ဓိဏာသဝအစစ် ရဟန္တာဖြစ်ကုန်သော သုဒ္ဓါဝါသဗြဟ္မာတို့သည် ထင်ရှားပြအပ်ကုန်သော လူအို-လူနာ-လူသေ-ရဟန်းတည်းဟူသော နိမိတ်ကြီးလေးပါးကို မျက်ဝါးထင်ထင် တွေ့မြင်ကြရ၍ သံဝေဂဖြစ်တော်မူကြသဖြင့် ပစ္ဆိမဘဝိကဖြစ်ကြကုန်သော ဘုရားအလောင်းမြတ် ဗောဓိသတ်တို့သည် ကောင်းစွာတောထုတ်၍ ရဟန်းပြုတော်မူကြကုန်၏။ ထို့ကြောင့် ဖွားသစ်စသူငယ်အစရှိကုန်သော ငါးပါးကုန်သော သံဝေဇနီယဝတ္ထုဟူသည် ဝိသုဒ္ဓိဒေဝ ဓိဏာသဝဲအစစ် ရဟန္တာဖြစ်ကုန်သော သုဒ္ဓါဝါသဗြဟ္မာတို့၏ တမန်မည်ကုန်၏ဟူလို။

ပထမ ဒေဝဒူတ

လူအပေါင်းတို့အား ဆုံးမစကား ပြောကြားသကဲ့သို့နေသော
ဖွားသစ်စရွယ် လွန်နုနယ်သော သူငယ်ကလေးရုပ်ပုံ



ယိုသို့-ဆိုအပ်ခဲ့ပြီးကုန်သော ငါးပါးကုန်သော ဒေဝဒူတတို့တွင် ရှေးဦးအစ ပထမဖြစ်သော ဖွားသစ်စအရွယ် လွန်နုနယ်သော သူငယ်ကလေး၏ နတ်တမန်အလား ပြောကြားမြဲကဲ့သို့ ဆုံးမသောစကားကို ဤဆိုလတ္တံ့သော အဋ္ဌကထာပါဠိမျှားဖြင့် သိအပ်၏။

ဒဟရကုမာရော အတ္ထဝေါ ဧဝံဝဒတိနာမ၊ ပဿထ ဘော မယ္ဟံ ပိတုမ္ပာဏိယံ ဟတ္ထပါဒါ အတ္ထိ၊ သကေပနမ္ပံ မုတ္တကရိသေ ပလိပန္နော အတ္တာနော ဓမ္မတာယ ဥဋ္ဌဟိတ္ဝာ နဟာယိတုံ နသက္ကောမိ၊ အဟံ ကိလိဋ္ဌကတ္တောမှိ နဟာပေထမန္တံ ဝတ္တုမ်ပိ နသက္ကောမိ၊ ဇာတိတောမှိ အပရိမုတ္တတာယ ဇဒိသော ဇာတော နခေါ့ပနာဟမေဝ၊ တုမှေပိ ဇာတိတော အပရိမုတ္တာဝ၊ ယထေဝ ဟိ မယှံ၊ ဧဝံ တုမှာကမ်ပိ၊ ဇာတိ အာဂမိဿတိ၊ ဣတိ တဿာ ပုရေ အာဂမနာဝ ကဲ့ပျာဏိ ကရောထာတိ၊ ကေနေသ ဒေဝဒူတောနာမ ဇာတော။ ဥပရိပဏ္ဏာသအဋ္ဌကထာ သုတ္တာသင်္ဂဟအဋ္ဌကထာတို့၌ လာသောပါဠိ။

ဒဟရကုမာရော၊ ဖွားသစ်စအရွယ် နုနယ်သေးကွေး သူငယ်ကလေးဆည်။ အတ္ထတော၊ သဘောအားဖြင့်။ ဧဝံ၊ ဤသို့။ ဝဒတိနာမ၊ ဆုံးမစကားဝး မြွက်ကြားသံချို ပြောဆိုသည် မည်သနည်းဟူမူကား။ ဘော၊ အို-လူများအပေါင်းတို့။ မံ၊ လိုက္ခြိုက်မကျ ဖိုလှိုက်ကြွအောင် ငိုရှိုက်၍သာနေရပါသော အကျွန်ုပ်ကို။ ပဿထ၊ သံဝေဂဉာဏ် ဖြစ်ရန်စေ့ငဲ့၊ ဉာဏ်စက္ခု ဖြင့်၊ ကြည့်ရှုကြပါကုန်လော့။ မယှပွိ၊ အကျွန်ုပ်အားလည်း၊ တုမှာကံဝိယ၊ သင်တို့ကဲ့သို့။ ဟတ္ထပါဒါ၊ မပျက်မချို့လက်ခြေတို့သည်။ အတ္ထိ-သန္တိ၊ ရှိပါကုန်၏။ ပနတထာပိ၊ ထိုသို့ပြည့်စုံ၊ လက်ခြေတို့ ရှိကြပါကုန်သော်လည်း။ သကေ၊ မိမိကိုယ်မှ၊ ယိုကျလျောစီး၊ ကိုယ့်ဟာချည်းသာ ဖြစ်သော။ မုတ္တကရိသေ၊ စက်ဆုပ်ရွံဖွယ်၊ မစင်ကြဲယ်သော၊ ကျင်ငယ်ကျင်ကြီး၌။ ပလိပန္နော၊ လူးလဲပြောင်းပြန်၊ မှောက်လှန်ကျရောက်၍နေရသည်။ အမှိ၊ ဖြစ်ရပါ၏။ အတ္တာနော ဓမ္မတာယ၊ သူများမတူ မှယူမမ မကြွမမြောက် ကိုယ့်ဘာသာအလျောက်အားဖြင့်။ ဥဋ္ဌဟိတ္တာ၊ လက်ဖြင့်ထောက်ကြွ ကောင်းစွာထ၍။ နဟာယိတုံ၊ ရေချိုးခြင်းငှါ။ နသက္ကောမိ၊ မတတ်နိုင်ပါ။ အဟံ၊ အကျွန်ုပ်သည်။ကိလိဋ္ဌဝတ္ထော၊ ကျင်ကြီးကျင်ငယ် ကပ်တွယ်ရစ်သမ်း ညစ်နွမ်းသောကိုယ်ရှိသည်။ အမှိ၊ ဖြစ်ပါ၏။ မံ၊ အကျွန်ုပ်ကို။ နဟာပေထ၊ ရေချိုး၍ပေးကြပါကုန်။ ဣဘိ၊ ဤသို့။ ဝတ္တာမှိ၊ မိမိအလို မြွက်ဆိုပြောကြားခြင်းငှာလည်း။ နသက္ကောမိ၊ မတတ်နိုင်ပါ။ ဇာတိတော၊ ပဋိသန္ဓေနေခြင်းသဘောမှ။ အပရိမုတ္တာယ၊ မလွတ်မရှင်း မလွတ်ကင်းရသေးသည်၏ အဖြစ်ကြောင့်။ ဒုဒိသောဇာတော၊ ဤသို့ဒုက္ခ ခံနေရသော ဖြစ်ခြင်းသည်။ အမှိ၊ ဖြစ်ရပါ၏။ ခေါပန၊ စင်စစ်သော်ကား။ အဟမေဝ၊ အရွယ်မရောက် မလောက်သေးငယ် နုနယ်လှစွာ အကျွန်ုပ်တယောက်တည်းသာလျှင်။ ဇာတိတော၊ ပဋိသန္ဓေ နေရခြင်းသဘောမှ။ အပရိမုတ္တောဝ၊ မကျွတ်မရှင်း မလွတ်ကင်းကြကုန်သေးသည်သာလျှင်တည်း။ ဟိသစ္စံ၊ ငါ၏ စကား အမှားငှာန် မချွတ်မှန်၏။ မယှံ ယထေဝ၊ အကျွန်ုပ်အား ထင်ရှားမျက်မှောက် ဇာတိဒုက္ခရောက်သကဲ့သို့၊ ဧဝံတထာ၊ ထိုအတူ။ တုမှာကမွိ၊ သင်တို့အားလည်း။ ဇာတိ၊ ပဋိသန္ဓေနေရခြင်းသဘောသည်။ အာဂမိဿတိ၊ မထောက်မည့်ဝ ပေါ်ပေါက်၍လာလတ္တံ့။ ဣတိတသ္မာ၊ ထို့ကြောင့်။ တဿာဇာတိယာ၊ ထိုပဋိသန္ဓေနေရခြင်းသဘော၏။ ပုရေအာဂမနာဝ၊ မလာရောက်ခင် ကြိုတင်ဆောစွာ ရှေးအခါကပင်လျှင်။ ကလျာဏံ၊ ကုသိုလ်ကောင်းမှုကို။ ကရောထ၊ ပြုကြပါကုန်။ ဣတိ၊ ဤသို့။ ဝဒေတိနာမ၊ ဆုံးမစကား မြွက်ကြားသံချို၊ ပြောဆိုသည်မည်၏။ တေန၊ ထို့ကြောင့်။ ဒေဝဒူတောနာမ၊ နတ်တမန်မည်သည်။ ဇာတော၊ ဖြစ်၏။ ဤကား- အနက်။

ဤအဋ္ဌကထာအနက်ကို နှုတ်တက်သေချာ ကောင်းစွာကျတ်မှတ် မပြတ်နှုတ်ဖတ် ကြပြီးလျှင် ဇာတိဒုက္ခ ဘေးဘယနှင့် မုချရင်ဆိုင် ယှဉ်ပြိုင်ဝံ့ဆုံ တွေ့ကြုံရမည့်အရေးကို မျော်တွေးရွှမြင် ဆင်ခြင်သုံးသပ်ကြ၍ ထိုဇာတိဒုက္ခ ဘေးဘယမှ ကြောက်ရွံ့ထိတ်လန့်ခြင်း သံဝေဂဉာဏ်ကို အဖန်ဖန်ဖြစ်စေကြပြီးလျှင် ဇာတိဒုက္ခ ဘေးဘယကြီး ဖိစီးပေါ်ပေါက် မထောက်လာခင် ကြိုတင်ဆောစွာ ယခုခါက ကောင်းစွာလုံ့လ ဥဿာဟဖြင့် ပုညအစု ကုသိုလ်မှုကို ပြုစုအားထုတ်ကြပါကုန်။

ဇောတိကာရုံ ၄၅ [ဝမ္ဗဒါန]

ဤအရာ၌ နာမ်-ရုပ်နှစ်ပါး ဖြစ်ပုံးပေါ်ပေါက်၍လာခြင်းသည် ပဋိသန္ဓေ နေရခြင်း ဇာတိမည်၏။ ထိုဇာတိသည် မုချအားဖြင့် ဒုက္ခမဟုတ်။ ယင်းသို့ မဟုတ်သော်လည်း အမိဝမ်းတွင်းသို့ သက်ဆင်းရခြင်းလျှင် အရင်းရှိသော ဂဗ္ဘောက္ကန္တိကမူလကဒုက္ခ။ ကိုယ်ဝန်ကို ရွက်ဆောင် စောင့်ရှောက်ရခြင်းလျှင် အရင်းရှိသော ဂဗ္ဘပရိဟရဏ မူလကဒုက္ခ။ ကိုယ်ဝန် ပျက်စီးခြင်းလျှင် အရင်းရှိဘော ဂဗ္ဘဝိပတ္တိမူလကဒုက္ခ။ ဖွားမြင်ခြင်းလျှင် အရင်းရှိသော ဝိဇာယနမူလကဒုက္ခ။ အမိဝမ်းမှ ပြင်ပသို့ ထွက်ရခြင်းလျှင် အရင်းရှိသော ဗဟိနိက္ခမနမူလက ဒုက္ခ။ မိမိ၏ လုံ့လလျှင် အရင်းရှိသော အတ္တကာရပက္ကမမူလက ဒုက္ခ။ သူတပါး၏ လုံ့လ လျှင် အရင်းရှိသော ပရူပက္ကမမူလက ဒုက္ခ။ ဤဒုက္ခအပေါင်းတို့၏ ဖြစ်ကြောင်းဖြစ်သော ဖလူပစာရအားဖြင့် ဇာတိကို ဒုက္ခဟုဆိုအပ်၏။ ထိုဂဗ္ဘောက္ကန္တိကမူလကဒုက္ခ အစရှိသည်တို့ကို ဝိဘင်းအဋ္ဌကထာ စသည်တို့၌လာသောအတိုင်း သံဝေဂဉာဏ်ဖြစ်စေရန် အလို့ငှာ ကောင်းစွာ ရေးသား၍ ထင်ရှားပြလိုက်ပေဦးအံ့။ မိမိရရ ရွက်ဆောင်ကျက်မှတ်ကြပါကုန်။

အယဉ္စိသတ္တော မာတုကုစ္ဆိမှိ နိဗ္ဗတ္တမာနော နဉ္စပ္ပဲလ ပဒုမပုဏ္ဏရိကာဒီသု နိဗ္ဗတ္တတိ၊အထခေါ ဟေဋ္ဌာအာမာသယဿ ဥပရိပက္ကသယဿ ဥဒရ ပဋလပိဋ္ဌိကဏ္ဍ-ကာနံ ဝေမဇ္ဈပရမ သမ္မာဓေတိဗ္ဗန္ဓကာရေ နာနာကုဏပ ဂန္ဓပရိဘာဝိတေ အသုစိ ပရမ့ဒုဂ္ဂန္ဓ ပဝန ဝိစရိတေ အဓိမတ္တ ဇေဂုစ္ဆ ကုစ္ဆိပဒေသေ ပုတိမစ္ဆ ပုတိကုမ္မာသ စန္ဒနိကာဒီသု ကိမိဝိယ နိဗ္ဗတ္တတိ၊ သော တတ္ထ နိဗ္ဗတ္တော ဒသမာသေ မာတုကုစ္ဆိ-သမ္ဘဝေန ဥသ္မာနာ ပဋပါကံဝိယ ပစ္စမာနော သမဥ္ဇန ပသာရဏာဒီသု ရဟိတော အဓိမတ္တံ ဒုက္ခံ ပစ္စနုဘောတိတိ ဣဒံ တာဝ ဂဗ္ဘောက္ကန္တိ မူလကံဒုက္ခံ။

ဟိဿစ္စံ၊ မှန်၏။ အယံသတ္တော၊ ဤသတ္တဝါသည်။ မာတုကုစ္ဆိမှိ၊ အမိဝမ်း၌။ နိဗ္ဗတ္တ-မာနော၊ ဖြစ်သည်ရှိသော်။ ဥပ္ပလ ပဒုမ ပုဏ္ဏရိကာဒီသု၊ ကြာညိုကြာနီ-ကြာဖြူ-ပဒုမ္မာ-ပုဏ္ဏရိက် စသည်တို့၌။ နနိဗ္ဗတ္တတိ၊ ဖြစ်သည်မဟုတ်ကုန်။ အထခေါ၊ စင်စစ် ဖြစ်ရသော်ကား။ အာမာသယဿ၊ အစာသစ်အိမ်၏။ ဟေဋ္ဌာ၊အောက်၌။ ပက္ကာသယဿ၊ အစာဟောင်းအိမ်၏။ ဥပရိ၊ အထက်၌။ ဥဒရပဋလပိဋ္ဌိကဏ္ဍကာနံ၊ ဝမ်းပြင်းသား ကျောက်ဆူးရိုး (ကျော ရိုး) တို့၏။ ဝေမဇ္ဈ၊ အလယ်၌။ ပရမသမ္မာဓေ၊ အလွန်ကျဉ်းမြောင်းစွာထသော။ တိဗ္ဗန္ဓ-ကာရေ၊ တခဲနက်မိုက်သော မှောင်တိုက်အတိဖြစ်သော။ နာနာကုဏပဂန္ဓ ပရိဘာဝိတေ၊ အထူး ထူးသော အပုပ်နံ့တို့ဖြင့် ထုံအပ်သော။ အသုစိပရမ ဒုဂ္ဂန္ဓ ပဝန ဝိစာရိတေ၊ မသန့်မရှင်း လွန် ပြင်းထောင်းထောင်း မကောင်းသောအနံ့ ရှိသောသူသည် လှည့်လည်သွားလာအပ်ထသော။ အဓိမတ္တဇေဂုစ္ဆေ၊ အလွန်စက်ဆုပ် ရွံရှာဖွယ်ကောင်းထသော။ ကုစ္ဆိပဒေသေ၊ ဝမ်းဗိုက်အရပ် ၌။ ပုတိမစ္ဆ ပုတိကုမ္မာသစန္ဒနိကာဒီသု၊ ငါးပုပ် မယောပုပ် တန်စီးအိုင်စသည်တို့၌။ ကိမိဝိယ၊ ပိုးလောက်ကဲ့သို့ နိဗ္ဗတ္တတိ၊ ဖြစ်ရ၏။ တတ္ထ၊ ထိုစက်ဆုပ်ဖွယ် အပုပ်ကြွယ်သော အမိဝမ်း၌။ နိဗ္ဗတ္တော၊ ဖြစ်ရသော။ သောသတ္တော၊ ထိုသတ္တဝါသည်။ ဒသမာသေ၊ ဆယ်လတို့ပတ်လုံး။ မာတုကုစ္ဆိသမ္ဘဝေန၊ အမိဝမ်း၌ဖြစ်သော။ ဥသ္မာနာ၊ ကမ္မဇတေဇောခေါတ်သည်။ ပစ္စမာနော၊ ချက်အပ်သည်ဖြစ်၍။ ပဋပါကံဝိယ၊ ကျက်သောအမဲထုပ်ကဲ့သို့။ သေဒိယမာနော၊ ပေါင်း

အပ်သော။ ပိဋကတ္တိုဝိယ၊ မုန့်ညက်စိုင်ကဲ့သို့၊ သမဏ္ဍန ပဿာရဏာဒိရဟိတော၊ ကွေးခြင်း ဆန့်ခြင်းစသည်မှ ကင်းသည်ဖြစ်၍။ အဓိမတ္တံ၊ အတိုင်းမက လွန်ကဲလှသော။ ယံဒုက္ခံ၊ အကြင်ဆင်းရဲကို၊ ပစ္စနုဘောတိ၊ ခံစားရ၏။ ဣတိ-ဣဒံ ဒုက္ခံ၊ ဤဒုက္ခသည်။ တာဝ၊ ရှေးဦးစွာ။ ဂဗ္ဘောက္ကန္တိကမူလကံ၊ အမိဝမ်းတွင်းသို့ သက်ဆင်းရခြင်းလျှင် အရင်းရှိသော။ ဒုက္ခံ၊ ဆင်းရဲမည်၏။ ဤကဲ့သို့ ဂဗ္ဘောက္ကန္တိကမူလကဒုက္ခတည်း။

ယံပနသော မာတုယာသာ ဥပက္ခလန ဂမနံ နိသီဒနဝုဋ္ဌာန ပရိဝတ္တနာဒီသု သုရာမုတ္တဟတ္ထဂတော ဌဋ္ဌကောဝိယ အဟိတုဏ္ဍိက တတ္ထ ဂတော သပ္ပပေါတကောဝိယစ အာကာသုန ဩခုံနန နိဒ္ဒုနနာ ဒိနာဥပက္ကမေန အဓိမတ္တံ ဒုက္ခမနုဘဝတိ၊ ယဉ္စ မာတုသီတုဒက ပါနကာလေ သီတနရကူပပန္နောဝိယ ဥဏှယာဂုဘတ္တာဒိ အဇ္ဈောဟရဏကာလေ အင်္ဂါရဝုဋ္ဌိ သမ္ပရိကိဏ္ဏောဝိယစ တိဗ္ဗံ ဒုက္ခမနုဘောတိ။ ဣဒံ ဂဗ္ဘပရိဟရဏမူလကံ ဒုက္ခံ။

ပန၊ အဖို့တပါးကို ဆိုဦးအံ့။ သော သတ္တော၊ ထိုအမိဝမ်း၌ ဖြစ်နေရသော သတ္တဝါသည်။ မာတု၊ အမိ၏။ သဟသာ၊ မဆင်မခြင် အဆောတလျင် ရှောင်တခင်အား ဖြင့်။ ဥပက္ခ-လဂမန နိသီဒန ဝုဋ္ဌာန ပရိဝတ္တနာဒီသု၊ ခွဲတ်ချော်တိမ်းပါး သွားခြင်း၊ ထိုင်ခြင်း ထခြင်း ဘယ်ညာနံတောင်း ပြန်ပြောင်းလူးလည်းခြင်း အစရှိကုန်သည်တို့၌။ သုရာမုတ္တ-ဟတ္ထဂတော၊ သဲရည်ယစ်မူး သေသောက်ကြူးတို့၏ လက်တွင်းသို့ရောက်သော။ ဌဋ္ဌကော-ဝိယစ၊ သိုးဆိတ်ကဲ့သို့လည်းကောင်း။ အဟိတုဏ္ဍိကဟတ္ထဂတော၊ အလမွာယ်သမား၏ လက်တွင်း သို့ ရောက်သော။ သပ္ပပေါတကောဝိယစ၊ မြွေငယ်ကဲ့သို့လည်းကောင်း။ အာကာသုန ပရိ-ကာသုန ဩခုနန နိဒ္ဒုနနာဒိနာ၊ ရှေးရှုဆဲငင်ခြင်း မေ့ရမ်းတွန်းထိုးခြင်း အောက်သို့ ပစ်ခါခြင်း ဖီလာဝန်းကျင် အထက်သို့ဆန့်ငင်၍ခါခြင်း အစရှိသော။ ဥပက္ကမေန၊ လုံ့လဖြင့်။ အဓိမတ္တံ၊ အတိုင်းမက လွန်ကဲလှသော။ ယံစဒုက္ခံ၊ အကြင်ဆင်းရဲကိုလည်း။ အနုဘဝတိ၊ ခံစားရ၏။ မာတု၊ အမိ၏။ သီတုဒကပါနကာလေ၊ အလွန်အေးလှစွာသော ရေကို သောက်သောအခါ၌။ သီတနရကူပပန္နော ဝိယစ၊ ချမ်းအေးလှစွာသော လောကန္တရိက်ငရဲသို့ ရောက်ရ သောသူကဲ့သို့လည်းကောင်း။ ဥဏှယာဂု ဘတ္တာဒိအဇ္ဈောဟရဏကာလေ၊ အလွန်ပူပြင်းသော ယာဂု ထမင်း အစရှိသည်ကို စားမျိုသောအခါ၌လည်းကောင်း။ အင်္ဂါရဝုဋ္ဌိသမ္ပရိကိဏ္ဏော ဝိယစ၊ မီးကျီးခဲမိုး ရွာဖြိုးလောင်ကျွမ်း ထက်ဝန်းကျင်ပြွမ်းသကဲ့သို့လည်းကောင်း။ လောဏဿ-လာဒိ အဇ္ဈောဟရဏကာလေ၊ ဆားငန်ချဉ်သီး အစရှိသည်ကို စားမျိုသောအခါ၌။ ဒါရ-ပဋိစ္ဆကာဒိ ကမ္မကရဏပတ္တောဝိယစ၊ ထိုထိုကိုယ်လက် ခေါင်းလက်နက်ဖြင့် ရွှေဖျက်လှိုးမှုန်း ဟားဆပ်ပြာပက်သွင်း၍ ဝက်မင်ဘီးတို့ဖြင့် ပွတ်တိုက်ခြင်း စသော မင်းပြစ်ဒဏ် ကံကြိုက်သို့ ကျရောက်ခံနေရသောသူကဲ့သို့လည်းကောင်း။ တိဗ္ဗံ၊ ကြပ်တပ်းပြင်းပြလှစွာသော။ ပံစဒုက္ခံ၊ အကြင်ဆင်းရဲကိုလည်း။ အ ဘောတိ၊ ခံစားရ၏။ ကုံဒုက္ခံ၊ ဤဒုက္ခသည်။ ဂဗ္ဘပရိဟရဏ-မူလကံ၊ ကိုယ်ခန္ဓာကို ရွက်ဆောင်စောင့်ရှောက်ရခြင်းမျှင် အရင်းရှိသော။ ဒုက္ခံ၊ ဆင်းရဲ မည်၏။

ဤ**အာဠာ**ဝကထာပါဠိ၌ ဒုက္ခုပ္ပတ္တိဌာန ဟူသည်ကား သားငယ်၏တည်ရာ ဂဗ္ဘာသယ မည်သော သားအိမ်တည်း။ ထို့ကြောင့် ပရမတ္ထုသာ မည်သော ဝိသုဒ္ဓိမဂ် မဟာဋီကာ၌ "ဒုက္ခုပ္ပတ္တိ ဌာနေတိ ဂဗ္ဘာသယသညိတံ တတိယံ ဝတ္ထိံ" သန္ဓာယာဟ ဟူ၍ ဖွင့်ပြတော်မူအပ်၏။

ဒုက္ခုပ္ပတ္တိ ဌာနေတိ တေံဝစနံ၊ ဒုက္ခုပ္ပတ္တိဌာနေ ဟူသော ဤစကားကို။ ဂဗ္ဘာသယ-သညိတံ၊ သားငယ်၏တည်ရာ ဂဗ္ဘာသယ အမည်ရှိသော။ ဝတ္ထိံ၊ သားအိမ်ကို။ သန္ဓာယ၊ ရည်၍။ အာဟ၊ မိန့်တော်မူပြီ။ (နို့ရည်နှင့် သုက်ကို ၃၂-ပါးသော ကောဋ္ဌာသတို့တွင် သွင်း၌ သင်္ကြိုဟ်အပ်သကဲ့သို့ ဤသားအိမ်ကိုလည်း အူ၌ သင်္ကြိုဟ်။ ဤကား ဂဗ္ဘဝိပ္ပတ္တိမူလက ဒုက္ခတည်း။

> ယံ ဝိဇာယ မာတုယာ ကမ္မဇေဟိ ဝါတေဟိ ပရိဝတ္တေတွာ နရကပပါတံ ဝိယ အတိဘယာနကံ ယောနိမဂ္ဂံ ပဋိပါတိယမာနဿ ပရမသမ္မာဓေန ယောနိ-မုခေန တာဒဋ္ဌိဋ္ဌဂ္ဃဋ္ဋနဝိယ နိက္ခမိယမာနဿ မဟာနာဂဿ နရကသတ္တဿဝိယစ သံဃာတပဗ္ဗတေတိ ဝိစုဏ္ဏိယမာနဿ ဒုက္ခံ ဥပ္ပဇ္ဇတိ၊ ဣဒံ ဝိဇာယမူလကံ ဒုက္ခံ။

ဝိဇာယန မာနဿ၊ သားကိုသန့်စင် ဖွားမြင်တော့မည် ဖြစ်သော။ မာတုယာ၊ မိခင်၏၊ ကမ္မဇေဟိ၊ ကံကြောင့် ဖြစ်ကုန်သော။ ဝါတေဟိ၊ လေတို့သည်။ ပရိဝတ္တေတွာ၊ ခေါင်းကို ကဲ့ဒေါက် ခြေထောက်မိုးမျှော် ပစ်ကော့ပြန်လှန်၍။ နရကပပါတံဝိယ၊ အလွန်နက်စောက် နရက်ချောက်ကဲ့သို့။ အတိဘယနကံ၊ အလွန်ကြောက်မက်ဖွယ် ကောင်းသော။ ယောနိမဂ္ဂံ၊ ကျဉ်းမြောင်းကြပ်တည်းသော ယောနိဝ ခရီးသို့။ ပဋိပါတိယမာနဿ၊ တိုက်မှုတ်တွန်းနှိပ်၊ ထိုးသိပ်ပစ်ချအပ်သော သတ္တဝါအား။ တာဒဋ္ဌိဋ္ဌဂ္ဃဋ္ဋနဝိယ၊ သံကောက်ပေါက်ဖြင့်။ နိက္ခမိယ-မာနဿ၊ ဆွဲငင်၍ထုတ်အပ်သော။ မဟာနာဂဿ၊ ဆင်ပြောင်ကြီးအား။ ဥပ္ပဇ္ဇနဒုက္ခံဝိယစ၊ ဖြစ်သောဆင်းရဲခြင်းကဲ့သို့ လည်းကောင်း။ သံဃာတ ပဗ္ဗတေဟိ၊ နှလုံးကပ်နှိပ်၊ ညှပ်၍ ကြိတ်သော တောင်တို့သည်။ ဝိစုဏ္ဏိယ မာနဿ၊သိသိညက်ကျေ၊ ကြိတ်၍ချေအပ်သော။ နရကသတ္တဿ၊ ငရဲသူသတ္တဝါအား။ ဥပ္ပဇ္ဇန ဒုက္ခံဝိယစ၊ ဖြစ်သောဆင်းရဲကဲ့သို့လည်းကောင်း။ ပရမဿမ္မာဓေန၊ အလွန်ကျဉ်းမြောင်းသော။ ယောနိမုခေန၊ ယောနိဝဖြင့်။ ယံ ဒုက္ခံ၊ အကြင် ဆင်းရဲခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဣဒံ ဒုက္ခံ၊ ဤဆင်းရဲခြင်းသည်။ ဝိဇာယနမူလကံ၊ ဖွားမြင်ခြင်းလျှင် အရင်းရှိသော။ ဒုက္ခံ၊ ဆင်းရဲမည်၏။ ဤကား ဝိဇာယန မူလက ဒုက္ခတည်း။

> ယံ ပန ဇာတဿ တရုဏ ဝဏ္ဏသဒိသဿ သုကုမာရ သရီရဿ တတ္ထဂဟဏနှာပန ဓောဝန စောဋ္ဌ ပရိမဇ္ဇနာဒိကာလေ သုစိမုခဒုရဝါရဟိ ဝိဇ္ဈန ဖာလန သဒိသံ ဒုက္ခံ ဥပ္ပဇ္ဇတိ၊ ဣဒံ မာတုကုစ္ဆိတော ဗဟိနိက္ခမနမူလကံ ဒုက္ခံ။

ပန၊ အဖို့တပါးကို ဆိုဦးအံ့။ ဇာတဿ၊ ဖွားပြီးသော သတ္တဝါအား။ တရုဏဝဏ္ဏသဒိသဿ၊ နူသော အိုင်းအမာနှင့်တူသော။ ဝါ၊ အသားနုတက်စ ဖြစ်သော အိုင်းအမာနှင့်တူသော။ သုကုမာရ သရီရဿ၊ အလွန်နူးညံ့ သိမ်မွေ့လှသော ကိုယ်ကို။ ဟတ္ထဂဟဏ နှာပန ဓောဝန စောဋ္ဌဖရိမဇ္ဇနာဒိကာလေ၊လက်ဖြင့်ကိုင်ခြင်း ရေချိုးခြင်း ရေဆေးခြင်း ပုဆိုးကြမ်းဖြင့်

ဆုပ်နယ်သုံးသပ်ခြင်း စသည်ကို ပြုသောကာလ၌။ သုစိ မုခ ခုရဝါရုဟိ၊ အပ်သွားစွန်း၊ သင်ခုန်းခားသွားတို့ဖြင့်။ ဝိဇ္ဇာန ဖာလန သဒိသံ၊ ထိုးခြင်း ခဲခြင်းတို့နှင့်တူသော။ ယံ ဒုက္ခံ၊ အကြောင်ဆင်းရဲသည်။ ဥပပဇ္ဇတိ၊ ဖြစ်၏။ ဣဒံ ဒုက္ခံ၊ ဤဆင်းရဲသည်။ မာတုကုစ္ဆိတော၊ အမိဝမ်းမှ။ ဗဟိနိက္ခမန မူလကံ၊ အပြင်ပသို့ ထွက်ရခြင်းလျှင် အရင်းရှိသော။ ဒုက္ခံ၊ ဆင်းရဲမည်၏။ ဤကား ဗဟိနိက္ခမန မူလက ဒုက္ခတည်း။

ယံ တထောပရံ ပဝတ္တိယံ အတ္တနာဝ အတ္တာနံ ဝဓိတ္ဘဿ အစေလကဝတာဒီ ဝသေန အာဘာပန ပရိဘာပနနိယောဂ မနုယုတ္တဿ ကောဓဝသေန အာဘုဇိတ္တဿ ဥပဓိဘိတ္တဿပ ဒုက္ခံ ဥပပဇ္ဇတိ၊ ဣဒံ အတ္တာနုပက္ကမ မူလကံ ဒုက္ခံ။

တထော၊ ထိုအမိဝမ်းမှ အပြင်ပသို့ထွက်ရသော ကာလမှ။ ပရံ၊ နောက်ဖြစ်သော။ ပဝတ္တိယံ၊ ပဝတ္တိအခါ၌။ အတ္တနာဝ၊ မိမိကိုယ်တိုင်သာလျှင်။ အတ္တာနံ၊ မိမိကိုယ်ကို။ ဝဓိတ္ဘဿ၊ သက်သေသူအား သည်းကောင်း။ အစေလကဝတာဒီဝသေန၊ အဝတ်မဆီး အချည်းနှီးနေကြသော သာသနာတော်မှအပ အညတိတ္ထိယ၊ အစေလက တက္ကတ္ဘန်းတို့၏ အကျင့်ကို ကျင့်ခြင်းစသည်တို့၏ အစွမ်းအားဖြင့်။ အာဘပ ပရိဘာပနနိယောဂံ၊ နေသို့တည့်တည့် မျက်နှာလှည့်၍ကြည့်သဖြင့် အပူခံခြင်း ရွေနောက်ဝဲယာ ထက်ဝန်းကျင်ပူစွာသော မီးတို့ဖြင့် အပူခံခြင်းလုံ့လကို။ အနုယုတ္တစဿ၊ အားထုတ်သောသူသည်လည်းကောင်း။ ကောဓဝသေန၊ ကြမ်းကြုတ်သောဒေါသ၏ အစွမ်းအားဖြင့်။ အဘုဇိတ္တဿစ၊ အစာကိုဖြတ် အငတ်ခံနေသော သူအားလည်းကောင်း။ ဥပဓိဘိတ္တဿစ၊ အထက်၌ဖဲ့တဲ့ လည်၌တဲ၍ ကြိုးဆဲခြသော သူအား လည်းကောင်း။ ယံ ဒုက္ခံ၊ အကြောင်ဆင်းရဲသည်။ ဥပပဇ္ဇတိ၊ ဖြစ်၏။။ ဣဒံဒုက္ခံ၊ ဤဆင်းရဲသည်။ အတ္တာနုပက္ကမမူလကံ၊ မိမိ၏လုံ့လလျှင် အရင်းရှိသော။ ဒုက္ခံ၊ ဆင်းရဲမည်၏။ ဤကား-အတ္တာနုပက္ကမမူလကဒုက္ခတည်း။

ယံ ပန ပရတော ဝဓဗန္ဓနာဒီနိ အနုဘဝန္တဿ ဥပပဇ္ဇတိ၊ ဣဒံပရူပက္ကမမူလကံဒုက္ခံ။

ပန၊ အဖို့တပါးကို ဆိုဦးအံ့။ ပရတော ပရေန၊ သူတပါးသည်။ ကတာနိ၊ ပြုအပ်ကုန်သော။ ဝါ၊ ပရတော-ပရဿ၊ သူတပါး၏။ ဝဓဗန္ဓနာဒီနိ၊ သတ်ခြင်းနှောင်ဖွဲ့ခြင်း အစရှိသည်တို့ကို။ အနုဘဝန္တဿ၊ ခံစားရသော သတ္တဝါအား။ ယံဒုက္ခံ၊ အကြောင်ဆင်းရဲသည်။ ဥပပဇ္ဇတိ၊ ဖြစ်၏။ ဣဒံ ဒုက္ခံ၊ ဤဆင်းရဲခြင်းသည်။ ပရူပက္ကမမူလကံ၊ သူတပါးလုံ့လလျှင် အရင်းရှိသော။ ဒုက္ခံ၊ ဆင်းရဲမည်၏။ [သမ္မာဟယောဇနာဋ္ဌကား ပရတောဟူသောပုဒ်ကို၊ (ဝဓဗန္ဓနာဒီနိ) ဟူသောပုဒ်၌ အပဒါန်အဖြစ်ဖြင့် စပ်စေလိုသောကြောင့် (ပရတောတိပဒံ ဝဓဗန္ဓနာဒီနိပဒေ အပဒါနံ) ဟု ဖွင့်ဆိုတော်မူ၏။ ထိုယောဇနာဆရာ၏ အလိုအားဖြင့် (ပရတော၊ သူတပါးမှ) ဟု အာနက်ပေးစေလိုသည်။ ထိုစကားကို ဆင်ခြင်၍ သင့်လျှင်ယူလေ။] ဤကား-ပရူပက္ကမမူလက ဒုက္ခတည်း။

ဇာတိဟု ဆိုအပ်သော ပဋိသန္ဓေနေခြင်းမှ မလွတ်ကင်းကြရကုန်သောကြောင့် အပါယ်ဒုက္ခနှင့်တကွ ဆိုအပ်ခဲ့ကုန်ပြီးသော (ဂဗ္ဘာက္ကန္တိကမူလကဒုက္ခ) အစ (ပရူပက္ကမပူလကဒုက္ခ) အဆုံးရှိကုန်သော ဒုက္ခတို့ကို ခံစားကြရကုန်၏။ ဇာတိဟု ဆိုအပ်သော ပဋိသန္ဓေနေခြင်းမှ

လွတ်ကင်းကြရပါ့ကုန်မူကား ထိုဒုက္ခတို့ကို ခံစားရဖွယ်မရှိပြီ။ ထိုစကားကို ထင်ရှားစေခြင်းငှာ ဝိဘင်းအဋ္ဌကထာစသည်တို့၌လာသော ဇာတိဒုက္ခကိုပြသော ဂါထာတို့ကို ထုတ်ဆိုရေးသားလိုက်ပေဦးအုံ့။ ကြေကြေညက်ညက် နှုတ်တက်ရအောင် ကျက်ဆောင် မှတ်ယူကြပါကုန်။

ဇာယတေ နောစေ နု ကေသုသတ္တော၊ ကတဂ္ဂိဒါဟာဒိက မပွသယ္ဟ ံ။
လဘေထ ဒုက္ခ ံ နုကုဟိ ပတိဋ္ဌိ၊ ဣစ္စာဟ ဒုက္ခာတိ မုနိဇာတိ။

သတ္တော၊ သတ္တဝါသည်။ နရကေသု၊ မီးလျှံစုံရောက် ရဲရဲတောက်ရာ ငရဲရွာ၌။ နောစေ ဇာယထ ယဒိနဇာယေယျ၊ အကုသိုလ်ကံဆိုးနှစ်၍ မြုပ်နစ်သန္ဓေ မဖြစ်ပေငြားအုံ့။ စေ၊ ဤသို့သန္ဓေ မနေမဖြစ်ရသည်။ သတိ၊ ရှိသော်။ သောသတ္တော၊ ထိုသတ္တဝါသည်။ ကုဟိ ံ နု၊ အဘယ်မည်ရ ဘုံဌာန၌။ ပတိဋ္ဌံ ပတိဋ္ဌန္တော၊ တည်နေလျက်။ တတ္ထတေသုနရကေသု၊ ထိုသို့ရဲရဲ မီးစုံတောက်လောင် ငရဲဘောင်တို့၌။ ဥပပ္ပန္နံ၊ ဖြစ်သော။ အဂ္ဂိဒါဟာဒိကံ၊ ညီးညီးထိန်ထိန် အရှိန်ပြင်းပြင်း မီးလောင်ခြင်းအစရှိသော။ အပွသယ္ဟံ၊ အံ့သွားကြိတ်ပြီး ခါးကိုစည်း၍ သည်းခံခြင်းငှာ မှတတ်ရာသော။ ဒုက္ခ ံ၊ ဆင်းရဲကို။ လဘေထ-လဘေယျ၊ ရနိုင်တော့အုံ့နည်း။ ယသ္မာ၊ အကြင့်ကြောင့်။ နလဘေယျ၊ မရနိုင်ရာ။ ဣတိတသ္မာ၊ ထို့ကြောင့်။ မုနိ၊ မြတ်စွာဘုရားသခင်သည်။ ဣဓ၊ ဤဒုက္ခသစ္စာအရာ၌။ ဇာတိ၊ ပဋိသန္ဓေနရခြင်းကို။ ဒုက္ခာတိ၊ ဒုက္ခဟူ၍။ အာဟ၊ ဟောတော်မူပြီ။

ဒုက္ခ ံ တိရစ္ဆာသု ကသာပတောဒဓ၊ ဒဏ္ဍာဘိဃာတာဒိဘဝံနေကံ။
ယန္တံ ကထံ တတ္ထဘဝေယျ ဇာတိ၊ ဝိနာတဟိ ံ ဇာတိကောဒုက္ခာ။

တိရစ္ဆာသု၊ မဂ်ဖိုလ်နိဗ္ဗာန် လောကီစျာန်တို့နှင့် မရာမတန် ဖိလာကန်သော တိရစ္ဆာန်မျိုးတို့၌။ ကသာပတောဒဓဏ္ဍာဘိဃာတာဒိဘဝံ၊ ကြိမ်လုံး-နှင်တံ လှုင်ကန် တောင်ပေါ်းတို့ဖြင့် ရိုက်နှက်ထိုးဆဲ ပုတ်ခတ်ခြင်းစသည်တို့ကြောင့်ဖြစ်သော။ အနေကံ၊ တပါးမက များပြားလှသော။ ယံဒုက္ခ ံ၊ အကြင်ဆင်းရဲသည်။ အတ္ထိ၊ ရှိ၏။ တဟိ ံ တေသုတိရစ္ဆာနေသု၊ ထိုဒုက္ခအပေါင်း သောင်းပြောင်းဝိုင်းအုံ့ သိုင်းခြုံပတ်ခြုံသော တိရစ္ဆာန်မျိုးတို့၌။ ဇာတိ ံ ဇာတိယာ၊ ပဋိသန္ဓေနေတည်ရခြင်းမှ။ ဝိနာ၊ ကင်း၍။ ဝါ၊ ကင်းသည်။ သတိ၊ ရှိသော်။ တတ္ထတေသု-တိရစ္ဆာနေသု၊ ထိုဒုက္ခအပေါင်း သောင်းပြောင်းဝိုင်းအုံ့ သိုင်းခြုံပတ်ခြုံသော တိရစ္ဆာန်မျိုးတို့၌ တံဒုက္ခ ံ၊ ထိုကြိမ်လုံး နှင်တံ လှုင်ကန်တောင်ပေါ်းတို့ဖြင့် ရိုက်နှက်ထိုးဆဲ နှိပ်စိက် ပုတ်ခတ်ခြင်းစသည်တို့ကြောင့်ဖြစ်သော ဒုက္ခသည်။ ကထံ၊ အဘယ်မှာ။ ဝါ၊ အဘယ်ကြောင့်။ ဘဝေယျ၊ ဖြစ်နိုင်တော့အုံ့နည်း။ ယသ္မာ၊ အကြင့်ကြောင့်။ နဘဝေယျ၊ မဖြစ်နိုင်ရာ တတောပိ၊ ထို့ကြောင့်လည်း။ ဇာတိ၊ ပဋိသန္ဓေနေရခြင်းသည်။ ဒုက္ခာ၊ ဒုက္ခမည်၏။ ဝါ၊ ဆင်းရဲ၏။

ပေတေသု ဒုက္ခ ံ ပန ခုပိပါသာ၊ ဝါတာတပါဒိပွဘဝံ ဝိစိတ္တံ။
ယသ္မာ အဇာတသ နတတ္ထအတ္ထိ၊ တသ္မာပိ ဒုက္ခ ံ မုနိဇာတိမာဟ။

ပေတေသု၊ အစာရေနရဲ၊ ချမ်းသားမဲ့၍၊ ဆင်းရဲပေါင်းဆုံ ပြိတ္တာဘုံတို့၌။ ခုပိပါသာဝါတာတပါဒိပွဘဝံ၊ ဆာလောမွတ်ငတ် တိုက်ခတ်ဆောင်ယူ လေနှုပူအစရှိသည်တို့ကြောင့်ဖြစ်သော။ အနေကံ၊ တပါးမက များပြားလှသော။ ဝိစိတ္တံ၊ ထွေပြားထူးလည်၊ လွန်ဆန်း

ကြယ်သော။ ဒုက္ခံ ပန၊ ဆင်းရဲသည်ကား။ တတ္ထ၊ တေသု ပေတေသု၊ ထိုအစာရှေ့၊ ချမ်းသာမဲ့၍ ဆင်းရဲပေါင်းဆုံ ပြိတ္တာဘုံတို့၌။ အဇာတသ၊ ပဋိသန္ဓေ မနေမဖြစ်ရသော သတ္တဝါအား။ ယသ္မာ၊ အကြောင့်ကြောင့်။ နအတ္ထိ၊ မရှိနိုင်။ တသ္မာ၊ ထို့ကြောင့်။ မုနိ၊ မြတ်စွာဘုရား သခင်သည်။ ဇာတိ၊ ပဋိသန္ဓေနေခြင်းကို။ ဒုက္ခံ-ဒုက္ခံ ဣတိ၊ ဆင်းရဲဟူ၍။ အာဟ၊ ဟောတော်မူပြီ။

တတ္ထ နကာရော ပဋိသေဓတ္ထော၊ လောကန္တရေ ယ အသုရေသု ဒုက္ခ ။
န တံ ဘဝေ တတ္ထ နစ္စဇာတိ၊ ယတော အယံ ဇာတိတောပိ ဒုက္ခာ။

တိဗ္ဗန္ခကာရေ၊ နေ-လ-နက္ခတ်၊ ကျောက်စိမ်းဆောင်ခြည် မီးရောင်နီတို့သည်။ မမိမခိုက် မရောက်ဆိုက်သောကြောင့် တခဲနက် အမြဲမိုက်သော၊ မှောင်တိုက်အတိဖြစ်ထသော၊ အသ-ယ္ဘသီတေ၊ သုံးဂါဝုတ်လောက် ကြီးမြောက်ခန္ဓာ ငရဲသူသတ္တဝါတို့သော်လည်း ကျခါခဏ၊ ကြေပျက်ရသဖြင့် သည်းမခံနိုင်အောင် ချမ်းအေးထသော။ လောကန္တရေ၊ စကြဝဠာသုံးရပ် လောကဓာတ်တို့၏ ပူးကပ်စပ်မိရာ စကြာဝဠာန္တတ်ခမ်း တောင်ခါးပန်းတို့၏ အကြား ယူဇနာအားဖြင့် အလျား-အနုံ အပြန့်ရှစ်ထောင်၊ စကြဝဠာတောင်တို့၏အရိပ် နိမိတ်ဖြစ်သော လောကန္တရိက်ငရဲ၌လည်းကောင်း။ အသုရေ၊ အသုရကာယ်အမည်ရသော ပေတအသုရာမျိုး တို့၌လည်းကောင်း။ ယံ ဒုက္ခံ၊ အကြောင်ဆင်းရဲသည်။ အတ္ထိ၊ ရှိ၏။ တတ္ထ၊ တေသု လောကန္တရေသု၊ ထိုလောကန္တရိက်ငရဲ၊ အသုရာမျိုးထဲတို့၌။ ဇာတိ၊ ပဋိသန္ဓေနေရခြင်းသည်လည်း။ နစ္စဿ ယဒိ နဘဝေယျ၊ အကယ်၍ မဖြစ်ငြားအံ့။ ဧဝံ၊ ဤသို့-ပဋိသန္ဓေ မနေမဖြစ်ရသည်။ သတိ၊ ရှိသော်။ တံဒုက္ခံ၊ ထိုလောကန္တရိက်ငရဲ၊ ပေတအသုရာတို့၌ ဖြစ်သော ဆင်းရဲသည်။ ယတော၊ အကြောင့်ကြောင့်။ နဘဝေ-နဘဝေယျ၊ မဖြစ်ရာ။ တတောပိ၊ ထို့ကြောင့်လည်း။ ဇာတိ၊ ပဋိသန္ဓေနေရခြင်းသည်။ ဒုက္ခာ၊ ဒုက္ခမည်၏။ ဝါ၊ ဆင်းရဲ၏။

ယဉ္စဂူထနရကေဝိယ မာတုဂစ္ဆော။
သတ္တာ ဝဿံဝိရမတော ဗဟိနိက္ခန္တဠု။
ပပ္ပေါတိ ဒုက္ခ မတိဃောရမိဒမ္မိနဟိ။
ဇာတိ'ဝိနာ ဣတိပိ ဇာတိရယဥ္စိ ဒုက္ခာ။

ဂူထနရကေဝိယ၊ မစင်ဘင်ပုပ်ငရဲခွက်သို့။ ဝါ၊ မစင်ဘင်ပုပ်ငရဲနှင့် တူသော။ မာတု ဂစ္ဆော၊ အမိဝမ်းတိုက်၌။ စိရံ၊ ဆယ်လရှည်ကြာ အခါကာလပတ်လုံး။ ဝဿံ-ဝသန္တော၊ နေရသော။ သတ္တော၊ သတ္တဝါသည်။ တတောမာတုဂစ္ဆတော၊ ထိုအမိဝမ်းတိုက်မှ။ ဗဟိ နိက္ခမနမူလကံ၊ အပြင်ပသို့ထွက်ခြင်းလျင် အရင်းရှိသော။ ယံစဒုက္ခံ၊ အကြောင်ဆင်းရဲကိုလည်း။

ပပေါ်တိ၊ ရောက်ရ၏။ ဂဇ္ဈာကန္တမူလကာဒိဘေဒံ၊ ဂဇ္ဈာကန္တိမူလက ဒုက္ခစသည်အပြားရှိသော။ ယဉ္စာပိဒုက္ခံ၊ အကြင်ဆင်းရဲသို့လည်း။ ပပေါ်တိ၊ ရောက်ရ၏။ အတိဃောရံ၊ အလွန်ပြင်းပြကြမ်းထမ်းလှသော။ ဣဒမ္ပိဒုက္ခံ၊ ဤဆင်းရဲအပေါင်းသည်လည်း။ ဇာတိ-ဇာတိယာ၊ ပဋိသန္ဓေတည်နေရခြင်းမှ။ ဝိနာ၊ ကင်း၍။ ဝါ၊ ကင်းသည်။ သတိ၊ ရှိသော်။ ဟိယသ္မာ၊ အကြင်ကြောင့်။ နတ္ထိ၊ မရှိ။ ဣတိပိ၊ ထို့ကြောင့်လည်း။ အယံဇာတိ၊ ဤသို့ ပဋိသန္ဓေနေရခြင်းသည်။ ဒုက္ခာ၊ ဒုက္ခမည်၏။ ဝါ၊ဆင်းရဲ၏။

> ကိဘာသိတေန ဗဟုနာ နနုယံ ကုကိဠိတ်။
> အတ္ထိဓ ကိဠိရပိ ဒုက္ခမိဒံ ကဒါစိ။
> နေဝတ္ထိဇာတိ ပိရဟေ့ယ တတော မဟေသိ၊
> ဒုက္ခာတိ သဗ္ဗ ပဌမံ ဣဓ မာဟဇာတိံ။

ဘာသိတေန၊ အကျယ်တဝင့် ဖွင့်ဆိုအပ်သော်။ ဗဟုနာ၊ ဇာတိဒုက္ခနှင့်စပ်သော များစွာသောစကားဖြင့်။ ကိံပယောဇနံ၊ အဘယ်သို့ အကျိုးရှိတော့အံ့နည်း။ ဣဓလောကော၊ ဤသတ္တလောကဌာန်။ ယံကိဠိရပိ၊ အလုံးစုံလည်း ဖြစ်သော။ ဒုက္ခံ၊ ဆင်းရဲသည်။ အတ္ထိ၊ ရှိ၏။ ဣဒံ ဒုက္ခံ၊ ဤအလုံးစုံသော ဆင်းရဲသည်။ ဇာတိပိရဟေ၊ ပဋိသန္ဓေနေရခြင်းမှ ကုယ်ပသန့်ရှင်းလွတ်ကင်းရသည်ရှိသော်။ ကုကိဠိဌာနေ၊ တစုံတခုသောဌာန ဘုံဘဝ၌။ ကဒါစိ၊တရံတခါမျှ။ ယံ-ယသ္မာ၊ အကြင့်ကြောင့်။ နေဝတ္ထိ၊ မရှိနိုင်။ တတော-တသ္မာကာရဏာ၊ ထိုအကြောင်းကြောင့်။ မဟေသိ၊ မြတ်စွာဘုရားသခင်သည်။ သဗ္ဗပဌမံ၊ အလုံးစုံသော ဒုက္ခတို့၏ရှေးဦးစွာ။ ဣဓမံဇာတိံ၊ ဤဇာတိကို။ ဒုက္ခာတိ၊ ဒုက္ခဟူ၍။ အာဟာရှုန၊ ဟောတော်မူပြီ မဟုတ်ပါလော။

ဤသို့ ပြဆိုအပ်ခဲ့ကုန်ပြီးသော ဂါထာစကားတို့ဖြင့် ဇာတိဟုဆိုအပ်သော ပဋိသန္ဓေနေရခြင်းမှ မလွတ်ကင်းနိုင်ကြရသေးသောကြောင့်သာ ကြောက်လန့်ဘနန်း ဆန်၊ဆန်းကြယ်ကြယ် အံ့ဖွယ်ဖြစ်ကုန်သော ပဋိသန္ဓေတည်နေရာ ဘဝ၌ ဖြစ်သမျှသော အပါယဒုက္ခနှင့်တကွ။ ဂဇ္ဈာကန္တိမူလကဒုက္ခ အစရှိကုန်သော ဒုက္ခမျိုးစုံတို့ကို တွေ့ကြုံခံစားကြရကုန်၏။ ဇာတိဟုဆိုအပ်သော ပဋိသန္ဓေနေရခြင်းမှ ကင်းလွတ်ရပါကုန်မူကား တွေ့ကြုံခံစားဖွယ် မရှိပြီဟု အဘယ်တကျ သိမြင်ကြရသဖြင့် ထိုထိုဒုက္ခ ဘေးဘယတို့မှ ကင်းငြိမ်းစေခြင်းငှာ ဇာတိ၏ကုန်ခန်းရာ အမတ အသင်္ခတ၊ အမတနိဗ္ဗာန်သို့ အမြန်ရောက်ကြောင်း ပါရမီကောင်းအစစ်ရတနာဟုဆိုလိုန္နှစ်ကို အားသစ်ကြိုးကုတ် ပြုလုပ်ဆည်းကပ်ကြပါကုန်။ ဤကဲ့သို့ ပထမဒေဝဒူတသံဝေဂနိယဋ္ဌာ မှတ်သားဖွယ်တည်း။

ဒုတိယ ဒေဝဒူတ

လူအပေါင်းတို့အား ဆုံးမစကား ပြောကြားသကဲ့သို့နေသော အိုမင်းမှည့်ပျော် ရင့်ရော်ကုန်းကွသော လူအိုကြီးရုပ်ပုံ



ထိုသို့ ဆိုဒဿပ်ခဲ့ပြီးကုန်သော ငါးပါးကုန်သော ဒေဝဒူတတို့တွင် နှစ်ခုမြောက်ကျ ဒုတိယဖြစ်သော အိုမင်းမှည့်ပျော်၊ ရင့်ရော်ကုန်းကွ၊ တောင်ဝှေးကိုင်ဆွဲရသော လူအိုကြီး၏ နတ်တမန်အလား ပြောကြားမြွက်ဟ ဆုံးမစကားကို ဤဆိုလတ္တံ့သော အဋ္ဌကထာပါဠိ ဗျားဖြင့် သိအပ်၏။

ဇရာဇိဏ္ဏသတ္တော အက္ခ တော ငဝံ ဝဒတိနာမ ပဿထ ဘောအဟမ္မိ တုမှေဝိယ တရုဏော အဟောသိံ၊ ဥဂ္ဂဟလ ဗာဟုဗလ ဇဝသမ္ပန္နော၊ တဿ မေတာဗလ ဇဝသမ္ပတ္တိယော အန္တရဟိတာ၊ ဝိဇ္ဇမာနာပိ မေ ဟတ္ထပါဒါ ဟတ္ထပါဒကိစ္စံ နကရောန္တိ၊ ဇရာယမှိ အပရိမုတ္တာဝဝ၊ ယထေဝ ဟိ မယ္ဟံ၊ ဧဝံတုမှာကမ္ပိ ဇရာ အာဂမိဿတိ၊ ဣတိ တဿာ ပုရေအာဂမနာဝဝ ကလ္ယာဏံ ကရောထာတိ၊ တေနာဟ ဒေဝဒူတော နာမ ဇာတော။ ။တိကအင်္ဂုတ္တိုရ်၏ အဋ္ဌကထာ၊ ဥပမိပဏ္ဏာသ အဋ္ဌကထာ၊ သုတ္တသင်္ဂဟ အဋ္ဌကထာတို့ဌ်လဖသောပါဠ်။

ဇရာဇိဏ္ဏာသတ္တော၊ အိုမင်းမှည့်ပျော် ရင့်ရော်ကုန်းကွ။ သေဝပါးနီး သူအိုကြီးသည်။ အတ္ထတော၊ သဘောအားဖြင့်။ ဧဝံ၊ ဤသို့။ ဝဒတိနာမ၊ ဆုံးမစကား မြွက်ကြားသံချို ပြောဆိုသည်မည်၏။ ကထံဝဒတိနာမ၊ အဘယ်ကဲ့သို့ဆုံးမစကား မြွက်ကြားသံချို ပြောဆိုသနည်းဟူမူကား။ ဘော၊ လှုပယဉ်ကျေး နတ်တို့ရေးသည့် ရုပ်သေးသဖွယ် တင့်တယ်ရွှမ်းစိုအို-လူပျို့တို့။ မံ၊ ခါးကိုင်းကိုင်း နံပြိုင်းပြိုင်းနှင့် နားထိုင်းမျက်မှုန် သွားကုန်ကျိုးကြေအရေတွန့်လိပ် ဦးထိပ်ဖြူဖွေး တောင်ဝှေးအားယူ ငါသူမသိ တုန်ချိမောပန်း ရိန္ဒမ်းမှည့်ပျော် ရင့်ရော်ကုန်းကွ သေဝနီးပါး မျောက်ကြီးလိုလို ငါလူအိုကို။ ပဿထ၊ သံဝဂဉာဏ် ဖြစ်ရန်အကြောင်း ကောင်းစွာပေါ်ထင် ဉာဏ်ဖြင့် မြင်အောင် ဆင်ခြင်ကြည့်ရှု ကြပါကုန်လော။ အဟမ္ပိ၊ ဇရာနှိပ်စက် ထုနှက်ဖျက်ဖြုန်း တိုက်လှုံ့မှုန်း၍ ပျက်ပြုန်းယွင်းယို ငါလူအိုသည်လည်း။ တုမှေဝိယ၊ ပထမရွယ် တင့်တယ်ရှုန်းစို သင်လူပျို့တို့ကဲ့သို့။ တရဏော၊ လှုပသပွါယ် ပဌမရွယ် တင့်တယ်ရှုန်းစို နုပျို့ခဲ့သည်။ ဥရုဗလဗာဟုဗလဇဝသမွန္နော၊ ပေါင်အား လက်ရုံးအား ပေါ့ပါးစွမ်းသန် လျင်မြန်ခြင်း တို့နှင့် ပြည့်စုံခြင်းတို့သည်။ အန္တရဟိတာ၊ ဇရာနှိပ်စက် တိုက်ဖိုဖျက်၍ ပြိုပျက်ပျောက်ကွယ်ခဲ့ကုန်ပြီ။ မေ-မမ၊ လူမြင်တိုင်းမုန်း အသုံးမပါ လူအိုငါ၏။ ဟတ္ထပါဒါ၊ မပျက်မချို. လက်ခြေတို့သည်။ ဝိဇ္ဇမာနာပိ၊ ပြည့်ပြည့်စုံစုံ ရှိကြပါကုန်သော်လည်း။ ဟတ္ထပါဒကိစ္စံ၊ လက်ခြေပြုမှု ကိုစစုကို။ နကရောန္တိ၊ မပြုနိုင်ကြကုန်။ ဇရာယ၊ အိုရခြင်းသဘောမှ။ အပရိမုတ္တတာယ၊ မကျွတ်မရှင်း မလွတ်ကင်းနိုင်သေးသည်၏ အဖြစ်ကြောင့်။ ဒေဒိသောဇာတော။ ဤသို့ဒုက္ခ ခံနေရသောဖြစ်ခြင်းသည်။ အမ္ပိ၊ ဖြစ်ရပါ၏။ ခေါပန၊ စင်စစ်သော်ကား။ အဟမေဝ၊ အရွယ်လွန်ပြီး ငါလူအို တယောက်တည်းသာလျှင်။ ဇရာယ၊ အိုရခြင်းသဘောမှ။ အပရိမုတ္တော၊ မကျွတ်မရှင်း မလွတ်ကင်းနိုင်သေးသည်။ န၊ မဟုတ်ပါချေ။ တုမှေပိ၊ နုဖပ်ရှုန်းစို သင်လူပျို့တို့သည်လည်း။ ဇရာယ၊ အိုရခြင်းသဘောမှ။ အပရိမုတ္တာဝ၊ မကျွတ်မရှင်း မလွတ်ကင်းနိုင်ကြကုန်သေးသည်သာလျှင်တည်း။ ဟိသစ္စံ၊ ငါ၏စကား မမှားဧကန် မခွဲတ်မှန်၏။ မယှံယထေဝ၊ ငါလူအိုအား ထင်ရှားမျက်မှောက် ဇရာဒုက္ခရောက်သကဲ့သို့။ ဧဝံတထာ၊ ထိုအတူ။ တုမှာကမ္ပိ၊ သင်တို့အားလည်း။ ဇရာ၊ အိုရခြင်းသဘောသည်။ အာဂမိဿတိ၊ တနေ့တနေ့ တရွေ့ရွေ့နှင့် တဝွေ့ဝွေ့သာ ပေါ်ရောက်၍လာလတ္တံ့။ ဣတိ တသ္မာ၊ ထိုကြောင့်။ တဿာ ဇရာယ၊ ထို အိုရခြင်းသဘော၏- ပုရေအာဂမနာဝ၊ မရောက်လာခင် ကြိုတင်ဆောစွာ ရှုးအခါကသာလျှင်။ ကဲလျာဏံ၊ ပုညအစု ကောင်းမှုကုသိုလ်ကို။ ကရောထ၊ နေ့ညမလပ် မပြတ်ကြိုးကုတ်ပြုလုပ်ကြပါကုန်လော။ ဣတိ၊ ဤသို့။ ဝဒတိနာမ၊ ဆုံးမကား မြွက်ကြားသံချို ပြောဆိုသည်မည်၏။ တေန၊ ထို့ကြောင့်။ သေ-ဧသောဇရာဇိဏ္ဏာသတ္တော၊ ထိုသို့ယိုယွင်း အိုမင်းမှည့်ပျော် ရင့်ရော်ကုန်းကွ သေဝပါးနီး။ လူအိုကြီးသည်။ ဒေဝဒူတောနာမ။ နတ်တမန်မည်သည်။ ဇာတော၊ ဖြစ်၏။ ဤကား-အနက်။

ဤအဋ္ဌကထာပါဠိအာနက်ကို နှုတ်တက်သေချာ ကောင်းစွာကျက်မှတ်၍ မပြတ်နေ့ည် ရွတ်ဖတ် ကြပြီးလျှင် ဇရာဒုက္ခ ဘေးဘယနှင့် မုချရင်ဆိုင် ယှဉ်ပြိုင်ဝံ့ဆို တွေ့ကြုံကြရမည့် အရေးကို မျော်တွေးရှုမြင် ဆင်ခြင်သုံးသပ်ကြကုန်၍ ထိုဇရာဒုက္ခ ဘေးဘယမှ ကြောက်ရွံ့ ထိတ်လန့်ခြင်း သံဝေဂဉာဏ်ကို အတန်တန်ဖြစ်စေကြပြီးလျှင် ဇရာဒုက္ခ ဘေးဘယကြီး ဖိစီး ပေါ်ပေါက် တနေ့တနေ့တရွေ့ရွေ့နှင့် တဝှေ့ဝှေ့မရောက်လာသေးခင် ကြိုတင်ဆောစွာ ယခု ခါ၊ာ ကောင်းစွာလုံ့လ ဥဿာဟဖြင့် ပုညအစု ကုသိုလ်မှုကို ပြုစုအားထုတ်ကြပါကုန်။

ဤအရာ၌ ရုပ် နာမ် နှစ်ပါးတို့၏ ရင့်ကျက်ခြင်းသည် ဇရာမည်၏။ထို ဇရာသည်ပါကဋ္ဌဇရာ ပဋိစ္ဆန္နဇရာအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် ရုပ်ဇရာတို့၌ ဖြစ်သောဇရာသည် သွားကျိုးခြင်း ဆံဖြူခြင်း စသော ဖောက်ပြန်ခြင်းကို ထင်ရှားပြတတ်သောကြောင့်ပါကဋ္ဌဇရာ မည်၏။ နာမ်တရားတို့၌ ဖြစ်ဝ;တ်သော ဇရာသည် ထိုသို့ ဖောက်ပြန်ခြင်းကို မပြတတ်သော ကြောင့် ပဋိစ္ဆန္နဇရာမည်၏။

ထိုတွင်လည်း ပါကဋ္ဌဇရာအရာ၌ ထိုဇရာ၏ သွားရောက်ဖျက်ဆီးရာ ဖြစ်သော သွား ကျိုးခြင်း ဆံဖြူခြင်း စသော ရူပါရုံကိုသာ မျက်စိဖြင့် မြင်အပ်၏၊ ဇရာကိုမြင်အပ်။ ဇာတိကို ကား သွားကျိုးခြင်း ဆံဖြူခြင်း စသော ဖောက်ပြန်ခြင်းကို မျက်စိဖြင့် မြင်ရသဖြင့် ထိုသွား ဆံပင် စသည်တို့ကို ဇရာသည် တိုက်ခတ်ဖျက်ဆီးအပ်ကုန်၏ ဟု မနေ့ာဒ္ဓါရ ကြံဆ၍သာ သိအပ် ၏။ ဥပမာအားဖြင့်ကား ရေကိုပင် မမြင်ရသော်လည်း ရေ၏အပါးဌ် စိုက်ထူထားအပ်သော အလံ ပန်းကုံးကို မြင်ရသဖြင့် ထိုအလံပန်းကုံး၏ အနီးအပါး အောက်နားဌ် ရေရှိ၏ ဟု ကြံဆ၍ သိအပ်သကဲ့သို့တည်း။ ယခုကာလ လှော်စာရောင်းရာ အိမ်မျက်နှာဝ စသည်တို့ဌ် (အမိန့်ရ လှော်စာဆိုင်) ဤသို့ စသည်ဖြင့် ရေးသား၍ ဆွဲထားအပ်သော ကမ္မည်းစာများ သည်လည်း ထင်ရှားသော ဥပမာပေတည်း။

တနည်းကား ပါကဋ္ဌဇရာဌ် သွားကို ချိုးဖျက်ခြင်း ဆံပင်ကို ဖြူစေခြင်း စသည်၏ အစွမ်းအားဖြင့် ထိုဇရာ၏ သွားရောက်ရာခရီးသည် ထင်ရှား၏။ မျက်စိဖြင့် မြင်အပ်၏။ ထို သွားကျိုးခြင်း၊ ဆံဖြူခြင်း တို့သည်ကား ဇရာ၏ သွားရောက်ရာလမ်းသာ ဖြစ်သည်။ ဇရာ မဟုတ်ချေ။ ဇရာကို မျက်စိဖြင့် မမြင်အပ်။ ဥပမာအားဖြင့်ကား မြက် သစ်ပင် စသည်တို့ကို ဖျက်ဆီးတိုက်လှဲ၍ ရေ၏ သွားရာလမ်းသည် ထင်ရှား၏။ ထိုရေလမ်းသ;ည် ရေမဟုတ်သကဲ့သို့ လည်းကောင်း၊ သစ်ပင် အိမ်-ကျောင်း စသည်တို့ကို တိုက်လှဲဖြိုဖျက်၍ လေ၏သွားရာလမ်း သည် ထင်ရှား၏။ထိုလေ၏လမ်းသည် လေမဟုတ်သကဲ့သို့ လည်းကောင်း၊မီးသည် မြက် သစ်ပင် တို့ကို လောင်ကျမ်းစေ၍ ပိမိ၏ သွားရာလမ်းသည် ထင်ရှား၏။ ထိုမီး၏လမ်းသည် မီးမဟုတ် သကဲ့သို့ လည်းကောင်း။

တနည်းကား အဝိဇ္ဇာ သင်္ခါရစသောအားဖြင့် နှစ်ပါး အပြားရှိ၏။ ထိုနှစ်ပါးတို့တွင် ပဘင်္ဂမြား-ရွှေ-ငွေ-သန်ဘာ-လ.နေ စသည်တို့၏ ဇရာသည် အကြား အကြားဌ် အဆင်း အထူး

စသည်တို့ကို သိနိုင်ခဲ့သည်၏ အဖြစ်ကြောင့် (အဝိစိဇရာ) မည်၏။ မန္ဒဒသက၊ ခိဋ္ဌဒသက၊ ဝဏ္ဏဒသက၊ ဗလဒသက၊ ပညာဒသက၊ ဟာနိဒသက၊ ပတ္ထာရဒသက၊ ဝက်ဒသက၊ မေးမှုဟဒသက၊ သယနဒသက ဟု ဆိုအပ်ကုန်သော အရွယ် ၁၀-ပါးတို့၌ ဣန္ဒြိယဗဒ္ဓဖြစ်သော သတ္တဝါတို့၏ ဇရာသည် လည်းကောင်း၊ အပဲ့၊ အသိး၊ အညွှန့် စသည်တို့၌ အနိန္ဒြိယဗဒ္ဓ ဖြစ်သော သစ်ပင် နွယ် စသည်တို့၏ ဇရာသည်လည်းကောင်း၊ အကြားအကြား၌ အဆင်း အထူး စသည်တို့ကို သိလွယ်သည်၏ အဖြစ်ကြောင့် သဝိစိဇရာမည်၏။

ထိုဇရာသည် မုချအားဖြင့် ဒုက္ခမဟုတ်၊ ကာယိကဒုက္ခ စေတသိက ဒုက္ခ နှစ်ပါးတို့၏ ဖြစ်ကြောင်း ဖြစ်သောကြောင့် ဖလူပစာရအားဖြင့် ဒုက္ခမည်၏။ ထိုစကားသည် မှန်၏။ အို ခြင်းသို့ ရောက်သောသူ၏ အတ္တဘောသည် လှည်းအို၏ အလား အလွန်အားနည်း၏။ ရပ် ခြင်းငှာ လည်းကောင်း၊ သွားခြင်းငှာ လည်းကောင်း၊ ထိုင်ခြင်းငှာ လည်းကောင်း အား ထုတ်သော လူအိုကြီးအား ကြီးစွာသော ကာယိကဒုက္ခသည် ဖြစ်၏။ သား မယားတို့သည် ရှေး ပျိုရွယ်သောအခါ၌ကဲ့သို့ ရှိသေလေးမြတ်စွာ ဆည်းကပ်လုပ်ကျွေးမှုကို မပြုကြကုန်သည် ရှိသော် စေတသိကဒုက္ခ ဒေါမနဿသည် ဖြစ်၏။ ထို့ကြောင့် ဝိဘင်းအဋ္ဌကထာ၌–

"ဇိဏ္ဏော ဟိ အတ္တဘာဝေါ ဇရာသကဋ္ဌံ ဝိယ ဒုဗ္ဗလော ဟောတိ၊ ဌာတုံ ဝါ၊ ဂန္တုံ ဝါ၊ နိသီဒိတုံ ဝါ ဝါ့ယမန္တဿ ဗလဝံ ကာယ ဒုက္ခံ ဥပ္ပဇ္ဇတိ၊ ပုတ္တဒါရေ ယထာပုရေ အသလ္လက္ခဏေ ဒေါမနဿံ ဥပ္ပဇ္ဇတိ၊ ဣတိ ဣမေသံ ဒ္ဝိန္နံပိ ဒုက္ခာနံ ဝတ္ထုဘာဝေန ဒုက္ခာတိ ဝေဒိတဗ္ဗာ ဟူ၍ ဖွင့်ဆိုတော်မူ၏။

ဟိ သစ္စံ၊ မှန်၏။ ဇိဏ္ဏော၊ ဇရာလွန်ပြီ အိုသောသူ၏။ အတ္တဘာဝေါ၊ ရူပကာယတည်း ဟူသော အတ္တဘောသည်။ ဇရာသကဋ္ဌံဝိယ၊ ဆေးမြည့်ယှင်းယို၊ လှည်းအိုကြီးကဲ့သို့။ ဒုဗ္ဗလော၊ အားခွန်ဗလ၊ နည်းပါးလှသည်။ ဟောတိ၊ ဖြစ်၏။ ဌာတုံ ဝါ၊ ရပ်ခြင်းငှာလည်းကောင်း။ ဂန္တုံ ဝါ၊ သွားခြင်းငှာ လည်းကောင်း၊ နိသီဒိတုံ ဝါ၊ ထိုင်ခြင်းငှာလည်းကောင်း၊ ဝါယမန္တဿ၊ အားထုတ်သော လူအိုကြီးအား။ ဗလဝံ၊ အားကြီးစွာသော။ ကာယဒုက္ခံ၊ ကိုယ်၌ဖြစ်သော ကာယိကဒုက္ခသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ပုတ္တဒါရေ၊ သားမယား အပေါင်းသည်။ ပုရေယထာ၊ ပျိုရွယ်သော ရှေးအခါ၌ကဲ့သို့။ အသလ္လက္ခဏေ၊ ရှိသေလုပ်ကျွေးမှု စသည်တို့ကို မလေးမစား၊ အမှတ်မထားသည်ရှိသော်။ ဒေါမနဿံ၊ စိတ်၌ဖြစ်သော စေတသိကဒုက္ခ ဒေါမနဿတရားသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဒ္ဝိန္နမ္ပိ၊ နှစ်ပါးလည်းဖြစ်ကုန်သော။ ဣမေသံဒုက္ခာနံ၊ ဤဒုက္ခတို့၏။ ဝတ္ထုဘာဝေန၊ အကြောင်းဖြစ်သောကြောင့်။ အယံဇရာ၊ ဤဇရာကို။ ဒုက္ခာတိ၊ ဒုက္ခဟူ၍။ ဝေဒိတဗ္ဗာ၊ သိအပ်၏။ ဤကား အနက်။

ထိုမှတပါးလည်း ဝိဘင်းအဋ္ဌကထာ စသည်တို့၌ လာသော ဇရာဒုက္ခကို ပြသော ဂါထာတို့ကို ထုတ်ဆိုရေးသားလိုက်ပေဦးအံ့။ မိမိရရ နတ်ကက်ရအောင် ကျက်ဆောင်မှတ်ယူကြပါကုန်။

၁။ အင်္ဂါနံ သိထိလဘာဝါ၊ ဣန္ဒြိယာန ဝိကာရတော။
ယောဗ္ဗနဿ ဝိနာသေန၊ ဗလဿ ဥပဃာတတော။

၂။ ဝိပ္ပဝါသာ သတာဒီနံ၊ ပုတ္တာ ဒါရေဟိ အတ္တနော။
အပ္ပဿာဒနိယောစ၊ ဘိယ္ယော ဗ်ာလတ္တာ ပတ္တိယ။

၃။ ပပ္ပေါတိ ဒုက္ခံ ယံ မစ္စော၊ ကာယိကံ မာနသံ တထာ။
သဗ္ဗ မေတံ ဇရာဟေတု၊ ယသ္မာ တသ္မာ ဇရာဒုက္ခာ။

အင်္ဂါနံ၊ လက်ခြေစသော ကိုယ်အင်္ဂါတို့၏။ သိထိလဘာဝါ စ၊ အိမ်အိုသဘော၊ အကြောလျော့စန့်၊ မခိုင်ခံ့သည်၏ အဖြစ်ကြောင့် လည်းကောင်း။ ဣန္ဒြိယာနံ၊ စက္ခုစသော ဣန္ဒြေတို့၏။ ဝိကာရတောစ၊ ရှေးနှင့်မတူ အမူအရာတ်ယွင်း၊ ဖောက်ပြန်ခြင်းကြောင့် လည်းကောင်း။ ယောဗ္ဗနဿ၊ လှပတင့်တယ် သပ္ပာယ်ရွှမ်းစို၊ နုပျိုသောအဖြစ်၏။ ဝိနာသေနစ၊ ချုပ်ကွယ်လွတ်ကင်း၊ ပျောက်ပျက်ခြင်းကြောင့် လည်းကောင်း။ ဗလဿ၊ ပေါ့ပါးလျင်မြန်၊ စွမ်းသန်သော ကာယဗလ၏။ ဥပဃာတတောစ၊ မပေါ့လေးလံ၊ မသွန်ဆုတ်ယုတ်သော ကြောင့် လည်းကောင်း။

သတာဒီနံ၊ သတိ-သုတ-ဝိရိယ ပညာ စသည်တို့၏။ ဝိပ္ပဝါသာစ၊ မေ့လျော့ပျောက်ပျက်၊ မသွက်ပျင်းရိ မသိတော့ဝေ၊ ကင်းပခြေသောကြောင့် လည်းကောင်း။ အတ္တနော၊ မိမိ၏။ ပုတ္တာဒါရေဟိ၊ အသက်တမျှ ချစ်ခင်ရသော သားမယားတို့သည်။ အပ္ပဿာဒနိယောစ၊ မကြည်မသာ မေတ္တာပြယ်သုဉ်း ကိုယ်ကိုမုန်းအပ်သောကြောင့် လည်းကောင်း။ ဝါ၊ ပုတ္တာဒါရေဟိ၊ ကိုယ်ကသာလျင် ပဲ့ပြင်ပြသ ဆုံးမအော်ငေါက် ခြိမ်းခြောက်မောင်းမဲအပ်သော သားမယားတို့သည်။ အပ္ပဿာဒနိယောစ၊ ကိုယ့်ကိုပြန်လှန် မတန်အော်ငေါက်၊ ခြိမ်းခြောက်မောင်းမဲအပ်သောကြောင့် လည်းကောင်း။ ဘိယ္ယော၊ များစွာအားဖြင့်။ ဗ်ာလတ္တာပတ္တိယာစ၊ ကလေးပုံဟန် သူငယ်ပြန်ခြင်းသို့ ရောက်သောကြောင့် လည်းကောင်း။

မစ္စော၊ အိုမင်းလုစ္ဒာ၊ သတ္တဝါသည်။ ကာယိကံ၊ ကိုယ်၌ဖြစ်သော။ တထာ၊ ထိုမှ တပါး။ မာနသံ၊ စိတ်၌ဖြစ်သော။ ယံ ဒုက္ခံ၊ အကြင်ဆင်းရဲသို့။ ပပ္ပေါတိ၊ ရောက်၏။ သဗ္ဗံ၊ အလုံးစုံသော။ တေံဒုက္ခံ၊ ဤဆင်းရဲသည်။ ယသ္မာ၊ အကြင့်ကြောင့်။ ဇရာဟေတု၊ ဇရာဟူသော အကြောင်းကြောင့်။ ဝါ၊ ဇရာတည်းဟူသော အကြောင်းရှိသည်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ ဇရာ၊ အိုရခြင်းသည်။ ဒုက္ခာ၊ ဒုက္ခမည်၏။ ဝါ၊ ဆင်းရဲ၏။

ဤဂါထာပါဠိ စကားရပ်ဖြင့် ပြအပ်သော ဇရာဒုက္ခ ဘေးဘယမှ ကြောက်ရွံ့ ထိတ်လန့်ခြင်း သံဝေဂဉာဏ်ကို အဖန်ဖန်ဖြစ်စေကြပြီးလျှင် ထိုဇရာဒုက္ခ ဘေးဘယကြီး မဖိစီးမတိုက်ဖျက် မနှိပ်စက်သေးခင် ကြိုတင်၍သာ ဇရာတည်းဟူသော အိုရခြင်းသဘောမှလွတ်ရာ လွတ်ကြောင်းကို ကြိုးစားအားထုတ်ကြပါကုန်လော၊ ဤကား ဒုတိယ (ဒေဝဒူတသံယုတ္တနိကာယ) မှတ်သားဖွယ်တည်း။

တတိယ ဒေဝဒူတ

လူအပေါင်းတို့အား ဆုံးမစကား ပြောကြားသကဲ့သို့နေသော် ဝေဒနာဖိစီး, သေဝပါးနီးခံနေရရှာသော သူနာ၏ရုပ်ပုံ



ထိုသို့ ဆိုအပ်ခဲ့ပြီးကုန်သော ငါးပါးကုန်သော ဒေဝဒူတတို့တွင် ၃-ခုမြောက်အကျ တတိယဖြစ်သော ဗျာဓိဒုက္ခ ဘေးဘယကြီးသည် သည်းသည်းထန်ထန် မတန်ဖိစီးသဖြင့် အားကြီးသော ဒုက္ခ ကာယိကဝေဒနာကို ပြင်းပြစွာ ခံစားနေရရှာသော ဂိလာနသတ္တဝါ၏ နတ်တမန်အလား ပြောကြားမြွက်ဟ ဆုံးမစကားကို ဤဆိုလတ္တံ့သော အဋ္ဌကထာပါဠိမျှားဖြင့် သိအပ်၏။

ဂိလာနသတ္တော အတ္ထတော ဧဝံ ဝဒတိနာမ၊ ပဿထ ဘော အဟမ္ပိ တုမ္ဟေဝိယ နိရောဂေါ အဟောသိံ၊ သောမ္ပိ ဧတရဟိ ဗျာဓိနာ အဘိဟတော သကေ မုတ္တကရီသေ ပလိပန္နော၊ ဥဋ္ဌာတုမ္ပိ နသက္ကောမိ၊ ဝိဇ္ဇမာနာပိ မေ ဟတ္ထပါဒါ ဟတ္ထပါဒကိစ္စံ နကရောန္တိ၊ ဗျာဓိတောမ္ပိ အပရိမုတ္တံတာယ ဧဒိသော ဇာတော၊ နခေါ ပနာဟမေဝ၊ တုမ္ဟေပိ ဗျာဓိတော အပရိမုတ္တာဝ၊ ယထေဝ ဟိ မယ္ဟံ၊ ဧဝံတုမ္ဟာကမ္ပိ ဗျာဓိ အာဂမိဿတိ၊ ဣတိ တဿ ပုရေ အနာဂမနာဝ ကလ္လာဏံ ကရောထာတိ၊ တေနေသ ဒေဝဒူတောနာမ ဇာတော။ တိကအင်္ဂုတ္တိုရ် အဋ္ဌကထာ၊ ဥပရိပဏ္ဏာသ အဋ္ဌကထာ- သုတ္တသင်္ဂဟအဋ္ဌကထာတို့၌ လာသောပါဠိ။

ဂိလာနသတ္တော၊ ဗျာဓိဒုက္ခ ဘေးဘယကြီး သည်းသည်းထန်ထန် မတန်ဖိစီးသဖြင့် အားကြီးသောဒုက္ခ ကာယိကဝေဒနာကို ပြင်းပြစွာခံစားနေရရှာသော ဂိလာနသတ္တဝါသည်။ အတ္ထတော၊ သဘောအားဖြင့်။ ဧဝံ၊ ဤသို့။ ဝဒတိနာမ၊ ဆုံးမစကား မြွက်ကြားသံချို၊ ပြောဆိုသည် မည်၏။ ကထံဝဒတိနာမ၊ အဘယ်ကဲ့သို့ ဆုံးမစကား မြွက်ကြားသံချို၊ ပြောဆိုသည် မည်သနည်း ဟူမူကား။ ဘော၊ ဗျာဓိရုန်ဘေး၊ မတွေ့သေး၍ မလေးပေါ့တန်မာန်အာရောဂျ တက်ကြွထောင်လွှား ငါးကာမဂုဏ် အာရုံကြားမှာ မင်တာ်မတရား စော်

စော်ကားကားနှင့် မော်မော်ကြွားကြွားပို့၍ ပျော်ပျော်ပါးပါးကြီး နေအားနိုင်ကြကုန်သော အို-များလူအပေါင်းတို့။ မံ၊ ဗျာဓိဘေးကြီး သူဖိစီး၍ အူသည်းပြောင်းပြန်အောက်ထက်လန်မျှ ခံနေရပါ့ ငါလူနာကို။ ပဿထ၊ သံဝေဂဉာဏ် ဖြစ်ရန်အကြောင်း ကောင်းစွာပေါ်ထင် ဉာဏ်ဖြင့်မြင်အောင် ဆင်ခြင်ကြည့်ရှုကြပါကုန်လော့။ အဟမ္မ ိ၊ ဗျာဓိမကင်းမရှင်း ရောဂါငါ လူနာသည်လည်း။ တုမ္မေဝိယ၊ ဗျာဓိကင်းကွာ သင်လူမာတို့ကဲ့သို့။ နိရောဂါ၊ ခွန်အားသန် စွမ်း ကျန်းကျန်းမာမာ ချမ်းသာတောင့်တင်း ရောဂါကင်းခဲ့သည်။ အဟောသိ ံ၊ ဖြစ်ခဲ့ဖူး ပါ၏။

သော အဟံ၊ ထိုငါသည်။ တေရဟိ၊ ယခုအခါ၌။ ဗျာဓိနာ၊ ကိုယ်၌မှီကပ် နှိပ်စက် တတ်စွာ ဗျာဓိတည်းဟူသော အနာသည်။ အဘိဟတော၊ အလွန်တိုက်ဖျက် ညှဉ်းဆဲနှိပ်စက် အပ်သည်ဖြစ်၍။ သကော၊ မိမိကိုယ်မှ ယိုကျလျော့စီး ကိုယ့်ဟာချည်းသာဖြစ်သော။ မုတ္တက-ရီသေ၊ နံညှီဟောင်ပုပ် စက်ဆုပ်ရုံဖွယ် မစင်ကြွယ်သော ကျင်ငယ် ကျင်ကြီး၌။ ပလိပန္နော၊ လူးလဲပြောင်းပြန် မှောက်လှန်ကျရောက်၍နေသည်။ အ့မို၊ ဖြစ်ရပါ၏။

ဥဋ္ဌဟတုမို၊ သူများမကူ မထူမမ မကြွမမြောက် ကိုယ့်ဘာသာအလျောက်အား ဖြင့် စွန့်စားကြိုးကုတ် အားထုတ်၍ ထခြင်းငှာလည်း။ န သက္ကောမိ၊ မတတ်နိုင်ပါ။ မေ၊ အားခွန်ကုန်ခန်း ကိုယ်ရိန္ဒြမ်း၍ ပင်ပန်းလှစွာ ငါလူနာအား။ ဝါ၏။ ဟတ္ထပါဒါ၊ မပျက်မချို့ ခြေလက်တို့သည်။ ဝိဇ္ဇမာနာပိ၊ ပြည့်ပြည့်စုံစုံ ရှိကြပါကုန်သော်လည်း။ ဟတ္ထပါဒကိစ္စံ၊ လက်ခြေပြုမှု ကိစ္စစုကို။ န ကရောန္တိ၊ မပြုနိုင်ကြပါကုန်။

ဗျာဓိတော၊ ဖျားနာခြင်းသဘောမှ။ အပရိမုတ္တတာယ၊ မကျွတ်မရှင်း မလွှတ်ကင်း နိုင်သေးသည်၏ အဖြစ်ကြောင့်သာလျှင်၊ ဒေါသော ဇာတော၊ ဤသို့ဒုက္ခ ခံနေရသော ဖြစ်ခြင်းသည်။ အမို၊ ဖြစ်ရပါ၏။

ခေါ ပန၊ စင်စစ်သော်ကား။ အ့ဟမေဝ၊ ပူဆာရိန္ဒြမ်း ဗျာဓိလွှမ်း၍ မကျန်းမမာ ငါလူနာတယောက်တည်းသာလျှင်။ ဗျာဓိတော၊ နာခြင်းသဘောမှ။ အပရိမုတ္တော၊ မကျွတ်မရှင်း မလွှတ်ကင်းရသေးသည်။ န၊ မဟုတ်ပါလေ။ တုမ္မေပိ၊ ယခုအခါ ကျန်းမာတောင့်တင်း ချမ်းသာခြင်း ရှိကြကုန်သော သင်တို့သည်လည်း။ ဗျာဓိတော၊ နာအံ့သောဘေးမှ။ အပရိ-မုတ္တာဝ၊ မကျွတ်မရှင်း မလွှတ်ကင်းနိုင်ကြသေးသည်သာလျှင်တည်း။

ဟိသစ္စံ၊ ငါ၏ဖခင်း မမှားကေန် မခွတ်မှန်၏။ မယ္ယံ ယထေဝ၊ ငါလူနာအား ထင်ရှားမျက်မှောက် ဗျာဓိရောက်သကဲ့သို့။ ဧပံတထာ၊ ထိုအတူ။ တုမှမို၊ အာရောဂျမာန် တက်လျှံမောက်ကြွား သင်တို့အားလည်း ဗျာဓိသဘော်သည်။ အာဂမိဿတိ၊ မထောက် မည့်ဘ အပေါက်ရှာ၍ နောက်ခါနှိပ်နင်း အတင်းပေါက်ရောက်လာလတ္တံ့။ ဣတိတသ္မာ၊ ကို့ကြောင့်။ ကဘာ ဗျာဓိနော၊ ထိုနာရခြင်းသဘော၏။ ပုရေအာဂမနာဝ၊ မရောက်လာခင်

ကြွိုတင်ဆောစ္စာ ရှေးအခါကလျှင်။ ကလျာဏ၊ ပုညအစု ကောင်းမှုကုသိုလ်ကို။ ကရောထ၊ ပြုကြပါကုန်။ ဣတိ၊ ဤသို့။ ဝဒတိနာမ၊ ဆုံးမစကား မြွက်ကြားသံချို ပြောဆိုသည်မည်၏။

တေန၊ ထိုကြောင့်။ သေ- ဧသော ဂိလာနသတ္တော၊ ဗျာဓိ ဒုက္ခဲ၊ ကာယိက ဝေဒနာကို ပြင်းပြစွာ ခံနေရရှာသော ဂိလာနသတ္တဝါသည်။ ဒေဝဒူတောနာမ၊ နတ်တမန်မည်သည်။ ဇာတော၊ ဖြစ်၏။ ဤကား-အနက်။

ဤအဋ္ဌကထာပါဠိအနက်ကို နှုတ်တက်သေချာ ကောင်းစွာကျက်မှတ်၍ မပြတ်နေ့ည ရွတ်ဖတ်ကြပြီးလျှင် ဗျာဓိဒုက္ခ ဘေးဘယနှင့် မုချရင်ဆိုင်၊ ယှဉ်ပြိုင်ဝေ့ဆုံ၊ တွေ့ကြုံရမည့် အခြေအနေကို မျှော်ဘွေးရှုမြင် ဆင်ခြင်သုံးသပ်ကြကုန်၍ ထိုဗျာဓိဒုက္ခ ဘေးဘယကြီး ဖိစီးပေါ်ပေါက်၊ မဆောက်မည္ဘာ၊ အပေါက်ရှာ၍၊ မရောက်လာသေးခင်၊ ကြိုတင်ဆောစ္စာ၊ ယခုခါက၊ ကောင်းစွာလုံ့လ၊ ဥဿာဟဖြင့်၊ ပုညအစု၊ ကောင်းမှုကုသိုလ်တရားကို၊ ကြိုးစားမယုတ်၊ အားထုတ်ကြပါကုန်။

ဤအရာ၌၊ ဓာတုက္ခောဘစသော၊ ဝိရောဓိပစ္စည်းကြောင့်ဖြစ်သော အဖျားအနာရောဂါဟူသမျှသည် ဗျာဓိမည်၏။ ထိုဗျာဓိသည် မုချအားဖြင့် ဒုက္ခမဟုတ်၊ ယင်းသို့-မဟုတ်သော်လည်း ကာယိကဒုက္ခ၊ စေတသိက ဒုက္ခနှစ်ပါး တို့၏ ဖြစ်ကြောင်း ဖြစ်သောကြောင့် ဖလူပစာရအားဖြင့် ထိုဗျာဓိကို ဒုက္ခဟုဆိုအပ်၏။

ကဏ္ဍသ္သူလ ဒဏ္ဍသ္သူလ ရာဂဇပရိဠာဟ ဒေါသဇ ပရိဠာဟာဒိ ကာယိက စေတသိကော အာဗာဓော ပုစ္ဆိတ္ဝာ ဇာနိတဗ္ဗတော ဥပက္ကမဿစ အပါကဋဘာဝတော ပဋိစ္ဆန္နဒုက္ခံနာမ၊ အပါကဋဒုက္ခန္တိပိဝုစ္စတိ၊ ဒွတ္ထိ သ ကမ္မကရဏာဒိ သမုဋ္ဌာနော အာဗာဓော အပုစ္ဆိတ္ဝာ ဇာနိတဗ္ဗတော ဥပက္ကမဿစ ပါကဋဘာဝတော အပဋိစ္ဆန္နဒုက္ခံနာမ၊ ပါကဋ ဒုက္ခန္တိပိ ဝုစ္စတိဟူ၍၊ ဖွင့်ဆိုတော်မူအပ်သော ဒုက္ခသစ္စာအဖွင့် ဝိဘင်းအဋ္ဌကထာပါဠိကို နယဂ္ဂါဟမူ၍ ထိုဗျာဓိကို ပဋိစ္ဆန္နဗျာဓိ အပဋိစ္ဆန္နဗျာဓိ အားဖြင့် နှစ်ပါးအပြားရှိ၏ဟု-ဆိုသင့်၏။

ထိုနှစ်ပါးတို့တွင် နားကိုက်ခြင်း သွားကိုက်ခြင်း ရောဂါကြောင့်ဖြစ်သော ပူလောင်ခြင်း၊ ဒေါသကြောင့်ဖြစ်သောပူလောင်ခြင်း အစရှိသော ကိုယ်၌ဖြစ်သော အနာရောဂါ၊ စိတ်၌ဖြစ်သောအနာရောဂါသည် မေးမြန်းသာ သိအပ်သောကြောင့်လည်းကောင်း။ ဥပက္ကမ၏ ထင်ရှားသည်၏ အဖြစ်ကြောင့်လည်းကောင်း။ အပဋိစ္ဆန္နဗျာဓိမည်၏။

တနည်းကား ဗျာဓိသည် ၉၆-ပါးအပြားရှိ၏၊ထို ၉၆ ပါးကို ဆိုလတ္တံ့သော ပါဠိတော်ပါဠိဖြင့်သိအပ်၏။

ဣစ္စေဝ နန္ဒ ဘိက္ခု အရညဂတောဝါ ရုက္ခမူလဂတောဝါ သုညာဂါရဂတောဝါ ဣတိ ပဋိသဉ္စိက္ခတိ ဗဟုဒုက္ခော အယံကာယော ဗဟုအာဒီနဝေါ၊ ဣတိ ဣမသ္မိံ ကာယေ ဝိဂိဓာ အာဗာဓာဥပ္ပဇ္ဇန္တိ၊ သေယျထိဒံ စက္ခုရောဂေါ သောတရောဂေါ ဃာနရောဂေါ ဇိဝှါရောဂေါ ကာယရောဂေါ သီသရောဂေါ ကဏ္ဏရောဂေါ

မုခရောဂေါ ဒန္တရောဂေါ ကာသော သာသော ဝိနာသော ဒုာဟော ဇရော ကုစ္ဆိ-ရောဂေါ မုစ္ဆာ ပက္ခန္ဒိကာ သူလာ ဝိသူစိကာ ကုဋ္ဌံ ဂဏ္ဍော ကိလာသော သောသော အပွမာရော ဒဒ္ဒု ကဏ္ဍု ကစ္ဆု နခသာ ဝိတစ္ဆိကာ လောဟိတ ပိတ္တံ မဓုမေဟော အံသာ ပိဋကာ ဘဂန္ဒလာ ပိတ္တိသမုဋ္ဌာနာ အာဗာဓာ သေမှသမုဋ္ဌာနာ အာဗာဓာ ဝါတသမုဋ္ဌာနာ အာဗာဓာ သန္နိပါတိကာ အာဗာဓာ ဥတုပရိဏာမဇာ အာဗာဓာ ဝိသမ့ပရိဟာရဇာ အာဗာဓာ ဩပက္ကမိကာ အာဗာဓာ ကမ္မဝိပါကဇာ အာဗာဓာ သီတံ ဥဏှံ ဇိဃစ္ဆာ ပိပါသာ ဥစ္စာရော ပဿာဝေါတိ၊ ဣတိ ဣမသ္မိံ ကာယေ အာဒိနဝါနုပဿီ ဝိဟရတိ အယံ ဝုစ္စတာ နန္ဒ အာဒိနဝသညာ။ ဒသကနိပါတ် အဂုံတ္တိုရ် ဂိရိမာနန္ဒသုတ်ပါဠိတော်။

အာနန္ဒ၊ အာနန္ဒာ။ ဣမ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ အရဉ်-ဂတောဝါ၊ တောသို့ကပ်သည်ဖြစ်၍လည်းကောင်း။ ရုက္ခမူလဂတောဝါ၊ သစ်ပင်ရင်းသို့ကပ်သည်ဖြစ်၍လည်းကောင်း။ သုညာဂါရဂတောဝါ၊ ဆိတ်ငြိမ်ရာသို့ ကပ်သည်ဖြစ်၍လည်းကောင်း။ ဣတိ၊ ဤသို့။ ပဋိသဉ္စိက္ခတိ၊ ဆင်ခြင်သုံးသပ်၏။ အယံကာယော၊ ဤခန္ဓာကိုယ်သည်။ ဗဟု-ဒုက္ခော၊ များသော ဆင်းရဲခြင်းရှိ၏။ ဗဟုအာဒီနဝေါ၊ များသောအပြစ်ရှိ၏။ ဣတိ၊ ဤသို့။ ဣမသ္မိံ ကာယေ၊ ဤခန္ဓာကိုယ်၌။ ဝိဝိဓာ၊ အထူးထူးအပြားပြား ရှိကုန်သော။ အာဗာဓာ၊ အနာတို့သည်။ ဥပပဇ္ဇန္တိ၊ ဖြစ်ကုန်၏။

သေယျထိဒံ၊ အဘယ်အနာတို့နည်းဟူမူကား။ စက္ခုရောဂေါ၊ မျက်စိ၌ဖြစ်သောအနာလည်းကောင်း။ သောတရောဂေါ၊ နား၌ဖြစ်သော အနာလည်းကောင်း။ ဃာနရောဂေါ၊ နှာခေါင်း၌ဖြစ်သော အနာလည်းကောင်း။ ဇိဝှါရောဂေါ၊ လျှာ၌ဖြစ်သော အနာ၌လည်းကောင်း။ ကာယရောဂေါ၊ ကိုယ်၌ဖြစ်သော အနာလည်းကောင်း။ သီသရောဂေါ၊ ဦးခေါင်း၌ဖြစ်သော အနာလည်းကောင်း။ ကဏ္ဏရောဂေါ၊ နား၌ဖြစ်သော အနာလည်းကောင်း။ မုခ-ရောဂေါ၊ ခံတွင်း၌ဖြစ်သော အနာလည်းကောင်း။ ဒန္တရောဂေါ၊ သွား၌ဖြစ်သော အနာလည်းကောင်း။ ကာသော၊ ချောင်းဆိုးနာလည်းကောင်း။ သောသော၊ ကြို့ထိုးနာ လည်းကောင်း။ ဝိနာသော၊ ဖွတ်သရိ (ဖွတ်စအို) နာလည်းကောင်း။ ဝါ၊ နှာရည်ယိုသော အနာလည်းကောင်း။ ဒုာဟော၊ ကိုယ်တွင်း၌ ပူသောအနာလည်းကောင်း။ ဇရော၊ ဖျားသော အနာလည်းကောင်း။ ကုစ္ဆိရောဂေါ၊ ဝမ်းသက်သောအနာလည်းကောင်း။ မုစ္ဆာ၊ မိန်းမော သော အနာ။ ဝါ၊ မူးဝေသောအနာလည်းကောင်း။ ပက္ခန္ဒိကာ၊ သွေးဝမ်းလားသော အနာလည်းကောင်း။ သူလာ၊ ထိုးကျင့်ကိုက်ခဲသော အနာလည်းကောင်း။ ဝိသူစိကာ၊ ကြီးစွာဝမ်းသက်သောအနာလည်းကောင်း။ ကုဋ္ဌံ၊ နူနာလည်းကောင်း။ ကဏ္ဍော၊ ထုတ်မြင်းနာလည်းကောင်း။ ကိလာသော၊ ခရသင်းနာလည်းကောင်း။ သောသော၊ (ခယရွက်နာ)အသွေးအသားကို ခြောက်စေဘတ်သော ကုတ်ဟီးနာ-ပန်းနာလည်းကောင်း။ အပွမာရာ၊ ဘီလူးဖမ်းစားသော အရူးနာလည်းကောင်း။ ဒဒ္ဒု၊ နှင်းခူနာ၊ ဝါ၊ ဝဲကြီး ဝဲစိုနာလည်းကောင်း၊ ကဏ္ဍု၊ ယားနာလည်းကောင်း။ ကစ္ဆု၊ ပေါနာလည်းကောင်း။ နခသာ၊ လက်သည်းတို့ဖြင့် ခြစ်မိရာ၌ ဖြစ်သောအနာလည်းကောင်း။ ဝိရစ္ဆိကာ၊ ပေါနက်ကြီးနာ။ ဝါ၊ ခြေဖဝါး လက်

ဖဝါး ကဲ့သောအနာလည်းကောင်း။ လောဟိတပိတ္တံ၊သွေးပိတ်ကိုက်သော အနာလည်းကောင်း။ မဓုမေဟော၊ ဒူလာသရောနာလည်းကောင်း။ အံသာ၊ အရိယိုသော အနာလည်းကောင်း။ ပိဋ္ဌကာ၊ ထုတ်အိုင်းနာ လည်းကောင်း။ ဝါ၊ ဖောသောအနာလည်းကောင်း။ ဘဂလာ၊ ဂရင်ဂျီခေါ် ဘဂန္ဒိုရ်နာလည်းကောင်း။ ပိတ္တာသမုဋ္ဌာနာ၊ သည်းခြေကြောင့် ဖြစ်ကုန်သော။ အာဗာဓာ၊ အနာတို့လည်းကောင်း။ သေမှာသမုဋ္ဌာနာ၊ သလိပ်ကြောင့် ဖြစ်ကုန်သော။ အာဗာဓာ၊ အနာတို့သည်လည်းကောင်း။ ဝါတာသမုဋ္ဌာနာ၊ လေကြောင့်ဖြစ်ကုန်သော။ အာဗာဓာ၊ အနာတို့သည်လည်းကောင်း။ သန္နိပါတိကာ၊ သည်းခြေ သလိပ် လေတို့သည် ပေါင်းဆုံပျက်စီးခြင်း တည်းဟူသော ဇန်း သန္နိပါတ်ကြောင့် ဖြစ်ကုန်သော။ အာဗာဓာ၊ အနာတို့သည်လည်းကောင်း။ ဥတုပရိဏာမဇာ၊ မညီမညွတ် ကိုယ်ကိုဆောင်ခြင်းကြောင့် ဖြစ်ကုန်သော။ အာဗာဓာ၊ အနာတို့သည်လည်းကောင်း။ သီတံ၊ ချမ်းအေးခြင်း လည်းကောင်း။ ဥဏှံ၊ ပူလောင်ခြင်းလည်းကောင်း။ ဇိဃစ္ဆာ၊ ဆာလောင်ခြင်းလည်းကောင်း။ ပိပါသာ၊ မွတ်သိပ်ခြင်းလည်းကောင်း။ ဥစ္စာရော၊ ကျင်ကြီးလည်းကောင်း။ ပဿဝေါ၊ ကျင်ငယ်လည်းကောင်း။ ဣတိ၊ ဤသို့။ ပဋိသဉ္ဓိက္ခဏေ၊ သုံးသပ်ဆင်ခြင်၏။ ဣတိ၊ ဤသို့။ ဣမသ္မိံ ကာယေ၊ ဤခန္ဓာကိုယ်၌။ အာဒိနဝါနုပဿီ၊ အပြစ်ဟု ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ အာနန္ဒ၊ အာနန္ဒာ၊ အယံ၊ ဤသို့ ရှုဆင်ခြင်ခြင်းကို။ အာဒိနဝသညာ၊ အာဒိနဝသညာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဤကား အနက်။

ဤပါဠိတော်၌ စက္ခုရောဂ အစ ဘဂန္ဒလ အဆုံးရှိကုန်သော ၃၄-ပါးကုန်သော အနာတို့တွင် နခသာ-အပ္ပမာဂရ နှစ်ပါးတို့သည် သည်းခြေ လေ သလိပ်တို့ကြောင့် မဖြစ်ကုန်။ ကြွင်းသော ၃၂-ပါးတုန်သော အနာတို့သည်သာလျှင် သည်းခြေ လေ သလိပ်တို့ကြောင့် ဖြစ်ကုန်၏။ ထို့ကြောင့် အဂ်ုတ္တိရ်အဋ္ဌကထာ၌ "ပိတ္တာသမုဋ္ဌာနာတိ ပိတ္တာသမုဋ္ဌိတာ၊ တေကိရ၊ ဒ္ဝတ္တိံသာ ဟောန္တိ၊ သေမှာသမုဋ္ဌာနာဒီသုပိ ဧသေဝနယော" ဟု ဖွင့်ပြတော်မူ၏။

ပိတ္တာသမုဋ္ဌာနာတိ၊ ပိတ္တာသမုဋ္ဌာနဟူသည်ကား။ ပိတ္တာသမုဋ္ဌိတာ၊ သည်းခြေကြောင့် ဖြစ်ကုန်သောအနာတို့တည်း။ တေ၊ ထိုသည်းခြေကြောင့်ဖြစ်ကုန်သော အနာတို့သည်။ ဒ္ဝတ္တိံသကိရ၊ ၃၂-ပ္ဍားရှိကုန်သတတ်။ သေမှာသမုဋ္ဌာနာဒီသုပိ၊ သေမှာသမုဋ္ဌာနစသည်တို့၌လည်း။ ဧသေဝနယော၊ ဤနည်းအတိုင်းသာတည်း။ ဤကား-အနက်။

ဤသို့လျှင် သည်းခြေကြောင့် ၃၂-ပါး၊ သလိပ်ကြောင့် ၃၂-ပါး၊ လေကြောင့် ၃၂-ပါး ဖြစ်သဖြင့် ပေါင်းသော် အနာမျိုး ၉၆-ပါးဖြစ်သဘည်း။ ဤ ၉၆-ပါးကိုရည်၍ တေမိယ ဇာတ်အဋ္ဌကထာ၌-

> မဟာသေနာနာတိပဉ္စဝီသ တိဘယ ဗာတ္တိံသ ကမ္မကရဏ ဆနဝုတိရောဂ ပမုခါဒိဝသေန ပုထုသေနေန-ဟု ဖွင့်ပြတော်မူအပ်၏။

မဟာသေနာပတိ၊ မဟာသေနာပတိသည်ကား။ ပဉ္စဝိသတိဘယဘေရဝတို့သ ကမ္မကရဏာဆနဝုတိရောဂ ပမုခါဒိဝသေန၊ ၂၅-ပါးသောဘေး၊ ၃၂-ပါးသော ကံကြမ္မာ၊ ၉၆-ပါးသော ရောဂါ အစရှိသည်တို့၏ အစွမ်းအားဖြင့်။ ပုထုသေနေန၊ များသော စစ်သည်ရှိသော။ ဤကားအနက်။ ။ဤအနာမျိုး ၉၆-ပါးတို့၌ (နာသာ-အပ္ပမာဒ) နှစ်ပါးကို ထည့်လျှင် ၉၈-ပါးဖြစ်၏။

ဆိုအပ်ခဲ့ပြီးသော အင်္ဂုတ္တိရ်ပါဠိတော်၌ ပိတ္တသမုဋ္ဌာန စသော အနာမျိုး (၈)ပါး တို့သည် အကြောင်းသမုဋ္ဌာန်ကိုစဲ့၍သာ(ပိတ္တသမုဋ္ဌာန) စသော အမည်ကို ရကုန်၏။ဇောတ်အားဖြင့် အထူးမရှိကုန်။ သီတ ဥဏှ ဇိဃစ္ဆ ပိပါသ ဥစ္စာရ ပဿာဝ စသည်တို့သည်ကား ရူပကာယ၌ ဖြစ်သော အာဒီနဝမျှသာ၊ အနာမျိုး မဟုတ်ကုန်။ ပိတ္တသမုဋ္ဌာန စသော အနာမျိုး (၈)ပါးတို့တွင်လည်း ရှေး(၇)ပါးတို့ကို သပ္ပါယဖြစ်သော ဆေး အစရှိသည်တို့ဖြင့် ပယ်ဖျောက် မြစ်တား ကုစားနိုင်၏။ ကမ္မဝိပါကဇအနာကိုကား သပ္ပါယ ဆေး စသည်တို့ဖြင့် ပယ်ဖျောက်တားမြစ် ကုစားခြင်းငှာ မတတ်နိုင်ကုန်။ ထို့ကြောင့် အင်္ဂုတ္တိရ်ပါဠိ ဋီကာ၌–

တတ္ထ ပုရိမေဟိ သတ္တတိ္တ ကာရဏေဟိ ဥပ္ပဇ္ဇန္တေ သက္ကာ ပဋိဗာဟိတုံ၊ ကမ္မဝိပါက-ဇာ ပန သဗ္ဗဘေသဇ္ဇေဟိပိ သဗ္ဗပရိတ္တာနာတိ ဝိနာသံ ပဋိသာတာယ-ဟု ဖွင့်ပြတော်မူအပ်၏။

တတ္ထ၊ ထိုပိတ္တသမုဋ္ဌာန စသော(၈)ပါးကုန်သော အနာတို့တွင်။ ပုရိမေဟိ၊ ရှေး၌ဖြစ်ကုန်သော။ သတ္တဟိ၊ ၇-ပါးကုန်သော။ ကာရဏေဟိ၊ အကြောင်းတို့ကြောင့်။ ဥပ္ပဇ္ဇန္တေ၊ ဖြစ်ကုန်သောအနာတို့ကို။ ပဋိဗာဟိတုံ၊ တားမြစ်ခြင်းငှာ။ သက္ကာ၊ တတ်နိုင်၏။ ကမ္မဝိပါကဇာပန၊ ကံ၏အကျိုးဖြစ်ကုန်သော အနာတို့ကိုကား။ သဗ္ဗဘေသဇ္ဇေဟိ၊ အလုံးစုံသော ဆေးတို့ဖြင့်လည်းကောင်း။ သဗ္ဗပရိတ္တာနာဟိပိ၊ အလုံးစုံသော အာရုံအတား အစောင့်အရှောက်တို့ဖြင့်လည်းကောင်း။ ပဋိသာတာယ၊ ကုစား တားမြစ်ခြင်းငှာ။ ဝိနာသံ၊ မတတ်နိုင်။ ဤကားအနက်။

ဤဆိုအပ်ခဲ့ပြီးကုန်သော ကြောက်ဖွယ်ဘနန်း ကြမ်းတမ်းလှစွာသော အနာရောဂါတို့သည် ဖြစ်ပေါ်လာကုန်သည်ရှိသော် တော-တောင်-ရေ-မြေ သမုဒ္ဒရာ စသော ဗဟိဒ္ဓသန္တာန်၌ မဖြစ်ကုန်။ ဤတလိမ္မလောက်သော ရူပကာယ၊ အဇ္ဈတ္တသန္တာန်၌သာ ဖြစ်လာပေါ်ပေါက် ကျရောက်နှိပ်စက်တတ်ကုန်၏ဟု ကောင်းစွာ သိကြရသဖြင့် ထိုကာယာဒီနဝ ဗျာဓိတည်းဟူသော ဘေးဘယတို့မှ ကြောက်ရွံ့ထိတ်လန့်ခြင်း သံဝေဂဉာဏ်ကို အဖန်ဖန် ဖြစ်စေကြပြီးလျှင် ထိုဗျာဓိဒုက္ခ ဘေးဘယကြီးတို့ ဖိစီးပေါ်ပေါက် မထောက်မညှာ မရောက်လာခင် ကြိုတင်ဆောစွာ ယခုအခါက ထိုဗျာဓိဒုက္ခ ဘေးဘယတို့မှ ကင်းလွတ်ရာ ကင်းလွတ်ကြောင်း ကောင်းမြတ်သောကံသိုလ်တရားကို ကြိုးစားအားထုတ်ကြပါကုန်။ ဤသည်ကား တတိယဒေဝဒူတသံယုတ္တနိကာယ၌ မှတ်သားဖွယ်တည်း။

စတုတ္ထဒေဝဒူတဝတ္ထု

လူအပေါင်းတို့အား ဆုံးမစကား မြွက်ကြားသကဲ့သို့ဖြစ်သော ၃၂-ဖြာ ကံကြမ္မာကို ခံနေရှာသော ကမ္မကာရဏရုပ်ပုံ



ထိုသို့ ဆိုအပ်ခဲ့ကုန်ပြီးသော ငါးပါးကုန်သော ဒေဝဒူတတို့တွင် လေးခုမြောက်ကျ စတုတ္ထဖြစ်သော ၃၂-ဖြာ သေမင်းပြစ်ဒဏ် ကံကြမ္မာတို့၏လည်းကောင်း၊ ထို ၃၂-ဖြာ ကံကြမ္မာကို ရက်စက်စွာပြုသဖြင့် မင်းမူလစာ စားရိက္ခာကို ကောင်းစွာခံယူ၍ ခိုးသူကို သတ်ဖြတ်ဒဏ်စက် ကွပ်မျက်တတ်ကုန်သော ထောင်မှူးပါးကွက် လက်မရှဲ အာဏာသား ခိုးသူသတ်ယောကျ်းတို့၏လည်းကောင်း။ နတ်တမန်အလား ပြောကြားမြွက်ဟ ဆိုဆုံးမသော စကားကို ဤဆိုလတ္တံ့သော အင်္ဂကထာပါဠိမျှားဖြင့် သိအပ်၏။

ဒုတ္တိ်သ တာဝ ကမ္မကာရဏာ အတ္ထတော ဧကံ ဝဒန္တိနာမ မယံ နိဗ္ဗတ္တမာနာ နရကေ့ဝါ နပါသာဏေဝါ နိဗ္ဗတ္တာမ၊ တုမ္ဟာဒိသာနံ သရီရေနိဗ္ဗတ္တာမ၊ ဣတိ အမှာကံ ပုရေနိဗ္ဗတ္တိတော ဝ ကလျာဏံ ကရောထာတိ၊ တေနေတာဒေဝဒူတာ နာမ၊ ကမ္မကရဏိကာဝ အတ္ထတော ဧဝံ ဝဒန္တိနာမ၊ မယံ ဒုတ္တိ်သကမ္မကာရဏာနိ ကရောန္တာ နရကွာဒိသု ကရောမ၊ တုမ္ဟာဒိသေသု သတ္တေသုယေဝ

ကရောမ၊ ဣတိ အမှာကံ တုမ္ဟေ ပုရေကမ္မကာရဏာတော၀ ကလ္ယာဏံ ကရောထာတိ။ တေနေတေပိ ဒေဝဒူတာနာမ ဇာတာ။ ဥပရိပဏ္ဏာသအဋ္ဌကထာ သုတ္တသင်္ဂဟ အဋ္ဌကထာတို့ဋ္ဌ လာသောပါဋ္ဌ။

တာ၀၊ ရှေးဦးစွာ။ ဒုတိ်ယ၊ ၃၂-ပါးကုန်သော။ ကမ္မကာရဏာ၊ မင်းပြစ်ဒဏ် ကံကြမ္မာတို့သည်။ အတ္ထတော၊ သဘောအားဖြင့်။ ဧ၀ံ၊ ဤသို့။ ၀ဒန္တိနာမ၊ ဆုံးမစကား မြွက်ကြားသံချို ပြောဆိုသည် မည်ကုန်၏။ ကထံ၀ဒန္တိနာမ၊ အဘယ်ကဲ့သို့ ဆုံးမစကား မြွက်ကြားသံချို ပြောဆိုကုန်သနည်းဟူမူကား။ မယံ၊ ၃၂-ဖြာ ကံကြမ္မာ၀ါတို့သည်။ နိဗ္ဗတ္တ-မာနာ၊ ဖြစ်ကုန်သည်ရှိသော်။ ရူက္ခေ၀၊ သစ်ပင်ဌဋ္ဌမူလည်း။ နနိဗ္ဗတ္တာမ၊ မဖြစ်ကုန်။ ပါသာ-ဏေ၀၊ ကျောက်ဌဋ္ဌမူလည်း။ နနိဗ္ဗတ္တာမ၊ မဖြစ်ကြကုန်။ တုမ္ဟဒိသာနံ၊ သင်တို့ကဲ့သို့သော သတ္တ၀ါတို့၏။ သရီရေ၊ ကိုယ်သန္တာန်အတွင်ဘောဌ။ နိဗ္ဗတ္တာမ၊ ဖြစ်ကြရကုန်၏။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ အမှာကံ၊ ၃၂-ဖြာ ကံကြမ္မာ၀ါတို့၏။ ပုရေနိဗ္ဗတ္တိတော၀၊ မဖြစ်ရ သေးခင် ကြိုတင်ဆောစွာ ရှေးအခါကသာလျှင်။ ကလ္ယာဏံ၊ ကုသိုလ်ကောင်းမှု ပုညစုကို။ ကရောထ၊ လုံ့လကြိုးကုတ် အားထုတ်ပြုကြပါကုန်လော။ ဣတိ၊ ဤသို့။ ၀ဒန္တိနာမ၊ ဆုံးမစကား မြွက်ကြားသံချို ပြောဆိုသည်မည်ကုန်၏။

တေန၊ ထို့ကြောင့်။ ဧတောကမ္မကာရဏာ၊ ထို ၃၂-ဖြာ မင်းပြစ်ဒဏ် ကံကြမ္မာတို့သည်။ ဒေဝဒူတာနာမ၊ နတ်တမန်တို့ မည်ကုန်သည်။ ဇာတာ၊ ဖြစ်ကုန်၏။ ကမ္မကရဏီယာပိ၊ မင်းမှု လစာရိက္ခာကို ကောင်းစွာခံယူ၍ ခိုးသူကိုကွပ်မျက် နှိပ်စက်သတ်ဖြတ်တတ်ကုန်သော ခိုးသူသတ်ယောကျ်ား ထောင်မှူးပါးကွတ် လက်မရုံအာဏာသားတို့သည်လည်း။ အတ္ထတော။ သဘောအားဖြင့်။ ဧ၀ံ၊ ဤသို့။ ၀ဒန္တိနာမ၊ ဆုံးမစကား မြွက်ကြားသံချို ပြောဆိုကြကုန် သည်မည်ကုန်၏။

ကထံ၀ဒန္တိနာမ၊ အဘယ်ကဲ့သို့ ဆုံးမစကား မြွက်ကြားသံချို ပြောဆိုကြကုန်သည် မည်ကုန်သနည်းဟူမူကား။ မယံ၊ ခိုးသတ်ယောကျ်ား လက်မရုံအာဏာသား ဖြစ်ကြကုန် သော ၎ါတို့သည်။ ဒုတိ်ယကမ္မကရဏာနိ၊ ၃၂-ဖြာ မှင်းဒဏ်ကံကြမ္မာအမှုတို့ကို။ ကရောန္တာ၊ ရက်စက်စွာ ပြုကြကုန်သည်ရှိသော်။ ရက္ခာဒီသု၊ သစ်ပင်စသည်တို့ဌ။ နကရောမ၊ မပြုကြ ကုန်။ တုမ္ဟဒိသေသု၊ သင်တို့နှင့်တူကုန်သော။ သတ္တေသုယေ၀၊ သတ္တ၀ါတို့ဌသာလျှင်။ကရောမ၊ ရက်စက်မည်သာ ပြုကြပါကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ အမှာကံ၊ ခိုးသတ်ယောကျ်ား ထောင်မှူးပါးကွက် လက်မရုံအာဏာသား ဖြစ်ကုန်သော ၎ါတို့သည်။ တုမ္ဟေ၊ သင်တို့ဌ။ ပုရေ-ကမ္မကရဏတော၀၊ ၃၂-ဖြာ မှင်းပြစ်ဒဏ်ကံကြမ္မာတို့ကို မပြုလုပ်ရသေးခင် ကြိုတင်ဆော စွာ ရှေးအခါကသာလျှင်။ ကလ္ယာဏံ၊ ပုညအစု ကောင်းမှုကုသိုလ်တရားကို။ ကရောထ၊ နေ့ညမပြတ် မလပ်ကြိုးကုတ် အားထုတ်၍ ပြုလုပ်ကြပါကုန်လော့။ ဣတိ၊ ဤသို့။ ၀ဒန္တိနာမ၊ ဆုံးမစကား မြွက်ကြားသံချို ပြောဆိုသည်မည်ကုန်၏။

တေန၊ ထို့ကြောင့်။ ဧတောကမ္မကရဏီကေပိ၊ ထိုမင်းမှု လစာရိက္ခာကို ကောင်းစွာ ခံယူ၍ ခိုးသူကိုကွပ်မျက် နှိပ်စက်သတ်ဖြတ်ကုန်သော ထောင်မှူးပါးကွက် လက်မရုံအာဏာ

သားတို့သည်လည်း။ ဒေဝဒူတာနာမ၊ နတ်တမန်မည်ကုန့်သည်။ ဇာတာ။ ဖြစ်ကုန်၏။ ဤကား အနက်။

ဤအဋ္ဌကထာပါဠိ အနက်ကို နှုတ်တက်သေချာ ကောင်းစွာကျက်မှတ် မပြတ်နေညှ ရွတ်ဖတ်ကြပြီးလျှင် သံသရာစက် ကန့်အကွက်ကို မပျက်ကြာရှည် အစဉ်တည်၍ ကျင်လည်ရသမျှ ဒုတ္တိံသကာရဏာစသည် ဆန်းကြယ်ထူးလတ် ထွေပြားသော ဝဋ်ဒုက္ခများကို ထပ်မနားသွေ့လဲ့ အသဲအသံ အမြဲခံရမည့်အရေးကို မျှော်တွေးရှုမြင် ဆင်ခြင်သုံးသပ်ကြကုန်၍ ထိုသံသရာဝဋ်ဒုက္ခမှ ကြောက်ရွံထိတ်လန့်ခြင်း သံဝေဂဉာဏ်ကို အဖန်ဖန်ဖြစ်ကြပါစေကုန်။

ဤအရာ၌ ၃၂-ဖြာ မင်းပြစ်ဒဏ် ကံ့ကြမ္မာတို့ကို ဥပရိပဏ္ဏာသ ဒေဝဒူတသုတ်ပါဠိတော်တို့၌လာသောအတိုင်း ပြဆိုလိုက်ပေဦးအုံ့။

တမေနံ ဘိက္ခဝေ ယမောရာဇာ ဧဝမာဟ၊ အမ္ဘော်ပုရိသ နု တံ အဒဿ မနုဿေသု ရာဇာနော စောရံ အာဂုစာရိံ ဂဟေတ္ဝာ ဝိဝိဓာနိ ကမ္မကာရဏာနိ ကရောန္တာ ကသာဟိပိ တာဠေန္တေ၊ အဆုဒက္ခကေဟိပိ တာဠေန္တေ ဟတ္ထမ်ိပိ ဆိန္ဒန္တေ ပါဒမ်ိပိ ဆိန္ဒန္တေ ဟတ္ထပါဒမ်ိပိဆိန္ဒန္တေ ကဏ္ဏမ်ိပိ ဆိန္ဒန္တေ နာသမ်ိပိ ဆိန္ဒန္တေ ကဏ္ဏနာသမ်ိပိ ဆိန္ဒန္တေ ဗိလင်္ဂထာလိကမ်ိပိကရောန္တေ သင်္ခမုဏ္ဍိကမ်ိပိ ကရောန္တေ ရာဟုမုခမ်ိပိကရောန္တေ ဇောတိမာလိကမ်ိပိကရောန္တေ ဟတပဇ္ဇောတိကမ်ိပိ ကရောန္တေ ရေကဋ္ဌကမ်ိပိ ကရောန္တေ စီရကဝါသိကမ်ိပိ ကရောန္တေ ဧဏေယျကမ်ိပိကရောန္တေ ဗလိသမံသိကမ်ိပိကရောန္တေ် ကဟာပဏိကမ်ိပိကရောန္တေ ခရာပဋ်ိစ္ဆကမ်ိပိကရောန္တေ ပလိဃပရိဝတ္တကမ်ိပိကရောန္တေ ပလာဃပိဋ္ဌကမ်ိပိကရောန္တေ တက္ကေနဉပိ တေလေနဩသိဉ္စန္တေ သုနခေဟိပိ ခါဒါပေန္တေ ဇီဝန္တမ်ိပိ သူလေ ဥတ္တာသေန္တေ အသိနာပိသိသံ ဆိန္ဒန္တေတိ။ ဒုကနိပါတ် အင်္ဂုတ္တိုရ်ဝဋ္ဋသုတ်၌လည်း ဤနည်းအတိုင်းပင်လာ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ တမေနံ၊ ထိုမကောင်းမှု ဒုစရိုက်နှင့်ပြည့်စုံသောသူကို။ ယမော-ရာဇာ၊ ယမမင်းသည်။ ဧဝံ၊ ဤသို့။ အာဟ၊ စစ်ဆေးမေးမြန်း၏။ အမ္ဘော်ပုရိသ၊ အို ယောကျ်ား။ တံ၊ သင်သည်။ မနုဿေသု၊ လူ့ပြည်၌။ ရာဇာနော၊ မင်းတို့သည်။ စောရံ၊ ခိုးသူကို။ အာဂုစာရိံ၊ မကောင်းသောပြစ်မှုကို ပြုသောသူကို။ ဂဟေတ္ဝာ၊ ဖမ်း၍။ ဝိဝိဓာနိ၊ အထူးထူးအပြားပြားရှိကုန်သော။ ကမ္မကာရဏာနိ၊ ၃၂-ဖြာ ကံကြမ္မာတို့ကို။ ကရောန္တေ၊ ပြု သည်တို့ကို။ နအဒဿံ၊ မမြင်ဖူးသလော။

(၁) ကသာဟိပိ၊ အဆူးရှိသော ကြိမ်တို့ဖြင့်လည်း။ တာဠေန္တေ၊ ရိုက်နှက်သည်တို့ကို။

(၂) ဝေတ္တေဟိပိ၊ အဆူ မရှိသော ကြိမ်တို့ဖြင့်လည်း။ တာဠေန္တေ၊ ရိုက်နှက်သည်တို့ကို။

(၃) အာဒုဒဏ္ဍတေဟိပိ၊ ဆောက်ပုတ် (လက်ရိုက်) တို့ဖြင့်လည်း။ ဝါ၊ လေး တောင်၏ ထက်ဝဲက် နှစ်တောင်မျှသော ထုတ်တိုလှံတံဖြင့်လည်း။ တာ-ဠေန္တေ၊ ရိုက်နှက်သည်တို့ကို။

(၄) ဟတ္ထမ္ပိ၊ လက်ကိုလည်း။ ဆိန္ဒန္တေ၊ ဖြတ်သည်တို့ကို။

(၅) ပါဒမ္ပိ၊ ခြေကိုလည်း။ ဆိန္ဒန္တေ၊ ဖြတ်သည်တို့ကို။

(၆) ဟတ္ထပါဒမ္ပိ၊ လက်ခြေတို့ကိုလည်း။ ဆိန္ဒန္တေ၊ ဖြတ်သည်တို့ကို။

(၇) ကဏ္ဏသမ္ပိ၊ နားရွက်ကိုလည်း။ ဆိန္ဒန္တေ၊ ဖြတ်သည်တို့ကို။

(၈) နာသမ္ပိ၊ နှာခေါင်းကိုလည်း။ ဆိန္ဒန္တေ၊ ဖြတ်သည်တို့ကို။

(၉) ကဏ္ဏနာသမ္ပိ၊ နားရွက်-နှာခေါင်းတို့ကိုလည်း။ ဆိန္ဒန္တေ၊ ဖြတ်သည်တို့ကို။

(၁၀) ဗိလင်္ဃာလိကမ္ပိ၊ ဦးခေါင်းခွံကိုခွာခြင်း၊ ထိုနောက်တဖန် ကျိုက်ကျိုက် ဆူပွက်၍ လောလောပူသော သံတွခဲကို ညှပ်ဖြင့်ကိုင်ယူ၍ ထိုဦးခေါင်း ထက်၌ ထည့်သဖြင့် ဦးကျောက်ကို ကျိုက်ကျိုက်ဆံပွက်၍ လျှံထွက် စေခြင်းတို့ဖြင့် ကျိုက်ကျိုက်ဆူသော ကံဇရေအိုးနှင့်တူသော ဦးခေါင်းရှိသည် ကိုလည်း။ ကရောန္တေ၊ ပြုသည်တို့ကို။ (ဤ၌ ပြုလုပ်ခြင်းကြိယာ အထူး အားဖြင့်နှစ်ပါးယူ)။

(၁၀) သခ်မုဏ္ဍိကမ္ပိ၊ အထက်နှုတ်ခမ်း နားပန်နှစ်ဘက် နောက်ဆံစ လည်ရေးအပိုင်း အခြားအားဖြင့် အရေကိုဖြတ်၍ ဆံပင်တို့ကို တပေါင်းထုံး၍ လုံတံဖြင့် ရစ်ပတ်ပြီးလျှင် ဆံပင်နှင့်တကွ ဦးခေါင်းရေကို ခွာခြင်း၊ ထိုနောက် ဦးခေါင်းရိုးကို ခရုသင်းအတူ ဖွေးဖွေးဖြူအောင် ကျောက်စရစ်ခဲတို့ဖြင့် တိုက်၍ ခရုသင်းအတူ ဖွေးဖွေးဖြူသော ဦးပြည်း (ခေါင်းတုံး) ဖြစ်သည် ကိုလည်း။ ကန္တရောန္တေ၊ ပြုသည်တို့ကို။ (ဤ၌ ပြုလုပ်ခြင်းကြိယာ အထူး အားဖြင့် နှစ်ပါးယူ)။

(၁၂) ရုဟုမုခမ္ပိ၊ သံတံသင်း (သံစို့) ဖြင့် ခံတွင်းကိုဖွင့်၍ ခံတွင်း၌ မီးဖြင့် ထွန်းသော၊ ဝါ၊ နားပန်စွန်းမှစ၍ ခံတွင်းသို့အရောက် ဆောက်ဖြင့်ထွင်း၍ ခံတွင်းပြည့်အောင် သွေးကို ယိုစီးစေသောအားဖြင့် နေကိုင်သော ရုဟု နတ်၏ ခံတွင်းကဲ့သို့သော ခံတွင်းရှိသည်ကိုလည်း။ကရောန္တေ၊ ပြုသည်တို့ကို။

(၁၃) ဇောတိမာလိကမ္ပိ၊ ဆံစိမ်းသောအဝတ်ဖြင့် တကိုယ်လုံးရစ်ပတ်၍ မီးတိုက် သဖြင့် မီးပန်းနှင့်တူသည်ကိုလည်း။ ကရောန္တေ၊ ပြုသည်တို့ကို။

(၁၄) ဟတ္ထပဇ္ဇောတိကမ္ပိ၊ ဆံစိမ်းအပ်သော အဝတ်တို့ဖြင့် လက်၌ရစ်ပတ်၍ မီးညို သဖြင့် ဆီမီးတောက်သဖွယ်ရှိသည်ကိုလည်း။ ကရောန္တေ၊ ပြုသည်တို့ကို။

(၁၅) ရေကဝတ္တိကမ္မိ၊ ရေမျိုမှစ၍ ရေလဘကို ထုတ်ဖျက်ခဲ့ခဲ့၍ ခြေဖမျက်၌ ထားခြင်း၊ တဖန် ကြိုးဖြင့်ဖွဲ့ခဲ့ခြည်၍ ဆဲငင်သဖြင့် မိမိအရေကို မိမိနှင်း၍ အဖန်ဖန်လည်း (လဲ)စေခြင်းတည်းဟူသော ပြိန်းမြက်လဘကဲ့သို့ အရေကို ခွါခြင်းကိုလည်း။ ကရောန္တော၊ ပြုသည်တို့ကို။ (ဤ၌ ပြုလုပ်ခြင်းကြိယာ အထူးအားဖြင့် နှစ်ပါးယူ)။

(၁၆) ဝိရကဝါသိကမ္မိ၊ ရေမျိုမှစ၍ အရေကိုခွာ၍ ထားပြီးလျှင် ခါးမှစ၍ အရေကိုခွာခဲ့၍ ခါး၌ထားပြီးလျှင် ခါးမှစ၍ အရေကိုခွာခဲ့၍ ခြေဖမျက်၌ ထားကာ အထက်အရေဖြင့် အောက်ကိုယ်တပိုင်းကို လျှော်တေဝတ်သကဲ့သို့ ဖြစ်စေခြင်းကိုလည်း။ ကရောန္တော၊ ပြုသည်တို့ကို။

(၁၇) ဧကောယျကမ္မိ၊ တတောင်ဆစ်နှစ်ဘက် ပုဆစ်နှစ်ဘက်တို့၌ သံကွင်း သံခြေကျင်း ခတ်ပြီးလျှင် သံတံကျင်လေးခုတို့ဖြင့် မြေ၌ လေးဘက်ထောက်တည်၍ နေစေခြင်း။ ထို့နောက်တဖန် ထက်ဝန်းကျင် ပတ်ခြံ၍ ပြင်းထန်စွာ မီးတိုက်ခြင်းတို့ဖြင့် ကြီမည်သော သားကောင်ကဲ့သို့ လေးဘက်တွားလျက် တည်နေစေခြင်းကိုလည်း။ ကရောန္တော၊ ပြုသည်တို့ကို။ (ဤ၌ပြုလုပ်ခြင်း ကြိယာ အထူးအားဖြင့် နှစ်ပါးယူ)။

(၁၈) ဗလိသမံသိကမ္မိ၊ နှစ်ဘက် အသွားရှိသော သံခုတ်တို့ဖြင့် ခုတ်၍ အရေအသား အကြောတို့ကို ဆွဲထုတ်နုတ်ယူခြင်းကိုလည်း။ ကရောန္တော၊ ပြုသည်တို့ကို။

(၁၉) ကဟာပဏိကမ္မိ၊ ထက်လှစွာသော ပဲကွပ်တို့ဖြင့် တကိုယ်လုံးရွေ၍ တသပြာတသပြာမျှ အသားတစ်တို့တို့ ကျေစေသည်ကိုလည်း။ ကရောန္တော၊ ပြုသည်တို့ကို။

(၂၀) ခါရပဋ္ဌစ္ဆကမ္မိ၊ ထိုထိုကိုယ်အရပ်၌ ဓား လက်နက်တို့ဖြင့် ခုတ်ဖြတ်လှီးမွှန်းခြင်း၊ ဆား ဆပ်ပြာပက်သွင်း၍ ဝက်မင်ဘီးတို့ဖြင့် အသားကို ဖွတ်ခြင်းကိုလည်း။ ကရောန္တော၊ ပြုသည်တို့ကို။

(၂၁) ပလိဃပရိဝတ္တကမ္မိ၊ တခုသော နံတောင်ဖြင့် တစောင်းအိပ်စေ၍ နားပေါက်၌ သံတံကျင်ထိုးသွင်း၍ မြေနှင့်တစပ်တည်း ဖွဲ့ခြင်း၊ ထို့နောက် တဖန် ခြေ၌ကိုင်၍ တံခါးကျင်ကဲ့သို့ လည်အောင် လှည့်ခြင်းကိုလည်း။ ကရောန္တော၊ ပြုသည်တို့ကို။ (ဤ၌ ပြုလုပ်ခြင်း ကြိယာအထူးအားဖြင့် နှစ်ပါးယူ။)

(၂၂) ပလာလပိဋ္ဌကမ္မိ၊ အရေထူ- အရေပါး- အသားတို့ကို မစုတ်ပြတ်စေပဲ ကျောက်လုံးဖြင့် အရိုးကိုထုခဲ့၍ ဆံပင်ကို ကိုင်ပြီးလျှင် အသားစုသာ ကျန်အောင် မြှောက်၍ ခါပြီးမှ ဆံပင်ဖြင့် အသားစုကို မှေးယှက်ကိုင်ယူ၍

ကောက်ရိုးခွေ အင်းပျဉ်ကဲ့သို့ ရစ်ပတ် ဖွဲ့စည်းခြင်းကိုလည်း။ ကရောန္တေ၊ ပြုသည်တို့ကို။

(၂၃) တက္ကေန၊ ပူလှုစ္ဆာသော။ တေလေနာပိ၊ ဆီဖြင့်လည်း။ သြသိဉ္စန္တေ၊ သွန်းလောင်း သည်တို့ကို။

(၂၄) သုနခေဟိပိ၊ ၂-ရက် ၃-ရက် အစာမကျေးအပ်ကုန်သော ခွေးတို့ကိုလည်း။ ခါဒါပေန္တေ၊ စားစေသည်တို့ကို။

(၂၅) ဇီဝန္တမိပိ၊ အသက်ရှင်စဉ်လည်း။ သုလေ၊ သံတံကျင်၌။ ဥတ္တာသေန္တေ၊ လှိုသည် တို့ကို။

(၂၆) အသိနာပိ၊ သန်လျက်ဖြင့်လည်း။ သီသံ၊ ဦးခေါင်းကို။ ဆိန္ဒန္တေ၊ ဖြတ်သည် တို့ကို။ ဣတိ၊ ဤသို့။ ကမ္မကာရဏာနိ၊ ၃၂-ဖြာ ကံကြမ္မာတို့ကို။ ကရောန္တေ၊ ပြုသည်တို့ကို။ တံ၊ သင်သည်။ နဒဿံ၊ မမြင်ခဲ့ဖူးသလော။ ဣတိ၊ ဤသို့။ ယမရာဇာ၊ ယမမင်းသည်။ အာဟ၊ ဆေးကျောစစ်ဆေးကာ မေးမြန်းပါ၏။ ဤကား အနက်။

ဤကမ္မကာရဏအရာဝယ် အဋ္ဌကထာဌီကာတို့၌ (ဒုတ္တံသ) ဟု သင်္ချာကိုသာ ဆိုကြကုန်၏။ ထိုဒုတ္တံသအရ သရုပ်ကိုကား ၃၂-ပါးစေ့အောင် အစဉ်အတိုင်းအားဖြင့် ဖေဲ့ထုတ်၍ ပြတော်မူကြကုန်။ ဒုကဏိပါတ် အင်္ဂုတ္တိရ်ဝဇ္ဇသုတ် ပါဠိတော်၊ ဥပရိပဏ္ဏာသ ဒေဝဒူတသုတ်ပါဠိတော်၊ သုတ္တသင်္ဂဟဒေဝဒူတသုတ် ပါဠိတော်တို့၌လည်း သရုပ်အားဖြင့် ၂၆-ပါးသာ ဟောတော်မူအပ်သောအရာ ရှိချေသည်။ ယင်းသို့ဖြစ်၍ ဆိုအပ်ခဲ့ပြီးကုန်သော ပါဠိတော်တို့၌ တိုက်ရိုက်အားဖြင့် ဟောတော်မူအပ်ကုန်သော ၂၆-ပါးကုန်သော ကမ္မကာရဏာတို့တွင် အမှတ် (၁၀) ပိလင်္ဂသာလိက၊ အမှတ် (၁၁) သင်္ခမုဏ္ဍိက၊ အမှတ် (၁၅) ရေကဝတ္တိက၊ အမှတ် (၁၇) ကေယျက၊ အမှတ် (၂၀) ခရပဋ္ဋိစ္ဆက၊ အမှတ် (၂၁) ပလ္လဿပရိဝတ္တက၊ ဤ ၆-ပါးတို့၌ ပြုလုပ်ခြင်းကြံယာ အထူးအားဖြင့် နှစ်စီယူ၍ ၁၂-ပါးရ၏။ ထို ၁၂-ပါးကို အကြွင်း ၂၀-နှင့် ပေါင်းသော် ၃၂ ပါးဖြစ်၏။ ဤသို့ရေတွက်မှ သင့်အံ့ထင်၏။ သံခဝါဝတ္ထုဒီပနီစသော ဝိနိစ္ဆယ စာတို့၌ကား ပါဠိတော်တို့၌ တိုက်ရိုက်ဟောတော်မူအပ်ကုန်သော ၂၆-ပါးကုန်သော ကမ္မကာရဏာတို့ကို ၂၆-ပါးအတိုင်းသာယူ၍ ငရဲသူသတ်ဝါတို့၌ ငရဲထိန်းတို့ ပြုလုပ်အပ်ကုန်သော နှောင်ဖွဲ့ခြင်းငါးပါး၊ ဓား ပဲကွပ်တို့ဖြင့် ရွေ့ခြင်းတပါးအားဖြင့် ၆-ပါးကို ထည့်ပြီးလျှင် ၃၂-ပါးဟု ရေတွက်ကုန်၏။ သင့်အံ့မထင်။

အဘယ့်ကြောင့်နည်းဟူမူ (အမှန်တော့ ပုဂ္ဂိုလ် နှ တို့ အဒဿန မနုဿသု ရာဇာနော ဓောရံ အာဂုစာရိံ ဂဟေတ္ဝာ ဝိဝိဓာနိကမ္မကာရဏာနိကရောန္တေ) ဟူသော ဒေဝဒူတသုတ် ပါဠိတော်၊ (ဒုတ္တံသ ဘာဝ ကမ္မကာရဏာနိ အတ္ထတော ဧဝံ ဝဒန္တီနာမ) ဟူသော အဋ္ဌကထာပါဠိတို့ဖြင့် ထို ၃၂-ဖြာ ကံကြမ္မာတို့၏ လူ့ပြည်မှာသာ ဖြစ်သောအရာ ထင်ရှားသည်၏ အဖြစ်ကြောင့်လည်းကောင်း။ ယမမင်းသည်လည်း လူ့ပြည်တို့၌ ၃၂-ဖြာ ကံကြမ္မာတို့ကို

မြင်ခဲ့ဖူး၏လောဟူ၍သာ မေးစိစစ်သည်။ ငရဲပြည်၌ဖြစ်ကုန်သော ကံကြမ္မာတို့ကို မြင်ခဲ့ဖူး၏ လောဟု မေးစိစစ်ခြင်းငှာ မသင့်သည်၏ အဖြစ်ကြောင့်လည်းကောင်း။ အကယ်၍ မေးစိစစ် သော်လည်း မြင်ခဲ့ဖူးပါ၏ဟု ဝန်ခံနိုင်ခဲ့၍ မရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း။ နှောင်ဖွဲ့ခြင်းငါးပါး၊ ပဲကွပ်တို့ဖြင့် ရွေခြင်းတို့သည် ငရဲသူသတ္တဝါတို့ကို ငရဲထိန်းတို့သည် ပြုအပ်ကုန်သော အမှုတို့သာ ဖြစ်ကုန်သောကြောင့်လည်းကောင်း၊ သင့်အံ့ဟု မထင်သည်သာတည်း။

နှောင်ဖွဲ့ခြင်းငါးပါး၊ ဓား ပဲကွပ်တို့ဖြင့် ရွေခြင်းတို့၏ ငရဲသူသတ္တဝါတို့ကို ငရဲထိန်း တို့သည် ပြုလုပ်အပ်ကုန်သော အမှုတို့ဖြစ်ကြောင်းကို (တမေနံ ဘိက္ခဝေ နိရယပါလာ ပဉ္စ-ဝိဓ ဗန္ဓနံနာမ ကာရဏံ ကရောန္တို့) ဟူ၍လည်းကောင်း။ (တမေနံ ဘိက္ခဝေ နိရယပါလာ သံဝေသေတ္တာ ကုဋ္ဌာရိတိ တစ္ဆန္တို့၊ တမေနံ ဘိက္ခဝေ နိရယပါလာ ဥဒ္ဓံ ပါဒံ အဓောသိရံ ထပေတ္တာ ဝါသီဟိ တစ္ဆန္တို့) ဟူ၍လည်းကောင်း ဟောတော်မူအပ်သော ဒေဝဒူတသုတ် ပါဠိတော်ဖြင့် သိအပ်၏။ ဤသို့ အယူအဆ ကွဲပြားကြရာ၌ ဝိမံသနပညာဖြင့် အခါခါ ဆင်ခြင်၍ သင့်လျော်ရာကိုသာ လိုက်နာမှတ်ယူကြပါကုန်။

ဤသို့ ဆိုအပ်ခဲ့ပြီးကုန်သော ၃၂-ဖြာ ကံကြမ္မာမှု ဒုက္ခစုတို့ကို သံသရာစက် ကန့် အာကုက်တို့ မပျက်အရှည် မစဉ်တည်၍ ကျင်လည်ရသမျှ မုချကေန် မပြတ်ခံရမည့်အရေးကို မျှော်တွေးရှုမြင် ဆင်ခြင်သုံးသပ်၍ ထိတ်လန့်ခြင်း သံဝေဂဉာဏ်ကို အဖန်ဖန် ဖြစ်စေကြ ပြီးလျှင် သံသရာစက် ကန့်အာကုက်တို့ကို ချိုးဖျက်နိုင်ကြောင်း ပါရမီကောင်းကုသိုလ်မှုကို ပြု စုအားထုတ်ကြပါကုန်။ ဤသည်ကား-စတုတ္ထ ဒေဝဒူတသံဝေဇနီယဉ် မှတ်သားဖွယ်တည်း။

ပဉ္စမ ဝေဒဒူတ

လူအပေါင်းတို့အား ဆုံးမစကား ပြောကြားသကဲ့သို့ဖြစ်သော ညှိနှုံပုပ်ဟောင် ဖူးဖူးယောင်သော သူသေကောင်ရုပ်ပုံ



ထိုသို့ ဆိုအပ်ခဲ့ပြီးကုန်သော ငါးပါးကုန်သော ဒေဝဒူတတို့တွင် ငါးခုမြောက်အကျ ပဉ္စမဖြစ်သော နှံညှိပုပ်ဟောင် ဖူးဖူးယောင်သော သူသေကောင်၏ နတ်တမန်အလား ပြော ကြားကြက်ဟ ဆုံးမသောစကားကို ဤဆိုလတ္တံ့သော အဋ္ဌကထာပါဠိမျှားဖြင့် ဂါဂပ်၏။

မတကသတ္တော အတ္ထတော ဧဝံ ဝဒတိနာမ၊ ပဿထ ဘော မုံ အာမကသုသာနေဆဋ္ဌိတံ ဥဒ္ဓုမာတကာဒိ ဘာဝပ္ပတ္တံ၊ မရဏတောမို့ အပရိမုတ္တတာ ဒေဒိသော ဇာတော၊ နခေါပနာဟမေဝ၊ တုမ္ဟေဟိ မရဏတော အပရိမုတ္တာဝ၊ ယထေဝ ဟိ မယ္ဟံ၊ ဧဝံ တုမ္ဟာကမ္ပိ မရဏံ အာဂမိဿတိ၊ ဣတိ တဿပုရေ အာဂမနာဝကဲလျာဏံ ကရောထာတိ၊ တေနေသ ဒေဝဒူတောနာမ ဇာတော။ တိကနိပါတ် အင်္ဂုတ္တိရ်အဋ္ဌကထာ၊ ဥပရိပဏ္ဏာသ အဋ္ဌကထာ၊ သုတ္တသင်္ဂဟ အဋ္ဌကထာ တို့၌ လာသောပါဠိ။

မဘကသတ္တော၊ နံည့ုပုပ်ဟောင် ဖူးဖူးယောင်သော သတ္တဝါ သူသေကောင်သဲ့သည်။ အတ္ထတော၊ သဘောအားဖြင့်။ ဧဝံ၊ ဤသို့။ ဝဒတိနာမ၊ ဆုံးမစကား မြွက်ကြားသံချို ပြောဆိုသည်မည်၏။ ကထံ ဝဒတိနာမ၊ အဘယ်သို့ဆုံးမစကား မြွက်ကြားသံချို ပြောဆိုသနည်း ဟူမူကား။

ဘော၊ ဇီဝိန်မပျက်၊ အသက်ရှည်သူ၊ အို-လူအပေါ်င်းတို့။ အာမကသုသာနေ၊ လူသေကောင်စိမ်းအတိုင်း၊ စွန့်ပစ်ရာသင်းချိုင်း၌။ ဆဋ္ဌိတံ၊ ပစ်စွန့်အပ်သော။ ဥဒ္ဓုမာတကာဒိ ဘာဝပ္ပတ္တံ၊ ဖူးဖူးပွယောင်သော၊ စက်ဆုပ်ဖွယ် လူသေကောင် စသော အဖြစ်သို့ ရောက်သော။ မံ၊ နံည့ုပုပ်ဟောင်၊ အသေကောင်ဖြစ်သော ငါ့ကို။ ပဿထ၊ သံဝေဂဉာဏ်၊ ဖြစ်ရန်အကြောင်း ကောင်းစွာပေါ်ထင် ဉာဏ်ဖြင့်မြင်အောင် ဆင်ခြင်ရှုကြည့်ပါကုန်လော့။ မရဏတော၊ သေခြင်းသဘောမှ။ အပရိမုတ္တတာယ၊ မကျွတ်မရှင်း မလွတ်ကင်း နိုင်သေးသည်၏ အဖြစ်ကြောင့်။ ဒေဒိသောဇာတော၊ ဤသို့ပုပ်ဟောင် ဖူးဖူးယောင်သော သူသေကောင်ဖြစ်ရခြင်းသည်။ အမို့၊ ဖြစ်ပါ၏။

တုမ္ဟေပိ၊ ဇီဝိန်မပျက်၊ အသက်ရှည်သူ လူသင်အပေါင်းတို့သည်လည်း။ မရဏတော၊ သေခြင်းသဘောမှ။ အပရိမုတ္တာဝ၊ မကျွတ်မရှင်း၊ မလွတ်ကင်းနိုင်ကြသေး သည်သာလျှင်တည်း။ ဟိ သစ္စံ၊ ငါ့စကားသည်၊ မမှားဧကန် မချွတ်မှန်၏။ မယ္ဟံ ယထေဝ၊ ငါအား မျက်မှောက်၊ သေဘေးကြီး ရောက်သကဲ့သို့။ ဧဝံတထာ၊ ထိုအတူ။ တုမ္ဟာကမ္ပိ၊ ဇီဝိန်မပျက် အသက်ရှည်သူ သင်လူအပေါင်းတို့အား လည်း။ မရဏံ၊ သေခြင်းသဘောသည်။ အာဂမိဿတိ၊ မထောက်မညှာ၊ အပေါက်ရှာ၍ ပေါ်ရောက်ဖြစ်လာလတ္တံ့။

ဣတိတသ္မာ၊ ထို့ကြောင့်။ တဿမရဏဿ၊ ထိုသေခြင်းသဘော၏။ ပုရေအာဂမနာဝ၊ မရောက်လာခင်၊ ကြိုဘင်အောစွာ၊ မသေမီ ရှေးအခါကသာလျှင်။ ကလ္လာဏံ၊ ပုညအစု၊ ကောင်းမှုကုသိုလ်ကို။ ကရောက၊ နှေ့ညမလပ် မပြတ်ကြိုးကုတ် အားထုတ်ပြုလုပ်ကြပါကုန်လော။ ဣတိ၊ ဤသို့။ ဝဒတိနာမ၊ ဆုံးမစကား မြွက်ကြားသံချို ဆိုသည်မည်၏။ တေန၊ ထို့ကြောင့်။ သေ ငသော မရဏသတ္တော။ ထိုသို့ ပုပ်ဟောင် ဖူးဖူးယောင်သော သတ္တဝါသူသေကောင်သည်။ ဒေဝဒူတောနာမ၊ နတ်ကမန်မည်သည်။ ဇာတော၊ ဖြစ်၏။ ဤကား အနက်။

ဤအဋ္ဌကထာပါဠိအနက်ကို နှုတ်တက်လေ့လာ ကောင်းစွာကျက်မှတ် ရွတ်ဖတ်သရဇ္ဈာယ်ကြပြီးလျှင် ဇာတိဒုက္ခ ဖောင်းကြွသူ ဟူဟူသဖျံပျိုသည် မရဏကျော့ကွင်း မလွတ်ကင်းသဖြင့်

သေရခြင်း၏နိုင်ငံသို့ အမှန်စိုက်စိုက် ဖြောင့်ဖြောင့်ကြီး လိုက်ကြရလိမ့်မည်ဟု အတည်ကျကျ မရဏာသတိကမ္မဋ္ဌာန်းကို စီးဖြန်းပွားများကြကုန်၍ မရဏဒုက္ခ ဘေးဘယမှ ထိတ်လန့်ခြင်း သံဝေဂဉာဏ်ကို အဖန်ဖန်ဖြစ်စေပြီးလျှင် ထိုမရဏဘေး မရောက်သေးခင် ကြိုတင်ဆောစ္ဓာ ရှေးအခါက ပုညအစု ကောင်းမှုကုသိုလ်တရားကို ကြိုးစား၍ အားထုတ်ကြပါကုန်။

ဤအရာ၌ ရုပ် နာမ် ခန္ဓာတို့၏ ပျက်စီးခြင်းသည် (မရဏ) မည်၏။ ထိုမရဏသည် ခဏိက မရဏ၊ သမ္မုတိမရဏ၊ သမုစ္ဆေဒ မရဏ ဟူ၍ ၃-ပါး အပြားရှိ၏။ ထိုသုံးပါးတို့တွင် ပဝတ္တိအခါ၌ ရုပ်နာမ်တရားတို့၏ ဘင်ခဏသို့ ရောက်သောအားဖြင့် ပျက်စီးခြင်းသည် (ခဏိကမရဏ) မည်၏။ တိဿသည် သေပြီ၊ ဖုဿသည် သေပြီဟု ဆိုအပ်သော စုတိသို့ရောက်သောအားဖြင့် ပျက်စီးခြင်းသည် (သမ္မုတိမရဏ) မည်၏။ ရဟန္တာပုဂ္ဂိုလ်၏ တဖန် ပဋိသန္ဓေ မနေခြင်း မရှိသောအားဖြင့် သေခြင်းသည် (သမုစ္ဆေဒမရဏ) မည်၏။ ထို ၃-ပါးသော မရဏတို့တွင် ဤမရဏအရာ၌ သမ္မုတိမရဏကိုသာ အလိုရှိအပ်၏။ ဇာတိပစ္စယ မရဏ၊ ဥပက္ကမမရဏ၊ သရဏမရဏ၊ အာယုက္ခယ မရဏ၊ ပုညက္ခယမရဏတို့သည်လည်း သမ္မုတိမရဏ ပင်တည်း။ ထိုတွင်–

(က) ဇာတိအကြောင်း မကင်းသောကြောင့် သေခြင်းသည် ဇာတိပစ္စယမရဏ မည်၏။

(၁) မိမိ၏ လုံ့လကြောင့် လည်းကောင်း။ သူတပါး၏ လုံ့လကြောင့် လည်းကောင်း သေခြင်းသည် ဥပက္ကမ မရဏမည်၏။

(၇) မိမိသဘောအတိုင်းအားဖြင့် သေခြင်းသည် သရဏ မရဏမည်၏။

(ဃ) အသက်တမ်းကုန်သဖြင့် သေခြင်းသည် အာယုက္ခယ မရဏ မည်၏။

(င) ကုသိုလ်ကံ၏ ကုန်သဖြင့် သေခြင်းသည် ပုညက္ခယ သေခြင်းမည်၏။

ဤကား ဝိဘင်းအဋ္ဌကထာ၌လာသော နည်းတည်း။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ကား မရဏသည် ရဟန္တာတို့၏ ဝဋ်ဆင်းရဲ ပြတ်ခြင်းဟု ဆိုအပ်သော သမုစ္ဆေဒမရဏ၊ သစ်ရွက်ကိုင်းတို့၏ ခဏဘင်ဟု ဆိုအပ်သော ခဏိကမရဏ၊ သစ်ပင်သေ၏ သံသေ၏ စသည်တို့၌ ဝေါဟာရမျှသာဖြစ်သော သမ္မုတိမရဏဟူ၍ ၃-ပါး အပြားရှိ၏။ ထို ၃-ပါးကို ဤမရဏာနုဿတိအရာ၌ အလိုမရှိအပ်ဟု ဆိုပြီး၍ မရဏာနုဿတိအရာ၌ အလိုရှိအပ်သော မရဏကိုကား ကာလ မရဏ၊ အကာလမရဏ ဟူ၍ နှစ်ပါး အပြားရှိ၏ဟု ပြဆိုတော်မူ၏။

ထိုတွင် သမုစ္ဆေဒမရဏသည် အလွန်နည်းပါး၏၊ မျှားစွာမဖြစ်၊ ခဏိက မရဏသည် မထင်ရှား၊ သမ္မုတိမရဏသည် သံဃဝဂဖြစ်ကြောင်း မဟုတ်။ ထို့ကြောင့် ထိုမရဏသုံးပါးကို မရဏာနုဿတိအရာ၌ အလိုမရှိအပ်ဟုတည်း။ ထို့ကြောင့် ဝိသုဒ္ဓိမဂ် မဟာဋီကာ၌–

နတံ ဣမေ အဓိပ္ပေတန္တိ တံ သမုဒ္ဆေဒ ခဏိက သမ္မုတိမရဏံ ဣမေမရဏာနုဿတိယံ နာဓိပ္ပေတံ၊ အဗဟဟုလ္လတော အနုပဒ္ဒဝဟနတော၊ အသံယဝဝတ္ထုတော စာတိ အဓိပ္ပေတော ဟူ၍ မိန့်ဆိုတော်မူအပ်၏။

နတံ ဣမေအဓိပ္ပေတန္တိ၊နတံ ဣမေအဓိပ္ပေတံဟူသည်ကား တံသမုဒ္ဆေဒ ခဏိကသမ္မုတိမရဏံ၊ ထိုသမုဒ္ဆေဒမရဏ ခဏိကံမရဏ သမ္မုတိမရဏကို။ ဣမေ မရဏာနုဿတိယံ၊ ဤမရဏာနုဿတိ အရာ၌။ နာဓိပ္ပေတံ၊ အလိုမရှိအပ်။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ အဗဟဟုလ္လတောစ၊ မထင်ရှားသည်၏ အဖြစ်ကြောင့်လည်းကောင်း။ အသံယဝဝတ္ထုတောစ၊ သံယဝဂဉာဏ်၏ အခြင်းမဟုတ်သောကြောင့် လည်းကောင်းတည်း။ ဣတိအယံ၊ ဤသည်ကား။ အဓိပ္ပာယော၊ အဓိပ္ပာယ်တည်း။ ဤကဲ့သို့-အနက်။

ဤဋီကာပါဠိ ဟိတ်သုံးရပ်ကို ယထာဂ္ဂမနည်းအားဖြင့် အစဉ်အတိုင်း ဟပ်၍ယူ။ (အဗဟဟုလ္လ ဝုတ္တိတော) ဟူသော ဟိတ်ကို သမုဒ္ဆေဒမရဏနှင့် (အနုပဒ္ဒဟနတော) ဟူသော ဟိတ်ကို ခဏိကမရဏနှင့် (အသံယဝဝတ္ထုတော) ဟူသောဟိတ်ကို သမ္မုတိမရဏနှင့် ဟပ်ရမည်ဟူလို။

ကာလမရဏ၊ အကာလမရဏနှစ်ပါးတို့တွင် ကာလမရဏသည် အသက်၏အစဉ်ကို ဖြစ်စေတတ်သော အာဟာရစေသောအကြောင်း၏ ပြည့်စုံခြင်းသည် ရှိသော်လည်း သင့်သက်ပဋိသန္ဓေကို ဖြစ်စေတတ်သော ကုသိုလ်ကံ၏ ပေးပြီးသောအကျိုးရှိသည်၏ အဖြစ်ကြောင့် ကုသိုလ်ကံ၏ ကုန်သဖြင့် သေခြင်းဟု ဆိုအပ်သော ပုညက္ခယမရဏ၊ နတ်တို့ကဲ့သို့ ဂတိသမ္ပတ္တိ။ ကမ္မာဉီးသူတို့ကဲ့သို့ ကာလသမ္ပတ္တိ။ မြောက်ကျန်းသူတို့ကဲ့သို့ အာဟာရသမ္ပတ္တိ စသည် မရှိသဖြင့် ယခုကာလလူတို့၏ကဲ့သို့ အနှစ်တရာမျှ အပိုင်းအခြားရှိသော အသက်တန်း၏ ကုန်သဖြင့် သေခြင်းဟုဆိုအပ်သော အာယုက္ခယမရဏ။ ကုသိုလ်ကံ သက်တန်းနှစ်ပါးတို့၏ ပြိုင်၍ ကုန်သဖြင့် သေခြင်းဟုဆိုအပ်သော ဥဘယက္ခယမရဏအားဖြင့် သုံးပါးအပြားရှိ၏။

ထိုသုံးပါးသော မရဏသည် သေထိုက်-သေသင့်-သေတန်သော ကာလ၌ သေသောကြောင့် (ကာလမရဏ) မည်၏။ ဒုသိမာရမင်း၊ ကလာဗုမင်း စသည်တို့ကဲ့သို့ တရောခြင်းအရာမှ ရွေ့လျောစေနိုင်သော ပစ္စုပ္ပန်ဘဝ၌ ပြုအပ်သော ဥပစ္ဆေဒကံသည် ဖြတ်အပ်ကုန်သော သတ္တဝါတို့၏လည်းကောင်း။ ရှေးဘဝ၌ ပြုအပ်ခဲ့သော အကုသိုလ်ကံ၏ အစွမ်းအားဖြင့် ခားလက်နက်ကိုဆောင်ခြင်း လုံ့လဥပက္ကမတို့ကြောင့် သေကုန်သော သတ္တဝါတို့၏လည်းကောင်း။ သေခြင်းသည် မသေသင့်-မသေထိုက်-မသေတန်သောကာလ၌ သေသောကြောင့် (အကာလမရဏ) မည်၏။ ဤကား-ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ လာသောနည်းတည်း။

ဤအဋ္ဌကထာစကား နည်းနှစ်ပါးတို့၌ပင် မရဏဒုက္ခအရာ၊ မရဏာနုဿတိကမ္မဋ္ဌာန်းအရာဖြစ်၍ အရာအား‌လျော်စွာ သုဂတိဖြစ်သော သမ္ပတ္တိဘဝ၏ အစွမ်းအားဖြင့် (ပုညက္ခယမရဏ) ဟု ဆိုတော်မူကြကုန်၏။ ဒုဂ္ဂတိဖြစ်သော ဝိပတ္တိဘဝ၌ အကုသိုလ်ကံကုန်၍ သေခြင်းလည်းရှိသောကြောင့် ဒုဂ္ဂတိဖြစ်သော ဝိပတ္တိဘဝ၏ အစွမ်းအားဖြင့်မူကား (ပါပက္ခယမရဏ) ဟု ဆိုသင့်၏။ အဘိဓမ္မတ္ထ သင်္ဂြိဟ်ကျမ်း၌ကား ပုညက္ခယ ပါပက္ခယနှစ်ပါးကိုပင် တပေါင်း

တည်း ပြုတော်မူ၍ သာမညနည်းအားဖြင့် "ကမ္မက္ခဲယ" ဟု ဆိုတော်မူ၏။ အထူးအားဖြင့် ကား ယင်း အဋ္ဌကထာစကား နည်းနှစ်ပါးတို့တွင် ဝိသုဒ္ဓိမဂ် အဋ္ဌကထာနည်း၌ သစ်ပင်၏ သေခြင်း၊ သံ-ပြဒါး စသည်တို့၏ သေခြင်းကို သမုတိမရဏဟု ဆို၍ ဝိဘင်းအဋ္ဌကထာ၌ ပြဆို အပ်သော သမုတိမရဏမျိုးကိုပင်၊ ကာလမရဏ၊ အကာလမရဏဟု ဆိုခြင်းမျှသာ ထူး၏။ အဋ္ဌကထာနှစ်ပါးတို့ ပြလိုရင်းမှာ မရဏဒုက္ခကို ဆင်ခြင်သုံးသပ်ရာ မရဏာနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းရာတို့၌ ရဟန္တာပုဂ္ဂိုလ်မှတပါး အခြားသော ပုဂ္ဂိုလ်တို့၏ တခုသောဘဝ၌ အကျုံးဝင်သော ဇီဝိတိန္ဒြေ၏ ပြတ်ခြင်းတည်းဟူသော မရဏကိုသာ အလိုရှိအပ်၏ ဟု ပြလိုရင်းဖြစ်သည်။ ထို့ကြောင့် အဋ္ဌကထာနှစ်ပါး စကားရပ်တို့သည် အဓိပ္ပာယ်အားဖြင့် မကွဲမပြား တသားတည်း ညီညွတ်ကြကုန်၏။

ထိုသို့ ပြဆိုအပ်ခဲ့သော တခုသော ဘဝ၌ အကျုံးဝင်သော ဇီဝိတိန္ဒြေ၏ ပြတ်ခြင်းတည်းဟူသော မရဏသည် မုချအားဖြင့် ဒုက္ခမဟုတ်၊ ကာယိကဒုက္ခ စေတသိကဒုက္ခ နှစ်ပါးတို့၏ ဖြစ်ကြောင်း ဖြစ်သောကြောင့် ဖလူပစာရ အားဖြင့် ဒုက္ခမည်၏။ ထို့ကြောင့် ဝိဘင်း အဋ္ဌကထာ၌–

> မရဏန္တိကာ ဟိ သာရီရိကာ ဝေဒနာပဋိဝါတေ ဂဟိတာ အာဒိတ္တ တိဏုက္ကာဝိယ သရီရံ နိဒဟန္တီ၊ နရကနိမိတ္တာဒီနံ ဥပဋ္ဌဟကာလေယေဝ ဒေါမနဿံ ဥပ္ပဇ္ဇတိ၊ ဣတိ ဣမေသံ ဒ္ဝိန္နမ္ပိ ဒုက္ခာနံ ဝတ္ထုဘာဝေန ဒုက္ခန္တိ ဝေဒိတဗ္ဗံ-ဟူ၍ မိန့်ဆိုတော်မူအပ်၏။

ဟိ သစ်၊ မှန်၏။ မရဏန္တိကာ၊ သေခြင်း၏ အနီး၌ ဖြစ်ကုန်သော။ ဝေဒနာ၊ ဒုက္ခဝေဒနာတို့သည်။ ပဋိဝါတေ၊ လေတင်လေညာ၌။ ဂဟိတာ၊ ကိုင်ယူအပ်ကုန်သော။ အာဒိတ္တ တိဏုက္ကာဝိယ၊ တောက်ပသော မြက်မီးရှူးကဲ့သို့။ သရီရံ၊ ကိုယ်ကို။ နိဒဟန္တိ၊ ပြင်းစွာ လောင်ကုန်၏။ နရကနိမိတ္တာဒီနံ၊ ငရဲနိမိတ် စသည်တို့၏။ ဥပဋ္ဌဟကာလေ၊ ထင်သောကာလ၌။ ဇလဝေါမနဿံ၊ အားကြီးစွာသော စေတသိကဒုက္ခ၊ ဒေါမနဿ ဝေဒနာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဒ္ဝိန္နမ္ပိ၊ နှစ်ပါးလည်း ဖြစ်ကုန်သော။ ဣမေသံ ဒုက္ခာနံ၊ ဤကာယိကဒုက္ခ၊ စေတသိကဒုက္ခတို့၏။ ဝတ္ထုဘာဝေန၊ အကြောင်း၏ အဖြစ်ကြောင့်။ မရဏံ၊ မရဏာသည်။ ဒုက္ခံ၊ ဒုက္ခမည်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ဤကား အနက်။

ထိုမှတပါးလည်း ဝိဘင်း အဋ္ဌကထာ စသည်တို့၌လာသော မရဏဒုက္ခကို ပြသော ဂါထာတို့ကို ထုတ်ဆို ရေးသားလိုက်ပေဦးအံ့၊ အရအမိ နှုတ်တက်ရရှိအောင် ထုတ်ဆောင်မှတ်သားကြပါကုန်။

(က) ပါပဿ ပါပကမ္မာဒိ၊ နိမိတ္တ မနုပဿတော။
ဘဒ္ဒဿော ပဿဟန္တဿ၊ ဝိယောဂံ ပိယ ဝတ္ထုကံ။

(ခ) မိယ မာနဿယံ ဒုက္ခံ၊ မာနသံ အဝိသေသတော။
သဗ္ဗေ့သဉ္ဉာပိယံ သန္ဒိ၊ ဗန္ဓနစ္ဆေဒနာဒိကံ။

(၈) ဝိဘူဇမာန ဓမ္မာနံ၊ ဟောတိ ဒုက္ခံ သရီရဇံ။
အသယ္ဟ မပ္ပဋိကာရံ၊ ဒုက္ခဿေ တသိဒံ ယတော၁။
မရဏံ ဝတ္ထုတေနေတံ၊ ဒုက္ခမိစ္စေဝ ဘာသိတံ။

ပါပကမ္မာဒိ နိမိတ္တံ၊ အကုသိုလ်ကံ စသော အာရုံကို။ အနုပဿတော၁၊ ထင်မြင်ရသော။ ပါပဿ၊ မကောင်းမှု အကုသိုလ်ကံရှိသော။ မိယမာနဿ၊ သေရတော့မည် ဖြစ်သော သတ္တဝါအား။ မာနသံ၊ စိတ်၌ဖြစ်သော။ ယံ ဒုက္ခံ၊ အကြင်ဆင်းရဲသည်။ ဟောတိ၊ ဖြစ်၏။ ပိယဝတ္ထုကံ၊ ချစ်လှစွာသော သား သမီး စသော ဝတ္ထုကို။ ဝါ၊ ပိယဝတ္ထုကံ ပိယဝတ္ထုတော၁၊ ချစ်လှစွာသော သား သမီး စသော ဝတ္ထုမှ။ ဝိယောဂံ၊ ကွေကွင်းရမည်ကို။ ဥပသဟန္တဿ၊ သည်းမခံနိုင်သော။ ဘဒ္ဒဿ၊ ကောင်းမှုကုသိုလ်ကံရှိသော။ မိယမာနဿ၊ သေရတော့မည်ဖြစ်သော သတ္တဝါအား။ မာနသံ၊ စိတ်၌ဖြစ်သော။ ယံ ဒုက္ခံ၊ အကြင်ဆင်းရဲသည်။ ဟောတိ၊ ဖြစ်၏။ အဝိသေသတော၁၊ သာမညအားဖြင့်။ ဝိဘူဇမာနမ္မာနံ၊ နာကြင်သော သဘောရှိကုန်သော။ သဗ္ဗသတ္တာပိ၊ အလုံးစုံသော သူယုတ်မာ၊ သူတော်ကောင်းတို့ အားလည်း။ သန္ဓိဗန္ဓနစ္ဆေဒနာဒိကံ၊ လက်ခြေစသော အစပ်တို့၏ အဖွဲ့တို့ကို ဖြတ်ခြင်းလျင်အကြောင်းရင်းရှိသော။ အသယ္ဟံ၊ သည်းမခံနိုင်သော။ အပ္ပဋိကာရံ၊ တစုံတယောက်သောသူသည် မကုစားနိုင်သော။ ယံ ဒုက္ခံ၊ အကြင်ဆင်းရဲသည်။ ဟောတိ၊ ဖြစ်၏။ ဣဒံ မရဏံ၊ ဤသေခြင်းသည်။ တေသဲ ဒုက္ခဿ၊ ထိုကာယိကဒုက္ခ၊ စေတသိကဒုက္ခ နှစ်ပါး၏။ ဝတ္ထု၊ ဒေကြောင်းဆည်။ ယတော ယသ္မာ၊ အကြင့်ကြောင့်။ ဟောတိ၊ ဖြစ်၏။ ကေန တသ္မာ၊ ထို့ကြောင့်။ တံ မရဏံ၊ ထိုမရဏကို။ ဒုက္ခမိစ္စေဝ ဒုက္ခံ ဣတိ ဧဝ၊ ဒုက္ခဟူ၍သာလျှင်။ ဘဂဝတာ၊ မြတ်စွာဘုရားသခင်သည်။ ဘာသိတံ၊ ဟောတော်မူအပ်၏။ ဤကား အနက်။

ဤဂါထာပါဠိ စကားရပ်ဖြင့် ပြအပ်သော မရဏဒုက္ခသည် မုချကောန် ရောက်လာမည့်မှန်သောကြောင့် ထိုမရဏဒုက္ခ ဘေးဘယမှ၊ ကြောက်ရွံ့ထိတ်လန့်ခြင်း သံဝေဂဉာဏ်ကို အဖန်ဖန်ဖြစ်စေကြပြီးလျှင် ထိုမရဏဒုက္ခ ဘေးဘယကြီး မဖိစီး မတိုက်ဖျက် မနှိပ်စက်သေးခင် ကြိုတင်၍သာလျှင် မရဏတည်းဟူသော သေရခြင်းဘေးမှ လွတ်ရာလွတ်ကြောင်း ကောင်းမြတ်သော ကုသိုလ်တရားကို ကြိုးစားအားထုတ် ပြုလုပ်ကြပါကုန်။ ဤသည်ကား ပဌမ ဒေဝဒူတ သံဝေဇနီယဌာန မှတ်သားပွယ်တည်း။

အတ္ထတော ဧဝံ ဝဒတိနာမ ဝါစာယ ဝဒန္တော်ပိ အတ္ထာပတ္တိတော ဧဝံ ဝဒန္တော ဝိယ ဟောတိ၊ ဝိညူနှိ အတ္ထတော-ဟူသော အဂုတ္တိရိဋီကာပါဌ်နှင့်အညီ ပြဆိုအပ်ခဲ့ပြီးသော သူငယ်-သူအို-သူနာ ၃၂-ပါးသော ကံကြမ္မာ၊ သူသေဟု ဆိုအပ်ကုန်သော ငါးဦးသော နတ်တမန်တို့သည် "တသာ ပုရေ အနာဂမနာဝ ကလျာဏံ ကရောထ" ဟု ဝဇိဘေဒမြွက်ဟသံချို ပြောဆိုတိုက်တွန်းကြကုန်သော်လည်း အတ္ထာပန္နနည်းအားဖြင့် ပြုက်ကြားကြေးကြေ ဦးဆော်တိုက်တွန်းသကဲ့သို့ ဖြစ်ပါကုန်လျက်၊ ငါးပါးအာရုံ တာမဂုဏ်တို့၌ မေ့ကြကုန်သောသူတို့သည် ဇကန်မုချ အပါယ်သို့သာ ရောက်ကြရကုန်၏။ ထိုကုလဓရာဒိ မပေ့မလျော့ ပပေါ့မတန် အဖန်ဖန်ကြိုးကုတ်၍ အားထုတ်ကြကုန်သောသူတို့သည်ကား ဇာတိဒုက္ခ

စသည် ရုပ်သိမ်း ချုပ်ငြိမ်းပပျောက်၍ နိဗ္ဗာန်သို့ ရောက်ကြရကုန်၏။ ထို့ကြောင့် ဒေဝဒူတသုတ် ပါဠိတော်၌-

၁။ စောဒိတာ ဒေဝဒူတေဟိ၊ ယေ ပမဇ္ဇန္တိ မာဏဝါ။
တေ ဒီဃရတ္တံ သောစန္တိ၊ ဟိနကာယူမဂါနရာ။

၂။ ယေ စ ခေါ ဒေဝဒူတေဟိ၊ သန္တော သပ္ပုရိသာ ဣဓ။
စောဒိတာ နပ္ပမဇ္ဇန္တိ၊ အရိယ ဓမ္မေ ကုဒါစနံ။

၃။ ဥပါဒါနေ ဘယံ ဒိသ္ဝာ၊ ဇာတိ မရဏ သမ္ဘဝေ။
အနုပ္ပါဒါ ဝိမုစ္စန္တိ၊ ဇာတိမရဏသင်္ခယေ။

၄။ တေ အပ္ပမတ္တာ သုခိနော၊ ဒိဋ္ဌဓမ္မာတိ နိဗ္ဗုတာ။
သပ္ပဝေရ ဘယာတီတာ၊ သဗ္ဗ ဒုက္ခံ ဥပစ္စရုံ ဟူ၍ ဟောတော်မူအပ်၏။

ဒေဝဒူတေဟိ၊ သေမင်းစေခံ နတ်တမန်တို့သည်။ စောဒိတာ၊ တိုက်တွန်းနှိုးဆော်အပ်ကုန်လျက်။ နရာ၊မိမိကံသည် ဆောင်ယူအပ်ကုန်သော။ ဝါ၊ လူမည်ကုန်သော။ ယေမာဏဝါ၊ အကြင်သတ္တဝါတို့သည်။ အရိယဓမ္မေ-အရိယဓမ္မေသု၊ မြတ်သော ကုသိုလ်တရားတို့၌။ ပမဇ္ဇန္တိ၊ မေ့လျော့ပေါ့တန်ကြကုန်၏။ တေ မာနဝါ၊ ထိုသတ္တဝါတို့သည်။ ဟီနကယံဝ၊ ယုတ်ညံ့သော အတ္တဘောရှိရာ အပါယ်ရွာသို့။ ဥပဂါ၊ ရောက်ကြရကုန်သည်ဖြစ်၍။ ဒီဃရတ္တံ၊ ရှည်ကြာလေးမြင့် နေ့ည၌တို့ကာလပတ်လုံး။ သောစန္တိ၊စိုးရိမ်ကြရကုန်၏။ ဣဓ၊ ဤလောက၌။ ဒေဝဒူတေဟိ၊ သေမင်းစေခံ နတ်တမန်တို့သည်။ စောဒိတာ၊ တိုက်တွန်းအပ်သော။ သဒ္ဓါ၊ ကိလေသာကို ငြိမ်းစေတတ်သော ပညာရှိကုန်သော။ ယေသပ္ပုရိသာ၊ အကြင်သူတော်ကောင်းတို့သည်။ အရိယဓမ္မေသု၊ မြတ်သောကုသိုလ်တရားတို့၌။ ကုဒါစနံ၊ တခါတရံ၊ နပမဇ္ဇန္တိ၊ မမေ့မလျော့ မပေါ့လစ်ကြကုန်။ တေ သပ္ပုရိသာ၊ ထိုသူတော်ကောင်းတို့သည်။ ဇာတိ မရဏ-သမ္ဘဝေ၊ ဇာတိ မရဏတို့၏ အကြောင်းဖြစ်ကုန်သော။ ဥပါဒါနေ၊ ဥပါဒါန်တရားတို့ကို။ ဘယံ-ဘယံ ဣတိ၊ ဘေးဟူ၍။ ဝါ၊ ဘယံ-ဘယံတော၊ ဘေးအားဖြင့်။ ဒိသ္ဝာ၊ ရှုမြင်ကုန်၍။ ဇာတိ မရဏ သင်္ခါရေ၊ ဇာတိ မရဏတို့၏ ကုန်ရာဖြစ်သော နိဗ္ဗာန်၌။ အနုပ္ပါ နုပ္ပါဒါယ၊ ဥပါဒါန်ကင်းကုန်သည်ဖြစ်၍။ ဝိမုစ္စန္တိ၊ ကိလေသာတို့မှ ကင်းလွတ်ကြကုန်၏။ အပ္ပမတ္တာ၊ ကုသိုလ်တရားတို့၌ မမေ့မလျော့ မပေါ့လစ်ကြကုန်သော။ တေ၊ ထိုပညာရှိ သူတော်ကောင်းတို့သည်။ သုခိနော၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြကုန်သည်ဖြစ်၍။ ဒိဋ္ဌဓမ္မာတိ နိဗ္ဗုတာ၊ မျက်မှောက်သောဘဝ ပစ္စက္ခဋ္ဌပင် ကိလေသာတို့မှ ငြိမ်းအေးရကုန်သည်ဖြစ်၍။ သပ္ပဝေရ-ဘယာတီတာ၊ အလုံးစုံသော ရန်ဘေးတို့မှ ကင်းဝေးလွန်မြောက်ကြရကုန်သည်ဖြစ်၍။ သဗ္ဗ-ဒုက္ခံ၊ အလုံးစုံသော လံသရာဝင်္ဆဒုက္ခကို။ ဥပစ္စရုံ၊ လွန်မြောက်ကြရကုန်၏။ ဤကား အနက်။

ဤသို့ ပဂ္ဂလာဓိဋ္ဌာန်အားဖြင့် ဟောတော်မူအပ်ကုန်သော ဒေသနာတော်မြတ် ဂါထာပါဠိတို့ဖြင့် ပမာဒတရား၏ အပါယ်သို့ ရောက်ရခြင်းတည်းဟူသော အနိဋ္ဌဖလ၊ ဒုက္ခဝိပါက ဖြစ်သော မကောင်းကျိုးကိုသာ ပေးတတ်သည်၏ အဖြစ်ကိုလည်းကောင်း။ အပ္ပမာဒတရား၏

နိဗ္ဗာန်တိုင်အောင် ရောက်ခြင်းတည်းဟူသော ကုဋ္ဌဖလ၊ သုခဝိပါကဖြစ်သော ကောင်းကျိုးကိုသာ ပေးဘတ်သည်၏ အစွမ်းအားဖြင့်လည်းကောင်း၊ ပိုင်းခြားထင်ထင် သိမြင်ကြသဖြင့် ကုဋ္ဌဖလ၊ သုခဝိပါက ဖြစ်သော ကောင်းကျိုးကိုသာ အလိုရှိကုန်သော အမျိုးကောင်းသား-သမီးတို့သည် ''အပ္ပမာဒေန ဘိက္ခဝေ သမ္မာဒေထ'' ဟူသော ဒေသနာနှင့်အညီ ပမာဒတရားကို ပယ်ရှားစွန့်ခွါ၍ အပ္ပမာဒတရားနှင့် ပြည့်စုံစေခြင်းငှာ မျှားစွာကြိုးကုတ် အားထုတ်ကြပါကုန်။

ဒေဝဒူတအရာ၌ အထူးမှတ်သားရန်

တမေနံ ဘိက္ခဝေ နိရယပါလာ နာနာဗာဟာသု ဂဟေတွာ ယမဿရညော ဒဿေန္တိ၊ အယံ ဒေဝ ပုရိသ အမတ္တောယော အပတ္တောယော အဿာမညော အဗြဟ္မညော နကုသလေ ဇေဋ္ဌေ အပစာယိ၊ ဣမဿ ဒေဝဒဏ္ဍ မုပနေတူတိ၊ တိကအင်္ဂုတ္တိရ် ဒေဝဒူတသုတ် ပါဠိတော်။

ဘိက္ခဝေ၊ ရဟန်းတို့။ တမေနံ၊ ဒုစရိုက်ကံပစ်ချ၍ ငရဲသို့ရောက်စဖြစ်သောသူကို။ နိရယပါလာ၊ ငရဲထိန်းတို့သည်။ နာနာ၊ အသီးသီး။ ဝါ၊ တယောက်တဘက်စီ။ ဗာဟာသု၊ လက်မောင်းတို့၌။ ဂဟေတွာ၊ ဆွဲကိုင်ကုန်၍။ ဒေဝ၊ အရှင်မင်းမြတ်။ အယံ ပုရိသော။ ဤယောကျ်ားသည်။ အမတ္တောယျော၊ အမိ၌ ကောင်းစွာမကျင့်ပါ။ အပေတ္တောယျော၊ အဖ၌ ကောင်းစွာ မကျင့်ပါ။ အာသမညော၊ ရတနာတော်တို့၌ ကောင်းစွာမကျင့်ပါ။ အဗြဟ္မညော၊ ရဟန္တာတို့၌ ကောင်းစွာမကျင့်ပါ။ ကုသလေ၊ အမျိုးခွဲ။ ဇေဋ္ဌေ၊ ကြီးကုန်သော သူတို့ကို။ န ပစာယိ၊ ရိုသေကိုင်းညွတ်ခြင်းကို မပြုပါ။ ဒေဝ၊ အရှင်မင်းမြတ်။ ဣမဿ ပုရိသဿ၊ ဤယောကျ်ားအား။ ဒဏ္ဍံ၊ ပြင်းပြလေးလံ ထိုက်သောဒဏ်ကို။ ဥပနေတု၊ ပေးတော်မူပါလော့။ ဣတိ၊ ဤသို့။ ယမဿရညော၊ ငရဲသနင်း ယမမင်းကြီးအား။ ဒဿေန္တိ၊ ခေါ်ယူဆော်သွင်း အပဲနှင်းပြကုန်၏။ ဤကား အနက်။

ဒုစရိုက်ညစ်ကျုံ့ မကောင်းမှုကံအတွက်ကြောင့် ဥဿဒစ်ငရဲ၏ အနှီးအပါးခွဲ ဥပပတ်ပဋိသန္ဓေနေသောအားဖြင့် ငရဲသို့ရောက်သွားစ ဖြစ်သောသူကို ငရဲထိန်းတို့သည် လက်မောင်းကို ကိုင်ဖမ်း၍ အကြမ်းဆောင်ယူကုန်လျက် ယမမင်းထံ အမြန်ဆက်သွင်း အပ်နှင်းပြသကြကုန်၏ ဟူသော အဓိပ္ပာယ်။

ငရဲတိရစ္ဆာန် ပြေတ [၀မ္ဘဒါန]

ဤကထာဝတ္ထုပါဠိတော်ဖြင့် လူ့ပြည်၌ လက်မရှုံ့ အာဏာသားတို့သည် ရှိကုန်၏သို့ ငရဲပြည်၌လည်း ငရဲထိန်းတို့ ရှိကြကုန်၏ဟူ၍သာ မှတ်ယူအပ်၏၊ ထို့ကြောင့် အဂုံတို့ရှင် အဋ္ဌကထာ၌ (ယထာ ဟိ မနုဿ လောကေ ကမ္မကာရဏကာရကာ အတ္ထိ၊ ဧဝ မေဝ နိရယေ နိရယပါလာ အတ္ထိ)ဟူ၍ ဆိုတော်မူ၏။

မနုဿ လောကေ၊ လူ့ပြည်၌။ ကမ္မကာရဏကာရကာ၊ ၃၂-ဖြာ ကံကြမ္မာအမှုကိုပြုလုပ်ကြကုန်သော လက်မရှုံအာဏာသားတို့သည်။ အတ္ထိယထာ၊ ရှိကုန်သကဲ့သို့။ ဧဝ မေဝ၊ ဤအတူသာလျှင်။ နိရယေ၊ ငရဲပြည်၌။ နိရယပါလာ၊ ငရဲထိန်းတို့သည်။ အတ္ထိ-သန္တိ၊ ရှိကုန်၏။ ဤကား-အနက်။

ဤအဋ္ဌကထာပါဠိဖြင့် ဤလူ့ပြည်၌ တရားပိုင်မင်းသည် ရှိ၏ကဲ့သို့ ငရဲပြည်၌ ယမမင်းရှိ၏ဟု သိအပ်သောအနက်သည်လည်း အဝိနာဘာဝနည်းအားဖြင့် တချက်တည်း ပြီးတော့သည်။

ထိုတွင် ငရဲထိန်း နိရယပါလတို့သည် အမျိုးအားဖြင့် ငရဲသူ သတ္တဝါမျိုး မဟုတ်ကုန်။ ဘီလူး ရက္ခိုဿ်မျိုးဖြစ်ကုန်၏။ ထို့ကြောင့် တိကအဂုံတို့ရှင်ဋီကာ၌—

> နေရယိကာ နိရယပါလာ၊ အနိရယဂတိ သံဝတ္တနိယ ကမ္မနိဗ္ဗတ္တိတော၁ နိရယူပပတ္တိသံဝတ္တနိက ကမ္မတောတိ အညေနေဝ ကမ္မုနာ တေ နိဗ္ဗတ္တန္တိရက္ခသဇာတိကတ္တာ ဟူ၍ ဖွင့်ဆိုတော်မူ၏။

နိရယပါလာ၊ ငရဲထိန်းတို့သည်။ နနေရယိကာ၊ ငရဲသူ သတ္တဝါမျိုးတို့ မဟုတ်ကုန်။ ကသ္မာ၊ အဘယ့်ကြောင့်နည်းမူဟူကား။ အနိရယဂတိသံဝတ္တနိယ ကမ္မနိဗ္ဗတ္တိတော၊ နိရယဂတိကို ဖြစ်စေတတ်သောကံကြောင့် မဖြစ်ကုန်သောကြောင့်တည်း။ ဟိသဒ္ဒံ၊ မှန်၏။ နိရယူပပတ္တိ သံဝတ္တနိယ ကမ္မတော၊ငရဲပဋိသန္ဓေကို ဖြစ်စေတတ်သော ကံမှ။ အညေနေဝကမ္မုနာ၊ တပါးသော ကံကြောင့်သာလျှင်။ တေ၊ ထိုငရဲထိန်းတို့သည်။ နိဗ္ဗတ္တန္တိ၊ ဖြစ်ကုန်၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ ရက္ခသဇာတိကတ္တာ၊ ဘီလူး ရက္ခိုဿ်မျိုးတို့ ဖြစ်သောကြောင့်တည်း။ ဤကား—အနက်။

ကဲထာဝတ္ထု နိရယပါလအဖွင့် ဋီကာ၌လည်း နည်းတူပင်။ (နိဗ္ဗတ္တ်ဇေတာ) ဟူသော ပါဌ်၌ (နိဗ္ဗတ္တာ)ဟု ပါဌ်ရှိခြင်းမျှသာ ထူးတော့၏။

ဤဋီကာ စကားရပ်တွင် (အညေနေဝကမ္မုနာ)ဟူသော ပါဌ်အရ ထိုငရဲထိန်းတို့၏ ပဋိသန္ဓေကို ဖြစ်စေတတ်သော ကံကို အကုသိုလ်ကံနှင့် ရောသော ဒွိတိတ်-တိဟိတ် ဖြစ်သော မိဿက ကုသိုလ်ကံဟု မှတ်။ ထိုငရဲထိန်းတို့၏ ပဋိသန္ဓေကို လူတို့၏ ပဋိသန္ဓေကဲ့သို့ သုဂတိအဟိတ်၊ ဒွိဟိတ်၊ တိဟိတ် ပဋိသန္ဓေဟု မှတ်။

ထိုငရဲထိန်းတို့သည် မီးတောက်မီးလျှံ တရုံမစဲ အမြဲတောက်လောင်သော သံမြေပူအပြင်၌ အစဉ်မပြတ် လှည့်ပတ်သွားလာ၍နေကြပါကုန်လျက် ကံ၏ အာနုဘော်ကြောင့် ပူလောင်ခြင်းဒုက္ခကို မခံစားကြရကုန်။ ထိုသို့ မခံစားရခြင်းကို ကမ္မဝိပါက၏ အစိန္တိယသဘောဟု မှတ်ယူအပ်၏။

ဥပမာအားဖြင့်ကား ငရဲသူသတ္တဝါတို့ကို သနားကြင်ကုန်၍ ငရဲသံပူမြေသို့ အရောက်ချဉ်းကပ်ကုန်သော ကြွဒ္ဓိမန္တစေတောဝသိပတ္တာ ဖြစ်ကုန်သော အရှင်မဟာမောဂ္ဂလာန် စသော ရဟန္တာမထေရ်တို့ကိုကြွဒ္ဓိ အာနုဘော်ကြောင့် ငရဲမီးမလောင်နိုင်ခြင်းကို ကြွဒ္ဓိဝိသယ၏ အစိန္တိယ္ပသဘောတူ မှတ်ယူအပ်သကဲ့သို့ဘည်း။

ထိုဘီလူး ရက္ခိုဿ်မျိုးဖြစ်ကုန်သော ငရဲထိန်းတို့သည် ငရဲသူသတ္တဝါမျိုး မဟုတ်ပါကုန်ပဲလျက် အာဘယ်ကြောင့် ငရဲဘုံ၌ ပဋိသန္ဓေတည်နေခြင်းဖြစ် ပေါ်ကြရကုန်သနည်း ဟူမူကား ထိုငရဲထိန်းတို့သည် ငရဲသားတို့ကို သတ်ဖြတ်ညှဉ်းဆဲလိုသော သဘောဆန္ဒ နိကန္တိရှိကြသော ကြောင့် ငရဲသူသတ္တဝါတို့ကို သတ်ဖြတ်ညှဉ်းဆဲနိုင်လောက်သော အတ္တဘောကို ဖြစ်စေတတ်သော ကုသိုလ်ကံသည် နိကန္တိ အားလျော်စွာ ငရဲဘုံ၌သာလျှင် ဖြစ်စေ၏။ ထို့ကြောင့် ငရဲထိန်းတို့သည် ငရဲဘုံ၌ ပဋိသန္ဓေတည်နေဖြစ်ပေါ်ကြရကုန်၏ဟု မှတ်။ ထို့ကြောင့် တိကအဂ်ုတ္တိရ်ပါဠိတော်၌-

ယံ ပန ဝဒန္တိ အနေရယိကာနံ တေသံ ကထံ ကတ္ထ သမ္ဘဝေါတိ၊ နေရယိကာနံ ဃာတကာဘာဝတော၊ နေရယိက သတ္တဃာတနာ ယောဂ်ဟိ အတ္တဘာဝံ နိဗ္ဗတ္တေန္တိ ကံမံ တာဒိသံ နိကန္တိ ဗလဝနိမိတ္တံ နိရယဌာနေ ဧဝ နိဗ္ဗတ္တေတိ၊ တေဟိ နေရယိကေဟိ အဓိကတရ ဗလာရောဟ ပရိဏာဟာ အတိဝိယ ဘယာနက ဒဿနာ ကုရုရတ ရပွဒယာဂါစ ဟောန္တိ) ဟူ၍ မိန့်ဆိုတော်မူအပ်၏။

အနေရယိကာနံ၊ ငရဲသူသတ္တဝါ မဟုတ်ကုန်သော။ တေသံ၊ ထိုငရဲထိန်း ဘီလူး ရက္ခိုဿ်တို့၏။ တတ္ထ၊ ထိုငရဲဘုံ၌။ သမ္ဘဝေါ၊ ဖြစ်ခြင်းသည်။ ကထံ ဟောတိ၊ အာဘယ်ကဲ့သို့ဖြစ်ပါသနည်း။ ဣတိ၊ ဤသို့။ ယံပနဝစနံ၊ အကြင်စောဒနာစကားကို။ ဝဒန္တိ၊ ဆိုကြကုန်၏။ နေရယိကာနံ၊ ငရဲသူသတ္တဝါတို့ကို။ ဃာတကဘာဝတော၊ သတ်ဖြတ်ညှဉ်းဆဲလိုသောသဘောဆန္ဒ၊ နိကန္တိရှိသောကြောင့်။ တေသံ၊ ထိုငရဲထိန်း ဘီလူး ရက္ခိုဿ်တို့၏။ တတ္ထ၊ ထိုငရဲဘုံ၌။ သမ္ဘဝေါ၊ ဖြစ်ရခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဟိ-ဝိတ္ထာရေမိ၊ ချဲ့ဦးအံ့။ နေရယိက သတ္တဃာတနာ ယောဂ်ဟိ၊ ငရဲသူသတ္တဝါတို့ကို သတ်ဖြတ်ညှဉ်းဆဲနိုင်လောက်သော။ အတ္တ-ဘာဝံ၊ အတ္တဘောကို။ နိဗ္ဗတ္တေန္တိ၊ ဖြစ်စေနိုင်သော။ ကမ္မံ၊ ကုသိုလ်ကံသည်။ တာဒိသံ နိကန္တိဗလဝနိမိတ္တံ၊ ထိုသို့-သတ်ဖြတ်ညှဉ်းဆဲလိုသော နိကန္တိဟူသော ကြီးစွာသောအကြောင်းရှိသည်ဖြစ်၍။ ဝါ၊ တာဒိသနိကန္တိ ဗလဝနိမိတ္တံ-တာဒိသနိကန္တိဗလဝနိမိတ္တတ္တာ၊ ထိုသို့-သတ်ဖြတ်ညှဉ်းဆဲလိုသော နိကန္တိဟူသော အကြောင်းရှိသောကြောင့်။ နိရယဌာနေ ဧဝ၊ ငရဲဘုံ၌သာလျှင်။ နိဗ္ဗတ္တေတိ၊ ဖြစ်စေ၏။ ဟိသစ္စံ၊ မှန်၏။ တေ၊ ထိုငရဲထိန်း ဘီလူး ရက္ခိုဿ်တို့သည်။ နေရယိကေဟိ၊ ငရဲသတ္တဝါတို့ထက်။ အဓိကတရဗလာရောဟ ပရိဏာဟာဝ၊ လွန်ကဲသောအားလွန်ကဲသောကိုယ်လုံး ကိုယ်ရပ်ရှိသည်လည်းကောင်း။ အတိဝိယဘယာ နကဒဿနာဧ၊ အလွန်ကြောက်မက်ဖွယ်ကောင်းသော အဆင်းရှိသည် လည်းကောင်း။ ကုရုရတရပ္ပယောဂါစ၊ ကြမ်းတမ်းလှစွာသော ပယောဂရှိသည်လည်းကောင်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဤကားအနက်။

အနုဋ္ဌီကာဒ္ဒ်လည်း နည်းတူပင်၊ ဤဋီကာပါဌ်တွင် (တာဒိသနိကန္တိဗလဝနိမိတ္တံ)ဟု ရှိရာ၌၊ (တာဒိသနိကန္တိဝိနာမိတံ)ဟု ရှိခြင်းမျှသာထူးတော့သည်။ ထိုပုဒ်ကို (ထိုသို့ သတ်ဖြတ်

ညှဉ်းဆဲလိုသော နိကန္တိသည်ညှတ်စေအပ်သည် ဖြစ်၏။ ဝါ၊ ညှတ်စေအပ်သောကြောင့်)ဟု အနက်ပေး၊ တနည်း (ညှတ်စေအပ်သော)ဟု ဝိသေသန အနက်ပေး၍ (ကမ္မံ) ဟူသော ပုဒ်၌စပ်။ ဤပုဒ်သည် ဟေတုမန္တ ဝိသေသနတည်း။ အဂုံတို့၏ ဋီကာ၌ ရှိသောပါဌ်ကိုလည်း ဤနည်းအတိုင်းမှတ်။

ငရဲဘုံ၌ ငရဲသားတို့ကို နှိပ်စက်ညှဉ်းဆဲကြကုန်သော ကျီး-ခွေး-လင်းတ စသည်တို့ကို လည်း ထိုငရဲထိန်းတို့အတူ ဘိလူး ရက္ခိုဿ်မျိုးတို့သည်ဖြစ်ကုန်၏ဟု မှတ်ယူအပ်ကုန်၏။ ဤသည်ကား ယခင်ပြဆိုအပ်ခဲ့ပြီးသော ဒေဝဒူတသုတ် ပါဠိတော်၌ (နိရယပါလ) ဟူသော ပုဒ်၌ မှတ်သားဖွယ်တည်း။

ယမဿ ရညော ဟူသောပုဒ်၌ မှတ်သားရန်ကား။ ယမမင်းဟူသည် ငရဲသူသတ္တဝါ မျိုးမဟုတ်၊ ဝေမာနိက ပြိတ္တာမျိုးသာဖြစ်သတည်း။ ထိုယမမင်းသည် တရံတခါ နတ်စည်း စိမ်ကို ခံစား၍ တရံတခါ မကောင်းမှု အကုသိုလ်ကျိုးကို ခံစားရသော တရားကိုစောင့် သောမင်းတည်း။ ထို့ကြောင့် အဂုံထို့၏ အဋ္ဌကထာ၌။

ယမဿရညောတိ၊ ယမရာဇာနာမ ဝေမာနိက ပေတရာဇာ၊ ကေသို်ကာလေ ဒိဗ္ဗ ဝိမာနေ ဒိဗ္ဗ တပ ရက္ခ ဒိဗ္ဗ ဥယျာန ဒိဗ္ဗ နဋ္ဌကာဒိ သဗ္ဗသမ္ပတ္တိ် အနုဘဝတိ၊ ကေသို်ကာလေ ကမ္မဝိပါကံ၊ ဓမ္မိကော ဓမ္မရာဇာဟူ၍ ဖွင့်ဆိုတော်မူအပ်၏။

ယမဿရညောတိတ္ထေ၊ ယမဿ ရညော်ဟူသောပုဒ်၌။ ယမရာဇာနာမ၊ ယမမင်းမည် သည်ကား။ ဝေမာနိကပေတရာဇာ၊ ဝေမာနိကပြိတ္တာတို့၏ မင်းတည်း။ ကေသို်ကာလေ၊ တရံတခါ၌။ ဒိဗ္ဗဝိမာနေ၊ နတ်ဗိမာန်၌။ ဒိဗ္ဗရုက္ခ ဒိဗ္ဗဥယျာန ဒိဗ္ဗနာဋ္ဌကာဒိသဗ္ဗသမ္ပတ္တိ်၊ နတ်ပဒေသာပင် နတ်ဥယျာဉ်၊ နတ်ကဲ့ချေသည် အစရှိသော အလုံးစုံသော စည်းစိမ်ကို။ အနုဘဝတိ၊ ခံစားရ၏။ ကေသို်ကာလေ၊ တခါတရံ၌။ ကမ္မဝိပါကံ၊ အကုသိုလ်ကံ၏အကျိုးကို။ အနုဘဝတိ၊ ခံစားရ၏။ ဓမ္မိကော၊ တရားကိုစောင့်သော။ ဓမ္မရာဇာ၊ တရားရှိသော မင်းသည်။ ဟောတိ၊ ဖြစ်၏။ ဤကား-အနက်။

ယမမင်း တရားစောင့်သောအဖြစ်ကို ဘုရားအလောင်းတော် ဓမ္မနတ်သား၏ တရား စောင့်သောအဖြစ်ကဲ့သို့ ဓမ္မတာအစွမ်းအားဖြင့် သိအပ်၏။ ထို့ကြောင့် တိကအဂုံတို့၏ဋီကာ၌ (ဓမ္မိကောဓမ္မရာဇာတိ တ္ထေ၊ တာဿ ဓမ္မိကဘာဝေါ ဓမ္မ ဒေဝ ပုတ္တဿ ဝိယ ဥပ္ပတ္တိနိယမတော ဓမ္မတာဝသေန ဝေဒိတဗ္ဗော)ဟူ၍ ဖွင့်ဆိုတော်မူအပ်၏။

ဓမ္မိကော ဓမ္မရာဇာတိ တ္ထေ၊ ဓမ္မိကော ဓမ္မရာဇာဟူသောပုဒ်၌။ တဿ၊ ထိုယမမင်း၏။ ဓမ္မိကဘာဝေါ၊ တရားကိုစောင့်သည်၏ အဖြစ်ကို။ ဥပ္ပတ္တိနိယမတော၊ ဖြစ်ခြင်းမြဲသောကြောင့်။ ဓမ္မဒေဝ ပုတ္တဿ၊ ဓမ္မနတ်သား၏။ ဓမ္မိကဘာဝေဝိယ၊ တရားကိုစောင့်သော အဖြစ်ကဲ့သို့။ ဓမ္မတာဝသေန၊ ဓမ္မတာအစွမ်းအားဖြင့်၊ ဝေဒိတဗ္ဗော၊သိအပ်၏။ ဤကား-အနက်။

ယမမင်းသည် ဝေမာနိက ပြိတ္တာမျိုးသာဖြစ်သည် ဟူရာ၌ ဝေမာနိက ပြိတ္တာမျိုးတို့ ဟူသည်လည်း အပါယ်လေးဘုံတို့၌ ပါဝင်သော ပြိတ္တာမျိုးတို့ မဟုတ်ကုန်၊ မိဿကကုသိုလ် ကံကြောင့် သုဂတိပဋိသန္ဓေ နေရကုန်သော သုဂတိဘုံသား နတ်မျိုးအထူးတို့ ဖြစ်ကုန်၏။

ထို့ကြောင့် တိဟိတ်ဖြစ်ကုန်သော အချို့သော ဝေမာနိက ပြိတ္တာတို့သည် မင်္ဂဖိုလ်ကိုပင် ရနိုင်ကြကုန်၏။ ထို့ကြောင့် အင်္ဂုတ္တိုရ်ဋီကာ၌၊

ဝေမာနိက ပေတာတိ ကဲ့သုက္ကဝသေန မိဿကံ ကမ္မံ ကတ္ဝာ ဝိနိပါတိက ဒေဝတာဝိယ သုက္ကေန ကမ္မုနာ ပဋိသန္ဓိံ ဂဏှန္တိ တထာဟိ မင်္ဂ ဖလ ဘာဂိနောပိ ဟောန္တိ၊ ပဝုတ္တိယံ ပန ကမ္မာနုရူပံ ကဒါစိ ပုညဖလံ ပစ္စနုဘဝန္တိ) ဟူ၍-ဖွင့်ဆိုတော်မူအပ်၏။

ဟိသစ္စံ၊ မဲ့နှ်၏။ ဇဝမာနိကပေတာ၊ ဗိမာန်၌ခံစားနေရသော ဝေမာနိက ပြိတ္တာတို့သည်။ ကဲ့သုက္ကဝသေန၊ အကုသိုလ်ကံ ကုသိုလ်ကံ၏ အစွမ်းအားဖြင့်။ မိဿကံကမ္မံ၊ ပေါင်းစပ်ရောနှောသောကံကို။ ကတ္ဝာ၊ ပြု၍။ ဝိနိပါတိကဒေဝတာဝိယ၊ ဝိနိပါတိကနတ်တို့ကဲ့သို့။ သုက္ကကမ္မုနာ၊ ဖြူစင်သောကံကြောင့်။ ပဋိသန္ဓိံ၊ သုဂတိဘဝဋိသန္ဓေကို။ ဂဏှန္တိ၊ ယူကုန်၏။ တထာဟိ-တထာဇေဝ၊ ထို့ကြောင့်သာလျှင်။ မင်္ဂ ဖလဘာဂိနောပိ၊ မင်္ဂဖိုလ်ကို ရထိုက်သောအဖို့ရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ပဝတ္တိယံပန၊ ပဝတ္တိအခါ၌ကား။ ကမ္မာနုရူပံ၊ မိဿကကံအားလျော်စွာ။ ကဒါစိ၊ တရံတခါ၌။ ပုညဖလံ၊ ကုသိုလ်ကံ၏ အကျိုးကို။ ပစ္စနုဘဝန္တိ၊ ခံစားကြကုန်၏။ ဤကား-အနက်။

ဤအရာ၌ မိဿကဟူသည်ကား သားငါးတို့ကို သတ်ပုတ်ချက်ပြုတ်ကင်ကြော်၍ ဆွမ်းတော်ကြီးကပ်လှူသော ကုသိုလ်နှင့်တူသော ကုသိုလ်ကံမျိုးပင် ဖြစ်တော့သည်။ ထို့ဝေမာနိက ပြိတ္တာတို့သည် အဆင်းသဏ္ဌာန်အားဖြင့် အထူးထူးရှိကုန်၏။ လူတို့ကဲ့သို့ သုဂတိအဟိတ်၊ ဒွိဟိတ်၊ တိဟိတ်အားဖြင့် အထူးထူးသော ပဋိသန္ဓေ ရှိကြကုန်၏။

ထိုဘဝင် တိဟိတ်ပဋိသန္ဓေ နေရကုန်သော ဝေမာနိက ပြိတ္တာတို့သည် မင်္ဂဖိုလ်ကို ရကြကုန်၏။ သစ္စာလေးပါးကို သိကြကုန်၏။ ထို့ကြောင့်သုတ်မဟာဝါ မဟာနှဒါနသုတ်အဋ္ဌကထာ၌၊

ကေစ္စေစ ဝိနိပါတိကာတိ စတုအပါယ ဝိနိမုတ္တကာ ဥတ္တရမာတာ ယက္ခိနီ၊ ပိယင်္ကရမာတာ ဖုဿမိတ္တာ ဓမ္မဂုတ္တာတိ ဝေမာနိကာ အညေစဝေမာနာပေတာ ဇေတသဉ္ဉိ ပိတာ-သြဒါဘ ကာဠ မင်္ဂံရစ္စဝိ သာမဝဏ္ဏာဒိဝသေနစေဝ၊ ကိသ ထူလ ရဿ ဒီဃဝသေနစ ကာယေနာနာဟောတိ၊ မနုဿာနံဝိယ ဒွိဟေတုက တိဟေတုက အဟေတုက ဝသေန သညာပိ၊ တေ ပနဒေဝါ ဝိယ နု မဟေသက္ခာ ကပဏမနုဿာဝိယ အပေသက္ကာ ဒုလ္လဘဃာသစ္ဆာဒနာ ဒုက္ခ ပီဠိတာ ဝိရဟရန္တိ၊ ကေစ္စေ ကာလပက္ခေ ဒုက္ခိတာ၊ ဇုဏှပက္ခေသုခိတာ ဟောန္တိ၊ တာသမာ သုခသမုဿယတော ဝိနိပတိတတ္တာ ဝိနိပါတိကာတိ ဝုတ္တာ၊ ယေပနေတ္ထ တိဟေတုကာ၊ တေသံ ဓမ္မာ ဘိသမယောပိ ဟောတိ ဟူ၍ ဖွင့်ဆိုတော်မူအပ်၏။

ကေစ္စေဝိနိပါတိကာတိ၊ ကေစ္စေဝိနိပါတိက ဟူသည်ကား။ စတုအပါယ ဝိနိမုတ္တတာ၊ အပါယ်လေးပါးမှ လွတ်ကြကုန်သော။ ဥတ္တရမာတာယက္ခိနီ၊ ဥတ္တရမာတာ ဘီလူးမ လည်းကောင်း။ ပိယင်္ကရမာတာ၊ ပိယင်္ကရ မာတာဘီလူးမ လည်းကောင်း။ ဖုဿမိတ္တာ၊ ဖုဿမိတ္တာဘီလူးမလည်းကောင်း။ ဓမ္မဂုတ္တာ၊ ဓမ္မဂုတ္တ ဘီလူးမလည်းကောင်း။ ဤတိဝေမာဒိကာ၊ ဤသို့အစရှိကုန်သော။ အညေစ၊ ဆကာမာဝစရ နတ်တို့မှတပါးလည်း ဖြစ်ကုန်သော။ ဝေမာနိကာ၊ ဗိမာန်၌ စံနေကုန်သော။ ပေတာ၊ ပြိတ္တာတို့တည်း။

ဟိ သစ်၊ မှန်။ တေသံ၊ ထိုဝေမာနိက ပြိတ္တာတို့။ ပိတသြဒါတ ကာဠ မဂ်ုရစ္ဆ ဝိ သာမဝဏ္ဏာဒိဝသေနစ၊ ရွှေသောအဆင်း၊ ဖြူသောအဆင်း၊ မည်းသောအဆင်း၊ ကြမ်းပိုး ကျောက်ကုန်းကဲ့သို့သော အဆင်း၊ ရွှေသောအဆင်းတို့၏ အစွမ်းအားဖြင့် လည်းကောင်း။ ကိသထူလရဿ ဒီဃဝသေန စ၊ အကြုံ-အဆူ-အနိမ့်-အမြင့် တို့၏ အစွမ်းအားဖြင့် လည်းကောင်း။ ကာယေပိ၊ ကိုယ်သည်လည်း။ နာနာ၊ အထူးထူး ရှိသည်။ ဟောတိ၊ ဖြစ်၏။

မနုဿာနံဝိယ၊ လူတို့၏ကဲ့သို့။ ဒွိဟေတုက တိဟေတုက အဟေတုကဝသေန၊ ဒွိဟိတ် တိဟိတ်၊ သုဂတိအဟိတ်တို့၏ အစွမ်းအားဖြင့်။ သညာပိ၊ ပဋိသန္ဓေသညာဘာဉည်လည်း။ နာနာ၊ အထူးထူးရှိသည်။ ဟောတိ၊ ဖြစ်၏။ တေပန၊ ထိုဝေမာနိက ပြိတ္တာတို့သည်ကား။ ဒေဝါဝိယ၊ အထက် ဆကာမာဝစရ နတ်တို့ကဲ့သို့။ နမဟေသက္ခာ၊ တန်ခိုးမကြီးကုန်။ ကပဏမနုဿာဝိယ၊ အထီးကျန် သူဆင်းရဲကဲ့သို့ တန်ခိုးနည်းပါးကြကုန်၏။ ဒုလ္လဘဃာသစ္ဆာဒနာ၊ ရနိုင်ခဲသောအစာ၊ အဝတ်ရှိကြကုန်သည်ဖြစ်၍။ ဒုက္ခပိဋိတာ၊ ဒုက္ခသည် နှိပ်စက်အပ်ကုန်သည်ဖြစ်၍။ ဝိဟရန္တိ၊ နေကြရကုန်၏။

ကေစ္စေ၊ အချို့ကုန်သော ဝေမာနိက ပြိတ္တာတို့သည်။ ကာလပက္ခေ၊ လဆုတ်ပက္ခ၌။ ဒုက္ခိတာ၊ ဆင်းရဲကြကုန်သည်။ ဇုဏှပက္ခေ၊ လဆန်းပက္ခ၌။ သုခိတာ၊ ချမ်းသာကြကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ သုခသမုဿယတော၊ ချမ်းသာအပေါင်းမှ။ တဿဝိနိပါတိကတ္တာ၊ ထိုသို့ပျက်စီး၍ လျော့ကျကုန်သောကြောင့်။ ဝိနိပါတိကာတိ၊ ဝိနိပါတိကတို့ ဟူ၍။ ဝုတ္တာ၊ ဆိုအပ်ကုန်၏။ ဇတ္ထ၊ ဤဝိနိပါတိက ပြိဿာတို့တွင်။ ယေပန၊ အကြင်ဝိနိပါတိက ပြိတ္တာတို့သည်ကား။ တိဟေတုကာ၊ တိဟိတ်ဖြစ်ကုန်၏။ ဝါ၊ တိဟိတ်ပဋိသန္ဓေ တည်နေရကုန်၏။ တေသံ၊ ထိုဝေမာနိကပြိတ္ထာတို့အား။ ဓမ္မာဘိသမယော၊ သစ္စာလေးပါး သိခြင်းသည်လည်း။ ဝါ၊ လောကုတ္တရာ တရားကို ရခြင်းသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဤကား အနက်။

ဤအဋ္ဌကထာပါဠိ၌ (စတုအပါယ ဝိနိမုတ္တာတာ) ဟူသော ပါဠိဖြင့် လည်းကောင်း။ (တေသံ ဓမ္မာဘိသမယော ဟောတိ) ဟူသော ပါဠိဖြင့် လည်းကောင်း။ ထိုဝေမာနိက ပြိတ္တာတို့၏ အပါယ်ဘုံသား မဟုတ်သည်၏ အဖြစ်သည် အလွန်ထင်ရှား၏။ နတ်မျိုးဖြစ်ကြောင်းကိုကား ထိုအဋ္ဌကထာ၏ အဖွင့်ဖြစ်သော သုတ်မဟာဝါ ဋီကာ၌–

(သုခ သမုဿယော ဝိနိပါတော ဧတေသံ အတ္ထီတိ ဝိနိပါတိကာ၊ သတိပိ ဒေဝဘာဝေ ဒိဗ္ဗသမ္ပတ္တိယာ အဘာဝတော) ဟူ၍ ဖွင့်ဆိုတော်မူအပ်၏။

ဝေဒဝကာဘာဝေ၊ နတ်၏အဖြစ်သည်။ သတိပိ၊ ရှိပါသော်လည်း။ ဒိဗ္ဗသမ္ပတ္တိယာ၊ နတ်စည်းစိမ်၏။ အဘာဝတော၊ မရှိသောကြောင့်။ ဧတေသံ၊ ထိုဝေမာနိက ပြိတ္တာတို့အား။ သုခသမုဿယတော၊ ချမ်းသာအပေါင်းမှ။ ဝိနိပါတော၊ ပျက်စီးလျော့ကျခြင်းသည်။ အတ္ထိ၊ ရှိ၏။ ကတိတသ္မာ၊ ထို့ကြောင့်။ တော၊ ထိုဝေမာနိက ပြိတ္တာတို့သည်။ ဝိနိပါတိကာ၊ ဝိနိပါတိကဲ့ မည်ကုန်၏။ ဤကား အနက်။

ဤဋီကာပါဠိ၌ (သတိပိဒေဝဘာဝေ) ဟူသော ပါဠိဖြင့် ဝေမာနိက ပြိတ္တာတို့ နတ်မျိုးဖြစ်ကြောင်းသည် အလွန်ထင်ရှား၏။

ထို့ဝေမာနိက ပြိတ္တာတို့သည် မိမိကံအားလျော်စွာ အာရိယမဂ်ကို မရမီ ရှေးအခါက လဆန်းပက္ခ၊ လဆုတ်ပက္ခတို့၌ အလှည့်ကျအားဖြင့် ကောင်းကျိုး- မကောင်းကျိုးကို ခံစားကြရကုန်သော်လည်း အာရိယမဂ်ကို ရသည်မှစ၍ မဂ်ဉာဏ်၏ အာနုဘော်ကြောင့် ကောင်းကျိုးကိုသာ ခံစားရတော့သည်ဟု မှတ်။ ထို့ကြောင့် တိကအဂုံတို့ရှိ ဋီကာ၌ (ယေသံ ပန အာရိယမဂ္ဂေါ ဥပပဇ္ဇတိ၊ တေသံ မဂ္ဂါဓိဂမတော ပဋ္ဌာယ ပုညဖလမေဝ ဥပပဇ္ဇတီတိ ဝေဒိတဗ္ဗံ) ဟု ဖွင့်ဆိုတော်မူအပ်၏။

ပန၊ ဆက်၍ဆိုဦးအုံ။ ယေသံ၊ အကြင်ဝေမာနိက ပြိတ္တာတို့အား။ အာရိယမဂ္ဂေါ၊ အာရိယမဂ်သည်။ ဥပပဇ္ဇတိ၊ ဖြစ်၏။ တေသံ၊ ထို့ဝေမာနိက ပြိတ္တာတို့အား။ အာရိယမဂ္ဂဓိဂမတော၊ အာရိယမဂ်ကိုရသည်မှ။ ပဋ္ဌာယ၊ စ၍။ ပုညဖလမေဝ၊ ကောင်းမှုကုသိုလ်ကံ၏ အကျိုးသည်သာလျှင်။ ဥပပဇ္ဇတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ဤကား အနက်။

ဤသို့ ပြဆိုအပ်ပြီးကုန်သော အဋ္ဌကထာ ဋီကာဝါဠ် အရပ်ရပ်တို့ဖြင့် ဝေမာနိက ပြိတ္တာမင်းဖြစ်သော ယမမင်းကို ကုသိုလ် အကုသိုလ်နှစ်ရပ် ရောစပ်၍ ပြုအပ်သော မိဿကကံကြောင့် သုဂတိအဟိတ်၊ ဒွိဟိတ်၊ တိဟိတ် ပဋိသန္ဓေတို့တွင် တပါးပါးဖြင့် ပဋိသန္ဓေနေရသော ဂတိငါးပါးတို့တွင် ဒေဝဂတိဖြစ်သော ဓမ္မနတဲသားကဲ့သို့ ဓမ္မဘာအားဖြင့် ကုသလကမ္မပထတရား ဆယ်ပါးကို စောင့်သော ပုဂ္ဂိုလ်ထူး ဟူ၍ မှတ်။

ထိုယမမင်းသည် တယောက်တည်းမဟုတ်၊ ငရဲချစ်ထင်တို့တွင် ဝထပ် တဝထပ်၌ တံခါးလေးခုစီရှိသဖြင့် ယမမင်းတို့သည် သုံးကျိပ်နှစ်ယောက် ရှိကုန်၏။ ထို့ကြောင့် သုတ္တသင်္ဂဟ ဒေဝဒူတသုတ်အဋ္ဌကထာ၌-

တတ္ထ ဧကေကဿ စတ္တာရိ စတ္တာရိ ဒ္ဝါရာနိဟောန္တိ၊ ဧကေကသ္မိံ ဒ္ဝါရေ စတ္တာရော စတ္တာရော ဥဿဒနိရယာ ဧကေကော စ ယမရာဇာ-

ဟူ၍ ဖွင့်တော်တော်မူအပ်၏။

တတ္ထ၊ ထိုသို့ဝ၊ ကာလသုတ္တာ၊ သဓ္ဓာတာ၊ ရောရုပါ၊ မဟာရောရုဝ၊ တာပန၊ မဟာတာပန၊ အဝီစိ ဟူသော ငရဲချစ်ထင်တို့တွင်။ ဧကေကဿာ၊ တထပ်တထပ်သော ငရဲ၏။ စတ္တာရိ စတ္တာရိ၊ လေးခု လေးခုကုန်သော။ ဒ္ဝါရာနိ၊ တံခါးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဧကေကသ္မိံ ဒ္ဝါရေ၊ တခုတခုသော တံခါး၌။ စတ္တာရော စတ္တာရော၊ လေးခု လေးခုကုန်သော။ ဥဿဒနိရယာစ၊ ဥဿဒရက် ငရဲတို့သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဧကေကော၊ တယောက် တယောက်စီသော။ ယမရာဇာစ၊ ယမမင်းသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဤကား အနက်။

ယမမင်းသည် သောဘာပန်ဖြစ်သည်ဟု ကေဇင်တို့ ပြောဆိုကြကုန်၏။ ထိုလေစိပ္ပိစကားသည် မသင့်သည်သာတည်း။ အဘယ်ကြောင့်နည်းဟူမူ ယမမင်း၏ ကောင်းသော စိတ်အကြံကိုပြသော "ဘူတပုဗ္ဗံ ဘိက္ခဝေ ယမသာ ရညော ဧတဒဟောသိ" စသော စကား ဘဂဝတော ဓမ္မံ အာဇာနေယျ" ဟု ဟောတော်မူအပ်သော ဒေဝဒူတသုတ် ပါဠိတော်ဖြင့်

ယမမင်း၏ ပုထုဇဉ်အဖြစ်သည် ထင်ရှားသည်၏ အဖြစ်ကြောင့်တည်း။ ထိုစကားသည်မှန်၏။ ယမမင်းသည် အကယ်၍ သောတာပန်ဖြစ်မူကား သစ္စာလေးပါး တရားကိုသိသော အရိယာပုဂ္ဂိုလ်ဖြစ်သောကြောင့် ငါသည် လူ၏အဖြစ်ကိုရပါမူ ကောင်းလေစ့၊ လောကဋ္ဌ ဘုရားပွင့်ပါမူ ကောင်းလေစ့၊ ဘုရားရှင်ကို ငါသည် ဆည်းကပ်ရပါမူ ကောင်းလေစ့၊ ငါ့အား ဘုရားရှင် တရားဟောပါမူ ကောင်းလေစ့၊ ဘုရား၏ သစ္စာလေးပါး တရားတော်ကို ငါသိရပါမူ ကောင်းလေစ့ဟု စိတ်အကြံပြုဖွယ် မရှိပြီ၊ ပုထုဇဉ်ဖြစ်သောကြောင့်သာလျှင် သစ္စာလေးပါး တရားကိုသိရန် စိတ်အကြံပြုသတည်း။ ဤဘူတပုဗ္ဗံ အစရှိသော ပါဠိတော် အပြည့်အစုံကို အလိုရှိသူတို့သည် တိက အင်္ဂုတ္တိရ်ပါဠိတော်၊ ဥပရိပဏ္ဏာသပါဠိတော်၊ သုတ္တသင်္ဂဟပါဠိတော် တို့မှ ယူအပ်၏။ ကျယ်အံ့စိုး၍ မရေးလိုသည်။ ဤကား ယမဿရညော ဟူသောပုဒ်၌ မှတ်သားဖွယ်တည်း။

ဒေဝဒူတသရူပနဉ္စ မှတ်သားဖွယ်

ထိုမှတပါးလည်း "တမေနံ ဘိက္ခဝေ ယမရာဇာ ပထမံ ဒေဝဒူတံ သမနုယုဉ္ဇတိ" အစရှိသော ဒေဝဒူတသုတ်ပါဠိတော်ဖြင့် ငရဲထိန်းတို့ ဆောင်ပို့ပြသလာသော သူကို ယမမင်းကြီးသည် ငါးပါးသော ဒေဝဒူတတို့ကို အစဉ်အတိုင်းပြ၍ ကုသိုလ်ကောင်းမှု ပြု-မပြုကို စစ်ဆေးမေးမြန်းသည်ဟူရာ၌ အဘယ်သူသည် ယမမင်း၏ စစ်ဆေးမေးမြန်းခြင်းကို ခံရပါသနည်း။ အဘယ်သူသည် မခံရပါသနည်းဟူမူကား မျေားသော အားကြီးသော မကောင်းမှုကို ပြုခဲ့သော သူသည်ကား ယမမင်း၏ စစ်ဆေးမေးမြန်းခြင်းကို မခံရ၊ တခါတည်း တောက်ချောက် သွားရှိ ငရဲ၌သာ ကျခံရတော့သည်သာတည်း။ နည်းပါးသော သေးငယ်သော မကောင်းမှုကို ပြုခဲ့သောသူသည်သာလျှင် ယမမင်း၏ စစ်ဆေးမေးမြန်းခြင်းကို ခံရ၏။ ထို့ကြောင့် တိကအင်္ဂုတ္တိရ်၏ ဒေဝဒူတသုတ် အဋ္ဌကထာ၌-

ယော တာဝ ဗဟုံ ပါပံ ကတံ။ သော ဂန္ဓာ နိရယေ နိဗ္ဗတ္တတိ ယေပ၊
ယောပန ပရိတ္တံ ပါပံ ကတံ သော လဘတိ-

ဟူ၍ဖွင့်ပြတော်မူအပ်၏။ ဥပရိပဏ္ဏာသအဋ္ဌကထာ၊ သုတ္တသင်္ဂဟအဋ္ဌကထာတို့၌လည်း နည်းတူလာ၏။

တာဝ၊ ရှေးဦးစွာ၊ ယေန၊ အကြင်သူသည်။ ဗဟုံ၊ များစွာသော။ ဝါ၊ ကြီးမားသော။ ပါပံ၊ မကောင်းမှုကို။ ကတံ၊ ပြုအပ်ခဲ့ဖူး၏။ သော၊ ထိုသူသည်။ ဂန္ဓာ၊ မတန့်မနားတောက်ရှောက်သွား၍။ နိရယေ၊ ငရဲ၌။ နိဗ္ဗတ္တတိ ယေဝ၊ ဖြစ်ရလေတော့သည်သာတည်း။ (စစ်ဆေးမေးမြန်းခြင်းကို မခံရဖူးဟူလို)။ ယော ပန၊ အကြင်သူသည်ကား။ ပရိတ္တံ၊ နည်းပါးသော။ ပါပံ၊ မကောင်းမှုကို။ ကတံ၊ ပြုအပ်ခဲ့ဖူး၏။ သော၊ ထိုသူသည်။ လဘတိ၊ စစ်ဆေးမေးမြန်းခြင်းကို ခံရ၏။ ဤကား အနက်။

ဤလောက၌ မင်းတို့သည် ကိုယ်တိုင်ကိုယ်ကြပ် ခိုးထုပ်ခိုးထည်နှင့်တကွ ဖမ်းအပ်သော ခိုးသူသည် ထိုမင်း၏ စစ်ဆေးမေမြန်းခြင်းကို မခံရပဲ ထိုမင်း၏ ပေးအပ်သော အပြစ်ဒဏ်ကိုသာ ခံရတော့သကဲ့သို့ ထို့အတူ များကြားကြီးကျယ်သော မကောင်းမှုကို ပြုခဲ့ဖူးသောသူသည် ယမမင်း၏ စစ်ဆေးမေးမြန်းခြင်းကို မခံရပဲ မိမိကံအားလျော်စွာ နိရယဒုက္ခကိုသာ ခံ ရ

ဘော့ သည်။ ခိုးထုပ်ခိုးထည်နှင့်တကွ မဖမ်းမိသဖြင့် စုံထောက်၍ဖမ်းသည်ကို ခံရသောခိုးသူသည် တရားဆုံးဖြတ်ရာ ရုံးတော်သို့ ရောက်၍ မင်းတို့၏ စစ်ဆေးမေးမြန်းခြင်းကို ခံရသကဲ့သို့ ထို့အတူ နည်းပါးသေးငယ်သော မကောင်းမှုကို ပြုခဲ့ဖူးသော သူသည် ငရဲသိန်းတို့ ဆဲခေါ်ဆောင်ပို့သဖြင့် ယမမင်းထံသို့ ရောက်၍ ယမမင်းတို့၏ စစ်ဆေးမေးမြန်းခြင်းကို ခံရ၏။ ဤကား အဓိပ္ပာယ်။

ဤစကားကိုလည်း ငရဲဘုံ၌ ဖြစ်ကုန်သောသူတို့၏ အစွမ်းအားဖြင့်သာ ဆိုအပ်၏။ ငရဲဘုံမှတပါး အခြားသောသုဂတိ၊ ဒုဂ္ဂတိဘုံတို့၌ ဖြစ်ကုန်သောသူတို့ကိုကား ယမမင်းသည် စစ်ဆေးပိုင်ခွင့် မရှိပြီ။ ဥပမာအားဖြင့်ကား တခုသော တိုင်းနိုင်ငံ၌ အုပ်စိုးသော မင်းသည် နယ်သီး နယ်ခြား တိုင်းတပါး၌ နေကုန်သောသူတို့ကို စစ်ဆေးစီရင်ခွင့် မရှိသကဲ့သို့တည်း။

ထိုသို့ နည်းပါးသေးငယ်သော ဒုဗ္ဗလဖြစ်သော မကောင်းမှုကံကြောင့် ငရဲရောက်သော သူတို့တွင်လည်း ယမမင်း စစ်ဆေးမေးမြန်းခြင်းကို မခံရပဲ မိမိပြုဖူးသော မကောင်းမှုကို မိမိဘာသာ သဘောအလျောက် အားဖြင့် အောက်မေ့နိုင်သူလည်း ရှိကုန်၏။ ယမမင်း စစ်ဆေး သတိပေးမှ အောက်မေ့နိုင်သူလည်း ရှိကုန်၏။ ထို့ကြောင့် အင်္ဂုတ္တိရ် ဒေဝဒူတသုတ် အဋ္ဌကထာ၌ "ပရိတ္တ ပါပကမ္မာတိ အတ္တနော ဓမ္မတာယပိ သရန္တိ၊ သာရိယမာနာ" ဟူ၍ ဖွင့်ပြတော်မူအပ်၏။

ဟိသစ္စံ၊ မှန်၏။ ပရိတ္တပါပကမ္မာ၊ နည်းပါးသော-အားသေးသော မကောင်းမှုရှိကုန်သော သူတို့သည်။ အတ္တနော ဓမ္မတာယပိ၊ မိမိဘာသာ သဘောအလျောက်အားဖြင့်လည်း။ သရန္တိ၊ အောက်မေ့တွေးဆ သတိရကြကုန်၏။ သာရိယမာနာပိ၊ ယမမင်း၏ စစ်ဆေး သတိပေးအပ်ကုန်သည်ဖြစ်၍လည်း။ သရန္တိ၊ အောက်မေ့တွေးဆ သတိရကြကုန်၏။ ဤကား အနက်။

ဤအရာတွင် ဒီဃယန္တာ၊ ဗမိလ စသောသူတို့သည် မိမိဘာသာ သဘောအလျောက် အားဖြင့် အောက်မေ့တွေးဆ သတိရနိုင်ကြကုန်၏။ ထိုစကားသည် မှန်၏။ သီဟိုဠ်ကျွန်း (ဒီဃယန္တာ) မည်သော ဗမိလ လူမျိုးတယောက်သည် သုမနဂိရိကျောင်းတိုက်၌ အာကာသစေတီတော်ကို နှံ့မြုံ့သောပုဆိုးဖြင့် တံခွန်ကုက္ကားပြုလုပ်၍ ပူဇော်ဖူး၏။ ထို့နောက် ဒုဗ္ဗလဖြစ်သော တပါးသော မကောင်းမှုကံကြောင့် ဥဿဒရက်ငရဲ၏ အနီး၌ဖြစ်ရသောအခါ ငရဲမီးသံကို ကြားရသောအခါ တံခွန်ကုက္ကားတို့ကို လေတိုက်၍ ပြတ်ပြတ်မည်ရာသော အသံကို၌ နိမိတ်ယူခဲ့ဖူးသောကြောင့် မိမိပူဇော်ခဲ့ဖူးသောပုဆိုးကို အောက်မေ့မိသဖြင့် ထို(ဒီဃယန္တာ) မည်သော ဒမိလ လူမျိုးသည် ငရဲဘုံမှ စုတေ၍ နတ်ပြည်၌ ဖြစ်ရလေ၏။ (ဤဝတ္ထု၌ ဒမိလ လူမျိုးဟူသည်ကား ကလယဏီလူမျိုးတည်း)။

အမည်မထင်ရှားသော ဥပါသကာတယောက်သည်လည်း မိမိသားဖြစ်သော ရဟန်းငယ်အား ကဋီ(ကော်)တင်သော သင်္ကန်းပျဉ်ပုဆိုးကို လှူဒါန်းလိုက၍ ခြေရင်း၌ ချထားသော အခါ ထိုသင်္ကန်းပျဉ်ပုဆိုး၏ ပြတ်ပြတ်မည်သော အသံ၌ နိမိတ်ကိုယူဖူး၏။ ထို့နောက် ဒုဗ္ဗလဖြစ်သော မကောင်းမှုကံကြောင့် ဥဿဒရက်ငရဲအနီး၌ ဖြစ်ရသောအခါ ငရဲမီးလျှံသံကို

ကြားရသော်အခါ ထိုသို့လှူဒါန်းခဲ့ဖူးသော သင်္ကန်းလျှာပုဆိုးကို အောက်မေ့မိသဖြင့် ငရဲဘုံမှ စုတေ၍ နတ်ပြည်၌ ဖြစ်ရလေ၏။ ဤသူနှစ်ယောက်တို့သည်ကား မကောင်းမှု အကုသိုလ်၏ အလွန်အားနည်းသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ အားထုတ်ဆည်းပူးအပ်ပြီးသော အကျိုးပေးခွင့်သာသော ကုသိုလ်၏ အားကြီးသည်၏ အဖြစ်ကြောင့်လည်းကောင်း ယမမင်း စစ်ဆေး သတိမပေးရပဲ မိမိတို့ဘာသာ သဘောအလျောက်အားဖြင့် အောက်မေ့တွေးဆ သတိရကြကုန်၏။

ဤသို့ မိမိဘာသာ သဘောအလျောက်အားဖြင့် အောက်မေ့တွေးဆ သတိမရကြကုန်သော သူတို့ကိုကား ယမမင်းသည် ငါးပါးသော ဒေဝဒူတတို့ဖြင့် စစ်ဆေးမေးမြန်း၏။ အချို့ကား ပထမဒေဝဒူတဖြင့် မိမိပြုဖူးသော ကုသိုလ်ကောင်းမှုကို အောက်မေ့တွေးဆ သတိရ၏။ အချို့ကား ဒုတိယ စသော ဒေဝဒူတတို့ဖြင့် အောက်မေ့တွေးဆ သတိရ၏။ ငါးပါးသော ဒေဝဒူတတို့ဖြင့် အောက်မေ့တွေးဆ သတိမရသောသူကိုကား ယမမင်းသည် ထိုသူ၏ ကုသိုလ်ကို ကိုယ်တိုင်ထုတ်ဖော်ပြောပြ၍ သတိပေးလေ၏။ ထို့ကြောင့် သုတ္တသင်္ဂဟ အဋ္ဌကထာ၌-

> ယော ပန မဉ္ဇဟိပိ နံ သရတိ၊ တံ ယမောရာဇာ သယံ သာရေတိ-
> ဟူ၍ ဖွင့်ပြတော်မူအပ်၏။

ယော ပန၊ အကြင်သူသည်ကား။ မဉ္ဇဟိပိ၊ ငါးပါးကုန်သော ဒေဝဒူတတို့ဖြင့်လည်း။ နံ သရတိ၊ အောက်မေ့တွေးဆ၍ သတိမရ။ တံ၊ ထိုသူကို။ ယမောရာဇာ။ ယမမင်းသည်။ သယံ၊ ကိုယ်တိုင်။ သာရေတိ၊ ပြောဆိုထုတ်ပြ သတိရစေ၏။ ဤကား အနက်။

ဤအရာ၌ ယမမင်းကိုယ်တိုင် ထုတ်ဖော်ပြသမှ သတိရဖူးသော အကြောင်းကား သိဟိုဠ်ကျွန်း၌ တယောက်သော အမတ်သည် တကုမ္ဘသော မြတ်လေးပန်းဖြင့် မဟာစေတီတော်ကို ပူဇော်၍ ယမမင်းအား အမျှဝေဖူး၏။ ထို့နောက် မကောင်းမှုကံကြောင့် ငရဲ၌ ဖြစ်ရသောအခါ ထိုအမတ်ကို ငရဲထိန်းတို့သည် ယမမင်းထံသို့ ဖမ်းခေါ်ပို့ဆောင်ကြကုန်၏။ ငါးပါးကုန်သော ဒေဝဒူတတို့ဖြင့် မေးမြန်းလည်း ထိုအမတ်သည် မိမိကုသိုလ်ကို မအောက်မေ့မိ၊ သတိမရနိုင်သည်ရှိသော် ကိုယ်တိုင်ကြည့်၍ မြင်သဖြင့် သင်သည် မဟာစေတီတော်ကို တကုမ္ဘသော မြတ်လေးပန်းတို့ဖြင့် ပူဇော်၍ ငါ့အား အမျှပေးဝေဖူးသည် မဟုတ်လော၊ ထိုကုသိုလ်ကို အောက်မေ့လောဟု ထုတ်ဆိုဖော်ပြ သတိပေးရ၏။ ထိုအမတ်သည် ထိုအခါမှ သတိရ၍ နတ်ပြည်သို့ သွားရ၏။ ဤဝတ္ထုသာဓကသေကို ထောက်ထား၍ ယခုအခါ၌လည်း ကုသိုလ်ကောင်းမှုကို ပြုကြကုန်သောသူတို့သည် မိမိပြုလုပ် အားထုတ်အပ်ကုန်သော ကုသိုလ်အဖို့တို့ကို ယမမင်းအား မျှားစ့ာ အမျှပေးဝေသင့်လှပေသည်။ ပေးလည်း ပေးဝေကြပါကုန်။ ယမမင်းသည် ကိုယ်တိုင်ကြည့်၍ ထိုသူ၏ ကုသိုလ်ကောင်းမှုကို မမြင်သည်ရှိသော် ဤသတ္တဝါသည် ကြီးမားလှစ့ာသော ဒုက္ခကို ခံစားရပေသော့မည်ဟု နှလုံးသွင်း၍ ဆိတ်ဆိတ်နေလိုက်တော့သတည်း။ ထိုအခါ ငရဲထိန်းတို့သည် ထိုသူကို ငါးပါးကုန်သော အဖွဲ့တို့ဖြင့် နှောင်ဖွဲ့ခြင်း စသောအမှုတို့ကို ပြုလုပ်နှိပ်စက်ကြကုန်၏။ ထိုသူသည် မိမိပြုလုပ်အပ်သော မကောင်းမှု

အကုသိုလ်ကံ မကုန်သမျှ ကာလရှည်ကြာ အခါပတ်လုံး ကြီးမားလှစွာသော အကုသလဝိပါက၊ အနိဋ္ဌဖလဖြစ်သော နိရယဒုက္ခကို ခံစားရတော့သည်သာတည်း။

ဤသို့ ပြဆိုအပ်ခဲ့ပြီးသော စကားရပ်များကို ထောက်ထားဆင်ခြင်၍ ယမမင်းကိုယ်တိုင်ပင် အခါခါမေး စစ်ဆေးစုံစမ်း ထောက်လှမ်းကြည့်ရှု၍ မသိမမြင်နိုင်လောက်အောင် ကုသိုလ်နည်းပါး တရားလက်လွတ်၍ နေကုန်သောသူတို့ ရှိကြသေးသည်၏အဖြစ်ကို သိမြင်ရသဖြင့် ထိုသူတို့ကဲ့သို့ အကုသိုလ်နည်းပါး တရားလက်စွဲ မချို့ငဲ့ကြရအောင် သတိအထူးဆောင်ပြီးလျှင် ကုသိုလ်မမှ ဟူသမျှကို နှဲ့ညှဉ်မယုတ် အားထုတ်ကြပါကုန်။

ထိုသို့အားထုတ် ပြုလုပ်သမျှ ပုညအစု ကောင်းမှုအဖို့ကိုလည်း ဆရာမိဘ၊ ယမရာဇာ၊ နတ်ဗြဟ္မာ စသည်တို့အား မျှားစွာ အမျှပေးဝေကြကုန်သည့်အပြင် သေးငယ်ကြီးမားနည်းမျှားမဆို ထိုထို မိမိ ပြုလုပ်ပြီးသမျှ ပုညအစု ကောင်းမှုအပေါင်းကို သတိလစ်ဟင်းမေ့လျော့ခြင်း မရှိစေရအောင် သက္ကရာဇ် နှစ်-လ-ရက်-နေ့စွဲနှင့်တကွ အသေအချာ စာရင်းတင်ထားကြပြီးလျှင် ထိုကုသိုလ်စာရင်းကို ထပ်ခါထပ်ခါ မျှားစွာကြည့်ရှုကြကုန်၍ မိမိတို့ကောင်းမှု ကုသိုလ်စုဟူသမရှ.ကို အောက်မေ့ရှုမြင် ဆင်ခြင်သုံးသပ် ပြုတ်ပွားမျှားကြပါစေကုန်။ ဤကား "ဒေဝဒူတသရူပန" ၌ မှတ်သားဖွယ်တည်း။

သာသနာနှစ် ၂၄၅၉-ခု၊ ကောဇာသက္ကရာဇ် ၁၂၇၇-ခု၊ တပို့တွဲလဆန်း ၁၀-ရက်၊ တနင်္ဂနွေနေ့၊ ညနေချမ်း ၅-နာရီအချိန်၌ ဤ "ဒေဝဒူတသံယောဇနီယကျမ်း" ကို ရေးသားပြီးမြောက် အောင်ပွဲသို့ ရောက်သတည်း။

ဤတွင် ဒေဝဒူတသံယောဇနီယကျမ်း ပြီး၏။

၁၂၈၄-ခုနှစ်တွင်

ဓနုဖြူမြို့

အဂ္ဂမဟာပဏ္ဍိတ

သဒ္ဓမ္မဇောတိကာရာမ ဆရာတော်ဘုရားကြီး

ရေးသားဆုံးဖြတ်တော်မူသော

ပုဗ္ဗကောဋ္ဌိ ဝိနိစ္ဆယ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ဟိ-ဝိတ္ထာရေမိ၊ ခဲ့ဦးအုံ့။ သောဒုဿီလော၊ ထိုသမကဒုဿီလသည်။ သီလာဒိပသာဒနိယ ဂုဏာဘာဝတော၊ သီလ အစရှိသော ကြည်ညိုဖွယ်သော ဂုဏ်မရှိသောကြောင့်။ သဒ္ဓေယျဝတ္ထု၊ ကြည်ညိုထိုက်သော ဝတ္ထုသည်။ နဟောတိ၊ မဖြစ်။ အဝတ္ထုသ္မိံ၊ မကြည်ညိုထိုက်သော ရဟန်းဒုဿီလ၌။ ပသာဒေါ၊ ကြည်ညိုခြင်းသည်။ ဆသတ္တာရေသု၊ မိစ္ဆာဒိဋ္ဌိဆရာကြီးခြောက်ယောက်တို့၌။ တဿာဝကာနံ၊ ထိုမိစ္ဆာဒိဋ္ဌိတပည့်တို့၏။ ပသာဒေါဝိယစ၊ ကြည်ညိုသကဲ့သို့လည်းကောင်း။ ဒေဝဒတ္တသ္မိံ၊ ဒေဝဒတ်၌။ ကောကာလိကာဒီနံ၊ ကောကာလိက အစရှိကုန်သောသူတို့၏။ ပသာဒေါဝိယစ၊ ကြည်ညိုခြင်းကဲ့သို့လည်းကောင်း။ သဒ္ဓါပဋိရူပကော၊ သဒ္ဓါတရားနှင့် အရိပ်အယောင်တူသော။ အနုပပရိက္ခာဘူတော၊ စူးမစမ်းဆင်ခြင် ဖြစ်သော။ မောဟောယေ၀၊ မောဟသာလျှင်တည်း။ နသဒ္ဓေါ၊ သဒ္ဓါစစ် သဒ္ဓါကောင်းမဟုတ်။

ဟိသစ္စံ၊ မှန်၏။ **နေတ္တိ**အဒ္ဓကထာယံ၊ **နေတ္တိ**အဒ္ဓကထာဒ္ဒ်။ သဒ္ဓါလုတာ ပဋိရူပတာယ အပရိက္ခတာ၀ဥ္ဆေတိတိ၊ ဝဥ္ဆေတိ ဟူ၍။ ဝုတ္တံ၊ မိန့်ဆိုတော်မူအပ်ပြီ။ သဒ္ဓါလုတာ ပဋိရူပတာယ၊ ကြည်ညိုထိုက်သည်ကို ကြည်ညိုသောသူ၏အဖြစ်ဟု ဆိုအပ်သော သဒ္ဓါတရားစင်၏ အရိပ်အယောင်ဖြင့်။ အပရိက္ခတာ၊ မစူးစမ်း မဆင်ခြင်တတ်သော သူ၏ အဖြစ်တည်းဟူသောမောဟသည်။ ဝဥ္ဆေတိ၊ သဒ္ဓါစစ်ယောင် ဟန်ဆောင်လှည့်ဖြားတတ်၏။ ဤကား အနက်။

ဟိသစ္စံ၊ **မှန်**၏။ လောကေ၊ လောက၌။ ဒုပ္ပညော၊ ပညာနည်းကုန်သော ဒါယကာတို့သည်။ အနနုစ္ဆဝိကံ၊ ရဟန်းတို့အား မလျော်သော အမှုကို။ အနနုလောမိကံ၊ ရဟန်းတို့အား မလျော်သော အမှုကို။ အပဋိရူပံ၊ ရဟန်းတို့၏အကျင့်နှင့်မတူသော အမှုကို။ အသမဏကံ၊ ရဟန်းတို့ မပြုအပ်သောအမှုကို။ အကပ္ပိယံ၊ ရဟန်းတို့အား မဒသ်သောအမှုကို။ ကရောန္တာနံ၊ ပြုကျင့်ကုန်သော။ သမဏဒုဿီလာနံ၊ ရဟန်းဒုဿီလတို့၏။ အနာစာရံ၊ မကောင်းသောအကျင့်ကို။ ပဿန္တာယေ၀၊ မြင်ကုန်လျက်သာလျှင်။ သုဏန္တာယေ၀၊ ကြားကုန်လျက်သာလျှင်။ အနုပပရိက္ခိတ္တာ၊ မစူးစမ်း မဆင်ခြင်ကုန်မူ၍။ ဇာယံ၊ ဤအမှုသည်။ အနုစ္ဆဝိကံ၊ ရဟန်းတို့အား လျော်ပတ်၏။ ဣတိဇာဒိနာ၊ ဤသို့ အစရှိသည်ဖြင့်။ မည်တွာ၊ မှတ်ထင်

ကုန်၍။ တိတ္ထိယ သာဝကဒယော၀ိယ၊ တိတ္ထိဆရာကြီးတို့ကို ကြည်ညိုကြကုန်သော တိတ္ထိယ တပည့် စသည်တို့ကဲ့သို့။ သဒ္ဓဟန္တိ၊ ကြည်ညိုကြကုန်၏။ သော၊ ဤသို့ ကြည်ညိုခြင်းသည်။ သဒ္ဓါ၊ သဒ္ဓါတရားသည်။ နဟိ-နဇော၊ မဟုတ်သည်သာတည်း။ အထဓေါ၊ မဟုတ်သည်မှာကား။ အနုပ ပရိက္ခာဘူတော၊ မစ္ဆေးစမ်း မဆင်ခြင်ခြင်းဖြစ်သော။ မောဟေးယေ၀၊ မောဟသာလျင်တည်း။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

စ၊ ဆက်၍ဆိုဦးအံ့။ ဧတ္ထ၊ ဤအရာ၌။ ဆသတ္ထာရောသု၊ တိတ္ထိဆရာကြီးခြောက်ယောက်တို့၌။ တသာ၀ကာနံ၊ ထိုတိတ္ထိဆရာကြီးတို့၏ တပည့်တို့၏။ သဒ္ဓါယ၊ ကြည်ညိုခြင်း၏။ အနုပ ပရိက္ခာဂေါ၊ မစ္ဆေးစမ်းမဆင်ခြင်သော မောဟ၏အဖြစ်ကို။ အဋ္ဌသာလိနီ အဋ္ဌကထာယံ၊ အဋ္ဌသာလိနီ အဋ္ဌကထာ၌။ ကိံပန ဒိဋ္ဌဂတိကာ အတ္တာနော သဒ္ဓာရာဒီနံ နသဒ္ဓဟန္တီတိ၊ သဒ္ဓဟန္တီ။ သာပန သဒ္ဓါနာမ နဟောတိ။ ၀စန သမ္ပဋိစ္ဆန မတ္တမေ၀။ တံအတ္ထတော အနုပ ပရိက္ခာ၀ါ ဟောတိ ဒိဋ္ဌိ၀ါတိ၊ ကိံပန။လ။ဒိဋ္ဌိ၀ါဟု၍။ စုတ္တော၊ မိန့်ဆိုတော်မူအပ်ပြီ။

ကိံပန၊ ဘယ့်နှယ်တုန်း။ ဒိဋ္ဌဂတိကာ၊ မိစ္ဆာဒိဋ္ဌိအယူရှိကုန်သောသူတို့သည်။ အတ္တာနော၊ မိမိ၏။ သတ္ထာရာဒီနံ၊ ဆရာစသည်တို့ကို။ နသဒ္ဓဟန္တိ၊ မကြည်ညိုကြကုန်သလား။ ဣတိအယံ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။ သဒ္ဓဟန္တိ၊ ကြည်ညိုကြကုန်၏။ သာပန၊ ထိုမိစ္ဆာဒိဋ္ဌိတို့၏ ကြည်ညိုခြင်းသည်ကား။ သဒ္ဓါနာမ၊ သဒ္ဓါမည်သည်။ နဟောတိ၊ မဖြစ်။ ၀ါ၊ မဟုတ်။ ၀စနသမ္ပဋိစ္ဆန မတ္တမေ၀၊ မိစ္ဆာဒိဋ္ဌိဆရာကြီးတို့စကားကို ၀န်ခံခြင်းမျှသာလျင်။ ဟောတိ၊ ဖြစ်၏။ တံ၊ ထိုမိစ္ဆာဒိဋ္ဌိဆရာကြီးတို့၏စကားကို မိစ္ဆာဒိဋ္ဌိငယ်တို့ ၀န်ခံခြင်းသည်။ အတ္ထတော၊ ပရမတ္ထအားဖြင့်။ အနုပပရိက္ခာ၀ါ၊ မစ္ဆေးစမ်း မဆင်ခြင်တတ်သော မောဟသည်လည်းကောင်း။ ဒိဋ္ဌိ၀ါ၊ ဒိဋ္ဌိသည်လည်းကောင်း။ ဟောတိ၊ ဖြစ်၏။ ဤကား အဋ္ဌကထာပါဠိ၏အနက်။

တဋ္ဌိကာယံစ၊ ထိုအဋ္ဌကထာ၏ အဖွင့်ဖြစ်သော မူလဋီကာ၌လည်း။ အနုပပရိက္ခာ မောဟောတိ၊ အနုပပရိက္ခာမောဟောဟု၍။ ၀ဏ္ဏေတော၊ ဖွင့်ပြတော်မူအပ်ပြီ။ အနုပပရိက္ခာ၊ မစ္ဆေးစမ်း မဆင်ခြင်ခြင်းသည်။ မောဟော၊ မောဟမှည်၏။ ဤကား မူလဋီကာအနက်။

သာသနေပိ၊ သာသနာတော်၌လည်း။ သမဏဒုဿီလေသု၊ ရဟန်းဒုဿီလတို့၌။ ဒုပညာနံ၊ ဆင်ခြင်စွမ်းစမ်းခဲခြမ်း၀ေဖန် ဉာဏ်ကိုမမှီး ပညာနည်းသူတို့၏။ ပသာဒေါ၊ ကြည်ညိုခြင်းကို။ တထေ၀၊ ထိုအတူသာလျင်။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။ ဟိသစ္စံ၊ မှန်၏။ မူလပဏ္ဏာသဋီကာယံ၊ မူလပဏ္ဏာသဋီကာ၌။ ယော ဗလ၀တိ သဒ္ဓါယ သမန္နာဂတော အ၀ိသုဒ္ဓဉာဏော သော မုဒ္ဓပသန္နော ဟောတိ။ နော အနုဝိစ္စပသန္နော၊ တထာဟိ သော အ၀တ္ထုသ္မိံ ပသီဒတိ။ သေယျထာပိ တိတ္ထိယသာ၀ကာ တိ။ ယော ဗလစတိ။လ။တိတ္ထိယသာ၀ကာ ဟု၍။ စုတ္တံ၊ ဟောအပ်ပြီ။

ယော၊ အကြင်သူသည်။ ဗလ၀တိ သဒ္ဓါယ၊အားကြီးသော သဒ္ဓါနှင့်။ သမန္နာဂတော၊ ပြည့်စုံ၏။ အ၀ိသုဒ္ဓဉာဏော၊ မစင်ကြယ်သော ဉာဏ်ရှိ၏။ သော၊ ထိုသူသည်။ မုဒ္ဓပသန္နော၊ မိုက်သောကြည်ညိုခြင်းရှိသည်။ ဟောတိ၊ ဖြစ်၏။ အနုဝိစ္စပသန္နော၊ ရွေးချယ်စိစစ်၍ ကြည်ညို

သည်။ နဟောဟိ၊ မဖြစ်။ တထာဟိ-တတောဝေ၊ ထိုကြောင့်သာလျှင်။ သော၊ ထိုသူသည်။ တိတ္ထိယ သာဝက သေယျထာပိ၊ မိစ္ဆာဒိဋ္ဌိဆရာကြီးတို့၏ တပည့်တို့ကဲ့သို့။ အဝတ္ထုသ္မိံ၊ အရာမဟုတ်သည်၌။ ပသီဒတိ၊ ကြည်ညို၏။ ဣကား-ယင်းဋီကာပါဠိ၏အနက်။

ဇော္ထ၊ ဣဋီကာပါဠိ၌။ သေယျထာပိ တိတ္ထိယ သာဝကာတိ ဥပမာယ၊ သေယျထာပိ တိတ္ထိယာဝကာဟူသော ဥပမာဖြင့်။ သာသနေ၊ သာသနာတော်၌။ သီလာဒိ ပသာဒနိယ ဂုဏဝိဟာရေသု၊ သီလအစရှိကုန်သော ကြည်ညိုထိုက်သောဂုဏ်တို့မှ ကင်းကုန်သော။ သဇ္ဇ ဒုဿီလေသု၊ ရဟန်းဒုဿီလတို့၌။ ဒုပညာနံ၊ ပညာနည်းပါးကုန်သော။ အသုဒ္ဓဉာဏာနံ၊ မစင်ကြယ်သော ဉာဏ်ရှိကုန်သောသူတို့၏။ ပသာဒေါ၊ ကြည်ညိုခြင်းသည်။မုဒ္ဓပသန္နောယေဝ၊ မိုက်သော ကြည်ညိုခြင်းသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဥပမေယော၊ ဥပမေယျသည်။ ပါဂတ္ဌော၊ ထင်ရှား၏။

သောမုဒ္ဓပသန္နောပိ၊ ထိုမုဒ္ဓပသန္နသည်လည်း။ အနုပ ပရိက္ခာဘူတော၊ မစူးစမ်း မဆင်ခြင်ခြင်းဖြစ်သော။ မောဟောယေဝ၊ မောဟသာလျှင်တည်း။ အညော၊ တပါးသောတရား သည်။ န၊ မဟုတ်။ ဟိသစ္စံ၊ မှန်၏။ တေသံ၊ ထိုမုဒ္ဓပသန္န-အနုပပရိက္ခာ-မောဟတို့၏။ ဗျဉ္ဇနမေဝ၊ သဒ္ဒါသည်သာလျှင်။ နာနံ၊ ထူး၏။ အတ္ထော၊ အနက်သည်။ န၊ မထူး။ သမ္မောဟဝိနောဒနီယံပိ၊ သမ္မောဟဝိနောဒနီဋ္ဌလည်း။ ဗလဝသဒ္ဒေါဟိ မန္ဒပညော မုဒ္ဓပသန္နော ဟောတိ။ အဝတ္ထုသ္မိံ ပသီဒတိတိ၊ ပသီဒတိဟူ၍။ ဝုတ္တံ၊ မိန့်ဆိုတော်မူအပ်ပြီ။ မူလပဏ္ဏာသ အဋ္ဌကထာယံပိ၊ မူလပဏ္ဏာသ အဋ္ဌကထာဋီလည်း။ တထာ၊ ထိုအတူတည်း။

ဟိသစ္စံ၊ မှန်၏။ ဗလဝသဒ္ဒေါ၊ အားကြီးသော သဒ္ဒါတရားရှိသော။ မန္ဒပညော၊ နုန့်သော ပညာရှိသောသူသည်။ မုဒ္ဓပသန္နော၊ မိုက်သော ကြည်ညိုခြင်းရှိသည်။ ဟောတိ၊ ဖြစ်၏။ အဝတ္ထုသ္မိံ၊ အရာမဟုတ်သည်၌။ ပသီဒတိ၊ ကြည်ညို၏။ ဣကား အဋ္ဌကထာ၏ အနက်။ တသ္မာ၊ ထို့ကြောင့်။ သမဏဒုဿီလေသု၊ ရဟန်းဒုဿီလတို့၌။ ပသာဒနံ၊ ကြည်ညိုခြင်းသည်။ အကုသလမေဝ၊ အကုသိုလ်တည်း။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

အဘိဝါဒနာဒီပိ၊ ရှိခိုးခြင်းအစရှိသည်ကိုလည်း။ ပုရိမနယေန၊ ရှေးနည်းဖြင့်။ သမဏ ဒုဿီလဿ၊ ရဟန်း ဒုဿီလ၏။ အနာစာရံ၊ မကောင်းသောအကျင့်ကို။ ပဿန္တော သုဏန္တော၊ ယေဝ၊ မြင်ကုန်ကြားကုန်လျက်သာလျှင်။ ဣဒံ၊ ဤအကျင့်သည်။ သာမဏကံ၊ ရဟန်းကောင်းတို့ အကျင့်တည်း။ ဧသော၊ ဤသူသည်။ အဘိဝါဒနာရဟော၊ ရှိခိုးထိုက်သောသူတည်း။ ဣတိ၊ ဤသို့။ မောဟေန၊ မောဟဖြင့်။ မုဋ္ဌော၊ တွေဝေသည်။ ဟုတ္ဝာ၊ ဖြစ်၍လည်းကောင်း။ ဣဒံ၊ ဤအကျင့်သည်။ အဿာမဏကံ၊ ရဟန်းကောင်းတို့ အကျင့်မဟုတ်။ ဧသော၊ ဤသူသည်။ အနဘိဝါဒနာရဟော၊ ရှိခိုးခြင်းငှာမထိုက်။ ဣတိ၊ ဤသို့။ ဇာနန္တော၀၊ သိလျက်သာလျှင်။ ပဂ္ဂဏှိတုကာမော၊ ချီးမြှောက်လိုသည်။ ဟုတ္ဝာ၊ ဖြစ်၍လည်းကောင်း။ နကာတဗ္ဗမေဝ၊ မပြုအပ်သည်သာလျှင်တည်း။ သစေကရောတိ၊ အကယ်၍ ပြုသည်ဖြစ်အံ့။အကုသလမေဝ၊ အကုသိုလ်လာသျှင်။ ဟောတိ၊ ဖြစ်၏။

ဟိသစ်၊ မှန်၏။ သီလဝါယေဝ၊ သီလရှိသော ရဟန်းသည်သာလျှင်။ အဘိဝါဒနာ ရဟဂုဏယုတ္တတ္တာ၊ ရှိခိုးခြင်းသာထိုက်သော်၊ သီလအစရှိသော ဂုဏ်နှင့်ယှဉ်ခြင်းကြောင့်။ ဝါ၊ ပြည့်စုံသောကြောင့်။ အဘိဝါဒနာ ရဟောစေဝ၊ ရှိခိုးခြင်းငှာလည်းထိုက်၏။ ဒုဿီလော၊ ဒုဿီလသည်။နာ၊ မထိုက်။ တထာ တံဝစနံ၊ ထိုစကားသည်။ ဟိသစ္စံ၊မှန်၏။ ကေနိပါတေ တိုတ္တိရဇ်ဝတကော၊ ကေနိပါတ်၊ တိတ္တိရဇာတ်၌။

ယေ ဝုစ္စမပစာယန္တိ၊ နရာ ဓမ္မဿ ကောဝိဒါ။
ဒိဋ္ဌဓမ္မေစ ပသံသာ၊ သံပရာယေစ သုဂတိံ ဇတ္တေ။ ယေဝုစ္စာ။လ။သုဂတိ ဟူသော ဂါထာ၌။

ဂုဏသမ္ပန္နော၊ ဂုဏ်နှင့်ပြည့်စုံသော။ ဝယဝုဏ္ဏော၊ အရွယ်ကြီးသော သူသည်သာလျှင်။ အပစာယနာရဟော၊ အပစာယန ပြုခြင်းငှါထိုက်၏။ ဤတိအဓိပ္ပါယော၊ ဤအဓိပ္ပာယ်ကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။

ဓမ္မဿ၊ ဇေဋ္ဌပစာယိက တရား၌။ ကောဝိဒါ၊ လိမ္မာကုန်သော။ ယေနရာ၊ အကြင် လူရှင် ရဟန်းတို့သည်။ ဝုဏ္ဏံ၊ ဂုဏ် အရွယ်နှစ်ပါး ကြီးမားသောသူကို။ အပစာယန္တိ၊ အရိုအသေပြုခြင်း ရှိခိုးသဖြင့် ပူဇော်ခြင်းကို ပြုကြကုန်၏။ တေ၊ ထိုသူတို့သည်။ ဒိဋ္ဌဓမ္မေစ၊ ယခု ပစ္စက္ခဘဝ၌လည်း။ ပသံသာ၊ ချီးမွမ်းထိုက်ကုန်၏။ သံပရာယေစ၊ တမလွန်ဘဝ၌လည်း။ သုဂတိံ၊ နတ်ပြည်အလား၌၏။ ဤကား ဂါထာ၏ အနက်။ အပစာယန္တိ ဟူသောပုဒ်ကို ဓမ္မပဒ အဋ္ဌကထာနှင့်အညီ ယောဇနာလိုက်သည်။

တေန၊ ထို့ကြောင့်။ တဿ၊ ထိုကေနိပါတ်ဇာတ်၏။ အဋ္ဌကထာယံ၊ အဋ္ဌကထာ၌။

ယေ ဝုဗ္ဘာ ပစာယန္တိတိ ဇာတိဝုဗ္ဘော ဝယဝုဗ္ဘော ဂုဏဝုဗ္ဘောတိ တယောဝုဗ္ဘာ။ တေသု ဇာတိသမ္ပန္နော ဇာတိဝုဗ္ဘောနာမ။ ဝယေ ဌိတော ဝယဝုဗ္ဘောနာမ။ ဂုဏသမ္ပန္နော ဂုဏဝုဗ္ဘောနာမ။ တေသု ဂုဏသမ္ပန္နော ဝယဝုဗ္ဘော၀ ဤမသ္မိံ ဌာနေ ဝုဗ္ဘောတိ အဓိပ္ပေတောတိ၊ အဓိပ္ပေတော ဟူ၍။ အာဟ၊ မိန့်ဆိုတော်မူပြီ။

ယော ဝုဗ္ဘပစာယန္တိတိ ဇတ္တေ၊ ယေ ဝုဗ္ဘပစာယန္တိ ဟူသော ပုဒ်၌။ ဇာတိဝုဗ္ဘော၊ ဇာတ်အမျိုးကြီးသောသူလည်းကောင်း။ ဝယဝုဗ္ဘော၊ အရွယ်ကြီးသောသူလည်းကောင်း။ ဂုဏဝုဗ္ဘော၊ ဂုဏ်ကြီးသောသူလည်းကောင်း။ ဤတိ၊ ဤသို့။ ဝုဗ္ဘာ၊ ကြီးကုန်သောသူတို့သည်။ တယော၊ သုံးယောက်တို့တည်း။ တေသု၊ ထိုဝုဗ္ဘသုံးယောက်တို့တွင်။ ဇာတိသမ္ပန္နော၊ မြင့်မြတ်သောဇာတိနှင့် ပြည့်စုံသောသူသည်။ ဇာတိဝုဗ္ဘောနာမ၊ ဇာတိဝုဗ္ဘမည်၏။ ဝယေ၊ ကြီးသောအရွယ်၌။ ဌိတော၊ တည်သောသူသည်။ ဝယဝုဗ္ဘောနာမ၊ ဝယဝုဗ္ဘမည်၏။ ဂုဏသမ္ပန္နော၊ ဂုဏ်နှင့်ပြည့်စုံသောသူသည်။ ဂုဏဝုဗ္ဘောနာမ၊ ဂုဏဝုဗ္ဘမည်၏။ တေသု၊ ထိုသုံးယောက်တို့တွင်။ ဂုဏသမ္ပန္နော၊ ဂုဏ်နှင့်ပြည့်စုံသော။ ဝယဝုဗ္ဘော၊ အရွယ်ကြီးသောသူကိုသာလျှင်။ ဤမသ္မိံ ဌာနေ၊ ဤအရာ၌။ ဝုဗ္ဘောတိ၊ ဝုဗ္ဘဟူ၍။ အဓိပ္ပေတော၊ အလိုရှိအပ်၏။ ဤကားအနက်။

ပန၊ ကုသိုလ်ဖြစ်သောနည်းကို ဆိုဦးအုံ့။ ယောကောစိ၊ တစုံတယောက်သောသူသည်။ ကာဠနာဂေန၊ ကာဠနဂါးသည်။ နိမ္မိတံ၊ ဖန်ဆင်းအပ်သော။ ဗုဒ္ဓရူပံ၊ ဘုရားရုပ်တော်ကို။ ပဿိတွာ၊ ရှု၍။ ဓမ္မာသောကုရာဇဿ၊ ဓမ္မာသောကမင်း၏။ ပသာဒနံဝိယ စ၊ ကြည်ညိုခြင်းကဲ့သို့လည်းကောင်း။ မာဂေန၊ မာရ်နတ်သည်။ နိမ္မိတံ၊ ဖန်ဆင်းအပ်သော။ ဗုဒ္ဓရူပံ၊ ဘုရားရုပ်တော်ကို။ ပဿိတွာ၊ ရှု၍။ ကဠအန္ဓကဝရဝါသီ ဖုဿရေဝတ္ထေရဿ၊ ကဠအန္ဓကာရဋ္ဌသီတင်းသုံးသော ဖုဿရေဝ မထေရ်၏။ ပသာဒနံဝိယစ၊ ကြည်ညိုခြင်းကဲ့သို့ လည်းကောင်း။ ဒုဿီလေ၊ ဒုဿီလဋ္ဌ။ ပသာဒံ၊ ကြည်ညိုခြင်းကို။ အနုပ္ပာဒေတွာ၊ မဖြစ်စေမူ၍။

ကေဝလံ၊ သက်သက်။ ဒုဿီလေန၊ ဒုဿီလသည်။ ဓာရိတံ၊ ဆောင်အပ်သော။ အရိယလိင်္ဂံ ဓဝဝါ၊ အရိယာတို့၏ အသွင်ကိုသာလျှင် လည်းကောင်း။ အရိယဓဇမေဝဝါ၊ အရိယာတို့၏ တံခွန်ဖြစ်သော သင်္ကန်းကိုသာလျှင် လည်းကောင်း။ ပသီဒိတွာ၊ ကြည်ညိုရှု၍။ အယံ၊ ဤအသွင်သည်။ အရိယလိင်္ဂါ၊ အရိယာတို့၏အသွင်။ အယံ၊ ဤသင်္ကန်းသည်။ အရိယဓဇော၊ အရိယာတို့၏ တံခွန်ဖြစ်သော သင်္ကန်း။ ဣတိ၊ ဤသို့ ရည်မှတ်၍။ ဝန္ဒိတုံ၊ ရှိခိုးခြင်းငှာ။ သစေသင်္ကောတိ၊ အကယ်၍ စွမ်းနိုင်သည်ဖြစ်အုံ့။ တဿ၊ ထိုသူအား၊ ကုသလံ၊ ကုသိုလ်သည်။ ဟောတိ၊ ဖြစ်၏။ ဧဝံ၊ ဤသို့။ အသင်္ကောန္တော။ မစွမ်းနိုင်သည်ဖြစ်၍။ ဧဟသိတပေမေနဝဝါ၊ ဧဟသိတပေမဖြင့် လည်းကောင်း။ ပုဗ္ဗေ၊ ရှေး၌။ ဝုတ္တေန၊ ဆိုအပ်ခဲ့ပြီးသော။ မောဟေနဝဝါ၊ မောဟဖြင့်လည်းကောင်း။ ပဂ္ဂဟစိတ္တေနဝဝါ၊ ပဂ္ဂဟစိတ်ဖြင့်လည်းကောင်း။ ဝန္ဒန္တဿ၊ ရှိခိုးသောသူအား။ အကုသလမေဝ၊ အကုသိုလ်သာလျှင်တည်း၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

ပန၊ အဖိုတပါးကို ဆိုဦးအုံ့။ သမဏဒုဿီလဿ၊ ရဟန်းဒုဿီလကို။ ဝဏ္ဏဘဏနံ၊ ချီးမွမ်းခြင်းသည်။ ကေန္တ အကုသလမေဝ၊ စင်စစ် အကုသိုလ်သာလျှင်တည်း။ ဟိ၊ ငါ့စကားမှန်၏။ သော၊ ထိုရဟန်းဒုဿီလသည်။ ဝဏ္ဏာရဟဿ၊ ချီးမွမ်းခြင်းငှာထိုက်သော။ သီလာဒိ-ဂုဏဿ၊ သီလအစရှိသော ဂုဏ်၏။ အဘာဝဝါ၊ မရှိခြင်းကြောင့်။ အဝဏ္ဏာရဟော၊ ချီးမွမ်းခြင်းငှာမထိုက်။

တသ္မာ၊ ထို့ကြောင့်။ တဿ၊ ထိုဒုဿီလရဟန်း၏။ ဝါ၊ ဒုဿီလရဟန်းကို။ ဝဏ္ဏ-ဘဏနံ၊ ကျေးဇူးကို ဆိုခြင်းသည်။ ဝါ၊ ချီးမွမ်းခြင်းသည်။ အကုသလမေဝ၊ အကုသိုလ်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဝဏ္ဏာရဟဿ၊ ချီးမွမ်းခြင်းငှာ ထိုက်သောသူကို။ အဝဏ္ဏဘဏနံ၊ ကဲ့ရဲ့ခြင်းသည်လည်း။ တထာ၊ ထိုအတူ အကုသိုလ်သာတည်း။ ဘဂဝါ၊ မြတ်စွာဘုရားသခင်သည်၊ ယထာ၊ အဘယ်ကဲ့သို့။ အာဟ၊ ဟောတော်မူပါသနည်း။ ဒ္ဓိဟိဘိက္ခဝေ။လ။ အပုညံ-ပသဝတိ တိ၊ ဒွိဟိဘိက္ခဝေ။ လ။ အပုညံပသဝတိ-ဟူ၍။ အာဟ၊ ဟောတော်မူပြီ။ (ဤပါဠိတော်ကို ၃-နံပါတ် ဝိသင်္ခနာပါဠ်မှာကြည့်)။

ဘိက္ခဝေ၊ ရဟန်းတို့။ ဒ္ဓိဟိ၊ နှစ်ပါးကုန်သော။ ဓမ္မေဟိ၊ တရားတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ ဗာလော၊ မိုက်သော။ အဝိဇ္ဇာဂတော၊ ထက်သောဉာဏ်မရှိသော။ အသပ္ပုရိသော၊ မသူတော်သည်။ အတ္တာနံ၊ မိမိကိုယ်ကို။ ဧတံ၊ တူးဖြို့လျက်။ ဥပဟတံ၊ ကပ်၍နှိပ်စက်လျက်။

ပရိဟရတိ၊ ဆောင်၏။ သာဝဇ္ဇောစ၊ အပြစ်ရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဝိညူနံ၊ ပညာရှိတို့၏။ သာနုဝဇ္ဇောစ၊ ကဲ့ရဲ့အပ်သည်နှင့်တကွ ဖြစ်သည်လည်း၊ ဟောတိ၊ ဖြစ်၏။ ဗဟုံစ၊ များစွာလည်း။ အပုညံ၊ မကောင်းမှု အကုသိုလ်သည်။ ပသဝတိ၊ ပွားစီး၏။ ဝါ၊ ဖြစ်၏။

ကတမေဟိ၊ အဘယ်မည်ကုန်သော။ ဒ္ဒီဟိ၊ နှစ်ပါးကုန်သောတရားတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသနည်း။ အနနုဝိစ္စ၊ မစူးစမ်း မဆင်ခြင်မူ၍။ အပရိယောဂါဟေတွာ၊ ဉာဏ်ဖြင့် မသက်ဝင်မူ၍။ အဝဏ္ဏာရဟာဿ၊ ချီးမွမ်းခြင်းငှာ မထိုက်သောသူ၏။ ဝဏ္ဏံ၊ ချီးမွမ်းစကားကို။ ဘာသတိ၊ ပြောဆို၏။ အနနုဝိစ္စ၊ မစူးစမ်း မဆင်ခြင်မူ၍။ အပရိယောဂါဟေတွာ၊ ဉာဏ်ဖြင့် မသက်ဝင်မူ၍၊ ဝဏ္ဏာရဟာဿ၊ ချီးမွမ်းခြင်းငှာ ထိုက်သောသူ၏။ အဝဏ္ဏံ၊ ကျေးဇူးမဲ့စကားကို။ ဘာသတိ၊ ပြောဆို၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဒ္ဒီဟိ၊ နှစ်ပါးကုန်သော။ ဣမေဟိ ဓမ္မေဟိ၊ ဤတရားတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသော မသူမတော်သည်။ အတ္တာနံ၊ မိမိကိုယ်ကို။ ခတံ၊ တူးဖြိုလျက်။ ဥပဟတံ၊ ကပ်၍သတ်လျက်။ ပရိဟရတိ၊ ဆောင်၏။ သာဝဇ္ဇောစ၊ အပြစ်ရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဝိညူနံ၊ ပညာရှိတို့၏။ သာနုဝဇ္ဇောစ၊ ကဲ့ရဲ့အပ်သည်နှင့်တကွ ဖြစ်သည်လည်း။ ဟောတိ၊ ဖြစ်၏။ ဗဟုံစ၊ များစွာလည်း၊ အပုညံ၊ မကောင်းမှုသည်။ ပသဝတိ၊ ပွားစီး၏။ ဝါ၊ ဖြစ်၏။ ဤကား-ယင်းပါဠိတော်၏အနက်။

စ၊ ဆက်၍ဆိုဦးအံ့။ ထို့ကြောင့် ဤဒွိဓာကအင်္ဂုတ္တရပါဠိတော်၌။ အဝဏ္ဏာရဟဿဝဏ္ဏံ ဘာသတိတိထို့၊ ဘာသတိ ဟူသောပါဌ်၌။ ဝဏ္ဏဘဏနံနာမ၊ ဂုဏ်ကျေးဇူးကို ဆိုခြင်းမည်သည်ကား။ ပသံသာဝေ၊ ချီးမွမ်းခြင်းပင်တည်း။ ဝဏ္ဏာရဟာဿ အဝဏ္ဏံ ဘာသတိတိထို့၊ ဘာသတိ ဟူသောပါဌ်၌။ အဝဏ္ဏဘဏနံနာမ၊ ဂုဏ်ကျေးဇူးမဲ့ကို ဆိုခြင်းမည်သည်ကား။ နိန္ဒာဝေ၊ ကဲ့ရဲ့ခြင်းသည်ပင်တည်း။ နိန္ဒိယံ၊ ကဲ့ရဲ့ထိုက်သောသူကို။ ပသံသာယစ၊ ချီးမွမ်းခြင်း၏လည်းကောင်း။ ပသံသိယံ၊ ချီးမွမ်းထိုက်သောသူကို။ နိန္ဒာယစ၊ ကဲ့ရဲ့ခြင်း၏လည်းကောင်း။ ဝိပါကော၊ အကျိုးသည်၊ သမကော၊ တူမျှသည်။ ဟောတိ၊ ဖြစ်၏။ ဟိသဒ္ဒံ၊ မှန်၏။ တေန၊ ထို့ကြောင့်။ သံယုတ္တအင်္ဂကထာယံ၊ သံယုတ်အင်္ဂကထာဝယ်၌။ နိန္ဒိယံ ပသံသာယ ပသံသိယံ နိန္ဒာယစ သမကော၀ ဝိပါကောတိ၊ ဝိပါကောဟူ၍။ ဝုတ္တံ၊ မိန့်ဆိုတော်မူအပ်ပြီ။

နိန္ဒိယံ၊ ကဲ့ရဲ့ထိုက်သောသူကို။ ပသံသာယစ၊ ချီးမွမ်းခြင်း၏လည်းကောင်း။ ပသံသိယံ၊ ချီးမွမ်းထိုက်သောသူကို။ နိန္ဒာယစ၊ ကဲ့ရဲ့ခြင်း၏လည်းကောင်း။ ဝိပါကော၊ အကျိုးသည်။ သမကော၀၊ တူမျှသည်သာတည်း။ ဤကား-အနက်။

အယံ၊ ဤသည်ကား။ သခေါပေါ၊ အကျဉ်းတည်း။ ဝိတ္ထာရောပန၊ အကျယ်ကိုကား-

ယောနိန္ဒိယံ ပသံသတိ၊ တံဝါနိန္ဒိယော ပသံသိယော၀။
ဝိစိနာတိ ပုဂ္ဂလံ သော ကလိ၊ ကလိနာ တေန သုခံ နဝိန္ဒတိပိ၊ နဝိန္ဒတိဟူ၍
သံယုတ္တနိကာယေ၊ သံယုတ္တနိကာယ်၌။ ဝုတ္တာ၊ ဟောတော်မူအပ်သော

ဂါထာ၏။ အဋ္ဌကထာယံ၊ အဋ္ဌကထာဋ္ဌိ။ ဂဟေတဗ္ဗော၊ ယူအပ်၏။

ယော၊ အကြင်သူသည်။ နိန္ဒိယံဝါ၊ ကဲ့ရဲ့ထိုက်သော ဒုဿီလကိုလည်း။ ပသံသိယော။ ချီးမွမ်း၏။ ယော၊ အကြင်သီလရှိသောသူသည်။ ပသံသိယော၊ ချီးမွမ်းထိုက်၏။ တံဝါ၊ ထိုချီးမွမ်းထိုက်သော သီလရှိသောသူကိုလည်း။ နိန္ဒတိ၊ ကဲ့ရဲ့၏။ သော၊ ထိုသူသည်။ မုခေန၊ ပါးစပ်ဖြင့်။ ကလိ်၊ အပြစ်ကို။ ဝါ၊ အကုသိုလ်ကို။ ဝိစိနာတိ၊ ဆည်းပူး၏။ တေနကလိနာ၊ ထိုအပြစ်ကြောင့်။ ဝါ၊ ထိုအကုသိုလ်ကြောင့်။ သုခံ၊ ချမ်းသာကို။ နဝိန္ဒတိ၊ မရ။ ဤကား ဂါထာ၏အနက်။ ဤတိသမတ္တာ၊ ပြီးပြီ။

တွေဝတာ၊ ဤမျှတည်းဖြင့်။ တတိယပဥ္ဉော၊ တတိယပဉ္ဉာကို။ သုဝိသဇ္ဇိတော၊ ကောင်းစွာ ဖြေဆိုအပ်ပြီ။ တတိယဝိသဇ္ဇနာ အနက်ပြီး၏။

(၄) ဇာနန္တော သုယေဝ၊ သိကုန်လျက်သာလျှင်။ ဝါ၊ သိလျက်သာလျှင် ဖြစ်ကုန်သော။ ခုဒ္ဒါနု ခုဒ္ဒကာနိ၊ ငယ်ကုန် အလွန်ငယ်ကုန်သော။ သိက္ခာပဒါနိ၊ သိက္ခာပုဒ်တို့ကို။ ဝိတက္ကမန္တော သု၊ လွန်ကျူးကြကုန်သော။ အလဇ္ဇီပုဂ္ဂလေသု၊ အလဇ္ဇီပုဂ္ဂိုလ်တို့၌။ ဒါယကေဟိ၊ ဒါယကာတို့သည်။ ကထံ၊ အဘယ်သို့လျှင်။ပဋိပဇ္ဇိတဗ္ဗံ၊ ကျင့်အပ်ပါသနည်း။ တေသု၊ ထိုအလဇ္ဇီပုဂ္ဂိုလ်တို့၌။ ဝါ၊တို့ကို။ သေဝိတုံ၊မှီဝဲခြင်းငှာ။ ဘဇိတုံ၊ ဆည်းကပ်ခြင်းငှာ။ ပယိရုပါသိတုံ၊ အဖန်တလဲလဲ အနီး၌ထိုင်၍ ခစားခြင်းငှာ။ သုန္ဒရံဝါ၊ ကောင်းပါသလော။ ဥဒါဟု၊ ထိုသို့မဟုတ်။ နော၀ါသုန္ဒရံ၊ မကောင်းပါသလော။ ဤတိ၊ ဤသို့။ စတုတ္ထံ၊ လေးခုမြောက်ဖြစ်သော။ ယံပနပဉ္ဟံ၊ အကြင်ပြဿနာကို။ ပုစ္ဆိတံ၊ မေးလျှောက်အပ်ပြီ။ တံ၊ ထိုပြဿနာကို။ ဝိသဇ္ဇိယတေ၊ ဖြေဆိုအပ်၏။

ယောပ္ပန၊ အကြင်ရဟန်းသည်ကား။ ဇာနန္တောယေဝ၊ သိလျက်သာလျှင်။ ခုဒ္ဒါနုခုဒ္ဒက သိက္ခာပဒါနိ၊ ငယ်ကုန် အလွန်ငယ်ကုန်သော သိက္ခာပုဒ်တို့ကို။ ဝိတိက္ကမတိ၊ လွန်ကျူး၏။ သော၊ ထိုရဟန်းသည်။

သဉ်ဇ္ဈစ္စ အာပတ္တိံ အာပဇ္ဇတိ၊ အာပတ္တိံ ပရိဂုဟတိ။

အဂတိ ဂမနံစ ဂစ္ဆတိ၊ ဒေသော ဝုစ္စတိ အလဇ္ဇီပုဂ္ဂလော တိ၊ သဉ်ဇ္ဈစ္စ။လ။ အလဇ္ဇီပုဂ္ဂလောဟူ၍။ ဝုတ္တောန၊ ဟောတော်မူအပ်သော။ အလဇ္ဇီလက္ခဏေန၊ အလဇ္ဇီလက္ခဏာနှင့်။ သမ္ပန္နော၊ ပြည့်စုံသော။ အလဇ္ဇီပုဂ္ဂလောနာမ၊ အလဇ္ဇီပုဂ္ဂိုလ်မည်သည်။ ဟောတိ၊ ဖြစ်၏။

သဉ်ဇ္ဈစ္စ၊ သင့်စေလိုသော စေတနာဖြင့် စေ့ဆော်၍။ အာပတ္တိံစ၊ မသင့်သေးသော အာပတ်သို့လည်း။ အာပဇ္ဇတိ၊ ရောက်၏။ အာပတ္တိံစ၊ ရောက်သင့်ပြီးသော အာပတ်ကိုလည်း။ ပရိဂုဟာတိ၊ လျှို့ဝှက်၏။ အဂတိဂမနံစ၊ မလားအပ်သည်သို့-လားခြင်းသို့လည်း။ ဂစ္ဆတိ၊ ရောက်၏။ ဒေသော၊ ဤသို့သဘောရှိသော ပုဂ္ဂိုလ်ကို။ အလဇ္ဇီပုဂ္ဂလော၊ အလဇ္ဇီပုဂ္ဂိုလ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဤကား-ပရိဝါဂါဏာ၏အနက်။

ဒုဿီလပုဂ္ဂလာတိ နိသီလာ ဒုသိတ သီလာစာ တိ၊ သီလာစဟူ၍။ ဝုတ္တောန၊ ဆိုအပ်ပေသာ။ ဝိမတိ ဝိနောဒနိဋ္ဌီကာဝစနေန်၊ ဝိမတိ ဝိနောဒနိဋ္ဌီကာရှင် စကားဖြင့်။ ဒုဿီလပုဂ္ဂလာတိ၊ ဒုဿီလပုဂ္ဂလာဟူသည်ကား။ နိသီလာစ၊ သီလအလျဉ်းကင်းပြီးသော ပါရာဇိကရဟန်းတို့သည်လည်းကောင်း။ ဒုသိတ သီလာစ၊ ဖျက်ဆီးအပ်သော ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ်ရှိသော ပါရာဇိကသို့မရောက်သော ပါပဘိက္ခုတို့သည်လည်းကောင်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဤကားဋီကာပါဠိ၏အနက်။

ပါပဘိက္ခုတိပိ၊ ပါပဘိက္ခုဟူ၍လည်းကောင်း။ မဟာစောရောတိပိ၊ မဟာစောရဟူ၍လည်းကောင်း။ စတုတ္ထပါရာဇိက ပါဠိပဲ၊ စတုတ္ထပါရာဇိက ပါဠိတော်၌။ ဝုတ္တောဂ၊ ဟောတော်မူအပ်၏။ တတြဝစနေ၊ ထိုစကား၌။ အယံ၊ ဤဆိုလတ္တံ့သည်ကား။ ပါဠိ၊ ပါဠိတည်း။ (ပါဠိကို (၄)နံ ပါတ် ဝိသုဇ္ဇနာပါဠိမှာ ကြည့်ရှုယူ။အနက် သက်သက်ကိုသာ ဤ၌ဆိုမည်)။

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤလောက၌။ ဧကစ္စဿ၊ အချို့သော။ မဟာစောရဿ၊ သူခိုးကြီးအား။ ဧဝံ၊ ဤသို့သော အကြံသည်။ ဟောတိ၊ ဖြစ်၏။ အဟံ၊ ငါသည်။ ကုဒဿုနာမ၊ အဘယ်အခါ၌။ သတေဝါ၊ အရာသောသူဖြင့် လည်းကောင်း။ သဟဿေနဝါ၊ အထောင်သောသူဖြင့်လည်းကောင်း။ ပရိဝုတော၊ ခြံရံလျက်။ ဂါမံ နိဂမံ ရာဇဓာနိသု၊ ရွာ နိုဂုံး မင်းနေပြည်တို့၌။ ဟနန္တော၊ သတ်ပုတ်ဖျက်ဆီးလျက်။ ဆေဒါပေန္တော၊ ဖြတ်စေလျက်။ ပစန္တော၊ မီးတိုက်လျက်။ ပါစေန္တော၊ မီးတိုက်စေလျက်။အာဟိဏ္ဍိဿာမိ၊ လှည့်လည်ရပါအုံးနည်း။ ဣတိ၊ ဤသို့ကြံသည်။ ဟောတိ၊ ဖြစ်၏။

သော၊ ထိုသူခိုးကြီးသည်။ အပရေန၊ တပါးသော။ သမယေန၊ အခါ၌။ သတေနဝါ၊ အရာသောသူဖြင့်လည်းကောင်း။ သဟဿေနဝါ၊ အထောင်သော သူဖြင့်လည်းကောင်း။ ပရိဝုတော၊ ခြံရံလျက်။ ဂါမံနိဂမရာဇဓာနိသု၊ ရွာ နိုဂုံးမင်းနေပြည်တို့၌။ ဟနန္တော၊ သတ်လျက်။ ဆေဒါပေန္တော၊ သတ်စေလျက်။ ဆိန္ဒန္တော၊ ဖြတ်လျက်။ ဆေဒါပေန္တော၊ ဖြတ်စေလျက်။ ပစန္တော၊ မီးတိုက်လျက်။ ပါစေန္တော၊ မီးတိုက်စေလျက်။ အာဟိဏ္ဍတိ၊ လှည့်လည်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝမေဝ၊ ဤအတူပင်လျှင်။ ဣဓ၊ ဤသာသနာတော်၌။ ဧကစ္စဿ၊ အချို့သော။ ပါပဘိက္ခုနော၊ ယုတ်မာသော ရဟန်းအား။ ဧဝံ၊ ဤသို့သော အကြံသည်။ ဟောတိ၊ ဖြစ်၏။ အဟံ၊ ငါသည်။ ကုဒဿုနာမ၊ အဘယ်အခါ၌။ သတေဝါ၊ အရာသော ရဟန်းဖြင့်လည်းကောင်း။ သဟဿေနဝါ၊ အထောင်သော ရဟန်းဖြင့်လည်းကောင်း။ ပရိဝုတော၊ ခြံရံလျက်။ ဂါမနိဂမရာဇဓာနိသု၊ ရွာ နိုဂုံး မင်းနေပြည်တို့၌။ သက္ကာတော၊ ကောင်းစွာပြုအပ်သည် ဖြစ်၍။ ဂရုကတော၊ အလေးပြုအပ်သည်ဖြစ်၍။ မာနိတော၊ မြတ်နိုးအပ်သည်ဖြစ်၍။ ပူဇိတော၊ ပူဇော်အပ်သည်ဖြစ်၍။ အပစိတော၊ အရိုအသေပြုအပ်သည်ဖြစ်၍။ ဂဟဋ္ဌာနဉ္စ၊ ဒါယကာတို့၏လည်းကောင်း။ ပဗ္ဗဇိတာနဉ္စ၊ ရဟန်းတို့၏လည်း

ကောင်း။ စီဝရပိဏ္ဍပါတ သေနာသန ဂိလာနပစ္စယဘေသဇ္ဇ ပရိက္ခာရာနံ၊ သက်ိန်း ဆွမ်း ကျောင်း၊ လူနာတို့၏ နှစ်သက်ခြင်းကို ဖြစ်စေတတ်သော။ ဝါ၊ အနာ၏ ဆန့်ကျင်ဘက် ဖြစ်သောဆေးတည်းဟူသော အသက်၏ အစောင့်အရှောက် အရံအတားတို့ကို။ လာဘီ၊ ရသည် ဖြစ်၍။ စာရိက်၊ ဒေသစာရိကို။ စရိဿာမိ၊ လှည့်ရပါအုံနည်း။ ဣတိ၊ ဤသို့သော အကြံသည်။ ဟောတိ၊ဖြစ်၏။

သော၊ ထိုပါပဘိက္ခုသည်။ အပရေ၊ တပါးသော။ သမယေ၊အခါ၌။ သတေနဝါ၊ အဏုသော ရဟန်းဖြင့် လည်းကောင်း။ သဟဿေနဝါ၊ အထောင်သော ရဟန်းဖြင့်လည်း ကောင်း။ ပရိဗုတော၊ ခြံရံလျက်။ ဂါမနိဂမ ရာဇဓာနိသု၊ ရွာ နိုဂုံး မင်းနေပြည်တို့၌။ သက္ကတော၊ ကောင်းစွာ ပြုအပ်သည်ဖြစ်၍။ ဂရုကဟော၊ အလေးပြုအပ်သည် ဖြစ်၍။ မာနိတော၊ မြတ်နိုးအပ်သည်ဖြစ်၍။ ပူဇိတော၊ပူဇော်အပ်သည်ဖြစ်၍။ အပစိတော၊ အရိုအသေ ပြုအပ်သည်ဖြစ်၍။ ဂဟဋ္ဌာနဥ္စေဝ၊ လူတို့၏လည်းကောင်း။ ပဗ္ဗဇိတာနဥ္စ၊ ရဟန်းတို့၏လည်း ကောင်း။ စီဝရပိဏ္ဍပါတ သေနာသန ဂိလာနပစ္စယ ဘေသဇ္ဇပရိက္ခာရာနံ၊ သက်ိန်း-ဆွမ်း ကျောင်း၊ လူနာတို့၏ နှစ်သက်ခြင်းကို ဖြစ်စေတတ်သော။ ဝါ၊အနာ၏ ဆန့်ကျင်ဘက်ဖြစ်သော ဆေးတည်းဟူသော အသက်၏ အစောင့်အရှောက်တို့ကို။ လာဘီ၊ ရသည်ဖြစ်၍။ စာရိကံ၊ ဒေသ-စာရိကို။ စရတိ၊ လှည့်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ပဌမော၊ ရှေးဦးစွာသော။ အယံမဟာ-စောရော၊ ဤခိုးသူကြီးသည်။ လောကသ္မိံ၊ လောက၌။ သန္တော၊ ထင်ထင်လျှားလျှား။ သံဝိဇ္ဇ-မာနော၊ ရှိ၏။ ဤကား ပါဠိတော်၏အနက်။

အဋ္ဌကထာယံပိ၊ အဋ္ဌကထာ၌လည်း။ (တတ္ထပါပဘိက္ခုနောတိ အညေသုဌာနေ ဃုမ္မလစ္ဆိန္နောပါရာဇိကပ္ပတ္တော ပါပဘိက္ခူတိ စုစ္စတိ။ ဣဓပန ပါရာဇိကံအနာပန္နော ဣစ္ဆာစာရေဌိတော ခုဒ္ဒါနုခုဒ္ဒကာနိ သိက္ခာပဒါနိ မဒ္ဒိတ္ဝာ ဝိစရန္တော ပါပဘိက္ခူတိ အဓိပ္ပေတော) တိ။ တတ္ထ။လ။ အဓိပ္ပေတော ဟူ၍။ ပါပဘိက္ခုဘာဝေါ၊ ပါပ-ဘိက္ခုအဖြစ်ကို။ ဝုတ္တော၊ ဆိုအပ်၏။

တတ္ထဝစနေ၊ ထိုစကားရပ်၌။ ပါပဘိက္ခုနောတိ၊ ပါပဘိက္ခုနောဟူသည်ကား။ အညေ-သုဌာနေသု၊ တပါးကုန်သော အရာတို့၌။ မူလစ္ဆိန္နော၊အရင်းပြတ်ပြီးသော။ ပါရာဇိကပ္ပတ္တော၊ ပါရာဇိကသို့ရောက်ပြီးသောသူကို။ ပါပဘိက္ခူတိ၊ ပါပဘိက္ခူဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ဣဓပန၊ ဤအရာ၌ဂျား။ ပါရာဇိကံ၊ ပါရာဇိကသို့။ အနာပန္နော၊ မရောက်သော။ ဣစ္ဆာစာရေ၊ ယုတ်မာသောအလိုဉ်။ ဌိတော၊ တည်သော။ ခုဒ္ဒါနုခုဒ္ဒကာနိ၊ ငယ်ကုန်-အလွန်ငယ်ကုန်သော။ သိက္ခာပဒါနိ၊ သိက္ခာပုဒ်တို့ကို။ မဒ္ဒိတ္ဝာ၊ နင်းနယ်၍။ ဝိစရန္တော၊ သွားလာသောရဟန်းကို။ ပါပဘိက္ခူတိ၊ ပါပဘိက္ခူဟူ၍။ အဓိပ္ပေတော၊ အလိုရှိအပ်၏။ ဤကား အနက်။

ဟိသဒ္ဒေါ၊ မှန်၏။ သော၊ ထိုယုတ်မာသောရဟန်းသည်။ ပုဗ္ဗဘာဂေ၊ရှေးအဖို၌။ ပါဋိယံ၊ ပါဋိတော်၌။ ဝုတ္တနယေန၊ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။ စိန္တေတ္ဝာ၊ ကြံ၍။ အနုက္ကမေန၊ အစဉ် အတိုင်းအားဖြင့်။ သိက္ခာယ၊ သိက္ခာ၌။ အတိဗ္ဗဂါရဝေ၊ မထက်သော-ရိုသေခြင်းရှိကုန်သော။ ဝါ၊ ထက်မြက်စွာ မရှိသေကုန်သော။ ဥဒ္ဓတော၊ ပျံ့လွင့်ကုန်သော။ ဥန္နဠော၊ တက်ကြွကုန်သော။

စ၁ခေ၊ လျပ်ပေါ်ကုန်သော။ မုခရေ၊ နှုတ်ကြမ်းကုန်သော။ ဝိကိဏ္ဍဝါစေ၊ ဖရိုဖရဲကဲ့သော စကားရှိကုန်သော။ မုဋ္ဌသတိ၊ လွတ်သောသတိရှိကုန်သော။ အသမဓာနေ၊ အဆင်အခြင်ပညာ မရှိကုန်သော။ ပါကတိန္ဒြိယေ၊ စောင့်စည်းခြင်းမရှိ ပကတိ ကူန္ဒြေရှိကုန်သော။ အာစရိယုပဇ္ဈာယေဟိ၊ ဆရာ ဥပဇ္ဈာယ်တို့သည်။ ပရိစ္ဆတ္တကေ၊ စွန့်ပစ်အပ်ကုန်သော။ လာဘဂရုကေ၊ လာဘ်ကို အလေးပြုကုန်သော။ ပါပဘိက္ခူ၊ ယုတ်မာသောရဟန်းတို့ကို။ သံဂဏှိတ္ဝာ၊ ချီးမြှောက်၍။ ဣရိယာပထသဏ္ဌာပနာဒီသု၊ ဣရိယာပုထ်ကို ပြုပြင်ခြင်းအစရှိကုန်သော။ ကုဟကဝတ္ထာနိ၊ ကုဟကဝတ်တို့ကို။ သိက္ခာပေတ္ဝာ၊ ကျင့်စေ၍။ ဝါ၊ သင်ပေး၍။ အယံထေရော၊ ဤ မထေရ်သည်။ အသုကသ္မိံသေနာသနေ၊ ဤအမည်ရှိသောကျောင်း၌။ ဝဿံ၊ ဝါသို့။ ဥပဂမ္မ၊ ကပ်၍။ ဝတ္တာပဋ္ဌပတ္တိံ၊ ဝတ်အကျင့်ကို။ ပူရယမာနော၊ ဖြည့်ကျင့်သည်ဖြစ်၍။ ဝဿံဝသိတ္ဝာ၊ ဝါဆို၍။ နိဂ္ဂတော၊ ထွက်၏။

ဣတိ၊ ဤသို့။ လောကသမတသေနာသန သံဝဏ္ဏနာဒီဟိ၊ လူတို့သည် သမုတ်အပ်သော ကျောင်း၌ ချီးမွမ်းခြင်းအစရှိကုန်သော။ ဥပါယေဟိ၊ အကြောင်းတို့ဖြင့်။ လောကံ၊ လူ အပေါင်းကို။ ပရိဏာမေတုံ၊ မိမိသို့ ညွတ်စေခြင်းငှာ။ ပဋိပလေဟိ၊ စွမ်းနိုင်ကုန်သော။ ဇာတကာဒီသု၊ ဇာတ်အစရှိသည်တို့၌။ ကတပရိစယေဟိ၊ ပြုအပ်သော အလေ့အလာရှိကုန်သော။ သရသမွန္နေဟိ၊ ကောင်းသောအံသံနှင့် ပြည့်စုံကုန်သော။ ဘိက္ခူဟိ၊ ရဟန်းတို့သည်။ သံဝဏ္ဏိယမာနကုဏော၊ ချီးမွမ်းအပ်သော ဂုဏ်ရှိသည်။ ဟုတ္ဝာ၊ ဖြစ်၍။ သန္ဓိစ္ဆေဒဒါဒိ မဟာစောရကဝိယ၊ တိုက်နှံရံစပ်ကို ဖောက်၍ခိုးသော သူခိုးကြီးကဲ့သို့။ ကေဝါကုလံ၊ တခုသောအမျိုးကို သာလျှင် လည်းကောင်း။ ဒွေဝါ၊ နှစ်ပါးကုန်သော အမျိုးတို့ကိုသာလျှင် လည်းကောင်း။ တယောဝါ၊ သုံးပါးကုန်သော အမျိုးတို့ကိုသာလျှင်လည်းကောင်း။ န၊ မဟုတ်။

အာဆဒေါ၊ စင်စစ်သော်ကား။ မဟာဇနံ၊ လူမျိုးအပေါင်းကို။ ဝဉ္ဆေတ္ဝာ၊ လှည့်ပတ်၍။ စတုပစ္စယံ၊ ပစ္စည်းလေးပါးကို။ ဂဟဏဘောဝေ၊ ခံယူတတ်သောကြောင့်။ မဟာစောရောနာမ၊ ရဟန်းသူခိုးကြီးမည်၏။ တသ္မာ၊ ထို့ကြောင့်၊ ခုဒ္ဒါနုခုဒ္ဒကာနိ၊ ငယ်ကုန် အလွန်ငယ်ကုန်သော။ သိက္ခာပဒါနိ၊ သိက္ခာပုဒ်တို့ကို။ ဇာနန္တော၊ သိလျက်။ ဝိတိက္ကမန္တော၊ လွန်ကျူးသော။ သောပဋ္ဌလော၊ ထိုပဋိုလ်ကို။ အလဇ္ဇီတိဝါ၊ အလဇ္ဇီဟူ၍လည်းကောင်း။ ဒုဿီလောတိဝါ၊ ဒုဿီလဟူ၍လည်းကောင်း။ ပါပဘိက္ခူတိဝါ၊ ပါပဘိက္ခုဟူ၍လည်းကောင်း။ မဟာစောရောတိဝါ၊ မဟာစောရဟူ၍လည်းကောင်း။ ဝုတ္တော၊ ဆိုအပ်၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။

ဒါယကေဟိ၊ ဒါယကာတို့သည်။ တေသံ၊ ထိုသို့သောဘောရှိသော။ အလဇ္ဇီ ဒုဿီလပါပ ဘိက္ခူမဟာစောရေ၊ အလဇ္ဇီ-ဒုဿီလ-ပါပဘိက္ခု-မဟာစောရဟု ခေါ်ဝေါ်အပ်သောရဟန်း၌။ ဒဿသု၊ ဆယ်ပါးကုန်သော။ ဥပါသကာဂုဏေသု၊ ဥပါသကာဂုဏ်တို့တွင်၊ ဇိနသာသန ပရိဟာနိံ၊ မြတ်စွာဘုရားသခင်၏ သာသနာတော် ဆုတ်ယုတ်သည်ကို။ ဒိသွာ၊ မြင်၍။ ဝုတ္တံ၊ စည်ပင်ပြန့်ပွားအောင်။ ဝါယမတိ၊ အားထုတ်၏။ ဣတိ၊ ဤသို့။ ဝုတ္တာ၊ ဆိုအပ်သော။ စတုတ္ထ ဥပါသကဂုဏသ၊ စတုတ္ထဥပါသကာဂုဏ်အား။ အနုရူပံ၊ လျော်စွာ။ ယထာ၊ အကြင်

အခြင်းအရာအား‌ဖြင့်။ သော၊ထိုရဟန်းသည်။ အလဇ္ဇဒုဿီလ ပါပဘိက္ခု မဟာစောရအဖြစ်မှ။ မုစ္စတိ၊ လွတ်၏။ တထာ၊ ထိုအခြင်းအရာအား‌ဖြင့်။ ပဋိပဇ္ဇတဗ္ဗံ၊ ကျင့်အပ်၏။

စ၊ ဆက်၍ဆိုဦး‌အုံ့။ သော၊ ထိုအလဇ္ဇ-ဒုဿီလ-ပါပဘိက္ခု-မဟာစောရ ရဟန်းသည်။ ဝဇ္ဇကမ္မနက္ခတ္တကမ္မကသိဝါဏိဇ္ဇကမ္မာဒီသု၊ ဆေးကုခြင်း၊ ဗေဒင်ဟောခြင်း၊ လယ်လုပ်-ကုန်သွယ်ခြင်းအမှုစသည်တို့၌။ ပသုတော၊ လေ့လာ၏။ ပရိယတ္တိပဋိပတ္တိသု၊ ပရိယတ်-ပဋိပတ်တို့၌။ နပသုတော၊ မလေ့လာ။ တသ္မာ၊ ထို့ကြောင့်။ သော၊ ထိုအလဇ္ဇီ-ဒုဿီလ-ပါပဘိက္ခု-မဟာစောရသည်။ ပရိယတ္တိယာပိ၊ ပရိယတ်မှလည်း။ ဟာယတိ၊ ဆုတ်ယုတ်၏။ ပဋိပတ္တိယာမိ၊ ပဋိပတ်မှလည်း။ ဟာယတိ၊ ဆုတ်ယုတ်၏။ တပ္ပရိဟာနိ ံ၊ ထိုပရိယတ်-ပဋိပတ်မှ ဆုတ်ယုတ်သည်ကို။ ယေဒါယကာ၊ အကြင်ဒါယကာတို့သည်။ ပဿန္တိပိ၊ မြင်လည်း-မြင်ကုန်၏။ သုဖောန္တိပိ၊ ကြားလည်း‌ကြားကုန်၏။

တေဟိ၊ ထိုဒါယကာတို့သည်။ ဘန္တေ၊ အရှင်ဘုရား‌တို့။ တုမ္ဟေ၊ အရှင်ဘုရား‌တို့သည်။ တေသု ဝဇ္ဇကမ္မာဒီသု၊ ထိုဆေးကုခြင်းအမှုစသည်တို့၌။ ပသုတာ၊ လေ့လာကုန်သည်။ ဟုတ္ဝာ၊ ဖြစ်၍။ ဘဂဝတာ၊ မြတ်စွာဘုရား‌သခင်သည်။ ပညတ္တံ၊ ပညတ်တော်မူအပ်သော။ ခုဒ္ဒါနုခုဒ္ဒကသိက္ခာပဒံ၊ ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ်တော်ကို။ ဘိန္ဒိတ္ဝာ၊ ဖျက်ဆီး၍။ ပရိယတ္တိ ပဋိပတ္တိ ံ၊ ပရိယတ်-ပဋိပတ်ကို။ မာဟာပေထ၊ မဆုတ်ယုတ်စေကြပါ‌ကုန်လင့်။ မောဃကာလံ၊ အချည်း‌နှီး‌သော‌ကာလကို။ ခေပေတ္ဝာ၊ ကုန်စေ၍။ ‹သပရိဝါရံ၊ အခြံအရံတို့နှင့်တကွ။ အပါယံ၊ အပါယ်သို့လည်း။ မာဂမယိတ္ထ၊ မသွား‌ကြပါကုန်လင့်။ တုမ္ဟေ၊ အရှင်ဘုရား‌တို့သည်။ အမှာကံ၊ အကျွန်ုပ်တို့၏။ သဒ္ဓံစ၊ သဒ္ဓါတရား‌ကိုလည်း။ မာဒူသေထ၊ မဖျက်ဆီး‌ကြပါကုန်လင့်။

သာသနေ၊ သာသနာတော်၌။ ကစဝရံစ၊ အမှိုက်ကိုလည်း။ မာသြကိရေထ၊ မဖြန့်ကြဲကြပါကုန်လင့်။ ပရိယတ္တိ ပဋိပတ္တိ ံ၊ ပရိယတ်-ပဋိပတ်ကို။ ဝုစ္စာပေထ၊ ပွား‌စေကြပါကုန်လော့။ အာမိသမေဝ၊ ဆွမ်း‌စသော-အာမိသကိုသာလျှင်။ မာဝုစ္စာပေထ၊ မပွား‌ကြ‌စေကုန်လင့်။ ဣတိအာဒိနာ၊ ဤသို့စသည်ဖြင့်။ ယဿာဗလံ၊ အစွမ်း‌ရှိသလော်။ သင်္ကော်၊ ချိုသာသော‌စကား‌ဖြင့်။ ဝတ္ဝာ၊ ပြော‌ဆို၍။ အလဇ္ဇီ ဒုဿီလပါပဘိက္ခု မဟာစောရဘာဝတော၊ အလဇ္ဇီ-ဒုဿီလ-ပါပဘိက္ခု-မဟာစောရအဖြစ်မှ။ မောစနတ္ထာယ၊ လွတ်မြောက်ခြင်း‌အကျိုး‌ငှာ။ ဝါယမိတဗ္ဗံ၊ အား‌ထုတ်အပ်၏။

သင်္ကော်၊ နူးနူးညံ့ညံ့ဖြင့်။ မောစာပေတုံ၊ လွတ်စေခြင်း‌ငှာ။ နောစသင်္ကုဏေယျ၊ အကယ်၍-မတတ်နိုင်ငြား‌အံ့။ တုမ္ဟေ၊ အရှင်ဘုရား‌တို့သည်။ ဣဒံ၊ ဤ-သဘောရှိသော။ ဝဇ္ဇကမ္မနက္ခတ္တကမ္မာဒိကံ၊ ဆေးကုခြင်း၊ ဗေဒင်ဟောခြင်း‌စသော။ မဟာစောရကမ္မံ၊ ခိုး‌သူကြီးအမှုကို။ သစေကရေယျာထ၊ အကယ်၍ပြုကုန်သည်ဖြစ်အံ့။ မယံ၊ အကျွန်ုပ်တို့သည်။ အယ္ယေ၊ အရှင်ဘုရား‌တို့ကို။ နေဝအာဘိဝန္ဒာမ၊ ရှိမခိုး‌ကုန်အံ့။ နုပစ္စုပဋ္ဌေမ၊ ခရီး‌ဦး မကြို‌ဆိုကုန်အံ့။ အဉ္ဇလီကမ္မံ၊လက်အုပ်ချီခြင်းကို။ သာမီစိကမ္မံ၊ အရိုအသေမှုကို။ နကရောမ၊၊ မပြုကုန်အံ့။ နသက္ကရောမ၊ ကောင်း‌စွာမပြုကုန်အံ့။ နဂရုံကရောမ၊ အလေးမပြုကုန်အံ့။ နမာနေမ၊ မမြတ်နိုး‌ကုန်ဗျ့။ နဘဇေမ၊ မဆည်းကပ်ကုန်အံ့။ နပူဇေမ၊ မပူဇော်ကုန်အံ့။ ကုလံ၊ အိမ်သို့။

ဥပဂတာနံ၊ ဥပ်ာရောက်လာကုန်သော အရှင်တို့အား။ ပိဏ္ဍိကပ္ပိ၊ ဆွမ်းမျက်လည်း။ နဒေမ၊ မပေးလှူကုန်အံ့။

ဣတိ၊ ဤသို့။ ဝတ္ဝာ၊ ဆို၍။ ကောသမ္ဗကာနံ၊ ကောသမ္ဗီပြည်သားဖြစ်ကုန်သော။ ဥပါသကာနံဝိယ၊ ဥပါသကာတို့၏ကဲ့သို့။ ဇိနသာသနဝုဒ္ဓိဗျာသယေဟိ၊ မြတ်စွာဘုရားသခင်၏ သာသနာတော်မြတ်၏ ကြီးပွားခြင်းကို အလိုရှိကြကုန်သဖြင့်။ အလင်္ဃိနံ၊ အလင်္ဃိပုဂ္ဂိုလ်တို့၏။ သံဝေဂတ္ထာယ၊ ထိတ်လန့်စေခြင်းအကျိုးငှာ။ အာဘိဝါဒနာဒီနိ၊ ရှိခိုးခြင်း စသည်တို့ကို။ အကတ္ဝာ၊ မပြုမူ၍။ ဖရုဿနာပိ၊ ကြမ်းထမ်းသောစကားဖြင့်လည်း။ တေဇေတ္ဝာ၊ ခြိမ်းခြောက်၍။ အလင်္ဃိဒုဿီလ ပါပဘိက္ခူ မဟာစောရဘာဝတော၊ အလင်္ဃိ-ဒုဿီလ-ပါပဘိက္ခူ မဟာစောရအဖြစ်မှ။ မောစနတ္ထာယ၊ လွတ်စေခြင်းငှာ။ ဝါယမိတပ္ပံ၊ အားထုတ်အပ်၏။ ကောသမ္ဗကာနံ၊ ကောသမ္ဗီပြည်သားဖြစ်ကုန်သော။ ဥပါသကာနံ၊ ဒါယကာတို့၏။ အတ္ထုပ္ပတ္တိ၊ အတ္ထုပ္ပတ်သည်။ မဟာဝဂ္ဂေ၊ မဟာဝဂ်၌။ ကောသမ္ဗကခန္ဓကေ၊ ကောသမ္ဗကခန္ဓကဉ္စ်။ အာဂတာ၊ လာ၏။

ကဿပသမ္မာသမ္ဗုဒ္ဓဿ၊ ကဿပမြတ်စွာဘုရားသခင်၏။ သာသနဿ၊ သာသနာတော်၏။ ဩသက္ကနကာလေ၊ ဆုတ်ယုတ်သောအခါ၌။ ဘိက္ခူ၊ ရဟန်းတို့သည်။ ဧကဝိသတိယာ အနေသနာယ၊ နှစ်ဆယ့်တပါးသော မအပ်သောရှာမှီးခြင်းဖြင့်။ ဇီဝိတံ၊ အသက်ကို။ ကပ္ပေန္တိ၊ မွေးမြူကြကုန်၏။ ဘိက္ခူ၊ ရဟန်းတို့သည်။ ဂိဟိသံသဂ္ဂံ၊ လူတို့နှင့် မအပ်သော ရောနှောခြင်းကို။ ကဒရောန္တိ၊ ပြုကြကုန်၏။ ဘိက္ခုနိယော၊ ရဟန်းမိန်းမတို့သည်။ ဂိဟိသံသဂ္ဂံ၊ လူတို့နှင့် မအပ်သော ရောနှောခြင်းကို။ ကရောန္တိ၊ ပြုကြကုန်၏။

ဘိက္ခူ၊ ရဟန်းတို့သည်။ ဘိက္ခုဓမ္မံ၊ ရဟန်းတရားကို။ ပိသဇ္ဇေသုံ၊ စွန့်ကြကုန်၏။ ဘိက္ခုနိယော၊ ရဟန်းမိန်းမတို့သည်။ ဘိက္ခုနိဓမ္မံ၊ ဘိက္ခုနီမတရားကို။ ဥပါသကာ၊ ဒါယကာတို့သည်။ ဥပါသကဓမ္မံ၊ ဒါယကာတို့၏တရားကို။ ပြဟ္မဏာ၊ ပုဏ္ဏားဟုံသည်။ ပြဟ္မဏဓမ္မံ၊ ပုဏ္ဏားတို့၏တရားကို။ ဝိသဇ္ဇေသုံ၊ စွန့်ကြကုန်ပြီ။ ယေဘုယျေန၊ များသောအားဖြင့်။ မနုဿာ၊ လူတို့သည်။ ဒသအကုသလ ကမ္မပထေ၊ ဆယ်ပါးကုန်သော အကုသလကမ္မပထတရားတို့ကို။ သမာဒါယ၊ ဆောက်တည်ကုန်၍။ ဝတ္တယိံသု၊ ကျင့်ကြကုန်ပြီ။ မတဧတာ၊ သေကုန် သေကုန်သောသူတို့သည်။ အပါယေသု၊ အပါယ်ဘုံတို့၌။ ပရိပူရေသုံ၊ ဖြစ်ကြကုန်ပြီ။ သဂ္ဂမဂ္ဂါ၊ နတ်ရွာခရီးတို့သည်။ ကုစ္ဆိန်၊ အချည်းနှီးဖြစ်ကုန်၏။

တဒါ၊ ထိုအခါ၌။ အမှာကံ၊ ငါတို့၏။ ပေါမိသတ္တော၊ ဘုရားအလောင်းဖြစ်တော်မူသော။ ဒေဝရာဇာ၊ နတ်တို့၏မင်းဖြစ်သော။ သက္ကော၊ သိကြားသည်။ မနုဿာနံ၊ လူတို့၏။ အပါယေသု၊ အပါယ်ဘုံတို့၌။ နိဗ္ဗတ္တိတဘာဝံ၊ ဖြစ်သောအဖြစ်ကို။ ဉတ္ဝာ၊ သိ၍။ ဩသက္ကိတံ၊ ဆုတ်နစ်သော။ သတ္ထုသာသနံ၊ မြတ်စွာဘုရားသခင်၏ သာသနာတော်ကို။ ဒိသ္ဝာ၊ မြင်၍။ မာတလိဒေဝပုတ္တံ၊ မာတလိနတ်သားကို။ မောစပေမာဏဒါဠံ၊ ငှက်ပျောဖူးမျှ ပမာဏ အစွယ်ရှိသော။ ဘယာနကံ၊ ကြောက်မက်ဖွယ်ရှိသော။ ဂဇ္ဇံ၊ နှိ၊ ကိုယ်စန်ဆောင်မိန်းမသည်။ ဒဿနေနေဝ၊ မြင်ကာမျှဖြင့်သာလျှင်။ ဂဇ္ဇပါတန သမတ္ထံ၊ ကိုယ်ဝန်ကျနိုင်လောက်

သော ကြမ်းတမ်းသော အဆင်းရုပ်ဝါရှိသော။ အာဇာနေယျပုဗ္ဗမာဏံ၊ အာဇာနည်မြင်းပမာဏရှိသော။ ကဏ္ဍသုနခံ၊ ခွေးနက်ကြီးဟန်ကို။ မာပေတ္ဝာ၊ ဖန်ဆင်းစေ၍။ သယံ၊ မိမိသည်။ ဝနစာရကံဝေသံ၊ မုဆိုးအသွင်ကို။ ဂဟေတ္ဝာ၊ ယူ၍။ ဗာရာဏသိံ၊ ဗာရာဏသီပြည်သို့။ ဥသိနကံရညော၊ ဥသိနကမင်းကြီး၏။ နံဝေသနံ၊ နှိုးတော်သို့။ ဂန္တွာ၊ သွား၍။ ဒေဝ၊ ကာသိတိုင်းရှင်ဘုရင် ဥသိနကမင်းကြီး-

(၁) ပတ္တဟတ္ထာ၊ သပိတ်လက်စဲ့ကြကုန်သော။ မုဏ္ဍာ၊ ဦးပြည်းကုန်သော။ ဝါ၊ ခေါင်းတုံးကုန်သော။ သံဃာဋိပါရုတာ၊ ကုယ်ဝတ်-ဒုကုဋ်ရုံကုန်သော။ သမဏာကာ၊ ရဟန်းယုတ်တို့သည်။ နင်္ကံလေန၊ ထွန်တုံးဖြင့်။ ကသိဿန္တိ၊ လယ်ယာထွန်ကုန်လတ္တံ့။ တေဒုဿီလာ၊ ထိုဒုဿီလရဟန်းတို့သည်။ အမ်ှတ္တံဂ၊ ရန်သူမည်ကုန်၏။ ယဒါ၊ အကြင်အခါ၌။ မမ၊ ငါ၏။ သုနခေါ၊ ခွေးနက်သည်။ တေဒုဿီလေ၊ ထိုဒုဿီလရဟန်းတို့ကို။ မာရေတ္ဝာ၊ သတ်၍။ မံသံ၊ အသားကို။ ခါဒိတုကာမော၊ စားလိုသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ တဒါ၊ထိုအခါ၌။ ကဏ္ဍော၊ ခွေးနက်ကြီးသည်။ ပမောက္ခတိ၊ ငါးစင်းသောကြိုးအဖွဲ့မှ လွတ်လတ္တံ့။

(၂) တပနိယာ၊ ပူပန်သောအကျင့်ရှိကုန်သော။ မုဏ္ဍော၊ ဦးပြည်းကုန်သော။သံဃာဋိပါရုတာ၊ ကိုယ်ဝတ်ဒုကုဋ်ရုံကုန်သော။ ပဗ္ဗဇိတာ၊ ရဟန်းတူသည်။ ယဒါ၊ အကြင်အခါ၌။ လောကော၊ လောက၌။ ဂမိဿန္တိ၊ ကာမဂုဏ်ငါးကို လိုက်စားသောအားဖြင့် သွားလာကုန်လတ္တံ့။ တဒါ၊ ထိုအခါ၌။ ကဏ္ဍော၊ ခွေးနက်ကြီးသည်။ ပမောက္ခတိ၊ ငါးစင်းသောကြိုးအဖွဲ့မှ လွတ်လတ္တံ့။

(၃) ဒီဃေဟ္တာရောဋ္ဌာ၊ ရှည်သော အထက်နှုတ်ခမ်းရှိကုန်သော။ ပင်္ဂဒန္တာ၊ သွားချွန်းကပ်သော သွားရှိကုန်သော။ ရဇသိရာ၊ မြူဖြင့်ပြွမ်းသော ဦးခေါင်းရှိကုန်သော။ ဇဋိလာ၊ ရှေ့တို့သည်။ ကဏှံ၊ ကြွေးမြီကို။ စောဒယိယ၊ တောင်း၍။ ဝါ၊ တောင်းခြင်းငှာ။ ဂစ္ဆန္တိ၊ သွားလာကြကုန်လတ္တံ့။ တဒါ၊ ထိုအခါ၌။ ကဏ္ဍော၊ ခွေးနက်ကြီးသည်။ ပမောက္ခတိ၊ ငါးစင်းသောကြိုးအဖွဲ့မှ လွတ်လတ္တံ့။

(၄) ပြပ္ဖဏာ၊ပုဏ္ဏားတို့သည်။ ဝေဒဠူ၊ ဗေဒင်ကိုလည်းကောင်း။ သာဝဏ္ဍိံ၊သာဝတ္ထိကျမ်းကိုလည်းကောင်း။ ယညတန္တဉ္စ၊ ယဇ်အစီအရင်ဆိုင်ရာ ကျမ်းကိုလည်းကောင်း။ အဓီစ၊ သင်၍။ ဘာဘိကာယ၊ အခစားသဖြင့်။ ယဒါ၊ အကြင်အခါ၌။ ယဇိဿန္တိ၊ ယဇ်ပူဇော်ကြကုန်လတ္တံ့။ တဒါ၊ ထိုအခါ၌။ ကဏ္ဍော၊ ခွေးနက်ကြီးသည်။ ပမောက္ခတိ၊ ငါးစင်းသောကြိုးအဖွဲ့မှ လွတ်လတ္တံ့။

(၅) ဇိဏ္ဏကံ၊ အိုမင်းသော။ ဂတဉယာဗ္ဗနံ၊ ကြွေးသောအရွယ်သို့ ရောက်ပြီးသော။ မာတရဉ္စ၊ အမိကိုလည်းကောင်း။ ပိတရဉ္စ၊ အဖကိုလည်းကောင်း ပဟုသန္တော၊ ကျွေးမွေးနိုင်ကုန်သည်ဖြစ်သျှင်။ ယဒါ၊အကြင်အခါ၌။ နဘုရန္တိ၊ မကျွေးမွေးကုန်။ တဒါ၊ထိုအခါ၌။ ကဏ္ဍော၊ ခွေးနက်ကြီးသည်။ ပမောက္ခတိ၊ ငါးစင်းသော ကြိုးအဖွဲ့မှ လွတ်လတ္တံ့။

(၆) ဇိဏ္ဏကော၊ အိုမင်းကုန်သော။ဂတယောဗ္ဗနော၊ ကြီးရင့်သောအရွယ်သို့ ရောက်ကုန်သော။ မာတရဉ္စ၊ အမိကိုလည်းကောင်း။ ပိတရဉ္စ၊ အဖကိုလည်းကောင်း။ တုမှေ၊ သင်တို့

သည်။ ဗာလာ၊ မိုက်ကုန်၏။ အမေ့၊ ငါတို့ကို။ ကိုဥ်ဓနုံ၊ စိုးစဉ်းသော။ ဝါ၊ တစုံတခု သော ဥစ္စာကို။ နဒေန္တိ၊ မပေးကုန်။ ဣတိ၊ ဤသို့။ ယဒါ၊ အကြင်အခါ၌။ ဝက္ခန္တိ၊ ဆိုကြကုန်လတ္တံ့။ တဒါ၊ ထိုအခါ၌။ ကဏ္ဟော၊ ခွေးနက်ကြီးသည်။ ပမောက္ခတိ၊ ငါးစင်းသော ကြိုးအဖဲ့မှ လွတ်လတ္တံ့။

(၇) အာစရိယဘရိယံ၊ ဆရာ၏မယားကိုလည်းကောင်း။ သခိံ၊ အဆွေငယ်ပုန်း၏ မယားကိုလည်းကောင်း။ မာတုလာနိံ၊ ဦးရီး၏မယားကိုလည်းကောင်း။ ပိတုစ္ဆကိံ၊ဘထွေး၏ မယားကိုလည်းကောင်း။ ယဒါ၊ အကြင်အခါ၌။ လောကော၊ လောက၌။ ဂမိဿန္တိ၊ လွန်ကျူးသွားလာကုန်လတ္တံ့။ တဒါ၊ ထိုအခါ၌။ ကဏ္ဟော၊ ခွေးနက်ကြီးသည်။ ပမောက္ခတိ၊ ငါးစင်းသော ကြိုးအဖဲ့မှ လွတ်လတ္တံ့။

(၈) ဗြာဟ္မဏော၊ ပုဏ္ဏားတို့သည်။ အသိစမ်း၊ သန်လျက်ကာကို။ ဂဟေတွာ၊ ကိုင်စွဲ၍။ ခဂ္ဂံ၊ သန်လျက်ကို။ ပဂ္ဂယှ၊ မြှောက်၍။ ပန္ဆဃာတံ၊ ခရီးကိုဖြတ်၍ လုယက်ခြင်းကို။ ယဒါ၊ အကြင်အခါ၌။ ကရိဿန္တိ၊ ပြုကြကုန်လတ္တံ့။ တဒါ၊ ထိုအခါ၌။ ကဏ္ဟော၊ ခွေးနက်ကြီးသည်။ ပမောက္ခတိ၊ ငါးစင်းသောကြိုးအဖဲ့မှ လွတ်လတ္တံ့။

(၉) သုက္ကစ္ဆဝိံ၊ နွားငှက်-ကသယ် လိမ်းနယ်ခြင်းစသည်ဖြင့် စင်ကြယ်သော အရေအဆင်းရှိကုန်သော။ ထူလဗါဟူ၊ ဆူဖြိုးသော မောင်း လက်ရုံးရှိကုန်သော။ အပါတုဘာ၊ ဥစ္စာကိုဖြစ်စေခြင်းကင်းကုန်သော။ ဝေဓဝေရာ၊ မုဆိုးမကို အလိုရှိကုန်သော ယောကျ်ားတို့သည်။ မိဘ္ဘာဘေဒံ၊ အဆွေခင်မှုန်း(ပုန်း)ဖျက်ခြင်းကို။ ယဒါ၊ အကြင်အခါ၌။ ကရိဿန္တိ၊ ပြုကြကုန်လတ္တံ့။ တဒါ၊ ထိုအခါ၌။ ကဏ္ဟော၊ ခွေးနက်ကြီးသည်။ ပမောက္ခတိ၊ ငါးစင်းသော ကြိုးအဖဲ့မှ လွတ်လတ္တံ့။

(၁၀) မာယာဝိနော၊ မျက်မှောက်ထင်ထင် လှည့်ပတ်ကုန်သော။ နေကတိကာ၊ အာဂုပြု၍ လှည့်ပတ်ဘတ်ကုန်သော။ အသပူရိသစိန္တကာ၊ သူယုတ်မာတို့၏အကြံကို ကြံတတ်ကုန်သောသူတို့သည်။ ယဒါ၊ အကြင်အခါ၌။ လောကော၊ လောက၌။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ တဒါ၊ ထိုအခါ၌။ ကဏ္ဟော၊ ခွေးနက်ကြီးသည်။ ပမောက္ခတိ၊ ငါးစင်းသော ကြိုးအဖဲ့မှ လွတ်လတ္တံ့။

ဣတိ၊ ဤသို့။ ဒသဟိ၊ ဆယ်ခုကုန်သော။ ဣမာဟိဂါထာဟိ၊ ဤဂါထာတို့ဖြင့်။ သဒ္ဓန္တင္ဒေဘွာ၊ ခြိမ်းခြောက်၍။ ဣတောဘာ၊ ဤအခါမှ။ ပဋ္ဌာယ၊ စ၍။ အဓမ္မိကော၊ တရားနှင့် မညီကုန်သော။ ဝါ၊ တရားမကျင့်ကုန်သောသူတို့ကို။ သုနခံ၊ ခွေးနက်ကြီးကို။ အဟံ၊ ငါသည်။ ခါဒါပေဿာမိ၊ ကိုက်စားစေအံ့။ မဟာရာဇ၊ ကာသိတိုင်းမျင် ဘုရင်ညသိနက်မင်းကြီး။ တုံ ပိ၊ သင်သည်လည်း။ အပ္ပမတ္တော၊ မမေ့မလျော့။ ဟောဟိ၊ ဖြစ်လော့။ ဣတိ၊ဤသို့ဆို၍။

စတူဟိ၊ လေးပါးကုန်သော။ သတာရဟဂါထာဟိ၊ အဖိုးတရာစီ ထိုက်ကုန်သော သတာရဟဂါထာတို့ဖြင့်။ ဓမ္မံ ဒေသေတွာ၊ တရားဟော၍။ ဗဟုဿာနံ၊လူတို့ကို။ ဒါနသီလေသု၊

ဒါန သီလတို့၌။ ပတိဋ္ဌာပေတွာ၊ တည်စေ၍။ သြသက္ကိတသာသနံ၊ ဆုတ်နစ်ပြီးသောသာသနာကို။ အညံ၊ တပါးသော။ ဝဿသဟဿံ၊ အနှစ်တထောင်ပတ်လုံး။ ပဝတ္တာနသမတ္ထံ၊ ဖြစ်ခြင်းငှါ စွမ်းနိုင်သည်ကို။ ကတွာ၊ ပြု၍။ မာတုလိ၊ မာတလိနတ်သားကို။ အာဒါယ၊ ခေါ်၍။ သကဋ္ဌာနမေဝ၊ မိမိစံရာ။ တာဝတိံသာသို့သာလျှင်။ ဂတော၊ သွားပြီ။ အယံ၊ ဤဆို အပ်ခဲ့ပြီးသည်ကဲ့သား။ သခေ်ပေါ၊ အကျဉ်းတည်း။ ဝိတ္ထာရောပန၊ အကျယ်ကိုကဲ့သား။ ဒွါဒသနိပါတော၊ ဒွါဒသနိပါတ်၌။ မဟာကဏ္ဍဇာတကော၊ မဟာကဏ္ဍဇာတ်တော်၌။ ဝါ၊ ဇာတ်တော်မှ။ ဂဟေတဗ္ဗော၊ ယူအပ်၏။

ဧဝံ၊ ဤသို့။ ဗုဒ္ဓကုံရာဒယောပိ၊ ဘုရားအလောင်းတော် အစရှိကုန်သော သူတို့သည်လည်း။ သမ္မလောကတ္ထာယံ၊ အလုံးစုံသော လောက၏အကျိုးငှါ။ အလဇ္ဇီ ဒုဿီလ ပါပဘိက္ခုမဟာစောရေ၊ အလဇ္ဇီ-ဒုဿီလ-ပါပဘိက္ခု-မဟာစောရတို့ကို။ ဝေဇ္ဇေတွာ၊ ခြိမ်းခြောက်၍။ တဗ္ဘာဝတော၊ ထိုအလဇ္ဇီ-ဒုဿီလ-ပါပဘိက္ခု-မဟာစောရအဖြစ်မှ။ မောစာပေတိ၊ လွှတ်စေပြီ။

လံကာယံပိ၊ သီဟိုဠ်ကျွန်း၌လည်း။ ဂါဓာဘယောရာဇာ၊ ဂါဓာဘယမင်းသည်။ ဝေတုလ္လဝါဒီ အာဘယဂိရိဝါသိနော၊ ဝေတုလ္လဝါဒီ အာဘယဂိရိဂုဏ်းသားဖြစ်ကုန်သော။ အလဇ္ဇီနော၊ အလဇ္ဇီတို့ကို။ နိဂ္ဂဟေတွာ၊ နှိပ်၍။ သာသနံ၊ သာသနာတော်ကို။ သောဓာပေတိ၊ စင်ကြယ်စေပြီ။

အသိဂ္ဂါဟသီလာမေဃော၊ အသိဂ္ဂါဟသီလာမေဃ အမည်ရှိသော။ ရာဇာပိ၊ မင်းသည်လည်းကောင်း။ ပဌမ ကဿပရာဇာပိ၊ ပဌမ ကဿပမင်းသည်လည်းကောင်း။ ပဌမပရက္ကမဗာဟုရာဇာပိ၊ ပဌမ ပရက္ကမဗာဟု မင်းသည်လည်းကောင်း။ အလဇ္ဇီနော၊ အလဇ္ဇီတို့ကို။ နိဂ္ဂဟေတွာ၊ နှိပ်၍။ သာသနံ၊သာသနာတော်ကို။ သောဓာပေသိ၊ စင်ကြယ်စေပြီ။ ဝေဓမေဝ၊ ဤဆိုအပ်ခဲ့ပြီးကုန်သော ဘုရားအလောင်းသိကြား၊မင်းကောင်း မင်းမြတ်များတို့ကဲ့သို့။ ဥပါသကဂုဏ်၊ ဥပါသကာတို့ ရထိုက်သော ဂုဏ်ကို။ ဣစ္ဆန္တေဟိ၊ အလိုရှိကုန်သော ဒါယကာတို့သည်။ အလဇ္ဇီဒုဿီလပါပဘိက္ခုမဟာစောရဘယေန၊ အလဇ္ဇီဒုဿီလ ပါပဘိက္ခု မဟာစောရဘေးကြောင့်။ ဇီနသာသနပရိဟာနိ၊ မြတ်စွာဘုရား သာသနာတော်၏ ဆုတ်ယုတ်သည်ကို။ ဒိသွာ၊ မြင်၍။ အလဇ္ဇီဒုဿီလပါပဘိက္ခုမဟာစောရေ၊ အလဇ္ဇီ ဒုဿီလ ပါပဘိက္ခု မဟာစောရတို့ကို။ နိဂ္ဂဟေတွာ၊ နှိပ်၍။ ဝုစ္စတိ၊ စည်ပင်ပြန့်ပွားအောင်။ ဝါယမိတဗ္ဗံ၊ အားထုတ်အပ်၏။ အယံ၊ ဤဆိုအပ်ခဲ့ပြီးသည်ကား။ အဇ္ဇီပဂ္ဂလေသု၊ အလဇ္ဇီပုဂ္ဂိုလ်တို့၌။ ဒါယကောဟိ၊ ဒါယကာတို့သည်။ ပဋိပဇ္ဇနာကာရော၊ ကျင့်ရပုံ အခြင်းအရာတည်း။

ပန၊ အဖို့တပါးကိုဆိုဦးအံ့။ သေဝနာဒီသု၊ အလဇ္ဇီကို မှီဝဲခြင်းစသည်တို့၌။ ဝေါ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ တေ အလဇ္ဇီ ဒုဿီလပါပဘိက္ခု မဟာစောရေ၊ ထိုအလဇ္ဇီ ဒုဿီလ ပါပဘိက္ခုမဟာစောရတို့ကို။ ပဂ္ဂဟစိတ္တေန၊ ချီးမြှောက်လိုသောစိတ်နှင့်။ ဝါ၊စိတ်မှ။ ဝိနာ၊ ကင်း၍။ ကေဝလံ၊ သက်သက်။ အနုဒ္ဒယာယ၊ မေတ္တာသက်သဖြင့်။ အနုကမ္ပာယ၊ အစဉ်စောင့်ရှောက် သနားသဖြင့်။ သေဝိတုံ၊ မှီဝဲခြင်းငှာ။ ဘဇိတုံ၊ ဆည်းကပ်ခြင်းငှာ။ ပယိရုပါ-

သိတုံ့၊ ခစားခြင်းငှာ။ ဝန္ဒတိ၊ အပ်၏။ ပဂ္ဂဟစိတ္တေနုပန၊ ပဂ္ဂဟစိတ်ဖြင့်ကား။ နဝန္ဒတေဝ၊ မအပ်သည်သာလျှင်တည်း။ ဟိသစ္စံ၊ မှန်၏။ ပုဂ္ဂလပညတ္တိယံ၊ ပုဂ္ဂလပညတ် ပါဠိတော်၌။ တေရသမတိကေ၊ တေရသမတိက်၌။ ကတမောပုဂ္ဂလော နသေဝိတဗ္ဗော နဘဇိတဗ္ဗော နပယိရုပါသိတဗ္ဗော၊ ဣဓေကစ္စော ပုဂ္ဂလော ဟိနော ဟောတိ သီလေန သမာဓိနာ ပညာယ၊ ဧဝံ ရူပေါ ပုဂ္ဂလော နသေဝိတဗ္ဗော နဘဇိတဗ္ဗော နပယိရုပါသိတဗ္ဗော၊ အညတြ အနုဒယာ၊ အညဉ္ဉအနုကမ္ပာတိ၊ အနုကမ္ပာဟူ၏။ စုတ္တံ၊ ဟောတော်မူအပ်ပြီ။

ကတမေ၊ အဘယ်မည်သော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်ကို။ နသေဝိတဗ္ဗော၊ မမှီဝဲအပ်သနည်း။ နဘဇိတဗ္ဗော၊ မဆည်းကပ်အပ်သနည်း။ နပယိရုပါသိတဗ္ဗော၊ မခစားအပ်သနည်း။ ဣမ၊ ဤလောက၌။ ဧကစ္စော၊ အချို့သော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ သီလေန၊ သီလဖြင့်။ ဝါ၊ သီလမှ။ ဟီနော၊ ယုတ်၏။ သမာဓိနာ၊ သမာဓိဖြင့်။ ဝါ၊ သမာဓိမှ။ ဟီနော၊ ယုတ်၏။ ပညာယ၊ ပညာဖြင့်။ ဝါ၊ ပညာမှ။ ဟီနော၊ ယုတ်၏။ ဧဝရူပေါ၊ ဤသို့ သဘောရှိသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်ကို။ အနုဒယာ၊ မေတ္တာသက်ခြင်းကို။ အညတြ၊ ကြဉ်ထား၍။ နသေဝိတဗ္ဗော၊ မမှီဝဲအပ်။ နဘဇိတဗ္ဗော၊ မဆည်းကပ်အပ်။ နပယိရုပါသိတဗ္ဗော၊ မခစားအပ်။ ဤကား အနက်။

တိကအင်္ဂုတ္တရေပိ၊ တိကအင်္ဂုတ်တို့ရ်ပါဠိတော်၌လည်း။ တထာ၊ ထိုအတူ။ ဝုတ္တံ၊ ဟော တော်မူအပ်ပြီ။ ဧတ္ထ၊ ဤပါဠိတော် စကားရပ်၌။ အညတြအနုဒယာ၊ အညတြအနုကမ္ပါတိ-ပဒေန၊ အညတြအနုဒယာ၊ အညတြအနုကမ္ပါ ဟူသောပုဒ်ဖြင့်။ ဟိနသီလံ၊ ယုတ်သော သီလရှိသော။ တံ အလဇ္ဇီ၊ ထိုအလဇ္ဇီကို။ အနုဒယာယ၊ မေတ္တာသက်သဖြင့်။ အနုကမ္ပာယ၊ အစဉ်စောင့်ရှောက် သနားသဖြင့်။ ဝိသာသံကတ္ဝာ၊ အကျွမ်းဝင်သည်ကိုပြု၍။ သဟဓမ္မေန။ သိက္ခာပုဒ်တော်ဖြင့်။ စုစ္စမာနဿ၊ ဆိုအပ်သောစကားကို။ ဝါ၊ ဆိုအပ်သောငါ၏။ ဝစနံ၊ စကားကို။ အာဒိယိတ္ဝာ၊ လိုက်ယူနာခံ၍။ သဲလေန၊ သီလအားဖြင့်။ စုဗ္ဗိပ္ပတ္တော၊ ကြီးပွားခြင်းသို့ ရောက်သည်။ ဟုတ္ဝာ၊ ဖြစ်၍။ အလဇ္ဇီဘာဝတော၊ အလဇ္ဇီအဖြစ်မှ။ မောစေတ္ဝာ၊ လွတ်စေ၍။ အပါယ ဒုက္ခတော၊ အပါယ်ဆင်းရဲမှ။ မောစေတု၊ လွတ်ပါစေ။ ဣတိ၊ ဤသို့။ ဧတဿ၊ ထိုအလဇ္ဇီ၏။ သီလဗုဒ္ဓိယာ၊ သီလတိုးပွားစေခြင်းငှာ။ သေဝနာဒိကာတုံ၊ မှီဝဲခြင်းစသည်ကို ပြုခြင်းငှာ။ ဝန္ဒတေဝ၊ အပ်သည်သာလျှင်တည်း။ ဣတိ၊ ဤသို့။ ဒဿေတိ၊ ပြတော်မူ၏။ တေနဟိ၊ ထို့ကြောင့်သာလျှင်။ အင်္ဂုတ္တရဋ္ဌကာယံ၊ အင်္ဂုတ်တို့ရ်ဋ္ဌကာ၌။ အနုဒယာတိ မေတ္တာပုဗ္ဗဘာဂေါ ဥပသက်မိတုံ ဝန္ဒတိတိ ဧတဿ သီလေန အဘိဗုဒ္ဓိ ဘဝိဿတီတိ ဥပကာရတ္ထံ၊ ဥပသေဝနာဒိ ဝန္ဒတိတိ၊ ဝန္ဒတုံ ဟူ၍။ ဝုတ္တံ၊ မိန့်ဆိုတော်မူအပ်ပြီ။

အနုဒယာတိ၊ အနုဒယာ ဟူသည်ကား။ မေတ္တာပုဗ္ဗဘာဂေါ၊ ရှေးအဖို့ရှိသော မေတ္တာတည်း။ ဥပသက်မိတုံဝန္ဒတိတိ၊ ဝန္ဒတိဟူသည်။ ဧတဿ၊ ထိုယုတ်သော သီလရှိသော အလဇ္ဇီအား။ ဝါ၊ အလဇ္ဇီ၏။ သီလေန၊ သီလအားဖြင့်။ အဘိဗုဒ္ဓိ၊ ကြီးပွားခြင်းသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့။ ဥပကာရတ္ထံ၊ ကျေးဇူးပြုခြင်းငှာ။ ဥပသေဝနာဒိ၊ မှီဝဲခြင်းအစရှိသည်သည်။ ဝန္ဒတိ၊ အပ်၏။ ဤကား-ဋ္ဌကာ၏အနက်။

ဝေံ၊ ဤသို့။ ကေဿ အလဇ္ဇီပုဂ္ဂလဿ၊ တယောက်သော အလဇ္ဇီ ပုဂ္ဂိုလ်ကို။ အနုဒယာယ၊ မေတ္တာသက်သဖြင့်။ တဿ၊ ထိုအလဇ္ဇီတယောက်၏။ သီလာဒိဝုဒ္ဓိပတ္တိယာ၊ သီလ၏ကြီးပွားခြင်းသို့။ ဝါ၊ သီလအားဖြင့် ကြီးပွားခြင်းသို့ ရောက်ခြင်းငှာ။ အလဇ္ဇီသေဝနဿ၊အလဇ္ဇီကို မှီဝဲခြင်း၏။ အနဝဇ္ဇနတော၊ အပြစ်မရှိခြင်းကြောင့်။ သဗ္ဗလောကဟိတတ္ထံဝါ၊ အလုံးစုံသော လောက၏အကျိုးငှာ လည်းကောင်း။ သာသနာဘိဝုဒ္ဓျတ္ထံဝါ၊ သာသနာတော်၏ ကြီးပွားခြင်းငှာလည်းကောင်း။သဟ္ဘဓမ္မေန၊ သိက္ခာပုဒ်တော်ဖြင့်။ ဝုစ္စမာနကာမေဝ၊ ပြောဆိုခြင်းကို အလိုရှိသည်။ ဟုတ္ဝာ၊ ဖြစ်၍။ သေဝနေ၊ မှီဝဲခြင်း၌။ ဝတ္တာပဗ္ဗမေဝ၊ ဆိုဖွယ်သည်သာလျှင်။ နတ္ထိ၊ မရှိ။ စဋ္ဌတေဝ၊အပ်သည်သာလျှင်တည်း။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

ပန၊ မအပ်သည်ကို ဆိုဦးအံ့။ အဂတိဂမနဝသေန၊ မလားအပ်သည်သို့ လားသည်၏အစွမ်းအားဖြင့်။ တဒလဇ္ဇီ၊ ထိုအလဇ္ဇီကို။ ပဂ္ဂဏှတော်ကာမတာယ၊ ချီးမြှောက်လိုသည်၏အဖြစ်ဖြင့်။ သေနာဝဒိကာတုံ၊ မှီဝဲခြင်းစသည်ကို ပြုခြင်းငှာ။ သဗ္ဗသော၊ အခြင်းခပ်သိမ်း။ နကပ္ပတိ၊ မအပ်၊ သစေ သေဝေယျ၊ အကယ်၍ မှီဝဲငြားအံ့။ သာသနံ၊ သာသနာတော်ကို။ အန္တရဓာပေတိနာမ၊ ကွယ်ပျောက်စေသည် မည်၏။ တေန၊ ထို့ကြောင့်။ ဝိမတိဝိနောဒနီယံ၊ ဝိမတိ ဝိနောဒနီ ဋီကာ၌။ အလဇ္ဇီနော ဝဏ္ဏဘဏနလာဘံ ပဋိစ္စ အာမိသ ဂရုကတာယဝါ၊ ဂေဟသိတပေမေနဝါ၊ တံ အလဇ္ဇီ ပဂ္ဂဏှန္တော လဇ္ဇီသာသနံ အန္တရဓာပေတိနာမာတိ၊ နာမ ဟူ၍။ အာဟ၊ မိန့်တော်မူပြီ။

အလဇ္ဇီနော၊ အလဇ္ဇီပုဂ္ဂိုလ်၏။ ဝဏ္ဏဘဏနလာဘံ၊ ချီးမွမ်းခြင်းကို ရခြင်းငှာ လည်းကောင်း။ အာမိသ ဂရုကတာယဝါ၊ ပစ္စည်းအာမိသကို အလေးပြုအပ်သည်၏ အဖြစ်ဖြင့် လည်းကောင်း။ ဂေဟသိတ ပေမေနဝါ၊ ဂေဟသိတ ပေမဖြင့်လည်းကောင်း။ တံ အလဇ္ဇီံ၊ ထို အလဇ္ဇီကို။ ပဂ္ဂဏှန္တော၊ ချီးမြှောက်သောသူသည်။ လဇ္ဇီသာသနံ၊ လဇ္ဇီသာသနာကို။ အန္တရဓာပေတိနာမ၊ ကွယ်ပျောက်စေသည် မည်၏။ ဤကား ဋီကာ အနက်။

ဟိ သစ္စံ၊ မှန်၏။ တ္ထေ၊ ဤအရာ၌။ ဒေဝဒတ္တံ၊ ဒေဝဒတ်ကို။ သေဝန္တော၊ မှီဝဲကြကုန်သော။ ကောကာလိကာ ဒယော၀၊ ကဲ့ကာလိက အစရှိကုန်သော သူတို့သည်လည်းကောင်း။ ကပိလဘိက္ခုံ၊ ကပိလရဟန်းကို။ သေဝန္တော၊ မှီဝဲကြကုန်သော။ တဿ၊ ထို ကပိလရဟန်း၏။ ဥတ်မိတ္တာဒယော၀၊ ဆွမျိုး မိတ်သင်္ဃ အစရှိကုန်သော သူတို့သည် လည်းကောင်း။ နိဒဿနာ၊ ပြည့်နှန်းစရာ သက်သေတို့တည်း။

စ၊ ဆက်၍ဆိုဦးအံ့။ တ္ထေ၊ ဤအရာ၌။ တဒလဇ္ဇီံ၊ ထိုသီလ ညစ်နွမ်းသော အလဇ္ဇီရဟန်းကို။ ပေမေနဝါ၊ ချစ်သဖြင့်လည်းကောင်း။ အာမိသ ဂရုကတာယဝါ၊ ပစ္စည်းအာမိသကို အလေးပြုသဖြင့် လည်းကောင်း။ ပဂ္ဂဟစိတ္တေန၊ ပဂ္ဂဟစိတ်ဖြင့်။ သေဝန္တော၊ မှီဝဲသော သူသည်။ ဆန္ဒာဂတိံ၊ ချစ်သဖြင့် မလားအပ်သည်ကို။ ဂစ္ဆတိနာမ၊ လားသည်မည်၏။ သိက္ခာ

ကာမံ၊ သိက္ခာသုံးပါးကို အလိုရှိသော။ လဇ္ဇီ၊ မကောင်းမှုမှ ရှက်တတ်သော။ ပေသလံ၊ သီလကိုချစ်သော ရဟန်းကို။ ကုဇ္ဈိတ္ဝာ၊ အမျက်ထွက်၍။ တံ၊ ထို အလဇ္ဇီကို။ ပဂ္ဂဟစိတ္တေန၊ ပဂ္ဂဟစိတ်ဖြင့်။ သေဝန္တော၊ မှီဝဲသောသူသည်။ ဒေါသဝဂတိံ၊ မုန်းသဖြင့် မလားအပ်သည်သို့။ ဂစ္ဆတိနာမ၊ လားသည်မည်၏။

အယံ ဘိက္ခု၊ ဤရဟန်းသည်။ လဇ္ဇီ၊ လဇ္ဇီတည်း။ ဒုယံ ဘိက္ခု၊ ဤရဟန်းသည်။ အလဇ္ဇီ၊ အလဇ္ဇီတည်း။ ဤတိ၊ ဤသို့။ အဝိစိနိတ္ဝာဝ၊ မရွေးချယ်ပဲ လည်းကောင်း။ အနုပ ပရိက္ခိတ္ဝာဝ၊ ဉာဏ်ဖြင့် မစူးစမ်း မဆင်ခြင်ပဲ လည်းကောင်း။ အလဇ္ဇိနာ၊ အလဇ္ဇီရဟန်းသည်။ ကတံ၊ ပြုအပ်သော။ အယုတ္တံ၊ မသင့်သော။ အဿာမဏကံ၊ ရဟန်းတို့၏ အမှုအရာ မဟုတ်သည်ကို။ ပဿန္တောယေဝ၊ မြင်လျက်သာလျှင်။ သုဏန္တောယေဝ၊ ကြားလျက်သာလျှင်။ အယံ၊ ဤအမှုသည်။ သမဏကံ၊ ရဟန်းတို့ ပြုအပ်သော အမှုအရာတည်း။ ဝါ၊ အမှုတည်း။ ဤတိ၊ ဤသို့။ မညိတ္ဝာဝ၊ မိစ္ဆာဉာဏ်ဖြင့် မှတ်ထင်၍ လည်းကောင်း။ တံ၊ ထိုအလဇ္ဇီကို။ ပဂ္ဂဟစိတ္တေန၊ ပဂ္ဂဟစိတ်ဖြင့်။ သေဝန္တော၊ မှီဝဲသောသူသည်။ ဒေါသဝဂတိံ၊ မုန်းသဖြင့် မလားအပ်သည်သို့။ ဂစ္ဆတိနာမ၊ လားသည်မည်၏။ ဗလဝနိဿိတံ၊ အားရှိသူကို အမှီရသော။ ရာဇာဒိဝလ္လဘံ၊ မင်း အစရှိသောသူနှင့် အကျွမ်းဝင်သော။ အလဇ္ဇိံ၊ အလဇ္ဇီကို။ အသေဝန္တော၊ မမှီဝဲသည်ရှိသော်။ ဧသော၊ ဤအလဇ္ဇီသည်။ မမ၊ ငါ၏။ အနတ္ထံ၊ အကျိုးမရှိသည်ကို။ ကဒရယျ၊ ပြုတန်ရာ၏။ ဤတိ၊ ဤသို့။ ဒဠှပ္ပံ၊ မှတ်အပ်၏။ ဤတိ၊ ဤကား အပြီးသတ်ပြီ။ ဧတ္တဝတာ၊ ဤမျှသောစကားဖြင့်။ စတုတ္ထပညော၊ စတုတ္ထပြဿနာကို။ သုဝိသဇ္ဇိတော၊ ကောင်းစွာ ဖြေဆိုအပ်ပြီ။ စတုတ္ထဝိသဇ္ဇနာ အနက်ပြီး၏။

(၅) တေသံ၊ ထိုအလဇ္ဇီ ပုဂ္ဂိုလ်တို့အား။ စီဝရာဒိ ပစ္စယေဟိ၊ သင်္ကန်းအစရှိကုန်သော ပစ္စည်းတို့ဖြင့်။ ဥပထမ္ဘိတုံ၊ထောက်ပံ့ခြင်းငှာ။ ယုတ္တံ၊ သင့်သည်။ ဟောတိ ဝါ၊ ဖြစ်ပါ၏လော။ ဥဒါဟု၊ ထိုသို့မဟုတ်။ အယုတ္တံ၊ မသင့်ပါသလော။ ဤတိ၊ ဤသို့။ ယံ ပန ပဥှံ၊ အကြင် ပြဿနာကို။ ပုစ္ဆိတံ၊ မေးအပ်ပြီ။ တံ၊ ထိုပြဿနာကို။ ဝိသဇ္ဇိယတေ၊ ဖြေဆိုအပ်၏။

ယော ပန၊အကြင် ရဟန်းသည်ကား။ ခုဒ္ဒါနုခုဒ္ဒက သိက္ခာပဒါနိ၊ ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်ဘော်တို့ကို။ ဝိဘိက္ခမန္တော၊ လွန်ကျူးသည်ဖြစ်၍။ စတုတ္ထေ၊ စတုတ္ထဝိသဇ္ဇနာ၌။ ဝုတ္တနယေန၊ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်။ အလဇ္ဇိ ဒုဿီလ ပါပဘိက္ခု မဟာစောရဘာဝံ၊ အလဇ္ဇီ- ဒုဿီလ ပါပဘိက္ခု မဟာစောရ၏ အဖြစ်သို့။ ပါပုဏာတိ၊ ရောက်၏။ တသော၊ ထိုရဟန်းကိုသာလျှင်။ ဥဒ္ဒိဿ၊ ရည်၍။ ဝုတ္တနယေန၊ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်။ အဂတိ-ဂမနံ၊ မလားအပ်သည်သို့ လားခြင်းသို့။ ဂစ္ဆန္တော၊ လားလျက်။ ပဂ္ဂဟော်တုကာမတာယ၊ ချီးမြှောက်ခြင်းငှာ အလိုရှိသော အဖြစ်ဖြင့်၊ စီဝရာဒိပစ္စယေဟိ၊ သင်္ကန်း အစရှိကုန်သော ပစ္စည်းတို့ဖြင့်။ ဥပထမ္ဘိတုံ၊ ထောက်ပံ့ခြင်းငှာ။ န ယုတ္တံ၊ မသင့်။ ကဿဝ၊ အဘယ်ကြောင့်နည်း

ဟူမှုကား။ ဒုက္ခဝိပါကဟေတုတ္တာ၊ ဆင်းရဲသော အကျိုး၏ အကြောင်း၏ အဖြစ်ကြောင့် တည်း။ ဟိသစ္စံ၊ မှန်၏။ တေန၊ ထို့ကြောင့်။ ဣဒံပါတေ သဉ္ဇဝေဒတကေ၊ ကေနိပါတ် သဉ္ဇဝေဒတ်၌။

အသန္တံ ယော ပဂ္ဂဏှာတိ၊ အသန္တံ ဝူပသေဝတိ။
တမေဝဿသံ ကုရုတေ၊ ဗျဿေါ သဉ်ဇဝကောယထာတိ-ယထာဟူ၍။ ဝုတ္တံ၊ ဟော တော်မူအပ်ပြီ။

ယော စ၊ အကြင်သူသည်လည်း။ အသန္တံ၊ သူယုတ်မာဖြစ်သော အလဇ္ဇီ ဒုဿီလကို။ ပဂ္ဂဏှာတိ၊ သက်၏ စသည်ကိုပေး၍ ချီးမြှောက်၏။ ယော စ၊ အကြင်သူသည်လည်း။ အသန္တံ၊ သူတော်မဟုတ် အလဇ္ဇီဒုဿီလ သူယုတ်ကို။ ဥပသေဝတိ၊ မှီဝဲဆည်းကပ် ခစားး၏။ သော၊ ထိုသူတော်မဟုတ် အလဇ္ဇီ ဒုဿီလ သူယုတ်သည်။ တမေဝ၊ ထိုပစ္စည်း ပေးကမ်း၊ လှူဒါန်း မှီဝဲသောသူကိုသာလျှင်။ ဿသံ၊ ပျက်စီးအောင်။ ကုရုတေ၊ ပြုတတ်၏။ ကိမိဝ၊ အဘယ် ကဲ့သို့နည်း ဟူမှုကား။ ဗျဿေါ၊ ကျားသည်။ သဉ်ဇဝကော၊ သဉ်ဇဝကံ၊ အသက်သွင်းသော၊ သဉ်ဇဝကလုလင်ကို။ ဿသံ ကုရုတေယထာ၊ ကိုက်စား၏သို့တည်း။ ဤကား အနက်။

တဿ၊ ထိုသဉ်ဇဝတ် ပါဠိတော်၏။ အတ္ထော၊ အနက်ကို။ အဋ္ဌကထာယံပိ၊ အဋ္ဌ ကထာ၌လည်း။ အသန္တန္တိတီဟိ ဒုစရိတေဟိ သမန္နာဂတံ ဒုဿီလံ ပါပဓမ္မံ၊ ယောပဂ္ဂဏှာ တီတိ ခတ္တိယာဒီသု ယောကောစိ ဧဝရူပံ ဒုဿီလံ ပဋိဇီတံဝါ စိဝရာဒိ သမ္ပဒါနေန၊ ဂဟဋ္ဌံဝါ ဩပရဇ္ဇ သေနာပတိဋ္ဌာနာဒိ သမ္ပဒါနေန ပဂ္ဂဏှာတိ သက္ကာရ သမ္မာနံဝါကရောတီတိ အတ္ထော၊ အသန္တံဝူပသေဝတီတိ ယောစ ဧဝရူပံ အသန္တံ ဒုဿီလံ ဥပသေဝတိ ဘဇတိ ပယိရုပါသတိ။ တမေဝ ဿသံ ကုရုတေတိ တမေဝ အသန္တံ သမ္ပဂ္ဂဏှန္တံ သော ဒုဿီလော ပါပပုဂ္ဂလော ဿသတိ သံခါဒတိ ဝိနာသံ ပါပေတီတိ၊ ပါပေတိ ဟူ၍ ဝဏ္ဏတော၊ ဖွင့်ပြတော်မူအပ်ပြီ။

အသန္တန္တိ၊ အသန္တံ ဟူသည်ကား။ တီဟိ၊ သုံပါးကုန်သော။ ဒုစရိတေဟိ၊ ဒုစရိုက် တို့နှင့်။ သမန္နာဂတံ၊ ပြည့်စုံသော။ ဒုဿီလံ၊ သီလမရှိသော။ ပါပဓမ္မံ၊ ယုတ်မာသော အကျင့်မရှိသောသူကို။ ယောပဂ္ဂဏှာတိတိ၊ ယောပဂ္ဂဏှာတိ ဟူသည်ကား။ ခတ္တိယာဒီသု၊ မင်းအစရှိသော သူတို့တွင်။ ယောကောစိ၊ တစုံတယောက်သောသူသည်။ ဧဝရူပံ၊ ဤသို့ သဘောရှိသော။ ဒုဿီလံ၊ ဒုဿီလဖြစ်သော။ ပဋိဇီတံဝါ၊ ရဟန်းကိုမူလည်း။ စိဝရာဒိ သမ္ပဒါနေန၊ သင်္ကန်းအစရှိသော ပစ္စည်းကို ပေးသဖြင့်။ ဂဟဋ္ဌံဝါ၊ လူကိုမူလည်း။ ဩပရဇ္ဇ-သေနာပတိဋ္ဌာနာဒိ သမ္ပဒါနေန၊ အိမ်ရှေ့မင်းကရာ စစ်သူကြီးအရာ အစရှိသော ရာထူးကို ပေးသဖြင့်။ ပဂ္ဂဏှာတိ၊ ချီးမြှောက်၏။ သက္ကာရသမ္မာနံ၊ အရှိအသေပြုခြင်း မြတ်နိုးခြင်းကို။ ကရောတိ၊ ပြု၏။ ဤတို့အယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။

အသန္တံ ဝူပသေဝတီတိ၊ **အသန္တ**ံ ဝူပသေဝတိ ဟူသည်ကား။ ယောစ၊ **အ**ကြင်သူသည်လည်း။ ဧဝရူပံ ဤသို့သဘောရှိသော။ **အသန္တ**ံ၊ သူတော်မဟုတ်သော။ ဒုဿီလံ၊ ဒုဿီလကို။ ဥပသေဝတိ၊ မှီဝဲ၏။ ဘဇတိ၊ ဆည်းကပ်၏။ ပယိရူပါသတိ၊ **အ**နိုးဌ် ခ ား၏။ **တမေဝ** ဃာတံ ကုရုတေ**တိ**၊ ကုရုတေဟူသည်ကား။ **အသန္တ**ံ၊ သူတော်မဟုတ် **အ**လင်္ဂီဒုဿီလသူယုတ်ကို။ သမ္မဂ္ဂဏှန္တ**ံ**၊ ပစ္စည်း**အာ**မ်သပေး၍ ချီးမြှောက်သော၊ **တမေဝ**၊ ထိုသူကိုပင်လျှင်။ ဒုဿီလော၊ ဒုဿီလဖြစ်သော။ သောပါပပုဂ္ဂလော၊ ထိုပါပပုဂ္ဂိုလ်သည်။ ဃာသတိ၊ **စ**ား၏။ သံခါဒတ်၊ ကောင်းစွာခဲ၏။ ဝိနာသံ၊ ပျက်စီးခြင်းသို့။ ပါပေတိ၊ **ရောက်စေ**၏။ ဤ**ကား** အနက်။

တသ္မာ၊ ထို့ကြောင့်။ တဿ၊ ထို**အ**လင်္ဂီကို။ ဝါ၊ **အ**လင်္ဂီ**အား**။ ပဂ္ဂဏှံ တုကာမတာယ၊ ချီးမြှောက်ခြင်းကို **အ**လိုရှိသဖြင့်။ တေဟိစီဝရာဒီဟိ၊ ထိုသင်္ဃန်းစသော ပစ္စည်းတို့ဖြင့်။ ဥပထမ္ဘိတုံ၊ ထောက်ပံ့ခြင်းငှာ။ နယုတ္တံ၊ မသင့်။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်**အ**ပ်၏။

ကေစိပန၊ **အ**ချို့သောဆရာတို့သည်ကား။ စုဒ္ဒဿခေါပန်မာနန္တိ။ လ။ ပါဠိပုဂ္ဂလိကာဒဂ္ခိဏာတို့၊ ဒဂ္ခိဏာ-ဟူ၍။ ဒဂ္ခိဏဝိဘင်္သုတ္တော်၊ ဒဂ္ခိဏဝိဘင်္သုတ်၌။ **အာ**ဂတာသု၊ လာကုန်သော။ စုဒ္ဒဿသု၊ တဆယ့်လေးပါးကုန်သော။ ပါဠိပုဂ္ဂလိကဒဂ္ခိဏာပဋိဂ္ဂဟကေသု၊ **အ**သီးပုဂ္ဂလိက **အ**လှူခံပုဂ္ဂိုလ်တို့၌။ တဿ၊ ထို**အ**လင်္ဂီ၏။ **အ**ဇ္ဈောဂတတ္တာ၊ **အ**တွင်းဝင်သည်၏ **အ**ဖြစ်ကြောင့်။ ဥပထမ္ဘ**ံ**တုံ၊ ပစ္စည်းဖြင့် ထောက်ပံ့ခြင်းငှာ။ ယုတ္တံ၊ သင့်၏။ ဣတိ၊ ဤသို့။ ဝဒန္တိ၊ ဆိုကြကုန်၏။ (ဤ ၁၄-ပါးသော ပုဂ္ဂလိက**အ**လှူကို ဆိုကြောင်း ပါဠိကို **အ**လိုရှိသောသူတို့သည် ၅-နံပါတ် ဝိသင်္ခနာပါဌ်မှာ ကြည့်၍ယူ)။

ကေစိပန၊ **အ**ချို့သောဆရာတို့ဝကားကို။ သာရတော၊ သာရ**အား**ဖြင့်။ နပစ္စေတဗ္ဗံ၊ မသိ**အ**ပ်။ ဝါ၊ မမှတ်**အ**ပ်။ ဟိသစ္စံ၊ မှန်၏။ တေသု၊ ထိုတဆယ့်လေးပါးကုန်သော ပုဂ္ဂလိက **အ**လှူခံပုဂ္ဂိုလ်တို့တွင်။ ဒဿမ တေရသမေ၊ ဒုဿမ တေရသမ ဖြစ်ကုန်သော **အ**လှူခံပုဂ္ဂိုလ်တို့ကို။ ဌပေတွာ၊ ထား၍။ **အ**ဝသေသပဋိဂ္ဂဟကေသု၊ ကြွင်းကုန်သော **အ**လှူခံပုဂ္ဂိုလ်တို့၌။ တဒ-လင်္ဂီနော၊ ထို**အ**လင်္ဂီ၏။ **အ**နဇ္ဈောဂတဘာဝေါ၊ **အ**တွင်းမဝင်သော **အ**ဖြစ်သည်။ ပါကဋော၀၊ ထင်ရှားသည်သာလျှင်တည်း။ ကိဉ္စိ၊ တစုံတခုသော။ ဝတ္တုမ္ပံ၊ ဆိုဖွယ်သည်၊ နတ္ထိ၊ မရှိ။

ဟိသစ္စံ၊ မှန်၏။ သော၊ ထို**အ**လင်္ဂီသည်။ တထာဂတောစေဝ၊ မြတ်စွာဘုရားသည်လည်း။ နဟောတိ၊ မဟုတ်။ ပစ္စေကဗုဒ္ဓါစ၊ ပစ္စေကဗုဒ္ဓါသည်လည်း။ နဟောတိ၊ မဟုတ်။ **အ**ရဟန္တောစ၊ ရဟန္တာသည်လည်း။ နဟောတိ၊ မဟုတ်။ **အ**ရဟတ္တဖလ သစ္ဆိကိရိယာယ ဟင်္ဒိပွန္နောစ၊ **အ**ရဟတ္တဖိုလ်ကို မျက်မှောက်ပြုခြင်းငှာ ကျင့်သောပုဂ္ဂိုလ်သည်လည်း။ နဟောတိ၊ မဟုတ်။ **အ**နာဂါမိစ၊ **အ**နာဂါမ်သည်လည်း၊ နဟောတိ၊ မဟုတ်။ **အ**နာဂါမိဖလ သစ္ဆိကိရိယာယ ဟင်္ဒိပွန္နောစ၊ **အ**နာဂါမိဖိုလ်ကို မျက်မှောက်ပြုခြင်းငှာ ကျင့်သောပုဂ္ဂိုလ်သည်လည်း။ နဟောတိ၊

မဟုတ်။ သကဒါဂါမိစ၊ သကဒါဂါမ်သည်လည်း။ နဟောတိ၊ မဟုတ်။ သကဒါဂါမိဖလ သစ္ဆိ-ကိရိယာယ ပဋိပ္ပန္နော၀၊ သကဒါဂါမိဖိုလ်ကိုမျက်မှောက်ပြုခြင်းငှာကျင့်သောပုဂ္ဂိုလ်သည်လည်း။ နဟော့တိ၊ မဟုတ်။ သောတာပန္နော၀၊ သောတာပန်သည်လည်း။ နဟောတိ၊ မဟုတ်။ ဗာဟိရကေ၊ သာသနာတော်၏။ ဝါ၊ သာသနာတော်မှ အာပဒ္ဒ။ ကာမေသုဝိတရာဂေါစ၊ သမာပတ်ရှစ်ပါးနှင့် ပြည့်စုံသော ရဿေ့သည်လည်း။ နဟောတိ၊ မဟုတ်။ ပုထုဇ္ဇနသီလ ၀န္တော၀၊ ပုထုဇဉ် သီလ၀န္တ ဂေါသီသခေတ်သည်လည်း။ နဟောတိ၊ မဟုတ်။ တိရစ္ဆာနေော၀၊ တိရစ္ဆာန်သည်လည်း။ နဟောတိ၊ မဟုတ်၊ ဣတိ၊ ဣတ္ထိ။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

ပန၊ ဆိုဖွယ်ရှိသော အဖိုကို ဆိုဦးအုံ့။ ဒသမ တေရသမေသု၊ ဒသမအလှူခံ တေရသမ အလှူခံပုဂ္ဂိုလ်တို့၌။ တဿ ထိုအလဇ္ဇီ၏။ အနန္တေ၀ဂတဘာ၀ေါ၊ အတ္ထင်းမဝင်သောအဖြစ်ကို။ ဧ၀ံ၊ ဤဆိုလတ္တံ့သောနည်းဖြင့်။ ဝေဒိတဗ္ဗော၊ သိအပ်၏။

ဟိသစ္စံ၊ မှန်၏။ တေသုဒ္ဓိသု၊ ထိုနှစ်ယောက်ကုန်သော ဒသမ တေရသမ အလှူခံပုဂ္ဂိုလ်သည်။ သောတာပတ္တိဖလ သစ္ဆိကိရိယာယ ပဋိပ္ပန္နော၊ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းငှာ ကျင့်သောပုဂ္ဂိုလ်တည်း။ သော၊ ထိုသောတာပတ္တိဖလ သစ္ဆိကိရိယာယ ပဋိပ္ပန္နပုဂ္ဂိုလ်ကို။ ပရိစ္ဆေဒတော၊ အပိုင်းအခြားအားဖြင့်။ ဒက္ခိဏာဝိဘင်္ဂသုတ္တေ အဋ္ဌကထာယံ၊ ဒက္ခိဏာဝိဘင်္ဂသုတ် အဋ္ဌကထာ၌။ သောတာပတ္တိ။လ။ နာမဟုတိ၊ နာမဟူ၍။ ဝုတ္တော၊ မိန့်ဆိုတော်မူအပ်ပြီ။ (ဤအဋ္ဌကထာပါဠိကို ပေယျာလထိုး၍ မြွက်ခဲ့သည်။ ၅-နံပါတ် ဝိသဇ္ဇနာပါဠိမှာ ကြည့်ကြကုန်)။

သောတာပတ္တိဖလ သစ္ဆိကိရိယာယ ပဋိပန္နေတိတ္တော၊ တ္တေဟူသောပါဠိ၌။ ဟေဋ္ဌိမကောဋိယာ၊ အောက်ဆုံးစွန်အားဖြင့်။ တိသရဏာဂတော၊ သရဏဂုံ-၃ ပါး၌တည်သော။ ဥပါသကော၀ါ၊ ဥပါသကာသည်လည်း။ သောပတ္တိ မူလသစ္ဆိကိရိယာယ၊ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းငှာ။ ပဋိပန္နောနာမ၊ ကျင့်သောပုဂ္ဂိုလ်မည်၏။ တတ္ထ၊ ထိုသရဏဂုံတည်သော ဥပါသကာ၌။ ဝါ၊ ဥပါသကာအား။ ဒိန္နဒါနံ၊ ပေးလှူအပ်သောအလှူသည်။ အသခ္ခေယျံ၊ မရေတွက်နိုင်သော အကျိုးရှိ၏။ အပ္ပမေယျံ၊ မနှိုင်းယှဉ်နိုင်သော အကျိုးရှိ၏။

ပဉ္စသီလေ၊ သရဏဂုံနှင့်တကွသော ငါးပါးသီလ၌။ ပတိဋ္ဌိတဿ၊ တည်သောဥပါသကာအား။ ဒိန္နဒါနံပန၊ ပေးလှူအပ်သော အလှူသည်ကား။ တတော၊ ထို့ထက်။ ဥတ္တရိ၊ လွန်စွာ။ မဟပ္ဖလံ၊ များသောအကျိုးရှိ၏။

ဒသသီလေ၊ သရဏဂုံနှင့်တကွသော ဆယ်ပါးသီလ၌။ ပတိဋ္ဌိတဿ၊ တည်သော ဥပါသကာအား။ ဒိန္နဒါနံ၊ ပေးလှူအပ်သော အလှူသည်။ တတော၊ ထို့ထက်။ ဥတ္တရိ၊ လွန်စွာ။ မဟပ္ဖလံ၊ များသောအကျိုးရှိ၏။

တဒဟု ပဗ္ဗဇိတဿ၊ ယန္နေ ရှင်ပြုသော။ သာမဏေရဿ၊ သာမဏေအား။ ဒိန္နဒါနံ၊ ပေးလှူအပ်သော အလှူသည်။ တတော၊ ထို့ထက်။ ဥတ္တရိ၊ လွန်စွာ။ မဟပ္ဖလံ၊ များသော အကျိုးရှိ၏။

ဥပသမွန္နဘိက္ခုနော၊ ဥပသမွန္နရဟန်းအား။ ဒိန္နဒါနံ၊ ပေးလှူအပ်သော အလှူသည်။ တတော၊ ထို့ထက်။ ဥတ္တရိ၊ လွန်စွာ။ မဟပ္ဖလံ၊ များစွာ အကျိုးရှိ၏။

ဝတ္တာသမွန္နဿ၊ ဝတ်နှင့်ပြည့်စုံသော။ ဥပသမွန္နဿဝ၊ ရဟန်းအားသာလျှင်။ ဒိန္နဒါနံ၊ ပေးလှူအပ်သော အလှူသည်။ တတော၊ ထို့ထက်။ ဥတ္တရိ၊ လွန်စွာ။ မဟပ္ဖလံ၊ များစွာအကျိုးရှိ၏။

အာရဒ္ဓဝိပဿကဿ၊ အားထုတ်အပ်သော ဝိပဿနာရှိသောရဟန်းအား။ ဒိန္နဒါနံ၊ ပေးလှူအပ်သော အလှူသည်။ တတော၊ ထို့ထက်။ ဥတ္တရိ၊ လွန်စွာ။ မဟပ္ဖလံများစွာ အကျိုးရှိ၏။

ဥတ္တမကောဋိယာပန၊ အမြတ်ဆုံးစွန်အားဖြင့်ကား။ မဂ္ဂသမင်္ဂီ၊ သောတာပတ္တိမဂ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည်။ သောတာပတ္တိဖလ သစ္ဆိကိရိယာယ၊ သောတာပတ္တိဖိုလ်ကိုမျက်မှောက်ပြုခြင်းငှာ။ ပဋိပန္နောနာမ၊ ကျင့်သော ပုဂ္ဂိုလ်မည်၏။ ဤကား-အနက်။

ထွေ-ဧတေသု၊ ထိုပုဂ္ဂိုလ်တို့တွင်။ ပဌမ မဂ္ဂသမင်္ဂီ၊ သောတာပတ္တိမဂ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို။ ဌပေတွာ၊ ထား၍။ ယထာရဟံ၊ ထိုက်သည်အား လျော်စွာ။ တိသရဏဂုံတုပါ သကာဒိဇကာ၊ သရဏဂုံဘည်သော ဥပါသကာ အစရှိသော။ သဗ္ဗောပိ၊ အလုံးစုံသော ပုဂ္ဂိုလ်သည်လည်း။ နိဗ္ဗေဓဘာဂိယေ၊ နိဗ္ဗေဓဘာဂိယဖြစ်သော။ သရဏဂမနေဝါ၊ သရဏဂုံ၌ လည်းကောင်း။ သီလေဝါ၊ သီလ၌လည်းကောင်း။ ဌိတောဝ၊ တည်သောသူသည်သာလျှင်။ သောတာပတ္တိဖလ သစ္ဆိကိရိယာယ၊ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းငှာ။ ပဋိပန္နောနမ၊ ကျင့်သော ပုဂ္ဂိုလ်မည်၏။

ဣတရော၊ နိဗ္ဗေဓဘာဂိယဖြစ်သော။ သရဏဂုံ သီလ၌ မတည်၊ နိဗ္ဗေဓဘာဂိယမဟုတ်သော သရဏဂုံ သီလ၌ တည်သောပုဂ္ဂိုလ်သည်။ နှ၊ သောတာပတ္တိဖလ သစ္ဆိကိရိယာယ ပဋိပန္နပုဂ္ဂိုလ်မဟုတ်။ တေန၊ ထို့ကြောင့်။ တဋ္ဌကာယံ၊ ထိုဒဂ္ဂိဖေဝိဘင်္ဂသုတ်၌ကား၌။

> ‘‘ယထာ နိဗ္ဗေဓဘာဂိယာ သမာဓိဘာဝနာ ပရိပန္ထာယ အရိယမဂ္ဂါဓိဂမဿ ပစ္စယဘာဝတော ဥပနိဿယော။ တထာနိဗ္ဗေဓဘာဂိယံ သီလဗ္ဗရိပ္ပုရဏံ ဥပသမ္ပဒါ ပဗ္ဗဇ္ဇာ ဥပါသကာဿ ဒဿသု ပဋ္ဌသုဝါ သီလေသု ပတိဋ္ဌာနံ၊ အနန္တရဿ သရဏဂမနံပိ နိဗ္ဗေဓဘာဂိယံ အရိယမဂ္ဂါဓိဂမဿ ဥပနိဿယော ဟောတိ ယေဝါတိ သဗ္ဗာပေသာ သောတာပတ္တိ သစ္ဆိကိရိယာယ ပဋိပတ္တိ ဝုတ္တာ’’တိ၊ ဝုတ္တာဟူ၍။

ဝုတ္တံ၊ မိန့်တော်မူအပ်ပြီ။

နိဗ္ဗေဓဘာဂိယော၊ နိဗ္ဗေဓဘာဂိယဖြစ်သော။ သမာဓိဘာဝနာ၊ သမာဓိဘာဝနာသည်။ ပရိပန္ထာယ၊ အဆင့်ဆင့်အားဖြင့်။ အရိယမဂ္ဂါဓိဂမဿ၊ အရိယာမဂ်ကို ရခြင်း၏။ ပစ္စယဘာဝတော၊ အကြောင်းဖြစ်သောကြောင့်။ ဥပနိဿယော၊ မဂ်၏အကြောင်းသည်။ ယောဘိယထာ၊ ဖြစ်သကဲ့သို့။ တထာ၊ ထိုအတူ။ နိဗ္ဗေဓဘာဂိယံ၊ နိဗ္ဗေဓဘာဂိယ ဖြစ်သော။ သီလ ပရိပ္ပုရဏံ၊ သီလဖြည့်ကျင့်ခြင်းဟု ဆိုအပ်သော။ ဥပသမ္ပဒါ၊ ရဟန်းဖြစ်သည်လည်း

ကောင်း။ ပဗ္ဗဇ္ဇာ၊ ရှင်သာမဏေ အဖြစ်သည်လည်းကောင်း။ ဥပါသကာဿ၊ ဒါယကာ၏။ ဒဿသုသီလေသုဝါ၊ ဆယ်ပါးကုန်သော သီလတို့ဥ်လည်းကောင်း။ ပဉ္စသုသီလေသုဝါ၊ ငါးပါးကုန်သော သီလတို့ဥ်လည်းကောင်း။ ပတိဋ္ဌာနံ၊ တည်ခြင်းလည်းကောင်း။ အန္တမသော၊ ယုတ်သော အပိုင်းအခြားအား ဖြင့်။ နိဗ္ဗေဓဘာဂိယံ၊ နိဗ္ဗေဓဘာဂ်ိယဖြစ်သော။ သရဏဂမနမ်ပို၊ သရဏာဂုံသည်လည်း။ အရိယမဂ္ဂါဓိဂမဿ၊ အရိယမဂ်ကို ရခြင်း၏။ ဥပနိဿယော၊ အကြောင်းသည်။ ဟောတိယေဝ၊ ဖြစ်သည်သာလျှင်တည်း။ ဣတိတသ္မာ၊ ထို့ကြောင့်။ သောသဗ္ဗာ၊ ဤအလုံးစုံတို့ကို။ သောတာပတ္တိဖလ သစ္ဆိကိရိယာယ ပဋိပတ္တိ၊ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းငှာ ကျင့်သော အကျင့်တို့ဟူ၍။ ဝုတ္တာ၊ ဆိုအပ်ကုန်၏။ ဤကား အနက်။

(ဤပါဠိဌ် သမာဓိဘာဝနာဟူ၍လည်းကောင်း၊ သမာဓိသောနော ဟူ၍လည်းကောင်း၊ ပါဌ်နှစ်ထွေရှိ၏။ နှစ်ထွေလုံးပင် သင့်သည်ချည်းဟု ထင်၏။ ဆင်ခြင်လေ)။

ဤ၌၊ ဤဋီကာပါဌ်ဌ် တထာ နိဗ္ဗေဓဘာဂိယံ သီလ ပရိပူရကံ ဥပသမ္ပဒါ ပဗ္ဗဇ္ဇာ ဥပါသကာဿ ဒဿသု ပဉ္စသုဝါ သီလေသု ပတိဋ္ဌာပနန္တိ ဝစနေန၊ တထာ နိဗ္ဗေဓဘာဂိယံ။လ။ ပတိဋ္ဌာနံ ဟူသောစကားဖြင့်။ နိဗ္ဗေဓဘာဂိယဘူတံ၊ နိဗ္ဗေဓဘာဂိယဖြစ်၍ ဖြစ်သော။ ဥပသမ္ပဒ ပဗ္ဗဇ္ဇ ဥပါသကာနံ၊ ရဟန်း သာမဏေ ဥပါသကာတို့၏။ သီလမေဝ၊ သီလသည်သာလျှင်။ သောတာပတ္တိဖလ သစ္ဆိကိရိယာယ ပဋိပတ္တိ၊ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းငှာ ကျင့်သော အကျင့်မည်၏။ ဤတရံ၊ နိဗ္ဗေဓဘာဂိယ မဟုတ်သော ရဟန်းရှင်လူတို့၏သီလသည်။ န၊ သောတာပတ္တိဖလ သစ္ဆိကိရိယာယ ပဋိပတ်မဟုတ်။ ဤတိ၊ ဤသို့။ ဒဿေတိ၊ ပြတော်မူ၏။

အန္တမသော သရဏဂမနမ်ပို နိဗ္ဗေဓဘာဂိယန္တိ ဝစနေန၊ အန္တမသော သရဏဂမနနိဗ္ဗေဓဘာဂိယံ ဟူသော စကားဖြင့်။ သရဏဂမနမ်ပို၊ သရဏာဂုံသည်လည်း။ နိဗ္ဗေဓဘာဂိယမေဝ၊ နိဗ္ဗေဓဘာဂိယဖြစ်သော သရဏာဂုံသည်သာလျှင်။ သောတာပတ္တိဖလ သစ္ဆိကိရိယာယ ပဋိပတ္တိ၊ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းငှာ ကျင့်သော ပဋိပတ်မည်၏။ ဤတရံ၊ နိဗ္ဗေဓဘာဂိယမဟုတ်သော သရဏာဂုံသည်။ န၊ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းငှာ ကျင့်သော ပဋိပတ်မဟုတ်။ ဤတိ၊ ဤသို့။ ဒဿေတိ၊ ပြတော်မူ၏။

အရိယမဂ္ဂါဓိဂမဿ ဥပနိဿယော ဟောတိ ယေဝါတိ ဝစနေန၊ အရိယမဂ္ဂါဓိဂမဿ ဥပနိဿယော ဟောတိယေဝ ဟူသောစကားဖြင့်။ အရိယမဂ္ဂါဓိဂမဿာ၊ အရိယာမဂ်ကို ရခြင်း၏။ ဥပနိဿယဘူတံ၊ အကြောင်းဖြစ်၍ ဖြစ်သော။ သုဝရိသုဒ္ဓမေဝ၊ အလွန်စင်ကြယ်သည်သာလျှင်ဖြစ်သော။ သီလံဝါ၊ သီလသည်လည်းကောင်း။ သရဏဂမနံဝါ။ သရဏာဂုံသည်လည်းကောင်း။ နိဗ္ဗေဓဘာဂိယံ၊ နိဗ္ဗေဓဘာဂိယမည်၏။ ဤတရံ၊ အရိယမဂ်၏ အကြောင်းမဖြစ်၊ ညစ်နွမ်းသောသီလ-သရဏာဂုံသည်။ န၊ နိဗ္ဗေဓဘာဂိယမဟုတ်။ ဤတိ၊ ဤသို့။ ဒဿေတိ၊ ပြတော်မူ၏။

တသ္မာ၊ ထို့ကြောင့်။ ပထမ မဂ္ဂသမ်ဂိ်၊ သောတာပတ္တိမဂ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို။ ဌပေတွာ၊ ထား၍။ ယထာရဟံ၊ ထိုသင့်သည်အား လျော်စွာ။ တိသရဏဂ်တုပေါသကာဒိကော၊ သရဏဂုံသုံးပါးတည်သော ဥပါသကာအစရှိသော။ သဗ္ဗောပိ၊ အလုံးစုံလည်းဖြစ်သော၊ နိဗ္ဗေဓဘာဂိယ၊ နိဗ္ဗေဓဘာဂိယဖြစ်သော။ သရဏဂမနေနဝါ။ သရဏာဂုံ၌

လည်းကောင်း။ သီလေဝါ၊ သီလဋ္ဌလည်းကောင်း။ ဌိတောဝ၊ တည်သောသူသည်သာလျှင်။ သောတာပတ္တိဖလ သစ္ဆိကိရိယာယ ပဋိပဇ္ဇနောနာမ၊ သောတာပတ္တိဖလ သစ္ဆိကိရိယ ပဋိပဇ္ဇန ပုဂ္ဂိုလ်မည်၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။

ပဉ္စ၊ ငါးပါးကုန်သော။ ဧတေသုကာရဏေသု၊ ဤအကြောင်းတို့တွင်။ အဂ္ဂဒုဂုတ္တိယော၊ ကျောင်းတံခါးလုံခြင်းသည်သာလျှင်။ပမာဏံ၊ပမာဏတည်း။တေန၊ ထို့ကြောင့်။အဌကထာယံ၊ အဋ္ဌကထာ၌။အဂ္ဂဒုဂုတ္တိဝိဟာရော သပ္ပေသ္ဝဝ စေတေသု ဂိလာန ဝဿိကသင်္ကေတနဒီပါရဂမန အတ္ထတကထိနဘာဝေသု အဂုဠဒုတ္တိယော ပမာဏံ၊ ဂုတ္တေဝေဟိ ဝိဟာရေတေသု ကာရဏေသု နိက္ခိပိတ္ဝာ ဗဟိ ဂန္တုံ ဝဋ္ဋတိ နအဂုတ္တေ)တိ၊ အဂုတ္တေဟုဋ္ဌ၍။တေံဝစနံ၊ ဤစကားကို။ ဝုတ္တံ၊မိန့်ဆို တော်မူအပ်ပြီ။ အဂ္ဂဒုဂုတ္တိ ဝိဟာရော်တိ၊ အဂ္ဂဒုဂုတ္တိဝိဟာရောဟူသည်ကား။ သပ္ပေသ္ဝဝ၊ အလုံးစုံ သာလျှင်ဖြစ်ကုန်သော။ ဧတေသုစ ဂိလာနဝဿိက သင်္ကေတနဒီပါရဂမနအတ္ထတကထိနဘာဝေ သု၊ ထိုနာခြင်း၊ မိုးလေးလ မြစ်တဘက်သို့သွားအပ်ခြင်း၊ ခင်းအပ်ပြီးသော ကထိန်ရှိခြင်းအဖြစ် တို့၌လည်း။ အဂ္ဂဒုဂုတ္တိယော၊ ကျောင်းတံခါးလုံခြင်းသည်သာလျှင်။ ပမာဏံ၊ ပမာဏတည်း။ ဟိသစ္စံ၊ မှန်၏။ ဝိဟာရေ၊ ကျောင်းသည်။ ဂုတ္တေဝေ၊ လုံသော်သာလျှင်။ ဧတေသု ကာရဏေ သု၊ ဤအကြောင်းတို့ကြောင့်။ နိက္ခိပိတ္ဝာ၊ ထား၍။ ဗဟိ၊ အပသို့။ ဂန္တုံ၊ သွားခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။ အဂုတ္တေ၊ ကျောင်းမလုံသည့်ရှိသော်။ နဝဋ္ဋတိ၊ မအပ်။ (ဤကား-အနက်)

တေန၊ ထိုအဋ္ဌကထာစကားဖြင့်။ ဝိဟာရေ၊ ကျောင်းသည်။ ဂုတ္တေ၊ လုံသည်ရှိသော်။ အညေသု၊ တပါးကုန်သော။ ကာရဏေသု၊ အကြောင်းတို့သည်။ အသန္တေသုပိ၊ မရှိကုန် သော်လည်း။ သန္တာရုတ္တာရေန၊ သင်းပိုင် ကိုယ်ဝတ်မျှဖြင့်။ ဂါမံ၊ ရွာသို့၊ ပဝိသိတုံ၊ ဝင်ခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။ ဝိဟာရေ၊ ကျောင်းသည်။ အဂုတ္တေပန၊ မလုံသော်ကား။ အညေသု၊ တပါး ကုန်သော။ ကာရဏေသု၊ အကြောင်းတို့သည်။ သန္တေသုပိ၊ ရှိကုန်သော်လည်း။ နဝဋ္ဋတေဝ၊ မအပ်သည်သာတည်း။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ ပန၊ အဖို့တပါးကို ဆိုဦးအံ့။ ကာယ ဗန္ဓနံ၊ ခါးပန်းကြိုးကို။ ဗန္ဓိတ္ဝာဝ၊ ဖွဲ့၍သာလျှင်။ ဂါမံ၊ ရွာသို့။ ပဝိသိတဗ္ဗံ၊ ဝင်အပ်၏။ ဟိသစ္စံ၊ မှန်၏။ ပါဠိယံ၊ ပါဠိတော်၌။ (နဘိက္ခဝေအကာယဗန္ဓနေန ဂါမော ပဝိသိတဗ္ဗော။ ယော ပဝိသေယျအာပတ္တိဒုက္ကဋဿာ)တိ၊ ဒုက္ကဋ်ဿဟူ၍။တေံ၊ ဤစကဝ်းကို။ ဝုတ္တံ၊ဟောတော်မူအပ်ပြီ။

ဘိက္ခဝေ၊ ရဟန်းတို့။ အကာယဗန္ဓနေန၊ ခါးပန်းကြိုးမဖွဲ့သဖြင့်။ ဝါ၊ မဖွဲ့သောရဟန်း သည်။ ဂါမော၊ ရွာသို့။ နပဝိသိတဗ္ဗော၊ မဝင်အပ်။ ယောဘိက္ခု၊ အကြင် ရဟန်း သည်။ ပဝိသေယျ၊ ဝင်ငြားအံ့။ တဿဘိက္ခုနော၊ ထိုရဟန်းအား။ ဒုက္ကဋံ၊ ဒုက္ကဋ်အာပတ်ရှိ သော။ အာပတ္တိ၊ အာပတ်သည်။ အဿ ဟောတိ၊ ဖြစ်၏။ (ဤကားအနက်။)

ဘတ္တဂ္ဂဝတ္တာအဋ္ဌကထာယံစ၊ ဘတ္တဂ္ဂဝတ်အဋ္ဌကထာ၌လည်း။(အန္တောဂါမော ဝါဟော-တု ဝိဟာရောဝါမနုဿာနံ ပရိဝိသနဋ္ဌာနံ ဂစ္ဆန္တေန စီဝရံ ပါရုပိတ္ဝာ ကာယဗန္ဓနံ ဗန္ဓန မေဝ ဝဋ္ဋတီ)တိ၊ ဝဋ္ဋတိဟူ၍။ ဝုတ္တတ္တာ၊ ဆိုအပ်သည်၏အဖြစ်ကြောင့်။ ဘတ္တဂ္ဂံ၊ လူတို့ ဆွမ်းကျေး ရာ ဆွမ်းစားဇရပ်သို့။ဂစ္ဆန္တေနပိသွားသောရဟန်းသည်လည်း။ကာယဗန္ဓနံ၊ခါးပန်းကြိုးကို။ဗန္ဓိ၊ တ္ဝာဝ၊ ဖွဲ့၍သာလျှင်။ ဂန္တုံ၊ သွားအပ်၏။ အဗန္ဓိတ္ဝာ၊ မဖွဲ့ပဲ။ နဂန္တုံ၊ မသွားအပ်။ ဣတိ၊ ဤသို့။ဒဋ္ဌဗ္ဗံ၊မှတ်အပ်၏။(ဤအဋ္ဌကထာ၏အနက်ကို ၉-နံပါတ် နဝဝိသဇ္ဇနာကဆိုခဲ့ပြီ။) ဧတေန၊ ဤအဋ္ဌကထာစကားဖြင့်။ပရိဝိသနဋ္ဌာနံ၊ဒါယကာတို့ပင့်၍ ဆွမ်းကျေးရာဌာနသည်။ဘတ္တဂ္ဂံနာမ၊

ဘိတ္တဂ္ဂမည်၏။ ဝါ၊ ဆုမ်းစားဇရပ်မည်၏။ ဤကတိအတ္ထော၊ ဤသို့သောအနက်သည်။ သိဒ္ဓါယေဝ၊ ပြီးသည်သာလျှင်တည်း။

ဝိကာလ ဂါမပဝေသန သိက္ခာပဒ အဋ္ဌကထာယံ၊ ဝိကာလဂါမပဝေသန သိက္ခာပုဒ်အဋ္ဌကထာ၌။ (အန္တရာ ရာမန္တိ အာဒီသု နကော်ဝလံ့ အနာပုစ္ဆာ ကာယဗန္ဓနံ အဗန္ဓိတ္ဝာ သံဃာဋိံ အပါရုပိတ္ဝာ ဂစ္ဆန္တသာပိ အနာပတ္တိ) တိ၊ အနာပတ္တိဟူ၍။ ဝုတ္တတ္တာ၊ ဆိုအပ်သည်၏ အဖြစ်ကြောင့်ကား။ အန္တရာ ရာမံ ဝါ၊ အရာမ်တပါးသို့လည်းကောင်း။ ဘိက္ခုနုပသာယံ ဝါ၊ ဘိက္ခုနီမကျောင်းသို့လည်းကောင်း။ တိတ္ထိယသေယျံ ဝါ၊ မိစ္ဆာဒိဋ္ဌိတို့နေရာကျောင်းသို့ လည်းကောင်း။ ပဋိက္ကမနံ ဝါ၊ ဆုမ်းစားဇရပ်သို့ လည်းကောင်း။ ဂစ္ဆန္တသာ၊ သွားသောရဟန်းအား။ ကာယဗန္ဓနံ၊ ခါးပန်းကြိုးကို။ အဗန္ဓိတ္ဝာပိ၊ မဖွဲ့ပဲလည်း။ ဂန္တုံ၊ သွားခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။ ဒူရမဂ္ဂံ၊ ဝေးသောခရီးကို။ ဂစ္ဆန္တသာ၊ သွားသောရဟန်းအား။ ဂါမမဇ္ဈေန၊ ရွာလယ်ဖြင့်။ မဂ္ဂေ၊ ခရီးသည်။ ဟောတိ၊ ဖြစ်၏။ တံပိ၊ ထိုရွာလယ်ခရီးကိုလည်း။ ဂန္တုံ၊ သက်နှံးမရုံပဲ သွားခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။ (ဤကား အဋ္ဌကထာပါဠိ၏ အနက်။) အန္တရာရာမန္တိ အာဒီသု၊ အန္တရာရာမံ ဤသို့အစရှိသည်တို့၌။ ကေဝလံ၊ သက်သက်။ အနာပုစ္ဆာ၊ မပန်ကြားပဲ။ ဂစ္ဆန္တသော်ဃ၊ သွားသော ရဟန်းအားသာလျှင်။ အနာပတ္တိ၊ အာပတ်မသင့်ခြင်းသည်။ နှ၊ မဟုတ်သေး။ ကာယဗန္ဓနံ ခါးပန်းကြိုးကို။ အဗန္ဓိတ္ဝာ၊ မဖွဲ့ပဲ၊ သံဃာဋိံ၊ သက်နှံးကို။ အပါရုပိတ္ဝာ၊ မရုံပဲ။ ဂစ္ဆန္တသာပိ၊ သွားသောရဟန်းအားလည်း။ အနာပတ္တိ၊ အာပတ်မသင့်။ (ဤကား-အနက်။)

ဟိ သဒ္ဒံ၊ မှန်၏။ ဇတ္ထော၊ ဤအဋ္ဌကထာပါဠိ၌။ အာဒိသဒ္ဒေန၊ အာဒိသဒ္ဒါဖြင့်။ ပါဠိယံ၊ ပါဠိတော်၌။ ဝိကာလဘောဇန သိက္ခာပဒေ၊ ဝိကာလဘောဇန သိက္ခာပုဒ်၌။ အနာပတ္တိဝါရော၊ အနာပတ္တိဝါရ၌။ အာဂတာနိ၊ လာကုန်သော။ (ဘိက္ခုနုပသာယံဂစ္ဆတိ၊ တိတ္ထိယသေယျံဂစ္ဆတိ၊ ပဋိက္ကမနံဂစ္ဆတိ၊ ဂါမေနမဂ္ဂေါ ဟောတီ) တိ၊ ဟောတိဟူကုန်သော။ ဤမာနိပဒါနိ၊ ဤပုဒ်တို့ကို။ ဂဟေတဗ္ဗာနိ၊ ယူအပ်ကုန်၏။ ဤအရာ၌—ဘတ္တဂ္ဂ-ပဋိက္ကမနတို့၏အထူးကား—

(က) ဒါယကာတို့ ပင့်ဖိတ်၍ ဆုမ်းကျွေးရာဌာန ဟူသမျှအည် အိမ်ပင်ဖြစ်စေ၊ ဇရပ်-မဏ္ဍပ်-တန်ဆောင်းပင်ဖြစ်စေ ဘတ္တဂ္ဂချည်းပင် မည်ကုန်၏။

(ခ) တောနေရဟန်းတို့သည် ရွာသို့ဆုမ်းခံဝင်၍ တဖန်-ကျောင်းသို့ နေမှိအောင် မပြန်နိုင်သောကြောင့် ရွာတွင်း၌ပင် ရဟန်းတော်များ ဆုမ်းစားရန် ဒါယကာတို့ ဆောက်လုပ်၍ထားသော ဇရပ်သည် ပဋိက္ကမနမည်၏။ အာသနသာလာသည်လည်း ပဋိက္ကမနပင်မည်၏။ ပဋိက္ကမနံ နိဟရိတ္ဝာတဲ့ အာသနသာလံ့ နိဟရိတ္ဝာဟူသော အဋ္ဌကထာ။ ပဋိက္ကမန်တို့ ဘုဉ်းတ္ဝာ ဇတ္ထောတိ ပဋိက္ကမနန်တို့ ဝုတ္တော အာသနသာလာဝ ဂဟေတဗ္ဗာတိ အာဟ အာသနသာလန်ဟူသော ယောဇနာပါဌ်တို့ကိုရှု။ အာသနသာလံဟူ၍လည်း အခို့စာရှိ၏။ အသတိဘက္ခတိတ္ထောတို့ အသန်၊ အာသနမေဝသာလာ၊ အာသနသာလာဟု ဝိဂ္ဂဟပြု။

ဘတ္တဂ္ဂ-ပဋိက္ကမန ၂-ခုလုံးပင် ဘောဇနသာလာ မဟုတ်ကုန်။ ဘောဇနသာလာဟူသည်ကား အမြဲရဟန်းများ ဆုမ်းစားရန် ကျောင်းတိုက်အတွင်း အစဉ်အဖျားဌ၌ ဆောက်လုပ်ထားသော ဆုမ်းစားကျောင်းတည်း။ ဘောဇနသာလာ ပန သေနာသနမေဝ၊ တသ္မာ တံ ကေဿ ဝါ ဗဟူနံ ဝါ ပရိစ္ဆိန္နဿ ဂါဟေတုံ ဝဋ္ဋတီဟူသော သေနာသနခန္ဓက အဋ္ဌကထာ။ ။အထ ပမုဿိတ္ဝာ ပိဏ္ဍာယ ပဝိသန္တော့သရတိ၊ ယာဝ ဥပစာရသီမံ နာတိက္ကမတိ၊ တာဝ ယာ ဘောဇနသာလာယ ဌိတိကာ၊ တဿာယေဝ ဇသေန ဂါဟေတဗ္ဗံဟူသော ယင်းအဋ္ဌကထာကိုရှု။ ဘောဇနသာလာဆိုသည်နှင့်ဥပစ္စာနသာလာဆိုသည်မှာ အတူတူပင်။

တေန ခေါပန သမယေန ဘိက္ခူ အဇ္ဈောကာသေ ဘတ္တံဝိသဂ္ဂံ ကဲရောန္တာ သီတေ နပီ ဥဏ္ဍေနပီ ကိလမန္တိ။ ဘဂဝတာ တေမတ္တံ အာဇောစေသုံ။ အနုဇာနာမိ ဘိက္ခဝေ ဥပဋ္ဌာန သာလာန္တိဟူသော စူဠဝါ သေနာသနခန္ဓက ပါဠိတော်ကိုရှု။ ဤကား-အထူးမှတ်ရန်။

ဝါသိ်ဝါ၊ ပဲက္ခပ်ကိုလည်းကောင်း။ သူစိ်ဝါ၊ အပ်ကိုလည်းကောင်း။ အဂဟေတ္ဝာ၊ မယူမူ၍။ စာရိကံ၊ ဒေသစာရိကို။ စရန္တာသ၊ သွားသောရဟန်းအား။ အယံနာမအာပတ္တိ၊ ဤအမည်ရှိသော အာပတ်ဟူ၍။ ပါဠိအဋ္ဌကထာသု၊ ပါဠိတော်အဋ္ဌကထာတို့၌။ နဒီသုတိ၊ မထင်။ တသ္မာ၊ ထို့ကြောင့်။ တာနိ၊ ထိုပဲက္ခပ်၊ အပ်တို့ကို။ ဂဟေတ္ဝာဝါ၊ ယူ၍လည်းကောင်း။ အဂဟေတ္ဝာ ဝါ၊ မယူမူ၍လည်းကောင်း။ စာရိကံ၊ ဒေသစာရိကို။ စရဏံ၊ သွားခြင်းသည်။ အနဝဇ္ဇတ္တာ၊ အပြစ်မရှိသည်၏အဖြစ်ကြောင့်။ သုဒ္ဓရံ၊ ကောင်း၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ ထွေ၊ ဤအရာ၌။ ကေစိ ပန၊ အချို့သော ဆရာတို့သည်ကား။ ဝါသိနာမ၊ ပဲက္ခပ်မည်သည်ကား။ ခုရမေဝ၊ သင်ဓုန်းသာလျှင်တည်း။ ဣတိ၊ ဤသို့။ ဝဒန္တိ၊ ဆိုကြကုန်၏၊ တေံ၊ ဤစကားသည်။ နယုတ္တံ၊ မသင့်။ တေသံ၊ ထိုကေစိတို့၏။ မတိမတ္တမေဝ၊ အယူမျှသာ တည်း။ ဟိ သစ္စံ၊ မှန်၏။ တေသု၊ ထိုပဲက္ခပ်-သင်ဓုန်း နှစ်ခုတို့တွင်။ ဝါသီ၊ ပဲက္ခပ်သည်။ ဒန္တကဋ္ဌဉ္စ ဒနာဒိကိစ္စံ၊ တံပူဖြတ်ခြင်းအစရှိသော ကိစ္စကို။ သာဓေတိ၊ ပြီးစေနိုင်၏။ ခုရံပန၊ သင်ဓုန်း သည်ကား။ ကဲသဋ္ဌဉ္စ ဒနကိစ္စံ၊ ဆံပင်ဖြတ်ခြင်းကိစ္စကို။ သာဓေတိ၊ ပြီးစေနိုင်၏။ ဝါသိ၊ ပဲက္ခပ်သည်။ ဝဇုကီဘဏ္ဍာ၊ လက်သမားတို့၏ အသုံးအဆောင်တည်း။ ခုရံပန၊ သင်ဓုန်းသည် ကား။ နဟာပိတဘဏ္ဍံ၊ ဆတ္တာသည်တို့၏ အသုံးအဆောင်တည်း။

ဧဝံ၊ ဤသို့။ တေ၊ ထိုပဲက္ခပ်-သင်ဓုန်းတို့သည်။ ကိစ္စဝသေန စ၊ ကိစ္စ၏ အစွမ်းအားဖြင့် လည်းကောင်း။ ဘဏ္ဍာဝသေန စ၊ အသုံး အဆောင်၏ အစွမ်း အားဖြင့် လည်းကောင်း။ နာနာ၊ ထူးကုန်သည်။ဟောန္တိ၊ ဖြစ်ကုန်၏။ ဟိ ဝိတ္တာရေမိ၊ ချဲ့ဉီးအံ့ မူလပဏ္ဏာသေ စူဠဟတ္ထိ ပဒေါပမသုတ္တဝဏ္ဏာယံ၊ မူလပဏ္ဏာသ စူဠဟတ္ထိပဒေါပမသုတ် အဖွင့်၌။ (ဝါသီပ်ံ တာယ ဒန္တကဋ္ဌဉ္စဒနကာလေ မဉ္ဇပီဌာနံ အင်္ဂံပါဒ စီဝရကုဋိဒဏ္ဍက တစ္ဆနကာလော တာ၊သ ပရိဟာရိကာ ဟောတိ။ ဥစ္ဆုဋ္ဌဉ္စဒန နာဠိကေရာဒိ တစ္ဆနကာလေ ကုစ္ဆိပရိဟာရိကာ) တိ၊ ပရိဟာရိကာဟူ၍။ ဝါသိယာ၊ ပဲက္ခပ်၏။ ဒန္တဋ္ဌဉ္စဒနာဒိကိစ္စံ၊ တံပူဖြတ်ခြင်း အစရှိသော ကိစ္စကို။ နိတ္ထဋ္ဌတော နိတ္တာ၊ (တိုက်ရိုက်)အားဖြင့်။ဝုတ္တံ၊ မိန့်ဆိုတော်မူအပ်၏။ (ဤကား-မူလ ပဏ္ဏာသ၏အနက်။)

ဝါသိပိ၊ ပဲက္ခပ်သည်လည်း။ တာယ၊ ထိုပဲက္ခပ်ဖြင့်။ ဒန္တကဋ္ဌဉ္စဒ ကာလေ စ၊ တံပူဖြတ်သောအခါ၌လည်းကောင်း။ မဉ္ဇပီဌာနံ၊ ညောင်စောင်း(ခုတင်)၊ အင်းပျဉ် (ကုလားထိုင်) တို့၏။ အင်္ဂံပါဒ စီဝရကုဋိဒဏ္ဍက တစ္ဆနကာလေ စ၊ အပေါင်ခြေသက်နှံး ကုဋိတံတို့ကို ရွေ သောအခါတို့၌လည်းကောင်း။ ကာယပရိဟာရိကာ၊ ကိုယ်ကိုဆောင်သည်။ ဟောတိ၊ ဖြစ်၏။ ဥစ္ဆုဋ္ဌဉ္စဒနနာဠိကေရာဒိ တစ္ဆနကာလေ၊ ကြုံဖြတ်သောအခါ၊ အုန်းသီးခွံစသည်ကို ရွေ(ခွာ) သောအခါ၌။ ကုစ္ဆိပရိဟာရိကာ၊ ဝမ်းကိုဆောင်သည်။ဟောတိ၊ ဖြစ်၏။(ဤကား အနက်။)

သာရတ္ထဒီပနိဋီကာယဉ္စ၊ သာရတ္ထဒီပနိဋီကာ၌လည်း။ တိစီဝရဉ္စ ပတ္တော စ၊ ဝါသိ သူဝိစဇန္ဓနံ။ ပရိသာဝနေန အင်္ဂေတေ။ ယုတ္တယောဂဿဘိက္ခုနော တိဂါဌာယ၊ ဟူသော ဂါထာ၏။ သံဝဏ္ဏနာယံ၊ အဖွင့်၌၊ (ဝါသိတိ ဒန္တကဋ္ဌဉ္စဒနဝါသိ) တိ၊ ဝါသိဟူ၍။ ဝုတ္တံ၊ မိန့်တော်မူအပ်၏။ ဝိနယ အဋ္ဌကထာသုပိ၊ ဝိနည်းအဋ္ဌကထာတို့၌လည်း။ တထာ၊ ထို့အတူ။ ဒန္တကဋ္ဌဉ္စာဒန သဒ္ဒေနပ၊ ဒန္တံကဋ္ဌဉ္စဒနသဒ္ဒါဖြင့်သာလျှင်။ ဝိဇ္ဇေသေတ္ဝာ၊အထူးပြု၍။ ဝုတ္တံ၊ မိန့်ဆိုတော်မူအပ်၏။ ဝိတ္ထာရေန၊ ဝိတ္ထာရစကားဖြင့်။ ကိံ၊ အဘယ်အကျိုးရှိတော့အံ့နည်း။

ပန၊ အဖို့တပါးကို ဆိုဦးအံ့။ ခုရံ၊ သင်ဓုန်းကို။ အနုဇာနန္တေန၊ ခွင့်ပြုတော်မူသော။ ဘဂဝတာ၊ မြတ်ဘုရား သခင်သည်။ ဘိက္ခူနံ၊ ရဟန်းတို့၏။ ဒီဃကောသတ္တာ၊ ရှည်သော ဆံရင်ရှိသည်၏ အဖြစ်ကြောင့်။ အနုဇာမိ ဘိက္ခဝေ ခုရံ ခုရသိလံ ခုဒသိပါဠိကံ နမတကံ သဗ္ဗံ ခုရကမ္မာနိ၊ သဗ္ဗံ ခုဒကမ္မာံ ဟူ၍။ ကောသမ္ဗေဒနတ္ထာယ၊ ဆံပင်ကို ဖြတ်ခြင်းအကျိုးငှာ။ ခုရံ၊ သင်ဓုန်းခဝေးကို။ အနုညာတံ၊ ခွင့်ပြုတော်မူအပ်၏။

ဘိက္ခဒေ၊ ရဟန်းတို့၊ ခုရံ၊ သင်ဓုန်းခဝေးကို။ ခုရသိလံ၊ သင်ဓုန်းခဝေးသွေးကျောက်ကို။ ခုရသိပါဠိကံ၊ သင်ဓုန်းခဝေးအိမ်ကို။ နမတကံ၊ သင်ဓုန်းမဝေးပတ်ကို။ သဗ္ဗံ၊ အလုံးစုံသော။ ခုရကမ္မာံ၊ သင်ဓုန်းနှင့်စပ်သော အသုံးအဆောင်ကို။ အနုဇာနာမိ၊ ခွင့်ပြုတော်မူ၏။ ဤကား အနက်။

ဧဝံ၊ ဤသို့။ ကိစ္စဝသေန၊ ကိစ္စ၏ အစွမ်းအားဖြင့်။ တေသံ၊ ထို ပဲကွပ် သင်ဓုန်းတို့၏။ နာနတ္တံ၊ ထူးသည်၏ အဖြစ်ကို။ ဧဝဒီတဗ္ဗံ၊ သိအပ်၏။ ဘဏ္ဍုဝသေနပုန၊ အသုံးအဆောင်၏ အစွမ်းအားဖြင့်ကား။ သက္ကော။လ။ မယာပိ တတ္ထ ဂန္တွာ ပုညကောဋ္ဌာသံ ဂဟေတုံ ဝဋ္ဋတီတိ၊ ဝစုကိ ဝဏ္ဏံ နိမ္မိနိတ္ဝာ ဝါသိ ဖရသုဟတ္ထော မဟာပုရိသဿ ပုရတော ပါတုရဟောသိတိ၊ ပါတုရဟောသိ ဟူ၍။ အဋ္ဌသာလိနိ အဋ္ဌကထာယံ၊ အဋ္ဌသာလိနီ အဋ္ဌကထာ၌။ ဝါသိယာ၊ ပဲကွပ်၏။ ဝစုကိ ဘဏ္ဍတ္တံ၊ လက်သမား အသုံးအဆောင်၏ အဖြစ်ကို။ ဝုတ္တံ၊ မိန့်ဆိုအပ်၏။

သက္ကော၊ သိက္ခြားမင်းသည်။လ။ မယာပိ၊ ငါသည်လည်း။ တတ္ထ၊ ထိုသုရစိ ပုဏ္ဏား သည် နောက်တော်ပါ သံဃာကုဋ္ဌေ တသိန်းနှင့်တကွ မင်္ဂလဘုံရှင်ကို ဆွမ်းလှူရာသို့။ ဂန္တွာ၊ သွား၍။ ပုညကောဋ္ဌာသံ၊ ကုသိုလ်အစုကို။ ဂဟေတုံ၊ ယူခြင်းငှာ။ ဝဋ္ဋတိ၊ သင့်၏။ ဣတိ၊ ဤသို့။ ဝစုကိ ဝဏ္ဏံ၊ လက်သမားယောင်ကို။ ဝါ၊ လက်သမားအသွင်ကို။ နိမ္မိနိတ္ဝာ၊ ဖန်ဆင်း၍။ ဝါသိ ဖရသုဟတ္ထော၊ ပဲကွပ် ပုဆိန်လက်စဲ့လျက်။ မဟာပုရိသဿ၊ သုရစိ ပုဏ္ဏား ဘုရားအလောင်း ယောကျ်ား၏။ ပုရတော၊ ရှေ့မှ။ ပါတုရဟောသိ၊ ထင်ရှားဖြစ်ပြီ။ ဤကား အနက်။

ပန၊ အဖို့တပါးကား။ မဟာဝဏ္ဏေ၊ မဟာဝါ ပါဠိတော်၌။ ဘေသဇ္ဇခန္ဓကေ၊ ဘေသဇ္ဇ ခန္ဓကံ၌။ နှာပိတ ပုဗ္ဗဝုဓု ပဗ္ဗဇိတ ဝတ္ထုသ္မိံ၊ ဆတ္တာသည်ဖြစ်ဖူးသော တောထွက်ရဟန်း ဝတ္ထု၌။

ဂစ္ဆထ တုမှေ တာဘာ ခုရဘဏ္ဍံ အာဒါယ နာဠိယာဝါပကေန အနုဃရံ အနုဃရံ အာဟိဏ္ဍထာတိစ၊ အာဟိဏ္ဍထ ဟူ၍လည်းကောင်း။

ဧဝံ တာတာတိဓေါ ဒါရကာ တဿ ဝုဓုပဗ္ဗဇိတဿ ပဋိသုတ္ဝာ ခုရဘဏ္ဍံ အာဒါယ နာဠိယာဝါပကေန အနုဃရံ အနုဃရံ အာဟိဏ္ဍန္တိတိ စ၊ အာဟိဏ္ဍန္တိ ဟူ၍ လည်းကောင်း။ သိက္ခာပဒေပိ၊ သိက္ခာပုဒ်ပညတ်ရာ၌လည်း။

ဧဇာတိကာ၌ ၆ဂ (ဓမ္မဒါန)

နံ ဘိက္ခဝေ နှာပိတပုဗ္ဗေန ခုရဘဏ္ဍံ ပရိဟရိတဗ္ဗံ၊ ယော ပရိဟရေယျ အာပတ္တိ ဒုက္ကဋဿာတိ စ၊ အာပတ္တိ ဒုက္ကဋဿ ဟူ၍ လည်းကောင်း။ ခုရဿ၊ သင်မုန်း၏။ နှာပိတ ဘဏ္ဍတ္တံ၊ ဆတ္တာသည်တို့၏ အသုံးအဆောင်၏ အဖြစ်ကို။ ဝုတ္တံ၊ ဟောတော်မူအပ်ပြီ။

တာတာ၊ အဖေ့သားတို့။ တုမ္မေ၊ သင်တို့သည်။ ဂစ္ဆထ၊ သွားကြကုန်လော့။ ခုရဘဏ္ဍံ၊ သင်မုန်းဘဏ္ဍာကို။ အာဒါယ၊ ယူ၍။ နာဋ္ဌိယ ဝါပကေန၊ ဆုံမ်းခွက် အိတ်မျှား ဖြင့်။ အနုဃရံ အနုဃရံ၊ အိမ်စဉ်တိုင်း အိမ်စဉ်တိုင်းသို့။ အာဟိဏ္ဍထ၊ ခေါင်းရိတ် လှည့်လည်ကြကုန်လော။ ဤကား ပထမပါဋိ၏ အနက်၊ တောထွက်ရဟန်းကြီး၏ စကား။

တာတ၊ ဖခင်။ ဧဝံ၊ ကောင်းပါပြီ။ ဣတိ၊ ဤသို့။ ဒါရကာ၊ သားငယ်နှစ်ယောက် တို့သည်။ တဿ ဝုဒ္ဓ ပဗ္ဗဇိတဿ၊ ထိုဆတ္တာသည်ဖြစ်ဖူးသော အဖ-တောထွက်ရဟန်းကြီး၏။ ဝစနံ၊ စကားကို။ ပဋိသုတ္ဝာ၊ ဝန်ခံ၍။ ခုရဘဏ္ဍံ၊ သင်မုန်းအသုံးအဆောင် ဘဏ္ဍာစုံကို။ အာဒါယ၊ ယူ၍။ နာဋ္ဌိယာဝါပကေန၊ ဆုံမ်းစားခွက်-အိတ်မျှားဖြင့်။ အနုဃရံ အနုဃရံ၊ အိမ်စဉ်တိုင်း အိမ်စဉ်တိုင်းသို့။ အာဟိဏ္ဍန္တိ၊ လှည့်လည်ကြကုန်၏။ ဤကား ဒုတိယပါဋိ၏ အနက်။

ဘိက္ခဝေ၊ ရဟန်းတို့။ နှာပိတပုဗ္ဗေန၊ ရှေးဦး ဆတ္တာသည်ဖြစ်ဖူးသော ရဟန်းသည်။ ဝါ၊ ဆတ္တာသည်အမျိုးဦး ဖြစ်ဖူးသော ရဟန်းသည်။ ခုရဘဏ္ဍံ၊ သင်မုန်းအသုံးအဆောင်ကို။ နပရိဟရိတဗ္ဗံ၊ အမြဲဆောင်၍ မထားအပ်။ ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ ပရိဟရေယျ၊ အမြဲဆောင်၍ ထားငြားအုံ။ တဿ ဘိက္ခုနော၊ ထိုရဟန်းအား။ ဒုက္ကဋာ၊ ဒုက္ကဋ် အမည် ရှိသော။ အာပတ္တိ၊ အာပတ်သည်။ အဿ ဟောတိ၊ ဖြစ်၏။ ဤကား တတိယသိက္ခာပုဒ် ပါဋိ၏ အနက်။

ဧဝံ၊ ဤသို့။ ဘဏ္ဍဝသေန၊ အသုံးအဆောင်၏ အစုမ်းအားဖြင့်။ ဧတေသံ၊ ထိုပဲကပ် သင်ခုန်းတို့၏။ နာနတ္တံ၊ ထူးသည်၏အဖြစ်ကို။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ဟသ္မာ၊ ထို့ကြောင့်။ ဝါသိနာမ၊ ပဲကပ်မည်သည်ကား။ ခုရမေ၊ သင်ခုန်းသည်သာလျှင်တည်း။ ဤတိ ဝါဒိနော၊ ဤသို့ အယူရှိသောသူ၏။ မတိ၊ အယူဟု။ ဒုမတိတိ၊ မကောင်းပေါက်ပြန် မမှန်မဟုပ် အယူစုတ် အယူချော်ဟူ၍။ ဒဋ္ဌဗ္ဗော၊ မှတ်အင်၏။

ဤ၌ ဝါသိ-ပဋသည်ကား ပုဆိန်အထူးတခုပင်။ ထို့ကြောင့် သဗ္ဗဋ္ဌာန မဟာနိတ္ထ အဘိဓာန်၌ ပါသိ (သီ) ဩသိ-ဝသ-ဏ္ဍင်-ဂါဒိပ်၊ ကုဋ္ဌာရဘေဒေ-ဟု ဆို၏။ ဝါသိ (သီ)၊ ဝါသိဟူ၍လည်းကောင်း။ ဝါသိဟူ၍လည်းကောင်း၊ ပုဒ်နှစ်မျိုးသည်။ ဩသိ၊ ဏ္ဍင်ပိုင်။ ဒသ၊ ဝသဓာတ်။ ဏ္ဍင်။ ဏ္ဍင်ပစ္စည်း။ ဝါ၊ တနည်းမှာ၊ ဒိပ်၊ ဒိပ်ပစ္စည်း။ ကုဋ္ဌာရဘေဒေ၊ ပုဆိန်အကူးဖြစ်သော ပဲကပ်ဟူသော အနက်ဖြစ်၏။ (ဤကား အဘိဓာန်၏ အနက်။)

ထိုပုဆိန်အဟူး ဟူသော အနက်ကိုဟောသော ဝါသီသဒ္ဒါကို ပဲကပ်ဟူ၍ မြန်မာဘာသာ အားဖြင့် ရှေးဆရာမြတ်တို့ ပြန်ဆိုကြကုန်၏။ ထိုပဲကပ်သည် ဆံပင်ရိတ်ရာ ဘဏ္ဍာမဟုတ်၊ ယင်းချောင်း သစ်သားမျှားကို ဖြတ်စရာဘဏ္ဍာသာဖြစ်သည်။ ထို့ကြောင့် ဝါသီသဒ္ဒါ၏

အနက်ကို ကုဋ္ဌာရတောဒေဟု ထုတ်ပြသည်။ ကုဋ္ဌာရ သဒ္ဒါသည်လည်း ထင်းခြောင်း-သစ်သား မျှားကို ဖြတ်စရာ ပုဆိန်ပင်။ ထို့ကြောင့် ဝါစသတ္ထအဘိဓာန်ကြီး၌ ကုဋ္ဌာရုပုဿီ၊ ကုဋ္ဌ-ကရဏောအာရန်၊ သွနာမချာတေ ကာဒိစ္ဆေဒနသာဓနေ အဿ်တောဒေ-ဟု ဆို၏။

ကုဋ္ဌာရ၊ ကုဋ္ဌာရသဒ္ဒါသည်။ ပုဿီ၊ ပုလ္လိင်-ဣတ္ထိလိင် နှစ်ပါး၌ ဖြစ်၏။ ကုဋ္ဌ၊ ကုဋ္ဌဓာတ်။ ကရဏော၊ ပြုကြောင်းဖြစ်သောအနက်။ အာရန်၊ အာရန်ပစ္စည်း။ သွနာမချာတေ၊ ထိုကုဋ္ဌာရ ဟူသော အမည်ဖြင့် ခေါ်ဆိုအပ်သော။ ယာဒိစ္ဆေဒနသာဓနေ၊ ထင်းခြောင်း သစ်သား ဖြတ်ရ ခြင်းကိစ္စကို ပြီးစေနိုင်သော။ အဿ်တောဒေ၊ လက်နက်အထူး တခုဖြစ်သော ပုဆိန်ဟူသော အနက်၌ ဖြစ်၏။ (ဤကား အနက်။)

ဤသက္ကတကျမ်းလာ ဝါသီသဒ္ဒါဟော အနက်သည် ရှေး၌ ပြဆိုအပ်ခဲ့ပြီးသော မူလ ပဏ္ဏာသ အဋ္ဌကထာ၊ သာရတ္ထဒီပနီဋီကာ၊ အဋ္ဌသာလိနီ အဋ္ဌကထာများနှင့် ညီညွတ်သည် ပင်။ ထို့ကြောင့် ငါတို့ကား ဝါသီဟူသည် ပုဆိန်အထူးဖြစ်သော တရုတ်လက်သမားကိုင် ရဲတင်းငယ်ဟူ၍ပင် ထင်ပေသည်။ သို့ဖြစ်မှ ရဟန်းတို့ တံပူဖြတ်စရာ ဆိုသည်နှင့်လည်း သင့် လျော်မည်။ မဇ္ဈိမတိုက်သား ဟိန္နူရသေ့များသည် ယခုထက်တိုင်ပင် တံပူဖြတ်စရာ အသုံး အဆောင်ပြုလုပ်၍ ဝါသီ ဟူသော အမည်ဖြင့်ပင် ရဲတင်းငယ်ကို ဆောင်လျက်ရှိကြသည်နှင့် လည်း သင့်လျော်သည်။ သို့သော်လည်း မြန်မာလူမျိုးတို့ ဝေါဟာရအားဖြင့် ပေါက်တူး ကဲ့သို့ အသွားကန့်လန့်တပ်သော လက်သမားဆောင် တံစဉ်းငယ်ကလေးကိုသာ ပဲကွပ်ဟု ခေါ်ရိုးခေါ်စဉ်လည်း ရှိသဖြင့် ရဟန်းဆောင် ပရိက္ခရာရှစ်ပါးတွင်ပါသော ဝါသီ-ဟူသည်ကို ငါတို့သဘောကျသော ပုဆိန်အထူးဖြစ်သော ရဲတင်းငယ်ပင်ဖြစ်မည်။ သို့မဟုတ် အသွားကန့်လန့် တပ်သော လက်သမားဆောင် တံစဉ်းငယ်ကလေးပင် ဖြစ်မည်ကို ဆင်ခြင်၍ ယုတ္တိရှိရာကို ယူ။ သင်ခုန်းကိုကား ပရိက္ခရာရှစ်ပါးမှ အလွတ်ဖြစ်သည်ဟု မြဲမြံစွဲစွဲမှတ်။

ပန၊ အဖိုတပါးကို ဆိုဦးအုံ။ အဒ္ဓယောဇနံ၊ သုံးတိုင်နှင့် ၇-တောင်တာ ၂၀၀ ရှိသော ယူဇနာခဲ့ဝေးသော အဓွန့်ကို။ ဂစ္ဆန္တေန၊ သွားသောရဟန်းသည်။ ပရိသာဝနံဝါ၊ ရေစစ်ကိုလည်းကောင်း။ ဓမ္မကရဏံဝါ၊ ဓမ္မကရိဏ်းကိုလည်းကောင်း။ ဂဟေတွာဝ၊ ယူ၍ သာလျှင်။ ဂန္တဗ္ဗံ၊ သွားအပ်၏။ သစေနတ္ထိ၊ အကယ်၍မရှိသည်ဖြစ်အုံ။ သံဃဘောဇ္ဈကောဏေန၊ သင်္ကန်းထောင့်စွန်းဖြင့်။ ပရိသာဝေတွာ၊ စစ်၍။ ပိဝိဿာမိတိ၊ သောက်အုံဟူ၍။ အဓိဋ္ဌ-ဟိတွာ၊ စိတ်ဖြင့်ဆောက်တည်၍။ ဂန္တဗ္ဗံ၊ သွားအပ်၏။ အဂဟေတွာဝါ၊ အလျဉ်းမဲ့ မယူပဲလည်းကောင်း။ အနဓိဋ္ဌဟိတွာဝါ၊ စိတ်ဖြင့်မဆောက်တည်ပဲလည်းကောင်း။ ဂစ္ဆန္တဿ၊ သွားသောရဟန်းအား။ အာပတ္တိယော၀၊ အာပတ်သင့်သာလျှင်တည်း။ ဟိသစ္စံ၊ မှန်၏။ ဘဂဝတာ၊

မြတ်စွာဘုရားသခင်သည်။ နဘိက္ခဝေ အာပရိသာဝနကေန အာဒွါနော ပဋိပဇ်တပ္ပေါ။ ယော ပဋိပဇ္ဇေယျ အာပတ္တိ ဒုက္ကဋဿာတိ၊ ဒုက္ကဋဿဟူ၍။ တေဝံစနံ၊ ဤကားကို။ ဝုတ္တံ၊ ဟောတော် မူအပ်ပြီ။

ဘိက္ခဝေ၊ ရဟန်းတို့။ အာပဇ္ဇိသာဝနကေန၊ ရေစစ်မပါသော ရဟန်းသည်။ ဒုတိယံ၊ နော၊ ယူဇနာခဲ့ရှိသော အာမဉ်ကို။ နပဋိပဇ်တပ္ပေါ၊ မသွားအပ်။ ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ ပဋိပဇ္ဇေယျ၊ သွားခြေးအံ့။ တဿဘိက္ခုနော၊ ထိုရဟန်းအား။ ဒုက္ကဋံ၊ ဒုက္ကဋ်အမည်ရှိသော။ အာပတ္တိ၊ အာပတ်သည်။ အဿဟောတိ၊ ဖြစ်၏။ ဤကား-အနက်။

ဤအရာ၌ ရေစစ်ပိတ် ပဝါပါးသည်လည်းကောင်း။ ထိုပဝါပါးကိုပင် ရေစစ်ချုပ်၍ ထားသော လေးထောင့်သည်လည်းကောင်း ရေစစ်မည်၏။ ရေခွက်ငယ်ကို အောက်ခံတဘက်က ဖောက်၍ ထိုအပေါက်၌ အခေါင်းရှိသော လုံတံငယ်ပေါက်ကို ခိုင်စွာတပ်၍ အဝဘက်က ပိတ်ပါးဖြင့်ကြက်၍ ပြုရသော ရေစစ်သောအခါ ရေထည်းမှာ မြုပ်အောင်နှစ်၍ အရိုးလုံတံငယ်အပေါက်ကို လက်မဖြင့်ပိတ်ပြီးလျှင် ယူဆောင်၍ အလိုရှိရာခွက်၏ အထက်သို့ရောက်မှ ထိုလုံတံငယ်ပေါက်ကို ဖွင့်၍ ရေကိုလျှောကျစေသဖြင့် စစ်ရသော ယာခုကာလ ရေစစ်ဟု ခေါ်အပ်သော ဝတ္ထုသည် ရေစစ်မဟုတ် ဓမ္မကရိဏ် မည်၏။ ထိုသို့ ရေစစ်နှင့် ဓမ္မကရိဏ်အထူးကိုမှတ်။

ဣဒံစ္စဝံ၊ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။ စာရိကံ စရန္တေန၊ ဒေသစာရီလှည့်လည်သော။ ဘိက္ခုနာ၊ ရဟန်းသည်။ အဋ္ဌသု သမဏပရိက္ခာရေသု၊ ရဟန်းဆောင် ပရိက္ခရာတို့တွင်။ တိုစီဝရံ၊ သင်္ကန်းသုံးထည်ကို။ ဂဟေတွာဝ၊ ယူ၍သာလျှင်။ ဂန္တဗ္ဗံ၊ သွားအပ်၏။ ဝိဟာရေ၊ ကျောင်းသည်။ ဂုဇ္ဈေပန၊ လုံသည်ရှိသော်ကား၊ ဧတံ၊ ဤသုံးထည်တို့တွင် တထည်ထည်ကို။ နိက္ခိပိတွာပိ၊ ထားခဲ့ရှိလည်း။ ဂန္တုံ၊ သွားခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။ အစ္ဆိန္နစီဝရော၀၊ ခိုးသူလုယက်အပ်ပြီးဆော သင်္ကန်းရှိသည်လည်းကောင်း။ နဋ္ဌစီဝရော၀၊ ပျောက်သောသင်္ကန်းရှိသည်လည်းကောင်း။ သစေဟောတိ၊ အကယ်၍ဖြစ်အံ့။ ပတ္တေနာပိ၊ သစ်ရွက်ဖြင့်သော်လည်း။ ပဋိစ္ဆာဒေတွာ၊ ဖုံးလွှမ်း၍။ ဂန္တဗ္ဗံ၊ သွားအပ်၏။ နဂ္ဂေနပန၊ အချည်းနှီးအားဖြင့်ကား။ နဂန္တဗ္ဗမေ၀၊ မသွားအပ်သည်သာတည်း။

ပရိသာဝနံပန၊ ရေစစ်ကိုကား။ အမုယောဇနံ၊ ယူဇနာခဲ့ ခရီးအဝှန့်ကို။ ဂစ္ဆန္တေန၊ သွားသောရဟန်းသည်။ ဂဟေတွာဝ၊ ယူ၍သာလျှင်။ ဂန္တဗ္ဗံ၊ သွားအပ်၏။ တတော၊ ထို ယူဇနာခဲ့ ခရီးအဝှန့်အောက်။ ဩဂုံပန၊ အယုတ် တိုသော ခရီးကိုကား။ အဂဟေတွာပိ၊ မယူပဲ

လည်း။ ဂန္ထံ၂၊ သ္ဓားခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။ ဂါမံဝါ၊ ရွာသို့လည်းကောင်း။ ဂါမူပစာရံဝါ၊ ရွာဥပစာသို့လည်းကောင်း။ ဂစ္ဆန္တေန၊ သွားသောရဟန်းသည်။ ကာယဗန္ဓနံ၊ ခါးပန်းကြိုးကို။ ဗန္ဓိတွာ၊ ဖွဲ့၍သာလျှင်။ ဂန္ထဗ္ဗံ၊ သွားအပ်၏။

အန္တရာရာမံဝါ၊ ရွာတွင်းရှိ ကျောင်းတိုက်တာ အာရာမ်တပါးသို့ လည်းကောင်း။ ဘိက္ခုနုပဿယံဝါ၊ ဘိက္ခုနိမ ကျောင်းသို့လည်းကောင်း။ တိတ္ထိယသေယျံဝါ၊ တိတ္ထိတ်ဟိုနေရာ ကျောင်းသို့လည်းကောင်း။ ပဋိက္ကမနံဝါ၊ ရွာတွင်း ဆွမ်းစားဇရပ်သို့ လည်းကောင်း။ ဒုရံ၊ ခရီးဝေးကို။ ဂစ္ဆန္တေန၊ သွားသောရဟန်းသည်။ ဂါမမဇ္ဈေန၊ ရွာလယ်ဖြင့်။ မဂ္ဂေါ၊ ခရီးသည်။ ဟောတိ၊ ဖြစ်၏။ တံဝါ၊ ထိုခရီးသို့လည်းကောင်း။ အဗန္ဓိတွာပိ၊ ခါးပန်းကြိုးကို မဖွဲ့မစည်း ပဲလည်း။ ဂန္ထဗ္ဗံ၊ သွားအပ်၏။ ကာယဗန္ဓနဿ၊ ခါးပန်းကြိုး၏။ ဝိနိစ္ဆယော၊ အဆုံးအဖြတ်သည်။ ဟောတိယထာ၊ ဖြစ်သကဲ့သို့။ တထာ၊ ထို့အတူ။ သုပ္ပဋိစ္ဆန္နဿာပိ၊ သင်္ကန်းရုံ၍ သွားရခြင်း၏။ ဝိနိစ္ဆယော၊ အဆုံးအဖြတ်သည်။ ဟောတိ၊ ဖြစ်၏။

(ခါးပန်းကြိုးဖွဲ့၍ သွားအပ်သည့်နေရာ၌ သင်္ကန်းကိုလည်း ရုံ၍သွားအပ်သည်။
ခါးပန်းကြိုးမဖွဲ့ပဲ သွားအပ်သည့်နေရာ၌ သင်္ကန်းမရုံပဲ သွားအပ်သည်ဟူလို)

ပတ္တာဒါသီ သူစိယော၊ သပိတ် ပဲကပ် အပ်တို့ကို။ ဂဟေတ္ဝာဝါ၊ ယူ၍ပင် ဖြစ်စေ။ အာဂဟေတ္ဝာ ဝါ၊ မယူပဲပင်ဖြစ်စေ။ ဂန္ထံ၂၊ သွားခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။ အထစ၊ ထိုသို့ပင်အပ်သော်လည်း။ ပတ္တံ၊ သပိတ်ကို။ ဂဟေတ္ဝာ၊ ယူ၍။ ဂမနံ၊ သွားခြင်းသည်။ ပုဗ္ဗေ၊ ရှေး၌။ ဝုတ္တနယေန၊ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်။ သုန္ဒရာဓိ သုန္ဒရတရုံ၊ ကောင်းသည်ထက် အလွန်အကျူး အထူးအားဖြင့် ကောင်း၏။ အတိဝိယ၊ အလွန်သာလျှင်။ ပဿာဒနိယံ၊ ကြည်ညိုဖွယ်ရှိ၏။ ဝါ၊ ကြည်ညိုအပ်၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

သဗ္ဗမေဝ၊ ပရိက္ခရာ ရှစ်ပါးကိုပင်လျှင်။ ဂဟေတ္ဝာ၊ ယူ၍။ စာရိကံ စရန္တော၊ ဒေသစာရီ လှည့်လိုသောရဟန်းသည်။ ဟိ သစ္စံ၊ မှန်၏။ သော ဘိက္ခု၊ ထိုပရိက္ခရာ ရှစ်ပါးကို ဆောင်သော ရဟန်းသည်။ ခုဒ္ဒက ဝါသိံစ၊ ပဲကပ်ငယ်ကိုလည်းကောင်း။ သူစိံစ၊ အပ်ကို လည်းကောင်း။ ပရိသာဝနေန၊ ရေစစ်၌။ ပက္ခိပိတွာ၊ ထည့်၍။ ပတ္တာဿ၊ သပိတ်၏။ အန္တော၊ အတွင်း၌။ ဌပေတွာ၊ ထား၍။ ပတ္တံ၊ သပိတ်ကို။ အံသကုဋ္ဌေ၊ ပခုံးစွန်း၌။ လဂ္ဂေတွာ၊

လွယ်၍။ တိစီဝရ ကာယဗန္ဓနံ၊ သက််နှံးသုံးထည် ခါးပန်းကြိုးကို။ ကာယပဋိဗဒ္ဓံ၊ ကိုယ်နှင့် စပ်သည်ကို။ ကတ္ဝာ၊ ပြု၍။ ယေနိစ္ဆကံ၊ သွားလိုတိုင်းသော အခါ၌ သွားလိုတိုင်းသော ခရီးဖြင့် သွားလိုတိုင်းသော အရပ်သို့။ သုခံ၊ ချမ်းသာစွာ။ ပက္ကမတိ၊ ဖဲသွားနိုင်၏။ ဣတိ၊ ဤသို့။ မူလပဏ္ဏာသဒ္ဒကထာယံ၊ မူလပဏ္ဏာသ အဋ္ဌကထာ၌။ စုဋ္ဌဟတ္ထိပဒေါပမ သုတ္တဝဏ္ဏ-နာယံ၊ စူဋ္ဌဟတ္ထိ ပဒေါပမသုတ် အဖွင့်၌။ အာဂတနယေန၊ လာသောနည်းဖြင့်။ စရိတပ္ပံ၊ သွားအပ်၏။

တသ္မိညေဝ၊ ထိုမူလပဏ္ဏာသ အဋ္ဌကထာဒ္ဒါပင်လျှင်။ ပစ္စတ္ထရဏဝ၊ အိပ်ရာခင်းကို လည်းကောင်း။ ကုဋ္ဌိကံဝါ၊ သေ့သံကောက်ကို လည်းကောင်း။ နဝမံ ကတ္ဝာ၊ ကိုးခုမြောက် ပြု၍။ နိသီဒန စမ္မခဏ္ဍံ၊ နိသီဒိုင် အခင်း- သားရေနွယ် အခင်းကို။ ဒသမံကတ္ဝာ၊ ဆယ်ခု မြောက်ပြု၍။ ကတ္တရယဋ္ဌိ ဝါ၊ လူအိုဆောင်- တောင်ဝှေးကိုလည်းဂကောင်း။ ဧကာဒသမံ ကတ္ဝာ၊ တဆယ့်တခုမြောက်ပြု၍။ ဆတ္တံဝါ၊ ထီးကိုလည်းကောင်း။ ဥပါဟနံဝါ၊ ဖိနပ်ကိုလည်းကောင်း။ ဒွါဒသမံက တ္ဝာ၊ ကဆယ့်နှစ်ခုမြောက် ပြု၍။ ဒွါဒသပရိက္ခါရိကဿာပိ၊ တဆယ့်နှစ်ပါးသော ပရိက္ခရာကို ဆောင်သော ရဟန်း၏လည်း။ သန္တုဋ္ဌိဂုဏိက ဘာဝေါ၊ သန္တုဋ္ဌိဂုဏ်နှင့် ပြည့်စုံသည်၏ အဖြစ်ကို။ ဝဏ္ဏိတော၊ ဖွင့်ဆိုတော်မူအပ်ပြီ။

ဝိတ္ထာရံ၊ အကျယ်ကို။ ဣစ္ဆန္တေဟိ၊ အလိုရှိကုန်သော သူတို့သည်။ တကော၊ ထို မူလ ပဏ္ဏာသ အဋ္ဌကထာမှ။ ဂဟေတဗ္ဗော၊ ယူအပ်၏။ ဣတိ၊ ဤကား အပြီးသတ်။ တ္ထေဝတာ၊ ဤမျှတည်းသော စကားအစဉ်ဖြင့်။ ဒဿမပဓဉ္စာ၊ ဆယ်ခုမြောက်ပြဿနာကို။ သုဝိဿဇ္ဇိတော၊ ကောင်းစွာဖြေဆိုအပ်ပြီ။ ဒဿမဝိသဇ္ဇနာ အနက်ပြီး၏။

(၁၁) ဇက္ကံ၊ ဝတ်ကို။ အပရိပ္ပရေနေ္ဓာ၊ မဖြည့်ကျင့်သော ရဟန်းသည်။ ဝါ၊ မဖြည့်ကျင့်သည်ရှိသော်။ သီလံ၊ သီလသည်။ နပရိပ္ပရတိ၊ မပြည့်။ အသုဒ္ဓသီလော၊ မစင်ကြယ်သော သီလ ရှိသော။ ဒုပ္ပညော၊ ပညာနည်းသော ရဟန်းသည်။ ဒုက္ခာ၊ ဆင်းရဲမှု။ နပရိမုစ္စတိ၊ မလွတ်။ ဣတိ၊ ဤသို့။ ပါဠိယံ၊ ပါဠိတော်၌။ အာဂတနယေန၊ လာသောနည်းဖြင့်။ ပတ််၊ သဒိတ်ကို။ အဂဟေဘဉ္စ၊ မယူမူ၍။ ဘဏ္ဍဂုံ၊ ဒါယကာတို့ ပင့်၍ ဆွမ်းကျွေးရာသို့။ ပဝိသန္တာနံ၊ ဝင်ကုန်သော။ ဘိက္ခူနံ စ၊ ရဟန်းတို့၏ လည်းကောင်း။

အဌပရိက္ခာရံ၊ ရှစ်ပါးကုန်သော ပရိက္ခရာတို့ကို။ အဂဟေတ္ဝာ၊ မယူကုန်ပဲ။ စာရိကံ စရန္တောနံ၊ ဒေသစာရီ လှည့်လည်ကုန်သော။ ဘိက္ခူနံစ၊ ရဟန်းတို့၏လည်းကောင်း။ သီလံ၊ သီလသည်။ ပရိသုဒ္ဓံဝါ၊ ဖြူစင်ပါ၏လော။ ဥဒါဟု၊ ထိုသို့မဟုတ်။ အပရိသုဒ္ဓံဝါ၊ မဖြူစင်ပါသလော။ ဣတိ၊ ဤသို့။ ကောဒသမံ၊ တဆယ့်တခုမြောက်ဖြစ်သော။ ယံ ပဥ္စ၊ အကြင်ပြဿနာကို။ ဝိသဇ္ဇိယတေ၊ ဖြေဆိုအပ်၏။

ပတ္တံ၊ သပိတ်ကို။ အဂဟေတ္ဝာ၊ မယူမူ၍။ ဘတ္တဂ္ဂုပသင်္ကမနဿ၊ ဒါယကာတို့ပင့်၍ ဆွမ်းကျွေးရာသို့ ကပ်သော။ ဘိက္ခုနော၊ ရဟန်း၏။ သမဏသာရုပ္ပါ သာရုပ္ပပဋိသည္ဒုတ္တံ၊ သမဏသာရုပ္ပ ရှိ-မရှိနှင့်စပ်သော။ နဝမံ၊ ကိုးခုမြောက်ဖြစ်သော။ ယံ စ ဝိသဇ္ဇနံ၊ အကြင်အဖြေစကားကိုလည်း။ ကတံ၊ ပြုစီရင်ခဲ့ပြီ။ အဌပရိက္ခရာနံ၊ ရှစ်ပါးကုန်သော ပရိက္ခရာတို့ကို။ အဂဟေဘဉ္ဇာ၊ မယူပဲ။ ဂါမနိဂမာဒီသု၊ ရွာ-နိုဂုံး အစရှိသည်တို့၌။ စာရိကံ စရန္တဿ၊ ဒေသစာရီ လှည့်လည်သော။ ဘိက္ခုနော၊ ရဟန်း၏။ သုန္ဒရာ သုန္ဒရ ပဋိသည္ဒုတ္တံ၊ ကောင်း-မကောင်းနှင့် စပ်သော။ ဒသမံ၊ ဆယ်ခုမြောက်ဖြစ်သော။ ယံ စ ဝိသဇ္ဇနံ၊ အကြင် အဖြေစကားကိုလည်း။ ကတံ၊ ရေးခဲ့ပြီ။

တတ္ထ တာသု ဝိသဇ္ဇနာသု၊ ထို နဝမ-ဒသမ ဝိသဇ္ဇနာတို့၌။ ဝုတ္တနယံ၊ ဆိုအပ်ခဲ့ပြီးသော နည်းကို။ ဣဓာပိ၊ ဤကောဒသမပဉ္ဉာသို့လည်း။ နေတ္ဝာ၊ ဆောင်၍။ ကပ္ပိယာ ကပ္ပိယ ဘာဝံ၊ အပ်-မအပ်အဖြစ်ကို။ ဃဋ္ဋဒ္ဓုံ၊ ကောင်းစွာသိခြင်းငှာ။ သက္ကုဏေယျတ္တာ၊ စွမ်းနိုင်သည်၏ အဖြစ်ကြောင့်။ ဝိတ္ထာရေန၊ အကျယ်အားဖြင့်။ ဣဓ၊ ဤကောဒသမပဉ္ဉာ၌။ နကိရိဿံ၊ အဖြေစကား မရေးသားပေအံ့။ တထာပိ၊ ထိုသို့ ကောဒသမပဉ္ဉာ၌ အဖြေစကား မရေးသားသော်လည်း။ အနုမတ္တောသု၊ အနည်းငယ်မျှသာ ဖြစ်ကုန်သော။ ဝင္ဇေသု၊ အပြစ်တို့၌။ ဘယဒဿာဝိနော၊ ကြီးကျယ်လှစွာသော ဘေးကြီးဟု ရှုကြကုန်သည်ဖြစ်၍။ ဝိဟရထ၊ နေကြကုန်လော့။ ဣတိ၊ ဤသို့။ ဝုတ္တဒေသနာနုရူပံ၊ ဟောတော်မူအပ်သော ဒေသနာအား လျော်စွာ။ ဒ္ဝိဿု၊ နှစ်ပါးကုန်သော။ တပ္ပိသဇ္ဇနာသု၊ ထိုနဝမ ဒသမ ဝိသဇ္ဇနာတို့၌။ သုဝိနိစ္ဆိတေသု၊ ကောင်းစွာ ဆုံးဖြတ်အပ်ခဲ့ပြီးကုန်သော။ ကပ္ပိယာ ကပ္ပိယေသု၊ အပ်-မအပ်တို့တွင်။ ယံ ယံ၊ အကြင် အကြင် အမှုအရာသည်။ အကပ္ပိယံ၊ မအပ်။

တံ တံ၊ ထိုထိုမအပ်သည်ကို။ ဝိတိက္ကမတော၊ လွန်ကျူးရခြင်းမှ။ သီသေ၊ ဦးခေါင်း၌။ အဟိနာဒဠှော၊ မြွေသည် ကိုက်အပ်သော။ ပေါသော ဝိယ၊ ယောကျ်ားကဲ့သို့။ ဘီတော၊ ကြောက်သည်။ ဟုတ္ဝာ၊ ဖြစ်၍။ အနတိက္ကမိတ္ဝာ၊ မလွန်ကျူးမူ၍။ ယထာ၊ အကြင်အခြင်း အရာအားဖြင့်။ ယံ၊ အကြင် အမှုအရာသည်။ ကပ္ပတိ၊ အပ်၏။ အနဝဇ္ဇံ၊ အပြစ်မရှိ အာပတ်မသင့်။ ဝိညူပသတ္ထံ၊ ပညာရှိတို့သည် ချီးမွမ်းအပ်၏။

တထာ၊ထိုအပ်သော အချင်းအရာအားဖြင့်။ တံ၊ ထိုအပ်သည်၊အပြစ်မရှိသည်၊ ပညာရှိတို့ ချီးမွမ်းအပ်သည်ကို။ ကရောန္တဿ၊ ပြုသောရဟန်း၏။ သီလံ၊ သီလသည်။ နဝသုဓောတ သင်္ခ်ပံဝ၊ ကောင်းစွာ ပွတ်သစ်စ ဖြစ်သော ခရုသင်းကဲ့သို့။ ပရိဝသုဒ္ဓံ၊ စင်ကြယ်သည်။ ဟောတိ၊ ဖြစ်၏။

ယံယံ၊ အကြင်အကြင်အမှုသည်။ အကပ်ပံယံ၊ မအပ်။ တံတံ၊ ထိုထိုမအပ်သော အမှုကို။ သဉ္ဇိစ္စ၊ စေတနာဖြင့် စေ့ဆော်၍။ ဝိတိက္ကမန္တိဿ၊ လွန်ကျူးသော ပုဂ္ဂိုလ်၏။ သီလံ၊ သီလသည်။ အပရိသုဒ္ဓံ၊ မစင်ကြယ်။ အလဇ္ဇီဘာဝံ၊ အလဇ္ဇီအဖြစ်သို့။ အာပဇ္ဇတိ၊ ရောက်၏။ ဣတိ၊ ဤသို့။ သံခေပတော၊ အကျဉ်းအားဖြင့်။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ ဣတိ၊ ဤကား အပြီးသတ်။ ဇော်ဇဝတော၊ ဤမျှတည်းသော စကားအစဉ်ဖြင့်။ ကောဒသမပဉ္ဉော၊ ကောဒသမပဉ္ဉာကို။ သုဝိသဇ္ဇိတော၊ ကောင်းစွာ ဖြေဆိုအပ်ပြီ။ ဇကောဒသမဝိသဇ္ဇနာအနက်ပြီး၏။

(၁၂) ဝိကာလေ၊ မွန်းလွဲသောအခါ၌။ ဘိက္ခူနံ၊ ရဟန်းတို့၏။ ဇာမဉ္စုလဒါဒိနံ၊ ကွမ်းကိုစားခြင်းသည်။ ကထံ၊ အဘယ်ကဲ့သို့ အခြင်းအရာအားဖြင့် စားခြင်းသည်။ သာဇဇ္ဇံ၊ အပြစ်ရှိပါသနည်း။ ကထံ၊ အဘယ်သို့သော အခြင်းအရာအားဖြင့် စားခြင်းသည်။ အနဝဇ္ဇံ၊ အပြစ်မရှိပါသနည်း။ ဣတိ၊ ဤသို့။ ဒုဒိဒသမံ၊ တဆယ့်နှစ်ခုမြောက်ဖြစ်သော။ ယံပနဝဉ္ဇံ၊ အကျဲ်ပြဿနာကို။ ပုစ္ဆိတံ၊ မေးလျှောက်အပ်ပြီ။ တံ၊ ထိုပြဿနာကို။ ဝိသဇ္ဇိယတော၊ဖြေဆိုအပ်၏။

တတ္ထဝစနေ၊ ထိုစကား၌။ တမ္မူလံ၊ ကွမ်းသည်။ ယာဝဇီဝကံ၊ ယာဝဇီဝကတည်း။ ဇော်ထ၊ ဤအရာ၌။ စတ္တာရောကာလိကာ၊ လေးပါးကုန်သော ကာလိကတို့ကို။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။ ဣဒံ ဤဒေသမကာလိကာ၊ ဤလေးပါးကုန်သော ကာလိကတို့ဟူသည်။ သေယျထာ၊ အဘယ်သည်တို့နည်းဟူမူကား။ ယာဝကာလိကံ၊ ယာဝကာလိကလည်းကောင်း။ ယာမကာလိကံ၊ ယာမကာလိကလည်းကောင်း။ သတ္တာဟကာလိကံ၊ သတ္တာဟကာလိကံလည်းကောင်း။ ယာဝဇီဝကံ၊ ယာဝဇီဝကလည်းကောင်း။ဣတိဣမေ၊ဤသည်တို့တည်း။

တေသံ၊ ထိုလေးပါးကုန်သော ကာလိကတို့၏။ ဝိသေသော၊ အထူးကို။ နာမေန၊ ဝတ္ထုအမည်အားဖြင့်။ ဧကေကံ၊ တခု တခုစီ။ ဥဒ္ဒရိတ္ဗာ။ ထုတ်၍။ ဒုစ္စမာနေ၊ ဆိုအပ်သည်ရှိသော်။ ကဒါ၊ အဘယ်အခါ၌။ အန္တော၊ အဆုံးသည်။ ဘဝိဿတိ၊ ဖြစ်နိုင်အံ့နည်း။ တသ္မာ၊ ထို့ကြောင့်။ ပါဠိ အဋ္ဌကထာသု၊ ပါဠိတော် အဋ္ဌကထာတို့၌။ အာဂတနယံ၊ လာသောနည်းကို။ နိဿာယ၊ အမှီပြု၍။ သံခေပေနေဝ၊ အကျဉ်းအားဖြင့်သာလျှင်။ မုခမတ္တံ၊ အမြွက်မျှကို။ ဝက္ခာမိ၊ ဆိုပေအံ့။ ဟိ၊ ထိုကာလိကလေးပါးတို့၏ အထူးကား။ တတ္ထ၊ ထို ကာလိကလေးပါးတို့တွင်-

(၁) ယာနိမူလ- ကန္ဒ- မူဠာလ- မတ္ထက- ခန္ဓ- တစ- ပတ္တ- ပုပ္ဖ ဖလ- အဋ္ဌိ- ပိဋ္ဌာနိ၊ အကြင်အမြစ်- အဥ- အစွယ်-အညောင့်- ပင်စည်- အခေါက်- အရွက်- အပွင့်- အသီး- အမှုန့်တို့သည်။ တေသုတေသုဇနပဒေသု၊ ထိုထိုဇနပုဒ်တို့၌။ ပကတိအာဟာရဝသေန၊ ပကတိသော အာဟာရ၏ အစွမ်းအားဖြင့်။ မနုဿာနံ၊ လူတို့၏။ ခါဒနီယတ္တာဉ္စ၊ ခဲဖွယ်ကိစ္စကိုလည်းကောင်း။ ဘောဇနီယတ္တာဉ္စ၊ ဘောဇဉ်ကိစ္စကိုလည်းကောင်း။ ဖရန်၊ ပြီးစေနိုင်ကုန်၏။ တာနိစ၊ ထိုအမြစ်အစရှိသည်တို့သည် လည်းကောင်း။ သာနုလောမာနိ၊ အဟပ်နှင့်တကွဖြစ်ကုန်သော။ သာလိ ဝိဟိ ယဝေါ ဂေါဓုမော ကင်္ကဋ ဝရကော ကုဒြုသကောတိ၊ သလေး-ကောက်

မဒယာ-နတ်ကောက်-ဆတ်-ပြောင်း-လူး ဟု ဆိုအပ်ကုန်သော။ သတ္တာနံ ဓညာနံ၊ စပါးမျိုး ၇-ပါးတို့၏။ တဏ္ဍုလေဟိ၊ ဆန်တို့မှ။ နိဗ္ဗတ္တော၊ ဖြစ်သော။ ဩဒနော၊ ထမင်း။ ကုမ္မာသော၊ မယောမုန့်။ သတ္တု၊ မုန့်လုံး။ မန္ထော၊ ငါး။ မံသံ၊ အမဲ။ ဣတိ၊ ဤသို့။ ပဉ္စဘောဇနာနိစ၊ ငါးပါးကုန်သော ဘောဇဉ်တို့သည်လည်းကောင်း။ ခီရ ဒမိ တက္ကာနိစ၊ နို့ရည်-နို့ဓမ်း-ရက်တက် ဟူကုန်သော ဂေါရသ သုံးပါးတို့သည်လည်းကောင်း။ တနုကဝယာဂုစ၊ လက်ကောင်မရ၊ ကျဲလှသော ယဝဂုသည်လည်းကောင်း။ သက္ခလိမောဒကာဒီနိ၊ မုန့်ကျဲသဲ ကတ္တတ်မုန့် အစရှိကုန်သော။ ခဇ္ဇကာနိစ၊ ခဲဖွယ်တို့သည်လည်းကောင်း။ ယာဝကာလိကာနိ၊ ယာဝကာလိကတို့ မည်ကုန်၏။ (လက်ကော်ရသော ယာဂုပျစ်ပျစ်ကို ထမင်း၌ သွင်းလေ)။

ဤ ပန၊ ဤအရာ၌ကဲ့သ။ ပဌမ ပဝါရဏာ သိက္ခာပဒဋ္ဌကထာယံ၊ ပဌမပဝါရဏာသိက္ခာပဒဋ္ဌကထာ၌။ နိဝါရံ၊ ကျိတ်ကို။ သာလိဇာတိယာ၊ သလေးမျိုးအဖြစ်ဖြင့်။ ဝရကဇာတိယာ၊ ပြောင်းဖူးကို။ ဝရကဇာတိယာ၊ ပြောင်းမျိုးအဖြစ်ဖြင့်။ သပ္ပိတိဏဇာတ်၊ အလုံးစုံသော မြက်မျိုးဟူသမျှကို။ ကုဒြုသကဇာတိယာ၊ လူးမျိုးအဖြစ်ဖြင့်။ ဂဟေတွာ၊ ယူ၍။ ဓညဇာတိဘာဝေန၊ စပါးမျိုးအဖြစ်ဖြင့်။ ဝတ္ဝာ၊ ဆိုပြီး၍။ ပုန၊ တဖန်။ နိဝါရဝရကံ စောရကာဇေတ္တ မညာနုလောမာနိ ဝဒန္တိတိ၊ ဝဒန္တီဟူ၍။ မညာနုလောမဘာဝေန၊ ကျိတ်-ပြောင်းဖူးတို့၏ စပါးမျိုးအား အလျော်၏ အဖြစ်ဖြင့်။ အာစရိယဝါဒံ၊ အာစရိယဝါဒကို။ ဒဿေတိ၊ ပြတော်မူ၏။ ဝရကစောဠကန္တိပိ၊ ဝရကစောဠကံဟူ၍လည်း။ ပါဠေါ၊ ပါဠိရှိ၏။

(အဋ္ဌကထာဆရာ အရှင်ဗုဒ္ဓဃောသမထေရ်အလိုအားဖြင့် ပြောင်းဖူးသည် ပြောင်းစပါးမျိုးဖြစ်သည်၊ အာစရိယဝါဒအားဖြင့် စပါးမျိုး ၇-ပါးတို့၏ အနုလောမ အလျော်အဟပ်ဖြစ်သည်ဟု ဆိုလိုသည်။ ထို့ကြောင့် ပြောင်းစပါးမျိုးပင် ဟုတ်သည်ဖြစ်စေ၊ စပါးမျိုး ၇-ပါးတို့၏ အနုလောမ အလျော်အဟပ်ပင် ဟုတ်သည်ဖြစ်စေ၊ ပြောင်းဖူးစိမ်းကို ရဟန်းတို့ အလှူမခံအပ်၊ မကိုင်အပ်။ စပါးစိမ်းကဲ့သို့ကြင့်။ အကျက်ပင်ဖြစ်သော်လည်း အခွံရှိသေးလျှင် ဆွမ်းထည်း၌ပါသော စပါးလုံးကဲ့သို့ သာယာ၍ မကိုင်အပ်ဟူ၍မှတ်။ အခွံမရှိလျှင် စိမ်းသည်ပင်ဖြစ်စေ၊ ကျက်သည်ပင်ဖြစ်စေ ဆွမ်းဆန်များ၊ ဆွမ်းများကဲ့သို့ အလှူခံအပ် ကိုင်အပ်၏။ ပဲဟူသမျှ စပါးမျိုး ၇-ပါးမှ အလွတ်ဖြစ်သည်။

(၂) သီတောမဒ္ဒိတာနိဝါ၊ ရေအေးဖြင့် နယ်အပ်သည်လည်းဖြစ်ကုန်သော။ အာဒိစ္စပါကာနိဝါ၊ နေပူ၌ ချက်အပ်သည်လည်းဖြစ်ကုန်သော။ သာနုလောမာနိ၊ အလျော်အဟပ်နှင့် တကွဖြစ်ကုန်သော။ အမ္မ-ဇမ္မု-စောစ-မောစ-မဓုဏ-မုဒ္ဒိက-သာလုက-ဖရုသကပါနာနိ၊ သရက်

သီးအဖျော်၊ ဆပြေသီးအဖျော် အစေ့ ရှိသော တောင့်ပျော်သီးအဖျော်၊ အစေ့မရှိသော အိမ်ငှက်ပျောသီးအဖျော်၊ သစ်မည်စည်အဖျော်၊ မုဒရက်သီးအဖျော်၊ ကြာစွယ်အဖျော်၊ ဖက်သက်တရော်သီးအဖျော်တို့သည်။ ယာမကာလိကာနီ၊ ယာမကာလိက မည်ကုန်၏။

(ဤအဖျော်ရှစ်ပါးတို့တွင် မုဒရက်ဟူသည် ယခုကာလ အသီးကို ယိုလုပ်ကြသော နွယ်သပြက်သာတည်း။ ထိုနွယ်သပြက်သည် မန္တလေး အစရှိသော မြို့မျာ၌ များစွာ ရှိသည်။ သီဟိုဠ်ဘာသာအားဖြင့်(မုဒ္ဒိရ)ဟု ခေါ်သည်။ ဖက်သက်တရော်ဟူသည် ရခိုင်ပြည်၌ ရှိသည်။ ရခိုင်ဘုန်းတော်ကြီးများသည် ထို ဖက်သက်တရော်သီးကို အဖျော်ပြု၍ ယခုကာလပင် သောက်လျက်ရှိကြသည်ဟု ကြားဖူးရ၏)။

ဓညဖလရသ-ဒုဂကပတ္တရသ-မဓုကပုပ္ဖရသာ၊ စပါးမျိုး ၇-ပါးတို့၏ အရည်၊ ဟင်းရွက်ကျက်ရည်၊ သစ်မည်စည်ပွင့်အရည်တို့သည်။ ပဋိက္ခိတ္တတ္တာ၊ပယ်တော်မူအပ်သည်၏အဖြစ်ကြောင့်။ အကပ္ပိယာ၊ မအပ်ကုန်။ တာလ-နာဠိကေရ-ပနသ-လာဗုဇ-အလာဗု-ကုမ္ဘဏ္ဍ ပုသဖလ-တိပုသဖလ-ဧလာလုကာနိ၊ ထန်း-အုန်း-အိမ်ပိန္နဲ့ တောင်ပိန္နဲ့- ဗူး-ဖရုံ - သခွါးဆစ် - သခွါးပြုတ်-သခွါးကြောင်တို့သည်။ ဓညာနုလောမာနိ၊ စပါးမျိုးအားလျော်ကုန်၏။ (သခွါးကြောင်ကို သခွါးနီဟုလည်း ခေါ်ကြသည်)။

တေသံ၊ ထိုသီးကြီး ၉-ပါးတို့၏။ ရသော၊ အရည်သည်။ နကပ္ပဝတိ၊ မအပ်။ အဝသေသာနိ၊ ကြွင်းကုန်သော။ ဝေတ္တ-တိန္တိဏိက မာတုလုင်္ဂ-ကပိတ္ထ-ကောသမ္ဗ-ကရမန္ဒာဒိ ခုဒ္ဒကဖလ-ပါနာနိ၊ ကြိမ်-မန်ကျည်းရွောက်သီး-ကြို့-ခံ အစရှိကုန်သော သီးငယ်တို့၏ အဖျော်တို့သည်။ အဋ္ဌပါနကတိုကဲာနိ၊ အဖျော်ရှစ်ပါး အပြားရှိကုန်၏။ ဥဒကသမ္ပဋ္ဌံ၊ ရေနှင့်ရောသော။ ဂုဠောဒကံစ၊ တင်လဲရည်သည်လည်းကောင်း။ ဝါ၊ တင်လဲရည်ကိုလည်းကောင်း။ ဥဒကသမ္ပဋ္ဌံ၊ ရေနှင့်ရောသော။ လောဏသောဝီရကဉ္စ၊ လောဏသောဝီရကဆေးသည် လည်းကောင်း။ ဝါ၊ လောဏသောဝီရက ဆေးကိုလည်းကောင်း။ ပါနပရိဘောဂေန၊ အဖျော်ဟူသော သုံးဆောင်ခြင်းဖြင့်။ ပရိဘုဉ်တုံ၊ သုံးဆောင်ခြင်းငှာ။ အနုညာတတ္တာ၊ ခွင့်ပြုတော်မူအပ်သည်၏ အဖြစ်ကြောင့်။ ယာမကာလိကံ၊ ယာမကာလိကမည်၏။ ဣတိအယံ၊ ဤသည်ကား။ အမှာကံ ခန္ဓိ၊ ငါတို့၏ အလိုတည်း။

(၃) ဘေသဇ္ဇသိက္ခာပဒေ၊ ဘေသဇ္ဇသိက္ခာပုဒ်၌။ အာဂတာနိ၊ လာကုန်သော။ သပ္ပိ-နဝနီတ-တေလ-မဓု-ဖာဏိတာနိ၊ ထောပတ်-ဆီဥ-ဆီ-ပျား-တင်လဲရည်တို့သည်။ သတ္တာဟကာလိကာနိ၊ သတ္တာဟကာလိကတို့ မည်ကုန်၏။ နိဿဋ္ဌကော၊ ကြံဖတ်ကင်းသော။ ဥစ္ဆုရု-

သော၏၊ ကြံရည်သည်လည်းကောင်း။ လောကသော၀ိဂကော၏၊ လောကသော၀ိဂကဆေးသည်လည်းကောင်း။ ဂုဇ္ဇော၏၊ တင်လဲ (ထန်းလျက်)ခဲသည် လည်းကောင်း။ သတ္တာဟကာလိကော၀၊ သတ္တာဟကာလိကသာတည်း။

(၄) ယာနိကဝါနိစိ၊ အလုံးစုံကုန်သော။ မူလ-ကန္ဒ·မူဠာလ-မတ္ထက-ခန္ဓ·တစ-ပတ္တ-ပုပ္ဖ-ဖလ-အဋ္ဌိ-ပိဋ္ဌာနိ၊ အမြစ်-အဉ-အစွယ်-အညှောင့်-ပင်စည်-အခေါက်-အရွက် အပွင့်-အသီး-အစေ့-အမှုန့်တို့သည်။ တေသု တေသု ဇနပဒေသု၊ ထိုထိုဇနပုဒ်တို့၌။ မနုဿာနံ၊ လူတို့၏။ ပကတိ အာဟာရ၀သေန၊ ပြကတေ့သော အာဟာရ၏ အစွမ်းအားဖြင့်။ ခါဒနိယတ္တာ၌၊ ခဲဖွယ်ကိစ္စကိုလည်းကောင်း။ ဘောဇနိယတ္တာ၌၊ ဘောဇဉ်ကိစ္စကိုလည်းကောင်း။ နဖရန္တိ၊ မပြီးစေနိုင်။ တာနိစ၊ ထိုအမြစ် အစရှိသည်တို့သည်လည်းကောင်း။ လ၀ဏ-အယ-လော၀ဟ-ပါသာဏာနိစ၊ ဆား·သံ·ကြေး-ကျောက် တို့သည်လည်းကောင်း။ မဓုနာအမက္ခိတံ၊ ပျားရည်မကပ် အဖတ်သက်သက်သော။ မဓုပဋလ မဓုသိတ္ထကာနိ၊ ပျားလဘို့ ပျားဖယောင်းတို့သည်လည်းကောင်း။ သုဈာပိတံ၊ ကျွမ်းအောင် မီးဖုတ်အပ်သော။ ယံ ကိဉ္စိ ကာလိကံစ၊ အလုံးစုံသော ကာလိကသည်လည်းကောင်း။ဂူထ·မုတ္တ·ဆာရိက·မတ္ထကန္တိ၊ ကျင်ကြီး-ကျယ်ငယ်-သစ်စိမ်းပြာ·မြေကြီးဟု ဆိုအပ်ကုန်သော။ မဟာ၀ိကဋ္ဌာနိစ၊ မဟာ၀ိကဋ္ဌဆေးတို့သည်လည်းကောင်း။ ယာ၀ဇီ၀ကာနိ၊ ယာ၀ဇီ၀ကတို့မည်ကုန်၏။ ဤတို့၀ယ်၊ ဤသို့။ စတ္တာရော၊ လေးပါးကုန်သော။ ကာလိကာ၊ ကာလိကတို့ကို။ ၀ေဒိတဗ္ဗာ၊ သိအပ်ကုန်၏။

တေသု၊ ထိုကာလိကလေးပါးတို့တွင်။ တာ၀၊ ဖွေးဦးစွာ။ ယာ၀ကာလိကံ၊ ယာ၀ကာလိကကို။ ဂိလာနဿာပိ၊ နာသောရဟန်းအား၊လည်းကောင်း။ အဂိလာနဿာပိ၊ မနာသောရဟန်းအား၊လည်းကောင်း။ ၀ိကာလေ၊ နေလွဲသောအခါ၌။ ဘုဉ္ဇိတုံ၊ စား၊ခြင်း၌၊ သဗ္ဗသော၊ အချင်းခပ်သိမ်း။ နဝဋ္ဋတိ၊ မအပ်။ အ၀သေသံ၊ ကြွင်းသော။ ကာလိကတ္တယံပန၊ ကာလိကတို့၏ သုံးခုတို့၏ အပေါင်းကိုကား။ ၀ိကာလေ၊ နေလွဲသောအခါ၌။ ပစ္စယေ၊ အကြောင်းသည်။ အသတိ၊ မရှိပဲ။ အာဟာရတ္ထာယေ၀၊ အာဟာရအလို၌သာလျှင်။ ပဋိဂ္ဂဟဏေပိ၊ ခံရာ၌လည်းကောင်း။ အဇ္ဈောဟာရေပိ၊ မျိုရာ၌လည်းကောင်း။ ပယောဂဂဏနာယ၊ ပယောဂ အရေအတွက်အား၊ဖြင့်။ ဒုက္ကဋံ၊ ဒုက္ကဋ်အာပတ်သင့်၏။ ပစ္စယေ၊ အကြောင်းသဲ့သည်။ သာတိပန၊ ရှိသော်ကား။ ၀ဋ္ဋတိ၊ အပ်၏။ ဟိသစ္စံ၊ မှန်၏။ ပါဠိယံ၊ ပါဠိတော်၌။ ယာမကာလိကံ သတ္တာဟကာလိကံ ယာ၀ဇီ၀ကံ အာဟာရတ္ထာယ ပဋိဂ္ဂဟာတိ၊ အာပတ္တိဒုက္ကဋဿာ တိ၊ ဒုက္ကဋဿဟူ၍။ တေံ၀စနံ၊ ဤစကားကို၊ ၀ုတ္တံ၊ ဟော၊တော်မူအပ်ပြီ။

ယာမကာလိကံ၊ ယာမကာလိကကို လုညျးကောင်း။ သတ်တံ်ဟကာလိကံ၊ သတ္တာဟကာလိကကို လညျးကောင်း။ ယာဝဇီဝကံ၊ ယာဝဇီဝကကို လညျးကောင်း။ အာဟာရတ္ထာယ၊ အာဟာရအလို့ငှာ။ ပဋိဂ္ဂဏှာတိ၊ ခံ၏။ ဒုက္ကဋာ၊ ဒုက္ကဋ်အမည်ရှိသော။ အာပတ္တိ၊ အာပတ်သည်။ အဿဟောတိ၊ ဖြစ်၏။ အဇ္ဈောဟာရေ-အဇ္ဈောဟာရေ၊ မျိုတိုင်းမျိုတိုင်း။ ဒုက္ကဋာ၊ ဒုက္ကဋ်အမည်ရှိသော။ အာပတ္တိ၊ အာပတ်သည်။ အဿဟောတိ၊ ဖြစ်၏။ ဤကား ပါဠိတော်၏ အနက်။

အနာပတ္တိဝါရေပန၊ အနာပတ္တိဝါရဋ္ဌကား။ အနာပတ္တိ ယာမကာလိကံ သတ္တာဟကာလိကံ ယာဝဇီဝကံ သတိ ပစ္စယေ ပရိဘုဉ္ဇတိ။ ဥမ္မတ္တကဿ အာဒိကမ္မိကဿာတိ၊ အာဒိကမ္မိကဿ ဟူ၍။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

ယာမကာလိကံ၊ ယာမကာလိကကို လညျးကောင်း။ သတ္တာဟကာလိကံ၊ သတ္တာဟကာလိကကို လညျးကောင်း။ ယာဝဇီဝကံ၊ ယာဝဇီဝကကိုလညျးကောင်း။ ပစ္စယေ၊ အကြောင်းသည်။ သတိ၊ ရှိသော်။ ပရိဘုဉ္ဇတိ၊ စား၏။ အနာပတ္တိ၊ အာပတ်မသင့်။ ဥမ္မတ္တကဿ၊ ရူးသွပ်သောရဟန်းအား။ အနာပတ္တိ၊ အာပတ်မသင့်။ အာဒိကမ္မိကဿ၊ အစစ်ဥာ အမှုရှိသော ရဟန်းအား။ အနာပတ္တိ၊ အာပတ်မသင့်။ ဤကား-အနက်။

တ္ထေ၊ ဤအရာ၌။ ဝါ၊ ဤအာပတ္တိဝါရ အနာပတ္တိဝါရတို့တွင်။ အနာပတ္တိဝါရေ၊ အနာပတ္တိဝါရ၌။ သတိပစ္စယေတိပဒံ၊ သတိပစ္စယေဟူသောပုဒ်ကို။ ဥပါဒါယ၊ ထောက်၍။ အာပတ္တိဝါရေ၊ အာပတ္တိဝါရ၌။ အာဟာရတ္ထာယာတိပဒဿ၊ အာဟာရတ္ထာယ ဟူသော ပုဒ်၏။ ပစ္စယေန၊ အကြောင်းနှင့်။ ဝိနာ၊ ကင်း၍။ ကေဝလံ၊ သက်သက်။ အာဟာရတ္ထာယ၊ အာဟာရအလို့ငှာ။ ဣတိအတ္ထော၊ ဤသို့သောအနက်ကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။ ဧဝံ၊ ဤသို့။ ပါဠိယံ၊ ပါဠိတော်၌။ ဝုတ္တနယံ၊ ဟောတော်မူအပ်သောနည်းကို။ ဂဟေတွာ။ ယူ၍။ ခုဒ္ဒသိက္ခာယံ၊ ခုဒ္ဒသိက္ခာ၌။ သခ်ဲပေန၊ အကျဉ်းအားဖြင့်။ သဗ္ဗကာလိကသမ္ဘောဂေါ၊ ကာလေ သဗ္ဗဿ ကပ္ပတိ၊ သတိပ့စ္စယေ ဝိကာလေ ကပ္ပတေ ကာလိကတ္တယဉ္စိ၊ ကာလိကတ္တယံဟူ၍။ ဝုတ္တံ၊ မိန့်တော်မူအပ်၏။

သဗ္ဗကာလိကသမ္ဘောဂေါ၊ အလုံးစုံကုန်သော ကာလိကလေးပါးတို့ကို သုံးဆောင်ခြင်းသည်။ ကာလေ၊ အာကပ်ခံသောနေ့ နံနက်အခါ၌။ သဗ္ဗဿ၊ နာ မှနာသော ရဟန်းအား။ ကပ္ပတိ၊ အပ်၏။ ပစ္စယေ၊ ဂေလည ပိပါသ အကြောင်းထူးသည်။ သတိ၊ ရှိသော်။ ကာလိကတ္တယံ၊ ယာမကာလိက သတ္တာဟကာလိက ယာဝဇီဝကဟူသော ကာလိကသုံးပါးတို့၏ အပေါင်းသည်။ ဝိကာလေ၊ နေလွဲသောအခါ၌။ ကပ္ပတေ၊ အပ်၏။ ဤကား-အနက်။

ဇတ္ထ၊ ဤခုဒ္ဒသိက္ခာပဒါဉ်ဒ္ဒ။ သတိပစ္စယေတိပဒဿ၊ သတိပစ္စယေဟူသော ပုဒ်၏။ အဓိပ္ပာယံ၊ အဓိပ္ပာယ်ကို။ သတိပစ္စယေတိ၊ သတိပစ္စယေဟူသည်ကား။ ဝါ၊ သတိပစ္စယေဟူသောပုဒ်၏။ အတ္ထော၊ အနက်ကို၊ ဧပံ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။ တီသု၊ ယာမကာလိက၊ သတ္တာဟကာလိက၊ ယာဝဇီဝက သုံးပါးတို့တွင်။ ယာမကာလိက်၊ ယာမကာလိကကို။ ပိပါသာဒိကာရဏေ၊ မွတ်သိပ်ခြင်း အစရှိသော အကြောင်းသည်။ သတိ၊ ရှိသော်။ သတ္တာဟကာလိကဉ္စ၊ သတ္တာဟကာလိကကိုလည်းကောင်း။ ယာဝဇီဝကဉ္စ၊ ယာဝဇီဝကကိုလည်းကောင်း။ ဂေလညကာရဏေ၊ အနာတည်းဟူသော အကြောင်းသည်။ သတိ၊ ရှိသော်။ ဣတိအတ္ထော၊ ဤကား-အနက်။

ဣတိ၊ ဤသို့။ တန္နိကာယံ၊ ထိုခုဒ္ဒသိက္ခာ၏ ဋီကာဌ်။ ဝဏ္ဏိတတ္တာ၊ ဖွင့်ပြအပ်သည်၏ အဖြစ်ကြောင့်။ ယာမကာလိကံ၊ ယာမကာလိကကို။ ပိပါသကာရဏေစ၊ မွတ်သိပ်ခြင်းတည်းဟူသော အကြောင်းကြောင့်လည်းကောင်း။ ဂေလညကာရဏေစ၊ နာခြင်းတည်းဟူသော အကြောင်းကြောင့်လည်းကောင်း။ ဒီဟိကာရဏေဟိ၊ နှစ်ပါးကုန်သော အကြောင်းတို့ကြောင့်။ ဘုဉ်တုံ၊ သုံးဆောင်ခြင်းငှာ။ ကပ္ပတိ၊ အပ်၏။

သတ္တာဟကာလိကဉ္စ၊ သတ္တာဟကာလိကကိုလည်းကောင်း။ ယာဝဇီဝကဉ္စ၊ ယာဝဇီဝကကိုလည်းကောင်း။ ဂေလညကာရဏေနေဝ၊ အနာတည်းဟူသော အကြောင်းကြောင့်သာလျှင်။ ကပ္ပတိ၊ အပ်၏။ ပိပါသကာရဏေန၊ မွတ်သိပ်ခြင်းတည်းဟူသော အကြောင်းကြောင့်။ နကပ္ပတိ၊မအပ်။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

တသ္မာ၊ ထို့ကြောင့်။ ယာဝဇီဝကံ၊ ယာဝဇီကဖြစ်သော။ တမ္မူလံ၊ ကွမ်းကို။ ဂိလာန-ကာလေ၊ နာသောအခါ၌။ ဂေလညကာရဏေနေဝ၊ အနာတည်းဟူသော အကြောင်းကြောင့် သာလျှင်။ ဘုဉ်တဗ္ဗံ၊ စားအပ်၏။ အညေန၊ အနာမှတပါး အခြားသောအကြောင်းကြောင့်။ နဘုဉ်တဗ္ဗံ၊ မစားအပ်။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

တဉ္စ ခေါ၊ ထိုအနာတည်းဟူသော အကြောင်းကြောင့်သာ ကွမ်းကို စားအပ်၏ ဟူသော စကားကိုလည်း။ တေန၊ ထိုကွမ်းဖြင့်။ ဥပသမေတဗ္ဗကာသာ၊ ငြိမ်းစေခြင်းငှာထိုက်သော။ ဗျာဓိနော၊ အနာ၏။ ဥပ္ပန္နကာလေဝ၊ ဖြစ်သောအခါ၌သာလျှင်။ တံ၊ ထိုအနာကို။ ဝိနောဒနတ္ထံ၊ ပယ်ဖျောက်ခြင်းငှာ။ ဘုဉ်တဗ္ဗံ၊ စားအပ်၏။ တေန၊ ထိုကွမ်းဖြင့်။ အနုပသမေတဗ္ဗကာသာ၊ ငြိမ်းစေခြင်းငှာ မထိုက်သော။ ဗျာဓိနော၊ အနာ၏။ ဥပ္ပန္နကာလေ၊ ဖြစ်သော အခါ၌။ နဘုဉ်တဗ္ဗံ၊ မစားအပ်။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ တေနဟိ၊ ထို့ကြောင့် သာလျှင်။ အဋ္ဌကထာယံ၊ ဝိနည်းအဋ္ဌကထာ၌။

သတိ ပစ္စယေတိ၊ ယာမကာလိကံ ပိပါသာယ သတိ ပိပါသစ္ဆေဒနတ္ထံ။ သတ္တာဟ ကာလိကံ ယာဝဇီဝကဥ္စ။ တေန တေန ဥပသမေ တဗ္ဗကေ အာဗာဓေ သတိ တဿ ဥပသမတ္ထံ ပရိဘုဥ္ဇတော အနာပတ္တိကိ၊ အနာပတ္တိ ဟူ၍။ ဝုတ္တံ၊ ဟောတော်မူအပ်ပြီ။

သတိပစ္စယေတိ၊ သတိပစ္စယေ ဟူသည်ကား။ ယာမကာလိကံ၊ ယာမကာလိကကို။ ပိပါသာယ၊ မွတ်သိပ်ခြင်းသည်။ သတိ၊ ရှိသော်။ ပိပါသစ္ဆေဒနတ္ထံ၊ မွတ်သိပ်ခြင်းကို ပယ်ဖျောက်ခြင်းငှာ။ သတ္တာဟ ကာလိကဉ္စ၊ သတ္တာဟ ကာလိကကို လည်းကောင်း။ ယာဝဇီဝကဉ္စ၊ ယာဝဇီဝကကို လည်းကောင်း။ တေနတေန၊ ထိုထို သတ္တာဟ ကာလိက၊ ယာဝဇီဝက ဖြင့်။ ဥပသမေ တဗ္ဗကေ၊ ငြိမ်းစေခြင်းငှာ ထိုက်သော။ အာဗာဓေ၊ အနာသည်။ သတိ၊ ရှိသော်။ တဿ၊ ထို အနာကို။ ဥပသမတ္ထံ၊ ငြိမ်းစေခြင်းငှာ။ ပရိဘုဥ္ဇတော၊ သုံးဆောင်သော ရဟန်းအား။ အနာပတ္တိ၊ အာပတ်မသင့်။ ဤကား အနက်။

ကေစိပန၊ အချို့သော ဆရာတို့သည်ကား။ မုခဿ၊ ခံတွင်း၏။ အပရိသုဒ္ဓေါစ၊ မစင်ကြယ်ခြင်းသည် လည်းကောင်း။ ဒုဂန္ဓောစ၊ မကောင်းသော အနံ့ရှိခြင်းသည် လည်းကောင်း။ ပစ္စယောဝ၊ အကြောင်းသည်သာတည်း။ တသ္မိံ၊ ထိုခံတွင်း၏ မသန့်ခြင်း၊ အနံ့ဆိုးယုတ် ပုပ်ခြင်းသည်။ သတိ၊ ရှိသော်။ တံ၊ ထိုခံတွင်း မသန့်ခြင်း၊ အနံ့ဆိုးယုတ် ပုပ်ခြင်းသည်ကို။ ဝိနောဒနတ္ထာယ၊ ပယ်ဖျောက်ခြင်းငှာ။ တမ္မူလံ၊ ကွမ်းကို။ ဘုဉ္ဇိတုံ၊ စားခြင်းငှာ။ စ၊ စားခြင်းသည်။ ကပ္ပတိ၊ အပ်၏။ အနာပတ္တိ၊ အာပတ်မသင့်။ ဣတိ၊ ဤသို့။ စဒန္တိ၊ ဆိုကုန်၏။ တံ၊ ထိုစကားသည်။ နယုတ္တံ၊ မှန်သင့်။

ကသ္မာ၊ အဘယ့်ကြောင့်နည်း ဟူမူကား။ ဓာတုက္ခောဘတံ သမုဋ္ဌာန ကုဋ္ဌာဒိကဿေဝ၊ ဓာတ်ချောက်ချားခြင်း၊ ထို ဓာတ်ချောက်ချားခြင်းကြောင့် ဖြစ်သော နူနာ အရိုးရှိသည်၏သာ လျှင်။ ဗျာဓိဘာဝတော၊ အနာဖြစ်သောကြောင့်တည်း။ ဟိ သစ္စံ၊ မှန်၏။ ဝိသုဒ္ဓိမဂ္ဂေ၊ ဝိသုဒ္ဓိမဂ်၌ "ပဋိသင်္ခါ ယောနိသော ဂိလာနပစ္စယ ဘေသဇ္ဇပရိက္ခာရံ ဘေဒနာနံ ပဋိသာ-တာယ အဗျာပဇ္ဈ ပရမတာယာ" တိ၊ ပရမတာယ ဟူသော။ ပစ္စဘေက္ခဏာ ပါဠိယာ၊ ပစ္စဘေက္ခဏာ ပါဠိ၏။ သံဝဏ္ဏနာယံ၊ အဖွင့်၌။

ဘေသဇ္ဇပရိက္ခာရနန္တိတ္ထေ၊ ဗျာဗာဓောတိ ဓာတုက္ခောဘောဝ တံ သမုဋ္ဌာန-ကုဋ္ဌ ဂဏ္ဍ ပိဋ္ဌကာဒယော၊ ဗျာဗာဓတော ဥပ္ပန္နတ္တာ ဘေသဇ္ဇပရိက္ခာ။ ဘေဒနာ နန္တိဒုက္ခဘေဒနာ အာကုသလဝိပါက ဘေဒနာ တိ၊ဘေဒနာ ဟူ၍။ ဝုတ္တံ၊ မိန့်ဆို အပ်ပြီ။

ဘေသဇ္ဇပရိက္ခာရနန္တိတ္ထေ၊ ဘေသဇ္ဇပရိက္ခါရံ ဟူသောပါဌ်၌။ ဗျာဗာဓောတိ၊ အနာ ဟူသည်ကား။ ဓာတုက္ခောဘောစ၊ ဓာတ်ချောက်ချားခြင်းသည်လည်းကောင်း။ တံသမုဋ္ဌာနာ၊

ထိုခဝတ်ချောက်ချားခြင်းကြောင့်ဖြစ်ကုန်သော။ ကုဋ္ဌဂဏ္ဍပိဋ္ဌကာ၊ နူနာ၊ ထွတ်မြင်းနာ၊ အိုင်းအမာအစရှိသည်တို့သည်လည်းကောင်း။ ဗျာဗာဓေဝ၊ အနာမည်၏။ ဗျာဗာဓတော၊ အနာကြောင့်။ ဥပ္ပန္နတ္တာ၊ ဖြစ်သည်၏အဖြစ်ကြောင့်။ ဝေယျာဗာဓိကာ၊ ဝေယျာဗာဓိကမ္မည်၏။ ဝေဒနာနန္တိ၊ ဝေဒနာနံဟူသည်ကား။ ဒုက္ခဝေဒနာ၊ ကာယိကဒုက္ခဝေဒနာတည်း။ အကုသလဝိပါကာဝေဒနာ၊ အာကုသိုလ်၏ အကျိုးဖြစ်သော ကာယိကဒုက္ခဝေဒနာတည်း။ ဤကား-အနက်။

ရောဂ-ဂေလည-ဗျာဗာဓာဓိ ဣမေသဒ္ဒါ၊ ရောဂ-ဂေလည ဗျာဗာဓဟု ဆိုအပ်ကုန်သော ဤသဒ္ဒါတို့သည်။ ကေတ္တာ၊ အနာဟူသော တခုတည်းသော အနက်ရှိကြကုန်၏။ လောကေပိ၊ လောကဋ္ဌလည်း။ မုခဿ၊ ခံတွင်း၏။ အပရိသုဒ္ဓံ၊ မစင်ကြယ်ခြင်းကို။ ဒုဂန္ဓံ၊ မကောင်းဆိုးယုတ် ပုပ်သောအနံ့ကို။ ရေဂေါတိဝါ၊ ရောဂါဟူ၍လည်းကောင်း။ ဂေလညောတိဝါ၊ ဂေလညဟူ၍လည်းကောင်း။ ဗျာဗာဓေါတိဝါ၊ ဗျာဗာဓဟူ၍လည်းကောင်း။ နသမ္မနန္တိ၊မသမုတ်ကြကုန်။

တသ္မာ၊ ထို့ကြောင့်။ ဘဂဝါပိ၊ မြတ်စွာဘုရားသည်လည်း။ တေသံ၊ ထိုခံတွင်းမသန့် ညှီနံဟောင်ပုပ်ခြင်းတို့၏။ အရောဂတ္တာဇေဝ၊ အနာရောဂါ မဟုတ်သည်၏အဖြစ်ကြောင့်ပင်လျှင်။ တံကာရဏာ၊ ထိုခံတွင်းမသန့် အပုပ်နံ့ကြောင့်။ ကိဉ္စိဘေသဇ္ဇံ၊ တစုံတခုသော ဆေးကို။ အနနုဇာနိတ္ဝာ၊ ခွင့်မပြုပဲ။ ပန္တကဒ္ဒဿ၊ တံပူကို။ အခါဒနေ၊ မစားခြင်း၌။ ဝါ၊ မစားခြင်း၏။ အာဒိနဝံစ၊ အပြစ်ကိုလည်းကောင်း။ ခါဒနေ၊ စားခြင်း၌။ ဝါ၊ စားခြင်း၏။ အာနိသံသံစ၊ အကျိုးကိုလည်းကောင်း။ ဒဿေတ္ဝာ၊ ပြ၍။ ဒန္တကဋ္ဌမေဝ၊ တံပူကိုသာလျှင်။ အနုဇာနာတိ၊ ခွင့်ပြုတော်မူ၏။ ကထံ၊ အဘယ်သို့လျှင် တံပူစားခြင်း၌ အကျိုးအပြစ်ကိုပြ၍ ခွင့်ပြုတော်မူသနည်းဟူမူကား။

ဘိက္ခဝေ၊ ရဟန်းတို့။ ဒန္တကဋ္ဌဿ၊ တံပူကို။ အခါဒနေ၊ မစားခြင်း၌။ ဝါ၊ မစားခြင်း၏။ အာဒိနဝါ၊ အပြစ်တို့သည်။ ဣမေပဥ္စ၊ ဤငါးပါးတို့တည်း။

၁။ အစက္ခုဿံ၊ မျက်စိဆုတ်ယုတ်ခြင်းသည်လည်း။ ဟောတိ၊ ဖြစ်၏။

၂။ မုခံ၊ ခံတွင်းသည်။ ဒုဂန္ဓံ၊ မကောင်းသောအနံ့ ရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။

၃။ ရသဟရဏီယော၊ အရသာကို ဆောင်တတ်ကုန်သော အကြောတို့သည်လည်း။ နဝိသုဇ္ဈန္တိ၊ မစင်ကြယ်ကုန်။

၄။ ပိတ္တံ၊ သည်းခြေသည်။ သေမှံ၊ သလိပ်သည်။ ဘတ္တံ၊ စားလိုက်သောအစာကို။ ပရိယောနန္ဓတိ၊ မြှေးယှက်ဖုံးလွှမ်း၏။

၅။ အာဿ၊ ထိုတံပူမစားသော ရဟန်းအား။ ဝ၊ ရဟန်းသည်။ ဘတ္တံ၊ ဆွမ်းကို။ နစ္ဆာဒေတိ၊ မနှစ်သက်။ (မမြိန်ဖူးလည်းဟူ၏)။ ဘိက္ခဝေ၊ရဟန်းတို့။ ဒန္တကဋ္ဌဿ၊ တံပူကို။ အခါဒနေ၊ မစားခြင်းကြောင့်။ ဝ၊ မစားခြင်း၏။ အာဒိနဝ၊ အပြစ်တို့သည်။ ဣမေခေါပဠု၊ ဤငါးပါးတို့တည်း။

ဘိက္ခဝေ၊ ရဟန်းတို့။ ဒန္တကဋ္ဌဿ၊ တံပူကို။ ခါဒနေ၊ စားခြင်းကြောင့်။ ဝ၊ စားခြင်း၏။ အာနိသံသာ၊ အကျိုးတို့သည်။ ဣမေပဉ္စ၊ ဤငါးပါးတို့တည်း။

(၁) စက္ခုဿံ၊ မျက်စိမဆုတ်ယုတ်သည်။ ဟောတို့၊ ဖြစ်၏။

(၂) မုခံ၊ ခံတွင်းသည်။ ဒုဂန္ဓံ၊ မကောင်းသောအနံ့ရှိသည်။ နဟောတိ၊ မဖြစ်။

(၃) ရသဟရဏီယော၊ အရသာကိုဆောင်သော အကြောတို့သည်။ ဝိသုဇ္ဈန္တိ၊ စင်ကြယ်ကုန်၏။

(၄) ပိတ္တံ၊ သည်းခြေသည်။ သေမှံ၊ သလိပ်သည်။ ဘတ္တံ၊ စားလိုက်သောအစာကို။ နပရိယောနန္ဓတိ၊ မမြှေးယှက် မဖုံးလွှမ်း။

(၅) အာဿ၊ ထိုတံပူကိုစားသော ရဟန်းအား။ ဝ၊ ရဟန်းသည်။ ဘတ္တံ၊ ဆွမ်းကို။ ဆာဒေတိ၊ နှစ်သက်၏။ ဝ၊ မြိန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဒန္တကဋ္ဌဿ၊ တံပူကို။ ခါဒနေ၊ စားခြင်းကြောင့်။ ဝ၊ စားခြင်း၏။ အာနိသံသာ၊ အကျိုးတို့သည်။ ဣမေခေါပဉ္စ၊ ဤငါးပါးတို့တည်း။

ဘိက္ခဝေ၊ ရဟန်းတို့။ ဒန္တကဋ္ဌံ၊ တံပူကို။ အနုဇာနာမိ၊ ငါဘုရားခွင့်ပြုတော်မူ၏။ ဣတိ၊ ဤသို့။ အနုဇာနာမိ၊ ခွင့်ပြုတော်မူ၏။ ကာယော၊ အပုပ်စိစို့ ခန္ဓာကိုယ်သည်။ ဒုဂန္ဓော၊ ညှီနံဟောင်ပုပ် စက်ဆုတ်ဖွယ်တောင်းနံ့မကောင်း။ အာသုစိ၊ မသတီဖွယ် မစင်ကြယ်။ ကုဏပေါ၊ ခွေးကောင်ပုပ်နှယ် အပုပ်ကြွယ်၏။ ဥက္ကဂ္ဂူပမော၊ ရှည်ကြာပြည့်တင်း မစင်တွင်းနှင့် တူ၏။ ကာယော၊ ဟောင်ပုပ်နံ့ညှီ မသတီဖွယ် မတင့်တယ်သောကိုယ်ကို။ စက္ခုဘူတေဟိ၊ ပညာစက္ခု၊ ထောက်ရှုမြော်မြင် ပညာရှင်တို့သည်။ နိဇ္ဇိတော၊ ကဲ့ရဲ့အပ်၏။

ဗာလာဘိနန္ဒိတော၊ လင်းဟအတူ မိုက်ကြသူသော လွန်စွာနှစ်သက်အပ်၏။ ဣတိ၊ ဤသို့။ ဝုတ္တတ္တာပန၊ ဟောတော်မူအပ်သည်အဖြစ်ကြောင့်ကား။ သဗ္ဗော၊ အလုံးစုံသော။ ကာယော၊ ကိုယ်သည်။ သဘာဝတော၊ သဘောအားဖြင့်။ ဂူထမုတ္တလောဟိတာဒိ အသုစိဟိ၊ ကျင်ကြီး ကျင်ငယ် သွေးအစရှိကုန်သော အညစ်အကြေးတို့ဖြင့်။ ပုဏ္ဏော၊ ပြည့်သော။ ဂူထနိရယသဒိသော၊ ကျင်ကြီးငရဲနှင့်တူသော။ မာတုဂမ္ဘာသယော၊ အမိဝမ်းတိုက်၌။ သယိတကာလတော၊ ကိန်းအောင်းရသောအခါမှ။ ပဋ္ဌာယ၊ စ၍။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ ဒုဂန္ဓော-

ယေဝနုန၊ အနံ့ချဉ်စုတ် တပုပ်ထဲ ပုပ်သည်ပင် မဟုတ်ပါလော။ အယုံ၊ ဤသို့ အမိစမ်းတွင်း စအရင်းမှ မကင်းအာဟုတ် ကိုယ်အပုပ်သည်။ ဂေလညောကိ နုခေါ၊ အနာတဲ့လား။ ကောဘိသင်္ကော၊ အာဘယ်ဒေါက်တာ ဆေးသမားသည်။ တံ၊ ထိုအတ္တဘောပုပ်ကို။ ကေနာသဇ္ဇေန၊ အာဘယ်မည်သောဆေးဖြင့်။ တိကိစ္ဆိတုံ၊ မပုပ်ရအောင် ကြံဆောင်ကုစားခြင်းငှာ။ သက္ခိဿာဘိ၊ စွမ်းနိုင်မတဲ့တုန်း။ နစေဝသက္ကုဏိသတိ၊ မစွမ်းနိုင်အံ့သာလျှင်တည်း။

တသ္မာ၊ ထို့ကြောင့်။ မုခဿ၊ ခံတွင်း၏။ အယံဒုဂန္ဓော၊ ဤမကောင်းသောအနံ့ကို။ ဘဂဝတာ၊ ဘုန်းဘော်သခင်၊ ဘုရားရှင်သည်။ အနုညာတေန၊ ခွင့်ပြုတော်မူအပ်သော။ ဒန္ဆကဋ္ဌေနေဝ၊ တံပူဖြင့်သာလျှင်။ သောဓေတဗ္ဗော၊ သုတ်သင်အပ်၏။ ဝိကာလေ၊ နေလွဲသောအခါ၌။ အနနုညာတံ၊ ခွင့်ပြုဘော်မမူအပ်သော။ တမ္မုလာဒိ၊ ကွမ်းအစရှိသည်ကို။ နဘုဉ်္ဇိတဗ္ဗံ၊ မစားအပ်။ သစေဘုဉ်္ဇေယျ၊ အကယ်၍စားခြေးအံ့။ ဘိက္ခုဿ၊ ရဟန်းအား။ ဒုက္ကဋံ၊ ဒုက္ကဋ်အာပတ်သင့်သည်။ ဟောတိ၊ ဖြစ်၏။ သာမဏေရဿ၊ သာမဏေအား။ ဒဏ္ဍကမ္မာရဟော၊ ဒဏ်အမှုထိုက်သည်။ ဟောတိ၊ ဖြစ်၏။ ဥပေါသထိကဿ၊ ဥပုသ်သည်အား။ သီလဘေဒေါ၊ သီလပျက်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။

မာတုကုစ္ဆိတော၊ ကျင်ငယ်-ကျင်ကြီး၊ ပေါင်းစည်းပြည့်လျှံ၊ တစိအိုင်နှယ်၊မစင်ကြယ်တောင်း၊ မိဝမ်းခေါင်းမှ။ ပဋ္ဌာယ၊စ၍။ သဗ္ဗေသံ၊ ဂဗ္ဘသေယျ နေရမျှားစ္စာ သတ္တဝါတို့၏။ အတ္တဘာဝေါ၊ အတ္တဘောရုပ်ခန္ဓာပုပ်သည်။ သဘာဝဓမော၊ မလဲကေန် သဘောမှန်အားဖြင့်။ ဒုဂန္ဓော၀၊ နှပ်တံထွေးနှင့် သွားချေး နဖာ မျက်မှာ မျက်ချေး ချွဲစေး ဆီကြည် မသတီဒွယ် ကျင်ငယ် ကျင်ကြီး ယိုစီးထပ်ထပ် ရေသုံးသပ်လည်း ကြပ်ကြပ်မပြယ် အပုပ်ကြွယ်၍ တကယ်မကောင်းသော အနံ့ရှိသည်သာတည်း။ ကောဘိသင်္ကော၊ အာဘယ်မည်သော အင်္ဂလိပ်-မြန်မာ ဆေးဆရာသည်။ တံ၊ ထိုခန္ဓာပုပ်သိုး အနံ့ဆိုးကို။ ကေန၊ အာဘယ်မည်သော ကွမ်းဆေးဖြင့်။ တိကိစ္ဆတိ၊ အပုပ်ကွင်းကျတ်၊ ရှင်းရှင်းလွတ်အောင် ကြံဆောင်ကုသနိုင်ပေခြိမ့်နည်း။ ဣတိ၊ ဤကား အပြီးသတ်။ ဧတ္ထဝဲဘာ၊ ဤမျှသည်းသော စကားဖြင့်။ ဒွါဒသမပဉ္ဉော၊ ဒွါဒသမပဉ္ဉာကို။ သုဝိသဒ္ဒီတော၊ ကောင်းစွာဖြေဆိုအပ်ပြီ။ ဒွါဒသမပဉ္ဉော အနက်ပြီး၏။

ဧတ္ထာဝတာ-ဧတ္ထာဝတာဧဝ-ဝစနက္ကမေန၊ ဤမျှသာလျှင်ဖြစ်သော စကားအစဉ်ဖြင့်။ ဝိညူဟိ၊ ပညာရှိတို့သည်။ ပသဒ္ဓေါစ၊ ချီးမွမ်းအပ်သည်လည်းဖြစ်ထသော။ အတိဝမာနိတောစ၊ အလွန်လျှင် မြတ်နိုးအပ်သည်လည်း ဖြစ်ထသော။ ဟိတေသကောဟိ၊ သာသနဟိတ အတ္ထဟိတ ပရဟိတကို ရှာမှီးကြံကုန်သောသူတို့သည်။ ပဟ်ဆ်တောစ၊ တောင့်တအပ်သည်လည်း ဖြစ်ထသော။ သမန္တဘဒ္ဒကောစ၊ ထက်ဝန်းကျင်ကောင်းသည်လည်း ဖြစ်ထသော။ ဝဏ္ဏစ၊

အလိုရှိအပ် မြတ်သည်လည်းဖြစ်ထသော။ ယာစာယံ၊ ယာစအယံ- သာဓုပတ္ထပူရဏီ၊ အကြင် သာဓုပတ္ထပူရဏီ အမည်ရှိသောကျမ်းကို။ မနောရမ္မာယ၊ နှလုံးမွေ့လျော်ဖွယ်ရှိသော။ မူလ ဘာသာယ၊ ကပ်ဦးအစ။ အရိယဝေါဟာ၊ ဘာသာမာဂဓဖြင့်။ သဇ္ဇိတာ သုသဇ္ဇိတာ၊ ကောင်းစွာ စီရင်အပ်၏။ သာ-သာဓုပတ္ထပူရဏီ၊ ထိုသာဓုပတ္ထပူရဏီအမည်ရှိသော ကျမ်းသည်။ အနာယာသေန၊ မပင်ပန်းသဖြင့်။ သမတ္တာ၊ ပြီးပြီ။

သိရိဇမ္မုဒီပေ၊ သိရိဇမ္မုဒီပ်ကျန်း၌။ ရာမညရဋ္ဌေ၊ ရာမညတိုင်း၌။ ဟံသာဝနဂရေ၊ ဟသ်ာတမြို့၌။ မဟာထူပါရာမေ၊ မဟာထူပါရာမ၊ မာဂဓဝေါဟာ၊ ဘုရားကြီးတိုက် တော်သာ၌။ ဝသန္တာသာ၊ သီတင်းသုံးတော်မူဆဲသော။ ပရမ သီလာစာရဇ္ဇဝမဒ္ဒဝါဒိဂုဏော ပေတသာ၊ အလွန်မြတ်သောကြောင့် လည်းကောင်း။ ကိလေသာမာရ် ရန်ခပင်းကို ခုတ် စင်းသတ်ဖြတ်တတ်သောကြောင့် လည်းကောင်း။ မြတ်သော အဖြစ်၌သာ မွေ့လျော်တတ် နှစ်သက်တတ်သောကြောင့် လည်းကောင်း။ ပညာရှိသူတို့သည် မြတ်နိုး နှစ်သက်အပ်သော ကြောင့် လည်းကောင်း။ လောကိယ သီလအပေါင်းတို့တွင် ပမာန ဖြစ်သောကြောင့် လည်း ကောင်း ပရမဟု ဆိုအပ်သော ပါတိမောက္ခ သံဝရသီလဂုဏ်၊ ထိုပါတိမောက္ခ သံဝရသီလမှ တပါးသော ဣန္ဒြိယသံဝရသီလ၊ အာဇီဝပါရိသုဒ္ဓိသီလ၊ ပစ္စယသန္နိဿိတ သီလတည်းဟူသော အာစာရ။

(တနည်း) ကိုယ်ဖြင့် လည်းကောင်း၊ နှုတ်ဖြင့် လည်းကောင်း၊ ကိုယ်- နှုတ်တို့ဖြင့် လည်းကောင်း၊ မလွန်ကျူးခြင်းတည်း ဟူသော အာစာရ။ (တနည်း) ဣန္ဒြေကေစ်စောင့်၊ နဝင်္ဂ၊ ဒါနေနဝါ အစရှိသော ဒေသနာတော်နှင့် အညီ ဝါးပေးခြင်း၊ သစ်ရွက်ပေးခြင်း၊ ပန်းပေးခြင်း၊ သစ်သီးပေးခြင်း၊ ကသယ်မှန့်ပေးခြင်း၊ တံပူပေးခြင်း၊ ဒါယကာကိုမြှောက်၊ မိမိကိုယ်ကိုအောက်ချ၍ (ခင်ဗျား ကျွန်တော် စသည်ဖြင့်) ပြောခြင်း၊ ရှာသူသားငယ်တို့ကို ထိန်းခြင်း၊ ချီပိုးခြင်း၊ အစေအပါးခံ တမန်သွားခြင်း အစရှိသော မိစ္ဆာဇီဝမှ ကြဉ်ခြင်း တည်း ဟူသော အာစာရ။

(တနည်း) ဒုဝိဓောဟိ အနာစာရော ကာယိကောဝါစာသိကောစ စသည်ဖြင့် ဟောအပ်သော သံဃာ၏ အလယ်သို့ရောက်၍လည်း မထေရ်ကြီးတို့ကို မရိုသေသဖြင့် ထိပါး၍ ရပ်ခြင်း၊ ထိုင်ခြင်း၊ ရှေ့မှ ထိုင်ခြင်း ရပ်ခြင်း၊ မြင့်သော နေရာ၌ နေထိုင်ခြင်း၊ ဦးခေါင်းနှင့် ကာကွယ်၍ နေထိုင်ခြင်း၊ ရပ်လျက် စကားပြောခြင်း၊ လက်မောင်း ဆန့်တန်းလျက် စကား ပြောခြင်း၊ ဖိနပ်မစီးပဲ စင်္ကြံသွားသော မထေရ်ကြီးများ၏ အနီးအပါး၌ ဖိနပ်စီး၍ စင်္ကြံသွားခြင်း၊ မထေရ်ကြီးများ၏ စင်္ကြံထက် မြင့်သော စင်္ကြံ၌ စင်္ကြံသွားခြင်း၊ မထေရ်ကြီး များ မြေ၌ စင်္ကြံသွားကြပါကုန်လျက် စင်္ကြံထက်သို့တက်၍ စင်္ကြံသွားခြင်း မထေရ်ကြီးတို့ကို

တိုးဝှေ့ရပ်ခြင်း၊ ထိုင်ခြင်း၊ မထေရ်ကြီးတို့ကို နေရာဖြင့် တားမြစ်ခြင်း၊ မထေရ်ကြီးတို့ကို မပန်ပဲ ဇရုံးအိမ်၌ ထင်းကိုချခြင်း၊ တံခါးပိတ်ခြင်း၊ ရေချိုးဆိပ်၌ မထေရ်ကြီးတို့ကို ထိပါး၍ လည်းကောင်း၊ ရွှေမှ လည်းကောင်း၊ ရေသို့ သက်ဆင်းခြင်း၊ ထိပါး၍ လည်းကောင်း၊ ရွှေမှ လည်းကောင်း၊ ရေချိုးခြင်း၊ ထိပါး၍ လည်းကောင်း၊ ရွှေမှလည်းကောင်း၊ ပြန်၍တက်ခြင်း၊ ရွှေသို့ ဝင်သည်ရှိသော် မထေရ်ကြီးတို့ကို ထိပါး၍ နောက်ကလိုက်ခြင်း၊ ရွှေကသွားခြင်း၊ ကျော်၍ ရွှေသို့တက်ခြင်း၊ ဒါယကာတို့ လုံစွာ ကာပိတ်၍ ထားသော အိမ်တိုက်ခန်း မာတုဂါမ ရှိသော နေရာတိုက်ခန်းသို့ ရှောင်တခင် စင်ခြင်း၊ သူငယ်တို့ ခေါင်းကို လက်ဖြင့်သုံးသပ်ခြင်းတည်း ဟူသော ကာယိက အနာစာရ။ သံဃာဘောင်သို့ ရောက်သော်လည်း မထေရ်ကြီးများကို မရှိသေသဖြင့် မပန်ကြားပဲ ပုစ္ဆာဒမေးခြင်း ဖြေခြင်း၊ ပါတိမောက်ပြခြင်း ရပ်လျက် စကားပြောခြင်း၊ လက်မောင်းဆန့်တန်း၍ စကားပြောခြင်း၊ ရှာသို့ဝင်သော်လည်း မာတုဂါမကြီးကို ဖြစ်စေ၊ မာတုဂါမငယ်ကို ဖြစ်စေ၊ ဟေ့ ဤအမည်ရှိသော မာတုဂါမ ဘာမျှးရှိသနည်း။

ယာဂု ရှိသလား၊ ထမင်းရှိသလား၊ မုန့်ခဲဖုယ်ရှိသလား၊ ဘာကို ငါသောက်ရမည်နည်း၊ စားရမည်နည်း၊ ခဲရမည်နည်း၊ ငါ့ကို ဘာလုပ်မည်နည်းဟု ပရမ်းပတာ ပြောခြင်းတည်း ဟူသော ဝါစာသိက အနာစာရ။ ဤသို့ မကောင်းသော ကိုယ်နှုတ်တို့၌ ဖြစ်သော ကာယိက အနာစာရ၊ ဝါစာသိက အနာစာရတို့မှ ရှောင်သဖြင့် ရအပ်သော ကာယိကအာစာရ၊ ဝါစာသိက အာစာရ။

(တနည်း) ရှိသေအပ်သည်၌ ရှိသေခြင်း ဂါရဝ၊ နှိမ့်ချထိုက်သည်၌နှိမ့်ချခြင်း သပဋိဿ၊ မကောင်းမှုမှရှက်ခြင်း- ဟိရီ၊ ကြောက်ခြင်း-ဩတ္တပ္ပ၊ကောင်းစွာဝတ်ရုံ၍ ကြည်ညိုဖွယ်ဖြင့် ရွှေသို့တက်ခြင်း၊နောက်သို့ ဆုတ်ခြင်း၊တူရူ(တည့်တည့်) ကြည့်ခြင်း၊ တစောင်းကြည့်ခြင်း၊ ကွေးခြင်း၊ ဆန့်ခြင်း၊ အောက်သို့ မျက်လွှာချသော ကျရိယာပုထ်နှင့် ပြည့်စုံခြင်း၊ စောင့်ရှောက်အပ်သော စက္ခု စသော ကျန္ဒြေရှိခြင်း၊ ဘောဇဉ်ကို သုံးဆောင်ခြင်း၌ အတိုင်းအရှည်ကိုသိခြင်း၊ နိုးကြားခြင်း၊ အားထုတ်အပ်သော ဝီရိယရှိခြင်း၊ သတိသမ္ပဇညနှင့် ပြည့်စုံခြင်း၊ အလိုနည်းခြင်း၊ ရသမျှဖြင့် ရောင့်ရဲခြင်းတည်း ဟူသော အာစာရဂုဏ်။ ကိုယ် နှုတ် နှလုံး သုံးပါးတို့၏ ဖြောင့်မတ်ခြင်းတည်း ဟူသော အဇ္ဇဝဂုဏ်၊ သိမ်မွေ့နူးညံ့ခြင်းတည်း ဟူသော မဒ္ဒဝဂုဏ် အစရှိသော ဂုဏ်တို့နှင့် ပြည့်စုံတော်မူထသော။ ဘဒ္ဒန္တသာဂရ မဟာနာယကတ္ထေရသဘာသ၊ ဘဒ္ဒန္တသာဂရ မဟာနာယက ဆရာတော်ဘုရားကြီး၏။ မမွန္တေဝါသိကေန၊ ဓမ္မန္တေဝါသိကဖြစ်သော။ တသ္မိံ ယေဝရဋ္ဌေ၊ ထိုရာမည်တိုင်း၌ ပင်လျှင်။ ဓနုဖြူနဂရေ၊ ဓနုဖြူမြို့၌။ ဝါ၊ ဓနုဖြူမြို့၏ အနီး၌ဖြစ်သော။ ဇောတိကာရာမေ၊ ဇောတိကာရာမတိုက်၌။ ဝသန္တေန၊ သီတင်းသုံးတော်မူထသော

ကောသလ္လာလင်္ကာရောတိ၊ ကောသလ္လံ လင်္ကာရဟူ၍။ ဂုဏ္ဍဟိ၊ ဆရာသခင် ကျေးဇူးရှင်တို့သည်။ ဂဟိတနာမ ဓမ္မေယျန၊ မှည့်အပ်သော နှုတ်မင်္ဂလာ၊ သည်ဘဲထူးရှိထသော။ ထေရဝရေန၊ မထေရ်မြတ်သည်။ ကတာ၊ ရေးစီရင်အပ်သော။ အယံ သာဓုပတ္ထပ္ပဂါထိ၊ ဤသာဓုပတ္ထပ္ပဂါထိ အမည်ရှိသော ကျမ်းသည်။ ဘဂဝတော၊ မြတ်စွာဘုရားသခင်၏။ ပရိနိဗ္ဗာနတော၊ ပရိနိဗ္ဗာန်စံတော်မူသည်မှ။ ဋီသတဿ· စတုသတသတ္တစတ္တာလီ သတိမေဝသော၊ နှစ်ထောင့်လေးရာလေးဆယ်ခုနစ်နှစ်မြောက်သော နှစ်၌။ ဇေဋ္ဌ မာသပုဏ္ဏမိယံ၊ နယုန်လပြည့်နေ့၌။ ဘုမ္မဝါရေ၊ အင်္ဂါနေ့၌။ မဇ္ဈန္ဟိကေ၊ မွန်းတည့်ချိန်၌။ နိဋ္ဌိတော၊ ပြီးဆုံးခြင်းသို့ ရောက်လတ်ပြီ။

သက္ကရာဇ ပမာဏေန၊ သစိရကမှိ သာဝဏော။
ဇုဏှဒိဟေ သုကေမဇ္ဈေ၊ နိဿယောယံ သုနိဋ္ဌိတော။

အယံ နိဿယော၊ ဓနုဖြူမြို့ သဒ္ဓမ္မဇောတိကာ ရာမတိုက် ကောသလ္လာလင်္ကာရမထေရ်ရေးစီရင်အပ်သော ဤ (သာဓုပတ္ထပ္ပဂါထိ နိဿယ) သည်။ သက္ကရာဇပမာဏေန၊ သိကြားမင်းနှစ် သက္ကရာဇ်၊ သက္ကရာဇ်ပမာဏအားဖြင့်။ သစိရကမှိ၊ ၁၂၄၅·ခု၊ သာဝဏော၊ ဝါခေါင်လ။ ဇုဏှာဒိဟေ၊ လဆန်းပက္ခ၊ အစဉ်းရက်။ သုကေ၊ သောကြာနေ့။ မဇ္ဈေ၊ မွန်းတည့်အခါ။ မင်္ဂလာရှိသော အချိန်၌။ သုနိဋ္ဌိတော၊ ကောင်းစွာပြီးခြင်းသို့ ရောက်လတ်ပြီ။

၁၂၀၀ ခုနှစ်တွင်

စနုဖြူမြို့

အဂ္ဂမဟာပဏ္ဍိတ

သဒ္ဓမ္မဇောတိကာရာမ ဒုတိယဆရာတော်ဘုရားကြီး ရေးသားတော်မူသော

ပဋိသန္ဓိဒီပဏီနိဿယ

မုံရွာစီရင်စု ဆားလင်းကြီးမြို့ အောင်မြေရွှေဘုံ ဆရာတော်၏ အမိန့်အရ လျှောက်ထားအပ်ပါသည် ဆရာတော် အရှင် သူမြတ်ဘုရား။

(၁) ပဋိသန္ဓိဒီဂြာဏ်ကို အဘယ်ပုဂ္ဂိုလ်သည် ရနိုင်ပါသနည်း။ အဘယ်ပုဂ္ဂိုလ်သည် မရနိုင်ပါသနည်း။

(၂) အဘယ်ပုဂ္ဂိုလ်ကို ပဋိသန္ဓိဒါပတ္တ ဟု ခေါ်ဆိုရပါမည်နည်း။

ဤပုစ္ဆာနှစ်ရပ်ကို ခဲခြမ်းဝေဖန်၍ ကျမ်းဂန်အတိုင်း ဖြေဆိုရေးသား ပေးသနားတော်မူပါ အရှင်ဘုရား။ မောင်ပုညာ နန္ဒ၏ လျှောက်လွှာ။

ဆားလင်းကြီးမြို့ အောင်မြေရွှေဘုံ ဆရာတော်၏ အမိန့်အရ မောင်ပုညာနန္ဒ လျှောက်ထားအပ်သော နှစ်ရပ်သော ပုစ္ဆာကိုဖြေဆိုရာ၌ ပဋိသန္ဓိဒါ၏ အပြား၊ ပဋိသန္ဓိဒါဂြာဏ်၏ ဥပါဒ်သောအားဖြင့် ဖြစ်ရာဌာနဖြစ်သောခေတ် ပဋိသန္ဓိဒါသို့ ရောက်ရာဌာနဖြစ်သော ဘုံတို့ကို ရှေးဦးစွာ ပြဆိုပေဦးအံ့။

ပဋိသန္ဓိဒါဂြာဏ် ဟူသည် တရားကိုယ်အားဖြင့် ပညာပေတည်း။ ထိုပညာ ဟူသော ဉာဏ်သည် အာရုံမက ဘေဒအားဖြင့်-

(၁) အတ္ထပဋိသန္ဓိဒါ၊ (၃) နိရုတ္တိပဋိသန္ဓိဒါ၊

(၂) ဓမ္မပဋိသန္ဓိဒါ၊ (၄) ပဋိဘာန ပဋိသန္ဓိဒါ ဟူ၍ ၄-ပါး အပြားရှိ၏။ ထို လေးပါးတို့တွင်-

(၁) အကြောင်းကြောင့် ဖြစ်သော အလုံးစုံသော အကျိုး၊ နိဗ္ဗာန်၊ ဟောတော်မူအပ်သော ပါဠိတော်၏ အနက်၊ ဝိပါက်စိတ်၊ ကြိယာစိတ်ဟူသော အတ္ထ (၅) ပါးကို မဖောက်မပြန် သိသောဉာဏ်သည် အတ္ထပဋိသမ္ဘိဒါမည်၏။

(၂) အကျိုးကိုဖြစ်စေတတ်သော အလုံးစုံသောအကြောင်း၊ အရိယမဂ်၊ ဟောတော်မူအပ်သော ပါဠိတော်၊ ကုသိုလ်စိတ်၊ အကုသိုလ်စိတ် ဟူသော ဓမ္မ (၅) ပါးကို မဖောက်မပြန်သိသော ဉာဏ်သည် ဓမ္မပဋိသမ္ဘိဒါမည်၏။

(၃) သဘာဝနိရုတ္တိ ဟူသော မာဂဓဘာသာကို မဖောက်မပြန် သိသောဉာဏ်သည် နိရုတ္တိပဋိသမ္ဘိဒါမည်၏။

(၄) ဆိုအပ်ပြီးသော ပဋိသမ္ဘိဒါဉာဏ် ၃၀ ပါးတို့ကို အာရုံကိစ္စ စသည်နှင့်တကွ အကျယ်အားဖြင့် မဖောက်မပြန် သိသောဉာဏ်သည် ပဋိဘာနပဋိသမ္ဘိဒါ မည်၏။

ထိုလေးပါးကုန်သော ပဋိသမ္ဘိဒါတို့၏ ဥပါဒ်သောအားဖြင့် ဖြစ်ရာဌာန ဖြစ်သော ခေတ်သည် လောကီခေတ် လောကုတ္တရာခေတ်ဟူ၍ ၂-ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် ဤအရာ၌ သေက္ခပုဂ္ဂိုလ်တို့၏ ပစ္စဝေက္ခဏာကာလ၌ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခု။ အသေက္ခပုဂ္ဂိုလ်တို့၏ ပစ္စဝေက္ခဏာကာလ၌ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄-ခုသည် လောကီခေတ်မည်၏။ (ဤလောကီခေတ်သည် ပဋိသမ္ဘိဒါ ၄-ပါးလုံးနှင့် သက်ဆိုင်၏။)လောကုတ္တရာစိတ် (၈) ခုသည် လောကုတ္တရာခေတ် မည်၏။ ဤလောကုတ္တရာခေတ်သည် အတ္ထပဋိသမ္ဘိဒါနှင့်သာ သက်ဆိုင်၏။

ထိုလေးပါးသော ပဋိသမ္ဘိဒါသို့ ရောက်ရာဌာနဖြစ်သောဘုံသည် သေက္ခဘုံ၊ အသေက္ခဘုံ ဟူ၍ ၂-ပါး အပြားရှိ၏၊ ထိုနှစ်ပါးတို့တွင် အောက်ဖိုလ် ၃-ခုသည် သေက္ခဘုံ မည်၏၊ အရဟတ္တဖိုလ်သည် အသေက္ခဘုံမည်၏။

ဤသို့ ပဋိသမ္ဘိဒါအပြား ပဋိသမ္ဘိဒါ လေးပါးတို့၏ ဥပါဒ်သောအားဖြင့် ဖြစ်ရာဌာန ဖြစ်သောခေတ်၊ ပဋိသမ္ဘိဒါသို့ ရောက်ရာဌာနဖြစ်သော ဘုံတို့ကို ရှေးဦးစွာ ပြဆိုလိုက်ရခြင်းသည် ဆိုလတ္တံ့. အဖြစ်ကား ထင်ရှားပေါလွင်စေခြင်းငှာ ဖြစ်သတည်း။

၁-ပထမပုစ္ဆာ၏ ဝိသဇ္ဇနာ

(၁) ပဋိသမ္ဘိဒါဉာဏ်ကို အဘယ်ပုဂ္ဂိုလ်သည် ရနိုင်ပါသနည်း၊ အဘယ်ပုဂ္ဂိုလ်သည် မရနိုင်ပါသနည်းဟူသော ပထမပုစ္ဆာ၏ အဖြေကား ပဋိသမ္ဘိဒါဉာဏ်ကို အရိယာပုဂ္ဂိုလ်တို့သာ ရနိုင်ကုန်၏။ ပုထုဇဉ်ပုဂ္ဂိုလ်တို့ မရနိုင်ကုန်။ ထို့ကြောင့် ပဋိသမ္ဘိဒါ ဉာဏ်တို့၏ ဥပါဒ်သောအားဖြင့် ဖြစ်ရာဌာနဖြစ်သော ခေတ်ကို ပြခြင်းငှာ ဟောတော်မူအပ်သော ဝိဘင်းပါဠိတော်၌၊

"စတဿော ပဋိသမ္ဘိဒါ အတ္ထပဋိသမ္ဘိဒါ ဓမ္မပဋိသမ္ဘိဒါ နိရုတ္တိပဋိသမ္ဘိဒါ ပဋိဘာန ပဋိသမ္ဘိဒါ။ တိဿော ပဋိသမ္ဘိဒါ ကာမာဝစရကုသလတော စတ္တာသု ဉာဏသမ္ပယုတ္တေသု စိတ္တုပ္ပါဒေသု၊ ကြိယတော စတ္တာသု ဉာဏသမ္ပယုတ္တေသု စိတ္တုပ္ပါဒေသု ဥပ္ပဇ္ဇန္တိ၊ အတ္ထပဋိသမ္ဘိဒါ ဧတေသု ဧဝေ ဥပ္ပဇ္ဇတိ၊ စတ္တာသု မဂ္ဂေသု စတ္တာသု ဖလေသု စ ဥပ္ပဇ္ဇတိ" ဟူ၍ ဟောတော်မူအပ်၏။

ပဋိသမ္ဘိဒါ၊ ပဋိသမ္ဘိဒါတို့သည်။ အတ္ထပဋိသမ္ဘိဒါ၊ အတ္ထပဋိသမ္ဘိဒါ လည်းကောင်း။ ဓမ္မပဋိသမ္ဘိဒါ၊ ဓမ္မပဋိသမ္ဘိဒါ လည်းကောင်း။ နိရုတ္တိပဋိသမ္ဘိဒါ၊ နိရုတ္တိပဋိသမ္ဘိဒါလည်းကောင်း။ ပဋိဘာနပဋိသမ္ဘိဒါ၊ ပဋိဘာနပဋိသမ္ဘိဒါလည်းကောင်း။ ဣတိ၊ ဤသို့။ စတဿော၊ လေးပါးတို့တည်း။ တတ္ထ၊ ထိုလေးပါးတို့တွင်။ (နိဒ္ဒါရဏထည့်သည်)။ တိဿော၊ သုံးပါးကုန်သော။ ပဋိသမ္ဘိဒါ၊ ဓမ္မပဋိသမ္ဘိဒါ နိရုတ္တိပဋိသမ္ဘိဒါ ပဋိဘာန ပဋိသမ္ဘိဒါတို့သည်။ ကာမာဝစရကုသလတော၊ ကာမာဝစရကုသိုလ်မှ။ စတ္တာသု၊ လေးပါးကုန်သော။ ဉာဏသမ္ပယုတ္တေသု၊ ဉာဏ်နှင့်ယှဉ်ကုန်သော။ စိတ္တုပ္ပါဒေသု၊စိတ္တုပ္ပါဒ်တို့၌။ ကိရိယတော၊ ကြိယာမှ။ စတ္တာသု၊ လေးပါးကုန်သော။ ဉာဏသမ္ပယုတ္တေသု၊ ဉာဏ်နှင့်ယှဉ်ကုန်သော။ စိတ္တုပ္ပါဒေသု၊ စိတ္တုပ္ပါဒ်တို့၌။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ အတ္ထပဋိသမ္ဘိဒါ၊ အတ္ထပဋိသမ္ဘိဒါသည်။ ဧတေသု ဧဝေ၊ ထိုကာမစရ ကုသိုလ် ဉာဏသမ္ပယုတ်စိတ် လေးခု၊ ကြိယာဉာဏသမ္ပယုတ်စိတ် လေးခုတို့၌ လည်းကောင်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ စတ္တာသုမဂ္ဂေသုစ၊ လေးပါးကုန်သော မဂ်စိတ်တို့၌လည်းကောင်း။ စတ္တာသုဖလေသုစ၊ လေးပါးကုန်သောဖိုလ်စိတ်တို့၌လည်းကောင်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဤကား-အနက်။

ဤပါဠိတော်ပါ၌ စကားရပ်တွင် တိဿော ပဋိသမ္ဘိဒါ ကာမာဝစရ ကုသလတော စတ္တာသု ဉာဏသမ္ပယုတ္တေသု စိတ္တုပ္ပါဒေသု ဟူသောစကားတော်ကို သေက္ခပုဂ္ဂိုလ်တို့၏ အစွမ်းအားဖြင့် ဟောတော်မူအပ်၏။ ထိုစကားသည် မှန်၏။ ထိုသေက္ခပုဂ္ဂိုလ်တို့အား ဓမ္မကိုဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်၌ အောက်၌ ဆိုအပ်ခဲ့ပြီးသော ဓမ္မ (၅)ပါးကို အာရုံပြု၍ ဓမ္မပဋိသမ္ဘိဒါသည်လည်းကောင်း။ ထိုအတူ နိရုတ္တိဟူသော မာဂဓဘာသာကို ဆင်ခြင်သော ပစ္စဝေက္ခဏာ ကာလ၌ နိရုတ္တာဘိလာပသဒ္ဒါရုံကို အာရုံပြု၍ နိရုတ္တိပဋိသမ္ဘိဒါသည် လည်းကောင်း။ ဉာဏ်ကိုဆင်ခြင်သော ပစ္စဝေက္ခဏာကာလ၌ သင်္ဘတ္ထကဉာဏ်ကိုသာ အာရုံပြု၍ ပဋိဘာနသမ္ဘိဒါသည် ယင်းမဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄-ခုတို့၌ ဖြစ်ကုန်၏။ ထိုကြောင့် အဋ္ဌကထာ၌ကိရိယတော စတ္တာသုတိ ဣဒံအသေက္ခာနံဝသေန ဝုတ္တံ စသည်ဖြင့်ဖွင့်ဆိုတော်မူအပ်၏။

အတ္ထပဋိသမ္ဘိဒါ၊ ဧတေသု ဧဝေ ဥပ္ပဇ္ဇတိ စသော စကားတော်ကိုကား သေက္ခအသေက္ခပုဂ္ဂိုလ်တို့၏ အစွမ်းအားဖြင့် ဟောတော်မူအပ်၏။ ထိုစကားသည် မှန်၏။ သေက္ခပုဂ္ဂိုလ်တို့အား အတ္ထကို ဆင်ခြင်သော ပစ္စဝေက္ခဏာကာလ၌ အောက်၌ ဆိုအပ်ခဲ့ပြီးသော အတ္ထ (၅) ပါးကို အာရုံပြု၍ ကာမာဝစရကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခုတို့၌ အတ္ထပဋိသမ္ဘိဒါသည် ဖြစ်၏။ မဂ်ကာလ ဖိုလ်ကာလ၌ မဂ်စိတ် ၄-ခု အောက်ဖိုလ်စိတ် ၃-ခုတို့၌ အတ္ထပဋိသမ္ဘိဒါသည် ဖြစ်၏။

အသေကွပုဂ္ဂိုလ်တို့အား အတ္ထကိုဆင်ခြင်သော ပစ္စဝေက္ခဏာကာလ၌ အောက်၌ ဆို အပ်ခဲ့ပြီးသော အတ္ထ (၅) ပါးကို အာရုံပြု၍ မဟာကြီယာ ဉာဏသမ္ပယုတ်စိတ် ၄-ခုတို့၌ အတ္ထပဋိသမ္ဘိဒါသည် ဖြစ်၏။ အသေကွပုဂ္ဂိုလ်တို့၏ သန္တာန်၌ မင်္ဂလာနုပါဒါခြင်း မရှိပြီ၊ ဖိုလ်ကာလ၌ အရဟတ္တဖိုလ်စိတ္တုပ္ပါဒ်၌ အတ္ထပဋိသမ္ဘိဒါသည် ဖြစ်၏။ ထိုကြောင့် အဋ္ဌကထာ၌ အတ္ထပဋိသမ္ဘိဒါ ဧတေသု စေဝ ဥပဓိတိတိက္ခဒံ ပန သေက္ခာသေက္ခာနံဝသေန ဝုတ္တံ စသည်ဖြင့် ဖွင့်ဆိုတော်မူအပ်၏။ ဤသည်ကား အဋ္ဌကထာ၌လာသောအတိုင်း ပြဆိုအပ်သော ဝိဘင်း ပါဠိတော်၏ အဓိပ္ပာယ်တည်း။

ဤသို့ အဋ္ဌကထာ၌ (သေက္ခာနံ ဝသေန ဝုတ္တံ) ဟူ၍လည်းကောင်း။ (အသေက္ခာနံ ဝသေန ဝုတ္တံ)ဟူ၍လည်းကောင်း။ သေက္ခာ သေက္ခာနံ ဝသေန ဝုတ္တံ)ဟူ၍လည်းကောင်း ဖွင့်ဆို အပ်သောစကားတော်ဖြင့် ထိုပဋိသမ္ဘိဒာဉာဏ်ကို သေက္ခ အသေက္ခဖြစ်ကြကုန်သော အရိယာ ပုဂ္ဂိုလ်တို့သာ ရနိုင်ကုန်သည်။ ပုထုဇဉ် ပုဂ္ဂိုလ်တို့ မရနိုင်ကုန်ဟု သန္နိဋ္ဌာန်ကျ မှတ်ယူအပ်၏။ အခြားသောနေရာ၌ ကလျာဏပုထုဇဉ်ကို သေက္ခဖြင့် ရေတွက်၍ ပယူအပ်သော်လည်း ဤနေရာ၌ကား မယူအပ်။ ဤစကားစသည်နှင့်ဆက်၌ ထင်ရှားလတ္တံ့။

ဤအရာတွင် ပါရာဇိကဖော် အဋ္ဌကထာ စတုတ္ထပါရာဇိကအဖွင့်၌ ဤ ဝိဘင်း ပါဠိတော်ကိုပင် အမှီပြု၍ ဓမ္မပဋိသမ္ဘိဒါ၊ နိရုတ္တိပဋိသမ္ဘိဒါ၊ ပဋိဘာနပဋိသမ္ဘိဒါကို ငါရဂါ ဟူ၍လည်း ကောင်း။ လေကိုအတ္ထပဋိသမ္ဘိဒါကို ငါရဂါဟူ၍လည်းကောင်း ပြောဆိုသော်လည်း ပါရာဇိက မက္ခ၊ လောကုတ္တရာအတ္ထပဋိသမ္ဘိဒါကို ငါရဂါဟု ပြောဆိုမှ ပါရာဇိကကို စသည်ဖြင့် ဆုံးဖြတ်အပ်သော စကားကို တွေ့မြင်ကြကုန်၍ ကာမာဝစရကုသိုလ် ဉာဏသမ္ပယုတ်စိတ်သည် ပဋိသမ္ဘိဒါဉာဏ်၏ ဖြစ်ရာဖြစ်သောကြောင့်လည်းကောင်း။ ထိုစိတ်ကို ပုထုဇဉ်ပုဂ္ဂိုလ်တို့လည်း ရအပ်သောကြောင့်လည်းကောင်း။ တိက္ခဉာဏီ ပုထုဇဉ်ပုဂ္ဂိုလ်တို့လည်း ပဋိသမ္ဘိဒါဉာဏ်ကို ရနိုင်ကုန်၏ဟု မှတ်ယူမိတတ်ကြသည်။ ထိုသို့ကား မမှတ်ယူအပ်။ ပြဆိုအပ်ခဲ့ပြီးသော ဝိဘင်း ပါဠိတော်ကို ဖွင့်ရင်းဖြစ်သော ဝိဘင်းအဋ္ဌကထာ၌ ဖွင့်ဆိုအပ်သည့်အတိုင်းဖြင့်သာ ဤ ပဋိသမ္ဘိဒါဉာဏ်၏ဖြစ်ရာ မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်သည် ဤအရာ၌ ပုထုဇဉ် ပုဂ္ဂိုလ်တို့ နှင့်မဆိုင်။ မဂ်ဖိုလ်ကို ရပြီးသည်မှ နောက်ကာလ၌ ဆိုအပ်ခဲ့ကုန်ပြီးသော အတ္ထ၊ ဓမ္မ၊ နိရုတ္တာဘိလာပ၊ သဗ္ဗတ္ထကဉာဏ်တို့ကို ယထာရဟ ပစ္စဝေက္ခဏာပြုသော သေက္ခဖြစ်သော အရိယာ ပုဂ္ဂိုလ်တို့နှင့်သာဆိုင်၏ဟု မှတ်ယူအပ်၏။ ဤကား ပထမပုစ္ဆာ၏ ဝိသဇ္ဇနာတည်း။

၂-ဒုတိယပုစ္ဆာ၏ ဝိသဇ္ဇနာ

အဘယ်ပုဂ္ဂိုလ်ကို ပဋိသမ္ဘိဒါ ပတ္တဟု ခေါ်ဆိုရပါမည်နည်းဟူသော ဒုတိယပုစ္ဆာ၏ အဖြေကား ပဋိသမ္ဘိဒါသို့ရောက်ရာဌာနသည် အောက်၌ပြဆိုအပ်ခဲ့ကုန်ပြီးသော သေက္ခဘုံ

အသေက္ခဘုံနှစ်ပါးတို့သာ ဖြစ်ကုန်၏။ ထိုဘုံနှစ်ပါးတို့မှ တပါး ပဋိသမ္ဘဒါသို့ရောက်ရာဌာန မည်သည်မရှိ။ ထိုဘုံနှစ်ပါးတို့တွင်လည်း အောက်ဖိုလ် ၃-ခုသည် သေက္ခဘုံမည်၏။ အရဟတ္တဖိုလ်သည် အသေက္ခဘုံမည်၏။ ထို့ကြောင့် ဖိုလ်ပုဂ္ဂိုလ်ကိုသာ၊ ပဋိသမ္ဘဒါပတ္တိဟု ခေါ်ဆို အပ်၏။ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌-

(စတဿောပိစေတာ ပဋိသမ္ဘဒါ ဒ္ဒိသုဋ္ဌာနေသု ပဘေဒံ ဂစ္ဆန္တိ သေက္ခဘူမိယဉ္စ အသေက္ခဘူမိယဉ္စ။ တတ္ထ အဂ္ဂသာဝကာနံ မဟာသာဝကာနဉ္စ အသေက္ခဘူမိယံ ပဘေဒံ ဂတာ၊ အာနန္ဒတ္ထေရ၊ စိတ္တဂဟပတိ၊ မမ္မိကဥပါသက၊ ဥပါလိဂဟပတိ၊ ခုဇ္ဇုတ္တရာဥပါသိကာနံ သေက္ခဘူမိယံ) ဟူ၍ ဖွင့်ဆိုတော်မူအပ်၏။ ပဋိသမ္ဘဒါဓ၁က် အဋ္ဌကထာ၊ သမ္မောဟဝိနောဒနီအဋ္ဌကထာ တို့၌လည်း ဤနည်းအတိုင်းပင် ပုဒ်နေပါဠိကား အနည်းငယ်မျှသာ ထူးသည်။

စ၊ ဆက်၍ဆိုဦးအံ့။ စတဿောပိ၊ လေးပါးသည်း ဖြစ်ကုန်သော။ တောပဋိသမ္ဘဒါ၊ ထိုပဋိသမ္ဘဒါတို့သည်။ သေက္ခဘူမိယဉ္စ၊ သေက္ခတို့၏ ဘုံဖြစ်သော အောက်ဖိုလ် ၃-ခု၌လည်း ကောင်း။ အသေက္ခဘူမိယဉ္စ၊ အသေက္ခတို့၏ ဘုံဖြစ်သော အရဟတ္တဖိုလ်၌လည်းကောင်း။ ဣတိ၊ ဤသို့။ ဒ္ဒိသုဋ္ဌာနေသု၊ ၂-ပါးကုန်သောအရာတို့၌။ ပဘေဒံ၊ ထိုထို့အပြားကို မဖောက်မပြန် သိခြင်းငှာ စွမ်းနိုင်သည်၏အဖြစ်သို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ တဉ္စ၊ ထိုနှစ်ပါးကုန်သော ဌာနတို့တွင်။ အဂ္ဂသာဝကာနဉ္စ၊ အဂ္ဂသာဝကတို့အား၊လည်းကောင်း။ မဟာသာဝကာနဉ္စ၊ မဟာသာဝကတို့အား၊လည်းကောင်း။ အသေက္ခဘူမိယံ၊ အသေက္ခတို့၏ ဘုံဖြစ်သော အရဟတ္တ ဖိုလ်၌။ ပဘေဒံ၊ ထိုထို့အပြားကို မဖောက်မပြန်သိခြင်းငှာ စွမ်းနိုင်သည်၏ အဖြစ်သို့။ ဂတာ၊ ရောက်ကုန်၏။ အာနန္ဒတ္ထေရ စိတ္တဂဟပတိ မမ္မိကဥပါသက ဥပါလိဂဟပတို့၊ ခုဇ္ဇုတ္တရာဥပါသိကာနံ၊ အာနန္ဒာမထေရ်၊ စိတ္တသူကြွယ် မမ္မိကဥပါသကာ ဥပါလိသူကြွယ်၊ ခုဇ္ဇုတ္တရာ ဥပါသိကာမတို့အား။ သေက္ခဘူမိယံ၊ သေက္ခတို့၏ ဘုံဖြစ်သော အောက်ဖိုလ် ၃-ခု၌။ပဘေဒံ၊ ထိုထို့အပြားကို မဖောက်မပြန်သိခြင်းငှာ စွမ်းနိုင်သည်၏အဖြစ်သို့။ ဂတာ၊ ရောက်ကုန်၏။ ဤကား အနက်။

ဤအဋ္ဌကထာပါဠိ၌ (ပဘေဒံ ဂစ္ဆန္တိ)ဟူသော ပုဒ်ကို (ပဘေဒံ ဂစ္ဆန္တိတိ အနေကဘေဒဘိန္နေသု အာဂမ္မဏေသု တေသံယာထာဝတော တံတံ ပဘေဒါဝ ဗောဓန သမတ္ထတံ ဥပဂစ္ဆန္တိ) ဟူသော မဟာဋီကာ သံဝဏ္ဏနာအတိုင်း ယောဇနာအပ်သတည်း။ ဤအရာတွင် အောက်ဖိုလ် ၃-ခု၏ သေက္ခဘုံမည်သည်၏ အဖြစ်ကိုလည်းကောင်း။ အရဟတ္တဖိုလ်၏အသေက္ခဘုံ မည်သည်၏အဖြစ်ကိုလည်းကောင်း။

ဇောတိကာ၏ ၇၁ (ဝမ္မဒါန)

(ဘဝန္တိ ထွေ်ဘာတိ **ဘူမိ**၊ သေက္ခာနံ**ဘူမိ** **သေက္ခဘူမိ**၊ တိဏ်ဟေဋ္ဌိမဖလာနိ၊ **အသေက္ခာနံ**၊ ဘူမိ **အသေက္ခဘူမိ**၊ **အရဟတ္တံဟူ**၍ ဖွင့်ဆို**အပ်သော** သမ္မောဟ ဝိနောဒနီ ယောဇနာပါဠိဖြင့် သိအပ်၏။

ထွေ်၊ ဤ**အောက်ဖိုလ် ၃-ခု**၌ ပဋိသမ္ဘဒါ၊ ဗဋိသမ္ဘဒါတို့သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ ဣတိတဿမာ၊ ထိုသို့ ဖြစ်ရာဖြစ်သောကြောင့်။ တံ၊ ထို**အောက်ဖိုလ် ၃-ခု**သည်။ ဘူမိ၊ ဘုံမည်၏။ သက္ခာနံ၊ **သေက္ခပုဂ္ဂိုလ်**တို့၏။ ဘူမိ၊ ပဋိသမ္ဘဒါ ဖြစ်ရာတည်း။ သေက္ခဘူမိ၊ **သေက္ခပုဂ္ဂိုလ်**တို့၏ ပဋိသမ္ဘဒါဖြစ်ရာ။ အရဟတ္တံ၊ အရဟတ္တဖိုလ်တည်း။ ဤကား အနက်။

ဤသို့ ပြဆို**အပ်ခဲ့ပြီး**သော အဋ္ဌကထာ ယောဇနာပါဠိတို့ဖြင့် သေက္ခဘုံ **အသေက္ခဘုံ** ဟူသော မဂ္ဂါနန္တရ ဖလက္ခဏာ၌ ပဋိသမ္ဘဒါသို့ ရောက်သည်၏အဖြစ်ကို ပြတော်မူ**အပ်**သဖြင့် သေက္ခ-**အသေက္ခ**ဖြစ်ကုန်သော အရိယာဖိုလ်ပုဂ္ဂိုလ်တို့သာ ပဋိသမ္ဘဒါသို့ ရောက်သည်၏အဖြစ်ကို မှတ်ယူ**အပ်**၏။ ဟပါးသောနေရာ၌ ကလျာဏပုထုဇဉ်ကို **သေက္ခ**ဖြင့် ရေတွက်၍ယူ**အပ်**သော်လည်း ဤနေရာ၌ကား**မယူအပ်**။ **အဘယ်**ကြောင့်နည်းဟူမူ ကလျာဏပုထုဇဉ်**အား** ရ**အပ်**ပြီးသောမဂ်ဖိုလ် မရှိသောကြောင့်လည်းကောင်း၊ ပဋိသမ္ဘဒါ ၄-ပါးတို့သည် ဖိုလ်ဖြင့်သာ ပြီးသောကြောင့်လည်းကောင်း ဤနေရာ၌ မယူ**အပ်**သတည်း။ ထို့ကြောင့် ဤနေရာ၌ကား **အ**ရိယာ**အစစ်** ဖြစ်သော ရ**အပ်**ပြီးသော မဂ်ဖိုလ်ရှိသော သောတာပန်၊ သကဒါဂါမ်၊ **အ**နာဂါမ်ပုဂ္ဂိုလ်တို့သာ (သေက္ခဘူမိယုံ) ဟူသော်ပုဒ်ဖြင့် ပြ**အပ်**သော **သေက္ခ**ပုဂ္ဂိုလ်ဟု မှတ်ယူ**အပ်**၏။ ထို ပဋိသမ္ဘဒါ ၄-ပါးတို့၏ ဖိုလ်ဖြင့်သာ ပြီးသည်၏**အ**ဖြစ်ကိုလည်း-

> ပဋိသမ္ဘဒါပတ္တိယာ စ ပါဠိယေက္ကေ**စ** ကမ္မဋ္ဌာနဘာဝနာနုယောဂေါ နာမ နတ္ထိ၊ သေက္ခာနံ ပန **သေက္ခ**ဖလဝိမောက္ခန္တိကာ **အ**သေက္ခာနံ **အသေက္ခ**ဖလ ဝိမောက္ခန္တိကာဝ ပဋိသမ္ဘဒါပတ္တိ ဟောတိ၊ တထာဂတာနဉ္စ ဒသဗလာနိဝိယ **အ**ရိယာနံ **အ**ရိယဖလေနေဝ ပဋိသမ္ဘဒါ ဂ္ဂဏ္ဌန္တီ-

ဟူ**သော** ဝိသုဒ္ဓိမဂ်**အဋ္ဌကထာ**၊ ပဋိသမ္ဘဒါမဂ်**အဋ္ဌကထာ**ပါဠိတို့ဖြင့် သိ**အပ်**၏။

စ၊ ဆက်၍ဆို**ဦး**အုံ။ ပဋိသမ္ဘဒါပတ္တိယာ၊ ပဋိသမ္ဘဒါသို့ရောက်ခြင်း၌ဟု။ ပါဠိယေက္ကော၊ **အ**သီးဖြစ်သော။ ကမ္မဋ္ဌာနဘာဝနာနုယောဂေါ နာမ၊ ကမ္မဋ္ဌာန်းဘာဝနာကို **အား**ထုတ်ရခြင်း မည်သည်။ နတ္ထိ၊ မရှိ။ ပန၊ ထိုသို့မရှိသော်လည်း။ **သေက္ခာနံ**၊ **သေက္ခ**ပုဂ္ဂိုလ်တို့၏။ ပဋိသမ္ဘဒါပတ္တိ၊ ပဋိသမ္ဘဒါသို့ ရောက်ခြင်း**သည်**။ **သေက္ခ**ဖလဝိမောက္ခန္တိကာ၊ **သေက္ခ**ဖိုလ်၏ **အ**နန္တရပစ္စည်းဖြစ်၍ဖြစ်သော မဂ်၏**အ**ဆုံး **အ**နန္တရဖိုလ်၌ဖြစ်သည်။ ဝ၊ ပြီး**သည်**။ ဟောတိ၊ ဖြစ်၏။ **အသေက္ခာနံ**၊ **အသေက္ခ**ပုဂ္ဂိုလ်တို့၏။ ပဋိသမ္ဘဒါပတ္တိ၊ ပဋိသမ္ဘဒါသို့ ရောက်ခြင်း**သည်**။ **အသေက္ခ**ဖလဝိမောက္ခန္တိကာဝ၊ **အသေက္ခ**ဖိုလ်၏ **အ**နန္တရပစ္စည်းဖြစ်၍ဖြစ်သော မဂ်၏**အ**ဆုံး

အနန္တရဖိုလ်ဉ် ဖြစ်သည်သာလျှင်။ ဝါ၊ ပြီးသည်သာလျှင်။ ဟေးတိ၊ ဖြစ်၏။ ဟိ သစ္စံ၊ မှန်၏။ တထာဂတာနံ၊ ဘုရားရှင်တို့၏။ ဒဿဗလာနံ၊ ဆယ်ပါးကုန်သော အားတော်တို့သည်။ အရိယ-ဖလေနေဝ၊ အရဟတ္တဖိုလ်ဖြင့်သာလျှင်။ ဣဒ္ဓိဓိဝယ၊ ပြည့်စုံကုန်၏သို့။ ဧဝံတထာ၊ ထိုအတူ။ အရိယာနံ၊ အရိယာပုဂ္ဂိုလ်တို့၏။ ပဋိသမ္ဘဒါ၊ ပဋိသမ္ဘဒါတို့သည်။ အရိယဖလေနေဝ၊ မိမိ မိမိတို့၏ အရိယာဖိုလ်ဖြင့်သာလျှင်။ ဣဒ္ဓိ၊ ပြည့်စုံကုန်၏။ ဤကား အနက်။

ဤအဋ္ဌကထာပါဠိဖြင့် ပဋိသမ္ဘဒါသို့ ရောက်ခြင်းငှာ အသီးအခြားဖြစ်သော ကမ္မဋ္ဌာန်း ဘာဝနာတရားကို အားထုတ်ရခြင်းမည်သည် မရှိ။ ထိုသို့ မရှိသော်လည်း သေက္ခပုဂ္ဂိုလ်တို့၏ ပဋိသမ္ဘဒါသို့ ရောက်ခြင်းသည် မိမိတို့ရအပ်သော မဂ်၏ အနန္တရဖြစ်သော သေက္ခဖိုလ်ဉာဏ်ဖြစ်၏။ အသေက္ခပုဂ္ဂိုလ်တို့၏ ပဋိသမ္ဘဒါသို့ ရောက်ခြင်းသည် မိမိတို့ရအပ်သော အရဟတ္တမဂ်၏ အနန္တရဖြစ်လော အသေက္ခဖိုလ်ဉာဏ် ဖြစ်၏။ ဥပမာကား မြတ်စွာဘုရား၏ ဒဿဗလဉာဏ်တော်တို့သည် အရဟတ္တဖိုလ်ဖြင့် ပြီးကုန်သကဲ့သို့၊ ထို့အတူ အရိယာပုဂ္ဂိုလ်တို့၏ ပဋိသမ္ဘဒါတို့သည် မိမိ မိမိတို့၏ အရိယာဖိုလ်ဖြင့်သာလျှင် ပြီးကုန်၏ဟူသော အဓိပ္ပာယ်ကို မှတ်ယူအပ်၏။ ဤအဋ္ဌကထာပါဠိဉာဏ် သေက္ခဖလ ဝိမောက္ခန်ကာ ဟူသောပုဒ်ကို ဝိသုဒ္ဓိမဂ် မဟာဋီကာဌ်။ သေက္ခဖလဝိမောက္ခ ပရိယောသာနေ ဘဝါ သေက္ခဖလ ဝိမောက္ခန်ကာဟု ဖွင့်ဆိုတော်မူအပ်၏။

သေက္ခဖလဝိမောက္ခ ပရိယောသာနေ၊ သေက္ခပုဂ္ဂိုလ်၏ အနန္တရပစ္စည်းဖြစ်၍ ဖြစ်သော မဂ်၏အဆုံး အနန္တရဖိုလ်ဉာဏ်။ ဘဝါ၊ ဖြစ်သောပဋိသမ္ဘဒါသို့ ရောက်ခြင်းတည်း။ သေက္ခ-ဖလဝိမောက္ခန်ကာ၊ သေက္ခပုဂ္ဂိုလ်၏ အနန္တရပစ္စည်းဖြစ်၍ ဖြစ်သော မဂ်၏အဆုံး အနန္တရ ဖိုလ်ဉာဏ်ဖြစ်သော ပဋိသမ္ဘဒါသို့ရောက်ခြင်း ဤကား-အနက်။

ဤဋီကာပါဠိဖြင့် သေက္ခဖလဝိမောက္ခန်ကာ ဟူသောပုဒ်၌ အန္တသဒ္ဒါ၏ ပရိယောသာနအနက်၌ ဖြစ်သည်၏ အဖြစ်ကိုလည်းကောင်း။ တိဏပစ္စည်း၏ ဘဝအနက်၌ ဖြစ်သည်၏ အဖြစ်ကိုလည်းကောင်း ပြဆိုတော်မူအပ်၏။ ထိုတွင် ပရိယောသာန ဟူသည်ကား အောက်မဂ် ၃-ခုတို့၏ အနန္တရပစ္စယုပ္ပန္နဖြစ်သော သေက္ခဖိုလ်ပင် ဖြစ်သတည်း။ ပဋိသမ္ဘဒါမဂ်ဂဏ္ဌိ ဋ္ဌကထား၊

သေက္ခဖလဝိမောက္ခန်ကာတိ ဇေဋ္ဌ သေက္ခဖလဝိမောက္ခသ အန္တံ သေက္ခဖလမေဝ၊ တံသဒ္ဒါ သေက္ခဖလဝိမောက္ခန်ကာ။ ပဌမဖလဝစနံ ဇေဋ္ဌ ဝိမောက္ခ နိယမေတုံ ဝုတ္တံ၊ ဒုတိယ မဂ္ဂါနန္တရဖလနိယမဝစနံ ပဋိသမ္ဘဒါပတ္တိ သိဒ္ဓနဋ္ဌာနံ နိယမေတုံ ဟု ဖွင့်ဆိုတော်မူအပ်၏။

သေက္ခဖလဝိမောက္ခန်ကာတိ ဇေဋ္ဌ၊ သေက္ခဖလဝိမောက္ခန်ကာ ဟူသောပုဒ်၌။ သေက္ခ-ဖလဝိမောက္ခသ၊ သေက္ခဖိုလ်၏ အနန္တရပစ္စည်းဖြစ်၍ ဖြစ်သောမဂ်၏။ အန္တံ၊ အဆုံးကား။ သေက္ခဖလမေဝ၊ သေက္ခဖိုလ်သည်သာလျှင်တည်း။ တံသဒ္ဒါ၊ ထိုသေက္ခဖိုလ်၌ပြီးသော ပဋိ-

သမ္ဘိဒါသို့ ရောက်ခြင်းသည်။ သေက္ခဖလဝိမောက္ခန္တိကာ၊ သေက္ခဖလဝိမောက္ခန္တိက မည်၏။ စ၊ ဆက်၍ဆိုဦးအံ့။ ထို့ကြ၍ သေက္ခဖလဝိမောက္ခဿ အန္တံ သေက္ခဖလမေဝ·ဟူသောစကားဌ ပထမဖလဝစနံ သေက္ခဖလဝိမောက္ခဿ ဟူသောပုဒ်ဌိရှိသော ပထမဖလသဒ္ဒါကို။ ဝိမောက္ခံ၊ ဝိမောက္ခကို။ ဝါ၊ မဂ်ကို။ နိယမေတုံ၊ မှတ်ခြင်းငှာ။ မယာ၊ ငါသည်။ ဝုတ္တံ၊ ဆိုအပ်၏။ ဒုတိယ မဂ္ဂါနန္တရဖလ နိယမဝစနံ၊ မဂ္ဂါနန္တဖိုလ်ကိုမှတ်သော (သေက္ခဖလမေဝ) ဟူသောပုဒ်ဌိရှိသော ဒုတိယဖလ သဒ္ဒါကို၊ ပဋိသမ္ဘိဒါပတ္တိ သိဒ္ဓနဋ္ဌာနံ၊ ပဋိသမ္ဘိဒါသို့ရောက်ခြင်း၏ ပြီးရာဌာနကို။ နိယမေတုံ၊ မှတ်ခြင်းငှာ။ မယာ၊ ငါသည်။ ဝုတ္တံ၊ ဆိုအပ်၏။ ဤကား အနက်။

ဤဂဏ္ဌိပါဌ်ဌ် (သေက္ခဖလ ဝိဒမောက္ခဿ အန္တံ သေက္ခဖလမေဝ) ဟူသောပါဌ်ဖြင့် (သေက္ခဖလဝိမောက္ခန္တ) ဟူသောပုဒ်ကို (သေက္ခာနံ ဖလံ သေက္ခဖလံ၊ ဝိဓိဓေဟိ ကိ လေသေဟိ မုစ္စတိတိ ဝိမောက္ခော။ သေက္ခဖလဿ အနန္တရပစ္စယဘူတော ဝိမောက္ခော သေက္ခဖလ-ဝိမောက္ခော၊ ဟေဋ္ဌိမ မဂ္ဂတ္တယံ။ သေက္ခဖလဝိမောက္ခဿ အန္တံ သေက္ခဖလဝိမောက္ခန္တံ၊ သေက္ခ-ဖလမေဝ)ဟု ဝစနတ္ထပြုအပ်သည်၏အဖြစ်ကို ပြတော်မူ၏။

သေက္ခာနံ၊ သေက္ခပုဂ္ဂိုလ်တို့၏။ ဖလံ၊ ဖိုလ်တည်း။ သေက္ခဖလံ၊ သေက္ခပုဂ္ဂိုလ်တို့၏ဖိုလ်။ ဝိဝိဓေဟိ၊ အထူးထူးအပြားပြားရှိကုန်သော။ ကိလေသေဟိ၊ ရထာရဟ မိမိတို့သည် ယယ်အပ်ကုန်သော ကိလေသာတို့မှ။ မုစ္စတိ၊ လွတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဝိမောက္ခော၊ ဝိမောက္ခမည်၏။ သေက္ခဖလဿ၊ သေက္ခဖိုလ် ၃·ခု၏။ အနန္တရဘူတော၊ အနန္တရ ပစ္စည်းဖြစ်၍ဖြစ်သော။ ဝိမောက္ခော၊ မဂ်တည်း။ သေက္ခဖလဝိမောက္ခော၊ သေက္ခဖိုလ် ၃·ခု၏ အနန္တရပစ္စည်း ဖြစ်၍ဖြစ်သောမဂ်။ ဟေဋ္ဌိမမဂ္ဂတ္တယံ၊ အောက်မဂ် သုံးခုအပေါင်းတည်း။ သေက္ခဖလဝိမောက္ခဿ၊ သေက္ခဖိုလ် ၃-ခု၏ အနန္တရပစ္စည်းဖြစ်၍ဖြစ်သော မဂ်၏။ အန္တံ၊ အဆုံးဖြစ်သော ဖိုလ်ဘည်း။ သေက္ခဖလဝိမောက္ခန္တံ၊ သေက္ခဖိုလ် ၃·ခု၏ အနန္တရပစ္စည်းဖြစ်၍ဖြစ်သော မဂ်၏အဆုံးဖြစ်သော ဖိုလ်။ သေက္ခဖလမေဝ၊ သေက္ခဖိုလ် ၃·ခုသာတည်း။ ဤကား ဝစနတ္ထ၏ အနက်။

(ပဋိသမ္ဘိဒါပတ္တိ သိဒ္ဓနဋ္ဌာနံ) ဟူသော နောက်ပါဌ်ဌ် ဌာနသဒ္ဒါကိုထောက်၍ တံသိဒ္ဓါ ဟူသော ဂဏ္ဌိပုဒ်ကို (တသ္မိံ သိဒ္ဓါ တံသိဒ္ဓါ)ပြု။ ဤတံသိဒ္ဓါ ဟူသောပါဌ်ဖြင့်ကား (သေက္ခ-ဖလ ဝိမောက္ခန္တေ သိဒ္ဓါ၊ သေက္ခဖလ ဝိမောက္ခန္တိကာ၊ ပဋိသမ္ဘိဒါပတ္တိ)ဟု ဝစနတ္ထပြုအပ်သည်၏ အဖြစ်ကို ပြတော်မူ၏။

သေက္ခဖလဝိမောက္ခန္တေ၊ သေက္ခဖိုလ် ၃·ခု၏ အနန္တရပစ္စည်း ဖြစ်၍ဖြစ်သော မဂ်၏အဆုံး အနန္တရဖိုလ်ဌ်။ သိဒ္ဓါ၊ ပြီးဿ ပဋိသမ္ဘိဒါသို့ ရောက်ခြင်းတည်း။ သေက္ခဖလဝိမောက္ခန္တိကာ၊ သေက္ခဖိုလ် ၃·ခု၏ အနန္တရပစ္စည်း ဖြစ်၍ဖြစ်သော မဂ်၏အဆုံး၊ အနန္တရဖိုလ်ဌ်ပြီးသော ပဋိသမ္ဘိဒါသို့ ရောက်ခြင်း။ ပဋိသမ္ဘိဒါပတ္တိ၊ ပဋိသမ္ဘိဒါသို့ ရောက်ခြင်းတည်း။ ဤကား ဝစနတ္ထ၏ အနက်။

ပြဆိုအပ်ခဲ့ပြီးသော သံဝဏ္ဏေတမ္ဘ ဖြစ်သော အဋ္ဌကထာဋ္ဌ (သေက္ခဖလဝိမောက္ခန္တိကာ သေက္ခဖလဝိမောက္ခန္တိကာ) ဟူသောပုဒ်တို့၏ (ပဋ္ဌာသမ္ဘိဒါပတ္တိ) ဟူသောပုဒ်နှင့် တူလျာ ဓိကရဏဖြစ်ကြသည်၏အဖြစ်ကို သတိမူ။

ဤ(သေက္ခဖလ ဝိမောက္ခန္တိကာ)ဟူသောပါဋ္ဌ (တို့က)ပစ္စည်းသည် ရှေးဋ္ဌ ပြဆိုအပ်ခဲ့ပြီးသော မဟာဋီကာအလိုအားဖြင့် (ဘဝ)အနက်ဋ္ဌ ဖြစ်၏။ ဂဏ္ဌိအလိုအားဖြင့်(သိဒ္ဓ)အနက်ဋ္ဌဖြစ်၏။ အဓိပ္ပာယ်အားဖြင့်ကား အထူးမရှိပြီ။

ပထမ ဖလဝစနံ။ပ။ နိယမေတုံ ဟူသော ဂဏ္ဌိပါဋ္ဌ၏ အဓိပ္ပာယ်ကား ငါဆိုအပ်သော (သေက္ခဖလ ဝိမောက္ခဿ အန္တံ သေက္ခဖလ မေဝ)ဟူသောပါဋ္ဌတွင် (သေက္ခဖလ ဝိမောက္ခဿ) ဟူသောပါဋ္ဌ၌ရှိသော ပထမ ဖလသဒ္ဒါကို ဤအရာ၌ ဝိမောက္ခဟူသည် သေက္ခ ပုဂ္ဂိုလ်၏ အနန္တရပစ္စည်းဖြစ်သော မဂ်ပင်ဖြစ်သတည်းဟု ဝိမောက္ခဟူသော မင်္ဂကို မှတ်ခြင်းငှာ ငါသည် ဆိုအပ်၏။ မဂ္ဂါနန္တရဖိုလ်ကို မှတ်သော သေက္ခဖလမေဝ ဟူသောပုဒ်ဋ္ဌ၌ရှိသော ဒုတိယဖလသဒ္ဒါကိုကား သေက္ခပဋ္ဌိသမ္ဘိဒါသို့ရောက်ရာဌာနသည် မဂ္ဂါနန္တရသေက္ခဖိုလ်ပင် ဖြစ်သတည်းဟု သေက္ခပဋ္ဌိသမ္ဘိဒါသို့ရောက်ရာ ဌာနကို မှတ်ခြင်းငှာ ငါသည် ဆိုအပ်၏ ဟူလို။ (အသေက္ခဖလ ဝိမောက္ခန္တိကာ) ဟူသောပုဒ်၏ အနက်ဋ္ဌလည်း ဆိုအပ်ခဲ့ပြီးသောနည်းကို မှီ၍ ဉာဏ်ကြီးသင့်လောက်ပြီ။

ဤသို့ ပြဆိုအပ်ခဲ့ကုန်ပြီးသော အဋ္ဌကထာ၊ ဋီကာ၊ ယောဇနာ၊ ဂဏ္ဌိတို့ဋ္ဌ ပဋ္ဌိသမ္ဘိဒါသို့ရောက်ရာဘုံအစုမ်းအားဖြင့်။ သေက္ခဘုံ၊ အသေက္ခဘုံဟုဆိုအပ်သော် မဂ် ၄-ခုတို့သည် ယထာရဟအားဖြင့် အနန္တရသတ္တိဖြင့် ကျေးဇူးပြုအပ်ကုန်သော မဂ္ဂါနန္တရဖိုလ်တို့ဋ္ဌသာ ပဋ္ဌိသမ္ဘိဒါသို့ရောက်သည်၏အဖြစ်ကိုလည်းကောင်း။ ထိုမဂ္ဂါနန္တရဖိုလ်တို့ဖြင့်သာ ပဋ္ဌိသမ္ဘိဒါပတ္တိ ပြီးသည်၏ အဖြစ်ကိုလည်းကောင်း တညီတည်း ဖွင့်ဆိုအပ်သည်၏ အဖြစ်ကြောင့် သေက္ခ-အသေက္ခဖြစ်ကုန်သော အရဟတ္တဖိုလ် ပုဂ္ဂိုလ်တို့ကိုသာ ပဋ္ဌိသမ္ဘိဒါပတ္တာပုဂ္ဂိုလ်တို့ဟု ခေါ်ဆိုအပ်ကုန်၏။

ဤစကားကိုလည်း ပဋ္ဌိသမ္ဘိဒါပတ္တိဂုဏ်၏ ဥပနိဿယနှင့် ပြည့်စုံကုန်သည်ဖြစ်၍ မိမိတို့၏ မဂ္ဂါနန္တရဖလကျေးဇူးဋ္ဌ ပဋ္ဌိသမ္ဘိဒါပတ္တိဂုဏ်ကို ရသဖြင့် ပဋ္ဌိသမ္ဘိဒါပတ္တာ ဖြစ်ကြကုန်သော အရိယာပုဂ္ဂိုလ်တို့ကိုသာ ရည်၍ ဆိုအပ်၏။ ပဋ္ဌိသမ္ဘိဒါပတ္တိဂုဏ်၏ ဥပနိဿယ ကင်းကုန်ကြ၍ ပဋ္ဌိသမ္ဘိဒါပတ္တာဂုဏ်ကို မရကြသဖြင့် ပဋ္ဌိသမ္ဘိဒါပတ္တာ မဖြစ်ကြသော အချို့သောအရိယာဖိုလ် ပုဂ္ဂိုလ်တို့လည်း ရှိကြကုန်သေး၏။ ဤသို့ ရှိကြကြောင်းကို သာဓက ထုတ်ပြ၍ ဝိတ္ထာရအားဖြင့် မဆိုလိုပြီ။ သာဓကကို အလိုရှိကုန်သော သူတို့သည် ပါရာဇိကဏ် အဋ္ဌကထာ၊ ဝေရဉ္ဇကဏ္ဍ အဖွင့် အဋ္ဌသာလိနီပါဋ္ဌ အင်္ဂုတ္တိုရ် အဋ္ဌကထာတို့၏ ဋီကာတို့မှ ယူအပ်၏။

ဆက်၍ဆိုဦးအံ့။ ဖိုလ်ပုဂ္ဂိုလ်ကိုသာ ပဋ္ဌိသမ္ဘိဒါပတ္တာဟု ပြဆိုခဲ့ခြင်းသည်လည်း ပဋ္ဌိသမ္ဘိဒါသို့ အဦးအစရောက်ရာဌာနဖြစ်သော မဂ္ဂါနန္တရဖလကျေးဇူးဖြင့် မှတ်၍ ပဋ္ဌိသမ္ဘိဒါသို့ ရှေးဦးမဆန့် ရောက်စပုဂ္ဂိုလ်၏ အစွမ်းအားဖြင့်သာ ပြဆိုခြင်းဖြစ်သည်။ ထိုစကားသည်မှန်၏။ ပဋ္ဌိသမ္ဘိဒါပတ္တိဂုဏ်၏ ဥပနိဿယနှင့် ပြည့်စုံသည်ဖြစ်၍ သောတာပတ္တိမဂ်မှစ၍ မဂ် အဆင့်ဆင့် ဖိုလ်အဆင့်ဆင့်တက်ပြီးလျှင် အရဟတ္တဖိုလ်သို့ ရောက်ကြသော ပုဂ္ဂိုလ်တို့တွင်-

၁။ သောတာပတ္တိမဂ်၏ အနန္တရဖြစ်သော သောတာပတ္တိဖလက္ခဏာကပင် ပဋိသန္ဓေဒါသို့ရောက်သော ပုဂ္ဂိုလ်။

၂။ သကဒါဂါမိမဂ်၏ အနန္တရဖြစ်သော သကဒါဂါမိဖလက္ခဏာသို့ ရောက်မှ ပဋိသန္ဓေဒါသို့ရောက်သော ပုဂ္ဂိုလ်။

၃။ အနာဂါမိမဂ်၏ အနန္တရဖြစ်သော အနာဂါမိဖလက္ခဏာသို့ရောက်မှ ပဋိသန္ဓေဒါသို့ ရောက်သောပုဂ္ဂိုလ်။

၄။ အရဟတ္တမဂ်၏ အနန္တရဖြစ်သော အရဟတ္တဖလက္ခဏာသို့ရောက်မှ ပဋိသန္ဓေဒါသို့ ရောက်သော ပုဂ္ဂိုလ်ဟု လေးမျိုးလေးစားရှိသင့်သည်။ ထိုပုဂ္ဂိုလ်တို့တွင်–

(၁) သောတာပတ္တိမဂ်၏ အနန္တရဖြစ်သော သောတာပတ္တိဖလက္ခဏာကပင် ပဋိသန္ဓေဒါသို့ရောက်သော ပထမပုဂ္ဂိုလ်သည် မဂ်အဆင့်ဆင့် ဖိုလ်အဆင့်ဆင့်တက်၍ အထက်အထက် ဖြစ်ကုန်သော သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်တို့ကိုရသောကာလ၊ ခဏတ္တယမျှ မဂ္ဂသမင်္ဂီဖြစ်ရသေးသည်။ ဤသို့ အထက်အထက် မဂ္ဂင်္ဂသမင်္ဂီဖြစ်သော မင်းပုဂ္ဂိုလ်ကိုလည်း ထိုထိုမဂ္ဂင်္ဂကာလ၌ ပဋိသန္ဓေဒါပတ္တပုဂ္ဂိုလ် ဟူ၍ပင် ခေါ်ဆိုအပ်သည်။ (၂) ဒုတိယ၊ (၃) တတိယ ပုဂ္ဂိုလ်တို့ကိုလည်း ဤပထမပုဂ္ဂိုလ်ကဲ့သို့ပင် သိမှတ်အပ်ကုန်၏။ (၄) စဘုတ္ထ ပုဂ္ဂိုလ်ကိုကား နောင်တဖန် မဂ်ကို ရပြန်ကောင်းသော သဘောမရှိသောကြောင့် ဆိုဖွယ်ရာမရှိပြီ။

ထိုပဋိသန္ဓေဒါ၏ ဥပနိဿယအကြောင်းသည် (၈)ပါးရှိ၏။ ထိုအကြောင်း (၈)ပါးကို ဝိသုဒ္ဓိမဂ် စသော အဋ္ဌကထာတို့၌–

ပုဗ္ဗယောဂေါ ဗာဟုဿစ္စံ၊ ဒေသဘာသာစ အာဂမော။
ပရိ ပုစ္ဆာ အဓိဂမော၊ ဂရုသန္နိဿ ယော တထာ။
မိတ္တ သမ္ပတ္တိ စေဝါတိ၊ ပဋိသန္ဓိဒ ပစ္စယာ-ဟု ဖွင့်ဆိုတော်မူကြ၏။

(၁) ပုဗ္ဗယောဂေါစ၊ ရှေးဘုရားရှင်တို့၏ သာသနာတော်၌ အနုလုံ ဂေါတြဘူ၏ အနီးဖြစ်သော သခ်ါရုပေက္ခာဉာဏ်တိုင်အောင် ဝိပဿနာတရားကို ဂတ ပစ္စာဂတအားဖြင့် ဆည်းပူးပွားများ အားထုတ်ခဲ့ခြင်းလည်းကောင်း။

(၂) ဗာဟုဿစ္စဥ်၊သတ္တဝါတို့၏ အကျိုးစီးပွားကို ဆောင်တတ်ကုန်သောအနဝဇ္ဇ ကျမ်းဂန်၊ အနဝဇ္ဇသိပ္ပါယနတို့၌ တတ်သိလိမ္မာခြင်းလည်းကောင်း။

(၃) ဒေသဘာသာစ၊ ရှေးရှေးသောကာလ၊ တရားတစင်း၊ ထီးဆောင်းမင်းတို့၏ အုပ်စိုးရာဒေသ၌ ပြောဆိုအပ်သော ကေသတ ဝေါဟာရဘာသာစကား၌ တတ်သိလိမ္မာခြင်းလည်းကောင်း။ (အထူးအားဖြင့် မာဂဓဘာသာ၌ တတ်သိလိမ္မာခြင်းကို သာ၍အလိုရှိအပ်၏)။

၄။ အာဂဂမောစ၊ အယုတ်အားဖြင့် သြပမ္မဝဂ်မျှသော ဘုရားဟော ပါဠိတော်ကို သင်ယူခြင်း လည်းကောင်း။ ကောစိဝါဒ အားဖြင့် ဓမ္မပဒဋ္ဌ ယမကဝဂ်။ အပရေဝါဒအားဖြင့် မူလပဏ္ဏာသဋ္ဌ ယမကဝဂ်ကို (သြပမ္မဝဂ်) ဟု မှတ်၏။

၅။ ပရိပုစ္ဆာစ၊ တခုသော ဂါထာ၏လည်း အတ္ထ ဝိနိစ္ဆယကို မေးမြန်းခြင်း လည်းကောင်း။

၆။ အဓိဂမောစ၊ သောတာပန်အဖြစ်၊ သကဒါဂါမ်အဖြစ်၊ အနာဂါမ်အဖြစ်၊ ရဟန္တာအဖြစ်တို့တွင် တပါးပါးကို ရခြင်း လည်းကောင်း။

၇။ ဂရုသန္နိဿယောစ၊ သုတပဋိဘာန်၊ ပညာပဋိဘာန် ကြီးမားသော ဆရာသမား တို့ထံ၌ မှီဝဲဆည်းကပ်၍ နေခြင်းလည်းကောင်း။

ဂ။ တထာ၊ ထိုမှတပါး။ မိတ္တသမ္မတ္တံ စေဝ၊ သုတပဋိဘာန်၊ ပညာဉာဏ်ကြီးသော အဆွေခင်ပွန်းကဲ့သို့ ရခြင်းလည်းကောင်း။ ကွတိ ကွမေအဋ္ဌ၊ ဤ ဂ-ပါးကုန်သော အကြောင်းတို့သည်။ ပဋိသမ္ဘိဒပစ္စယာ၊ ပဋိသမ္ဘိဒါ၏ ဥပနိဿယ အကြောင်းဖြစ်ကုန်၏။ ဤကား အနက်။ ဤ ပဋိသမ္ဘိဒါ၏ ဥပနိဿယ အကြောင်း ဂ-ပုံးတို့ကို အကျယ်အားဖြင့် မဆိုလိုပြီ။ ဤသည်ကား ဒုတိယပုစ္ဆာ၏ ဝိသဇ္ဇနာတည်း။

မနုဖြူမြို့ အဂ္ဂမဟာပဏ္ဍိတ သဒ္ဓမ္မဇောတိကာရာမ ဒုတိယ ဆရာတော်ဘုရားကြီးသည် ကျမ်းဂန်တို့နှင့်အညီ ဖွဲ့ဆည်ရေးသား ဆုံးဖြတ်အပ်သော ပဋိသမ္ဘိဒါပတ္တ ဝိနိစ္ဆယ သည် ၁၂၀၀-ခု သီတင်းကျွတ်လပြည့်ကျော် ၆-ရက် ဗုဒ္ဓဟူးနေ့ နံနက် ဂ-နာရီအချိန်၌ ဆုံးခန်း တိုင်ရောက် ပြီးမြောက်အောင်မြင်ခြင်းသို့ ရောက်ပါသတည်း။

ပဋိသမ္ဘိဒါပတ္တ ဝိနိစ္ဆယပြီး၏။

ဓနုပြုခြင်း

အင်္ဂမဟာပဏ္ဏိတ သဒ္ဒမ္မဇောတိကာဂုဏ် တတိယဆရာတော်ဘုရား

ရေးသားတော်မူသော

သမ္ဘဝဝေဿန္တရဇာတ်တော်

"ပျော်ဘွယ်မြို့နယ်၊ သာစည်တိုက်၊ သနပ်ခါးတောရွာ ဒါယကာ- ဆရာဘုန်းကြီးဘ ဓြေတော်ဦ ခိုက် လျှောက်ထားရပါသည် အရှင်သူမြတ်ဘုရား"-

"ပရိတ်ကြီးပါဠိတော် မေတ္တာသုတ်တွင် ဘူတာ ဝါ သမ္ဘဝေသီဝါ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ ဟူသောပါဌ်၌ (သမ္ဘဝေသီဝါ)ဟူသောပုဒ်ကို အမိဝမ်း၌ ကိန်းအောင်းသော သတ္တဝါဟူ၍လည်းကောင်း၊ သုက်၌ကိန်းအောင်းသော သတ္တဝါဟူ၍လည်းကောင်း အနက် နှစ်ချက် ပေးပါသည်။ထိုနှစ်ချက်တွင် ပထမနည်း မှန်မည်၊ ဒုတိယနည်း မှန်မည်ဟု နေရာတကျ မသိ၊ စိတ်ဒိဟ ရှိနေပါ၍ မှန်သောအနက်ကို နေရာတကျသိမှတ်ရအောင် အဋ္ဌကထာ ဋီကာ တို့၌လာသည့်အတိုင်း၊ ရေးသားခြီးမြှင့်တော်မူပါမည့်အကြောင်း ဓြေတော်ဦးခိုက် လျှောက် ထားရပါသည် အရှင်သူမြတ်ဘုရား"-

ဤသို့ ပျော်ဘွယ်မြို့နယ်၊ သာစည်တိုက်၊ သနပ်ခါးတောရွာ ဆရာဘုန်းကြီးဘ၏ လျှောက်ထားလွှာကို ၁၂၆၆-ခုနှစ်၊ တော်သလင်းလဆန်း ၂-ရက်၊ ညနေ ၄-နာရီခွဲတွင် ရရှိသဖြင့် ကောင်းစွာရေးသား ဖြေကြားအပ်သည်ကား....

လျှောက်ထားရင်း ပရိတ်ကြီးပါဠိတော် မေတ္တာသုတ် သမ္ဘဝေသီဟူသောပုဒ်၌(သမ္ဘဝ) သဒ္ဒါ၏အနက်ကို (အဘိဓာနပ္ပဒီပိကာ) အမည်ရှိသော မာဂဓအဘိဓာန်ကျမ်း၌ (ဥပပ္ပတ္တိယံတု ဟေတုမ္ပိ၊ သင်္ဂေသုတ္တေစသမ္ဘဝါ)ဟူ၍လည်းကောင်း။

သဗ္ဗညုတဉာဏ် မဟာနိဓိအမည်ရှိသော၊ ဒေဝနာဂလိရေး သက္ကတအဘိဓာန်ကျမ်း၌၊

သမ္ဘဝ-ဉ်-သမ်-ဘူ-အပ်၊ ဥတ္ပတ္တော် အာဒေးယသျှာ ဓာရေ သမာဝေ သန ယောဂျတ္ထ ရှုပေဗျာပါရေ ဥဒ္ဒစ္စ သန္ဒေဟေစ၊ အပါဒါနေ-အပ် တေတော ကက်ကိရိ-အစ်၊ မေလကေ တြိ ·

ဟူ၍လည်းကောင်း မျှားစွာဆို၍ကြွေသော်လည်း 'ဆင်ဖြူဖြူကြီးကိုတွေ့မြင်က ဆင်ခြေရာကို မရှာရ'ဆိုသကဲ့သို့ ဤ (သမ္ဘဝေသီ) ပုဒ်၏အဖွင့် အဋ္ဌကထာ ဋီကာ ကိုက်ရိုက်ရှိသောကြောင့် အဋ္ဌကထာ ဋီကာဟိုဠ်၌ လာသည့်အတိုင်းကိုသာ အရာကားလျှောက်စွာ မှတ်ရမည်။

ဧကာဒသကိုးရိုး-၇၂ (ဓမ္မဒါန)

မှတ်သားရန်ကား။ ။သုတ္တနိပါတအဋ္ဌကထာ၊ ခုဒ္ဒပါဌအဋ္ဌကထာ၊ သာရတ္ထ သမုစ္စယ အဋ္ဌကထာတို့၌-

ဘူတာတိ ဇာတာ အဘိနိဗ္ဗတ္တာ၊ ယေ ဘူတာဧဝ၊ န ပုနဘဝိဿန္တိတိ သခ်ဏစ္ဆန္နိ၊ တေသံ ခီဏာသဝါန မေတံ အဓိဝစနံ၊ သမ္ဘဝ မေသန္တိတိ သမ္ဘဝေသိ၊ အပဟီန ဘဝသံယောဇနတ္တာ အာယတိံ ပိ သမ္ဘဝံ သေန္တာနံ သေက္ခပုထုဇနာန မေတ အဓိဝစနံ-

ဟူ၍ ဖွင့်ပြတော်မူကြကုန်၏။

ဘူတာတိ၊ ဘူတာမည်သည်ကား။ ဇာတာ အဘိနိဗ္ဗတ္တာ၊ ဖြစ်ဆဲသာ ဖြစ်ကုန်သော သတ္တဝါတို့တည်း။ ဧတံ၊ ဤ ဘူဘာဟူသော အမည်သည်။ ယေ၊ အကြင်သတ္တဝါတို့သည်။ ဘူဘာဧဝ၊ ဖြစ်ဆဲသာဖြစ်ကုန်၏။ ပုန၊ နောက်ထပ်တဖန်။ နဘဝိဿန္တိ၊ မဖြစ်ရကုန်လတ္တံ့။ ဣတိ၊ ဤသို့။ သခ်ံ၊ ရေတွက်အပ်သည်၏အဖြစ်သို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ ဝါ၊ ပုနဘဝိဿန္တိတိ၊ နောက်ထပ်တဖန် ဖြစ်ကြရပြန်ကုန်လတ္တံ့ဟူ၍။ သခ်ံ၊ ရေတွက်အပ်သည်၏အဖြစ်သို့။ နဂစ္ဆန္တိ၊ မရောက်ကုန်။ ခီဏာသဝါနံ၊ ကုန်ပြီးသော အာသဝေါရှိကုန်သော။ တေသံ၊ ထိုဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာဖြစ်ကုန်သော သတ္တဝါတော်ကြီးတို့၏။ အဓိဝစနံ၊ အမည်တည်း။

ယေ၊ အကြင်သတ္တဝါတို့သည်။ သမ္ဘဝံ၊ ဘဝတဖန် ဖြစ်ပွားရန်ကို။ သေန္တိ၊ ရှာမှီးတတ်ကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ တေ၊ ထိုသတ္တဝါတို့သည်။ သမ္ဘဝေသိ၊ သမ္ဘဝေသိမည်ကုန်၏။ ဧတံ၊ ဤသမ္ဘဝေသိဟူသောအမည်သည်။ အပဟီနဘဝသံယောဇနတ္တာ၊ မပယ်အပ်သေးသော သံယောဇဉ်ရှိသည်၏အဖြစ်ကြောင့်။ အာယတိံ ပိ၊ နောင်အခါ၌လည်း။ သမ္ဘဝံ၊ ဘဝတဖန် ဖြစ်ပွားရန်ကို။ သေန္တာ၊ ရှာမှီးတတ်ကုန်သော။ ယေ သေက္ခ ပုထုဇနာနံ၊ သေက္ခပုဂ္ဂိုလ် ခုနစ်ယောက်၊ ပုထုဇဉ် လေးယောက်တို့၏။ အဓိဝစနံ၊ အမည်တည်း။ ဤကား အနက်။

ပရိတ်ကြီးဋီကာ၌လည်း - "ဘူတာတိ ခီဏာသဝါ။ သမ္ဘဝေသိဝါတိ တတော သေသာ"ဟူ၍ ဖွင့်ပြတော်မူ၏။

ဘူတာဘိ၊ ဘူတာဟူသည်ကား။ ခီဏာသဝါ၊ ကုန်ပြီးသော အာသဝေါရှိကုန်သော ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာတို့မှ။ ဝါ၊ ရဟန္တာတို့သည်။ ဘူတာတိ ဘူဘာနာမ၊ ဘူတ မည်ကုန်၏။ သမ္ဘဝေသိဝါဘိ၊ သမ္ဘဝေသိတို့ မည်သည်ကား။ တတော ထေဟိ၊ ထိုကုန်ပြီးသော အာသဝေါရှိကုန်သော ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာတို့မှ။ သေသာ၊ ကြွင်းကုန်သော သေက္ခ ပုထုဇဉ်တို့တည်း။ ဝါ၊ ကြွင်းကုန်သော သေက္ခ ပုထုဇဉ်တို့သည်။ သမ္ဘဝေသိတိ- သမ္ဘဝေသိနာမ၊ သမ္ဘဝေသိ မည်ကုန်၏။ ဤကားအနက်။

(ဤ ဋီကာပါဌ်၌ တတော သေသာ ဟု ဝါ သဒ္ဒါကို ချန်လှပ်၍ ဖွင့်သည်အားလျော်စွာ ဝါ သဒ္ဒါကိုမျှန်လှပ်၍ ယောဇနာသည်။)

ဤသို့ ဖွင့်ပြတော်မူကြကုန်သောကြောင့် (ဘုတဝါ)ဟူသောပုဒ်ကို ဖြစ်ဆဲသာဖြစ်ကုန်၍ နောက်ထပ်တဖန် မဖြစ်ပြန်ကောင်းကုန်သော ဒီဏာသဝစစ်ဖြစ်တော်မူကုန်သော ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာဟူပြီး သတ္တဝါကြီးတို့သည်လည်းကောင်းဟူ၍ အနက်ပေးလိုက်သည်။

ဘဝန္တိတိဘူတာဟူ၍ ဝစနတ္ထပြု။ ။ယေ၊ ဒီဏာသဝ၊ ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာဖြစ်ကုန်သော အသေက္ခသတ္တဝါတို့သည်။ ဘဝန္တိ၊ ဖြစ်ဆဲဖြစ်တော်မူကြကုန်၏။ ဤတိတသ္မာ၊ ထို့ကြောင့်။ တေ၊ ထိုဒီဏာသဝ ပစ္စေကဗုဒ္ဓါ ရဟန္တာဖြစ်ကုန်သော အသေက္ခသတ္တဝါတို့သည်။ ဘူတာ၊ ဘူတ မည်ကုန်၏။ ဝစနတ္ထ၏ အနက်။

သမ္ဘဝေသီဟူသောပုဒ်ကို ဘဝသံယောဇဉ်ကို တွန်းလှန်ပယ်ဖျောက် မဖြတ်တောက်ရသေးသောကြောင့် နောက်ဥတဖန် ထပ်မံပေါ်ဖြစ် ဘဝသစ်ကို နှစ်လိုအားသာ ရှာဖွေတတ်ကုန်သော သေက္ခပုဂ္ဂိုလ် ခုနစ်ယောက်၊ ပုထုဇဉ်လေးဖြာ သတ္တဝါတို့သည်လည်းကောင်း ဟူ၍ အနက်ပေး။ သမ္ဘဝ သေမီဟူ၍ ပုဒ်ဖြတ်။ သမ္ဘဝံ ပုနဘဝံ သေန္တိတိ သမ္ဘဝေသီဟု ဝစနတ္ထပြု။

ယေ၊ အကြင်သေက္ခ ခုနစ်တန်၊ ပုထုဇဉ်လေးဖြာ သတ္တဝါတို့သည်။ သမ္ဘဝံ ပုနဘဝံ၊ နောက်ခါတဖန် ပေါ်ဖြစ်ရန်ဘဝသစ်ကို။ သေန္တိ၊ နှစ်လိုအားသာ ဖွေရှာတတ်ကုန်၏။ ဤတိတသ္မာ၊ထို့ကြောင့်။ တေ၊ ထိုသေက္ခခုနစ်တန်၊ ပုထုဇဉ်လေးဖြာ သတ္တဝါတို့သည်။သမ္ဘဝေသီ၊ သမ္ဘဝေသီမည်ကုန်၏။ ဤကား ဝစနတ္ထအနက်။ သမ္ဘဝေသီကား သေက္ခပုဂ္ဂိုလ် ခုနစ်ယောက်၊ ပုထုဇဉ်လေးယောက်တို့ဟူ၍မှတ်။

တနည်း။ ။အထဝါ စတူသု ယောနီသု အဏ္ဍဇ ဇလာဗုဇာ သတ္တာ ယာဝ အဏ္ဍကောသံ ဝတ္ထိကောသံစ နာ ဘိန္ဒန္တိ၊ တာဝ သမ္ဘဝေသီနာမ အဏ္ဍကောသံ ဝတ္ထိကောသံစ ဘိန္ဒိတ္ဝာ ဗဟိနိက္ခန္တာ ဘူတာနာမ။ သံသေဒဇ သြပပါတိကာစ ပဌမစိတ္တက္ခဏေ သမ္ဘဝေသီနာမ၊ ဒုတိယ ဗဟိနိက္ခန္တာ ဘူတာနာမ။ ယေနေဝါ ဣရိယပထေန ဇာယန္တိ၊ ယာဝ တဇေတာ အညံ နာ ပါပုဏန္တိ တာဝ သမ္ဘဝေသီ။

တဇော ပရိဘူတာဟူ၍ သုတ္တနိပါတအဋ္ဌကထာ၊ ခုဒ္ဒကပါဋ အဋ္ဌကထာ၊ သာရတ္ထသမုစ္စယအဋ္ဌကထာတို့၌ ဖွင့်ဆိုတော်မူကြကုန်သေး၏။

အထဝါ တနည်းကား စတူသုယောနိသု၊ လေးပါးကုန်သောယောနိတို့တွင်။ အဏ္ဍဇ ဇလာဗုဇာ၊ အဏ္ဍလ ဇလာဗုဇ ဖြစ်ကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ ယာဝ၊ အကြင် မျှလောက်ကာလပတ်လုံး။ အဏ္ဍကောသံစ၊ ဥဒ္ဓံကုံလည်းကောင်း။ ဝတ္ထိကောသံစ၊ သားအိမ်ကုံလည်းကောင်း။ နဘိန္ဒန္တိ၊ မခွဲဖောက်ရကုန်သေး။ တာဝ၊ ထိုမျှလောက်ကာလပတ်လုံး။ သမ္ဘဝေသီနာမ၊ သမ္ဘဝေသီ မည်၏။

အဏ္ဍကောသံစ၊ ဥမ္ဒံကုံလည်းကောင်း။ ဝတ္ထိကောသံစ၊ သားအိမ်ကိုလည်းကောင်း။ ဘိန္ဒိတ္ဝာ၊ ခွဲဖောက်၍။ ဗဟိ၊ အပသို့။ နိက္ခန္တာ၊ ထွက်ကြရကုန်သည်ရှိသော်။ ဝ ါ။ ထွက်ကြရကုန်သော။ သတ္တာ၊ အဏ္ဍဇ ဇလာဗုဇ သတ္တဝါတို့သည်။ ဘူတာနာမ၊ ဘူတမည်ကုန်၏။

သံသေဒဇ ဩပပါတိကာစ၊ သံသေဒဇ ဩပပါတိက သတ္တဝါတို့သည်ကား။ ပဌမစိတ္တက္ခဏော၊ ရှေးဦးစွာ ပဋိသန္ဓေစိတ်၏ ဧကာဒ်။ သမ္ဘဝေသိနာမ၊ သမ္ဘဝေသိမည်၏။

ဒုတိယစိတ္တက္ခဏတော၊ဒုတိယစိတ်ဖြစ်သော၊ပထမဘဝင်စိတ်၏ ဥပါဒ်ခဏမှ။ပဘုတိ၊အစ ပြု၍။ ဘူတာနာမ၊ ဘူတ မည်၏။ ဝါ၊ တနည်းကား။ ယေနုတ္ထရိယာပထေန၊ အကြင်တ္ထရိယာပုထ်ဖြင့်။ ဇာယန္တိ၊ ဖြစ်ကုန်၏။ တတော၊ထိုတ္ထရိယာပုထ်မှ။ အည်၊တပါးသောတ္ထရိယာပုထ်သို့။ ယာဝ၊ အကြင်မျှလောက်ကာလပတ်လုံး။ နပါပုဏန္တိ၊ မရောက်ကြကုန်သေး။ တာဝ၊ ထိုမျှလောက်ကာလပတ်လုံး။ သမ္ဘဝေသိ၊ သမ္ဘဝေသိမည်ကုန်၏။ တတော၊ ထိုရှေးဖြစ်တိုင်းသောတ္ထရိယာပုထ်မှ။ ပရံ၊ နောက်တ္ထရိယာပုထ်၌။ ဘူတာ၊ ဘူတ မည်ကုန်၏။ ဤကားအနက်။

ပရိတ်ကြီးဋ္ဌကာ၌လည်း။ ။အထဝါဘူတာတိ အတ္ထဇလာဗုဇာ အတ္ထကောသံစ ဝတ္ထိကောသဥ္စ ဘိန္ဒိတ္ဝာ ဗဟိနိက္ခန္တာ၊သံသေဒဇောပပါတိကာ ဒုတိယစိတ္တက္ခဏေ ပဝတ္တာ ယေသတ္တာဝါ။ သမ္ဘဝေသိဝါတိ အတ္ထဇလာဗုဇာ အတ္ထကောသ ဝတ္ထိကောသေဒ္ဓိတာ၊ သံသေဒဇောပပါတိကာ ပဌမစိတ္တက္ခဏေ ပဝတ္တာ ယေသတ္တာဝါဟု၍ ဖွင့်ဆိုတော်မူ၏။

အထဝါ၊ တနည်းသော်ကား။ အတ္ထကောသံစ၊ ဥခွံကိုလည်းကောင်း။ ဝတ္ထိကောသဥ္စ၊ သားအိမ်ကိုလည်းကောင်း။ ဘိန္ဒိတ္ဝာ၊ ခဲ့ဖောက်ဖျက်ဆီး၍။ ဗဟိ၊ အပသို့။ နိက္ခန္တာ၊ ထွက်ပြီးကုန်သော။ အတ္ထဇလာဗုဇာ၊ အတ္ထဇလာဗုဇ ဖြစ်ကုန်သော။ ယေသတ္တာဝါ၊အကြင်သတ္တဝါတို့သည်လည်းကောင်း။ ဥဒကေ ဝါ၊ ရေ၌လည်းကောင်း။ ဘူတာ၊ ဘူတ မည်ကုန်၏။

(ဤဘူတာတိ သမ္ဘဝေသိတိဟူသောပုဒ်တို့၌ ဣတိသဒ္ဒါတို့ကို နာမတ္ထဆင်အောင် အနက်ယောဇနာလိုက်သည်။)

ဤသို့ အဋ္ဌကထာ ဋီကာတို့၌ ဖွင့်ပြဘော်မူအပ်ကုန်သောကြောင့် ဘူတာဝဟူသော ပုဒ်ကို ဥခွံအတွင်း သားအိမ်အတွင်းမှ ဖောက်ထွင်းထွက်မြောက် ပြင်ပသို့ရောက်ကုန်ပြီးသော အတ္ထဇလာဗုဇ သတ္တဝါ၊ ပဋိသန္ဓေမှနောက် ပထမဘဝင်ဟု ဆိုအပ်သော ဒုတိယစိတ်၏ဥပါဒ်ခဏသို့ ရောက်ကုန်သော သံသေဒဇ သြပပါတိက သတ္တဝါ၊ ဝါ၊ ပဋိသန္ဓေစွဲတည်နေစ ယာ-

ပထမ ထက္ကထိုင်လျောင်း တဆင့်ပြောင်းလိုက် နောက်ယာပိုထိုသို့ ရောက်ဆိုက်များစွာ သံသေ ၁၀ သြပပါတိုက သတ္တဝါတို့သည်လည်းကောင်းဟူ၍ အနက်ပေး။ အဘဝိတ္ထံဘာတိဘူတာ ဟူ၍ ဝစနတ္ထုပြု။

ယေ၊ အကြင်သတ္တဝါတို့သည်။ အဘာဝိတ္ထ၊ ဖြစ်ကုန်ပြီ။ ဣဘိတသ္မာ၊ ထို့ကြောင့်။ တေ၊ ထိုသတ္တဝါတို့သည်။ ဘူတာ၊ ဘူတမည်ကုန်၏။ ဤကားအနက်။

သမ္ဘဝေသီဝါဟူသောပုဒ်ကို ဥခ္ဒံတွင်း သားအိမ်တွင်း၌ ရက်ကြွင်းလကျန် မရင့်သန် သမျှ တည်နေဆဲဖြစ်ကြကုန်သော သံသေဒဇ သြပပါတိက သတ္တဝါ။ ဝါ၊ ယာပိုထိတပါး၊ ရွေ့လျားမလည် သန္ဓေတည်စ ယား၌ထ၌ တည်ခိုက်များစွာ သံသေဒဇ သြပပါတိက သတ္တဝါတို့သည်လည်းကောင်းဟူ၍ အနက်ပေး။

သမ္ဘဝေ အဏ္ဍကောသေ ဝတ္ထိကောသေ ဝါ သေန္တိတိ သမ္ဘဝေသီ ဟူ၍ အလုတ္တသမာသ်ဝစနတ္ထုပြု။

ယေ၊ အကြင်သတ္တဝါတို့သည်။ သမ္ဘဝေအဏ္ဍကောသေ၊ဥခ္ဒံတွင်း၌။ ဝါ၊တနည်းကား။ သမ္ဘဝေဝတ္ထိကောသေ၊ သားအိမ်တွင်း၌။ သေန္တိ၊ ကိန်းကုန်၏။ ဣတ်တသ္မာ၊ ထို့ကြောင့်။ တေ၊ ထိုသတ္တဝါတို့သည်။ သမ္ဘဝေသီ၊ သမ္ဘဝေသီမည်ကုန်၏။ ဤကား ဝစနတ္ထအနက်။ (သံသေ-ဒဇသြပပါတိက သတ္တဝါတို့ကို ဤနည်း၌ ပဋိသန္ဓေနေပြီး၊ ပေါ်ပြီး၊ ဖူးမြင်ပြီးသော သတ္တဝါတို့ကို ဘူတာ။ ပဋိသန္ဓေတည်နေဆဲ၊ ဥခ္ဒံတွင်းသားအိမ်တွင်း၌ တည်ဆဲသတ္တဝါတို့ကို သမ္ဘဝေသီဟူ၍မှတ်။ နှစ်နည်းလုံးငင်သင့်သည် မုချတည်း)။

ထို့ကြောင့် သမ္ဘဝေသီဝါ ဟူသောပုဒ်ကို ဘဝသံယောဇဉ်ကို တွန်းလှန်ပယ်ဖျောက်မဖြတ်တောက်ရသေးသောကြောင့် နောက်၌တဖန် ထပ်မံပေါ်ဖြစ် ဘဝသစ်ကို နှစ်လိုအားသာဖွဲ့ရာတတ်ကုန်သော သေက္ခပုဂ္ဂိုလ် ခုနစ်ယောက်၊ ပုထုဇဉ်လေးဖြာ သတ္တဝါတို့သည် လည်းကောင်း။ ဝါ၊ ဥခ္ဒံတွင်း သားအိမ်တွင်း၌ ရက်ကြွင်း လကျန် မရင့်သန်သမျှ တည်နေဆဲဖြစ်ကုန်သော အဏ္ဍဇ ဇလာဗုဇ သတ္တဝါ၊ ပဋိသန္ဓေစိတ်၏ ခဏတ္တယကာလ၌ဖြစ်ကုန်သော သံသေ-ဒဇသြပပါတိကသတ္တဝါ။ ဝါ၊ ယားပိုထိတပါး၊ ရွေ့လျားမလည်၊ သန္ဓေတည်စ ပထမ၌ တည်ခိုက်များစွာ သံသေဒဇ သြပပါတိက သတ္တဝါတို့သည်လည်းကောင်း ဟူ၍ အနက်ပေးသင့်သည်။ ဤသို့ပေးမှ အဋ္ဌကထာ ဋီကာတို့နှင့်ညီမည်။

သုက်၌ကိန်းသောသတ္တဝါ ဟူ၍ကား အလျင်းပင်မသင့်။ ဤသို့ပေးသော အနက်သည် အဋ္ဌကထာ ဋီကာတို့နှင့်လည်း မညီ။ သုက်၌တည်သော သတ္တဝါဟူ၍လည်း မရှိကောင်းသော ကြောင့် သဘာဝယုတ္တိလည်း မရှိဟူ၍မှတ်။

အမိဝမ်း၌ ကိန်းအောင်းသော သတ္တဝါဟူသော အနက်သည်ကား "ထ,,ဆင်ထူးကို ထောင်မတ်နိုင်လျှင် (ဝိ) ဖြစ်နိုင်သေး၏' ဆိုဘိသကဲ့သို့ အဋ္ဌကထာ ဋီကာတို့၌ သမ္ဘဝသဒ္ဒါ၏ အနက်ကို ပုနာဘဝဟု ဆိုအပ်သော ဘဝသစ် အဏ္ဍကောသတည်းဟူသော ဥခ္ဒံအိမ်၊ ဝတ္ထိကော

သတည်းဟူသော သင်းအိမ်တို့ကိုသာ ဖွင့်ပြ၍ အမိဝမ်းတိုက်ခေါင်းကို မဖွင့်ပြသော်လည်း ဥဒုံအိမ် သားအိမ်တို့သည် အခြားမဟုတ် သတ္တဝါတို့အလိုက် လ, ရက် ကာလအလိုက် ထိုက်သည်အားလျော်စွာ အမိဝမ်းတိုက် ဗိုက်ခေါင်းဥသာပင် တည်ခြင်းရှိရကား, သင့်လောက်ရုံမျှ ရှိ၏။ သို့သော်လည်း သံသေဒဇ ဩပပါတိက သတ္တဝါတို့ဥ မနုံခဲ့ရကား ကျကျနနကြီးမရှိလွန်းထ, ဆင်ထူးကို ထောင်မတ်နိုင်မှ (ဝိ)ဖြစ်သကဲ့သို့မှတ်။

သက္ကရုဇ် ၁၂၆၆-ခုနှစ်၊ တော်သလင်းလဆန်း ၂-ရက်၊

စနေနေ့ညဉ့်-၁၂ နာရီအချိန်တွင် သမ္ဘဝေသျတ္ထ ဝိနိစ္ဆယ ရေးသားပြီးမြောက် ဆုံးခန်း ရောက်သတည်း။

ဓနုပြားမြို့

အဂ္ဂမဟာပဏ္ဍိတ

သန္ဓမ္မဇောတိကာရာမ၊ ဒုတိယဆရာတော်ဘုရား

ရေးသားဖြေဆိုအပ်သော

အနုရုဒ္ဓဒေသနာ

အာဘိယာစက

ဝါးခယ်မမြို့နယ် ကျွန်းတောကုန်းရွာနေ ဘုရားတပည့်တော် ဒါယကာ လှတင်၊ ငဖိုးသက်၊ ငဖိုးဆယ်တို့ တုပ်ကွရိကျိုး ရှိခိုးလျှောက်ထားရပါသည် ဆရာတော် အရှင်သူမြတ်ဘုရား။

"သိသာတော်မူရန်အခြင်းမှာ ကျွန်းခတောကုန်းရွာနေ ဒါယကာတစုတို့သည် ဝိဝါဒဖြစ်ပွားကြ၍ မရှင်းမလင်းနိုင်ကြသော-

(၁) သင်္ဂြိဟ်ကျမ်းကို စီရင်ဟော်မူသော အရှင်အနုရုဒ္ဓါမထေရ်သည် ရဟန္တာဖြစ်မည်၊ ပုထုဇဉ်ဖြစ်မည်။

(၂) သာသနာတော်း သာသနာပ နှစ်ရပ်တို့တွင် ဘယ်အခါ၌ ရှစ်ပါးသီလကို ပညတ်တော်မူသည်

ဟူသော ပုစ္ဆာနှစ်ရပ်တို့၏ အဖြေဝိသဇ္ဇနာကို ရေးသားချီးမြှင့်ဘော် မူပါရန် လျှောက်ထာ အပ်ပါသည် အရှင်သူမြတ်ဘုရား။"

ဝါးခယ်မမြို့နယ် ကျွန်းတောကုန်းရွာ ဒါယကာ မောင်လှတင်၊ မောင်ဖိုးသက်၊ မောင်ဖိုးဆယ်တို့ တောင်းပန် လျှောက်ထားအပ်သည့်အတိုင်း ဖြေဆိုရေးသားလိုက်ပေအံ့။

(၁) သင်္ဂြိဟ်ကျမ်းကို ပြုစီရင်တော်မူသော အရှင်အနုရုဒ္ဓါသည် ရဟန္တာဖြစ်မည်၊ ပုထုဇဉ်ဖြစ်မည်ကို သိလိုပါသည်ဟူရာ၌ ထိုအရှင်အနုရုဒ္ဓါမထေရ်သည် မိမိစီရင်အပ်သော သင်္ဂြိဟ်ကျမ်း၏အစ၌ "သမ္မာသမ္ဗုဒ္ဓမတုလံ၊သသဒ္ဓမ္မဂဏုတ္တမံ၊ အဘိဝါဒိယ" ဟူသော ပါဠိဖြင့် ရတနတ္တယပဏာမကို ပြုတော်မူအပ်သောကြောင့် လည်းကောင်း၊ "ရတနတ္တယပဏာမောဟံ အတ္ထတော ပဏာမကြိယာ၊ နိပ္ဖါဒိကာ ကုသလစေတနာ" ဟူသော ဋီကာကျော်ပါဠိနှင့်အညီ အရှင်အနုရုဒ္ဓါမထေရ်သည် ပြုအပ်သော ရတနတ္တယပဏာမသည် ပရမတ္ထအားဖြင့် ရှိခိုးခြင်းကြိယာကို

ပြီးစေတတ်သော ကုသိုလ်စေတနာ ဖြစ်သောကြောင့်လည်းကောင်း၊ ထိုသင်္ဂြိဟ်ကျမ်း၏အဆုံး နိဂုံးဥဒ္ဒါလည်း "ပုညေန တေန ဝိပုလေန တု မူလသောမံ" အစရှိသော ဂါထာဖြင့် ပတ္ထနာပြုသောကြောင့်လည်းကောင်း၊ ရဟန္တာတို့၏သန္တာန်၌ တစုံတခုသော ကုသိုလ်စေတနာ ဖြစ်ခြင်း သဘော မရှိသောကြောင့်လည်းကောင်း "နမ္မ" အမည်ရှိသော ဒါယကာသည် တောင်းပန်အပ်သောကြောင့် သင်္ဂြိဟ်ကျမ်းကို ပြုစီရင်တော်မူသော အင်္ဂအနုရုဒ္ဓါ မထေရ်သည် ရဟန္တာမဟုတ်။ သီဟိုဠ်ကျွန်း မူလ သောမကျောင်း၌ သီတင်းသုံးတော်မူသော ပုထုဇဉ် ပုဂ္ဂိုလ်သာ ဖြစ်သည်ဟူ၍ မှတ်ကြကုန်။

ထိုမူလ သောမကျောင်းသည် သီဟိုဠ်ကျွန်း မိဿကတောင်တော်၏ မြောက်ဘက် ယခု သီဟိုဠ်ဘာသာဖြင့် "ပေါ်လောန်နရု" ဟု ခေါ်သော ပုလတ္ထိပြိုင်၌ ရှိသည်ဟု သီဟိုဠ်ဆရာ အချို့က ပြောကြသည်။

(ပထမပုစ္ဆာ၏ ဝိသဇ္ဇနာ ပြီး၏။)

(၂) သာသနာတွင်း သာသနာပ နှစ်ရပ်တို့တွင် ဘယ်အခါ၌ ရှစ်ပါးသီလကို ပညတ်တော်မူသည်ကို သိလိုပါသည် ဟူရာ၌-

ပဉ္စင်္သီလံ ဒသင်္သီလံ တာဝ သီလမေဝ။ တံ ဟိ ဗုဒ္ဓေ ဥပ္ပန္နေပိ အနုပ္ပန္နေပိ လောကေ ပဝတ္တတိ။ ဥပ္ပန္နေ ဗုဒ္ဓေ တသ္မိံ သီလေ ဗုဒ္ဓါပိ သာဝကာပိ မဟာဇနံ သမာဒပေန္တိ။ အနုပ္ပန္နေ ဗုဒ္ဓေ ပစ္စေကဗုဒ္ဓါဒိ ကမ္မဝါဒိနောစ မိမိကာ သမဏာ ဗြဟ္မဏာ စက္ကဝတ္တိစ မဟာရာဇာနော မဟာဗောဓိသတ္တာစ သမာဒပေန္တိ။ သာမမိဝ ပဏ္ဍိတာ သမဏဗြဟ္မဏာ သမာဒိယန္တိ။ ဧတေ တံ ကုသလံ ဓမ္မံ ပရိပူရေတ္ဝာ ဒေဝေသု စ မနုဿေသုစ သမ္ပတ္တိံ အနုဘောန္တိ။

ဘု သမန္တပါသာဒိကအဋ္ဌကထာ ပါရာဇိကသိက္ခာပုဒ်တို့၌ ဖွင့်ပြတော်မူအပ်၏။

ပဉ္စင်္သီလံ၊ အင်္ဂါငါးပါးနှင့် ပြည့်စုံသော သီလသည်လည်းကောင်း။ ဒသင်္သီလံ၊ အင်္ဂါဆယ်ပါးနှင့်ပြည့်စုံသော သီလသည်လည်းကောင်း။ တာဝ၊ ရှေးဦးစွာ။ သီလမေဝ၊သီလမည်သည်သာတည်း။ ဟိသစ္ဈံ၊ မှန်၏။ တံ၊ ထိုငါးပါးသီလ၊ ဆယ်ပါးသီလသည်။ ဗုဒ္ဓေ၊ဘုရား သည်။ ဥပ္ပန္နေပိ၊ ပွင့်သော်လည်းကောင်း။ အနုပ္ပန္နေပိ၊ မပွင့်သော်လည်းကောင်း။ လောကေ၊ သတ္တလောက၌။ ပဝတ္တတိ၊ ဖြစ်၏။ ဗုဒ္ဓေ၊ ဘုရားရှင်သည်။ ဥပ္ပန္နေ၊ ပွင့်တော်မူသည်ရှိသော်။ တသ္မိံ သီလေ၊ ထိုငါးပါးသီလ၊ ဆယ်ပါးသီလ၌။ ဗုဒ္ဓါပိ၊ ဘုရားရှင်တို့သည်လည်းကောင်း။ သာဝကာပိ၊ ဘုရားရှင်၏တပည့်ဖြစ်ကြကုန်သော၊ ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ၊ ဥပါသကာ ယောကျ်ား၊ ဥပါသိကာမိန်းမတို့သည်လည်းကောင်း။ မဟာဇနံ၊ လူများအပေါင်းကို။ သမာဒပေန္တိ၊ ဆောက်တည်စေကုန်၏။ ဗုဒ္ဓေ၊ ဘုရားရှင်သည်။ အနုပ္ပန္နေ၊ ပွင့်တော်မမူသည်ရှိသော်။ ပစ္စေကဗုဒ္ဓါစ၊ ပစ္စေကဗုဒ္ဓါတို့သည်လည်းကောင်း။ ကမ္မဝါဒိနော၊ ကံအယူရှိကြကုန်သော။ မိမိကာ၊ တရားကိုစောင့်ကြကုန်သော။ သမဏဗြဟ္မဏာ၊ ရဟန္တာပုဏ္ဏားတို့သည်လည်းကောင်း။ စက္ကဝတ္တိ၊ စကြာဝတေးဖြစ်ကုန်သော။ မဟာရာဇာနော၊ မင်းမြတ်တို့သည်လည်းကောင်း။

မဟာပေါဓိသတ္တာစ၊ ဘုရားအလောင်းဘော်တို့သည်လည်းကောင်း။ **သမာဒပေန္တိ**၊ ဆောက်တည်စေကြကုန်၏။ ပဏ္ဍိတာ၊ ပညာရှိကုန်သော။ သမဏဗြာဟ္မဏာ၊ ရသေ့ပုဏ္ဏားတို့သည်။ သာမမ်ဳ၊ ကိုယ်ဘိုင်လည်း။ သမာဒိယန္တိ၊ ဆောက်တည်ကြကုန်၏။ ဘော၊ ထိုသူတို့သည်။ ကုသလံ၊ ကုသိုလ်ဖြစ်သော။ တံခဏံ၊ ထိုငါးပါး၊ ဆယ်ပါး သီလတရားတော်ကို။ ပရိပူရရတ္တာ၊ ဖြည့်ကျင့်ကြကုန်၍။ ဒေဝေသုစ၊ နတ်ပြည်တို့၌လည်းကောင်း။ မနုဿေသုစ၊ လူ့ပြည်တို့၌လည်းကောင်း။ သမ္ပတ္တိ၊ စည်းစိမ်ကို။ အနုဘောန္တိ၊ ခံစား ကြရကုန်၏။ ဤကား အနှက်။

ဤအဋ္ဌကထာပါဠိ၌ "ပဉ္စင်္ဂသီလံ၊ ဒသင်္ဂသီလံ" ဟု ငါးပါးသီလ၊ ဆယ်ပါးသီလတို့ကိုသာ တိုက်ရိုက်အားဖြင့် ဟောခဲတော်မူအပ်သည်၊ ရှစ်ပါးသီလကိုကား တိုက်ရိုက်အားဖြင့် ဟောတော်မမူအပ်။ ယင်းသို့ ဟောခဲတော်မမူအပ်သော်လည်း၊ ရှစ်ပါးသီလသည် ဆယ်ပါးသီလ၌ အတွင်းဝင်ပြီးဖြစ်သောကြောင့် ဒသင်္ဂသီလံ ဘူသောဒုဒ်ဖြင့် ရှစ်ပါးသီလကိုလည်း ယူအပ်၏။ ထို့ကြောင့် သာရတ္ထဒီပနီဋီကာ၌-

အဋ္ဌင်္ဂသီလံ ဒသင်္ဂသီလဉ္စဝ အန္တောဂဓတ္တာ ဝိသုံ အဂဟေတွာ ပဉ္စင်္ဂသီလံ ဒသင်္ဂသီလန္တိ တွေကဒေဝ ဝုတ္တံ

ဟု ဖွင့်ဆိုတော်မူအပ်၏။

အဋ္ဌင်္ဂသီလံ-အဋ္ဌင်္ဂသီလဿ၊ ရှစ်ပါသီလ၏။ ဒသင်္ဂသီလဿေဝ၊ ဆယ်ပါးသီလတို့၌သာလျှင်။ အန္တောဂဓတ္တာ၊ အတွင်းဝင်သည်၏အဖြစ်ကြောင့်။ အဋ္ဌင်္ဂသီလံ၊ ရှစ်ပါးသီလကို။ ဝိသုံ၊ အသီးအခြား၊ အာဟေတွာ၊ မယူမူ၍။ ပဉ္စင်္ဂသီလံ ဒသင်္ဂသီလန္တိ၊ ပဉ္စင်္ဂသီလံ ဒသင်္ဂသီလံဟူ၍။ တွေကဒေဝ၊ ဤမျှကိုသာလျှင်။ အာစရိယေန၊ အဋ္ဌကထာဆရာသည်။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ ဤသို့-ဃောဇနာ။

ဤဋီကာပါဠိဖြင့် ဤအရာ၌ ရှစ်ပါးသီလကို ဆယ်ပါးသီလ၌ အတွင်းဝင်ပြု၍ ယူအပ်သည်၏အဖြစ်သည် အလွန်ထင်ရှား၏။ ယခင် အဋ္ဌကထာပါဠိ၌ ဗုဒ္ဓဥပ္ပဒေန္တိပိ ဟူသော ပါဠိဖြင့် သာသနာတော်တွင်း အခါ၌လည်း ငါးပါး ရှစ်ပါး ဆယ်ပါးသီလဘို့၏ ရှိခြင်းကို ပြခဲတော်မူအပ်၏။ အနုပ္ပန္နေပိ ဟူသော ပါဠိဖြင့် သာသနာတော်ကုယ်ပဒေသအခါ၌လည်း ငါးပါး ရှစ်ပါး ဆယ်ပါးသီလတို့၏ရှိကြောင်းကို ပြခဲတော်မူအပ်၏။ ထို့ကြောင့် သာသနာတော်တွင်းအခါ သာသနာတော်ကုယ်ပသောအခါတို့၌ပင် ငါးပါးသီလ၊ ရှစ်ပါးသီ ပ၊ ဆယ်ပါးသီလတို့သည် ရှိကြကုန်သည်သာတည်းဟု ယုံမှားမရှိမှတ်ယူကြလေကုန်။

သမ္မောဟဝိနောဒနီအဋ္ဌကထာ၊ ဉာဏဝိဘင်းအဖွင့်၌လည်း သမန္တပါသာဒိက အဋ္ဌကထာကဲ့သို့ နည်းတူပင်လာသည်။ အနည်းငယ် ပုဒ်ခန်ပါ၌ထားမျှသာ ကဲ့ပြားသည်။ အဓိပ္ပာယ်ကား မဆူးခြားသောကြောင့် ထုတ်ဆောင်၍ မပြလိုက်။

(ဒုတိယ ပုစ္ဆာ ဝိသင်္ခနာ ပြီး၏။)

၁၂၆၉-ခုနှစ်၊ ဝါခေါင်လဆုတ် (၇)ရက်နေ့၌

ဤ အနုရုဒ္ဓါဒိဝိသင်္ခနာ ရေးသား၍ ပြီးသတည်း။

ဆရာကီကား၏-၇၃ (မမ္မဝါန)

ဓနုဖြူမြို့

အဂ္ဂမဟာပဏ္ဍိတ

သဒ္ဓမ္မဇောတိကာရာမ၊ ဒုတိယဆရာတော်ဘုရားကြီး

ဇရားသားတော်မူသော

အာရာမဒိန္နဆရာ

အဘိယာစက

"တပည့်၌ သဒ္ဓမ္မ ရှိသေစွာ ရှိခိုးဝတ်တွား လျှောက်ထားအပ်ပါသည် ဆရာတော်အရှင် သူမြတ်ဘုရား။

"ဟပည့်မျှားနေထိုင်ရာဖြစ်သော မေဃဝန်အထက်ကျောင်း၊ အောက်ကျောင်း နှစ်ခု သည် အသီးသီး အာရာမ်ပြုလုပ်ပြီးဖြစ်ပါသည်။ အာရာမ်နှစ်ခုတို့၏အကြားသည် ခဲ- နှစ်ကျ မီလောက်ရုံမျှ ရှိပါသည်။ ထိုနှစ်ကျောင်း အလွန်မဝေးလှသဖြင့် ထိုနှစ်ကျောင်းကို အာရာမ် တခုတည်းအဖြစ်ဖြင့် အမှတ်ထား၍ ဝါဆိုသင့်-မသင့်ကို သိလိုပါသည် အရှင်သူမြတ်ဘုရား"-

တပည့်သဒ္ဓမ္မလျှောက်ထားအပ်သည်ကို ပြန်ကြားသိစေလိုက်ပေအံ့။

ဥပစာရ သီမာ ပရိက္ခိတ္တာသာ ဝိဟာရဿ ပရိက္ခေပေန၊ အပရိက္ခိတ္တာသာ ပရိက္ခေ-ပါရဟဋ္ဌာနေန ပရိစ္ဆိန္နာ ဟောတိ။ အပိစ ဘိက္ခူနံ ဓုဝသန္ဒိပါတဋ္ဌာနတော ဝါ ပရိယန္တေ ဌိတာဘောဇနသာလတော ဝါ နိဗဒ္ဓဝသဝနက အာဝါသတော ဝါ ထာမမတ္တိမဿ ပုရိသဿ ဒိန္နံလဋ္ဌုပါတာနံ အန္တောဥပစာရသီမာ ဝေဒိတဗ္ဗံ--

ဟူ၍လာသော မဟာဝါဓိဝရဂ္ဂန္ဓက အဋ္ဌကထာပါဠိ။

ပရိက္ခေပါရဟဋ္ဌာနေန ပရိစ္ဆိန္နာတိဣမိနာ အပရိက္ခိတ္တာသာ ဝိဟာရဿ ဓုဝ သန္ဒိ-ပါတဋ္ဌာနာဒိဘောဇနသာလပရိယန္တာ ဝါ နိဗဒ္ဓဝသဝနက အာဝါသာ ဝါ ပရိယန္တာ ဌိတာဘောဇနသာလတော ဝါ နိဗဒ္ဓဝသဝနက အာဝါသတော ဝါ ထာမမတ္တိမဿ ပုရိသဿ ဒိန္နံလဋ္ဌုပါတာနံ အန္တောဥပစာရသီမာ ဝေဒိတဗ္ဗံ--

ဟူ၍လာသော တောရညကဏ္ဍကဝဏ္ဏနာပါဠိ။

ဤအဋ္ဌကထာ ဋီကာပါဠိများကို ဇဏာဂ်၍ အာရာမ်မြင်းတားရှိလျှင် အာရာမ် မြင်းတားပေါ် ဥပစာရသီမာဖြစ်သည်။ ခဲပစ်ပယ်မရှိ။ အာရာမ်မြင်းတားမရှိလျှင်လာ အစွန်းဆုံး

စည်းဝေးရုဌာန၊ ဆွမ်းစား ဇရပ်၊ ဒုမြဲနေသောကျောင်း စသည်မှ ခဲတကျ၊ တနည်း ခဲနှစ်ကျအတွင်းသည် ဥပစာရသိမ်ဖြစ်တော့သည်။ ရှိပြီးသောအာရုံ၏ အစွန်မှ ခဲပစ်ရုံမည် ဟူကား ကျမ်းဂန်၌မလာပေ။ ထို့ကြောင့် တရားကထိကဆရာ၌ပင်--

ဘိက္ခုနိုနံ အာရုံမ ပဝေဿန ဿနာဿန ပုစ္ဆနာဒီ ပရိဝါသ မာနတ္တာရောစန၊ ဝဿစ္ဆေဒံ နိဿယ ဿနာဿနဂါဟာဒိဝိဓာနန္တိ ဣဒံသဗ္ဗံ ဣမိဿာယေဝ ဥပစာရသီမာယ ဝဿန ဝေဒိတဗ္ဗံ

ဟူ၍ မိန့်ဆိုဘော်မူပြန်သောကြောင့်၊ ဝါ၊ ထိုအာရုံကိုလည်း ဤနည်းတူပင်သိအပ်၏။

ဥပစာရသီမာ၊ ဥပစာရသိမ်ကို။ ပရိဟိုတ္တာဿ၊ အာရုံမြင်းတားရှိသော။ ဝိဟာရဿ၊ ကျောင်း၏။ ပရိက္ခေပေန၊ အာရုံမြင်းတားဖြင့်။ အပရိက္ခိတ္တာဿ၊ အာရုံမြင်းတားမရှိသော။ ဝိဟာရဿ၊ ကျောင်း၏။ ပရိက္ခေပါရဟဋ္ဌာနေန၊ အာရုံထိုက်ရာ ခဲတကျဖြင့်။ ပရိစ္ဆိန္နာ၊ ပိုင်းအပ်သည်။ ဟောတိ၊ ဖြစ်၏။ အပိစ၊ တနည်းသော်ကား၊ ဘိက္ခုနံ၊ ရဟန်းတို့၏။ ဓုဝဿန္ဒိပါတဋ္ဌာနတော၀၊ အမြဲစည်းဝေ ရာ အရင်မှလည်းကောင်း။ ပရိယန္တေ၊ အစွန်၌။ ဌိတာ ဘောဇနသာလတော၀၊ တည်သောဆွမ်းစားဇရပ်မှ လည်းကောင်း။ နိဗဒ္ဓ သဝနကအာဝါသ တော၀၊ ရဟန်းတို့အမြဲ နေထိုင်ရာကျောင်းမှလည်းကောင်း။ ထာမမဇ္ဈိမဿ၊ အားလျစ်လျူ အားအလယ်အလတ်ရှိသော။ ပုရိသဿ၊ ယောကျ်ား၏။ ဒ္ဝိန္နံ၊ နှစ်ခုကုန်သော။ လေဋ္ဌုပါတာနံ၊ ခဲကျရာတို့၏။ အန္တော၊ အပိုင်းအခြားအတွင်းကို။ ဥပစာရသီမာ၊ ဥပစာရသိမ်ဟူ၍။ ဝေဒိတဗ္ဗာ၊ သိအပ်၏။ ဤကား အဋ္ဌကထာပါဠိ၏အနက်။

ပရိက္ခေပါရဟဋ္ဌာနေန၊ ပရိစ္ဆိန္နာတိဣမိနာ ဟူသောပါဠိဖြင့်။ အပရိက္ခိတ္တာဿ၊ အာရုံမြင်းတားမရှိသော။ ဝိဟာရဿ၊ ကျောင်း၏။ ဓုဝဿန္ဒိပါတဋ္ဌာနာဒီတော၊ အမြဲစည်းဝေးရာ အရပ်စသည်မှ။ ပဌမလေဋ္ဌုပါတဿ၊ ရှေးဦးစွာသော ခဲတကျ၏။ အန္တော၊ အပိုင်းအခြား အတွင်းသည်။ ဥပစာရသီမာ၊ ဥပစာရသိမ်မည်၏။ ဣတိ၊ ဤသို့။ ဒဿေတိ၊ ပြတော်မူ၏။ ဣဒါနိ၊ ယခုအခါ၌။ ဒုတိယလေဋ္ဌုပါတဿ၊ ဒုတိယခဲကျရာအရပ်၏။ အန္တောပိ၊ အပိုင်းအခြား အတွင်းသည်လည်း။ ဥပစာရသီမာယေဝ၊ ဥပစာရသိမ်မည်သာတည်း။ ဣတိ၊ ဤသို့။ ဒဿေထုံ၊ ပြခြင်းငှာ။ အပိစာတိအာဒီ၊ အပ်စ- ဤသို့စသောစကားကို။ အာရဒ္ဓံ၊ အားထုတ်တော်မူအပ်၏။ ဓုဝဿန္ဒိပါတဋ္ဌာနမ်ိဳ၊ အမြဲစည်းဝေးရာအရပ်ကိုလည်း။ ပရိယန္တဂတမေဝ၊ အစွန်၌ခဲရောက်သော စည်းဝေးရုဌာနကိုသာလျှင်။ ဂဟေတဗ္ဗံ၊ ယူအပ်၏။ ဤကား ပဌမတေရသကော်ဋ္ဌိကာပါဠိ၏အနက်။

ဘိက္ခုနိုနံ၊ ရဟန်းမိန်းမတို့၏။ အာရုံမပဝေဿန ဿနာဿနာ ပုစ္ဆနာဒီ ပရိဝါသ မာနတ္တာရောစန ဝဿစ္ဆေဒနိဿယ ဿနာဿနဂါဟာဒိ ဝိဓာနန္တိ။ အာရုံမ်ဝင်ပန်ခြင်း၊ ကျောင်းပန်ခြင်းစသောအစီအရင်၊ ပရိဝါသ်ကြားခြင်း၊ မာနတ်ကြားခြင်း၊ ဝါပြတ်ခြင်း၊ နိဿရည်းပျက်ခြင်း၊ ကျောင်းခံခြင်း စသော အစီအရင်ဟု ဆိုအပ်သော။ ဣဒံသဗ္ဗံ၊ ဤအလုံးစုံကို။ ဣမိဿာယေဝ ဥပစာရသီမာယ၊ ဤဥပစာရ သိမ်၏သာလျှင်။ ဝဿန အစွမ်းအား ဖြင့်။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ဤကား ဒုတိယတေရသကော်ဋ္ဌိကာပါဠိ၏အနက်။

ထိုမှတပါး ဧကာဓိပ္ပာယ အရာဌ်လည်း -

ဣဒဉ္စ နာနာလာဘေဟိ နာနပ္ပစာရေဟိ ဧကသီမဝိဟာရေဟိ ကထိတံ။ နာနာသီမဝိဟာရေပန သေနာသနဂါဟော ပဋိပဿမ္ဘတိ တသ္မာ တတ္ထ စီဝရပဋိဝိသော နပါပု ဏာတိ

ဟူ၍ မဟာဝါ စီရက္ခန္ဓက အဋ္ဌကထာဌ် မိန့်ဆိုခဲ့တော်မူအပ်၏။

ဣဒဉ္စဝစနံ၊ ဤနှစ်ကျောင်းမှ၊ တပါးစ-အတွက် တခုသောအဖိုကိုသာ ပေးအပ်၏ဟူသော စကားကိုလည်း။ နာနာလာဘေဟိ၊ အသီးအသီး သက်နှံးလာဘ်ရှိကုန်သော။ နာနပ္ပစာရေဟိ၊ အသီးအသီး ဥပစာရှိကုန်သော။ ဧကသီမဝိဟာရေဟိ၊ တခုသောဥပစာရသိမ်တွင်း၌ တည်ကုန်သော နှစ်ခုသောကျောင်းတို့ဖြင့်။ ကထိတံ၊ ဆိုအပ်၏။ နာနာသီမဝိဟာရေပန၊ အထူးထူးသော ဥပစာရ၌တည်သော ကျောင်း၌ကား။ သေနာသနဂါဟော၊ ကျောင်းခံခြင်းသည်။ ပဋိပဿမ္ဘတိ၊ ငြိမ်း၏။ တသ္မာ၊ ထို့ကြောင့်။ တတ္ထ၊ ထိုရှေးကခံပြီးသောကျောင်း၌။ ဥပဂန္ဓော၊ ဖြစ်သော။ စီဝရပဋိဝိသော၊ သက်နှံးအဖိုသည်။ နပါပုဏာတိ၊ မခဏတ်။ ဤသို့ယောဇနာ။

'ဤအဋ္ဌကထာပါဠိ၌ နာနပ္ပစာရေတိ ဟူသောပုဒ်ကို ဧကသီမဝိဟာရေဟိ ဟူသောပုဒ်နှင့် တူလျာမိကရဏဝိသေသန အဖြစ်ဖြင့် စပ်အပ်သည်ကို သတိမူ။ ဤအဋ္ဌကထာပါဠိကို ဋီကာတို့၌ လည်း-

နာနာလာဘေဟိတိ အာဒိသု နာနာဝိသုံဝိသုံ လာဘော ဧ တေသူတိ နာနာလာဘာ။ ဒွေဝိဟာရာ၊ တေဟိ နာနာလာဘေဟိ။ နာနာဝိသုံဝိသုံ ပါကာရာ ဒီဟိ ပရိစ္ဆိန္နော ဥပစာရော ဧတေသန္တိ နာနပ္ပစာရာ။ တေဟိ နာနပ္ပစာရေဟိ၊ ဧကသီမဝိဟာရေဟိတိ ကေစုပစာရသီမာယံ ဒ္ဝိဟိဝိဟာရေဟိ-

ဟူ၍ ဧတရသကဏ်ဌီကာဌ် ဖွင့်ပြတော်မူအပ်၏။

နာနာလာဘေဟိတိ ဝိသုံဝိသုံ နိဗ္ဗတ္တ ဝတ္ထ ဝါသိကလာ ဘေဟိ။ နာနပ္ပစာရေဟိတိ နာနာပရိက္ခေပ နာနာဒ္ဓဇရေဟိ။ ဧကသီမဝိဟာရေဟိတိ ဒ္ဝိန္နံ ဝိဟာရာနံ ဧတေန ပါကာရေန ပရိက္ခိတ္တတ္တာ ဧကာယ ဥပစာရသီမာယ အန္တောဂဓေဟိ ဒ္ဝိဟိ ဝိဟာရေတိ-

ဟူ၍ ဝိမတိဝိနောဒနီဋီကာဌ် ဖွင့်ပြအပ်၏။

နာနာလာ ဘေဟိတိအာဒိသု၊ နာနာလာဘေဟိ ဤသို့စသောပါဠိတို့၌- ဧတေသု၊ ထို နှစ်ကျောင်းတို့၌။ နာနာဝိသုံဝိသုံ၊ အသီးအသီး။ လာဘော၊ သက်နှံးလာဘ်သည်။ အတ္ထိ၊ ရှိ၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ : နာနာလာဘာ၊ နာနာလာဘမည်ကုန်၏။ ဒွေဝိဟာရာ၊ နှစ်ခုသော ကျောင်းတို့ကို။ လဒ္ဓန္တိ၊ ရအပ်ကုန်၏။ တေဟိ နာနာလာဘေဟိ၊ ထိုအသီးအသီး သက်နှံးလာဘ် ရှိကြကုန်သော (ဤပုဒ်ကို၊ ဧကသီမဝိဟာရေဟိဟူသော၊ အဋ္ဌကထာပါဠိ၌စပ်။) ဧတေသံ၊ ထို နှစ်ကျောင်းတို့အား။ နာနာဝိသုံဝိသုံ၊ အသီးအသီး။ ပါကာရာဒီဟိ၊ တံတိုင်းစသည်တို့ဖြင့်။

ပရိစ္ဆိန္နော၊ ပိုင်ခြားအပ်သော။ ဥပစာရော၊ ဥပစာရသည်။ အတ္ထိ၊ ရှိ၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ နာန္နုပစာရာ၊ နာန္နုပစာရမည်ကုန်၏။ တေဟိ နာန္နုပစာရေဟိ၊ ထိုအသီးအသီးပိုင်းခြားအပ်သော ဥပစာရရှိကုန်သော။ (ဤပုဒ်ကိုလည်း၊ ရှေးနည်းတူစပ်။) ဧကသိမဝိဟာရေဟိတိ၊ ဧကသိမဝိဟာရေဟိဟူသည်ကား။ ဧကူပစာရသိမာယံ၊ တခုတည်းသောဥပစာရ ရှိသောသိမ်၌။ ဌိတေဟိ၊ တည်ကုန်သော။ ဒ္ဝိဟိ၊ နှစ်ခုကုန်သော။ ဝိဟာရေဟိ၊ ကျောင်းတို့ဖြင့်။ ဤကား တေရသကဏ်ဋီကာ၏အနက်။

နာနာလာဘေဟိတိ၊ နာနာလာဘေဟိဟူသည်ကား။ ဝိသုံဝိသုံ၊ အသီးအသီး။ နိဗ္ဗဒ္ဓဝသဝါသိကလာဘေဟိ၊ အမြဲ ဝါဆိုသက်နိုးသောဘ်ရှိကုန်သော။ နာန္နုပစာရေဟိတိ၊ နာန္နုပစာရေဟိဟူသည်ကား။ နာနာပရိက္ခေပ နာနာဒ္ဓါရေဟိ၊ အသီးအသီးသော တံတိုင်းစသောအကာအရံ၊ အသီးအသီးသောဟံခါးရှိကုန်သော။ ဧကသိမဝိဟာရေဟိတိ၊ ဧကသိမဝိဟာရေဟူသည်ကား။ ဒ္ဝိန္နံ၊ နှစ်ခုကုန်သော။ ဝိဟာရာနံ၊ ကျောင်းတို့၏။ ဧတေန၊ တခုသော။ ပါကာရေန၊ တံတိုင်းဖြင့်။ ပရိက္ခေတ္တာတ္တာ၊ ကာရံအပ်သည်၏အဖြစ်ကြောင့်။ ဧကာယ၊ တခုသော။ ဥပစာရသိမာယ၊ ဥပစာရသိမ်၏။ ဝါ၊ ဥပစာရသိမ်၌။ အန္တောဂဓေဟိ၊ အတွင်းဝင်ကုန်သော။ ဒ္ဝိဟိ၊ နှစ်ခုကုန်သော။ ဝိဟာရေဟိ၊ ကျောင်းတို့ဖြင့်။ ဤကား ဝိမတိဝိနောဒနီဋီကာ၏အနက်။

ထိုအဋ္ဌကထာ ဋီကာပါဠိတို့၏ လိုရင်းအဓိပ္ပာယ်ကား—

အာရုံမြင်းတား တခုတည်းသော၊ အသီးအသီးပရဝုဏ်၊ ဥပစာရှိသောကျောင်းတို့၌၊ ဒါယကာတို့သည် အသီးအသီး မိမိတို့၏ကျောင်း၌ ဝါဆိုကုန်သောရဟန်းတို့ကိုရည်ရွယ်၍ အသီးအသီး ဝါဆိုသက်နှုးလှူဒါန်းကြသော အလေ့အကျက်သည် ရှေးကရှိကြ၏။ ထိုသို့ရှိကြရာ လာဘိစ္ဆာရဟန်းသည် ဝါဆိုသက်နှုးလာဘ်ကို များစွာအလိုရှိသောကြောင့်၊ အာရုံမတူင်းရှိ နှစ်ကျောင်းလုံး၌ပင်ဝါဆို၍ ခုနစ်ရက်စီ အလှည့်အလည်ပြု၍နေ၏။ တရုံတည်းဖြစ်သော ကြောင့်နေအပ်၏။ ယင်းသို့ဖြစ်သော်လည်း သက်နှုးလာဘ်ကိုကား ထိုနှစ်ကျောင်းတူင် တကျောင်းကျောင်းမှ ရဟန်းတပါးအတွက် အဖို့၏ထက်ဝက်မျှစီ နှစ်ကျောင်းစပ်၍ ရဟန်းတပါးစာအတွက် ဧကာဓိပ္ပါယကိုသာပေးအပ်၏။ အကယ်၍ ထိုနှစ်ကျောင်းတူင် တကျောင်း၌ရက်များစွာနေ၍ တကျောင်း၌ ရက်အနည်းငယ်နေလျှင် ရက်များစွာနေသောကျောင်း၌ဖြစ်သော သက်နှုးကိုသာ ထိုရဟန်းအား တပါးစာအဖို့ပေးအပ်၏။ ရက်အနည်းငယ်နေသောကျောင်း၌ဖြစ်သောသက်နှုးကုကား မပေးအပ်ဟူလို။

ဤသို့ ဆိုအပ်ခဲ့ပြီးသော အဋ္ဌကထာ ဋီကာစကားရပ်တို့ကိုထောက်၍ တပည့်တို့ ယခုနေထိုင်ရာဖြစ်သော မေဃဝန်ကျောင်းနှစ်ခုသည် တကျောင်းမှတကျောင်းသို့ ခဲပစ်လျှင် ထိုခဲတကျအတွင်း၌ (တနည်း) ခဲနှစ်ကျအတွင်း၌တည်သည်မဟုတ်၊ အာရုံတခုမှ အာရုံတခုသို့ ခဲနှစ်ကျလှမ်းမီရုံမျှသာရှိသည်ဖြစ်၏ အဖြစ်ကြောင့်လည်းကောင်း၊ အသီးအသီး အာရုံရှိပြီးသည်၏ အဖြစ်ကြောင့်လည်းကောင်း ထိုနှစ်ကျောင်းကို တကျောင်းတည်းအဖြစ်ဖြင့် အမှတ်ထား၍ ဝါမကပ်အပ်ဟု မှတ်ယူသင့်သည်။

အကယ်၍ ထိုခဲနှစ်ကျအလှမ်းမီရုံမျှ အာရုံမရှိသော ကျောင်းနှစ်ကျောင်း၏အာရုံကို ပရိဝုတ်အရာ၌ထား၍ အာရုံတခုတည်းအဖြစ်ဖြင့်၊ တခုခုသောကျောင်း၌ ဝါဆိုလိုသော်လည်းကောင်း၊ ကောမိပ္ပါယ၌ကဲ့သို့ နှစ်ကျောင်းလုံး၌ပင် ဝါဆိုလိုသော်လည်းကောင်း ထိုအာရုံနှစ်ခုကို သိမ်းခြုံ၍ ပြင်ပကအာရုံကြီးတခု ပြုလုပ်ရလိမ့်မည်။

ထို့ကြောင့် တပည့်တို့ ယခုနေထိုင်ရာဖြစ်သော အသီးသီး အာရုံမြင်းတားရှိသော ကျောင်းနှစ်ကျောင်းကို တပေါင်းတည်းသိမ်းခြုံ၍ ပြင်ပကအာရုံကြီးတခုသော်လည်း မပြုလုပ်ပဲ၊ ယင်းအာရုံနှစ်ခုကို ဖျက်သင့်ရာကဖျက်၊ ဆက်သင့်ရာကဆက်၍ တရုံတည်းဖြစ်အောင်သော်လည်း မပြုလုပ်ပဲ၊ စိတ်က တရုံတည်းအဖြစ်ဖြင့် အမှတ်ထား၍ ဝါမကပ်အပ်၊ မကပ်သင့်ကြောင်းကို ဆရာကပြန်ကြားလိုက်ပေသည်။

၁၂၆၉-ခုနှစ်၊ ဝါခေါင်လဆန်း ၇-ရက်နေ့၌

ဤအာဆုမဝိနိစ္ဆယ ရေးသားခြင်းပြီးသတည်း။

ဓနုဖြူမြို့

အင်္ဂုတ္တရမဟာပဏ္ဏာသိတ

သဒ္ဓမ္မဇောတိကာဂရုမ၊ ဒုတိယဆရာတော်ဘုရားကြီး

ရေးသားဆုံးဖြတ်တော်မူအပ်သော

ဆပညာသကုသလ ဒီပနီဆိုယ

အဘိယာစက

"ဘုရားတပည့်တော် ဉာဏိဿရ ရိုသေစွာလျှောက်ထားပါသည် ကျေးဇူးရှင် ဆရာတော် အရှင်သူမြတ်ဘုရား။

"ဓမ္မပဒအဋ္ဌကထာ၊ ပုပ္ဖဝဂ်လေးခုမြောက်ဖြစ်သော ပတိဋ္ဌိကာကုမာရီဝတ္ထု၌ 'သာပိ ဇေတန နိယာမေန အာဂစ္ဆတိ ဂစ္ဆန္တီကေပဒဝါရေ ဆပညာသ ကုသလဓမ္မေ ပဋ္ဌိလာတိ' ဟူသောစကားဌ်ဳ ပတိပူဇိကာ ဥပါသိကာမသည် တခုသော ခြေလှမ်းအကြိမ်ဌ်ဳ ရအပ်သော (၅၆)ပါးသော ကုသိုလ်တရားတို့ကို မယူတတ်ပါသောကြောင့် ထို(၅၆)ပါးသော ကုသိုလ် တရားအရာကို ရေးသား၍ ချီးမြှောက်တော်မူပါရန် လျှောက်ထားပါသည် ဆရာတော်ဘုရား။"

တပည့်မောင်ဉာဏိဿရ လျှောက်ထားအပ်သည်ကို ရေးသားဖြေဆိုပေအံ့။ သာဝတ္ထိ ပြည်သူ ပတိပူဇိကာ ဥပါသိကာမသည် လင်၏အိမ်သို့ မရောက်မီအခါဌ်ဳ ရှေးဘဝကလင်ဖြစ်ခဲ့ ဖူးသော ကာဝတိ်သာနတ်ပြည်ဌ်ဳ မာလဘာရိနတ်သားကို တောင့်တ၍ ဤကောင်းမှုသည် လင်ဟောင်းဖြစ်သော မာလဘာရိနတ်သား၏ အထံဌ်ဳ တဖန်ပြန်၍ ဖြစ်ရခြင်း၏ အကြောင်း သည် ဖြစ်ပါစေသတည်းဟု ဆုတောင်း၍–

၁။ နံ့သာပန်းပူဇော်ခြင်းတပါး။
၂။ ၁၆-နှစ်အသက်စေ့၍ လင်အိမ်သို့လိုက်ပြီးသောအခါဌ်ဳလည်း၊ ယင်းနည်းတူစွာ ဆုတောင်း၍ သလာကဘတ်ကို လှူဒါန်းခြင်းတပါး။
၃။ ပက္ခိကဘတ်ကို လှူဒါန်းခြင်းတပါး။
၄။ ဝါဆိုသင်္ကန်းကို လှူဒါန်းခြင်းတပါး။
၅။ အိမ်၏အပါးဌ်ဳ ဆောက်လုပ်၍ ထားအပ်သော ဆွမ်းစားဇရပ်ကို အမြဲထိန်းသိမ်း စောင့်ရှောက် ပြုပြင်ခြင်းတပါး။
၆။ ထိုဆွမ်းစားဇရပ်ဌ်ဳ ဧသာက်ရေ သုံးရေကညှစ်ထားခြင်းကုပါး။
၇။ ဓနရှာခင်းခြင်းတပါး။

၈။ သလာကဘတ်စသည်ကို လှူကုန်သောသူတို့က ဤအလှူဝတ္ထုတို့ကို ယူ၍ ရဟန်းသံဃာဖို့ပြုပြင်ပါဟု အပ်နှင်းလာသော ဝတ္ထုတို့ကို ယူ၍ ရဟန်းတို့ဖို့ ပြုပြင်စီရင်ခြင်းတပါး-

အားဖြင့် ဤကုသိုလ် (၈)ပါတို့ကို သွားတိုင်းလာတိုင်းသော အခါတို့၌ အမြဲအောက်မေ့ဆင်ခြင်သည်။ ထို့ကြောင့် ပတိပူဇီကာ ဥပါသိကာမ၏ ခြေဖဝါးတလှမ်း တလှမ်း၌ ဤကုသိုလ် (၈)ပါးကို ဆင်ခြင်အောက်မေ့ အာရုံပြု၍ ဇောဓိထိဝါရ (၈)ကြိမ် ကျသည်၊ တစ်ထိုလျှင် ဇော ခုနစ်ကြိမ်ရှိသည်ဖြစ်၍ ရှစ်ခု-ခုနစ်လံ (၅၆)ခုသော ကုသိုလ်ဖြစ်သည်ဟုမှတ်။

ဤစကားကို လေ့နံဓားထစ်၍ မှတ်သော်သူကဲ့သို့ အမြဲမမှတ်သားအပ်၊ များရာကိုစွဲ၍သာ "ဆပညာသ ကုသလေမေ့ မ္ပဋိလဘတိ" ဟု အဋ္ဌကထာဆရာ မိန့်ဆိုအပ်သည်ဟုမှတ်။ ထိုစကားသည် မှန်၏။ ဤပတိပူဇီကကုမာရီဝတ္ထု၌ပင် "ဝုစ္စိမန္ဒာယဂန္ဓမာလဒီဟိ ပူဇံကတ္ဝာ" ဟူ၍ အာဒိသဒ္ဒါဖြင့် မိန့်ဆိုတော်မူအပ်သောကြောင့် လည်းကောင်း၊ "သလာကဘတ္တ ပက္ခိကဘတ္တ ဝဿဝါသိကာ ဒီနိဒတ္ဝာ" ဟူ၍ အာဒိသဒ္ဒါဖြင့် မိန့်ဆိုတော်မူအပ်သောကြောင့်လည်းကောင်း၊ "သာ ကေဒိဝသံ ဒါနံ ဒတ္ဝာ ပူဇံ ကတ္ဝာ ဓမ္မံ သုတ္ဝာ သိက္ခာပဒါနိ ရက္ခိတ္ဝာ ဒိဝသ ပရိယော-သာနေ တံခဏံ နိပ္ဖတ္တေန တေနစိရောဂေန ကာလင်္ကတ္ဝာ အတ္တနောသာမိကဿေဝ သန္တိကေ နိပ္ဖတ္တိ" ဟူ၍ မိန့်ဆိုတော်မူအပ်သောကြောင့် လည်းကောင်း၊ တရံတခါ၌ တရားနာခြင်း၊ သိက္ခာပုဒ်ဆောက်တည်ခြင်း စသော ကုသိုလ်များကိုလည်း ဆင်ခြင်အောက်မေ့ခြင်း ရှိသင့်ရကား ထို(၅၆)ပါးထက်ပင် ပိုလွန်သော ကုသိုလ်များကိုလည်း ရတန်သေး၏ ဟူ၍လည်းကောင်း သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊လျောင်းခြင်း၊ကျရိယာပုထ်လေးပါးတို့တွင် တခုခုသာ ကျရိယာပုထ်ကိုမျှ ကမ္မဋ္ဌာန်းကင်းသော စိတ်ဖြင့် မဖြစ်စေအံ့ဟု ဇာတပစ္စာဂတဝတ်ကို ဖြည့်ကျင့်တော်မူကုန်သော အာဠိန္ဒဝါသီ၊ မဟာဖုဿဒေဝမထေရ်၊ ကာဠဝလ္လိ မဏ္ဍပဝါသီ၊ မဟာနာဂမထေရ်များသည်ပင် တရံတခါ ကမ္မဋ္ဌာန်းကင်းသောစိတ်ဖြင့် ခြေကိုကြွ၍ လှမ်းမိကြသဖြင့် ကမ္မဋ္ဌာန်းကင်းသော ခြေလှမ်းရာသို့ တဖန်ပြန်ဆုတ်တော်မူကြသည်မျှ ကို ထောက်၍ အိမ်ထောင်ရာဝတ်ဖြင့် နေသော ထိုပတိပူဇီကာသည် မိမိပြုအပ်ပြီးသော ကုသိုလ်ကို မဆင်ခြင်မအောက်မေ့မိ၊ သတိလွတ်ကင်း၍ ခြေလှမ် ခြင်းများကို ကေနဲမချတ် ပြုတန်သေး၏ ဟူ၍လည်းကောင်း မှတ်ယူလေ။

၁၂၆၉-ခုနှစ်၊ ဝါခေါင်လဆုတ် ၇-ရက်နေ့၌၊
ဤ ဆပညာသကုသလဝိနိစ္ဆယ ရေးသား၍ပြီးသတည်း။

ဝန္ဖြဴးမြို့

အဂ္ဂမဟာပဏ္ဍိတ

သဒ္ဓမ္မဇောတိကာရာမ၊ ဒုတိယဆရာတော်ဘုရားကြီး

ရေးသားတော်မူသော

ဒဋ္ဌကာနန္ဒိဒ-ဝိနိဆိုယ

အဘိယာစက

"ဘုရားတပည့်တော် ရမည်းသင်း ဒိစတြိတ်၊ ပျော်ဘွယ်မြို့နယ်၊ ရွှမ်းစုဘူတာအရှေ့၊ သနပ်ခါးတောရွာနေ ဒါယကာဘုန်းကြီးဘ ခြေတော်ဦးခိုက်လျှောက်ထားလိုက်ပါသည်။

"သီလသမာဓိ ပညာလွန်မြောက် တံခွန်ဆောက်သဖြင့် နိဗ္ဗာန်းထောက်ဖက်ကင်း ဂုဏ်သတင်းလည်း လမင်းစက်ရိပ် ယုန်တံဆိပ်ကို ခတ်နှိပ်ခဲ့ရာ ကဲ့ပမာသို့ မြင့်ကြွာကာလ နာဂတဋ္ဌ ဝိသေသ ဂုဏ် ဆုံးမကုန်အောင် လုံးစုံပြောပရာဖြစ်သော အသီးသီးသောကျမ်းဂန်၊ အတန်တန်သော သိက္ခာ၊ အဖြာဖြာသော ဓုရတို့ကို နေ့ညမယုတ် အားထုတ်ကျင့်ဆောင်တော်မူသော အရှင်သူမြတ်ဘုရား။

"တောတောင်သားငါး၊ ပျားတိရစ္ဆာန်တို့ကို ရှာကြံလုံ့လ ပြုလုပ်၍ရခြင်း စားရခြင်းကို ကုသိုလ်ကြောင့်ရခြင်း၊ စားရခြင်းဖြစ်သည်ဟု အယူရှိပါသည်။ အချို့ကလည်း အကုသိုလ်ဝဓကနှင့်ရှာကြံလုံ့လ ဥဿာဟပြု၍ရသော သားငါး၊ ပျားတိရစ္ဆာန်တို့ကိုရ၍ စားသောက်ကြခြင်းမှာ အကုသိုလ်ကြောင့်သာဟု အသီးအသီးအယူနှစ်ခု ဒွိဟရှိနေကြပါသည်။ သို့ဖြစ်၍သေချာစွာသိမှတ်ရအောင် ကျမ်းဂန်ပါဠိ လာရှိသည့်အတိုင်း ဆုံးဖြတ်ရေးသား ပေးသနားတော်မူပါ အရှင်ဘုရား။"

ဘုန်းကြီးဘဆရာ၊ ဒါယကာကြီးလျှောက်ထားအပ်သည်ကို ဆုံးဖြတ်ရေးသားပေအံ့။

လျှောက်လွှာပါစကားအရ၊ အဘိယာစကပုဂ္ဂိုလ်၏ သိလိုရင်းမှာ သားငါး ပျားတိရစ္ဆာန်တို့ကို ရှာကြံသတ်ဖြတ်ဆဲအခါ၌ သိလိုရင်းမဟုတ်၊ ရှာကြံသတ်ဖြတ်၍ရခြင်း၊ ရပြီးမှနောက် သုံးဆောင်စားသောက်ခြင်းတို့သည် ကုသိုလ်အကျိုးဖြစ်မည်၊ အကုသိုလ်အကျိုးဖြစ်မည်ဟု သိလိုရင်းဖြစ်သည်။

●ဇာတိကာ၅-၇၄ (ဓမ္မဒါန)

ကုသိုလ်-အကုသိုလ်နှစ်ပါးတို့တွင် ကုသိုလ်သည် သုခဝိပါကဟု ဆိုအပ်သော ဣဋ္ဌအာကျိုးကိုပေးသည်။ အကုသိုလ်သည် ဒုက္ခဝိပါက ဆိုအပ်သော မကောင်းသော အနိဋ္ဌအာကျိုးကိုပေးသည်။ ထို့ကြောင့် အဋ္ဌသာလိနီ အဋ္ဌကထာ၌--

တေသု ပန အနဝဇ္ဇ သုခဝိပါကလက္ခဏာ ကုသလာ၊ သာဝဇ္ဇ ဒုက္ခဝိပါက
လက္ခဏာ အကုသလာ၊ အဝိပါကလက္ခဏာ အဗျာကတာ

ဟူ၍ မိန့်ဆိုတော်မူအပ်၏။

ပန၊ ဆက်၍ဆိုဦးအံ့။ တေသု၊ ထိုကုသိုလ်၊ အကုသိုလ် အဗျာကတ သုံးပါးတို့တွင်။ ကုသလာ၊ ကုသိုလ်တရားတို့သည်။ အနဝဇ္ဇ သုခဝိပါကလက္ခဏာ၊ ကဲ့ရဲ့အပ်သော အပြစ်မရှိခြင်း၊ ကောင်းသောအကျိုးကို ပေးခြင်းလက္ခဏာရှိကုန်၏။ အကုသလာ၊ အကုသိုလ်တရားတို့သည်။ သာဝဇ္ဇဒုက္ခဝိပါကလက္ခဏာ၊ ကဲ့ရဲ့အပ်သောအပြစ်နှင့်တကွဖြစ်ခြင်း၊ မကောင်းသော အကျိုးကိုပေးခြင်းလက္ခဏာရှိကုန်၏။ အဗျာကတာ၊ အဗျာကတ တရားတို့သည်။ အဝိပါက လက္ခဏာ၊ အကျိုးမပေးခြင်း လက္ခဏာရှိကုန်၏။ ဤသို့ ယောဇနာ။

ဤအဋ္ဌကထာပါဠိ၌ သုခသဒ္ဒါကို ဣဋ္ဌသဒ္ဒါ၏ပရိယာယ်၊ ဒုက္ခသဒ္ဒါကို၊ အနိဋ္ဌသဒ္ဒါ၏ ပရိယာယ်ဟူ၍မှတ်။ သာဓကကား--

ထွဏ် စ သုခ ဝိပါက သဒ္ဒေ သုခသဒ္ဒေါ ဣဋ္ဌပရိယာယ ဝစနန္တိဒဋ္ဌဗ္ဗောဟူ၍
လာသော မူဋီကာပါဠိ။ ထွဏ် စ ဒုက္ခသဒ္ဒေါ အနိဋ္ဌပရိယာယ ဝစနန္တိ ဝေဒိတဗ္ဗံ
ဟူ၍လာသော အနုဋီကာပါဠိတို့တည်း။

စ၊ ဆက်၍ဆိုဦးအံ့။ ထွဏ်၊ ဤအရာ၌။ သုခဝိပါကသဒ္ဒေ၊ သုခဝိပါကသဒ္ဒါ၌၊ သုခ-သဒ္ဒေါ၊ သုခသဒ္ဒါကို။ ဣဋ္ဌပရိယာယ ဝစနန္တိ၊ ဣဋ္ဌသဒ္ဒါ၏ပရိယာယ်ဖြစ်သော သဒ္ဒါဟူ၍။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။ ဤကား မူလဋီကာပါဠိ၏အနက်။

စ၊ ဆက်၍ဆိုဦးအံ့။ ထွဏ်၊ ဤအရာ၌။ ဒုက္ခသဒ္ဒေါ၊ ဒုက္ခသဒ္ဒါကို။ အနိဋ္ဌပရိယာယ ဝစနန္တိ၊ အနိဋ္ဌသဒ္ဒါ၏ ပရိယာယ်ဖြစ်သော သဒ္ဒါဟူ၍။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ဤကား အနုဋီကာပါဠိအနက်။

ထို့ကြောင့် ကာမကုသလဝိပါက်စိတ် ၁၆-ခု၊ မဟဂ္ဂတ်ဝိပါက်စိတ် ၉-ခု၊ လောကုတ္တရာဝိပါက်စိတ် ၄-ခုတို့သည်လည်းကောင်း၊ ထိုဝိပါက်စိတ်တို့နှင့် သမွယုတ်ဖြစ်ကုန်သော စေတသိက်တို့သည်လည်းကောင်း၊ ဤကုဋ္ဌဖြစ်ကုန်သော ဝိပါက်နာမက္ခန္ဓာလေးပါးတို့သည် ကုသိုလ်၏ မုချအကျိုးဖြစ်ကုန်သော သုခဝိပါကမည်ကုန်၏။

ကုသိုလ်ကမ္မဇရုပ်သည် ဝိပါက်ပင်မဟုတ်သော်လည်း၊ ဝိပါကသဒ္ဒါသည် ဖလ သဒ္ဒါ၏ ပရိယာယ်ဖြစ်ငြားအံ့။ ဣဋ္ဌဖြစ်သော ကုသိုလ်ကမ္မဇရုပ်ကိုလည်း ကုသိုလ်၏ နိဿန္ဒအကျိုးဖြစ်သော သုခဝိပါကဟု ဆိုအပ်သေး၏။ ဤသို့ပြဆိုအပ်ကုန်ပြီးသော ကုသိုလ်၏မုချအကျိုး၊ နိဿရည်းအကျိုး နှစ်မျိုးကုန်သော သုခဝိပါကတို့တွင် မုချအကျိုးသည် ဝိပါက်နာမက္ခန္ဓာဖြစ်သောကြောင့် သာရမ္မဏမည်၏။ နိဿန္ဒအကျိုးသည် ရုပ်ဖြစ်သောကြောင့် အနာရမ္မဏမည်၏။

အကုသလဝိပါက်စိတ် ခုနစ်ခုတို့သည်လည်းကောင်း၊ ထိုစိတ်နှင့် သမွယုတ်ဖြစ်ကုန်သော စေတသိက်တို့သည်လည်းကောင်း၊ ဤအနိဋ္ဌဖြစ်ကုန်သော ဝိပါက်နာမက္ခန္ဓာ ၄-ပါးတို့သည် အကုသိုလ်၏ မုချအကျိုးဖြစ်ကုန်သော ဒုက္ခဝိပါကမည်ကုန်၏။ အကုသိုလ်ကမ္မဇရုပ်သည် ဝိပါက်မဟုတ်သော်လည်း ဝိပါကသဒ္ဒါသည် ဖလ သဒ္ဒါ၏ ပရိယာယ်ဖြင့်ငြားအံ့၊ အနိဋ္ဌဖြစ်သော အကုသိုလ်ကမ္မဇရုပ်ကိုလည်း အကုသိုလ်နိဿန္ဒအကျိုးဖြစ်သော ဒုက္ခဝိပါကဟုဆိုအပ်၏။

ဤသို့ ပြဆိုအပ်ကုန်ပြီးသော အကုသိုလ်၏ မုချအကျိုး၊ နိဿန္ဒအကျိုး နှစ်မျိုးကုန်သော သုခဝိပါကတို့တွင် မုချအကျိုးသည် ဝိပါက်နာမက္ခန္ဓာဖြစ်သောကြောင့် သာရမ္မဏမည်၏။ နိဿန္ဒအကျိုးသည် ရူပ်ဖြစ်သောကြောင့် အနာရမ္မဏမည်၏။

အကုသလဝိပါက်စိတ် ခုနစ်ခုတို့သည်လည်းကောင်း၊ ထိုစိတ်နှင့် သမွယုတ်ဖြစ်ကုန်သော စေတသိက်တို့သည်လည်းကောင်း ဤအနိဋ္ဌဖြစ်ကုန်သော ဝိပါက်နာမက္ခန္ဓာ-၄ ပါးတို့သည် အကုသိုလ်၏ မုချအကျိုးဖြစ်ကုန်သော ဒုက္ခဝိပါက မည်ကုန်၏။ အကုသိုလ်ကမ္မဇရုပ်သည် ဝိပါက်ပင် မဟုတ်သော်လည်း ဝိပါကသဒ္ဒါသည် ဖလသဒ္ဒါ၏ ပရိယာယ်ဖြင့်ငြားအံ့။ အနိဋ္ဌဖြစ်သော အကုသိုလ်ကမ္မဇရုပ်ကိုလည်း အကုသိုလ်၏ နိဿန္ဒအကျိုးဖြစ်သော ဒုက္ခဝိပါကဟု ဆိုအပ်သေး၏။

ဤသို့ ပြဆိုအပ်ကုန်ပြီးသော ကုသိုလ်၏ မုချအကျိုး၊ နိဿန္ဒအကျိုး နှစ်မျိုးကုန်သော ဒုက္ခဝိပါကတို့တွင် မုချအကျိုးသည် ဝိပါက် နာမက္ခန္ဓာ ဖြစ်သောကြောင့် သာရမ္မဏမည်၏။ နိဿန္ဒအကျိုးသည် ရူပ်ဖြစ်သောကြောင့် အနာရမ္မဏ မည်၏။ ထိုတွင်-

(က) ကုသိုလ်၏ မုချအကျိုးဖြစ်သော ဝိပါက်နာမက္ခန္ဓာဟု ဆိုအပ်သော သုခဝိပါကသည် သာရမ္မဏတရား ဖြစ်သောကြောင့် သဘာဝကွဋ္ဌာရုံကိုသာ အာရုံပြု၍ဖြစ်၏။ အနိဋ္ဌာရုံနှင့် မဆက်ဆံ။

(ခ) အကုသိုလ်၏ မုချအကျိုးဖြစ်သော ဝိပါက်နာမက္ခန္ဓာဟု ဆိုအပ်သော ဒုက္ခဝိပါကသည် သာရမ္မဏတရားဖြစ်သောကြောင့် သဘာဝအနိဋ္ဌာရုံကိုသာ အာရုံပြု၍ဖြစ်၏။ ကွဋ္ဌာရုံနှင့် မဆက်ဆံ။ ထို့ကြောင့် သမ္မောဟဝိနောဒနီ အဋ္ဌကထာ၊ ခန္ဓဝိဘင် အဖွင့်ဌာန-

နှ ဟိ သက္ကာ ဝိပါကစိတ္တံ ဝဇ္ဇေတုံ၊ သစေ အာရမ္မဏံ ကဋ္ဌံ ဟောတိ၊ ကုသလဝိပါကံ ဥပပဇ္ဇတိ၊ သစေ အနိဋ္ဌံ အကုသလဝိပါကံ ဥပပဇ္ဇတိဟု၍ ဖွင့်ပြတော်မူ၏။

ဟိ သစ္စံ၊ မှန်၏။ ဝိပါကစိတ္တံ၊ ဝိပါက်စိတ်ကို။ ဝဇ္ဇေတုံ၊ လွှဲပစ်ခြင်းငှာ။ နု သက္ကာ၊ မတတ်နိုင်။ အာရမ္မဏံ၊ အာရုံသည်။ ကဋ္ဌံ၊ ကဋ္ဌာရုံသည်။ သစေဟောတိ၊ အကယ်၍ဖြစ်အံ့။ ကုသလဝိပါကံ၊ ကုသလဝိပါက်သည်။ ဥပပဇ္ဇတိ၊ ဖြစ်၏။ အာရမ္မဏံ၊ အာရုံသည်။ အနိဋ္ဌ၊ အနိဋ္ဌာရုံသည်။ သစေဟောတိ၊ အကယ်၍ဖြစ်အံ့။ အကုသလဝိပါကံ၊ အကုသလဝိပါက်သည်။ ဥပပဇ္ဇတိ၊ ဖြစ်၏။ ဤကား အနက်။

ဤသို့-ပြဆိုအပ်ခဲ့ကုန်ပြီးသော အဋ္ဌကထာ ဋီကာ ကျမ်းဂန်လာ စကားတော်တို့ကို ထောက်ထား ဆင်ခြင်၍ သတ်ပုတ် ညှဉ်းဆဲခြင်း ပါဏာတိပါတမှုဖြင့် ရအပ်ကုန်သော သားကောင် ငါးကောင် ပျားရည်တို့သည် သဘာဝကွဋ္ဌာရုံပင် ဖြစ်ကုန်၏။ ထို့ကြောင့်

ထိုသားကောင် ငါးကောင် ပျားရည်တို့ကို သတ်ဖြတ်ရှာဖွေ၍ ရသောအခါ ထို သား, ငါး ပျားရည်တည်းဟူသော ဣဋ္ဌရူပါရုံကို အာရုံပြု၍ဖြစ်သော စက္ခုဒ္ဒါရဝီထိဥ် စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏတို့သည်လည်းကောင်း ဇောနောင် တဒါရုံကျသည်ဖြစ်အံ့၊ တဒါရုံသည်လည်းကောင်း ကုသလဝိပါက်တို့သာ ဖြစ်ကုန်၏။ ထိုနှစ်မျိုးသော ဝီထိဥ်ပင် ကျသောဇောသည်ကား အမှန်မရှိ၊ ကုသိုလ်ဇော၊ အကုသိုလ်ဇော နှစ်မျိုးပင် ကျသင့်၏။ ထိုဇောကို ဝိပါက်ဟုမဆိုရ။

ထို့ကြောင့် သားကောင်၊ ငါးကောင်၊ ပျားရည်တို့ကို သတ်ဖြတ်ရှာဖွေ၍ရသောအခါ၊ ရပြီးသည်မှနောက် စားသောက်ရသောအခါ နှစ်ပါးလုံးဥ်ပင် ဖြစ်ဖြစ်သမျှဝိပါက်သည် ကုသလဝိပါက်သာဖြစ်သည်။ ကုသိုလ်ကံကြောင့်သာ ရှာဖွေ၍ရသည်။ စားသောက်ရသည်ဟု ခိုင်ခိုင်မြဲမြဲမှတ်လေ။

၁၂၇၁-ခုနှစ်၊ ဝါဆိုလဆန်း(၈)ရက်နေ့၌
ဤဒဠ္ဠကစ္ဆေဒဝိနိစ္ဆယ ရေးချီပြီးသတည်း။

ဝန္ဖြာဖြဳိ

အဂၢမဟာဝပဏ္ဏိတ

သဒ္ဓမ္မဇောတိကာရာမ ကတိယဆရာတော်ဘုရားကြီး

ရေးသားဆုံးဖြတ်တော်မူသော

မိစ္ဆာဇီဝ အဆုံးအဖြတ်

အာဘိယာစက

"ရမည်းသင်း ဒိစတြိတ်၊ ပျော်ဘွယ်မြို့နယ်၊ သနပ်ခါးတောရွာ၊ဒါယကာ ဘုန်းကြီးဘ ရိုသေစွာလျှောက်ထားပါသည် ဆရာတော် အရှင်သူမြတ်ဘုရား။ -

"ယခုအရှင်ဘုရား ရေးသားဆုံးဖြတ်၍ ချီးမြှင့်အပ်သော ဒဋ္ဌကစ္ဆဒ ဝိနိစ္ဆယကို ရသဖြင့် ကြည့်ရှုရာ ဘုရားတပည့်တော်မှာ များစွာနှစ်သက် ဝမ်းမြောက်ခြင်း ဖြစ်ရပါသည် ဘုရား။ အချို့သော သူတို့မှာ ပါဏာတိပါတအမှုဖြင့် ရအပ်သော သားငါး တိရစ္ဆာန် ပျားရည်များသည် စင်စစ်ကွင်းရုံပင်ဖြစ်သော်လည်း ဒုစရိုက်ဖြင့် ရှာကြံလုံ့လ၊ ဥဿာဟပြု၍ သုံးဆောင်စားသောက်ခြင်းသည် မိစ္ဆာဇီဝအကုသိုလ်ဟု ဆိုပါသည်။ ထိုသူတို့ဆိုတိုင်း မိစ္ဆာဇီဝ ဖြစ်-မဖြစ်ကို သိလိုပါသည်ဘုရား။"

ဘုန်းကြီးဘ ဒါယကာကြီး လျှောက်ထားတောင်းပန်သည်ကို ရေးသားဖြေဆိုပေအံ့။ အသက်မွေးခြင်းကို အကြောင်းပြု၍ ပါဏာတိပါတစသည်ကို ပြုလုပ် လွန်ကျူးခြင်းသည်သာ မိစ္ဆာဇီဝဖြစ်သည်။ ထိုပါဏာတိပါတစသော အကုသိုလ်ဒုစရိုက်မှုဖြင့် ရှာကြံ၍ရသော တစုံတခု သားငါးပျားရည် စသော ဝတ္ထုကို သုံးဆောင်စားသောက်ခြင်းသည် မိစ္ဆာဇီဝ အကုသိုလ် မဟုတ်။ ထို့ကြောင့် ဒသကနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်၌-

(၁) တတြ ဂဟပတိ ယဉ္စာယံ ကာမဘောဂီ အဓမ္မေန ဘောဂေ ပရိယေသတိ သာဟသေန အဓမ္မေန ဘောဂေ . ပရိယေသိတ္စာ သာဟသေန နအတ္ထာနံ သုခေတိ နပီဏေတိနသံဝိဘဇတိ နပုညာနိကရောတိ။ အယံ ဂဟပတိ ကာမဘောဂီတိဟိ ဌာနေ ဟိ ဂါရယှော၊ အဓမ္မေန ဘောဂေ ပရိယေသတိ သာဟသေနာတိဣမိနာ ပထမေန ဌာနေန ဂါရယှော။ နအတ္ထာနံ သုခေတိ နပီဏေတိတိဣမိနာ ဒုတိယေန ဌာနေန ဂါရယှော။ နသံဝိဘဇတိ နပုညာနိကရောတိတိ ဣမိနာ တတိယေန ဌာနေန ဂါရယှော။ အယံဂဟပတိ ကာမဘောဂီ ဣမေဟိတီတိဌာနေဟိ ဂါရယှော။

(၂) တတြ ဂဟပတိ ယွာယံ ကာမဘောဂီ အဓမ္မေန ဘောဂေ ပရိယေသတိ သာဟသေန။ အဓမ္မေန ဘောဂေ ပရိယေသိတ္ဝာ သာဟသေန အတ္ထာနံသုခေတိ ပိဏေတိ နသံဝိဘဇတိ နပုညာနိကရောတိ။ အယံ ဂဟပတိ ကာမဘောဂီ ဒုဗ္ဘိဟိဋ္ဌာနေ ဟိ ဂါရယှော။ ဇတေနဋ္ဌာနေန ပါသံသော၊ အဓမ္မေန ဘောဂေ ပရိယေသတိ သာဟသေနာတိဣမိနာ ဇတေနဋ္ဌာနေန ဂါရယှော။ အတ္တာနံသုခေတိ ပိဏေတိ ဣမိနာ ပဌမေန ဌာနေန ပါသံသော။ သံဝိဘဇတိ ပုညာနိကရောတိတိဣမိနာ ဒုတိယေန ဌာနေန ပါသံသော။ အယံ ဂဟပတိ ကာမဘောဂီ ဣမိနာဇတေန ဌာနေန ဂါရယှော၊ ဣမေဟိ ဒုဗ္ဘိဟိဋ္ဌာနေဟိ ပါသံသော

ဟူ၍ ဟောတော်မူ၏။

ဂဟပတိ၊ အနာထပိဏ်သဒ္ဓေးကြီး- တတြ၊ ထိုဆယ်ယောက်ကုန်သော သူတို့တွင်။ ယွာယံကာမဘောဂီ၊ အကြင်ကာမဂုဏ်ကို ခံစားသောသူသည်။ အဓမ္မေန၊ မတရားသဖြင့်။ သာဟသေန၊ ဖိစီးနှိပ်စက် နှိုင့်ထက်မူခြင်းဖြင့်။ ဘောဂေ၊ စည်းစိမ်ဥစ္စာတို့ကို။ ပရိယေသတိ၊ ရှာမှီး၏။ အဓမ္မေန၊ မတရားသဖြင့်။ သာဟသေန၊ ဖိစီးနှိပ်စက် နှိုင့်ထက်မူခြင်းဖြင့်။ ဘောဂေ၊ စည်းစိမ်ဥစ္စာတို့ကို။ ပရိယေသတိတိဣမိနာ၊ ရှာမှီးပြီးလျှင်။ အတ္တာနံ၊ မိမိကိုယ်ကို။ နသုခေတိ၊ မချမ်းသာစေ။ နပိဏေတိ၊ မဆူဖြိုးစေ။ နသံဝိဘဇတိ၊ ဝေဖန်ခွဲခြမ်း၍ မလှူနိုင်။ ပုညာနိ၊ ကောင်းမှုတို့ကို။ နကရောတိ၊ မပြု။

ဂဟပတိ၊ အနာထပိဏ်သဒ္ဓေးကြီး-အယံ ကာမဘောဂီ၊ ဤကာမဂုဏ်ကို ခံစားသော သူကို။ တီဟိဋ္ဌာနေဟိ၊ သုံးပါးကုန်သော အကြောင်းတို့ဖြင့်။ ဂါရယှော၊ ကဲ့ရဲ့အပ်၏။

အဓမ္မေန၊ မတရားသဖြင့်။ သာဟသေန၊ ဖိစီးနှိပ်စက် နှိုင့်ထက်မူခြင်းဖြင့်။ ဘောဂေ၊ စည်းစိမ်ဥစ္စာတို့ကို။ ပရိယေသတိ၊ ရှာမှီး၏။ ပဌမေန၊ ရှေးဦးစွာဇသော။ ဤတိဤမိနာဌာနေန၊ ဤအကြောင်းဖြင့်။ ဂါရယှော၊ ကဲ့ရဲ့အပ်၏။

အတ္တာနံ၊ မိမိကိုယ်ကို။ နသုခေတိ၊ မချမ်းသာစေ။ နပိဏေတိ၊ မဆူဖြိုးစေ။ ဒုတိယေန၊ နှစ်ခုမြောက်ဖြစ်သော။ ဤတိ ဤမိနာ ဌာနေန၊ ဤအကြောင်းဖြင့်။ ဂါရယှော၊ ကဲ့ရဲ့အပ်၏။

နသံဝိဘဇတိ၊ ဝေဖန်ခွဲခြမ်း၍ မလှူဒါနိုး။ ပုညာနိ၊ ကောင်းမှုတို့ကို။ နကရောတိ၊ မပြု။ တတိယေန၊ သုံးခုမြောက်ဖြစ်သော။ ဤတိ ဤမိနာဌာနေန၊ ဤအကြောင်းဖြင့်။ ဂါရယှော၊ ကဲ့ရဲ့အပ်၏။

ဂဟပတိ၊ အနာထပိဏ်သဒ္ဓေးကြီး-အယံကာမဘောဂီ၊ ဤကာမဂုဏ်ကို ခံစားသော သူကို။ ဤမေဟိ တီဟိဋ္ဌာနေဟိ၊ ဤသုံးပါးကုန်သော အကြောင်းတို့ဖြင့်။ ဂါရယှော၊ ကဲ့ရဲ့အပ်၏။

(၂) ဂဟပတိ၊ အနာထပိဏ်သဒ္ဓေးကြီး- တတြ၊ ထိုဆယ်ယောက်သော သူတို့တွင်။ ယွာယံ ကာမဘောဂီ၊ အကြင်ကာမဂုဏ်ကို ခံစားသောသူသည်။ အဓမ္မေန၊ မတရားသဖြင့်။ သာဟသေန၊ ဖိစီးနှိပ်စက် နှိုင့်ထက်မူခြင်းဖြင့်။ ဘောဂေ၊ စည်းစိမ်ဥစ္စာတို့ကို။ ပရိယေသတိ၊

ရှာမှီး၏။ အဓမ္မေန၊ မတရားသဖြင့်။ သာဟသေန၊ ဖိစီးနှိပ်စက် နှိုင့်ထက်မှုခြင်းဖြင့်။ ဘောဂေ၊ စည်းစိမ်ဥစ္စာတို့ကို။ ပရိယေသိတ္ထ၊ ရှာမှီးပြီး၍။ အတ္တာနံ၊ မိမိကိုယ်ကို။ သုခေတိ၊ ချမ်းသာစေ၏။ ပီဏေတိ၊ ဆူဖြိုးစေ၏။ နသံဝိဘဇတိ၊ ဝေဖန်ခွဲခြမ်း၍ မလှူဒါန်း။ ပုညာနိ၊ ကောင်းမှုတို့ကို။ နကရောတိ၊ မပြု။ ဂဟပတိ၊ အနာထပိဏ်သဒ္ဒေးကြီး— အယံ ကာမဘောဂီ၊ ဤကာမဂုဏ်ကို ခံစားသောသူကို။ ဒဋ္ဌဟိဌ္ဌာနေတိ၊ နှစ်ပါးကုန်သော အကြောင်းတို့ဖြင့်။ ဂါရယ္ဟော၊ ကဲ့ရဲ့အပ်၏။ ဇတေနဌာနေန၊ တပါးသောအကြောင်းဖြင့်။ ပါသံသော၊ ချီးမွမ်းအပ်၏။

အဓမ္မေန၊ မတရားသဖြင့်။ သာဟသေန၊ ဖိစီးနှိပ်စက်၊ နှိုင့်ထက်မှုခြင်းဖြင့်။ဘောဂေ၊ စည်းစိမ်ဥစ္စာတို့ကို။ ပရိယေသတိ၊ ရှာမှီး၏။ ပဋမေန၊ ရှေးဦးစွာသော။ ဣတိဣမိနာဌာနေန၊ ဤအကြောင်းဖြင့်။ ဂါရယ္ဟော၊ ကဲ့ရဲ့အပ်၏။

အတ္တာနံ၊ မိမိကိုယ်ကို။ သုခေတိ၊ **ချမ်းသာစေ၏**။ ပီဏေတိ၊ ဆူဖြိုးစေ၏။ ဇတေန၊ တပါးသော။ ဣတိဣမိနာဌာနေန၊ ဤအကြောင်းဖြင့်။ ပါသံသော၊ ချီးမွမ်းအပ်၏။ နသံဝိ-ဘဇတိ၊ ဝေဖန်ခွဲခြမ်း၍ မလှူဒါန်း။ ပုညာနိ၊ ကောင်းမှုတို့ကို။ နကရောတိ၊ မပြု။ ဒုတိယေန၊ နှစ်ခုမြောက်ဖြစ်သော။ ဣတိဣမိနာဌာနေန၊ ဤအကြောင်းဖြင့်။ ဂါရယ္ဟော၊ ကဲ့ရဲ့အပ်၏။

ဂဟပတိ၊ **အနာထပိဏ်သဒ္ဒေးကြီး**— အယံကာမဘောဂီ၊ ဤကာ**မဂုဏ်**ကို ခံစားသောသူကို။ဒဋ္ဌဟိ၊ နှစ်ပါးကုန်သော။ ဣမေဟိဌာနေဟိ၊ ဤသို့ မတရားသဖြင့် စည်းစိမ်ဥစ္စာကိုရှာမှီးခြင်းအကြောင်း၊ အလှူဒါန ပုညကောင်းမှု မပြုလုပ်ခြင်းအကြောင်းတို့ဖြင့်။ ဂါရယ္ဟော၊ ကဲ့ရဲ့အပ်၏။ ဇတေန၊ တပါးသော။ ဣမိနာဌာနေန၊ ဤသို့ မိမိကိုယ်ကို ချမ်းသာစေခြင်း၊ ဆူဖြိုးစေခြင်းအကြောင်းဖြင့်။ ပါသံသော၊ ချီးမွမ်းအပ်၏။

(၃) ဂဟပတိ၊ အနာထပိဏ်**သ**ဒ္ဒေးကြီး— တတြ၊ ထိုဆယ်ယောက်ကုန်သောသူတို့တွင်။ ယဉ္စာယံကာမဘောဂီ၊ အကြင်ကာ**မ**ဂုဏ်ကို ခံစားသောသူသည်။ အဓမ္မေ**န**၊ မတရားသဖြင့်။ သာဟသေန၊ ဖိစီးနှိပ်စက်၊ နှိုင့်ထက်မှုခြင်းဖြင့်။ ဘောဂေ၊ စည်းစိမ်ဥစ္စာတို့ကို။ ပရိယေ**သ**တိ၊ ရှာ**မှီး**ပြီး၍။ အတ္တာနံ၊ မိမိကိုယ်ကို။ သုခေတိ၊ ချမ်းသာစေ၏။ ပီဏေတိ၊ ဆူဖြိုးစေ၏။ သံဝိဘဇတိ၊ ဝေဖန်ခွဲခြမ်း၍ လှူဒါန်း၏။ ပုညာနိ၊ ကောင်းမှုတို့ကို။ ကရောတိ၊ ပြု၏။ ဂဟပတိ၊ အနာထပိဏ်သဒ္ဒေးကြီး— အယံကာမဘောဂီ၊ ဤကာမဂုဏ်ကို ခံစားသောသူကို။ ဇတေနဌာနေန၊ တပါးသောအကြောင်းဖြင့်။ ဂါရယ္ဟော၊ ကဲ့ရဲ့အပ်၏။ ဒဋ္ဌဟိဌာနေဟိ၊ နှစ်ပါးသောအကြောင်းတို့ဖြင့်။ ပါသံသော၊ ချီးမွမ်းအပ်၏။

အဓမ္မေန၊ မတရားသဖြင့်။ သာဟသေန၊ ဖိစီးနှိပ်စက်၊ နှိုင့်ထက်မှုခြင်းဖြင့်။ဘောဂေ၊ စည်းစိမ်ဥစ္စာတို့ကို။ ပရိယေသတိ၊ ရှာမှီး၏။ ဇတေန၊ တပါးသော။ ဣတိဣမိနာဌာနေန၊ ဤအကြောင်းဖြင့်။ ဂါရယ္ဟော၊ ကဲ့ရဲ့အပ်၏။ အတ္တာနံ၊ မိမိကိုယ်ကို။ သုခေတိ၊ ချမ်းသာစေ၏။ ပီဏေတိ၊ ဆူဖြိုးစေ၏၊ ပဋမေန၊ ရှေးဦးစွာသော။ ဣတိဣမိနာဌာနေန၊ ဤအကြောင်း

ဖြင့်။ ပါသံသော၊ ချီးမွမ်းအပ်၏။ သံဝိဘဇတိ၊ ဝေဖန်ခွဲခြမ်း၍ လူဒါန်း၏။ ပုညာနိ၊ ကောင်းမှုတို့ကို။ ကရောတိ၊ ပြု၏။ ဒုတိယေန၊ နှစ်ခုမြောက်ဖြစ်သော။ ဣတိဣမိနာဌာနေန၊ ဤအကြောင်းဖြင့်။ ပါသံသော၊ ချီးမွမ်းအပ်၏။

ဂဟပတိ၊ အနာထပိဏ်သဒ္ဒေးကြီး– အယံကာမဘောဂီ၊ ဤကာမဂုဏ်ကို ခံစားသောသူကို။ ဇေတန၊ တပါးသော။ ဣမိနာဌာနေန၊ ဤမတရားသဖြင့် စည်းစိမ်ဥစ္စာကို ရှာမှီးခြင်း အကြောင်းဖြင့်။ ဂါရယျော၊ ကဲ့ရဲ့အပ်၏။ ဒုဿီဟိ၊ နှစ်ပါးကုန်သော။ ဣမေဟိဌာနေဟိ၊ ဤသို့မိမိကိုယ်ကို ချမ်းသာစေခြင်း၊ ဆူဖြိုးစေခြင်းအကြောင်း၊ အလှူဒါန ကောင်းမှုပြုလုပ်ခြင်းအကြောင်းတို့ဖြင့်။ ပါသံသော၊ ချီးမွမ်းအပ်၏။ ဤကားအနက်။

ထိုပါဠိတော်ပါဌ်အပေါင်းတို့တွင် နှ အတ္ထာနံ သုခေတိ ပိဏ်းတိ ဟူသောပါဌ်၏ အဓိပ္ပာယ်ကား မတရားသဖြင့် ရှာမှီး၍ရအပ်သောပစ္စည်းကို မဝတ်ရုံ၊ မစားသောက်သူဟူလို။ ထိုပုဂ္ဂိုလ်သုံးယောက်တို့တွင်–

(၁) ပထမပုဂ္ဂိုလ်ကို မတရားသဖြင့် ဥစ္စာပစ္စည်းရှာမှီးခြင်းကြောင့်လည်းကောင်း၊ ထိုပစ္စည်းကို မဝတ်ရုံ မစားသောက်ခြင်းကြောင့်လည်းကောင်း၊ ထိုပစ္စည်းဖြင့် အလှူဒါနပုညကောင်းမှု မပြုလုပ်ခြင်းကြောင့်လည်းကောင်း ဤသုံးပါးကုန်သောအကြောင်းတို့ဖြင့် ကဲ့ရဲ့အပ်၏။

(၂) ဒုတိယပုဂ္ဂိုလ်ကို မတရားသဖြင့် ဥစ္စာပစ္စည်း ရှာမှီးခြင်းကြောင့်လည်းကောင်း၊ ထိုပစ္စည်းဖြင့် အလှူဒါနပုညကောင်းမှု မပြုလုပ်ခြင်းကြောင့်လည်းကောင်း၊ ဤနှစ်ပါးကုန်သော အကြောင်းတို့ဖြင့် ကဲ့ရဲ့အပ်၏။ ထိုပစ္စည်းကို ဝတ်ရုံစားသောက်ခြင်း အကြောင်းတပါးကြောင့်၊ ချီးမွမ်းအပ်၏။

(၃) တတိယပုဂ္ဂိုလ်ကို မတရားသဖြင့် ဥစ္စာပစ္စည်းရှာမှီးခြင်း အကြောင်းတပါးဖြင့် ကဲ့ရဲ့အပ်၏။ ထိုပစ္စည်းကို ဝတ်ရုံစားသောက်ခြင်းကြောင့်လည်းကောင်း၊ ထိုပစ္စည်းဖြင့် အလှူဒါနပုညကောင်းမှုပြုလုပ်ခြင်းကြောင့်လည်းကောင်း ဤအကြောင်းနှစ်ပါးတို့ဖြင့် ချီးမွမ်းအပ်ကုန်၏ဟု ဟောတော်မူလိုရင်းအဓိပ္ပာယ်။

ဤသို့ ဒုတိယ၊ တတိယပုဂ္ဂိုလ်နှစ်ယောက်တို့ကို မတရားသဖြင့် ဥစ္စာပစ္စည်း ရှာမှီးခြင်းတည်းဟူသောအကြောင်းဖြင့် ကဲ့ရဲ့တော်မူခြင်း၊ ထိုပစ္စည်းကို ဝတ်ရုံစားသောက်ခြင်းတည်းဟူသောအကြောင်းဖြင့် ချီးမွမ်းခြင်းကိုထောက်ထားဆင်ခြင်၍ အသက်မွေးခြင်းကိုအကြောင်းပြု၍ ပါဏာတိပါတစသည်ကို ပြုလုပ်လွန်ကျူးခြင်း အကုသိုလ်ဒုစရိုက်သည်သာ မိစ္ဆာဇီဝဖြစ်သည်။ ထိုပါဏာတိပါတစသော အကုသိုလ်ဒုစရိုက်မှုဖြင့် ရှာကြံ၍ရအပ်သောပစ္စည်းကို ဝတ်ရုံစားသောက်ခြင်းသည် မိစ္ဆာဇီဝမဟုတ်ဟု မှတ်ယူရမည်။ အကယ်၍ မိစ္ဆာဇီဝဖြစ်လျှင် ချီးမွမ်းအပ်၏ဟု ဘုရားဟောတော်မမူရာ။ အသက်မွေးခြင်းကို အကြောင်းပြု၍ ပါဏာတိပါတစသော မကောင်းမှုဖြင့် သားငါးပျားရည်ကို ရှာကြံခြင်းသည်သာ မိစ္ဆာဇီဝဖြစ်သည်။ ရှာကြံ၍ရအပ်ပြီးသော သားငါးပြားရည်ကို သုံးဆောင်စားသောက်ခြင်းသည် မိစ္ဆာဇီဝ မဖြစ်ဟုမှတ်လေ။

၁၂၇၁-ခုနှစ်၊ တော်သလင်းလဆန်း ၅-ရက်နေ့၌
ဤမိစ္ဆာဇီဝ အဆုံးအဖြတ်ရေးသား၍ပြီးသည်။

ဝဒ္တိုဒါ

အဂ္ဂမဟာပဏ္ဍိတ

သဒ္ဓမ္မဇောတိကာရာမ၊ ဒုတိယဆရာတော်ဘုရားကြီး

ရေးသားဖြဆိုတော်မူအပ်သော

ဋီကာပါဠိဝိသဇ္ဇနာ

အာဘိယာစက

"လျှောက်ထားရပါသည် ဆရာတော်အရှင်သူမြတ်ဘုရား။ -

"ယသ္မာ ပန ဝိပါကဿ သခ်ါရဒုဘဒ္ဒါ ပစ္စယဝသေန ဣစ္ဆိတော၊ နာ ကမ္မဝသေန။ တသ္မာ သေ ကေစိဝါဒေါ ကတော။ ဋီကာကျော်ပါဠ်။

"တတ္ထ ပစ္စယဝသေနာတိ ယထာပယောဂံ ဝိနာ သပ္ပယောဂဠ္ဟ ယထာ ဥပဋ္ဌိတ ကမ္မ ကမ္မနိမိတ္တာ ဂတိနိမိတ္တာ ပစ္စယာနံ သပ္ပါယာ သပ္ပါယ ဥတုဒဘောဇနာဒိ ပစ္စယာနံ အနန္တရနိရုဒ္ဓ ကုသလာ ကုသလ ပစ္စယာနဠ္ဟ ဝသေန။ ဧဝဠ္ဟကတ္ဝာ အဘိဓမ္မာ-ဝတာရဋီကာယံ ဒုတိယတ္ထေရော ပန အသခ်ါရိကာဒီသု ယေနကေနစိ စိတ္တေန ကမ္မေ အာယူဟတိ ဘော အာသန္နမရဏဿ အတ္ထဒနာ ပရေသံဝါ ပယောဂေန ဝိနာ အသခ်ါရေန အပ္ပယောဂေန ကမ္မ ကမ္မနိမိတ္တာ ဂတိနိမိတ္တာ ပစ္စုပဋ္ဌာန ပဋိသန္ဓိ ဥပဋ္ဌမာနာ အသခ်ါရိကာ၊ ယဿ ကဿစိ သသခ်ါရေန သပ္ပယောဂေန ကမ္မာဒိ-ပစ္စုပဋ္ဌာနေ သသခ်ါရိကာ၊ တထာ ဘဝင်္ဂစုတိယောပိ၊ တဒါရမ္မဏဠ္ဟ ပဏီတာ ပဏီတ ဥတုဘောဇနာဒိ ပစ္စယာသေန အနန္တရ နိရုဒ္ဓ ကုသလာ ကုသလဝသေန ဝါ အသခ်ါရံ သသခ်ါရန္တိ ဧဝံ ပစ္စယတော အသခ်ါရိကာဒိ ဝိဓါန မာဟာတိ ဝုတ္တံ။ မဏိသာရမဉ္ဇူသာ။

"ဤပါဠိုရပ်များကို အနက်နှင့်တကွ ချီးမြှောက်တော်မူပါမည့်အကြောင်း လျှောက်ထား ရပါသည် ဆရာတော်ဘုရား။" -

လျှောက်ထားသည့်အတိုင်း၊ ရေးသားဖြကြားလိုက်ပေအံ့။

ဇောတိကာရှိ-၇၅ (စမ္မဒါန)

ယသ္မာ ပန ဝိပါကဿ သသင်္ခါရဘေဒေါ ပစ္စယဝသေန ဣစ္ဆိတော နကမ္မဝသေန၊ တသ္မံ သေ ကေစိဝါဒေါ။

ဟူသောဋီကာကျော်ပါဌ်ကို–

ပန၊ ကေစိဝါဒဟု ဆိုရခြင်း၏အကြောင်းကို ဆိုဦးအံ့။ ယသ္မာ၊ အကြောင်ကြောင့်။ ဝိပါကဿ၊ သဟိတ်ကာမဝိပါက်စိတ်၏။ သင်္ခါရဘေဒေါ၊ သင်္ခါရအပြားကို။ ပစ္စယဝသေန-ပစ္စယဝသေနေဝ၊ အာရုံအကြောင်း ဥပနိဿယအကြောင်း၏ အစွမ်းအားဖြင့်သာလျှင်။ ဣစ္ဆိတော၊ အလိုရှိအပ်၏။ ကမ္မဝသေန၊ ရွေးကပြုအပ်ခဲ့ဖူးသော၊ ဇနကကံ၏ အစွမ်းအားဖြင့်။ နဣစ္ဆိတော၊ အလိုမရှိအပ်။ တသ္မာ၊ ထို့ကြောင့်။ သေ သေဝါဒေါ၊ ဤမောရ ဝါပိ ဝါသိ မဟာ ဓမ္မရက္ခိတ မထေရ်၏ဝါဒကို။ ကေဝါဒေါ ကေစိဝါဒေါတိ၊ ကေစိဝါဒဟူ၍။ကတော၊ ပြုအပ်၏။ ဟူ၍ ယောဇနာအပ်၏။

အဓိပ္ပာယ်ကား မောရဝါပိ ဝါသိ မဟာရက္ခိတမထေရ်၏ ဝါဒကို–

အသင်္ခါရံ သသင်္ခါရ ဝိပါကာနိ နပစ္စတိ။
သသင်္ခါရ မသင်္ခါရ ဝိပါကာနိတိကေစန။

ဟူ၍ အနုရုဒ္ဓါမထေရ် ပြဆိုတော်မူအပ်၏။ ဤ မောရဝါပိ ဝါသိ မဟာမွေရက္ခိတမထေရ် သည်ကား မျက်နှာလွှဲပ်သော် ကြေးမုံပြင်၌ မျက်နှာရိပ်လွှဲပ်သကဲ့သို့ အသင်္ခါရိကဇနကကုသိုလ်ကံသည် အသင်္ခါရိကဝိပါက်စိတ်ကိုသာ ဖြစ်စေ၏။ သသင်္ခါရိက ဇနကကုသိုလ်ကံသည် သသင်္ခါရိကဝိပါက်စိတ်ကိုသာ ဖြစ်စေ၏ဟု အယူရှိ၏။ ထိုဆရာယူသောအတိုင်းကားမဟုတ်၊ စင်စစ်အားဖြင့် သော်ကား သဟိတ်ကာမဝိပါက်၏ အသင်္ခါရိက သသင်္ခါရိက ဖြစ်ရခြင်းသည် အာရုံအကြောင်း ဥပနိဿယအကြောင်းကြောင့်သာ ဖြစ်ရသည်။ ဇနကံအကြောင်းကြောင့် ဖြစ်ရသည်မဟုတ်။ ထို့ကြောင့်. ထိုမောရဝါပိ ဝါသိ မဟာဓမ္မရက္ခိတ မထေရ်၏ဝါဒကို ကေစိဝါဒဟု အရှင် အနုရုဒ္ဓါဆရာ ဆိုတော်မူအပ်၏ဟူသော အဓိပ္ပာယ်။ ဤဋီကာကျော်ပါဌ်အပေါင်းတွင် ပစ္စယဝသေန ဟူသောပုဒ်ကို ဖွင့်ပြတော်မူလိုသောကြောင့်–

တတ္ထ ပစ္စယဝသေနာတိ ယထာပယောဂံ ဝိနာ သပ္ပယောဂဉ္စယထာ ဥပဋ္ဌိတ-ကမ္မ ကမ္မနိမိတ္တ ဂတိနိမိတ္တ ပစ္စယာနံ သပ္ပါယာ သပ္ပါယ ဥတုဘောဇနာဒိ ပစ္စယာနံ အနန္တရနိရုဒ္ဓ ကုသလာ ကုသ်လ ပစ္စယာနဉ္စ ဝသေန ဟု မဏိမဉ္ဇူသာဆရာ မိန့်ဆို တော်မူအပ်၏။

တတ္ထ၊ ထိုယသ္မာ ပန စသောပါဌ်အပေါင်းတုိင် ပစ္စယဝသေနာတိ၊ ပစ္စယဝသေနဟူသည်ကား။ ယထာပယောဂံ၊ အကြင်အကြင် မိမိပယောဂ၊ သူတပါးပယောဂကို။ ဝိနာ၊ ကြဉ်၍။ သပ္ပယောဂဉ္စ၊ မိမိပယောဂ၊ သူတပါးပယောဂနှင့်လည်းကောင်း။ ယထာ ဥပဋ္ဌိတကမ္မ ကမ္မနိမိတ္တ ဂတိနိမိတ္တ ပစ္စယာနဉ္စ၊ အကြင်တပ်ကိုင်းသော၊ ကံ-ကမ္မနိမိတ်၊ ဂတိနိမိတ်တည်းဟူသော အာရုံအကြောင်းတို့၏လည်းကောင်း။ သပ္ပါယ၊ သပ္ပါယ ဥတုဘောဇနာဒိ ပစ္စယာနဉ္စ၊

သပ္ပါယဖြစ်သော ဥတုဘောဇဉ်၊ အသပ္ပါယဖြစ်သော ဥတုဘောဇဉ်စသော၊ ပကတူ ပနိဿယအကြောင်းတို့၏လည်းကောင်း။ အနန္တရ နိဂ္ဂဟ ကုသသာ ကုသလ ပစ္စယာနဉ္စ၊ မိမိ၏အခြားမဲ့၌ ချုပ်ကုန်ပြီးသော၊ ကုသိုလ် အကုသိုလ်တည်းဟူသော၊ အနန္တရူပနိဿယအကြောင်းတို့၏လည်းကောင်း။ ဝဿန၊ အစ္ဆမ်းအား ဖြင့်။ ဤသို့ ယောဇနာလေ။ ဤမေတ္တိသားရမဉ္ဇူသာဝဏ္ဏနာ ပါဠိကို-

(၁) ယထာပယောဂံ ဝိနာစ ယထာဥပဋ္ဌိတကမ္မ ကမ္မနိမိတ္တ ဂတိနိမိတ္တ ပစ္စယာနံ ဝဿန ဟူ၍လည်းကောင်း

(၂) သပ္ပယောဂဉ္စ ယထာဥပဋ္ဌိတ ကမ္မ ကမ္မနိမိတ္တ ဂတိနိမိတ္တ ပစ္စယာနံဝဿန ဟူ၍လည်းကောင်း။

(၃) သပ္ပါယ ဥတုဘောဇနာဒိ ပစ္စယာနံ အနန္တရ နိဂ္ဂဟ ကုသလာ ကုသလ ပစ္စယာနဉ္စဝဿန ဟူ၍လည်းကောင်း။

(၄) အသပ္ပါယ ဥတုဘောဇနာဒိ ပစ္စယာနံ အနန္တရနိဂ္ဂဟ ကုသလာ ကုသလ ပစ္စယာနဉ္စဝဿန ဟူ၍လည်းကောင်း လေးဝါကျခဲ့။

ထိုလေးဝါကျတို့တွင် ရှေး ၂-ဝါကျတို့သည် ပဋိသန္ဓေ ဘဝင် စုတိ ကိစ္စတပ်သော သဟိတ်ကာမဝိပါက်ဖို့။ နောက် ၂-ဝါကျတို့သည် ကဒါစိုကိစ္စတပ်သော သဟိတ်ကာမဝိပါက်ဖို့။

ထိုလေးပါးတို့တွင် ပထမဝါကျ၌ ယထာယောဂဟူသောပုဒ်ကို (ယော ယော ပယော ဂေါ ယထာယောဂေါ)ဟု ဝစနတ္ထပြု။ ထိုပထမဝါကျ၏ အဓိပ္ပာယ်ကား- အကြင်အကြင်သို့သော မိမိပယောဂ၊ သူတပါးပယောဂနှင့်ကင်း၍ အကြင်တပ်တိုင်းသော ကံ- ကမ္မနိမိတ်၊ ဂတိနိမိတ်တည်းဟူသော၊ အာရမ္မဏပစ္စယာနံ ပဋိသန္ဓေ ဘဝင်စုတိကိစ္စတပ်သော သဟိတ်ကာမဝိပါက်စိတ်သည် အသဒိုရိကဖြစ်ရသည်။ အသဒိုရိကဖြစ်သော ရှေးဇနကကံကြောင့်မဟုတ် ဟူသောအဓိပ္ပာယ်။

ဒုတိယဝါကျ၏ အဓိပ္ပာယ်ကား- မိမိပယောဂ သူတပါးပယောဂနှင့်တကွ အကြင်တပ်တိုင်းသောကံ-ကမ္မနိမိတ်၊ ဂတိနိမိတ်တည်းဟူသော၊ အာရမ္မဏပစ္စယာနံ ပဋိသန္ဓေ ဘဝင်စုတိကိစ္စတပ်သော သဟိတ်ကာမဝိပါက်စိတ်သည် သသဒိုရိကဖြစ်ရသည်။ သသဒိုရိကဖြစ်သော ရှေးဇနကကံကြောင့်မဟုတ် ဟူသောအဓိပ္ပာယ်။

တတိယဝါကျ၏ အဓိပ္ပာယ်ကား သပ္ပါယဖြစ်သော ဥတုဘောဇန ပုဂ္ဂလ သေနာသန တည်းဟူသော ပကတူပနိဿယအကြောင်း။၊ မိမိ၏အခြားမဲ့၌ ချုပ်လေပြီးသော ကုသိုလ်ဇော၊ အကုသိုလ်ဇောတည်းဟူသော အနန္တရူပနိဿယအကြောင်းတို့ကြောင့်သာ ကဒါစိုကိစ္စတပ်သော သဟိတ်ကာမဝိပါက်စိတ်သည် အသဒိုရိကဖြစ်ရသည်၊ အသဒိုရိကဖြစ်သော ရှေးဇနကကံကြောင့်မဟုတ်ဟူသော အဓိပ္ပာယ်။

စတုတ္ထဝါကျ၏ အဓိပ္ပာယ်ကား အသပ္ပာယဖြစ်သော ဥတုဘောဇန ပုဂ္ဂလသေနာသန တည်းဟူသော ပကတူပနိဿယအကြောင်း မိမိ၏အခြားမဲ့၌ ချုပ်လေပြီးသော ကုသိုလ်ဇော အကုသိုလ်ဇောတည်းဟူသော အနန္တရူပနိဿယ အကြောင်းတို့ကြောင့်သာ တဒါရုံကိစ္စတပ်သော သဟိတ်ကာမဝိပါက်စိတ်သည် သသန်ဒါရိကဖြင်ရသည်။ သသန်ဒါရိကဖြစ်သော ရှေးဇနကကံကြောင့် မဟုတ်ဟူသော အဓိပ္ပာယ်။ ဤသို့ ယထာလာဘနည်းအားဖြင့် အဓိပ္ပာယ်ယူ။ ထိုမကြီးသာရမဏူသာ ဆရာတော်သည် မိမိဆိုအပ်သော သာဓကကို ပြလိုသောကြောင့်-

ဇဝဉ္စကတ္ဘာ အဘိဓမ္မာဝတာရဋ္ဌီကာယံ ဒုတိယတ္ထေရောပန အသန်ဒါရိကာဒီသု ယေနကေစိ စိတ္တေန ကမ္မေ အာယူဟိတေ၊ အာသန္နမရဏာသ အတ္ထနော ပရေသံဝါ ပယောဂေန ဝိနာ အသန်ဒါရေန သမ္ပယောဂေန ကမ္မ ကမ္မနိမိတ္တ ဂတိနိမိတ္တပစ္စု-ပဋ္ဌာနေ ပဋိသန္ဓိဥပဋ္ဌမာနာ အသန်ဒါရိကာ၊ တထာဘဝင်္ဂစုတိယောပိ၊ တဒါရမ္မဏဉ္စ ပဏိတာ ပဏိတ ဥတုဘောဇနာဒိ ပစ္စယဝသေန အနန္တရနိရုဒ္ဓ ကုသလာကုသလ ဝသေနဝါ အသန်ဒါရုံ သသန်ဒါရန္တိ ဧဝံ ပစ္စယတော အသန်ဒါရိကာဒိ ဝိဓာနမာဟာတိ ဝုတ္တံ-ဟူသောစကားကို ထုတ်ဆိုတော်မူအပ်၏။

ဇဝဉ္စကတ္ဘာ-ဣတိတသ္မာ၊ ထို့ကြောင့်။ အဘိဓမ္မာဝတာရဋ္ဌီကာယံ၊ အဘိဓမ္မာဝတာရဋ္ဌီကာ၌။ (ဤအာဓာရကို၊ ဝုတ္တံ၌စပ်)။ ဒုတိယထေရောပန၊ ဒုတိယမထေရ်သည်ကား။ (ဤကဘွားကို အာဟ၌စပ်)။ အသန်ဒါရိကာဒီသု၊ အသန်ဒါရိက စသည်တို့တွင်။ ဝါ၊ အသန်ဒါရိက သသန်ဒါရိကတို့တွင်။ ယေနကေနစိ၊ အမှတ်မရှိ တခုခုသော။ စိတ္တေန၊ ကုသိုလ်စိတ်ဖြင့်။ ကမ္မေ၊ ကုသိုလ်ကံကို။ အာယူဟိတေ၊ အားထုတ်အပ်ပြီးသည်ရှိသော်။ အာသန္နမရဏာသ၊ နီးသော သေခြင်းရှိသောသူအား။ အတ္တနောဝါ၊ မိမိ၏လည်းကောင်း။ ပရေသံဝါ၊ သူတပါးတို့၏ လည်းကောင်း။ ပယောဂေန၊ ပယောဂနှင့်။ ဝိနာ၊ ကင်း၍။ အသန်ဒါရေန၊ သန်ဒါရမရှိသဖြင့်။ အပယောဂေန၊ ပယောဂမရှိသဖြင့်။ ကမ္မ ကမ္မနိမိတ္တ ဂတိနိမိတ္တပဋ္ဌာပဋ္ဌာနေန၊ ကံ၊ကမ္မနိမိတ် ဂတိနိမိတ်တည်းဟု ထင်သောအာရုံ၌။ ဝါ၊ ကံ-ကမ္မနိမိတ်၊ ဂတိနိမိတ် ထင်သောအခါ၌။ ဥပဋ္ဌာမာနာ၊ ဖြစ်သော။ ပဋိသန္ဓိ၊ ပဋိသန္ဓေစိတ်သည်။ အသန်ဒါရိကာ၊ အသန်ဒါရိကသည်။ ဟောတိ၊ ဖြစ်၏။ ယဿ ကဿစိ၊ တစုံတယောက်သောသူ၏။ သသန်ဒါရေန၊ သန်ဒါရနှင့်တကွ။ သမ္ပယောဂေန၊ သမ္ပယောဂနှင့်တကွ။ ကမ္မာဒိပစ္စုပဋ္ဌာနေန၊ ကံကမ္မနိမိတ်၊ ဂတိနိမိတ်တည်းဟူသော ထင်သောအာရုံ၌။ ဝါ၊ ကံ-ကမ္မနိမိတ်၊ ဂတိနိမိတ်ထင်သောအခါ၌။ ဥပဋ္ဌမာနာ၊ ဖြစ်သော။ ပဋိသန္ဓိ၊ ပဋိသန္ဓေစိတ်သည်။ သသန်ဒါရိကာ၊ သသန်ဒါရိကသည်။ ဟောတိ၊ ဖြစ်၏။ ဘဝင်္ဂစုတိယောပိ၊ ဘဝင်စိတ် စုတိစိတ်တို့သည်လည်း။ တထာ၊ ထိုပဋိသန္ဓေစိတ်နှင့် အတူသာတည်း။ ပဏိတာ ပဏိတဥတုဘောဇနာဒို့ ပစ္စယဝသေနဝါ၊ ပဏီတဖြစ်သော ဥတုဘောဇဉ်၊ အပဏီတဖြစ်သော ဥတုဘောဇဉ်အစရှိသော ပကတူပနိဿယအကြောင်း၏ အစွမ်းအားဖြင့် လည်းကောင်း။ အနန္တရနိရုဒ္ဓ ကုသလာကုသလဝသေနဝါ၊ မိမိ၏အခြားမဲ့၌ ချုပ်လေပြီးသော ကုသိုလ်ဇော အကုသိုလ်ဇောတို့၏ အစွမ်းအားဖြင့်လည်းကောင်း။ သသန်ဒါရုံ၊ သသန်ဒါရိကဖြစ်သော။ တဒါရမ္မဏဉ္စ၊ တဒါရုံသည်လည်းကောင်း။ ဟောတိ၊ ဖြစ်၏။ ဣတိဧဝံ၊ ဤသို့။

ပစ္စယတော၊ အာရုံအကြောင်း၊ ဥပနိဿယအကြောင်းအား ဖြင့်။ အသခ်ါရိကာဒိ ဝိဓာနံ၊ အသခ်ါရိက သသခ်ါရိက အစိအရင်ကို။ အာဟ၊ မိန့်တော်မူပြီ။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဟော တော်မူအပ်၏။ ဤသို့ ယောဇနာလေ။

ဤသဒ္ဒကပါဠ်၏ အဓိပ္ပာယ်သည် ရှေးသဒ္ဒဗျဉ်းနှင့် ကွဲပြား မထူးခြားသဖြင့် ထင်ရှားပြီ။ စိတ်ပိုင်းသဟိတ်ကာမစိတ် အဖွင့်၌။ -

ယထာ ပယောဂံ ဝိနာ သပ္ပယောဂဥ္စ ယထာဥပဋ္ဌိတေဟိ ကမ္မာဒိပစ္စယေဟိ ဥတုဘောဇနာဒိ သပ္ပါယာ သပ္ပါယဝသေန အသခ်ါရိက သသခ်ါရိကာနိ ဟူသော ဋ္ဌီကာကျော်ပါဠ်၏ အဓိပ္ပာယ်ကိုလည်း ဆိုအပ်ခဲ့ပြီးသော အတိုင်းသာ ယထာလာဘနည်း ယောဇနာ၍ယူ။

၁၂၈၂-ခုနှစ်၊ ဝါဆိုလဆုတ် (၈)ရက်နေ့ညဉ့်
ဤဋ္ဌီကာပါဠိ ဝိသဇ္ဇနာရေးသား၍ ပြီးသတည်း။

ဝနုဖြူမြို

အဂ္ဂမဟာပဏ္ဍိတ

သဒ္ဓမ္မဇောတိကာရာမ၊ ဒုတိယဆရာတော်ဘုရားကြီး

ရေးသားတော်မူသော

ဒွါသင်္ကြိ ဒီဋ္ဌိဘေဒ

ပကာသနာ

အဘိယာစက

"ဓနုဖြူမြို့နယ်၊ ညောင်ချောင်းရွာ၊ ဖခမည်းတော်ဒါယကာကြီးသည် (၆၂)ပါးသော ဒိဋ္ဌိအပြားကို မှတ်သားလိုပါ၍ ရေးသားချီးမြှင့်တော်မူပါရန် လျှောက်ထားအပ်ပါသည် ဆရာတော်ဘုရား။"

ဖခမည်းတော် ဒါယကာကြီး လျှောက်ထားအပ်သော (၆၂)ပါးသော ဒိဋ္ဌိအပြားကို သုတ်သီလကွန်ပါဋ္ဌိတော်၊ ဗြဟ္မဇာလသုတ်၊ ယင်းအဋ္ဌကထာ ဋီကာတို့၌ အကျယ်အားဖြင့် ဟောတော်မူအပ်သည်ကို ထိုပါဋ္ဌိတော်၊ အဋ္ဌကထာ၊ ဋီကာတို့မှထုတ်နုတ်၍ အကျဉ်းချုပ်အားဖြင့် ရေးသားပြဆိုပေအံ့။

ထို ဒိဋ္ဌိ (၆၂)ပါးဟူသော်ကား

၁။ (က) ပုဗ္ဗန္တာနုဒိဋ္ဌိ ၁၈-ပါး
(ခ) အပရန္တာနုဒိဋ္ဌိ ၄၄-ပါး ပေါင်း (၆၂)ပါး။

(တနည်း)

၂။ (က) ဥစ္ဆေဒ ဒိဋ္ဌိ ၇-ပါး
(ခ) သဿတ ဒိဋ္ဌိ ၅၅-ပါး ပေါင်း (၆၂)ပါး။

(တနည်း)

၃။ (က) အဟေတုက ဒိဋ္ဌိ ၂-ပါး
(ခ) နတ္ထိက ဒိဋ္ဌိ ၇-ပါး
(ဂ) အက္ကြိယ ဒိဋ္ဌိ ၅၃-ပါး ပေါင်း (၆၂)ပါး။

ဤသို့ (၆၂)ပါးသော ဒိဋ္ဌိကို ရှေးဦးစွာ (၃) နည်းခွဲခြားမှတ်လေ။ ဤသို့ (၃) နည်းခွဲဝေဖန်ရခြင်းအကြောင်းသည် နောက်၌ ထင်ရှားသိသာလတ္တံ့။ ထို (၃) ပါးသောနည်း တို့တွင်—

၁-ပထမနည်း၌ ပုဗ္ဗန္တာနုဒိဋ္ဌိ (၁၈)ဟူသည်ကား

(က) သဿတဝါဒ	၄-ပါး
(ခ) ကေစ္စ သဿတဝါဒ	၄-ပါး
(ဂ) အန္တာနန္တိကဝါဒ	၄-ပါး
(ဃ) အမရာဝိက္ခေပဝါဒ	၄-ပါး
(င) အဓိစ္စမုပ္ပန္နိကဝါဒ	၂-ပါး

ဤသို့ (၁၈)ပါး ဖြစ်သတည်း။ ထို(၁၈)ပါးသော ဒိဋ္ဌိတို့သည် လွန်လေပြီးသောဘဝဟု ဆိုအပ်သော ရှေးအစွန်းသို့သာ ကြံဆ၍ယူသောကြောင့် ပုဗ္ဗန္တာနုဒိဋ္ဌိ မည်ကုန်၏။

အပရန္တာနုဒိဋ္ဌိ (၄၄)ပါးဟူသည်ကား

(က) သညီဝါဒ	၁၆-ပါး
(ခ) အသညီဝါဒ	၈-ပါး
(ဂ) နေဝသညီ နာသညီဝါဒ	၈-ပါး
(ဃ) ဥစ္ဆေဒဝါဒ	၇-ပါး
(င) ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ	၅-ပါး

ဤသို့ (၄၄)ပါးဖြစ်သတည်း။ ထို (၄၄)ပါးသော ဒိဋ္ဌိတို့သည် မဖြစ်သေးသောဘဝဟု ဆိုအပ်သော နောက်အဖို့ကိုသာလျှင် ကြံဆ၍ယူသောကြောင့် (အပရန္တာနုဒိဋ္ဌိ) မည်ကုန်၏။

၂-ဒုတိယနည်း၌၊ ဥစ္ဆေဒဒိဋ္ဌိ (၇)ပါးဟူသည်ကား- အပရန္တာနုဒိဋ္ဌိ (၄၄)ပါးတွင်ပါဝင်ပြီးဖြစ်သော၊ ဥစ္ဆေဒဝါဒ (၇)ပါးပင်တည်း။ အထူးမရှိပြီ။ သဿတဒိဋ္ဌိ (၅၅)ပါးဟူသည်ကား ကြွင်းသောဒိဋ္ဌိ (၅၅)ပါးပင်တည်း၊ အထူးမရှိပြီ။ ပေါင်း (၆၂)ပါးဖြစ်သည်။

၃-တတိယနည်း၌၊ အဟေတုကဒိဋ္ဌိ (၂)ပါးဟူသည်ကား- ပုဗ္ဗန္တာနုဒိဋ္ဌိ (၁၈)ပါးတွင်ပါဝင်ပြီးဖြစ်သော အဓိစ္စမုပ္ပန္နိကဝါဒ (၂)ပါးပင်တည်း။ အထူးမရှိပြီ။ နတ္ထိကဒိဋ္ဌိ (၇)ပါးဟူသည်ကား ယခင်ဆိုခဲ့ပြီးသော ဥစ္ဆေဒ (၇)ပါးပင်တည်း၊ အထူးမရှိပြီ။

အက္ကိယဒိဋ္ဌိ (၅၃)ပါးဟူသည်ကား၊ ကြွင်းသောဒိဋ္ဌိ (၅၃)ပါးပင်တည်း။ အထူးမရှိပြီ။ ပေါင်း (၆၂)ပါးဖြစ်သည်။

ဤသို့ အကျဉ်းအားဖြင့် (၃) နည်းပြရာတွင် ပထမနည်းကို သုတ်သီလကွန်ပါဠိတော်၊ ဗြဟ္မဇာလသုတ်အတိုင်းပြသည်။ ဒုတိယနည်းကို ဘီလကွန်အဋ္ဌကထာ၌ (တွောဝတာ သဗ္ဗာပိ ဒုဒါသဋ္ဌိ ဒိဋ္ဌိယော ကထိတာ ဟောန္တိ၊ ယာသံသတ္တော ဥစ္ဆေဒ ဒိဋ္ဌိယော၊ သေသာသဿတဒိဋ္ဌိ-

ယော)ဟူ၍၊ ဖွင့်ဆိုတော်မူသည့်အတိုင်းပြသည်။ တတိယနည်းကို သိလက္ခန်ဒီကာဟောင်း၊ ဒီကာသစ်တို့၌၊ အကြိယဝါဒေါ တာဝ ဝဇ္ဈောကူဋဋ္ဌောတိအာဒိ နယပဝတ္တော ပကုဓ ဝါဒေါ။ နတ္ထိ ဟေတု နတ္ထိပစ္စယော သတ္တာနံ သင်္ကိလေသာယာတိ အာဒိဝစနတော အဟေတုကဝါဒေါ အဓိစ္စသမုပ္ပန္နံ ကဝါဒေ အန္တောဂဓော၊ နဟိ ပရောလောကော်တိ အာဒိဝစနတော အဟေတု-ကဝါဒေါ ဥစ္ဆေဒဝါဒေါအန္တောဂဓော ဟူ၍ ဖွင့်ဆိုတော်မူသည့်အတိုင်း ပြသည်။

ထို ဒိဋ္ဌိ (၆၂)ပါးတို့၏ အဓိပ္ပာယ်ကို ဆက်၍ပြဆိုပေအံ့။ ထို (၆၂)ပါးသောဒိဋ္ဌိတို့တွင် ရှေးဦးစွာပြအပ်ခဲ့သော ပဋ္ဌမ္ဘာနဒိဋ္ဌိ (၁၀)ပါး၌-

သဿတဝါဒ ၄-ပါးဟူသည်ကား

၁။ မန္ဒပညဝန္တာ သဿတဒိဋ္ဌိ
၂။ မဇ္ဈိမပညဝန္တာ သဿတ ။
၃။ တိက္ခပညဝန္တာ သဿတ ။
၄။ တက္ကိက သဿတ ။

ဤ (၄)ပါးသော ဒိဋ္ဌိတို့သည် ခန္ဓာငါးပါးကို အတ္တဟူ၍လည်းကောင်း၊ လောကဟူ၍လည်းကောင်း အမြဲတည်၏။ ထိုအတ္တလောကမည်သော သတ္တဝါတို့သည် ဘဝတပါးမှ-ဘဝတပါးသို့ ရွှေ့ကုန်၏ဟု ယူဆသောကြောင့် သဿတဒိဋ္ဌိ မည်ကုန်၏။

အထူးအားဖြင့်မှတ်ရန်မှာ ထို(၄)ပါးတို့တွင်

၁။ ပထမဒိဋ္ဌိကား-ဤလောက၌ အချို့သောရဟန်းသည်လည်းကောင်း၊ ပုဏ္ဏားသည်လည်းကောင်း ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဏ်ဖြင့် လွန်ခဲ့ပြီးသော ဘဝတသိန်းတိုင်အောင် အောက်မေ့နိုင်၏။ထိုရဟန်းပုဏ္ဏားသည် ဘဝတခုမှ ဘဝတခုသို့ ပြောင်းရွှေ့ပြောင်းရွှေ့ကာ ကျင်လည်၍လာသည်ကို အောက်မေ့၍ အတ္တသည်လည်းကောင်း၊ လောကသည်လည်းကောင်း ကျောက်တိုင်မြေကြီး၊ မြင်းမိုရ်တောင်၊ နေ,လ တို့ကဲ့သို့ မြဲသည်ဟုယူသည်။

၂။ ဒုတိယဒိဋ္ဌိကား-ရှေးနည်းတူ သံဝဋ္ဋ-ဝိဝဋ္ဋ ဆယ်ကမ္ဘာတိုင်အောင် အောက်မေ့နိုင်၍ မြဲ၏ဟုယူသည်။

တတိယ ဒိဋ္ဌိကား- ရှေးနည်းတူ ဝဋ္ဋ-ဝိဝဋ္ဋကမ္ဘာ (၄၀)တိုင်အောင် အောက်မေ့နိုင်၍ မြဲ၏ဟုယူသည်။

ထို ၃-ယောက်တို့တွင် ပထမဒိဋ္ဌိသည် မန္ဒပညာဖြစ်၍ ဘဝတသိန်းအောက်မေ့နိုင်သည်။ ဒုတိယ ဒိဋ္ဌိသည် မဇ္ဈိမပညာဖြစ်၍ ဆယ်ကမ္ဘာ အောက်မေ့နိုင်သည်။ တတိယဒိဋ္ဌိသည် တိက္ခပညာဖြင့်၍ ကမ္ဘာ (၄၀)အောက်မေ့နိုင်သည်၊ ထိုထက်အလွန် အောက်မေ့နိုင်သော အညတိတ္ထိယမရှိ။ ထို့ကြောင့် သီဟကန် အင်္ဂကထာ၌-

မန္ဒပညော ဟိ တိတ္ထိယော အနေကဇာတိ သတဿပယာဿမတ္တံ အနုဿရတိ။ မင်္ဂီမပညော၊ သံဝဋ္ဋ ဝိဝဋ္ဋကပွါနိ၊ တိကွပညော စတ္တာလီသံ၊ နတတော ဥဒ္ဓံ ဟုဖွင့်ပြတော်မူ၏။

၄။ စတုတ္ထဒီဌိကား-တုတ် လုံ့တောင်ဝှေးဖြင့် ရေကိုထောက်စမ်း၍ သက်ဆင်းသကဲ့သို့ တွေးဆ၍ အတ္တာသည်လည်းကောင်း၊ လောကသည်လည်းကောင်း မြဲ၏ဟု ယူသည်။

ထိုတက္ကိပုဂ္ဂိုလ်သည် အနုဿုတိက၊ဇာတိဿရ၊ လာဘီ၊ သုဒ္ဓတက္ကိကဟူ၍ (၄)ပါးအပြားရှိ၏။ ထို့ကြောင့် ယင်းအဋ္ဌကထာ၌ (တတ္တ စတုဗ္ဗိဓော တက္ကီ အနုဿုတိကော ဇာတိဿရော လာဘီ သုဒ္ဓတက္ကိကောတိ)ဟု ဖွင့်တော်မူအပ်၏။ ထိုလေးပါးတို့တွင်-

၁။ အနုဿုတိက တက္ကိပုဂ္ဂိုလ်သည် မြတ်စွာဘုရားသခင်သည် ဝေဿန္တရာမင်း ဖြစ်ဖူး၏။ ဤသို့စသောစကားကိုကြား၍ ထိုသို့ဖြစ်လျှင် ဝေဿန္တရာမင်းပင် ဘုရားဖြစ်ရကား အတ္တာသည် မြဲ၏ဟု ကြံဆ၍ယူ၏။

၂။ ဇာတိဿရ တက္ကိပုဂ္ဂိုလ်သည် နှစ်ဘဝ သုံးဘဝကို အောက်မေ့နိုင်၍ ငါသည်ပင်လျှင် ရှေးအခါက ဤမည်သောဘဝ၌ ဖြစ်ခဲ့ပြီ။ ထို့ကြောင့် အတ္တာသည် မြဲ၏ဟု ကြံဆ၍ယူ၏။

၃။ လာဘီ တက္ကိပုဂ္ဂိုလ်သည် သုခစသည်ကိုရသဖြင့် ယခုငါ၏အတ္တာဘောသည် ချမ်းသာခြင်းရှိသကဲ့သို့ ထို့အတူ အတိတ်ကာလကလည်း ချမ်းသာဖူးပြီ၊ နောက်လည်း ချမ်းသာလတ္တံ့၊ ထို့ကြောင့် အတ္တာသည် မြဲ၏ဟုကြံဆ၍ယူ၏။

၄။ သုဒ္ဓတက္ကိပုဂ္ဂိုလ်သည် ရှေးသုံးပါးနှင့် မရောမယှက် သက်သက်အားဖြင့် အကယ်၍ အနိစ္စဖြစ်သော် ပြုသူဘခြား-ခံစားသူတခြား ဖြစ်ရလိမ့်မည်၊ နိစ္စဖြစ်သောကြောင့်သာ ပြုသော သူခံစားရ၏။ ထို့ကြောင့် အတ္တာသည် မြဲ၏ဟု ယုတ္တိအားဖြင့် ကြံဆ၍ယူ၏။ ဤတက္ကိပုဂ္ဂိုလ် (၄)ယောက်ကို တပေါင်းတည်းပြု၍ တက္ကိသာမညအားဖြင့် တယောက်တည်းယူ၏။ ဤကား သဿတဝါဒ (၄)ပါးတည်း။

ဤ (၄)ပါးတို့တွင် ရှေးပထမ ဒုတိယ တတိယ ၃-ယောက်တို့သည် စျာနလာဘီ၊ နောက် စတုတ္ထ တက္ကိကပုဂ္ဂိုလ်သည် စျာန်မရ၊ သက်သက်ကြံဆသောသူဟူ၍မှတ်။

ကေစိသဿတဝါဒ (၄)ပါးဟူသည်ကား

၁။ ပထမပုဗ္ဗန္တ	ကေစိသဿတဒိဋ္ဌိ
၂။ ခိဍ္ဍာပဒေါသိက	ကေစိသဿတ ။
၃။ မနောပဒေါသိက	ကေစိသဿတ ။
၄။ တက္ကီက	ကေစိသဿတက ။

ဒေဝဒဟကမိ-၇၆ (စဉ်ဆက်)

ဤ၄-ပါးသော ဒိဋ္ဌိတို့တွင် ရှေး ၃-ပါးတို့သည် အချို့သတ္တဝါမြတ်။ အချို့သတ္တဝါမမြဟု ယူသောကြောင့် သတ္တောကစ္စသဿတဒိဋ္ဌိမည်ကုန်၏။ နောက်ဖြစ်သော တက္ကိကသည် အချို့သင်္ခါရမြတ် အချို့သင်္ခါရမမြဟု ယူသောကြောင့် သင်္ခါရေကစ္စသဿတဒိဋ္ဌိမည်၏။ အထူးအားဖြင့်မှတ်ရန်မှာ ထို ၄-ပါတို့တွင်-

၁။ ပထမ ဒိဋ္ဌိကား ကမ္ဘာမီးလောင်၍ ပျက်သော ဗြဟ္မာဘုံသည် တဖန်ကမ္ဘာတည်သော အခါ သတ္တဝါဆိတ်သော ဗိမာန်သာရှိ၍ အာဘဿရာဘုံမှ စုတေခဲ့သော ဗြဟ္မာတဦးသည် ထိုသတ္တဝါတဦးတယောက်မျှ မဖြစ်ရှိနှင့်သေးသော ဗြဟ္မာဘုံ၌ ဖြစ်လာရ၏။ ထိုရှေးဦးစွာ ဖြစ်လင့် (နှင့်)သော ဗြဟ္မာသည် တယောက်တည်း ပျင်းရိငြီးငွေ့၍ တပါးသောသူတို့၏ ဖြစ်လာစေခြင်းကို တောင့်တ၏။ ဤသို့တောင့်တစဉ် တပါးသော ဗြဟ္မာတို့လည်း ကံအားလျော်စွာ ဖြစ်လာကြ၏။ ထိုပထမဖြစ်နှင့်သော ဗြဟ္မာသည် အခြားသောဗြဟ္မာတို့ထက် ဘုန်းတန်ခိုးကြီး၏၊ အသက်ရှည်၏။ ထို့ကြောင့် နောက်ဖြစ်သော ဗြဟ္မာတို့သည် ဤဗြဟ္မာပြည်မှစုတေ၍ လူဖြစ်ပြီးလျှင် ရဟန်းတရားကို အားထုတ်၍ စျာန်အဘိညာဏ်ကိုရသည်ရှိသော်၊ လွန်ခဲ့ပြီးသော တဘဝကို သာလျှင် အောက်မေ့နိုင်သော ပုဗ္ဗေနိဝါသဉာဏ်ကိုရ၍ ရှေးဦးစွာဖြစ်သော ဗြဟ္မာကြီးကား မြဲ၏၊ ငါတို့နောက်ဖြစ်သူတို့ကား မမြဲ။ ဤသို့အချို့သတ္တဝါမြဲ၏၊ အချို့သတ္တဝါမမြဟုယူသည်။

လောကကို ထိုဗြဟ္မာကြီးဖန်ဆင်းသည် ထာဝရဘုရား ဖန်ဆင်းသည်ဟုယူသော ဒိဋ္ဌိတို့သည်လည်း ပထမဒိဋ္ဌိတို့ပင်မှတ်။

၂။ ဒုတိယဒိဋ္ဌိကား နတ်ပြည်၌ ကာမ အမြူးထူးလွန်၍ အစာမစားရသောကြောင့် စုတေခဲ့သောနတ်သည် လူ့ပြည်၌ စျာန်ရဒိဋ္ဌိဖြစ်၍ ကာမအမြူးထူးလွန်၍ အစာစားချိန်ကို လွန်ခဲ့သော ငါတို့ကားမမြဲ။ ကာမအမြူးထူးမလွန်ပဲ အစာကို အချိန်မှန်စားသောက်သော နတ်တို့ကား မြဲ၏။ ဤသို့ အချို့သတ္တဝါမမြဲ၊ အချို့သတ္တဝါမြဲ၏ဟု ယူသည်။

ထိုနတ်တို့အား ကရဇကာယသည် အားနည်း၍ ကမ္မဇတေဇောသည် အားကြီးလေသောကြောင့် ကာမမြူးထူးခြင်းလွန်၍ တကြိမ်အစာမစားမိလျှင် နွေဥတု မွန်းတည့်ကာလ ပူလှသော ကျောက်ဖျာထက်ဝယ် ချထားအပ်သော ပဒုမ္မာပန်းသည် ညချမ်းအခါ ရေအိုးအလုံး အရာအထောင် လောင်းဖျန်းအပ်ပါသော်လည်း တဖန်မလန်းနိုင်သကဲ့သို့၊ ထို့အတူ မိမိတို့ အစာစားချိန်ကို တခါလွန်ပြီးသောနောက်၌ မတည်နိုင်၊ စုတေသည်သာဖျင်တည်း။ လူတို့ကား ကရဇကာယသည် အားကြီး၍ ကမ္မဇတေဇောသည် အားနည်းလေသောကြောင့် တကြိမ်စားလျှင် ၃-ရက်လည်း နေနိုင်၏၊ ၇-ရက်လွန်သော်လည်း ရေနွေးကြည်သောယာဂု စသည်တို့ဖြင့် ထောက်တည်ခြင်းငှာ စွမ်းနိုင်သေး၏။ အစာမကြသော အနာရောဂါများလည်း မကြာမကြာ ဖြစ်ပေါ်တတ်၏။ ဤကား အဋ္ဌကထာစကားချုပ်တည်း။

၃။ တတိယဒိဋ္ဌိကား နတ်ပြည်၌ အချင်းချင်းအမျက်ထွက်၍ စုတေခဲ့သောနတ်သည် လူ့ပြည်၌ စျာန်ရဒိဋ္ဌိဖြစ်၍ အချင်းချင်းအမျက်ထွက်၍ ငါတို့ကားမမြဲ၊ အမျက်မထွက်သော နတ်တို့ကား မြဲ၏။ ဤသို့ အချို့သတ္တဝါမမြဲ၊ အချို့သတ္တဝါမြဲ၏ဟုယူသည်။

၄။ စတုတ္ထဒိဋ္ဌိကား ဌက်နှင့်ဟူသောစိတ်သည် သစ်ပင်နှင့်တူသော ဤကိုယ် ပျက်စီးခဲ့လျှင် နောင် တပါးသောသစ်ပင်နှင့် တူသော ကိုယ်တခုဌ် ဖြစ်ပြန်သည်ဟု ကြံဆ၍ ရုပ်နာမ် သန်၊ရတရား နှစ်ပါးတို့တွင် နာမ်တရားကားမြဲ၏ ရုပ်တရားကား မမြဲဟုယူသည်။ (ဤဌ် ရှေ့ ၃-ယောက် စျာနလာဘီ၊ နောက်တယောက် စျာန်မရ။)

အန္တာနန္တိကဝါဒ ၄-ပါးဟူသည်ကား

၁။ အန္တဝါ	အန္တာနန္တိကဒိဋ္ဌိ
၂။ အနန္တဝါ	အန္တာနန္တိက ။
၃။ အန္တဝါနန္တဝါ	အန္တာနန္တိက ။
၄။ တက္ကိက	အန္တာနန္တိက ။

ဤ ၄-ပါးသော ဒိဋ္ဌိတို့သည် အပိုင်းအခြားအဆုံးရှိသည် မရှိသည်ကို ခဲ့၍ယူသောကြောင့် အန္တာနန္တိကဒိဋ္ဌိမည်ကုန်၏။

အထူးအားဖြင့် မှတ်သားရန်မှာ ထို ၄-ပါးတို့တွင်–

၁။ ပထမဒိဋ္ဌိကား ကသိုဏ်းပဋိဘာဂနိမိတ်ကို စက္ကြဝဠာအဆုံးတိုင်အောင် မခွါစေမူ၍ မိမိပွားစေအပ်သော အပိုင်းအခြားမျှရှိသော ကသိုဏ်းနိမိတ်ကိုသာလျှင် လောကဟု ယူမှား၍ လောကသည် အဆုံးရှိ၏ဟု ယူသည်။

၂။ ဒုတိယဒိဋ္ဌိကား စက္ကြဝဠာအဆုံးတိုင်အောင် ကသိုဏ်းပဋိဘာဂနိမိတ်ကို ပွားစေ၍ ထိုကသိုဏ်းနိမိတ်ကို လောကဟု ယူမှား၍ လောကသည်မရှိဟုယူသည်။

၃။ တတိယဒိဋ္ဌိသည်ကား အောက်အထက်ကို အပိုင်းအခြားဖြင့် ပွားစေ၍ ဖီလာဌ် အပိုင်းအခြားမရှိ ကြီးစွာသော ကသိုဏ်းပွား၍ လောကသည် အစလည်းရှိ၏ အဆုံးလည်း ရှိ၏ဟု ယူသည်။

၄။ စတုတ္ထဒိဋ္ဌိကား စုံစမ်းဆင်ခြင်သော နှလုံးဖြင့်သာ လောကသည် အဆုံးရှိသည်လည်း မဟုတ်၊ မရှိသည်လည်းမဟုတ်ဟု ကြံဆ၍ယူသည်။ ဤဌ်လည်း ရှေ့သုံးယောက်သည်စျာန်ရ၊ နောက်တယောက်သည် စျာန်မရ။

အမရဝိက္ခေပဝါဒ ၄-ပါးဟူသည်ကား၊

၁။ မုသာဝါဒဘယ	အမရဝိက္ခေပိကဒိဋ္ဌိ
၂။ ဥပါဒါနဘယ	အမရဝိက္ခေပိက ။
၃။ အနုပယောဂဘယ	အမရဝိက္ခေပိက ။
၄။ မောမူဟ	အမရဝိက္ခေပိက ။

ဤ ၄-ပါးသော ဒိဋ္ဌိတို့သည် ကုသိုလ် အကုသိုလ်ကိုလည်းကောင်း လောကရှိ-မရှိကိုလည်းကောင်း၊ မေးအပ်သည်ရှိသော် အတတ်မဆိုနိုင်ခြင်းကြောင့် အတတ်မဆိုပဲ အမရာမည်သော ငါ၏ ပုံ့လွှင့်ခြင်းကဲ့သို့ယူ၍ ဆိုခြင်းကြောင့် အမရဝိက္ခေပဒိဋ္ဌိ ည်ကုန်၏။ မအမရာမည်သော ငါဟူသည် ငါးမြောက် တနည်းငါးစင်းဟူ၏)။

အထူးအားဖြင့် မှတ်သားရန်မှာ ထို ၄-ပါးတို့တွင်—

၁။ ပထမဒိဋ္ဌိကား ဤသည်ကား ကုသိုလ်, အကုသိုလ်ဟု ဟုတ်မှန်စွာမသိသော အချို့သော ရဟန်းပုဏ္ဏားသည် ငါသည် ဟုတ်မှန်စွာမသိပါပဲလျက်၊ ကုသိုလ်ဟူ၍လည်းကောင်း၊ အကုသိုလ်ဟူ၍လည်းကောင်း ဆိုသည်ရှိသော် ချွတ်ယွင်း၍ သဂ္ဂန္တရာယ်၊ မဂ္ဂန္တရာယ်ဖြစ်သော မုသာဝါဒ ဖြစ်ရာ၏၊ ဤသို့ မုသာဝါဒမှ ကြောက်သောကြောင့် ကုသိုလ်ဟူ၍လည်းကောင်း အကုသိုလ်ဟူ၍လည်းကောင်း ငါမဆိုဟု ပုံ့လွှင့်သောစကားကို ဆိုခြင်းဟူသော ပထမအယူ။

၂။ ဒုတိယဒိဋ္ဌိကား အမေးပုစ္ဆာပြဿနာ မေးရာ၌ ဟုတ်မှန်တိုင်းဖြေမိသော် သူတပါးချီးမွမ်းသဖြင့်၊ဆန္ဒရာဂဖြစ်ခဲ့ရာ၏ဟု၊ ဆန္ဒ,ရာဂ,ဒေါသ, ပဋိဃာတဟူသော ဥပါဒါန်မှ ကြောက်သောကြောင့် ရှေးနည်းတူအယူမစဲပဲ ပုံ့လွှင့်ခြင်းသို့ရောက်သည်။

၃။ တတိယဒိဋ္ဌိကား မိမိကိုတပါးသော ပညာရှိတို့က မေးစိစစ်သည့်ကာလ ငါမစုံမှန်ရာ၌ဖြင့် ဆင်းရဲပင်ပန်း နှလုံးမသာမယာခြင်းဖြစ်က သဂ္ဂန္တရာယ် မဂ္ဂန္တရာယ်ဖြစ်ခဲ့ရာ၏။ ဤသို့ မေးစိစစ်သည်မှ ကြောက်၍ ရှေးနည်းတူ အယူမစဲပဲ ပုံ့လွှင့်ခြင်းသို့ ရောက်သည်။

၄။ စတုတ္ထဒိဋ္ဌိကား တမလွန်လောကရှိသလော မရှိသလောဟု မေးသော် အတတ်မသိခြင်းကြောင့် ရှိ၏ဟူ၍လည်းမဆို အတတ်မသိခြင်းကြောင့် မရှိဟူ၍လည်း ငါမဆိုဟု အလွန်မိုက်မဲတွေဝေသဖြင့်၊ ရှေးနည်းတူ အယူစကားမစဲပဲ၊ပုံ့လွှင့်ခြင်းသို့ရောက်သည်။ ဤဒိဋ္ဌိလည်း ဈာန်ရမရ ခွဲခြားမှတ်ဆို။

အဓိစ္စသမုပ္ပန္နိကဝါဒ ၂-ပါးဟူသည်ကား

၁။ သညုပါဒဿရ အဓိစ္စသမုပ္ပန္နိကဒိဋ္ဌိ
၂။ တက္ကိက အဓိစ္စသမုပ္ပန္နိကဒိဋ္ဌိ

ဤနှစ်ပါးသော ဒိဋ္ဌိတို့သည်၊ အတ္တသည်လည်းကောင်း၊ လောကသည်လည်းကောင်း၊ ကုသိုလ် အကုသိုလ်အကြောင်းမရှိပဲပင်ဖြစ်၏ဟု ယူသောကြောင့်၊ အဓိစ္စသမုပ္ပန္နိက ဒိဋ္ဌိမည်ကုန်၏။

အထူးအားဖြင့် မှတ်သားရန်မှာ၊ ထိုနှစ်ပါးတို့တွင်၊

၁။ ပထမဒိဋ္ဌိကား၊ အသညသတ်ဘုံ မှစုတေ၍၊ လူဖြစ်သောဈာန်ရ ရသေ့သည်၊ ဤလူ့ပြည်၌၊ ပဋိသန္ဓေသညာဖြစ်သည်ကိုသာ အောက်မေ့၍၊ အသညသတ်ဘုံ၌၊ သညာဖြစ်သည်ကို မမြင်သောကြောင့်၊ ငါသည် ရှေးကမဖြစ်ဖူးပဲ၊ ယခုမှဖြစ်သည်ဟု ထင်မှတ်၍ အကြောင်းမရှိပဲဖြစ်သည်ဟု ယူသည်။

၂။ ဒုတိယဒိဋ္ဌိကား၊ စုံစမ်းဆင်ခြင်သော၊ တက္ကိကပုဂ္ဂိုလ်တို့သည်၊ အဝိဇ္ဇာသင်္ခါရတို့ကြောင့်၊ ဖြစ်ခြင်းကိုမသိပဲ၊ မိမိအထင်အလျောက်ကြံဆ၍၊ သတ္တဝါတို့သည် အကြောင်းမရှိ၊ အလိုလိုမင်ဖြစ်၏ဟု ယူသည်။

ဤဒိဋ္ဌိလည်း၊ ပထမဒိဋ္ဌိစျာန်ရ၊ ဒုတိယဒိဋ္ဌိစျာန်မရ ဤနှစ်ပါးတို့တွင်၊ ပထမဒိဋ္ဌိ၌၊ အသည်သတ်ကိုသာ၊ ဒေသနာသီသ ပမာနပြု၍၊ ဥပလက္ခဏနည်းအားဖြင့် ဟောတော်မူသည်။ ရှေးဘဝ၌၊ ခန္ဓာအစဉ်ကိုအောက်မေ့၍ မမြင်ကုန်သောသူတို့ကိုလည်း ယူအပ်ကုန်၏။ ထို့ကြောင့် အဋ္ဌကထာ၌၊ (အညသတ္တာတိဒေသနာသီသမတ္တန္တိ)ဟု ဖွင့်ဆိုတော်မူ၏။ ပုဗ္ဗန္တာနုဒိဋ္ဌိ (၁၈) ပါးပြီး၏။

အပရန္တာနုဒိဋ္ဌိ (၄၄)ပါးကို ပြဆိုပေအံ့။ ထို(၄၄)ပါးတို့တွင်-

သညီဝါဒ ၁၆-ပါးဟူသည်ကား

၁။ ရူပီ	သညီ၊	၉။ ကေတ္တ	သညီ၊
၂။ အရူပီ	သညီ၊	၁၀။ နာနတ္ထ	သညီ၊
၃။ ရူပါရူပီ	သညီ၊	၁၁။ ပရိတ္တာ	သညီ၊
၄။ နေဝရူပါနာရူပီ	သညီ၊	၁၂။ အပ္ပမာဏာ	သညီ၊
၅။ အန္တဝါ	သညီ၊	၁၃။ ကေန္တသုခီ	သညီ၊
၆။ အနန္တဝါ	သညီ၊	၁၄။ ကေန္တဒုက္ခီ	သညီ၊
၇။ အနန္တဝါနန္တဝါ	သညီ၊	၁၅။ သုခီဒုက္ခီ	သညီ၊
၈။ နေဝန္တဝါနာနန္တဝါ	သညီ၊	၁၆။ အဒုက္ခမသုခီ	သညီ၊

ဤ(၁၆)ပါးသော ဒိဋ္ဌိတို့သည်၊ စုတေသည်မှနောက်၌မြဲ၏။ သညာရှိ၏ဟု ယူခြင်းကြောင့်၊ သညီဝါဒတို့မည်ကုန်၏။

အထူးအားဖြင့် မှတ်သားရန်မှာ၊ ထို(၁၆)ပါးတို့တွင်-

၁။ ပထမဒိဋ္ဌိကား၊ ဒိဗ္ဗစက္ခုနှင့်ပြည့်စုံသော ရဟန်းပုဏ္ဏားတို့သည်၊ ကသိဏ်းရုပ်ကို (အတ္တ)ဟု၊ ထိုကသိဏ်းရုပ်၌ဖြစ်သော သညာကို (သညာ)ဟူ၍၊ အတ္တသည် ရုပ်ရှိ၏။ သေသည်မှ နောက်၌မြဲ၏ သညာရှိ၏ဟု ယူသည်။

၂။ ဒုတိယဒိဋ္ဌိကား၊ အရူပသမာပတ်၏ အာရုံကို (အတ္တ)ဟု၊ ထိုအာရုံ၌ဖြစ်သောသညာကို (သညာ)ဟု ယူ၍၊ အတ္တသည် ရုပ်မရှိ၊ သေသည်မှနောက်၌ မြဲ၏၊ သညာရှိ၏ဟု ယူသည်။

၃။ တတိယဒိဋ္ဌိကား၊ ပထမ-ဒုတိယ အယူကို အစဉ်လျောက်သောအားဖြင့်၊ အတ္တသည် ရုပ်လည်းရှိ၏၊ ရုပ်လည်းမရှိ၊ သေသည်မှနောက်၌မြဲ၏၊ သညာရှိ၏ဟု ယူသည်။

၄။ စတုတ္ထဒိဋ္ဌိကား၊ မိမိအလိုလိုကြံဆကာဖြင့်၊ အတ္တသည် ရုပ်ရှိသည်လည်းမဟုတ်၊ မရှိသည်လည်းမဟုတ်၊ သေသည်မှနောက်၌မြဲ၏၊ သညာရှိ၏ဟု ယူသည်။

၅။ ပဋ္ဌမ

၆။ ဆဋ္ဌမ ဤဒိဋ္ဌိ (၄)ပါးကား၊ ရှေးနည်းတူ အတ္တသည်အဆုံးရှိ၏၊ မြဲ၏၊

၇။ သတ္တမ သညာရှိ၏ စသည်ဖြင့် ယူသည်။

၈။ အဋ္ဌမ

၉။ နဝမဒိဋ္ဌိကား၊ သမာပတ်ဝင်စားသော ပုဂ္ဂိုလ်၏အစွမ်းဖြင့်၊ အတ္တသည် သညာရှိ၏ဟု ယူသည်။

၁၀။ ဒသမဒိဋ္ဌိကား၊ သမာပတ်ဝင်စားသော ပုဂ္ဂိုလ်အစွမ်းဖြင့်၊ အတ္တသည် အထူးထူး သောသညာရှိ၏ ယူသည်။

၁၁။ ကောဒသမဒိဋ္ဌိကား၊ ငယ်သောကသိုဏ်း၏ အစွမ်းအားဖြင့်၊ အတ္တသည်နည်းသော သညာရှိ၏ဟု ယူသည်။

၁၂။ ဒွါဒသမဒိဋ္ဌိကား၊ ကြီးသောကသိုဏ်း၏ အစွမ်းအားဖြင့်၊ အတ္တသည်များသော သညာရှိ၏ဟု ယူသည်။

၁၃။ တေရသမဒိဋ္ဌိကား၊ ဒိဗ္ဗစက္ခုဖြင့်၊ တိကစတုကဈာန်ဘုံ၌၊ သုခဟူသော အင်္ဂါရှိသောကြောင့်၊ ထိုဘုံ၌ဖြစ်သောသူကိုမြင်၍၊ ငင်စစ်ချမ်းသာရှိ၏ဟု ယူသည်။

၁၄။ စတုဒ္ဒသမဒိဋ္ဌိကား၊ ငရဲ၌ဖြစ်သောသူကိုမြင်၍၊ စင်စစ်ဆင်းရဲသာရှိသည်ဟု ယူသည်။

၁၅။ ပန္နရသမဒိဋ္ဌိကား၊ လူ့ပြည်၌ဖြစ်သောသူကိုမြင်၍၊ ချမ်းသာလည်းရှိ၊ ဆင်းရဲလည်းရှိ၏ဟု ယူသည်။

၁၆။ သောဠသမဒိဋ္ဌိကား၊ ဝေဟပ္ဖိုလ်ဘုံ၌ ဥပေက္ခာဖြင့် ပဋိသန္ဓေဖြစ်သောကြောင့်၊ ထိုဘုံ၌ဖြစ်သောသူကိုမြင်၍၊ ဆင်းရဲလည်းမရှိ၊ ချမ်းသာလည်းမရှိဟု ယူသည်။

ဤ၌ စျာန်ပုဂ္ဂိုလ်အရ ဒိဗ္ဗစက္ခုဉာဏ်ရသူကို ယူရမည်။ အဘယ်ကြောင့်ဆိုသော် ပုဗ္ဗေနိဝါသာနုဿတိဉာဏ် ရသောသူတို့သည် (ပုဗ္ဗန္တကပ္ပိက) အယူကိုယူကုန်၏။ ဒိဗ္ဗစက္ခုဉာဏ် ရသောသူတို့သည် (အပရန္တကပ္ပိက) အယူကိုယူကုန်၏ဟု အဋ္ဌကထာ၌ အထူးမိန့်သောကြောင့် တည်း။

အသညီဝါဒ ၈-ပါးဟူသည်ကား

၁။ ရူပီ အသညီ
၂။ အရူပီ အသညီ
၃။ ရူပါရူပီ အသညီ
၄။ နေဝရူပီနာရူပီ အသညီဒိဋ္ဌိ
၅။ အန္တဝါ အသညီဒိဋ္ဌိ
၆။ အနန္တဝါ အသညီဒိဋ္ဌိ
၇။ အန္တဝါအနန္တဝါ အသညီဒိဋ္ဌိ
၈။ နေဝန္တဝါနာနန္တဝါ အသညီဒိဋ္ဌိ။

ဤ ဂ-ပါးသော ဒီဠီတို့သည် သေသည်၏ အထက်၌ အတ္တသည်မြဲ၏၊ သညာမရှိဟု ယူခြင်းကြောင့် (အသညီဝါဒ)တို့ မည်ကုန်၏။

အထူးအားဖြင့် မှတ်သားရန်မှာ ထို ဂ-ပါးလုံးကိုပင် သညီဝါဒ ရှေး ဂ-ပါးအတိုင်း မှတ်။ သညာမရှိဟုယူသည်သာ ထူးခြားသည်။

နေဝသညီ နာသညီဝါဒ ဂ-ပါးဟူသည်ကား

၁။ ရူပီ နေဝသညီ နာသညီဒိဠီ
၂။ အရူပီ နေဝသညီ နာသညီဒိဠီ
၃။ ရူပါရူပီ နေဝသညီ နာသညီဒိဠီ
၄။ နေဝရူပီနာရူပီ နေဝ သညီနာသညီဒိဠီ
၅။ အန္တဝါ နေဝသညီနာသညီဒိဠီ
၆။ အနန္တဝါ နေဝသညီနာသညီဒိဠီ
၇။ အန္တဝါနန္တဝါ နေဝသညီနာသညီဒိဠီ
၈။ နေဂန္တဝါနာနန္တဝါ နေဝသညီ-နာသညီဒိဠီ

ဤ ဂ-ပါးသောအယူတို့သည် သေသည်မှနောက်ကာလ၌ အတ္တရှိ၏၊ မြဲ၏၊ သညာကား ရှိသည်လည်းမဟုတ် မရှိသည်လည်းမဟုတ်ဟု မှားသောအားဖြင့် ယူခြင်းကြောင့် (နေဝသညီ နာသညီဝါဒ)တို့ မည်ကုန်၏။ အဆူးအားဖြင့် မှတ်သားရန်မှာ ထို ဂ-ပါးလုံးကိုပင် အသညီ ဝါဒ ရှေ ဂ-ပါးအတိုင်းမှတ်။ သညာရှိသည်လည်းမဟုတ် မရှိသည်လည်းမဟုတ်ဟု ယူသည် မျှသာထူးတော့သည်။

ဤသို့သောအယူ၌ ဤမည်သော အကြောင်းကြောင့် ဤမည်သောအယူကို ယူသည်ဟု အကြောင်းကို မရှာအပ်။ အဘယ့်ကြောင့်နည်းဟူမူကား မိစ္ဆာတို့၏ အယူသည် အရှုးခြင်းတောင်းနှင့် တူသောကြောင့်တည်း။ ထို့ကြောင့် အဋ္ဌကထာ၌ (တတ္ထ နာ ကေန္တေနကာရဏံ ပရိယေသိဘဗ္ဗံ ဒိဋ္ဌဂတိကာသ ဟိ ဂါဟော ဥမ္မတ္တကာ ပစ္ဆိသဒိသောတိ ဝုတ္တမေတံ)ဟု မိန့်ဆိုတော်မူအပ်၏။

၁။ မာနုဿဘေဒ ဥစ္ဆေဒဒိဋ္ဌိ
၂။ ဒိဗ္ဗဘေဒ ဥစ္ဆေဒဒိဋ္ဌိ
၃။ ဗြဟ္မတ္တဘာဝဘေဒ ဥစ္ဆေဒဒိဋ္ဌိ
၄။ ပထမာရုပ္ပဘေဒ ဥစ္ဆေဒဒိဋ္ဌိ
၅။ ဒုတိယာရုပ္ပဘေဒ ဥစ္ဆေဒဒိဋ္ဌိ
၆။ တတိယာရုပ္ပဘေဒ ဥစ္ဆေဒဒိဋ္ဌိ
၇။ စတုတ္ထာရုပ္ပဘေဒ ဥစ္ဆေဒဒိဋ္ဌိ

ဤ၌၌ စျာန်ရသော ပုဂ္ဂိုလ်နှင့် စျာန်မရသော ပုဂ္ဂိုလ် ၂-ယောက်တို့သည် ထိုဥစ္ဆေဒအယူကို ယူကြကုန်၏။ (၁) စျာန်ရသော ပုဂ္ဂိုလ်သည် ဒိဗ္ဗစက္ခုဖြင့် အောက်မေ့သည်ရှိသော် စုတိမျက်သာ မြင်၍ စုတိနောဇ် ပဋိသန္ဓေကို မြင်ခြင်းငှာ မစွမ်းနိုင်သောကြောင့် သေသည်ရှိသော် သတ္တဝါတို့သည် နောက်ထပ်မဖြစ် ပြတ်လေကုန်၏။ (၂) စျာန်မရသော ပုဂ္ဂိုလ်သည် တမလွန်လောကကို

မသိ၊ ကာမဆျမ်းသဝဲ့၌ တပ်မက်မောခြင်းကြောင့်လည်းကောင်း၊ သစ်ပင်မှ ကြွေကျသော သစ်ရွက်တို့သည် တဖန် မရောက်မရှင်ပဲ ပျက်စီးသကဲ့သို့ သတ္တဝါသေသည်ရှိသော် နောက်ထပ်မဖြစ်ပြီ၊ ပြတ်လေကုန်၏ဟု ယူခြင်းကြောင့် ဥစ္ဆဒ ဝါဒတို့မည်ကုန်၏။ အထူးအားဖြင့် မှတ်သားရန်မှာ-

၁။ ပထမကား လူ၌၌ အမိအဖတို့၏ သုက်သွေးကြောင့်ဖြစ်သော ခန္ဓာကိုယ်သည် စုံတေသည်ရှိသော် ပျောက်၏ ပျက်၏ဟု အချို့ယူသည်။

၂။ ဒုတိယ ကား လူ့ခန္ဓာကွယ်ကာမျှဖြင့် မပြတ်သေးဟု ပထမအယူကို ပယ်၍ နတ်ပြည်ခြောက်ထပ်၌ဖြစ်သော အာဟာရလျှင် အစာရှိသော နတ်ခန္ဓာကိုယ်သည်သာလျှင် ပြတ်၏ဟု အချို့ယူသည်။

၃။ တတိယ ကား နတ်ခန္ဓာကွယ်ကာမျှဖြင့် မပြတ်သေးဟု ဒုတိယ၏ အယူကို ပယ်၍ ရူပဘုံ၌ စျာန်စိတ်ဖြင့်ပြီးသော အရွယ်ကြီးငယ်နှင့် ပြည့်စုံသော ဗြဟ္မာခန္ဓာကိုယ်ကွယ်မှ ပြတ်သည်ဟု ယူသည်။

၄။ စတုတ္ထ ကား ရူပဗြဟ္မာ့ ခန္ဓာကိုယ် ကွယ်ကာမျှဖြင့် မပြတ်သေးဟု တတိယ၏ အယူကိုပယ်၍ အာကာသာနဉ္စာယတနဘုံ၌ စျာန်စိတ်ဖြင့်ပြီးသော ကောင်းကင်ပညတ်လျှင် အာရုံရှိသောချပ်မရှိ၊ နာမ်မျှသာဖြစ်သော ခန္ဓာကွယ်မှ ပြတ်သည်ဟု အချို့ယူသည်။

၅။ ပဉ္စမကား အာကာသာနဉ္စာယတန ဗြဟ္မာ့ခန္ဓာကိုယ် ကွယ်ကာမျှဖြင့် မပြတ်သေးဟု စတုတ္ထ၏ အယူကိုပယ်၍ ဝိညာနဉ္စာယတနဘုံဖြစ်သော ခန္ဓာကွယ်မှ ပြတ်သည်ဟု အချို့ယူသည်။

၆။ ဆဋ္ဌမကား ဝိညာနဉ္စာယဘန ဗြဟ္မာ့ခန္ဓာကိုယ် ကွယ်ကာမျှဖြင့် မပြတ်သေးဟု ပဉ္စမ၏အယူကိုပယ်၍ အာကိဉ္စညာယတနဘုံ၌ဖြစ်သော ခန္ဓာကွယ်မှ ပြတ်သည်ဟု အချို့အယူရှိသည်။

၇။ သတ္တမကား အာကိဉ္စညာယဟန ဗြဟ္မာ့ ခန္ဓာကွယ်ကာမျှဖြင့် မပြတ်သေးဟု ဆဋ္ဌမ၏ အယူကိုပယ်၍ နေဝသညာ နာသညာယတနဘုံ၌ ဖြစ်သော ခန္ဓာကွယ်မှ ပြတ်သည်ဟု အချို့အယူရှိသည်။

ဒိဌဓမ္မ နိဗ္ဗာန ဝါဒ-၅ ပါး ဟူသည်ကား

၁။ ပဉ္စ ကာမ ဂုဏသမ္ပတ္တိ	ဒိဋ္ဌဓမ္မနိဗ္ဗာနဒိဋ္ဌိ
၂။ ပထမဈာ နသမ္ပတ္တိ	ဒိဋ္ဌဓမ္မနိဗ္ဗာနဒိဋ္ဌိ
၃။ ဒုတိယဈာနသမ္ပတ္တိ	ဒိဋ္ဌဓမ္မနိဗ္ဗာနဒိဋ္ဌိ
၄။ တတိယဈာနသမ္ပတ္တိ	ဒိဋ္ဌဓမ္မနိဗ္ဗာနဒိဋ္ဌိ
၅။ စတုတ္ထဈာနသမ္ပတ္တိ	ဒိဋ္ဌဓမ္မနိဗ္ဗာနဒိဋ္ဌိ

ဤ (၅)ပါးသော ဒိဋ္ဌိတို့သည်၊ မျက်မှောက်၌၊ ဒုက္ခငြိမ်းခြင်းသည်၊ နိဗ္ဗာန်ချမ်းသာမည်ဟု မိစ္ဆာအယူယူသောကြောင့်၊ (ဒိဓမ္မနိဗ္ဗာန၀ါဒ) တို့မည်ကုန်၏။

အထူးမှတ်သားရန်မှာ ထို ၅-ပါးတို့တွင်

၁။ ပထမဒီဋ္ဌကား၊ ကာမဘုံ၌ နှလုံးကိုပွားစေအပ်ကုန်သော မန္ဒာတုစကြာမင်း၊ ပရနိမ္မိတ ဝသဝတီနတ်မင်းကြီးတို့၏ ကာမဂုဏ်စည်းစိမ်ချမ်းသာနှင့် တူကုန်သော ရူပါရုံအစရှိသော ကာမဂုဏ် ၅-ပါးအစုတို့နှင့် တွယ်တာကပ်ငြိသည်ဖြစ်၍ ပြည့်စုံစွာ မေ့လျော့ခံစားရခြင်းသည် မျက်မှောက်သောဒုက္ခိုယ်၏အဖြစ်၌၊ နိဗ္ဗာန်သို့ရောက်၏ဟု ယူသည်။

၂။ ဒုတိယဒီဋ္ဌကား၊ ထိုထက် ပထမစျာန်နှင့်ပြည့်စုံသော ကိုယ်၏အဖြစ်သည်၊ ဒုက္ခငြိမ်းသော နိဗ္ဗာန်သို့ရောက်၏ဟု ယူသည်။

၃။ တတိယဒီဋ္ဌကား၊ ထို့ထက် ဒုတိယစျာန်နှင့်ပြည့်စုံသော ကိုယ်၏အဖြစ်သည်၊ ဒုက္ခငြိမ်းသော နိဗ္ဗာန်သို့ရောက်သည်၏ဟု ယူသည်။

၄။ စတုတ္ထဒီဋ္ဌကား၊ ထို့ထက် တတိယစျာန်နှင့် ပြည့်စုံသောသူ ငြိမ်းချမ်း၏ဟု ယူသည်။

၅။ ပဉ္စမဒီဋ္ဌကား၊ ထို့ထက် စတုတ္ထစျာန်နှင့်ပြည့်စုံသောသူ ငြိမ်းချမ်း၏ဟု ယူသည်။ ဤတွင် အပရန္တာနုဒီဋ္ဌိ (၄၄)ပါးပြီး၏။

ဤသို့ ဆိုအပ်ခဲ့ပြီးသော ပုဗ္ဗန္တာနုဒီဋ္ဌိ (၁၈)ပါး၊ အပရန္တာနုဒီဋ္ဌိ(၄၄)ပါးအား ဖြင့် (၆၂)ပါးသော ဒိဋ္ဌိတို့တွင် ဥစ္ဆေဒဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ အဓိစ္စသမုပ္ပန္နဒိဋ္ဌိတို့၌ ထိုက်သည်အား လျော်စွာ အကျုံးဝင်သော (ကရောတော နု ကင်္ခယတိ ပါပံ)ဟူ၍ ပါဏာတိပါတစသော မကောင်းမှုကံသည်မရှိ၊ ကုသိုလ်ကောင်းမှုကံသည်မရှိဟု ကံကိုမြစ်သော၊ ပုရာဏကဿပစသောသူတို့၏ အယူသည်၊ အဟေတုကဝါဒမည်၏။ ကုသိုလ် အကုသိုလ်ကို၏ အကျိုးမရှိ၊ သေလျှင်သတ္တဝါတို့သည် ပျောက်၏ဟု၊ ကံကိုလည်းကောင်း၊ ကံ၏အကျိုးကိုလည်းကောင်း မြစ်သော၊ မက္ခလိဂေါသာလစသောသူတို့၏ အယူသည်၊ နတ္ထိကဝါဒမည်၏။ ဤ ၃-ပါးသောဒိဋ္ဌိတို့သည်၊ ကမ္မပထမြောက်သော၊ နိယတမိစ္ဆာဒိဋ္ဌိတို့ မည်ကုန်၏။

သာမဏေတို့ကို လိင်ပြန်ရာသောအင်္ဂါကို ဟောတော်မူရာ၌၊ မိစ္ဆာဒိဋ္ဌိအယူသည်ကား၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိနှစ်ပါးတို့တွင် တပါးပါးကိုယူ၍ ဇစ္စန္ဓလိုသောသာမဏေကိုရည်၍ ဟောတော်မူ၏။ ထို့ကြောင့် ဝိနည်းမဟာဝါအဋ္ဌကထာ၌-

မိစ္ဆာဒိဋ္ဌိကေပိ သေဝနယော၊ သဿတုစ္ဆေဒါနံဟိ အညတရဒိဋ္ဌိကော ။လ။
အပဋိနိဿဇ္ဇန္တော၀ နာသေတဗ္ဗော ဟု၊ မိန့်တော်မူလေသည်။

၁၂၀၄-ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၀)ခုက်နေ့၌
ဤဒုဒိသင်္ဒီ ဒီဋ္ဌဘေဒ၊ ရေးသားပြီးသတည်း။

ဓောတိကာရုံ-၇၇ (စမ္မဒါန)

နိဂုံးချုပ်သာ

ဓနုဖြူမြို့၊ သဒ္ဓမ္မဇောတိကာရာမ၊ ပါဠိတက္ကဲသိုလ်တောင်ပေါ်ကျောင်းတိုက်ကြီး၏ ဦးစီးနာယက ဖြစ်တော်မူကြကုန်သော—

၁။ ပထမဆရာတော်–အရှင်နရိန္ဒာဘိသိရိပဝရ။

၂။ ဒုတိယဆရာတော်–အရှင်သိရိကောသလ္လာလင်္ကာရ။

၃။ တတိယဆရာတော်–အရှင်ဂုဏဝံသ။

၄။ စတုတ္ထဆရာတော်–အရှင်ဝိမလာနန္ဒ။

တို့သည် သိဟိုဠ်-မြန်မာ မြို့ရွာအသီးသီးတို့မှ မေးလျှောက်ကြသော ပြဿနာတို့ကို ထိုထိုပါဠိ၊ အဋ္ဌကထာ၊ ဋီကာအနု၊ ဂဏ္ဌိစုတို့မှ ထုတ်နုတ်၍ ဖြေဆိုရေးသားတော်မူကြလျက် လွန်ခဲ့သော နှစ်ပေါင်း (၈၀)ကျော် (၉၀)ခန့်က မမှဒါနအဖြစ် တကြိမ်ရိုက်နှိပ်ထုတ်ဝေသော ပျောက်ကွယ်လုမတတ်ရှိသော ဝိနိစ္ဆယအထွေထွေကို ဒုတိယဆရာတော်ဘုရားကြီး၏ တပည့်ရင်းဖြစ်သော ကွင်းကြီး-မဟာဗောဓိဆရာတော်သည် ကြီးစွာသော လုံ့လ၊ ပြင်းပြသော ဆန္ဒဖြင့် သုံးနှစ်နီးပါး ရှာဖွေစုစည်းလျက် တဖန်ဆန်းသစ် ပြုစုအပ်သော (ဇောတိကာရုံ-ဝိနိစ္ဆယပေါင်းချုပ်) စာအုပ်ကြီးသည် ၁၃၄၇-ခုနှစ်၊ တော်သလင်းလဆုတ် ၉-ရက်၊ ဗုဒ္ဓဟူးနေ့တွင် နိဂုံးကမ္မတ်အပြီးသတ်ပါသဖြင့် လောကီ-လောကုတ္တရာအကျိုးကို ရှာမှီးလိုသူ ရဟန်းရှင်လူတို့သည် ကြည်ဖြူဝမ်းမြောက်စွာဖြင့် လေ့လာမှတ်သားနိုင်ကြပါစေကုန်သတည်း။

ဤတွင် ဇောတိကာရုံ ဝိနိစ္ဆယပေါင်းချုပ် ပထမတွဲပြီး၏။



သဒ္ဓမ္မဇောတိကာရာမ

တတိယ

ဆရာတော်ဘုရားပို့



သဒ္ဓမ္မဇောတိကာရာမ

စတုတ္ထ

ဆရာတော်ဘုရားပို့

၁၂၇၃-ခုနှစ်တွင်

ဓနုဖြူမြို့

သဒ္ဓမ္မဇောတိကာဂရုမတိုက်၌

သီတင်းသုံးတော်မူသော

ဆရာတော်ဘုရားကြီး၏တပည့်၊ တတိယဆရာတော်

အရှင်ဂုဏဝံသ ဧရုသားသော

သံဝါသာဒိပကာသနီကျမ်း

လျှောက်ထားတောင်းပန်လျှာ

"ကွမ်းခြံကုန်းမြို့နယ် ကသစ်ကုန်းရွာနေ တပည့်ဒါယကာကြီး-ငယ် အပေါင်းတို့က ရိုသေစွာ လျှောက်ထားတောင်းပန်ဝံ့ပါသည် အရှင်သူမြတ်ဘုရား။"

"သာသနာ့ပရိဟာနိဝိသ့ာ အာဘိဝုဏ်ဝံ ဝါယမတိ" ဟုလာရှိသောဥပါသကာဂုဏ်နှင့် အညီ ဘုရားသာသနာ ဩဝါဒဒေသနာတော်သည် မပေါ်တိမ်မြုပ် ဆုတ်ယုတ်မည့်အရေးကို မြော်တွေးကြောင့်ကြ၍ လျှောက်ထားရပါသည်။

"အလင်္ဂီဒုဿီလ ဒုဗ္ဘဂရဟန်းတို့နှင့်အတူတက္ခ တသိမ်တည်း၌ ဥပေါသထစသော သံဃကံကိုပြုခြင်းငှာ လင်္ဂီရဟန်းကောင်းတို့အား အပ်မည် မအပ်မည်၊ အလျှုမကျွေပ် စသည်တို့၌ အတူတက္ခ ပရိတ်ရွတ်အပ် မရွတ်အပ်၊ ထိုနှစ်ရပ်ကုန်သော ပုစ္ဆာတို့၏ ဝိသဇ္ဇနာကို လွန်စွာသိလိုလျှပါ၍ ယထာဓမ္မ၊ ယထာဝိနယ၊ ဓမ္မလမ်းမှန် ကျမ်းဂန်အရှိကို နှိုင်းယှဉ်ထောက်ထား၍ ဝိသဇ္ဇနာစကားကို ရေးသားချီးမြှင့်တော်မူပါမည့်အကြောင်းကို လျှောက်ထားဝံ့ပါသည် အရှင်သူမြတ်ဘုရား"။

ကသစ်ကုန်းရွာ

ဒါယကာကြီးငယ်များ

ပဏာမဂန္ထာရမ္ဘ

(၁) ဝိဘင်္ဂဝါဒိံ သမ္ဗုဒ္ဓံ၊ ဓမ္မံ သမ္ဗုဒ္ဓ ပူဇိတံ။
သံဃဉ္စ သောရသံ ခေတ္တံ၊ သဒ္ဓဒရံ ပနမာမျဟံ။

ဤကား သြဇောသုဇောနသိန္ဓုတော တမေဝ ဝိပရိတာဒိ ဟူသော ဂုတ္တောဒယလက္ခဏာနှင့် အညီ ရေးစီအပ်သော ဂန္ထာရမ္ဘ ရတနတ္တယပဏာမကိုပြုရာ မကာရဝိပုလာဂါထာ။

(၂) ဝိနယာစာရ သမ္ပန္နံ၊ အာစေရံ ဂတိမိတိမံ။
သာသနဇ္ဇောတနက္ကာမံ၊ မဟာထေရံ သုမာနသံ။

(၃) ဝိသုဒ္ဓမတိကာ မေဟိ၊ သန္တေဟိ အဘိယာစိတော။
ရစယိဿံ သမာသေန၊ သံဝါသဝိဗကာသနိ'။

ဤကား သမေသု သိန္နုတောဇေန၊ ပတျာဝတ္တံ ပကိတ္တိဘံ ဟူသော ဝုတ္တောဒယလက္ခဏာနှင့်အညီ ရေးစီအပ်သော ဂရုပဏာမ အဘိဓေယျ၊ ကရဏပုကာရ၊ ပကရဏာဘိဓာန၊ ပယောဇဉ် ပဋိညာဉ်တို့ကို ပြဆိုရာ ပဇျောဝတ္တာနုစ်ဂါထာ။

အဟံ၊ ငါသည်။ ဝိဘင်္ဂဝါဒိ'၊ ကိရိယ-အကိရိယ၊ သာဝဇ္ဇ-အနာဝဇ္ဇ၊ ကဏှ-သုက္က စသည်ဆင့်ပွားတရားများကို ခွဲခြားဝေဖန်၍ ဟောတော်မူလေ့ရှိသော။ ဝါ၊ ခပ်သိမ်းဥဿုံ အလုံးစုံသော တရားတို့ကို ကြောင်းကျိုးနှစ်ပါးဖြင့် ခွဲခြားဝေဖန်၍ ဟောတော်မူလေ့ရှိထသော။ သမ္မုဒ္ဓ၌၊ သစ္စာလေးဖြာ၊ ညေယျဉေးပေါ် တရားမြတ်တို့ကို မဂ်ဉာဏ်-ဖိုလ်ဉာဏ်၊ သဗ္ဗညုတ ဉာဏ်တို့ဖြင့် အမှန်သိတော်မူသော မြတ်စွာဘုရားကိုလည်း၊ သွာဒရံ-သုအာဒရံ၊ အလွန်ရိုသေစွာ။ ပနမာမိ၊ အပြားအာ ဖြင့် ညွတ်တွားကြည်ညိုစွာ ရှိခိုးပါ၏။ ပနမိတ္ဝာ၊ ရိုသေညွတ်နူးရှိခိုးဦး၍။ သမ္မုဒ္ဓပူဇိတံ၊ မြတ်စွာဘုရားတို့သည် ပူဇော်အပ်တော်မူထသော။ မေဉ္ဇ၊ မဂ်ဖိုလ်နိဗ္ဗာန် သုံးတန် ပရိယတ် တရားမြတ်ကိုလည်း။ သွာဒရံ-သုအာဒရံ၊ အလွန်ရိုသေစွာ။ ပနမာမိ၊ ရှိခိုးပါ၏။ ပနမိတ္ဝာ၊ ရှိခိုးပြီး၍။ အဿ သမ္မာသမ္မုဒ္ဓဿ၊ ထိုမြတ်ဘုရား၏။ သြရသံ၊ ရှေရင်တော်နှစ် သားတော်စစ်ဖြစ်တော်မူသော။ ခေတ္တံ၊ ကောင်းမှုတည်းဟူသော မျိုးစေ့တို့၏ စိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ်ဖြစ်ထသော။ သံဃဉ္စ၊ ရှစ်ကိုးနှစ်ဖြာ မြတ်သံဃာကိုလည်း။ သွာဒရံ-သုအာဒရံ၊ အလွန်ရိုသေစွာ။ ပနမာမိ၊ ရှိခိုးပါ၏။ ပနမိတ္ဝာ၊ ရှိခိုးပြီး၍။ ဝိနယာစာရသမ္ပန္နံ၊ ဝါရိတ္တသီလ၊ စာရိတ္တသီလနှင့် ပြည့်စုံတော်မူထသော။ ဝါ၊ ပါတိမောက္ခသံဝရသီလစသော သံဝရဝိနည်း။ သမဏသာရုပ္ပစာရ ဟု ဆိုအပ်သော အာစာရတို့နှင့် ပြည့်စုံတော်မူထသော။ ဂတိဂိတိမံ၊ ပညာသမာဓိ ရှိတော်မူထသော။ သာသနဇ္ဇောတနက္ကာမံ၊ ဘုရားသာသနာ ရောင်ဝါ ထိန်ဝင်း ထွန်းလင်းတောက်ပခြင်းကို လွန်စွာအလိုရှိတော်မူထသော။ မဟာထေရံ၊ မဟာ ထေရ်တော်ကြီးလည်း ဖြစ်တော်မူထသော။ သုမာနသံ၊ ခန္ဓိ-ဒယ-မေတ္တာစသော တရားတို့ဖြင့် မြိန်ရှံအပ်သော၊ ကောင်းမြတ်သောစိတ် ရှိတော်မူထသော။ အာစေရဉ္စ၊ ငါ၏ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကိုလည်း။ သွာဒရံ-သုအာဒရံ၊ အလွန်ရိုသေစွာ။ ပနမာမိ၊ အပြားအားဖြင့် ညွတ်ဘွားကြွသို့ဘွာ ရှိခိုးပါ၏။ ပနမိတ္ဝာ၊ ရှိခိုးပြီး၍။ ဝိသုဒ္ဓမတိကာဒမဟိ၊ မိမိ-သူတပါး ဘုရားသာသနာ စင်ကြယ်ရာကို လွန်စွာလိုလားကြောက်နှံသော။ သန္တေဟိ၊ သူတော်ကောင်းတို့ သည်။ အဘိယာစိတော၊ အလွန်ရိုသေစွာ တောင်းပန်အပ်သည်ဖြစ်၍။ ဝါ၊ တောင်းပန်အပ် သောကြောင့်။ ဝါ၊ တောင်းပန်အပ်သော။ အဟံ၊ ငါသည်။ သံဝါသာဒိဗကာသနိ'၊ သံဝါသ စသည်ကို ဖွင့်ပြကြောင်းဖြစ်သော (သံဝါသပကာသနီ)အမည်ရှိသော ကျမ်းကို။ သမာသေန၊ အကျဉ်းအားဖြင့်။ ရစယိဿံ၊ ရေးစီရင်အံ့။ ဤကား ယောဇနာတည်း။

ဤသည်လျှင် အန္တရာယ ဝိသောဓနစသည် အကျိုးရှိသော ရတနတ္တယပဏာမ စသည်ကို ဆိုရာ စကားတရပ် အပြီးသတ်သတည်း။

ဥယျောဇဉ်ကို ဖြခြင်း

(၄) ဣတောပရံပဝက္ခာမိ၊ ပါဠိအာဒိသု အာဂတံ။
အတ္ထံ တုလိယ ပညာယ၊ နိဿာယ နိစ္ဆယံသုကံ။

(၅) တံပဿန္တော သန္တောဓိရာ၊ သိက္ခန္တော သုသမာဟိတာ။
ယထာတထံ ပကာသေန္တော၊ ရက္ခန္တော ဗုဒ္ဓသာသနံ။

ဤကား မိမိ-သူတပါး ဘုရားသာသနာ စင်ကြယ်စွာတိုးပွားး အကျိုးများစေရန် ရည်သန်တိုက်တွန်းအပ်သော ဥယျောဇဉ် နှစ်ဂါထာတည်း။

ဣတော၊ ဤရတနတ္တယ စသည်ကို ပြဆိုပြီးသည်မှ။ ပရံ၊ နောက်၌။ ပါဠိအာဒိသု၊ ပါဠိတော် စသည်တို့၌။ အာဂတံ၊ လာခဲသော။ အတ္ထံ၊ သဒ္ဒတ္ထစသည်ကို။ ပညာယ၊ ရရှိသမျှ သုတမယပညာဖြင့်။ တုလိယစ၊ ရှေ့နောက်စကား ကျမ်းတပါးတို့နှင့် ထောက်ထား နှိုင်းချိန်၍ လည်းကောင်း။ အာစရိယာနံ၊ ဆရာမြတ်တို့၏။ နယံ၊ နည်းကို။ နိဿာယစ၊ အမှီပြု၍လည်းကောင်း။ သုဘံ၊ တင့်တယ်ကောင်းမြတ်သော။ ယံ ဝိနိစ္ဆယံ၊ အကြင်အဆုံးအဖြတ်ကို။ ပဝက္ခာမိ၊ မှတ်ပါစေကျင့်ပါစေဟု စေ့ရေဆင့်ပွား နှလုံးထာ ဖြင့် ရေးသားဖွင့်ဆိုပါအံ့။

တံ ဝိနိစ္ဆယံ၊ ထိုအဆုံးအဖြတ်ကို။ မိရာ၊ ပညာရှိကုန်သော။ သန္တော၊ သူတော်ကောင်းတို့သည်။ ပဿန္တော၊ စေ့စေ့ငုငု သတိပြု၍ ကြည့်ရှုတော်မူကြပါစေကုန်သတည်း။ ပဿိတ္ဝာ၊ ကြည့်ရှုတော်မူကြကုန်ပြီး၍။ ယထာတထံ၊ ဝိနည်းတော်၌ ဖွင့်ဖော်ချင့်နှိုင်း လာသည့်အတိုင်းကို။ သုသမာဟိတာ၊ ကောင်းစွာတည်ကြည်ခြင်း ရှိကြကုန်သည်ဖြစ်၍။ သိက္ခန္တော၊ တသက်တာလျာမဲ့ညှာပဲ့ ကောင်းစွာကျင့်ကြံတော်မူနိုင်ကြပါစေကုန်သတည်း။ သိက္ခိတ္ဝာ၊ ကောင်းစွာကျင့်ကြံတော်မူကုန်ပြီး၍။ ယထာတထာ၊ ဟုတ်မှန်သောအတိုင်း။ ပကာသေန္တော၊ သူတော်ကောင်းတရားလွန်ပြန့်ပွားအောင် ဟောကြားပြသတော်မူနိုင်ကြပါစေကုန်သတည်း။ ပကာသေတ္ဝာ၊ ဟောကြားပြသတော်မူကြကုန်၍။ ဗုဒ္ဓသာသနံ၊ ဘုရားသာသနာတော်ကို။ ရက္ခန္တော၊ တနေ့တခြားလွန်စည်ကားအောင် ကြိုးစား၍ စောင့်ရှောက်တော်မူနိုင်ကြပါစေကုန်သတည်း။ ဤသို့-ပါဠိသေသနှင့်ယောဇနာ။

ဒေသနာသုံးရပ်တို့တွင် ဝိနည်းပညတ်ဒေသနာတော်သည် အလုံးစုံသော လူ-နွှင်-ရဟန်းတို့၏ အာဇီဝပါရိသုဒ္ဓိ အဆုံးရှိသော အဓိသီလသိက္ခာ သံဝရအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပေ၏။ ထိုသံဝရသီလသည်လည်း နှလုံးသာနှင် ကြည်လင်ခြင်းဟု ဆိုအပ်သော အဝိပ္ပဋိသာရသည် အာနုဘော်သော ပီတိဟု ဆိုအပ်ဘော ပါမုဇ္ဇအား။ ပါမုဇ္ဇသည် အားကြီးသော ဗလဝပီတိအား ပီတိသည် ကိုယ်စိတ်နှစ်ပါးငြိမ်းခြင်းဟု ဆိုအပ်သော ပဿဒ္ဓိအား၊

ပဿဒ္ဓိသည် ကိုယ်-စိတ်နှစ်ပါး ချမ်းသာခြင်းဟု ဆိုအပ်သော သုခအား၊ သုခသည် စိတ်တည် ကြည်ခြင်းဟု ဆိုအပ်သောသမာဓိအား၊ သမာဓိသည် ဉဒယဗ္ဗယ်ညာဏ်ဟု ဆိုအပ်သော တရုဏ ဝိပဿနာ ယထာဘူတညာဏ်အား၊ ယထာဘူတညာဏ်သည် အထွတ်အထိပ်သို့ရောက်သော ဝုဋ္ဌာန ဂါမိနီ ဗလဝဝိပဿနာနိဗ္ဗိဒါညာဏ်အား နိဗ္ဗိဒါညာဏ်သည် အရိယမဂ်ဟုဆိုအပ်သော ဝိရာဂအား၊ ဝိရာဂသည် အရဟတ္တဖိုလ်ဟု ဆိုအပ်သော ဝိမုတ္တိအား၊ ဝိမုတ္တိသည် ပစ္စဝေက္ခဏာညာဏ်ဟု ဆိုအပ်သော ဝိမုတ္တိညာဏဒဿနညာဏ်အား၊ ဝိမုတ္တိညာဏဒဿနညာဏ်သည် ပရိနိဗ္ဗာန်အား၊ ယထာရဟ ညပနိဿယသတ္တိဖြင့် ကျေးဇူးပြုပေ၏။ ထို့ကြောင့်-

ဝိနယော သံဝရတ္ထာယ၊ သံဝရော အဝိပ္ပဋိသာရတ္ထာယ၊ အဝိပ္ပဋိသာရော ပါမုဇ္ဇတ္ထာယ၊ ပါမုဇ္ဇံ ပီတတ္ထာယ၊ ပီတိ ပဿဒ္ဓတ္ထာယ၊ ပဿဒ္ဓိ သုခတ္ထာယ၊ သုခံသမာဓတ္ထာယ၊ သမာဓိ ယထာဘူတညာဏဒဿနတ္ထာယ၊ ယထာဘူတညာဏံ နိဗ္ဗိဒတ္ထာ ယ၊ နိဗ္ဗိဒါ ဝိရာဂတ္ထာယ၊ ဝိရောဂေါ ဝိမုတ္တတ္ထာယ၊ ဝိမုတ္တိ ဝိမုတ္တိညာဏဒဿနတ္ထာယ၊ ဝိမုတ္တိညာဏဒဿနံ အနုပါဒိသေသ ပရိနိဗ္ဗာနတ္ထာယ-

ဟု ပရိဝါပါဋိတော်၊ စူဠသင်္ဂါမခန်းဌ် ဟောတော်မူ၏။

ဝိနယော၊ ဝိနည်းပညတ်တော်သည်။ သံဝရတ္ထာယ၊ ကာယဒ္ဒါရ၊ ဝစီဒ္ဒါရကို စောင့် ရှောက်ခြင်းငှာ။ ဟောတိ၊ ဖြစ်၏။ သံဝရော၊ ကာယဒ္ဒါရ ဝစီဒ္ဒါရကို စောင့်ရှောက်ခြင်းသည်။ အဝိပ္ပဋိသာရတ္ထာယ၊ စိတ်၏သာရှင် ကြည်လင်စွာရှိခြင်းအကျိုးငှာ။ ဟောတိ၊ ဖြစ်၏။ အဝိပ္ပဋိ-သာရော၊ နှလုံးသာရှင် ကြည်လင်ခြင်းသည်။ ပါမုဇ္ဇတ္ထာယ၊ ဒုဗ္ဗလတရုဏပီတိအကျိုးငှာ။ ဟော တိ၊ ဖြစ်၏။ ပါမုဇ္ဇံ၊ တရုဏပီတိသည်။ ပီတတ္ထာယ၊ အားကြီးသော ဗလဝပီတိဖြစ်စေခြင်း အကျိုးငှာ။ ဟောတိ၊ ဖြစ်၏။ ပီတိ၊ ဗလဝပီတိသည်။ ပဿဒ္ဓတ္ထာယ၊ ကိုယ်-စိတ်တို့၏ ပူပန် ခြင်းမှ ငြိမ်းခြင်းအကျိုးငှာ။ ဟောတိ၊ ဖြစ်၏။ ပဿဒ္ဓိ၊ ကိုယ်-စိတ်နှစ်ပါးတို့၏ ငြိမ်းခြင်းသည်။ သုခတ္ထာယ၊ ကာယိကသုခ-စေတသိကသုခ ဖြစ်ခြင်းအကျိုးငှာ။ ဟောတိ၊ ဖြစ်၏။ သုခံ၊ ကိုယ်-စိတ်နှစ်ပါးတို့၏ ချမ်းသာခြင်းသည်။ သမာဓတ္ထာယ၊ စိတ္တေကဂ္ဂတာအကျိုးငှာ။ ဟောတိ၊ ဖြစ်၏။ သမာဓိ၊ စိတ်၏တည်ကြည်ခြင်းသည်။ ယထာဘူတဉာဏဒဿနတ္ထာယ၊ တရုဏဝိပဿနာတည်း ဟူသော ဉဒယဗ္ဗယညာဏ်ဖြစ်ခြင်းအကျိုးငှာ။ ဟောတိ၊ ဖြစ်၏။ ယထာ ဘူတညာဏဒဿနံ၊ ယထာဘူတညာဏ်အမြင်သည်။ နိဗ္ဗိဒတ္ထာယ၊ အထွတ်အထိပ်သို့ရောက်သော ဝုဋ္ဌာနဂါမိ ဗလဝ ဝိပဿနာအကျိုးငှာ။ ဟောတိ၊ ဖြစ်၏။ နိဗ္ဗိဒါငြီးငွေ့ခြင်းသည်။ ဝိရာဂတ္ထာယ၊ အရိယမဂ် ဖြစ်ခြင်းအကျိုးငှာ။ ဟောတိ၊ ဖြစ်၏။ ဝိရောဂေါ၊ အရိယမဂ်လေးပါးသည်။ ဝိမုတ္တတ္ထာယ၊ အရဟတ္တဖိုလ်အကျိုးငှာ။ ဟောတိ၊ ဖြစ်၏။ ဝိမုတ္တိ၊ အရဟတ္တဖိုလ်သည်၊ ဝိမုတ္တိညာဏဒဿနတ္ထာယ၊ ပစ္စဝေက္ခဏာညာဏ်အကျိုးငှာ။ ဟောတိ၊ ဖြစ်၏။ ဝိမုတ္တိညာဏဒဿနံ၊ ပစ္စဝေက္ခဏာညာဏ်သည်။ အနုပါဒိသေသနိဗ္ဗာနတ္ထာယ၊ အကြွင်းကင်းသော အနုပါဒိသေသနိဗ္ဗာန်အကျိုးငှာ။ ဟောတိ၊ ဖြစ်၏။ ဤသို့ အဋ္ဌကထာနှင့်အညီ ယောဇနာလေ။

ဤသို့ဟောတော်မူအပ်သော ပရိဝါပါဠိတော်မြတ် ဒေသနာတော်ကို ထောက်သဖြင့် သံသရာဘေးဘျမ်း ဒုက္ခခန်းသော နန်းအသင်္ခတ ရောက်လိုကြသူ ရဟန်း-ရှင်-လူ သူတော်ကောင်း အပေါင်းတို့သည် သံဝရသီလအစ၊ အနုပါဒိ သေသအဆုံးရှိသော အကျိုးတို့ကိုဖြစ်စေခြင်းငှာ စွမ်းနိုင်သော သာသနာတော်၏မူလ၊ သာသနာတော်၏အသက်ပမာ ဝိနည်းဒေသနာတော်ကို သင်နာဆောင်ရွက် လေ့ကျက်မှတ်သား ပွားများဆည်းပူး အထူးအားထုတ်အပ်ပေသတည်း။ လူနတ်နိဗ္ဗာန် သုံးတန်သော သမ္မတ္တိတရားတို့ကို ပယ်ရှားဖျက်ဆီးတတ်သော ဝိနည်းတရားကို လူတို့ မသင်၊ မနာကောင်းဟူသောစကားကို မမှတ်သားအပ်ကုန်။ ထိုကြောင့် ယခုပြဆိုလတ္တံ့သော ဝိနည်းနှင့်သက်ဆိုင်သော အဆုံးအဖြတ်တို့ကို သင်နာလေ့ကျက် ဆောင်ရွက်မှတ်သားလျက် သာသနာတော်၌ မလျော်သင့်သောအယူကိုပယ်ရှား၍ သမ္မတ္တိသုံးပါး ပွားများစေကြကုန်ရာသတည်း။ ဤကား ဥယျောဇဉ်တည်း။

(၃) အလင်္ဃီဒုဿီလ ဒုဗ္ဗစ ရဟန်းတို့နှင့်အတူတကွ တသိမ်တည်း၌ ဥပေါသထကမ္မစသော သံဃကံကို ပြုခြင်းငှာ လင်္ဃီရဟန်းကောင်းတို့အား အပ်မည်-မအပ်မည်ကို သေချာစွာသိလိုပါသည်ဟု ၃ ပါယကာတို့ မေးလျောက်အပ်သော ပထမပုစ္ဆာတရပ်။

(၂) အလ္လမဏ္ဍပ်စသည်တို့၌ ထိုအလင်္ဃီဒုဿီလစသော ရဟန်းတို့နှင့်အတူတကွ ပရိတ်ရွတ်အပ်-မအပ်ကို အမှန်အကန်သိလိုပါသည်ဟု ၈ ပါယကာတို့ မေးလျောက်အပ်သော ဒုတိယပုစ္ဆာတရပ်။

ဤနှစ်ရပ်သော ပုစ္ဆာတို့တွင် ရှေးဦးစွာ ပထမပုစ္ဆာ၏ အဖြေဝိသဇ္ဇနာကို ပါဠို၊ အဋ္ဌကထာ၊ ဋီကာကျမ်းဂန်တို့နှင့် ညီညွတ်စွာညှိနှိုင်း၍ သခ်ပ-ဝိတ္ထာရ နှစ်ရပ်တို့ဖြင့် ဧရင်ရေးသားပေအံ့။

ပထမပုစ္ဆာ၏ သခ်ပဝိသဇ္ဇနာကို ပြခြင်း

အာမိသသမ္ဘော ဂေါနာမ အာမိသံ ဒေတိဝါ ပဋိဂ္ဂဏှာတိဝါ၊ အာပတ္တိ ပါစိတ္တိယဿ။ (ဥက္ခိတ္တာသမ္ဘောဂ သိက္ခာပုဒ်-ပဒဘာဇနီ)။

အာမိသ သမ္ဘောဂေါနာမ၊ အာမိသ သမ္ဘောဂမည်သည်ကား။ အာမိသံ၊ ဆွမ်းသင်္ကန်းစသော အာမိသကို။ ဒေတိဝါ၊ ပေးမူလည်း ပေး၏။ ပဋိဂ္ဂဏှာတိဝါ၊ ခံယူမူလည်း ခံယူ၏။ ပါစိတ္တိယဿ၊ ပါစိတ်အာပတ်သို့။ အာပတ္တိ၊ ရောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဤကား အနက်။

ဥက္ခိတ္တကရဟန်းအား၊ ဆွမ်းသင်္ကန်းစသော အာမိသကို မိမိကမူလည်း ပေးငြားအံ့၊ သူပေးသည်ကိုမူလည်း မိမိက ခံယူငြားအံ့။ ပါစိတ်အာပတ်သင့်သည်ဟု ဟောတော်မူခြင်းတရပ်။

ဓမ္မသမ္ဘော ဂေါနာမ ဥဒ္ဒိသတိဝါ ဥဒ္ဒိသာပေတိ၊ ဝါ၊ ပဒေနဥဒ္ဒိသတိ၊ ပဒေပဒေ အာပတ္တိ ပါစိတ္တိယဿ။ (ယင်းသိက္ခာပုဒ် ပုဒ္ဒဘာဇနီပါဠိတော်ပင်။)

ဇောတိကာရီ-၇၀ (ဓမ္မဒါန)

ဓမ္မသမ္ဘောဂေါနံဒမ၊ ဓမ္မသမ္ဘောဂမည်သည်ကား။ ဥဒ္ဒိသတိဝါ၊ ဥက္ခိတ္တက ရဟန်းအား ပရိယတ္တိဓမ္မကို ပို့ချပြားအံ့။ ဥဒ္ဒိသာပေတိဝါ၊ သူ့ကိုလည်း ပို့ချစေပြားအံ့။ ပဒေန၊ ပုဒ်ဖြင့်။ ဥဒ္ဒိသတိ၊ ပို့ချသင်ယူ၏။ ပဒေပဒေ၊ ပုဒ်တိုင်း ပုဒ်တိုင်း။ ပါစိတ္တိယဿ၊ ပါစိတ်အာပတ်သို့၊ အာပတ္တိ၊ ရောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဤကားအနက်။

မိမိကမူလည်း ပရိယတ္တိဓမ္မကို ဥက္ခိတ္တက ရဟန်းအား ပို့ချပြားအံ့။ သူ့ကိုမူလည်း ပို့ချစေပြားအံ့။ ဝါ၊ သူ့ထံမှလည်း သင်ယူပြားအံ့။ ပါစိတ် အာပတ်သင့်၏။ ပုဒ်အက္ခရာတို့ဖြင့် ပို့ချပြားအံ့။ ပုဒ်အက္ခရာတိုင်း ပါစိတ်အာပတ် သင့်၏ဟု ဟောတော်မူသည် တခုက်။ ဤသမ္ဘောဂအရာ၌ သမ္ဘောဂပြုဆဲ ပယောဂတိုင်း ဒုက္ကဋ်အာပတ်သင့်၏။ ပြီးလျှင် ပါစိတ်အာပတ် သင့်သည်ဟုမှတ်။

သံဝါသေယျန္တိ ဥက္ခိတ္တာ ကေန သဒ္ဓိံ ဥပေါသထံဝါ ပဝါရဏံဝါ သံဃကမ္မံဝါ ကရောတိ၊ အာပတ္တိ ပါစိတ္တိယဿ။ (ယင်း ပဒဘာဇနီ ပါဠိတော်ပင်)။

သံဝါသေယျန္တိ ဥက္ခိတ္တာ သံ ဝါသေယျ ဟူသည်ကား။ ဥက္ခိတ္တာတေန၊ ဥက္ခိတ္တကရဟန်းနှင့်။ သဒ္ဓိံ၊ တကွ။ ဥပေါသထံဝါ၊ဥပုသ်ကံကိုလည်းကောင်း။ ပဝါရဏံဝါ၊ ပဝါရဏာကံကိုလည်းကောင်း။ သံဃကမ္မံဝါ၊ ကြွင်းသော သံဃကံ ကိုလည်းကောင်း။ ကရောတိ၊ ပြု၏။ ပါစိတ္တိယဿ၊ ပါစိတ်အာပတ်သို့။ အာပတ္တိ၊ ရောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဤကား အနက်။

ဥက္ခိတ္တကရဟန်းနှင့်အတူတကွ ဥပုသ်ကံ စသောသံဃကံကို ပြုခြင်းကြောင့် ပါစိတ်အာပတ်သင့်၏ဟု ဟောတော်မူသည် တရပ်။ သဟသေယ္ယကား ထင်ရှား၏။

ဤသို့ ဥက္ခိတ္တကရဟန်းနှင့် အာမိသ သမ္ဘောဂ ဓမ္မသမ္ဘောဂ သံဃကံဟု ဆိုအပ်သော သံဝါသကို ဥက္ခိတ္တက သမ္ဘောဂ သိက္ခာပုဒ်၊ ပဒဘာဇနီ၌ ပါဠိတ်အရ ဟောတော်မူအပ်သည်သို့ အလင်္ကာပရိဘောဂကိုပြုရာ၌ ထိုအာမိသ သမ္ဘောဂ၊ဓမ္မသမ္ဘောဂ၊သံဃကံဟု ဆိုအပ်သော သံဝါသကိုလည်း အလင်္ကာ ဂရိဘောဂဒုက္ကဋ်အရာယူအပ်သောကြောင့် အလင်္ကာဒုဗ္ဗဏ္ဏကံဒုဗ္ဗစ ရဟန်းတို့နှင့် အာမိသ သမ္ဘောဂ၊ ဓမ္မသမ္ဘောဂ၊ ဥပုသ်ကံစသော သံဃကံသံဝါသကို လင်္ကာရဟန်းတို့သည် အတူတကွ မပြုအပ်။ ဒုက္ကဋ်အာပတ် အပြစ်ရှိ၏ဟူ၍ သခေါပဝိသင်္ခနာ မှတ်ယူအပ်၏။ ဤကား သခေါပဝိသင်္ခနာတည်း။

ပထမပုဆွာ၏ အကျယ်ဝိသင်္ခနာကို ပြခြင်း၊

ထိုအကျဉ်း သခေါပဝိသင်္ခနာကို ပေါလုံထင်ရှားစေခြင်းငှာ သံဝါသ သမ္ဘောဂ ပရိဘောဂတို့နှင့် စပ်ဟပ်နှိုးနှောအပ်သော အကျယ်ဖြစ်သော ဝိသင်္ခနာကို ဤဆိုလတ္တံ့သော်စကား၊ အစဉ်ဖြင့် သိအပ်၏။

ထို သံဝါသ သမ္ဘောဂ ပရိဘောဂတို့တွင် သံဝါသ၏ သရုပ်ကို ပါရာဇိကဏ် ပါဠိတော်၌ သံဝါသောနာမ ဧကကမ္မံ ဧကုဒ္ဒေသောသမ သိက္ခတာ) ဟုဟောတော်မူသည်။

သံဝါသောနာမ၊ သံဝါသ မည်သည်ကား ဧကကမ္မံ၊ ဧကကမ္မ သံဝါသလည်းကောင်း။ ဧကုဒ္ဒေသော၊ ဧကုဒ္ဒေသ သံဝါသလည်းကောင်း။ သမသိက္ခတာ၊ သမသိက္ခတာသံဝါသလည်းကောင်း။ ဤကား ပါဠိတော်၏ အနက်။

ဤသို့ ပါဠိတော်၌ ဟောတော်မူအပ်သည်နှင့်အညီ ဧကကမ္မသံဝါသ၊ ကုဒ္ဒေသသံဝါသ၊ သမသိက္ခတာသံဝါသဟု သံဝါသ သရုပ်ကို မှတ်အပ်၏။

ထိုသုံးပါးကုန်သော သံဝါသတို့တွင် ဧကကမ္မ၏ လက္ခဏာကို ယင်းအဖွင့်ပါရာဇိကဏ် အဋ္ဌကထာ၌-စတုဗ္ဗိဓမ္မိ သံဃကမ္မံ သိမာပရိစ္ဆိန္နေဟိ ပကတတ္တေဟိ ဘိက္ခုဟိ ဧကတော ကတ္တာဗ္ဗတ္တာ ဧကကမ္မံနာမ ဟု ဖွင့်ပြတော်မူ၏။

စတုဗ္ဗိဓမ္မိ၊ လေးပါးအပြားရှိသည်လည်း ဖြစ်သော။ သံဃကမ္မံ၊ သံဃကံသည်။ သိမာပရိစ္ဆိန္နေဟိ၊ သိမ်ဖြင့်ပိုင်းခြားအပ်ကုန်သော။ ပကတတ္တေဟိ။ ပကတတ်ဖြစ်ကုန်သော။ ဘိက္ခုဟိ၊ ရဟန်းတို့သည်။ ဧကတော၊ တပေါင်းတည်း။ ကတ္တာဗ္ဗတ္တာ၊ ပြုအပ်သည်၏ အဖြစ်ကြောင့်။ ဧကုဒ္ဒေသောနာမ၊ ကုဒ္ဒေသမည်၏။ ဤကား အဋ္ဌကထာအနက်။

ဤသို့အဋ္ဌကထာ ဖွင့်ပြတော်မူအပ်သည်နှင့်အညီ သိမ်ဖြင့် ပိုင်းခြားအပ်ကုန်သော ပကတတ်ရဟန်းတို့သည် တပေါင်းတည်းပြုအပ်သော လေးဖြာအပြားရှိသည် လည်းဖြစ်သော သံဃကံသည်။ ဧကကမ္မ မည်၏ဟု မှတ်အပ်၏။ ဤကား ဧကကမ္မလက္ခဏာတည်း။

ထိုသုံးပါးတို့တွင် ဧကုဒ္ဒေသ၏ လက္ခဏာကို ယင်းအဋ္ဌကထာ၌ပင် တထာပဋ္ဌဝိဓောပိ ပါတိမောက္ခုဒ္ဒေသော ဧကတော ဥဒ္ဒိသိတဗ္ဗတ္တာ ဧကုဒ္ဒေသောနာမ ဟု ဖွင့်ပြတော်မူသည်။

ပဋ္ဌဝိဓော၊ ငါးပါးအပြား ရှိသည်လည်းဖြစ်သော။ ပါတိမောက္ခုဒ္ဒေသော၊ ပါတိမောက္ခုဒ္ဒေသည်၊ တထာ၊ ထို့အတူ။ သိမာပရိစ္ဆိန္နေဟိ၊ သိမ်ဖြင့် ပိုင်းခြားအပ်ကုန်သော။ ပကတတ္တေဟိ၊ ပကတတ်ဖြစ်ကုန်သော။ ဘိက္ခုဟိ၊ ရဟန်းတို့သည်။ ဧကတော၊ တပေါင်းတည်း။ ကတ္တာဗ္ဗတ္တာ၊ ပြုအပ်သည်၏အဖြစ်ကြောင့်။ ဧကုဒ္ဒေသောနာမ၊ ကုဒ္ဒေသမည်၏။ ဤကား အဋ္ဌကထာအနက်။

ဤသို့ အဋ္ဌကထာဆရာမြတ် ဖွင့်ပြအပ်သည်နှင့်အညီသိမ်ဖြင့် ပိုင်းခြားအပ်ကုန်သော ပကတတ်ရဟန်းတို့သည် အချင်းချင်း ကာယသာမဂ္ဂိကိုပေး၍ တပေါင်းတည်းပြုအပ်သော ငါးပါးအပြားရှိသည်လည်းဖြစ်သော ပါတိမောက္ခုဒ္ဒေသသည် ဧကုဒ္ဒေသ မည်၏ဟု မှတ်အပ်၏။ ဤကား ဧကုဒ္ဒေသ လက္ခဏာတည်း။

ထိုသုံးပါးကုန်သော သံဝရတို့တွင် သမသိက္ခတာ၏ လက္ခဏာကို ယင်းအဋ္ဌကထာ၌ပင် ပညတ္တံဟုန် သိက္ခာပဒံ သဇ္ဇဟိ လဇ္ဇီပုဂ္ဂလေ ဟိ သမံ သိက္ခံတဇ္ဇ ဘာဝတော သမသိက္ခတာနာမ ဟု ဖွင့်ပြတော်မူ၏။

ပညတ္တံ၊ ပညတ်တော်မူအပ်သော။ သိက္ခာပဒံ၊ သိက္ခာပုဒ်သည်။ သဇ္ဇဟိ၊ အလုံးစုံကုန်သော။ လဇ္ဇီပုဂ္ဂလေဟိ၊ လဇ္ဇီပုဂ္ဂိုလ်တို့သည်။ သမံ၊ အညီအညွတ်။ သိက္ခံတဇ္ဇဘာဝတော၊ ကျင့်အပ်သင်အပ် သည်၏အဖြစ်ကြောင့်။ သမသိက္ခတာနာမ၊ သမသိက္ခတာ မည်၏။ ဤကား အဋ္ဌကထာအနက်။

ဤအဋ္ဌကထာဆရာမြတ် ဖွင့်ပြအပ်သည်နှင့်အညီ သီလကိန်းအောင်းရဟန်းကောင်းတို့သည် အညီအမျှ ကျင့်အပ်သင်အပ်သော သိက္ခာပုဒ်သည် သမသိက္ခတာမည်၏ ဟူ၍မှတ်အပ်၏။ ဤကား သမသိက္ခတာ၏ လက္ခဏာတည်း။

ကေကမ္မ၊ ကေဒ္ဒေသ သမသိက္ခတာ တို့နှင့်အရတူဖြစ်သော သံဝါသ၏ လက္ခဏာကို ယင်း အဋ္ဌကထာ၌ပင်-

> တ္ထေ ယသ္မာ သဇ္ဇေပိ လဇ္ဇီနော ဧတေသု ကမ္မာဒီသု သဟဝသန္တိ၊ နာ ဧကော်ပိ တတော ဗဟိဒ္ဓါ သန္ဒိဿတိ၊ တသ္မာ တာနိ သဇ္ဇာနိ ဂဟေတ္ဝာ ဧသော သံဝါသော နာမာဘိ အာဒိမာဟ ဟု ဖွင့်ပြတော်မူအပ်၏။

တ္ထေ၊ ဤပဒဘာဇနိပါဠိတော်၌(အာဟဉ္စ-စပ်)။ သဇ္ဇေပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ လဇ္ဇီနော၊ လဇ္ဇီပုဂ္ဂိုလ်တို့သည်၊ ဧတေသု ကမ္မာဒီသု၊ ထိုကံစသည်တို့၌။ သဟ၊ အတူတကွ။ ဝသန္တိ၊ နေကြကုန်၏။ ဧကော်ပိ၊တယောက်သော လဇ္ဇီသည်လည်း။ တတော၊ ထိုကံစသည်မှ။ ဗဟိဒ္ဓါ၊ အပ၌။ ယသ္မာ၊ အကြောင်ကြောင့်။ နသန္ဒိဿတိ၊ မထင်။ တသ္မာ၊ ထိုကြောင့်။ သဇ္ဇာနိ၊ အလုံးစုံကုန်သော။ တာနိ၊ ထိုကေကမ္မ ဧတေဒ္ဒေသ၊ သမသိက္ခတာတို့ကို။ ဂဟေတ္ဝာ၊ ယူ၍။ ဧသော သံဝါသော နာမာတိအာဒိ၊ ဧသောသံဝါသောနာမ ဤသို့ အစရှိကုန်သော စကားကို။ အာဟ၊ဟောတော်မူ၏။ အဋ္ဌကထာအနက်။

ဤသို့ အဋ္ဌကထာဆရာမြတ် ဖွင့်ပြအပ်သည်နှင့်အညီ သီလကိန်းအောင်း ရဟန်းကောင်းတို့သည် အတူတကွ တည်ရာ၊ မှီရာ၊ နေရာဖြစ်ကုန်သော ကေကမ္မ၊ ကေဒ္ဒေသ၊ သမသိက္ခတာ ထိုသုံးပါးတို့သည် သံဝါသမည်၏ဟု မှတ်အပ်၏။ ဤကား သံဝါသ၏လက္ခဏာတည်း။

ကေသဒ္ဓါ၊ သမသဒ္ဓါ ဟောတော်မူခြင်း၌ အထူးကိုပြခြင်း

အနန္တဝိသယ၊ သမန္တစက္ခု၊ သဗ္ဗညုမြတ်စွာဘုရားသည် နတ်နှင့်တကွသော လောကဓမ္မ ပဋိဂ္ဂါဟက ဝေနေယျတို့၏ ဉာဏ်ဝ ဉာဏ်ဦး၌ အထူးထူးသော သဘောအရှည်သည် ပေါ်လွင်ထင်ရှား ခြားနားစေရန် ရည်သန်သောအားဖြင့် ဟောကြားတော်မူအပ်သော ဒေသနာဓမ္မ၊ ဝိသေသပညတ်တော်ဝယ်။ (အတ္ထာနုရူပံ ဓမ္မေသု ဓမ္မာနုရူပံ အတ္ထေသု၊ ပညတ္တိပထာနုရူပံ ပညတ္တိ

သို အာဝေဟေ)ဟူသော အဋ္ဌကထာတို့နှင့်အညီ ပညတ်ပထ သဘာဝအချက်တို့ကို ပြတ်ပြတ်ထင်ထင် သိမြင်အပ်ရကား ဤသံဝါသအရာဝယ် ကေကမ္မ၊ ကေဒ္ဒေသ၊ သံဝါသနှစ်ပါးတို့၌ ကေသဒ္ဒါ ဒေသနာအထူး ရင့်ကျူးတော်မူခြင်းဖြင့်လည်းကောင်း၊ သမသိက္ခတာသံဝါသ၌ သမသဒ္ဒါ၊ ဒေသနာအထူး ရင့်ကျူးတော်မူခြင်းဖြင့်လည်းကောင်း ပညတ်ပထ၊ သဘာဝအချက်အချက်တို့ကို ပြတ်ပြတ်ထင်ထင် သိမြင်စေတော်မူသတည်း။

အဘယ်သို့ သိမြင်စေတော်မူသနည်းဟူမူ ကေကမ္မ သံဝါသ၌ ကမ္မအရ သံဃကံလေးပါးကို သိမ်တွင်း၌သာ ပကတတ်ရဟန်းတို့သည် ညီညာပေါင်းစည်း တလုံးတည်း ပြုအပ်၏ဟူသော အနက်ထူးကို သိစေတော်မူလိုသောကြောင့် ကေသဒ္ဒါဖြင့် အထူးပြု၍ ကေကမ္မသံဝါသကို ဟောတော်မူသတည်း။ ထိုကြောင့် ဗုဒ္ဓမတညူ၊ ပုထုပညာ၊ မဟာဗုဒ္ဓဃောသ၊ အဋ္ဌကထာဆရာအရှင်မြတ်သည် ကေကမ္မသံဝါသအရာ၌ (သိမ:ပရိစ္ဆိန္နေဟိ) ဟု ဝိသေသဋီကာနကို ဖွင့်ပြတော်မူသတည်း။

ကေဒ္ဒေသ သံဝါသ၌လည်း ဥဒ္ဒေသအရ ပါတိမောက္ခုဒ္ဒေသဝေါဟာရကို သိမ်တွင်း၌သာ ပကတတ်ရဟန်းတို့သည် ညီညာပေါင်းစည်း တလုံးတည်းပြုအပ်၏ဟူသော အနက်ထူးကို သိစေတော်မူလိုသောကြောင့် ကေသဒ္ဒါဖြင့် အထူးပြု၍ ကေဒ္ဒေသသံဝါသကို ဟောတော်မူသတည်း။ ထိုကြောင့် ကျမ်းပြုဆရာ လိမ္မာတော်မူလှသော အဋ္ဌကထာဆရာ အရှင်သူမြတ်သည် ဤကေဒ္ဒေသ သံဝါသအရာ၌ တထာသဒ္ဒါဖြင့် ညွှန်းအပ်သော ရှေးဝါကျ၌ (သိမာပရိစ္ဆိန္နေဟိ)ဟု ဝိသေသဋီကာနကို ဖွင့်ပြတော်မူသတည်း။

သမသိက္ခတာ သံဝါသ၌ကား သိက္ခာတာအရ သိက္ခာပုဒ်တော်ဟူသမျှကို သိမ်တွင်း-သိမ်ပဋီကာနမရွေး ကျင့်အပ် သင်အပ်၏ဟူသော အနက်ထူးကိုသိစေတော်မူလိုသောကြောင့် (သမ)သဒ္ဒါဖြင့်မူ၍ သမသိက္ခတာသံဝါသကို ဟောတော်မူသတည်း။ ထိုကြောင့် ဘုရားရှင်၏အလိုတော်ကို သိမြင်တော်မူသော အဋ္ဌကထာဆရာမြတ်သည် ရှေး ကေကမ္မသံဝါသ၊ ကေဒ္ဒေသ သံဝါသအရာတို့၌ကဲ့သို့ ဋီကာနအထူး ရင့်ကျူးတော်မမူပဲ (သဗ္ဗေဟိ လဇ္ဇီ.ပဂ္ဂလေဟိ)ဟူ၍သာ ကတ္တားပုဒ်ကို ထုတ်နုတ် ဖွင့်ဆိုတော်မူသတည်း။ ဤကား ကေသဒ္ဒါ၊ သမသဒ္ဒါတို့ဖြင့် အထူးပြု၍ ဟောခြင်း၌ မှတ်သားရန်တည်း။

ကေကမ္မ သံဝါသ၌ ရအပ်သော အဓိပ္ပာယ်ကိုပြခြင်း

"စတုဗ္ဗိဓမ္မိ သံဃကမ္မံ သီမာပရိစ္ဆိန္နေဟိ ပကတတ္တေဟိ ဧကဇတာ ကတ္တဗ္ဗတ္တာ ဧကကမ္မံ နာမ"ဟူသော ဧကကမ္မလက္ခဏာပြ အဋ္ဌကထာ၌ စတုဗ္ဗိဓံ သံဃကမ္မံဒါရ သံဃကံလေးပါးကို အာပလောကနကံ၊ ညတ္တိကံ၊ ညတ္တိဒုတိယကံ၊ ညတ္တိစတုတ္ထကံကိုယူ။

စတုဗ္ဗိဓံ သံဃကမ္မန္တိ အာပလောကနာဒိဝသေန စတုဗ္ဗိဓံ ကမ္မံ၊ (သာရတ္ထဒီပနီဋီကာ)။

စတုဗ္ဗိဓံ သံဃကမ္မန္တိ၊ စတုဗ္ဗိဓံ သံဃကမ္မံဟူသည်ကား။ အပလောကနာဒိဝသေန၊ အပလောကနတ် စသည်တို့၏ အစုပ်းအားဖြင့်။ စတုဗ္ဗိဓံ၊ လေးပါးအပြားရှိသော။ ကမ္မံ၊ သံဃကံသည် (ကေကမ်ံနာမ အဋ္ဌကထာဋ္ဌစပ်)။ အပလောကနာဒိ အာဒိသဒ္ဒါဖြင့် ဥတ္တိကံ၊ ဥတ္တိဒုတိယကံ၊ ဥတ္တိစတုတ္ထကံ၊ အာဒိဝန်ကိုယူ စတုဗ္ဗိဓမ်ိဳဋ္ဌ ပိသဒ္ဒါဖြင့် အစိတ်အစိတ် တပါး၊ နှစ်ပါး၊ သုံးပါးသည်လည်း ကေကမ္မမည်၏ဟု ဆည်းသည်။ ကေတော ကတ္တဗ္ဗတ္တာဟူသော ဟိတ်ပါဋိဖြင့် ကေကမ္မဟူသောပုဒ်ဋ္ဌ ကေတ္တာသဒ္ဒါ၏ (သေဋ္ဌာသဟာယ သခ်္ဂါညာ၊ တုလ္ယေ၊ သွေဟောတိ လိင်္ဂိကော)ဟူသော အတ္ထုဒ္ဓါရတို့တွင် တုလ္ယတ္ထဋ္ဌဖြစ်သည်ကိုလည်းကောင်း၊ ကေကမ္မ၏ သမာသ်ဝစနတ်ကိုလည်းကောင်း ပြတော်မူ၏။ ထိုသမာသ်သည်လည်း-

(၁) အသီးအခြား တပါးအနေအားဖြင့် မထင်ရှားမူ၍ သမာသ်အနေအားဖြင့်သာ ထင်ရှားသော နိစ္စသမာသ်တမျိုး၊

(၂) အသီးအခြားတပါး အနေအားဖြင့်လည်း ထင်ရှားသော အနိစ္စသမာသ်တမျိုး၊

ဟု နှစ်မျိုး ရှိရာဘွင် ဤ(ကေကမ္မ)ဟူသော ပုဒ်၏လည်း (ကုမ္ဘကာရ)ဟူသော ပုဒ်ကဲ့သို့ အသီးအခြား တပါးအနေအားဖြင့် မထင်ရှားသော နိစ္စသမာသ်မျိုး ဖြစ်သင့်သောကြောင့်-

နတ္ထိ နိစ္စသမာသမ်ိဳ၊ ဝိဂ္ဂဟော ဝိဂ္ဂဟောတိ စေ။

အညပဒေန ကာတဗ္ဗော၊ကာရ သဒ္ဒေါ နု ကတ္ထရိ။

ဟူသော ဂါထာနှင့်အညီ နိစ္စသမာသ်အရာ ပုဒ်တပါးဖြင့်သာ တွဲစပ်၍ (ကေတော ကရိယတိတိ-ကေကမ္မံ)ဟု ဝစနတ်ပြုအပ်၏။ ယံကမ္မံ၊ အကြင်လေးပါးအပြားရှိသော သံဃကံကို။ ကေတော တပေါင်းတည်း၊ ဝါ၊ အဘူဘက္ခ၊ ကဝိယတိ၊ ပြုအပ်၏။ ဤဘိ၊ ထိုသို့ တပေါင်းတည်း အတူတကပြုအပ်သောကြောင့်။ တံ၊ ထိုလေးပါး အပြားရှိသော သံဃကံသည်၊ ကေကမ္မံနာမ၊ ကေကမ္မမည်၏။ ဤကား၀ိဂြိုဟ်အနက်။

ဤသို့အဋ္ဌကထာ ဋီကာ မိန့်မှာ ဖွင့်ဆိုတော်မူအပ်ကြသည်နှင့် အညီ လင်္ကာပကတတ် ရဟန်းတို့သည် တသိမ်တည်း၀ယ် အချင်းချင်း ကာယ သာမဂ္ဂိကိုပေး၍ အတူတကွ တပေါင်းတည်း ပြုအပ်သော အပလောကနကံ၊ ဥတ္တိကံ၊ ဥတ္တိဒုတိယကံ၊ ဥတ္တိစတုတ္ထကံဟု ဆိုအပ်သော လေးပါး အပြားရှိသော သံဃကံသည် ကေကမ္မသံဝါသမည်၏ဟု မှတ်အပ်၏။ ဤကားသုဒ္ဓ ကေကမ္မသံဝါသ်၌ ရအပ်သောအဓိပ္ပါယ်တည်း။

ကေကမွ ဤသံဝါသဒ္ဓါ ရအာဝ်သေဘာအဓိပ္ပါယ်ကိုပြခြင်း

"တထာပဋ္ဌဝိဓောပိ ပါတိမောက္ခုဒ္ဒေသော ကေတော ဥဒ္ဒိသိတပ္ပတ္တာ ကေုဒ္ဒေသော နာမ" ဟူသော ကေုဒ္ဒေသလက္ခဏာပြ အဋ္ဌကထာဌ် တထာသဒ္ဒါဖြင့် ကေုဒ္ဒေသ ကမ္မလက္ခဏာပြ ဝါကျဝယ် (သီမာပရိစ္ဆေဒေါ-ပကတတ္တေါ-ဘိက္ခုဟိ) ထိုသုံးပုဒ်တို့ကို သုံးသပ်တော်မူသည်။ (တထာတိ ဟိ သီမာပရိစ္ဆေဒေါတိ အာဒိံ ပရာမသတိ)။

ဝိမတိဝိနောဒနိဋ္ဌီကာ။ ။ဟိ၊ မှန်၏။ တထာတိ ဣမိနာ၊ တထာ ဟူသော ဤပါဌ်၌ ဖြင့်။ သီမာပရိစ္ဆေဒေါတိအာဒိ'၊ သီမာပရိစ္ဆေဒေါ၊ ဤသို့အစရှိသော စကားကို။ ပရာမသတိ၊ သုံးသပ်တော်မူ၏။ အာဒိသဒ္ဒါဖြင့် ပကတတ္တေါ ဘိက္ခုဟိ အာဒိဝန်ကိုယူ။ ပဋ္ဌဝိဓဥဒ္ဒေသအရ နိဒါနုဒ္ဒေသ၊ ပါရာဇိကုဒ္ဒေသ၊ သံဃာဒိသေသုဒ္ဒေသ၊ အနိယတုဒ္ဒေသ၊ ဝိတ္ထာရုဒ္ဒေသ ငါး ပါးတို့ကိုယူ။ ။ (ပဋ္ဌဝိဓောပိတိ နိဒါနုဒ္ဒေသာဒိဝသေန ပဋ္ဌဝိဓောပိ)။ သာရတ္ထဒီပနီဋ္ဌီကာ။ ပဋ္ဌဝိဓောပိတိ၊ ပဋ္ဌဝိဓောပိ ဟူသည်ကား နိဒါနုဒ္ဒေသာဒိဝသေန၊ နိဒါနုဒ္ဒေသ စသည်တို့၏ အစွမ်းအားဖြင့်။ ပဋ္ဌဝိဓောပိ-ငါးပါးအပြားရှိသည်လည်း ဖြစ်သော။ (ပါတိမောက္ခုဒ္ဒေသော အဋ္ဌကထာမှာ-၈ပ်) ပိသဒ္ဒါဖြင့် အစိတ် ဥဒ္ဒေသသည်လည်း ကေုဒ္ဒေသမည်ဟု ဆည်းသည်။ ကေတော ဥဒ္ဒိသိယတိတိ ကေုဒ္ဒေသော-ဟု နိစ္စသမာသ်မျိုးဖြစ်၍ ကေကမ္မ၌ ကဲ့သို့ ပုဒ်တပါး နှင့်တွဲ၍ ဝိဂ္ဂဟပြု။ ထိုသမာသ်မျိုးကိုပင် မဏိသာရမဉ္ဇူသာဋ္ဌီကာ၌-

ကရိယတိတိ ကာရော၊ ကဗ္ဗောကာရော ကဗ္ဗိကာရော ဟူ၍လည်းကောင်း။ ဇာယတိ တိဇော၊ ကမ္မေန ဇော ကမ္မဇောဟူ၍လည်းကောင်း ဤသို့စသည်ဖြင့် ခွဲ၍ဝိဂ္ဂဟ ပြုခဲ့သည်သည်။ ထိုဆရာ နှစ်ပါးတို့ မိန့်ဆိုတော်မူကြသော စကားတို့သည် အကွာရာမပျက်၊ အနက်ရောက်ကြသော စကား တို့ဖြစ်၍ သင့်သည်ချည်းဟူ၍ မှတ်ယူသင့်သည်။

ဤ၌ ကဗ္ဗိကာရော-ဟူသောပုဒ်ကို အလုပ်အလွှဲကို မပြုတတ်သော်လည်း ပြုတတ် သကဲ့သို့ဖြစ်သော ဟူ၍ဆရာမြတ်တို့ ယောဇနာတော်မူသည့် အားလျော်စွာ (ကာရော) ဟူသောပုဒ် ကို ကတ္တုရုပ် အလိုရှိသည်ဟု သိရ၏။ ကေတော၊ တပေါင်းတည်း။ ဝါ၊ အတူတကွ၊ ဥဒ္ဒိသိယတိ၊ ပြအပ်၏။ ဤတိ၊ ထိုကြောင့်။ ကေုဒ္ဒေသော၊ ကေုဒ္ဒေသမည်၏။ ဤကား ဝိဂြိုဟ်အနက်။

ဤသို့ အဋ္ဌကထာ၊ ဋီကာတို့၌ဖွင့်ပြတော်မူကြသည်နှင့်အညီ ပကတတ်ရဟန်းတို့သည် တသိမ် တည်းဝယ် အချင်းချင်း ကာယသာမဂ္ဂီကို ပေး၍ တပေါင်းတည်း အတူတကွ ပြုအပ်သော နိဒါနုဒ္ဒေသ၊ ပါရာဇိကုဒ္ဒေသ၊ သံဃာဒိသေသုဒ္ဒေသ၊ အနိယတုဒ္ဒေသ၊ ဝိတ္ထာရုဒ္ဒေသ--ဟု ဆိုအပ် သော ငါးပါးအပြားရှိသော ပါတိမောက္ခုဒ္ဒေသသည် ကေုဒ္ဒေသမည်၏ဟု မှတ်အပ်၏။ ဤကား ကေုဒ္ဒေသသုဒ္ဓ၌ ရအပ်သော အဓိပ္ပါယ်တည်း။

ကေကမ္မ-ကေုဒ္ဒေသ မိဿက အဆုံးအဖြတ်ကိုပြခြင်း

ကေကမ္မ၊ ကေုဒ္ဒေသပြ-အဋ္ဌကထာဝယ် ကတ္တုပ္ပ-ဥဒ္ဒေသိတပ္ပတို့၏ ကတ္တား ပကတတ္တေါ-အရ ပကတတ်ကို ဖွင့်ပြတော်မူခြင်းငှာ။ ပကတတ္တာနမ၊ ပါရာဇိက အနာပန္နာအနုက္ခိတ္တာဝ-ဟူ၍ သာရတ္ထဒီပနီဋ္ဌီကာ၊ ဤမတ္တိ ဝိနောဒနိဋ္ဌီကာ တို့၌ မိန့်တော်မူကြကုန်၏။

ပကတတ္တာနာမ၊ ပကတတ်ရဟန်းတို့မည်သည်ကား။ ပါရာဇိကအနာပန္နာစ၊ ပါရာဇိကအာပတ်သို့ မရောက်ကုန်သောရဟန်းတို့သည်လည်းကောင်း။ အနုက္ခိတ္တာစ၊ ဥက္ခိတ္တမဟုတ်သောရဟန်းတို့သည်လည်းကောင်း။ ပကတတ္တာနာမ၊ ပကတတ်မည်ကုန်၏။ ဤကား ဋီကာတို့၏အနက်။ ။ပါရာဇိကသို့ မရောက်သေးသောရဟန်း၊ ဥက္ခိတ္တက မဟုတ်သောရဟန်းတို့သည် ပကတတ်ရဟန်းတို့မည်ကုန်၏ဟု အဓိပ္ပာယ်မှတ်။

ဤအရာဝယ် အဋ္ဌကထာဋီကာတို့၌ ရှေ့နောက်စကား ထောက်ထားနှိုင်းညှိ၍ ရရှိသော အဓိပ္ပာယ်ကား အဋ္ဌကထာ၌ ပကတတ္တသဒ္ဒါသည် မုချသဒ္ဒါ၊ အမုချသဒ္ဒါအားဖြင့် နှစ်ပါးရှိသည်တွင် ဤအရာဝယ် သမုဒ္ဒေါ မယာ ဒိဋ္ဌော၌ သမုဒ္ဒသဒ္ဒါဖြင့် သမုဒ္ဒဏ္ဍာထစင်းလုံးကို မယူအပ်။ မျက်စိဖြင့်မြင်အပ်သော သမုဒ္ဒရာတစိတ်ကိုသာ ယူအပ်သကဲ့သို့ အလုံးစုံ ပကတတ်ရဟန်းဖြစ်ထိုက်သရွေ့ကိုမယူအပ်။ အစိတ်ဖြစ်သော လဇ္ဇီရဟန်းတို့ကိုသာ ယူအပ်သော အမုချသဒ္ဒါတည်း။

တနည်း။ ။သဗ္ဗေ တသန္တိ ဒဏ္ဍာသာ၊ သဗ္ဗေဘာယန္တိ မစ္စုနောဟူသော ပါဠိတော်၌ သဗ္ဗသဒ္ဒါဖြင့် အလုံးစုံသော သတ္တဝါတို့ကို မယူအပ်။ ဆင်အာဇာနည်၊ မြင်းအာဇာနည်၊ ဥသဘအာဇာနည်၊ ခဏာသဝ၊ ဤလေးဦးတို့ကိုချန်လှပ်၍ ကြွင်းသောသတ္တဝါတို့ကိုသာ နေယျတ္ထယူအပ်သကဲ့သို့ ပကတတ္တသဒ္ဒါဖြင့် အလဇ္ဇီရဟန်းတို့ကိုချန်လှပ်၍ လဇ္ဇီရဟန်းတို့ကိုသာ ယူအပ်သော နေယျတ္ထသဒ္ဒါတည်း။

ဤသို့ ပကတတ္တသဒ္ဒါကို အမုချနေယျတ္ထ ယူရမည့်အဖြစ်ကို အဘယ်ကိုထောက်၍ သိအပ်သနည်းဟူမူ—

> ထေ္ထ ယသ္မာ သဗ္ဗေပိ လဇ္ဇီနော ဧတေသု ကမ္မာဒီသု သဟဝသန္တိ၊ နကောပိ တဧတော ဗဟိဒ္ဓါ သန္နိဿတိ၊ တသ္မာ တာနိ သဗ္ဗာနိ ဂဟေတ္ဝာ ဧသော သံဝါသောနာမာတိ အာဒိ မာဟ

ဟူသော နောက်စကားကို ထောက်၍သိအပ်၏။

ထေ္ထ၊ ဤပဒဘာဇနီ၌။ သဗ္ဗေပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ လဇ္ဇီနော၊ လဇ္ဇီပုဂ္ဂိုလ်တို့သည်။ ဧတေသု ကမ္မာဒီသု၊ ထိုသံဃကံစသည်တို့၌။ သဟ၊ အတူတကွ။ ဝသန္တိ၊ နေကုန်၏။ နကောပိ၊ တယောက်သောလဇ္ဇီပုဂ္ဂိုလ်သည်လည်း။ တတော၊ ထိုသံဃကံစသည်မှ။ ဗဟိဒ္ဓါ၊ အပ၌။ ယသ္မာ၊ အကြောင်းကြောင့်။ နသန္နိဿတိ၊ မထင်။ တသ္မာ၊ ထိုကြောင့်။ သဗ္ဗာနိ၊အလုံးစုံကုန်သော။ တာနိ၊ ထိုသံဃကံစသည်တို့ကို။ ဂဟေတ္ဝာ၊ ယူ၍။ ဧသောသံဝါသော နာမာတိ အာဒိံ၊ ဧသောသံဝါသောနာမ ဤသို့အစရှိသောစကားကို။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အာဟ၊ ဟောတော်မူ၏။ ဤကား အဋ္ဌကထာအနက်။

ဤပါဠိဖြင့် အဋ္ဌကထာဆရာမြတ်သည် ကောကမ္မ၊ ကုဋ္ဌသ၊သမသီကွတာ၊ သံဝါသသုံးပါးတို့သည် အလင်္ဂီမဖက်၊ သက်သက်လင်္ဂီရဟန်းတို့သာ ပေါင်းရုံးညီမျှ အတူတကွဘည်ရာ၊မှီရာဖြစ်သည်ဟု တိုက်ရိုက်နိဘတ် ဖွင့်ပြတော်မူအပ်သည်ဖြစ်၍ ကောကမ္မ၊ ကုဋ္ဌသ၊ အစိတ်ပြအရာပကတတ္တာသဒ္ဒါဖြင့်လည်း စင်စစ် အလင်္ဂီကြမ်း ဒုဗ္ဗစရဟန်းတို့ကို အလိုမရှိအပ်။ လင်္ဂီရဟန်းကောင်းတို့ကိုသာလျှင် အဋ္ဌကထာရှင် အလိုရှိတော်မူအပ်သည်ကို သိအပ် လေသောကြောင့် ပကတတ္တာသဒ္ဒါကို အမှုချနေယျတ္ထဟုဆိုခဲ့သတည်း။

လင်္ဂီရဟန်းကောင်းတို့ကို အလိုရှိပါလျက် ပကတတ္တာသဒ္ဒါဖြင့် အဘယ်အကျိုးငှာ ဖွင့်ပြတော်မူပါသနည်းဟူမူ လင်္ဂီရဟန်းကောင်းကို ထုတ်နုတ်ယူငင်ခြင်းငှာ ရအပ်သော ပကတတ်ရဟန်းကို ပြခြင်းငှာ ဖွင့်ပြတော်မူပါသည်။ ထိုစကားကို ထင်ရှားစေဦးမည်။

အယံ ဣမသ္မိံ အတ္ထေ အဓိပ္ပေတော ဘိက္ခုတိ။ (ပါရာဇိကဏ်ပါဠိတော်)။
အယံ၊ ဤဥတ္တိစတုတ္ထရဟန်းကို။ ဣမသ္မိံ အတ္ထေ၊ ဤပါရာဇိက သိက္ခာပုဒ်အရာ၌။ ဘိက္ခုတိ၊ ဟောတော်မူအပ်သော ရဟန်းဟူ၍။ အဓိပ္ပေတော၊ အလိုရှိအပ်၏။

ဤပါဠိတော်ဖြင့် မြတ်စွာဘုရားသည် အသေက္ခရဟန်း၊ သေက္ခရဟန်း၊ ဟိဘိက္ခု ရဟန်း အစရှိကုန်သော တဆယ့်နှစ်မျိုး ကုန်သော ရဟန်းတို့တွင် ဥတ္တိစတုတ္ထရဟန်းကိုသာ ဤပါရာဇိကအရာ၌ အလိုရှိအပ်၏။ ကြွင်းကုန်သော ရဟန်းတို့ကို မယူအပ်ဟု ဟောတော်မူခြင်းသော်လည်း ဥတ္တိစတုတ္ထကံဖြင့် ရဟန်းဖြစ်သော ရဟန်းဟူသမျှ ပါရာဇိက အာပတ်သို့ ရောက်ကြကုန်၏ ဟု ဟောတော်မူလိုရင်းမဟုတ်ပါ။ ပါရာဇိကအာပတ်သို့ ကျရောက်တတ်သော ရဟန်းကို ဥတ္တိစတုတ္ထကံဖြင့် ရဟန်းဖြစ်သော ရဟန်းတို့၌သာ ရအပ်၏။ အသေက္ခရဟန်း၊ သေက္ခရဟန်း စသည်တို့၌ကား မရအပ်သည်ဖြစ်၍ ပါရာဇိကအာပတ်သို့ ရောက်သော ရဟန်းကို ရှေးကောက်ယူခြင်းငှာ ထိုက်သော ရဟန်းကို ပြတော်မူခြင်းငှာ (အယံ ဣမသ္မိံ အတ္ထေ အဓိပ္ပေတော ဘိက္ခုတိ) ဟု တဆယ့်နှစ်မျိုးကုန်သော ရဟန်းတို့တွင် ဥတ္တိစတုတ္ထရဟန်းကိုသာ ဟောတော်မူသကဲ့သို့ ပကတတ်ရဟန်းတို့၌သာ လင်္ဂီရဟန်းကောင်းကို ရအပ်၏။ အပကတတ်ဖြစ်ကုန်သော ပါရာဇိကကျ ဥက္ခိတ္တကရဟန်းတို့၌ လင်္ဂီရဟန်းကောင်းကို မရအပ်သောကြောင့် လင်္ဂီရဟန်းကောင်းကို ရှေးယူကောက်နုတ် ထုတ်သင့် ထုတ်ထိုက်သည်ကို ပြတော်မူခြင်းငှာ အဋ္ဌကထာ ဆရာမြတ်သည် (ပကတတ္တာဟိ) ဟူသော ကတ္တားပုဒ်ကို မိန့်ဆိုတော်မူပါသဟုသည်း။

ဤသို့ အဋ္ဌကထာဆရာမြတ်သည် သံဝါသ အစိတ်ပြုရာ၌ ပကတတ္တောဟိ ဟု ကတ္တားပုဒ်ကိုမိန့်တော်မူပါ ငြားသော်လည်း သံဝါသ အပါဒါနပြုအရာ နောက်စကား၌ သမ္ဗဟိနော ဟု ကတ္တားပုဒ်ကို မိန့်ဆိုတော်မူပြန်သဖြင့် ပဓာနအားဖြင့် ယူသင့်သော သမ္ဗဟိနော ဟူသော နောက်စကားနှင့် ညီ၍ ပကတတ္တ သဒ္ဒါကို ကျန်စွာသိအပ် လုတော့သတည်း။

ဇောတိကာရီ-၇၉ (ခမ္မဒါန)

ဤအရာ၌ ဥပမာအားဖြင့် ပြည်ကြီးသေဋ္ဌနင်း၊ မင်းတို့၏ဘဏ္ဍာ၊ ရတနာအရပ်ရပ်တို့ကို စောင့်ကြပ်ပြုပြင်၊ ပြင်ဆင်ရသော ဘဏ္ဍာထိန်းတို့သည် မင်းတို့အားသာ ထိုက်သော ရတနာအထွေထွေကို ရွှေပန်းထိမ် သည်တို့ကို ပြုလုပ်ကြစေဟု မင်းချင်း ယောကျ်ားတို့အား ခိုင်းရာ၏။ ဤသို့လျင် ရွှေပန်းထိမ် အများနှင့် ဆက်ဆံသော စကားဖြင့် မှာထားစေခိုင်းပါသော်လည်း လိမ္မာမြော်မြင် ဆင်ခြင်လေ့ရှိ အလိုသိသော မင်းချင်း ယောကျ်ားသည် သဘောဖြောင့်မတ်တတ်သိလိမ္မာ ရတနာအမှု၌ တခုမကျန် စီမံတတ်သော ရွှေပန်းထိမ်သည် တို့ကိုသာ စေခိုင်းရာသကဲ့သို့ မြက်စွာဘုရား၏ တရားတည်း ဟူသော ရတနာဘဏ္ဍာ အရပ်ရပ်တို့ကို စောင့်ကြပ်တော်မူကြကုန်သော အဋ္ဌကထာဆရာမြတ်တို့သည် ဗုဒ္ဓဝိသယ အနည်သာဓာရဏ၊ ကေကမ္မ၊ ကေဒဋ္ဌသဝိနည်းကံအရာ ရတနာအရပ်ရပ်တို့ကို ပကာဘတ်ရဟန်းတို့သည် ပြုအပ်၏ဟု အလင်္ကာတို့နှင့် ဆက်ဆံသော စကားဖြင့် မှာထား ဖွင့်ဆို ပ ြောဆိုသော်လည်း သတိ-ပညာ မကွာနိုင်းညှိ ဓိတိမန္တ၊ ဝိနယ ဝိဒူ ဖြစ်ကုန်သူတို့သည် စင်ဖြူဓမ္မ သီလဆင်မြန်း လင်္ကာရဟန်းတို့သာ ညီညာတူမျှ ဤကေကမ္မ၊ ကေဒဋ္ဌသ သံဝါသကို ပြုကြစေလို၏ ဟူသော အဋ္ဌကထာအလိုတော်ကို မြင်ခဲ့ပါထောက်ဆ သိသင့်သိအပ်လှတော့သတည်း။ ဤကား ဒုဋ္ဌကထာအလိုကို ထောက်ထားဖွင့်ဆို ချက်တည်း။

"(ပကတ္တာနာမ၊ ပါရာဇိက အနာပန္နာ အနုက္ခိတ္တာစ)" ဟူ၍ ဖွင့်ပြတော်မူကြကုန်သော ဋီကာဆရာတို့၏ စကားကိုလည်း အဋ္ဌကထာနည်းကို စံယှဉ်မှီးသဖြင့် ဥာဏ်ကြီးသင့်ပြီ။

ဤသို့ လျှို့ဝှက် သဘောနက်ကို ပြက်ပြက်ထင်ထင် သိမြင်စေလိုတော်မူသော ကခ်ါမဟာဋီကာဆရာမြတ်သည် (ပကတော သဘာဝေါ အတ္တာသီလံ ဇတေသန္တိ ပကတတ္တာ၊ အဝိပ္ပန္နသီလဘိက္ခူ တေ စ အနုက္ခိတ္တာ ပါရာဇိကံ အနဇ္ဈာပန္နာစ လင်္ကနော ယေ ဝ၊ နော အလင်္ကနော) ဟု မိန့်တော်မူအပ်ပြီ။

ဇတေသံ၊ ထိုရဟန်းတို့အား။ ပကတောသဘာဝေါ၊ သဘောဖြစ်သော။ အတ္တာသီလံ၊ သီလသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထို့ကြောင့်။ တေ၊ ထိုရဟန်းတို့သည်။ ပကတတ္တာ၊ ပကတတ်မည်ကုန်၏။ အဝိပ္ပန္နသီလဘိက္ခူ၊ မပျက်စီးသော၊ သီလရှိသော ရဟန်းတို့ကို။ လင်္ဘန္တိ၊ ရအပ်ကုန်၏။ တေဇ၊ ထိုမပျက်စီးသော သီလရှိသော ပကတတ်ရဟန်းတို့သည်ကား။ အနုက္ခိတ္တာစ၊ ဥက္ခိတ္တကလည်း မဟုတ်ကုန်သော။ ပါရာဇိကံ၊ ပါရာဇိကအာပတ်သို့။ အနဇ္ဈာပန္နာစ၊ မရောက်သည်လည်း ဖြစ်ကုန်သော လင်္ကနောယေဝ၊ လင်္ကပုဂ္ဂိုလ်တို့သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အလင်္ကနော၊ အလင်္ကပုဂ္ဂိုလ်တို့သည်။ နော ဟောန္တိ၊ မဖြစ်ကုန်။ ဤကား ပကတတ္တဟူသော ပုဒ်၌ မှတ်သားရန်တည်း။

ဤသို့ အဋ္ဌကထာ ဋီကာ နှစ်ဖြာစကား နှစ်ပါးရှေ့နောက် နှိုင်းထောက်မြော်ချင့်လျှက် အသင့်ဖြစ်သော။ အနုမမ္မ၊ ဝိနယာနုလောမိက၊ သဘာဝကို မယူမဆကြကုန်ပဲ ဆရာအချို့တို့သည်။ ကေကမ္မ၊ ကေဒဋ္ဌသ၊ သံဝါသအစိတ်ပြု အဋ္ဌကထာဝယ်။ ပကတတ္တေဟိ၊ ဟူသောကတ္တား

ပုဒ်ကို တွေ့မြင်ကာမျှဖြင့်လည်းကောင်း ပကတတ္တာနာမ၊ ပါရာဇိကအနာပန္နာ အနုဇ္ဈိတ္တာစ ဟူကုန်သော ဌီကာစကားကို တွေ့မြင်ကာမျှဖြင့်လည်းကောင်း၊ အလင်္ဂီဒုဿီလ ပါပ၊ ရဟန်း တို့နှင့် အတူတက္ခ လင်္ဂီရဟန်းတို့သည် ဥပေါသထစသော သံဃကံကို ပြုရာ၌ တစိုးတစိ အပြစ်မရှိ၍ ပြုသင့်ပြုထိုက်၏ဟု ထင်မှတ်တွေးတော ဟောပြောဆိုးဖြတ်ကြကုန်၏။ ထိုသို့ ဟောပြော ဆိုးဖြတ်ခြင်းသည် မသင့်သာတည်း။

အဘယ်ကြောင့်နည်း ဟူမူကား ဆိုအပ်ခဲ့ပြီးသော နည်းအားဖြင့် ဖွင့်ဆိုတော်မူကြကုန်သော အဋ္ဌကထာ ဌီကာတို့ကိုပင် ဖျက်ဆီးရာကျသောကြောင့်လည်းကောင်း၊ မိမိတို့အား ထား စဲမှီအပ်သော အဋ္ဌကထာ ဌီကာတို့၌ မိမိအလိုရှိအပ်သော အဓိပ္ပာယ်ကို မရအပ်။ အဋ္ဌကထာဌီကာတို့၏ အလိုအာဘော်ကိုကား မထိမရောက်၊ မိမိတို့ ကြံဆအပ်သော အလိုမျှသာဖြစ်သောကြောင့် လည်းကောင်းတည်း။

အဋ္ဌကထာ ဌီကာဆရာမြတ်တို့သည်ကား စတုဗ္ဗိဓမိ အစရှိသောပါဠိဖြင့် ပကတတ်ရဟန်းတို့သည် ညီညာရုံးစည်း တပေါင်းတည်းပြုအပ်သော အပလောကန စသောသံဃကံ၏ ကောကမ္မ မည်သည်၏ အဖြစ်ကိုလည်းကောင်း၊ နိဿဠနဒ္ဒေသစသော ငါးပါးအပြားရှိသော ပါတိ-မောက္ခုဒ္ဒေသ၏ ကေဒ္ဒေသမည်သည်၏ အဖြစ်ကိုလည်းကောင်း၊ အသံဝါသ ဖြစ်ကုန်သော ပါရာဇိကာပန္နာ ဥက္ခိတ္တက ပကတတ်ရဟန်းတို့ကို ဂိုဏ်းပြည့်ပြု၍ သံဃကံကို အားထုတ်အပ်သည် ရှိသော် ကမ္မကောပဖြစ်၍ ကောကမ္မ၊ ကေဒ္ဒေသပင် မမည်နိုင်သည်၏ အဖြစ်ကိုလည်းကောင်း ပြတော်မူသည်။ အလင်္ဂီပဂ္ဂိုလ်တို့နှင့် သံဃကံကိုပြုခြင်းကြောင့် အပြစ်မရှိဟူသော အနက်ကိုကား စင်စစ်မပြအပ်သည်ဖြစ်၍ ဆရာအချို့တို့ ဆိုဆုံးဖြတ်အပ်သော စကားကို မမှတ်သားအပ်။ ထိုပကတတ်ဖြစ်ကုန်သော ရဟန်းတို့၏ အသံဝါသအဖြစ်ကို--

> "ဥက္ခိတ္တာ နုပသမ္မန္နေ၊ ဘိက္ခုနီ ဆိုန္ဒမူလကေ၊ နာနာသံဝါ သနိဿီမ၊ ဌိတဧဝဟာသ သဏ္ဌိတာ၊ ကောဒသ အဘဗ္ဗာစ၊ အသံဝါသာတိ ဒီပိတာ"

ဟူသော ခုဒ္ဒသိက္ခာ အဋ္ဌကထာဖြင့်ပင် သိအပ်၏။

ဥက္ခိတ္တာ နုပသမ္မန္နေ၊ ဥက္ခိတ္တကရဟန်း၊ အနုပသမ္မန္နဖြစ်သောသူလည်းကောင်း။ ဘိက္ခုနီ၊ ရဟန်းမိန်းမလည်းကောင်း။ ဆိုန္ဒမူလကေ၊ ပါရာဇိကသို့ရောက်သော ရဟန်းလည်းကောင်း။ နာနာသံဝါသ နိဿီမ ဌိတ ဧဝဟာသ သဏ္ဌိတာ၊ နာနာသံဝါသရဟန်း၊ သိမ်ပဋ္ဌိတည်သော ရဟန်း၊ ကောင်းကင်၌တည်သော ရဟန်းတို့ လည်းကောင်း။ ကောဒသ အဘဗ္ဗာစ၊ တကျိပ် တယောက်ကုန်သော အဘဗ္ဗပုဂ္ဂိုလ်တို့လည်းကောင်း။ ဤမေ၊ ဤသူတို့ကို။ အသံဝါသာတိ၊ သံဝါသမရှိသောသူတို့ဟူ၍။ ဒီပိတာ၊ ပြအပ်ကုန်၏။ ဤကားအနက်။

ထိုအသံဝါသမည်သော ပုဂ္ဂိုလ်တို့အား ဧကကမ္မ၊ ဧကုဒ္ဒေသ၊ သမသိက္ခတာ၊ သံဝါသ သုံးပါးလုံး မရှိသည်၏အဖြစ်ကို--

ကေကမ့် ကေုဒ္ဒေသော သမသိက္ခတာတိ အယံ တိဝိဓောပိ သံဝါသောနာမ၊ သော ယေသံ နတ္ထိ၊ အသံဝါသာ ဧတေ ဟတ္ထပါသတော ဗဟိ ကဏ္ဏဝသေန ဝဇ္ဇေ-တဗ္ဗာ

ဟု ဋီကာသစ်ဆရာ မိန့်တော်မူအပ်၏။

ကေကမ့်၊ ကေကမ္မလည်းကောင်း။ ကေုဒ္ဒေသော၊ ကေုဒ္ဒေသလည်းကောင်း။ သမသိက္ခတာ သမသိက္ခတာလည်းကောင်း။ ဣတိ၊ ဤသို့။ အယံ တိပိဓောပိ၊ ဤသုံးပါးအပြားရှိသော သံဝါသ သည်လည်း။ သံဝါသောနာမ၊ သံဝါသမည်၏။ သော၊ ထိုသံဝါသသုံးပါးသည်။ ယေသံ၊ အကြင်ပုဂ္ဂိုလ်တို့အား။ နတ္ထိ၊ မရှိ။ ဟတ္ထပါသတော၊ ဟတ္ထပါသ်မှ။ ဗဟိကဏ္ဏ ဝသေန၊ အပြင်သည်၏ . အစွမ်းအားဖြင့်။ ဝဇ္ဇေတဗ္ဗာ၊ ကြဉ်အပ်ကုန်သော။ ဧတေ၊ ထိုပုဂ္ဂိုလ်တို့သည်။ အသံဝါသာ၊ အသံဝါသပုဂ္ဂိုလ်တို့မည်ကုန်၏။ ဤကဲ့သားအနက်။

ဤအဋ္ဌကထာဋီကာပါဠိတို့ဖြင့် ဥက္ခိတ္တကပုဂ္ဂိုလ်သည် အသံဝါသပုဂ္ဂိုလ်ဖြစ်ကြောင်း၊ ထိုပုဂ္ဂိုလ်အား သံဝါသသုံးပါးမရှိကြောင်းကို တိုက်ရိုက်ဖွင့်ပြ၍ တော်မူအပ်သည်ဖြစ်၍ ဥက္ခိတ္တက ပုဂ္ဂိုလ်သည် သံဝါသိကမည်၏ဟူ၍လည်းကောင်း၊ ထိုပုဂ္ဂိုလ်အား သမသိက္ခတာသံဝါသ ရှိသေး၏ ဟူ၍လည်းကောင်း ဟောပြောဆိုးဖြတ်ကြကုန်သော ဆရာအချို့တို့၏စကားကို မမှတ်သားထိုက် ချေ။

ထိုအသံဝါသပုဂ္ဂိုလ်တို့ကို ဂိဏ်းပြည့်ပြု၍ သံဃကံကိုအားထုတ်ရာ၌ ကံလည်းပျက်၊အပြစ် လည်းရှိသည်ကို (အသံဝါသံ ဂဏပူရံ ကတ္တာ ကတံ ကမ္မံ ကုပ္ပဉ္စ ဟောတိ ကာရကာနဉ္စ ဒုက္ကဋန္တိ အတ္ထော)ဟု ယင်းဋီကာ၌ မိန့်အပ်၏။

အသံဝါသံ၊ အသံဝါသပုဂ္ဂိုလ်ကို၊ ဂဏပူရံ၊ ဂိဏ်းပြည့်ကို။ ကတ္တာ၊ ပြု၍။ ကတံ၊ ပြုအပ်သော။ ကမ္မံ၊ သံဃကံသည်။ ကုပ္ပဉ္စ၊ ပျက်သည်လည်း။ ဟောတိ၊ ဖြစ်၏။ ကာရကာနဉ္စ၊ ကံပြုသောရဟန်းတို့အားလည်း။ ဒုက္ကဋံ၊ ဒုက္ကဋ်အာပတ်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိအယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။

ထိုဋီကာဆရာသည် များရာသို့လိုက်၍ ဒုက္ကဋ်အာပတ်ကို မိန့်တော်မူ၏။ ဥက္ခိတ္တက ရဟန်း တို့ကို ဂိဏ်းပြည့်ပြု၍ သံဃကံကို ရွက်ဆောင်အားထုတ်ယူရာ၌ကား ပါစိတ်အာပတ် သင့်မည်ကို မှတ်အပ်၏။ ထိုကြောင့် (တေသုဟိ တိဝိဓေ ဥက္ခိတ္တကေ သတိ၊ ဥပေါသထံ ကရောန္တော သံဃော ပါစိတ္တိယံ အာပဇ္ဇတိ၊ သေသေသု ဒုက္ကဋံ)ဟု တေရသကဏ်ဋီကာ၌ မိန့်တော်မူ၏။

ဟိ၊ မှန်၏။ တေသု၊ ထိုဝဇ္ဇနီယပုဂ္ဂိုလ်တို့တွင်၊ တိဝိဓေ၊ သုံးပါးအပြားရှိသော။ ဥက္ခိတ္တ-ကေ၊ ဥက္ခိတ္တကရဟန်းသည်။ သတိ၊ ရှိသော်။ ဥပေါသထံ၊ ဥပုသ်ကံကို။ ကရောန္တော၊ ပြုသော။ သံဃော၊ သံဃာသည်။ ပါစိတ္တိယံ၊ ပါစိတ်အာပတ်သို့။ အာပဇ္ဇတိ၊ ရောက်၏။ သေသေသု၊

ဥက္ခိတ္တကပုဂ္ဂိုလ်မှကြွင်းကုန်သော ဝဇ္ဇနီယပုဂ္ဂိုလ်တို့သည်၊ သန္တေသု၊ ရှိကုန်သည်ရှိသော်။ ဒုက္ကဋ်၊ ဒုက္ကဋ်အာပတ်သို့။ အာပဇ္ဇတိ၊ ရောက်၏။ ဤကား အနက်။

ဤသို့ဆိုအပ်ပြီးသော အဋ္ဌကထာဋီကာလာဟန်ကို ထောက်ရှု၍ နှစ်ကျိပ်တယောက်သော အသံဝါသပုဂ္ဂိုလ်တို့၏ ယထာရဟာ၊ အာပတ္တိကာရအဖြစ်ကို စိစစ်ဝေဖန်၍ သိအပ်၏။

ထိုနှစ်ကျိပ်တယောက်သော အသံဝါသပုဂ္ဂိုလ်တို့မှ တပါးသော အလဇ္ဇီ ဒုဿီလ ဒုမကုံ ပုဂ္ဂိုလ်၏ အသံဝါသပုဂ္ဂိုလ်ဖြစ်သည်ကို ထုတ်ဆိုမိန့်မြွက်တော် မမူကြသည်၏ အဖြစ်ကြောင့် သံဝါသပုဂ္ဂိုလ်ဖြစ်၍ ထိုအလဇ္ဇီပုဂ္ဂိုလ်တို့နှင့် ဥပေါသထ စသော သံဃကံကို အတူတကပြုကြရာ၌ အပြစ်အာပတ်မရှိဟု မမှတ်ယူအပ်။ စင်စစ်သော်ကား ဆိုခဲ့ပြီးသော အသံဝါသပုဂ္ဂိုလ်တို့ကဲ့သို့ ကံကို မပျက်စေတတ်သောကြောင့်သာ အသံဝါသအတွင်းသို့ ထည့်သွင်း၍ ဟောတော်မမူခြင်း ဖြစ်သည်။ သံဝါသ ပရိဘောဂ ဒုက္ကဋ်အာပတ်သင့်၏ဟု မှတ်ယူအပ်၏။ ထိုအလဇ္ဇီ ပုဂ္ဂိုလ်တို့နှင့် ဥပေါသထ စသောသံဃကံကို အတူတက္ခ အားထုတ်ကြရာ၌ အပြစ်အာပတ် မကင်းလွတ်သည်ကို ဤဆိုလတ္တံ့သော ပါဠိအဋ္ဌကထာဋီကာတို့ဖြင့် ပိုင်းခြားမှတ်ယူအပ်၏။

ဒုဿီလပုဂ္ဂလေ နိဿာယဟိ ဥပေါသထော န တိဋ္ဌတိ၊ ပဝါရဏာန တိဋ္ဌတိ၊ သံဃကမ္မာနိ န ပဝတ္တန္တိ၊ သာမဂ္ဂိ န ဟောတိ

အစရှိသည်ဖြင့် ပါရာဇိကာဇ်အဋ္ဌကထာ၌ ဖွင့်ပြတော်မူအပ်၏။

ဟိ၊ ထိုစကားမှန်၏။ ဒုဿီလပုဂ္ဂလေ၊ ဒုဿီလပုဂ္ဂိုလ်တို့ကို။ နိဿာယ၊ အမှီပြု၍။ ဥပေါသထော၊ ဥပုသ်သည်။ နတိဋ္ဌတ၊ မတည်။ ပဝါရဏာ၊ ပဝါရဏာသည်။ နတိဋ္ဌတိ၊ မတည်။ သံဃကမ္မာနိ၊ သံဃကံတို့သည်။ နပဝတ္တန္တိ၊ မဖြစ်ကုန်။ သာမဂ္ဂိ၊ သာမဂ္ဂီသည်။ နဟောတိ၊ မဖြစ်။ ဤကား အဋ္ဌကထာ၏အနက်။

ဤအဋ္ဌကထာ၌ ဒုဿီလပုဂ္ဂလေ ဟူသောပုဒ်ဝယ် ရအပ်သော ဒုဿီလပုဂ္ဂိုလ်သည် (ဒုမကုံနှံ ပုဂ္ဂလာနှံ နိဂ္ဂဟာယ)ဟူသော ဒသအင်္ဂါဝသပါဋိတော်၌ ဟောတော်မူအပ်သော ဒုမကုံအရ (ဒုဿီလ)ပင်ဖြစ်၍ ပါရာဇိကဲ့ သိက္ခာပုဒ်ဖြင့် နှိပ်သင့်သော နိသီလ ဒုဿီလ၊သုံးသဲ့ဒီသိသဲ့စသော ကြွင်းကုန်သော သိက္ခာပုဒ်တို့ဖြင့် နှိပ်သင့်သော ဥက္ခိတ္တက၊ အနုက္ခိတ္တက(ဒုသိတသီလ-ဒုဿီလ)ဟု နှစ်မျိုးရှိသည်ဖြစ်ရကား ပါရာဇိကကျ-မကျ ဒုဿီလတို့နှင့်ပင် အတူတကွ ဥပေါသထကံ စသော သံဃကံကို ပြုခြင်းငှာ မအပ်ဟု ပြတော်မူသည်။

ထိုဒုဿီလတို့တွင် ပါရာဇိက၊ ဥက္ခိတ္တကဒုဿီလတို့နှင့် အတူတကွပြုလျှင် ကံလည်းပျက် အပြစ်အာပတ်လည်းရှိသည်။ အနုက္ခိတ္တက၊ အလဇ္ဇီ ဒုဿီလတို့နှင့် အတူတကွပြုလျှင် ကံအား မပျက်၊ အပြစ်အာပတ်သာရှိသည်ဟု မှတ်အပ်၏။ ထိုကြောင့် ဝိမတိဝိနောဒနီဋီကာ၌-

(ဒုဿီလပုဂ္ဂလဲ နိဿာယ ဟိ ဥပေါသထော နတိဋ္ဌတိ။လ။ သာမဂ္ဂိ နု ဟောတိတိ ဣမိနာ အလဇ္ဇီဟိ သဒ္ဓိံ ဥပေါသထာဒိ သကလ သံဃကမ္မံ ကာတုံ နဝဋ္ဋကို ဓမ္မ-ပရိဘောဂတ္တာတိ ဒဿေတိ) ဟူ၍ ဖွင့်ပြခဲ့တော်မူအပ်၏။

ဒုဿီလပုဂ္ဂလေ နိဿာယ။လ။ သာမဂ္ဂိ နု ဟေးတိတိ ဣမိနာ၊ သာမဂ္ဂိ နု ဟောတိ ဟူသော ဤပါဠိဖြင့်။ အလဇ္ဇီဟိ၊ အလဇ္ဇီရဟန်းတို့နှင့်။ သဒ္ဓိံ၊ အတူတကွ။ ဥပေါသထာဒိ သကလသံဃကမ္မံ၊ ဥပေါသထစသော အလုံးစုံသော သံဃကံကို။ ကာတုံ၊ ပြုခြင်းငှာ။ ဓမ္မ-ပရိဘောဂတ္တာ၊ ဓမ္မပရိဘောဂဖြစ်သည်၏ အဖြစ်ကြောင့်။ နဝဋ္ဋံဘိ၊ မအပ်။ ဣတိ၊ ဤသို့။ ဒဿေတိ၊ ပြတော်မူ၏။ ဤကား ဋီကာ၏အနက်။

ဤပါဠိဖြင့် ဋီကာဆရာသည် ပေါသထစသော သံဃကံတို့၏ ဓမ္မပရိဘောဂ ဖြစ်သည်၏ အဖြစ်ကြောင့် အလဇ္ဇီရဟန်းတို့နှင့် သံဃကံကိုပြုခြင်းငှာ မအပ် ပရိဘောဂဒုက္ကဋ်မလွတ်ဟု ပြတော်မူသည်။ ဤဝိမတိ ဝိနောဒနီဋီကာဆရာသည်သာ သံဃကံဟု ဆိုအပ်သော သံဝါသကို ဓမ္မပရိဘောဂဖြစ်ခြင်းကြောင့် အလဇ္ဇီရဟန်းတို့နှင့် အတူတကွမအပ်ဟု ဖွင့်ပြတော်မူသည်မဟုတ်သေး။ ထေရသကဏ် ဋီကာဆရာမြတ်သည်လည်း-

ယသ္မာ အယံ ဩသာရဏကမ္မဿ ကတတ္တာ ပကတတ္တဉ္စာနေ ဋိတော၊ တသ္မာ နဉ္စိတ္တကေန သဒ္ဓိံ သမ္ဘောဂါဒိ ပစ္စယာ ပါစိတ္တိယံ၊ နာပိအလဇ္ဇီနာ သဒ္ဓိံ ပရိဘောဂ ပစ္စယာ ဒုက္ကဋံ အလဇ္ဇီ လက္ခဏာ နုပရိဝတ္တိတော ဟု ဖွင့်ပြတော်မူအပ်၏။

ဩသာရဏ ကမ္မဿ၊ သံဃဘောင်သို့သွင်းခြင်း ဩသာရဏကံကို။ ကတတ္တာ၊ ပြုအပ်ပြီးသည်၏ အဖြစ်ကြောင့်။ အယံ၊ ဤရဟန်းသည်။ ပကတတ္တဉ္စာနေ၊ ပကတတ်ရဟန်း၏ အရာ၌။ ယသ္မာ၊ အကြင်ကြောင့်။ ဋိတော၊ တည်၏။ တသ္မာ၊ ထို့ကြောင့်။ ဉဿ ုတ္တကေန၊ ဉတ္တိတ္တကံရဟန်းနှင့်။ သဒ္ဓိံ၊ အတူတကွ။ သမ္ဘောဂါဒိပစ္စယာ၊ သမ္ဘောဂ အစရှိသော အာကြောင်းကြောင့်။ ပါစိတ္တိယံပိ၊ ပါစိတ်အာပတ်သို့လည်း။ နအာပဇ္ဇတိ၊ မရောက်။ အလဇ္ဇီ လက္ခဏာနုပရိဝတ္တိတော၊ အလဇ္ဇီလက္ခဏာသို့ မရောက်ခြင်းကြောင့်။ အလဇ္ဇီနာ၊ အလဇ္ဇီနှင့်။ သဒ္ဓိံ၊ အတူတကွ၊ ပရိဘောဂပစ္စယာ၊ ဓမ္မပရိဘောဂ၊ အာမိသပရိဘောဂဟူသော အာကြောင်းကြောင့်။ ဒုက္ကဋံပိ၊ ဒုက္ကဋ်အာပတ်သို့လည်း။ နအာပဇ္ဇတိ၊ မရောက်။ ဤကားဋီကာအနက်။

ဤဋီကာပါဌ်၌ ပရိဘောဂ သဒ္ဒါဖြင့် (အနာပတ္တိ သမ္ဘောဂ သံဝါသေ) ဟု ဟောတော်မူအပ်သော ပါဠိတော်၌ သမ္ဘောဂ၊ သံဝါသ နှစ်ပါးလုံးကိုပင် သိမ်းယူတော်မူအပ်သည် ဖြစ်၍ အလဇ္ဇီလက္ခဏာ သုံးပါး တို့တွင် တပါးပါးသော အလဇ္ဇီ လက္ခဏာသို့ မရောက်သော လဇ္ဇီရဟန်းနှင့်သာ သမ္ဘောဂ၊ သံဝါသကြောင့် ပရိဘောဂဒုက္ကဋ်နှင့် အာပတ်သို့ မရောက်သည်။ အလဇ္ဇီလက္ခဏာ သုံးပါးတို့တွင် တပါးပါးသော အလဇ္ဇီ လက္ခဏာသို့ရောက်သော အလဇ္ဇီ

ဒုဗ္ဗစ ရဟန်းနှင့်ကား သမ္ဘေဂသံဝါသကြောင့် ပရိဘောဂဒုက္ကဋ်အာပတ်သို့ ရောက်သည်သာ တည်း ဟု ဋီကာဆရာ ပြတော်မူသည်။ ဤ၌ ဥပုသ်ကံစသော သံဃကံ သံဝါသကို ပရိဘောဂ ဒဋ္ဌသွင်း၍ ဋီကာဆရာ ဖွင့်သည်ကို သတိပြုခဲ့။ နောက်၌လည်း ထင်ရှားလတ္တံ့။

ဤသို့ အဋ္ဌကထာကြီး၊ ဋီကာကြီးတို့၌ ဥပုသ်စသောကံကြီး ကံငယ်ကို အလင်္ဃီရဟန်း တို့နှင့်အတူတကွ မပြုအပ် ဟု ဖွင့်ပြတော်မူဗျာပ်သည်ကို မျက်ဝါးထင်ထင် သိမြင်မှတ်သား ကြရသဖြင့် အပ်၏ဟု ဟောပြောကြသော အဋ္ဌကထာကြီး၊ ဋီကာကြီး တို့မှအပ ဗဟိဒ္ဓရစကားကို သူတော် ကောင်းတို့သည် မမှတ်သားအပ်။

ဤသို့ဆိုအပ်ခဲ့ပြီးသော နည်းဖြင့် အဋ္ဌကထာဋ္ဌလည်းကောင်း၊ ဋီကာဋ္ဌ လည်းကောင်း ရှေးနောက်စကား မကဲ့ပြားအောင် ထောက်ထား နှိုင်းညှိ၍သာ ဆုံးဖြတ် ဟောပြောသင့်သည်။ ရှေးနောက်စကား ကျမ်းတပါး တို့နှင့် ထောက်ထား နှိုင်းညှိခြင်းကို မပြု။ တခုတွေ့ စကားဖြင့် ရေးသား ပြောဟောခဲ့လျှင် တပါးကုန်သော ပါဠိ အဋ္ဌကထာ ဋီကာတို့နှင့် ကဲ့ပြား ဆန့်ကျင်သည်ကို ထားဘိဦး၊ မိမိတို့ အားထားအပ်သော ကျမ်းစကားသည်လည်း အားထားရာ မရောက်။ သာသနာတော်ကြီး ပျက်စီးကုန်ပျောက်ဖို့ အကြောင်းသာ ဖြစ်သည်။ (အတ္တနာ ဒုဂ္ဂဟိတေန အမေ့စေဝ အဘ္ဘာစိက္ခတိ၊ အတ္တာနဉ္စ ခဏတိ၊ ဗဟုံ စ အပုညံ ပသဝတိ) ဘုရားဟောရှိသည့်အတိုင်း ဘုရားကိုလည်း စွပ်စွဲရာကျသည်။ မိမိကိုယ်ကိုလည်း အပါယ်သို့ ဆွဲတတ်သော တရားဖြစ်၍ များများကြီး သတိထား သင့်လှတော့သည်။ ရှေးရှေးကုန်သော ဓမ္မ-ဝိနယနှစ်ဌာန တို့၌ အာသဘမြောက်ပြီး ဆရာတော်ဘုရားကြီး တို့သည်လည်း အလင်္ဃီရဟန်းတို့နှင့် အတူတကွ သံဝါသ အပ်သည် ဟု ဆုံးဖြတ်တော်မူမှုကြကုန်။

ဇေဝမတ္ထံ သမွဿဇန္တေ၊ သဇန္တေ သဒ္ဓမ္မကောပိဒေ။
အယော ဂေန နဘိနွေယျ၊ ဘိနွေယျ ပါပကာရကေ။

ဤကား သတိသမ္ပဇဉ်တရား တိုးပွားစေရန် ရည်သန်သောအားဖြင့် ရေးသားအပ်သော ဥယျောဇဉ်တည်း။ ။ ဇေဝမတ္ထံ၊ ဤသို့ဆိုခဲ့ပြီးသောအကြောင်းကို။ သမွဿဇန္တေ၊ ကောင်းစွာ မြော်မြင် ဆင်ခြင်မိသည်။ သတိ၊ ရှိသော်။ သဇန္တေ၊ သူတော်ကောင်းတို့ကို။ (တနည်း)၊ သဇန္တေ၊ ထင်ရှားကုန်သော။ သဒ္ဓမ္မကောဝိဒေ၊ လိမ္မာကုန်သော အရှင်တို့၏ တရားတို့ကို။ အယောဂေန၊ မသင့်မတင့်သော အယောနိသောမနသိကာရတရားဖြင့်။ ကုဒါစနံ၊ တရံတဆစ်မျှ။ နဘိနွေယျ၊ မဖျက်ဆီးရာ။ ပါပကာရကေ၊ မကောင်းမှုကို ပြုကြကုန်သော၊ အလင်္ဃီဒုဿီလပါပပုဂ္ဂိုလ်တို့ကို။ ဝါ၊ ပါပကာရကေ၊ မကောင်းကျိုးကို ပြုတတ်ကုန်သော မကွ ပလာ ဣဿာ မစ္ဆေ၊ လာဘေ-ဂိဒ္ဓ၊ စသည်ညစ်ဆိုး အကုသိုလ်မျိုးတို့ကို။ ဘိနွေယျ၊ နှိမ်နင်းခဲခဲ ဖျက်ဆီးရာ၏။ ဤကား ယောဇနာ။ သမသိက္ခာ သံဝါသဿအဆုံးအဖြတ်သည် နောက်၌ ထင်ရှားလတ္တံ့။ ဤကား ကကမ္မ၊ ကေဒ္ဒေသ၊ မိဿကဋ္ဌ မှတ်သားရန် အဆုံးအဖြတ်တည်း။

သမ္ဘောဂ၊ ပရိဘောဂတို့နှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ကိုပြခြင်း

ကေကမ္မ ကေဒ္ဒေသတို့နှင့် စပ်လျဉ်း၍ အလင်္ဂီရဟန်းတို့နှင့် အတူတကွ ကံကြီးကံငယ် ပြုခြင်းငှာမအပ်သည်ကို ပြပြီး၍ သမ္ဘောဂ ပရိဘောဂတို့နှင့် စပ်လျဉ်း၍လည်း အလင်္ဂီရဟန်းတို့နှင့် အတူတကွပြုခြင်းငှာ မအပ်သည်ကို ပါဠိတော် အဋ္ဌကထာ ဋီကာစသည်တို့ဖြင့် ထင်ရှားအောင် ပြဦးအံ့။

ထိုသမ္ဘောဂ၊ ပရိဘောဂတို့တွင် သမ္ဘောဂသည် (ယော ပန ဘိက္ခု ဇာနံ ကထာဝါဒိနာ ဘိက္ခုနာ။လ။ သဒ္ဓိံ သံဘုဉ္ဇေယျ ဝါ သံဝါ သေယျာ ဝါ သဟ ဝါသေပေါ့ ကပ္ပေယျ ပါစိတ္တိယံ) ဟူသော ဥက္ခိတ္တကသမ္ဘောဂ သိက္ခာပုဒ်ဝယ် သံဘုဉ္ဇေယျအရ သမ္ဘောဂကို ယင်းသိက္ခာပုဒ် ပဒဘာဇနီဋ္ဌ- "ဘုဉ္ဇေယျ ဝါတိ သမ္ဘောဂေါနာမ အာမိသ သမ္ဘောဂေါစ ဓမ္မသမ္ဘောဂေါစ" ဟု ဟောတော်မူသောကြောင့် အာမိသ သမ္ဘောဂ တမျိုး၊ ဓမ္မသမ္ဘောဂတမျိုးဟု နှစ်မျိုးရှိသည်ကို မှတ်အပ်၏။

သံဘုဉ္ဇေယျ ဝါတိတွေ့၊ သံဘုဉ္ဇေယျ ဝါဟူသော ဤပါဠိတော်၌ သမ္ဘောဂေါနာမ၊ သမ္ဘောဂမည်သည်ကား။ အာမိသသမ္ဘောဂေါစ၊ အာမိသ သမ္ဘောဂသည်လည်းကောင်း။ ဓမ္မသမ္ဘောဂေါစ၊ ဓမ္မသမ္ဘောဂသည်လည်းကောင်း။ သမ္ဘောဂေါနာမ၊ သမ္ဘောဂမည်၏။ ဤကားပါဠိတော်အနက်။

ထိုနှစ်မျိုးတို့တွင် (အာမိသသမ္ဘောဂေါနာမ အာမိသံ ဒေတိ ဝါ ပဋိဂ္ဂဏှာတိ ဝါ"ဟု ယင်းပဒဘာဇနီပါဠိတော်၌ ၊ဟောတော်မူသောကြောင့် ဆွမ်း, သင်္ကန်းစသော အာမိသကို ပေးခြင်း ခံယူခြင်းသည် အာမိသ သမ္ဘောဂမည်၏ဟု မှတ်အပ်၏။

အာမိသ သမ္ဘောဂေါနာမ၊ အာမိသ သမ္ဘောဂမည်သည်ကား။ အာမိသံ၊ ဆွမ်း, သင်္ကန်း စသော အာမိသကို။ ဒေတိ ဝါ၊ ပေးမူလည်းပေး၏။ ပဋိဂ္ဂဏှာတိ ဝါ၊ ပေးသည်ကို ခံယူမူလည်း ခံယူ၏။ ဤကား ပါဠိတော်အနက်။ "အာမိသဿ သမ္ဘောဂေါ အာမိသ သမ္ဘောဂေါဟု ဝစနတ်ပြု။ အနည်းငယ်မျှသော ဆွမ်းစသော အာမိသကို ပေးခြင်း ယူခြင်းကိုကောက်။

(ဓမ္မသမ္ဘောဂေါနာမ ဥဒ္ဒိသတိ ဝါ ဥဒ္ဒေသာပေဘိ ဝါ)ဟူ၍ ယင်းပဒဘာဇနီပါဠိတော်၌ ဟောတော်မူသောကြောင့် ပရိယတ္တိဓမ္မကို သင်ခြင်း သင်စေခြင်းသည် ဓမ္မသမ္ဘောဂမည်၏ဟု မှတ်အံ့ပ်၏။ ဓမ္မသမ္ဘောဂေါနာမ၊ ဓမ္မသမ္ဘောဂမည်သည်ကား။ ဥဒ္ဒိသတိ ဝါ၊ ပရိယတ္တိဓမ္မကို မိမိကမူလည်း ပို့ချ၏။ ဥဒ္ဒေသာပေတိ ဝါ၊ ပရိယတ္တိဓမ္မကို သူ့ကိုလည်းပို့ချစေ၏။ ဝါ၊ သင်ယူ၏။ ဤကား ပဒဘာဇနီပါဠိတော်အနက်။ ဓမ္မဿ ဥဒ္ဒိသနံ ဥဒ္ဒေသာပနံ ဓမ္မသမ္ဘောဂေါဟူသော ကခ်ဴဋီကာနှင့်အညီ "ဓမ္မဿ သမ္ဘောဂေါ ဓမ္မသမ္ဘောဂေါ"ဟု ဝစနတ်ပြု။ ဓမ္မဿ၊ ပရိယတ္တိ

ဓမ္မကို။ သမ္ဘောဂေါ၊ ပို့ချခြင်း သင်ယူခြင်းအားဖြင့် သုံးဆောင် ပေါင်းဖော်ခြင်းတည်း။ ဓမ္မသမ္ဘောဂေါ၊ ပရိယတ္တိဓမ္မကို ပို့ချသင်ယူခြင်းအားဖြင့် သုံးဆောင်ပေါင်းဖော်ခြင်း။ ဤကား ဝိဂြိုဟ်အနက်။

သံဝါသေယျပုဒ်အရ သံဝါသသည် သံဃာ့ သံဝါသသာတည်း။ ထို့ကြောင့် (သံဝါ-သေယျာတိ ဥကို့တ္တကေန သဒ္ဒိ ဥပေါသထံ ဝါ ပဝါရဏံ ဝါ သံဃကမ္မံ ဝါ ကရောတိ)ဟု ယင်းပဒဘာဇနီဠိပင် ဟောတော်မူ၏။ ။သံဝါသေယျာတိ၊ သံဝါသေယျဟူသည်ကား။ ဥကို့တ္တ-တေန၊ ဥကို့တ္တကရဟန်းနှင့်။ သဒ္ဒိံ၊ အတူတကွ။ ဥပေါသထံ ဝါ၊ ဥပုသ်ကိုလည်း။ ကရောတိ၊ ပြု၏။ ပဝါရဏံ ဝါ၊ ပဝါရဏာကိုလည်း။ ကရောတိ၊ ပြု၏။ သံဃကမ္မံ ဝါ၊ ကြွင်းသောသံဃာကံကိုလည်း။ ကရောတိ၊ ပြု၏။ ပါစိတ္တိယံ၊ ပါစိတ်အာပတ်သင့်၏။ ဤကား ပဒဘာဇနီပါဠိတော်အနက်။

ဤပါဠိတော်၌ ဥပုသ်ကံ၊ ပဝါရဏာကံတို့သည် သံဃာကံပင် ဖြစ်ပါငြားသော်လည်း အမြဲပြုအပ်သော ကံဖြစ်သောကြောင့် အသီးအခြား ဟောတော်မူသည်ဟု မှတ်အပ်၏။ ဤကား ဥကို့တ္တက သမ္ဘောဂ သိက္ခာပုဒ်လာ သမ္ဘောဂ သံဝါသ သရုပ်တည်း။

ပရိဘောဂသည်လည်း လင်္ဂီပရိဘောဂ၊ အလင်္ဂီပရိဘောဂ၊ ဓမ္မိယပရိဘောဂ၊ အဓမ္မိယ ပရိဘောဂဟူ၍ လေးပါးအပြားရှိ၏။ ထို့ကြောင့် ရူပိယသိက္ခာပုဒ် အဋ္ဌကထာ၌-

အပရေပိ စတ္တာရော ပရိဘောဂါ၊ လင်္ဂီပရိဘောဂေါ၊ အလင်္ဂီပရိဘောဂေါ၊

ဓမ္မိယပရိဘောဂေါ အဓမ္မိယပရိဘောဂေါ တိ ဟု မိန့်တော်မူအပ်၏။

အပရေပိ၊ တပါးလည်းဖြစ်ကုန်သော။ ပရိဘောဂါ၊ ပရိဘောဂတို့သည်။ လင်္ဂီပရိဘော-ဂေါ၊ လင်္ဂီပရိဘောဂလည်းကောင်း။ အင်္ဂီလပရိဘောဂေါ၊ အလင်္ဂီပရိဘောဂလည်းကောင်း။ ဓမ္မိယပရိဘောဂေါ၊ ဓမ္မိယပရိဘောဂလည်းကောင်း။ အဓမ္မိယပရိဘောဂေါ၊ အဓမ္မိယပရိဘောဂ လည်းကောင်း။ ဣတိ၊ ဤသို့။ စတ္တာရော၊ လေးပါးတို့တည်း။ ဤကာ အဋ္ဌကထာအနက်။

ဤ၌ ပရိဘောဂနှင့် သမ္ဘောဂသည် ဥပသာရပုဒ်မျှသာ ထူးသည်။ လင်္ဂီပဂ္ဂိုလ်နှင့် ရောနှောပေါင်းဖော် သုံးဆောင်ခြင်းသည် လင်္ဂီပရိဘောဂမည်၏။ အလင်္ဂီပဂ္ဂိုလ်နှင့် ရောနှော ပေါင်းဖော် သုံးဆောင်ခြင်းသည် အလင်္ဂီပရိဘောဂမည်၏။ တရားသဖြင့်ရသော ပစ္စည်း၏ အစုမ်း အားဖြင့် ရောနှောပေါင်းဖော် သုံးဆောင်ခြင်းသည် ဓမ္မိယပရိဘောဂမည်၏။ မတရားသဖြင့် ရသောပစ္စည်း၏ အစုမ်းအားဖြင့် ရောနှောပေါင်းဖော် သုံးဆောင်ခြင်းသည် အဓမ္မိယပရိဘောဂ မည်၏ဟုမှတ်အပ်၏။

ဓောကိကာရိ-၁၀ (ဓမ္မဒါန)

တနည်းလည်း ဓမ္မပရိဘောဂ၊ အာမိသပရိဘောဂဟု နှစ်ပါးအပြားရှိ၏။ ထို့ကြောင့် ရူပိယသိက္ခာပုဒ် အဋ္ဌကထာ၌ပင်- ဒွေ ပရိဘောဂါ ဓမ္မပရိဘောဂေါ၊ အာမိသပရိဘောဂေါ တိ ဟုမိန့်တော်မူ၏။

ပရိဘောဂါ၊ ပရိဘောဂတို့သည်။ ဓမ္မပရိဘောဂေါ၊ ဓမ္မပရိဘောဂလည်းကောင်း။ အာမိသပရိဘောဂေါ၊ အာမိသပရိဘောဂလည်းကောင်း။ ဣတိ၊ ဤသို့။ ဒွေ၊ နှစ်ပါးတို့တည်း။ ဤပါဠိတော်၏အစွမ်းအားဖြင့် ရောနှောပေါင်းဖော်ခြင်းသည် ဓမ္မပရိဘောဂမည်၏။ ပစ္စည်း၏ အစွမ်းအားဖြင့် ရောနှောပေါင်းဖော်ခြင်းသည် အာမိသပရိဘောဂမည်၏ဟု မှတ်အပ်၏။ ကြွင်းကုန်သော ပရိဘောဂတို့ကို ဤအဆုံးအဖြတ်နှင့် မသက်ဆိုင်သောကြောင့် မထုတ်ဆောင်ပြီ။ အလိုရှိလျှင် ရူပိယသိက္ခာပုဒ် အဋ္ဌကထာဋီကာတို့၌ ယူလေ။ ဤကဲ့သို့ အဋ္ဌကထာလာ ပရိဘောဂ၊ သရုပ်တည်း။

အလင်္ဂီပရိဘောဂ အစရှိကုန်သော လေးပါးကုန်သောပရိဘောဂတို့ကို ဓမ္မပရိဘောဂ၊ အာမိသပရိဘောဂနှစ်ပါးတို့နှင့် စပ်၍ပြရာ ယင်းအဋ္ဌကထာ၌ ဓမ္မိယာ ဓမ္မိယ ပရိဘောဂေါ ပစ္စယဝသေန ဝေဒိတဗ္ဗော ဟု မိန့်အပ်၏။

ဓမ္မိယာ ဓမ္မိယ ပရိဘောဂေါ၊ ဓမ္မိယပရိဘောဂ၊ အဓမ္မိယပရိဘောဂကို။ ပစ္စယဝသေန၊ အာမိသ၏ အစွမ်းအားဖြင့်။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ဤကား အဋ္ဌကထာအနက်။ ဤပါဠိဖြင့် အဋ္ဌကထာဆရာမြတ်သည် ဓမ္မပရိဘောဂ၊ အဓမ္မပရိဘောဂကို အာမိသ ပရိဘောဂ၏ အစွမ်းအားဖြင့်သာ ၅အပ်၏။ ဓမ္မပရိဘောဂ၏ အစွမ်းအားဖြင့် မရအပ်ဟု ပြတော်မူသည်။ တရားသဖြင့် ရရှိသိမ်းဆည်းအပ်သော ပစ္စည်းသည် ဓမ္မိယပစ္စည်းမည်၏။ အနေသနဿသော မအပ်သော ရှာမှီးခြင်းဖြင့် ရှာကြံသိမ်းဆည်းအပ်သော ပစ္စည်းသည် အဓမ္မိယပစ္စည်းမည်၏။ ထို့ဓမ္မိယ အဓမ္မိယနှစ်ပါးတို့ကို လင်္ဂီ အလင်္ဂီ ပုဂ္ဂိုလ်နှစ်ပါးတို့နှင့်စပ်၍ လင်္ဂီပုဂ္ဂိုလ်၏ ဓမ္မိယ အဓမ္မိယ ပစ္စည်း။ အလင်္ဂီပုဂ္ဂိုလ်၏ ဓမ္မိယပစ္စည်း၊ အဓမ္မိယပစ္စည်းဟု လေးပါးရှိသည်ကို သိအပ်၏။

ထိုလေးပါးတို့တွင် လင်္ဂီပုဂ္ဂိုလ်၏ ဓမ္မိယပစ္စည်းကို ပုဂ္ဂိုလ်-ပစ္စည်း နှစ်ပါးစုံ၏ ဧင်ကြယ်သည်၏ အဖြစ်ကြောင့် ခံယူသုံးဆောင်အပ်၏။ လင်္ဂီပုဂ္ဂိုလ် အဓမ္မိယပစ္စည်းကို စက်ဆုပ်သော အားဖြင့် မခံယူ မသုံးဆောင်အပ်။ အလင်္ဂီပုဂ္ဂိုလ်၏ ဓမ္မိယပစ္စည်းကို ပုဂ္ဂိုလ်ကို စက်ဆုပ်သော အားဖြင့် မခံယူ မသုံးဆောင်အပ်။ အလင်္ဂီပုဂ္ဂိုလ်၏အဓမ္မိယပစ္စည်းကို ပုဂ္ဂိုလ်-ပစ္စည်းနှစ်ပါးလုံးကို စက်ဆုပ်သောအားဖြင့် မခံယူ မသုံးဆောင်အပ်။

ဤသို့ အဋ္ဌကထာဆရာမြတ်သည် လင်္ဂီပရိဘောဂ၊ အလင်္ဂီပရိဘောဂ၊ ဓမ္မိယပရိဘောဂေါ၊ အဓမ္မိယပရိဘောဂဟု ဆိုအပ်ကုန်သော လေးပါးကုန်သော ပရိဘောဂတို့တွင် နောက်-ဓမ္မိယ အဓမ္မိယ နှစ်ပါးကိုသာ ပစ္စည်း၏ အစွမ်းအားဖြင့် ယူအပ်၏ဟု အာမိသ ပရိဘောဂဖြင့် အထူးပြု၍ မိန့်တော်မူသဖြင့် ရှေးဖြစ်သော လင်္ဂီပရိဘောဂ၊ အာမိသပရိဘောဂ၏ အစွမ်းအားဖြင့် ယူရမည်ဟု အတ္ထာပန္နနည်းအားဖြင့် ပြတော်မူသည်ဖြစ်၍လည်းကောင်း။

ထိုပရိဘောဂတို့၏ အပ်-မအပ်ကို ဆုံးဖြတ်ရာ အဋ္ဌကထာ၌ ယတ္ထ အာမိသပရိဘောဂေါ ဝဋ္ဋတိ၊ တဿ ဓမ္မပရိဘောဂေါ ဝဋ္ဋတိ)ဟု အကြင်ပုဂ္ဂိုလ်၌ အာမိသပရိဘောဂအပ်၏။ ထိုပုဂ္ဂိုလ်၌ ဓမ္မပရိဘောဂလည်း အပ်တော့သည်ဟု ပုဂ္ဂိုလ်တဦးတည်း၌ မှတ်၍၊ ဓမ္မ-အာမိသ နှစ်ပါးကို သုက္ကပက္ခ၌ မိန့်တော်မူသဖြင့် ကဏှပက္ခ၌လည်း ထိုနည်းအတူ ယူရမည်ဖြစ်၍လည်း ကောင်း လင်္ဃီပရိဘောဂ၊ အလင်္ဃီပရိဘောဂနှစ်ပါးကို ဓမ္မပရိဘောဂ၊ အာမိသပရိဘောဂတို့၏ အစွမ်းအားဖြင့် ယူစေလိုသော အဋ္ဌကထာဆရာ၏အလိုကို သိအပ်၏။

ထိုသို့ ဆိုအပ်ပြီးကုန်သော အဋ္ဌကထာ၏အလိုကို သိမြင်တော်မူသော ဝိမတိဝိနောဒနီ ဋီကာဆရာမြတ်သည် 'အလင်္ဃီနာ သဒ္ဒိ' ပရိဘောဂေါ ဟိ၊ ဓမ္မာမိသဝသေန မိဿဘာဝေါ၊ အလင်္ဃီနာ သဒ္ဒိန္တိ ဘဏ်ပိ ဓသေဝနယော'ဟု မိန့်တော်မူအပ်၏။

လင်္ဃီနာသဒ္ဒိ' ပရိဘောဂေါတိ၊ လင်္ဃီနာသဒ္ဒိ' ပရိဘောဂဟူသည်ကား။ ဓမ္မာမိသဝနေ၊ ဓမ္မအာမိသ၏ အစွမ်းအားဖြင့်။ မိဿဘာဝေါ၊ ရောနှောသည်၏အဖြစ်တည်း။ အလင်္ဃီနာ သဒ္ဒိန္တိ ဘဏ်ပိ၊ အလင်္ဃီနာသဒ္ဒိ' ဟူသော်ပုဒ်၌လည်း။ ဓသေဝနယော။ ဤနည်းလျှင် နည်းရှိ၏။ ဤကား အနက်။

ဤသို့ အဋ္ဌကထာ ဋီကာဆရာမြတ်တို့ မိန့်တော်မူအပ်ကုန်သည်နှင့်အညီ လင်္ဃီပုဂ္ဂိုလ်နှင့် အလင်္ဃီပုဂ္ဂိုလ်၏ ဓမ္မ၏အစွမ်းအားဖြင့်လည်းကောင်း၊ အာမိသ၏အစွမ်းအားဖြင့်လည်းကောင်း တက္ခရောယှက် ပေါင်းဖက်သုံးဆောင်ခြင်းသည် လင်္ဃီပရိဘောဂမည်၏။ အလင်္ဃီပုဂ္ဂိုလ်နှင့် လင်္ဃီပုဂ္ဂိုလ်၏ ဓမ္မ၏အစွမ်းအားဖြင့်လည်းကောင်း၊ အာမိသ၏အစွမ်းအားဖြင့်လည်းကောင်း တက္ခရောယှက် ပေါင်းဖက်သုံးဆောင်ခြင်းသည် အလင်္ဃီပရိဘောဂမည်၏ဟု မှတ်အပ်၏။ ထို့ကြောင့် (တတ္ထ အလင်္ဃီနော လင်္ဃီနာ သဒ္ဒိ' ပရိဘောဂေါ ဝဋ္ဋတိ၊ အာပတ္တိယာ နကာရေတဗ္ဗော)ဟု အဋ္ဌကထာ၌ ဖွင့်တော်မူ၏။

တတ္ထ၊ ထိုလေးပါးကုန်သော ပရိဘောဂတို့တွင်။ အလင်္ဃီနာ၊ အလင်္ဃီပုဂ္ဂိုလ်အား။ လင်္ဃီနာ၊ လင်္ဃီပုဂ္ဂိုလ်နှင့်။ သဒ္ဒိ'၊ အတူတကွ။ ပရိဘောဂေါ ဝဋ္ဋတိ၊ ဓမ္မပစ္စယ၊ ရောနှောပေါင်းဖော်သုံးဆောင်ခြင်းသည်။ ဝဋ္ဋတိ၊ အပ်၏။ အာပတ္တိယာ၊ အာပတ်ဖြင့်။ နကာရေတဗ္ဗော၊ မဆုံးဖြတ်အပ်။ ဤကား အဋ္ဌကထာအနက်။

ဤပါဠိဖြင့် လင်္ဃီပုဂ္ဂိုလ်နှင့် အာမိသပရိဘောဂကို ပြုခြင်းကြောင့်လည်းကောင်း၊ ဓမ္မပရိဘောဂနှင့် ပြုခြင်းကြောင့်လည်းကောင်း အလင်္ဃီပုဂ္ဂိုလ်အား အာပတ်မသင့်၊ အပြစ်မရှိဟု ပြတော်မူသည်။ အဋ္ဌ်လပရိဘောဂသည်ကား မအပ်၊ အပြစ်ရှိ၏။ ထို့ကြောင့် ရှုပိယသိက္ခာပုဒ် အဖွင့်၌-

လင်္ဂိနော အလင်္ဂိနာ သဒ္ဒါ'ယာဝ နဇာနာတိ၊ တာဝ ဝဋ္ဋတိ အာဒိတော ပဋ္ဌာယ ဟိ အလင်္ဂိနာမ နတ္ထိ၊ တသ္မာ ယဒါဿ အလင်္ဂိဘာဝံ ဇာနာတိ၊ တဒါ ဝတ္တဗ္ဗော၊ တုမ္ဟေ ကာယဒ္ဒါရေစ ဝစီဒ္ဒါရေစ ဝီတိက္ကမံ ကရောထ၊ တံ အပ္ပဋိရူပံ မာဒဝ မကတ္ထာတိ သစေ အနာဒိယိတ္ဝာ ကရောတိ ယော၀၊ တေန သဒ္ဒါ' ပရိ-ဘောဂံ ကရောတိ၊ သောပိ အလင်္ဂိ ယော၀ ဟောတိ

ဟု ဖွင့်တော်မူ၏။

လင်္ဂိနော၊ လင်္ဂိရဟန်းကောင်းအား။ အလင်္ဂိနာ အလင်္ဂိရဟန်းဆိုးနှင့်။ သဒ္ဒါ၊ အတူတကွ။ ယာဝ၊ အကြင်မျှလောက်။ နဇာနာတိ၊ အလင်္ဂိမှန်းမသိ။ တာဝ၊ ထိုအလင်္ဂိမှန်းမသိသမျှကာလပတ်လုံး။ ဝဋ္ဋတိ၊ပရိဘောဂပြုခြင်းငှာအပ်၏။အာဒိတော၊သိမ်မှုထုက်ကတည်းက၊ ပဋ္ဌာယ၊ စ၍။ အလင်္ဂိနာမ၊ အလင်္ဂိပုဂ္ဂိုလ်မည်သည်။ ဟိ-ယသ္မာ၊ အကြင်ကြောင့်။ နတ္ထိ၊မရှိ။ တသ္မာ၊ ထို့ကြောင့်။ ယဒါ၊ အကြင်အခါ၌။ အဿ၊ ထိုရဟန်း၏။ အလင်္ဂိဘာဝံ၊ အလင်္ဂိအဖြစ်ကို။ ဇာနာတိ၊ သိ၏။ တဒါ၊ ထိုသိသောအခါ၌။ တုမ္ဟေ၊ သင်တို့သည်။ ကာယဒ္ဒါရေစ၊ ကာယဒ္ဒါရ၌လည်းကောင်း။ ဝစီဒ္ဒါရေစ၊ ဝစီဒ္ဒါရ၌လည်းကောင်း။ ဝီတိက္ကမံ၊ လွန်ကျူးခြင်းကို။ ကရောထ၊ ပြုကြကုန်၏။ တံ၊ ထိုသို့လွန်ကျူးခြင်းသည်။ အပ္ပဋိရူပံ၊ မသင့်တင့်။ ဧဝံ၊ ဤသို့။ မာအကတ္ထ၊ မပြုကြပါကုန်လင့်။ ဣတိ၊ ဤသို့။ ဝတ္တဗ္ဗော၊ ဆိုအပ်၏။ အနာဒိယိတ္ဝာ၊ မနာယူမူ၍။ သစေကရောတိ၊ အကယ်၍ပြုသည်သာလျှင်ဖြစ်အံ့။ တေန၊ ထိုအလင်္ဂိ ဒုဗ္ဗစ.ရဟန်းနှင့်။ သဒ္ဒိံ၊ အတူတကွ။ ပရိဘောဂံ၊ ပရိဘောဂကို။ ကရောတိ၊ ပြု၏။ သောပိ၊ ထို ပရိဘောဂပြုသောရဟန်းသည်လည်း။ အလင်္ဂိယော၀၊ အလင်္ဂိသာလျှင်။ ဟောတိ၊ ဖြစ်၏။ ဤကား အနက်။

ဤပါဠိဖြင့် ဒိဋ္ဌ သုတအစရှိသည်ဖြင့်ထိုပုဂ္ဂိုလ်၏အလင်္ဂိအဖြစ်ကိုသိလျှင် ပရိဘောဂနှစ်ပါးလုံး မအပ်။ သိလျက်နှင့် ဒုဗ္ဗစအလင်္ဂိရဟန်းနှင့် ဓမ္မ၏အစုမ်းအားဖြင့်လည်းကောင်း၊ အာမိသ၏အစုမ်းအားဖြင့် လည်းကောင်း ရောနှောပေါင်းဖော်လျှင် ထိုလင်္ဂိရဟန်းသည် အလင်္ဂိအဖြစ်သို့ ရောက်ရတော့သည်ဟု အဋ္ဌကထာဆရာ ပြတော်မူသည်။

ပရိဘောဂအရာ အဋ္ဌကထာတို့၌ အဆိုအလာကို သဘောနှိုင်းယှဉ်၍ ပြခြင်း

ဤလင်္ဂိ အလင်္ဂိ ပရိဘောဂအစရာဝယ် တရုသကင်္ခိကာဋီ(လင်္ဂိနော သဒ္ဒိံ ပရိဘောဂေါတိ၊ လင်္ဂိဿ သန္တကံ ဂဟေတ္ဝာ ပရိဘောဂေါ။ အလင်္ဂိနော သဒ္ဒိန္တိ၊ ဧတ္ထပိဧသေဝနယော)ဟု မိန့်တော်မူ၏။ လင်္ဂိနောသဒ္ဒိံ ပရိဘောဂေါတိ၊ လင်္ဂိနော သဒ္ဒိံ ပရိဘောဂေါ ဟူသည်ကား။ လင်္ဂိဿ၊ လင်္ဂိရဟန်း၏။ သန္တကံ၊ ဥစ္စာကို။ ဂဟေတ္ဝာ၊ ယူ၍။ ပရိဘောဂေါ၊ သုံးဆောင်ခြင်းတည်း။ အလင်္ဂိနော သဒ္ဒိန္တိဧတ္ထပိ၊ အလင်္ဂိနောသဒ္ဒိံ ဟူသော ပုဒ်၌လည်း။ ဧသေဝနယော၊ ဤနည်းလျှင် နည်းရှိ၏။ ဤကား အနက်။

ဤပါဠိဖြင့် ဋီကာဆရာသည် လင်္ဂီ အလင်္ဂီပရိဘောဂအရာ၌ ရအပ်သော အာမိသ ပရိဘောဂကို ပေးခြင်း၊ ယူခြင်းနှစ်ပါးတို့တွင် ပစ္စည်းကိုယူ၍ သုံးဆောင်ခြင်းဖြင့် မှတ်အပ်၏။ ပေးခြင်းဖြင့် မမှတ်အပ်ဟု ပြတော်မူသည်။ ဓမ္မပရိဘောဂကို အထူးဖွင့်တော်မမူခြင်းကြောင့် ရှေးသမ္ဘောဂ၌ ဆိုခဲ့သည့်အတိုင်း ပို့ချခြင်း သင်ယူခြင်းစသည်ဖြင့် မှတ်ယူအပ်၏။

ဤဋီကာကိုစဲ၍ အချို့သောဆရာတို့သည် လင်္ဂီ အလင်္ဂီပရိဘောဂကို အာမိသပရိဘောဂအစွမ်းအားဖြင့် ယူအပ်၏။ ဓမ္မပရိဘောဂအစွမ်းအားဖြင့် မယူအပ်ဟု ပြောဆိုဆုံးဖြတ်ကြကုန်၏။ ထိုဆရာတို့ ဆိုသည့်အတိုင်း၊ အာမိသ ပရိဘောဂအစွမ်းအားဖြင့်သာ ယူရမည်ဖြစ်လျှင်(ဓမ္မိယာဓမ္မိယ ပရိဘောဂေါ ပစ္စယဝသေန ဒေဒိတဗ္ဗော)ဟု ဓမ္မိယ ပရိဘောဂ၊ အဓမ္မိယ ပရိဘောဂ ဤနှစ်ပါးကိုသာ အာမိသအစွမ်းအားဖြင့် ဖွင့်တော်မမူရာ။ (သဗ္ဗပရိဘောဂါ ပစ္စယဝသေန ဒေဒိတဗ္ဗာ)ဟု ပရိဘောဂလေးပါးလုံးကိုလည်း အာမိသ၏အစွမ်းအားဖြင့်ယူဟု ပရိဘောဂလေးပါးနှင့် ဆက်ဆံသောစကားကို အဋ္ဌကထာဆရာ မိန့်ဘော်မူရာ၏။ ထိုသို့ကား မိန့်ဆို ဖွင့်လှစ်တော်မမူခဲ့သည်ဖြစ်၍လည်းကောင်း၊ (ယတ္ထ အာမိသပရိဘောဂေါ ဝဋ္ဋတိ၊ တတ္ထ ဓမ္မ ပရိဘောဂေါ ဝဋ္ဋတိ)ဟု အာမိသပရိဘောဂအပ်သော ပုဂ္ဂိုလ်၌ ဓမ္မပရိဘောဂသည်လည်း အပ်တော့သည်ဟု ပုဂ္ဂိုလ်တဦးတည်း၌ မှတ်၍ ဓမ္မ အာမိသနှစ်ပါးကို မိန့်တော်မမူရာ။ ထိုသို့လည်း ဖွင့်ပြတော်မူသည်ဖြစ်၍လည်းကောင်း အချို့သောဆရာတို့ ဆိုအပ် ဆုံးဖြတ်အပ်သောစကားသည် အဋ္ဌကထာသို့ သက်သောစကား မဟုတ်ခေ။ ထို့ကြောင့် ကေစိဆရာတို့စကားကို မမှတ်သားအပ်။

အလင်္ဂီ ပုဂ္ဂိုလ်အား ဆွမ်း သက်နှံးစသော ပစ္စည်းကိုပေးခြင်း၊ အလင်္ဂီပုဂ္ဂိုလ်၏ ပစ္စည်းကို ယူ၍ သုံးဆောင်ခြင်း နှစ်ပါးတို့တွင် အလင်္ဂီပုဂ္ဂိုလ်၏ ပစ္စည်းကို ယူ၍ သုံးဆောင်ခြင်းသည်သာ အပြစ်ရှိ၏။ ပေးခြင်းကား အပြစ်မရှိဟု မှတ်အပ်၏၊ ထို့ကြောင့် (အာမိသဒါနံပိယ အာပတ္တိ နတ္ထိ) ဟူ၍ ဝိမတိ ဝိနောဒနီ ဋီကာ၌ မိန့်တော်မူ၏။

အာမိသဒါနံပိယ၊ အလင်္ဂီပုဂ္ဂိုလ်အား။ အာမိသ၊ ပေးခြင်းကဲ့သို့။ တဿ၊ ထိုနိဂ္ဂဟကံ၊ ဥပကာရကံ စသည်ကို အလင်္ဂီကို မငဲ့ပဲပြုသော ရဟန်းအား။ အာပတ္တိ၊ အာပတ်သည်။ နတ္ထိ၊ မရှိ။ ဤကား အနက်။

ဤဝိမတိဝိနောဒနီ ဋီကာစကားနှင့်၊ ကေရဿကဏ် ဋီကာစကားတို့သည် မကွဲပြားသည်ဖြစ်၍ အာမိသ ပရိဘောဂ၌ ပေးခြင်း၊ ယူခြင်း နှစ်ပါးတို့တွင် ပရိဘောဂဖြစ်သင့်သော ယူ၍ သုံးဆောင်ခြင်းကိုသာ သိစေလို၍ ဖွင့်ပြတော်မူသည်ဟု မှတ်အပ်၏။ ဤကား ဘေရဿကဏ် ဋီကာကို အဋ္ဌကထာနှင့်အညီ ပြဆိုခန်းတည်း။

ဤသို့ လင်္ဂီပရိဘောဂ၊ အလင်္ဂီပရိဘောဂ အရာ၌ ရအပ်သော ဓမ္မပရိဘောဂ၏ သရုပ်ကို အဋ္ဌကထာဆရာ ထုတ်ပြတော်မမူ။ (ယောပန ကောဋိယံဋီတော ဂဓန္တာ) အစရှိသော ဝါကျ

သည်လည်း သရုပ်ပြ ဝါကျမဟုတ်။ ထိုသို့ အဋ္ဌကထာဆရာသည် အပ် မအပ် ဖြစ်သော ဓမ္မ ပရိဘောဂသရုပ်ကို ထုတ်၍မပြခြင်းကြောင့်ပင် အာမိသ ပရိဘောဂမှ ကြွင်းသော ပရိဘောဂ သည်ပင် ဓမ္မပရိဘောဂမည်၏ဟု ဆ၍ယူအပ်၏။ ဤသို့သော အဋ္ဌကထာ ရိပ်ကို မြင်တော်မူသော ကြောင့် ဝိမာဝိပိနောဒနီ ဋီကာ၌-

(ဓမ္မပရိဘောဂ ဂေါ တိ ကေကမ္မ ကေဒ္ဒေသောတိ အာဒိနာ ဝုတ္တဲ့ သံဝါသော စေဝ နိဿယ ဂဟဏဒါနာဒိကော သဗ္ဗော နိရာမိသပရိဘောဂေါစ ဝေဒိတဗ္ဗော ဟု မိန့်တော်မူ၏။

ဓမ္မပရိဘောဂေါတိ၊ ဓမ္မပရိဘောဂ ဟူသည်ကား။ ကေကမ္မ ကေဒ္ဒေသောတိ အာဒိုနာ၊ ကေကမ္မ ကေဒ္ဒေသော၊ ဤသို့ အစရှိသဖြင့်။ ဝုတ္တသံဝါသောစေဝ၊ ပါရာဇိက သိက္ခာပုဒ်၌ ဆိုအပ်ခဲ့ပြီးသော သံဝါသကိုလည်းကောင်း။ နိဿယ ဂဟဏဒါနာဒိတော၊ နိဿရည်းပေးခြင်း ယူခြင်းအစရှိ၊သော။ သဗ္ဗော၊ အလုံးစုံသော၊ နိရာမိသ၊ရိဘောဂေါစ၊ အာမိသ ကင်းသော ပရိဘောဂကိုလည်းကောင်း။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ဤကား ဋီကာအနက်။

ဋီကာဆရာသည် ဥပေါသထကံ၊ ပဝါရဏာကံစသော အလုံးစုံသော သံဃကံ၊ နိဿရည်း ယူခြင်း နိဿရည်း ပေးခြင်းစသော အာမိသ ပရိဘောဂ မှဘပါးသော ပရိဘောဂ ဟူသမျှသည် ဓမ္မပရိဘောဂမည်၏ဟု ဖွင့်ပြတော်မူသောကြောင့် ဥပုသ်ကံ၊ ပဝါရဏာကံ စသော ကံကြီး ကံငယ်ကို အလင်္ဂဒုပ္ပစ ရဟန်းတို့နှင့် အဘူတက္က လင်္ဂီရဟန်းကောင်းတို့သည် မပြုအပ်၊ မပြုကောင်း။ ပြုလျှင် (တေ သဒ္ဓိ ပရိဘောဂံ ကဆုတိ သောပိအလင်္ဂီယေဝ ဟောတိ) ဟု အဋ္ဌကထာဆရာ ဖွင့်ပြတော် မူသည်နှင့်အညီ လင်္ဂီရဟန်းကောင်းပင် ဖြစ်လင့်ကစား အလင်္ဂီ အဖြစ်သို့ စင်စစ် ရောက်ရတော့သည် ဟူ၍သာ စဉ်မြဲစွာမှတ်သားအပ်၏။

ဤအရာ ဝိမာဝိနောဒနီ ဋီကာဆရာမြတ်သည်သာ ဥပေါသထကံ စသော ကံကြီး ကံငယ်တို့ကို ဓမ္မပရိဘောဂသို့ထည့်၍၊ အလင်္ဂီပရိဘောဂ ဒုက္ကဋ် ဝတ္ထုကို ဖွင့်တော်မူသည် မဟုတ်သေး၊ တရားသဘော ဋီကာ၌လည်း-

အနာပတ္တိသမ္ဘောဂ သံဝါသေတိ ဇတ္ထစ အယမမိပါယော၊ ယသ္မာ အယံ သြသာရဏကမ္မဿ ကတတ္တာ ပကတတ္တဌာနေ ဋ္ဌိတော၊ တသ္မာ နဉ္စိတ္တတ္တာတေန သဒ္ဓိံ သမ္ဘောဂါဒိပစ္စယာ ပါစိတ္တိယံ၊ နာပိ အလင်္ဂီနာ သဒ္ဓိံ ပရိဘောဂပစ္စယာ ဒုက္ကဋံ၊ အလင်္ဂီလက္ခဏာ နုပပတ္တိတော

ဟု ဖွင့်တော်မူသေး၏။

စ၊ ဆက်၍ ဆိုဦးအုံ့။ အနာပတ္တိ သမ္ဘောဂေသံဝါသေတိ ဇတ္ထ၊ အနာပတ္တိ သမ္ဘောဂေ သံဝါသေ ဟူစသော ဤပါဠိတော်၌ အယမမိပါယော၊ ဤဆိုလတ္တံ့သော အဓိပ္ပါယ်ကို။ ဝေဒိ

တခဗ္ဗာ၊ သိအပ်၏။ အယံ၊ ဤရဟန်းသည်။ ဩသာရဏာကမ္မဿ၊ ဩသာရကံကို။ ကဘတ္တာ၊ ပြုအပ်သည်၏ အဖြစ်ကြောင့်။ ပကတတ္တာဌာနေ၊ ပကတတ် ရဟန်းအရာ၌။ ယသ္မာ၊ အကြောင်းကြောင့်။ ဌိတော၊ တည်၏။ တသ္မာ၊ ထို့ကြောင့်။ ဥက္ခိတ္တတောနေ၊ ဥက္ခိတ္တကရဟန်းနှင့်။ သဒ္ဓိံ၊ အတူတကွ။ သမ္ဘောဂါဒီပစ္စယာ၊ သမ္ဘောဂစသောအကြောင်းကြောင့်။ ပါစိတ္တိယံ၊ ပါစိတ်အာပတ်သို့လည်း။ နအာပဇ္ဇတိ၊ မရောက်။ အလင်္ဂီလကွဏာ နုပပတ္တိတော၊ အလင်္ဂီလကွဏာသို့မရောက်သောကြောင့်။ ဒုက္ကဋံပိ၊ ဒုက္ကဋ်အာပတ်သို့လည်း။ နအာပဇ္ဇတိ၊ မရောက်။ ဤကားဌီကာအနက် ဤပါဌ်ဖြင့် ဌီကာဆရာသည်။ ဥပေါသထကံစသော သံဃကံကို ပရိဘောဂယူပုံ၊ အလင်္ဂီပရိဘောဂ ဒုက္ကဋ်ပြုပုံကို သိအပ်၏။

ထိုသံဝဏ္ဏနာဌီကာ၏ မှီရာဖြစ်သော(အလသမာနာယ သာမဂ္ဂိယာ အနာပတ္တိ သမ္ဘောဂေသံဝါသေ)ဟု သဟသေယျကို သံဝါသသို့သွင်း၍ ဟောတော်မူသော သံဝဏ္ဏာတမ္ပ၊ မဟာဝါပဗ္ဗဇိခန္ဓကပါဠိတော်၌ သံဃသာမဂ္ဂိကို မရသေး၍ ဥက္ခိတ္တကံ မပြုရသေးသော ရဟန်းနှင့် အတူတကွ မမှသမ္ဘောဂ၊ အာမိသ သမ္ဘောဂကိုပြုခြင်းကြောင့်လည်းကောင်း၊ သံဃကံဟုဆိုအပ်သော သံဝါသကို ပြုခြင်းကြောင့်လည်းကောင်း မည်သည့်အာပတ်မျှ မသင့်ဟု ဟောတော်မူသောပါဠိတော် အဓိပ္ပာယ်ရင်းကို မှတ်လင့်ဦး။

ယင်းပါဠိတော်၌ အာပတ်မသင့်ဟု သာမညဟောတော်မူရာဝယ် ဤဥက္ခိတ္တကံပြုခြင်းငှာ ထိုက်သော ရဟန်းနှင့်အတူတကွ သမ္ဘောဂ သံဝါသပြုခြင်းကြောင့် မသင့်နိုင်သော အာပတ်အပြားကိုလည်းကောင်း၊ အာပတ်မသင့်နိုင်ခြင်း၏ အကြောင်းကိုလည်းကောင်း ဖွင့်တော်မူရာ ဤဌီကာပါဌ်အပေါင်းတို့တွင်(အနာပတ္တိ။လ။သမ္ဘောဂါဒီပစ္စယာ ပါစိတ္တိယံ) တိုင်အောင်သော ပါဌ်တို့ဖြင့် သံဃာညီညွတ်ခြင်းကို မရသေး၍ ဥက္ခိတ္တကံ မပြုရသေးသော ရဟန်းနှင့် အတူတကွ သမ္ဘောဂ သံဝါသကိုပြုရာ ဥက္ခိတ္တရဟန်းမဟုတ်သေးသောကြောင့် ဥက္ခိတ္တသမ္ဘောဂသိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်မသင့်သည်ကို ပြတော်မူ၏။ သမ္ဘောဂါဒီဟူသော ဌီကာပါဌ်၌ အာဒိသဒ္ဒါဖြင့် သံဝဏ္ဏောတမ္ပပါဠိတော်၌ ဟောတော်မူအပ်သော သံဝါသကို ယူအပ်၏။ (နာပိ အလင်္ဂီနာသဒ္ဒံ။လ။အနုပပတ္တိကော) တိုင်းအာင်သော ပါဌ်တို့ဖြင့် ဥက္ခိတ္တကံပြုခြင်းငှာသာ ထိုက်သည်။ အလင်္ဂီလကွဏာသို့ မရောက်၍ အလင်္ဂီရဟန်းမဟုတ်သောကြောင့် ထိုရဟန်းနှင့်အတူတကွ သမ္ဘောဂ သံဝါသပြုခြင်းကြောင့် အလင်္ဂီပရိဘောဂ ဒုက္ကဋ်အာပတ် မသင့်နိုင်ဟု ပြတော်မူသည်။

(ပရိဘောဂပစ္စယာ ဒုက္ကဋံ)ဟူသော ဌီကာပါဌ်၌ ပရိဘောဂသဒ္ဒါဖြင့် သံဝဏ္ဏောတမ္ပပါဠိတော်၌ ဟောတော်မူအပ်သော သမ္ဘောဂကိုလည်းကောင်း၊ သံဝါသကိုလည်းကောင်း ယူတော်မူအပ်သည်ဖြစ်၍ အာမိသ သဒ္ဓိမ္ဘောဂမှတပါးသော ဓမ္မသမ္ဘောဂနှင့်တကွ သံဃကံဟုဆိုအပ်သော သံဝါသကို ပရိဘောဂဟူသာပုဒ်၌ ရအပ်သောဓမ္မပရိဘောဂကိုထည့်၍ ဌီကာဆရာပြတော်မူသည်ကို ဝိစာရကာဉာဏ်ပညာဖြင့် အခါခါ ကြည့်ရှုဘော်မူကြစေကုန်။

(နာပိ အလင်္ဂီနာ သဒ္ဒံ ပရိဘောဂ ပစ္စယာ ဒုက္ကဋံ၊ အလင်္ဂီလကွဏာနု ပပတ္တိတော) ဟူသောဝါကျဖြင့်လည်း အလင်္ဂီလကွဏာသို့ မရောက်သောကြောင့်သာ ထိုရဟန်းနှင့် သမ္ဘောဂ

သံဝါသပြုရာ၌ အလင်္ဂီ ပရိဘောဂ ဒုက္ကဋ်မသင့်သည်။ အလင်္ဂီလက္ခဏာသို့ ရောက်သောရဟန်းနှင့်ကား အတူတကွ သမ္ဘောဂ သံဝါသပြုခဲ့လျှင် မူချအလင်္ဂီပရိဘောဂ ဒုက္ကဋ်အာပတ် သင့်မည်ဟူသော အဓိပ္ပာယ်ကို ပြတော်မူသည်။ ဝဇီရဗုဒ္ဓိဋီကာ၌လည်း-

(ကိဉ္စာပိ အလင်္ဂီ ပရိဘောဂဝသေန ဒုက္ကဋ်၊ အထခေါ အယံ အလင်္ဂီ နဟောတိ၊ တသ္မာ သမ္ဘောဂရေန နိရာပတ္တိတံ သန္ဓာယ အနာပတ္တိ သမ္ဘောဂေ သံဝါသေတိဝုတ္တံ)ဟု ဖွင့်တော်မူ၏။

အလင်္ဂီပရိဘောဂဝသေန၊ အလင်္ဂီပရိဘောဂ၏ အစွမ်းအားဖြင့်။ ကိဉ္စာပိ ဒုက္ကဋ်ံ အကယ်၍ ဒုက္ကဋ်အာပတ်သင့်၏။ အထခေါ၊ ထိုသို့အလင်္ဂီ ပရိဘောဂ၏ အစွမ်းအားဖြင့် ဒုက္ကဋ် အာပတ်သင့်သော်လည်း။ အယံ၊ ဤဥကို့တွက်ပြုခြင်းငှာ ထိုက်သောရဟန်းသည်။ အလင်္ဂီ၊ အလင်္ဂီသည်။ ယသ္မာ၊ အကြောင်းကြောင့်။ နဟောတိ၊ မဖြစ်။ တသ္မာ၊ ထို့ကြောင့်။ သမ္ဘောဂရေန၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့်။ နိရာပတ္တိတံ၊ အာပတ်မသင့်သည်၏အဖြစ်ကို။ သန္ဓာယ၊ ရည်၍။ အနာပတ္တိ သမ္ဘောဂေ သံဝါသေဘိ၊ အနာပတ္တိသမ္ဘောဂေ သံဝါသဟူ၍။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ ဤကား ဝဇီရဗုဒ္ဓိဋီကာအနက်။

ဝိမတိဝိနောဒနီ ဋီကာ၌လည်း ဤဋီကာတို့အတူပင် ဖွင့်တော်မူ၏။ အလိုရှိလျှင် ဝိမတိ-ဝိနောဒနီဋီကာ မဟာဝဂါခန္ဓကဋ္ဌကထာ ဟူ၏။ ဤဋီကာသုံးဆောင်တို့၏ အကျဉ်းအဓိပ္ပာယ်ကား ကြုံရည်ကြုံဖတ်တို့၏ သတ္တာဟ ကာလိက၊ ယာဝဇီဝက၏အဖြစ်ကြောင့် နေလွဲသောအခါ၌ ကြုံကိုခဲခြင်းသည် အပ်၏။ အပြစ်မရှိဟု မှတ်ထင်လျက် ကြုံကိုခဲခြင်းကြောင့် သင့်သောပါစိတ်အာပတ်ကို မရှုသည့်အတွက် ဥကို့တွက်ပြုအပ်ပြီးသော ရဟန်းကို အာပတ်ကိုရှုပါမည်ဟု ဝန်ခံခြင်းကြောင့် သြသာရဏကံပြုပြီးမှ ထိုအာပတ်ကို မရှုပြန်သောကြောင့် ဥကို့တွက် တဖန်ပြုအံ့ဟု သံဃာကို ဆည်းစုနေဆဲ သံဃသာမဂ်ိကို မရခင် ထိုရဟန်းနှင့် သမ္ဘောဂ သံဝါသကိုပြုခြင်းကြောင့် ဥကို့တွက် ရဟန်း မဟုတ်သေး၍ ပါစိတ်အာပတ်လည်းမသင့်။ အပြစ်မရှိနိုင်ဟူသော သညာဖြင့်သာ အာပတ်သို့ရောက်သည်။ လွန်ကျူးလိုသော စေတနာဖြင့် စေ့ဆော်၍ အာပတ်သို့မရောက်သောကြောင့် အလင်္ဂီပုဂ္ဂိုလ်မဟုတ်၍ ထိုရဟန်းနှင့် အာမိသပရိဘောဂကို ပြုခြင်းကြောင့် အလင်္ဂီပရိဘောဂ ဒုက္ကဋ်အာပတ်သည် မသင့်နိုင်။ ဤကား ဋီကာသုံးစောင်တို့၏ အဓိပ္ပာယ်တည်း။

ဤ၌ အလင်္ဂီနှင့် ဥကို့တွက်ပြုခြင်းငှာ ထိုက်သော ဥကို့တွာရဟာတို့၏ အထူးကား-

လွန်ကျူးလိုသော စေတနာဖြင့် စေ့ဆော်၍ အာပတ်သို့ ရောက်ခြင်း၊ ရောက်ပြီးသောအာပတ်ကို ဖုံးလွှမ်းလိုသော စေတနာဖြင့် ဖုံးလွှမ်းခြင်း၊ လိုက်လားလိုသော စေတနာဖြင့် စေ့ဆော်၍ အဂတိလေးပါးသို့ လိုက်လားခြင်း၊ ဤလက္ခဏာသုံးပါးတို့တွင် တပါးပါးနှင့် ပြည့်စုံလျှင် အလင်္ဂီအဖြစ်သို့ ရောက်သည်ဟုမှတ်။ လွန်ကျူးလိုသော စေတနာမရှိပဲလျက်လည်း သင့်ရောက်ပြီးသော အာပတ်ကို မရှုခြင်း၊ မကုခြင်း၊ ယုတ်မာသောအယူကို မစွန့်ခြင်း၊ ဤလက္ခဏာ

သုံးပါးတို့တွင် တပါးပါးနှင့် ပြည့်စုံလျှင် ဥက္ခိတ္တာရဟာ ဖြစ်သည်ဟုမှတ်။ ဤရဟန်းကား ဥက္ခိတ္တကံ ပြုခြင်းငှာသာ ထိုက်သည်။ အလင်္ဂီမဟုတ်သောကြောင့် အလုံးစုံသော အခြင်းအရာအားဖြင့် လမ်မရဟန်းတို့အား အာပတ်မသင့်သည်။ အလင်္ဂီ ဥက္ခိတ္တာရဟာဖြစ်လျှင် အလင်္ဂီပရိဘောဂ ဒုက္ကဋ် သင့်နိုင်သည်ဟု မှတ်ယူအပ်၏။

ဤသို့ ဆိုခဲ့ပြီးသော နည်းဖြင့် ဌီကာကြီးတို့သည် ဥပုသ်စသော သံဃကံကို ပရိဘောဂ အတွင်းသို့ ထည့်၍ ဖွင့်တော်မူကြကုန်သောကြောင့် ရှုပိယသိက္ခာပုဒ် အဋ္ဌကထာ၌ ဓမ္မပရိဘောဂ အရ ဥပေါသထကံစသော သံဃကံတို့ကိုလည်းထည့်၍ ဖွင့်ပြတော်မူသော ဝိမတိဝိနောဒနီဋီကာ စကားသည် ဌီကာကြီးတို့နှင့်လည်းမပြား၊ အဋ္ဌကထာသို့လည်း သက်လားသဖြင့် အသက်ထက်ဆုံး နှလုံးစွဲကပ် အမြဲမှတ်အပ်သောစကားဖြစ်သတည်း။

ထိုဌီကာတို့၌ ဥပေါသထကံစသော သံဃကံကို ဓမ္မပရိဘောဂသို့ထည့်၍ ဖွင့်တော်မူကြသည်နှင့် (ဓမ္မသမ္ဘောဂေါနာမ ဥဒ္ဒိသတိဝါ ဥဒ္ဒေသာပေတိဝါ)ဟု ဟောတော်မူသည်ကို ညီညွတ်အောင် ဤသို့ယူအပ်၏။ ကမ္မံကုပ္ပတိစသော ပါဠိရပ်တို့၌ ဥဒ္ဒသသဒ္ဒါနှင့် မတွဲမဖက် သက်သက်သော (ကမ္မ) သဒ္ဒါသည် ဥပုသ်စသော အလုံးစုံသော သံဃကံကို ဟောနိုင်ပါငြား သော်လည်း (ကေကမ်မံ၊ ကေဥဒ္ဒေသော သမသိက္ခတာ)ဟု ဟော်တော်မူအပ်သော ပါဠိတော်၌ ကေဥဒ္ဒေသဟူသော နောက်ပုဒ်ဖြင့် ဥပုသ်ကံကိုယူပြီး ဖြစ်သောကြောင့် အရာအားလျော်စွာ ဂေါဗလိဗဒ္ဓနည်း၊ ပုညဉ္စာသမ္ဘာရနည်းအားဖြင့် ကေဥဒ္ဒေသဟူသော နောက်ပုဒ်ကြောင့် ဥပုသ်ကံကို ချန်လှပ်၍ ဥပုသ်ကံမှ တပါးသော သံဃကံကိုသာ ကေကမ္မဟူသော ရှေးပုဒ်၌ (ကမ္မ) သဒ္ဒါသည် ဟောသကဲ့သို့ (သံဘုဉ္ဇေယျဝါ သံဝါသေယျဝါ)ဟု ဟောတော်မူအပ်သော ဥက္ခိတ္တာ သံမ္ဘောဂ သိက္ခာပုဒ် ပဒဘာဇနီယဝိဘင်္ဂ၌ (သံဝါသေယျဝါ) ဟူသော နောက်ပုဒ်ဖြင့် ဥပေါသထကံစသော သံဃကံကို ယူပြီးဖြစ်သောကြောင့် အရာအားလျော်စွာ ဂေါဗလိဗဒ္ဓနည်း၊ ပုညဉ္စာသမ္ဘာရနည်းအားဖြင့် (သံဝါသေယျ)ဟူသော နောက်ပုဒ်ကြောင့် ဥပေါသထကံစသော သံဃကံကိုချန်လှပ်၍ (သံဘုဉ္ဇေယျဝါ)ဟူသော ရှေးပုဒ်၌ရအပ်သော ဓမ္မသမ္ဘောဂကို (ဓမ္မသမ္ဘော ဂေါနာမ ဥဒ္ဒိသတိဝါ ဥဒ္ဒေသာ ပေတိဝါ)ဟု ဟောတော်မူသည်။ (ဓမ္မပရိဘောဂေါ အာမိသ ပရိဘောဂေါ)ဟူ၍လာသော ရှုပိယ သိက္ခာပုဒ်အဖွင့် အဋ္ဌကထာ၊ အလင်္ဂီ ပရိဘောဂ ဒုက္ကဋ်အရာ၌ကား သံဝါသသည် ဖြစ်ထိုက်သော ဥပေါသထစသော သံဃကံကို ချန်လှပ်ဖွယ်မရှိဖြစ်၍ ဥပေါသထ စသောသံဃကံကို ဓမ္မပရိဘောဂသို့ထည့်၍ ဖွင့်တော်မူကုန်သည်ဟု မှတ်အပ်၏။

ဤကား အဋ္ဌကထာ၊ ဌီကာတို့၌ ညီညွတ်စွာလာသော အလင်္ဂီဒုဿီလ ဒုဗ္ဗစရဟန်းတို့နှင့် အာဘုဘာ့ လင်္ဂီရဟန်းကောင်းတို့သည် ဥပုသ်စသော ကံကြီး ကံငယ်ပြုခြင်းငှာ မအပ်ဟု အာဏာ ထုတ်ပြအပ်သော အဆုံးအဖြတ်တည်း။

ဇောတိကာရိ-ဝံ (ဓမ္မဂါ၊)

အဋ္ဌကထာ၊ ဋီကာတို့၏စကား၊သည်
ပါဠိတော်သို့ သက်လာခြင်းကိုပြခြင်း

(ဗုဒ္ဓဝိသယာ သိက္ခာပဒ ပညတ္တိ)ဟူသော အဋ္ဌကထာနှင့်အညီ ဒုက္ကဋ်၊ဒုဗ္ဘာသိအစရှိသော အပြစ်အာပတ်တင်၍ သိက္ခာပုဒ်ပညတ်တော်မူခြင်းသည် ပစ္စေကဗုဒ္ဓါ အရိယာ သာဝကတို့၏ အရာမဟုတ်။ သဗ္ဗညုဘုရားရှင်တို့၏ အာရာဖြစ်၍ အဋ္ဌကထာဆရာ၊ ဋီကာဆရာတို့ ပရိဘောဂ ဒုက္ကဋ်ကို တင်းတင် ကြပ်ကြပ်ပြတော်မူကြရာ ပါဠိဆိုယာ၊ ပါဠိအရိပ် ရှိပါ၏လော့ဟု မေးငြားအုံ၊ ပါဠိအရိပ်ကို မြင်တော်မူကြကုန်သောကြောင့် ဖွင့်တော်မူကြပါသည်။ ပါဠိအင်္ဂပ်ရှိ၏။ ပါဠိအရိပ်ကား-

(အနာပတ္တိ သမ္ဘောဂေ သံဝါသေ)ဟု ဟောတော်မူရာ မဟာဝါ ပဗ္ဗဇ်ခန္ဓကပါဠိတော် နိဒါန်း၌ အာပတ်ကိုမကု၊ အာပတ်ကိုမရှု၊ ယုတ်မာသောအယူကို မစွန့်ခြင်းကြောင့် ဥက္ခိတ္တကံပြုပြီးမှ လူထွက်သောသူကို ရှေးက အာပတ်ကို ရှုပါမည်၊ ကုပါမည်၊ အယူကို စွန့်ပါမည်ဟု ဝန်ခံခြင်းကြောင့် အစဉ်အတိုင်း ရှင်အဖြစ်၊ ရဟန်းအဖြစ် သြသာရဏကံဖြင့် သံဃဘောင်သို့ သွင်းအပ်သည်၏အဖြစ်ကိုပြုပြီးမှ ရှေးကအာပတ်ကို မကု မရှု၊ အယူကို မစွန့်ပြန်သောကြောင့် ထိုရဟန်းသည် ဥက္ခိတ္တကံကိုပြုခြင်းငှာ ထိုက်သည်။

ထိုရဟန်းသည် လူမထွက်မီက အနာပတ္တိသညာဖြင့် ပြုခြင်းကြောင့် သင့်ရောက်လေပြီးသော အာပတ်ကိုပင် အနာပတ္တိသညာဖြင့် မကု မရှုကာမျှဖြင့် (သဉ္ဇစ္စ အာပတ္တိ အာပဇ္ဇတိ၊ အာပတ္တိ ပဋိဂုဟတိ၊ အဂတိဂမနဉ္စ ဂစ္ဆတိ၊ ဒေဿော ဝုစ္စတိ အလဇ္ဇီပုဂ္ဂလော)ဟူသော အလဇ္ဇီလက္ခဏာသုံးပါးတို့တွင် တပါးပါးသို့ပင် မသက်ဝင်သောကြောင့် အလဇ္ဇီရဟန်းကား မဟုတ်နိုင်ချေ။

ထိုအလဇ္ဇီမဟုတ်သော ရဟန်းနှင့်သာ သံဃာမညီညွတ်မှု သမ္ဘောဂသံဝါသကို ပြုခြင်းကြောင့် အာပတ်မသင့်နိုင်ဟု (အလဘမာနာယ သာမဂ္ဂိယာ အနာပတ္တိ သမ္ဘောဂ သံဝါသေ)ဟု ဟောတော်မူသော ပါဠိအရိပ်ကို မြင်တော်မူကြကုန်သောကြောင့်လည်းကောင်း၊

(နာ ဘိက္ခဝေ အလဇ္ဇိနံ နိဿာယ ဝတ္တုမ္ပိ၊ ယော ဝေသဟ္ဘု အာပတ္တိ ဒုက္ကဋဿ) ဟု ကောသမ္ဗောဂ၊ ပရိဘောဂမဖြစ်၍ သဘာဂ မဟုတ်သော အလဇ္ဇီပုဂ္ဂိုလ်ကို မှီ၍နေခြင်းကြောင့် ဒုက္ကဋ်အာပတ်ကို ပညတ်တော်မူသော ပါဠိအရိပ်ကို မြင်တော်မူသောကြောင့်လည်းကောင်း၊

အဋ္ဌကထာဆရာ၊ ဋီကာဆရာတို့သည် အလဇ္ဇီပရိဘောဂ ဒုက္ကဋ်အာပတ်ကို ဖွင့်တော်မူအပ်ကုန်သည်။ ထို့ကြောင့် အဋ္ဌကထာ ဋီကာတို့၌ ဆိုအပ်ခဲ့ပြီးသောနည်းအားဖြင့် ဖွင့်တော်မူအပ်ကုန်သော စကားတို့ကို ဘုရားစကားတော်ကဲ့သို့ ယုံကြည်စွာ မှတ်သားအပ်တော့သည်သာတည်း။

ဤသို့ ဆိုအပ်သော ပါဠိ အဋ္ဌကထာ ဋီကာမျက်မြတ် ဧာတရဿကို တတ်အပ်သိမြင်ကြရသဖြင့် ဝတ္ထုသန္ဒဿနာ၊ အာပတ္တိ သန္ဒဿနာ၊ သံဝါသပဋိက္ခေပ။ သာမိစိ ပဋိက္ခေပဟု ဆိုအပ်သော ဧာဒနာလေးပါးတို့တွင် ရှိခိုးခြင်းစသည်ကို မပြုပဲနေခြင်းတည်းဟူသော သာမိစိပဋိက္ခေပနှင့်အလားတူ အဓိပ္ပာယ်အလိုက် အာပတ်ပင် မသင့်နိုင်သော (နတ္ထိ တယာ သဒ္ဒိံ ဥပေါသထော၁ါ ပဝါရဏာ၁ါ သံဃကမ္မံ၀ါ)ဟူသော ဧာဒနာသည်၏ အစွမ်းအားဖြင့် ဖြစ်သော သံဝါသပဋိက္ခေပအရာဌ် (တ္ထော၀တာ သီသံ နတေိ) ဟူသော အဋ္ဌကထာကိုလည်း ကောင်း၊

(အသမဏောသိ၊ အသက္ကုပုတ္တိယောသီကိ အာဒိပစနေဟိ ဃဋ္ဋိတေယေ၀ သီသံ ဧတိ) ဟူသော အဋ္ဌကထာကိုလည်းကောင်း၊

အကယ်၍ အာပတ်ကိုဖြစ်စေဘတ်သော အသမဏောသိ အစရှိသော စကားဖြင့်ပင် သီလ

၀န္တပုဂ္ဂိုလ်ကို ဧာဒနာစေကာမူ သံဃဒိသိသ်၊ပါစိတ်၊ ဒုက္ကဋ်အာပတ်တို့ပင် မသင့်ရောက်ဟု (သုဒ္ဓေါ ဟောတိ ပုဂ္ဂလော အညတရံ ပါရာဇိကံ ဓမ္မံ အနဇ္ဈာပန္နော၊ တဉ္စေ အသုဒ္ဓဒိဋ္ဌိ သမာနော ဩကာသံ ကာရာ ပေတွာ ဝစနာဓိပ္ပာယော ဝဒတိ၊ အနာပတ္တိ)ဟု လာသော ပါဠိတော်ကိုလည်းကောင်း၊

မမြော်မကြည့်ပဲ အတ္တနောမတိ မိမိလက်ဖြစ် ဖြစ်သော နတ္ထိ တယာ သဒ္ဒိံ ဥပေါသထော ၀ါ ပ၀ါရဏာ ၀ါ သံဃ ကမ္မံ၀ါတိ၊ အာပတ္တိဒုက္ကဋ္ဌဿ)ဟု ဗုဒ္ဓတဆူ ပြုမူတင်စား၍ ပညတ် သစ်ထားခြင်းကိုလည်းကောင်း။

အလင်္ဂီပုဂ္ဂိုလ်သည် နောင်တဖန် အလင်္ဂီဖြစ်ကြောင်း မကောင်းမှုကို မပြုပါအံ့ဟု သံဝရစိတ်ဖြစ်ကာမျှဖြင့် လင်္ဂီတဖန်ဖြစ်ရပြန်၏ဟု (နပုန ဂျိဒိသံ ဂဏိဿာမိတိ စိဝတ္တန လင်္ဂီနောစဟောန္တိ)ဟူသော ဋီကာကိုမျှ မတောက်ထားပဲ သင့်ရောက်လေပြီးသောအာပတ်မှ ကင်းလွတ်ထမြောက်လိုလျှင် ပရိ၀တ် မာနတ်စသော နိတ္ထာရအမှုကို တခုမကြွင်း ဖြည့်တင်းဆည်းပူး၍ နေသော ပရိဂုဟဏ အလင်္ဂီလက္ခဏာနှင့် လွန်စွာ၀ေးကွာသော လင်္ဂီသူတော်ကောင်းတို့နှင့် ဓမ္မာမိသ အတူ၀ကွရောယှက် ပေါင်းဖက်ခြင်း၌ အပြစ်လွတ်ကင်း သန့်ရှင်းသည်ကို ဖံပြု၍ အလင်္ဂီပုဂ္ဂိုလ်တို့နှင့် ဓမ္မာမိသ အတူတကွရောယှက် ပေါင်းဖက်ခြင်း၌ စိုးစဉ်းတစိ ပြစ်မရှိသဖြင့် ပြုသင့်ပြုထိုက်ဘိ၏ စသဖြင့် ဆုံးဖြတ်တော်မူကြသော ဆရာတော်တို့၏စကားကိုလည်းကောင်း၊

သမထအရာ အဓိကရုဏ်း ငြိမ်းစေမှု၌ (သစေ အလင်္ဂီသာန္နာ ဟောဘိ ပရိသာ၊ ဥမ္ဘာဟိကာယ တံ အဓိကရဏံ ဝူပသမေတဗ္ဗံ) အစရှိသော စကားကို အစဲပြု၍ နိဂုဟအရာ ဥပကာရအရာတို့၌ အပ်၏ဟုမိန့်ဆိုသော ဋီကာစကားကို မထောက်ထားပဲ အလင်္ဂီတို့နှင့် အချင်းခပ်သိမ်းကံကြိုးကံငယ်ပြုခြင်းငှာအပ်၏ စသည်ဖြင့် ဆုံးဖြတ်ဟောပြောကြကုန်သော ဆရာအချို့တို့၏စကားကိုလည်းကောင်း၊

အလင်္ဂီနာ သဒ္ဒိ်သမ္ဘာဂ ပစ္စယာ အာပင်္ဂီတပ္ဗံ ဒုက္ကဋံ ပန အာပန္နံတိ ဧဝ နသံဝါသ ပစ္စယာ၊ နဟိ အလင်္ဂီနာ သဒ္ဒိ် သံဝါသော ပဋိက္ခိတ္တော သံဝါသော ပနေတ္ထ သဟသေယ္ယံ။ ပဟောနကေ အာဝါသေ သဟဝါသော၊ နပါဆုဇီကော ဟောတိ၊ ဖာသံဝါသော တိတ္ထေ စုတ္တသံဝါသော။ မဟာဝါ၊ ဝဇီရဗုဒ္ဓိဋီကာ။

အလင်္ဂီနာ၊ ဣလင်္ဂီရဟန်းနှင့်။ သဒ္ဒိ်သမ္ဘောဂ ပစ္စယာ၊ အာမိသ သမ္ဘောဂ၊ သံဃကံ နှင့်တကွသော မမ္မသမ္ဘောဂဟူသော အကြောင်းကြောင့်။ အာပင်္ဂီတပ္ဗံ၊ ရောက်အပ်သော။ ဒုက္ကဋံ ပန၊ ဒုက္ကဋ်အာပတ်သို့ကား။ အပင်္ဂီတိဧဝ၊ ရောက်သည်သာလျှင်တည်း။သံဝါသပစ္စယာ၊ သဟသေယ္ယံ သံဝါသဟူသောအကြောင်းကြောင့်။ နအာပင်္ဂီတိ၊ ဒုက္ကဋ်အာပတ်သို့မရောက်။ ဟိ၊ မှန်၏။ အလင်္ဂီနာ၊ အလင်္ဂီနှင့်။သဒ္ဒိ်၊ အတူတကွ။ သံဝါသော၊ သဟသေယ္ယံ သံဝါသကို။ နပဋိက္ခိတ္တော၊ မပယ်အပ်။

ဇတ္ထ၊ ဤအရာ၌။ သံဝါသော၊ အလင်္ဂီတို့နှင့် မပယ်အပ်သော သံဝါသသည်။ သဟသေယ္ယံ ပဟောနကေ၊ သဟသေယ္ယံ အာပတ်လောက်သော။ အာဝါသေ၊ ကျောင်း၌။ သဟဝါသော၊ အတူတကွ အိပ်ခြင်းတည်း။ ပါဆုဇီကော ဟောတိ အသံဝါသော တိတ္ထေ၊ ပါဆုဇီကော ဟောတိ အသံဝါသောဟူသော ပါဠိတော်၌။ ဝုတ္တသံဝါသော၊ ဟောတော်မူအပ်သော ကေကမ္မ၊ ကေဒ္ဒေသ သမသိက္ခတာ သံဝါသသည်။ နှ၊ မဟုတ်။ ဤကား အနက်။

ဤသို့ ဋီကာဆရာမြတ်သည် အလင်္ဂီရဟန်းနှင့် သဟသေယ္ယလောက်သော ကျောင်း၌ အတူတကွ အိပ်ခြင်းကြောင့်သာ အာပတ်မသင့်နိုင်သည်။ အာမိသသမ္ဘောဂ၊ ကေကမ္မ၊ ကေဒ္ဒေသ သမသိက္ခတာ သံဝါသနှင့် တကွသော မမ္မသမ္ဘောဂတို့ကြောင့်ကား အလင်္ဂီပရိဘောဂ ဒုက္ကဋ် အာပတ်သို့ ရောက်ရတော့သည်ဟု တိုက်ရိုက်နိတတ် မိန့်တော်မူအပ်ပါလျက် ဋီကာဝါကျအစုံ၌ ပိုက်ခြုံရရှိအပ်သော အနက်သဘောကိုလည်း မစောကြောမဆင်ခြင်၊ ဘုရားရှင်သာသနာ၏ ရောင်ဝါ မှေးမှိန်သေးသိပ် ညစ်နွမ်းမည့်အရေးကိုလည်း မတွေးမဆ မကြောင့်မကြ မိမိတို့၏ အလိုရှိသည့် တခုမျှကိုသာ ငဲ့ကြ၍ သာဓကမမူသင့်သော (နဟိ အလင်္ဂီနာ သဒ္ဒိ် သံဝါသော ပဋိက္ခိတ္တော) သဟသေယ္ယံ သံဝါသကိုသာ မပယ်အပ်ဟု မိန့်တော်မူအပ်သော အသံတူအရပြား ဖြစ်သော ဋီကာရှင်၏ စကားကိုပင် မိမိတို့အား အကျိုးများသော အကိုးအကားကြိုးမှတ်ထင် လျက် မဆင်ခြင် မစူးစမ်းနိုင်ပဲ အလင်္ဂီရဟန်းတို့နှင့် သံဝါသသုံးပါးလုံး မပယ်အပ်ကြောင်းကို ဋီကာရှင်ပြသဖြင့် မူချအလင်္ဂီတို့နှင့် ကေကမ္မစသော သုံးပါးသော သံဝါသအပ်ကြောင်းနှင့် ကျမ်းဂန်စာစောင် ထုတ်ဆောင်ရေးသား ဟောကြားကြကုန်သော အပရေဆရာတို့၏ စကားကို လည်းကောင်း။ ကျမ်းဂန်စံနှုန်း ထုံးနှင့်မညီ နှစ်ဆိုကင်းပ သာသနာတော်၏ ဘေးရန်မျှဖြစ်သော စကားဟူ၍ မှတ်သားအပ်တော့သည်သာတည်း။ ဤကား ပါဠိတော် အဋ္ဌကထာ ဋီကာတို့ကို ညှိ၍ အလင်္ဂီတို့နှင့် အာမိသ ပရိဘောဂ ဓမ္မပရိဘောဂ ဓမ္မပရိဘောဂ မအပ်ဟု ဆုံးဖြတ်အပ်သော အခန်းတည်း။

ထိုအာမိသ ပရိဘောဂ၊ ဓမ္မပရိဘောဂ နှစ်ပါးတို့တွင်လည်း အာမိသ ပရိဘောဂ နှစ်ပါးတို့တွင်လည်း အာမိသ ပရိဘောဂထက် ဓမ္မပရိဘောဂကို သာ၍ပင် အလေ့တို့နှင့် ကင်းဝေးအောင် အားထုတ်ရမည်ကို-

(ဓမ္မပရိဘောဂေါပိ တတ္ထ ဝဋ္ဋတိတိ ဣမိနာ အာမိသ ပရိဘောဂတော ဓမ္မပရိဘောဂေါဝ ဂရုကော၊ တသ္မာ အတိပိယ အလေဇီ ဝိဝေကေန ကာတဗ္ဗောတိ ဒဿေတိ)ဟု ဝိမတိဝိနောဒနီ ဋီကာဌ် ဖွင့်ပြတော်မူအပ်ပြီ။

ဓမ္မပရိဘောဂေါပိ တတ္ထ ဝဋ္ဋတိတိ ဣမိနာ၊ ဝဋ္ဋတိဟူသော ဤပါဠိဖြင့်၊ အာမိသ ပရိဘောဂတော၊ အာမိသပရိဘောဂထက်။ ဓမ္မပရိဘောဂေါဝ၊ ဓမ္မပရိဘောဂသည်သာလျှင်။ ယသ္မာ၊ အကြောင်ကြောင့်။ ဂရုကော၊ လေး၏။ တသ္မာ၊ ထို့ကြောင့်။ အတိဝိယ၊ အလွန်လျှင်။ အလေဇီဝိဝေကေန၊ အလိမ်ပုဂ္ဂိုလ်နှင့် ကင်းခြင်းဖြင့်။ ဓမ္မပရိဘောဂေါ၊ ဓမ္မပရိဘောဂကို။ ကာတဗ္ဗော၊ ပြုအပ်၏။ ဣတိ၊ ဤသို့။ ဒဿေတိ၊ အဋ္ဌကထာဆရာ ပြတော်မူ၏။ ဤကား အနက်။

ဤသို့ ဋီကာဆရာသည် အာမိသ ပရိဘောဂထက် ဓမ္မ ပရိဘောဂကို အထူးသဖြင့် အလေဇီ တို့နှင့် ကင်းအောင် အားထုတ်ရမည်ဟု မိန့်တော်မူသော စကားသည် (ဒုမကံ့နံ ပဂ္ဂံလာနံ နိဂ္ဂဟာယ) ဟူသော ပါဠိတော်။ (ယောဒုမကံ့နံ ပဂ္ဂလာနံ နိဂ္ဂဟော၊ သေဝ ဧတေသံ ဖာသု ဝိဟာရော၊ ဒုဿီလ ပုဂ္ဂလေ နိဿာယ ဟိ ဥပါသကော နာ တိဋ္ဌတိ၊ လ၊ ဒုဿီဘာ ပုဂ္ဂလေသု နိဂ္ဂဟီတေသု သဗ္ဗောပိ အယံ ဥပဒ္ဒဝေါ နဟောတိ) ဟူသော အဋ္ဌကထာ တို့ကို ထောက်၍ ပြဆို့ခဲ့ပြီးသော နည်းအားဖြင့် ဓမ္မ ပရိဘောဂ ဖြစ်ကုန်သော ဥပါသကထ စသော သံဃကံတို့ကို ပါရာဇိကာဒိ မကျ၊ ဥက္ခိတ္တက အနုကွဲတွက အနုကွဲဒုဿီလ အလေဇီ ပုဂ္ဂိုလ်တို့နှင့် အတူ တကွ ပြုခြင်းကြောင့် လဇ္ဇီဓမ္မသာ ရဟန်းတို့၏ အဖာသု ဖြစ်ခြင်းအကြောင်း ဖြစ်ကုန်သော ယထာရဟ အားဖြင့် ဥပါသကထ စသော သံဃကံတို့၏ မဖြစ်ခြင်း အစရှိကုန်သော ဥပဒ္ဒဝေါ တို့သည်လည်း ဖြစ်ကုန်၏။ ပြုသောရဟန်း တို့အားလည်း အာပတ်သင့်ကုန်၏။ အာမိသ ပရိဘောဂကို ယခင် ဆိုအပ်ခဲ့ပြီးသော ဒုဿီလ အလေဇီ တို့နှင့် ပြုခြင်းကြောင့်ကား ပြုသောရဟန် အားသာ အာပတ်သင့်သည်။ ဆိုအပ်ခဲ့ပြီးသော ဥပဒ္ဒဝေါ တို့သည်ကား မဖြစ်ကုန် ဟူသော အဓိပ္ပါယ်ကို ပါဠိတော် အဋ္ဌကထာတို့၌ ရအပ်သောကြောင့် ပါဠိဘော် အဋ္ဌကထာတို့သို့ သက်သော စကား ဖြစ်သည် ဟု မှတ်အပ်၏။

ထို့ကြောင့် မိမိကို့၏ သီလ သံဝရအစ အနုပါဒိဒသသ ပရိနိဗ္ဗာန် အဆုံးရှိကုန်သော အကျိုးတို့ကို လည်းကောင်း၊ သာသနာတော်ကြီး ပျက်စီး ဆုတ်ယုတ်ခြင်း မရှိခြင်းကိုလည်း ကောင်း အလိုရှိကုန်သော သူတော်ကောင်းတို့သည် ဥပဒ္ဒဝ အာပတ္တိကရ ဖြစ်ကုန်သော ဓမ္မ

ပရိဘောဂ ဟု ဆိုအပ်ကုန်သော ကံကြီး ကံငယ် တို့ကို အာမိသပရိဘောဂကို အလင်္ဂီ တို့နှင့် ကင်းအောင် ရှောင်ကြဉ် ရမည်မျှ မဂ ဂရုဂ တရားဖြင့် ရှောင်ရှား ဖယ်ခွာ ကင်းအောင်သာ အားထုတ်အပ် ပေသတည်း။

ဤပါဠိတော် အဋ္ဌကထာ ဋီကာ တို့၌ မိန့်မှာ ဖွင့်ဆိုအပ်သော သဘောသည် နှီးနှော သက်ဝင် အဆုံးအဖြတ် တမျိုးတည်းသာ ထင်သည်ကို မဆင်ခြင်ကြကုန်ဖဲ့ ဝိမတိ ဝိနောဒနီ ဋီကာကို ကွက်၍ ပယ်ဖျက်ကြကုန်၏။ ထိုသို့ ဝိမတိ ဝိနောဒနီဋီကာကို ပယ်ရှား ကန့်မြစ်ကြခြင်း သည် ဆိုခဲ့ပြီးသော နည်းအားဖြင့် ဝိမတိ ဝိနောဒနီ ဋီကာနှင့် အညီအညာ ဖွင့်ဆိုတော် မူကြကုန်သော ဋီကာကြီး တို့ကိုလည်းကောင်း။ ထိုဋီကာကြီး တို့၏ မိုရာ ပါဠိတော် အဋ္ဌကထာတို့ကိုလည်းကောင်း။ ဖျက်စီး မိလေသောကြောင့် သူတော်ကောင်း တို့၏ တရား ပျက်ပြား စေမှု၊ လုံ့လပြုသော အာမှ ဖြစ်၍ မိမိတို့၏ သံသရာဝဋ်ကျွံ နစ်မြုံအခေး လေးသော အမှုသာလျှင်ဖြစ်၏။ ထို့ကြောင့် သံယုတ်ပါဠိတော်၌-

ယေကေစိ အရိယံ ဓမ္မံ၊ ဂရဟန္တာ စရန္တိ ဒုမေဓာ။
ဥပေန္တိ ရောရုဝံ ယောရံ၊ စိရရတ္တံ ဒုက္ခံ အနုဘဝန္တိ။

ဟု ဟောတော်မူ၏။ ဒုမေဓာ။ ပညာမဲ့ကုန်သော၊ ယေကေစိ၊ အမှတ်မရှိကုန်သော သူတို့သည်။ အရိယံ၊ မြတ်သော။ ဓမ္မံ၊ တရားကို။ ဂရဟန္တာ၊ ကဲ့ရဲ့ကုန်လျက်။ စရန္တိ၊ ကျင့်ကုန်၏။ တေ၊ ထို သူတို့သည်။ ယောရံ၊ ကြမ်းတမ်းသော။ ရောရုဝံ၊ ရောရုဝငရဲသို့။ ဥပေန္တိ၊ ကပ်ကြရကုန်၏။ စိရရတ္တံ၊ ကြာမြင့်စွာသော ကာလပတ်လုံး။ ဒုက္ခံ၊ ဆင်းရဲကို။ အနုဘဝန္တိ၊ အစဉ်ခံစားရကုန်၏။ ဤကား အနက်။

ဤသို့ ဒေဝတာသံယုတ် စဟုတ္ထဝဂ်၌ ဟောတော်မူသည်ကို ထောက်ထား၍ သူတော်ကောင်း အပေါင်းတို့သည် အရိယာတို့၏ တရားကို ထိခိုက် ပုတ်ခတ်ခြင်း အမှုကို အချင်းခပ်သိမ်း မပြုအပ် သည်သာတည်း။ ဤမျှ အတိုင်း အရှည်ရှိသော စကားစဉ်ဖြင့် ပထမပုစ္ဆာ၏ ဝိသဇ္ဇနာ ကား ပြီးပြည့်စုံ၏။

ဒုတိယ ပုစ္ဆာ၏ ဝိသဇ္ဇနာ ကို ပြခြင်း

အလ္လုမဏ္ဍပ် စသည်တို့၌ အလင်္ဂီ ရဟန်းတို့နှင့် အာတူတက္က ပရိတ် ရွတ်အပ် မရွတ်အပ်ကို သိလိုပါသည် ဟူသော ဒုတိယပုစ္ဆာ၏ အဖြေ ဝိသဇ္ဇနာကို ဤဆိုလတ္တံ့သော စကား အစဉ်ဖြင့် သိအပ်၏။

ပညတ္တံ ပန သိက္ခာပဒံ သဗ္ဗဟိ လဇ္ဇီပုဂ္ဂလေဟိ သမံ သိက္ခိတဗ္ဗ ဘာဝတော သမသိက္ခ တာနာမ) ဟူသော အဋ္ဌကထာပါဌ်၌ သမံ ဟူသော နိပါတ်ပုဒ်၏ အနက် ကိုလည်းကောင်း။ သိက္ခိတဗ္ဗဘာဝတော ဟူသော ပါဌ်၌ သိက္ခနာကာရ သိက္ခာဝတ်၏ အနက် ကိုလည်းကောင်း

ဖွင့်တော်မူသည် ဖြစ်၍ (သမန္တိ သဒ္ဒိ ကေပဟာ ရေန ဝါ၊ သိက္ခိတဗ္ဗဘာဝတော အနတိက္ကမန ဝသေန ဥဂ္ဂဟ ပရိပုစ္ဆာဒိနာ သိက္ခိတဗ္ဗဘာဝတော) ဟု သာရတ္ထ ဒီပနီ ဋီကာ၌ ဖွင့်ပြတော်မူ၏။

သမန္တိ၊ သမံ ဟူသည်ကား၊ သဒ္ဒိ၊ အတူတကွ။ (တနည်းကား)၊ ကေပဟာရေန၊ တပြိုင်နက်အားဖြင့်။ သိက္ခိတဗ္ဗ ဘာဝတော်တိ ဟူသည်ကား၊ အနတိက္ကမန ဝသေန၊ မလွန်ကျူးသည်၏ အစွမ်းအားဖြင့် ဥဂ္ဂဟ ပရိပုစ္ဆာဒိနာ၊ ပါဠိကိုသင်ခြင်း၊ အဋ္ဌကထာကို မေးခြင်း စသည်ဖြင့် သိ တဗ္ဗဘာဝတော၊ သင်အပ် ကျင့်အပ်သည်၏ အဖြစ်ကြောင့်။ ဤကား အနက်။

ဤပါဠိဖြင့် (သမံ) ဟူသော နိပါတ်ပုဒ်သည် သဒ္ဒါတွဲ၊ ကေပဟာ ရတွဲတို့၌ ဖြစ်သည်ကို လည်းကောင်း၊ သိက္ခာတ်သည် အာစာရ ဥဂ္ဂဟ အနက်တို့၌ဖြစ်သည်ကိုလည်းကောင်း ပြတော်မူသည်။ ပရိပုစ္ဆာဒိ၌ အာဒိ သဒ္ဒါဖြင့် သဇ္ဈာယန စသည်ကိုယူ။ ဝိမတိ ဝိနောဒနီဋီကာ၌ကား—

တတ္ထ အနုတိက္ကမန ဝသေန၊ ဥဂ္ဂဟ ပရိပုစ္ဆာဒိ ဝသေနစ လဇ္ဇီပုဂ္ဂလဟိ သမံ-ကေတော သိက္ခိတဗ္ဗာ သမသိက္ခာဟိ သိက္ခာပဒါနိ ဥတ္တာနိ၊ တာသံ သမသိက္ခာနံ ယထာ ဝုတ္တန ယေန လဇ္ဇီဟိ သိက္ခိတဗ္ဗဘာဝေါ သမသိက္ခိတာ နာမာတိ အဓိပ္ပာယော) ဟု ဖွင့်ပြတော်မူ၏။

တတ္ထ၊ ထိုအဋ္ဌကထာပါဠိ၌။ အနတိက္ကမန ဝသေနစ၊ မလွန်ကျူးသည်၏ အစွမ်း အားဖြင့် လည်းကောင်း။ ဥဂ္ဂဟ ပရိပုစ္ဆာဒိ ဝသေနစ၊ သင်ခြင်း မေးခြင်း စသည်တို့၏ အစွမ်းအားဖြင့် လည်းကောင်း၊ လဇ္ဇီပုဂ္ဂလေဟိ၊ လဇ္ဇီပုဂ္ဂိုလ် တို့သည်။ သမံကေတော၊ တပေါင်းတည်း။ သိက္ခိတဗ္ဗာ၊ သင်အပ် ကျင့်အပ် ကုန်သော သိက္ခာပုဒ်တို့သည်။ သမသိက္ခိတာ၊ သမသိက္ခိတာ မည်ကုန်၏။ ဤတိ၊ ဤသို့။ သိက္ခာပဒါနိ၊ သိက္ခာပုဒ်တို့ကို။ ဝုတ္တာနိ၊ ဆိုအပ်ကုန်၏။ တာသံ သမသိက္ခာနံ၊ ထိုသိက္ခာပုဒ်တို့၏။ ယထာ ဝုတ္တနယေန အကြင်။ အကြင် ဆိုအပ် ခဲ့ပြီးသော နည်းအားဖြင့်။ လဇ္ဇီဟိ၊ လဇ္ဇီပုဂ္ဂိုလ် တို့သည်။ သိက္ခိတဗ္ဗ ဘာဝေါ၊ သင်အပ် ကျင့်အပ် သည်၏ အဖြစ်သည်။ သမသိက္ခိတာနာမ၊ သမသိက္ခိတာမည်၏။ ဤတိ အယံ၊ ဤသည်ကား။ အဓိပ္ပါယော၊ အဋ္ဌကထာ ဆရာ၏ အလိုတည်း။ ဤကား အနက်။

ဤပါဠိဖြင့် (သမံ) ဟူသော နိပါတ်ပုဒ်၏ (ကေတော) အနက်၌လည်း ဖြစ်သည်ကို လည်းကောင်း။ သမသိက္ခိတာ ဟူသောပုဒ်၏ ဘာဝတဒ္ဓိတ် ဖြစ်သည်ကို လည်းကောင်း၊ ဋီကာဆရာ ပြခဲ့ပေ၏။ ဤသမသိက္ခာဘာ ဟူသောပုဒ်ကို အဋ္ဌကထာအလို သဒ္ဒတ္ထ၊ ဋီကာအလို ဘာဝတဒ္ဓိတ်ပြု၊ အဋ္ဌကထာဆရာ ဋီကာဆရာတို့သည် ပခာန အပခာန အားဖြင့်သာ ရည်၍ မိန့်တော်မူကြသည်ဟုမှတ်။ ဤဒီကာ၌ ပရိပုစ္ဆာဒိ ဝယ် အာဒိသဒ္ဒါဖြင့် သဇ္ဈာယန စသည်ကိုယူ။

ဤသို့ ဋီကာဆရာတို့ ဖွင့်ကော်မူကြကုန်သောကြောင့် သိက္ခန ကြိယာ၏ ကတ္တား ဖြစ်ကုန်သော လဇ္ဇီပသူ ရဟန်းတို့သည်သာ အညီအမျှတကွ တပြိုင်နက် တပေါင်းတည်း မလွန်ကျူး

သည်၏ အစွမ်းအားဖြင့်လည်းကောင်း။ ပါဠိကို သင်ခြင်းအဋ္ဌကထာကို မေးခြင်း၊ သရဇ္ဈာယ်ခြင်း စသည်တို့၏ အစွမ်းအားဖြင့်လည်းကောင်း၊ သိက္ခာပုဒ်ကို ကျင့်အပ် သင်အပ်၏ ဟူသောအနက်။ ထိုရဟန်းတို့၏ ဆိုခဲ့ပြီးသော အစွမ်းအားဖြင့် ကျင့်ခြင်း သင်ခြင်း ဟု ဆိုအပ်သော အနက်ကို သာ ရအပ်၏။ ထို့ကြောင့်

(သမ္ပပိ လင်္ဂီနော တေသု ကမ္မာဒီသု သဟ ဝသန္တိ၊ နကောပိ တတော ဗဟိဒ္ဓါ သန္နိဿတိ)ဟူ၍၊ သံဝါသသုံးပါးလုံးပင် အလင်္ဂီမဖက် သက်သက်သော လင်္ဂီရဟန်းတို့သည်သာ စဲ့ကပ်နေမှီ တည်ရာအစစ်ဖြစ်သည်ဟူသော စကားကို အဋ္ဌကထာဆရာမြတ် ဖွင့်ပြတော်မူအပ်၏။ (အနက်ကိုရေးခဲ့ပြီ။)

ထိုအဋ္ဌကထာဖြင့်လည်း အလင်္ဂီရဟန်းတို့အား သူတော်ကောင်းတို့၏ တရားမသက်ဝင်မီ လင်္ဂီပေသလ ရဟန်းတို့နှင့်အတူတက္ကကေကမ္မ၊ ကေဒ္ဒေသ၊ သမသိက္ခတာ သံဝါသသုံးပါးကား မရှိ၊ သံဝါသသုံးပါးမှ အပဋ္ဌသာ ထိုအလင်္ဂီရဟန်းတို့သည် ထင်ကုန်၏ဟူသောအနက်ကို ပြတော်မူလိုသည်။ ထို့ကြောင့် ထိုသို့သောအဓိပ္ပာယ်ကို ပြတော်မူလိုသော ဝိမတိ ဝိနောဒနီဋီကာ ဆရာသည်-

(အလင်္ဂီနံ လင်္ဂီမမေ အနောက္ကန္တေ လင်္ဂီဟိ သဟ သံဝါသော နတ္ထိ၊ တတော ဗဟိယော ဝ တေ သန္နိဿန္တိ)ဟု ဖွင့်ပြတော်မူ၏။

အလင်္ဂီနံ၊ အလင်္ဂီပုဂ္ဂိုလ်တို့အား။ လင်္ဂီမမေ၊ လင်္ဂီသဘောသည်။ အနောက္ကန္တေ၊ မသက်မိ။ လင်္ဂီဟိ၊ လင်္ဂီပေသလ ရဟန်းတို့နှင့်။ သဟ၊ အတူဘက္ခ။ သံဝါသော၊ သံဝါသသုံးပါးသည်။ နတ္ထိ၊ မရှိ။ တတော၊ ထိုသံဝါသသုံးပါးမှ။ ဗဟိဝယော၊ အပဋ္ဌသာလျှင်။ တေ၊ ထိုအလင်္ဂီရဟန်းတို့သည်။ သန္နိဿန္တိ၊ ထင်ကုန်၏။ ဤကား အနက်။

ဤအဋ္ဌကထာ ဋီကာတို့ဖြင့် သိက္ခနကြိယာ၏ ကတ္တားမဟုတ်ကုန်သော အလင်္ဂီရဟန်းတို့နှင့် သံဝါသ မဖြစ်ခြင်းကြောင့် လင်္ဂီရဟန်းကောင်းတို့သည် အတူတက္ခ တပြိုင်နက် တပေါင်းတည်း သိက္ခာပုဒ်ကို မကျင့်အပ် သင်ခြင်း၊ မေးခြင်း၊ သရဇ္ဈာယ်ခြင်းကို မပြုအပ်ဟု မှတ်သားအပ်၏။ အလင်္ဂီပုဂ္ဂိုလ်ထဲ၌ သင်ကြားခြင်း မိမိက ပို့ချခြင်းတို့ကား ဓမ္မသမ္ဘောဂ၊ ဓမ္မပရိဘောဂ ဖြစ်သောကြောင့် အလုံးစုံသော ပရိယတ်ပင် မအပ်ဟု ဆုံးဖြတ်ခဲ့ပြီ။

(ယောပန ကောဋိယံ ဋီတော ဂန္ဆော၊ တဿ အစ္ဆေယန နသိဿတိ၊ တံမမွာ-နုဂ်ဟေန ဥဂ္ဂဟိတုံ ဝဋ္ဋတီတိ ဝုတ္တံ)။ ရူပိယသိက္ခာပုဒ်အဋ္ဌကထာ။

ပန၊ သင်ကြားအပ်သည်ကို ဆိုဦးအုံ့။ ယောဂန္ဆော၊ အကျင့်ကျမ်းသည်။ ကောဋိယံ၊ အစွန်းအဖျားဌ်။ ဋီတော၊ တည်၏။ ဂါ-ဋီတော၊ တည်သော။ ယောဂန္ဆော၊ အကြင်ကျမ်းသည်။ တဿ၊ ထိုအလင်္ဂီရဟန်း၏။ အစ္ဆေယန၊ သွေလှန်သဖြင့်။ နသိဿတိ၊ ပျောက်လတ္တံ့။ ကံ၊

ထိုးပျောက်လုနီးသောကျမ်းကို။ ဓမ္မာနုဂ္ဂဟေန၊ တရားကိုချီးမြှောက်လိုသောအားဖြင့်။ ဥဂ္ဂဟိတုံ၊ သင်ယူခြင်းငှာ။ ဝန္ဒတိ၊ အပ်၏။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဆိုအပ်၏။ ဤကားအနက်။

ဤပါဠိဖြင့် မဟာနိဒ္ဒေသပါဠိတော်ကဲ့သို့ ပျောက်ကွယ်လုမတတ် ကျမ်းကြီးတို့ကို အလင်္ကာပဋိပတ္တိလမ္ဘတပါး တတ်သိသော သဒ္ဓမ္မစာရီ (သီတင်းသုံးဘော်) လင်္ကာသူတော်ကောင်းမရှိလျှင် ထိုကျမ်းကိုတတ်သိလိမ္မာသော အလင်္ကာအထံ၌ တရားတော်ကို ချီးမြှောက်စောင့်ရှောက်လိုသော စိတ်ထားဖြင့် သင်ကြားအပ်၏။ ဓမ္မာနုဂ္ဂဟစိတ်မရှိလျှင် အလင်္ကာအား ချီးမြှောက်လို၍ပင်ဖြစ်စေ၊ မချီးမြှောက်ပဲပင်ဖြစ်စေ၊ သင်ယူခြင်းငှာ မအပ်ဟု ယူသင့်၏။

အလင်္ကာပဋိပတ္တိလ်ကို ချီးမြှောက်လို၍ဖြစ်မူကား ပရိယတ်ကိုပို့ချခြင်း၊ သင်ယူခြင်းကို ဆိုဖွယ်မရှိ။ အလုံးစုံသော ဓမ္မပရိဘောဂ၊ အာမိသ ပရိဘောဂကိုပင်ဖြစ်စေ၊ ပရိဘောဂမဟုတ်သည်ကိုပင်ဖြစ်စေ၊ မပြုအပ် မပြုကောင်း။ ပြုလျှင် အလင်္ကာပဋိပတ္တိဟာ ဒုက္ကဋ်အာပတ်သင့်ရာ၏။ ထို့ကြောင့် ရူပိယသိက္ခာပုဒ် ဝိမတိပိနောဒနီဋီကာ၌--

(တံသဗ္ဗာ ယံယံ ဒုမကံ့နံ ဥပတ္ထမ္ဘာယ ပေသလာနံ အဓါသု ဝိဟာရာယ သဒ္ဓမ္မ ပရိဟာနာဒီ အတ္ထာယ ဟောဘိ၊ တံ သဗ္ဗမ့ိ ပရိဘောဂေါဝါ ဟောတု၊ အပရိ-ဘောဂေါဝါ ကာတုံ နဝဋ္ဌတိ၊ ဧဝံ ကရောန္တော သာသနံ အန္တရဓါပေန္တိ အာပတ္တိဥ္စ အာပဇ္ဇန္တိ) ဟု ဖွင့်တော်မူ၏။

တသ္မာ၊ ထိုသို့ ပေသလဖြစ်ကုန်သော ရဟန်းတို့အား ချမ်းသာစွာနေရခြင်း၊ သူတော်ကောင်းတရားတည်ခြင်း၊ ဝိနည်းတရားကို ချီးမြှောက်ခြင်းအကျိုးငှာ၊ သိက္ခာပုဒ်ကို ပညတ်တော်မူခြင်းကြောင့်။ ယံယံ၊ အကြင်အကြင် အမှုသည်။ ဒုမကံ့နံ၊ ဒုဿီလ အလင်္ကာတို့အား။ ဥပတ္ထမ္ဘာယ၊ ထောက်ပံ့ခြင်းငှာ။ ပေသလာနံ၊ လင်္ကာရဟန်းကောင်းတို့အား။ အဓါသု ဝိဟာရာယ၊ ချမ်းသာစွာမနေရခြင်းငှာ။ သဒ္ဓမ္မပရိဟာနာဒီ အတ္ထာယ၊ သူတော်ကောင်းတရား ဆုတ်ယုတ်ခြင်းစသော အကျိုးငှာ။ ဟောဘိ၊ ဖြစ်၏။ သဗ္ဗမ့ိ၊ အလုံးစုံလည်းဖြစ်သော။ တံ၊ ထိုအမှုသည်။ ပရိဘောဂေါဝါ၊ အာမိသပရိဘောဂ၊ ဓမ္မပရိဘောဂသည်မူလည်း။ ဟောတု၊ ဖြစ်စေ။ အပရိဘောဂေါဝါ၊ အာမိသပရိဘောဂသည်မူလည်း။ ဟောတု၊ ဖြစ်စေ။ ကာတုံ၊ ပြုခြင်းငှာ။ နဝဋ္ဌတိ၊ မအပ်။ ဧဝံ၊ ဤသို့။ ကရောန္တော၊ ပြုကုန်သောရဟန်းတို့သည်။ သာသနံ၊ သာသနာတော်ကို။ အန္တရဓါပေန္တိ၊ ကွယ်ပျောက်စေကုန်၏။ အာပတ္တိဥ္စ၊ အာပတ်သို့လည်း။ အာပဇ္ဇန္တိ၊ ရောက်ကုန်၏။ ဤကား အနက်။

ဤပါဠိဖြင့် 'မည်သည့်အမှုမဆို ကခုံသောအမှုတို့သည် အလင်္ကာပဋိပတ္တိ၏ အားရှိစည်ကား တိုးပွားမည့်အမှုဖြစ်လျှင် ပရိဘောဂ အမှုမျိုးပင်ဖြစ်စေ၊ အပရိဘောဂအမှုမျိုးပင်ဖြစ်စေတိကာရှိ၀၂ (ဓမ္မဒါန)

စေ၊ လင်္ဂီရဟန်းကောင်းတို့သည် အလင်္ဂီရဟန် တို့နှင့် အဘူတကထမပြုအပ်။ ပြုသောရဟန်းတို့သည် သာသနာတော်ကိုလည်း ကွယ်ပျောက်စေကုန်သည် မည်၏။ အာပတ်သို့လည်း ရောက်ကုန်၏ဟု ပြတော်မူသည်။

ဤသို့ ဋ္ဌိကာဆရာ မိန့်မှာတော်မူသည်ကို မျက်ဝါးထင်ထင် သိမြင်ကြကုန်သောသူတော် ကောင်းတို့သည် အလင်္ဂီတို့နှင့်အတူတကွ ပရိတ်ရွတ်ခြင်းစသော၊ အမှုကိုပြုခြင်း၊ ရှေးဦးဆိုအပ် ခဲ့ပြီးသော ဓမ္မပရိဘောဂသို့ သက်ဝင်ရာသောကြောင့်လည်းကောင်း၊ အကယ်၍ ဓမ္မပရိဘောဂ မဟုတ်သည်ပင်ဖြစ်စေ၊ ဆိုင်းတံ့ ငံ့လင့် အဆင့်ဆင့် တဦးသည် တဦးအား အထူးချီးမြှောက် ကြသော အရာဖြစ်သောကြောင့်လည်းကောင်း။ လင်္ဂီရဟန်းကောင်းတို့သည် အလင်္ဂီရဟန်းတို့ နှင့်အတူတကွ အိမ်၊ ကျောင်း၊ မဏ္ဍပ်၊ ဇရပ်၊ တန်ဆောင်းစသည်တို့ဌ မရွတ်အပ်၊ မရွတ်သင့်။ အကယ်၍ လာဘ်ကိုလည်းကောင်း၊ ပဂ္ဂိုလ်ကိုလည်းကောင်း အရှိန်အစော် အကျော့အစော စသည်ကိုလည်းကောင်း ငဲ့၍လွန်ကျူးခဲ့လျှင် အလင်္ဂီပဂ္ဂိုလ်တို့အား ချီးမြှောက်ထောက်ပံ့သည် လည်း မည်သည်။ လင်္ဂီသူတော်ကောင်းတို့ မချမ်းသာခြင်းအကြောင်းလည်းမည်သည်ဖြစ်၍ အ ပြစ်အာပတ်မလွတ်ဟူ၍သာ မှတ်ယူသင့်သည်။

ရှေးရှေးကုန်သော သူတော်ကောင်းဖြစ်ကုန်သော အရှင်ယသ အစရှိကုန်သော ရဟန္တာ အရှင်မြတ်တို့သည် အလင်္ဂီသူယုတ်မာတို့နှင့် မပေါင်းဖက်လိုသည်ဖြစ်၍လည်းကောင်း၊ ဘုရား သာသနာတော်ကို စောင့်ရှောက်တော်မူကြကုန်သည်ဖြစ်၍လည်းကောင်း အလင်္ဂီတို့ကို နှိမ်နင်း၍ သင်္ဂါယနာတင်တော်မူကြရခြင်းကိုကို ထောက်၍ 'ယခုအခါ သာသနာဝင် အရှင်မြတ်တို့သည် ဘုရားသာသနာ ရောင်ဝါညို့မှိန် သေးသိမ်ဆုတ်ယုတ်ခြင်း မရှိအောင် လင်္ဂီရဟန်းကောင်းတို့၏ အဖါသူ မဖြစ်စေရန် အလင်္ဂီတို့ ပလဝ မဖြစ်စေရန်၊ မိမိတို့အားလည်း အပြစ်အာပတ် မကျူ မရောက်ရန် ရည်သန်သောအားဖြင့် သာသနာစောင့် အရှင်မြတ်တို့ကဲ့သို့ ဖဲအပ်ကြဉ်အပ် ရှောင်အပ်တော့သည်သာတည်း။

ဤသို့ ဝိနည်းပိဋကတ်၌သာ ပါဝရဟန်းတို့ကို နှိပ်နှင်းဖဲကြဉ်ခြင်း ထင်သည်မဟုတ်သေး၊ အင်္ဂုတ္တရနိကာယ်၊ ပဉ္စကနိပါတ်၊ သိဝလိကူပမ အာဒိနဝပြ ပဉ္စမပဏ္ဏာသက ဒုစ္စရိတဝဂ်၌လည်း

(တမေ နံ အသုစိနာ ကာယကဲမ္မန သမန္နာဂတံ၊ အသုစိနာ ဝစီကမ္မန-
သမန္နာဂတံ၊ အသုစိနာ မနောကမ္မန သမန္နာဂတံ၊ ပေသလာ သဗြဟ္မစာရီ
အာရကာ ပရိဝဇ္ဇန္တိ၊ ဣဒမဿ သပ္ပဋိဘယသ္မိံ ဝဒါမိ)

ဟု ဟောတော်မူသည်။

အသုစိနာ၊ မစင်ကြယ်သော။ ကာယကမ္မေန၊ ကာယကံနှင့်။ သမန္နာဂတံ၊ ပြည့်စုံသော။ အသုစိနာ၊ မစင်ကြယ်သော။ ဝစီကမ္မေန၊ ဝစီကံနှင့်။ သမန္နာဂတံ၊ပြည့်စုံသော။ အသုစိနာ၊

မစင်ကြယ်သော။ မနောကမ္မေန၊ မနောကံနှင့်။ သမန္နာဂတံ၊ ပြည့်စုံသော။ တမေနံ၊ ထို အာလင်္ဂီဒုဿီလကို။ ပေသလာ၊ သီလကိုချစ်ကုန်သော။ သဗြဟ္မစာရီ၊ သံဝင်းသုံးဖော်တို့သည်။ အာရကာ၊ ဝေးစွာ။ ပရိဝဇ္ဇန်၊ ကြဉ်ကြကုန်၏။ ဣဒံ၊ ဤသည်ကား။ သပ္ပဋိဘယသို့၊ ဘေးဘျမ်းရှိခြင်းဌာ။ ဝဒါမိ၊ ဟောတော်မူ၏။ ဤကား အနက်။ ။ ဓမ္မပဒ အဋ္ဌကထာလာ၊ စက္ခုပါလဝတ္ထု။ သံယုတ်အဋ္ဌကထာလာ၊ အရှင်သာရိပုတ္တရာဝတ္ထုတို့ဌာလည်း ပါပပုဂ္ဂိုလ်တို့ကို အလိုမရှိပဲ ကြဉ်ဖဲ့ရှောင်ခဲ့ခြင်းလည်း အလွန်ထင်ရှား၏။

ဤသို့ ဆိုအပ်ပြီးကုန်သော ပါဠိတော်အဋ္ဌကထာ ပိဋကတ်အဖြာဖြာတို့ဌာပင် ဒုမကုံပါပ ဒုဿီလ အလင်္ဂီတို့နှင့် ပေါင်းသင်းနေထိုင်ရမည်ဟု ဆုံးမတော်မူရာ မထင်ပဲ ကြဉ်ရှောင်ရှား မြစ်တားခြင်းသာ ထင်သည်ဖြစ်၍ အရှင်သာရိပုတ္တရာ၊ အရှင်စက္ခုပါလ၊ အရှင်ယသ အစရှိကုန်သော အရှင်မြတ်တို့၏နည်းကိုလည်း မလွန်မဆန်။ ပါဠိတော် အဋ္ဌကထာ ဋီကာတို့ဌာ မိန့်မှာတော်မူအပ်သော တရားကိုလည်း မပယ်မဖျက်ကြပဲ သာသနာတော်ကြီး ပွားစီးရန်အရေး အလင်္ဂီဘေးတို့ကို ကင်းဝေးလွန်မြောက်အောင် ပယ်ဖျောက်ဟော်မူနိုင်ကြစေကုန်သတည်း။ ဤကား ဒုတိယပုစ္ဆာ၏ ဝိသဇ္ဇနာတည်း။

ဤအဆုံးအဖြတ်သည် များသောအားဖြင့် ဝိနည်းတရားတော်သာလျှင်ဖြစ်သည်။ ဝိနည်းတရားဘော်ဖြစ်က ရဟန်း ရှင် လူ ခပ်သိမ်းကုန်သောသူတို့သည် သူတ္တန်ပဋ္ဌကတ်၊ အာဘိဓမ္မာပဋ္ဌကတ် တို့ထက် လွန်စွာကြိုးစား အားထားဆည်းပူးအပ်၏။ အဘယ်ကြောင့်နည်းဟူမူ ဝိနည်းဒေသနာတော်ကို လေ့လာကျမ်းကျင် သိမြင်ကုန်သော ရဟန်း ရှင် လူတို့သည် အကျိုးငါးပါးကို ရရာသောကြောင့်တည်း။ ထို့ကြောင့်-

(ပဉ္စာနိသံသာ ဝိနယဓရော၊ အတ္တနော သီလက္ခန္ဓော သုဂုတ္တော ဟောတိသုရက္ခိတော၊ ကုက္ကုစ္စပကတာနံ ပဋိသာရဏံ ဟောတိ၊ ဝိသာရဒေါ သံဃမဇ္ဈေ ဝေါဟရတိ၊ ပစ္စတ္ထိကော သဟဓမ္မေန သုနိဂ္ဂဟိတံ နိဂ္ဂဏှာတိ၊ သဒ္ဓမ္မဋ္ဌိတိယာ ပဋိပန္နော ဟောတိ)ဟူ၍ ပဉ္စကနိပါတ်၊ အင်္ဂုတ္တရနိကာယ်တို့ဌာ ဟောတော်မူသည်။ ဝိနည်းကို နားလည်သောသူသည်။

(၁) မိမိ၏သီလကို လုံခြုံအောင် ကောင်းစွာ စောင့်ရှောက်နိုင်ခြင်း၊

(၂) ယုံမှားပသင်္ကာ ရှိကြကုန်သောသူတို့၏ ကိုးကွယ်ရာဖြစ်ခြင်း၊

(၃) ရဲရဲရင့်ရင့် သံဃာ့အလယ်သို့ ဝင်နိုင်ခြင်း၊

(၄) ရန်သူအဓမ္မဝါဒီပုဂ္ဂိုလ်တို့ကို အကြောင်းအားလျော်စွာ နှိပ်နင်းနိုင်ခြင်း၊

(၅) သာသနာတော်တည်ခြင်းငှာ ကျင့်သည်မည်ခြင်း။

ဤငါးပါးသောအကျိုးတို့ကိုရရာ၏။ ထိုအကျိုးတို့နှင့်ပြည့်စုံမှုသာလျှင် မြတ်စွာဘုရား နှစ်သက်တော်မူအပ်သော ပုဂ္ဂိုလ်လေးပါးတို့တွင် စတုတ္ထမြောက်ဖြစ်သော . ပုဂ္ဂိုလ်ဒုဖြစ်သို့ ရောက်သဖြင့် ထိုအကျိုးတို့နှင့် ပြည့်စုံအောင် လွန်စွာကြိုးစား အားထုတ်အပ်ပေသတည်း။

နိဂုံးကိုပြခြင်း၊

(၁) သာသနေ မဏိဝါရိမှိ၊ သက္ကဆုဇေ ဥသက္ခိပေ။
ပေါဋ္ဌပါဒဿ ဇုက္ခုမှိ၊ အဋ္ဌမျှံ ဂုရုဝါရကေ။

(၂) နိဋ္ဌိတောယံ အနာယာသော၊ ဝိနိစ္ဆယော သုဒုလ္လဘော။
အနာယာသော တထာ ဟောတု၊ ဇုဒ္ဓါဝါဒေါ သုဒုလ္လဘော။

သာသနေ၊ အတိတ်သဒ္ဒါ သဿနာသည်။ မဏိဝါရိမှိ၊ နှစ်ထောင့်လေးရာငါးဆယ့်ငါးခုသို့။ သမ္ပတ္တော၊ ရောက်သည်ရှိသော်။ ဝါ၊ ရောက်သောအခါ၌။ သက္ကရာဇေ၊ သိကြားမင်းနှစ်၊ သက္ကရာဇ်သည်။ ဥ သက္ခိပေ၊ တထောင်နှစ်ရာခုနစ်ဆယ့်သုံးခုနှစ်သို့။ သမ္ပတ္တော၊ ရောက်သည်ရှိသော်။ ဝါ၊ ရောက်သောအခါ၌။ ပေါဋ္ဌပါဒဿ၊ တော်သလင်းလ၏။ ဇုက္ခုမှိ၊ လဆန်းပက္ခ၌။ အဋ္ဌမျှံ၊ ရှစ်ရက်မြောက်၌။ ဂုရုဝါရကေ၊ ကြာသပတေးနေ့၌။ သုဒုလ္လဘော၊ အလွန်ရခဲသော။ အယံ ဝိနိစ္ဆယော၊ ဤ (သံဝါသာဒိပကာသနီ) အမည်ရှိသော အဆုံးအဖြတ်သည်။ အနာယာသော၊ အနှစ်ဆုယ်ဘေးကျမ်း မှေးမသန်းပဲ အေးချမ်းခြင်းရှိသည်။ ဟုတ္ဝာ၊ ဖြစ်၍။ နိဋ္ဌိတောယထာ၊ နိဋ္ဌံ ဤတောယထာ၊အပြီးအဆုံး နိဂုံးခါးပတ် ရောက်လတ်သကဲ့သို့။ တထာ၊ ထို့အတူ။ သုဒုလ္လဘော၊ လွန်လွန်ကဲကဲ ရနိုင်ခဲသော။ ဇုဒ္ဓါဝါဒေါ၊ ဘုရားဩဝါဒသာသနာတော်သည်။ အနာယာသော၊ အလဇ္ဇီဘေးဘျမ်း မှေးမသန်းပဲ ပဉ်လန်းသာယာခြင်းရှိသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

ဤဋ္ဌကား သံဝါသာဒိပကာသနီကျမ်း အာခန်းပြည့်စုံပြီ။

၁၂၀၅-ခုနှစ်တွင်

သဒ္ဓမ္မဇောတိကာရာမကိုက်

တတိယဆရာတော်ရေးသားသော

စိဝရာဒိ ဒိနိန္ဒုယကျမ်း

နိဒါန်း

ဝိနယောနာမ ဗုဒ္ဓသာသနဿ အာယုဟူသော သမန္တပါသာဒိက အဋ္ဌကထာနှင့်အညီ တပါးသောတရား တည်ရှိပါငြားသော်လည်း ဝိနည်းတရား ပျက်ပြားက သာသနာတော်ကြီး ပျက်စီးရတော့သည်သာ ဖြစ်၏။ တပါးသောတရား ပျက်ပြားပါငြားသော်လည်း ပဗ္ဗဇ္ဇ-ဥပသမ္မဒ အဖြစ်မျှဟု ဆိုအပ်သော ဝိနည်းတရား တည်ရှိပါသေးက သာသနာတော်မြတ်ကြီး မပြိုမပျက် တည်လျက်ပင်ရှိသောကြောင့် ဝိနည်းတရားဘော်သည် သာသနာတော်၏ အသက်သဖွယ်ဖြစ်ပေ ကြောင်း။

ထိုသို့ သာသနာတော်မြတ်ကြီး မပျက်မစီးနိုင် ကြံ့ခိုင်အရှည်တည်တံ့ကြောင်းဖြစ်သော ဝိနည်းတရားကို အားပေးခြီးမြှောက်၍ သာသနာကို စောင့်ရှောက်တော်မူကြကုန်သော—

(၁) ဟင်္သာတမြို့ ရေတံခွန် ဆရာတော်ဘုရားကြီး၊

(၂) ဆကာကြီးလယ်ပြင်ကျောင်း ဆရာတော်ဘုရားကြီး၊

(၃) ဓနုဖြူမြို့ အဂ္ဂမဟာပဏ္ဍိတ သဒ္ဓမ္မဇောတိကာရာမ ဒုတိယဆရာတော်ဘုရားကြီး၊

(၄) ဟင်္သာတမြို့ လယ်တီဆရာတော်ဘုရားကြီး၊

(၅) ဟင်္သာတမြို့ ဘုရားကြီး ဆရာတော်ဘုရားကြီး

စသော မထေရ်ကျော် ဆရာတော်မြတ်တို့သည် သံဃကတိက ရှိကြသည့်အတိုင်း ၁၂၀၅-ခုနှစ်၊ ဘန်ဆောင်မုန်းလပြည့်ကျော် (၈)ရက်နေ့တွင် ဇလွန်မြို့၊ မဟာနာဂဝံသ သိမ်ကျောင်းတိုက်၊ မဟာနာယကဆရာတော်ဘုရားကြီး၏ ခြေရင်းတော်သို့ ဖူးမြော်ကန်တော့ရန် ကြွရောက်တော်မူကြပါကြောင်း။

ထိုဆရာတော်ဘုရားကြီးတို့သည် မဟာနာယကဆရာတော်ဘုရားကြီးအား ရှိခိုးကန်တော့ကြပြီး၍ ယခုကာလ မအပ်သော ဆေးဆိုးသင်္ကန်းကိုဝတ်ရုံခြင်း၊ ရောဘာခံဖိနပ်ကို စီးခြင်းစသော ဝိနယကျင့်ဝတ်နှင့် ကင်းလွတ်တိမ်းပါး သာသန အနုနုလောမိက၊ သာသနာတော်ဆုတ်ယုတ်ကြောင်းကို ဟန့်တားပိတ်ပင်ဖို့အရေးကို ဆွေးနွေးတိုင်ပင်တော်မူကြကြောင်း။

ထိုအခါ ဆရာတော်ဘုရားကြီးများသည် အစည်းဝေးပါ ဓနုဖြူမြို့၊ သဒ္ဓမ္မဇောတိကာရုံမတိုက်၊ တိုက်အုပ်ဆရာတော် (နောင်အခါတွင် တတိယဆရာတော်)အား ရဟန်းတို့၏ချုပ်ဝတ်တန်ဆာ သင်္ကန်းစသော ပရိက္ခရာတို့၏ အပ် မအပ်အခြင်းအရာကို အသေအချာဆုံးဖြတ်ရေးသား၍ ဆရာတော်ဘုရားကြီးများအား ဆက်ကပ်လိုက်သည်ဖြစ်ကြောင်း။

ဆရာတော်ဘုရားကြီး အပေါင်းတို့သည်လည်း မိမိထံသို့ရောက်လာသော ထိုစာတန်းကို ဆုံးခန်းတိုင်ရောက်အောင် အခေါက်ခေါက်, ကြည့်ရှုဆင်ခြင်တော်မူကြသောအခါ သင့်မြတ်၏ဟု သဘောသက်ဝင် ထင်မြင်တော်မူကြကုန်၍ စက်တင်ပုံနှိပ်ရန် ခွင့်ပြုတော်မူကြကြောင်း။

ထို့နောက် ပုံနှိပ်ပြီးစာအုပ်ကို (အဂ္ဂမဟာပဏ္ဍိတ)ဘွဲ့ခံ ပါဠိဆရာကြီးဦးဖြေသည် ဃသချာစွာကြည့်ရှုရာ ဤကျမ်းသည် သူဒတ်ကောင်းတရားဆုတ်ယုတ်၊ အမိုက်မှောင်ဖုံးအုပ်နေခိုက်တွင် အမိုက်ခမှောင်ကို ပယ်ဖျက်ဘိုက်ဘွန်းလျက် ရောင်ခြည်ဘဒဆောင် ထွန်းပြောင်တောက်ပသော နေမင်းကြီး သည် ဥဒယ်ဒတောင်မှ ထွက်ပြူလာဘိသကဲ့သို့ သူဘော်ကောင်းတရား ထွန်းလင်းတောက်ပစေရန် သာသနာခနဝန်ကြီး ပေါ်ထွန်းလာပေသည်တကားဟု အားရဝမ်းသာကောင်းချီးငြောလျက် ဤ"ဗိဝရာဒီ ဝိနိစ္ဆယ" ကျမ်းစာအုပ်၌ပါသော အဆုံးအဖြတ်တို့ကို ကြည့်ရှုမှတ်သား လိုက်နာကျင့်ကြံတော်မူကြလျက် သာသနာဘော်ကြီးပွား အရှည်တည်ပါစေခြင်းအကျိုးငှာ ရန်ကုန်မြို့၊ ဘုန်းကြီးလမ်း၊ တိုက်နံပါတ် (၂၄) ဆရာဖြူ မိဋ္ဌကတ်စာပုံနှိပ်တိုက်တွင် ကျမ်းပြုဆရာတော်အလိုကျအောင်တည်းတိုက်၍ တဖက်စာရင်းပါဒါယကာတို့က စာအုပ်ရေ(၁၀၀၀)ကို ရိုက်နှိပ်၍ ဓမ္မဒါနအဖြစ် လှူဒါန်းကြပါသည်။ နတ် လူ သာဓု ကောင်းချီးနုမော် ခေါ်စေသော်။

စဉ်	နေရပ်	အလှူရှင်အမည်	ကုဏ်ထူး	စာအုပ်ရေ
၁။	မအူပင်မြို့	ဦ ဖိုးသောင်း	နယ်ပိုင်ဇန်ထောက်	၁၀၀
၂။	။	ဦးမြ	အခွန်ဝန်မင်း	၁၀၀
၃။	။	ဦးမဲ	တိုက်ပိုင်အင်စပက်တော်	၁၀၀
၄။	ပန်းတနော်မြို့	ဦးဖိုးလုံး	တရုးမမြို့အုပ်မင်း	၁၀၀
၅။	။	ဦးမောင်မောင်	မြို့ပိုင်မင်း	၁၀၀
၆။	။	ဦးကဲ	မြေတိုင်းအင်စပက်တော်	၁၀၀
၇။	။	ဦ·စံငြိမ်း	ယစ်မျိုးအရာရှိ	၁၀၀
၈။	။	ကိုဘသင်	တိုင်းရင်းသားအထက်တန်း ကျောင်းအုပ်ဆရာကြီး	၁၀၀
၉။	ရန်ကုန်မြို့	ကိုမြင့်	အမျိုးသားစာပုံနှိပ်တိုက်ရှင်	၁၀၀
၁၀။	ကြုံစုတ်ရွာ	ဘုရားအမ ဒေါ်ထွာအို	မြေပိုင်ရှင်	၁၁၀
			ပေါင်း	၁၀၀၀

စီဝရာဒိ ဝိနိစ္ဆယကျမ်း

ပဏာမ ပဋိညာဉ်

၁။ ဥဒယဂ္ဂဂတံဝိရုံ၊ ရုံသီဇာလ ဝိမောစကံ။
ကမလံ ဗောဓိတံ တပံ၊ ပံထဇောတံ ဝရုံနမေ။

၂။ သီလာဒိ ဂုဏ သံယုတ္တာ၊ အာစေရာ ထေရပုင်္ဂဝါ။
ယေ တေ နိစ္စံ ဘိဝန္ဒာမိ၊ သဒါဝရ ဟိတသကေ။

၃။ ဓဇူပမေဟိ ထေရေဟိ၊ နိကာယေ ဒ္ဝါရသမ္မတေ။
သာသနေ အင်္ဂီဒ္ဓေါ ကာသံ၊ စီဝရာဒိ ဝိနိစ္ဆယံ။

(၁) ဥဒယဂ္ဂဂတံ၊ ဥဒည်တောင်ဖျားသို့ တက်ထသော။ ဝိရုံ၊ ရဲရင့်ထသော။ ရုံသီဇာလ ဝိမောစကံ၊ တထောင်သော ရောင်ခြည်ကွန်ရက်ကို လွှတ်တော်မူတတ်ထ၍သော။ ကမလံ၊ ကြာမျိုးငါးပါးကို။ ဗောဓိတံ၊ ပွင့်စေတော်မူတတ်ထသော။ ပံထဇောတံ၊ ဘေးကင်းရန်ကွာ ချမ်းသာရာခရီး စသည်ကို ထွန်းပြတော်မူတတ်ထသော။ ဝရုံ၊ တောင့်တအပ်ထ၍သော။ တပံ၊ တောက်ပသောနေမင်းကို။ အဟံ၊ အကျွန်ုပ်သည်။ နမေ၊ ရှိခိုးပါ၏။ (ပရုပက္ခ)

(၁) ဥဒယဂ္ဂဂတံ၊ သတ္တဝါတို့အား အလွန်သနားခြင်း မဟာကရုဏာ အထွတ်အထိပ်သို့ ရောက်တော်မူပြီးထသော။ ဝိရုံ၊ ကြီးမြတ်သော လုံ့လရှိတော်မူထသော။ ရုံသီဇာလဝိမောစကံ၊ မောဟမှောင်ဖြည် သူတော်ကောင်း တရားတည်း ဟူသော ရောင်ခြည်ကွန်ရက်ကို လွှတ်တော်မူတတ်ထသော။ ကမလံ၊ မင်္ဂိုလ် နီဗွာန် တည်းဟူသော ချမ်းသာသုံးပါးကို ခံစားထိုက်သူ ဝေနေယျ နတ် လူဗြဟ္မာ အပေါင်းကို။ ဗောဓိတံ၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားတိုသိစေတော် မူတတ်ထသော။ ပံထဇောတံ၊ မင်္ဂလ ပဋိပတ် အကျင့်မြတ် မင်္ဂခရီးကို၊ အထွန်းပြကြီး ထွန်းပြတော်မူထသော။ ဝရုံ၊ အနန္တဂုဏ် ကျေးဇူးဟုန် တို့ကြောင့် အားရုံ မြဲကပ် တောင့်တအပ် မြတ်တော်မူထသော။ တထံ၊ ဘုံသုံးတိုက်၌ အမြဲကပ်ဖွဲ့နှောင် ကိုယ်တော်အရောင် တရားအရောင် တို့ဖြင့် ပြောင်ပြောင် ဘောက်ပဘော် မူထသော မြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ နမေ၊ ရှိခိုးပါ၏။ (သကပက္ခ)

(၂) နတ္ထေ၊ ရှိခိုးပြီး၍။ သီလာဒိဂုဏသံယုတ္တာ၊ သီလစသော ဂုဏ်ကျေးဇူးတို့နှင့် ယှဉ်ကုန်ထသော။ ထေရပုင်္ဂဝါ၊ မဂ်ထေရ်တို့၌ မြတ်ကုန်သောမဟာထေရ်တို့လည်း ဖြစ်တော်မူကုန်ထသော။ ယေအာစေရာ၊ အကြင်ဆရာသခင် ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး တို့သည်။ သန္တိ၊ ရှိ

ကုန်၏။ သဒ္ဒါ၊ အခါခပ်သိမ်း။ ဝရဟိတေ သကေ၊ မြတ်သော အစီးအပွားကို ရှာမှီးတော်မူတတ် ကုန်ထင်သည်။ တေအာစရေ၊ ထိုကျေးဇူး ဘော်ရှင် ဆရာသခင် အရှင်မြတ်တို့ကို။ နိစ္စံ၊ အမြဲ။ ဝန္ဒာမိ၊ ရိုသေမြတ်နိုး ရှိခိုးပါ၏။

(၃) အဘိဝန္ဒိတ္ဝာ၊ ရိုသေမြတ်နိုး ရှိခိုးပြီး၍။ သာသနေ၊ အုံဖွယ်ရှစ်ဖြာ သာသနာတော် မြတ်၌။ နိကာဒယ ဒဠှါရသမ္မတေ၊ မဟာဒဠှါရဂိုဏ် ဟု သမုတ်အပ်သော ဂိုဏ်းမြတ်၌။ ဧဇ္ဇုပမေဟိ၊ တံခွန်သဖွယ် တင့်တယ် ထင်ရှားကုန်သော။ ထေရေဟိ၊ မထေရ်တော် မြတ်ကြီးတို့သည်။ အဇ္ဈိဋ္ဌော၊ စေခိုင်း တိုက်ဘွန်းအပ်သည်ဖြစ်၍။ အဟံ၊ ငါသည်။ စီဝရာဒိ ဝိနိစ္ဆယံ၊ ရဟန်းတို့၏ ချပ်ဝတ်တန်ဆာ သက်နှံးစသော ပရိက္ခရာ၏ အပ် မအပ်နှင့် စပ်သော အဆုံးအဖြတ်ကို။ ကဿံ၊ ရေးသားစီရင်ပေအံ့။

ပဏာမ ပဋိညာဉ် ပြီး၏။

၁-စီဝရ ဝိနိစ္ဆယ

သက်နှင့်ဂပ် အပ် မအပ်ကို--

(က) သက်နှင့်၏ ဇာတ်အမျိုး

(ခ) သက်နှင့်ကို စီရင်ခြင်း

(ဂ) သက်နှင့်ကို ချုပ်ခြင်း

(ဃ) သက်နှင့်၏ ဆိုးရည်

(င) သက်နှင့်၏ အသွေးအရောင်

တို့နှင့် စပ်၍ ဆုံးဖြတ်ရာ၏။

ထိုတွင် သက်နှင့်၏ ဇာတ်၌ မြတ်စွာဘုရားသခင်သည် ရာဇဂြိုဟ်ပြည်၌ သီတင်းသုံးတော်မူစဉ် မြတ်မြတ်ယုတ်ယုတ် သက်နှင့်တို့သည် သံဃာအား ရှိုဖြစ်ပေါ် လာသောအခါ ရဟန်းတို့သည် ခွင့်ပြုအပ်သောသက်နှင့်၊ ခွင့်မပြုအပ်သော သက်နှင့်များကို မပိုင်းခြား နိုင်ကြကုန်၍ မြတ်စွာဘုရားသခင်အား လျှောက်ကြားကြကုန်၏။ ထိုအခါ မြတ်စွာဘုရားသခင်သည်-

"အနုဇာနာမိ ဘိက္ခဝေ ဆစီဝရာနိ၊ ခေါမံ၊ ကပ္ပါသိကံ၊ ကောသေယျံ၊ ကမ္မလံ၊ သာဏံ၊ ဘင်္ဂန္တိ" ဟု ဇာတ်အားဖြင့်(၆) မျိုးသော သက်နှင့်တို့ကို ခွင့်ပြုတော်မူ၏။ (ဝိနည်း မဟာဝ၊ စီဝရက္ခန္ဓက ပါဠိတော်၊ စာမျက်နှာ-၃၂၈။)

ဘိက္ခဝေ၊ ရဟန်းတို့-

(၁) ခေါမံ-ခေါမချည်ဖြင့် ရက်အပ်သော သက်နှင့်လည်းကောင်း၊

(၂) ကပ္ပါသိကံ-ဝါချည်ဖြင့် ရက်အပ်သော သက်နှင့်လည်းကောင်း၊

(၃) ကောသေယျံ-ပိုးချည်ဖြင့် ရက်အပ်သော သက်နှင့်လည်းကောင်း၊

(၄) ကမ္မလံ-သားမွေးဖြင့် ရက်အပ်သော သက်နှင့်လည်းကောင်း၊

(၅) သာဏံ-ပိုက်ဆံလျှော်ချည်ဖြင့် ရက်အပ်သော သက်နှင့်လည်းကောင်း၊

(၆) --ဘင်္ဂံ-ဆိုအပ်ခဲ့ကုန်သောချည်တို့ကိုရောရှ၍ ရက်အပ်သောသက်နှင့်လည်းကောင်း

တို့တိ၊ ဤသို့။ ဆစီဝရာနိ၊ ဇာဘ်အားဖြင့် (၆)မျိုးသော သက်နှင့်တို့ကို အနုဇာနာမိ၊ ခွင့်ပြုတော်မူ၏။

(၁) ဤပါဠိတော် (ခေါမ) ဟူသောသဒ္ဒါကို (ခေါမတိုင်းဥ် ဖြစ်သော သက်နှ်း) ဟု အနက်ပြန်ဆိုသည်က များကြ၏။ သို့သော်လည်း ဤအနက်ကို အဋ္ဌကထာ ဋီကာ စသည်တို့၌ မဖွင့် မဆိုကြကုန်။ အဋ္ဌကထာ ဋီကာ စသည်တို့၌ ဖွင့်ဆိုကြသည်ကား-

ပါရာဇိကဏ် အဋ္ဌကထာ၌ ခေါမန္တိ ခေါမဝါကေဟိ ကတသုတ္တံ- ဟူ၍လည်းကောင်း၊ တေရသကဏ်၊ ဝိမတိဝိနောဒနီ၊ ကင်္ခါဋီကာတို့၌ ခေါမန္တိ၊ ခေါမသုတ္တေဟိ ဝါယိတံ ခေါမပဋ္ဋ-စီဝရံ ဟူ၍လည်းကောင်း၊ စာမျက်နှာ-၈၀။ တောမမဟာနိဓိဋ္ဌလည်း ချော်မ၊ ပုံ၊ နှ၊ ချုံမာယာ အတာသျှောဝိကာရ၊ အဏ်၊ အတသိ ဝလ္လလဇာတေ ဝဇ္ဇြဲ ဒုကူလေ ဂဏေ ငဇ္ဇြဲ စ ဟူ၍ လည်းကောင်း ဖွင့်ဆိုကြကုန်၏။

ဤသို့ မဂဓကျမ်းဂန်၊ သင်္ဂဟကျမ်းဂန်တို့၌ တသန့်တညီတည်း ဖွင့်ဆိုတော်မူအပ်သည် အဖြစ်ကြောင့် (ခေါမ) ဟူသောပုဒ်ကို ခေါမလျှော်မှုဖြစ်သော ခေါမခူည်ဖြင့် ရုက်အပ်သော သက်နှ်းဟူ၍သာလျှင် အနက်မြန်မာပြန်ဆိုအပ်၏။

ခါမန္တိ၊ ခေါမံဟူသည်ကား။ ခေါမဝါကေဟိ၊ ခေါမလျှော်တို့ဖြင့်။ ကတသုတ္တံ၊ ပြုပြင်စီရင်အပ်သောချည်ကို။ ခေါမန္တိ၊ ခေါမဟူသည်ကား။ ခေါမသုတ္တေဟိ၊ ခေါမလျှော်ချည်တို့ဖြင့်။ ဝါယိတံ၊ ရက်အပ်သော။ ခေါမပဋ္ဌစီဝရံ၊ ခေါမပုဆိုးသက်နှ်းကို။ ချော်မ။ ချော်မပုဒ် သည်။ ပုံ-နှ၊ ပုလိုင်နပုလိုင်တည်း။ ချုမာယာအဘာသျှာ၊ နှမ်းကြတ်ပင်၏။ ဝိကာရ၊ ဖေါက်ပြန်သောအခြင်းအရာအထူး၊ အဏ်၊ အဏ်-ပစ္စည်း။ အတသိဝက္ကလဇာတေ၊ နှမ်းကြတ်ပင်အခေါက်လျှော်မှုဖြစ်သော။ ဝဇ္ဇြဲ စ၊ အဝတ်၌လည်းကောင်း။ ဒုကူလေ၊ ဘဲ့ဖြူဖြစ်သော။ ဝဇ္ဇြဲစ၊ အဝတ်၌လည်းကောင်း။ ဂဏေ၊ ပိုက်ဆံလျှော်မှုဖြစ်သော။ ဝဇ္ဇြဲစ၊ အဝတ်၌လည်းကောင်း။ သျှာတ်၊ ဖြစ်၏။ ဤကားအနှက်။

ဤ၌ ချုမသဒ္ဒါသည် သေးသွယ်မြင့်မား၍ အနည်းငယ်သောလေကြောင့် ထို ဤရှေ့လျား ခြုတိမ်းပါးတုန်လှုပ်သော နှမ်းကြတ်ပင်ကိုဟော၏။ ထင်ရှားစေဦးအံ့။ အမရကောသ အဘိဓာန်၌ (အတသိသျှာ ဥမာ၊ ချုမာ)ဟု အနက်တူ ပရိယာယ်ကိုထုတ်၏။

အတသိ၊ အတသိပုဒ်သည်လည်းကောင်း။ ဥမာ၊ ဥမာပုဒ်သည်လည်းကောင်း။ ချုမာ၊ ချုမာပုဒ်သည်လည်းကောင်း။ တြိယံ၊ သုံးပုဒ်သည်။ သမံ၊ အနက်တူသည်။ သျှာတ်၊ ဖြစ်၏။

တောမ မဟာနိဓိဋ္ဌကား (ချုမာ ယာအတသျှာ)ဟု ချုမဟူသောပုဒ်ကို (အတသိ) ဟူသော ပရိယာယ်ပုဒ်ဖြင့် ထုတ်ဆိုဖွင့်ပြ၏။ ထိုချုမဟူသောပုဒ်နှင့် အနက်တူ ပရိယာယ်အဖွင့် ဖြစ်သော အတသိပုဒ်ကိုလည်း။ အတသိ ဝါတကမ္မိတော နိစ္စံ ဝေဓတံ ယာတိတိ အတသိဟု (မဂဓအဘိဓာနပဒဒီပိကာ ဋီကာ၊ ၄၅၂ နံပါတ်)၌ ဝစနတ်ပြုအပ်၏။

ဝါတကမိုတော၊ လေသည် တုန်လှုပ်စေအပ်သည်ဖြင့်၍။ နိစ္စံ၊ အမြဲ။ ဝေဓတံ၊ တုန်လှုပ်သည်၏အဖြစ်သို့။ အတတိ ယာတိ၊ ရောက်တတ်၏။ ဣတိ၊ ထို့ကြောင့်။ အတသိ၊ အတသိမည်၏။ အတဓာတ်၊ အတပစ္စည်း။ နဒါဒိဂိုဏ်း၊ အာဘသာတစ္စဂမနနာမတ်နက်။

ဤသို့ မဂဓအာဘိဓာနပွဒီပိကာဋ္ဌကာ၌ မိန့်ဆိုအပ်သောကြောင့် လေကြောင့်တိမ်းပါး အမြဲလှုပ်ရှားသော နှမ်းကြတ်ပင်ကို အတသိသဒ္ဒါသည် ဟောရကား ထိုအတသိသဒ္ဒါ၏ ပရိယာယ်၊ သံဝဏ္ဏေတဗ္ဗဖြစ်သော ချုမသဒ္ဒါသည်လည်း လေကြောင့်တိမ်းပါး အမြဲလှုပ်ရှားသော နှမ်းကြတ်ပင်ကို ဟော၏ဟု မှတ်အပ်၏။

သင်္ကဋ္ဌဇလို (ချုမ)ကို မဂဓဇလို (ခုမ) ခေါ်သည်။ ခေါမံဟူသော ပုဒ်ကိုလည်း တနုရုတံ ခါယတိ ဥတ္တမ ဘာဝေနေတိ ခေါမံဟု ဝစနတ်ပြုအပ်၏။ ဥတ္တမဘာဝေန၊ မြတ်သည်၏အဖြစ်ဖြင့်။ တနုရုဟံ၊ ကိုယ်၌ပေါက်သောအမွေးသည်။ ခါယတိ၊ ထင်တတ်၏။ လုတိ၊ ထို့ကြောင့်။ ခေါမံ၊ ခေါမမည်၏။ ဥဓာတ်-မ ပစ္စည်း၊ ဥ-ခါယနေ ဓာတ်နက်။

ဤသို့ ယင်းဋီကာ၌ မိန့်ဆိုအပ်သောကြောင့် ချောမွေ့ပါးလျားလျက် အသားအမွေးကိုပင် မြင်နိုင်လောက်သော မြတ်သောနှမ်းကြတ်လျှော်ချည်တို့ဖြင့် ရက်လုပ်အပ်သောသင်္ကန်းသည် ခေါမသင်္ကန်းမည်၏ဟု မှတ်အပ်၏။ ကြင်းကုန်သော ကပ္ပါသိတ စသောသင်္ကန်းတို့သည် ထင်ရှားကုန်ပြီဖြစ်၍ အကျယ်မရေးသားပြီ။

(၂) ကပ္ပါသသုတ္ထေဟိ ဝါယိတံ ကပ္ပါသိကံ ဟူသော ဝိမတိဝိနော ဒနိဋ္ဌကာနှင့်အညီ ဝါချည်ကိုဖြင့်ရက်အပ်သော သင်္ကန်းသည် ကပ္ပါသိကသင်္ကန်းမည်၏။

(၃) ကောသေယျန္တိ၊ ကော်သိ ယံသုဟိ ကံန္တိတ္ဝာ ကတံ ဟု ဖွင့်ပြအပ်သော ပါရာဇိကဏ်အဋ္ဌကထာ။ တထာ ဣတရာနိ ဧဝံသေသာနိဟု ခေါမပုဒ် ဝိဂ္ဂဟကဲ့သို့ ဝိဂ္ဂဟာမှုရန်ကို လဟုကနည်းဖြင့် ပြအပ်ကုန်သော တေရသကဏ်၊ ဝိမတိဝိနောဒနိဋ္ဌီကာပါဠိတို့နှင့်အညီ ပိုးချည်ဖြင့် ရက်အပ်သောသင်္ကန်းသည် ကောသေယျသင်္ကန်းမည်၏။

(၄) သားမွေးတို့ဖြင့် ရက်အပ်သောသင်္ကန်းသည် ကမ္မလာသင်္ကန်းမည်၏။

(၅) ပိုက်ဆံလျှော်ချည်တို့ဖြင့် ရက်အပ်သောသင်္ကန်းသည် သာဏသင်္ကန်းမည်၏။

ထိုသင်္ကန်းတို့တွင် ကမ္မလာသင်္ကန်းသည် လူ၏အမွေး၊ သားရဲတို့၏ အမွေးကိုထား၍ ကြင်းကုန်သော သိုးမွေးစသည်တို့ဖြင့် ရက်လုပ်အပ်သော သင်္ကန်းတည်းဟု မှတ်ယူအပ်၏။ ထို့ကြောင့် ဝိမတိဝိနောဒနိဋ္ဌီကာ၌ ကမ္မလန္တိ ဋ္ဌကာဒီနံ လောမမယ သုတ္တေန ဝါယိတံ ပဋိဟူ၍လည်းကောင်း၊ ကခ်ိဋ္ဌီကာဋ္ဌီကာ၌လည်း ကမ္မလန္တိမနုံသလောမဝါဋ္ဌ လောမေ ဌပေတ္ဝာ သေသ-လောမေဟိ ဝါယိတ္ဝာ ကတဝတ္ထုံဟူ၍လည်းကောင်း ဖွင့်ပြတော်မူအပ်၏။

ကမ္မလန္တီ၊ ကမ္မလံဟူသည်ကား။ ဌဋ္ဌကာဒိနံ၊ သိုးစသည်တို့၏။ လောမ မယ သုတ္တောန၊ အမွေးဖြင့်ပြီးသောချည်ဖြင့်။ ဝါယိတံ၊ ရက်အပ်သော။ ပဋ္ဌံ၊ အဝတ်ပုဆိုးကို။ ဝိမတိဝိနောဒနိဋ္ဌီကာအနက်။

ကမ္မလန္တီ၊ ကမ္မလံဟူသည်ကား မနုဿလောမ ဝါဠဌလောမေ၊ လူ၏အမွေး၊ သားရဲတို့၏ အမွေးတို့ကို။ ဌပေတွာ၊ ထား၍။ သေသလောမေဟိ၊ ကြွင်းကျန်သောအမွေးတို့ဖြင့်။ ဝါယိတွာ၊ ရက်၍။ ကတဝတ္ထံ၊ ပြုအပ်သောအဝတ်ကို။ ဤကား ကဲခ်ိဋ္ဌီကာအနက်။ ကမ္မလန္တီ ဌဋ္ဌကလော မသုတ္တံဟု ဖွင့်ဆိုအပ်သော အဌကထာစကားကို ဥပလက္ခဏယူ။

(၄) ဘင်္ဂသက်နှံးသည် ခေါမစသော ချည် ၅-မျိုးလုံးကိုဖြစ်စေ၊ ၂-၃-၄-မျိုးကို ဖြစ်စေ ရောရောရက်အပ်သော သက်နှံးတည်း။ ထိုကြောင့် ဘင်္ဂန္တီ ခေါမသုတ္တာဒီနိသဗ္ဗာနိကေစ္စာနိဝါ မိဿေတွာ ကတစီဝရံဟု ဝိနည်းဋီကာ (၈၁)၌ မိန့်ဆိုတော်မူအပ်၏။

ဘင်္ဂန္တီ၊ ဘင်္ဂံဟူသည်ကား-ခေါမသုတ္တာဒီနိ၊ ခေါမချည် အစရှိကုန်သော။ သဗ္ဗာနိဝါ၊ အလုံးစုံသော ချည် ၅-မျိုးတို့ကိုလည်းကောင်း။ ကေစ္စာနိဝါ၊ အချို့ကုန်သော ၂-၃-၄-မျိုးတို့ကိုလည်းကောင်း။ မိဿေတွာ၊ ရောရ၍။ ကတစီဝရံ၊ ပြုလုပ်အပ်သောသက်နှံးကို။ ဤကား အနက်။

ထိုမှတပါး (၁) ဒုကူလသက်နှံး
(၂) ပဋ္ဋဲလ္လာသက်နှံး
(၃) သောမာရသက်နှံး
(၄) စိန္နံသက်နှံး
(၅) ကဋ္ဌိဿသက်နှံး

(၆) ဒေဝဒိန္နသက်နှံး ဟူဆိုအပ်.ကုန်သော ၆-မျိုးကုန်သောသက်နှံးတို့သည် ခေါမ စသောသက်နှံးတို့အား လျော်းသာကြောင့် ပါဠိတော်၌ တသီးတခြား ဟောတော်မမူအပ်ကုန်။ ဗုဒ္ဓမာညုသခင် သံဃယနာဘင်အရှင်မြတ် ဘိုးသည်သာ ခွင့်ပြုတော်မူအပ်ကုန်သော အနုလောမသက်နှံးတို့မည်ကုန်၏။ ထို့ကြောင့်+

ဒုကူလံ ပဋ္ဋဲလ္လာံ သောမာရပဋ္ဌံ စိန ပဋ္ဌံ ကဋ္ဌိဿံ ဒေဝဒိန္နန္တိ ဣမာနိ ပန ဆ စီဝရာနိ ဇတေသညော အနုလောမာနိတိ ဝိသုံ နဂုတ္တာနိ (၈၁) တေရသကဏ္ဍိကာ။ ဝိမတိဝိနောဒနိဋ္ဌီကာတို့၌လည်း ဤနည်းလာ၏။

ဒုက္ကဋ်၊ ဘွဲ့ဖြူသက်နှံးလည်းကောင်း၊ ပဋ္ဌုဏ္ဏော်၊ ပဋ္ဌုဏ်တိုင်းဌ် ပိုးကောင်တို့မှဖြစ်သော ချည်ဖြင့်ရက်အပ်သော သင်္ကန်းလည်းကောင်း။ သောမာရပဋ္ဌော်၊ သောမာရတိုင်းဌ်ဖြစ်သော သင်္ကန်းလည်းကောင်း။ စိနပဋ္ဌော်၊ စိန့်တိုင်းဌ်ဖြစ်သော သင်္ကန်းလည်းကောင်း။ ဣဒ္ဓိဇော်၊ ဟိဘိက္ခုရဟန်းတို့အား ကောင်းမှုတန်ခိုးကြောင့် ပြီးသောသင်္ကန်းလည်းကောင်း။ ဒေဝဒိန်္နော်၊ နတ်တို့သည် ပေးလှူအပ်သော သင်္ကန်းလည်းကောင်း။ ဣတိ၊ ဤသို့။ ဣမာနိပန ဆ စီဝရာနိ၊ ဤသင်္ကန်း ၆-မျိုးတို့ကို။ ဧတေသညေဝ၊ ထိုခေါမစသောသင်္ကန်းတို့အားသာလျှင်။ အနုလောမာနိ၊ လျော်ကုန်၏ဟူ၍။ ဝိသုံ၊ အသီးအခြား။ နဝဲတ္ထာနိ၊ ဟောတော်မမူအပ်ကုန်။ ဤကား အနက်။

အဘယ်သို့လျော်သနည်းဟူမူ ဒုကူလသင်္ကန်းသည် လျော်ဖြင့်ပြီးသောကြောင့် သာဏသင်္ကန်းအားလျော်၏။ ပဋ္ဌဝ်သင်္ကန်း၊ သောမာရသင်္ကန်း၊ စိန့်သင်္ကန်းတို့သည် ပိုးချည်တို့ဖြင့်ပြီးသောကြောင့် ကောသေယျသင်္ကန်းအားလျော်၏။ ဣဒ္ဓိဇသင်္ကန်းသည် ဟိဘိက္ခုရဟန်းတို့အား ကောင်းမှုတန်ခိုးအလျောက် ပြီးမြောက်လေသောကြောင့် ခေါမစသော သင်္ကန်း ၆-မျိုးတို့အား လျော်၏။ ဒေဝဒိန္နသင်္ကန်းသည်လည်း ကောင်းမှုအားလျော်စွာ ပဓေသာပင်ဌ် ဖြစ်ပေါ်လာသောကြောင့် ခေါမစသော သင်္ကန်း ၆-မျိုးတို့အား လျော်၏။ ထိုသို့ ဒုကူလစသောသင်္ကန်းတို့သည် အသီးအခြားမရှိ၊ ခေါမစသော သင်္ကန်းတို့သို့ အထိုက်အလျောက် သင်္ကဆောက်ပြီး ဖြစ်သောကြောင့် အပ်သောသင်္ကန်းတို့သာ ဖြစ်ကုန်၏။

ခေါမ စသောသင်္ကန်းမျိုး၊ ဒုကူလ စသောသင်္ကန်းမျိုးမှ တပါးကုန်သော သမန်းမြက်သင်္ကန်း၊ လျော်သင်္ကန်း၊ ပဉ္စင်္ဂုလိပ်စီသင်္ကန်း၊ လူ့ဆံပင် ကမ္မလာသင်္ကန်း၊ သားရဲမွေး ကမ္မလာသင်္ကန်း၊ ခင်ပုပ်ဌက်တောင်စီအပ်သောသင်္ကန်း၊ သစ်နက်ရေသင်္ကန်းတို့သည် ကိုတ္ထိတို့၏ တံခွန်ဖြစ်၍ မအပ်ကုန်၊ ထိုသင်္ကန်းတို့ကို ဝတ်ရုံသုံးဆောင်လျှင် ထူလွစ္စဉ်းအာပတ်သင့်၏။

ထိုမှတပါး သင်ပန်းဖြင့်ပြီးသောသင်္ကန်း၊ မူရိုးပင်အရိုးဖြင့်ပြီးသောသင်္ကန်းတို့ကို ဝတ်ရုံသောရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏။ ထို့ကြောင့် မဟာဝါစီဝရက္ခန္ဓက(၃၅၁)ဋ္ဌ-

နှ ဘိက္ခဝေ ပေါတ္ထကော နိဝါသေတဗ္ဗော၊ ယော နိဝါသေယျ အာပတ္တိ ဒုက္ကဋဿ

စသည်ဖြင့် ပယ်တော်မူအပ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ပေါတ္ထကော၊ သင်ပန်းဖြင့်ပြီးသော သင်္ကန်းကို။ နှ နိဝါသေတဗ္ဗော၊ မဝတ်အပ်။ ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ နိဝါသေယျ၊ ဝတ်ငြားအံ့။ ဒုက္ကဋဿ၊ ဒုက္ကဋ်အာပတ်သို့။ အာပတ္တိ အာပဇ္ဇနံ၊ ရောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဤကား အနက်။

ယခုကဲ့သို့ ပေါ်ပေါက်သော ငှက်ပျောမျှင်ဖြင့်ပြီးသော ပုဆိုး၊ မရိုးမျှင်ဖြင့်ပြီးသော ပုဆိုး၊ ပြိတ်မြက်ဖြင့်ပြီးသောပုဆိုးတို့သည် သင်ပန်းဖြင့်ပြီးသောသင်္ကန်းအလားရှိလေသောကြောင့် ဒုက္ကဋ်ဝတ္ထုတို့ပေတည်း။

ခိုးသူ လုယူအပ်သော သက်နှံရှိသောရဟန်း၊ ပျောက်သောသက်နှံ ရှိသောရဟန်းတို့ သည်သာလျှင် ထိုသမန်းမြက်သက်နှံ စသည်တို့ကို အခိုက်အတန့်ကာလ တဝကာလိကမျှသာ ဝတ်ရုံသုံးဆောင်အပ်ကုန်၏။ထို့ကြောင့် ယခုကာလ၌ ဆန်းဆန်းပြားပြား အထူးထူးအထွေထွေ ပေါများလှသောကြောင့် ဝတ်ရုံသုံးဆောင်သော ရဟန်းတို့သည် မျိုးဇာတ်အားဖြင့် အပ်သော သက်နှံမျိုး၊ မျိုးဇာတ်အားဖြင့် မအပ်သောသက်နှံမျိုးတို့ကို စူးစမ်းစစ်ဆေး၍ မျိုးဇာတ်အား ဖြင့် အပ်သောသက်နှံတို့ကိုသာ သိလသိက္ခာကို ရှိသေလေးမြတ်သောအားဖြင့် ဝတ်ရုံသုံးဆောင် ခြင်းကို ပြုအပ်သတည်း။ ဤကား သက်နှံဇာတ်နှင့်စပ်၍ မှတ်သားဖွယ်တည်း။

ဤသို့လျှင် မျိုးဇာတ်အားဖြင့် အပ်လင့်ကစား သက်နှံစီရင်ခြင်း ကျမ်းဂန်နှင့်မညီညွတ်က ထိုစီရင်ခြင်း ချွတ်ယွင်းသော သက်နှံကို မဝတ်မရုံရသေးပေ။ ဝတ်ရုံသုံးဆောင်သော ရဟန်း တို့အား အပြစ်မလွတ်ကင်း၊ မသန့်ရှင်း၊ မစင်ကြယ်နိုင်။ ထို့ကြောင့် ကျမ်းဂန်အဆိုအလာ သက်နှံးစီရင်ပုံ အခြင်းအရာတို့ကို သေချာကျနစွာ သိအပ်ရာ၏။

မြတ်စွာဘုရားသခင်သည် ရာဇဂြိုဟ်ပြည်မှ ဒက္ခိဏာဂိရိအရပ်သို့ ဒေသစာရီ ကြွချီသောအခါ လေးထောင့်ကန်သင်းအဖွဲ့ရှိသော အလှူး အနံ့ရှည်သော ကန်သင်းအဖွဲ့ရှိသော အကြား အကြား၌ တိုသောကန်သင်းအဖွဲ့ရှိသော ကန်သင်းအပိုင်းအခြားချင်းကွဲရာ၊ ထွင်းရာ ခရီးဆုံ လေးမြောသဏ္ဌာန်ရှိသော မဂဓလယ်ကို အရှင်အာနန္ဒာမထေရ်အား ပြတော်မူ၍ "ချစ်သား အာ နန္ဒာ- ဤမဂဓလယ်ကဲ့သို့ အရေးအကန်ရှိသော ရဟန်းတို့၏သက်နှံးကို ဖြစ်ရင်ပြုစွမ်းနိုင်၏လော" ဟု မေးတော်မူလတ်သော် အရှင်အာနန္ဒာသည် ဝန်ခံတော်မူ၍ မျှားစွာကုန်သောရဟန်းတို့၏ သက်နှံးကို စီရင်လျက် မြတ်စွာဘုရားအား ဆက်သလေလျှင် မြတ်စွာဘုရားသခင်သည် ဆင်ခြင် ရှုစားတော်မူ၍ မျှားစွာသောရဟန်းတို့အား-

> ပဏ္ဍိတော ဘိက္ခဝေ အာနန္ဒော၊ မဟာပညော ဘိက္ခဝေ အာနန္ဒော၊ ယတြ ဟိ နာမ မယာ သံခိတ္တေန ဘာသိတဿ ဝိတ္ထာရေန အတ္ထံ ဇာနိဿတိ၊ ကုသိ ပိနာမ ကရိဿတိ၊ အနုကုသိ ပိနာမ ကရိဿတိ၊ ဝိဝတ္တမို့ နာမ ကရိဿာတိ၊ အနု ဝိဝတ္တမို့ နာမ ကရိဿတိ၊ ဂိဝေဟာ့ ကမ်ိနာမ ကရိဿာတိ၊ ဇေယ်ယျကမို့ နာမ ကရိဿတိ၊ ဗာဟန္တမို့နာမ ကရိဿာတိ၊ ဆိန္နတံ ဘဝိဿတိ၊ သတ္ထလုံခံ သမဏာ သာရုပ်ံ ပစ္စတ္ထိကာနဉ္စ အနဘိစ်ိတံ။ အနုဇာနာမိ ဘိက္ခဝေ ဆိန္နကံ သံဃာဋိံ ဆိန္နကံ ဥတ္တရာ သင်ံ ဆိန္နကံ အန္တရဝါသကံ

ဟု ဟောတော်မူသည်။ (မဟာဝါ စီဝရက္ခန္ဓကပါဠိတော်၊ နံပါတ်-၃၃၃)

ဘိက္ခဝေ၊ ရဟန်းတို့။ အာနန္ဒော၊ အာနန္ဒာသည်။ ပဏ္ဍိတော၊ ပညာရှိပေစ့။ ဘိက္ခဝေ၊ ရဟန်းတို့။ အာနန္ဒော၊ အာနန္ဒာသည်။ ' မဟာပညော၊ ကြီးသောပညာရှိပေစ့။ ယတြဟိနာမ-ယောနာမအာနန္ဒော၊ အကြောင်းအာနန္ဒာသည်။ မယာ၊ ငါဘုရားသည်။ သံခိတ္တေန၊ အကျဉ်းအား ဖြင့်။ ဘာသိတာဿ၊ ဟောတော်မူအပ်သောစကား၏။ အတ္ထံ၊ အနက်ကို။ ဝိတ္ထာရေန၊ အကျယ်

အားဖြင့်။ ဇာနိဿတိ၊ သိနိုင်ဘိ၏။ ကုသိံ ပိနာမ၊ အလျားအနံ ၂အနားပတ် တရုပ်မြောင်းရှည် စသည်ကိုလည်း။ ကရိဿတိ၊ ပြုနိုင်ဘိ၏။ အဓုကုသိံ ပိနာမ၊ အကြားအကြား၌ တရုပ်မြောင်း တို့မည်သည်ကိုလည်း။ ကရိဿတိ၊ ပြုနိုင်ဘိ၏။ မဏ္ဍလံပိနာမ၊ အခန်းတခုတခု၌ အိမ်ဝင်းကြီး မည်သည်ကိုလည်း။ ကရိဿတိ၊ ပြုနိုင်ဘိ၏။ အဓုမဏ္ဍလံပိနာမ၊ တခန်းတခန်း၌ အိမ်ခန်းငယ် မည်သည်ကိုလည်း။ ဝါ၊ ကဲ့အိမ်မည်သည်ကိုလည်း။ ကရိဿတိ၊ ပြုနိုင်ဘိ၏။ ဝိဝတ္တမိနာမ၊ အိမ်ဝန်းကြီး အိမ်ဝန်းငယ်ကို တခုပါင်းတည်းပြု၍ ချုပ်အပ်သော အလယ်ခေါင်စပ် မည်သည်ကိုလည်း။ ကရိဿတိ၊ ပြုနိုင်ဘိ၏။ အနုဝိဝတ္တမိနာမ၊ခေါင်ရံစပ် မည်သည်ကိုလည်း။ ကရိဿတိ၊ ပြုနိုင်ဘိ၏။ ဂိဟဝယျကမိနာမ၊ လည်ထိရာ၌ မြဲမြံစေရန် ချုပ်အပ်သော ပြင်ထပ်မည်သည်ကို လည်း။ ကရိဿတိ၊ ပြုနိုင်ဘိ၏။ ဇဃေယျကမိနာမ၊ မြင်းခေါင်းထိရာ၌ မြဲမြံစေရန် ချုပ်အပ် သော ပြင်ထပ်မည်သည်ကိုလည်း။ ကရိဿတိ၊ ပြုနိုင်ဘိ၏။ ဗာဟန္တမိနာမ၊ လက်လိပ်စပ် မည် သည်ကိုလည်း။ ဝါ၊ လက်နားစပ်မည်သည့်ကိုလည်း။ ကရိဿတိ၊ ပြုနိုင်ဘိ၏။ ဆိန္နတံ၊ ဖြတ် အပ်သည်။ ဘဝိဿတိ၊ ဖြစ်ဘိ၏။ သတ္ထလုခံ၊ ဓားငယ်ဖြင့်ဖြတ်အပ်၏။ သမဏသာရုပ္ပံ၊ ရဟန်း တို့အား လျောက်ပတ်၏။ ပစ္စတ္ထိကာနဥ္စ၊ ရန်သူတို့သည်လည်း။ အနဘိစ္ဆိတံ၊ အလိုမရှိအပ်။ ဘိက္ခဝေ၊ ရဟန်းတို့။ ဆိန္နကံ၊ ဖြတ်အပ်သော။ သံဃာဋိံ၊ ဒုကူဋ်ကို။လ။ဥတ္တရာသင်္ဃံ၊ ကိုယ် ဝတ်ကို။ အန္တရဝါသကံ၊ သင်းပုံကို။ အနုဇာနာမိ၊ ခွင့်ပြုတော်မူ၏။ ဤကား အနက်။

ဤသို့ မြတ်စွာဘုရားထံမှ နည်းရ၍ အရှင်အာနန္ဒာ စီရင်အပ်သောသင်္ကန်းသည် မြောင်း ရှည် မြောင်းတိုနှစ်ရပ်၊ အိမ်ဝန်းကြီး အိမ်ငန်းငယ်နှစ်ရပ်၊ တင်ထပ်အပ်သော အလယ်ခေါင်စပ် ဟု ဆိုအပ်သော ဝိဝတ္တကစပ်၊ ထိုခေါင်စပ်၏ ဝဲ-ယာဟု ဆိုအပ်သော အနုဝိဝတ္တခေါင်ရံစပ် ၏ ပြင်ဘက်၌ လက်နာစပ် တစပ်စီဟု ဆိုအပ်သော ဗာဟန္တ နှစ်စပ်အားဖြင့် ငါးစပ်- ငါး ခန်းရှိသော သင်္ကန်းတည်း။ ထိုကြောင့် ယင်းအဋ္ဌကထာ၌ (ဤတိ ပဉ္စဆဏ္ဍိကစီဝရေနေစာံ ဝိစာရိတံ) ဟု မိန့်တော်မူ၏။ (၃၄၃)

ဤဘိ၊ ဤသို့။ ပဉ္စဆဏ္ဍိကစီဝရေန၊ ငါးစပ်-ငါးခန်းရှိသော သင်္ကန်းဖြင့်။ ဧတံ၊ ထိုသင်္ကန်း အစီအရင်ကို။ ဝိစာရိတံ၊ စီရင်အပ်၏။ ဤကား အဋ္ဌကထာအနက်။

ထိုတွင် (ဝိသုံ ဝတ္ထုတီဘိ ဝိဝတ္တံ) ဟူသော ဝစနတ္ထနှင့်အညီ ခေါင်ရံစပ်၊ လက်နားစပ်တို့ကဲ့သို့ အစုံအစုံ မရှိ။ ခေါင်ငံစပ်တို့၏ အကြား၌ အသီးအခြားဖြစ်သော အလယ်ခေါင်စပ်သည် ဝိဝတ္တ မည်၏။ ထို့ကြောင့် မဟာဝါစီဝရက္ခန္ဓ အဋ္ဌကထာ ၃၄၃ ၌ (ဝိဝတ္တန္တိ မဇ္ဈလဉ္စ အဓု မဇ္ဈလဉ္စ ကေတော ဝဒတ္ဝာသိဗ္ဗိတံ မဇ္ဈိမ ခဏ္ဍံ) ဟု မိန့်တော်မူအပ်၏။

ဝိဝတ္တန္တိ၊ ဝိဝတ္တံ ဟူသည်ကား။ မဇ္ဈလဉ္စ၊ အိမ်ဝန်းကြီးကိုလည်းကောင်း။ အဓုမဇ္ဈလဉ္စ၊ အိမ်ဝန်းငယ်ကို လည်းကောင်း။ ဝါ၊ ကဲ့အိမ်ကိုလည်းကောင်း။ ကေတောကတ္ဝာ၊တပေါင်းတည်း ပြု၍၊ သိဗ္ဗိတံ၊ ချုပ်အပ်သော။မဇ္ဈိမခဏ္ဍံ၊ အလယ်ခန်းကို။ ဤကား အနက်။

(ဒဲဝတ္တာဃ အနုဂတံ အနုဝ ဝတ္တံ) ဟူသော ဝစနတ္ထနှင့်အညီ အလယ်ခေါင်စပ်နှင့် ကပ်လျက် ဝဲ ယာ နှစ်ဘက် အစပ်နှစ်ချပ်သည် အလယ်ခေါင်စပ် အလယ်ခန်းသို့ အစဉ်လိုက် သောကြောင့် အနုဝိဝတ္တာမည်၏။ ထိုကြောင့် (အနုဝိဝတ္တန္တိ တဿ ဥဘောသုပ ဃေသု ဒ္ဒေခဏ္ဍာနိ) ဟု ယင်းအဋ္ဌကထာ (၃၄၃) ၌ပင် မိန့်ဆိုဘော်မူ၏။

အနုဝိဝတ္တန္တိ၊ အနုဝိဝတ္တံ ဟူသည်ကား၊ တဿ၊ ထိုခေါင်စပ်၏။ ဥဘောသုပဃေသု ဝဲ-ယာ နံပါးနှစ်ဘက်ဘို့၌။ ဒ္ဒေခဏ္ဍာနိ၊ အာခန်းနှစ်ခုဘို့ကို၊ ဣကာား အနက်။

(ဗါဟာယ ဥပရိ ဌပိတာအန္တာဗါဟန္တာ) ဟူသော ဝစနတ္ထနှင့်အညီ သင်္ကန်းကိုလိပ်၍မောင်း တက်သို့ တင်အပ်ကုန်သော လက်လိပ်စပ် လက်နားစပ်တို့သည် ဗါဟန္တ မည်ကုန်၏။ ထိုကြောင့် (ဗါဟန္တန္တိ အနုဝိဝဏ္ဏာနံ ဗဟိ ဧကေကံ ခဏ္ဍံ) ဟူ၍လည်းကောင်း။ (ဗါဟန္တန္တိ သုပ္ပမာဏံ စီဝရာနံ ပါရုပေန္တေန သံဟရိတ္ဝာ ဗါဟာယဥပရိ ဌပိတာ ဥဘောအန္တာ ဗဟိမုခါ တိဋ္ဌန္တိ ဧတသံ နာမံ) ဟူ၍လည်းကောင်း။ ယင် အဋ္ဌကထာ (၃၄၃) ၌ မိန့်ဆိုတော်မူ၏။

ဗါဟာယ၊ မောင်း၏။ ဥပရိ၊ အထက်၌။ ဌပိတာ၊ ထားအပ်သော။ အန္တာ၊ အစွန်းတို့ တည်း။ ဝါ၊ အခန်းတို့ဘည်း။ ဗါဟန္တာ၊ မောင်း၏ အထက်၌ထားအပ်ကုန်သော အစွန်းတို့။ ဝါ၊ အခန်းတို့။ ဣကာား ဝစနတ် အနက်။

ဗါဟန္တန္တိ၊ ဗါဟန္တံ ဟူသည်ကား။ အနုဝိဝတ္တာနံ၊ ခေါင်ရံစပ်တို့၏။ ဗဟိ၊ အပြင်၊ ဧကေကံ ခဏ္ဍံ၊ တခု တခုဒသော အခန်းကို။ ဣကာား အဋ္ဌကထာ အနက်။

ဣကာား ပါဠိဘော်လာ အရှင်အာနန္ဒာ စီရင်အပ်သော သင်္ကန်းသည်၊ ၅-ခန်းသာ ဖြစ်သည်ကို အဋ္ဌကထာပြဆိုရာစကားရပ်တည်း။


ထိုသို့ ပါဠိတော်လာ အရှင်အာနန္ဒာ 'စီရင်အပ်သောသင်္ကန်းကို စိစစ်ပြီး၍ မဟာအဋ္ဌ-ကထာဆိုလာသော သင်္ကန်းစီရင်ပုံကို ပြဆိုလိုသောကြောင့်--

အထဝါ အနုဝိဝတ္တန္တိ စိဝတ္တာယ ကေပသေတော ဥဒ္ဓံနီကပသာဒတော ဥဒ္ဓံနီဒ္ဓံ
စတုန္နဒ္ဓိ မဏ္ဍာနမေတံ နာမံ၊ ပဂုဏ်ဘိဒ္ဓိ သုပ္ပမာဏံ စီဝရံ ပါရုပေန္တေန သံဟရိတ္ဝာ
ဗဟိမုခါ ဥပရိ ဌပိတာ ဥဘောအန္တာ ဗဟိမုခါ တိဋ္ဌန္တိ ဧတသ်ံ နာမံ၊ အထဝါ
နုဒေါ မဟောသဓတရာဒယော ဝုဒ္ဓါ

ဟု စီဝရကွန်ဟ အဋ္ဌကထာ(၃၄၃)၌ မိန့်တော်မူအပ်၏။

အထဝါ၊ တနည်းသော်ကား။ အနုဝိဝတ္တန္တိ၊ အနုဝိဝတ္တံဟူသည်ကား။ ဝိဝတ္တာယ၊ အလယ်ခေါင်စပ်၏။ ကေပသေတော၊ လက်ျာနံပါးတဘက်မှ၊ ဒ္ဒိနီနှစ်စပ်တို့၏သည်းကောင်း။ ကေပသေတော၊ လဖျံဝဲနံပါးတဘက်မှ။ ဒ္ဒိနီ၊ နှစ်စပ်တို့၏သည်းကောင်း။ ဣတိ၊ ဤသို့။ ကံ၊ ဤအနုဝိဝတ္တာ ခေါင်ရံစပ်မည်သည်။ စတုန္နမ်ိဳဝဏ္ဏာနံ၊ ငါးစပ်အဘို့၏ကည်း။ နာမံ၊ အမည် ဧတသ်ံကာဝိ-ဝဒ (ဒုဒ္ဒါန)

သင်္ကန်းချုပ်ရန်ပုံစံ



တည်း။ ဗာဟန္တန်တိ၊ ဗာဟန်တံ ဟူသည်ကား။ သုပ္ပမာဏံ၊ ကောင်းသော ပမာဏရှိသော။ စီဝရံ၊ သင်္ကန်းကို။ ပါရုပေန္တန၊ ရုံသောရဟန်းသည်။ သံဟရိတ္ဝာ၊ လိပ်၍။ ဗာဟာယ၊ မောင်း၏။ ဥပရိ၊ အထက်၌၊ ဌပ်တာ၊ ထားအပ်ကုန်သော။ ဥဘောအန္တာ၊ အစွန်းနှစ်ခုတို့သည်။ ဗဟိမုခါ၊ အပသို့ရှေးရှု။ တိဋ္ဌန္တိ၊ တည်ကုန်၏။ တေံ၊ ထိုဗာဟန္တဟူသောအမည်သည်။ အယ မေဝ နယေး၊ ဤနည်းကိုသာလျှင်။ မဟာအဋ္ဌကထာယံ၊ မဟာအဋ္ဌကထာ၌။ ဝုတ္တော၊ မိန့်အပ်၏။ ဧကံ၊ ဤကဲ့၊ ဤသို့။ မဝဒိတဗ္ဗော၊ သိအပ်၏။ ဤကား အနက်။

မဟာအဋ္ဌကထာပြစကားဌ္ဌ ဝိဝတ္တ-အလယ်ခေါင်စပ်ကို တစပ်တည်းသာဖြစ်၍ လျှဉ်းပါးရောယှက်ဖွယ်မရှိသောကြောင့် ပြဆိုတော်မမူ။ ငါးခန်းထက်ပိုလွန်သောသင်္ကန်းဌ္ဌ လက်နားစပ်မည်မျှ၊ ခေါင်ရုံစပ်မည်မျှနည်းဟု ဒီဟမကင်း လျှဉ်းပါးဖွယ်ရှိခြင်းကြောင့် လက်နားစပ်၊ ခေါင်ရုံစပ်တို့ကိုသာ ဖွင့်ပြခဲတော်မူသည်။

ဤနည်းဖြင့် စီရင်အပ်သောသင်္ကန်းသည် အလယ်ခေါင်တစပ်၊ ထိုခေါင်စပ်၏လက်ျာနှစ်စပ်၊ လက်ဝဲနှစ်စပ်ဟု ဆိုအပ်သော အနုဝိဝတ္တာခေါင်ရုံလေးစပ်၊ ခေါင်ရုံစပ်၏ပြင်ဘက်တစပ်စီဟု ဆိုအပ်သော ဗာဟန္တလက်နားနှစ်စပ်အားဖြင့် ဓုနှစ်ခန်းသင်္ကန်းဖြစ်၏။

ခုနစ်ခန်းသင်္ကန်းဌ္ဌ ဗာဟန္တမှာ ငါးခန်းသင်္ကန်းကဲ့သို့ အစွန်းနှစ်ခန်းကိုသာယူတော်မူခြင်းသည် (ဥဘောအန္တာ ဗဟိမုခါ တိဋ္ဌန္တိ) ဟူသည်နှင့်အညီ လက်နားတဘက် တဘက်ဌ္ဌ တခန်းစီအားဖြင့် နှစ်ခန်းတို့အားသာ သင်္ကန်းကိုလိပ်၍ မောင်းထက်သို့တင်သောအခါ အပသို့ရှေးရှုသော အစွန်းရှိသောကြောင့်တည်း။

ဤသို့လျှင် ခုနစ်ခန်းဌ္ဌ ခေါင်စပ် လက်နားစပ်တို့မှာ မထူးမခြား၊ ခေါင်ရုံစပ်သည်သာ ထူးခြားသည်၏အဖြစ်ကို မိန့်ဆိုတော်မူအပ်သဖြင့် ၉-ခန်း၊ ၁၁-ခန်း၊ ၁၃-ခန်း၊ ၁၅-ခန်း၊ စသောသင်္ကန်းတို့ဌ္ဌလည်း ဤနည်းအတူ၊ ခေါင်ရုံစပ်သာ တိုးပွားး၍ ခေါင်စပ် လက်နားစပ်တို့ မတိုးပွားသည်ကို မှတ်သားနည်းယူစေရန်သာ ခုနစ်ခန်းသင်္ကန်းကို မဟာအဋ္ဌကထာဆရာနည်းပြတော်မူသည်ဟု သိအပ်၏။ ထိုသို့ မဟာအဋ္ဌကထာစကားသည် နည်းပြဖြစ်သောကြောင့် ဝိစာရဏ မတွေနာတိ ပဉ္စကံဝါ သတ္တကံဝါ နဝကံဝါ ဧကဒသကံဝါ ဟောတုတိ ဧဝံ ဝိစာရဏာ မတွေနဟု မဟာပဒုမသောသဆရာသည် မဟာအဋ္ဌကထာ (၃၁၈)ကိုယူ၍၊ ဝိစာရဏာအာဒဋ္ဌ ၉-ခန်းဖြစ်လျှင် ဧခေါင်တခန်း၊ လက်နား ၂-ခန်း၊ ဤ ၃-ခန်းမှ ကြွင်းကုန်သော ခေါင်မှ တဘက် သုံးခန်းစီ ဝေးဖြင့် ၆-ခန်းတို့သည် ခေါင်ရုံစပ်မည်ကုန်၏။ ၁၁-ခန်းဖြစ်လျှင် ခေါင်ရုံ ၈-ခန်း။ ဤသို့အားဖြင့် အခန်းမျှးလေ ခေါင်ရုံပွားလေဟု မှတ်ယူအပ်၏။

ဝိစာရဏာမတွေနာတိ၊ ဝိစာရဏာမတွေန ဟူသည်ကား။ ပဉ္စကံဝါ၊ ၅-ခန်းရှိသောသင်္ကန်းသည်လည်းကောင်း။ (ပဉ္စကန္တိ ပဉ္စခဏ္ဍံ) တေရသကဏ်(၄၂၃)။ ဝိမတိ (၄၀၅)၊ ဝါ၊ ၅စပ်၊ ၅-လွှာအတိုင်းအရှည်ရှိသော သင်္ကန်းသည်လည်းကောင်း။ (ပဉ္စခဏ္ဍာန ပဒ္ဓာနိ ပမာဏံ အဿ တိပဉ္စကံ) ဝဇီရဗုဒ္ဓိ-(၁၆၀)၊ နောက်နောက်သောပုဒ်တို့ဌ္ဌလည်း ထိုနည်းအတူပင်တည်း။ သတ္တကံဝါ၊ ၇-ခန်းရှိသော သင်္ကန်းသည်လည်းကောင်း။ နဝကံဝါ၊ ၉-ခန်းရှိသောသင်္ကန်း သည်လည်းကောင်း။ ဧကဒသကံဝါ၊ ၁၁-ခန်းရှိသော သင်္ကန်းသည်လည်းကောင်း။ ဟောတု၊ ဖြစ်စေ၊ ဣတိဧဝံ၊ ဤသို့။ ဝိစာရဏာမတွေန၊ စီရင်ကာမျှဖြင့်။ ဤကား အနက်။

ဤသင်္ကန်းစီရင်သောအခါဌ္ဌ ပါဠိတော်ဝယ် ၅-ခန်းကိုသာ အမှတ်အသားနှုန်းစီရင်အပ်ပါလျက် အဋ္ဌကထာဆရာတို့သည် ၇-ခန်း၊ ၉-ခန်း၊ ၁၁ ခန်းတို့ကို အသန်းဘကြယ် အဘယ့်ကြောင့်ခြယ်သနည်း စီရင်တော်မူအပ်ပါသနည်းဟူမူ ဗိပရဏ္ဍနက ပါဠိတော်ဌ္ဌ ၅-ခန်းသာလာသော်လည်း ကထိနက္ခန္ဓကပါဠိတော်ဌ္ဌ (ပဉ္စတေနပါ အတိရေကပဉ္စတေနဝါ တဒဂဟေနေဝ သဉ္ဇိန္နေန သမဏ္ဍလိကဟေန အဋ္ဌတ် ဟောတိကဆိန်(၂၅၉)ဟူ၍၊ ကထိနခင်းခြင်းဌ္ဌာနမြောက်

သော သင်္ကန်းတို့ကို ခွင့်ပြုတော်မူအပ်သော မဟာဝါဝါဋ်တော်၌ ၅-ခန်းထက်လွန်သော ၂-ခန်း၊ ၃-ခန်း၊ ၁၁-ခန်း၊ ၁၃-ခန်းစသော အနေ့ရှိသော သင်္ကန်းကိုဟော်သော (အတိရေကပဉ္စကေန) ဟူသောပါဌ်ကို မြင်ဘော်မူကြကုန်သောကြောင့် အာတိရေက ပဉ္စကဲသင်္ကန်း၏ အစိတ်ဖြစ်၍ အတိရေကပဉ္စကသင်္ကန်းအတွင်းသို့ ဝင်သော၊ သတ္တခန်း၊ နဝခန်း၊ ကောဒသခန်းတို့ကို အဋ္ဌကထာ ဆရာမြတ်တို့သည် နည်းပြအားဖြင့် ဝိစာရဈာပြုတော်မူကြသည်ဟု မှတ်အပ်၏။

သမဏ္ဍလိကတေန၊ အိမ်ဓာန်းကြီး-အိမ်ဝန်းငယ်နှင့်တကွဖြစ်သော။ တဒဟော၀၊ ထို သင်္ကန်းရသောနေ့၌ပင်လျှင်။ သစ္ဆိန္နေန၊ ကောင်းစွာဖြတ်အပ်သော။ ပဉ္စကေနဝါ၊ ၅-ခန်းရှိသော သင်္ကန်းဖြင့်လည်းကောင်း၊ အတိရေက ပဉ္စကေနဝါ၊ ၅-ခန်းထက်လွန်သော၊ အခန်းရှိသောသင်္ကန်းဖြင့်လည်းကောင်း။ ကထိန်၊ ကထိန်သည်။ အတ္ထတံ၊ အခင်းမည်သည်။ ဟောတိ၊ ဖြစ်၏။ ဤကား အနက်။

ဤပါဌိဘော်၌ (ပဉ္စကေနဝါ အာတိရေက ပဉ္စကေနဝါ) ဟူသောပုဒ်တို့ဖြင့် ၅-ခန်း အဆက်ဖြစ်ကုန်သော သင်္ကန်းတို့သည် ကထိန်ခင်းခြင်း၊ ဝတ်ရုံသုံးဆောင်ခြင်းငှာ အပ်သည်။ ၅-ခန်း အောက်ယုတ်သောသင်္ကန်းတို့သည် မအပ်ကုန်သည်သာဟု မြစ်တော်မူအပ်၏။ ထို့ကြောင့် (တံဋဥပတ္ထာ အညေန အစ္ဆိန္နကေနဝါ ဒွိတ္တိစတု ခဏ္ဍေနဝါ နဝင်္ဂုတိ ဟု ကထိနက္ခန္ဓကအဋ္ဌကထာ (၃၂၉)၌ မိန့်တော်မူအပ်၏။ ဤအဋ္ဌကထာဖြင့် ၅-ခန်းအောက် ယုတ်ကုန်သော ၂-၃-၄ ခန်းရှိကုန်သော သင်္ကန်းတို့သည် သမဏသာရုပ္ပ မဖြစ်၍ စင်စစ်မအပ်ကုန်။ ၅-၇-၉-၁၁ ၁၃-ခန်းစသော များစွာကုန်သော အာန်းရှိကုန်သောသင်္ကန်းတို့သည် သမဏသာရုပ္ပဖြစ်၍ စင်စစ်အပ်ကုန်၏ဟု မှတ်အပ်၏။

တံ၊ ထိုအိမ်ဝန်းကြီး အိမ်ဝန်းငယ်နှင့်တကွ ထိုနေ့ဖြတ်အပ်သော ၅-ခန်း၊ ၅-ခန်းထက်လွန်သော အခန်းရှိသောသင်္ကန်းကို။ ဋ္ဌပေတ္ဝာ၊ ထား၍၊ အစ္ဆိန္နကေနဝါ၊ မဖြတ်အပ်သည်လည်းဖြစ်သော။ ဒွိတ္တိစတုခဏ္ဍေန ဝါ၊ ၂-၃-၄-ခန်းရှိသည်လည်းဖြစ်သော။ အညေနဝါ၊ တပါးသော သင်္ကန်းဖြင့်။ နဝင်္ဂုတိ၊ ကထိနခင်းခြင်းငှာ မအပ်၊ ဤကား အနက်။

ဤသို့ အဋ္ဌကထာဆရာသည် ပဉ္စကေနဝါ အာတိရေက ပဉ္စကေန ဝါ ပုဒ်တို့၌ မရစကောင်းသော ၅-ခန်းအောက်ယုတ်သော ၂-၃-၄-ခန်းရှိကုန်သော သင်္ကန်းတို့ကိုသာ မအပ်ဟု ပယ်တော်မူ၍ ၅-ခန်းထက်လွန်သော အခန်းရှိကုန်သော သင်္ကန်းတို့ကို ပယ်တော်မူအပ်သောကြောင့် ၁၃-ခန်းစသော များသောအခန်းရှိကုန်သော သင်္ကန်းတို့ကို မြတ်စွာဘုရား ခွင့်ပြုတော်မူအပ်သော အာတိရေကပဉ္စကသင်္ကန်း၌ ရအပ်သောသင်္ကန်းတို့ဖြစ်ကုန်၍ သဒ္ဓါပဗ္ဗဇိတ ကုလပုတ္တ ဘုရားသာဝကစစ် သိလချစ်သော ရဟန်းတို့သည် သံသယရှင်း ယုံမှားကင်း၍ ဝတ်ရုံသုံးဆောင်အပ်ကုန်၏ဟူ၍သာ မှတ်ယူအပ်၏။

ထိုသို့ ပါဌိဘော် အဋ္ဌကထာတို့၌ ရအပ်သော အခိပ္ပါယ်ကို သိမြင်တော်မူသော ငဇီရဗုဒ္ဓိဋီကာဆရာသည် (ဟေဋ္ဌိမကောဋိယာ ပဉ္စကာသ ဣစ္ဆိတဗ္ဗတ္တာ ကထိန ဒုဿံ ခဏ္ဍာခဏ္ဍံ ဗဟုဓာ ဆိန္ဒိတ္ဝာ သိဝ္ဝဲဘုကာမော ကထိနစီဝရတော ပဋ္ဌံ ဂဟေတ္ဝာ အညသ္မိံ ကထိနစီဝရေ ပဋ္ဌမာရောပေတီတိ လိခိတံ) (၁၆၀) ဟူ၍လည်းကောင်း၊ ယောဇနာဆရာမြတ်သည်လည်း (ဝါသဒ္ဒေန အညာနိပိ ဘေရသကာဒီနိ သင်္ဂဏှာတိ) ဟူ၍လည်းကောင်း မိန့်ဆိုတော်မူအပ်၏။

ဝဇီရဗုဒ္ဓိဋီကာဌ် ဟေဋ္ဌိမကောဋ္ဌိယာ၊ လ၊ ခဏ္ဍခဏ္ဍံ ဗဟုဓာ ဆိန္ဒိတ္ဝာ ဟူသောပါဠ်ဖြင့် ၁၁-ခန်းမက များစွာသောအခန်းရှိသော သင်္ကန်းတို့ကိုလည်း ဖြတ်၍ချုပ်အပ်ကုန်သော သင်္ကန်းတို့သည် အပ်ကုန်၏ဟု ပြတော်မူ၏။ (တေရသကာဒိနိ)ဟူသော ယောဇနာဧကာဒ်ဌ် အာဒိသဒ္ဒါဖြင့်လည်း ၁၃-ခန်းမက များစွာသော အခန်းရှိသောသင်္ကန်းတို့ကိုလည်း ယူအပ်သည်၏အဖြစ်ကို သိအပ်၏။

ဟေဋ္ဌိမတောဋ္ဌိယာ၊ အောက်အပိုင်းအခြားအာ ဖြင့်။ ပဥ္စကဿ၊ ပဥ္စခန်းသင်္ကန်းကို။ ဣစ္ဆိတဗ္ဗတ္တာ၊ အလိုရှိအပ်သည်၏အဖြစ်ကြောင့်။ ကထိနဒုဿံ၊ ကထိန်လျှာပုဆိုးကို။ ခဏ္ဍာခဏ္ဍံ၊ အပိုင်းအပိုင်း။ ဗဟုဓာ၊ များစေးအားဖြင့်။ ဆိန္ဒိတ္ဝာ၊ ဖြတ်၍။ သိဗ္ဗိတုကာမော၊ ချုပ်လိုသောသူသည်။ ကဲထိန စီဝရတေ၊ ကထိန်သင်္ကန်းမှ။ ပဋ္ဌံ၊ အလျှာကို။ ဂဟေတ္ဝာ၊ ယူ၍။ အညသ္မိံ၊ တပါးသော။ ကထိနစီဝရေ၊ ကထိန်သင်္ကန်း၌။ ပဋ္ဌံ၊ အလျှာကို။ အာရောပေတိ၊ တင်၏။ ဣဘိ၊ ဤသို့။ လီခိဘံ၊ ရေးအပ်၏။ ဤကဲ့သို့ ဝဇီရဗုဒ္ဓိဋီကာအနက်။

ဝါသဒ္ဒေန၊ ပဥ္စကံဝါ သတ္တကံဝါ နဝကံဝါ ကောဒသကံဝါဟူသောပါဠ်တို့၌ ဝါသဒ္ဒါဖြင့် အညာနိပိ ၅-၇-၉-၁၁ ခန်းရှိကုန်သော သင်္ကန်းတို့မှ တပါးလည်းဖြစ်ကုန်သော။ တေရသကာဒိနိ၊ ၁၃-ခန်းရှိကုန်သော သင်္ကန်းစသည်တို့ကို။ သင်္ကာတိ၊ အဋ္ဌကထာဆရာသိမ်းကျုံးတော်မူ၏၊ ဤကဲ့ ယောဇနာအနက်။

ဤပါဠိတော် အဋ္ဌကထာ ဋီကာ ယောဇနာတို့၌ မိန့်ဆိုအပ်သော စကားတို့သည် နှိုးနှောစေ့စပ် တထပ်တည်း အဓိပ္ပာယ်ရသောကြောင့် သာသနာထွန်းလင်းသော အရှင်တို့၌ ကျမ်းတတ် ကျမ်းမြင် အရှင်မြတ်တို့သည် ၁၃-ခန်းစသော များသောအခန်းရှိကုန်သော သင်္ကန်းတို့ကို အပ်ကုန်၏ဟု ဆုံးဖြတ်တော်မူကြကုန်၍ ဝတ်ရုံသုံးဆောင်တော်မူကြကုန်၏။

သံဃဘဏ္ဍာ ဝေဖန်သော်အခါ ဝိကလအာဒဉ်၌ ဆိုအပ်သော စကားငယ် ယုံမှားမကင်း သံသယမရှင်းကြ၍ ထည့်သွင်းထုတ်ဆိုဦးအံ့။

စီဝရဝိကလ၊ ပဂ္ဂလဝိကလနှစ်ပါးတို့တွင် စီဝရဝိကလဖြစ်၍ တထည်စီ မဝေဖန်လောက်လျှင် ဖြတ်တောက်၍ ဝေဖန်အပ်၏ဟု မိန့်ဆိုတော်မူရာ စီဝရကွန္ဓက အဋ္ဌကထာ (၃၄၁)၌ ဧကေကံ နပါပုဏာတိ ဆိန္ဒိတ္ဝာ ဒါတဗ္ဗာနိ၊ ဆိန္နန္တိဟိစ ဒုစ္စီလဿဝဒိနံဝါ ဥပါဟနတ္ထဝိကာဒိနံဝါ ပဒဟာနကာခဏ္ဍာနိ ကတ္ဝာ ဒါတဗ္ဗာနိ၊ ပေဋ္ဌမ ပရိစ္ဆေဒေန စတုရဂုံလဝိတ္ထာရမ်ိ အနုဝါတပဒဟာနကာယမံ ခဏ္ဍံ ကတ္ဝာ ဒါတုံဝဋ္ဋတိ အပရိဘောဂံ ပန နကာ-တဗ္ဗန္တိဟု လာရှိ၏။

ဧကေကံ၊ တထည်တထည်စီ။ နပါပုဏာတိ၊ မရောက်မလောက်သည်ဖြစ်အံ့။ ဆိန္ဒိတ္ဝာ၊ ဖြတ်၍။ ဒါတဗ္ဗာနိ၊ ပေးအပ်ကုန်၏။ ဆိန္နန္တိဟိစ၊ ဖြတ်ကုန်သောရဟန်းတို့သည်လည်း။ အဗု-မဏ္ဍလာဒိနံဝါ၊ အိပ်ဝန်းငယ်စသည်တို့၏လည်းကောင်း။ ဥပါဟနတ္ထဝိတာဒိနံဝါ၊ ဖိနပ်အိတ်စသည်တို့၏လည်းကောင်း။ ပဒဟာနက ခဏ္ဍာနိ၊ လောက်သောအပိုင်းတို့ကို။ ကတ္ဝာ၊ ပြု၍။ ဒါတဗ္ဗာနိ၊ ပေးအပ်ကုန်၏။ ဟေဋ္ဌိမပရိစ္ဆေဒေန၊ အောက်အပိုင်းအခြားအားဖြင့်။ စတုရဂုံလ-ဝိတ္ထာရမ်ိ၊ အနုလက်ဝလေးမျှစ်ရှိသည်လည်းဖြစ်သော။ အနုဝါတ ပဒဟာနကာယမံ၊ အနား

ပတ်လောက်သော အလျားရှိသော။ ခဏ္ဍံ၊ အပိုင်းကို။ ကတ္ဝာ၊ ပြု၍။ ဒါတုံ၊ ပေးခြင်းငှာ။ ဝန္ဒတိ၊ အပ်၏။ ပန၊ စင်စစ်သော်ကား။ အပရိဘောဂံ၊ မသုံးဆောင်ကောင်းသည်ကို။ နကာတဗ္ဗံ၊ မပြုလုပ်အပ်။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ဤကား အနက်။

ယင်းအဋ္ဌကထာ၌ ဟေဋ္ဌိမ ပရိစ္ဆေဒေန စတုရဂ်လဝိတ္ထာရမိဗွ ဟူသောစကားကိုထောက်၍ ၁၃-ခန်းစသော သင်္ခန်း၌ ကဲ့အိမ်သည် လက်လေးသစ်အောက်ငယ်မည်ဖြစ်၍ မအပ်ဟု ခုတ်ရာတခြား ရှရာတခြား မမှတ်သားအပ်။ ကဲ့အိမ်သည် လက်လေးသစ်အောက်သေးငယ်က မအပ်ဟု ဆုံးဖြတ်အပ်သော အရာမဟုတ်။ မသုံးဆောင်ကောင်းအောင်သာ ဖြတ်မပေးကောင်းသည်ဟု (အပရိဘောဂံပန ကာတုံ နဝဋ္ဌတိ)ဟူ၍သာ မိန့်တော်မူအပ်သဖြင့် သုံးဆောင်ကောင်းကငယ်သော်လည်း ဖြတ်၍ပေးသင့်သေးသည်ဟူသော ဗျတိရေကအဓိပ္ပာယ်ကို ရအပ်သောကြောင့် ယခင်ဆိုအပ်ခဲ့ပြီးသော ပါဠိတော် အဋ္ဌကထာ ဋီကာ ဃေးဇနဒီပနီအညီ ၁၃-ခန်းစသော များသောအခန်းရှိကုန်သော သင်္ခန်းတို့သည် အပ်သောသင်္ခန်းတို့တည်းဟု အတည်တ ကျမှတ်ယူအပ်ကုန်၏။ ဤကား သင်္ခန်းစီရင်ခြင်းနှင့်စပ်၍ မှတ်သားဖွယ်တည်း။

တဒတော ဆဋ္ဌေန ဟူသော အဋ္ဌကထာပါဠိ၌ ဖြတ်ခြင်းသည် ဖြတ်အပ်သည်လည်း ရှိသေး၏ဟု ဟုတ်မလျား အမှားကို မှန်လေအောင် ကြံဆောင်လှည့်စား ဘုရားသာသနာတော်ကို မစောင့်ကားမထိပါး မပုတ်ခတ်အပ်ရာ။

(သတ္ထလုခံ သမဏသာရုပ္ပံ ပစ္စတ္ထိကာနဥ္စ အနဘိစ္ဆိတံ)ဟု ဟောတော်မူအပ်သော ရွှေနှုတ်တော်ထွက် ဝိနည်းမဟာဝဂ်ပါဠိဘော် (၃၃၃)အတိုင်း ယခင်ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် စိစစ်အပ်ပြီးသော ၅-ခန်းစသည်ကို အခန်းတိုင်း အခန်းတိုင်း ဓားငယ် ကတ်ကြေးစသည်တို့ဖြင့် ပိုင်းပိုင်းပြတ်အောင် လှီးဖြတ်အင်၏ဟု မှတ်အင်၏။ ဤအရာ၌ ဖြတ်ရမည်ဆိုခြင်းကြောင့်၊ တခန်းတခန်း၌ အိမ်ဝန်းကြီး၊ အိမ်ဝန်းငယ်၊ တရုတ်မြောင်းတို့ကိုလည်း ဖြတ်အပ်၏ဟု မမှတ်သားအပ်။ ယင်းအိမ်ဝန်းကြီး စသည်တို့ကို မဖြတ်သော်လည်း အပ်တော့သည်သာဟု မှတ်အပ်၏။

ထိုသို့ အပ်သည်၏အဖြစ်ကို ဝိစာရဏာမတ္တောနာတိ ပဉ္စကံဝါ သတ္တကံဝါ နဝကံဝါ ဧကဒသကံဝါ ဟောတူတိ ဧဝံ ဝိစာရဏာ မတ္တောန (၃၂၈)ဟူ၍လည်းကောင်း၊ ဆေဒန မတ္တောနာတိ ယထာဝိစာရိတဿ ဝတ္ထဿ ဆေဒန မတ္တောန (၃၂၈)ဟူ၍လည်းကောင်း၊ အညတြ ပဉ္စကေနဝါ အာတိရေကပဉ္စကေနဝါတိ အာတိရေကာနိဝါ ခဏ္ဍာနိကတ္တာ မဟာမဏ္ဍလ အနုမဏ္ဍလာနိ ဒဿေတ္တာ ကတေနေဝ ဝဋ္ဋတိ။ ဧဝဉ္စိ သမဏ္ဍလိကတံဟောတိ (၃၂၉)ဟူ၍လည်းကောင်း ဖွင့်ဆိုတော်မူအပ်သော ဝိနည်းမဟာဝဂ်ကိုထောက်၍ သိအပ်၏။

ဆေဒန မတ္တောနာတိ၊ ဆေဒနမတ္တောန ဟူသည်ကား၊ ယထာဝိစာရိတဿ၊ အကြင်ဆိုအပ်ခဲ့ပြီးသော အခြင်းအရာဖြင့် စီရင်အပ်သော။ ဝတ္ထဿ၊ အဝတ်ကို။ ဆေဒနမတ္တောန၊ ဓားဖြင့်လှီးဖြတ်ခြင်းမျှဖြင့်။ အညတြ ပဉ္စကေနဝါ အာတိရေက ပဉ္စကေနဝါတိ၊ အညတြ ပဉ္စကေနဝါ အတိရေက် ပဉ္စကေနဝါ ဟူသည်ကား။ ပဉ္စဝါ-၅ခန်းလည်းဖြစ်ကုန်သော အတိရေကာနိဝါ၊ ၅ခန်းထက်ပိုလွန်သည်လည်း ဖြစ်ကုန်သော။ ခဏ္ဍာနိ၊အခန်း တို့ကို။ ကတ္ဝာ၊ဓားဖြင့် ဖြတ်ခြင်းကိုပြု၍၊ မဟာမဏ္ဍလ အနုမဏ္ဍလာနိ၊ အိမ်ဝန်းကြီး-အိမ်ဝန်းငယ်တို့ကို။ ဒဿေတ္တာ၊

ပြ၍။ကတေနေဝ၊ ချုပ်ခြင်း စသည်ပြုအပ်သော သင်္ကန်းဖြင့်သာလျှင်။ ဝဋ္ဋကိုအပ်၏။ဟိ၊အကျိုး ကား။ ဧဝံ၊ဤသို့ ဆိုအပ်ခဲ့ပြီးသည့်အတိုင်း ပြုအပ်သည်ရှိသော်။ သမဏ္ဍလိကဝါး အိမ်ဝန်း ကြီး-အိမ်ဝန်းငယ်နှင့်တကွ ပြုအပ်သည်မည်သည်။ ဟောတိ၊ဖြစ်၏။ ဤကားအဋ္ဌကထာအနက်။

ထိုအဋ္ဌကထာ ပါဠိတို့၌ ပဉ္စကံဝါ အစရှိသောပါဠိဖြင့်၊ (ပဉ္စကန္တိပဉ္စခဏ္ဍံ)ဟူသော တေရသကဏ်-ဝိမတိဋီကာတို့နှင့်အညီ ၅-ခန်းအနေ၊၇-ခန်းအနေ၊၉-ခန်းအနေ စသည်ဖြင့် စီရင်း အပ်သော အခန်းကိုသာရအပ်သဖြင့်၊ (ယထာ ဝိစာရိတဆေဒန)ပုဒ်၌ ရအပ်သောဖြတ်ခြင်း ကြိယာသည် ပထမစီရင်အပ်ပြီးကုန်သော အခန်းတို့၌သာ ရောက်အပ်သောကြောင့် လည်း ကောင်း၊ အခန်းကိုဟောသော ခဏ္ဍာနိသဒ္ဒါကိုသာ ဖြတ်ခြင်းကြိယာကိုဟောသော ကတ္တာ ဟူသောကြိယာပုဒ်နှင့်စပ်၍အိမ်ဝန်းကြီ-အိမ်ဝန်းငယ်ကိုဟောသော မဏ္ဍလာနိသဒ္ဒါကို ထင်ခြင်း ကြိယာ၊ ပြခြင်းကြိယာကိုဟောသော ဒဿေတာဟူသောပုဒ်နှင့်သာ စပ်အပ်လေသောကြောင့် လည်းကောင်း၊ ဖြတ်ခြင်းကြိယာ မရောက်အပ်သော အိမ်ဝန်းကြီး အိမ်ဝန်းငယ်တို့ကို ထင်အောင် ပြုပြင် စီရင်ချုပ်လုပ်က အပ်တော့သည်သာဟု မှတ်ယူအပ်၏။

သို့သော်လည်း တေန အပုမတ္တက ဝိသဇ္ဇကေန ဘိက္ခုနာ ဧကာသုစိဒါတဗ္ဗာ၊ လ။ ကုသီဒါတဗ္ဗာ၊ အဓုကုသိဒါတဗ္ဗာ၊ မဏ္ဍလံ ဒါတဗ္ဗံ၊ အဓုမဏ္ဍလံ ဒါတဗ္ဗံ၊ အနုဝါတော ဒါ-တဗ္ဗော၊ ပရိဘဏ္ဍံ ဒါတဗ္ဗံ- ဟူသော စုဋ္ဌဝါပါဠိတော် (၂၇၁)။ (သမ္မတေန အပုမတ္တက ဝိသဇ္ဇကေန ဘိက္ခုနာ စီဝရတပ်ံ ကရောန္တဿ ။လ။ အာဂန္တုကပဒ္ဓ အာရောပေဿာ မိတိ ယာစန္တဿ ကုသိယာစ အဓုကုသိယာစ ပဟောနကံ ဒါတဗ္ဗံ မဏ္ဍလံ နပဟောတိ်တိ် အာဂတဿ မဏ္ဍလံ ကေံ ဒါတဗ္ဗံ အဓုမဏ္ဍာလာနိ ဒ္ဒေဒါတဗ္ဗာနိ)-ဟူသောစုဋ္ဌဝါ အဋ္ဌကထာ (၄၆၃)ကိုထောက်၍ အလ္ပာဆေးမြည့်၍ အဂန္တုကအလ္ပာ၊ ဒဋ္ဌကမ္မအလ္ပာ တင်ရာဋ္ဌကဲ့သို့ လည်းကောင်း၊ သပိတ်အိတ်လွှာမျှားစွာကို စပ်၍စပ်၍ သင်္ကန်းချုပ်ရာဋ္ဌကဲ့သို့ လည်းကောင်း။ မဏ္ဍလစသည်တို့ကို ဖြတ်၍ချုပ်ခြင်းဋ္ဌလည်း အပြစ်လွတ်ကင်း သန့်ရှင်းသည်၏ အဖြစ်ကို မှတ်အပ်၏။

အပုမတ္တက ဝိသဇ္ဇကေန၊ အပုမတ္တက ဝိသဇ္ဇကာသမ္မုတိရသော။ တေနဘိက္ခုနာ၊ ထိုရဟန်းသည်။ ကော၊ တခြောင်းသော။သူစိ၊အပ်ကို။ ဒါတဗ္ဗော၊ပေးအပ်၏။လ။ ကုသိ၊ တရုတ်မြောင်းရှည်ကို။ ဒါတဗ္ဗော၊ပေးအပ်၏။ အဓုကုသိ၊တရုတ်မြောင်းတိုကို။ ဒါတဗ္ဗော၊ပေးအပ်၏။ မဏ္ဍလံ၊ အိမ်ဝန်းကြီးကို။ ဒါတဗ္ဗံ၊ပေးအပ်၏။ အဓုမဏ္ဍိလံ၊ အိမ်ဝန်းငယ်ကို။ ဒါတဗ္ဗံ၊ ပေးအပ်၏။ အနုဝါတော၊ အလျားအနားပတ်ကို။ ဒါတဗ္ဗော၊ ပေးအပ်၏။ ပရိဘဏ္ဍံ၊ အနံအနားပတ်ကို။ ဒါတဗ္ဗံ၊ ပေးအပ်၏။ ဤကား စုဋ္ဌဝါပါဠိတော် အနက်။

သမ္မတေန အပုမတ္တက ဝိသဇ္ဇကေန၊ အပုမတ္တက် ဝိသဇ္ဇကသမ္မုတိရသော။ ဘိက္ခုနာ၊ ရဟန်းသည်။ စီဝရကမ်မံ၊ သင်္ကန်းချုပ်ခြင်းအမှုကို။ ကရောန္တဿ၊ ပြုသေးရဟန်းအား။လ။ အာဂန္တုက ပဒ္ဓံ၊အာဂန္တုအလ္ပာကို။ အာရောပေဿာမိ၊တင်အံ့။ ဣတိ၊ ဤသို့။ယာစန္တဿ၊ တောင်းသောရဟန်းအား။ ကုသိယာစ၊တရုတ်မြောင်းရှည်အားလည်းကောင်း။ အဓုကုသိယာစ၊ တရုတ်မြောင်းတိုအားလည်းကောင်း။ ပဓေဘာနကံ၊ လောက်သည်ကို။ ဒါတဗ္ဗံ၊ ပေးအပ်၏။ မဏ္ဍလံ၊ အိမ်ဝန်းကြီးသည်။နပဟောတိ၊ မလောက်။ ဣတိ၊ဤသို့။ အာဂတဿ၊ လာသော

ရဟန်းအား။ ကော်၊တခုသော။ မဏ္ဍလံ၊ အိမ်ဝန်းကြီးကို။ ဒါတဗ္ဗံ၊ ပေးအပ်၏။ ဒဒ္ဒု၊ နှစ်ခုကုန်သော။ အစုမဏ္ဍလာနိ၊ အိမ်ဝန်းငယ်တို့ကို။ ဒါတဗ္ဗာနိ၊ ပေးအပ်ကုန်၏၊ ဤကား အဋ္ဌကထာအနက်။ ဤကားဆေဒနှင့်စပ်၍ မှတ်သားဖွယ်တည်း။

သင်္ကန်းချုပ်ရာ၌ကား။ စီဝရမဏ္ဍနတ္ထာယ နာနာသုတ္တကေဟိ သတပဒီ သဒိသံ သိဗ္ဗန္တာ အာဝန္တိကာ ပဋ္ဌံ ဌပေန္တိ၊ အညမ်ိယံ ကိဉ္စိ သုစိကမ္မ ပိကာရံ ကရောန္တိ၊ ပဋ္ဌမုခေဝါ ပရိယန္တေဝါ ဝေဏိဝါ သခ်လိကံဝါ ဧဝမာဒိသမ်ဳ နဝဋ္ဋတိ။ ပကတိ သုစိကမ္မ မေဝဝဋ္ဋတိ) ဟူသော ပါရာဇိကဏ်အဋ္ဌကထာ၊ ဝိနယ သင်္ဂဟအဋ္ဌကထာတို့ကိုလည်းကောင်း၊ (ဝေဏိန္တိ ဝရ-က သိသာကာရေနသိဗ္ဗနံ။ သခ်လိကန္တိ ဗိလာလဗန္ဓနာ ကာရေန သိဗ္ဗနံ။ ဝေဏိ သခ်လိကန္တိ စေတ္ထ ဥပယောဂဝစနံ၊ ကရောန္တိတိ ကရဏကြိယာပက္ခံ) ဟူသော သာရတ္ထဒီပနီဋီကာ(၁၁၄) ကိုလည်းကောင်း ထောက်၍ သင်္ကန်းကို တန်ဆာဆင်ခြင်း အလို့ငှာ ယခုကာလ အင်္ဂါရင်ဖုံး၊ လက်ဆက်၊ အိတ်စသည်တို့၌ ချုပ်ကြသကဲ့သို့ အထူထူးအဆင်းရှိသောချည်ဖြင့် ကင်းခြေများ သဏ္ဌာန်ထင်အောင်ချုပ်၍ အာဝန္တိကအလ္လာတင်ခြင်းသည် လည်းကောင်း၊ အလျားအနုံအနားပတ်-နှစ်ရပ်တို့၏ အစပ် အဝဋ္ဋလည်းကောင်း၊ သင်္ကန်းအနားပတ်စွန်းဋ္ဌလည်းကောင်း ပြောင်းနှံ့ သဏ္ဌာန်-၂ထပ်၊ ကြောင်နှောင် သံကွင်းဆက် သဏ္ဌာန်ပေါ်အောင် ချုပ်ခြင်း စသော ဆန်းကြယ်သောအမှုတို့သည် မအပ်ကုန်။ ရိုးရိုးအပ်အမှု သာလျှင် အပ်၏ဟု မှတ်အပ်၏။

စီဝရံ၊ သင်္ကန်းကို။ မဏ္ဍနတ္ထာယ၊ တန်ဆာဆင်ခြင်း အကျိုးငှာ။ နာနာသုတ္တကေဟိ၊ အထူးထူးအဆင် ရှိသော ချည်တို့ဖြင့်။ သတပဒီသဒိသံ၊ ကင်းခြေများ သဏ္ဌာန်နှင့် တူစွာ။ သိဗ္ဗန္တာ၊ ချုပ်ကုန်လျက်၊ အာဝန္တိကပဋ္ဌံ၊ အာဝန္တိက အလ္လာကို။ ဌပေန္တိ၊ ထားကုန်၏။ အညမ်ိ၊ တပါးလည်း ဖြစ်သော။ ယံကိဉ္စိ၊ အမှတ်မရှိ တခုခုသော။ သုစိကမ္မပိကာရံ၊ ဖောက်ပြန်သော အပ်အမှုကို။ ကရောန္တိ၊ ပြုကုန်၏။ ပဋ္ဌမုဝေါ၊ အလျား အနုံ အနားပတ် နှစ်ရပ်တို့၏ အစပ်အဝဋ္ဋလည်းကောင်း။ပရိယန္တေဝါ၊ သင်္ကန်းအနားပတ် အဏ္ဍုဋ္ဌလည်းကောင်း၊ ဝေဏ်ဝါ၊ ပြောင်းနှံသဏ္ဌာန်ကိုလည်းကောင်း။ သခ်လိကံဝါ၊ ကြောင်နှောင် သံကွင်းဆက် သဏ္ဌာန်ကိုလည်းကောင်း။ ကရောန္တိ၊ ပြုကုန်၏။ ဧဝမာဒိသမ်ဳ၊ ဤသို့ အစရှိသော အလုံးစုံသည်။ နဝဋ္ဋတိ၊ မအပ်။ ပကတိသုစိကမ္မမေဝ၊ ပကတိသော အပ်အမှုသည်သာလျှင်။ ဝဋ္ဋတိ၊ အပ်၏။ ဤကား အဋ္ဌကထာအနက်။

ဝေဏိန္တိ၊ ဝေဏိ ဟူသည်ကား- ဝရကသိသာကာရေန။ ပြောင်းနှံသဏ္ဌာန်ဖြင့်။ သိဗ္ဗနံ၊ ချုပ်ခြင်းတည်း။ သခ်လိကန္တိ၊ သခ်လိကံ ဟူသည်ကား။ ဗိလာလဗန္ဓနာကာရေန၊ ကြောင်နှောင် သံကွင်းဆက် သဏ္ဌာန်ဖြင့်။သိဗ္ဗနံ၊ ချုပ်ခြင်းဝတည်း။ ဧတ္ထစ၊ ဤဒုတိယာဝိဘတ်လည်း၊ ဝေဏိ သခ်လိကန္တိ ဧတေဏိ သခ်လိကံ ဟူသော ပုဗ္ဗသဒ္ဒံ၊ ကရောန္တိ- ကရဏကြိယာ ပဒံ၌၊ ကရောန္တိ ပဟုယော ပြုခြင်း ကြိယာကိုငဲ့၍လော။ ဥပယောဂဝစနံ၊ ဟုဗျယာဝိဘာဝတည်း။ ဤကားဋီကာအနက်။

ကမ္မတ်အိမ်၌ကား-ဂဏ္ဌိကပဋ္ဌံ ပါသကပဋ္ဌဉ္စ အဋ္ဌကောဏ်ဖဿိ ဃောဋ္ဌသကောဏ်ဖဿိ ကရောန္တိ၊ ကဿ အတ္ထိယ ဂဟဏဂဏ္ဌိကိန် ဒဿာန်၊ ကဏ္ဏဇ္ဈကိန် ဥက္ကိရန်တိ၊ သဗ္ဗံ၊ နဝဋ္ဋတိ ဟူသော ပါရာဇိကဏ်ဟအဋ္ဌကထာ (၂၃၄)။ ဝိနယသင်္ဂဟအဋ္ဌကထာတို့ကိုလည်းကောင်း။

(အင်္ဂိယ ဂယမဂ္ဂရာဒီနိဘိ ဇော်ထွ အင်္ဂိယံနာမ စေတိယ သဇ္ဈာနေန သိဗ္ဗနံ။ မူလေတနုကံ အဇ္ဈေ မဟန္တံ ဂဒါကာရေ သိဗ္ဗနံဂယာ၊ မူလေဓ အဂ္ဂေစ ကေသဒိသံ ကတ္ဝာ၊ မဂ္ဂရာကာရေန သိဗ္ဗနံ မဂ္ဂရော။ ကက္ကဋကိန် ဥက္ကရန္တိကိ ဂဇ္ဈာ်ကပဒ္ဓ ပါသကပဒ္ဓာနံ အန္တေ ပါဋိဗန္ဓံ ကတ္ဝာ ကက္ကဋာနံ အကိသဇ္ဈာနံ ဥဒ္ဒါပေန္တိ ကရောန္တိတိ အတ္ထော) ဟူသော သာရတ္ထဒီပနီ ဋီကာ (၁၁၄)ကို ထောက်၍ လည်းကောင်း၊ လှပစေခြင်းငှာ ကမ္မတ်သီး၊ ကမ္မဇ္ဇင်းအိမ်တို့ကို ဂ-ထောင့်၊(၁၆) ထောင့် ထားတတ်ခြင်း၊ထိုကဲ့မတ်ဒိမ်တို့ဦ့ အနှင်းသေး အဖျားကြီးသော စေတီ သဇ္ဈာန် အရင်းသေး အဖျားကြီးသော ခွန်းသဇ္ဈာန်၊ အရင်းအဖျားညီမျှ၍ လျားသော ဆောက်ပုတ် (လက်ရိုက်) သဇ္ဈာန်ဟု ဆိုအပ်သော ဖောက်ပြန်သော သဇ္ဈာန်ကို ထင်စေခြင်း၊ ထိုကမ္မတ်အိမ်တို့၏ အနားအစွန်းဦ့ လယ်ကန်သင်းကဲ့သို့ ပွဲ၍ ပြုးရရှုးပုစွန်မျက်စေ့ ထစေခြင်း စသည်တို့သည် မအပ်ကုန်။ လေးထောင့်ရိုးရိုးသာအပ်၏။


ဂဇ္ဈာကပဒ္ဓဉ္စ၊ ကမ္မတ်သီးအိမ်ကိုလည်းကောင်း။ ပါသကပဒ္ဓဉ္စ၊ ကဲမ္မတ်ကွင်းအိမ်ကိုလည်းကောင်း။ အဌကောဏမို့၊ (ဂ) ထောင့်ကိုလည်းကောင်း။ သောဠသကောဏမို့၊ (၁၆)ထောင့်ကိုလည်းကောင်း။ ကရောန္တိ၊ ပြုကုန်၏။ တတ္ထ၊ ထိုကမ္မတ်သီးအိမ် ကမ္မတ်ကွင်းအိမ်၌။ အင်္ဂိယ-ဂယမဂ္ဂရာဒီနိ၊စေတီသဇ္ဈာန် ဆောက်ပုတ်သဇ္ဈာန်ခွန်းသဇ္ဈာန်စသည်တို့ကို။ဒသေန္တိ၊ပြကုန်၏။ ကက္ကဋကိန်းပုစွန်မျက်စေ့တို့ကို။ဥက္ကရန္တိ၊ထစေကုန်၏။ သိဗ္ဗံ၊ အလုံးစုံသည်။ နဝဋ္ဌတိ၊ မအပ်။ ဤကား အဌကထာအနက်။

အင်္ဂိယ ဂယမဂ္ဂရာဒီနိတိ ဇော်ထွ။ အင်္ဂိယ ဂယ မဂ္ဂရာဒီနိ ဟူသောစကား၌။ အင်္ဂိယံ နာမ အင်္ဂိယ မည်သည်ကား။ စေတိယသဇ္ဈာနေန၊ စေတီသဇ္ဈာန်ဖြင့်။ သိဗ္ဗနံ၊ ချုပ်ခြင်းတည်း၊ မူလေ၊ အရင်း၌။ တနုကံ၊ ငယ်သည်ကို။ အဂ္ဂေ၊ အဖျား၌။ မဟန္တံ၊ ကြီးသည်ကို။ ကတ္ဝာ၊ ပြု၍။ ဂဒါကာရေန၊ ခွန်းသဇ္ဈာန်ဖြင့်၊ သိဗ္ဗနံ၊ ချုပ်ခြင်းသည်။ ဂယာ၊ ဂယာမည်၏။ မူလေစ၊ အရင်း၌လည်းကောင်း။ အဂ္ဂေစ၊ အဖျား၌လည်းကောင်း။ ကေသဒိသံ၊ ကြိုးငယ်မထင် အသွင်တူသည်ကို။ ကတ္ဝာ၊ ပြု၍။ မဂ္ဂရာကာရေန၊ ဆောက်ပုတ်သဇ္ဈာန်ဖြင့်။ သိဗ္ဗနံ၊ ချုပ်ခြင်းသည်။ မဂ္ဂရော၊ မဂ္ဂရမည်၏။ ကက္ကဋကိန် ဥတ္တရန္တိတိ၊ ကဲက္ကဋကိန်ဥတ္တရန္တိ ဟူသည်ကား။ ဂဇ္ဈာကပဒ္ဓ ပါသကပဒ္ဓာနံ၊ ကမ္မတ်သီးအိမ်၊ ကမ္မဇ္ဇင်းအိမ်တို့၏။ အန္တေ၊ အနားစွန်း၌။ ပါဋိဗန္ဓံကတ္ဝာ၊ လယ်ကန်သင်းဖွဲ့သကဲ့သို့ပြု၍။ ကက္ကဋာနံ၊ ပုစွန်တို့၏။ အကိသဇ္ဈာနံ၊ မျက်စိသဇ္ဈာန်ကို။ ဥဒ္ဒါပေန္တိ၊ ထစေကုန်၏။ ကရောန္တိ၊ ပြုကုန်၏။ ဤတိအတ္ထော၊ ဤကား ဋီကာအနက်။

ဤသို့ အဌကထာ ဋီကာတို့၌ ခွင့်ပြုတော်မူအပ်ကုန်သည့်အတိုင်း ရိုးရိုးခိုင်အောင်သာ ချုပ်လုပ်အပ်၏။ လှပတင့်တယ် ဖွယ်ရာလေအောင် အပ်ပြုန် ဖွတ်မြီး မြင်းဇက်ခွစသော ချုပ်လုပ်ခြင်းမျိုးကိုကား အလျဉ်းမချုပ်လုပ်အပ်သည်သာတည်း။ အနားပတ်အိမ် အစွန်းအနား၌ နားမတ်ကြို လျှိုသွင်း၍ တဒက်ကန်သင်းဖွဲ့ ပုစွန်မျက်စိကဲ့သို့ ပြုးရရှုးထအောင် ချုပ်လုပ်ခြင်းသည် ကက္ကဋကိုမည်၍ မဘပ်။ ပြုးရရှုး မထက အဓွေဟာရိကဖြစ်၏။

ဇောတိကာရုံ-၀၅ (စမ္ဘဒါန)

အံသကိုဋ္ဌသက်နှံးပုံစံ



အနံတထ္ဌာ

အလျား ၃-တောင်

ယခုကာလ သီဟိုဠ်ကျွန်းနှင့်တကွ မြန်မာပြည်၌ပင် များသောအားဖြင့် ရဟန်း သာမဏေတို့သည် အံသကိုဋ္ဌဟု ခေါ်ဝေါ်သုံးစွဲ့ အနှုန်းပြုကာ အိတ်စုံတပ်သော တဘက်ဟိုက်အထည်ကို ဝတ်ဆင်ကြကုန်၏။ ထိုအထည်သည် ကျမ်းဋ္ဌီလာသော အံသကိုဋ္ဌနှင့် မကိုက်မည်၊ အလွန်ဖိလာဖြစ်သော တဘက်ဟိုက်အင်္ကျီသာလျှင်ဖြစ်၏။ ထိုစကားကိုထင်ရှားစေဦးအံ့။ (မုဒုဂ် တေ-စီဝရိကဿ ပန စတုတ္ထံ ဝတ္ထမာနံ အံသကာသာဝ မေဂဝဋ္ဋတိ၊ တဥ္စခေါ ဝိတ္ထာရတော ဝိဒတ္ထိ၊ ဒီဃတော တိဟတ္ထမေဂဝဋ္ဋတိ) ဟု ဝိသုဒ္ဓိမဂ် အဋ္ဌကထာဋ္ဌမိန့်ဆိုအပ်၏။

ပန၊ အပ်သည်ကို ဆိုဦးအံ့၊ မုဒုဂ် တေစီဝရိကဿ၊ တိစီဝရိတ် မူတင်ဆေးခြင်သော ပဂ္ဂိုလ်အား။ စတုတ္ထံ၊ လေးထည်မြောက်။ ဝတ္ထမာနံ၊ ဖြစ်သော။ အံသကာသာဝမေဝ၊ အံသကိုဋ္ဌသက်နှံးသည်သာလျှင်။ ဝဋ္ဋတိ၊ အပ်၏။ တဥ္စခေါ၊ ထိုအံသကိုဋ္ဌသက်နှံးသည်လည်း။ ဝတ္ထာရတော အနံအားဖြင့်။ ဝိဒတ္ထိ၊ တထ္ဌာသည်။ ဒီဃတော၊ အလျားအားဖြင့်။ တိဟတ္ထ-မေဝ၊ သုံးတောင်သည်သာလျှင်။ ဝဋ္ဋတိ၊ အပ်၏။ ဤကားအနက်။

ဤအဋ္ဌကထာပါဠိ၌ အံသကာသာဝမေဝဝဋ္ဋတိ ဟူသောပါဠိဖြင့် တိစီဝရိတ် မူတင်ဆောင်သော ပဂ္ဂိုလ်အား လေးထည်မြောက် အံသကာသာဝ၊ အံသကိုဋ္ဌသက်နှံးသည်သာ အပ်သည်။ အံသကာသာဝ တပါးကုန်သော ဝတ်ရုံအပ်ကုန်သော သက်နှံးတို့သည် မအပ်ကုန်။ သက်နှံးဆိုးသောအခါ စသည်၌ မဇ္ဈိမပုဂ္ဂိုလ်အား ရဇနကာသာဝကို မုဒု ပုဂ္ဂိုလ်အား သဘာဝ ရာဂနှံးတို့၏ သက်နှံးကိုဖြစ်စေ၊ အိပ်ရာခင်းကိုဖြစ်စေ တာဝကာလိက ခေတ္တခဏ ဝတ်ရုံခြင်းငှာ အပ်၏။

(တဥ္စ ခေါ ဝိတ္ထာရတော ဝိဒတ္ထိ ဒီဃတော တိဟတ္ထမေဝ ဝဋ္ဋတိ)ဟူသော ပါဠိဖြင့် အံသကိုဋ္ဌကို အနံတထ္ဌာ၊ အလျားသုံးတောင် ပမာဏဖြင့်သာ ချုပ်လုပ်အပ်၏။ အနံတထ္ဌာ၊

အလျားသုံးတောင်ထက်လွန်သဖြင့် အဓိဋ္ဌာန်တင်၍ သုံးလောက်မူကား ဓုတင်ဆောင်ဟုဂ္ဂိုလ်တို့အား မအပ်။ ထိုပမာဏထက် ယုတ်မူကား အပ်သေး၏ဟူသောအဓိပ္ပာယ်ကို ပြတော်မူအပ်၏။ အဋ္ဌကထာဌာနပြသော အံသကိုဋ္ဌသင်္ကန်းပမာဏကို ပကတိပုရိသ အတိုင်းတထွာပမာဏအားဖြင့်သာ မှတ်သားအပ်၏။ ထိုအံသကာသာဝသင်္ကန်းသည် ရုံအပ်သောသင်္ကန်းဌ် ချွေးစသော အညစ်အကြေး မလိမ်းကပ်စေရန် ချွေးခံအဖြစ်ဖြင့် ရှေးဦးစွာ ပခုံးပေါ်၌ တင်၍ရုံအုပ်သော သင်္ကန်းမျိုးသာဖြစ်၏။ ထိုကြောင့် ဝိသုဒ္ဓိမဂ်မဟာဋီကာ၌။ (အံသကာသာဝန္တိ အံသေဌပေ-တဗ္ဗကာသာဝံ)ဟု မိန့်အပ်၏။ စူဠဋီကာ၌လည်း (အံသကဲာသာဝန္တိ ပါရုပနစီဝရေ သေဒါဒိမလလေပ နိဝါရဏတ္ထံ အံသေဝ ပဌမံ ပါရုပိတဗ္ဗကာသာဝန္တိ အတ္ထော)ဟု မိန့်တော်မူအပ်၏။

အံသကာသာဝန္တိ၊ အံသကာသာဝံဟူသည်ကား။ ခန္ဓေ၊ ပခုံး၌။ ဌပေတဗ္ဗကာသာဝံ၊ ထားအပ်သော သင်္ကန်းကို။ ဤကား မဟာဋီကာ အနက်။

အံသကဲာသာဝန္တိ၊ အံသကာသာဝံဟူသည်ကား။ပါရုပနစီဝရေ၊ ရုံအပ်သောသင်္ကန်းဌ်။ သေဒါဒိ မလလေပ နိဝါရဏတ္ထံ၊ ချွေးအစရှိသော အညစ်အကြေးတို့၏ လိမ်းကျံခြင်းကို တားမြစ်ခြင်းအကျိုးငှာ။ အံသေဝ၊ ပခုံး၌သာလျှင်။ ပဌမံ၊ ရှေးဦးစွာ။ ပါရုပိတဗ္ဗတာသာဝံ၊ ရုံအပ်သောသင်္ကန်းကို။ ဤတိအယံ၊ ဤသည်ကား။ အတ္ထော၊ စူဠဋီကာ အနက်တည်း။

ရှေးဆရာမြတ်တို့သည် အံသကိုဋ္ဌသင်္ကန်းကို အဋ္ဌကထာပြ ပမာဏအတိုင်း စီရင်ချုပ်လုပ်၍ အသုံးပြုသောအခါ တစကို ပခုံးပေါ်သို့တင်လျက် ကျန်တစဖြင့် ကိုယ်၌ရစ်ပတ်ပြီးလျှင် အဖျားဌ်ဖွဲ့ တွယ်အပ်စသည်ဖြင့်တွယ်၍ သင်္ကန်းချွေးခံအဖြစ်ဖြင့် သုံးဆောင်တော်မူကြကုန်၏။ ဤသို့ သုံးဆောင်တော်မူခြင်းသည် ကျမ်းဂန်နှင့်ညီညွတ်လှသဖြင့် ပါသာဒိကဂုဏ်နှင့် ပြည့်စုံတော်မူကြပါပေကုန်သတည်း။ ဤသို့ ဆိုအပ်ပြီးကုန်သော အဋ္ဌကထာ ဋီကာတို့နှင့်အညီ အလျား အနုံ ထင်စေလျက် စီရင်ချုပ်လုပ်အပ်သော သင်္ကန်းသည်သာ ကျမ်းဂန်၌ လာသော အံသကာသာဝ မည်သည်။

ယခုကာလ အလျားအနုံမထင်၊ လက်ျာဘက် တဘက်ဟိုက် တခြမ်းမဲ့စီရင်၍ ပြုပြင်ချုပ်လုပ်အပ်သော အထည်မျိုးကား ကျမ်းဂန်၌လာသော အံသကာသာဝ အံသကိုဋ္ဌသင်္ကန်းသို့ မသင်္ကာဝင်။ အင်္ကျီတခြမ်းမဲ့မျှသာဖြစ်သောကြောင့် (နဘိကွဝေ ကဠုကံဓာရေတဗ္ဗံ၊ ယောဓာရေယျ အာပတ္တိဒုက္ကဋဿ)ဟူသော မဟာဝါ စီဝရကွန္ဓကပါဠိတော် (၃၅၁) သိက္ခာပုဒ်ဖြင့် ဒုက္ကဋ်အာပတ်သင့်စေနိုင်သော ဒုက္ကဋ်ဝတ္ထုမျှသာဖြစ်သတည်း။ ထို့ကြောင့် သီလချစ်ခင်ကုန်သော အရှင်ကောင်းအရှင်မြတ်တို့သည် ဝတ်တိုင်း ဝတ်တိုင်း ဒုက္ကဋ်အာပတ်မှ မလွတ်။ အင်္ကျီဝတ် အလင်္ကာအဖြစ်မှ မကျတ်နိုင်သော တဘက်ဟိုက်အင်္ကျီကို ပယ်ရှား၍ ကျမ်းဂန်စကားနှင့်အညီ စီရင်အပ်သော အံသကိုဋ္ဌသင်္ကန်းကိုသာ ဝတ်ရုံအပ်တော့သာတည်း။

ဘိက္ခဝေ၊ ရဟန်းတို့။ ကဥ္စုကံ၊ အင်္ကျီကို့။ နမာရေတဗ္ဗံ၊ မဆောင်မဝတ်အပ်။ ယော၊ အကြင်ရဟန်းသည်။ မာဇေရယျ၊ ဆောင်ငြား ဝတ်ငြားအံ့။ ဒုက္ကဋဿ၊ ဒုက္ကဋ်အာပတ်သို့။ အာပတ္တိ၊ ရောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဤကား မဟာဝဂ်ပါဠိတော်အနက်။

ထိုအံ့သကိုဋ္ဌသက်န်းကို ပစ္ဆိမစီဝရပမာဏ မလောက်စေအပ်၊ အဇိဋ္ဌာန်မတင်အပ်ဟု ဆရာမြတ်တို့ ဆုံးဖြတ်တော်မူကြကုန်၏။ မဟာဋ္ဌကာဋ္ဌကား—

အံ့သကာသာဝံ ပရိက္ခာရစောဋ္ဌံ ဣတိ ပစ္ဆိတ္ထရက် အံ့သကာသာဝန္တိ ဣမာနိ ဒ္ဝေပိ အတိရေကစီဝရဋ္ဌာနေ ဋိတာနိပိ မုတ်ဂ် ဘေဒံ နကရောန္တိတိ အဋ္ဌကထာယံ ဝုတ္တန္တိ) ဟု မိန့်ဆိုအပ်၏။

အံ့သကာသာဝံ၊ အံ့သကာသာဝသက်န်းသည်။ ပရိက္ခာရစောဋ္ဌံ၊ ပရိက္ခာရစောဋ္ဌမည်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ပစ္ဆိတ္ထရကံ၊ အပ်ရာခင်းလည်းကောင်း။ အံ့သကာသာဝံ၊ အံ့သကိုဋ္ဌသက်န်းလည်းကောင်း။ ဣတိ၊ ဤသို့။ ဣမာနိ ဒ္ဝေပိ၊ ဤနှစ်ထည်တို့သည်လည်း။ အတိရေကစီဝရဋ္ဌာနေ၊ အတိရေကသက်န်းအရာ၌၊ ဋိတာနိပိ၊ တည်ကုန်သော်လည်း။ မုတ်ဂ်-ဘေဒံ၊ တိစီဝရိတ်မူတင်ပျက်စီးခြင်းကို။ နကရောန္တိ၊ မပြုနိုင်ကုန်။ ဣတိ၊ ဤသို့။ အဋ္ဌကထာယံ၊ အဋ္ဌကထာ၌။ ဝုတ္တံ၊ မိန့်ဆိုအပ်၏။ ဣတိ၊ ဤသို့။ အာစရိယာ၊ ဆရာတို့သည်။ ဝဒန္တိ၊ ဆိုကြကုန်၏။

ဤအာစရိယဝါဒပြု ဋီကာစကား၌ ပရိက္ခာရစောဋ္ဌ ဟူသောပုဒ်၊ အတိရေကစီဝရဋ္ဌာနေဋိတာနိပိ ဟူသောပုဒ်များကိုထောက်သဖြင့် ဆိုအပ်ခဲ့ပြီးသော ပမာဏထက်ကြီး၍ ပရိက္ခရာစောဋ္ဌအဓိဋ္ဌာန်လောက်သော အံ့သကိုဋ္ဌသက်န်းသည်လည်း မူဒ.ဂ်ဆောင်ပုဂ္ဂိုလ်တို့အား အပ်မည်ကဲ့သို့ရှိ၏။ အဘယ့်ကြောင့်နည်းဟူမူကား- ပစ္ဆိမစီဝရပမာဏမှစ၍ ပမာဏလောက်သောပုဆိုးကို ပရိက္ခရာစောဋ္ဌဟု ခေါ်ဆိုရသောကြောင့် လည်းကောင်း၊ အဓိဋ္ဌာန် ဝိကပ္ပနာပြုလောက်လျက် အဓိဋ္ဌာန်ဝိကပ္ပနာ မပြုမူ၍ ထားအပ်သောသက်န်းကို အတိရေကသက်န်းဟု ခေါ်ဆိုရသောကြောင့်လည်းကောင်းတည်း။ သို့သော်လည်း အံ့သကိုဋ္ဌသက်န်းသည် မူတင်ဆောင်သော ပုဂ္ဂိုလ်တို့အား သာ အပ်သည်မဟုတ်။ မူတင်မဆောင်သောပုဂ္ဂိုလ်တို့အားလည်း အနုံအလျားကြီးမား၍ အဓိဋ္ဌာန်ဝိကပ္ပနာလောက်သော အံ့သကိုဋ္ဌသက်န်းကိုပင် အဓိဋ္ဌာန် ဝိကပ္ပနာပြု၍ သုံးဆောင်သော်လည်း တစုံတရာအပြစ်မထင်သည်သာ ဖြစ်ပါလျက် အဋ္ဌကထာဆရာမြတ်သည် အနုံတထ္ထာ၊ အလျားသုံးတောင် ပမာဏရှိသော အံ့သကိုဋ္ဌသက်န်းသည်သာ အပ်၏ဟု တိစီဝရိတ်မူတင်အရာ၌ ဝိသေသအားဖြင့် တင်းတင်းကျပ်ကျပ်မိန့်ဆိုတော်မူအပ်သောကြောင့် မူတင်ဆောင်ပုဂ္ဂိုလ်တို့အား အဓိဋ္ဌာန် ဝိကပ္ပနာ မလောက်သော အံ့သကိုဋ္ဌသည်သာ အပ်မည်ထင်ပေသည်။ ပညာရှင်တို့ ဆင်ခြင်၍ ယူကြပါကုန်။ ဤကား သက်န်းချုပ်ခြင်းနှင့်စပ်၍ မှတ်သားဖွယ်တည်း။

ဆိုးရည်၌လည်း တရုံရောအခါ ရဟန်းတို့သည် နွားခဲ့ချေး မြေညက်တို့ဖြင့် သင်္ကန်းကို ဆိုးကြသဖြင့် သင်္ကန်းအဆင်းမကောင်းသည်ကို အကြောင်းပြု၍ (အနုဇာနာမိ ဘိက္ခဝေ၊ ဆရဇနာနိ မူလရဇနံ ခန္ဓရဇနံ တစရဇနံ ပတ္တရဇနံ ပုပ္ဖရဇနံ ဖလရဇနန္တိ)ဟု ဆိုးရည်ခြောက်မျိုးကို မြတ်စွာဘုရားခွင့်ပြုတော်မူအပ်၏။ မဟာဝါဂိုတော် (၃၃၁)။

ဘိက္ခဝေ၊ ရဟန်းတို့။ မူလရဇနံ၊ အမြစ်ဆိုးရည်လည်းကောင်း။ ခန္ဓရဇနံ၊ ပင်စည်ဆိုးရည်လည်းကောင်း။ တစရဇနံ၊ အခေါက်ဆိုးရည်လည်းကောင်း။ ပတ္တရဇနံ၊ အရွက်ဆိုးရည်လည်းကောင်း။ ပုပ္ဖရဇနံ၊ အပွင့်ဆိုးရည်လည်းကောင်း။ ဖလရဇနံ၊ အသီးဆိုးရည်လည်းကောင်း၊ ဣတိ၊ ဤသို့။ ဆ ရဇနာနိ၊ ခြောက်မျိုးသောဆိုးရည်တို့ကို။ အနုဇာနာမိ၊ ခွင့်ပြုတော်မူ၏။ ဤကား အနက်။

ထို ၆-ပါးသော ဆိုးရည်တို့တွင်–

(၁) အမြစ်ဆိုးရည်၌ နွင်းဆိုးရည်မအပ်၊ ကြင်းသောအမြစ်ဆိုးရည်သည် အပ်၏။

(၂) ပင်စည်ဆိုးရည်၌ ထန်းကျင် ပိန္နဲနွယ်ဆိုးရည်သည် မအပ်၊ ကြင်းသောပင်စည်ဆိုးရည်သည် အပ်၏။

(၃) အခေါက်ဆိုးရည်၌ ဒေါက်ရပ်ခေါက်၊ ကြာပိုင်ခေါက်ဆိုးရည်သည် မအပ်၊ ကြင်းသောဆိုးရည်သည် အပ်၏။ ကြာပိုင်ကို ရခိုင်ပြည်၌ (ကပိုင်)၊ မြန်မာပြည်၌ (မဒမ)ဟူ၍ ခေါ်ကြ၏။

(၄) အရွက်ဆိုးရည်၌ မဲရွက် ဒန်းရွက်ဆိုးရည်သည် မအပ်၊ ကြင်းသော ဆိုးရည်သည် အပ်၏။ လူတို့သုံးဆောင်ပြီးသော အဝတ်ကိုကား မဲရွက်ဖြင့်တကြိမ်ဆိုးခြင်းငှာ အပ်သေး၏။

(၅) အပွင့်ဆိုးရည်၌ ဝတ်ပန်းပွင့်၊ တနည်း ဆူးပန်းပွင့်၊ ပေါက်နွယ်ပွင့် ဆိုးရည်သည် မအပ်၊ ကြင်းသောဆိုးရည်သည် အပ်၏။

(၆) အသီးဆိုးရည်သည်ကား မအပ်သောဆိုးရည်မည်သည် မရှိ။ ထို့ကြောင့် ဟသိဒ္ဓိ ဌပေတ္တာ သဗ္ဗံ မူလရဇနံ ဝဋ္ဋတိ၊ မဉ္ဇိဋ္ဌဉ္စ တုဂ်ဟာရဉ္စ ဌပေတ္တာ သဗ္ဗံခန္ဓရဇနံ ဝဋ္ဋတိ၊ ဘုဂ်ဟာ ရောနာမကောသကာဿကာရဒက္ခာ၊ တာယ ဟရိတာလ ဝဏ္ဏ-ခန္ဓရဇနံ ဟောတိ၊ လောဒ္ဓဉ္စ တာဿုလဉ္စ ဌပေတ္တာ သဗ္ဗံ တာယရဇနံဝဋ္ဋတိ၊ အလ္လိပတ္တံ နိလပတ္တဉ္စ ဌပေတ္တာ သဗ္ဗံပတ္တရဇနံ ဝဋ္ဋတိ၊ ဂိဟိ ပရိသုတ္တံပန အလ္လိပတ္တေန ကောဓိရံ ရဇိတုံ ဝဋ္ဋတိ၊ ကိံသုကပုပ္ဖဉ္စ ကုသုမ္ဘပုပ္ဖဉ္စ ဌပေတ္တာ သဗ္ဗံပုပ္ဖရဇနံ ဝဋ္ဋတိ၊ ဖလရဇနံပန နကိဉ္စိနဝဋ္ဋတိ

ဟူ၍ စီဝရက္ခန္ဓအဋ္ဌကထာ (၃၄၂)၌ မိန့်ဆိုတော်မူအပ်၏။ ဝိနိစ္ဆယအဋ္ဌကထာ၌လည်း အလားတူလာ၏။

ဟလိဒ္ဒိ၊ နန္ဒင်းကို။ ဌပေတ္ဝာ၊ ထား၍။ သဗ္ဗံ၊ အလုံးစုံသော။ မူလရဇနံ၊ အမြစ်ဆိုးရည်သည်။ ဝဋ္ဋတိ၊ အပ်၏။ မဥ္ဇဋ္ဌဉ္စ၊ ထန်းကျင်ကိုလည်းကောင်း။ ဘုဉ်ဟာရဉ္စ၊ ပိန္နဲနွယ်ကိုလည်းကောင်း။ ဌပေတ္ဝာ၊ ထား၍။ သဗ္ဗံ၊ အလုံးစုံသော။ ခန္ဓရဇနံ၊ ပင်စည်ဆိုးရည်သည်။ ဝဋ္ဋတိ၊ အပ်၏။ တုဉ်ဟာရောနာမ၊ တုဉ်ဟာရမည်သည်ကား။ ဧကော၊ တခုသော။ သကဏ္ဍကရုက္ခော၊ ဆူးရှိသောသစ်ပင်တည်း။ တဿ၊ ထိုသစ်ပင်၏။ ခန္ဓရဇနံ၊ ပင်စည်ဆိုးရည်သည်။ ဟရိတာလဝဏ္ဏံ၊ ဆေးဒန်းအဆင်းရှိသည်။ ဟောတိ၊ ဖြစ်၏။ လောဒ္ဓဉ္စ၊ တောက်ရပ်ခေါက်ကိုလည်းကောင်း။ ကဏ္ဏုလဉ္စ၊ ကြာပိုင်ခေါက်ကိုလည်းကောင်း။ ဌပေတ္ဝာ၊ ထား၍။ သဗ္ဗံ၊ အလုံးစုံသော။ တစရဇနံ၊ အခေါက်ဆိုးရည်သည်။ ဝဋ္ဋတိ၊ အပ်၏။ အလ္လိပတ္တဉ္စ၊ မဲရွက်ကိုလည်းကောင်း။ နီလပတ္တဉ္စ၊ ဒန်းရွက်ကိုလည် ကောင်း။ ဌပေတ္ဝာ၊ ထား၍။ သဗ္ဗံ၊ အလုံးစုံသော။ ပတ္တရဇနံ၊ အရွက်ဆိုးရည်သည်။ ဝဋ္ဋတိ၊ အပ်၏။ ပန၊ အပ်သည်ကိုဆိုဦးအံ့။ ဂိဟိပရိဘုတ္တံ၊ လူတို့သည် သုံးဆောင်အပ်ပြီးသော အဝတ်ကို။ အလ္လိပတ္တေန၊ မဲရွက်ဖြင့်။ ကေဝါရံ၊ တကြိမ်၊ ရဇိတုံ၊ ဆိုးခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။ ကိံသုကပုပ္ဖဉ္စ၊ ပေါက်နွယ်ပွင့်ကို လည်းကောင်း။ ကုသုမ္ဘပုပ္ဖဉ္စ၊ ငတ်ပန်းပွင့်ကိုလည်းကောင်း။ ဌပေတ္ဝာ၊ ထား၍။ သဗ္ဗံ၊ အလုံးစုံသော။ ပုပ္ဖရဇနံ၊ အပွင့်ဆိုးရည်သည်။ ဝဋ္ဋတိ၊ အပ်၏။ ဖလရဇနေပန၊ အသီးဆိုရည်၌ကား။ ကိဉ္စိ၊ တစုံတခုသော အသီးဆိုးရည်သည်။ နဝဋ္ဋတိ၊ မအပ်သည်ကား။ န၊ မဟုတ်။ ဝဋ္ဋတိဧဝ၊ အပ်သည်သာလျှင်တည်း။ ဤကား အဋ္ဌကထာအနက်။

ထိုတွင် အပ်သောပင်စည်ဆိုးရည်၌ မဥ္ဇဋ္ဌသဒ္ဒါသည် ထန်းကျင် တိန်းညက် နှစ်မျိုးကို ဟော၏။ ထိုနှစ်မျိုးတွင် ထန်းကျင်နွယ်ကိုသာယူ၊ တိမ်းညက်ပင်ကို မယူအပ်။ ထို့ကြောင့် (မဥ္ဇဋ္ဌဒ္ဒိ ဧကော်သကဏ္ဍကရုက္ခော ဝလ္လိဝိသေသော၏၊ ယဿ ရဇနံ မဥ္ဇဋ္ဌဝဏ္ဏံ ဟောတိ၊ မဥ္ဇဋ္ဌရုက္ခဿခန္ဓော သေတဝဏ္ဏော်တိ၊ သော ဂ္ဂဓ နဂဟေဘာဗ္ဗော၊ ရဇနာဓိကာရတ္ထာ။ ကိံသုနာမဝလ္လိကံသုကပုပ္ဖံ၊ ယဿ ရဇနံ လောဟိတ ဝဏ္ဏံ ဟောတိ)ဟူ၍ ဝိနိစ္ဆယဋ္ဌကာဒ္ဒိ မိန့်ဆိုအပ်၏။

မဥ္ဇဋ္ဌဉ်၊ မဥ္ဇဋ္ဌံ ဟူသည်ကား။ ဧကော၊ တခုသော။ သကဏ္ဍကရုက္ခော၏၊ ဆူးရှိသော သစ်ပင်သည်လည်းကောင်း။ ဝလ္လိဝိသေသော၏၊ နွယ်အထူးသည်လည်းကောင်း။ ဟောတိ၊ ဖြစ်၏။ ယဿ၊ အကြင်ထန်းကျင်နွယ်၏။ ရဇနံ၊ ဆိုးရည်သည်။ မဥ္ဇဋ္ဌဝဏ္ဏံ၊ တိန်းညက်စေ့အဆင်းရှိသည်။ ဟောတိ၊ ဖြစ်၏။ မဥ္ဇဋ္ဌရုက္ခဿ၊ တိန်းညက်ပင်၏။ ခန္ဓော၊ ပင်စည်သည်။ သေတဝဏ္ဏော၊ ဖြူသောအဆင်းရှိ၏။ ဂ္ဂဘ်ဝေဒိတဗ္ဗော၊ ဤသို့ သိအပ်၏။ သော၊ ထိုဖြူသောအဆင်းရှိသော တိန်းညက်ပင်ကို။ ဂ္ဂဓ၊ ဤအရာ၌။ နဂဟေဟတဗ္ဗော၊ မယူအပ်။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ ရဇနာ ဓိကာရတ္တာ၊ ဆိုးရည်နှင့်စပ်သော အရာဖြစ်သောကြောင့်တည်း။ ကိံသုကံနာမ၊ ကိံသုကမည်သည်ကား။ ဝလ္လိကိံ သုကပုပ္ဖံ၊ ပေါက်နွယ်ပွင့်တည်း။ ယဿ၊ အကြင်ပေါက်နွယ်ပွင့်၏။ ရဇနံ၊ ဆိုးရည်သည်။ လောဟိတဝဏ္ဏံ၊ နီသောအဆင်းရှိသည်။ ဟောတိ၊ ဖြစ်၏။ ဤကား ဝိနိစ္ဆယဋ္ဌကာအနက်။ ပေါင်ပင်၏ အပွင့်ဆိုးရည်လည်း မအပ်ဟု ဆရာမြတ်တို့သည် ဆုံးဖြတ်တော် မူကြကုန်၏။

ဤသို့ ဆိုအပ်ခဲ့ပြီးသော ပါဠိတော် အဋ္ဌကထာ ဋီကာတို့ကိုထောက်ဆ၍ အပ်သောဆိုးရည်၊ မအပ်သောဆိုးရည်တို့ကို ပိုင်းခြားမှတ်သားပြီးကာ မအပ်သောဆိုးရည်၊ မအပ်သောဆေးတို့နှင့်မရောမယှက် သက်သက်အပ်သော ဆိုးရည်ဖြင့် ဆိုးအပ်သောသင်္ကန်းကိုသာ ဝတ်ရုံသုံးဆောင်ခြင်းကို ပြုအပ်၏။

အကယ်၍ ခွင့်ပြုတော်မူအပ်သော ဆိုးရည်ပင်ဖြစ်လင့်ကစား ယင်းဆိုးရည်၌ ခွင့်မပြုအပ်သောဆိုးရည်၊ ဆိုးဆေးစသည်ကို ထည့်စွက်ရောနှော၍ ဆိုးခြင်းသည်လည်း မအပ်ဟု မှတ်အပ်၏။ ထို့ကြောင့် (ဂန္ထံဝါ လာခံဝါ တေလံဝါ ရဇနေ ပက္ခိပိတုံ နဝဋ္ဌတိ)ဟု ပါရာဇိကဏ် အဋ္ဌကထာ (၂၄၃)၌ မိန့်တော်မူအပ်၏။ ဝိနယသင်္ဂဟအဋ္ဌကထာ၌လည်း နည်းတူပင်လာ၏။

ဂန္ထံဝါ၊ နံ့သာကိုလည်းကောင်း။ လာခံဝါ၊ ချိပ်ကိုလည်းကောင်း။ တေလံဝါ၊ ဆီကိုလည်းကောင်း။ ရဇနေ၊ ဆိုးရာည်၌။ ပက္ခိပိတုံ၊ ထည့်ခြင်းငှာ။ နဝဋ္ဌတိ၊ မအပ်။ ဤကားအဋ္ဌကထာ အနက်။

ထိုတွင် နံ့သာကို သင်္ကန်းအနံ့ကောင်းအောင် သက်သက်အတွက်၊ ချိပ်ကို အဆင်းကောင်းဖို့အတွက်၊ ဆီကို အရောင်တောက်တောက်ပြောင်ပြောင်ထွက်ဖို့အတွက်သာ ထည့်စွက်ခြင်းဖြစ်၏။ ထို့ကြောင့် (စီဝရာသ သုဂန္ဓဘာဝတ္ထာယ ဂန္ထံဝါ ဥဇ္ဇလ ဘာဇတ္ထာယ တေလံဝါ ဝဏ္ဏတ္ထာယ လာခံဝါ)ဟူ၍ ဝိနယာလင်္ကာရဋီကာ (၂၇)၌ မိန့်တော်မူအပ်၏။

စီဝရာသ၊ သင်္ကန်း၏။ သုဂန္ဓဘာဝတ္ထာယ၊ အနံ့ကောင်းခြင်းအကျိုးငှာ။ ဂန္ထံဝါ၊ နံ့သာကိုလည်းကောင်း။ ဥဇ္ဇလတ္ထာယ၊ အရောင်တောက်တောက်ပြောင်ပြောင်ထွက်ခြင်းအကျိုးငှာ။ တေလံဝါ၊ ဆီကိုလည်းကောင်း။ ဝဏ္ဏတ္ထာယ၊ အဆင်းကောင်းခြင်း အကျိုးငှာ။ လာခံဝါ၊ ချိပ်ကိုလည်းကောင်း။ ဤကား ဋီကာအနက်။

ဤဋီကာကိုထောက်၍ ဆိုးရည်ရနံ့ သက်သက်သာအပ်၏။ ရေမွှေး ပေါင်ဒါ ပန်းပေါင်း ရနံ့ကောင်းသော အခိုးအထုံတို့ဖြင့် သင်္ကန်းရနံ့ကောင်းအောင် ထုံခြင်းသည် မအပ်။ ဖန်ရည်ရောင်သက်သက်သာ အပ်၏။ အရောင်ထွက်အောင် ဝက်ဆီစသည်ကို ရောစွက်ခြင်းသည်လည်းကောင်း၊ တစုံတခုသောနည်းတို့ဖြင့် အရောင်ထွက်အောင် ပြုပြင်ခြင်းသည်လည်းကောင်း မအပ်။ ဆိုးရည်အဆင်းသက်သက်သည်သာ အပ်၏။ အဆင်းကောင်းအောင် ချိပ်ဆိုးဆေးစသည်ကို ရှာလောင်းစွက်ခြင်းသည် မအပ်ဟု မှတ်အပ်၏။

ယခုကာလ တိုင်းတပါးကထွက်သော ဆိုးဆေးတို့ဖြင့် တခဲနက်ဆိုး၍ ဝတ်ရုံခြင်းတို့သည် ဆိုးရည်ရော အရောင်ပါနှစ်ဖြာရောစပ်၍ မအပ်သည်ထက် မအပ်တော့သည်သာတည်း။ အဘယ့်ကြောင့်နည်းဟူမူ တိုင်းတပါးမှလာကုန်သော ယခု ဆိုးဆေးတို့သည် အမြစ် ပင်စည် အခေါက် အရွက် အပွင့် အသီးဟူဆိုအပ်ကုန်သော နွယ်သစ်ပင်တို့နှင့်စပ်၍ ထိုနွယ် သစ်ပင်တို့မှ ရအပ်ကုန်သော မြတ်စွာဘုရားခွင့်ပြုတော်မူအပ်ကုန်သော အပ်သောဆိုးဆေးများ ဧင်စစ်မဟုတ်။ မြတ်စွာဘုရား ပယ်တော်မူအပ်ကုန်သော၊ မြေ ကျောက်မှ ရအပ်ကုန်သော ဆိုးဆေးများဖြစ်သည်၏ အဖြစ်ကြောင့်တည်း။

ထိုဆိုးဆေးများသည် အရောင်အသွေး ကဲပြားခြားနားကြသော်လည်း ဓာတ်သားမူလအရင်းမှာ ကျောက်မီးသွေးတမျိုးသာ ဖြစ်၏။ ထိုကျောက်မီးသွေးကို အင်္ဂလိပ်ဘာသာအားဖြင့် (Coa[ter)ကိုလ်တာရ် ဟုခေါ်သည်။ ထိုကျောက်မီးသွေးကို ဓာတ်တိုဖြင့်စီမံပေါင်းခံ၍ရသောအရည်ကို အနု အရင့်ဖြစ်အောင် ဇီရင်ချက်လုပ်အပ်ကုန်သော ဆိုးဆေးတို့တည်း။

ရန်ကုန်မြို့ (အမ်အေ) ဘွဲ့ရကျောင်းဆရာကြီးများနှင့် ဓာတ်ခွဲအရာရှိ လွန်စွာလိမ္မာကျွမ်းကျင်၍ ဤဆိုးဆေးတို့၏ မူလအရင်းကို အစင်းသိဖြစ်သော ဓာတုဗေဒဆရာကြီးတို့ကဲ့လည်း ထိုဆိုးဆေးတို့သည် (Sulphonic Acid)ခေါ် ကန့်ပါသော လောင်မီးတမျိုးမှရရှိကြောင်း (Aniline dyes)ခေါ် ကတ္တရာစေးတမျိုးတွင် ပါဝင်ကြောင်း၊ ထို (ဆပ်လ်ဖုန်နစ်ခ်အက်စ်)ခေါ် လောင်မီးတမျိုးမှ ရရှိသော (အန်နီလိုင်းဒိုင်ရပ်စ်)ခေါ် ကတ္တရာစေးမျိုးတွင်ပါဝင်သောဆေးကို အရင်းမူလ (Coa[ter)ခေါ် ကျောက်မီးသွေးတမျိုးကို ဓာတ်တို့ဖြင့် ပြုပြင်၍ ရသည်ဟု ဝန်ခံပြောဆိုကြသည်။

သို့ဖြစ်၍ ထိုဆိုးဆေးကို ရှာကြံဝယ်ယူပြီးလျှင် မြန်မာပြည်၌ ဆိုးသောသက်နှံးကိုဖြစ်စေ၊ ဤဆိုးဆေးတို့ဖြင့်ဆိုးပြီးသား တိုင်းတပါးမှလာသော ပိတ်နီ ပိတ်ဝါ ကတ္တီပါ ပိုး ဖဲ သက္ကလပ်တို့ကို သက်နှံးချုပ်လုပ်၍ဖြစ်စေ၊ ထိုဆိုးဆေးတို့ဖြင့် ဆိုးအပ်ပြီးသောချည်တို့ဖြင့် ရက်အပ်သော အဝတ်အထည်တို့ကို သက်နှံးချုပ်လုပ်၍ဖြစ်စေ ဝတ်ရုံသုံးဆောင်ခြင်းငှာ မအပ်ဟု မှတ်အပ်၏။

ယခုကာလ ကျောက်ချဉ်ဆိုးရည်ကို အချို့ဝိနယ ဂရုကဆရာကောင်းမြတ်တို့သည် မအပ်ဟု မိန့်တော်မူအပ်သည်ကို ကြားရဖူး၏။ ကျောက်ချဉ်ဖြင့် ဆိုးသော်လည်း အရောင်တမျိုးမထင်။ ပကတိဆိုပြီးအရောင်ကိုသာ မလွှဲဧဉ်စေရန် ထိန်းအုပ်သော ဆိုးရည်ဖြစ်၍ ဆိုးရည်ဟူ၍ပင် အထူးမခေါ်ရ။ မြေမှ ဖြစ်သော်လည်း အပ်သည်ပင်ဟု အချို့ဆရာတော်မြတ်တို့ မိန့်တော်မူအပ်၏။ ဆင်ခြင်၍ ယူကြကုန်။ ဤကား ဆိုးရည်နှင့်စပ်၍ မှတ်သားဖွယ်တည်း။

အဆင်းဌ်လည်း အပ်သောဆိုးရည်ပင်ဖြစ်လင့်ကစား တကြိမ်နှစ်ကြိမ်မျှဆိုး၍ ဆင်စွယ်ရောင်အဆင်းသည် မအပ်။ ထိုမှတပါး "အလုံးစုံ တခဲနက်ညိုသောအဆင်း၊ အလုံးစုံတခဲနက်ရှေသောအဆင်း၊ အလုံးစုံတခဲနက် နီသောအဆင်း၊ တခဲနက် မည်းနက်သောအဆင်း၊ အလုံးစုံတခဲနက် ကင်းခြေများကျောက်ကုန်းအဆင်း၊ အလုံးစုံ တခဲနက် ဖျော့တော့သောအဆင်းရှိသော သက်န်းတို့သည် မအပ်ကုန်" ထို့ကြောင့်-

(နဘိက္ခဝေ သင်္ဃနီလာနိ စီဝရာနိ ခာရေတဗ္ဗာနိ၊ နသင်္ဃပိတကာနိ၊ လ၊ နသင်္ဃ-လော ဟိတတာနိ၊လ၊ နသင်္ဃမဉ္ဇိမဋ္ဌကာနိ၊လ၊ နသင်္ဃကဏ္ဍာနိ၊လ၊ နသင်္ဃမဟာရဏ်-ရတ္တာနိ၊လ၊နသင်္ဃမဟာနာမရဏ်ရတ္တာနိ၊လ၊ယောခာရေယျ အာပတ္တိဒုက္ကဋဿ)ဟု စီဝ-ရက္ခန္ဓကပါဠိတော်(၃၅၁)၌ ဟောတော်မူအပ်၏။

ဘိက္ခဝေ၊ရဟန်းတို့။ သင်္ဃနီလာနိ၊ အလုံးစုံတခဲနက်ညိုသော အဆင်းရှိကုန်သော။ စီဝရာနိ၊ သင်္ကန်းတို့ကို။ နခာရေတဗ္ဗာနိ၊ မဆောင်အပ်ကုန်။ သင်္ဃပိတကာနိ၊ အလုံးစုံတခဲနက် ရှေသော အဆင်းရှိကုန်သော။ လ၊ သင်္ဃလောဟိတကာနိ၊ အလုံးစုံတခဲနက်နီသော အဆင်းရှိကုန်သော၊လ၊ သင်္ဃမဉ္ဇိဋ္ဌကာနိ၊ အလုံးစုံတခဲနက်မောင်းသော အဆင်းရှိကုန်သော၊လ၊ သင်္ဃကဏ္ဍာနိ၊ အလုံးစုံတခဲနက် မည်းနက်သောအဆင်းရှိကုန်သော။လ၊ သင်္ဃမဟာရဏ်ရတ္တာနိ၊ အလုံးစုံတခဲနက် ကင်းခြေများ ကျောက်ကုန်းအဆင်းရှိကုန်သော။လ၊ သင်္ဃမဟာနာမရဏ်ရတ္တာနိ၊ အလုံးစုံတခဲနက် ဖျော့တော့သောအဆင်းရှိကုန်သော၊လ၊ စီဝရာနိ၊ သင်္ကန်းတို့ကို။ နခာရေတဗ္ဗာနိ၊ မဆောင်အပ်ကုန်။ ယော၊ အကြင်ရဟန်းသည်။ ခာရေယျ၊ ဆောင်ငြားအံ့။ တဿ၊ ထိုရဟန်းအား။ ဒုက္ကဋ္ဌာ၊ ဒုက္ကဋ်ဟုဆိုအပ်သော်။ အာပတ္တိ၊ အာပတ်သည်။ ဟောတိ၊ ဖြစ်၏။ ဤကား ပါဠိတော်အနက်။

ထိုတွင် အောင်မဲညိုပုဉ်အဆင်းသည် ညိုသောအဆင်းမည်၏။ မဟာလှေကာအဆင်း-သည် ရှေသောအဆင်းမည်၏။ လယ်ခေါင်ရန်းပန်းအဆင်းသည် နီသောအဆင်းမည်၏။ အဖြူ အနီစပ်သောအဆင်းသည် မောင်းသောအဆင်းမည်၏။ ပုတီးနက်သီးအဆင်းသည် ရေစွတ်[illegible] ကျီးတောင်အဆင်းသည် နက်သောအဆင်းမည်၏။ ထို့ကြောင့်-

တတ္ထစ နိလကာ ဥမ္မာပုပ္ဖဝဏ္ဏာဟောတိ၊ ပိတကာ ကဏိကာ ရပုပ္ဖဝဏ္ဏာ၊ လော-ဟိတတာ ဇယသုမန ပုပ္ဖဝဏ္ဏာ၊ မဉ္ဇိဋ္ဌကာ မဉ္ဇိဋ္ဌကဝဏ္ဏာဝေ၊ ကဏှာ အဒ္ဒါရိဋ္ဌက-ဝဏ္ဏာ၊ မဟာရဏ်ရတ္တာ သတပဒီပိဋ္ဌဝဏ္ဏာ၊ မဟာနာမရဏ်ရတ္တာ သမ္ဘိန္နဝဏ္ဏာ ပဏ္ဍုပလာသဝဏ္ဏာ)ဟု မဟာဝါစမ္ပက္ခန္ဓက အဋ္ဌကထာ (၃၀၇)၌ မိန့်တော်မူအပ်၏။

တတ္ထစ၊ ထိုအဆင်းတို့ကုဉ်လည်း။ နိလကာ၊ ညိုသောအဆင်းရှိသော ဖိနပ်သည်။ ဥမ္မာ-ပုပ္ဖဝဏ္ဏာ၊ အောင်မဲညိုပုဉ် အဆင်းရှိသည်။ ဟောတိ၊ ဖြစ်၏။ ပိတကာ၊ ရှေသောအဆင်း ရှိသော ဖိနပ်သည်။ ကဏိကာရပုပ္ဖဝဏ္ဏာ၊ မဟာလှေကာအဆင်းရှိသည်။ ဟောတိ၊ ဖြစ်၏။ လောဟိတကာ၊ နီသောအဆင်းရှိသော ဖိနပ်သည်။ ဇယသုမနပုပ္ဖဝဏ္ဏာ၊ လယ်ခေါင်ရန်းပန်း

အဆင်းရှိသည်။ ဟောတိ၊ ဖြစ်၏။ မဉ္ဇိဋ္ဌကာ၊ မောင်းသောအဆင်းရှိသောဖိနပ်သည်။မဉ္ဇိဋ္ဌကဲ့ဝဏ္ဏာဧဝ၊ မောင်းသောအဆင်းရှိသည်သာလျှင်တည်း။ ကဏှာ၊မည်း နက်သော အဆင်းရှိသော ဖိနပ်သည်။ အဒ္ဒါရိဋ္ဌကဝဏ္ဏာ၊ ပုတီးနက်သီးအဆင်းရှိ၏။ ဝါ၊ ရေစုတ်သော ကျီးတောင် အဆင်းရှိ၏။ မဟာရဏ်ရတ္တာ၊ မဟာရဏ်ဆိုးရည်ဖြင့် ဆိုးအပ်သော ဖိနပ်သည်။သတပဒီ ပိဋ္ဌဝဏ္ဏာ၊ ကဲင်းခြေမျှား ကျောက်ကုန်းအဆင်းရှိ၏။ မဟာနာမရဏ်ရတ္တာ၊ မဟာနာမရဏ်မည်သော ဆိုးရည်ဖြင့် ဆိုးအပ်သော ဖိနပ်သည်။ သမ္ဘဏ္ဍဝဏ္ဏာ၊ ရောပြွမ်းသောအ ဆင်းရှိ၏။ ပဏ္ဍုပလာသဝဏ္ဏာ၊ ဖျော့တော့သော ဖက်ရွက်ရော်အဆင်းရှိ၏။ ဤကား အဋ္ဌကထာအနက်။ ဤကား ဖိနပ်နှင့်စပ်သော အရာဋ္ဌာန၌ ဆိုအပ်သော မအပ်သော အရောင်အဆင်းများတည်း။

သင်္ကန်းနှင့်စပ်သော အရောင်အဆင်းဌာနများ၌လည်း ဤနည်းအတူ မှတ်သားရမည်ဟု အဋ္ဌကထာဆရာ မိန့်ကြားတော်မူအပ်သည်၏အဖြစ်ကြောင့် ဖိနပ်၌ မအပ်သော အရောင်အဆင်းသည် သင်္ကန်း၌လည်း မအပ်ဟု မှတ်အပ်၏။

ဤသို့ ဆိုအပ်ခဲ့ပြီးသော ပါဠိတော် အဋ္ဌကထာတို့ကို ထောက်ထား၍ သမဏ သာရုပ္ပဖြစ်သဖြင့် အပ်သောအဆင်း၊ သမဏသာရုပ္ပမဖြစ်သဖြင့် မအပ်သောအဆင်းတို့ကို ပိုင်းခြားဆင်ခြင်ပြီးလျှင် မအပ်သောအဆင်းအရောင်ရှိသော သင်္ကန်းတို့ကို မသုံးဆောင်ပဲ အပ်သော အဆင်းအရောင်ရှိသော သင်္ကန်းတို့ကိုသာ သာသနာထမ်း ရဟန်းပီပီ ဝတ်ရုံသုံးဆောင်အပ်တော့သည် သာတည်း။

ယခုကာလ စရိတ်သက်သာ ကိုယ်သက်သာ၍ ဥစ္စာအိတ်ပြည့်အောင်သာ နှလုံးထားလျက် ဝတ်ရုံသုံးဆောင်သော ရှင် ရဟန်းအများတို့၌ ဘုရားရှင်ဥပဒေ၊ သာသနာတော်အခြေနှင့် ယှဉ်းယှဉ်းပြားပြား အပြစ်များလျက် အလွန်ကြီးမား မြင့်မြတ်သော ဘုရားရှင့် ဓမ္မက္ခန္ဓာရဇန သာသနာတော်ကြီး အပျက်စီးကြီး ပျက်စီး၍ အချီးနှီးကွယ်ပမည်ကို မထောက်ထားပဲ လူတို့၏ပုဆိုးထဘီ၊ အင်္ကျီ၊ တဘက်၊ ခေါင်းပေါင်း၊ ပဝါတို့ကို ဆိုးဖို့အတွက် တိုင်းတပါးမှထွက်သော မအပ်သော ဆိုးဆေးအမျိုးမျိုးတို့ဖြင့် အရောင်အမျိုးမျိုးဖြစ်အောင် သင်္ကန်းကိုဆိုး၍လည်းကောင်း၊ ထိုမအပ်သော ဆိုးဆေးတို့ဖြင့် ဆိုးပြီးဖြစ်သော ပိတ်ဝါ ပိတ်နီတို့ကို မှာထားဝယ်ယူပြီးလျှင် သင်္ကန်းချုပ်လုပ်၍လည်းကောင်း၊ ရောင်းသူကလည်းရောင်း၊ သဒ္ဓါနည်းပါးသောရဟန်း သာမဏေများကလည်း အပ် မအပ် ဆိုးရည်ရောင်နှင့်စပ်သော အရပ်ရပ်စကားကို နှလုံးမသွင်းကြပဲ အရောင်အဆင်း၌လျှပ်ပေါ်၍ ရဟန်းတော် သာမဏေများနှင့် မသင့်၊ သာရုပ္ပမဖြစ်သော မဟာလေ့ကားပန်းအသွေး၊ လယ်ခေါင်ရန်းအသွေး အစရှိကုန်သော အဆင်းအရောင် အမျိုးမျိုးကုန်သော သင်္ကန်းတို့ကို သုံးဆောင်သူကလည်း သုံးဆောင်သည့်ပြင် အချို့ရဟန်းငယ်၊ရှင်ငယ်များကလည်း မိမိတို့ကိုယ်တိုင် ပြောကြားမှာထား၍ ဝတ်ရုံသုံးဆောင်ကြကုန်သေး၏။ ထိုသို့ရောင်းသူရော ဝယ်သူပါ တကာနှင့်ဆရာတို့သည် သာသနာ့အရှင် ဘုရားသခင်၏သင်္ကန်းအရာဆိုးရည်နှင့်စပ်သော သာသနာ အရောင်အသွေးနှင့်စပ်သော သာသနာကို မြန်စွာကွယ်ပလွ

အောင် ပြောင်တိုက်ခါ ဖျက်ဆီးကြသည်နှင့် တူလှပေသောကြောင့် သာသနာဖျက်ဘေး မထိ အောင် သတိတရား များများကြီးဆောင်အပ်လှပေသည်။ရဟန်းဟူသည် အရည်အချင်း သီတင်း သီကျွာနှင့် လွန်စွာပြည့်စုံအပ်လှပေတော့သည်။ မိမိတို့သာသနာကို မိမိတို့သည်သာလျှင် ကောင်း စွာ စောင့်ရှောက်အပ်လှပေတော့သည်။ ဤကား သင်္ကန်းအသွေးအရောင်နှင့်စပ်သော မှတ်သား ဖွယ်တည်း။

မအပ်သော ဆိုးရည် အဆင်းနှစ်ရပ်ဖြင့် မအပ်သောသင်္ကန်းများကို ရရှိပါလျှင် ဝတ်ရုံ သုံးဆောင်ခြင်းကို မပြုပဲ စေတီရုပ်ပွား ဗောဓိပင်ဟုဆိုအပ်သော မြင့်မြတ်သောဌာနများ၌ မျက် နှာကြက်၊ထီး တံခွန်၊ အမွှန်အမြတ်ပြုလုပ်လှူဒါန်းလျှင် သံသရာနှုတ်ခမ်းသတ်အောင် တင့်တယ်မြင့် မြတ်သောအကျိုး တန်ခိုးကြီးမားဖို့ ကုသိုလ်တရား တိုးပွားရာသည်။ ထိုသို့ မလှူဒါန်းနိုင်၍ လည်း မိမိကိုယ်တိုင်သုံးဆောင်လိုလျှင် (သဗ္ဗာနိ နိလကာဒိနိ ရင်နှံ ဓောပိတ္တာ ပုနရင်တ္တာ မာရေတဗ္ဗာနိ၊ နသက္ကာ စေ ဟောန္တိ ဓောဝိတုံ၊ ပစ္စတ္ထရဏာနိ ဝါ ကာတဗ္ဗာနိ၊ တိပဋ္ဋ စီဝရဿ ဝါ မဇ္ဈေ ဒါတဗ္ဗာနိ)ဟူသော မဟာဝါ အဋ္ဌကထာ၊ ဝိနယသင်္ဂဟအဋ္ဌကထာ(၃၄၉) တို့ကို လည်းကောင်း (သဗ္ဗနိလကာဒိဝတ္ထွေသု လဒ္ဓေသု ကပ္ပိယရင်နေန ရဇိတ္တာ တံဝဏ္ဏံ ဝိနာသေတ္တာ ဝါ ကပ္ပိယ ဝတ္ထာဒိ ဥတယပသေသသု အလ္လိယာ ပေတ္တာ ပဋိစ္ဆာဒေတ္တာ ဝါ နိဝါသေတုံ ဝဋ္ဋတိတိ အဋ္ဌကထာယံဝုတ္တံ)ဟူသော ဝိနိစ္ဆယ ဋီကာကိုလည်းကောင်းထောက်၍ မအပ်သော ဆိုးရည် အဆင်းတို့ကို ဖုပ်လျော်ပြီးလျှင် အပ်သောဆိုးရည်ဖြင့်ဆိုး၍ ထိုမအပ်သောအဆင်းကို ဖျက်ဆီး ၍လည်းကောင်း၊ ဖုပ်လျော်ခြင်းငှာ မစွမ်းနိုင်လျှင် အိပ်ရာခင်းပြုလုပ်၍လည်းကောင်း၊ သုံးထပ် သင်္ကန်းကြီးအလယ်၌ သွင်း၍လည်းကောင်း ဝတ်ရုံသုံးဆောင်အပ်၏။

သဗ္ဗနိလကာဒိနိ၊ အလုံးစုံညီသောအဆင်းရှိသော သင်္ကန်းစသည်တို့ကို။ရင်နှံ၊ဆိုးရည်ကို။ ဓောဝိတ္တာ၊ ဖုပ်လျော်၍။ ပုန်၊ တဖန်။ ရဇိတ္တာ၊ အပ်သောဆိုးရည်ဖြင့်ဆိုး၍။ဓာရေတဗ္ဗာနိ၊ ဆောင်အပ်ကုန်၏။ ဓောဝိတုံ၊ ဖုပ်လျော်ခြင်းငှာ။ နသက္ကာ၊ မစွမ်းနိုင်ကုန်သည်။ စေဟောန္တိ၊ အကယ်၍ ဖြစ်ကုန်ငြားအံ့။ ပစ္စတ္ထရဏာနိဝါ၊ အိပ်ရာခင်းကိုလည်း။ ကာတဗ္ဗာနိ၊ ပြုအပ်ကုန်၏။ တိပဋ္ဋစီဝရဿ၊ သုံးထပ်သင်္ကန်းကြီး၏။ မဇ္ဈေဝါ၊ အလယ်၌လည်း။ ဒါတဗ္ဗာနိ၊ ထည့်သွင်းအပ် ကုန်၏။ ဤကား အဋ္ဌကထာအနက်။

သဗ္ဗနိလကာဒိဝတ္ထွေသု၊ အလုံးစုံညီသောအဆင်း စသည်ရှိကုန်သော အဝတ်တို့ကို။ လဒ္ဓေသု၊ ရအပ်ကုန်သည်ရှိသော်။ ကပ္ပိယရင်နေန၊ အပ်သောဆိုးရည်ဖြင့်။ ရဇိတ္တာ၊ ဆိုး၍။ တံဝဏ္ဏံ၊ ထိုအဆင်းကို။ ဝိနာသေတ္တာဝါ၊ ဖျက်ဆီး၍လည်းကောင်း။ကပ္ပိယဝတ္ထာဒိ၊ အပ်သော အဝတ်စသည်ကို။ ဥတယပသေသသု၊ နံပါးနှစ်ဘက်တို့၌။ အလ္လိယာပေတ္တာ၊ ငြိကပ်စေ၍။ ပဋိစ္ဆာ ဒေတ္တာဝါ၊ ဖုံးလွှမ်း၍လည်းကောင်း။ နိဝါသေတုံ၊ ဝတ်ခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။ ဣတိ၊ ဤသို့။ အဋ္ဌကထာယံ၊ အဋ္ဌကထာ၌။ ဝုတ္တံ၊ မိန့်ဆိုအပ်၏။ ဤကား ဝိနိစ္ဆယဋီကာအနက်။

အချို့သော အဆုံးအဖြတ်စာတို့၌ တိုင်းတပါးမှထွက်သော ယခုဆိုးဆေးတို့သည် အင်္ဂလန်ကျွန်း၌သာ ပေါက်သည်ဟု သဘော်ကုလားတို့ပြောသော (စီကရာဥ)မှရသော ဆိုးဆေးဖြစ်သောကြောင့် အပ်၏ဟု ဆုံးဖြတ်ကြကုန်၏။ ထိုအဆုံးအဖြတ်စာ၌ လာသော အတိုင်း (စီကရာပင်)သည် အင်္ဂလန်ကျွန်းနှင့်တကွ ကမ္ဘာတဝန်းလုံး၌ မရှိ။ (စီကရာ)ဟူသော စကား ဘာသာသည် အင်္ဂလိပ်စကား၊ အင်္ဂလိပ်ဘာသာလည်း မဟုတ်၊ အင်္ဂလိပ်အဘိဓာန် အစောင်စောင် တို့၌လည်း မလာ။ ထိုသို့ဖြစ်သော်လည်း မိမိတို့သုံးဆောင်မြဲ မော်လမြိုင်သင်္ဘန်းဟု ခေါ်ကြသော ဆေးဆိုးသင်္ဘန် မဲကတ္တီပါ သင်္ကလပ်သင်္ဘန်းတို့ကို အပ်စေလိုသော သဘောအားဖြင့် ပြောကြားသော ပုဂ္ဂိုလ်တို့၏စကားကို ယုံစား၍ ဆုံးဖြတ်အပ်သောကြောင့် အဆက်ဆက်မအပ် သည်ကို အပ်၏ဟု အမှတ်မှားသဖြင့် သုံးဆောင်ဝတ်ရုံသော ပုဂ္ဂိုလ်တို့အားလည်း အပြစ်မလွတ် ကင်း၊ သာသနာတော်လည်း ဆုတ်ယုတ်ခြင်းသာလျှင် ဖြစ်၏။ စင်စစ်သော်ကား ထိုထိုဆိုးဆေး တို့သည် ယခင်ပြဆိုခဲ့သည့်အတိုင်း မြေမှ၊ ကျောက်မှ ရအပ်ကုန်သော ဆေးတို့သာလျှင် ဖြစ် ကုန်၍ မအပ်ဟု မှတ်အပ်သည်သာတည်း။

ထိုသို့ မအပ်သောကြောင့် မန္တလေးရတနာပုံ မြို့တည်နန်းတည် ပဉ္စမသံဂါယနာတင် သာသနာ့ဒါယကာ မင်းတုန်းမင်းတရားကြီးလက်ထက်၌ မင်းတရားကြီးသည် လွန်စွာ လေးစား အားထား ကြည်ညိုအပ်သော သာသနသောဓ်က လင်္ကာပေသလ သိင်္ဂါကာမ ပိဋကတ္တယ ဆေကစသောဂုဏ်တို့နှင့် ပြည့်စုံတော်မူသော အရှင် ရွှေကျင်ဆရာတော်ဘုရားကြီးသည် ပါဠိ အဋ္ဌကထာတို့နှင့်အညီ မအပ်သောဆိုးရည်ရှိသော နွှင်းဆိုး ပေါက်ပွင့်ဆိုး၊ ပိုး၊ ပိတ်နီ၊သင်္ကလပ် သင်္ဘန်း၊ မဟာလှကာ၊ ပန်းထက်မက အရောင်အဆင်းရှိသော ဓဂတ္တိပါသင်္ဘန်းတို့ကို ဝတ်ရုံမိ သည်ဖြစ်အံ့၊ ဝတ်ရုံတိုင်း ဝတ်ရုံတိုင်း၊ ထိုသင်္ဘန်းကိုပြင်ဆင်၍ ဝတ်တိုင်း ရုံတိုင်း ဝတ်ရုံတိုင်း ဒုက္ကဋ်အာပတ် များစွာသင့်သည်။ ထိုအမှုကို ထိုပုဂ္ဂိုလ် မရှောင်ကြဉ်သရွေ့ ကာလပတ်လုံး ထို သင်္ဘန်းရုံ အလင်္ကာအမှုမှ အချင်းခပ်သိမ်း မထနိုင်ဟု ဩဝါဒအာမိန့်တော်ကို ထုတ်ဖော်ပို့ချ နှံ့စေ၍ တားမြစ်တော်မူသည်။

အောက်ရာမညတိုင်းကြီး၌လည်း ဂိုဏ်းသီးထောင်တည် သာသနာ့အမှောင်ကို ဖြည်နိုင် သော လင်္ကာ သီလဓန် ပညာဝန် ဝိမုံရှ အရှင်အုတ်ဖိုဆရာတော်ဘုရားကြီးသည်ကျွဲကဲ့သို့သော သာသနာ့အညစ်အကြေးတို့ကို ဆေးကြောသုတ်သင် ထုတ်နှုတ်ဟန့်တားတော်မူရသည်။ ထိုဆရာ တော်ဘုရားကြီးများကဲ့သို့ သာသနာတော်ကို ကြည်ညိုချစ်ခင်ကုန်သော ထက် အောက်နှစ်ခွင် သာသနာပူအရှင် သခင်တို့သည် ကျွဲကဲ့သို့ မအပ် မစပ်သည်တို့ကို တင်းတင်းကျပ်ကျပ် မြစ်တား ဆုံးမ ဩဝါဒပေးကြကုန်သဖြင့် တစတစ ဖန်ရေညှစ်စန်းသောသင်္ဘန်းဆောင်တိုဖြင့် တောက် ပြောင်လာသော မြန်မာပြည်ကြီးသည် ယခုအခါ ဘုရား ပစ္စေကဗုဒ္ဓါ အရိယာ သူတော်ကောင်းတို့နှင့် အလောင်းအလျာတို့၏ သုံးဆောင်တော်မူမြဲဖြစ်သော သမဏသာရုပ္ပ ကာသာဇ ဖန်ရည်ရောင်သည် မပြောင်မှိန်မှေး မအပ်သေ ဆိုးဆေး၊ မအပ်သော အရောင်အသွေးတို့ဖြင့် တောက်ပ၍နေသည်ကိုထောက်သော် မကြာမီပင် မြန်မာတို့ရပ်ခွင်၌ ဆိုးရည်နှင့်လည်းကောင်း၊ သင်္ဘန်းအရောင်အသွေးနှင့်လည်းကောင်း စပ်သောသာသနာတော်ကြီးသည်ပျက်စီးကွယ်ပျောက် ရတော့အံ့တကားဟု သတိသံဝေဂတရားဖြစ်ကြစရာ အလွန်ကောင်းလှပေသည်။

သိက္ခာပုဒ်သည် လောကဝဇ္ဇ၊ ပဏ္ဏတ္တိဝဇ္ဇဟူ၍ ၂-မျိုးရှိ၏။ ထိုတွင် သစိတ္တကပက္ခ၌၊ အကုသိုလ် မြဲသော သိက္ခာပုဒ်သည် လောကဝဇ္ဇသိက္ခာပုဒ်မည်၏။ မမြဲသော သိက္ခာပုဒ်သည် ပဏ္ဏတ္တိဝိဇ္ဇသိက္ခာပုဒ်မည်၏။

လောကဝဇ္ဇသိက္ခာပုဒ်သည်လည်း သစိတ္တာ၊အစိတ္တကဟူ၍ ၂မျိုးရှိ၏။ ထိုတွင် ပထမပါရာဇိက စသောသိက္ခာပုဒ်သည် သစိတ္တက လောကဝဇ္ဇသိက္ခာပုဒ်မည်၏။သုရာပါနစသော သိက္ခာပုဒ်သည် အစိတ္တက လောကဝဇ္ဇ သိက္ခာပုဒ်မည်၏။ ပဏ္ဏတ္တိဝဇ္ဇသိက္ခာပုဒ်သည်လည်း သစိတ္တက အစိတ္တက ဟူ၍ ၂မျိုးရှိ၏။ ထိုတွင် ဥန ၀ီသတိဝဿ စသောသိက္ခာပုဒ်သည် အစိတ္တက ပဏ္ဏတ္တိဝဇ္ဇ သိက္ခာပုဒ်မည်၏။ ပထမကထိန စသော သိက္ခာပုဒ်သည် အစိတ္တက ပဏ္ဏတ္တိဝဇ္ဇ သိက္ခာပုဒ်မည်၏။

ကထိန်နှင့်စပ်သောသိက္ခာပုဒ်သည်-

ပဏ္ဏတ္တိကောသုဥဒ္ဒိဿ၊ ကတံ ဟိတ္ဝာဉ္စ မံသကံ။
ကေတ္တရဏ ပါဝု ရဏ်ံ၊ ကေမဉ္ဇေတုဝဋ္ဋနံ။
ကေတော ဘဉ္ဇနဉ္စာပိ၊ နစ္စဂီတာဒိသတ္တပိ။
အကာယ ဗန္ဓနဉ္စာပိ၊ ပတ္တတတ္ထ ကဝါဋကံ။
အစိတ္တံကမိဒံ သဗ္ဗံ၊ သေသမေတ္ထ သစိတ္တကံ

ဟူသော မူလသိက္ခာကို ထောက်၍၊ သစိတ္တကသိက္ခာပုဒ်မည်၏။

ပကိဏ္ဏကောသု၊ ပကိဏ္ဏကသိက္ခာပုဒ်တို့တွင်။ ဥဒ္ဒိဿကတံ၊ ရည်ညွှန်း၍ ပြုအပ်သော အသားကိုစားခြင်းကြောင့် သင့်သောသိက္ခာပုဒ်ကို။ ဟိတ္ဝာ၊ ကြဉ်ထား၍။ အညမံသကဉ္စ၊ တပါးသောအကပ်ယအသားကို စားခြင်းကြောင့် သင့်သောသိက္ခာပုဒ် လည်းကောင်း။ ကေတ္တရဏ ပါဝုရဏဉ္စ၊ ရဟန်း-၂ပါး တဆည်တည်းခင်း၍ တဆည်တည်း ရုံလျက်အိပ်ခြင်းကြောင့် သင့်သော သိက္ခာပုဒ်လည်းကောင်း။ ကေမဉ္ဇေ၊ တခု တည်းသောညောင်စောင်း၌။ တုဝဋ္ဋနဉ္စ၊ ရဟန်း-၂ပါး အာဘူအိပ်ခြင်းကြောင့် သင့်သော သိက္ခာပုဒ် လည်းကောင်း။ ကေတော ဘဉ္ဇနဉ္စာပိ၊ တပြိုင်နက် တခွက်တည်း၌ ရဟန်း၂-ပါး အာဘူစားခြင်းကြောင့် သင့်သောသိက္ခာပုဒ်လည်းကောင်း။ နစ္စ ဂီတာဒိ သတ္တပိ၊ ကခြင်း သီခြင်းအစရှိသော ခုနစ်ပါးသော သိက္ခာပုဒ်တို့ လည်းကောင်း။ သ ကာယဗန္ဓနဉ္စာပိ၊ ခါးပန်းမဖွဲ့မူ၍ ရှာတွင်းသို့ ဝင်ခြင်းကြောင့် သင့်သော သိက္ခာပုဒ် လည်းကောင်း။ ပတ္တာဟတ္ထကဝါဋကဉ္စ၊ သပိတ် လက်စွဲလျက်၊ တံခါး

ရွက်ကို တွန်းဖွင့်ခြင်းကြောင့် သင့်သော သိက္ခာပုဒ်လည်းကောင်း။ ဣဒံသစ္စံ၊ ဤအလုံးစုံသော သိက္ခာပုဒ်သည်။ အစိတ္တကံ၊ အစိတ္တက သိက္ခာမည်၏။ သေသံ၊ ကြွင်းသော သိက္ခာပုဒ်သည်။ ဇတ္ထ၊ ဤပကိဏ္ဏကဋ္ဌ၊ သစိတ္တကံ၊ သစိတ္တက သိက္ခာပုဒ်မည်၏။ ဤကားအနက်။

တိုသစိတ္တကသည်လည်း သစိတ္တကန္တိ ဝတ္ထုဇာနန စိတ္တန ပဏ္ဏတ္တိဇာနနစိတ္တနစ သစိတ္တကံ)ဟူသော ဝိနယတ္ထမဉ္ဇုသာဒီကာနှင့် အညီ ဝတ္ထုကိုသိသောစိတ်ဖြင့် ရောက်အပ်သော သစိတ္တက၊ ပညတ်ကိုသိသောစိတ်ဖြင့်ရောက်အပ်သော သစိတ္တကဟု၍ ၂မျိုးရှိ၏။ ထို၂မျိုးတို့တွင် ဆိုးရည်အာဆင်း နှစ်ပါးစုံမအပ်ဟူသော ပညတ်ကို မသိသော်လည်း (သစိတ္တကာနိတိ စာရိဟိ အာဒိနာ ဝတ္ထုံဇာနိတွာ ကရဏေယေဝ အာပတ္တိ သမ္ဘဝတော သစိတ္တကာနိ)ဟူသော ဝိနယတ္ထမဉ္ဇုသာဒီကာကို ထောက်၍ ဆေးကိုလည်းကောင်း၊ အဆောင်ကိုလည်းကောင်း သိ၍ သုံးဆောင်ခြင်းဖြင့် ဝတ္ထုကို လွန်ကျူးရာရောက်၏။ အကယ်၍ပညတ်တော်သိလျက် အနာဒရိယ (မရိုသေသော) စိတ်ဖြင့် လွန်ကျူးအံ့။ (ယသ္မာ အနာဒရိယ ဓသေနေဝ အာပတ္တိတဗ္ဗ-တော၊ ဣဒံသစ္စံ ကေဝလံ အကုသလမေဝ) ဟူသော ယင်းဋီကာကို ထောက်၍ အနာဒရိယစိတ်မည်သည် ဒေါမနဿပဋိဃနှင့်ယှဉ်သော အကုသိုလ်စိတ်ဖြစ်သောကြောင့် ပဏ္ဏတ္တိဝဇ္ဇပဉ်ဖြစ်လင့်ကစား အပါယ်သို့ ပို့ဆောင် တတ်သော တရားဖြစ်၍ များများကြီး သတိထားအပ်တော့သည်သာတည်း။

ဤကား သက်နှင့်စပ်သော စီဝရဒိဝိနိစ္ဆယ အပြီးတည်း။

၂-ဥပါဟန ဝိနိစ္ဆယ

ဖိနပ်နှင့်စပ်၍ အပ်မအပ်ကို ဖိနပ်အလှာခုံ၊ ဖိနပ်သည်းကြိုး၊ ဖိနပ်အရောင်အသွေး၊ သည်းကြိုးအရောင်အသွေးတို့နှင့် စပ်၍ ဆုံးဖြတ်အပ်၏။

ထိုတွင် ဖိနပ်အလှာခုံ၌ အခါတပါး ရာဇဂို့ဟ်ပြည်၌ မြတ်စွာဘုရား သီဘင်းသုံးတော်မူသောအခါ စကြံခေါ်လျှောက်၍ တရားအာလုနန်းစားထုတ်ခဲသော အရှင်ဆောဏ၏ ခြေတို့သည် ကွဲ၍၊ ကွဲရာဘို့မှ သွေးယိုသဖြင့် စကြံအရပ်သည် နွားဆင်ရာဌာနကဲ့သို့ ဖြစ်သည်၏အဖြစ်ကို မြင်တော်မူလေသော် ထိုအရှင်ဆောဏကို အခေါ်ကြောင်းပြု၍၊

အနုဇာနာမိ ဘိက္ခဝေ ဥပါဟနံ၊ နဘိက္ခဝေ ဒိဂုဏာ ဥပါဟနာဓာရေတဗ္ဗာ၊ န တိဂုဏာ ဥပါဟနာ ဓာရေတဗ္ဗာ၊ နဂုဏဂုံဏုပါဟနာ၊ ဓာရေတဗ္ဗာ၊ ယောဓာရေယျ အာပတ္တိ ဒုက္ကဋဿ) ဟု ခွင့်ပြုတော်မူသည်။ မဟာဝါပါဠိတော်(၂၂၇)။

ဘိက္ခဝေ၊ ရဟန်းတို့။ ကေပလာသိကံ၊ တထပ် တလ္ဘာရှိသော။ ဥပါဟနံ၊ ဖိနပ်ကို။ အနုဇာနာမိ၊ ခွင့်ပြုတော်မူ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဒိဂုဏာ၊ နှစ်ထပ်နှစ်လှာရှိသော။ ဥပါဟနာ၊ ဖိနပ်ကို။ နဓာရေတဗ္ဗာ။ မဆောင်အပ်။ တိဂုဏာ၊ သုံးထပ်သုံးလှာရှိသော။ ဥပါဟနာ၊ဖိနပ်ကို။ နဓာရေတဗ္ဗာ၊ မဆောင်အပ်။ ဂုဏဂုံဏုပါဟနာ၊ လေးထပ်လေးလှာမှစ၍ များသောအထပ် အလှာရှိသော။ ဥပါဟနာ၊ ဖိနပ်ကို။ နဓာရေတဗ္ဗာ၊ မဆောင်အပ်။ ယော၊ အကြောင်းရဟန်းသည်။ ဓာရေယျ၊ ဆောင်ငြားအံ့။ တဿ၊ ထိုရဟန်းအား။ ဒုက္ကဋ္ဌဿ၊ ဒုက္ကဋ်အာပတ်သို့။ အာပတ္တိ-အာပဇ္ဇနံ၊ ရောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဤကား ပါဠိတော်အနက်။

ဤပါဠိတော်၌ တထပ်တလ္ဘာရှိသော ဖိနပ်ကို (ကေပလာသိက)၊ နှစ်ထပ်နှစ်လှာရှိသော ဖိနပ်ကို၊ (ဒိဂုဏ)။ သုံးထပ်သုံးလှာရှိသော ဖိနပ်ကို၊ (တိဂုဏ)၊ လေးလှာလေးထပ်မှစ၍ များသော အထပ်အလှာရှိသော ဖိနပ်ကို (ဂုဏဂုံဏုပါဟန)မည်၏ဟုမှတ်အပ်၏။ ထို့ကြောင့် (ဒိဂုဏာတိဒ္ဓိပဋ္ဌလာ၊ တိဂုဏာတိ တိပဋ္ဌလာ၊ ဂုဏဂုံဏုပါဟနာတိ စတုပဋ္ဌလတော ပဋ္ဌာယ ဝုစ္စတိ)ဟု ယင်းအဋ္ဌကထာ (၃၀၆)၌ မိန့်တော်မူ၏။

ဒိဂုဏာတိ၊ ဒိဂုဏာဟူသည်ကား။ ဒ္ဝိပဋ္ဌလာ၊ နှစ်ဆပ်နှစ်လှာရှိသော ဖိနပ်တည်း။ တိဂုဏာတိ၊ တိဂုဏာဟူသည်ကား။ တိပဋ္ဌလာ၊ သုံးထပ်သုံးလှာရှိသော ဖိနပ်တည်း။ ဂီဏဂုံဏုပါဟနာတိ၊ ဂုဏဂုံဏုပါဟနာဟူသည်ကား။ စတုပဋ္ဌာလတော၊ လေးထပ်လေးလှာမှ။ ပဋ္ဌာယ၊ စ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဤကားအဋ္ဌကထာအနက်။

ဤပါဠိတော် အဋ္ဌကထာကိုထောက်၍၊ တထပ်တလှာရှိသော ဖိနပ်ကို ခွင့်ပြုတော်မူ၍ နှစ်ထပ်နှစ်လှာ၊ သုံးထပ်သုံးလှာ၊ လေးထပ်လေးလှာမှစ၍ များသောအထပ်အလှာရှိသော ဖိနပ်တို့ကို ရှေးဦးစွာ ပယ်မြစ်၍ မည်သည့်အရပ်၌မျှ ခွင့်ပြုတော်မမူအပ်သည့်အဖြစ်ကို သိအပ်၏။

ထိုသို့ ရှေးဦးပထမ ပညတ်တော်မူပြီးသည်နောက်၊ အရှင်မဟာ ကစ္စည်းမထေရ်သည် အဝန္တိတိုင်း၌ သီတင်းသုံးတော်မူစဉ် သဒ္ဓိဝိဟာရိက တပည့်ရင်းအရှင်သောဏကို မြတ်စွာဘုရားထံ လွှတ်တော်မူ၍-

(၁) အရှင်ဘုရား-အဝန္တိတိုင်း ဒက္ခိဏာပထတိုင်းသည် နည်းသောရဟန်းရှိသည်ဖြစ်၍ အဝန္တိ-ဒက္ခိဏာပထတိုင်းတို့၌ (၁၀) ပါးအောက်ယုတ်သော ဂိုဏ်းသံဃာဖြင့် ရဟန်းအဖြစ်ကို ခွင့်ပြုတော်မူပါ။

(၂) အရှင်ဘုရား-အဝန္တိ ဒက္ခိဏာပထတိုင်းဌ် မည်းနက်သောမြေတို့ဖြင့် စုံနှံစုံနှံတက်သည် ဖြစ်သောကြောင့်လည်းကောင်း၊ (တနည်း) အထက်သို့ စုံနှံစုံနှံတက်သော မည်းနက်သော မြေရှိသောကြောင့်လည်းကောင်း၊ နွားကိုနင်းသောခွာဖြင့် ထက်သောဆူးနှင့်တူသော မြေတို့ဖြင့် ခတ်ကုန်သောကြောင့်လည်းကောင်း မြေကြမ်းသည်ဖြစ်၍ အထပ်ထပ်အလှာလှာရှိသော ဖိနပ်ကို ခွင့်ပြုတော်မူပါ။

(၃) အရှင်ဘုရား-အဝန္တိဒက္ခိဏာပထတိုင်းဌ် လူတို့သည် ရေချိုးခြင်းကို အလေ့ပြုကြကုန်၏။ ရေဖြင့်စင်ကြယ်ကြကုန်သည်ဖြစ်၍ အမြဲရေချိုးခြင်းကို ခွင့်ပြုတော်မူပါ။

(၄) အရှင်ဘုရား-အဝန္တိဒက္ခိဏာပထတိုင်းဌ် မဇ္ဈိမအရပ်ဝယ် ပြိတ်မြက်၊ မြားမြက်၊ သင်ပိတ်တည်းမြက်တို့ဖြင့် ရက်လုပ်အပ်သော ဖျာကိုခင်းကုန်သကဲ့သို့ ဆိတ်ကုလားရေ၊ ဆိတ်မြန်မာရေ၊ သားသမင်ရေတို့ကို ခင်းကြကုန်သည်ဖြစ်၍ အဝန္တိဒက္ခိဏာပထတိုင်းဌ် သားရေအခင်းတို့ကို ခွင့်ပြုတော်မူပါ။

(၅) အရှင်ဘုရား-ယခုအခါဌ် သိမ်ပသို့သွားကုန်သော ရဟန်းတို့အား ဒါယကာတို့သည် သင်္ဃန်းကို လှူကြပါကုန်၏။ ထိုသို့ ဒါယကာတို့ လှူသည်၏အဖြစ်ကို သိတင်းသုံးဖော်တို့က ပြောကြားသော်လည်း မအပ်ဟု နှုတ်ဆွံ့အကုန်၍ မသာယာကြပါကုန်သဖြင့် သင်္ဃန်းဌ် အပ်သော ပရိယာယ်ကို မိန့်ကြားတော်မူပါဟု မြတ်စွာဘုရားအား ခွင့်တောင်းသောအခါ တောင်းသောအတိုင်း-

(အနုဇာနာမိ ဘိက္ခဝေ၊ သင္ဃပစ္ဆိန္တိမေသု ဇနပဒေသု ဂုဏဂုံဏုပါဟနံ)ဟု မဟာဝါပါဠိတော်(၂၄၀)ဌ် ပစ္ဆိန္တိမအရပ်ဌ် အထပ်ထပ်အလှာလှာသော ဖိနပ်ကို ခွင့်ပြုတော်မူ၏။ နှစ်ထပ်သုံးထပ် ဖိနပ်တို့သည်လည်း ဂုဏဂုံဏုပါဟန အန္တောဂတဖြစ်၍ ပစ္ဆိန္တိမဌ် ခွင့်ပြုတော်မူအပ်သည်၏အဖြစ်ကို သိအပ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ သင္ဃပစ္ဆိန္တိမေသု၊ အလုံးစုံတို့၏အစွန်ဖြစ်ကုန်သော။ ဇနပဒေသု၊ ဇနပုဒ်တို့ဌ်။ ဂုဏဂ်ုံဏုပါဟနံ၊ အထပ်ထပ် အလှာလှာရှိသော ဖိနပ်ကို။ အနုဇာနာမိ၊ ခွင့်ပြုတော်မူ၏။

မဇ္ဈိမဒေသအရပ်ဌ်ကား ခြေကွဲ၍ လမ်းမသွားနိုင်သော ရဟန်းတပါးကို အကြောင်းပြု၍ မဟာဝါ ဓမ္မက္ခန္ဓကပါဠိတော်(၂၂၉)ဌ်-

အနုဇာနာမိ ဘိက္ခဝေ ဩမက္ကံ ဂုဏ်ဂုဏ္ဍုပါဟနံ၊ န ဘိက္ခဝေ နဝါ ဂုဏ်ဂုဏ္ဍုပါဟာနာ ဓာရေတဗ္ဗာ ယော ဓာရေယျ အာပတ္တိဒုက္ကဋဿ ဟုအဟောင်း ဖြစ်သော အထပ်အလှာများစွာရှိသော ဖိနပ်ကို ခွင့်ပြုတော်မူ၍ အသစ်ကို မြစ် တော်မူအပ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဩမက္ကံ၊ စီး၍ ချုတ်အပ်ပြီးသဲ့။ဝါ၊ အဟောင်း ဖြစ်သော။ ဂုဏ်ဂုဏ္ဍုပါဟနံ၊ အထပ်ထပ်အလှာလှာရှိသော ဖိနပ်ကို။ အနုဇာနာမိ၊ ခွင့်ပြုတော်မူအပ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ နဝါ၊ အသစ်ဖြစ်သော။ ဂုဏ်ဂုဏ္ဍုပါဟနာ၊ အထပ်ထပ်အလှာလှာ ရှိသော ဖိနပ်ကို။ နဓာရေတဗ္ဗာ၊ မစီးအပ်။ ယော၊ အကြင်ရဟန်းသည်။ ဓာရေယျ၊ စီးငြား အံ့။ ဒုက္ကဋ္ဌဿ၊ ဒုက္ကဋ်အာပတ်သို့။ အာပတ္တိအပဇ္ဇနံ၊ ရောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဤကား မဟာဝဂ်ပါဠိတော်အနက်။

ဤဖိနပ်နှင့်စပ်သော ပညတ်သုံးပါးကို နှိုးနှောလျှင် မဇ္ဈိမဒေသ၌ အထပ်အလှာ များစွာရှိသော ဖိနပ်ကို ဟောင်းမှ စီးအပ်၏။ အသစ်ဖြစ်လျှင် မစီးအပ်။ ပစ္စန္တရာဇ်ဒေသ အရပ်၌ ကား အဟောင်း အသစ် ၂-ပါးကိုပင် စီးအပ်၏။ တထပ်တလှာကဲ့ကား မဇ္ဈိမဒေသ ပစ္စန္တဒေသ ဌာန် ၂-ပါးတို့၌ပင် အဟောင်းအသစ် ၂-ရပ်ကို စီးအပ်၏ဟု မှတ်အပ်၏။ ထို့ကြောင့်။

အနုဇာနာမိ ဘိက္ခဝေ သဗ္ဗပစ္စန္တိမေသု ဇနပဒေသု ဂုဏ်ဂုဏ္ဍုပါဟနံ် ဝစန တော ပစ္စန္တိမေသု ဇနပဒေသု ဂုဏ်ဂုဏ္ဍုပါဟာနာ နဝါ ဝါ ဟောတု ပရိဘုတ္တာ ဝါ ဝဋ္ဋတိ၊ မဇ္ဈိမဒေသေပန အနုဇာနာမိ ဘိက္ခဝေ ဩမက္ကံ ဂုဏ်ဂုဏ္ဍုပါဟနံ နဘိက္ခဝေ နဝါ ဂုဏ်ဂုဏ္ဍုပါဟနာ ဓာရေတဗ္ဗာ၊ ယော ဓာရေယျ အာပတ္တိ ဒုက္ကဋ္ဌဿာတိ ဝစနတော ပဋိမုစ္စိတ္ဝာ အပနီတာ ပရိဘုဇ္ဇာယေဝ ဂုဏ်ဂုဏ္ဍုပါဟနာ ဝဋ္ဋတိ၊ အပရိဘုတ္တာ ပဋိက္ခိတ္တာယေဝ ကေပဋ္ဌလာ ပန ပရိဘုတ္တာဝါ ဟောတု အပရိဘုတ္တာဝါ သဗ္ဗထာ ဝဋ္ဋတိဟု ဝိနယ၊ သင်္ဃအဋ္ဌကထာ(၃၀၀)၌ မိန့်တော်မူအပ်၏။ (အနက်ကား သိသာပြီ)။

နှစ်ထပ် နှစ်လှာ၊ သုံးထပ်သုံးလှာ ဖိနပ်တို့ကို မဇ္ဈိမဒေသ၌ အထူးပညတ်သော်လည်း ဂုဏ်ဂုဏ္ဍုပါဟန အန္တောဂဓတဖြစ်၍ မဇ္ဈိမဒေသ၌ ဟောင်းမှ စီးအပ်၏ဟု မှတ်အပ်၏။ ဤကား ပဒေသပညတ်၊ ဖိနပ်အလှာနှင့်စပ်၍ မှတ်သားဖွယ်တည်း။

၁၆-ဤပဒေသပညတ်အရာဝယ် ဆိုအပ်သော ဖိနပ်တို့၌ ၊လူရေကိုထား၍ အမှတ်မရှိ တခုခုသော သားရေဖြင့် ပြုအပ်သော ဖိနပ်သာအပ်၏။ ထို့ကြောင့်-

ဝတ္ထ စ ပန မနုဿစမ္မံ ဌပေတ္ဝာ ယေန ကေနစိ စမ္မေန ကတာ ဥပါဟနာ ဝဋ္ဋတိဟု ဝိနယသင်္ဃ အဋ္ဌကထာ (၃၀၀)၌ မိန့်အပ်၏။

စ၊ ဆက်၍ဆိုဦးအံ့။ ဝတ္ထ၊ ဤဖိနပ်တို့၌။ မနုဿစမ္မံ၊ လူရေကို။ ဌပေတ္ဝာ၊ ထား၍၊ ယေနကေနစိ စမ္မေန၊ အမှတ်မရှိ တခုခုသော သားရေဖြင့်။ ကတာ၊ ပြုအပ်သော။ ဥပါဟနာ၊ ဖိနပ်သည်။ ဝဋ္ဋတိ၊ အပ်၏။ မဟာဝါ အဋ္ဌကထာ၌လည်း။

ခေဖာဟိကာရုံ ၈၇ (စမ္မဒါန)။

ကုဏ်ဂုဏ္ဍုပါဟာနင်္ဂိတ္ထေ မနုဿစမ္မံ ဌပေတွာ ယေနကေနစိ စမ္မေန ဥပါဟနာ ဝဠှတိ ဟူ၍ မိန့်တော်မူအပ်၏။ (အနက်-ရှေးနှင့်မထူးပြီ။)

ဤမဟာဝဂါ အဋ္ဌကထာ၌ ယေန ကေနစိ စမ္မေန ဟူသော ဘေဒက ဝိသေသစကားကို ကုဏ်ဂုဏ္ဍုပါဟနအရာ၌ မိန့်အပ်သောကြောင့် လေးထပ် ငါးထပ်စသော အထပ်အလှာ များစွာရှိသော ဖိနပ်ကိုလည်း အထပ်ရှိသမျှ သားရေနှင့် ပြုလုပ်မှသာ စီးခြင်းငှာအပ်၏။ သားရေတို့ဖြင့်သာ မပြုလုပ်အပ်ပဲ သားရေအထပ်တို့၏ အကြားသို့ ဝါးဖတ် စက္ကူစသည်ကို သွင်းညှပ်၍လည်းကောင်း၊ ထပ်၍လည်းကောင်း၊ ယခုကာလ အသစ်အဆန်းပေါ်သော ရော်ဘာခံ၍လည်းကောင်း ပြုလုပ်အပ်သော ဖိနပ်တို့သည် မအပ်ကုန်သည်သာတည်းဟူသော နိဝတ္ထောဝေဗ္ဘ-ဗျတိစာရ အနက်ကို ရအပ်၏။ (တနည်းလည်း) ဝါးဖတ်ဖြင့်ပြုလုပ်အပ်သော ဖိနပ်သည် ဓေလုပတ္ထပါဒုကအား လျော်၏။ စက္ကူဖြင့် ပြုလုပ်အပ်သော ဖိနပ်သည် တိဏပါဒုက၊ ကဋ္ဌပါဒုက စသည်အား လျော်၏။ ရော်ဘာစသည်တို့ကို ခုံမြင့်မြင့်ခံ၍ ပြုလုပ်အပ်သော ဖိနပ်သည် ကဋ္ဌပါဒုကအား လျော်၏။ ရော်ဘာသည် သစ်ပင်မှရအပ်သော ဝတ္ထုဖြစ်သောကြောင့်တည်း။

၁၇-အရပ်ဒေသအား လျော်စွာ ပြုလုပ်အပ်သောခုံမြင့် ခုံဖိနပ်စသော ဖိနပ်အထူးသည် ပါဒုက မည်၏ဟု မှတ်အပ်၏။ ထိုကြောင့်-

တဿ ဥပါဟနဿ ဘေဒါ ဝိသေသာ ပါဒုကာနာမ ဗဟုပဋ္ဌလာ စမ္မမယာ ကဋ္ဌမယာ တေ့ကေ-ဟု-

အဘိဓာနပ္ပဒီပိကာဋီကာ (၅၂၅)၌ မိန့်အပ်၏။ ဤ၌ စမ္မမယာ၊ ကဋ္ဌမယာ ဟူသောစကားသည်မနှံ့တော်။ ကပ္ပဒုမဋီကား "စမ္မာဒိနိမ္မိတာ ပါဒတ္ထာဒနာ"ဟု ဆို၏။ ထိုစကားသည်-နှံ့၏။

ထိုသို့-ပါဒုကအား လျော်သောကြောင့် လည်းကောင်း၊ ပါဒုကတို့တွင်လည်း မြေ၌ တည်၍ မတုန်မလှုပ် မပြောင်းမရွေ့အပ်သော ကျင်ကြီးစွန့်ရာ၌ နင်းအပ်သော ဝစ္စပါဒုက ကျင်ငယ်စွန့်ရာ၌ နင်းအပ်သော ပဿာဝပါဒုက သန့်သက်ရာ၌ နင်းအပ်သော အာစာမန ပါဒုကဟု-ဆိုအပ်သော ပါဒုကသုံးမျိုးကိုသာ ခွင့်ပြုတော်မူ၍-

နဘိက္ခဝေ သက်မနိယာ ပါဒုကာ ဓာရေတဗ္ဗာ၊ ယော ဓာရေယျ အာပတ္တိ ဒုက္ကဋဿာ ဟု-

သက်မနိယ ပါဒုကကို မြစ်တော်မူအပ်သောကြောင့် လည်းကောင်း။ ထိုမအပ်ကုန်သော ဖိနပ်ခြေနင်းတို့ကို စီး၍ သွားကုန်သော ရဟန်းတို့အား စီးတိုင်း စီးတိုင်း ဒုက္ကဋ်အာပတ်မှ မလွတ်မကင်းနိုင်သည်ဖြစ်၍ ဘိုရားသားစစ် သီလချစ်၍ အနှစ်စုပေါင်း ရဟန်းကောင်း ရဟန်း

မြတ်တို့သည် ထို မဟာသော ရောဘာခံစသော ဖိနပ်တို့ကို မစီးမနင်းပဲ အမြဲရှောင်အပ်တော့သည်သာတည်း။ ဤကား ဖိနပ်နှင့်စပ်၍ မှတ်သားဖွယ်တည်း။

၁၈-သည်းကြိုးနှင့် စပ်၍ကား ဤသို့ မှတ်သားအပ်၏။ သားရေဖြင့် ပြုလုပ်၍ အပ်သောခုံပင် ဖြစ်သင့်ကစား သည်းကြိုး အဖုံးစသည်ကို မကောင်းသဖြင့် ထားအပ်တပ်အပ်သော ဖိနပ်ကိုလည်း မသုံးဆောင်အပ်။ ထို့ကြောင့်။

နဘိက္ခဝေ ခလ္လဗဒ္ဓါ ဥပါဟနာ ဓာရေတဗ္ဗာ၊ နပဋ္ဋဗဒ္ဓါ ဥပါဟနာ ဓာရေတဗ္ဗာ၊ နပါလိဂုဏ္ဍိမာ ဥပါဟနာ ဓာရေတဗ္ဗာ၊ နဟူလ ပုဏ္ဍကာ ဥပါဟနာ ဓာရေတဗ္ဗာ၊ နတိတ္တိရပတ္တိကာ ဥပါဟနာ ဓာရေတဗ္ဗာ၊ နမေဏ္ဍ ဝိသာဏ ဝဒ္ဓိကာ ဥပါဟနာ ဓာရေတဗ္ဗာ၊ နအဇဝိသာဏ ဝဒ္ဓိကာ ဥပါဟနာ ဓာရေတဗ္ဗာ၊ နဝိစ္ဆိကာဝလိကာ ဥပါဟနာ ဓာရေတဗ္ဗာ၊ နမောရပိဉ္ဆ ပရိသိဗ္ဘိကာ ဥပါဟနာ ဓာရေတဗ္ဗာ၊ နစိတြာ ဥပါဟနာ ဓာရေတဗ္ဗာ၊ ယောဓာရေယျ အာပတ္တိ ဒုက္ကဋဿာဟု မဟာဝါပါဠိတော် (၂၂၈) ၌ ဟောတော်မူအပ်၏။

ဘိက္ခဝေ၊ ရဟန်းတို့၊ ခလ္လဗဒ္ဓါ ဥပါဟနာ၊ ဖနောင့်ဖုံးတပ်သော နောက်ပိတ် ဖိနပ်ကို။ နဓာရေတဗ္ဗာ၊ မစီးအပ်။ ပဋ္ဋဗဒ္ဓါ ဥပါဟနာ၊ သလုံးဖုံးတပ်သော ဘွတ်ဖိနပ်ကို။ပ။ ပါလိဂုဏ္ဍိမာ ဥပါဟနာ၊ ဖမိုးဖုံးတပ်သော ရွှေထိုးဖိနပ်ကို။ပ။ တူလပုဏ္ဍိကာ ဥပါဟနာ၊ လဲဖုံးသွတ်သော ဖိနပ်ကို။ပ။ တိတ္တိရပတ္တိကာ ဥပါဟနာ၊ ခါတောင်ကဲ့သို့ ပြောက်ကျားသော သည်းကြိုးတပ်သော ဖိနပ်ကို။ပ။ မေဏ္ဍဝိသာဏဝဒ္ဓိကာ ဥပါဟနာ၊ ဆိတ်ကုလားဦးချိုကဲ့သို့ သည်းကြိုးတပ်သော ဖိနပ်ကို။ပ။ အဇဝိသာဏဝဒ္ဓိကာ ဥပါဟနာ၊ ဆိတ်မြန်မာဦးချိုကဲ့သို့ သည်းကြိုးတပ်သော ဖိနပ်ကို။ပ။ ဝိစ္ဆိကာဝလိကာ ဥပါဟနာ၊ ကင်းမြီးကောက် အမြီးကဲ့သို့၊ သည်းကြိုးတပ်သော ဖိနပ်ကို။ပ။ မောရပိဉ္ဆ ပရိသိဗ္ဘိကာ ဥပါဟနာ၊ ဥဒေါင်းမြီးတို့ဖြင့်၊ ဝါ၊ ဥဒေါင်းရင်မွေးတို့ဖြင့် ထက်ဝန်းကျင် အနားကပ်၍ ချုပ်အပ်သော ဖိနပ်ကို။ပ။ စိတြဥပါဟနာ၊ သဏ္ဌာန်အားဖြင့် ဆန်းကြယ်သော သည်းကြိုးတပ်သော ဖိနပ်ကို။ နဓာရေတဗ္ဗာ၊ မစီးအပ်။ ငယ်၊ အကြောင် ရဟန်းသည်။ ဝာရေယျ၊ စီးငြားအံ့။ တဿ၊ ယို့ရဟန်းအား။ ဒုက္ကဋ္ဌသ၊ ဒုက္ကဋ်အာပတ်သို့။ အာပတ္တိ၊ ရောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဤကား အနက်။

ခလ္လ ဗဒ္ဓါတိ ပဏ္ဍုပိဂဉနတ္ထံ ခလ္လကံ ဗဒ္ဓိကာ ကတာ၊ ပဋ္ဋ ဗဒ္ဓါတိ ယောနကဉ္ဉပါဟနာ ဝုစ္စတိ ယာဝ ဇဏ္ဍတော သဗ္ဗပါဒံ ပဋိစ္ဆာဒေတိ၊ ပါလိဂုဏ္ဍိမာတိ-ပလိဂုဏ္ဍောတ္ထာကတာ ဥပရိပါဒမ္မတ္တမေဝ ပဋိစ္ဆာဒေတိ၊ နဇဏ္ဍံ။ တူလပုဏ္ဍိကာတိ တူလပိစုနာ ပူရေတွာ ကတာ၊ တိတ္တိရပတ္တိကာတိ တိတ္တိရပတ္တသဒိသာ ဝိစိတြဗဒ္ဓါ။

မေဏ္ဍဝိသာဏဝဒ္ဓိကာတိ တဏ္ဍိကဋ္ဌာနေ မေဏ္ဍကသီဂ်သဏ္ဌာနေန ဗဒ္ဓေ ယောဇေတွာ ကတာ၊ အဇဝိသာဏ ဝဒ္ဓိကာဒီသုပိ ဧသေဝ နယော၊ ဝိစ္ဆိကာလိကာပိ

တတ္ထဝ ဝိစ္ဆိကနဂံဠံ သဏ္ဌာနေန ဗဒ္ဓေ ယောဇေတွာ ကတာ။ မောရုပိဉ္ဇ ပရိသိဗ္ဗီကာတိ တလေသုဝါ ဗဒ္ဓေသုဝါ မောရပိဉ္ဆေဟိ သုတ္တကသဒိသေဟိ ပရိသိဗ္ဗီကာ၊ စိတြာတိ ဝိစိတြာ-ဟူသော ဧဟာဝါအဋ္ဌကထာ (၃၈၉)၊ ဝိနယသင်္ဂဟအဋ္ဌကထာတို့နှင့် အာဠိတည်း။

ထိုတွင် ဝိစိတြာ-ဟူသော အဋ္ဌကထာပါဌ်၌ သဏ္ဌာန်အားဖြင့် ဆန်းကြယ်သော သည်းကြိုးကိုသာ အလိုရှိအပ်၏။ ထို့ကြောင့်-

ဝိစိတြာတိ သဏ္ဌာနတော ဝိစိတြာဗဒ္ဓါ အဓိပ္ပေတာ၊ သဗ္ဗသော အပနေတဗ္ဗေသု ခလ္လကာဒီသု ပဝိဋ္ဌတ္တာ-ဟူ၍ ဝိမတိဝိနောဒနီဋီကာ (၄၇၉)၌ မိန့်အပ်၏။ (အဋ္ဌကထာအနက် သိသာပြီ)။

ဝိစိတြာတိ၊ ဝိစိတြာ ဟူသည်ကား။ သဏ္ဌာနတော၊ သဏ္ဌာန်အားဖြင့်။ ဝိစိတြာဗဒ္ဓါ၊ ဆန်းကြယ်သော သည်းကြိုးကို။ အဓိပ္ပေတာ၊ အလိုရှိအပ်၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်း ဟူမူကား။ သဗ္ဗသော၊ အချင်းခပ်သိမ်း။ အပနေတဗ္ဗေသု၊ ပယ်အပ်ကုန်သော။ ခလ္လကာဒီသု၊ ဖနောင့်ဖုံး စသည်တို့၌။ ပဝိဋ္ဌတ္တာ၊ ဝင်သည်၏ အဖြစ်ကြောင့်တည်း။ ဤကား ဋီကာအနက်။

ဤပါဠိတော်၊ ဋီကာ၊ အဋ္ဌကထာတို့ကိုထောက်၍ ဖနောင့်ဖုံးတပ်သော နောက်ပိတ် ဖိနပ်၊ သလုံးဖုံးတပ်သော ဘွတ်ဖိနပ်၊ ဖမိုးဖုံးတပ်သော ရွှေထိုးဖိနပ်၊ လဲဖုံးသွတ်သော ဖိနပ်၊ ခါတောင်ကဲ့သို့ ပြောက်ကျားသော အသည်းတပ်သော ဖိနပ်၊ ဆိတ်ကုလား၊ ဆိတ်မြန်မာဦးချို ကဲ့သို့ အသည်းတပ်သော ဖိနပ်၊ ကင်းမြီးကောက် အမြီးကဲ့သို့ အသည်းတပ်သော ဖိနပ်၊ ဥဒေါင်းမြီး ဥဒေါင်းရင်မွေးတို့ဖြင့် ထက်ဝန်းကျင်အနားကပ်၍ ချုပ်အပ်သော ဖိနပ်၊ သဏ္ဌာန်အားဖြင့် ဆန်းကြယ်သော အသည်းတပ်သော ဖိနပ်၊ ဤဖိနပ်တို့သည် မအပ်သော ဖိနပ်တို့ မည်ကုန်၏။

ထိုမလိုက စသော ဖိနပ်တို့ကို ရရှိခဲ့လျင် ဖနောင့်ဖုံး စသည် အလုံးစုံကိုဖျက်ဆီး၍ သုံးဆောင်ခြင်းငှာ တတ်နိုင်အံ့၊ သုံးဆောင်အပ်၏။ ထိုဖနောင့်ဖုံး စသည်ရှိလျက် သုံးဆောင်သော ရဟန်းအား ဒုတ္တဋ်အာပတ်သင့်၏။

ထို့ကြောင့်-

ကောသု ယံကိဉ္စိ လဘိတွာ သစေ တာနိ ခလ္လကာဒီနိ အပနေတွာ သက္ကာ ဟောန္တိ ဝဋ္ဋဉ္စေတုံ၊ ဝဋ္ဋဉ္စေတဗ္ဗာ၊ တေသုပနသတိဝဋ္ဋဉ္စန္တေသု ဒုက္ကဋံ-ဟု ယင်း အဋ္ဌကထာ (၃၈၉)၊ ဝိနယသင်္ဂဟအဋ္ဌကထာတို့၌ မိန့်အပ်၏။ ဝိနယဝိနိစ္ဆယ အဋ္ဌကထာ၊ ခုဒ္ဒသိက္ခာတို့၌လည်း အဓိပ္ပာယ်နည်းတူလော၏။

တောသူ၊ ထိုဖနောင့်ဖုံးတပ်သော နောက်ပိတ်ဖိနပ် စသည်တို့တွင်။ ယံကိုဉ်၊ အမှတ်မရှိ တစုံတခုသောဖိနပ်ကို။ လဘ်တ္ဝာ၊ ရ၍။ တာနိခလ္လိကာဒီနိ၊ ထိုဖနောင့်ဖုံး စသည်တို့ကို။ အာပနေတ္ဝာ၊ ပယ်၍။ ဝဋ္ဋဥ္ဇူတို့၊ သုံးဆောင်ခြင်းငှာ။ သက္ကာ၊ တတ်ကောင်းသည်။ သစေ ဟောန္တိ၊ အကယ်၍ ဖြစ်ကုန်ငြားအံ့။ ဝဋ္ဋဥ္ဇူတဗ္ဗာ၊ သုံးဆောင်အပ်၏။ တေသုပန၊ ထို ဖနောင့်ဖုံး စသည်တို့သည်ကား။ သတိသန္တေသု၊ ရှိလတ်ကုန်သော်။ ဝဋ္ဋဥ္ဇူတာ၊ သုံးဆောင်သော ရဟန်းအား။ ဒုက္ကဋ်၊ ဒုက္ကဋ်အာပတ်သင့်၏။ ဣဿိကား အနက်။

ထိုမှတပါးလည်း ခြင်္သေ့ရေ၊ ကျားရေ၊ သစ်ရေ၊ သစ်နက်ရေ၊ ဖျံရေ၊ ကြောင်ရေ၊ ရဉ်ဉနက်ရေ၊ ခင်ပုပ်တောင်တို့ဖြင့် အနားပတ်ကပ်အပ်သော ဖိနပ်တို့သည် မအပ်ကုန်၊ ထိုကြောင့်-

> နဘိက္ခဝေ သီဟစမ္မပရိက္ခဋာ ဥပဟနာဓာရေတဗ္ဗာ။ နဗျဃ္ဃစမ္မ ပရိက္ခဋာ။လ။ နဒီပိစမ္မ ပရိက္ခဋာ ၊လ၊ နအစေနစမ္မပရိက္ခဋာ ၊လ၊ နဥဒ္ဒစမ္မပရိက္ခဋာ ၊လ၊ နမဉ္ဇာရိ စမ္မပရိက္ခဋာ ၊လ၊ နကာဠကစမ္မပရိက္ခဋာ ၊လ၊ နလုဝကစမ္မ ပရိက္ခဋာ ဥပါဟနာ ဓာရေတဗ္ဗာ၊ ယော ဓာရေယျ အာပတ္တိ ဒုက္ကဋဿ ဟု မဟာဝဂ်ပါဠိတော်(၂၂၀)၌ ဟောတော်မူအပ်၏။

ဤ၌ ခြင်္သေ့ရေကို ဖိနပ်အနားဠှ် သင်္ကန်းအနားပတ်ကဲ့သို့ တပ်အပ်သော ဖိနပ်သည် သီဟစမ္မပရိက္ခဋ မည်၏။ ကြင်းကုန်သော ဗျဃ္ဃစမ္မပရိက္ခဋ စသည်တို့၌လည်း ဤနည်းအတူ မှတ်အပ်၏။

ဤပါဠိတော်၌ လုဝကစမ္မ ဟူသောပုဒ်ကို (ရှူးပုံရေ)ဟု နိဿဆရာတော်၊ ယောဇနာ ဆရာဘော်များ အနက်မြန်မာ ပြန်ဆိုသော်လည်း ယင်းအဋ္ဌကထာ၌ "လုဝကစမ္မပရိက္ခဋာတိ ပက္ခိပိဋ္ဌာလစမ္မ ပရိက္ခဋာ" ဟူ၍လည်းကောင်း။ ဝိမတိဝိနောဒနီဋီကာ၌ "ပိဋ္ဌာလ သဒိသ-မုခတ္တာ မဟာ ဥလူကာ ပက္ခိပိဋ္ဌာလာတိဝုစ္စတိ၊ တေသံ စမ္မံ နာမ ပက္ခလောမ မေဝ" ဟူ၍ လည်းကောင်း ဖွင့်ဆိုတော်မူကြကုန်သောကြောင့် "ခင်ပုပ်တောင်" ဟု အနက်ပေးသင့်၏။

ထိုခြင်္သေ့ရေ စသည်ဖြင့် အနားပတ်ကပ်သော ဖိနပ်တို့ကို ရရှိခဲ့လျှင် ခြင်္သေ့ရေ စသည်ကို ပယ်၍ သုံးဆောင်အပ်၏။ ထို့ကြောင့် (တောသုပိ ယာကာစိ တံ စမ္မံ အပနေတ္ဝာ ဓာရေတဗ္ဗာ)ဟူ၍ မဟာဝဂ်အဋ္ဌကထာ၌ မိန့်တော်မူအပ်၏။ ဝိနယသင်္ဂဟ အဋ္ဌကထာ ၌လည်း နည်းတူလာ၏။

တောသုပိ၊ ထိုခြင်္သေ့ရေ ရုံအပ်သော ဖိနပ် စသည်တို့တွင်လည်း။ ယာကာစိ၊ အမှတ် မရှိ တစုံတခုသော ဖိနပ်ကို။ တံ စမ္မံ၊ ထိုခြင်္သေ့ရေ စသည်ကို။ အပနေတ္ဝာ၊ ပယ်၍။ ဓာရေတဗ္ဗာ၊ စီးအပ်၏။ ဤကားအနက်။ ဤကား ဖိနပ်သည်းကြိုးနှင့်စပ်၍ မှတ်သားဖွယ်တည်း။

၁၉-အရောင်အသွေးနှင့်စပ်၍ကား ဤသို့ သိအပ်၏။

နဘိက္ခဝေ သဗ္ဗနီလကာ ဥပါဟနာ ဓာရေတဗ္ဗာ။လ။ နသဗ္ဗပီတကာ။လ။ နသဗ္ဗလောဟိတကာ ။လ။နသဗ္ဗမဉ္ဇိဋ္ဌကာ။လ။ နသဗ္ဗကဏှာ။လ။ နသဗ္ဗ ပဘာရဂ်ာ ရတ္တာ။က။နသဗ္ဗ မဟာနာမရဂ်ရတ္တာ ဥပါဟနာ ဓာရေတဗ္ဗာ၊ ယောဓာရေယျ အာပတ္တိဒုက္ကဋဿ-ဟု မဟာဝါ ပါဠိတော်(၂၂၇)၌ တားမြစ်တော် မူအပ်သော ပဋိက္ခေပစကားကိုထောက်၍လည်းကောင်း။

သဗ္ဗနီလကာတို့ သဗ္ဗာဝ နီလကာ၊ သေနယော သဗ္ဗပီလကာဒီသုပိ ဟူသော ယင်းအဖွင့် စမ္မက္ခန္ဓက အဋ္ဌကထာကိုထောက်၍လည်းကောင်း။

(၁) အလုံးစုံကခဲနက်၊ ညိုသောအဆင်းရှိသောဖိနပ်
(၂) ။ ရွှေသောအဆင်းရှိသောဖိနပ်
(၃) ။ နီသောအဆင်းရှိသောဖိနပ်
(၄) ။ မောင်းသောအဆင်းရှိသောဖိနပ်
(၅) ။ မည်းနက်သောအဆင်းရှိသောဖိနပ်
(၆) ။ မဟာရဂ်ဆိုးရည်ဖြင့် ဆိုးအပ်သောဖိနပ်
(၇) ။ မဟာနာမရဂ်ဆိုးရည်ဖြင့် ဆိုးအပ်သော ဖိနပ်တို့ကို ရဟန်းတို့ မစီးအပ်ကုန်။ ထိုဖိနပ်တို့၏ အဆင်းအထူးကို သင်္ဃန်းကိုဆုံး ဖြတ်ရာ၌ ဆိုအပ်ခဲ့ပြီ။ သည်းကြိုးဦးလည်း ထို့အတူပင် အလုံးစုံတခဲနက်ညိုသော အဆင်း ရှိသော သည်းကြိုးစသည်ကား မအပ်သည်သာတည်း။

၂၀-ကိုမအပ်သော အရောင်အဆင်းရှိသော၊ သဗ္ဗနီလကဖိနပ် စသည်တို့တွင် တခုခု ရရှိလျှင် သားရေအပေါ်၌သာ သုက်လိမ်းချယ်လှယ်ထားအပ်သော အညိုစသောအဆင်းကို ပုဆိုးကြမ်းစသည်ဖြင့် ပုတ်တိုက်လျက် ထိုအဆင်း အလုံးစုံကိုဖြစ်စေ သဗ္ဗနီလကစသည်အဖြစ်မှ လွတ်အောင် အနည်းငယ်ကိုဖြစ်စေ ဖျက်ဆီး၍ သုံးဆောင်အပ်၏။ ထို့ကြောင့်-

ဧကေသု ပံကိုဠိ လကိတ္ထာ ရဇနံ ဓောဋ္ဌကေန ပဋ္ဋိတ္ထာ ဝဏ္ဏံ ကိန္ဒိတ္ထာ ဓာရေတုံ ဝဋ္ဋတိ၊ အပ္ပမတ္တကေနပိ ဘိန္နေ ဝဋ္ဋတိယေဝ ဟု၊ ယင်းအဋ္ဌကထာ (၃၀၇)၌၊ ပိန့်အပ်၏။

ဧကေသု၊ ထိုဖိနပ်တို့တွင်။ ယံကိဉ္စိ၊ အမှက်မရှိ တစုံတခုသောဖိနပ်ကို။ လဘိတ္ထာ၊ ရ၍။ ရဇနံ၊ ဆိုးရည်ကို။ ဓောဋ္ဌကေန၊ ပုဆိုးကြမ်းဖြင့် ပဋ္ဋိတ္ထာ၊ သုတ်၍။ ဝဏ္ဏံ၊ အဆင်းကို။

ဘိန္ဒိတ္ဘာ၊ ဖျက်ဆီး၍။ ဓာရေတုံ၊ စီးခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။ အပ္ပမတ္တကေနပိ၊ အနည်းငယ်ဖြင့်လည်း။ ဘိန္နေ၊ ပျက်သည်ရှိသော်။ ဝဋ္ဋတိယေဓ၊ အပ်သည်သာတည်း။

ထိုသဗ္ဗနီလကစသော-ဖိနပ်၌ မအပ်သောအဆင်းကို မဖျက်ဆီးပဲ အချင်းခပ်သိမ်း-မသုံးဆောင်အပ်။ ဤအဋ္ဌကထာ၌ ရဇန အရကို နိဿယ္ဟပစာအား:ဖြင့် သား:ရေပေါ်၌ သုတ်လိမ်းချယ်လှယ်အပ်သော ဆိုးရည်၏ အညိုစသော-အဆင်းကိုယူ။ ထို့ကြောင့် ရဇနန္တိ ဥပရိလိတ္တံ နီလာဒီစဏ္ဏံ သန္ဓာယဝုတ္တံ)ဟု ပိမတိဝိနောဒနီဋီကာ (၄၃၉)၌၊ မိန့်တော်မအပ်၏။

အကယ်၍ သား:ရေရိုင်း၏ မကောင်းသောအနံ့ကို ပယ်ခြင်းငှာ နက်သောဆိုးရည် နီသောဆိုးရည် စသည်တို့ဖြင့် ဆိုးအပ်သောသား:ရေ၏ အတွင်းအပြင်၌ စွဲနေသော နက်သော အဆင်း နီသောအဆင်း စသည်သည် စမ္မဂတိက (သား:ရေနှင့်အလားတူ) ဖြစ်၍ အပ်၏။ ထို့ကြောင့်-

> ယံ ပန စမ္မဿ ဒုဂန္ဓာ ပနယတ္ထံ ကာဠရတ္တာဒီ ရဇနေဟိ ရဉ္ဇိတတ္ထာ ကာဠ-ရတ္တာဒီ ဝဏ္ဏံ ဟောတိ၊ တံ စောဠကာဒီဟိ အပနေတုံ နသက္ကာ၊ စမ္မဂတိကာမေဝ၊ တာသမ္မာ တံ ဝဋ္ဋတိဘိ ဒဋ္ဌဗ္ဗံဟု ပိမတိ ပိနောဒနီဋီကာ (၄၃၉)၌ မိန့်အပ်၏။

စမ္မဿ၊ သား:ရေ၏။ ဒုဂန္ဓာပနယတ္ထံ၊ မကောင်းသောအနံ့ကို ပယ်ဖျောက်ခြင်းငှာ။ ကာဠရတ္တာဟိ ရဇနေဟိ၊ အမည်း-အနီစသော ဆိုးရည်တို့ဖြင့်။ ရဉ္ဇိတတ္တာ၊ ဆိုးအပ်သည်၏ အဖြစ်ကြောင့်။ ယံပနကာဠရတ္တာဒိ ဝဏ္ဏံ၊ အကြင်အမည်း-အနီ စသောအဆင်းသည်။ ဟောတိ၊ ဖြစ်၏။ တံ၊ ထိုအမည်း-အနီစသောအဆင်းကို။ စောဠကာဒီဟိ၊ ပုဆိုးကြမ်းစသည်တို့ဖြင့်။ အပနေတုံ၊ ပယ်ဖျက်ခြင်းငှာ။ နသက္ကာ၊ မတတ်နိုင်။ ယသ္မာ၊ အကြင့်ကြောင့်။ စမ္မဂတိကမေဝ၊ သား:ရေအလားရှိသည်သာတည်း။ တသ္မာ၊ ထို့ကြောင့် တံ၊ ထိုအမည်း အနီစသော အဆင်းသည်။ ဝဋ္ဋတိ၊ အပ်၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

သည်းကြိုး၌လည်း ထို့အတူ မအပ်သော ညိုသောအဆင်း စသည်တို့ကို ပယ်၍ သုံးဆောင်အပ်၏။ ဖိနပ်ခုံ သည်းကြိုး ၂-ဌာန၌ မအပ်သော အဆင်းကို မပယ်မူ၍ သုံးဆောင်လျှင် သုံးဆောင်တိုင်း အပြစ်အာပတ် မလွတ်ဟု မှတ်အပ်၏။ ဤကား ဖိနပ်အရောင်အဆင်းနှင့် စပ်၍ မှတ်သား:ဖွယ်တည်း။ ဥပါဟန ဝိနိစ္ဆယပြီး၏။

၃-ပတ္တ ဝိနိစ္ဆယ

၂၁-သပိတ်- ခွက် စသည်တို့နှင့် စပ်၍ အပ်-မအပ်ကို ဤသို့ မှတ်သား:အပ်၏။

ဘဂဝတာ ကောဒ္ဓသပတ္တေ ပဋိက္ခိပိတ္ဝာ ဒ္ဝေ ပတ္တေ အနုညာတာ၊ လောဟ ပတ္တောစ မတ္တိကပတ္တောစ၊ လောဟ တာလကံ မတ္တိက ထာလကံ တမ္ပလောဟ

ထာလကန္တိ တေ သံယေဝ အနုလောမာနိ၊ ဘဂဝတာ တယော တုမ္ဟာ အနုညာတာ၊ လောဟတုမ္ဟော ကဋ္ဌတုမ္ဟော မတ္တိက တုမ္ဟောတိ၊ ဟူသည်နှင့်အညီ–

သစ်သား- ရွှေ- ငွေ- ပတ္တမြား- ကျောက်မျက်ရွဲ- စဉ့်- ဖန်- ကြေးဖြူ- သလွဲဖြူ- သလွဲမည်း၊ ကြေးနီဖြင့် ပြီးသော သပိတ်ဟု ဆိုအပ်ကုန်သော (၁၁) လုံးသော သပိတ်တို့ကို။ “နဘိက္ခဝေ ဒါရုပတ္တော ဓာရေတဗ္ဗော၊ ယောဓာရေယျ အာပတ္တိဒုက္ကဋဿ” စသည်ဖြင့် ပယ်တော်မူ၏။

အနုဇာနာမိ ဘိက္ခဝေ ဒွေ ပတ္တေ အယောပတ္တံ မတ္တိက ပတ္တန္တိ ဟု သုံးသပိတ်တလုံး၊ မြေသပိတ်တလုံးအားဖြင့် နှစ်လုံးသော သပိတ်တို့ကို ခွင့်ပြုတော်မူသည်။ ဥက္ကဋ္ဌ မဇ္ဈိမ ဩမက အားဖြင့် သပိတ်သုံးမျိုးရှိ၏။ ထိုသုံးမျိုးတို့တွင်–

(၁) မဂဓရာဇ် ကွမ်းစားအားဖြင့် ဆန်နှစ်ကွမ်းစားချက် ထမင်း၊ ပကတိကွမ်းစားအားဖြင့် ဆန်တပြည်ချက် ထမင်း၊ ထိုထမင်း၏ လေးဖို့ တဖို့ ခဲဖွယ်၊ ထိုထမင်းအားလျော်သော ဟင်းလျာ၊ ဤအလုံးစုံတို့သည် အတွင်းနှစ်မ်း ရေးထက် မပို မလျော့ဝင်သော ဥက္ကဋ္ဌသပိတ်။

(၂) ထို ဥက္ကဋ္ဌ သပိတ်၏ ထက်ဝက်ဝင်သော မဇ္ဈိမသပိတ်။

(၃) ထို မဇ္ဈိမသပိတ်၏ ထက်ဝက်ဝင်သော ဩမကသပိတ် မည်၏။

ထိုသပိတ်တို့ထက် အလျော့အပိုကိုစဉ်၍ သုံးလုံး သုံးလုံးစီအားဖြင့် သပိတ် ၉-လုံးရှိ၏။ ထို ၉-လုံးသော သပိတ်တို့တွင် သပိတ်အသုံးဖြင့် မသုံးအင်သော ဒုက္ကဋ၊ ဥက္ကဋ္ဌ၊ အယ်ခုံး ဩမကောမက သပိတ် ၂-လုံးကို ထား၍ ကြွင်း ၇-လုံးတို့ကား–

အယောပတ္တော ပဉ္စဟိ ပါကေဟိ ဘူမိပတ္တော ဒွီဟိပါကေဟိ ပက္ကော အဓိဋ္ဌာနုပဂေါ ဝိကပ္ပနာနုပဂေါ ဟူသော ပါရာဇိကဏ် အဋ္ဌကထာ (၅၆၂) ၌ လာသည်နှင့် အညီ-

သံသပိတ် မီး ၅-ကြိမ်၊ မြေသပိတ်မီး ၂-ကြိမ်၊ ဆီရောင်အဆင်းရအောင် ဖုတ်ပြီးမှ အဓိဋ္ဌာန်ပျက်လောက်အောင် အကဲ့အပေါက်မရှိသော သံသပိတ် မြေသပိတ်တို့ကိုသာ အဓိဋ္ဌာန်တင်၍ လည်းကောင်း၊ ဝိကပ္ပနာပြု၍ လည်းကောင်း သုံးဆောင်အပ်၏။

မြေခွက် သံခွက် ကြေးနီခွက်တို့ကို မြတ်စွာဘုရားသည် တိုက်ရိုက်ခွင့်မပြုသော်လည်း ဗုဒ္ဓမတည်သခင် အဋ္ဌကထာဆရာရှင်တို့သည် သံသပိတ် မြေသပိတ်တို့အား လျော်သောကြောင့် စားခွက်အဖြစ်ဖြင့် ခွင့်ပြုတော်မူအပ်ဟု မိန့်၏။ ထို့ကြောင့်–

လောဟထာလကံ မတ္တိကထာလကံ တမ္မလောဟ ထာလကန္တိ တေသံ ဇယေဝ အနုလောမာနိ ဟု စုဋ္ဌဝါ အဋ္ဌကထာဌ် မိန့်တော်မူအပ်၏။

လောဟထာလကံ၊ သံခ္ဒက်လည်းကောင်း။ မတ္တိက်ထာလကံ၊ မြေခ္ဒက် လည်းကောင်း။ တမ္ဗလောဟဆာလကံ၊ ကြေးနီခ္ဒက် လည်းကောင်း။ ဣတိ ဣမာနိ တီဏိ ထာလကာနိ၊ ဤ သုံးလုံးသော ခ္ဒက်တို့သည်။ တေသံယေဝ၊ ထိုသံသပိတ် မြေသပိတ်တို့အား သာလျှင်။ အနု-လောမာနိ၊ လျော်ကုန်၏။ ဤကား အနက်။

၂၂-ဤ ပါဠိတော် အဋ္ဌကထာတို့ကိုထောက်၍ ယခုကာလ သာသနာတော်ကို ဆုတ်ယုတ်စေတတ်သော သစ်စေးသားရိုးကိုင် သံသပိတ်ဟု ခေါ်သော သပိတ်မျိုးကို သတိထား၍ သုံးဆောင်အပ်၏။

အဘယ့်ကြောင့်နည်း ဟူမူ မိုး ၅-ကြိမ် (တနည်း) ဆီအဆင်းပျိုအောင် ပိုးဖြင့် မဖုတ်အပ်လေသောကြောင့် လည်းကောင်း။ မိုးဖုတ်ပြီးမှသာ သားရိုး သစ်စေးသုတ်လိမ်းပါသည်ဟု ဆိုစေကာမူ အကဲ့ အပေါက် သံသပိတ် သံသပိတ်ဟောင်းတို့ဟု သားရိုးတို့ဖြင့် ပဝေထး၍ သစ်စေးကိုင်အပ်သော သပိတ်တို့ကို လည်းကောင်း၊ မြှုတ်စ္ဓာဘုရားသမင်သည် သပိတ်အရုဒ္ဓ အလျဉ်းပင် ခွင့်ပြုတော် မမူအပ်သော အဋ္ဌကထာ ဆရာတို့သည်လည်း စားခ္ဒက်အတုံးသို့ အလျဉ်းမဆည့်မသွင်းအပ်သော သွပ်စသည်တို့ကို အတွင်းခံ၍ အပေါ်၌သာ သစ်စေးသားရိုး တို့ဖြင့် မွမ်းမံသားအပ်သော သွပ်သပိတ် စသည်များကို လည်းကောင်း။ အချို့ အဘို့ ဆိုင် ကန္ဒားတည်ခင်း၍ ရောင်းသူလည်းရောင်း သုံးသူလည်း သုံးကြသည်ကို ကိုယ်တွေ့မျက်မြင် ဖြစ်ပေသဖြင့် မကြာမီပင် နှီးသပိတ် စသည်တို့ ပေါ်ပေါက်လာမည်ကို စိုးရိမ်ဖွယ် ရှိသော ကြောင့်တည်း။ ထို့ကြောင့် သာသနာတော်ကို ဆုတ်ယုတ်စေတတ်သော သစ်စေးသားရိုးကိုင် သပိတ်များကို သတိထား၍ သုံးဆောင်အပ်၏ဟု ဆိုခဲ့ရပေသတည်း။

၂၄-အိုးအုံ ပူးအုံ ၂-လုံးကို ဆွမ်းခံမဆောင်ကောင်း။ ထို့ကြောင့်။

နဘိက္ခဝေ ဟူမူ ကတာဒေဟ ပိဏ္ဍာယ စရိတဗ္ဗံ၊ ယောစရေယျ အာပတ္တိ ဒုက္ကဋဿ။

နဘိက္ခဝေ ဃဋိကတာဒေဟ ပိဏ္ဍာယ စရိတဗ္ဗံ၊ ယောစရေယျ အာပတ္တိ ဒုက္ကဋဿ-ဟူ ဤဋီကာ ပါဠိတော် (၂၀၄)၌ မိန့်ဆိုတော်မူအပ်၏။ အနက်မခဲယဉ်းပြီ။

ထိုအိုးအုံ ပူးအုံ ၂-လုံးကိုသာ အပ်သောသပိတ်၊ အပ်သောခ္ဒက်ကို မရရှိသောအခါ၌သာ တကြိမ်မျှ အာမိသထည့်၍ စားကောင်း၏။ ထို့ကြောင့်၊

ကုမ္ဘကဋာဟန္တိ လာဟကဋာဟံ ဝုစ္စတိ၊ ပရိဟာရိတုံ နဝဋ္ဋတိ၊ လဘိတ္ဝာ ပန တာဝကာလိကံ ပရိဘုဉ္ဇိတုံ ဝဋ္ဋတိ၊ ဃဋိက တာဒေဟပိ သေဝနယောဂေ။ ဃဋိကဋာဟန္တိ ဃဋိကပါလံ-ဟု ဗုဒ္ဓဝါ အဋ္ဌကထာ (၄၁၉)၌ မိန့်အပ်၏။

ကုမ္ဘကဋာဟန္တိ၊ ကုမ္ဘကဋာဟံ ဟူသည်ကား။ လာဟကဋာဟံ၊ ပူးအုံကို။ ဝုစ္စတိ၊ ဆို အပ်၏။ တံ၊ ထိုပူးအုံကို။ ပရိဟာရိတုံ၊ နောက်တဖန်ထည့်စားဖို့ ဆောင်လားခြင်းငှာ၊ နပ္ပဟုပ်၊

ဇောတိကာရံ ၀၀ (၀မွာ၁နး)

မအပ်။ ပန၊ အပ်သည်ကား။ လဘိတ္ဝာ၊ ရ၍။ တာဝကာလိကံ၊ တကြိမ်မျှ အခိုက်အတန့် ကာလ။ ပရိဘုဉ်တုံ၊ အာမိသထည့်၍ သုံးဆောင်ခြင်းငှာ၊ ဝဋ္ဋတိ၊ အပ်၏။ ဃဋ္ဋိကဋ္ဌာဟန္တိ၊ ဃဋ္ဋိကဋ္ဌာဟံ ဟူသည်ကား။ ဃဋ္ဋိကပါလံ၊ အိုးအုံတည်း။ ဝါ၊ အိုးအုံကို။ ကဋ္ဋိကဋ္ဌာဟန္တိ၊ ဃဋ္ဋိကဋ္ဌာဟံဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဤကား-အနက်။

ဤအဋ္ဌကထာဝယ် "လဘိတ္ဝာ ပန တာဝ ကာလိကံ ပရိဘုဉ်တုံ ဝဋ္ဋတိ" ဟူသော စကား၌။

တာဝကာလိကံ ပရိဘုဉ်တုံ ဝဋ္ဋတီတိ သကိံ ဒေဝ ဂဟေတ္ဝာ တေန အာမိသံ ပရိဘုဉ်တ္ဝာ ဆဋ္ဌေတုံ ဝဋ္ဋတိ ဟူသော တေရသကဏ်ဍီကာ။

ပတ္တံ အလဘန္တေန ကေဒိဝသံ ပိဏ္ဍာယ စရိတ္ဝာ ဘုဉ်တ္ဝာ ဆဋ္ဌေတုံ ဝဋ္ဋတိ ဟူသော ဝိမတိ ဝိနောဒနီဋီကာတို့ကိုထောက်၍။

ထိုပူးအုံ အိုးအုံ ၂-လုံးကို အပ်သောသပိတ် ခွက်တို့ကို မရပါမှ တကြိမ်သာ အာမိသ ထည့်၍ စားကောင်းသည်။ တပါးသော အပ်သောသပိတ် ခွက်ရှိခဲ့သော် တကြိမ်မျှလည်း အာမိသထည့်၍ မစားကောင်း၊ တကြိမ်ထည့်၍ စားပြီးလျှင် နောင်တဖန် ထည့်စားရန် ဆောင် မထားပဲ စွန့်အပ်တော့သည်သာတည်း ဟူသော အဓိပ္ပာယ်ကို မှတ်အပ်၏။

တာဝကာလိကံ ပရိဘုဉ်တုံ ဝဋ္ဋတီတိ၊ ဝဋ္ဋတိဟူသည်ကား။ သကိံ ဒေဝ၊ တကြိမ်သာလျှင်။ ဂဟေတ္ဝာ၊ ယူ၍။ တေန၊ ထိုပူးအုံ အိုးအုံ ၂-ပါးတို့ဖွင့် တပါးပါးဖြင့်။ အာမိသံ၊ အာမိသကို။ ပရိဘုဉ်တ္ဝာ၊ သုံးဆောင်ပြီး၍။ ဆဋ္ဌေတုံ၊ စွန့်ပစ်ခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။ ပတ္တံ၊ အပ်သောသပိတ်ကို။ အလဘန္တေန၊ မရသဖြင့်။ ဝါ၊ မရသောဟုဖြစ်သည်။ ကေဒိဝသံ၊ တနေ့သ၌။ ဝါ၊ တနေ့တည်းသာ။ ပိဏ္ဍာယစရိတ္ဝာ၊ မွှမ်းခံသွား၍။ ဘုဉ်တ္ဝာ၊ စားပြီး၍။ ဆဋ္ဌေတုံ၊ စွန့်ပစ်ခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။ ဤကား အနက်။

ပဏ္ဏာပဉ္ဇာဒီသုပိ ဧသေဝနယော ဟူသော ဝိမတိဝိနောဒနီ ဋီကာနှင့်အညီ ဖက်ခွက် စသည်၌လည်း ဗူးအုံ အိုးအုံတို့ကဲ့သို့ တကြိမ်မျှသာ တပါးသောခွက် မရှိမှ အာမိသထည့်၍ စားကောင်း၏ဟု မှတ်အပ်၏။ ဤပါဠိ၌ အာဒိသဒ္ဒါဖြင့် ကြာဖက် ပေါက်ဖက် ငှက်ပျောဖက် စသည်တို့ကိုပြု။

၂၅-ထိုမှတပါး ရွှေ ငွေ ပတ္တမြား ကျောက်မျက်ရွှဲ၊ ဤ ၄-မျိုးတို့ဖြင့် ပြီးသော ခွက်တို့ကို သုံးသပ်ရုံမျှလည်း မသုံးသပ်အပ်၊ ခံယူခြင်း၊ ထည့်၍စားခြင်းသည်ကား သာ၍ မအပ်တော့သည်သာတည်း။ ထို့ကြောင့်၊

နဘိက္ခဝေ သောဝဏ္ဏမယော ပတ္တော အာဒိသု၊ သစေဝိ ဂိဟိ ဘတ္တဂ္ဂေ သုဝဏ္ဏတန္ဒိကာဒိသု ဗျဥ္ဇနံကတ္ဝာ ဥပနာမေန္တိ၊ အာမသိတုမိ့ နဝန္တတိ ဟု စူဠဝါ အဋ္ဌကထာ (၄၀၈) ၌ မိန့်တော်မူ၏။

နဘိက္ခဝေ သောဝဏ္ဏမယော ပတ္တောတိ အာဒိသု၊ ဤသို့ အစရှိသည်တို့၌။ ဂိဟိ-ဘတ္တဂ္ဂေ၊ လူတို့ ဆွမ်းကျွေးရာ၌။ သုဝဏ္ဏတန္ဒိကာဒိသု၊ ရွှေခွက်စသည်တို့၌။ ဗျဥ္ဇနံ၊ ဟင်းလျာကို။ ကတ္ဝာ၊ ပြုပြင်၍။ သစေပိ ဥပနာမေန္တိ၊ အကယ်၍လည်း ကပ်ကုန်ဦးတော့။ အာမသိတုမိ့၊ သုံးသပ်ခြင်းငှာလည်း။ နဝန္တတိ၊ မအပ်။ ဤကား အနက်။

သုဝဏ္ဏတန္ဒိကာဒိသု၌ အာဒိဝန်ကို ငွေ ပတ္တာမြား ကျောက်မျက်ရွှဲခွက် ၃-လုံးကိုယူ။ ခုဒ္ဒသိက္ခာ၌ကား ဒါရုသောဝဏ္ဏာရဇတံ မဏိဝေဠုရိယာ မယာ အကပ္ပာ ဟု သစ်သားခွက်ကို လည်းထည့်၍ မိန့်တော်မူ၏။ အထူးမှာ သစ်သားခွက်ကို သုံးသပ်ကောင်း ခံယူကောင်း၏။ အာမိသ ထည့်၍မူကား မစားကောင်း၊ ယခုကာလ ပုဂံညောင်ဦး စသည်တို့မှ ဖြစ်ကုန်သော ယွန်းထည်ခွက် အမျိုးမျိုးတို့ကိုလည်း သစ်သားခွက်ဖြင့် ရောတ်အပ်ကုန်၏။ ရွှေ ငွေ ပတ္တမြား ကျောက်မျက်ရွှဲတို့၌ကား ၃-ပါးလုံးကို မပြုအပ်ဟု မှတ်အပ်၏။ နိဿယဆရာတော်ကား အကပ္ပါ၊ မသုံးဆောင်ကောင်းဟု အနက်ပေးတော်မူ၏။

ဖန်ခွက်၊ စဉ့်ခွက်၊ ကြေးဖြူ၊ ကြေးပုပ်ခွက်တို့သည် ပုဂ္ဂလိကပရိဘောဂဖြင့်သာ မအပ်သည်။ သံဃိက ပရိဘောဂဖြင့်လည်းကောင်း၊ ဂိဟိဝိကဋ္ဌခွက်တို့သည်လည်းကောင်း၊ အပ်ကုန်၏။ ထို့ကြောင့်။

ဖလိကံမယ ကာစမယ ကံသမယာနိ ပန တန္ဒိကာဒိနိ ဘာဇနာနိ ပုဂ္ဂလိကပရိဘောဂေနေဝ နဝန္တိ၊ သံဃိက ပရိဘောဂေနဝါ၊ ဂိဟိဝိကဋာနိဝါ ဝန္တိဟု စူဠဝါအဋ္ဌကထာ(၄၀၈ ၌)မိန့်အပ်၏။

ပန၊ အပ်သည်ကို ဆိုဦးအံ့။ ဖလိကမယ ကာစမယ ကံသမယာနိ၊ ဖန်စစ် စဉ့် ကြေးဖြူဖြင့်ပြီးကုန်သော။ တန္ဒိကာဒိနိ၊ ဟင်းတည်ခွက် အစရှိကုန်သော။ ဘာဇနာနိ၊ ခွက်တို့သည်။ ပုဂ္ဂလိက ပရိဘောဂေနေဝ၊ ပုဂ္ဂလိက သုံးဆောင်ခြင်းဖြင့်သာလျှင်။ နဝန္တိ၊ မအပ်ကုန်။ သံဃိက ပရိဘောဂေနဝါ၊ သံဃိကသုံးဆောင်ခြင်းဖြင့်လည်းကောင်း။ ဂိဟိဝိကဋာနိဝါ၊ လူတို့ဥစ္စာဖြစ်ကုန်သော။ ဝါ၊ လူတို့သည် မိမိတို့၏ဥစ္စာကိုပြုခြင်းကဲ့သို့ ဖောက်ပြန်စွာပြုအပ်ကုန်သော ခွက်တို့သည်လည်းကောင်း။ ဝဋ္ဋန္တိ၊ အပ်ကုန်၏။

ဤအရာ၌ အချို့သော ဆရာတော်မြတ်တို့သည် မသုံးသပ်ကောင်းသော အနာမာသဝတ္ထုတို့၌ ဖန်စစ်ခွက်ကိုလည်း ထည့်ကြကုန်၏။ ထိုစကားကို ဆင်ခြင်အပ်၏။

အန္တမသော ဇာတိ ဖလိကံ ဥပါဒါယ သဗ္ဗောပိ နိလပိတာဒိဝဏ္ဏဘေဒေါ မဏိ ဓောတ ဝိဒ္ဓဝဋ္ဋိတော အနာမ့ာသော ယထာ ဇာတော အာကရပုတ္တော ပတ္တာဒိ ဘဏ္ဍမူလကတ္ထံ သမ္ပဋိစ္ဆိတုံ ဝဋ္ဋတိတိ ဝုတ္တော ပါရာဇိကဏ် အဋ္ဌကထာ။

အန္တမသော၊ ယုတ်သောအပိုင်းအခြားအား‌ဖြင့်။ ဇာတိဖလိကံ၊ တုံးထုက်ဖန်ကို။၀။ ဖန်စစ်ကို။ ဥပါဒါယ၊ အစပြု၍။ သဗ္ဗောပိ၊ အလုံးစုံလည်းဖြစ်သော။ နီလပိတာဒိ ဝဏ္ဏဘေဒေါ၊ အညို အ‌ရှေ့စသော အဆင်းအား‌ဖြင့် ပြား‌သော။ ဓောတ ဝိဒ္ဓဝဋ္ဋိတော၊ သွေး‌အပ် ထုံး‌အပ်သည်ဖြစ်၍ လုံး‌သော။ မဏိ၊ ပတ္တမြား‌သည်။ အနာမာသော၊မသုံး‌အပ်။ ယထာ ဇာတော၊ ပကတိဖြစ်တိုင်း‌သော။ အာကရမုတ္တော၊ တည်ရာမှလွတ်သော။ ဇော်၊ ပတ္တမြား‌ကို။ ပတ္တာဒိဘဏ္ဍမူလကတ္ထံ၊ သပိတ်စသော ဘဏ္ဍာ၏ အဖိုး‌အလိုဌာ၊ သမ္ပဋိစ္ဆိတုံ၊ ခံယူခြင်း‌ငှာ။ ဝဋ္ဋတိ၊ အပ်၏။ ဣတိ၊ ဤသို့။ ဝုတ္တော၊ ဆိုအပ်၏။ ဤကား‌အနက်။

ယင်း‌အဋ္ဌကထာ၌ သွေး‌အပ် ထုံး‌အပ်ပြီး‌သည်ဖြစ်၍ လုံး‌သောဖန်စစ်စသော ပတ္တမြား‌ကိုသာ မသုံးသပ်အပ်၊ မခံယူအပ်သည်။ ပကတိဖြစ်တိုင်း‌သော တည်ရာမှ လွတ်သော မသွေး‌အပ် မထုံး‌အပ်သေး‌သော ဖန်စစ် ပတ္တမြား‌ကိုကား သုံးသပ်ကောင်း ခံယူကောင်း၏ဟု မှတ်အပ်၏။

ဤ၌ စန္ဒကန္တံ သူရိယကန္တစသော ဇာတိပါသာဏကို ပတ္တမြား၌ သွင်း၍ယူ။ထို့ကြောင့် ဝိမတိဝိနောဒနီဋီကာ၌ ဇာတိဖလိကံ ဥပါဒါယာတိ ဝုတ္တတ္တာ သူရိယကန္တ စန္ဒကန္တာဒိကံ ဇာတိပါသာဏံ မဏိမ့ေ၀ သင်္ဂဟိတန္တိ ဒဋ္ဌဗ္ဗံ ဟု မိန့်အပ်၏။

ဇာတိဖလိက ဥပါဒါယာတိ၊ ဇာတိဖလိက ဥပါဒါယ ဟူ၍။ ဝုတ္တတ္တာ၊ ဆိုအပ်သည်အဖြစ်ကြောင့်။ သူရိယကန္တစန္ဒကန္တာဒိကံ၊ သူရိယကန္တ စန္ဒကန္တ အစရှိသော။ ဇာတိပါသာဏံ၊ တုံးထုက်ကျောက်ကို။ မဏိမ့ေ၀၊ ပတ္တမြား၌သာလျှင်။ သင်္ဂဟိတံ၊ ရောတွက်အပ်၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ ဤကား‌အနက်။

ဤအဋ္ဌကထာ၌ကား ၂-ရပ်ကိုစပ်၍ကား။ သွေး‌အပ် ထုံး‌အပ်ပြီး‌သည် ဖြစ်သော သူရိယကန္တ စန္ဒကန္တစသော ဇာတိပါသာဏ ဖန်စစ်ဟု ဆိုအပ်သော ဇာတိဖလိကကိုသာ မသုံးသပ်ကောင်း မခံယူကောင်း‌ဆည်။ မသွေး မထုံး‌ရသေး‌သော တုံးထုက် ဖန်စစ်ခွက် စသည်ကိုကား သုံးသပ်ခံယူကောင်း၏ဟု ဖန်စစ်ခွက် ၂ ရပ်ကို ခွဲခြား၍ မှတ်အပ်၏။

ကာစမယကို စဉ့်ဖြင့်ပြီး‌သော ခွက်ဟု အနက် မြန်မာပြန်သော်လည်း ချော်ကိုချက်၍ ပြုလုပ်အပ်သော ဖန်အိုး ဖန်ချိုင့် ဖန်ခွက်စသည်ကိုပင် စဉ့်ခွက်ဆိုသည်ဟု ယူဆအပ်၏။ ထို့ကြောင့် ဖန်အိုး ဖန်ချိုင့် ဖန်ခွက် စသည်သည် ပုဂ္ဂလိကအသုံး မအပ်။ သံဃိကပရိဘောဂ၊ ဂိဟိစိကဋ္ဌခွက်သာ အပ်၏ဟု မှတ်အပ်၏။

ကြေးနီဖြင့် ပြီးသည်လည်းဖြစ်သော ဘဏ္ဍာသည် သပိတ်သာမအာပ်သည်။ ခွက်ကား အာပ်၏။ ထို့ကြောင့်–

တမ္မလောဟ မယောပိ ပတ္တောဝ နဝဋ္ဋတိ၊ ထာလကံ ပန ဝဋ္ဋတိ ဟု မိန့်အပ်၏။ တမ္မလောဟမယောပိ၊ ကြေးနီဖြင့်ပြီးသည်လည်းဖြစ်သော။ ပတ္တောဝ၊ သပိတ်သည်သာလျှင်။ နဝဋ္ဋတိ၊ မအာပ်။ ထာလကံပန၊ ခွက်သည်ကား။ ဝဋ္ဋတိ၊အာပ်၏။ ဤကားအနက်။

ယင်းအဋ္ဌကထာဝယ် ကံသမယော-ဟူသော ပုဒ်၌ ကိတ္တိမလောဟချင်းချင်း သဘောတူဖြစ်သော ဝဋ္ဋလောဟကိုလည်း ထည့်၍ယူ။ ထို့ကြောင့်–

ကံသမယောတိ ဧတ္ထ ဝဋ္ဋလောဟမယောပိ သင်္ဂဟိတောဲ-ဟု မိန့်အပ်၏။

ကံသလောဟ မယောတိ ဧတ္ထ၊ ကံသလောဟ မယော-ဟူသော ပုဒ်၌။ ဝဋ္ဋလောဟ မယောပိ၊ သလဲမည်း ကြေးနီနှင့်စပ်၍ ပြုအပ်သော ဝဋ္ဋလောဟကိုလည်း။ သင်္ဂဟိတောဲ၊ ရေတွက်အပ်၏။ ဤကား အနက်။

ကိတ္တိမလောဟသည် ကံသလောဟ၊ ဝဋ္ဋလောဟ အာရကူဋဟူ၍ ၃-မျိုးရှိ၏။ ထို ၃-မျိုးတို့တွင် သလဲဖြူနှင့် ကြေးနီစပ်သော လောဟသည် (ကံသလောဟ) မည်၏။ သလဲမည်းနှင့် ကြေးနီစပ်သော လောဟသည် (ဝဋ္ဋလောဟ) မည်၏။ ပြဒါးနှင့် ကြေးနီစပ်သော လောဟသည် (အာရကူဋ္ဌ) မည်၏။ ထို့ကြောင့် ဝိမတိဝိနောဒနီ ဋီကာ၌–

တိပု တမ္မေဟိ မိဿေတ္ဝာ ကတံ ကံသလောဟံ နာမ၊ သီသတမ္မေဟိ မိဿေတ္ဝာ ကတံ ဝဋ္ဋလောဟံနာမ၊ ရဿတမ္မေဟိ ရဇ္ဇိတံ တမ္ဗံ အာရကူဋ္ဌလောဟံနာမ ဟု မိန့်အပ်၏။ တေရသကဏ် ဋီကာ၌လည်း အဓိပ္ပာယ်နည်းတူလော၏။

တိပု တမ္မေဟိ၊ သလဲဖြူ ကြေးနီတို့နှင့်။ မိဿေတ္ဝာ၊ ရောစပ်၍။ ကတံ၊ ပြုအပ်သော လောဟသည်။ ကံသလောဟံနာမ၊ ကံသလောဟမည်၏။ သီသ တမ္မေဟိ၊ သလဲမည်း ကြေးနီတို့နှင့်။ မိဿေတ္ဝာ၊ ရောရ၍။ ကတံ၊ ပြုအပ်သော လောဟသည်။ ဝဋ္ဋလောဟံနာမ၊ ဝဋ္ဋလောဟမည်၏။ ရဿတမ္မေဟိ၊ ပြဒါး ကြေးနီတို့ဖြင့် ရဇ္ဇိတံ၊ ဆိုးအပ်သော။ တမ္ဗံ၊ ကြေးနီသည်။ အာရကူဋ္ဌ လောဟံနာမ၊ အာရကူဋ္ဌ လောဟမည်၏။ ဝါ၊ ခပ်ပြာမည်၏။ ဤကားအနက်။

ဤခပ်ပြာသည် ရူပိယစစ် မဟုတ်သော်လည်း ရွှေအဆင်း ရွှေအလားရှိသောကြောင့် မသုံးသပ်ကောင်း၊ မခံယူကောင်း၊ သုံးသပ် ခံယူလျှင် ဒုက္ကဋ်အာပတ်သင့်၏။ ထို့ကြောင့်–

တံ ပန ဇာတရူပ ဂတိကန္တိ ဝုတ္တတ္တာ ဥဂ္ဂဏှတော နိဿဂ္ဂိယံ ဟောတိတိ ကေစိ ဝဒန္တိ၊ ရူပိယေသု ပန အဂဏိတတ္တာ နိဿဂ္ဂိယံ နဟောတိ၊ အာမသနေ သမ္ပဋိစ္ဆနေစ ဒုက္ကဋ္ဌ မေဝါတိ ဝေဒိတဗ္ဗံ ဟု ဝိမတိ ဝိနောဒနီ ဋီကာဋ္ဌ ဆို၏။

ထိုဝိမ္ဘတိဆရာ ဝါဒသည် "အာရက္ခဋ္ဌ လောဟမိဿ ဇာတရူပဂတိက မေဝ အနာမာသန္တိ သမ္ဘအဋ္ဌကထာသု ဝုတ္တံ"ဟူသော ပါရာဇိကဏ် အဋ္ဌကထာကြီး၌ ဇာတရူပ ဂတိက အနာမာသ မျက်သာ ဆိုသောစကားနှင့် ညီ၏။

တံ ပန၊ ထိုခပ်ပြာကိုကား။ ဇာတရူပ ဂတိကန္တိ၊ ရွှေအလားရှိ၏ ဟူ၍။ စုတ္တတ္တာ၊ ဆိုအပ်သည်အဖြစ်ကြောင့်။ ဥဂ္ဂဏှတော ဥဂ္ဂဏှန္တဿ၊ ခံယူသောရဟန်းအား။ နိဿဂ္ဂိယံ၊ နိဿဂ္ဂိ ပါစိတ်အာပတ် သင့်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ကေစိ၊ အချို့သော ဆရာတို့သည်။ ဇဒန္တိ၊ ဆိုကြကုန်၏။ ပန၊ ထိုသို့ ဆိုကုန်သော်လည်း။ ရူပိယေသု၊ ရူပိယမည်သော နိဿဂ္ဂိယဝတ္ထုတို့၌။ အဂဏိတတ္တာ၊ မရေတွက်အပ်သည်၏ အဖြစ်ကြောင့်။ နိဿဂ္ဂိယံ၊ နိဿဂ္ဂိယပါစိတ် အာပတ်သည်။ န ဟောတိ၊ မဖြစ်။ အာမသနေစ၊ သုံးသပ်ခြင်း၌ လည်းကောင်း။ သမ္ပဋိစ္ဆနေစ၊ ခံယူခြင်း၌ လည်းကောင်း။ ဒုက္ကဋမေဝ၊ ဒုက္ကဋ်အာပတ်သင့်သည်သာ လျှင်တည်း။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ဤကား ဋီကာအနက်။

အာရက္ခဋ္ဌလောဟမိဿ၊ ခပ်ပြာသည်လည်း။ ဇာတရူပဂတိကမေဝ၊ ရွှေအလားရှိသည်သာလျှင်တည်း။ အနာမာသံ၊ မသုံးသပ်အပ်။ ဣတိ၊ ဤသို့။ သမ္ဘအဋ္ဌကထာသု၊ အလုံးစုံသော အဋ္ဌကထာတို့၌။ ဝုတ္တံ၊ ဆိုအပ်၏။ ဤကား အဋ္ဌကထာအနက်။

သလဲဖြူ သလဲမည်းတို့သည် ကံသလောဟ၊ ဝဋ္ဋလောဟ၊ အန္တောဂဝတ ဖြစ်ကုန်၏။ သလဲဖြူခွက်သည် သလဲဖြူ ကြေးနီစပ်သော ကံသလောဟ၊ ကြေးဖြူခွက်အား လျော်၏။ သလဲမည်းခွက်သည် သလဲမည်း ကြေးနီစပ်သော ဝဋ္ဋလောဟ ကြေးပုပ်ခွက်အား လျော်၏။ ဤကဲ့သို့ ယခုကာလပေါ်သော (အလူမိနိယမ်း) ခေါ်သော သတ္တုခွက်သည် အရောင်အဆင်း မည်းခြင်း၊ သဲမ်းခြင်း၊ ခဲမဖြူစပ်နှင့် တူသောကြောင့် ကြေးဖြူခွက်အား လျော်၏။ ကြေးဝါခွက်သည်လည်း ကြေးနီ သွပ် စသောကြောင့် ကံသလောဟခွက်အား လျော်၏ဟု မှတ်ခြင်းငှာ သင့်၏။

(၂၅) ထိုခွက်တို့ကို သုံးစွဲခြင်းနှင့် စပ်လျဉ်း၍ အပ်-မအပ်ကို ပြဆိုရာ အဋ္ဌကထာ၌ သံဃိက ပရိဘောဂ၊ ပုဂ္ဂလိက ပရိဘောဂ၊ ဂိဟိဝိကဋ္ဌ သုံးမျိုးတို့၏ အထူးကို ဤသို့ မှတ်အပ်၏။

(၁) ရောက်လာသော သီတင်းကြီးတို့နှင့် ဆက်ဆံ၍ သီတင်းကြီးတို့အားပေး၍ သုံးစွဲခြင်းသည် သံဃိက ပရိဘောဂမည်၏။

(၂) ရောက်လာသော သီတင်းကြီးတို့နှင့် မဆက်ဆံပဲ သီတင်းကြီးတို့အား မပေးမူ၍ မိမိတယောက်တည်း သုံးစွဲခြင်းသည် ပုဂ္ဂလိကပရိဘောဂမည်၏။

(၃) လူတို့သည် ထားအပ်ကုန်သော ခွက်တို့သည် တနည်း- လူတို့သည် မိမိပိုင်ကဲ့သို့ ပြုအပ်သောခွက်တို့သည် ဂိဟိဝိကဋ္ဌမည်၏ဟု မှတ်အပ်၏။ ထို့ကြောင့် ဝိနယတ္ထမဉ္ဇူသာ၌-

သံဃိက ပရိဘောဂေနာတိ အာဂန္တုကာနံ ဝုဗ္ဘုတရာနံ ဒတ္ဝာ ပရိဘောဂေန၊ ဂိဟိဝိကဋ္ဌာဟိ ဂိဟီဟိဝိကဋ္ဌာ ပညတ္တာ၊ အတ္တနော၁ဝါ သန္တက ကရဏေန ဝိရူပံ-ကတာ၊ ပုဂ္ဂလိက,ပရိဘောဂေန နဝဋ္ဌတိတိ အာဂန္တုကဲဝနံ အဒတ္ဝာ အတ္တနော သန္တကံဝိယ ဂဟေတ္ဝာ ပရိဟရိတ္ဝာ ဘုဉ္ဇိတုံ နဝဋ္ဌတိ ဟု မိန့်အပ်၏။

သံဃိက ပရိဘောဂေနာတိ၊ သံဃိကပရိဘောဂေန ဟူသည်ကား။ အာဂန္တုကာနံ၊ အာဂန္တုဖြစ်ကုန်သော။ ဝုဗ္ဘုတရာနံ၊ သိတင်းကြီးတို့အား။ ဒတ္ဝာ၊ ပေး၍။ ပရိဘောဂေန၊ သုံးဆောင်ခြင်းဖြင့်။ ဂိဟိဝိကဋ္ဌာတိ၊ ဂိဟိဝိကဋ္ဌ ဟူသည်ကား။ ဂိဟီဟိ၊ လူတို့သည်။ ဝိကဋ္ဌပညတ္တာ၊ တည်ထားအပ်ကုန်သော။ ဝါ၊ တနည်းကား။ အတ္တနော၊ မိမိ၏။ သန္တက ကရဏေန၊ ဥစ္စာပိုင်ကဲ့သို့ပြု၍။ ဝိရူပံ၊ ဖောက်ပြန်စွာ။ ကတာ၊ ပြုအပ်ကုန်သော။ ပုဂ္ဂလိက-ပရိဘောဂေန နဝဋ္ဌတိတိ၊ ပုဂ္ဂလိကပရိဘောဂေန နဝဋ္ဌတိ ဟူသည်ကား။ အာဂန္တုကာနံ၊ အာဂန္တုတို့အား။ အဒတ္ဝာ၊ မပေးမူ၍။ အတ္တနော၊ မိမိ၏။ သန္တကံဝိယ၊ ဥစ္စာပိုင်ကဲ့သို့။ ဂဟေတ္ဝာ၊ ယူ၍။ ပရိဟရိတ္ဝာ၊ အမြဲဆောင်၍။ ဘုဉ်ဇိတုံ၊ သုံးဆောင်ခြင်းငှာ။ နဝဋ္ဌတိ၊ မအပ်။ ဤကား-အနက်။

ဤဋီကာကိုထောက်၍ ယခင် ဆိုအပ်ခဲ့ပြီးကုန်သော ဖန်ခွက်၊စဉ့်ခွက်၊ ကြေးဖို့၊ ကြေးပုပ် ခဲမဖြူ ခဲမ၊ ယခုကာလ သတ္တုခွက်၊ ကြေးကြွပ်ခွက်၊ ကြေး၀ါခွက်စသော စားခွက် အတွင်းသို့ ထည့်သွင်း၍ ခွင့်မပြုအပ်သော ခွက်တို့ကို သုံးဆောင်လို၍ ရောက်လာသော အာဂန္တုက သိတင်းကြီးရဟန်းတို့အား မတားမြစ်ပဲ ပေးကမ်း၍သာလျှင်လည်းကောင်း၊ လူတို့ တည်ထားအပ်သောခွက်၊ လူတို့၏ခွက် ဖြစ်လျှင်လည်းကောင်း သုံးဆောင်အပ်၏။ မိမိပိုင်ပစ္စည်း ဖြစ်စေကာမူ အာဂန္တု သိတင်းကြီးရဟန်းတို့အား တားမြစ်၍ မပေးမကမ်းပဲ မိမိတဦး တည်းကား မသုံးဆောင်အပ်ဟု မှတ်အပ်၏။ ထိုခွက်တို့တွင် ကံသလောဟ စသောခွက်တို့ကို သံဃပစ္စည်းဖြစ်စေကာမူ အမြဲဆောင်၍ မသုံးဆောင်အပ်။ လူတို့တည်ခင်းထားသော ခွက်ကို သုံးဆောင်ခြင်းဖြင့်သာ သုံးဆောင်အပ်၏။ မဟာအဋ္ဌကထာ၌-

"ကံသလောဟ ဝဋ္ဋလောဟာနံ ယေနကေနစိ ကတော သိဟဠဒီပေ ပါဒဂ္ဃာကော ဘာဇေတဗ္ဗော" ဟု တပါဒဝင် တိုင်အောင်သော ကံသလောဟ၊ ဝဋ္ဋလောဟ ခွက်တို့သည် ဝေဘဂိယ ဝိသင်္ခိယ လဟုဘဏ္ဍဖြင့်၏ဟု ဆို၏။ ထို၌ (ပါဒ) ဟူသည် မဂဓရာဇ် ၅-ကွမ်းစားဝင်သော ခွက်တည်း။ ထို၀မဓကွမ်းစားသည်၊

၄-ဆုပ်	၁-ကဲတုံ
၄-ကတုံ	၁-ကွမ်းစား
၄-ကွမ်းစား	၁-ပြည်
၄-ပြည်	တစိတ်
၄-စိတ်	၁-တင်း

ဟု ဝိမတိဝိနောဒနီ ဘေရဿကဏ်တို့ ပြဆိုအပ်သော ပကတိကွမ်းစား၊ အာမိသကွမ်းစားထက် တဆကြိုး၏။ ထို တပါဒဝင်ခွက်ကို ချင့်သော် မဂဓ ၅-ကွမ်းစား၊ ပကတိကွမ်းစား ဒမိလ ကွမ်းစားအားဖြင့် ၁၀-ကွမ်းစား၊ ပြည်အားဖြင့် ၂-ပြည်တခွက် ဝင်သည်။ ထိုခွက်သည် လဟုဘဏ်ဖြစ်၍ သံဃာအား လှူသော်လည်း ဝေဖန်အပ်သော ဝေဘင်္ဂိယ စိသင်္ခိယဘက္ကာ ဖြစ်၏ဟူသော အဓိပ္ပာယ်ကို မဟာအဋ္ဌကထာ၌ သိအပ်၏။ မဟာပစ္စရိက် အဋ္ဌကထာ၌ကဲ့သို့ ကံသလောဟ ဝဋ္ဋလောဟခွက်တို့ကို သံဃာအား လှူသော်လည်း အမြဲမဆောင်ကောင်း။ လူတို့တည်ထားသော ခွက်ကို သုံးဆောင်ခြင်းဖြင့်သာ အပ်၏ဟု "ကံသလောဟာဒိ ဘာဇနံ သံဃဿဒိန္နမ့ပိ ပါရိဿ ဟာရိယံ နဝဋ္ဋတိ၊ ဂိဟိဝိကဋ္ဌ နိဟာရေနေဝ ဝဋ္ဋတိ" ဟု ဆို၏။

အဋ္ဌကထာ ၂-ရပ်တို့တွင် မဟာအဋ္ဌကထာ စကားကို ထောက်၍ ကေစိဆရာတို့သည် ပဂ္ဂလိကဖြစ်ထိုက်သည်၊ ခံယူထိုက်သည်၊ အမြဲဆောင်ထိုက်သည်ဟု ဆိုကြ၏။ ဝိမတိဝိနောဒနီ ဋီကာဆရာသည်ကား ထို ၂-ဝါဒတို့တွင် မဟာပစ္စရိက် ဝါဒကို အဋ္ဌကထာ နှစ်သက်သဖြင့် နောက်ထား၍ ဆိုသောကြောင့် ကြေးဖြူ ကြေးပုပ်ခွက်တို့ကို တပါဒဝင်ကစ၍ မဝေဖန်အပ်၊ လူတို့ကပင် ပေးလှူသော်လည်း ပဂ္ဂိုလ်အား မခံယူထိုက်ကြောင်းကို။

"ယံ ကိဉ္စိ ပါဒဂ္ဂဏှကဝါရမ့ပိ ဥပါဒါယ အဘာဇနီယမေဝ၊ ဂိဟိဟိ ဒိန္နံပိ ပဂ္ဂလဿ သမ္မုဋ္ဌံတု နဝဋ္ဋတိ" ဟု မိန့်ဆိုအပ်၏။

ယံကိဉ္စိ၊ အမှတ်မရှိ တစုံတခုသော။ ပါဒဂ္ဂဏှတဝါရမ့ပိ၊ တပါဒဝင်သော ခွက်ကိုလည်း။ ဥပါဒါယ၊ အစပြု၍။ အဘာဇနီယမေဝ၊ မဝေဖန်အပ်သည်သာတည်း။ ဂိဟိဟိ ဒိန္နံ၊ လူတို့ ပေးလှူအပ်သောခွက်ကို။ ပဂ္ဂလိကဿ၊ ပုဂ္ဂိုလ်အား။ သမ္မုဋ္ဌံတု၊ ခံယူခြင်းငှာ။ နဝဋ္ဋတိ၊ မအပ်။ ဤကား အနက်။

ကြေးဖြူ ကြေးပုပ်စသော ခွက်တို့သည် ဂရုဘဏ်ဖြစ်စေ၊ လဟုဘဏ်ဖြစ်စေ၊

ဖလိကမယ ကာစမယ ကံသမ့ယာနိပန တန်္ဒါကာဒိနိ ဘာဇနာနိ ပဂ္ဂလိက ပရိဘောဂေန နဝဋ္ဋတိ၊ သံဃိက ပရိဘောဂေနဝါ ဂိဟိဝိကဋ္ဌာနိစါ ဝဋ္ဋန္တိ—

ဟူ၍ မိန့်ဆိုအပ်သော မဟာပဒုမတ္ထေရသ သင်္ဂဟအဋ္ဌကထာဆရာ အလိုတော် အတိုင်း မိမိပိုင် ပဂ္ဂလိကပစ္စည်းပင်ဖြစ်စေကာမူ ပဂ္ဂလိက အသုံးဖြင့် မသုံးပဲ သံဃာ့ကအသုံးဖြစ်စေ၊ လူတို့ ပြင်ပေးတိုင်းကို လူတို့၏ပစ္စည်းကိုသာ သုံးဆောင်အပ်၏ဟု မှတ်အပ်ကုန်သတည်း။

ဤကား ခွက်နှင့်စပ်သော အဆုံးအဖြတ်တည်း။

ဤမျှသော စကားစဉ်ဖြင့် သာသနသောဓက၊ သာသနဇောတက၊ သာသနပါလက ဖြစ်တော်မူကြကုန်သော ဆရာတော်သခင်အရှင်မြတ်တို့သည် ယခုကာလ၌ သာသနာတော်မြတ်၏

ဆုတ်ယုတ်ကြောင်းဖြစ်ကုန်သော အာကျင့်သောင်း အာကျင့်ပျက်တို့ကို မျက်ဝါးထင်ထင် တွေ့မြင်တော်မူကြကုန်၍ အတားအဆီး အစောင့်အရှောက်မရှိက လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ မှီခိုရာ ဘုရားသာသနာတော်ကြီးသည် မကြာမီပင် အဆုတ်ကြီးဆုတ်၊ အပျက်စီးကြီးပျက်စီး အံ့တော့ဘကားဟု သံဝေဂဖြစ်ပွားတော်မူကုန်ရကား သာသနာတော်အရေးဖြင့် စည်းဝေးစိုင်ပြင် တိုင်ပင်တော်မူကြကုန်လျက် ပျက်ပြားသော အာကျင့်များတွင် သာသနာတော်၌ အရေး တွေ့ လွယ်ရုံကစ၍ တစတစ ထိန်းသိမ်းစောင့်ရှောက်တော် မူလိုကြကုန်သဖြင့် စေခိုင်း တိုက်တွန်းဘော် မူအာ်သည်နှင့်အညီ စီရင်ရေးသား အပ်ယော အဆုံးအဖြတ်ကား ပြီးခြင်းသို့ ရောက်ပြီ။

(၂၆) ထိုအဆုံးအဖြတ်ပါ စကားတို့ကို ကုံသိုလ်ပွားကြောင်း နှလုံးကောင်း နှလုံးမြတ်ဖြင့် ကြည့်ရှု မှတ်သားပြီးလျှင် သာသနာတော်မြတ်၏ ကြာမြင့် အရှည် တည်တံ့ခြင်းကို အလိုရှိကုန်သော ပုဂ္ဂိုလ်တို့သည် တနေ့တခြား လျော့ပါး ဆုတ်ယုတ်လျက် သာသနာတော်၏ ကြာမြင့် အရှည် မတည်နိုင်ခြင်း၏ အကြောင်းဖြစ်သော မိမိတို့သိက္ခာ၌ မရှိသေ မလေးစား ထင်သလို ကျင့်ကြံခြင်း၊ သိက္ခာအဂါရဝတရားကို သတိ ပညာ သဒ္ဓါပြဋ္ဌာန်းသော စိတ်ဖြင့် ဆို့ပိတ်ဟန့်တားလျက် သာသနာတော်မြတ်ကြီး၏ ပွားစီးအရှည် တည်ကြောင်းဖြစ်သော မိမိသိလသိက္ခာ၌ ရှိသေလေးစားစွာ ထိန်းသိမ်းစောင့်စည်းခြင်း သိက္ခာဂါရဝအဖြစ်၌ တည်အပ်ကုန်၏။

(၂၇) ဤဥယျောဇဉ်စကား၌ သိက္ခာအဂါရဝတရားသည် သာသနာတော်၏ မပေါ်တိမ်မြုပ် ဆုတ်ယုတ်ပျောက်ကွယ်ခြင်း၏ အကြောင်းဖြစ်ခြင်းကိုလည်းကောင်း၊ သိက္ခာ ဂါရဝတရားသည် သာသနာတော်မြတ်ကြီး၏ ပွားစီးအရှည် တည်တံ့ခြင်း၏ အကြောင်းဖြစ်ခြင်းကိုလည်းကောင်း ဤသို့ သိအပ်၏။

တနံရောအခါ မြတ်စွာဘုရားသခင်သည် ကိမိလပြည် ဝေဠုဝန်ကျောင်းတော်၌သီတင်းသုံးနေတော်မူစဉ် ကိမိလမထေရ်မြတ်သည် မြတ်စွာဘုရားသခင်၏ ထံတော်ပါးသို့ ချဉ်းကပ်ခစားပြီးလျှင် မြတ်စွာဘုရား၊ မြတ်စွာဘုရားသခင်သည် အနုပါဒိသေသနိဗ္ဗာန် စံဝင်တော်မူပြီးနောက် မည်သည့်အကြောင်းဖြင့် မြတ်စွာဘုရား သာသနာတော်မြတ်ကြီးသည် ကြာမြင့်အရှည် မတည်ပါမည်နည်းဟု လျှောက်ထားသောအခါ မြတ်စွာဘုရားသခင်သည်-

ကိမိလ တထာဂတော ပရိနိဗ္ဗုတော ဘိက္ခူ ဘိက္ခုနီယော ဥပါသကာ ဥပါသိကာယော၊ သတ္ထုရိ အဂါရဝါ ဝိဟရန္တိ အပ္ပတိဿာ၊ ဓမ္မေအဂါရဝါ ဝိဟရန္တိ အပ္ပတိဿာ၊ သံဃေ အဂါရဝါ ဝိဟရန္တိ အပ္ပတိဿာ၊ သိက္ခာယ အဂါရဝါ ဝိဟရန္တိ အပ္ပတိဿာ၊ အပ္ပမာဒေ အဂါရဝါ ဝိဟရန္တိ အပ္ပဟိဿာ၊ ပဋိသန္ထာရေ

အဂါရဝါဝိဟရန္တိ အပ္ပတိဿာ၊ အယံ ခေါ ကိမိလ ဟေတု အယံ ပစ္စယော ယေနတထာဂတေ ပရိနိဗ္ဗုတေ သဒ္ဓမ္မော နစိရဋ္ဌိတိကော ဟောတိ ဟု ဟော တော်မူအပ်၏။

ကိမိလ၊ ကိမိလ။ ဣဓ၊ ဤသာသနာတော်၌။ တထာဂတေ၊ မြတ်စွာဘုရားသခင် သည်။ ပရိနိဗ္ဗုတေ၊ ပရိနိဗ္ဗာန် ဝင်စံတော်မူသည်ရှိသော်။ ဘိက္ခူ၊ ရဟန်းတို့သည်လည်း ကောင်း။ ဘိက္ခုနိယော၊ ရဟန်းမိန်းမတို့သည်လည်းကောင်း။ ဥပါသကာ၊ ဒါယကာ ယောကျ်ားတို့သည်လည်းကောင်း။ ဥပါသိကာယော၊ ဒါယိကာမတို့သည် လည်းကော်င်း။ သတ္ထရိ၊ မြတ်စွာသခင်၌။ အဂါရဝါ၊ ရိုသေခြင်း မရှိကြကုန်သည်ဖြစ်၍ အပ္ပတိဿာ၊ နှိမ့်ချ ခြင်းမရှိကြကုန်သည်ဖြစ်၍။ ဝိဟရန္တိ၊ နေကြကုန်၏။

ဓမ္မေ၊ တရားတော်မြတ်၌။ အဂါရဝါ၊ ရိုသေခြင်း မရှိကြကုန်သည်ဖြစ်၍။အပ္ပတိဿာ၊ နှိမ့်ချခြင်းမရှိကြကုန်သည်ဖြစ်၍။ ဝိဟရန္တိ၊ နေကြကုန်၏။

သံဃေ၊ သံဃာတော်မြတ်၌။ အဂါရဝါ၊သေခြင်းမရှိကြကုန်သည်ဖြစ်၍။ အပ္ပတိဿာ နှိမ့်ချခြင်းမရှိကြကုန်သည်ဖြစ်၍။ ဝိဟရန္တိ၊ နေကြကုန်၏။

သိက္ခာယ၊ သိက္ခာသုံးပါး၌။ အဂါရဝါ၊ရိုသေခြင်း မရှိကြကုန်သည်ဖြစ်၍။အပ္ပတိဿာ၊ နှိမ့်ချခြင်း မရှိကြကုန်သည်ဖြစ်၍။ ဝိဟရန္တိ၊ နေကြကုန်၏။

အပ္ပမာဒေ၊ အပ္ပမာဒတရား၌။ အဂါရဝါ၊ရိုသေခြင်း မရှိကုန်သည်ဖြစ်၍။ အပ္ပတိဿာ၊ နှိမ့်ချခြင်း မရှိကုန်သည်ဖြစ်၍။ ဝိဟရန္တိ၊ နေကြကုန်၏။

ပဋိသန္ဓာရေ၊ အာမိသ ဓမ္မဟု ဆိုအပ်သော။ ပဋိသန္ဓာရ ၂-ပါး၌။ အဂါရဝါ၊ ရိုသေ ခြင်း မရှိကြကုန်သည်ဖြစ်၍။ အပ္ပတိဿာ၊ နှိမ့်ချခြင်း မရှိကြကုန်သည်ဖြစ်၍။ ဝိဟရန္တိ၊ နေကြကုန်၏။

ကိမိလ၊ ကိမိလ။ ယေန၊ အကြင်အကြောင်းဖြင့်။ တထာဂတေ၊ မြတ်ဘုရားသခင် သည်။ ပရိနိဗ္ဗုတေ၊ ပရိနိဗ္ဗာန် စံတော်မူသည်ရှိသော်။ သဒ္ဓမ္မော၊ သူတော်ကောင်းတရား တည်းဟူသော သာသနာတော်သည်။ နစိရဋ္ဌိတိကော၊ ကြာမြင့်စွာ တည်တံ့ခြင်းမရှိသည်။ ဟောတိ၊ ဖြစ်၏။

အယံ ခေါ၊ ဤသည်ပင်လျှင်။ ဟေတု၊ အကြောင်းရင်းတည်း။ အယံ၊ ဤသည်ကား။ ပစ္စယော၊ အထောက်အပံ့အကြောင်းတည်း။ ဤကား အနက်။

ပဥ္စကနိပါတ်၌ လူ-ရှင်-ရဟန်းတို့၏ ဘုရား၌ မရိုသေခြင်း၊ တရား၌ မရိုသေခြင်း၊ သံဃာ၌ မရိုသေခြင်း၊ သိက္ခာ၌ မရိုသေခြင်း၊ မိမိတို့အချင်းချင်း မရိုသေခြင်း၊ ဤ ၅-ပါးကို သာသနာတော်၏ ကြာမြင့်အရှည် မတည်ကြောင်းဟူ၍ ကိမိလမထေရ်ကိုပင် ဟောတော်မူအပ်၏။

သံယုတ်ပါဠိတော်၌၊ ဤပဥ္စကနိပါတ်၌ ဟောတော်မူအပ်သော ၅-ပါးတို့တွင် "အချင်းချင်းမရိုသေခြင်း" တပါးကိုနုတ်၍ "သမာဓိ၌ မရိုသေခြင်း" တပါးကို ထည့်သွင်းလျက် ၅-ပါးသော တရားကို သာသနာတော်ကွယ်ကြောင်းတရားဟု ဟောတော်မူအပ်၏။

ဥပရိပဏ္ဏာသပါဠိတော်၊ ပါထေယျပါဠိတော်၊ အဘိဓမ္မာဝိဘင်းပါဠိတော်၊ ပရိဝါပါဠိတော်တို့၌လည်း ဤကိမိလသုတ်၌ ဟောတော်မူအပ်သော သာသနာတော် ဆုတ်ယုတ်ကြောင်း ၆-ပါးကိုပင် အဂါရဝ ၆-ပါးဟူ၍ ဟောတော်မူအပ်၏။

ထိုအဂါရဝတို့၏ အထူးအခြားကို ထိုပါဠိတော်၏အဖွင့်၊ အဋ္ဌကထာအသီးသီး ဖွင့်ဆိုအပ်ကုန်သောစကားတို့ကို ထူးရာကိုယူ၍ သိလွယ်စိမ့်သောငှာ စုပေါင်း၍ပြပေအံ့။

(၁)မြတ်စွာဘုရားရှင် ထင်ရှားရှိတော်မူစဉ် သုံးပါးသောအခါတို့၌ မြတ်စွာဘုရားအား ဆည်းကပ်ရာသို့ မသွားခြင်း၊ မြတ်စွာဘုရားသည် ဖိနပ်မစီးပဲ စင်္ကြံကြွတော်မူလျက် ရှိတော်မူရာ၌ မိမိသည် ဖိနပ်စီး၍ စင်္ကြံသွားခြင်း၊ နိမ့်သောစင်္ကြံ၌ကြွတော်မူရာ၌ မြင့်သောစင်္ကြံ၌သွားခြင်း၊ အောက်၌ သီတင်းသုံးပါလျက် အထက်၌နေခြင်း၊ မြတ်စွာဘုရား၏ ဒဿနုပစာ၌ ပခုံး ၂-ဘက်ကိုရုံခြင်း၊ ထီးဆောင်းခြင်း၊ ဖိနပ်စီးခြင်း၊ ရေချိုးခြင်း၊ ကျင်ကြီး ကျင်ငယ်စွန့်ခြင်း၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးသော် စေတီတော် ဗောဓိပင်ရှိရာသို့ မသွားခြင်း၊ စေတီ ဗောဓိပင်တို့ကို ရှိမခိုးခြင်း၊ စေတီတော်ထင်ရာအရပ်၌ ပခုံး ၂-ဘက်ကို ရုံခြင်း၊ ထီးဆောင်းခြင်း၊ ဖိနပ်စီးခြင်း၊ ရေချိုးခြင်း၊ စေတီယင်္ကာ၌ ဖိနပ်စီးခြင်း၊ ထီးဆောင်းခြင်း၊ တပါးသော အရပ်မှ ကြည့်၍ အကျိုးမရှိသောစကားကို ပြောဆိုသွားခြင်း၊ အခြားရဟန်းတို့က ဤသို့ ဘုရား၌ မရှိမသေပြုခြင်းသည် မလျောက်ပတ်၊ မသင့်တော်ပါဟု ပြောဆိုပါသော်လည်း တိတ်တိတ်နေပါ ငါ့ရှင်၊ ဘာဘုရားတဲ့နည်းဟု ပြောဆိုခြင်းအမှုတို့သည် သင်္ဃရိအဂါရဝမည်၏။

(၂) တရားနာ ကြွေးကြော်သောအခါ သွားနိုင်လျက် တရားနာရာအရပ်သို့ မသွားခြင်း၊ ရိုသေစွာ တရားမနာခြင်း၊ အိပ်၍နေခြင်း၊ အကျိုးမရှိသောစကားကို ပြောဆိုနေခြင်း၊ မတည်မငြိမ်နေခြင်း၊ မရိုမသေနေခြင်း၊ တရားနာပရိသတ်ကိုသာ ဖြတ်၍သွားခြင်း၊ ရိုသေစွာ မမှတ်ခြင်း စွမ်းနိုင်ပါလျက် မိမိတတ်သိသော တရားကို ဟောပြောသင်ကြားပို့ချ၍ မပေးခြင်း၊ သရဘညစတ်ကို မရှုတ်ခြင်း၊ အခြားရဟန်းတို့ကဤသို့ တရားတော်၌ မရိုမသေပြုခြင်းသည် မလျောက်ပတ် မသင့်လျော်ပါဟု ပြောဆိုပါသော်လည်း တိတ်တိတ်နေပါ ငါ့ရှင်၊ ဘာတရားတဲ့နည်းဟု ပြောဆိုခြင်းအမှုတို့သည် မမှအဂါရဝ မည်၏။

(၃) သံဃာ့အလယ်၌ လက်မောင်းတန်းလျက် အထူးထူးသောစကားကို ပြောဆို၍ မထေရ်ကြီး၊ မထေရ်လတ်၊ မထေရ်ငယ်တို့၌ မရှိသေခြင်း၊ ဥပုသ်အိမ်၊ ညီမူရာ စသည်တို့၌ သီတင်းကြီးရှိစဉ် ရှိမခိုးနိုင်ခြင်း၊ မထေရ်ကြီးက မတိုက်တွန်းပဲ တရားဟောခြင်း၊ ပါတိမောက်ပြခြင်း၊ ပြဿနာ ဖြေဆိုခြင်း၊ မထေရ်ကြီးကို တိုးဝှေ့တိုက်ခိုက်၍ သွားခြင်း၊ ရပ်ခြင်း၊ နေထိုင်ခြင်း၊ မထေရ်ကြီးအား ဆည်းကပ်ရာသို့ ရောက်လျက် ရှိမခိုးပဲနေခြင်း၊ လက်အာယောဂပတ်၊ ပုဆိုးအာယောဂပတ် ဖဲ့၍နေခြင်း၊ လက်ဆော့ဆော့ ခြေဆော့ဆော့ပြုခြင်း၊ သံဃာ့အလယ်၌ ပခုံး ၂-ဘက်ကိုရုံခြင်း၊ ထီးဆောင်းခြင်း၊ ဖိနပ်စီးခြင်း၊ အခြားရဟန်းတို့ကဲ့ဤသို့ သံဃာတော်၌ မရိုမသေပြုခြင်းသည် မလျောက်ပတ် မသင့်တော်ပါဟု ပြောဆိုပါသော်လည်း တိတ်တိတ်နေပါ ငါ့ရှင်၊ ဘာသံဃာတဲ့နည်း၊သမင်အပေါင်းဖြစ်သော သံဃာလား၊ ဆိတ်အပေါင်းဖြစ်သော သံဃာလား၊ ဤသို့ အစရှိသောစကားကို ပြောဆိုခြင်းအမှုတို့သည် သံဃအဂါရဝ မည်၏။ ဤ၌ ရဟန်းတပါးအား မရိုမသေပြုလျှင်ပင် သံဃာ၌ မရိုမသေပြုသည် မည်တော့၏။

(၄) မိမိတို့၏သိက္ခာကို မဖြည့်ကျင့်ခြင်းသည် သိက္ခာအဂါရဝမည်၏။ ဤ၌ သိက္ခာ၌ မရိုသေခြင်းမျှဖြင့်လည်း သိက္ခာကို မဖြည့်ခြင်းမည်သည်သာ ဖြစ်၏။ သိက္ခာ၏ တစိတ်တဒေသ ပျက်လျှင် အလုံးစုံသော သိက္ခာသည် ပျက်သည်မည်၏။ သိက္ခာ၏တစိတ်တဒေသ၌ မရိုသေလျှင် အလုံးစုံသောသိက္ခာ၌ မရိုသေသည်မည်၏ဟု ပါဌေယျဋ္ဌိကာ၌ မိန့်ဆိုအပ်၏။

(၅) မူလဋ္ဌိကာအလို သတိမကင်းခြင်းဟု ဆိုအပ်သော။ တနည်း။ ကုသိုလ်ကို အဖန်ဖန် အားထုတ်ခြင်း၌ မြဲသည်၏ အဖြစ်ဟု ဆိုအပ်သော အပ္ပမာဒလက္ခဏာကို။ ပါဌေယျဋ္ဌိကာအလို သမ္မာပဋိပတ်ဟု ဆိုအပ်သော အပ္ပမာဒလက္ခဏာကို မပ္ပဒြင်းသည် အပ္ပမာဒအဂါရဝ မည်၏။

(၄) အာမိသ ဓမ္မ ၂-ပါးသော ပဋိသန္ဓါရကို မပြုခြင်းသည် ပဋိသန္ဓာရအဂါရဝ မည်၏။ ဤသို့ အဂါရဝ ၄-ပါးတို့၏ အဆူးအခြဲးကို မှာဘ်အပ်၏။ ဤသည်ကား သာသနာတော်၏ တနေ့တခြား လျော့ပါးဆုတ်ယုဘ် တိမ်မြုပ်ခြင်း၏ အကြောင်းတို့တည်းဟု ဟောတော်မူအပ်သော အဂါရဝ ၄-ပါးတည်း။

(၂၀) ထို့နောက် အရှင်ကိမိလ မထေရ်သည် သာသနာတော်၏ ကြာမြင့်အရှည် တည်ကြောင်းတရားကို လျှောက်ပြန်သောအခါ ဣမ ကိမိလ တထာဂတော ပရိနိဗ္ဗုတော ဘိက္ခူ ဘိက္ခူနိယော ဥပါသကာ ဥပါသိကာယော သတ္ထရိ ဂါရဝါ ဝိဟရန္တိ သပွတိဿာလ။ သဒ္ဓမ္မော စိရဋ္ဌိတိကော ဟောတိ-ဟု ဟောတော်မူအပ်၏။ အနက်ကား မခဲယဉ်းပြီ။ သဂါရဝါ၊ ရိုသေခြင်း ရှိကုန်သည်ဖြစ်၍။ သပွတိဿာ၊ နှိမ့်ချခြင်း ရှိကြကုန်သည်ဖြစ်၍။ ဤမျှသာ ထူးတော့သည်။

ဤသုက္ကပက္ခသုတ်၌ ဂါရဝ ၄-ပါးကို ယခင် ကဏှပက္ခသုတ်၌ ဆိုအပ်ခဲ့ပြီးသော အဂါရဝ ၄-ပါးမှ ပြန်သော ပဋိပက္ခအားဖြင့် မှတ်သားအပ်၏။ ထို ဂါရဝ ၄-ပါးကို ရဟန်းတို့၏ ကြီးပွားကြောင်း ဟူ၍လည်း ဟောတော်မူအပ်၏။

(၂၉) ဤသို့ မြတ်စွာဘုရားသခင်သည် လူ ရှင် ရဟန်းတို့၏ ဘုရား- တရား- သံဃာ သိက္ခာ- အပ္ပမာဒ ပဋိသန္ဓာရတို့၌ မရိုသေ မလေးစားခြင်းသည် သာသနာတော်၏ ပျက်စီးကြောင်း၊ မိမိတို့လည်း ဆုတ်ယုတ်ကြောင်း၊ ရိုသေလေးစားခြင်းသည် သာသနာတော်၏ ကြာမြင့် အရှည်တည်ကြောင်း၊ မိမိတို့၏လည်း ကြီးပွားကြောင်းဟု ဟောကြားတော်မူအပ်သောကြောင့် သာသနာတော်မြတ်ကြီး၏ ကြာမြင့်အရှည် တည်ခြင်းကို အလိုရှိလှပါသည်ဟု နှုတ်ကပင် အထပ်ထပ် ပြောဆိုပါသော်လည်း ပြဆိုအပ်ခဲ့ကုန်ပြီးသော ဘုရား တရား-သံဃာ- သိက္ခာ- အပ္ပမာဒ- ပဋိသန္ဓာရ- အညမည သမာဓိတို့၌ ရိုသေလေးစားခြင်း မရှိလျှင် သာသနာဆုတ်ယုတ်အောင် ပြုသောရဟန်း၊ သာသနာ ဆုတ်ယုတ်အောင် ပြုသောယောကျ်ား မိန်းမတို့သာ မည်ကုန်သည်ဖြစ်၍။ စင်စစ် သာသနာ ကြီးပွားခြင်းကို အလိုရှိကြသည် မှန်ပါလျှင် အရှင် ကိမိလမထေရ်အား ဟောကြားတော်မူအပ်သော သာသနာတော်မြတ်ကြီး၏ ကြာမြင့်အရှည် တည်ကြောင်း ဂါရဝတရား ၄-ပါး စသည်ကို ကြည်ညိုရိုသေစွာ လိုက်နာဖြည့်ကျင့်အပ်ကုန်၏။ ထိုဂါရဝတရား ၄-ပါးတို့တွင်လည်း ယခုခေတ် ယခုအခါ၌ ကျင့်ဝတ် သိက္ခာ လွန်စွာပျက်စီးကြသဖြင့် သာသနာတော်ကို တကယ်ကြည်ညိုလျှက် တကယ်တည်စေလိုပါလျှင် ရဟန်းရော လူပါ မိမိတို့ သိက္ခာကို အလွန်အလေးပြုအပ်လှ တော့သည်။

၃၀-နိဂုံး

(၁) သာသနေ သတဝါရမ္ပိ၊ သင်္ကရာဇေ မဟက္ခယေ။
ဖဂ္ဂုဏေ ဇုဏှပက္ခမ္ပိ၊ အဋ္ဌမိယံ သုသခ်ံတော။

(၂) နိဋ္ဌိတော အနာယာသေန၊ ယထာယံ ဟောတု သင်္ကမ္မေါ။
ဥပဒ္ဒဝ ဝိသံယုတ္တော၊ ဣဒ္ဓေါ ဇနပဒေ သဒါ။

(၁) သာသနေန၊ အတိတ် သာသနာတော်သည်။ သကဝါရမ္ပိ၊ ၂၄၆၇-ခုနှစ်သို့။ သင်္ကရာဇေ၊ သင်္ကရာဇ်သည်။ မဟက္ခယေ၊ ၁၂၀၅-ခုနှစ်သို့။ ဖဂ္ဂုဏေ၊ တပေါင်းလသို့။ ဇုဏှပက္ခမ္ပိ၊ လဆန်းပက္ခသို့။ အဋ္ဌမိယံ၊ ရှစ်ရက်မြောက်သို့။ ပတ္တော၊ ရောက်လတ်သော်။ သုသခ်ံတော၊ ကောင်းစွာ ပြုစုရင်အုပ်သော။ အယံ၊ ဤ စီဝရဒီဝနိစ္ဆယကျမ်းသည်။

(၂) အနာယာသေန၊ မပင်ပန်းသဖြင့်။ နိဋ္ဌိတော၊ ပြီးဆုံးသည်။ ဟောတိယထာ၊ ဖြစ်သကဲ့သို့။ ဇနပဒေ၊ ဇနပုဒ်သူ လူအပေါင်း၏။ သင်္ကမ္မေါ၊ အကြံအစည် ဟူသမျှသည်။ အနာယာသေန၊ မပင်ပန်းသဖြင့်။ နိဋ္ဌိတော၊ ပြီးဆုံးခြင်းသို့ ရောက်သည်။ ဟောတု၊ ဖြစ်ပါစေသတည်း။ ဇနပဒေ၊ ဇနပုဒ်၌။ သဒါ၊ အခါခပ်သိမ်း။ ဥပဒ္ဒဝ ဝိသံယုတ္တော၊ ဥပဒ်ဒေဝါကင်းသည်။ ဣဒ္ဓေါ၊ ပြည့်စုံသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

ဤတွင် စီဝရာဒီ ဝိနိစ္ဆယကျမ်း ပြီး၏။

ဓနုဖြူမြို့

သဒ္ဓမ္မ ဇောတိကဝတ္ထုမတိုက်

စတုတ္ထ ဆရာတော်ဘုရား ရေးသားသော

သက္ကပဉ္ဉာသုတ် အဓိမေး အဓိဖြေလင်္ကာ

နှင့်

ငါးပါးသီလ အကျိုးအပြစ်လင်္ကာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁။ **သိက္ခားမင်းအမေး**။ ။ဘုန်းတော် အလှန် ကြီးတော်မူသော မြတ်စွာဘုရား။ အလုံးစုံသောနတ် လူ အသူရာ နဂါး ဂန္ဓဗ္ဗ အစရှိသော များစွာသော သတ္တဝါအပေါင်းတို့သည် အမျက်ကင်းခြင်း၊ ဒဏ်ကင်းခြင်း၊ ဝေးသောရန်သူမှ ကင်းခြင်း၊ နှလုံးမသာယာခြင်းမှ ကင်းလွတ်လိုခြင်း၊ နီးသောရန်သူတို့မှ ဂျင်းလွတ်သည်ဖြစ်၍ ချမ်းမြေ့ကြည်သာ နေဖို့ကိုသာ တောင့်တကြပါကုန်၏။ ထိုသို့ တောင့်တကြကုန်သော်လည်း ထိုသတ္တဝါတို့ဆည် အမျက်ရှိကုန်သည်ဖြစ်၍ ဥစ္စာဒဏ် လက်နက်ဒဏ် ရှိကုန်သည်ဖြစ်၍ ဝေးသောရန်သူ ရှိကုန်သည်ဖြစ်၍ နီးသောရန်သူ ရှိကုန်သည်ဖြစ်၍ နေကြပါကုန်၏။ ထိုသို့ နေရခြင်းသည် အဘယ်သံယောဇဉ်ကြောင့်ပါနည်း အရှင်ဘုရား။

၁။ **ဘုရားရှင်အဖြေ**။ ။**သိက္ခားမင်း** ဣသာ မစ္ဆရိယ သံယောဇဉ် တည်းဟူသော အကြောင်းကြောင့် နတ် လူ အသူရာ နဂါး ဂန္ဓဗ္ဗ အစရှိသော များစွာကုန်သော သတ္တဝါတို့သည် အမျက်ကင်းခြင်း၊ ဥစ္စာဒဏ် လက်နက်ဒဏ်မှ ကင်းလွတ်လိုခြင်း၊ ဝေးသောရန်သူမှ ကင်းလွတ်လိုခြင်း၊ နှလုံးမသာယာခြင်းမှ ကင်းလွတ်လိုခြင်း၊ နီးသောရန်သူတို့မှ ကင်းလွတ်သည်ဖြစ်၍ ချမ်းမြေ့ကြည်သာ နေလိုကြပါသော်လည်း မနေရပဲ စင်စစ်အားဖြင့် အမျက်ရှိကြကုန်သည်ဖြစ်၍ ဥစ္စာဒဏ် လက်နက်ဒဏ် ရှိကုန်သည်ဖြစ်၍ ဝေးသောရန်သူ ရှိကုန်သည်ဖြစ်၍ နှလုံးမသာယာခြင်း ရှိကုန်သည်ဖြစ်၍ နီးသောရန်သူ ရှိကုန်သည်ဖြစ်၍သာလျှင် နေကြရကုန်၏။

နောက်နောက်ပုဒ်များ၌ သိက္ခားမင်း အမေးကို (မေး) ဟူ၍ လည်းကောင်း။ ဘုရားရှင်၏အဖြေကို (ဖြေ) ဟူ၍လည်းကောင်း ရေးပါမည်။

၂။ **မေး**။ ။ဘုန်းတော် အလွန်ကြီးတော်မူသော မြတ်စွာဘုရား ဣဿာ မစ္ဆရိယသည် အဘယ်အကြောင်း ရှိပါသနည်း၊ အဘယ့်ကြောင့် ဖြစ်ပါသနည်း၊ အဘယ်ဖြင့်ကြောင်း သဘောရှိပါသနည်း။ အဘယ်အကြောင်းကြောင့် ဖြစ်ပါသနည်း။ အဘယ်တရား ရှိကဖြစ်ပါသနည်း၊အဘယ်တရားကင်းက ဣဿာ မစ္ဆရိယ ကင်းပါသနည်း အရှင်ဘုရား။

၂။ **ဖြေ**။ ။သိကြားမင်း၊ ဣဿာ မစ္ဆရိယသည် ချစ်အပ်ကုန်သော သတ္တဝါသခ်ါရ၊ မုန်းအပ်ကုန်သော သတ္တဝါသခ်ါရသာလျှင် ဖြစ်ကြောင်းရှိ၏။ ချစ်အပ်ကုန်သော သတ္တဝါသခ်ါရ၊ မုန်းအပ်ကုန်သော သတ္တဝါသခ်ါရလျှင် ဖြစ်ကြောင်းသဘောရှိ၏။ ချစ်အပ်ကုန်သော သတ္တဝါသခ်ါရ၊ မုန်းအပ်ကုန်သော သတ္တဝါဘခ်ါရလျှင် ဖြစ်ကြောင်းသဘောရှိ၏။ ချစ်အပ်ကုန်သော သတ္တဝါသခ်ါရ၊မုန်းအပ်သောသတ္တဝါသခ်ါရ တည်းဟူသော အကြောင်းကြောင့် ဖြစ်၏။ ချစ်အပ်သောသတ္တဝါ၊ မုန်းအပ်သော သတ္တဝါ ရှိခဲ့သော် ဣဿာ မစ္ဆရိယသည် ဖြစ်ပေါ်၏။ ချစ်အပ်သော သတ္တဝါ၊ မုန်းအပ်သောသတ္တဝါ မရှိခဲ့သော် ဣဿာ မစ္ဆရိယတို့ မဖြစ်နိုင်ကုန်ပြီ။

ဤအဖြဲ့ သတ္တဝါဆိုသည်မှာ သား မယား ကျေးကျွန် ဆင် မြင်း ကဲ့ နွား စသော အသက်ရှိသော ဝတ္ထုကို ဆိုလိုသည်။ သခ်ါရဆိုသည်မှာ ရွှေ ငွေ ပုလဲ လယ်ယာကိုင်းကျွန်း စသော အသက်မရှိသော ဝတ္ထုကို ဆိုလိုသည်။ (နောက်နောက်ဖြစ်သော အမေး-အဖြေတို့၌ အဆင်ဆင့်ဖြစ်သော စကားမျှားကို မထည့်သွင်းပဲ လိုရင်းကိုသာ ရေးသားဖော်ပြပေအံ့။)

၃။ **မေး**။ ။ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ချစ်ခြင်း မုန်းခြင်းဆိုသော တရားသည် အဘယ်အကြောင်းကြောင့် ဖြစ်ပါသနည်း။ အဘယ်တရားရှိက ချစ်ခြင်း မုန်းခြင်း ဖြစ်ပါသနည်း။ အဘယ်တရားကင်းက ချစ်ခြင်း မုန်းခြင်း ကင်းပါသနည်း အရှင်ဘုရား။

၃။ **ဖြေ**။ ။သိကြားမင်း၊ ချစ်ခြင်း မုန်းခြင်းသည် ဆန္ဒတည်းဟူသော တဏှာကြောင့်ဖြစ်၏။ ဆန္ဒတည်းဟူသော တဏှာရှိလျှင် ချစ်ခြင်း မုန်းခြင်းရှိ၏။ တဏှာကင်းသော် ချစ်ခြင်း မုန်းခြင်း မရှိပြီ။

၄။ **မေး**။ ။ဘုန်းတော်အလွန်ကြီး မြတ်ပေသော အရှင်ဘုရား၊ ဆန္ဒတည်းဟူသော တဏှာသည် အဘယ်အကြောင်းကြောင့် ဖြစ်ပါသနည်း။ အဘယ်တရားရှိက ဆန္ဒဖြစ်ပါသနည်း။ အဘယ်တရားကင်းက ဆန္ဒကင်းပါသနည်း အရှင်ဘုရား။

၄။ **ဖြေ**။ ။သိကြားမင်း ဆန္ဒတည်းဟူသော တဏှာသည် ကြံစည်တတ်သော ဝိတက်ကြောင့်ဖြစ်၏။ ဝိဘက်တရားရှိပါငြားက ဆန္ဒသည်ဖြစ်ပေါ်ရာ၏။ ဝိတက်ကင်းပါက ဆန္ဒတရား မဖြစ်နိုင်ပြီ။

၅။ မေး။ ။ဘုန်းတော်ကြီးမြတ်တော်မူသော အရှင်ဘုရား၊ ကြံစည်တတ်သော ဝိတက်သည် အဘယ်အကြောင်းကြောင့် ဖြစ်ပါသနည်း။ အဘယ်တရားရှိက ဝိတက်ရှိပါသနည်း။ အဘယ်တရားကင်းက ဝိတက်ကင်းပါသနည်း အရှင်ဘုရား။

၅။ ဖြေ။ ။သိကြားမင်း ဝိတက်သည် တဏှာ မာန ဒိဋ္ဌိတည်းဟူသော ပပဉ္စတရားသုံးပါး ရှိပါငြားက ဝိတက်သည် ဖြစ်ပေါ်လာ၏။ ထို ပပဉ္စတရားသုံးပါး ကင်းငြိမ်းပါက ဝိတက်တရား ကင်းတော့သည်။

၆။ မေး။ ။ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာဘုရား၊ အဘယ်သို့ကျင့်သော သူသည် ပပဉ္စတရားဟုဆိုအပ်သော တဏှာ မာန ဒိဋ္ဌိတို့၏ ချုပ်ငြိမ်းခြင်းငှာ လျောက်ပတ်သော နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော အကျင့်ကို ကျင့်ရာမည်ပါသနည်း အရှင်ဘုရား။

၆။ ဖြေ။ ။သိကြားမင်း၊သောမနဿဝေဒနာကို မှီဝဲအပ်သော သောမနဿဝေဒနာ၊ မမှီဝဲအပ်သော သောမနဿဝေဒနာဟူ၍ နှစ်မျိုးအား ဖြင့် ဟောပေအံ့။ ဒေါမနဿ ဝေဒနာကိုလည်း မှီဝဲအပ်သော ဒေါမနဿဝေဒနာ၊ မမှီဝဲအပ်သော ဒေါမနဿဝေဒနာဟူ၍ နှစ်မျိုးအား ဖြင့် ဟောပေအံ့။ ဥပေက္ခာဝေဒနာကိုလည်း မှီဝဲအပ်သော ဥပေက္ခာဝေဒနာ၊ မမှီဝဲအပ်သော ဥပေက္ခာဝေဒနာဟူ၍ နှစ်မျိုးဟောပေအံ့။

(ဤအဖြေစကား၌ မှီဝဲအပ်သော ဝေဒနာဟူသည်ကား အကုသိုလ်တရား ဆုတ်ယုတ်၍ ကုသိုလ်တရား ပွားများသော ဝေဒနာကို ဆိုလိုသည်။ မမှီဝဲအပ်သော ဝေဒနာဟူသည်ကား အကုသိုလ်တရား ပွားများ၍ ကုသိုလ်တရား ဆုတ်ယုတ်သော ဝေဒနာကို ဆိုလိုသည်)။

၇။ မေး။ ။ဘုန်းတော်ကြီးမြတ်တော်မူသော အရှင်ဘုရား၊ ဘယ်ကဲ့သို့ ကျင့်သော ရဟန်း ရှင် လူသည် ပါဘိမောက္ခသံဝရသီလနှင့် ပြည့်စုံခြင်းငှာ ကျင့်သည် မည်ပါသနည်း အရှင်ဘုရား။

၇။ ဖြေ။ ။သိကြားမင်း ကိုယ်အကျင့်ကို မှီဝဲအပ်သော ကိုယ်အကျင့်၊ မမှီဝဲအပ်သော ကိုယ်အကျင့် ဟူ၍လည်းကောင်း၊ နှုတ်အကျင့်ကို မှီဝဲအပ်သော နှုတ်အကျင့်၊ မမှီဝဲအပ်သော နှုတ်အကျင့်ဟူ၍လည်းကောင်း။ ရှာမှီးခြင်းကို မှီဝဲအပ်သော ရှာမှီးခြင်း၊ မမှီဝဲအပ်သော ရှာမှီးခြင်းဟူ၍လည်းကောင်း ဤသို့ နှစ်ပါးစီ ဝေဖန်၍ ဟောကြားအပ်၏။

(ဤအဖြဲ့၌ မှီဝဲအပ်-မမှီဝဲအပ်ကို ၆-နံပါတ်အဖြဲ့၌ပါသော အကျဉ်းအဓိပ္ပာယ် အတိုင်း မှတ်သူအပ်၏။ အကျယ်ကို သီလိုမူ သုတ်မဟာဝါ အဋ္ဌကထာ၊သက္ကပဥ္ဉသုတ် အဖွင့် မှာကြည့်လေ)။

၈။ **မေး** ။ဘုန်းတော်သခင် ရှင်ပင်မြတ်ဘုရား၊ အဘယ်ကဲ့သို့ကျင့်သော ရဟန်း ရှင် လူ သည် ကျွန်ုပ်တို့ကို စောင့်စည်းခြင်းငှာ ကျင့်သည်မည်ပါသနည်း အရှင်ဘုရား။

၈။ **ဖြေ**။ ။သိကြားမင်း၊ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံဟု ဆို အပ်သော အာရုံ ၆-ပါး်တို့ကို မှီဝဲအပ်သော အာရုံ၊ မမှီဝဲအပ်သောအာရုံဟူ၍ နှစ်မျိုးစီ ခွဲခြားလျက် ဟောကြားအပ်၏။ (ဤအဖြဲ့၌ မှီဝဲအပ်၊ မမှီဝိအပ်ကို ၆ နံပါတ်ပါ စကားနှင့် အတူ မှတ်ယူအပ်၏)။

၉။ **မေး**။ ။ဘုန်းတော်ကြီးမြတ်တော်မူသော အရှင်ဘုရား၊ အလုံးစုံသော ရဟန်း ပုဏ္ဏားတို့သည် တူမျှသော အယူဝါဒ၊ တူမျှသောအကျင့်သီလ၊ တူမျှသော အလိုဆန္ဒ၊ တူမျှ သော ပြီးဆုံးခြင်း ရှိပါကုန်သလော အရှင်ဘုရား။

၉။ **ဖြေ**။ ။သိကြားမင်း၊ အလုံးစုံသော ရဟန်း ပုဏ္ဏားတို့သည် တူမျှသောအယူ ဝါဒ၊တူမျှသော အကျင့်သီလ၊ တူမျှသော အလိုဆန္ဒ၊ တူမျှသော ပြီးဆုံးခြင်းမရှိကြကုန်။

၁၀။ **မေး**။ ဘုန်းတော်ကြီးမြတ်တော်မူသော အရှင်ဘုရား၊ အလုံးစုံသော ရဟန်း ပုဏ္ဏားတို့သည် အဘယ်အကြောင်းကြောင့် တူမျှသော အယူဝါဒ၊ တူမျှသော အကျင့်သီလ၊ တူမျှသော အလိုဆန္ဒ၊ တူမျှသော ပြီးဆုံးခြင်း မရှိကြပါကုန်သနည်း အရှင်ဘုရား။

၁၀။ **ဖြေ**။ ။သိကြားမင်း၊ သတ္တဝါအပေါင်းသည် မျှားသောဓာတ်သဘောရှိ၏။ မျှားသောအယူရှိ၏။ အထူးထူးသော ဓာတ်သဘောရှိ၏၊ အထူးထူးအပြားပြား မျှားသော အယူဝါဒလည်း ရှိသည်ဖြစ်၍ မိမိတို့ ယူမိယူရာကိုသာ မျှားစွာစွဲလမ်းကုန်လျက် ငါ၏ အယူ သာမှန်ကန်၏၊ သူတပါး၏ အယူသည် အချိုးနှိုးသာတည်း ဟု ခိုင်မြဲစွာ ယူလေ့ရှိကြ၏။ ထို့ကြောင့် အလုံးစုံသော ရဟန်း ပုဏ္ဏားတို့သည် စင်စစ်တူမျှသော အယူဝါဒ၊ တူမျှသော အကျင့်သီလ၊ တူမျှသော အလိုဆန္ဒ၊တူမျှသော ပြီးဆုံးခြင်း မရှိကြလေကုန်။

၁၁။ **မေး**။ ။ဘုန်းတော်ကြီးမြတ်တော်မူသော အရှင်ဘုရား၊အလုံးစုံသော ရဟန်း ပုဏ္ဏားတို့သည် ပျက်စီးခြင်းကို လွန်ရာဖြစ်သော၊ အဆုံးသို့ရောက်ကုန်ပြီးသော၊ ယောဂတရား တို့၏ ကုန်ရာသို့ရောက်ကြပြီးသော၊ မြတ်သောအကျင့် ရှိကြပါကုန်သလော၊ တူမျှသော ပြီး ဆုံးခြင်းရှိကြကုန်သလောအရှင်ဘုရား။

၁၁။ **ဖြေ**။ ။သိကြားမင်း၊ အလုံးစုံသော ရဟန်း ပုဏ္ဏားတို့သည် ပျက်စီးခြင်းကို လွန်မြောက်ရာ အဆုံးသို့မရောက်ကုန်၊ ယောဂတရားတို့၏ကုန်ရာသို့လည်းမရောက်ကုန်၊ စင်စစ် မြဲသောအကျင့်လည်း မပြည့်စုံကြကုန်၊ တူမျှသော ပြီးဆုံးခြင်းလည်း မရှိကြကုန်။

၁၂။ မေး။ ။အဘယ်အကြောင်းကြောင့် အလုံးစုံသော ရဟန်း ပုဏ္ဏားတို့သည် ပျက်စီးခြင်းကို လွန်မြောက်ရာအဆုံးသို့ မရောက်ပါကုန်သနည်း၊ ယောဂတရားတို့၏ ကုန်ဆုံးရာသို့ မရောက်ပါကုန်သနည်း၊ စင်စစ်မြတ်သော အကျင့်မရှိကြပါကုန်သနည်း၊ စင်စစ်ပြီးဆုံးခြင်းသို့ မရောက်ကြပါကုန်သနည်း အရှင်ဘုရား။

၁၂။ ဖြေ။ ။သိကြား်းမင်း အကြင်အကြင် ရဟန်း ပုဏ္ဏားတို့သည် တဏှာကို ဖျက်ဆီးတတ်သော မဂ်တရားဖြင့် ကိလေသာတို့မှ လွတ်မြောက်ကုန်၏၊ ထို့ရဟန်းပုဏ္ဏား တို့သည်သာ စင်စစ်ပျက်စီးခြင်းကိုလွန်ရာ အဆုံးသို့ ရောက်ကုန်၏။ ယောဂတရားတို့ ကုန်ရာ အဆုံးသို့ရောက်ကုန်၏။ စင်စစ်မြတ်သော အကျင့်ရှိကုန်၏။ စင်စစ်ပြီးဆုံးခြင်းသို့ ရောက်ကုန်၏။ ထို့ကြောင့် အလုံးစုံရှိသမျှသော ရဟန်းပုဏ္ဏားတို့သည် ပျက်စီးခြင်းကိုလွန်ရာ အဆုံးသို့ မရောက်ကုန်၊ ယောဂတို့၏ ကုန်ရာသို့လည်း မရောက်ကြကုန်။ စင်စစ်မြတ်သော အကျင့်လည်း မရှိကြကုန်။ စင်စစ်ပြီးဆုံးခြင်းသို့လည်း မရောက်ကုန်။ (အချို့သော ရဟန်းပုဏ္ဏားကား ရောက်၏၊ အချို့ကား မရောက်ဟု ဆိုလိုသည်။)

သုတ်မဟာဝါ အဋ္ဌကထာ၌ အမေး-၄ ပါးဟူ၍၊ ဖွင့်ပြတော်မူ၏။ ဤယခု ရေးသားအပ်သော အမေးအဖြေ၌ ဝေဒနာသုံးပါးကို ပေါင်း၍လည်းကောင်း။ ကိုယ်အကျင့် နှုတ်အကျင့် ရှာမှီးခြင်းတို့ကို ပေါင်း၍လည်းကောင်း၊ အစွန်အဖျားနိဋ္ဌာတရားကို ခဲ့ခြား၍လည်းကောင်း ရေးသားအပ်သောကြောင့် ၁၂ ပါးဖြစ်နေသည်ကို မှတ်သားအပ်ပေသည်။

ဤတွင် သက္ကပဥ္ဉာသုတ် အမေးအဖြေစကားပြေ မာတိကာပြီး၏။

မြတ်စွာဘုရားသည် အမွဝနရွာအနီး ဝေဒိသကတောင်ခြေရှိ ဣန္ဒသာရဂေါ် နပဲပင် ကျောက်ဂူတွင်း၌ သီတင်းသုံးတော်မူခန်း

သောင်းလုံးစက္ကဝါ၊ ဘူပထဗျာတွင်၊ သူငါမကြွင်း၊ ဗြဟ္မာချဉ်းဇောင်၊ လွန်မင်းကြည်ညို၊ ဘုန်းရောင်ပိုသား၊ ရွှေလိုဝင်းအိ၊ ဂုဏ်ပေါင်းပြည့်သည့်၊ မုနိသခင်၊ တို့ထိပ်တင်သည်၊ ကြည်လင်ရှင်ပ၊ အမွဝန၊ နာမထန်သီး၊ ရွာအနီးဝယ်၊ တောကြီးမြို့ငယ်၊ ရွှဖွယ်မခန်း၊ အံ့ဘနန်းမျှ၊ လွမ်းစရာဂုဏ်၊ လွန်ပြည့်စုံသည့်၊ ပင်ရုံရောယှက်၊ တောကနက်ဝယ်၊ နှစ်သက်ဖွယ်ရာ၊ ဖြာဖြာရနံ့၊ ကြိုင်သင်းပျံ့သည့်၊ ဇွန်နံ့ကြက်ရုံး၊ ဂမုန်းခတ္တာ၊ ဇီဇဝါစံပယ်၊ သွယ်သွယ်နှင်းဆီ၊ နီဖြူဇလပ်၊ ပွင့်ချပ်ခွာညို၊ ထိုထိုကံ့ကော်၊ တောလုံးကျော်အောင်၊ ရှင်ပျော်ပန်းပေါင်း၊ ပူဇော်ငြောင်းသည့်၊ ပင်ကောင်းပင်နွယ်၊ သွယ်သွယ်ဝုံဖူး၊ မြရည်လူးသား၊ ပွတ်လုံးလားသို့၊ များပြားခြံရှေ၊ ဝေဒိသက၊ အမည်ရသည့်၊ တောင်လှအခြေ၊ မြေအပြေတွင်၊ တည်နေဖန်တန်း၊ ဒေဝါနန်းသို့၊ ရှင်လန်းပူဇော်၊ ကော်ရော်သမျှ၊ နတ်လူပြုသည့်၊ ထုတိသြဘာ၊ ဂုဏ်ရောင်ဖြာသား၊ လွန်ထင်ရှားခဲ့၊ ကျောက်သားလိုဏ်ဂူ၊ ရှေတူငွေတူ၊ စင်ဖြူဆင်နွဲ၊ နပဲပင်ရင်း၊ လိုဏ်တော်တွင်းဝယ်၊ ခြံသင်းရုံရှေ၊ မျှားလှထေရ်နှင့်၊ စံတေသီတင်း၊ သုံးလှုမင်းသည်၊ မှိတင်း ကြည်ကြည်အေးအေးတည်း။

သိကြားမင်းသည် များစွာသောနတ်အပေါင်း ခြံရံလျက်
ဘုရားရှင်ထံ ပုစ္ဆာမေးရန် ခွင့်တောင်းခန်း

အေးအေးကြည်ကြည်၊ တည်တော်မူငြား၊ မြတ်ဘုရား၏၊ ထံပါးရွေမှောက်၊ လိုဏ်ဂူအောက်တွင်၊ မီးတောက်သည့်လား၊ မြောက်မြားပိုလ်ခြေ၊ နတ်ပေါင်းရွေလျက်၊ နှစ်ပြေ(ပြည်) စိုးနင်း၊ သိကြားမင်းသည်၊ ဝပ်စင်းလက်မြှောက်၊ ရွှေတောင်အောက်သို့၊ ခွံ့ကြောက်ရိုသေ၊ ဆည်းကပ်လေ၏၊ ဆည်းကပ်လေငြား၊ ထိုသိကြားသည်၊ ဘုရားမြတ်ထံ၊ ခွင့်ပန်အရေး။ ချီအေးသာကြည်၊ လျှောက်တင်သည်မှာ၊ ဘုန်းတော်ကံတော်၊ ဉာဏ်တော်အနန္တ၊ တုမရသည့်၊ သုဂတပရမေ၊ မြတ်ဘုန်းဝေ၊ သခ်ျိလေးထပ်၊ တသိန်းကပ်ဖြင့်၊ ပြည့်လတ်ပါရမီ၊ စုံညီအင်္ဂါ၊ ရောင်ခြောက်ဖြာနှင့်၊ လှပါတင့်ရွှမ်း၊ ဂုဏ်ရည်လျှမ်းသား၊ မြတ်ဘုရားသည်၊ သနားဗိုလ်ခြေ၊ မေတ္တာခွေ၍၊ ရံရွေမြောက်မြား၊ တပည့်အားကို၊ ရင့်သားတမူ၊ မင်းဖြူရာဘူး၊ ပမာရှု၍၊ ခွင့်ပြုကယ်ငြား၊ ရှင်သနားက၊ လျှောက်ထားလိုရေး၊ ရှုပ်ထွေးပြဿနာ၊ အရာရာကို၊ လျှင်စွာမနှေး၊ ရှင်တော့ရှေးတွင်၊ ခွင့်ရေးအရ၊ တင်လျှောက်ပါ့မည်၊ နရသေဋ္ဌနင်း၊ ဘုန်းရောင်လင်းသည့်၊ စိုးမင်းတရဖျား အရှင်ဘုရား။

မြတ်စွာဘုရားသည် သိကြားမင်းအား ပုစ္ဆာမေးလျှောက်ရန်
ခွင့်ပေးတော်မူခန်း

ရံရွေသောင်းသောင်း၊ နတ်အပေါင်းနှင့်၊ ခညောင်းဝပ်တွား၊ သင်သိကြား၏၊ ယုံမှားဝါဒ၊ ဒဋ္ဌကကို၊ တဝမကျန်၊ တင်ရန်အရေး၊ ငါခွင့်ပေးမည်၊ ဖင့်နှေးမကြာ၊ တင်လိုရာကို၊ လျှင်စွာဆောဆော၊ သင့်သဘောဖြင့်၊ ရုံ့သောကြောက်ခြင်း၊ လုံးစုံကင်းလျက်၊ ဖြည်းညှင်းသာယာ၊ လျှောက်တင်ပါလော့၊ လျှောက်ထားအရှိ၊ ကုန်အပြည့်ကို၊ နှုံ့သိမကျန်၊ သင်၏ဉာဏ်တွင်၊ မှန်ပင်ထင်ရှား၊ ပတ္တမြားကို၊ လက်ဝါးအပြင်၊ တင်သောအလား၊ ပေါ်ထင်ရှားအောင်၊ ဖြေကြားလက်လက်၊ ငါမိန့်မြွက်မှည်၊ စဉ်ဆက်စဆုံး မကျန်တည်း။

၁။ သိကြားမင်းအမေး။ ။နတ်လူဗြဟ္မာ၊သတ္တဝါတို့၏၊ ပူဇော်အထူး၊ ပစ္စည်းဦးကို၊ စိုးမှူးပိုင်ပိုင်၊ ခံယူနိုင်သည့်၊ မဏ္ဍိုင်ထွတ်ထား၊ ဘုန်းဘုန်း၊ အများနတ်လူ၊ သွင်မူထူးခြား၊ နဂါးဂဠုန်၊ ဂုမ္ဘန် ယက္ခ၊ ဂန္ဓဗ္ဗဟု၊ စစမကျန်၊ ဝိညာဏ်ထင်ရှား၊ များလှသောင်းသောင်း၊ သတ္တဝါပေါင်း၏၊ ညွတ်ပျောင်းဆန္ဒ၊ လိုသမျှကို၊ ကြံဆရည်ငြား၊ နှလုံးထားမှာ၊ မမှားကောန်၊ တွင်းရန် ပြင်ရန်၊ နှစ်တန်ကွာဝေး၊ ကြောင့်ကြအေးလျက်၊ ယဉ်ကျေးသိမ်မွေ့၊ ဘုံဓလေ့ဖြင့်၊ ချမ်းမြေ့ကြည်လွှ၊ ဒဏ်ကင်းပလျက်၊ နေလိုကြလည်း၊ မပဘေးရန်၊ ဒဏ်မန်အပေါင်း၊ ထောင်သောင်းမက၊ ပြင်းပြစိုးရိမ်၊ ညှိုးမှိန်နှလုံး၊ ကြိမ်မီးအုံးသို့၊ ယူကျုံးမရ၊ ပူပန်ကြသည့်၊ ဒုက္ခဆူးချုံ၊ ကိုယ်လုံးအုံသို့၊ ပုံပမာပြု၊ လျှောက်တင်ရသော်၊ ဝနထူသီး၊

တောမြိုင်ကြီးတွင်၊ ခိုမြီးနေကြ၊ ကြောက်စရာ့ကယ်၊ ကျားများလယ်တွင်၊ ချေငယ်သမင်၊ ဝင်၍နေမိ၊ မချိပူပန်၊ ပြင်းထန်ထိတ်လန့်၊ ကြောက်ရွံ့စိုးရိမ်၊ ဘယ်မငြိမ်ပဲ၊ အသဲ (အသည်း) နှလုံး၊ ပြူတ်ပြုန်းကြွေလူ၊ စိုးရိမ်မှုသို့၊ တန္တုပမာ၊ များသတ္တဝါအား၊ ဖြစ်လာကြောင်းမှန်၊ သံယောဇဉ်၏၊ နာမ်အစ၊ ဘယ်ဓမ္မဟု၊ မုချမသွေ၊ သိစေအရေး၊ မိန့်တော်ပေးရန်၊ လျှောက်တောင်းပန်သည်၊ ရှေဉာဏ်ထိန်လင်း သုံးလူ့မင်း။

၁။ ဘုရားရှင် အဖြေ။ ။ထိန်ထိန်လောင်ငြား၊မီးတောက်လားသို့၊မြောက်မြားရံရှေ့၊ နတ်ပေါင်းခြေလျက်၊ ဗိုလ်ခြေတသင်း၊ရှေ့ဆောင်ခြင်းဖြင့်၊ ဝပ်စင်းလျှောက်ထား၊ အို–သိကြား၊ အများသတ္တဝါ၊ သူငါမကြွင်း၊ မီးပုံတွင်းသို့၊ ပြုန်းပြုန်းပြန်းပြန်း၊ ကြောက်ခမန်းတည့်၊ ပင်ပန်းလှိုက်ဖို၊ ငိုယိုမြည်တမ်း၊ ညှဉ်းနှမ်းရင်ဆူ၊ သည်းကြွေလူအောင်၊ ပူမှုမဆုံး၊ လူ့အလုံးသည်၊ ရွှင်ပြုံးဘယ်မှာ၊ မနေသာအား၊ သို့ဖြစ်ငြားသည့်၊ ကြောင်းကားကောန်၊ သံယောဇဉ်မှာ၊ ကြည်လျှံဝင်းပ၊ ချမ်းသာကြသား၊ သူတပါးကို၊ မလိုမုန်းထား၊ ငြူစူမျာ၍၊ စောင်းလားမြောင်းလား၊ ဣဿာပဉ်ခြင်း၊ တရားရင်းတည့်၊ မခြင်းမချန်၊ ကြောင်းတတန်မှ၊ ရံခါကိုယ်၌၊ ကံကောင်းဆိုက်၍၊ ဖိုးထိုက်ဘဏ္ဍာ၊ ရှိသောခါလည်း၊ ပျူငှာလောကွတ်၊ ပေးဖို့ဝတ်ကို၊ လွတ်လွတ်ပယ်ထား၊ ကြည့်သည်များကို၊ လားလားလားမှပင်၊ မမြင်ချင်၍၊ မျက်စောင်းဝှေ့လျက်၊ တေ့တေ့ရန်စောင်၊ ပေးနိုင်ပေါင်ဟု၊ နှုတ်လှောင်ကဲ့ရဲ့၊ ငယ်ကျိုးဖဲ့ကြ၊ တကယ့်မစ္ဆာ၊ ကြောင်းတထွေဟု၊ မှတ်လေအစဉ်၊ သက်ဆုံးထင်အောင်၊ ကြည့်ရှင်မြမြ၊ ဆောင်ကုန်ကြသည့်၊ နေ့ညတည့်မယွင်း ထိန်းထိန်လင်း။ ။(ဤမှနောက်၌ မေး ဖြေ ဟူ၍သာ ရေးမည်)။

၂။ **မေး**။ ။ခပ်သိမ်းဥဿုံ၊ တရားကုန်ကို၊ ဉာဏ်ဟုန်စူးရှ၊ ဆရာပလျက်၊ လှလှကိုယ်တိုင်၊ ဘယ်မယိုင်ပဲ၊ မဣန္ဒြေတဲ့ရှိ၊ လုံးစုံသိသည့်၊ မုနိအကျော်၊ မြတ်ဘုန်းမော်၊ မိန့်ဖော်အာသုပ်၊ ကြာကုမုတ်မှ၊ လှင့်ထုတ်မြွက်ချေ၊ သိပစေဟု၊ ဗိုလ်ခြေအများ၊ တပည့်သားကို၊ ဟောကြားညွှန်ပြ၊ မစ္ဆာရန္ဒင့် ဓမ္မဣဿာ၊ ထိုနှစ်ဖြာ၏၊ ကြောင်းလာအမှန်၊ နိဒါန်းဖြင့်၊ သမုဒယံဇာတိ၊ မှန်အရှိကို၊ မှတ်သိလိုပါ၊ ကြောင်းတဖြာမှာ၊ မကွာဝှယ်ငြို၊ ဘယ်တရားရှိက၊ ဖြစ်ဘိဣဿာ၊ မစ္ဆာရာတို့၊ ပေါ်လာရခြင်း၊ ဉာဏ်မလင်းခဲ့၊ မယွင်းအမှန်၊ လျှောက်ရန်တခင်း၊ ဘယ်တရားကင်းက၊ ဆိုရင်းဣဿာ၊ မစ္ဆာရာတို့၊ ကွယ်ကာပျောက်ချုပ်၊ အကြောင်းငုပ်မည်၊ ထိုတန္တိကို၊ ကြံစည်မရ၊ မှောင်ကြီးကျသို့၊ မောဟအဝိဇ္ဇာ၊ ပိတ်ဖုံးကာဘိ၊ ဉာဏ်လှဝိုးဝါး၊ တပည့်များကို၊ ညွှန်ကြားဖော်ပြ၊ နေရောင်ရသည့်၊ များလှသတ္တဝါ၊ တူပမာလို၊ လျှင်စွာမယွင်း၊ ဉာဏ်တော်လင်းကာ၊ နေရောင်ဖြာ၍၊ မှောင်မတွေ့အောင်၊ ကြံဆောင်ဆပ္ပာ၊ ဘ,သနာမှ၊ အများဒေဝါ၊ သူသူငါသည်၊ မှောင်ခွါပယ်ရှင်း၊ ထိန်လို့လင်း။

၂။ ဖြေ။ ။အာလိန်ငါးဆင့်၊ ဝတ်နှမြင့်ကို၊ ယင့်ချိသီးသီး၊ ရန်သူဆီးသား၊ နဂါး ဂဠုန်၊ ဂုမ္ဘန် ယက္ခ၊ ဂန္ဓဗ္ဗဟု၊ ဗုစုများစွာ၊ ဝဲန်းရံကာရန်၊ နတ်စစ်သူရဲ၊ ခြိမ့်ခြိမ့်သဲမျှ၊ လွန်ကဲဗိုလ်ခြေ၊ စစ်သည်တော့နှင့်၊ ရံရွေမြောက်မြား၊ အို–သိကြား၊ ဟောကြားညွှန်ပြ၊ ဓမ္မက္ကာ၊ မစ္ဆေရာ၏၊ ကြောင်းလာအမှန်၊ ပဘဝန်ကို၊ တိမ်စွန်တက်ဖျား၊ မိုးလလားသို့၊ ထင်ရှားမသွေ၊ ငါမိန့်ခွေမည်၊ ထိုကျိစိတ်သွား၊ အာရုံများကို၊ ချုပ်ထားဖွဲ့နှောင်၊ သင်နားထောင်လော့၊ ယခေါင်ရှည်စွာ၊ သံသာရက၊ တက္ခတ္တုလာ၊ ဖော်သဟာသို့၊ မက္ခာစိုက်စိုက်၊ ကိုယ်သို့လိုက်၍၊ နှစ်ခြိုက်လွန်မင်း၊ ချစ်ခင်ခြင်းနှင့်၊ မုန်းခြင်းတပါး၊ ထိုတရားသည်၊ ကြောင်းကား ကောန်၊ အကယ်မှန်ခဲ့၊ ကျယ်မခဲ့ပဲ၊ ပြဲ့ပြဲ့ထင်ထင်၊ ချစ်ခင်မုန်းခြင်း၊ ကယ်မယှင်းက၊ လွန်မင်းဣာဿ၊ မစ္ဆေရာတို့၊ ပေါ်လာရခြင်း၊ မှန်မယှင်းဖူး၊ အထူးမှတ်လို၊ ထိုထိုမုန်းခြင်း၊ ချစ်ခင်ခြင်းတို့၊ သန့်ရှင်းကွဘိ၊ ကယ်မရှိက၊ ကြောက်လိုရှိဖွယ်၊ သွယ်သွယ်ဣာဿ၊ မစ္ဆေရာတို့၊ ရှောင်ခွါကင်းကင်း၊ လုံးစုံကင်းလိမ့်၊ မယှင်းအမှန်၊ တရားမှန်ကို၊ နာခံမှတ်သား၊ ရှေခွက်အားတွင်၊ ထည့်ငြားသွင်းမီ၊ ခြသေ့ဆီသို့၊ ထိုဣာမဖယ်၊ ဉာဏ်ကြီးကျယ်သည်၊ မိုးလယ် ငွေလအလားတည်း။

၃။ မေး။ ။ဝိဇ္ဇာတရား၊ သုံးပါး·ရှစ်ပါး၊ ဆယ့်ငါးပါးကို၊ ပိုင်းခြားဝေဖန်၊ ယုဂန်ဒေါင်စွန်း၊ ငွေလဝန်းသို့၊ မချို့ညဲသုံ၊ လုံးစုံမှန်ပြည့်၊ လိုမရှိပဲ၊နှံ့သိရှေဉာဏ်၊ ဘုန်းတော်လျှံသည့်၊ အရဟံသဓင်၊ တို့ချစ်ရှင်၊ မိန့်ခွင်ဒေသနာ၊ မြို့က်ရသာကို၊ မှန်စွာမယှင်း၊ သုံးရခြင်းဖြင့်၊ လွန်မင်းရှင်သာ၊ ဝမ်းမြောက်စွာဘိ၊ ကြောင်းတရှိကို၊ မှတ်သိနားဆင်၊ သိလိုချင်လှ၊ ယခင်ပြသည့်၊ ချစ်ကြမုန်းခြင်း၊ ထိုနှစ်ခင်း၏၊ ကြောင်းရင်းမူလ၊ ပဘာဝကို၊ ညွှန်ပြလှစ်ဖော်၊ မိန့်တော်တဆင့်၊ ကျူးရင့်လိုငြား၊ ပန်လျောက်ထားသည်၊ စိန့်သွားမြှနယ် ဂုဏ်တမင့်။

၄။ ဖြေ။ ။ယူဇနာပေါင်း၊ ရှစ်သောင်းလေးထောင်၊ အပြန်ဆောင်သည့်၊ မြင့်ခေါင်ကြီးကျယ်၊ ဝတိန်လယ်တွင်၊ သွယ်သွယ်ဘုံနန်း၊ ရှုမခန်းဩာင်၊ ဆန်းပြားထွေဘိ၊ ဂုဏ်ပေါင်းရှိဆည့်၊ထုတိသတင်း၊ နတ်များမင်း။ ချစ်ခြင်းမုန်းခြင်း၊ ထိုနှစ်ခင်း၏၊ ကြောင်းရင်းမှမှ၊ ပဘာဝမှာ၊ ဖြစ်သမျှမူ၊ ရှေဆောင်ပြုကာ၊ အရာရာတွင်၊ အာသာဆန္ဒ၊ ရှိပါမှလျှင်၊ မုချမယှင်း၊ ချစ်လိုခြင်းနှင့်၊ မကင်းသဲတွဝါ၊ မုန်းလိုတာလည်း၊ ပေါ်မှာစင်စစ်၊ သို့ပင်ဖြစ်၍၊ ညွှန်လစ်မိန့်ပြ၊ ဆန္ဒသည်သာ၊ ကြောင်းဓမ္မာဟု၊ မှန်စွာမသွေ၊ သက်ဆိုးကြွေအောင်၊ မြဲဆောင်တရား၊ ထပ်ထပ်ပွားသည်၊ တိမ်များအလယ်ယုန်တမင့်။

၄။ မေး။ ။ရှေးရှေးယခေါင်၊ နေးငတော်တို့နည်း၊ နိဿဟျည်းကို၊ ဝင်မှီးလိုက်နာ၊ စရိယာနှင့်၊ ဆယ်ဖြာပါရမီ၊ လမ်းကောင်းမှီလျက်၊ စာဂိဝဝ၊ ကျင့်ဓမ္မကို၊ လှလှဆောင်

တတ်၊ ဂုဏ်သကတ်ကြောင့်၊ ထူးမြတ်နာမ၊ သုဂတဟု၊ ထွန်းပကျော်ကြား၊ မြတ်ဘုရား။ နှစ်ပါး ဓမ္မ၊ အပိယနှင့်၊ ပိယကြောင်းပြ၊ ဆန္ဒသည်ပင်၊ ဘယ်အစဉ်ကြောင့်၊ ပေါ်လွင်ထင်ရှား၊ ဖြစ်လာငြားသည်၊ ကြောင်းကားကောန်၊ ရင်းအမှန်ကို၊ ရှေးဉာဏ်ချိန်ဆ၊ မိန့်ဖော်ပြမှု၊ သိရမည်ပင်၊ သို့ဖြစ်အင်ကြောင့်၊ ရှစ်ခွင်ဒိသာ၊ တိုင်းလုံးဖြာအောင်၊ ရောင်ဝါပြန့်ပွား၊ ရှင်ဘုရားသည်၊ ထိန်ငြား ပဖွယ်ပုံတာမင့်။

၄။ ဖြေ။ ။တသောင်းအနှံ့၊ ဝတိန်ပြန့်တွင်၊ ကန့်၍တနည်း၊ မြို့ရိုးကြိုးနှင့်၊ ဆန်းသီးသွယ်သွယ်၊ ချယ်လှယ်ထွန်းပ၊ သုဒဿန၊ အမည်ရသည့်၊ မြို့မသောင်္ခနင်း၊ နတ်များမင်း၊ ချစ်ခြင်း မုန်းခြင်း၊ ထိုနှစ်ခင်း၏၊ ကြောင်းရင်းမှန်လှ၊ ဤဆန္ဒသည်၊ မဆုရှေးခါ၊ လူသတ္တဝါတို့၊ ခေါ်လာအစဉ်၊ မင်းထံယှဉ်၍၊ ပို့ဆောင်လေ့ကြောင့်၊ မရှေ့.မမှား၊ မင်းစေားဟု၊ ဆိုငြားသည့်သူ၊ ပမာတူလျှင်၊ သွင်မူမခြား၊ အာရုံများသို့၊ ရှေသွားတင်ပို့၊ မချို့ဆောင်နှင်း၊ မယွင်းတမူ၊ အခင်းတူသည်၊ သပွတ်အူလား၊ ချည်ခင်အားသို့၊ ထွေပြားလီလီ၊ ကြံစည်နှောင့်ယှက်၊ မိစ္ဆာဖက်သည့်၊ ဝိတက်သည်ပင်၊ ကြောင်းအစဉ်ဟု၊ ထင်ထင်ရှုကာ၊ ဉာဏ်သွားဖြာသည်၊ ရောင်ဝါနေသို့ ပုံမယွင်း။

၅။ မေး။ ။သတ္တ ဩက၊ သခ်ါရဟု၊ လောကသုံးပါး၊ ထိုတရားကို၊ ပိုင်းခြားဝေဖန်၊ ရှေဉာဏ်မြင်သိ၊ ထူးသတ္တိဖြင့်၊ တုရှိမထင်၊ ဘုံသုံးခွင်တွင်၊ နှိုင်းယှဉ်မရ၊ ဂုဏ်ထူးလွန်ကြောင့်၊ လောကဝိဒူ၊ မည်တဆူဖြင့်၊ ပြိုင်သူကင်းဘိ၊ မြတ်ဘုန်းရှိ၊ သုတိတရား၊ ခါခါကြဲားသဖြင့်၊ ပတ္တမြားလှ၊ လက်ဝယ်ရသို့၊ ဖြဖြမသွေ၊ ဝမ်းမြောက်လေပြီ၊ ကြံစည်တဆင့်၊ ကြောင်းတခွင့်ကို၊ လျှောက်တင့်အရေး၊ မိန့်တော်ပေးပါ့၊ ရှေးမဆုက၊ ညွှန်ပြဝိတက်၊ ကြောင်းအဆက်ကို၊ နှစ်သက်ကြည်ဆ၊ နာကြားရပြီ၊ တလီကြောင်းဆက်၊ ထိုဝိတက်၏၊ ဖြစ်ချက်အမှန်၊ ပဘဝန်ကို၊ အားသွန်အင်ပြည့်၊ နာလိုညီသာ၊ တောင်းပန်ပါသည်၊ ဆောင်ခါမြွေသို့ ပုံတခင်း။

၆။ ဖြေ။ ။အယုဇ္ဇပူရိန်၊ ဝတိန်ဘုံမြင့်၊ မိုးအဆင့်၌၊ ဖြိုးတင့်ကြက်သရေ၊ ဂုဏ်ပေါင်းချွေလျက်၊ တည်နေရောက်ငြား၊ အို-သိကြား၊ မှတ်သားလိုချက်၊ ထိုဝိတက်၏၊ ကြောင်းဆက်ဘူတ၊ ရင်းမူလကို၊ ညွှန်ပြရှာဖွေ၊ ဟောမိန့်ချေအံ့၊ ထွေထွေအပြား၊ အာရုံများတွင်၊ ကပ်ငြားတွယ်မှေး၊ မျောက်နှဲစေးသို့၊ ကွာရေးလွန်ခက်၊ သံမိုနှက်သည့်၊ ပျဉ်ချက်တူစွာ၊ တဏှာသည်ပင်၊ ကြောင်းတအင်တည်း၊ ထို.ပြင်တလီ၊ ကြောင်းတလီမှာ၊ ကြံစည်မြောက်မြင့်၊ ကိုယ်ကိုပင့်၍၊ ငါနှင့်တမူ၊ တူသည့်သူကား၊ ဇမ္ဗူကျွန်းခွင်၊ ဘယ်မမြင်ဟု၊ ပြိုင်ယှဉ်ဖက်ကင်း၊ ကယ်မယွင်းလို၊ ကိုယ်သာမင်းကြီး၊ ဤသို့နည်းဖြင့်၊ သွင်းမှိုးနှလုံး၊ အယုတ်ဆုံးတွင်၊

တင်သုံးပြုသင်၊ ဒယင်မှန်ကင်း၊ ပုံမယွင်းသို့၊ အခင်းတူလှ၊ မာနသည်သာ၊ ကြောင်းတဖြာတည်း၊ မကွာထိုမြို့၊ ကြောင်းတဖို့မှာ၊ နှစ်မြို့စရာ၊ ကင်းမဲ့ကွာသား၊ ပညာရှားသည့်၊ မိုက်များခေါင်ဆုံး၊ လူ့အဖြုန်းတို့၊ ယူသုံးစွဲလမ်း၊ ဗရမ်းဗတာ၊ ကိုယ်ထင်ရာကို၊ ဆွဲကာထည့်သွင်း၊ အရှုးခြင်းသို့၊ မချို့တူဘိ၊ အယူရှိသည့်၊ ဒိဋ္ဌိသည်ကား၊ ကြောင်းတပါးဟု၊ မှတ်သားယူကာ၊ ရောင်ခြည်ဖြာသည်၊ အောင်ပါစေဖို့ ပုံအလင်း။

၆။ မေး။ ။လောကအတွင်း၊ မှီတင်းခိုအောင်း၊ သိန်းသောင်းမက၊ ကြမ်းထမ်းလှသည့်၊ များကြဗိုလ်လူ၊ သွင်မူခြားထူး၊ ဘီလူး နတ်သား၊ အစထား၍၊ ပေါင်းငြားသတ္တဝါ၊ ဝေနေယျာကို၊ ဖြာဖြာမြိုက်ဆေး၊ တရားအေးဖြင့်၊ တိုက်ကျေးဆုံးမ၊ ယဉ်ကျေးရအောင်၊ ပြုဆောင်တာဘက်ငြား၊ ဂုဏ်စွမ်းအားကြောင့်၊ သူတပါးနှင့်၊ သီးခြားနိုင်းဆ၊ အရမတူ၊ ပူရိသမှု၊ သာရထိဟု၊ မည်ရှိနာမ၊ ဘုန်းရောင်ပသည့်၊ အမတသခင်၊ တို့မျက်ရှင်။ များဖြင်သောင်းသောင်း၊ ဝေနေပေါင်းတို့၊ ဖင့်နှောင်းကြွံကြာ၊ ဖဲချီလာသည့်၊ တဏှာမာန၊ ဒိဋ္ဌိစသား၊ တရားသညာ၊ ပပဉ္စာကို၊ ပယ်ခွာလိုလား၊ ဘယ်သို့အားဖြင့်၊ ကျင့်ငြားပါသော်၊ မပေါ်ချုပ်ငြိမ်း၊ အကြောင်းသိမ်း၍၊ ခပ်သိမ်းနတ်လူ၊ ကျွန်းသောင်ဋ္ဌသို့၊ လွှယ်ကူ ကူးမြောက်၊ ဘက်ကမ်းရောက်ရန်၊ ကျင့်လမ်းမှန်ကို၊ ရှေးညွှန်သခင်၊ မိန့်တော်ဆင်မှ၊ ကြည်လင်မြေ၊ မြို့ကရသကို၊ သုံးရပေမည်၊ သို့ဖြစ်သည်ကြောင့်၊ ဘုန်းစည်ဘုရား၊ ဟောဗိန့်ကြားကာ၊ လမ်းညွှန်ပါမည်၊ ပြည်ရွာရွှေမြို့၊ ရောက်စေဖို့။

၇။ ဖြေ။ ။ဥယျာဉ်ထွတ်ထွ၊ ရေကန်သီးသီး၊ လမ်းကြီး လမ်းငယ်၊ သွက်သွယ်ရထား၊ လွန်ပြည့်ငြားသည့်၊ နတ်များသေင့်နင်း၊ သိကြားမင်း။ မိန့်လင်းညွှန်ပြ၊ တဏှာမာန၊ ဒိဋ္ဌိစသား၊ ထိုတရားကို၊ ပယ်ရှားဖို့ရာ၊ ဟောမိန့်ပါအံ့၊ သေချာစုံလင်၊ သင်နားဆင်လေ့၊ သောမနဿ၊ ဒေါမနဿ၊ ထိုမှဥပေက္ခာ၊ ယင်းသုံးဖြာကို၊ ခွဲကာတဖန်၊ မှီဝဲရန်နှင့်၊ ပယ်ရန်တခြား၊ နှစ်ဖို့ထား၍၊ ခြောက်ပါးသရုပ်၊ ထုတ်၍တသီး၊ မှတ်ဖွယ်နည်းကို၊ ဆင်ပြီးသောခါ၊ ဤသို့မှာပိမ့်၊ မှတ်စိမ့်ထွေလာ၊ ဒေသနာမှာ၊ ဟောကာညွှန်ပြ၊ မှီဝဲကြသား၊ သောမနဿ၊ ထိုဓမ္မသည်၊ မုချပွားတိုး၊ အလိုဆိုးသည့်၊ အကုသိုလ်မျိုးသာ၊ တိုးခွါပါမူ၊ မှန်စွာရှောင်လွှဲ၊ မမှီဝဲနှင့်၊ တဖြင့်တပါး၊ မှီဝဲငြားကြ၊ သောမနဿ၊ ယင်းဓမ္မမှ၊ စင်ဖြူလွတ်လွတ်၊ ကုသလသာ၊ တိုးပွားပါသော်၊ အဟောဓတ၊ မှီဝဲကြဟု၊ မွေးဖနှင့်တူ၊ ငါဘုန်းလူသည်၊ ကြည်ဖြူတပါး၊ ဟောမိန့်ကြား၏၊ တပါးထိုမှ၊ ကြင်းကုန်ကြသည့်၊ ဒေါမနဿ-ဥပေက္ခာ၊ ယင်း ဝေဒနာလည်း၊ ဤသို့နည်းပ၊ သိပ်သည်းမှတွေ့၊ မှတ်ကြလေ၍၊ ရှောင်မတွေ့ပဲ၊ မှီဝဲ

သင့်ရာ၊ ဝေဒနာကို၊ ဖွဲ့ရွာမှီဝဲ၊ ကျင့်ကြံမြဲက၊ ဆင်းရဲလွတ်မြောက်၊ ဘေးကုန်ပျောက်၍၊ ချမ်းသောက် ချမ်းသာ၊ ချမ်းဖို့ရှာသည်၊ သီတာရေသို့ အားစေဖို့။

၇။ မေး။ ။နတ် လူ၊ ပြဟ္မာ၊ သတ္တဝါတို့၏၊ ဖြာဖြာဓမ္မ၊ ပြစ်ဘယကို၊ ညွှန်ပြလှစ်ဖော်၊ အမိန့်ဘော်ဖြင့်၊ ဆင့်ဆော်ဖန်ဖန်၊ ကျူးရင့်သန်၍၊ ထုံးဓလေ့ကြောင့်၊ မရွေ့အမှန်၊ သတ္တာဇဝ မနုဿာနှံ၊ မည်နာမံဖြင့်၊ ကျော်လျှံခြိမ့်သဲ၊ ဘဝဂ်စွဲအောင်၊ မည်တော်ပြောင်သည့် ထူတ်ခေါင်သေဋ္ဌနင်း၊ တရားမင်း၊ မယွင်းအမှန်၊ ခင်းတတန်ကို၊ ထပ်မံလိုလား၊ လျှောက်ကြားပါမည်၊ သုံးလီလောက၊ ဘစအတွင်း၊ မှီတင်းခိုနေ၊ ထွေထွေရဟန်း၊ တခန်းပုဏ္ဏား၊ မင်းကား သဎ္ဌေး၊ ကျွန်ကျေး ကုန်သယ်၊ ချို့ဝယ်လယ်လုပ်၊ ထင်းခုတ် နွားကျောင်း၊ သောင်းပြောင်းသတ္တဝါ၊ နတ်ပါမကြွင်း၊ ခပင်းဥသုံ၊ အလုံးစုံသည်၊ ဘယ်ပုံဆင့်ဆင့်၊ သင့်တင့်ကျော်မြောက်၊ ပါတိမောက်လာ၊ ကျင့်သိက္ခာနှင့်၊ ကောင်းစွာစုံစေ့၊ ကုံလုံ(ပြည့်) ပြေ့၍၊ ချမ်းမြေ့ရှင်ဘုံ၊ ခိုလှုံမည့်ရေး၊ မိန့်တော်ပေးရန်၊ လျှောက်တောင်းပန်သည်၊ ရှေ့ဉာဏ်ထိန်၊ မြွေး သုံးလွှေ့မြွေး။

၇။ ဖြေ။ ။ယူဇနာတထောင်၊ မြင့်ခေါင်ကြီးစွာ၊ ဝေဇယန္တဟု၊ နာမထင်ရှား၊ ပြာသာဒ်အားတွင်၊ များပြားရံရွေ့၊ နှစ်ကုဋေနှင့်၊ ငါးသောင်းမြင့်သား၊ ခြံရံအားငြင့်၊ ကြီးမားဖလ၊ ခံစားရသည့်၊ နတ်မျှဥကင်း၊ သိကြားမင်း။ ထိန်လင်းဖြဖြ၊ ရှိန်ဝင်းပသည့်၊ စကြလက်သုံး၊ ပတ္တမြားထုံးသို့၊ မိုးလုံးဝင်းဝါ၊ ဉာဏ်တော်ဖြာ၍၊ မိန့်ကာအစဉ်၊ ဟောမိန့်ဆင်အံ့၊ ကြည်လင်အေးမြ၊ နာကြကုန်လေ့၊ မုချဆင့်ဆင့်၊ နှုတ်ကျွံတတန်၊ တဖန်ရှာမှီး၊ ဤသုံးနည်းကို၊ သိပ်သည်းသေခွေ၊ ခြောက်ဖို့ဝေလျက်၊ စဉ်မပျက်ပဲ၊ မှီဝဲသင့်သင့်၊ ကိုယ်အကျင့်မှ၊ ဖြာဖြာကုသလ၊ တိုးမြင့်ကြသော်၊ လှလှမသွေ့၊ မှီဝဲလေတော့၊ ပဃ်ထွေထပ်ဆင့်၊ ကိုယ်အကျင့်ဝယ်၊ သွယ်သွယ်ပွားတိုး၊ လွန်လွန်ဆိုးသည့်၊ အကုသိုလ်မျိုး၊ အဟုန်ဖိုးသော်၊ ပယ်ချိုးဖြတ်ရှဲ၊ မမှီဝဲနှင့်၊ တဖြင့်တပါး၊ ကျန်တရားမှာ၊ အလားထို့တူ၊ ဝေဖန်ယူလေ့၊ စင်ဖြူသဘော၊ ယောနိသောဖြင့်၊ ကျင့်သောသူအား၊ ပါယ်မလားပဲ၊ လွန်ကဲတက်လှမ်း၊ နတ် နိဗ္ဗာန်သို့၊ မှန်မချို့လျှင်၊ ဆောင်ပို့သယ်ယူ၊ လွယ်တကူအား၊ လွန်မြောက်မြားသည်၊ ထက်ဖျားဘုံနန်းစံဖို့ငြမ်း။

၈။ မေး။ ။သစ္စာလေး၀၊ ညွှယ်ငါးပန်း၊ တရားမှန်ကို၊ အမှန်ကိုယ်တိုင်၊ ယွင်းမယိုင်ပဲ၊ ညွှန်သူစဲလျက်၊ ခွဲဝက်ရွေဉာဏ်၊ မြင်တော်သန်သား၊ ထူးစွမ်းအားကြောင့်၊ ရငြားမည်လှ၊ မြတ်ဗုဒ္ဓဟု၊ ထွန်းပဂုဏ်ရှိန်၊ သောင်းလုံးထိန်သည့်၊ မုနိန်ထွတ်ထား၊ ရှင်ဘုရား၊

ဟောကြားည့ဉ်နှပြ၊ မြတ်သီလကို၊ မဆွလျှင်လျှင်၊ ကိုယ်ဝယ်ဆင်မှီး၊ အားထုတ်ပြီးသော်၊ စောင့်နည်းမှန်လှ၊ ဣန္ဒြိယ သံဝရမည်၊ကျင့်တန္တိကား၊ ဘယ်သို့အားဖြင့်၊ လုံးစုံတင့်၍၊ ဖြစ်လိမ့်မည်ကို၊ ကြံစည်တွေးဆ၊ ဘယ်မရကြောင့်၊ မွေးဖလည်းတူ၊ စောဘုန်းလူသည်၊ ကြည်ဖြူမြိန့်အေး၊ မိန့်တော်ကြေးကာ၊ ဉာဏ်ဟုန်ဖြာသည်၊ ဖန်ဝါနေသို့ ပုံမယွင်း။

၈။ ဖြေ။ ။သုဒဿန၊ နတ်မြို့လှတွင်၊ လျှမ်းပတေဇာ၊ ဂုဏ်ရောင်ဖြာသား၊ ယူဇနာအားဖြင့်၊ တရာမြင့်ဆောင်၊ ထွန်းပြောင်ဝင်းဝင်း၊ မြရည်လင်းသို့၊ လွန်မင်းရှုဖွယ်၊ ပင်လယ်ကသစ်၊ နတ်ပေါင်းချစ်သည့်၊ ပြေပြစ်နှံ့လှိုင်၊ တရာတိုင်အောင်၊ သင်းကြိုင်ပြန့်လျှောက်၊ ပင်မင်းအောက်တွင်၊ ဘန်းသောက် ထန်းသီး ထိန်ထိန်ညီးသား၊ ယူဇနာအားဖြင့်၊ အလျားခြောက်ဆယ်၊ ငါးဆယ်အနုံ၊ ခြင်းမချန်ပဲ၊ လွန်ကဲနူးညံ့၊ ဝါဂွမ်းခန့်လား၊ ပိုးဖဲအားသို့၊ မချို့တူစွာ၊ မြကျောက်ဖျာကို၊ စိုးကားပိုင်ငြား၊ အို-သိကြား။ ညွှန်ကြားဖော်ပြ၊ ဣန္ဒြိယ သံဝရကို၊ စောင့်လိုမှန်လှ၊ ဟောမိန့်ပြအံ့၊ မဆွရှေးခါ၊ ဟောသည့်တာသို့၊ ရှုပါဿဒ္ဒ၊ ဂန္ဓရဿ၊ ဖောဋ္ဌဗ္ဗာနှင့်၊ ဓမ္မာရောယှက်၊ ပေါင်းခြောက်ချက်ကို၊ ခဲ့ဝက်သေချာ၊ ဆယ့်နှစ်ဖြာစီ၊ တလီမယွင်း၊ မှတ်ပုံသွင်းလော့၊ အခြင်းဒုရာ၊ ကျင့်ပုံမှာကား၊ မှီဝဲငြားသည့်၊ များပြားစုပုံ၊ ရှုပါရုံသည်၊ ကယ်တုံလျှင်းလျှင်း၊ ကုသိုလ်ကင်းကာ၊ အကုသိုလ်သာ၊ စည်ပင်ဖြာသော်၊ ရှောင်ခွာကွင်းကွင်း၊ မှီဝဲကင်းလော့၊ တင်းကျင့်ပုံ၊ ရှုပါရုံငှင်၊ မှီဝဲယှဉ်က၊ မုချပွားတိုး၊ ကုသိုလ်မျိုးသာ၊ ကြွယ်ဝပါက၊ လှလှမသွေ၊ မှီဝဲလေလော့၊ ကြွင့်သော့အရာ၊ ယင်းငါးဖြာကို၊ စုံစွာစေ့ပေ့၊ ဉာဏ်ဖြင့် ဖြေ့ (ဖြည့်) ကာ၊ ကျင့်ဆောင်ပါမူ၊ လွယ်ကူဖိုလ်မင်၊ သာလှမ်းတက်မည်၊ သို့ဖြစ်သည်ကြောင့်၊ ကြံစည်ဆင့်ဆင့်၊ အားကုန်ဖွင့်၍၊ မဖင့်မလျှား၊ ကျင့်ကုန်ငြားကာ၊ ခွင့်တောင်းရှာဃည်၊ လျှံဖြာဝေဖို့ပုံတခင်း။

၉။ မေး။ ။ဣဿရိယ၊ ဓမ္မ-ယသ၊ သိရီ-ကာမ၊ ပယတ္တဟု ခြောက်ဝဘုန်းရောင်နေနှုန်းဆောင်သို့ တောက်ပြောင်လျှပ်လျှပ် ဂုဏ်တော်မြတ်ကြောင့် ရလတ်သည်သာ မည်တော်ဖြာသည့် ဘဂဝါအရှင် ကျွန်ထိပ်တင်။ တခွင်ထပ်မံ ရှိခိုးပန်၍ လျှောက်ရန်အခင်း မိန့်တော်လင်းပ မှီတင်းလောက နေထိုင်ကြသည့် သမဏ-ဗြာဟ္မဏာ လုံးစုံသာလျှင် မကွာစင်စစ် ပြေပြစ်စကား တူငြားအကျင့် သင့်တင့်နှလုံး ပြီးဆုံးနိဗ္ဗာန် တူကြမှန်မည် မတူသည်ကို ကြံစည်မရ၊မိုက်မောဟကြောင့်တုပ်ကွစ္ဆန့်စား ပန်လျှောက်ကြားသည် ရှက်ငြားကြောက်ဖွယ်သဟတမုံ့။

၉။ ဖြေ။ ။အလျှားယူဇနာ တရာငါးဆယ် လွန်တင့်တယ်သား ရထားဇဝံဇယန်ယာဉ်တော်ပျံကို စိုးနှံပိုင်နင်း အို သိကြားမင်း။ မေးယင်းပြဿနာ ကြောင်းခြင်းရာကို သိသာ

ပစေ ဟောမိန့်ပေအံ့ ထွေထွေရဟန်း တဓန်းပုဏ္ဏား ထိုသူမျှား၏ ကျင့်ငြားသီလ ဝါဒအလို ထိုထိုနှလုံး စောင့်သုံးနိဗ္ဗာန် ဆိုးဟန်မတူ ညီမတူဟု သယမ္ဘူရှင် ငါဖခင်၏ မိန့်စဉ်မမှား မြတ်တရားကို သိကြားနတ်ပေါင်း သိန်းသောင်းများစွာ သတ္တဝါတို့ ယှင်းမချို့အောင် မှတ်ဆောင်သားသား ထပ်ထပ်ပွားသည် ထက်ဖျားရောက်ဖွယ်သာတမှုံ။

၁၀။ မေး။ ။အရဟံအစ ဘဂဝါအဆုံး ဖက်နှုန်းမမျှ ကိုးဝဂုဏ်အင် စုံလင်ပြည့်ငြား ရှင်ဘုရား။ ဟောကြားမိန့်ပြ သမဏဗြာဟ္မဏာ လုံးစုံမှာပင် မကွာစင်စစ် ဘူမဖြစ်ပဲ ကဲ့လဲ့ ဝါဒ မမျှအကျင့် မှသင့်နှလုံး အဆုံးနိဗ္ဗာန် ညီမမှန်ပဲ တလဲ့ယူကြ တူမမျှခြင်း ကြောင်းအရင်းကို ရှင်းလင်းဖော်ပြ မိန့်တော်ချရန် ဦးထိပ်ပန်သည် ရောင်လျှံကြည့်ဝင်း သုံးလူ့မင်း။

၁၀။ ဖြေ။ ။ယူဇနာအာဝး အလျားဖြင့် သွယ်သွယ်ကျောက်ကုန်း သုံးဆယ့်သုံးနှင့် လွန်ဆုံးတင့်တယ် ရှုဖွယ်မြင်ရ ဧရာဝဏ ဆင်တော်လှကို စိုးရပိုင်နင်း နတ်များမင်း မှိတင်းလောက နေကြကုန်သည့်သမဏ ဗြဟ္မာဏာ လုံးစုံမှာပင် ဖြာဖြာစွဲမှတ် ဓာတ်၏သဘော မရောနှောပဲ ကဲ့လဲ့ ဟူဘိ တူမရှိကြောင့် ယူမိယူရာ ကိုယ်ထင်ရာကို မှန်စွာအဟုတ် သဲဆိုင်ငုပ်သို့ ဆုပ်မိမလဲ့ လိပ်ခဲထင်းလင်း ယူကုန်ခြင်းကြောင့် မယှင်းမှန်လှ တူမကြပဲ ဖောက်လဲ့ဖောက်ပြန် တန်တန် ဝါဒ ငြင်းခုံကြသည် လောကအလုံးကဲ့ဖို့ထုံး။

၁၁။ မေး။ ။နန်းရိုးစဉ်ဆက် နွယ်မပျက်ပဲ ဆင်းသက်မျိုးမှန် တွင်းထွက်မှန်သို့ ပုံမချို့သား ဂုဏ်စွမ်းအားကြောင့် ရငြားမည်လှ ဂဂါတမဟု လျှမ်းပရှိန်ဝါ ဂုဏ်ရောင်ဖြာသည့် မြတ်စွာလူ့ဘ သုဂတ လောကအတွင်း မှိတင်းခိုမြန်း ရဟန်း ပုဏ္ဏား ထိုသူမျှားသည် ပျက်ပြားကြုံရ ကြီးဒုက္ခ၏ မုချလွတ်ရာ ပြီးဆုံးရာသို့ ရောက်ပါပြီလော မရောက်လောဟု တွေးတောနှိုင်းယှဉ် ဉာဏ်မဝင်ခဲ့ တိုးခဲ့ပြတန် လျှောက်ရန်တဝ ယင်းဓမ္မမှာ ယောဂဟူသည် အလီလီမျှား ထိုတရား၏ မမှားမချို့ ကုန်ရာသို့လျှင် ကယ်ပင်တိတိ ရောက်ကုန်ဘိလော သဘော တခင်း ဉာဏ်မလင်းတည့် အရင်းမူလ လျှောက်ပြန်ရသော် လေးဖော်သီလ ကျင့်စာရနှင့် လှလှစုံစိ ကုံလုံပြည့်သည် မပြည့်သည်ကို ကြံစည်မလင်း ငြောင့်ကြီးသွင်းသို့ ယှင်းမချို့ကြောင့် တဖို့တတန် ဦးထိပ်ပန်အံ့ အမှန့်မုချ ဆိုညွှန်းပြသည့် သမဏဗြာဟ္မဏာ လုံးစုံမှာကား ရောက်ငြားတတန် ဆုံးရာစခန်း ခဲ့မခြမ်းပဲ တလမ်းတည်းသာ နှစ်ဖြာမဟူ တူ မတူကို သုံးလူ့ထုတ်ထား ရှင်ဘုရားသည် ဟောကြားမိန့်ခြေ ဉာဏ်တော်စွေသည် ဝေဝေတည့်ဖြိုးဖြိုး ရှာသည့်မိုး။

၁၁။ ဖြေ။ ။အဝန်းယူဇနာ၊ ကိုးရာတိုင်တိုင်၊ ပြန့်ခိုင်ကြီးမား၊ အလျား အနုံ၊ အပြန်ယူဇနာ၊ သုံးရာကျယ်ကျယ်၊ လွန်ဆန်းကြွယ်သည့်၊ နတ်ဝယ်သဘင်၊ အစဉ်မကွာ၊

စည်းဝေးရာတည့်၊ သုဓမ္မာခေါ်၊ ဘုံနှန်းကျော်ကို၊ စိုးသော်ပိုင်နင်း၊ နတ်များမင်း၊ လျှောက်ယင်းပုစ္ဆာ၊ပြဿနာကို၊ ဝလာဘုံမြင့်၊ မိုးအာဆင့်၌၊ ဖြိုးတင့်လျှမ်းကြည်၊ လေးကျွန်းလည်သား၊ ဥဇ္ဇအလားဝယ်၊ မှတ်သားတံဆိပ်၊ ယုန်မင်းရိပ်သို့၊ ခပ်နှိပ်သေချာ၊ ဟောမိန့်ပါအံ့၊ ဖွဲ့ရှာစုံလင်၊ သင်နားဆင်လော့၊ ဤတွင်တန်း၊ ရဟန်းပုဏ္ဏား ရှိခြားစုံပုံ၊ အလုံးစုံသည်၊ ကယ်တုံမရှင်း၊ ဒုက္ခကင်းကာ၊ ပြီးဆုံးရာသို့၊ မှန်စွာထုတ်ချောက်၊ မရောက်ကြလေ၊ တထွေတဝ၊ မှတ်ဖွယ်ပြပိမ့်၊ ယောဂလေးဖြာ၊ ကုန်ခန်းရာသို့၊ ရွှေမှာနည်းတူ၊ မရောက်ဟူ၏၊ ထို့တူတဆင့်၊ မြတ်အာကျင့်လည်း၊ အခွင့်လျော်ခြား၊ ကျင့်သူအားသာ၊ ရှိမြဲသာတည့်၊ ပမာပုံဆင်၊ ကြောင်းတခွင်မှာ၊ များပင်ခေါ်ရ၊ နိဗ္ဗာနမည်၊ မြို့ရွှေပြည်ဟု၊ ဆုံးသည်ဌာန၊ ဘုံအဓိတသို့၊ တက္ကလုံးစုံ၊ မရောက်ကုန်ကြ၊ ယင်းဓမ္မကို၊ ဖြူလွှသန့်သန်၊ သင်၏ဉာဏ်တွင်၊ စွဲဝင်ယူသုံး၊ ပျက်မဆုံးအောင်၊ မြဲချည်နှောင်သည်၊ ရှည်အောင်အဓွန့် ကွာမလွန့်။

၁၂။ မေး။ ။ပြည်အစို့.စို့. မြို့အရွာရွာ မြန်းကြကာဖြင့် ဝေးကွာရံး နီးခြားတတန် ခြွင်းမချန်ပဲ လွန်ကဲမေတ္တာ ကရုဏာနှင့် နှိုင်းကာပုံပြု မင်းရာဟုသို့ ကျွတ်မှုလိုလား မြတ်ဘုရား တိုင်းကားနေသူ ရှင်လူရဟန်း တခန်း ပုဏ္ဏား ရှိခြားလုံးစုံ ထိုအကုန်သည် ကယ်တုံလျှင်းလျှင်း ဘယ်ကြောင်းရင်းကြောင့် ဆုံးခင်းဌာန ပြည်အမတသို့ မရောက်ကြသည် ထိုတန်ဆီကို ကြံစည်မလင်း မိုက်မှောင်ကျင်းခဲ့ ကျယ်မဖွဲ့ပဲ မြဲ့.မြဲ့.ထင်ထင် ကျန်သုံးအင်လည်း ဘယ်သို့နည်းကြောင့် အပြီးတိုင်ရောက် ဆုံးမပေါက်ဟု အံ့လောက်ဖွယ်ရာ မြို့က်ရသာကို လျှင်စွာမနှေး ဉာဏ်ကြွယ်ဌေးအောင် တိုက်ကျေး ဆုံးမ ဟောညွှန်ပြသည် များလှ လူဗိုလ် အေးဖို့ကိုဝေဖြာစုံလျှမ်း ခေမာဘုံနန်း ရောက်ရန်မှန်းသည် ဘေးဘျမ်းသွယ်သွယ် အေးဖို့ကို။

၁၂။ ဖြေ။ ။မိန့်ဖေါ်ညွှန်ပြ အဝဝတည့် အမတခေါ် တရားတော်ကို ရှင်ပျော်နှစ်ခြိုက် ဆင်မြန်းလိုက်သဖြင့် ဖိုးဂိုက်ရတနာ မဂ်ရသာကို မှန်စွာသုံးရ နှုန်းမမျှအောင် ဘဝတတန် ကူးပြောင်းမှန်ကြောင့် ဖန်ဖန်ကြည်ညို သိကြားပျို့ နှစ်လိုအေးမြ ဟောမိန့်ပြအံ့ ဖြူလွှသဒ္ဓါ နာကြားပါလော့ သဘောထင်ထင် ကြောင်းဖြစ်အင်မှာ အကြင်အကြင် ရှင်ပင် ရဟန်း တက်လမ်းရှယ်ချ။ ခပ်သိမ်းသူသည် သောင်ဂူကမ်းယံ မဂ်လမ်းမှန်ဖြင့် ပျက်ရန် မကင်း ဖြစ်ခြင်းအမှန့် တန်တန်ကြုံရ သခ်ါရမှ မုချလွတ်မြောက် ပြီးဆုံးရောက်မူ ထိုသည့် သူကား မမှားကေန် ဆုံးရာမှန့်သည် ဌာနံအမတ နန်းသိဝသို့ လှလှမသွေ ဆိုက်ရောက်လေ၏ တထွေယှဉ်က ကပ်မှိုကြသည့် ယောဂလေးဖြာ ကုန်ခန်းရာသို့ ကယ်မချို့.ပဲ နှစ်မြို့ဝမ်းသာ ရောက်လိမ့်ရာတည်း တနည်းကြွင်းကျန် စင်စစ်မှန်သည့် သိလံစာရ ကျင့်ဓမ္မနှင့် လှလှကုန်စင် ပြည့်စုံလင်၏ သည့်ပြင်တဝ ကြောင်းအရမှာ၊ စစမကြွင်း ပြီးဆုံးခြင်းသို့ မယွင်းအမှန် ခြွင်းမချန်ပဲ လွန်ကဲပိုမောက် သုံးခန်းရောက်ပြီ ဝမ်းမြောက်သဖွယ် ဆေးသွယ်သွယ်ကို ကိုယ်ဝယ်

ပျောဂါ ရှိအနာနှင့် ဖြာဖြာချင့်ချင့် လုံးစုံသင့်အောင် ကျင့်ဆောင်ဆပ္ပဒး မှီဝဲခြားသည် မျှားပြားလူဗိုလ် ငြိမ်းဖို့ကို။ သြဃလေးဖြာ ပေါမျှားဘေးဘယာ လွတ်ကြောင်းရှာယည် လောင်စာသွယ်သွယ်သိမ်းလို့ကို။

ဤသို့ဥဿုံ၊ တရားဂုဏ်ကို၊ ယုံကြည်ဖြဖြ၊ နာယူရ၍၊ အမတခေါ်၊ ရွှေမြို့တော်သို့၊ ကော်ရော်ရည်မှန်း၊ အာရုံသန်းလျက်၊ ရွှင်လန်းဂီတိ၊ ဂွမ်းဆီထိသို့၊ ရှိကြိုးရှိကာ၊ မဂ်တန်ဆာကို လျင်စွာဖြဖြ ဆင်မြန်းရသဖြင့် ပြောပြမပြီး လောကဲကြီးတွင် ဘယ်နည်းနှင့်မှ ပုံမမျှအောင် အားရဝမ်းသာ ရှိသောခါမှ မြတ်စွာလူ့ဘ သုဂတ၏ မျှားလှုဏ်တော်ကျေးဇူးတော်ကို ကော်ရော်ချီးကျူး လွန်ကြည်နူးလျက် ရှိဦးပန်ဆင် ဤသို့ဃင်၏ သုံးခွင်လောက တကွနတ်ပေါင်း တုမဲ့ရှောင်းသား ရှင်တော်ဖျားသည် အများနတ်လူ ခပ်သိမ်းသူ၏ ကြည်ဖြူဆရာ မှန်လှစွာကြောင့် ရှေးခါနှင့်မူ ပုံမတူပဲ ဗြဟ္မာလဲ့လျက် လွန်ကဲပိုမို ရှင်တော်ကိုပင် ကြည်ညိုစိတ်သန် အာရုံခံလျက် မပျက်မလပ် ဆည်းကပ်ပါမည် အလိလိဖြင့် ထိုဤစကား လျောက်ထားထင်ထင် ပြီး၍လျှင်ပင် ခေါင်ဖြဖြ ရွှေဆောင်ပြ၍ နောက်မှ လိုက်သွား မြတ်ဘုရားအား ဝပ်တွားကြည်ညို ထိုထိုပုစ္ဆာ မေးလိုရာကို လွယ်ကာမနှေး ရှင်တော်ရှေးတွင် ခွင့်ရေးလှလှ မေးမြန်းရသဖြင့် ကြီးလှကျေးဇူး ရှိပေဖူးသည့် ဦးစွန်း ငါးဖြာ ကိုယ်မှာရှေသား နတ်အာများတို့ လွန်ခြားချစ်ခင် ပေါ်လွင်နာမ ပဥ္စသီခ မည်ထူးရသား ထိုနတ်သားကို ပြုံးပြားလတ်လတ် ကျေးဇူးဆပ်လို ဤသို့ဆို၏ နုပျိုရွယ်ဖွား လွန်ထင်ရှားသည့် နတ်သားအမောင် ရွှေဆောင်သင်ပြု ကျေးဇူးမှကြောင့် ယခုဤနေ့ စ၍ သက်ဆုံး ခန္ဓာပြုန်းအောင် အမောင်ကိုပင် ဖခင်အရာ ငါထားပါမည် ကြံစည်တထင့် တိုး၍မြင့်အောင် သင့်ကိုတဝ ဂန္ဓဗ္ဗ၏ စိုးရပိုင်နင်း နတ်များမင်းဟု မှယ်ငှင်းမသွေ ငါနှင်းပေမည် တဏှာပြန်ပြု ကတညူမှာ ယခုသင်ပင် လွန်ချစ်ခင်သည့် ဖြစ်အင်လက္ခဏာ ဆင်းအင်္ဂါနှင့် မှန်စွာစုံရ ဂုဏ်ထူးလှကြောင့် သူရိယဝစ္ဆ နာမတွင်ငြား နတ်သမီးကို ခမည်းဖခင် ပုံအသွင်ဖြင့် လျင်လျင်မယွင်း ငါဆောင်နှင်းအံ့ မကြန့်မကြာ ဤသို့သာလျှင် ပြောကာ ပြီးမြောက် ရွှေတော်မှောက်တွင် လက်မြှောက်ဦးကင် သံတော်တင်၍ လျှင်လျင်ဆောဆော နမောဘဃဝါ ဘဂဝမှ စကားအာလုံး ပြီး၍ဆုံးအောင် နှုန်းဆောင်ဝန္ဒနာ ထိငါးဖြာဖြင့် မြေမှာသုံးသပ် ရှိခိုးလတ်၍ ထက်ရပ်နတ်ထံ ဝတိန်ယံသို့ တက်ပျံရှိန်ဝဲ သဘင်ပွဲသည် ဟာပွဲခြိမ့်ခြိမ့်ပြီးလို့ကို ပြီးလျှင်တေဇာ မိုးနတ်ဒေဝါ သောင်းလုံးငြာသည် ထက်ရှာသိမ့်သိမ့် ငြိုးလို့ကို။

ဆုတောင်းလက်ာ

ဤသို့မှတ်ဖွယ်၊ ရေးစီခြယ်၍၊ သွယ်သွယ်ညွှန်ပြ၊ မဂ်လမ်းစကို၊ ရကြပါစေ၊ ဆေးနည်းဝသို့၊ သွေမချို့ပဲ၊ နှစ်လို့ဝမ်းသာ၊ ဟောရပါသည့်၊ ဓမ္မဒါန၊ မြတ်ပုညကြောင့်၊ ကြီးလှ

ရန်သူ၊ မီးနှင့်တူသား၊ ဆယ့်တပါးမှန်၊ ကိလေရန်ကို၊ ပယ်လှန်ချိုးဖျောက်၊ မီးငြိမ်းပျောက်အောင်၊ အံ့လောက်ဖွယ်ရာ၊ လျှင်မကြာပဲ၊ သွန်ကဲဆန္ဒ၊ ဝါယာမဖြင့်၊ အေးလှကြည်လင်၊ မဂ်ရေစင်ကို၊ လျှင်လျှင်တန်းတန်း၊ ဘယ်ညာထမ်းလျက်၊ အေးခန်းတိုင်ရောက်၊ မီးလုံးပျောက်အောင်၊ ချမ်းသောက်ချမ်းသာ၊ ဖြန်းနိုင်ပါစေ၊ တောင်းဆုချေသည်၊ ရှေ့ပြည်ဆောင်ခန်းစံဖို့ငြမ်း။ ။ထက်ခွင်တက်စရာ၊ မဂ္ဂင်စကြာ၊ ဆင်မြန်းပါသည်၊ အောင်ချာပြည်နန်းမြန်းဖို့လမ်း။ ။

ဤတွင် သက္ကပဉ္ဉာသုတ် အမေးအဖြေလင်္ကာ ဆုံးခန်းတိုင်ရောက်အပြီးရောက်ပြီ။

ငါးပါးသီလ အကျိုးပြလင်္ကာ

၁။ သူ့သက်သတ်ခြင်း၊ ရှောင်ကြဉ်ကင်းကာ၊ လွန်မင်းရှုဖွယ်၊ တင့်တယ်ရှုပ၊ ညီမျှလုံးရပ်၊ လျောက်ပတ်သွယ်သွယ်၊ ကြီးငယ်အင်္ဂါ၊ လျှင်စွာအစုံမ်း၊ ပြည့်လျှမ်းအားအောင်၊ ပြိုင်ယှဉ်မရှာ၊ ညီမျှခြေဖဝါး၊ ရဲငြားသတ္တိ၊ မှန်ဘိန္နးညှံ့၊ သန့်သန့်စင်ကြယ်၊ ဖြူးကြွယ်ခွန်အား၊ များပြားပြည့်ကြွပ်၊ ပရိသတ်လယ်၊ တင့်တယ်စကား၊ အများချစ်ခင်၊ အစဉ်မလွဲ၊ မကွဲပရိသတ်၊ ကင်းလပ်ခက်ထရော်၊ ငြိုးသော်ရန်သူ၊ မှန်မူတသီး၊ ဖျက်ဆီးနိုင်ခဲ၊ ရှောင်လွဲလွတ်ရာ၊ သူ့လုံ့လကြောင့်၊ မုချမသေ၊ များပေခြံရုံ၊ ကင်းမှန်အနာ၊ ရှောင်ခွါစိုးရိမ်၊ မွေ့သိမ်နှလုံး၊ လွန်ထုံးချစ်အပ်၊ ထိုသူမြော်နှင့်၊ မပြတ်မကွဲ၊ ယှဉ်တွဲအညီ၊ သက်ရှည်အကျိုး၊ ဖွံ့ဖြိုးသည်၊ မိုးဝယ်ကြယ်မျှအသားတည်း။

၂။ အဒိန္နဒါန်၊ ခိုးမှုကံကို၊ အမှန်မလွဲ၊ ရှောင်ကြဉ်ဖဲက၊ လွန်ကဲဥစ္စာ၊ များစွာစပါး၊ ပေါများရွှေငွေ၊ ထွေထွေအသစ်၊ မဖြစ်လေငြား၊ စည်းစိမ်ပွားဘိ၊ ဖြစ်ငြားစည်းစိမ်၊ ဂုဏ်သိန်လျှံကဲ၊ အမြဲတည်နေ၊ လိုလေဥစ္စာ၊ လျင်စွာခဏ၊ ပြည့်စုံရရှင့်၊ မုချရန်သူ၊ ရေမှု-မီး-မင်း၊ ချစ်ခြင်းလွန်ဝေး၊ ခိုးသူဘေးမှ၊ ကင်းရေးတတန်၊ ပျက်ရန်မရှိ၊ လွတ်ဘိဆက်ဆံ၊ ဥစ္စာမှန်ဘိ၊ မရှိစကား၊ မကြားရနိုင်၊ စိုးပိုင်သုခ၊ ချမ်းကြည်မြလျက်၊ ဆထက်လွန်ကဲ၊ စိုးမြဲကြီးမှူး၊ လွန်လွန်ထူးသည်၊ သောက်ရှူးကြယ်တမျှသာတည်း။

၃။ အဒိန္နဒါန်၊ ခိုးမှုကံကို၊ အမှန်မလွဲ၊ ရှောင်ကြဉ်ဖဲက၊ လွန်ကဲဥစ္စာ၊ များစွာစပါး၊

(၃) သူ့သားမယား၊ ပြစ်မှားကျင့်ဖောက်၊ ကြဉ်ရှောင်ဖျောက်က၊ ကင်းဖျောက်ရန်သူ၊ ပေါထူချစ်ခင်၊ မှန်ပင်မကင်း၊ ထမင်းအဖျော်၊ ရသော်လွယ်ကူ၊ အိပ်မူချမ်းသာ၊ နိုးလာသုခ၊ ကင်းရအပါယ်၊ ချစ်ဖွယ်အဆင်း၊ ရှောင်ကွင်းပတ္တုက်၊ မျိုးယုတ်မိန်းမ၊ မလှမျက်နှာ၊ နောက်ချာတွန်ခြေ၊ ကင်းလေအစဉ်၊ သဘင်ပွဲလယ်၊ တင့်တယ်ခန့်ညား၊ စိတ်ကားမလို၊ ပြုလိုအမှန်၊ ကြောက်ရန်ကင်းဘိ နေ၏ချမ်းသာ၊ ကင်းကွာကြောင့်ကြ၊ နေရအတူ၊ ချစ်သူနှင့်သာ၊ ရှောင်မခွာသည်၊ ကြည်စွာရေသို့-အေးအေးတည်း။

(၄) လိမ်လည်စကား၊ မုသားဆိုခြင်း၊ ကြဉ်ရှောင်ကင်းက၊ ဖြူပင်းစင်ကြယ်၊ သွားဝယ်မှန်လှ၊ လွတ်ရတိုရှည်၊ ကြီးသည်-ငယ်ငြား ရှေသွားနောက်ဝင်၊ ကင်းစင်ကျိုးကဲ့၊ ရှောင်လွဲအာမှန်၊ အသံသာယာ၊ ချိုစွာသူ့နား၊၊နံ့ကားကြာညို၊ထိုသူ့ခံတွင်း၊ ကြည်လင်းကွန်ခြေ၊ လှပေသဏ္ဌာန်၊ သွင်ဟန်ကိုယ်မူ၊ မဆူမကြုံ၊ လုံးစုံနှံမြင့်၊ ကင်းလင့်အပြစ်၊ ထွန်းသစ်မွေးညင်း၊ တတွင်းတပင်၊ သန့်စင်မမှား၊ ဘုရားရှင်ချစ်၊ ကယ်ဆုံးဖြစ်ကာ၊ ဖြူသစ်ဝင်းပြောင်၊ မျက်မှောင်တော်ကြား၊ လယ်ချက်အားတွင်၊ မွေရှင်ဥဏ္ဏာလုံ၊ရခဲ့ကြုံရှင့်၊လုံးစုံသူများ၊ ဆိုစကားကို၊လိုက်နားနာယူ၊ လွန်မူချမ်းသာ၊ ပါးလွှာနူးညံ့၊ နှံမြှုန်းသူ့လျာ၊ ပဒုမ္မာသို့၊ သွင်မချို့ဆား၊ ရှိခြားအာမှန်၊ ဖောက်ပြန်လွတ်ကင်း၊ တွန့်တိုခြင်းလည်း၊ သန့်ရှင်းမသွေ၊ ကင်းလွတ်ပေမည်၊ ထွေထွေများပြား၊ ကျိုးတော်ပွားသည်။ မိုးလဖျားနှယ်တူ၏တည်း။

၅။ သေရည်အရက်၊ ရှောင်လျက်ကင်းကွာ၊ ကျင့်ကြပါက၊ လိမ္မာရေးခြား၊ ပြတ်သားသာယာ၊ ဆိုနိုင်စွာရှင့်၊ အခွင့်လျော်ငြား၊ ကိစ္စများတွင်၊ လျင်လျင်ဆောစွာ၊ သိနိုင်သာတည့်၊ ဖြာဖြာသတိ၊ ရှိ၏မကွာ၊ ကင်းစွာပျင်းရိ၊ ဉာဏ်ရှိအာမှန်၊ ဖောက်ပြန်ရှုးသွပ်၊ ကင်းလွတ်တော့ဝေထွေထွေမူးယစ် မဖြစ်ချုပ်ချယ် ကိုယ်ဝယ်ခက်ထရော် ကင်းသော်ကြောက်ခြင်း မယွင်းနေညဉ့်ဆိုလင့်မှန်ကန် လွတ်ပြန်ကုန်းတိုက် နှစ်ခြိုက်စကား လွှသွားမသီ ရှောင်ဖိပိန်ဖျင်း သိခြင်းကျေးဇူးသူတထူးအား ပြုငြားမဖယ် စင်ကြယ်ငြူစူ ကဲင်းမူဝန်တို ရှက်လိုကြောက်ခြင်း သန့်ရှင်းအမြဲစွန့်ကြဲပေးလှူ စင်ဖြူသီလ ဖြောင့်စွဲအယူ ဖျက်မူနည်းပါး ကြီးမားပညာ လျှင်စွာမြင်သိ ကျိုးမှဲကျိုးမဲ့ ဖြစ်ဖွဲ့အာရာ လွန်လိမ္မာသည် ဖြာဖြာလျှံဖိုး-ရွှေပြည်အိုး။ (ငါးပါးသီလအကျိုးပြီး၏)

ငါးပါးသီလ အကျိုးပြသံပေါက်

၁။ အစိန္တေယျ၊ နိုင်းမမျှ၊ ဗုဒ္ဓတို့မြတ်စွာ။

၂။ မျက်မှောက်တန်ခိုး၊ လွန်ပြည့်ဖြိုး၊ ကောင်းကျိုးမြတ်ဓမ္မာ။

၃။ ဖြောင့်ဖြောင့်မတ်မတ် ကျင့်ကုန်လတ် ထူးမြတ်ထိုသံဃာ။

၄။ ဗုဒ္ဓ-ဓမ္မ မြတ်သံဃ ပေါင်းကထိုသုံးဖြာ။
၅။ ကြည်ကြည်လင်လင် ထိပ်ထက်ဆင် ဦးတင်ပန္ဒနာ။
၆။ သီလ ငါးပါး အာကျိုးသွဲး ရေးသားဖော်ပြမှာ။
၇။ ခုဒ္ဓကပါဠ် ကျမ်းအမြတ် ဟောထပ်မိန့်ခဲ့မှာ။

ပါဏာတိပါတ

၁။ သူ့သက်သတ်ကြ ရှောင်ကြဉ်က ညီမျှလုံးရပ်မှာ။
၂။ အင်္ဂါကြီးငယ် အသွယ်သွယ် တင့်တယ်ထိုသူမှာ။
၃။ လျင်မြန်စွမ်းအား ပြည့်စုံငြား ယောကျ်ားပြီသစ္စာ။
၄။ ညီညွတ်ခံ့ခိုင် ယိမ်းယိုင် တည်နိုင်ခြေဖဝါး။
၅။ ရဲစွမ်းသတ္တိ ရှိကုန်ဘိ နှံ့သိကျော်ထင်ရှား။
၆။ နူးညံ့စင်ကြယ် အားပြည့်ကြွယ် ချစ်ဖွယ်ဆိုစကား။
၇။ ပရိသတ်ဆို ကဲ့မပြို ထိုထိုရန်သူရှား။
၈။ ဖျက်ဆီးနိုင်ခဲ ရန်သူ့ပဲ့ မလဲ့အောင်ရငြား။
၉။ သူမျှားလုံ့လ မသေရ ရှည်ကြသက်အမျှား။
၁၀။ အခြံအရံ ပြည့်စုံပြန် နိုင်ငံမင်းအလား။
၁၁။ အဆင်းသဏ္ဌာန် ကောင်းမြတ်ပြန် ကင်းမှန်စိုးရိမ်ရှား။
၁၂။ ဤတွင် ကွန့်လှိုင်း တစ်အပိုင်း ချင့်နှိုင်းမြတ်တရား။

အဒိန္နဒါနာ

၁။ သူများပစ္စည်း ခိုးယူမှီး ဓောင့်စည်းကျင့်သူမှာ။
၂။ ဥစ္စာစပါး ဆန်ရေများ ပေါငြားပြည့်စုံမှာ။
၃။ များမြတ်စည်းစိမ် ဝင်းဝင်းထိန် နေ့ရှိန်တူပမာ။
၄။ မဖြစ်သေးငြား စည်းစိမ်များ မှန်ကား ဖြစ်ပေါ်လာ။
၅။ ဖြစ်ပေါ်လေပြီး စည်းစိမ်လည်း အပြီးတည်ရမှာ။
၆။ အလိုရှိက လျှင်ခဏ လွယ်ရစည်းစိမ်သာ။
၇။ ရန်သူမျိုးငါး ပစ္စည်းများ ပျက်ပြား မရှိထူ။
၈။ ဆက်ဆံကင်းပ မြတ်ဘောဂ ပိုင်ရထိုသူမှာ။
၉။ မရှိစကား ဆိုသံများ မကြားဘယ်အခါ။
၁၀။ ချမ်းမြေ့ကြည်စွ နေနိုင်ရ သုခပြည့်စုံစွာ။
၁၁။ ကြီးကဲမြင့်မူ များဗိုလ်လူ စိုးသူဖြစ်ရမှာ။
၁၂။ ဤတွင်ကွန့်လှိုင်း နှစ်အပိုင်း ချင့်နှိုင်းမြတ်ဓမ္မာ။

ကာမေသုမိစ္ဆာစာရ

၁။ သူ့သားမယား ကျင့်ဖောက်ပြား ရှောင်ရှားထိုသူမှာ။
၂။ ရန်သူကင်းပ မျစ်ခင်ကြ များလှကျိုးဓမ္မာ။
၃။ အဖျော်ထမင်း လွယ်ကူခြင်း မကင်းရလိမ့်မှာ။
၄။ ချမ်းသာအိပ်ရ နိုးသုခ ရှိရမှန်မကွာ။
၅။ ပဏ္ဍုက်မိန်းမ ပါယ်လေးဝ လွတ်ရအမှန်သာ။
၆။ မျက်နှာမအို ပြုံးချိုချို လူဗိုလ်မြင်ရမှာ။
၇။ ပရိသတ်လယ် လွန်ခန့်ထယ် ခေါင်းဝယ်ထောင်ရမှာ။
၈။ မှန်ကန်စွာပ ပြုတတ်လှ စိတ်က မတိုပါ။
၉။ လက္ခဏာကောင်းမြတ် ပြည့်စုံလတ် ဓလျောက်ပတ်ကိုယ်ခန္ဓာ။
၁၀။ ကြောင့်ကြောင့်ကြကြ မရှိရ အေးမြရေပမာ။

ဇောတိကာရုံ ၉၂ (ဝဇ္ဇဒါန)

၁၁။ ရုံ.ရှားကင်းပ ချမ်းသာရ မုချနေလိမ့်မှာ။

၁၂။ ချစ်သူအာမျှား မကွဲပြား ဘေးကား မရှိပါ။

၁၃။ ဤတွင်ကွန့်လှိုင်း သုံးအပိုင်း ချင့်နှိုင်းမြတ်ဓမ္မာ။

မုသာဝါဒ

၁။ လိမ်လည်ပြောခြင်း ရှောင်ကြဉ်ကင်း လွန်မင်းကျိုးရှိမှာ။

၂။ ညီညွတ်ဖြူစင် သွားဖြစ်အင် မြဲပင်ရလိမ့်မှာ။

၃။ သာယာချို့ချို့ လွှတ်လွှတ်ဆို လူဗိုလ်မြတ်နိုးမှာ။

၄။ ကိုယ်ရေအဆင်း ကြည်လင်ခြင်း မကင်းဖြစ်ရမှာ။

၅။ မဆူ မကြုံ တင့်တယ်ရုံ လုံးစုံပြစ်မဲ့မှာ။

၆။ မနိမ့်မမြင့် လျော်ကန်သင့် ရပ်နှင့်လုံးညီမှာ။

၇။ တခုမေ့းတွင်း တပင်ချင်း ပေါက်လျှင်း မြဲလိမ့်မှာ။

၈။ ဘုရားဖြစ်သော် မေ့ရှင်တော် ပေါက်သော်ကြုံရမှာ။

၉။ ကြာညိုရနံ့ လွန်သင်းပျံ့ ဖြစ်အံ့ ခံတွင်းမှာ။

၁၀။ မိမိပြောကြား ဆိုစကား အာမျှား နာယူမှာ။

၁၁။ နှူးညံ့သိမ်မွေ့ ကိုယ်အတွေ့ ရစေ့ထိုသူမှာ။

၁၂။ ပါးလွှာနူးညံ့ နီမြန့်မြန့် ဖြစ်အံ့သူလျှာ။

၁၃။ တည်ကြည်စိတ်ထား မပြန့်ပွား လွန်ကား ငြိမ်သက်မှာ။

၁၄။ တွန့်တိုပယ်မျှား ပြုဖွယ်မျှား စိတ်အားထက်သန်စွာ။

၁၅။ ဤတွင်ကွန့်လှိုင်း လေးအပိုင်း ချင့်နှိုင်းမြတ်ဓမ္မာ။

သုံးမေရယ်

၁။ ယစ်မျိုးငါးဖြာ ရှောင်ကြဉ်ခွာ ကျိုးမှာ ငဝလိုဖြာ။
၂။ လိမ္မာရေးခြား လွန်ပြတ်သား စကားဆိုလိမ့်မှာ။
၃။ တခဏချင်း ပြည့်စုံလျှင်း မယွင်းသုံးဌာနာ။
၄။ ပျင်းပျင်းရိရိ ကင်းသတိ မရှိ ထိုသူမှာ။
၅။ ရွှေးသွပ်ကင်းပ ဉာဏ်ဟုန်လှ ဖြစ်ရလွဲမကွာ။
၆။ မူးယစ်တွေဝေ ကဲင်းစင်ပေ ဆိုလေအာမှန်သာ။
၇။ ခက်ထရော်ကင်း ချုပ်ချယ်ခြင်း သန့်ရှင်းပညဝါ။
၈။ ကြော်ကန်ရွံ့ထိတ်ဖွယ် အသွယ်သွယ် ငြိုတွယ်မရှိပါ။
၉။ ကုန်းတိုက်စကား ဆဲဆိုမျှား ရှောင်ရှားမှန်မကွာ။
၁၀။ သိမ်သိမ်ဖျင်းဖျင်း ပြောဆိုခြင်း ရှောင်ကွင်းထိုသူမှာ။
၁၁။ သူမျှားကျေးဇူး ရှိပေဖူး အထူးသိတတ်ရှာ။
၁၂။ ကျေးဇူးတရား ရှိသူအား ပြုငြားတုံပြန်ကာ။
၁၃။ စန်တိုငြူစူ ကင်းလွတ်ဖြူ မျှားသူကြည်ညိုမှာ။
၁၄။ ရှက်ခြင်းကြောက်ခြင်း ပြည့်စုံလျှင်း မယွင်းထိုသူမှာ။
၁၅။ ပေးကမ်းစွန့်ကြဲ လှူဒါန်းမြဲ မလွဲကျင့်မည်သာ။
၁၆။ ဖြောင့်မတ်သီလ ရှိပြန်က မုချမြဲမကွာ။
၁၇။ အမျက်နည်းပါး ထိုသူအား ရှိငြိုးကျင့်ဓမ္မာ။
၁၈။ လျင်စွာမြင်သိ ထိုးထွင်းဘိ ရှိ၏မြတ်ပညာ။
၁၉။ ကျိုးရှိ မရှိ ဟုတ်တိုင်းသိ ဖြစ်ဘိမှန်မကွာ။
၂၀။ ဤတွင်ကွန့်လှိုင်း ငါးအပိုင်း ချင့်နှိုင်းမြတ်ဓမ္မာ။
၂၁။ ငါးမျိုးသီလ ကျိုးဖလ ရေးပြပြီးခဲ့ရာ။
၂၂။ အကျိုးဖလ သိကုန်ကြ ကျင့်ပလူတကာ။
၂၃။ ထိုတရားမှ မကျင့်က သွားရပါယ်လေးရွာ။
၂၄။ စုန်ကာဆန်ကာ ပါယ်လေးရွာ မကွာနေရမှာ။
၂၅။ ဤသို့ဟောပြ မြတ်ဒါန ရောက်ရန်ဗွာန်သာ။
၂၆။ ဤတွင်တထုံး ကျိုးအားလုံး ပြီးဆုံးထောက်ခဲ့ပါ။

ငါးပါးသီလ အပြစ်ပြလက်စ်ာ

ပါဏာတိပါတ

(၁) သူ့သက်သတ်ခြင်း၊ ပြုထုံးလျှင်းက၊ ချွတ်ယွင်းအင်္ဂါ၊ အနာပြောထူ၊ ရုပ်မူဆိုးရွား၊ မီးကားလောင်ဖုတ်၊ ဝါးငုတ်ပမာ၊ နက်ပြာအာဆင်း၊ ကွေကွင်းအားအင်၊ မြွပင်ကြောက်ရ၊ ကြီးလှဘေးရန်၊ တိုပြန်အသက်၊ နရက်အောက်ရွာ၊ ပါယ်လေးဖြာသို့၊ ကြိမ်ခါဖန်ဖန်၊ လားရပြန်ရှင့်၊ မသင့်နှလုံး၊ လူမုန်းစရာ၊ ပုချာ-ကုန်းကွ၊ လေးလှကိုယ်လက်၊ ကင်းလျက်ခြွေရုံ၊ သူသတ်ခံရ၊ သက်တိုကြသည်၊ များလှကြောက်ဖွယ်အပြစ်ကို။

အဒိန္နာဒါန

(၂) သူများပစ္စည်း၊ ခိုးယူမှီးက၊ နည်းပါးဥစ္စာ၊ လိုရာမရ၊ ဘောဂပြုန်းတီး၊ ရေ-မီးသခိုး၊ မင်းစိုးအပြစ်၊ မချစ်ရန်သူ၊ ပေါထူနှောင့်ယှက်၊ ယွင်းပျက်ခါခါ၊ ကြုံလာဘဝ၊ ငတ်ရကြိမ်ကြိမ်၊ စိုးရိမ်ပူပန်၊ ဆက်ဆံဥစ္စာ၊ လေးဖြာအာပါယ်၊ ရောက်လွယ်အပြစ်၊ အသစ်ဘဏ္ဍာ၊ ရခဲစွာရှင့်၊ ကိုယ်မှာရှိရင်း၊ မကင်းဥစ္စာ၊ ပျက်ကြုံရာသည်၊ မှုန်စွာတွေ့လိမ့်မလွဲတည်း။

ကာမေသုမိစ္ဆာစာရ

(၃) သူ့ သားမယား၊ ကျင့်ဖောက်ပြားမူ၊ ငြူစူပေါလှ၊ များကြရန်သူ၊ နည်းမူဥစ္စာ၊ လွန်စွာရခဲ၊ ဆင်းရဲအိပ်ရ၊ နိုးကပူပန်၊ ကိုယ်ဟန်မလှ၊ မိန်းမ ပဏ္ဍုက်၊ မျိုးယုယ်ခါခါ၊ မျက်နှာရှုံ့ဖွယ်၊ သိမ်ငယ်ဣန္ဒြေ၊ ကြောက်လေဘေးရန်၊ စိတ်မာန်ကြမ်းငြား၊ မီးလားသွင်တူ၊ မြင်သူမသတီ၊ ထိုက္ခါပွဲလယ်၊ ရှက်ဖွယ်ခေါင်းငုံ့၊ ကျုံ့ကျုံ့မမော်၊ လေးဖော်ငရဲ၊ တင်နှဲကြိမ်ကြိမ်၊ ညှိုးသိမ်နှလုံး၊ လွန်ဆုံးချစ်သူ၊ ကွဲမူအာမှန်၊ နေရပြန်သည်၊ ကျမ်းဂန် ဤသို့မိန့်သတည်း။

မုသာဝါဒ

(၄) လိမ်လည်အမှု၊ ပြောဆိုပြုက၊ နှုတ်မှုမညီ၊ မပြီစကား၊ အငြားအမှန်၊ ပြန်ပြန်ထပ်ထပ်၊ စေ့စပ်မရှိ၊ ရုံဘိသွားဝယ်၊ ကြီးငယ်ကျိုးကဲ့၊ ရွှေလွဲနောက်ဝင်၊ အစဉ် ချွတ်ချော်၊ မြင်သော်မသတီ၊ ပုပ်ညှဲဖဲ့စပ်၊ ခြောက်ကပ်ကိုယ်ရေ၊ ဣန္ဒြေနောက်၊ ယွင်းဖောက်

သဏ္ဌာန်၊ ကျင်းမှန်အာဏာ၊ သြဇာမငြောင်း၊ သူကောင်းအဖြစ်၊ စင်စစ်ဝေးကွာ၊ နှုတ်လျှာကြမ်းထော်၊ လျှပ်ပေါ်လော်လီ၊ တည်ကြည်မရှိ၊ သတိချွတ်ယွင်း၊ ညံ့ဖျင်းဂုဏ်ရည်၊ ယုံကြည်ကင်းပ၊ ပြစ်များလှသည်၊ လောကအတွင်း ကြောက်ဖွယ်မင်း။

သုဂတမေရယ

(၅) သေအာရက်ကို၊ သောက်စားမျိုက၊ ထိုထိုဘဝ၊ ပါဒ်လွတ်ကလျင်၊ ဖြစ်ရအရှုး၊ ကျေးဇူးမသိ၊ သတိလွတ်ကင်း၊ ပျင်းပျင်းရိရိ၊ ရှိ၏မကွာ၊ များစွာစိုးရိမ်၊ ချင့်ချိန်မရှိ၊ မသိဂရုဝင့်၊ ကင်းလင့်ပညာ၊ စွန့်ခွာရှက်ကြောက်၊ မထောက်မညှာ၊ ဆဲကာဆိုခြင်း၊ ညံ့ဖျင်းနှုတ်ကျင့်၊ ယွင်းလင့်သီလ၊ ပြုကြဝန်တို၊ ထိုထိုငြူစူ၊ မှန်မူကုန်းတိုက်၊ နှစ်ခြိုက်ယုတ်မာ၊ ပြုတတ်စွာသား၊ လွန်ပြစ်ပွားသည်၊ ရှောင်ရှားစွန့်ကြဲကြောက်ဖွယ်ကို။

ဤတွင် ငါးပါးသီလ အပြစ်ပြလင်္ကာပြီး၏။

ငါးပါးသီလ အပြစ်ပြသံပေါက်

၁။ ငါးပါးသီလ ပြစ်ဓမ္မ မှတ်ကြထိတ်စရာ။

၂။ ထိတ်စရာများ သိပါငြား ရှောင်ရှားမှန်မကွာ။

၃။ သူ့အသက်ပ သတ်ကုန်ကြ များလှပြစ်ဘယာ။

၄။ မဲ့ပြာရွပ်ဆင်း အင်္ဂါယွင်း လွန်မင်းများအနာ။

၅။ အချင်းချင်းပ ကြောက်ကုန်ရ ဗလနည်းပါးစွာ။

၆။ ကိုယ်လက်လေးလံ ပြိတ္တာဟန် ဖြစ်ပြန်သွေ့မကွာ။

၇။ ခြံရံကင်းစွဲ့ ကိုယ်တည်းပ ဖြစ်ရအမြဲသာ။

၈။ သူ့သတ်ခံရ သက်တိုကြ မုချအမှန်သာ။

၉။ ဤတွင် ပထမ မှတ်ကုန်ကြ ကဏ္ဍတခန်းသာ။

အဒိန္နဒါနာ

၁။ အဒိန္နဒါန် ခိုးမှုကံ ကြောက်ရန်အလွန်ပွား။
၂။ ဥစ္စာနည်းမဲ့ လွန်ဆင်းရဲ မလွဲတွေ့မမှား။
၃။ ငတ်ရမွတ်ရ ဘုံဘဝ ကြုံရအလွန်များ။
၄။ အလိုရှိရာ ထိုဥစ္စာ လျင်စွာ မရငြား။
၅။ ရေ-မီး-ခိုးသူ မင်း·မုန်းသူ လွယ်ကူတွေ့မမှား။
၆။ ဥစ္စာပစ္စည်း အသီးသီး အပြီးပျက်ဖွယ်များ။
၇။ ကြုံကြိုက်ပေါ်လာ လူဖြစ်ပါ မှီရာအလွန်ရှား။
၈။ ဤတွင် ဒုတိယ မှတ်ကုန်ကြ ကဏ္ဍပိုင်းအခြား။

ကာမေသုမိစ္ဆာစာရ

၁။ မိစ္ဆာစာရ လွန်ကျူးက ဘယလန့်စရာ။
၂။ မုန်းကြသူများ ရန်သူပွား ပါးရှားလာဘ်လာဘာ။
၃။ ပဏ္ဍုက်မိန်းမ ဖြစ်ကုန်ကြ မလှမျက်နှာမှာ။
၄။ အကျည်းတန်ပ ခေါ်ခံရ လောကရှက်စရာ။
၅။ ဖန်ခါခါပ ဘုံဘဝ ဖြစ်ရမျိုးယုတ်မာ။
၆။ လက္ခဏာသွင်ပြင် ကြမ်းတမ်းအင် မြဲပင်တွေ့လိမ့်မှာ။
၇။ စိုးရိမ်ဖွယ်များ လွန်လွန်ပွား မခြားနေ့ည၌မှာ။
၈။ ချစ်သူနှင့်ဝေး သူမုန်းဆေး ဆောင်ရေးပြုသည်သာ။
၉။ ဤတွင်တတိယ မှတ်ကုန်ကြ ကဏ္ဍတခန်းသာ။

မုသာဝါဒ

၁။ လိမ်လည်စကား ပြောဆိုခြင်း ပြစ်မှုနှင့်စဖွယ်။

၂။ စကားမပြို သွားမည် ပုပ်ညှဲမှန်တကယ်။

၃။ သွားကြီး·သွားညပ် ချို့.ကြားလပ် ဖြစ်တတ်ရုံစဖွယ်။

၄။ ကျိုးကျိုးကဲ့ကဲ့ ကယ်မလွဲ မှတ်စွဲမဘင့်တယ်။

၅။ ကိုယ်ရေအဆင်း ခြောက်ကပ်ခြင်း မကင်းတွေ့လိမ့်မယ်။

၆။ ကွန်ဒြေနောက် ပုံယွင်းဖောက် ရုံ့.ကြောက်ပြီတွာနှယ်။

၇။ ဩဇာအာဏာ ကင်းမဲ့.ကွာ သူငါမလေးတယ်။

၈။ နှုတ်ခမ်း·အာ-လျာ ကြမ်းတမ်းစွာ တူစွဲခွေးသဖွယ်။

၉။ လော်လီတရား လွန်ပေါ့များ မုန်းငြားလူတသွယ်။

၁၀။ တည်ကြည်စိတ်ထား ကင်းမဲ့.ရှား မျောက်များတူတကယ်။

၁၁။ ဤတွင်စတုတ္ထ မှတ်ကုန်ကြ ကဏ္ဍပိုင်းတသွယ်။

သုရာမေရယ

၁။ သုရာမေရယ သောက်စားကြ ပေါ့လှယုတ်ဓမ္မာ။

၂။ ဆင်ခြင်ဓမ္မ လွန်ကင်းပ ဖြစ်ရအဟုတ်သာ။

၃။ ဌာနာဌာန ကုသလ ယွင်းရထိုသူမှာ။

၄။ ရွဲးသွပ်ပျင်းရ ဘုံဘဝ ကြုံကြလွဲမကွာ။

၅။ မေ့မေ့လျော့လျော့ စိတ်သွပ်ပေါ့ ရွဲးသော့ သူ့ပမာ။

၆။ သူများကျေးဇူး ဂုဏ်အထူး တင်ဖူးအကယ်သာ။

၇။ ရှက်ကြောက်ကင်းပ ဟိရောတ္တ ယွင်းရထိုသူမှာ။

၈။ အကုသလ ရှိသမျှ ပြုကြအလွယ်သာ။

၉။ ဤတွင်ပဉ္စမ မှတ်ကုန်ကြ ကဏ္ဍတခန်းသာ။

၁၀။ ကြောက်ဖွယ်လျှလျှ မှန်မုချ သိကြမြဲမကွာ။

၁၁။ သိကြပြီးစေ ရှောင်ကြလေ မကွေကိုယ်ဖို့သာ။
၁၂။ ကိုယ့်ဖို့ကိုကား မသိငြား မိုက်အားကြီးတော့မှာ။
၁၃။ အမိုက်ကင်းပ သော်တာလ တူကြမောင်တို့မှာ။
၁၄။ ဤတွင်အဆုံး ပြစ်အားလုံး ပြီးဆုံး နိဋ္ဌိတာ။

မှတ်ချက်။ ။ကျောင်းသား၊ ကျောင်းသူများ ကျက်မှတ်ရန် ရည်သန်ရေးသားသဖြင့် မည်သည့် ကျောင်းသား ကျောင်းသူများမဆို ကျက်မှတ်၍ နေ့စဉ် ရွတ်ဖတ်သင့်လှပေသည်။

သဒ္ဓမ္မဇောတိက ဟူသော စတုတ္ထဆရာတော် အရှင်ဝိမလာနန္ဒသည် ရောဝတီတိုင်း ဒေးဒရဲမြို့နယ် ချောင်းဖျားကျေးရွာ မဟာဗောဓျာရုံကျောင်းတိုက်၌ သီတင်းသုံးတော်မူစဉ် သီတင်းနေ့တိုင်း၌ ဟောကြားအပ်သော သက္ကပဉ္ဉာသုတ်ပါဠိတော်ကို အကျဉ်းချုံး၍ ကျက်မှတ်လွယ်ကူစေရန် လက်ဝဲဖြင့် ရေးသားအပ်သော "သက္ကပဉ္ဉာသုတ် အမေးအဖြေလက်ဝဲ" နှင့် "ငါးပါးသီလ အာကျိုး-အပြစ်ပြလက်ဝဲ"သည် ကောဇာသက္ကရာဇ် ၁၂၉၂-ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့တွင် နိဂုံးကမ္ပတ် အပြီးသတ်ပါသတည်း။

ဇောတိကာရုံ ဝိနိစ္ဆယပေါင်းချုပ်
ပြီး၏။

-ပရိဘောဂ-

သမ္မာဒါန် ဓမ္မဒါန် နိန္နာဘိ

အလှူဒါန ဟူသမျှတွင်

တရားအလှူသည်

အမြတ်ဆုံးဖြစ်၏။

ဝဏ္ဏဖြူသုတ်
စိဉ္စကဘာသာပြန်ဓာတ်တို့
မူရင်းစာရေးသူ

"ချီးဖြူ" စာပေပုံနှိပ်တိုက်

အမှတ် ၉၁၆၊ သုဇီတာ ၂ ရာ-လမ်း၊

၁-ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊

ရန်ကုန်မြို့။